ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ပဉ္စက-ဆက္က-သတ္တကနိပါတ်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် (ဒုတိယတွဲ)

၂/၅ ၈၈

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ပဉ္စက-ဆက္က-သတ္တကနိပါတ်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ပဉ္စက-ဆက္က-သတ္တကနိပါတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇)–၃ | (၁၂)–၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈)–၄ | (၁၁)–၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂)–၇ | (၄၀)–၁၁ (လျော့) | |

| | |
|---|---|
| အပြည့်ရှိရန် | = (၅၂) ကျမ်း – (၄၀) အုပ် |
| ယခုရှိပြီး | = (၄၅) ကျမ်း – (၂၉) အုပ် |

http://www.dhammadownload.com



## က—ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန်ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ—မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]
၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ—သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
၇၇၆၂ သုတ်

---

## ဃ—အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း
၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄–၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. ၈-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၈-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၈-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၈-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | | ၁ |
| ၂၇. ၈-၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ၈-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၈-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# ပဉ္စကနိပါတ် မာတိကာ

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၁–ပဌမပဏ္ဏာသက–ပဌမသုတ်ငါးဆယ်

### ၁–သေခဗလဝဂ်


၁-သံခိတ္တသုတ် .... .... .... .... .... .... ၁
၂-ဝိတ္ထတသုတ် .... .... .... .... .... .... ၂
၃-ဒုက္ခသုတ် .... .... .... .... .... .... ၃
၄-ယထာဘတသုတ် .... .... .... .... .... .... ၄
၅-သိက္ခာသုတ် .... .... .... .... .... .... ၅
၆-သမာပတ္တိသုတ် .... .... .... .... .... .... ၆
၇-ကာမသုတ် .... ... .... .... .... .... ၆
၈-စဝနသုတ် .... .... .... .... .... .... ၇
၉-ပဌမ အဂါရဝသုတ် .... .... .... .... .... ၈
၁၀-ဒုတိယ အဂါရဝသုတ် .... .... .... .... .... ၉


### ၂–ဗလဝဂ်


၁-အနနုဿုတသုတ် .... .... .... .... .... ၁၀
၂-ကူဋသုတ် .... .... .... .... .... .... ၁၁
၃-သံခိတ္တသုတ် .... .... .... .... .... .... ၁၂
၄-ဝိတ္ထတသုတ် .... .... .... .... .... .... ၁၂
၅-ဒဋ္ဌဗ္ဗသုတ် .... .... .... .... .... .... ၁၄
၆-ပုနကူဋသုတ် .... .... .... .... .... .... ၁၅
၇-ပဌမ ဟိတသုတ် .... .... .... .... .... .... ၁၅
၈-ဒုတိယ ဟိတသုတ် .... .... .... .... .... ၁၅
၉-တတိယ ဟိတသုတ် .... .... .... .... .... ၁၆
၁၀-စတုတ္ထ ဟိတသုတ် .... .... .... .... .... ၁၆


### ၃–ပဉ္စင်္ဂိကဝဂ်


၁-ပဌမ အဂါရဝသုတ် .... .... .... .... .... ၁၇
၂-ဒုတိယ အဂါရဝသုတ် .... .... .... .... .... ၁၈

http://www.dhammadownload.com



# အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃--ပဉ္စင်္ဂိကဝဂ်


| | |
|---|---|
| ၃-ဥပက္ကိလေသသုတ် .... .... .... .... .... | ၁၉ |
| ၄-ဒုဿီလသုတ် .... .... .... .... .... .... | ၂၂ |
| ၅-အနုဂ္ဂဟိတသုတ် .... .... .... .... .... .... | ၂၃ |
| ၆-ဝိမုတ္တာယတနသုတ် .... .... .... .... .... | ၂၃ |
| ၇-သမာဓိသုတ် .... .... .... .... .... .... | ၂၆ |
| ၈-ပဉ္စင်္ဂိကသုတ် .... .... .... .... .... .... | ၂၇ |
| ၉-စင်္ကမသုတ် .... .... .... .... .... .... | ၃၂ |
| ၁၀-နာဂိတသုတ် .... .... .... .... .... .... | ၃၂ |


## ၄--သုမနဝဂ်


| | |
|---|---|
| ၁-သုမနသုတ် .... .... .... .... .... .... | ၃၅ |
| ၂-စုန္ဒီသုတ် .... .... .... .... .... .... | ၃၈ |
| ၃-ဥဂ္ဂဟသုတ် .... .... .... .... .... .... | ၄၀ |
| ၄-သီဟသေနာပတိသုတ် .... .... .... .... .... | ၄၂ |
| ၅-ဒါနာနိသံသသုတ်.... .... .... .... .... .... | ၄၄ |
| ၆-ကာလဒါနသုတ် .... .... .... .... .... .... | ၄၄ |
| ၇-ဘောဇနသုတ် .... .... .... .... .... .... | ၄၅ |
| ၈-သဒ္ဓသုတ် .... .... .... .... .... .... | ၄၆ |
| ၉-ပုတ္တသုတ် .... .... .... .... .... .... | ၄၇ |
| ၁၀-မဟာသာလပုတ္တသုတ် .... .... .... .... .... | ၄၈ |


## ၅--မုဏ္ဍရာဇဝဂ်


| | |
|---|---|
| ၁-အာဒိယသုတ် .... .... .... .... .... .... | ၄၉ |
| ၂-သပ္ပုရိသသုတ် .... .... .... .... .... .... | ၅၁ |
| ၃-ဣဋ္ဌသုတ် .... .... .... .... .... .... | ၅၁ |
| ၄-မနာပဒါယီသုတ် .... .... .... .... .... .... | ၅၃ |
| ၅-ပုညာဘိသန္ဒသုတ် .... .... .... .... .... | ၅၅ |
| ၆-သမ္ပဒါသုတ် .... .... .... .... .... .... | ၅၇ |
| ၇-ဓနသုတ် .... .... .... .... .... .... | ၅၇ |
| ၈-ဌာနသုတ် .... .... .... .... .... .... | ၅၉ |
| ၉-ကောသလသုတ် .... .... .... .... .... .... | ၆၂ |
| ၁၀-နာရဒသုတ် .... .... .... .... .... .... | ၆၂ |

http://www.dhammadownload.com

# ပဋ္ဌာန်းနိပါတ် မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ဒုတိယပဏ္ဏာသက-ဒုတိယသုတ်ငါးဆယ်

### (၆) ၁-နီဝရဏဝဂ်


၁-အာဝရဏသုတ် .... .... .... .... .... .... ၆၉
၂-အကုသလရာသိသုတ် .... .... .... .... .... ၇၀
၃-ပဓာနိယင်္ဂသုတ် .... .... .... .... .... .... ၇၁
၄-သမယသုတ် .... .... .... .... .... .... ၇၂
၅-မာတာပုတ္တသုတ် .... .... .... .... .... .... ၇၃
၆-ဥပဇ္ဈာယသုတ် .... .... .... .... .... .... ၇၅
၇-ဌာနသုတ် .... .... .... .... .... .... ၇၇
၈-လိစ္ဆဝိကုမာရကသုတ် .... .... .... .... .... ၈၁
၉-ပဌမ ဝုဍ္ဍပဗ္ဗဇိတသုတ် .... .... .... .... .... ၈၄
၁၀-ဒုတိယ ဝုဍ္ဍပဗ္ဗဇိတသုတ် .... .... .... .... .... ၈၄


### (၇) ၂-သညာဝဂ်


၁-ပဌမ သညာသုတ်.... .... .... .... .... .... ၈၅
၂-ဒုတိယ သညာသုတ် .... .... .... .... .... ၈၅
၃-ပဌမ ဝဍ္ဎိသုတ် .... .... .... .... .... .... ၈၅
၄-ဒုတိယ ဝဍ္ဎိသုတ် .... .... .... .... .... .... ၈၆
၅-သာကစ္ဆသုတ် .... .... .... .... .... .... ၈၆
၆-သာဇီဝသုတ် .... .... .... .... .... .... ၈၇
၇-ပဌမဣဒ္ဓိပါဒသုတ်.... .... .... .... .... .... ၈၈
၈-ဒုတိယ ဣဒ္ဓိပါဒသုတ် .... .. .... .... .... ၈၈
၉-နိဗ္ဗိဒါသုတ် .... .... .... .... .... .... ၈၉
၁၀-အာသဝက္ခယသုတ် .... .... .... .... .... ၈၉


### (၈) ၃-ယောဓာဇီဝဝဂ်


၁-ပဌမ စေတောဝိမုတ္တိဖလသုတ် .... .... .... .... ၉၀
၂-ဒုတိယ စေတောဝိမုတ္တိဖလသုတ် .... .... .... .... ၉၂
၃-ပဌမ ဓမ္မဝိဟာရီသုတ် .... .... .... .... .... ၉၃
၄-ဒုတိယ ဓမ္မဝိဟာရီသုတ် .... .... .... .... .... ၉၅
၅-ပဌမ ယောဓာဇီဝသုတ် .... .... .... .... .... ၉၆
၆-ဒုတိယ ယောဓာဇီဝသုတ် .... .... .... .... .... ၁၀၁
၇-ပဌမ အနာဂတဘယသုတ် .... .... .. .... .... ၁၀၈

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၈) ၃-ယောဓာဇီဝဝဂ်


၈-ဒုတိယ အနာဂတဘယသုတ် .... .... .... .... .... ၁၁၀
၉-တတိယ အနာဂတဘယသုတ်.... .... .... .... .... ၁၁၃
၁၀-စတုတ္ထ အနာဂတဘယသုတ် .... .... .... .... .... ၁၁၆


## (၉) ၄-ထေရဝဂ်


၁-ရဇနီယသုတ် .... .... .... .... .... .... ၁၁၇
၂-ဝီတရာဂသုတ် .... .... .... .... .... .... ၁၁၈
၃-ကုဟကသုတ် .... .... .... .... .... .... ၁၁၉
၄-အဿဒ္ဓသုတ် .... .... .... .... .... .... ၁၁၉
၅-အက္ခမသုတ် .... .... .... .... .... .... ၁၂၀
၆-ပဋိသမ္ဘိဒါပတ္တသုတ် .... .... .... .... .... ၁၂၁
၇-သီလဝန္တသုတ် ... .... .... .... .... .... ၁၂၁
၈-ထေရသုတ် .... .... .... .... .... .... ၁၂၂
၉-ပဌမ သေခသုတ် .... .... .... .... .... .... ၁၂၄
၁၀-ဒုတိယ သေခသုတ် .... .... .... .... .... ၁၂၅


## (၁၀) ၅-ကကုဓဝဂ်


၁-ပဌမ သမ္ပဒါသုတ် .... .... .... .... .... ၁၂၇
၂-ဒုတိယ သမ္ပဒါသုတ် .... .... .... .... .... ၁၂၇
၃-ဗျာကရဏသုတ် .... .... .... .... .... ၁၂၇
၄-ဖာသုဝိဟာရသုတ် .... .... .... .... .... ၁၂၈
၅-အကုပ္ပသုတ် .... .... .... .... .... .... ၁၂၈
၆-သုတဓရသုတ် .... .... .... .... .... .... ၁၂၉
၇-ကထာသုတ် .... .... .... .... .... .... ၁၂၉
၈-အာရညကသုတ် .... .... .... .... .... .... ၁၃၀
၉-သီဟသုတ် .... .... .... .... .... .... ၁၃၀
၁၀-ကကုဓထေရသုတ်.... .... .... .... .... .... ၁၃၁


## ၃-တတိယ ပဏ္ဏာသက-တတိယသုတ်ငါးဆယ်

## (၁၁) ၁-ဖာသုဝိဟာရဝဂ်


၁-သာရဇ္ဇသုတ် ... .... .... .... .... .... ၁၃၇
၂-ဥဿင်္ကိတသုတ် .... .... .... .... .... .... ၁၃၈

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## (၁၀) ၁-ဖာသုဝိဟာရဝဂ်


၃-မဟာစောရသုတ်.... .... .... .... .... .... ၁၃၈
၄-သမဏသုခုမာလသုတ် .... .... .... .... .... ၁၄၁
၅-ဖာသုဝိဟာရသုတ် .... .... .... .... .... ၁၄၃
၆-အာနန္ဒသုတ် .... .... .... .... .... .... ၁၄၃
၇-သီလသုတ် .... .... .... .... .... .... ၁၄၅
၈-အသေခသုတ် .... .... .... .... .... .... ၁၄၅
၉-စာတုဒ္ဒိသသုတ် .... .... .... .... .... .... ၁၄၆
၁၀-အရညသုတ် .... .... .... .... .... .... ၁၄၇


## (၁၂) ၂-အန္ဓကဝိန္ဒဝဂ်


၁-ကုလူပကသုတ် .... .... .... .... .... .... ၁၄၇
၂-ပစ္ဆာသမဏသုတ်.... .... .... .... .... .... ၁၄၈
၃-သမ္မာသမာဓိသုတ် .... .... .... .... .... ၁၄၉
၄-အန္ဓကဝိန္ဒသုတ် .... .... .... .... .... ၁၄၉
၅-မစ္ဆရိနီသုတ် .... .... .... .... .... .... ၁၅၀
၆-ဝဏ္ဏနာသုတ် .... .... .... .... .... .... ၁၅၁
၇-ဣဿုကိနီသုတ် .... .... .... .... .... .... ၁၅၂
၈-မိစ္ဆာဒိဋ္ဌိကသုတ် .... .... .... .... .... .... ၁၅၂
၉-မိစ္ဆာဝါစာသုတ် .... .... .... .... .... .... ၁၅၃
၁၀-မိစ္ဆာဝါယာမသုတ် .... .... .... .... .... ၁၅၄


## (၁၃) ၃-ဂိလာနဝဂ်


၁-ဂိလာနသုတ် .... .... .... .... .... .... ၁၅၅
၂-သတိသူပဋ္ဌိတသုတ် .... .... .... .... .... ၁၅၅
၃-ပဌမ ဥပဋ္ဌာကသုတ် .... .... .... .... .... ၁၅၆
၄-ဒုတိယ ဥပဋ္ဌာကသုတ် .... .... .... .... .... ၁၅၇
၅-ပဌမ အနာယုဿာသုတ် .... .... .... .... .... ၁၅၈
၆-ဒုတိယ အနာယုဿာသုတ် .... .... .... .... .... ၁၅၈
၇-ဝပကာသသုတ် .... .... .... .... .... .... ၁၅၉
၈-သမဏသုခသုတ် .... .... .... .... .... .... ၁၆၀
၉-ပရိကုပ္ပသုတ် .... .... .... .... .... .... ၁၆၁
၁၀-ဗျသနသုတ် .... .... .... .... .... .... ၁၆၁

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## (၁၄) ၄-ရာဇဝဂ်


၁-ပဌမ စက္ကာနုဝတ္တနသုတ် .... .... .... .... .... ၁၆၂
၂-ဒုတိယ စက္ကာနုဝတ္တနသုတ် .... .... .... .... .... ၁၆၃
၃-ဓမ္မရာဇာသုတ် .... .... .... .... .... .... ၁၆၄
၄-ယဿံဒိသံသုတ် .... .... .... .... .... .... ၁၆၆
၅-ပဌမ ပတ္ထနာသုတ်.... .... .... .... .... .... ၁၆၈
၆-ဒုတိယ ပတ္ထနာသုတ် .... .... .... .... .... ၁၇၁
၇-အပ္ပံသုပတိသုတ် .... .... .... .... .... .... ၁၇၃
၈-ဘတ္တာဒကသုတ် .... .... .... .... .... .... ၁၇၃
၉-အက္ခမသုတ် .... .... .... .... .... .... ၁၇၄
၁၀-သောတသုတ် .... .... .... .... .... .... ၁၇၉


## (၁၅) ၅-တိကဏ္ဍကီဝဂ်


၁-အဝဇာနာတိသုတ် .... .... .... .... .... ၁၈၃
၂-အာရဘတိသုတ် .... .... .... .... .... .... ၁၈၄
၃-သာရန္ဒဒသုတ် .... .... .... .... .... .... ၁၈၆
၄-တိကဏ္ဍကီသုတ် .... .... .... .... .... .... ၁၈၈
၅-နိရယသုတ် .... .... .... .... .... .... ၁၉၀
၆-မိတ္တသုတ် .... .... .... .... .... .... ၁၉၀
၇-အသပ္ပုရိသဒါနသုတ် .... .... .... .... .... ၁၉၁
၈-သပ္ပုရိသဒါနသုတ် .... .... .... .... .... ၁၉၁
၉-ပဌမ သမယဝိမုတ္တသုတ် .... .... .... .... .... ၁၉၂
၁၀-ဒုတိယ သမယဝိမုတ္တသုတ် .... .... .... .... .... ၁၉၃


## ၄-စတုတ္ထပဏ္ဏာသက-စတုတ္ထသုတ်ငါးဆယ်

## (၁၆) ၁-သဒ္ဓမ္မဝဂ်


၁-ပဌမ သမ္မတ္တနိယာမသုတ် .... .... .... .... .... ၁၉၅
၂-ဒုတိယ သမ္မတ္တနိယာမသုတ် .... .... .... .... .... ၁၉၆
၃-တတိယ သမ္မတ္တနိယာမသုတ် .... .... .... .... .... ၁၉၆
၄-ပဌမ သဒ္ဓမ္မသမ္မောသသုတ် .... .... .... .... .... ၁၉၇
၅-ဒုတိယ သဒ္ဓမ္မသမ္မောသသုတ်.... .... .... .... .... ၁၉၈
၆-တတိယ သဒ္ဓမ္မသမ္မောသသုတ် .... .... .... .... ၂၀၀
၇-ဒုက္ကထာသုတ် .... .... .... .... .... .... ၂၀၃

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၆) ၁-သဒ္ဓမ္မဝဂ်


| | |
|---|---|
| ၈-သာရဇ္ဇသုတ် .... .... .... .... .... .... | ၂၀၆ |
| ၉-ဥဒါယီသုတ် .... .... .... .... .... .... | ၂၀၇ |
| ၁၀-ဒုပ္ပဋိဝိနောဒယသုတ် .... .... .... .... .... | ၂၀၈ |


## (၁၇) ၂-အာဃာတဝဂ်


| | |
|---|---|
| ၁-ပဌမ အာဃာတပဋိဝိနယသုတ် .... .... .... .... | ၂၀၈ |
| ၂-ဒုတိယ အာဃာတပဋိဝိနယသုတ် .... .... .... .... | ၂၀၉ |
| ၃-သာကစ္ဆသုတ် .... .... .... .... .... .... | ၂၁၂ |
| ၄-သာဇီဝသုတ် .... .... .... .... .... .... | ၂၁၃ |
| ၅-ပဥ္စပုစ္ဆာသုတ် .... .... .... .... .... .... | ၂၁၄ |
| ၆-နိရောဓသုတ် .... .... .... .... .... .... | ၂၁၄ |
| ၇-စောဒနာသုတ် .... .... .... .... .... .... | ၂၁၈ |
| ၈-သီလသုတ် .... .... .... .... .... .... | ၂၂၃ |
| ၉-ခိပ္ပနိသန္တိသုတ် .... .... .... .... .... .... | ၂၂၄ |
| ၁၀-ဘဒ္ဒဇိသုတ် .... .... .... .... .... .... | ၂၂၆ |


## (၁၈) ၃-ဥပါသကဝဂ်


| | |
|---|---|
| ၁-သာရဇ္ဇသုတ် .... .... .... .... .... .... | ၂၂၇ |
| ၂-ဝိသာရဒသုတ် .... .... .... .... .... .... | ၂၂၈ |
| ၃-နိရယသုတ် .... .... .... .... .... .... | ၂၂၈ |
| ၄-ဝေရသုတ် .... .... .... .... .... .... | ၂၂၉ |
| ၅-စဏ္ဍာလသုတ် .... .... .... .... .... .... | ၂၃၁ |
| ၆-ပီတိသုတ် .... .... .... .... .... .... | ၂၃၂ |
| ၇-ဝဏိဇ္ဇာသုတ် .... .... .... .... .... .... | ၂၃၃ |
| ၈-ရာဇာသုတ် .... .... .... .... .... .... | ၂၃၄ |
| ၉-ဂိဟိသုတ် .... .... .... .... .... .... | ၂၃၇ |
| ၁၀-ဂဝေသီသုတ် .... .... .... .... .... .... | ၂၄၁ |


## (၁၉) ၄-အရညဝဂ်


| | |
|---|---|
| ၁-အာရညိကသုတ် .... .... .... .... .... .... | ၂၄၅ |
| ၂-စီဝရသုတ် .... .... .... .... .... .... | ၂၄၆ |
| ၃-ရုက္ခမူလိကသုတ် .... .... .... .... .... .... | ၂၄၆ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၁၉) ၄-အရညဝဂ်** | |
| ၄ | သောသာနိကသုတ် | ၂၄၆ |
| ၅ | အဗ္ဘောကာသိကသုတ် | ၂၄၇ |
| ၆ | နေသဇ္ဇိကသုတ် | ၂၄၇ |
| ၇ | ယထာသန္ထတိကသုတ် | ၂၄၇ |
| ၈ | ကောသနိကသုတ် | ၂၄၇ |
| ၉ | ခလုပစ္ဆာဘတ္တိကသုတ် | ၂၄၇ |
| ၁၀ | ပတ္တပိဏ္ဍိကသုတ် | ၂၄၇ |
| | **(၂၀) ၅-ဗြာဟ္မဏဝဂ်** | |
| ၁ | သောဏသုတ် | ၂၄၈ |
| ၂ | ဒေါဏဗြာဟ္မဏသုတ် | ၂၄၉ |
| ၃ | သင်္ဂါရဝသုတ် | ၂၅၆ |
| ၄ | ကာရဏပါလီသုတ် | ၂၆၀ |
| ၅ | ပိင်္ဂိယာနီသုတ် | ၂၆၃ |
| ၆ | မဟာသုပိနသုတ် | ၂၆၄ |
| ၇ | ဝဿသုတ် | ၂၆၆ |
| ၈ | ဝါစာသုတ် | ၂၆၇ |
| ၉ | ကုလသုတ် | ၂၆၈ |
| ၁၀ | နိဿာရဏီယသုတ် | ၂၆၈ |


## ၅-ပဉ္စမပဏ္ဏာသက-ပဉ္စမသုတ်ငါးဆယ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၂၁) ၁-ကိမိလဝဂ်** | |
| ၁ | ကိမိလသုတ် | ၂၇၁ |
| ၂ | ဓမ္မဿဝနသုတ် | ၂၇၂ |
| ၃ | အဿာဇာနီယသုတ် | ၂၇၂ |
| ၄ | ဗလသုတ် | ၂၇၃ |
| ၅ | စေတောခိလသုတ် | ၂၇၃ |
| ၆ | ဝိနိဗန္ဓသုတ် | ၂၇၄ |
| ၇ | ယာဂုသုတ် | ၂၇၅ |
| ၈ | ဒန္တကဋ္ဌသုတ် | ၂၇၅ |
| ၉ | ဂီတဿရသုတ် | ၂၇၆ |
| ၁၀ | မုဋ္ဌဿတိသုတ် | ၂၇၆ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## (၂၂) ၂-အက္ကောသကဝဂ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁ | အက္ကောသကသုတ် | ၂၇၇ |
| ၂ | ဘဏ္ဍနကာရကသုတ် | ၂၇၇ |
| ၃ | သီလသုတ် | ၂၇၈ |
| ၄ | ဗဟုဘာဏိသုတ် | ၂၇၉ |
| ၅ | ပဌမ အက္ခန္တိသုတ် | ၂၈၀ |
| ၆ | ဒုတိယ အက္ခန္တိသုတ် | ၂၈၁ |
| ၇ | ပဌမ အပါသာဒိကသုတ် | ၂၈၁ |
| ၈ | ဒုတိယ အပါသာဒိကသုတ် | ၂၈၂ |
| ၉ | အဂ္ဂိသုတ် | ၂၈၃ |
| ၁၀ | မဓုရာသုတ် | ၂၈၃ |


## (၂၃) ၃-ဒီဃစာရိကဝဂ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁ | ပဌမ ဒီဃစာရိကသုတ် | ၂၈၄ |
| ၂ | ဒုတိယ ဒီဃစာရိကသုတ် | ၂၈၄ |
| ၃ | အတိနိဝါသသုတ် | ၂၈၅ |
| ၄ | မစ္ဆရီသုတ် | ၂၈၆ |
| ၅ | ပဌမ ကုလူပကသုတ် | ၂၈၆ |
| ၆ | ဒုတိယ ကုလူပကသုတ် | ၂၈၇ |
| ၇ | ဘောဂသုတ် | ၂၈၇ |
| ၈ | ဥဿူရဘတ္တသုတ် | ၂၈၈ |
| ၉ | ပဌမ ကဏှသပ္ပသုတ် | ၂၈၉ |
| ၁၀ | ဒုတိယ ကဏှသပ္ပသုတ် | ၂၈၉ |


## (၂၄) ၄-အာဝါသိကဝဂ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁ | အာဝါသိကသုတ် | ၂၉၀ |
| ၂ | ပိယသုတ် | ၂၉၁ |
| ၃ | သောဘနသုတ် | ၂၉၂ |
| ၄ | ဗဟူပကာရသုတ် | ၂၉၂ |
| ၅ | အနုကမ္ပသုတ် | ၂၉၃ |
| ၆ | ပဌမ အဝဏ္ဏာရဟသုတ် | ၂၉၃ |
| ၇ | ဒုတိယ အဝဏ္ဏာရဟသုတ် | ၂၉၄ |
| ၈ | တတိယ အဝဏ္ဏာရဟသုတ် | ၂၉၅ |
| ၉ | ပဌမ မစ္ဆရိယသုတ် | ၂၉၆ |
| ၁၀ | ဒုတိယ မစ္ဆရိယသုတ် | ၂၉၇ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## (၂၅) ၅-ဒုစ္စရိတဝဂ်


၁-ပဌမ ဒုစ္စရိတသုတ် .... ၂၉၇
၂-ပဌမ ကာယဒုစ္စရိတသုတ် .... ၂၉၈
၃-ပဌမ ဝစီဒုစ္စရိတသုတ် .... ၂၉၈
၄-ပဌမ မနောဒုစ္စရိတသုတ် .... ၂၉၈
၅-ဒုတိယ ဒုစ္စရိတသုတ် .... ၂၉၉
၆-ဒုတိယ ကာယဒုစ္စရိတသုတ် .... ၃၀၀
၇-ဒုတိယ ဝစီဒုစ္စရိတသုတ် .... ၃၀၀
၈-ဒုတိယ မနောဒုစ္စရိတသုတ် .... ၃၀၀
၉-သိဝထိကသုတ် .... ၃၀၀
၁၀-ပုဂ္ဂလပ္ပသာဒသုတ် .... ၃၀၂


## (၂၆) ၆-ဥပသမ္ပဒါဝဂ်


၁-ဥပသမ္ပာဒေတဗ္ဗသုတ် .... ၃၀၄
၂-နိဿယသုတ် .... ၃၀၄
၃-သာမဏေရသုတ် .... ၃၀၅
၄-ပဉ္စမစ္ဆရိယသုတ် .... ၃၀၅
၅-မစ္ဆရိယပ္ပဟာနသုတ် .... ၃၀၆
၆-ပဌမဈာနသုတ် .... ၃၀၆
၇-၁၃-ဒုတိယဈာနသုတ်စသည်ခုနစ်သုတ် .... ၃၀၇
၁၄-အပရပဌမဈာနသုတ် .... ၃၀၈
၁၅-၂၁-အပရဒုတိယဈာနသုတ်စသည် .... ၃၀၈


### ၁-သမ္မုတိပေယျာလ


၁-ဘတ္တုဒ္ဒေသကသုတ် .... ၃၀၉
၂-၁၄-သေနာသနပညာပကသုတ်စသည် .... ၃၁၁


### ၂-သိက္ခာပဒပေယျာလ


၁-ဘိက္ခုသုတ် .... ၃၁၃
၂-၇-ဘိက္ခုနီသုတ်စသည် .... ၃၁၃
၈-အာဇီဝကသုတ် .... ၃၁၄
၉-၁၇-နိဂဏ္ဌသုတ်စသည် .... ၃၁၅


### ၃-ရာဂပေယျာလ


ရာဂပေယျာလသုတ် .... ၃၁၅


ပဉ္စကနိပါတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# သတ္တကနိပါတ် မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

### ၁-အာဟုနေယျဝဂ်


၁-ပဌမ အာဟုနေယျသုတ် .... .... .... .... .... ၃၁၉
၂-ဒုတိယ အာဟုနေယျသုတ် .... .... .... .... .... ၃၂၀
၃-ဣန္ဒြိယသုတ် .... .... .... .... .... .... ၃၂၂
၄-ဗလသုတ် .... .... .... .... ... .... ၃၂၂
၅-ပဌမ အာဇာနီယသုတ် .... .... .... .... .... ၃၂၃
၆-ဒုတိယ အာဇာနီယသုတ် .... .... .... .... .... ၃၂၄
၇-တတိယ အာဇာနီယသုတ် .... .... .... .... .... ၃၂၅
၈-အနုတ္တရိယသုတ် .... .... .... .... .... ... ၃၂၆
၉-အနုဿတိဋ္ဌာနသုတ် .... .... .... .... .... ၃၂၆
၁၀-မဟာနာမသုတ် .... .... .... .... .... .... ၃၂၇


### ၂-သာရဏီယဝဂ်


၁-ပဌမ သာရဏီယသုတ် .... .... .... .... .... ၃၃၁
၂-ဒုတိယ သာရဏီယသုတ် .... .... .... .... .... ၃၃၂
၃-နိဿာရဏီယသုတ် .... .... .... .... .... ၃၃၃
၄-ဘဒ္ဒကသုတ် .... .... .... .... .... .... ၃၃၆
၅-အနုတပ္ပိယသုတ် .... .... .... .... .... .... ၃၃၇
၆-နကုလပိတုသုတ် .... .... .... .... .... .... ၃၃၈
၇-သောပ္ပသုတ် .... .... .... .... .... .... ၃၄၂
၈-မစ္ဆဗန္ဓသုတ် .... .... .... .... .... .... ၃၄၄
၉-ပဌမ မရဏဿတိသုတ် .... .... .... .... .... ၃၄၆
၁၀-ဒုတိယ မရဏဿတိသုတ် .... .... .... .... .... ၃၄၈


### ၃-အနုတ္တရိယဝဂ်


၁-သာမကသုတ် .... .... .... .... .... .... ၃၅၀
၂-အပရိဟာနိယသုတ် .... .... .... .... .... ၃၅၂

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |

## ၃--အနုတ္တရိယဝဂ်

| | | |
| --- | --- | --- |
| ၃-ဘယသုတ် | .... | ၃၅၃ |
| ၄-ဟိမဝန္တသုတ် | .... | ၃၅၄ |
| ၅-အနုဿတိဋ္ဌာနသုတ် | .... | ၃၅၄ |
| ၆-မဟာကစ္စာနသုတ် | .... | ၃၅၆ |
| ၇-ပဌမ သမယသုတ် | .... | ၃၆၀ |
| ၈-ဒုတိယ သမယသုတ် | .... | ၃၆၂ |
| ၉-ဥဒါယီသုတ် | .... | ၃၆၅ |
| ၁၀-အနုတ္တရိယသုတ် | .... | ၃၆၈ |

## ၄--ဒေဝတာဝဂ်

| | | |
| --- | --- | --- |
| ၁-သေခသုတ် | .... | ၃၇၂ |
| ၂-ပဌမ အပရိဟာနသုတ် | .... | ၃၇၃ |
| ၃-ဒုတိယ အပရိဟာနသုတ် | .... | ၃၇၄ |
| ၄-မဟာမောဂ္ဂလ္လာနသုတ် | .... | ၃၇၅ |
| ၅-ဝိဇ္ဇာဘာဂိယသုတ် | .... | ၃၇၇ |
| ၆-ဝိဝါဒမူလသုတ် | .... | ၃၇၈ |
| ၇-ဒါနသုတ် | .... | ၃၇၉ |
| ၈-အတ္တကာရီသုတ် | .... | ၃၈၁ |
| ၉-နိဒါနသုတ် | .... | ၃၈၂ |
| ၁၀-ကိမိလသုတ် | .... | ၃၈၄ |
| ၁၁-ဒါရုက္ခန္ဓသုတ် | .... | ၃၈၅ |
| ၁၂-နာဂိတသုတ် | .... | ၃၈၅ |

## ၅--ဓမ္မိကဝဂ်

| | | |
| --- | --- | --- |
| ၁-နာဂသုတ် | .... | ၃၈၈ |
| ၂-မိဂသာလာသုတ် | .... | ၃၉၂ |
| ၃-ဣဏသုတ် | .... | ၃၉၆ |
| ၄-မဟာစုန္ဒသုတ် | .... | ၃၉၉ |
| ၅-ပဌမ သန္ဒိဋ္ဌိကသုတ် | .... | ၄၀၁ |
| ၆-ဒုတိယ သန္ဒိဋ္ဌိကသုတ် | .... | ၄၀၂ |
| ၇-ခေမသုတ် | .... | ၄၀၃ |
| ၈-ဣန္ဒြိယသံဝရသုတ် | .... | ၄၀၅ |
| ၉-အာနန္ဒသုတ် | .... | ၄၀၆ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၅-ဓမ္မိကဝဂ်** | |
| ၁၀-ခတ္တိယသုတ် | .... .... .... .... .... .... | ၄၀၇ |
| ၁၁-အပ္ပမာဒသုတ် | .... .... .... .... .... .... | ၄၀၉ |
| ၁၂-ဓမ္မိကသုတ် | .... .... .... .... .... .... | ၄၁၀ |
| | **၂-ဒုတိယပဏ္ဏာသက-ဒုတိယသုတ်ငါးဆယ်** | |
| | **၆-မဟာဝဂ်** | |
| ၁-သောဏသုတ် | .... .... .... .... .... .... | ၄၁၉ |
| ၂-ဖဂ္ဂုနသုတ် | .... .... .... .... .... .... | ၄၂၄ |
| ၃-ဆဠဘိဇာတိသုတ်.... | .... .... .... .... .... | ၄၂၇ |
| ၄-အာသဝသုတ် | .... .... .... .... .... .... | ၄၃၁ |
| ၅-ဒါရုကမ္မိကသုတ် | .... .... .... .... .... .... | ၄၃၅ |
| ၆-ဟတ္ထိသာရိပုတ္တသုတ် | .... .... .... .... .... | ၄၃၆ |
| ၇-မဇ္ဈေသုတ် | .... .... .... .... .... .... | ၄၄၁ |
| ၈-ပုရိသိန္ဒြိယဉာဏသုတ် | .... .... .... .... .... | ၄၄၄ |
| ၉-နိဗ္ဗေဓိကသုတ် | .... .... .... .... .... .... | ၄၅၁ |
| ၁၀-သီဟနာဒသုတ် | .... .... .... .... .... .... | ၄၅၈ |
| | **၇-ဒေဝတာဝဂ်** | |
| ၁-အနာဂါမိဖလသုတ် | .... .... .... .... .... | ၄၆၂ |
| ၂-အရဟတ္တသုတ် | .... .... .... .... .... .... | ၄၆၂ |
| ၃-မိတ္တသုတ် | .... .... .... .... .... .... | ၄၆၃ |
| ၄-သင်္ဂဏိကာရာမသုတ် | .... .... .... .... .... | ၄၆၄ |
| ၅-ဒေဝတာသုတ် | .... .... .... .... .... .... | ၄၆၅ |
| ၆-သမာဓိသုတ် | .... .... .... .... .... .... | ၄၆၇ |
| ၇-သက္ခိဘဗ္ဗသုတ် | .... .... .... .... .... .... | ၄၆၈ |
| ၈-ဗလသုတ် | .... .... .... .... .... .... | ၄၆၉ |
| ၉-ပဌမ တဇ္ဈာနသုတ် | .... .... .... .... .... | ၄၇၀ |
| ၁၀-ဒုတိယ တဇ္ဈာနသုတ် | .... .... .... .... .... | ၄၇၁ |
| | **၈-အရဟတ္တဝဂ်** | |
| ၁-ဒုက္ခသုတ် | .... .... .... .... .... .... | ၄၇၂ |
| ၂-အရဟတ္တသုတ် | .... .... .... .... .... .... | ၄၇၃ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၈-အရဟတ္တဝဂ်


၃-ဥတ္တရိမနုဿဓမ္မသုတ် .... .... .... .... .... ၄၇၃
၄-သုခသောမနဿသုတ် .... .... .... .... .... ၄၇၅
၅-အဓိဂမသုတ် .... .... .... .... .... .... ၄၇၄
၆-မဟန္တတ္တသုတ် .... .... .... .... .... .... ၄၇၅
၇-ပဌမ နိရယသုတ် .... .... .... .... .... .... ၄၇၅
၈-ဒုတိယ နိရယသုတ် .... .... .... .... .... ၄၇၆
၉-အဂ္ဂဓမ္မသုတ် .... .... .... .... .... .... ၄၇၇
၁၀-ရတ္တိဒိဝသသုတ် .... .... .... .... .... .... ၄၇၇


## ၉-သီတိဝဂ်


၁-သီတိဘာဝသုတ် .... .... .... .... .... .... ၄၇၈
၂-အာဝရဏသုတ် .... .... .... .... .... .... ၄၇၉
၃-ဝေါရောပိတသုတ် .... .... .... .... .... .... ၄၇၉
၄-သုဿူသတိသုတ် .... .... .... .... .... .... ၄၈၀
၅-အပ္ပဟာယသုတ် .... .... .... .... .... .... ၄၈၁
၆-ပဟီနသုတ် .... .... .... .... .... .... ၄၈၁
၇-အဘဗ္ဗသုတ် .... .... .... .... .... .... ၄၈၂
၈-ပဌမ အဘဗ္ဗဋ္ဌာနသုတ် .... .... .... .... .... ၄၈၂
၉-ဒုတိယ အဘဗ္ဗဋ္ဌာနသုတ် .... .. .. .... .... .... ၄၈၂
၁၀-တတိယ အဘဗ္ဗဋ္ဌာနသုတ် .... .... .... .... .... ၄၈၃
၁၁-စတုတ္ထ အဘဗ္ဗဋ္ဌာနသုတ် .... .... .... .... .... ၄၈၃


## ၁၀-အာနိသံသဝဂ်


၁-ပါတုဘာဝသုတ် .... .... .... .... .... .... ၄၈၄
၂-အာနိသံသသုတ် .... .... .... .... .... .... ၄၈၄
၃-အနိစ္စသုတ် .... .... .... .... .... .... ၄၈၅
၄-ဒုက္ခသုတ် .... .... .... .... .... .... ၄၈၅
၅-အနတ္တသုတ် .... .... .... .... .... .... ၄၈၆
၆-နိဗ္ဗာနသုတ် .... .... .... .... .... .... ၄၈၆
၇-အနဝတ္ထိတသုတ် .... .... .... .... .... .... ၄၈၆
၈-ဥက္ခိတ္တာသိကသုတ်.... .... .... .... .... .... ၄၈၇
၉-အတမ္မယသုတ် .... .... .... .... .... .... ၄၈၇
၁၀-ဘဝသုတ် .... .... .... .... .... .... ၄၈၈
၁၁-တဏှာသုတ် .... .... .... .... .... .... ၄၈၈

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၁-တိကဝဂ်


၁-ရာဂသုတ် .... .... .... .... .... .... ၄၉၀
၂-ဒုစ္စရိတသုတ် .... .... .... .... .... .... ၄၉၀
၃-ဝိတက္ကသုတ် .... .... .... .... .... .... ၄၉၁
၄-သညာသုတ် .... .... .... .... .... .... ၄၉၁
၅-ဓာတုသုတ် .... .... .... .... .... .... ၄၉၂
၆-အဿာဒသုတ် .... .... .... .... .... .... ၄၉၂
၇-အရတိသုတ် .... .... .... .... .... .... ၄၉၃
၈-သန္တုဋ္ဌိတာသုတ် .... .... .... .... .... .... ၄၉၃
၉-ဒေါဝစဿတာသုတ် .... .... .... .... .... ၄၉၄
၁၀-ဥဒ္ဓစ္စသုတ် .... .... .... .... .... .... ၄၉၄


## ၁၂-သာမညဝဂ်


၁-ကာယာနုပဿီသုတ် .... .... .... .... .... ၄၉၅
၂-ဓမ္မာနုပဿီသုတ် .... .... .... .... .... ၄၉၆
၃-တပုဿသုတ် .... .... .... .... .... .... ၄၉၆
၄-၂၃-ဘလ္လိကာဒိသုတ် .... .... .... .... .... ၄၉၆
၂၄-ရာဂပေယျာလ .... .... .... .... .... .... ၄၉၇


ဆက္ကနိပါတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# သတ္တကနိပါတ် မာတိကာ

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ပဏ္ဏာသ-သုတ်ငါးဆယ်

### ၁-ဓနဝဂ်


၁-ပဌမ ပိယသုတ် .... .... .... .... .... .... ၄၉၉
၂-ဒုတိယ ပိယသုတ်.... .... .... .... .... .... ၅၀၀
၃-သံခိတ္တဗလသုတ် .... .... .... .... .... .... ၅၀၁
၄-ဝိတ္ထတဗလသုတ် .... .... .... .... .... .... ၅၀၂
၅-သံခိတ္တဓနသုတ် .... .... .... .... .... .... ၅၀၃
၆-ဝိတ္ထတဓနသုတ် .... .... .... .... .... .... ၅၀၄
၇-ဥဂ္ဂသုတ် .... .... .... .... .... .... ၅၀၆
၈-သံယောဇနသုတ် .... .... .... .... .... .... ၅၀၇
၉-ပဟာနသုတ် .... .... .... .... .... .... ၅၀၇
၁၀-မစ္ဆရိယသုတ် .... .... .... .... .... .... ၅၀၇


### ၂-အနုသယဝဂ်


၁-ပဌမ အနုသယသုတ် .... .... .... .... .... ၅၀၈
၂-ဒုတိယ အနုသယသုတ် .... .... .... .... .... ၅၀၈
၃-ကုလသုတ် .... .... .... .... .... .... ၅၀၉
၄-ပုဂ္ဂလသုတ် .... .... .... .... .... .... ၅၁၀
၅-ဥဒကူပမာသုတ် .... .... .... .... .... .... ၅၁၀
၆-အနိစ္စာနုပဿီသုတ် .... .... .... .... .... ၅၁၃
၇-ဒုက္ခာနုပဿီသုတ် .... .... .... .... .... .... ၅၁၄
၈-အနတ္တာနုပဿီသုတ် .... .... .... .... .... ၅၁၄
၉-နိဗ္ဗာနသုတ် .... .... .... .... .... .... ၅၁၄
၁၀-နိဒ္ဒသဝတ္ထုသုတ် .... .... .... .... .... .... ၅၁၅


### ၃-ဝဇ္ဇီသတ္တကဝဂ်


၁-သာရန္ဒဒသုတ် .... .... .... .... .... .... ၅၁၆
၂-ဝဿကာရသုတ် .... .... .... .... .... .... ၅၁၈
၃-ပဌမ သတ္တကသုတ် .... .... .... .... .... ၅၂၁

http://www.dhammadownload.com



## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ဝဇ္ဇီသတ္တကဝဂ်** | |
| ၄ | ဒုတိယ သတ္တကသုတ် | ၅၂၃ |
| ၅ | တတိယ သတ္တကသုတ် | ၅၂၃ |
| ၆ | ဗောဇ္ဈင်္ဂသုတ် | ၅၂၄ |
| ၇ | သညာသုတ် | ၅၂၅ |
| ၈ | ပဌမ ပရိဟာနိသုတ် | ၅၂၅ |
| ၉ | ဒုတိယ ပရိဟာနိသုတ် | ၅၂၆ |
| ၁၀ | ဝိပတ္တိသုတ် | ၅၂၈ |
| ၁၁ | ပရာဘဝသုတ် | ၅၂၈ |
| | **၄-ဒေဝတာဝဂ်** | |
| ၁ | အပ္ပမာဒဂါရဝသုတ် | ၅၂၉ |
| ၂ | ဟိရီဂါရဝသုတ် | ၅၃၀ |
| ၃ | ပဌမ သောဝစဿတာသုတ် | ၅၃၁ |
| ၄ | ဒုတိယ သောဝစဿတာသုတ် | ၅၃၁ |
| ၅ | ပဌမ မိတ္တသုတ် | ၅၃၂ |
| ၆ | ဒုတိယ မိတ္တသုတ် | ၅၃၃ |
| ၇ | ပဌမ ပဋိသမ္ဘိဒါသုတ် | ၅၃၄ |
| ၈ | ဒုတိယ ပဋိသမ္ဘိဒါသုတ် | ၅၃၄ |
| ၉ | ပဌမ ဝသသုတ် | ၅၃၅ |
| ၁၀ | ဒုတိယ ဝသသုတ် | ၅၃၆ |
| ၁၁ | ပဌမ နိဒ္ဒသသုတ် | ၅၃၆ |
| ၁၂ | ဒုတိယ နိဒ္ဒသသုတ် | ၅၃၈ |
| | **၅-မဟာယညဝဂ်** | |
| ၁ | သတ္တဝိညာဏဋ္ဌိတိသုတ် | ၅၄၀ |
| ၂ | သမာဓိပရိက္ခာရသုတ် | ၅၄၁ |
| ၃ | ပဌမ အဂ္ဂိသုတ် | ၅၄၂ |
| ၄ | ဒုတိယ အဂ္ဂိသုတ် | ၅၄၂ |
| ၅ | ပဌမ သညာသုတ် | ၅၄၆ |
| ၆ | ဒုတိယ သညာသုတ် | ၅၄၇ |
| ၇ | မေထုနသုတ် | ၅၅၃ |
| ၈ | သံယောဂသုတ် | ၅၅၆ |
| ၉ | ဒါနမဟပ္ဖလသုတ် | ၅၅၇ |
| ၁၀ | နန္ဒမာတာသုတ် | ၅၆၁ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၆-အဗျာကတဝဂ်** | |
| | ၁-အဗျာကတသုတ် | ၅၆၅ |
| | ၂-ပုရိသဂတိသုတ် | ၅၆၇ |
| | ၃-တိဿမြဟ္မာသုတ် | ၅၇၁ |
| | ၄-သီဟသေနာပတိသုတ် | ၅၇၆ |
| | ၅-အရက္ခေယျသုတ် | ၅၇၉ |
| | ၆-ကိမိလသုတ် | ၅၈၁ |
| | ၇-သတ္တဓမ္မသုတ် | ၅၈၂ |
| | ၈-ပစလာယမာနသုတ် | ၅၈၂ |
| | ၉-မေတ္တသုတ် | ၅၈၅ |
| | ၁၀-ဘရိယာသုတ် | ၅၈၇ |
| | ၁၁-ကောဓနသုတ် | ၅၈၉ |
| | **၇-မဟာဝဂ်** | |
| | ၁-ဟိရီဩတ္တပ္ပသုတ် | ၅၉၃ |
| | ၂-သတ္တသူရိယသုတ် | ၅၉၄ |
| | ၃-နဂရောပမသုတ် | ၅၉၉ |
| | ၄-ဓမ္မညုသုတ် | ၆၀၄ |
| | ၅-ပါရိဆတ္တကသုတ် | ၆၀၇ |
| | ၆-သက္ကစ္စသုတ် | ၆၁၀ |
| | ၇-ဘာဝနာသုတ် | ၆၁၄ |
| | ၈-အဂ္ဂိက္ခန္ဓောပမသုတ် | ၆၁၇ |
| | ၉-သုနေတ္တသုတ် | ၆၂၄ |
| | ၁၀-အရကသုတ် | ၆၂၅ |
| | **၈-ဝိနယဝဂ်** | |
| | ၁-ပဌမ ဝိနယဓရသုတ် | ၆၂၈ |
| | ၂-ဒုတိယ ဝိနယဓရသုတ် | ၆၂၉ |
| | ၃-တတိယ ဝိနယဓရသုတ် | ၆၂၉ |
| | ၄-စတုတ္ထ ဝိနယဓရသုတ် | ၆၃၀ |
| | ၅-ပဌမ ဝိနယဓရသောဘနသုတ် | ၆၃၀ |
| | ၆-ဒုတိယ ဝိနယဓရသောဘနသုတ် | ၆၃၁ |
| | ၇-တတိယ ဝိနယဓရသောဘနသုတ် | ၆၃၁ |
| | ၈-စတုတ္ထ ဝိနယဓရသောဘနသုတ် | ၆၃၁ |

http://www.dhammadownload.com



## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၈-ဝိနယဝဂ်** | |
| | ၉-သတ္ထုသာသနသုတ် | ၆၃၂ |
| | ၁၀-အဓိကရဏသမထသုတ် | ၆၃၂ |
| | **၉-သမဏဝဂ်** | |
| | ၁-ဘိက္ခုသုတ် | ၆၃၃ |
| | ၂-သမဏသုတ် | ၆၃၃ |
| | ၃-ဗြာဟ္မဏသုတ် | ၆၃၄ |
| | ၄-သောတ္တိယသုတ် | ၆၃၄ |
| | ၅-နှာတကသုတ် | ၆၃၄ |
| | ၆-ဝေဒဂူသုတ် | ၆၃၄ |
| | ၇-အရိယသုတ် | ၆၃၄ |
| | ၈-အရဟာသုတ် | ၆၃၄ |
| | ၉-အသဒ္ဓမ္မသုတ် | ၆၃၅ |
| | ၁၀-သဒ္ဓမ္မသုတ် | ၆၃၅ |
| | ၁၀-အာဟုနေယျဝဂ် | ၆၃၅ |
| | ၁၁-ရာဂပေယျာလ | ၆၃၈ |


သုတ္တကနိပါတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် သော မျဉ်းတိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက် ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ပဉ္စကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁-သေခဗလဝဂ် ၁-သံခိတ္တသုတ်

၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်တို့၏ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ယုံကြည်မှု 'သဒ္ဓါ' အား။
ရှက်မှု 'ဟိရီ' အား။
ကြောက်လန့်မှု 'ဩတ္တပ္ပ' အား။

http://www.dhammadownload.com



အားထုတ်မှု 'ဝီရိယ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော ယုံကြည်မှု 'သဒ္ဓါ' အားနှင့် ပြည့်စုံစေမည်၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော ရှက်မှု 'ဟိရီ' အားနှင့် ပြည့်စုံစေမည်၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော ကြောက်လန့်မှု 'ဩတ္တပ္ပ' အားနှင့် ပြည့်စုံစေမည်၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော အားထုတ်မှု 'ဝီရိယ' အားနှင့် ပြည့်စုံစေမည်၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော သိမှု 'ပညာ' အားနှင့် ပြည့်စုံစေမည်" ဟု ကျင့်ရမည်၊ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ပဌမသုတ်။

## ၂-ဝိတ္ထတသုတ်

၂။ ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' အား။

ရှက်မှု 'ဟိရီ' အား။

ကြောက်လန့်မှု 'ဩတ္တပ္ပ' အား။

အားထုတ်မှု 'ဝီရိယ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ ယုံကြည်မှု 'သဒ္ဓါ' အားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု 'သဒ္ဓါ' ရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးတရားကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊

http://www.dhammadownload.com



ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု (ယုံကြည်၏)။
ရဟန်းတို့ ဤသည်ကို ယုံကြည်မှု 'သဒ္ဓါ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ရှက်မှု 'ဟိရီ'အားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အရှက်ရှိ၏၊ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့မှ ရှက်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ရှက်၏။

ရဟန်းတို့ ဤသည်ကို ရှက်မှု 'ဟိရီ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကြောက်လန့်မှု 'ဩတ္တပ္ပ' အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ကြောက်လန့်မှုရှိ၏၊ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့မှ ကြောက်လန့်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ကြောက်လန့်၏။

ရဟန်းတို့ ဤသည်ကို ကြောက်လန့်မှု 'ဩတ္တပ္ပ' အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အားထုတ်မှု 'ဝီရိယ' အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော ဝီရိယရှိသည်ဖြစ်၍ နေထိုင်၏၊ အားနှင့် ပြည့်စုံ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။

ရဟန်းတို့ ဤသည်ကို အားထုတ်မှု 'ဝီရိယ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သိမှု'ပညာ' အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သောပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသည်ကို သိမှု 'ပညာ' အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဤသည်တို့ကား ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားငါးမျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ''ငါတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော ယုံကြည်မှု 'သဒ္ဓါ' အားနှင့် ပြည့်စုံစေမည်၊ ရှက်မှု 'ဟိရီ' အားနှင့်၊ ကြောက်လန့်မှု 'ဩတ္တပ္ပ'အားနှင့်၊ အားထုတ်မှု'ဝီရိယ'အားနှင့်၊ သိမှု'ပညာ' အားနှင့်ပြည့်စုံစေမည်''ဟု ကျင့်ရမည်။

ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုက္ခသုတ်

၃။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်းနှင့် တကွ ဆင်းရဲစွာ နေထိုင်ရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ 'ဒုဂ္ဂတိဘဝ' ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

http://www.dhammadownload.com



အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်
ယုံကြည်မှု 'သဒ္ဓါ' မရှိ။
ရှက်မှု 'ဟိရီ' မရှိ။
ကြောက်လန့်မှု 'ဩတ္တပ္ပ' မရှိ။
ပျင်းရိ၏။
ပညာမဲ့၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်းနှင့်တကွ ဆင်းရဲစွာ နေထိုင်ရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ'ဒုဂ္ဂတိဘဝ' ကို (မချွတ်ရလိမ့်မည်)ဟု မြှော်လင့်အပ်၏။

ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် မငြိုငြင် မပင်ပန်းပဲ မပူပန်ရမူ၍ ချမ်းသာစွာ နေထိုင်ရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ 'သုဂတိဘဝ' ကို (မချွတ်ရလိမ့်မည်)ဟု မြှော်လင့်အပ်၏။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်
ယုံကြည်မှု 'သဒ္ဓါ' ရှိ၏။
ရှက်မှု 'ဟိရီ' ရှိ၏။
ကြောက်လန့်မှု 'ဩတ္တပ္ပ' ရှိ၏။
ထက်သန်သော ဝီရိယရှိ၏၊
သိမှု'ပညာ' ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် မငြိုငြင် မပင်ပန်းပဲ မပူပန်ရမူ၍ ချမ်းသာစွာ နေထိုင်ရ၏။ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ'သုဂတိဘဝ'ကို (မချွတ်ရလိမ့်မည်)ဟု မြှော်လင့်အပ်၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

### ၄-ယထာဘတသုတ်

၄။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်
ယုံကြည်မှု'သဒ္ဓါ'မရှိ။
ရှက်မှု'ဟိရီ'မရှိ။

http://www.dhammadownload.com



ကြောက်လန့်မှု'ဩတ္တပ္ပ'မရှိ။
ပျင်းရိ၏။
ပညာမဲ့၏။
ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲ၌ ဖြစ်ရ၏။
ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။
အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ---
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်
ယုံကြည်မှု'သဒ္ဓါ'ရှိ၏။
ရှက်မှု'ဟိရီ'ရှိ၏။
ကြောက်လန့်မှု'ဩတ္တပ္ပ'ရှိ၏။
ထက်သန်သော ဝီရိယရှိ၏။
သိမှု 'ပညာ' ရှိ၏။
ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သိက္ခာသုတ်

၅။ ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို သိက္ခာချ၍ လူထွက်၏၊ ယခုဘဝ၌ပင် ပြောဆိုကဲ့ရဲ့ဖွယ် အကြောင်းငါးမျိုးတို့သည် ထိုသူ့ထံသို့ ရောက်လာကုန်၏။
အဘယ်ငါးမျိုးတို့နည်း ဟူမူ—
သင့်အား ကုသိုလ်တရားတို့၌ ယုံကြည်မှု'သဒ္ဓါ'မည်သည်လည်း မရှိတော့ပြီ။
သင့်အား ကုသိုလ်တရားတို့၌ ရှက်မှု'ဟိရီ'မည်သည်လည်း မရှိတော့ပြီ။
သင့်အား ကုသိုလ်တရားတို့၌ ကြောက်လန့်မှု'ဩတ္တပ္ပ'မည်သည်လည်း မရှိတော့ပြီ။
သင့်အား ကုသိုလ်တရားတို့၌ အားထုတ်မှု'ဝီရိယ'မည်သည်လည်း မရှိတော့ပြီ။
သင့်အား ကုသိုလ်တရားတို့၌ သိမှု'ပညာ'မည်သည်လည်း မရှိတော့ပြီ။
ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို သိက္ခာချ၍ လူထွက်၏၊ ယခုဘဝ၌ပင် ပြောဆိုကဲ့ရဲ့ဖွယ် အကြောင်းငါးမျိုးတို့သည် ထိုသူ့ထံသို့ ရောက်လာကုန်၏။
ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဆင်းရဲခြင်း နှလုံးမသာခြင်းနှင့် တကွလည်း မျက်ရည်စို့စို ငိုယိုလျက် ထက်ဝန်းကျင်ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သုံး၏၊ယခုဘဝ၌ပင် ချီးကျူးဖွယ် အကြောင်းငါးမျိုးတို့သည် ထိုသူ့ထံသို့ ရောက်လာကုန်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—
သင့်အား ကုသိုလ်တရားတို့၌ ယုံကြည်မှု'သဒ္ဓါ'မည်သည်လည်း ရှိ၏။
သင့်အား ကုသိုလ်တရားတို့၌ ရှက်မှု'ဟိရီ'မည်သည်လည်း ရှိ၏။
သင့်အား ကုသိုလ်တရားတို့၌ ကြောက်လန့်မှု'ဩတ္တပ္ပ'မည်သည်လည်း ရှိ၏။
သင့်အား ကုသိုလ်တရားတို့၌ အားထုတ်မှု'ဝီရိယ'မည်သည်လည်း ရှိ၏။
သင့်အား ကုသိုလ်တရားတို့၌ သိမှု'ပညာ'မည်သည်လည်း ရှိ၏။

ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဆင်းရဲခြင်း နှလုံးမသာခြင်းနှင့် တကွ မျက်ရည်ရွှဲစို ငိုယိုလျက် ထက်ဝန်းကျင်ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သုံး၏၊ ယခုဘဝ၌ပင် ချီးကျူးဖွယ် အကြောင်းငါးမျိုးတို့သည် ထိုသူ့ထံသို့ ရောက်လာကုန်၏ ဟု(မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-သမာပတ္တိသုတ်

၆။ ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'သည် ကုသိုလ်တရားတို့၌ တည်နေသမျှကာလပတ်လုံး အကုသိုလ်မဖြစ်ပေါ်နိုင်၊ ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'ပျောက်ကွယ်၍ မယုံကြည်မှု မြေးယှက် တည်နေသော အခါ၌မူကား အကုသိုလ်ဖြစ်ပေါ်လာ၏။

ရဟန်းတို့ ရှက်မှု'ဟိရီ'သည် ကုသိုလ်တရားတို့၌ တည်နေသမျှကာလပတ်လုံး အကုသိုလ်မဖြစ်ပေါ်နိုင်၊ ရဟန်းတို့ ရှက်မှု'ဟိရီ'ပျောက်ကွယ်၍ မရှက်မှု'အဟိရိက'မြေးယှက်တည်နေသော အခါ၌မူကား အကုသိုလ် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ ကြောက်လန့်မှု'ဩတ္တပ္ပ'သည် ကုသိုလ်တရားတို့၌ တည်နေသမျှကာလပတ်လုံး အကုသိုလ်မဖြစ်ပေါ်နိုင်၊ ရဟန်းတို့ကြောက်လန့်မှု 'ဩတ္တပ္ပ' ပျောက်ကွယ်၍ မကြောက်လန့်မှု 'အနောတ္တပ္ပ'မြေးယှက်တည်နေသောအခါ၌မူကား အကုသိုလ်ဖြစ်ပေါ်လာ၏။

ရဟန်းတို့ အားထုတ်မှု'ဝီရိယ'သည် ကုသိုလ်တရားတို့၌ တည်နေသမျှကာလပတ်လုံး အကုသိုလ်မဖြစ်ပေါ်နိုင်၊ ရဟန်းတို့ အားထုတ်မှု'ဝီရိယ'ပျောက်ကွယ်၍ ပျင်းရိမှု မြေးယှက်တည်နေသော အခါ၌မူကား အကုသိုလ်ဖြစ်ပေါ်လာ၏။

ရဟန်းတို့ သိမှု'ပညာ'သည် ကုသိုလ်တရားတို့၌ တည်နေသမျှကာလပတ်လုံး အကုသိုလ် မဖြစ်ပေါ်နိုင်၊ ရဟန်းတို့ သိမှု'ပညာ'ပျောက်ကွယ်၍ မသိမှု မြေးယှက်တည်နေသော အခါ၌မူကား အကုသိုလ် ဖြစ်ပေါ်လာ၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကာမသုတ်

၇။ ရဟန်းတို့ သတ္တဝါတို့သည် များသောအားဖြင့် ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ကြကုန်၏။ ရဟန်းတို့ အမျိုးကောင်းသားသည် မြက်ရိတ်တံစဉ်နှင့် မြက်ထမ်း ထမ်းပိုးကို စွန့်ပစ်၍

http://www.dhammadownload.com



လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါမှု"ယုံကြည်မှုဖြင့် ရဟန်းပြုသော'သဒ္ဓါပဗ္ဗဇိတ' အမျိုးကောင်းသား''ဟု ဆိုသင့်၏။

ထိုသို့ ဆိုသင့်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ မည်သည့်ကာမဂုဏ်မျိုးမဆို ပျို့မျစ်နုနယ် ငယ်ရွယ်သူသာ ရနိုင်၏၊ ရဟန်းတို့ အောက်တန်းစား ကာမဂုဏ်ဖြစ်စေ အလတ်တန်းစား ကာမဂုဏ်ဖြစ်စေ အထက်တန်းစား ကာမဂုဏ်ဖြစ်စေ ကာမဂုဏ်အားလုံးတို့သည် "ကာမဂုဏ်တို့"ဟူ၍သာ ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ပက်လက်အိပ်တတ်ကာမျှဖြစ်၍ နုနယ်ငယ်ရွယ်သောသူငယ်သည် အထိန်း၏ပေါ့လျော့မှုကြောင့် သစ်သားစကို ဖြစ်စေ အိုးခြမ်းကွဲကို ဖြစ်စေ မျိုရာ၏၊ ထိုအရာကို အထိန်းသည် အလျင်အမြန်နှလုံးသွင်းပြီးလျှင် အလျင်အမြန်ထုတ်ယူရာ၏၊ အကယ်၍ အလျင်အမြန်ထုတ်ယူရန်မတတ်နိုင်ပါမူ လက်ဝဲလက်ဖြင့် ဦးခေါင်းကိုကိုင်ကာ လက်ျာလက်ဖြင့် လက်ညှိုးကိုကွေး၍ သွေးနှင့်တကွသော်လည်း ထုတ်ယူရာ၏။

ထိုသို့ပြုရခြင်းသည် အဘယ့်ကြောင့်နည်း။

ရဟန်းတို့ သူငယ်ကို ညှဉ်းပန်းမှုသည်ကား ရှိပေ၏၊ မရှိဟု ငါမဆို၊ ရဟန်းတို့ သို့ပင်ရှိလင့်ကစား အကျိုးကိုလိုလား၍ အစီးအပွါးကိုရှာမှီးတတ် သနားစောင့်ရှောက်တတ်သော အထိန်းသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဤအမှုမျိုးကို ပြုလုပ်သင့်သည်သာတည်း။

ရဟန်းတို့ ထိုသူငယ်ကြီးပြင်းလာ၍ အသိဉာဏ်ရှိလောက်သောအခါ အထိန်းသည် ထိုသူငယ်၌ ကြည့်ရှုဖွယ် မလို၊ ဤအခါ၌ သူငယ်သည် မိမိကိုယ်ကို စောင့်ရှောက်နိုင်သူ ဖြစ်၏၊ မေ့လျော့တော့မည် မဟုတ်ချေ။

ရဟန်းတို့ ဤအတူပင် ရဟန်းသည် ယုံကြည်မှု'သဒ္ဓါ' ရှက်မှု'ဟိရီ' ကြောက်လန့်မှု'ဩတ္တပ္ပ' အားထုတ်မှု'ဝီရိယ' သိမှု'ပညာ'တို့ဖြင့် ကုသိုလ်တရားတို့၌(ပြုလုပ်သင့်သည်ကို)မပြုလုပ်သေးသမျှ ကာလပတ်လုံး ငါသည် ထိုရဟန်းကို စောင့်ရှောက်ထိန်းသိမ်းထားရမည်သာတည်း။

ရဟန်းတို့ ရဟန်းသည် ယုံကြည်မှု'သဒ္ဓါ' ရှက်မှု'ဟိရီ' ကြောက်လန့်မှု'ဩတ္တပ္ပ' အားထုတ်မှု 'ဝီရိယ' သိမှု'ပညာ'တို့ဖြင့် ကုသိုလ်တရားတို့၌(ပြုလုပ်သင့်သည်ကို) ပြုလုပ်သော ဤအခါ၌မူကား ငါသည် ထိုရဟန်း၌ ကြည့်ရှုဖွယ်မလို၊ ဤအခါ၌ ရဟန်းသည် မိမိကိုယ်ကို စောင့်ရှောက်နိုင်သူ ဖြစ်ပေ၏၊ မေ့လျော့တော့မည် မဟုတ်ချေဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-စဝနသုတ်

၈။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား(သာသနာတော်)၌ မတည်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

http://www.dhammadownload.com



ရှက်မှု'ဟိရီ'မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ကြောက်လန့်မှု 'ဩတ္တပ္ပ'မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ပျင်းရိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

သိမှု'ပညာ'မရှိသောရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား(သာသနာတော်)၌ မတည်နိုင်။

ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား(သာသနာတော်)၌ တည်နိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု'သဒ္ဓါ'ရှိသောရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ရှက်မှု'ဟိရီ'ရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ကြောက်လန့်မှု 'ဩတ္တပ္ပ'ရှိသောရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ထက်သန်သော ဝီရိယရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

သိမှု'ပညာ'ရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား(သာသနာတော်)၌ တည်နိုင်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဥ္စမ အဂါရဝသုတ်

၉။ ရဟန်းတို့ တရားငါးမျိုးနှင့်ပြည့်စုံသော ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား(သာသနာတော်)၌ မတည်နိုင်။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'မရှိ၍ ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား(သာသနာတော်)၌ မတည်နိုင်။

ရှက်မှု'ဟိရီ'မရှိ၍ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

http://www.dhammadownload.com



ကြောက်လန့်မှု'ဩတ္တပ္ပ'မရှိ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ပျင်းရိ၍ ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

သိမှု'ပညာ'မရှိ၍ ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံ၍ ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား (သာသနာတော်)၌ မတည်နိုင်။

ရဟန်းတို့ တရားငါးမျိုးနှင့်ပြည့်စုံ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား (သာသနာတော်)၌ တည်နိုင်၏။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'ရှိ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ရှက်မှု'ဟိရီ'ရှိ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ကြောက်လန့်မှု'ဩတ္တပ္ပ'ရှိ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ထက်သန်သော 'ဝီရိယ'ရှိ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

သိမှု'ပညာ'ရှိ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင်၊ သူတော်ကောင်းတရား၌ တည်နိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့်ပြည့်စုံ၍ ရိုသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် မရွေ့လျောနိုင် သူတော်ကောင်းတရား (သာသနာတော်)၌ တည်နိုင်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ အဂါရဝသုတ်

၁၀။ ရဟန်းတို့ တရားငါးမျိုးနှင့်ပြည့်စုံ၍ ရိုသေမှုတုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ (သာသနာတော်)၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်ချေ။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'မရှိ၍ ရိုသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ (သာသနာတော်)၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

http://www.dhammadownload.com



ရှက်မှု'ဟိရီ'မရှိ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင်ပြန့်ပြော ခြင်းသို့ ရောက်ရန် မထိုက်တန်။

ကြောက်လန့်မှု'ဩတ္တပ္ပ'မရှိ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

ပျင်းရိ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

သိမှု'ပညာ'မရှိ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

ရဟန်းတို့ ဤတရားငါးမျိုးနှင့်ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှုမရှိသော ရဟန်းသည် ဤဓမ္မဝိနယ (သာသနာတော်)၌ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်ချေ။

ရဟန်းတို့ တရားငါးမျိုးနှင့်ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဤဓမ္မဝိနယ (သာသနာတော်)၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'ရှိ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

ရှက်မှု'ဟိရီ'ရှိ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင်ပြန့်ပြော ခြင်းသို့ ရောက်ရန် ထိုက်တန်၏။

ကြောက်လန့်မှု 'ဩတ္တပ္ပ' ရှိ၍ရှိသေမှု တုပ်ဝပ်မှုရှိသောရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

ထက်သန်သောဝီရိယရှိ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

သိမှု'ပညာ'ရှိ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွါးစည်ပင်ပြန့်ပြော ခြင်းသို့ ရောက်ရန် ထိုက်တန်၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှုရှိသော ရဟန်းသည် ဓမ္မဝိနယ (သာသနာတော်)၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန်ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သေခဗလဝဂ် ပြီး၏။

---

## ၂-ဗလဝဂ် ၁-အနနုဿုတသုတ်

၁၁။ ရဟန်းတို့ (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးသော (သစ္စာလေးပါး) တရားတို့၌ ထူးသောဉာဏ်ဖြင့် သိ၍ အပြီးအဆုံး တဖက်ကမ်းသို့ ရောက်၏ဟု ငါဝန်ခံ၏။

ရဟန်းတို့ မြတ်စွာဘုရား၏ အားတို့သည် ဤငါးမျိုးတို့တည်း။

http://www.dhammadownload.com



ယင်း အားငါးမျိုးတို့နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' အား။

ရှက်မှု 'ဟိရီ' အား။

ကြောက်လန့်မှု 'ဩတ္တပ္ပ' အား။

အားထုတ်မှု 'ဝီရိယ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ မြတ်စွာဘုရား၏ အားတို့သည် ဤငါးမျိုးတို့တည်း။

ယင်း အားငါးမျိုးတို့နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်သော အရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သောတရားစကြာကို လည်စေ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-ကူဋသုတ်

၁၂။ ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားတို့သည် ဤငါးမျိုးတို့တည်း

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' အား။

ရှက်မှု 'ဟိရီ' အား။

ကြောက်လန့်မှု 'ဩတ္တပ္ပ' အား။

အားထုတ်မှု 'ဝီရိယ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဤ အားငါးမျိုးတို့တွင် ပညာအားသည် အမြတ်ဆုံးဖြစ်၏၊ (ကျန်သော အားတို့ကို) သိမ်းယူနိုင်၏၊ ပေါင်းစုနိုင်၏။

ရဟန်းတို့ အထွတ်ရှိသော အိမ်တွင် အထွတ်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ (အခြင်ရနယ်တို့ကို) သိမ်းယူနိုင်သကဲ့သို့ ပေါင်းစုနိုင်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဤအားငါးမျိုးတို့တွင် ထိုပညာအားသည် အမြတ်ဆုံးဖြစ်၏၊ (ကျန်သော အားတို့ကို) သိမ်းယူနိုင်၏၊ ပေါင်းစုနိုင်၏။

ရဟန်းတို့ ထို့ကြောင့် "ငါတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော ယုံကြည်မှု 'သဒ္ဓါ' အားနှင့် ပြည့်စုံစေမည်၊ ရှက်မှု 'ဟိရီ' အားနှင့်၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' အားနှင့်၊ အားထုတ်မှု

http://www.dhammadownload.com



'ဝီရိယ' အားနှင့်၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ အားဖြစ်သော သိမှု 'ပညာ' အားနှင့် ပြည့်စုံစေမည်"ဟု ကျင့်ရမည်။

ရဟန်းတို့ ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သံခိတ္တသုတ်

၁၃။ ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' အား။

အားထုတ်မှု 'ဝီရိယ' အား။

အောက်မေ့မှု 'သတိ' အား။

တည်ကြည်မှု 'သမာဓိ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ ဤသည်တို့ကား အားငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဝိတ္ထတသုတ်

၁၄။ ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' အား။

အားထုတ်မှု 'ဝီရိယ' အား။

အောက်မေ့မှု 'သတိ' အား။

တည်ကြည်မှု 'သမာဓိ' အား။

သိမှု 'ပညာ' အားတို့တည်း။

ရဟန်းတို့ ယုံကြည်မှု 'သဒ္ဓါ' အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု 'သဒ္ဓါ'ရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်း

http://www.dhammadownload.com



ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကိုသိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (ယုံကြည်၏)။

ရဟန်းတို့ ဤသည်ကို ယုံကြည်မှု 'သဒ္ဓါ' အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အားထုတ်မှု 'ဝီရိယ' အားဟူသည် အဘယ်နည်း။

ဤသာသနာတော်၌ အရိယာတပည့်သည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော ဝီရိယရှိသည်ဖြစ်၍ နေ၏၊ အားနှင့်ပြည့်စုံ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ ရဟန်းတို့ ဤသည်ကို အားထုတ်မှု 'ဝီရိယ' အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အောက်မေ့မှု 'သတိ' အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သတိရှိ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုလုပ်ခဲ့သည်ကိုငင်း ကြာမြင့်စွာက ပြောဆိုခဲ့သည်ကိုငင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။

ရဟန်းတို့ ဤသည်ကို အောက်မေ့ခြင်း'သတိ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ တည်ကြည်မှု'သမာဓိ'အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။

ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ' မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။

နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယစျာန်) ကြောင့် ထိုသူကို"လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍ နေ၏။

http://www.dhammadownload.com



ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ရဟန်းတို့ ဤသည်ကို တည်ကြည်မှု'သမာဓိ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သိမှု'ပညာ'အားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်မှုပျက်မှုကိုသိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခမ်းရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်စေနိုင်သော မြတ်သောပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသည်ကို သိမှု'ပညာ'အားဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏) ။

စတုတ္ထသုတ်။

---

## ၅-ဒသမသုတ်

၁၅။ ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ'အား၊အားထုတ်မှု 'ဝီရိယ'အား၊ အောက်မေ့မှု 'သတိ'အား၊ တည်ကြည်မှု 'သမာဓိ'အား၊ သိမှု'ပညာ'အား တို့တည်း။

ရဟန်းတို့ အဘယ်တို့၌ ယုံကြည်မှု'သဒ္ဓါ'အားကို(အကြီးအမှူးဟူ၍)မှတ်အပ်သနည်း၊သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးမျိုးတို့၌ ယုံကြည်မှု'သဒ္ဓါ'အားကို(အကြီးအမှူးဟူ၍)မှတ်အပ်၏။

ရဟန်းတို့ အဘယ်တို့၌ အားထုတ်မှု'ဝီရိယ'အားကို မှတ်အပ်သနည်း၊ သမ္မပ္ပဓာန်လေးပါးတို့၌ အားထုတ်မှု'ဝီရိယ'အားကို မှတ်အပ်၏။

ရဟန်းတို့ အဘယ်တို့၌ အောက်မေ့မှု'သတိ'အားကို မှတ်အပ်သနည်း၊ သတိပဋ္ဌာန်လေးပါးတို့၌ အောက်မေ့မှု'သတိ'အားကို မှတ်အပ်၏။

ရဟန်းတို့ အဘယ်တို့၌ တည်ကြည်မှု'သမာဓိ'အားကို မှတ်အပ်သနည်း၊ ဈာန်လေးပါးတို့၌ တည်ကြည်မှု'သမာဓိ'အားကို မှတ်အပ်၏။

ရဟန်းတို့ အဘယ်တို့၌ သိမှု'ပညာ'အားကို မှတ်အပ်သနည်း၊ အရိယသစ္စာလေးပါးတို့၌ သိမှု 'ပညာ'အားကို မှတ်အပ်၏။

ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ပုနကူဋ္ဌသုတ်

၁၆။ ရဟန်းတို့ အားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ'အား၊အားထုတ်မှု 'ဝီရိယ'အား၊ အောက်မေ့မှု 'သတိ'အား၊ တည်ကြည်မှု 'သမာဓိ'အား၊ သိမှု'ပညာ'အားတို့တည်း။

ရဟန်းတို့ ဒ္ေအားတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤ အားငါးမျိုးတို့တွင် ပညာအားသည် အမြတ်ဆုံးဖြစ်၏၊(ကျန်သော အားတို့ကို) သိမ်းယူနိုင်၏၊ ပေါင်းစုနိုင်၏။ ရဟန်းတို့ အထွတ်ရှိသောအိမ်တွင် အထွတ်သည် အမြတ်ဆုံး ဖြစ်သကဲ့သို့ (အခြင်ရနယ်တို့ကို) သိမ်းကျုံးယူနိုင်သကဲ့သို့ ပေါင်းစုနိုင်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤအားငါးမျိုးတို့တွင် ပညာအားသည် အမြတ်ဆုံးဖြစ်၏၊ (ကျန်သော အားတို့ကို)သိမ်းယူနိုင်၏ ပေါင်းစုနိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ဟိတသုတ်

၁၇။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ အစီးအပွါးအလို့ငှါသာ ကျင့်၏၊ သူတပါး၏ အစီးအပွါးအလို့ငှါ မကျင့်။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိကား သီလနှင့်ပြည့်စုံ၏၊ သူတပါးကိုမူ သီလနှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိကား သမာဓိနှင့် ပြည့်စုံ၏၊ သူတပါးကိုမူ သမာဓိနှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိကား ပညာနှင့်ပြည့်စုံ၏၊ သူတပါးကိုမူ ပညာနှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိကား(ကိလေသာမှ) လွတ်မြောက်ခြင်း'ဝိမုတ္တိ'နှင့် ပြည့်စုံ၏၊ သူတပါးကိုမူ (ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိကား (ကိလေသာမှ)လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ'ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ သူတပါးကိုမူ (ကိလေသာမှ)လွတ်မြောက်မှုကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့် ပြည့်စုံစေရန် မဆောက်တည်စေ။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် မိမိအစီးအပွါးအလို့ငှါသာ ကျင့်၏၊ သူတပါးအစီးအပွါးအလို့ငှါ မကျင့်ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ဒုတိယ ဟိတသုတ်

၁ဂ။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် သူတပါး၏ အစီးအပွါးအလို့ငှါသာ ကျင့်၏၊ မိမိ၏ အစီးအပွါးအလို့ငှါ မကျင့်။

http://www.dhammadownload.com



အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိကား သီလနှင့်မပြည့်စုံ၊ သူတပါးကိုမူ သီလနှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏။ မိမိကား တည်ကြည်မှု 'သမာဓိ'နှင့်မပြည့်စုံ၊ သူတပါးကိုမူ သမာဓိနှင့်ပြည့်စုံစေရန် ဆောက်တည်စေ၏။ မိမိကား ပညာနှင့်မပြည့်စုံ၊ သူတပါးကိုမူ ပညာနှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏။ မိမိကား (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့်မပြည့်စုံ၊ သူတပါးကိုမူ(ကိလေသာမှ) လွတ်မြောက်မှု'ဝိမုတ္တိ'နှင့်ပြည့်စုံစေရန် ဆောက်တည်စေ၏။ မိမိကား (ကိလေသာမှ) လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ'ဉာဏ်အမြင်နှင့်မပြည့်စုံ၊ သူတပါးကိုမူ(ကိလေသာမှ)လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ'ဉာဏ်အမြင်နှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏။

ရဟန်းတို့ ဤတရားငါးမျိုး နှင့် ပြည့်စုံသောရဟန်းသည် သူတပါး၏ အစီးအပွါးအလို့ငှါသာ ကျင့်၏၊ မိမိအစီးအပွါးအလို့ငှါ မကျင့်ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-တတိယဟိတသုတ်

၁၉။ ရဟန်းတို့ တရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် မိမိအစီးအပွါးအလို့ငှါလည်း မကျင့်၊ သူတပါးအစီးအပွါးအလို့ငှါလည်း မကျင့်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း သီလနှင့်မပြည့်စုံ၊ သူတပါးကိုလည်း သီလနှင့်ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိလည်း တည်ကြည်မှု 'သမာဓိ' နှင့်မပြည့်စုံ၊ သူတပါးကိုလည်း တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိလည်း ပညာနှင့်မပြည့်စုံ၊ သူတပါးကိုလည်း ပညာနှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိလည်း (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် ပြည့်စုံစေရန် မဆောက်တည်စေ။ မိမိလည်း (ကိလေသာမှ) လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း (ကိလေသာမှ) လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံစေရန် မဆောက်တည်စေ။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ အစီးအပွါး အလို့ငှါလည်း မကျင့်၊ သူတပါး၏ အစီးအပွါး အလို့ ငှါလည်း မကျင့်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-စတုတ္ထဟိတသုတ်

၂၀။ ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် မိမိအစီးအပွါး အလို့ ငှါလည်း ကျင့်၏၊ သူတပါး အစီးအပွါး အလို့ ငှါလည်း ကျင့်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း သီလနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း သီလနှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏၊ မိမိလည်း တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏၊ မိမိလည်း ပညာနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ပညာနှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏၊ မိမိလည်း (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏၊ မိမိလည်း (ကိလေသာမှ) လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း (ကိလေသာမှ) လွတ်မြောက်မှုကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံစေရန် ဆောက်တည်စေ၏။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် မိမိ အစီးအပွါး အလို့ငှါလည်း ကျင့်၏၊ သူတပါး အစီးအပွါး အလို့ငှါလည်း ကျင့်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ဗလဝဂ် ပြီး၏။

---

## ၃-ပဥ္စင်္ဂိကဝဂ် ၁-ပဌမ အင်္ဂါရဝသုတ်

၂၁။ ရဟန်းတို့ ရိုသေမှု တုပ်ဝပ်မှု တူသောအသက်မွေးမှု မရှိသော ထိုရဟန်းသည် သီတင်းသုံးဖော်တို့၌ မြတ်သော ကျင့်ဝတ်တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် စင်စစ် မရှိနိုင်ချေ။

မြတ်သော ကျင့်ဝတ်တရားကို မဖြည့်ကျင့်မူ၍ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောတရားကို မဖြည့်ကျင့်မူ၍ သီလတို့ကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

သီလတို့ကို မဖြည့်ကျင့်မူ၍ မှန်ကန်သော အယူ 'သမ္မာဒိဋ္ဌိ'ကို ဖြည့်ကျင့်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

မှန်ကန်သော အယူ'သမ္မာဒိဋ္ဌိ' ကို မဖြည့်ကျင့်မူ၍ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

ရဟန်းတို့ ရိုသေမှု တုပ်ဝပ်မှု တူသောအသက်မွေးမှုရှိသော ထိုရဟန်းသည် သီတင်းသုံးဖော်တို့၌ မြတ်သောကျင့်ဝတ်တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် စင်စစ် ရှိနိုင်၏။

မြတ်သောကျင့်ဝတ်တရားကို ဖြည့်ကျင့်လတ်သော် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

http://www.dhammadownload.com



ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လတ်သော် သီလတို့ကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

သီလတို့ကို ဖြည့်ကျင့်လတ်သော် မှန်ကန်သော အယူ 'သမ္မာဒိဋ္ဌိ'ကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

မှန်ကန်သော အယူ 'သမ္မာဒိဋ္ဌိ' ကို ဖြည့်ကျင့်လတ်သော် မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ အဂါရဝသုတ်

၂၂။ ရဟန်းတို့ ရိုသေမှု တုပ်ဝပ်မှု တူသောအသက်မွေးမှု မရှိသော ထိုရဟန်းသည် သီတင်းသုံးဖော်တို့၌ မြတ်သောကျင့်ဝတ်တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ။

မြတ်သောကျင့်ဝတ်တရားကို မဖြည့်ကျင့်မူ၍ ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို မဖြည့်ကျင့်မူ၍ သီလအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

သီလအစုကို မဖြည့်ကျင့်မူ၍ သမာဓိအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

သမာဓိအစုကို မဖြည့်ကျင့်မူ၍ ပညာအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။

ရဟန်းတို့ ရိုသေမှု တုပ်ဝပ်မှု တူသောအသက်မွေးမှုရှိသော ထိုရဟန်းသည် သီတင်းသုံးဖော်တို့၌ မြတ်သော ကျင့်ဝတ်တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

မြတ်သောကျင့်ဝတ်တရားကို ဖြည့်ကျင့်လတ်သော် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို ဖြည့်ကျင့်လတ်သော် သီလအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

သီလအစုကို ဖြည့်ကျင့်လတ်သော် သမာဓိအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည်ရှိနိုင်၏။

သမာဓိအစုကို ဖြည့်ကျင့်လတ်သော် ပညာအစုကို ဖြည့်ကျင့်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဥပက္ကိလေသသုတ်

၂၃။ ရဟန်းတို့ ရွှေ၏ အညစ်အကြေးတို့သည် ဤ ငါးမျိုးတို့တည်း။

ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသော ရွှေသည် နူးညံ့လည်း မနူးညံ့၊ (လက်ကောက် နားတောင်း စသည်)ပြုလုပ်၍လည်း မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘော လည်း ရှိ၏၊ အလုပ်ခွင်သို့လည်း ကောင်းစွာ မရောက်နိုင်။

ငါးမျိုးတို့ ဟူသည် အဘယ်တို့နည်း ဟူမူ—

**သံ**၊ ကြေး၊ သလွဲစင်(ခဲမဖြူ)၊သလွဲမည်း (ခဲပုပ်)၊ ငွေ တို့တည်း။

ရဟန်းတို့ ဤသည်ကား ရွှေ၏ အညစ်အကြေးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်း သော ရွှေသည် နူးညံ့လည်း မနူးညံ့၊ (လက်ကောက် နားတောင်း စသည်) ပြုလုပ်၍လည်း မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်း ရှိ၏၊ အလုပ်ခွင်သို့လည်း ကောင်းစွာ မရောက်နိုင်။

ရဟန်းတို့ ဤ အညစ်အကြေး ငါးမျိုးတို့မှ ကင်းလွတ်သော အခါ၌မူကား ထို ရွှေသည် နူးညံ့လည်း နူးညံ့၏၊ (လက်ကောက် နားတောင်း စသည်) ပြုလုပ်၍လည်း ဖြစ်၏၊ အရောင်လည်း ထွက်၏၊ ကြွပ်ဆတ်သော သဘောလည်း မရှိတော့ချေ၊ အလုပ်ခွင်သို့လည်း ကောင်းစွာ ရောက် နိုင်၏၊ လက်စွပ်ဖြင့် ဖြစ်စေ နားတောင်းဖြင့် ဖြစ်စေ လည်ရွဲတန်ဆာဖြင့် ဖြစ်စေ ရွှေပန်းခိုင်ဖြင့် ဖြစ်စေ မည်သည့် တန်ဆာ အထူးဖြင့် မဆို၊ အကယ်၍ အလိုရှိခဲ့မူ ထို ရွှေ၏ ထို အလိုရှိရာအကျိုးကို ပြီးစေနိုင်၏။

ရဟန်းတို့ ဤ အတူသာလျှင် စိတ်၏ အညစ်အကြေးတို့သည် ဤ ငါးမျိုးတို့တည်း။

ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသော စိတ်သည် နူးညံ့လည်း မနူးညံ့၊ ပြုလုပ်၍လည်း မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်း ရှိ၏၊ အာသဝေါတရားတို့ ကုန်ခန်းရန်လည်း ကောင်းစွာ မတည်ကြည်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို လိုလားမှု 'ကာမစ္ဆန္ဒ' ပျက်စီးစေလိုမှု 'ဗျာပါဒ' လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ပျံ့လွင့်မှု နောင်တ ပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ' မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' တို့တည်း။

ရဟန်းတို့ ဤသည်တို့ကား စိတ်၏ အညစ်အကြေး ငါးမျိုးတို့တည်း။

ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသော စိတ်သည် နူးညံ့လည်း မနူးညံ့၊ ပြုလုပ်၍လည်းမဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်း ရှိ၏၊ အာသဝေါတရားတို့ ကုန်ခန်း ရန်လည်း ကောင်းစွာ မတည်ကြည်။

ရဟန်းတို့ အညစ်အကြေး ငါးမျိုးတို့မှ ကင်းလွတ်သောအခါ၌ မူကား ထို စိတ်သည် နူးညံ့လည်း နူးညံ့၏၊ ပြုလုပ်၍လည်း ဖြစ်၏၊ အရောင်လည်း ထွက်၏၊ ကြွပ်ဆတ်သော သဘောလည်း မရှိ၊

http://www.dhammadownload.com



အာသဝေါတရားတို့ ကုန်ခန်းရန်လည်း ကောင်းစွာ တည်ကြည်၏၊ ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သည့် တစုံတခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေ၏၊ (ရှေး ဘဝအကြောင်း နှင့် ယခု ဘဝအဘိညာဏ်၏ အခြေခံ စျာန် စသော) အကြောင်းရှိလတ်သော် ထိုထို အရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ် စသည်) သို့လည်း ရောက်၏။

"(ငါသည်)များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ခံစားလို၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်လို၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လို၏၊ ကိုယ်ထင်ရှားဖြစ်စေလို၏၊ ကိုယ်ပျောက်စေလို၏၊ နံရံတဖက် တန်တိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလို၏၊ မြေ၌လည်း ငုတ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုလို၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလို၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားလို၏၊ ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်လို၏၊ ဆုပ်ကိုင်လို၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း မိမိကိုယ်ကို (စိတ်) အလိုအတိုင်း ဖြစ်စေလို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ဣဒ္ဓိဝိဓ အဘိညာဏ်)သို့ ရောက်၏—

" (ငါသည်) အထူးသဖြင့် စင်ကြယ်သော လူတို့၏ အကြားကို လွန်သော နတ်နားနှင့်တူသော နား 'ဒိဗ္ဗသောတ' ဖြင့် နတ်၌လည်း ဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလို၏" ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေထိုက်သည့် အဖြစ်(ဒိဗ္ဗသောတ အဘိညာဏ်)သို့ ရောက်၏။

" (ငါသည်) တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိလို၏၊ စွဲမက်ခြင်း 'ရာဂ' နှင့် တကွသော စိတ်ကိုလည်း "စွဲမက်ခြင်း 'ရာဂ' နှင့် တကွသော စိတ်"ဟု သိလို၏၊ စွဲမက်ခြင်း 'ရာဂ' ကင်းသော စိတ်ကိုလည်း "စွဲမက်ခြင်း 'ရာဂ' ကင်းသော စိတ်"ဟု သိလို၏၊ အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွသော စိတ်ကိုလည်း "အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွသော စိတ်"ဟု သိလို၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း "အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်"ဟု သိလို၏၊ တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ်ကိုလည်း "တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ်"ဟု သိလို၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း "တွေဝေခြင်း 'မောဟ' ကင်းသော စိတ်"ဟု သိလို၏၊ ကျုံ့သော စိတ်ကိုလည်း "ကျုံ့သော စိတ်"ဟု သိလို၏၊ ပျံ့လွင့်သော စိတ်ကိုလည်း "ပျံ့လွင့်သော စိတ်"ဟု သိလို၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း"မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်"ဟု သိလို၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ကိုလည်း "မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်"ဟု သိလို၏၊ သာလွန်သော တရားရှိသော စိတ်ကိုလည်း "သာလွန်သော တရားရှိသော စိတ်"ဟု သိလို၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း "သာလွန်သော တရားမရှိသော စိတ်"ဟု သိလို၏၊ တည်ကြည်သော စိတ်ကိုလည်း "တည်ကြည်သော စိတ်"ဟု သိလို၏၊ မတည်ကြည်သော စိတ်ကိုလည်း "မတည်ကြည်သော စိတ်"ဟု သိလို၏၊ လွတ်မြောက်သော စိတ်ကိုလည်း "လွတ်မြောက်သော စိတ်"ဟု သိလို၏၊ မလွတ်မြောက်သော

http://www.dhammadownload.com



စိတ်ကိုလည်း "မလွတ်မြောက်သော စိတ်"ဟု သိလို၏ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ)အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေထိုက်သည့် အဖြစ်(ပရစိတ္တဝိဇာနနအဘိညာဏ်)သို့ ရောက်၏။

(ငါသည်)"များပြားသော ရှေး၌ဖြစ်ဘူးသည်ကို အောက်မေ့လို၏။

ဤသည်ကား အဘယ်နည်း—

တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း ဤ မည်သော ဘဝ၌ (ငါသည်) 'ဤသို့သော အမည် ဤသို့သော အနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာ ဆင်းရဲ ခံစားခြင်း ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို ဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည် ဤသို့သော အနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာ ဆင်းရဲ ခံစားခြင်း ဤသို့သော အသက်အပိုင်း ရှိခဲ့၏၊ ထို(ငါ) သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏'ဟု ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များ ပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်)သို့ ရောက်၏။

(ငါသည်) "အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသောမျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကိုမြင်လို၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိလို၏၊ 'အချင်းတို့ ဤသတ္တဝါတို့သည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထို(သတ္တဝါ) တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ရောက်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထို(သတ္တဝါ) တို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်၏'။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသောမျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်လို၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိလို၏"ဟု ထိုသူသည် အကယ်၍အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဒိဗ္ဗစက္ခုအဘိညာဏ်)သို့ ရောက်၏။

http://www.dhammadownload.com



"အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါတရား မရှိသောစိတ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း'စေတောဝိမုတ္တိ'နှင့် ပညာဖြင့်ကိလေသာတို့မှလွတ်မြောက်ခြင်း'ပညာဝိမုတ္တိ'ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေလို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေ ထိုက်သည့်အဖြစ် (အရဟတ္တဖလသမာပတ်) သို့ရောက်၏ဟု မိန့်တော်မူ၏။

တတိယသုတ်။

## ၄-ဒုဿီလသုတ်

၂၄။ ရဟန်းတို့ သီလပျက်စီးသော ဒုဿီလပုဂ္ဂိုလ်အား မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'သည် အကြောင်းချို့တဲ့၏။

သမ္မာသမာဓိမရှိလတ်သော် သမ္မာသမာဓိပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏၊ ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော ဉာဏ်အမြင် ပျက်စီး လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်ပျက်စီးသူအား ငြီးငွေ့မှု စွဲမက်ခြင်း ကင်းမှုအကြောင်းချို့တဲ့၏၊ ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု မရှိလတ်သော် ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု ပျက်စီးသူအား ကိလေသာမှ လွတ်မြောက်မှုနှင့်လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သစ်ပင်သည် အခက်အရွက်ပျက်စီးခဲ့မူ ယင်းသစ်ပင်၏ အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အခွံအခေါက်သည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အကာသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူ ပင် သီလပျက်စီးသော ဒုဿီလပုဂ္ဂိုလ်အား မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'သည် အကြောင်းချို့တဲ့၏၊ သမ္မာသမာဓိမရှိလတ်သော် သမ္မာသမာဓိပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်မရှိလတ်သော် ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ပျက်စီးသောသူအား ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှုသည် အကြောင်းချို့တဲ့၏၊ ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု မရှိလတ်သော် ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှုချို့တဲ့သူအား (ကိလေသာမှ) လွတ်မြောက်မှုကို သိမြင်တတ်သော ဉာဏ်အမြင် သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သီလနှင့်ပြည့်စုံသော'သီလဝန္တ'ပုဂ္ဂိုလ်အား မှန်ကန်သောတည်ကြည်မှု'သမ္မာသမာဓိ' သည် အကြောင်းပြည့်စုံ၏၊ သမ္မာသမာဓိ ရှိလတ်သော် သမ္မာသမာဓိနှင့် ပြည့်စုံသောသူအား ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်သည် အကြောင်း ပြည့်စုံ၏၊ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ရှိလတ်သော် ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်နှင့် ပြည့်စုံသူအား ငြီးငွေ့မှု စွဲမက် ခြင်းကင်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု ရှိလတ်သော် ငြီးငွေ့မှု စွဲမက် ခြင်းကင်းမှုနှင့် ပြည့်စုံသောသူအား (ကိလေသာမှ) လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ သစ်ပင်သည် အခက်အရွက်နှင့်ပြည့်စုံခဲ့မူ ယင်းသစ်ပင်၏ အပွေး အခွံ အကာ အနှစ်တို့သည်ပြည့်စုံခြင်းသို့ ရောက်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သီလနှင့်ပြည့်စုံသော 'သီလဝန္တ' ပုဂ္ဂိုလ်အား မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' သည်အကြောင်းပြည့်စုံ၏၊ သမ္မာသမာဓိ ရှိလတ်သော် သမ္မာသမာဓိနှင့် ပြည့်စုံသောသူအား ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်ရှိလတ်သော် ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်နှင့် ပြည့်စုံသူအား ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှု ရှိလတ်သော် ငြီးငွေ့မှု စွဲမက်ခြင်းကင်းမှုနှင့် ပြည့်စုံသောသူအား (ကိလေသာမှလွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိမြင်တတ်သော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏)ဟု မိန့်တော်မူ၏။

စတုတ္ထသုတ်။

---

## ၅-အနုဂ္ဂဟိတ သုတ်

၂၅။ ရဟန်းတို့ အကြောင်းငါးမျိုးတို့ဖြင့် ချီးမြှောက်အပ်သည့် မှန်ကန်သောအယူ 'သမ္မာဒိဋ္ဌိ' သည် စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု (မဂ် ဖိုလ် သမာဓိ) အကျိုးလည်းရှိ၏၊ စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု (မဂ် ဖိုလ် သမာဓိ) အာနိသင်လည်းရှိ၏၊ပညာ၏ (ကိလေသာမှ) လွတ်မြောက်မှု အကျိုးလည်းရှိ၏။ ပညာ၏(ကိလေသာ)မှ လွတ်မြောက်မှု အာနိသင်လည်းရှိ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ မှန်ကန်သောအယူ 'သမ္မာဒိဋ္ဌိ'ကို

သီလဖြင့်လည်း ချီးမြှောက်အပ်၏။

အကြားအမြင်ဖြင့်လည်း ချီးမြှောက်အပ်၏။

ဆွေးနွေးမှုဖြင့်လည်း ချီးမြှောက်အပ်၏။

သမထဖြင့်လည်း ချီးမြှောက်အပ်၏။

ဝိပဿနာဖြင့်လည်း ချီးမြှောက်အပ်၏။

ရဟန်းတို့ ဤအကြောင်းငါးမျိုးတို့ဖြင့် ချီးမြှောက်အပ်သော မှန်ကန်သောအယူ 'သမ္မာဒိဋ္ဌိ' သည်စိတ်၏(ကိလေသာမှ)လွတ်မြောက်မှု အကျိုးလည်းရှိ၏၊ စိတ်၏(ကိလေသာမှ)လွတ်မြောက်မှု အာနိသင်လည်းရှိ၏၊ ပညာ၏(ကိလေသာမှ) လွတ်မြောက်မှု အကျိုးလည်းရှိ၏၊ ပညာ၏ (ကိလေသာမှ) လွတ်မြောက်မှု အာနိသင်လည်းရှိ၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဝိမုတ္တာယတနသုတ်

၂၆။ ရဟန်းတို့ လွတ်မြောက်ကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း ငါးမျိုးတို့၌မမေ့မလျော့ပြင်းစွာအားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား (ကိလေသာတို့မှ) မလွတ်မြောက်

http://www.dhammadownload.com



သေးသော စိတ်သည်လည်း လွတ်မြောက်၏၊မကုန်ခန်းသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာ(နိဗ္ဗာန်) သို့လည်း ရောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော် တဦးဦးကဖြစ်စေ တရားကို ဟောကြား၏။

ရဟန်းတို့ ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော် တဦးဦးကဖြစ်စေ ဟောတိုင်းသော အခြင်းအရာအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်သဘောကိုလည်း ထိုးထွင်း၍ သိ၏၊ပါဠိကိုလည်း ထိုးထွင်း၍သိ၏၊အနက်ကိုရင်း ပါဠိကိုရင်း ထိုးထွင်း၍သိသော ထိုရဟန်းအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ' ဖြစ်၏၊နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ကိုယ်သည် ငြိမ်းအေး၏၊ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏။

ရဟန်းတို့ ဤသည်ကား ပဌမလွတ်မြောက်ကြောင်းတည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နေသောရဟန်းအား (ကိလေသာ တို့မှ) မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်၏၊ မကုန်ခန်းသေးသော အာသဝေါ တရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာ (နိဗ္ဗာန်) သို့လည်းရောက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော်တဦးဦးကဖြစ်စေ တရားကိုမဟောကြား၊ စင်စစ်သော်ကား ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း သစ္စာလေးပါးတရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြား၏၊ ရဟန်းတို့ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုအကျယ်အားဖြင့် သူတပါးတို့အား ဟောကြားတိုင်းသော အခြင်းအရာအားဖြင့် ရဟန်းသည် ထို(သစ္စာ)တရား၌ အနက်ကိုလည်း ထိုးထွင်း၍သိ၏၊ ပါဠိကိုလည်း ထိုးထွင်း၍သိ၏၊ အနက်ကိုရင်း ပါဠိကိုရင်း ထိုးထွင်း၍သိသော ထိုရဟန်းအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ'ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသောရဟန်း၏ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသောရဟန်း၏ စိတ်သည် တည်ကြည်၏။

ရဟန်းတို့ ဤသည်ကား ဒုတိယလွတ်မြောက်ကြောင်းတည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား(ကိလေသာတို့မှ)မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာ (နိဗ္ဗာန်)သို့လည်း ရောက်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော် တဦးဦးကဖြစ်စေ တရားကိုမဟောကြား၊ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုအကျယ်အားဖြင့် သူတပါးတို့အားလည်း မဟောကြား၊ စင်စစ်သော်ကား ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုအကျယ်အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းကိုပြု၏၊ ရဟန်းတို့ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုအကျယ်အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းကို ပြုတိုင်းသောအခြင်းအရာအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း ထိုးထွင်း၍သိ၏၊ ပါဠိကိုလည်း ထိုးထွင်း၍သိ၏၊ အနက်ကိုရင်း ပါဠိကိုရင်း ထိုးထွင်း၍သိသောရဟန်းအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ'ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသော ရဟန်း၏ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကိုခံစားရ၏၊ ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏။

ရဟန်းတို့ ဤသည်ကား တတိယလွတ်မြောက်ကြောင်းတည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်) သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား (ကိလေသာတို့မှ) မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာ (နိဗ္ဗာန်) သို့လည်း ရောက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော် တဦးဦးကဖြစ်စေ တရားကို မဟောကြား၊ ကြားနာဘူးသည့် အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အားလည်း မဟောကြား၊ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းကိုလည်း မပြု၊ စင်စစ်သော်ကား ကြားနာဘူးသည့် အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုစိတ်ဖြင့် အဖန်ဖန် စဉ်းစား၏၊ အဖန်ဖန်သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန် ရှုဆင်ခြင်၏။

ရဟန်းတို့ ရဟန်းသည် ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကို အဖန်ဖန် စဉ်းစား သုံးသပ် ဆင်ခြင်တိုင်းသော အခြင်းအရာအားဖြင့် ထိုရဟန်းသည် ထိုတရား၌အနက်ကိုလည်းထိုးထွင်း၍သိ၏၊ ပါဠိကိုလည်း ထိုးထွင်း၍သိ၏၊ အနက်ကိုရင်း ပါဠိကိုရင်း ထိုးထွင်း၍သိသောရဟန်းအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထလွတ်မြောက်ကြောင်းတည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်) သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား (ကိလေသာတို့မှ) မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်၏၊ မကုန်ခန်းသေးသော အာသဝေါ တရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂ လေးပါးတို့၏ ကုန်ရာ (နိဗ္ဗာန်) သို့လည်း ရောက်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား ဆရာကဖြစ်စေ ဆရာ့အရာ၌တည်သော သီတင်းသုံးဖော် တဦးဦးကဖြစ်စေ တရားကိုမဟောကြား၊ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုအကျယ်အားဖြင့် သူတပါးတို့အားလည်း မဟောကြား၊ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းကိုလည်း မပြု၊ ကြားနာဘူးသည့်အတိုင်း သင်ယူဘူးသည့်အတိုင်း တရားကိုစိတ်ဖြင့် အဖန်ဖန်လည်း မစဉ်းစား၊ အဖန်ဖန်လည်း မသုံးသပ်၊ စိတ်ဖြင့် အဖန်ဖန်လည်း မဆင်ခြင်၊ စင်စစ်သော်ကား ထိုရဟန်းသည် သမာဓိအာရုံ (ကမ္မဋ္ဌာန်း)တမျိုးမျိုးကို ကောင်းစွာ သင်ယူထား၏၊ကောင်းစွာ နှလုံးသွင်းထား၏၊ ကောင်းစွာ မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိထား၏။

ရဟန်းတို့ သမာဓိအာရုံ (ကမ္မဋ္ဌာန်း)တမျိုးမျိုးကို ကောင်းစွာ သင်ယူ နှလုံးသွင်း မှတ်သား ပညာဖြင့် ထိုးထွင်း၍သိထားတိုင်းသော အခြင်းအရာအားဖြင့် ရဟန်းသည် အနက်ကိုလည်း ထိုးထွင်း၍သိ၏၊ ပါဠိကိုလည်း ထိုးထွင်း၍သိ၏။

အနက်ကိုရင်း ပါဠိကိုရင်း ထိုးထွင်း၍သိသော ရဟန်းအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ'ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသောရဟန်း၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ရဟန်းတို့ ဤသည်ကား ပဉ္စမလွတ်မြောက်ကြောင်းတည်း။

ရဟန်းတို့ ယင်းလွတ်မြောက်ကြောင်း၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား(ကိလေသာတို့မှ) မလွတ်မြောက်သော စိတ်သည်လည်း လွတ်မြောက်၏၊မကုန်ခန်းသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂ၏ကုန်ရာ (နိဗ္ဗာန်) သို့လည်း ရောက်၏။

ရဟန်းတို့ ဤသည်တို့ကား လွတ်မြောက်ကြောင်း ငါးမျိုးတို့တည်း။

ရဟန်းတို့ ယင်း လွတ်မြောက်ကြောင်း ငါးမျိုးတို့၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား(ကိလေသာတို့မှ)မလွတ်သေးသော စိတ်သည်လည်း လွတ်မြောက်၏၊ မကုန်ခန်းသေးသော အာသဝေါ တရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသော အတုမရှိသော ယောဂ၏ကုန်ရာ (နိဗ္ဗာန်)သို့လည်း ရောက်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သမာဓိသုတ်

၂၇။ ရဟန်းတို့ ရင့်ကျက်သော ပညာနှင့် သတိ ရှိကုန်သည်ဖြစ်၍ နှိုင်းယှဉ်ကြောင်း ကိလေသာတို့မှ) ကင်းသော သမာဓိကို ပွါးများကုန်လော့။

http://www.dhammadownload.com



ရဟန်းတို့ ရင့်ကျက်သောပညာနှင့် သတိရှိကုန်သည်ဖြစ်၍ နိုင်းယှဉ်ကြောင်း(ကိလေသာတို့မှ) ကင်းသော သမာဓိကိုပွါးများသော သူတို့အား ဉာဏ်ငါးမျိုးတို့သည် မိမိသန္တာန်၌ ဖြစ်ပေါ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

"ဤသမာဓိသည် ပစ္စုပ္ပန်ချမ်းသာလည်းရှိ၏၊ နောင်အခါ ချမ်းသာကျိုးလည်းရှိ၏"ဟု မိမိသန္တာန်၌ပင်လျှင် ဉာဏ် ဖြစ်ပေါ်၏။

"ဤသမာဓိသည် မြတ်၏၊ (တဏှာဖြင့်) သုံးဆောင်မှုမရှိ"ဟု မိမိသန္တာန်၌ပင်လျှင် ဉာဏ် ဖြစ်ပေါ်၏။

"ဤသမာဓိကို ယောကျ်ားမြတ်တို့သာ မှီဝဲအပ်၏"ဟု မိမိသန္တာန်၌ပင်လျှင် ဉာဏ်ဖြစ်ပေါ်၏။

"ဤသမာဓိသည် ငြိမ်သက်၏၊ မွန်မြတ်၏၊ ကိလေသာငြိမ်းချမ်းခြင်းဖြင့် စိတ်၏တည်ကြည်ခြင်း (သမာဓိ) ပွါးများမှုကို ရ၏၊ ပြုပြင်ခြင်း (ပယောဂ) နှင့်တကွ ကိလေသာတို့ကို ဖိနှိပ်တားမြစ်၍ ဖြစ်ပေါ်လာသည်မဟုတ်"ဟု မိမိသန္တာန်၌ပင်လျှင် ဉာဏ်ဖြစ်ပေါ်၏။

"ငါသည် သတိရှိလျက် ဤသမာပတ်ကို ဝင်စားအံ့၊ သတိရှိလျက် (သမာပတ်မှ) ထအံ့"ဟု မိမိသန္တာန်၌ပင်လျှင် ဉာဏ် ဖြစ်ပေါ်၏။

ရဟန်းတို့ ရင့်ကျက်သောပညာနှင့်သတိရှိကုန်၍ နိုင်ယှဉ်ကြောင်း(ကိလေသာတို့မှ)ကင်းသော သမာဓိကို ပွါးများကုန်လော့၊ ရင့်ကျက်သောပညာနှင့် သတိရှိကုန်လျက် နိုင်းယှဉ်ကြောင်း (ကိလေသာတို့မှ) ကင်းသော သမာဓိကိုပွါးများသောသူတို့အား ဤဉာဏ် ငါးမျိုးတို့သည် မိမိသန္တာန်၌ပင်လျှင် ဖြစ်ပေါ်လာကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ပဥ္စင်္ဂိကသုတ်

၂၈။ ရဟန်းတို့ အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိပွါးများမှုကို ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ အင်္ဂါငါးမျိုးရှိသည့်မြတ်သော သမ္မာသမာဓိ ပွါးများမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှမရှိ။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ရေချိုးပေးသူသည်၎င်း ရေချိုးပေးသူ၏ တပည့်သည်၎င်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့်ဖျန်းလျက် ဖျန်းလျက် အခဲပြုရာ၏၊ ထိုရေချိုးကသယ်မှုန့်အခဲသည် အစေးဖြင့် စိမ့်ဝင်လျက်ရှိရာ၏၊အစေးဖြင့် ဖွဲ့စည်းလျက် ရှိရာ၏၊အတွင်းအပြင်၌ အစေးဖြင့် ပျံ့နှံ့လျက်ရှိရာ၏၊ ယိုကျခြင်းလည်း မရှိရာ။

ရဟန်းတို့ ဤအတူပင်လျှင် ရဟန်းသည် ဤကိုယ်ကိုပင်လျှင်(နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုသူ၏ တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဤသည်ကား အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ပဉ္စမ ပွါးများ ပုံတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ။ပ။ ဒုတိယဈာန်သို့ရောက်၍ နေ၏။

ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုသူ၏ တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား နက်စွာသော စိမ့်ရေရှိသည့် ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ အနောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မြောက် အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ တောင်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မိုးသည်လည်း အချိန်မှန်မှန် သည်းတန်စွာ ရွာသွန်းခြင်း မရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေ အယဉ်သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုသာလျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပျံ့နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိရာ။

ရဟန်းတို့ ဤအတူပင်လျှင် ရဟန်းသည် ဤကိုယ်ကိုသာလျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် စိုစွတ်စေ၏၊အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုသူ၏ တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဤသည်ကား အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ဒုတိယ ပွါးများ ပုံတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မစွဲမက်ခြင်းကြောင့် ။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။

ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် နှစ်သိမ့်ခြင်း 'ပီတိ' မရှိသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊နှစ်သိမ့်ခြင်း'ပီတိ' ကင်းသော ချမ်းသာ ခြင်း 'သုခ' ဖြင့် ထိုသူ၏ တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား ဥပ္ပလ (ဖြူ နီ ညို) ကြာတောအ်၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း ဥပ္ပလ (ဖြူ နီ ညို)ကြာအချို့ တို့သည်ရင်း ပဒုမာကြာအချို့တို့သည်ရင်း ပုဏ္ဍရိက်ကြာအချို့တို့သည်ရင်း ရေ၌ပေါက်ကုန်၏၊ရေ၌ကြီးပွါးကုန်၏၊ ရေမှ မပေါ် ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏။ ထို (ကြာ) တို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊အလုံးစုံ စိုစွတ်ကုန်၏၊ပြည့်ကုန်၏၊ပျံ့နှံ့ ကုန်၏၊ထိုဥပ္ပလ (ဖြူ နီ ညို) ကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်း အလုံးစုံ၌ အေးမြသောရေဖြင့် မပျံ့နှံ့ သောနေရာ အနည်းငယ်မျှ မရှိရာ။

ရဟန်းတို့ ဤအတူပင်လျှင် ရဟန်းသည် ဤကိုယ်ကိုသာလျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့ စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' မရှိသော ချမ်းသာခြင်း'သုခ' ဖြင့် ထိုသူ၏ တကိုယ်လုံး၌ မပျံ့နှံ့ သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဤသည်ကား အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို တတိယ ပွါးများပုံတည်း။

ရဟန်းတို့ နောက်တမျိုးကား ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။

ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့ စေ၍ နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့် တကွ (တကိုယ်လုံး)ခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တကိုယ်လုံး၌ မပျံ့နှံ့ သော နေရာ အနည်းငယ်မျှ မရှိရာ။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ဤကိုယ်ကိုသာလျှင် သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့ စေ၍ နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်း ဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဤသည်ကား အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိ ကို စတုတ္ထ ပွါးများပုံတည်း။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်ဟူသော အာရုံကိုကောင်းစွာ သင်ယူအပ် ကောင်းစွာ နှလုံးသွင်းအပ် ကောင်းစွာမှတ်သားအပ် ပညာဖြင့်ကောင်းစွာ ထိုးထွင်း၍ သိအပ်၏။

ရဟန်းတို့ ဥပမာသော်ကား တယောက်သော သူသည်မူလည်း တယောက်သောသူကို ဆင်ခြင်ရာ၏၊ ရပ်သောသူသည်မူလည်း ထိုင်သောသူကို ဆင်ခြင်ရာ၏၊ ထိုင်သော သူသည်မူလည်း အိပ်သောသူကို ဆင်ခြင်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်ဟူသော အာရုံကို ကောင်းစွာသင်ယူအပ် ကောင်းစွာနှလုံးသွင်းအပ် ကောင်းစွာမှတ်သားအပ် ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကား အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ပဌမ ပွါးများ ပုံတည်း။

ရဟန်းတို့ ရဟန်းသည် အင်္ဂါငါးမျိုးရှိသည့်မြတ်သော သမ္မာသမာဓိကို ဤသို့ ပွါးများသော် ဤသို့ ကြိမ်ဖန်များစွာပြုလုပ်သော် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သည့် တစုံတခု သော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေ၏၊ (ရှေးဘဝ အကြောင်းနှင့် ယခုဘဝအဘိညာဏ်၏ အခြေခံ ဈာန်စသော) အကြောင်းရှိလတ်သော် ထိုထိုအရာ ၌ပင် သက်သေထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ်စသည်)သို့ ရောက်၏။

ရဟန်းတို့ ဥပမာသော်ကား ကရွတ်၌ ထားအပ်သော ရေအိုးကြီးသည် ရေပြည့်နေ၏၊ အနားရေးနှင့် အမျှ ရှိ၏၊ ကျီး သောက်နိုင်၏၊ ထိုရေအိုးကြီးကို ခွန်အားရှိသော ယောကျ်ားသည် မည်သည့်ဘက်မှ မဆို စောင်းငဲ့ခဲ့မူ (ယင်း စောင်းငဲ့ ရာရာမှ) ရေသည် ထွက်လာ နိုင်ရာသလောဟု မေးတော်မူ၏။

အသျှင်ဘုရား ထွက်လာနိုင်ရာပါ၏ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ဤသို့ပွါးများသော် ဤသို့ကြိမ်ဖန်များစွာပြုလုပ်သော် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုအပ်သည့် တစုံတခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန်စိတ်ကို ညွတ်စေ၏။ (ရှေးဘဝအကြောင်းနှင့် ယခုဘဝအခြေခံ ဈာန်စသော) အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ဣဒ္ဓိဝိဓ အဘိညာဏ်စသည်)သို့ ရောက်၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ညီညွတ်သော မြေအဖို့၌ ကန်ပေါင်ရိုး ဖွဲ့ထားသော လေးထောင့်ရေကန်သည် ရေပြည့်နေ၏၊ ကမ်းနှင့် အမျှ ရှိ၏။ ကျီး သောက်နိုင်၏၊ ထိုရေကန်ကို ခွန်အားရှိသော ယောကျ်ားသည် မည်သည့်ဘက်မှ မဆို ကန်ပေါင်ရိုးကို ဖွင့်လွှတ်ခဲ့မူ (ယင်းဖွင့် လွှတ်ရာရာမှ) "ရေသည် ထွက် လာနိုင်ရာသလော"ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထွက်လာနိုင်ရာပါ၏ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ဤသို့ပွါးများသော် ဤသို့ကြိမ်ဖန်များစွာပြုလုပ်သော် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုအပ်သည့် တစုံတခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေ၏၊ (ရှေးဘဝအကြောင်းနှင့် ယခုဘဝအဘိညာဏ်အခြေခံ ဈာန်စသော) အကြောင်း ရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ဣဒ္ဓိဝိဓ အဘိညာဏ်စသည်) သို့ရောက်၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ညီညွတ်သော မြေအပြင်ဝယ် လမ်းမလေးခု ဆုံရာအရပ်၌ အာဇာနည်မြင်း ကသောရထားသည် နှင်တံကို ကန့်လန့်တင်ထားလျက် ရပ်တည်နေရာ၏၊ မြင်းတို့ကိုလိမ္မာအောင် ဆုံးမနိုင်သော ကျွမ်းကျင်သည့် မြင်းဆရာသည် ထိုရထားကို တက်စီး၍ လက်ဝဲလက်ဖြင့် ကြိုးတို့ကို ဆွဲကာ လကျ်ာလက်ဖြင့် နှင်တံကို ကိုင်ပြီးလျှင် သွားလိုရာခရီးဖြင့် သွားလိုရာအရပ်သို့ ရှေးရှုလည်း မောင်းနှင်နိုင်ရာ၏၊ ပြန်လှည့်၍လည်း မောင်းနှင်နိုင်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် အင်္ဂါငါးမျိုးရှိသည့် မြတ်သော သမ္မာသမာဓိကို ဤသို့ပွါးများသော် ဤသို့ကြိမ်ဖန်များစွာပြုလုပ်သော် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်

http://www.dhammadownload.com



ပြုအပ်သည့်တစုံတခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန်စိတ်ကိုညွတ်စေ၏၊ (ရှေးဘဝအကြောင်းနှင့်ယခုဘဝအခြေခံ ဈာန်စသော)အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓ အဘိညာဏ် စသည်)သို့ ရောက်၏။

"ငါသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံလို၏၊ တယောက်တည်းဖြစ်လျက် အများအပြားဖြစ်လို၏ ။ပ။ ဗြဟ္မာ့ ပြည်တိုင်အောင်လည်း ကိုယ်ကို စိတ်အလိုအတိုင်း ဖြစ်စေလို၏" ဟု ထိုရဟန်းသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ)အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ်) သို့ ရောက်၏။

"ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အကြားကိုလွန်သော နတ်တို့၏ နားနှင့်တူသော နား 'ဒိဗ္ဗသောတ' ဖြင့် နတ်၌လည်းဖြစ်ကုန် လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလို၏" ဟု ထို ရဟန်းသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဒိဗ္ဗသောတအဘိညာဏ်) သို့ ရောက်၏။

"(ငါသည်)တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို(မိမိ)စိတ်ဖြင့်ပိုင်းခြား၍ သိလို၏၊စွဲမက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ကိုမူလည်း 'ရာဂနှင့်တကွဟူသော စိတ်' ဟု သိလို၏၊စွဲမက်ခြင်း ရာဂကင်းသောစိတ်ကိုလည်း'ရာဂကင်းသောစိတ်' ဟု သိလို၏၊ အမျက်ထွက်ခြင်း ဒေါသနှင့်တကွဖြစ်သော စိတ်ကိုလည်း'ဒေါသနှင့်တကွဖြစ်သောစိတ်'ဟု သိလို၏၊အမျက်ထွက်ခြင်း ဒေါသကင်းသောစိတ်ကိုလည်း 'ဒေါသကင်းသောစိတ်' ဟု သိလို၏၊ တွေဝေခြင်း မောဟနှင့်တကွ ဖြစ်သော စိတ်ကိုလည်း'တွေဝေခြင်း မောဟနှင့် တကွဖြစ်သောစိတ်'ဟု သိလို၏၊တွေဝေခြင်းမောဟကင်းသော စိတ်ကိုလည်း'တွေဝေခြင်း မောဟကင်းသော စိတ်'ဟု သိလို၏။ ကျုံ့သောစိတ်ကိုလည်း 'ကျုံ့သောစိတ်'ဟု သိလို၏၊ပျံ့လွင့်သောစိတ်ကိုလည်း'ပျံ့လွင့်သော စိတ်' ဟုသိလို၏၊မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ်ကိုလည်း 'မြတ်သည်၏အဖြစ်သို့ရောက်သော စိတ်'ဟု သိလို၏၊ မြတ်သည်၏အဖြစ်သို့ မရောက်သော စိတ်ကိုလည်း 'မြတ်သည်၏အဖြစ်သို့ မရောက်သောစိတ်' ဟု သိလို၏၊ မိမိထက် သာလွန်သောတရားရှိသော စိတ်ကိုလည်း 'မိမိထက်သာလွန်သော တရားရှိသော စိတ်'ဟု သိလို၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း 'သာလွန်သော တရားမရှိသော စိတ်'ဟု သိလို၏၊ တည်ကြည်သော စိတ်ကိုလည်း 'တည်ကြည်သော စိတ်'ဟု သိလို၏၊ မတည်ကြည်သော စိတ်ကိုလည်း 'မတည်ကြည်သော စိတ်'ဟု သိလို၏၊ (ကိလေသာမှ) လွတ်မြောက်သော စိတ်ကိုလည်း '(ကိလေသာမှ) လွတ်မြောက်သောစိတ်'ဟု သိလို၏၊ (ကိလေသာမှ) မလွတ်မြောက်သော စိတ်ကိုလည်း '(ကိလေသာမှ) မလွတ်မြောက်သော စိတ်'ဟု သိလို၏" ဟူ၍ ထိုရဟန်းသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ပရစိတ္တဝိဇာနနဉာဏ်)သို့ ရောက်၏။

"(ငါသည်) များပြားသော ရှေး၌ဖြစ်ဘူးသည်ကို အောက်မေ့လို၏။
ဤသည်ကား အဘယ်နည်း—

တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း ။ပ။ ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့် တကွများပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၏" ဟု ထိုရဟန်းသည် အကယ်၍ အလိုရှိခဲ့မူ

http://www.dhammadownload.com



(အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အလိုရှိရာ၌ပင် သက်သေ ထိုက်သည့်အဖြစ် (ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်) သို့ ရောက်၏။

"ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိလို၏" ဟု ထိုရဟန်းသည် အကယ်၍ အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေထိုက်သည့်အဖြစ် (ဒိဗ္ဗစက္ခုအဘိညာဏ်)သို့ ရောက်၏။

"ငါသည် အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား မရှိသော စိတ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း 'စေတောဝိမုတ္တိ'နှင့် ပညာဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း 'ပညာဝိမုတ္တိ'ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေလို၏" ဟု ထိုရဟန်းသည် အကယ်၍အလိုရှိခဲ့မူ (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင် သက်သေထိုက်သည့် အဖြစ်(အရဟတ္တဖလသမာပတ်) သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-စင်္ကမသုတ်

၂၉။ ရဟန်းတို့ စင်္ကြံ လျှောက်ခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ခရီး ရှည် သွားနိုင်၏။

ကြိုးစား အားထုတ်နိုင်၏။

အနာရောဂါ ကင်း၏။

စား သောက် ခဲ လျက်အပ်သော အစာအာဟာရသည် ကောင်းစွာ ကြေကျက်နိုင်၏။

စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော တည်ကြည်မှု (သမာဓိ)သည် ကြာမြင့်စွာ တည်တံ့နိုင်၏။

ရဟန်းတို့ ဤသည်တို့ကား စင်္ကြံလျှောက်ခြင်း၌ အာနိသင်ငါးမျိုး တို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-နာဂိတသုတ်

၃၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် ကောသလမင်းသားတို့၏ ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထို ဣစ္ဆာနင်္ဂလရွာ (အနီး) ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး) နေတော်မူ၏၊ ဣစ္ဆာနင်္ဂလရွာသားပုဏ္ဏားနှင့် အမျိုးသားတို့သည် သတင်းစကားကြားကြကုန်၏—

"အချင်းတို့ သာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်း ဂေါတမသည် ဣစ္ဆာနင်္ဂလရွာသို့ ကြွရောက်တော်မူ၍ ဣစ္ဆာနင်္ဂလရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး နေတော်မူ၏။

ထိုအသျှင်ဂေါတမ၏ **ကောင်းသော** ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့် လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူ တတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) **သိစေတော်မူသော** အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏'ဟု (ပြန့်နှံ့၍ ထွက်၏)။

ထို(မြတ်စွာဘုရား)သည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် **သမဏ** ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူလောကကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်း ခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း"ဟု (ကြားကြကုန်၏)။

ထိုအခါ၌ ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် ထိုညဉ့်လွန်သောအခါ၌ များစွာသော ခဲဖွယ် စားဖွယ်ကို ယူကုန်၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ ချဉ်းကပ်ကုန်ပြီးလျှင် အပြင်ဘက်တံခါးမုခ်၌ ပြင်းပြကျယ်လောင်သော အသံရှိကုန်သည်ဖြစ်၍ တည်နေကုန်၏၊ ထိုစဉ်အခါ၌ အသျှင်နာဂိတသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်နာဂိတကို "နာဂိတ ငါးတို့ကို လုယက်ရာ၌ တံငါသည်တို့ကဲ့သို့ ပြင်းပြကျယ်လောင်သော အသံရှိသူတို့ကား အဘယ်သူတို့နည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤသူတို့ကား ဣစ္ဆာနင်္ဂလ ရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ပါတည်း၊ များစွာသော ခဲဖွယ် ဘောဇဉ်ကိုယူ၍ အပြင်ဘက်တံခါးမုခ်၌ မြတ်စွာဘုရားကိုငှဉ်း ရဟန်းသံဃာကိုငှဉ်း ရည်မှန်းပြီးလျှင် တည်နေကြပါသည်ဟု(လျှောက်၏)။

http://www.dhammadownload.com



နာဂိတ ငါသည် အခြံအရံ(အကျော်အစော)နှင့် မဆက်ဆံလို၊ အခြံအရံ (အကျော်အစော) သည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်။

နာဂိတ ဤ(ကာမဂုဏ်မှ )ထွက်မြောက်မှု 'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ မရနိုင်သူသည် မစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစော ချမ်းသာကို သာယာ (ခံစား)ရာ၏။

(ကာမဂုဏ်)မှ ထွက်မြောက်မှု 'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသောငါသည် မစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာအကျော်အစော ချမ်းသာကို အဘယ်မှာ သာယာ(ခံစား)ရာအံ့နည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော်မူပါ။

အသျှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရား၏ သည်းခံတော်မူရန် အချိန်ဖြစ်ပါသည်၊ အသျှင်ဘုရား ယခုအခါ၌ နိဂုံးသူ နိဂုံးသား ဇနပုဒ်သူ ဇနပုဒ်သား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားကြွတော်မူလေရာရာ အရပ်သို့ စိတ်ညွတ်ကြကုန်လျက်သာလျှင် လိုက်ကြပါလိမ့်မည်။

အသျှင်ဘုရား မိုးကြီး သည်းထန်စွာ ရွာသွန်းလတ်သော် နိမ့်ရှိုင်းရာအရပ်သို့ ရေတို့သည် စီးကျကြကုန်သကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် နိဂုံးသူနိဂုံးသား ဇနပုဒ်သူဇနပုဒ်သား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားကြွရောက်တော်မူလေရာရာ အရပ်သို့ စိတ်ညွတ်ကြကုန်လျက်သာလျှင် လိုက်ကြပါလိမ့်မည်။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ—

အသျှင်ဘုရား မြတ်စွာဘုရား၏ သီလတော် ပညာတော်သည် ထိုသို့ကြီးမားတော်မူခြင်း ကြောင့်ဖြစ်ပါသည်ဟု (လျှောက်၏)။

နာဂိတ ငါသည် အခြံအရံ(အကျော်အစော)နှင့် မဆက်ဆံလို၊ အခြံအရံ(အကျော်အစော) သည်လည်း ငါနှင့် မဆက်ဆံစေလင့်၊ နာဂိတ ဤ(ကာမဂုဏ်မှ) ထွက်မြောက်မှု'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင်မပင်ပန်းပဲ မရနိုင်သူသည် မစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစောချမ်းသာကို သာယာ(ခံစား)ရာ၏။

(ကာမဂုဏ်မှ)ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ'ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသောငါသည် မစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစောချမ်းသာကို အဘယ်မှာ သာယာ(ခံစား)ရာအံ့နည်း။

နာဂိတ စား သောက် ခဲ လျက် အပ်သော အစာအာဟာရ၏( အကျိုးဆက်ကား ) ကျင်ကြီး ကျင်ငယ်ပင်တည်း၊ ဤ(ကျင်ကြီးကျင်ငယ်)သည် ထို(စား သောက် ခဲ လျက် အပ်သော အစာ

http://www.dhammadownload.com



အာဟာရ)၏ အကျိုးဆက်ပေတည်း၊ နာဂိတ ချစ်အပ်သော သတ္တဝါ သင်္ခါရတို့၏ (အကျိုးဆက်ကား)ပျက်စီးခြင်း ကွေကွင်းခြင်း ပူဆွေးငိုကြွေးခြင်း, ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ပင်တည်း၊ ဤအဖြစ်သည် ထို(ချစ်ခင်မှု)၏ အကျိုးဆက် ပေတည်း။

နာဂိတ မတင့်တယ်သော အာရုံနိမိတ်၌ ကြိုးပမ်းမှုကို အဖန်ဖန် အားထုတ်သူအား တင့်တယ်သော အာရုံ နိမိတ်၌ စက်ဆုပ်ရွံရှာခြင်းသည် ကောင်းစွာတည်၏၊ ဤအဖြစ်သည် ထို(ကြိုးပမ်းမှု)၏ အကျိုးဆက်ပေတည်း။

နာဂိတ တွေ့ထိမှု **'ဖဿ'** ဖြစ်ပေါ်ကြောင်း'အာယတန'ခြောက်ပါးတို့၌ အနိစ္စ ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသောသူအား တွေ့ထိမှု'ဖဿ'၌ စက်ဆုပ်ရွံရှာခြင်းသည် ကောင်းစွာ တည်၏၊ ဤအဖြစ်သည် ထို (အဖန်ဖန်ရှုလျက်နေခြင်း) ၏ အကျိုးဆက်ပေတည်း။

နာဂိတ (ပြင်းစွာစွဲလန်းမှု)ဥပါဒါန်တရား၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေသောသူအား ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'၌ စက်ဆုပ်ရွံရှာခြင်းသည် မကောင်းစွာတည်၏၊ ဤ အဖြစ်သည် ထို(အဖန်ဖန်ရှုလျက် နေခြင်း)၏ အကျိုးဆက်ပေတည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ပဥ္စင်္ဂိကဝဂ် ပြီး၏။

---

## ၄-သုမနဝဂ် ၁-သုမနသုတ်

၃၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုစဉ်အခါ သုမနာမင်းသမီးသည် ရထားငါးရာ မင်းသမီးငါးရာ ခြံရံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်'သာဝက' နှစ်ဦးတို့သည် ညီမျှသော သဒ္ဓါ ညီမျှသော သီလ ညီမျှသော ပညာ ရှိပါကုန်၏၊ တဦးသည် ပေးလှူကတ်၍ တဦးကား မပေးလှူတတ်ပါ။ ထိုနှစ်ဦးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ကုန်ရာ၏။ အသျှင်ဘုရား နတ်ဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြားနားချက်သည်ဖြစ်ကောင်းပါ၏လော" ဟု လျှောက်၏။

"သုမနာ ဖြစ်ကောင်း၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို နတ်ဖြစ်ခြင်းတူသော်လည်း—

နတ်၌ ဖြစ်သောအသက်။

နတ်၌ ဖြစ်သော **အဆင်း။**

http://www.dhammadownload.com



နတ်၌ ဖြစ်သော ချမ်းသာ။

နတ်၌ ဖြစ်သော အခြံအရံ(အကျေ‌ာ်အစော)။

နတ်၌ဖြစ်သော အစိုးရခြင်းဟူသော အကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏။

သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို နတ်ဖြစ်ခြင်းတူသော်လည်း ဤအကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အကယ်၍ ထိုသူနှစ်ဦးတို့သည် ထိုနတ်အဖြစ်မှ ရွေ့လျော၍ ဤလူ့အဖြစ်သို့ ရောက်လာကြပါမူ လူဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ခြားနား ချက်သည် ဖြစ်ကောင်းပါ၏လောဟု(လျှောက်၏)။

"သုမနာ ဖြစ်ကောင်း၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို လူဖြစ်ခြင်းတူသော်လည်း—

လူ၌ ဖြစ်သော အသက်။

လူ၌ ဖြစ်သော အဆင်း။

လူ၌ ဖြစ်သော ချမ်းသာ။

လူ၌ ဖြစ်သော အခြံအရံ(အကျော်အစော)။

လူ၌ ဖြစ်သော အစိုးရခြင်း ဟူသော အကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏၊

သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို လူဖြစ်ခြင်းတူသော်လည်း ဤ အကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကယ်၍ ထိုသူနှစ်ဦးတို့သည် လူ့ဘောင်မှ (ထွက်၍) ရဟန်းဘောင်၌ ရဟန်း ပြုကြပါမူ ရဟန်းဖြစ်သူ ထို နှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြားနား ချက်သည် ဖြစ်ကောင်းပါ၏လော ဟု (လျှောက်၏)။

"သုမနာ ဖြစ်ကောင်း၏"ဟုမိန့်တော်မူ၏။ သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်းတူသော်လည်း ငါးပါးသောအကြောင်းတို့ဖြင့် လွှမ်းမိုးနိုင်၏။

(အလှူခံတော်မူပါဟု) တောင်းပန်ခံရသည်ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန် မခံရပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန်မခံရမူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ကျောင်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန်မခံရ မူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို သုံးဆောင်ရသည်က များ၏၊တောင်းပန်မခံရမူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

အတူတကွ နေထိုင်ကြသော သီတင်းသုံးဖော်တို့သည် ထို ပေးလှူတတ်သော ရဟန်းအား နှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့်သာ ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း၊ နှစ်ခြိုက်ဖွယ် နှုတ်အမူအရာဖြင့် ပြုမူကြသည်က များ၏၊

http://www.dhammadownload.com



မနှစ်ခြိုက်ဖွယ် နှုတ်အမှုအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း၊ နှစ်ခြိုက်ဖွယ် စိတ်အမှုအရာဖြင့် ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် စိတ်အမှုအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း၊ နှစ်ခြိုက်ဖွယ် ပူဇော်မှုကို ပူဇော်ကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် ပူဇော်မှုကို ပူဇော်ကြသည်ကား အနည်းငယ်သာတည်း။

သုမနာ ပေးလှူတတ်သူသည် မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်းဘူကြသော်လည်း ဤအကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကယ်၍ ထိုသူနှစ်ဦးတို့သည် ရဟန္တာအဖြစ်သို့ရောက်ကြပါမူ ရဟန္တာအဖြစ်သို့ ရောက်ကုန်သော ထိုသူနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါသေးသလော၊ ခြားနားချက်သည် ဖြစ်ကောင်းပါသေးသလော ဟု (လျှောက်၏)။

သုမနာ ဤအရာ၌ စင်စစ်အားဖြင့် (တပါး၏) ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' နှင့် (တပါး၏) ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' ကိုအနည်းငယ်မျှပင် ခြားနား၏ ဟု ငါမဆို ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဖွယ် ရှိပါပေစွ၊အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊အလွန်လျှင် ဤ အလှူဒါနတို့ကို ပေးလှူရန် သင့်လျော်လှသည်သာတည်း၊ ကောင်းမှုတို့ကိုပြုရန် သင့်လျော်လှသည်သာတည်း၊ ကောင်းမှုတို့သည် နတ်ဖြစ်သူအားလည်း ကျေးဇူးပြုတတ် လူဖြစ်သူအားလည်း ကျေးဇူးပြုတတ် ရဟန်းဖြစ်သူအားလည်း ကျေးဇူးပြုတတ်ပါပေကုန်၏ ဟု (လျှောက်၏)။

သုမနာ ဤ စကားသည် ဤအတိုင်း မှန်ပေ၏။

သုမနာ အလှူဒါနတို့ကို ပေးလှူရန် သင့်လှသည်သာတည်း၊ ကောင်းမှုတို့ကိုပြုရန် သင့်လှသည်သာတည်း၊ ကောင်းမှုတို့သည် နတ်ဖြစ်သူအားလည်း ကျေးဇူးပြုတတ် လူဖြစ်သူအားလည်း ကျေးဇူးပြုတတ် ရဟန်းဖြစ်သူအားလည်း ကျေးဇူးပြုတတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤ တရား (စကား) ကို ဟောကြားတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤ တရား (စကား) ကို ဟောကြားတော်မူပြီး၍ ထို့မှတပါး (လူ နတ် ဗြဟ္မာတို့၏) ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤ စကားကို ဟောတော်မူလေ၏။

"လောက၌ ကောင်းကင်ခရီးဖြင့်သွားသော အညစ်အကြေးကင်းသော လမင်းသည် အလုံးစုံသော ကြယ် (တာရာ) အပေါင်းတို့ကို အရောင်အလင်းဖြင့် သာလွန်၍ တင့်တယ်သကဲ့သို့။

ထို အတူပင် လောက၌ သီလနှင့်ပြည့်စုံ၍ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် နှမြောဝန်တိုခြင်း ရှိသူအားလုံးကို စွန့်ကြဲခြင်းဖြင့် သာလွန်တင့်တယ်၏။

လျှပ်စစ်ပန်းနွယ်ရှိသည့် အရာမကသော တိမ်ထွတ် တိမ်တောင်တို့နှင့် ပြည့်စုံသော မိုးသည် ကြည်းကုန်းမြေကိုဎင်း ချိုင့်ဝှမ်းမြေကိုဎင်း ထစ်ချုန်းရွာသွန်းလျက် ပြည့်စေသကဲ့သို့။

http://www.dhammadownload.com



ဤ အတူသာလျှင် (သောတာပတ္တိ) ဉာဏ်အမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့် 'သာဝက' ဖြစ်သည့် ပညာရှိသည် နှမြောဝန်တိုသူကို အကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုး နိုင်၏၊

ထိုသူသည် စင်စစ် (ပေးလှူအပ်သော) စည်းစိမ်ဥစ္စာတို့က တင်ပို့အပ်သည်ဖြစ်၍ အသက်ဖြင့်ရင်း အခြံအရံ(အကျော်အစော)ဖြင့်ရင်း ရုပ်အဆင်းဖြင့်ရင်း ချမ်းသာဖြင့်ရင်း တမလွန်လောကဃ် နတ်ပြည်၌ ဝမ်းမြောက်ရလေသတည်း"။

ပဉ္စမသုတ်။

## ၂-စုန္ဒီသုတ်

၃၂။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန် ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုစဉ်အခါ စုန္ဒီမင်းသမီးသည် ရထားငါးရာ သတို့သမီး ငါးရာ ခြံရံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီး လျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်တို့၏ မောင်ဖြစ်သော စုန္ဒမည်သော မင်းသားသည် ဤသို့ ဆိုပါ၏—

'တစုံတယောက်သော မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ်၏၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ 'သုဂတိဘုံ' သို့သာ ရောက်ရ၏၊ မကောင်းသော လားရာ 'ဒုဂ္ဂတိဘုံ' သို့ မရောက်ရ'ဟု (ဆိုပါ၏)။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို မေးလျှောက်ပါ၏၊ အသျှင်ဘုရား အဘယ်သို့ သဘောရှိသည့် ဘုရား၌ကြည်ညိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ 'သုဂတိဘုံ' ၌သာဖြစ်၍ မကောင်းသောလားရာ 'ဒုဂ္ဂတိဘုံ' ၌ မဖြစ်ပါ သနည်း၊ အဘယ်သို့ သဘောရှိသည့် တရားတော်၌ ကြည်ညိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ 'သုဂတိဘုံ' ၌သာဖြစ်၍ မကောင်းသော လားရာ 'ဒုဂ္ဂတိဘုံ' ၌ မဖြစ်ပါသနည်း၊ အဘယ်သို့ သဘောရှိသည့် သံဃာတော်၌ ကြည်ညိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ 'သုဂတိဘုံ' ၌သာ ဖြစ်၍ မကောင်းသောလားရာ 'ဒုဂ္ဂတိဘုံ' ၌ မဖြစ်ပါသနည်း၊ အဘယ်သို့ သဘောရှိသည့် သီလတို့၌ ဖြည့်ဆည်းပူးသောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ 'သုဂတိဘုံ' ၌သာဖြစ်၍ မကောင်းသောလားရာ (ဒုဂ္ဂတိဘုံ) ၌ မဖြစ်ပါသနည်း" ဟု လျှောက်၏။

စုန္ဒီ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသော သတ္တဝါ များသောအခြေရှိသောသတ္တဝါ ရုပ်ရှိသတ္တဝါ ရုပ်မဲ့သတ္တဝါ သညာရှိသတ္တဝ သညာမဲ့ သတ္တဝါ ရှန့်ရင်းသော သညာကားမရှိ သိမ်မွေ့သောသညာမရှိသည်မဟုတ်သောသတ္တဝ

http://www.dhammadownload.com



ရှိသမျှအားလုံးတို့ထက် ပူဇော်အထူးကိုခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။

စုန္ဒီ မြတ်စွာဘုရား၌ ကြည်ညိုသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသူတို့အား မြတ်သောအကျိုးသည် ဖြစ်နိုင်၏။

စုန္ဒီ ပြုပြင်အပ်သော 'သင်္ခတ' တရားရှိသမျှအားလုံးတို့ထက် အင်္ဂါရှစ်ပါးရှိသော မဂ်ကို အမြတ်ဆုံးဟု ဆိုအပ်၏၊ စုန္ဒီ အရိယမဂ္ဂင်ရှစ်ပါး၌ ကြည်ညိုသူ ႀကိသည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသူ ႀကိအား မြတ်သောအကျိုးသည် ဖြစ်နိုင်၏။

စုန္ဒီ ပြုပြင်အပ်သော 'သင်္ခတ'တရား မပြုပြင်အပ်သော 'အသင်္ခတ'တရား ရှိသမျှအားလုံးတို့ထက် ယစ်ခြင်းကင်းရာ မွတ်သိပ်ခြင်းကိုပယ်ဖျောက်ရာ တောင့်တခြင်းအာလယကို ပယ်ခွါရာ ဝဋ်မြစ်ပြတ်ရာ တဏှာကုန်ရာ မတပ်မက်ရာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသော ဝိရာဂ တရားကို အမြတ်ဆုံးဟု ဆိုအပ်၏။

စုန္ဒီ နိဗ္ဗာန်ဟူသော ဝိရာဂတရား၌ ကြည်ညိုသူတို့သည် အမြတ်၌ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသူတို့အား မြတ်သောအကျိုးသည် ဖြစ်နိုင်၏။

စုန္ဒီ သံဃာဂိုဏ်းရှိသမျှတို့ထက် (အရပ်ဝေးမှ) ဆောင်လာသော အလှူကိုခံထိုက်သော ဧည့်သည်အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်သော တမလွန်အတွက် ရည်မြော်သော အလှူကိုခံထိုက်သော လက်အုပ်ချီခြင်းကို ခံထိုက်သော သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေဖြစ်သော အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့်ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သားသံဃာကို အမြတ်ဆုံးဟု ဆိုအပ်၏။

စုန္ဒီ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်၌ ကြည်ညိုသူတို့သည် အမြတ်၌ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသူတို့အား မြတ်သောအကျိုးသည် ဖြစ်နိုင်၏။

စုန္ဒီ ရှိရှိသမျှသီလတို့ထက် မကျိုး မပေါက် မပြောက် မကျား ကုန်သော တဏှာ့ကျွန်အဖြစ်မှ လွတ်မြောက်စေကုန်သော ပညာရှိဘို့ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်သော အရိယာတို့နှစ်သက်အပ်ကုန်သော သီလတို့ကို အမြတ်ဆုံးဟု ဆိုအပ်ကုန်၏။

စုန္ဒီ အရိယာတို့နှစ်သက်အပ်သည့် သီလတို့ကို ဖြည့်ဆည်းပူးတတ်သူတို့သည် အမြတ်၌ ဖြည့်ဆည်းပူးသည်မည်ကုန်၏၊ အမြတ်၌ ဖြည့်ဆည်းပူးသူတို့အား မြတ်သောအကျို သည် ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏)။

> "မြတ်သော (ရတနာသုံးပါး၏) ဂုဏ်ကို သိကုန်သည်ဖြစ်၍ အမြတ်(ရတနာသုံးပါး)၌ စင်စစ်ကြည်ညိုသူတို့အားရင်း အတုမရှိမြတ်သော အလှူကိုခံထိုက်သော မြတ်သော ဘုရားရှင်၌ ကြည်ညိုသူတို့အားရင်း။
>
> တပ်မက်မှု 'ရာဂ' ကင်းရာ ငြိမ်းအေးရာ ချမ်းသာကြောင်းဖြစ်သော မြတ်သောတရား၌ ကြည်ညိုကုန်သူတို့အားရင်း အမြတ်ဆုံးကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်သော မြတ်သော သံဃာ၌ကြည်ညိုကုန်သူတို့အားရင်း။
>
> အမြတ် (ရတနာသုံးပါး)၌ အလှူပေးသူတို့အားရင်း မြတ်သောကောင်းမှုသည် တိုးပွါး၏၊ မြတ်သောအသက်ရှည်ခြင်းသည်ရင်း အဆင်းလှခြင်းသည်ရင်း အခြံအရံ

http://www.dhammadownload.com



များခြင်းသည်၎င်း ကျော်စောခြင်းသည်၎င်း ချမ်းသာခြင်းသည်၎င်း ကိုယ်အား ဥာဏ်အားသည်၎င်း တိုးပွါး၏။

အမြတ်ဂုဏ်နှင့်ပြည့်စုံသော အမြတ်(ရတနာသုံးပါး)အား ပေးလှူတတ်သော ပညာနှင့်ပြည့်စုံသောနတ်သည်၎င်း လူသည်၎င်း အမြတ်သို့ရောက်သည်ဖြစ်၍ မွေလျော်ရလေသတည်း"။

ဒုတိယသုတ်။

---

## ၃-ဥဂ္ဂဟသုတ်

၃၃။ အခါတပါး၌ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ မုလေး 'မြတ်လေး' တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုစဉ်အခါ မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန်အတွက် ကိုယ်တော်မြတ်ပါ လေးပါး တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါ"ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှထကာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် နံနက်အချိန်၌(သင်္ကန်းကို)ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟ၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် မြတ်စွာဘုရားကို မွန်မြတ်သောခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၏။

ထို့နောက် မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်၏ ဤသမီးပျိုတို့သည် လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားကြရပါလိမ့်မည်၊ မြတ်စွာဘုရားသည် ထိုသမီးပျိုတို့ကို သွန်သင်တော်မူပါ ဆုံးမတော်မူပါ၊ ယင်းသို့ သွန်သင် ဆုံးမခြင်းသည် ထိုသမီးပျိုတို့အား ကာလရှည်မြင့်စွာ အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်ရပါ၏"ဟု လျှောက်၏။

ထိုအခါမြတ်စွာဘုရားသည် ထို သမီးပျိုတို့အား—

"သတို့သမီးတို့ ထိုသို့လျှောက်ထားသောကြောင့် ဤအရာ၌ ဤသို့ကျင့်ကြရမည် 'သင်တို့အကျိုးစီးပွါးကိုလိုလား၍ သနားစောင့်ရှောက်တတ်သော မိဖတို့သည် သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ ထိမ်းမြားမည်ဖြစ်သော လင်ယောကျ်ား၏ ရှေးဦးစွာ (အိပ်ရာမှ) ထလေ့ရှိသူ နောက်မှအိပ်လေ့ရှိသူ အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသူ နှစ်ခြိုက်ဖွယ်ပြုလုပ်လေ့ရှိသူ ချစ်ခင်

http://www.dhammadownload.com



ဖွယ်စကားကို ဆိုလေ့ရှိသူတို့ ဖြစ်ကုန်အံ့”ဟု ကျင့်ကြရမည်၊ သတို့သမီးတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ကြရမည်။

သတို့သမီးတို့ ထို့ပြင် ဤသို့လည်း ကျင့်ကြရမည် “မိမိခင်ပွန်းသည်က ရိုသေလေးစားအပ်သည့် အမိအဖ သမဏ ဗြာဟ္မဏ ဖြစ်သော ပုဂ္ဂိုလ်တို့ကို အရိုအသေပြုကုန်အံ့၊ အလေးအမြတ်ပြုကုန်အံ့၊ မြတ်နိုးကုန်အံ့၊ ပူဇော်ကုန်အံ့၊ မိမိထံသို့လာသူတို့ကိုလည်း နေရာထိုင်ခင်းပေးခြင်း ရေတည်ခြင်းဖြင့် ပူဇော်ကြကုန်အံ့”ဟု ကျင့်ကြရမည်၊ သတို့သမီးတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ကြရမည်။

သတို့သမီးတို့ ထို့ပြင် ဤသို့လည်း ကျင့်ကြရမည် “သိုးမွေးဝါဂွမ်းဟူသော လင်ယောကျ်ား၏ အိမ်တွင်းမှုတို့၌ ကျွမ်းကျင်၍ မပျင်းရိပဲ ထိုအိမ်တွင်းမှု၌ အကြောင်းဥပါယ်ဖြစ်သော စူးစမ်းမှုပညာနှင့် ပြည့်စုံသည့်ပြင် ကိုယ်တိုင်ပြုလုပ်ရန် စီမံရန် စွမ်းနိုင်သူဖြစ်ကုန်အံ့”ဟု ကျင့်ကြရမည်၊ သတို့သမီးတို့ ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။

သတို့သမီးတို့ ထို့ပြင် ဤသို့လည်း ကျင့်ကြရမည် “အိမ်တွင်းသားဖြစ်သည့် လင်ယောကျ်ား၏ ကျွန်အစေခံ အလုပ်သမား ဖြစ်သော အတွင်းလူအပေါင်းတို့၏ ပြုလုပ်ပြီးသည်ကိုလည်း ပြုလုပ်ပြီးဟုသိကုန်အံ့၊ မပြုလုပ်ရသေးသည်ကိုလည်း မပြုလုပ်ရသေးဟု သိကုန်အံ့၊ မမာမကျန်းသူတို့၏လည်း အားရှိသည် မရှိသည်ကို သိကုန်အံ့၊ ထိုအတွင်းလူ အပေါင်းအား ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း အသီးသီးမိမိတို့ရထိုက်သော အဖို့အစုဖြင့် ဝေဖန်ကုန်အံ့”ဟု ကျင့်ကြရမည်၊ သတို့သမီးတို့ ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။

သတို့သမီးတို့ ထို့ပြင် ဤသို့လည်း ကျင့်ကြရမည် “လင်ယောကျ်ားဆောင်ယူလာမည့် ဥစ္စာ စပါး ငွေ ရွှေကို စောင့်ရှောက်လုံခြုံစေသဖြင့် ပြီးစီးပြည့်စုံစေကုန်အံ့၊ ထိုပစ္စည်းအပေါ်၌ အပျော်မကြူး မခိုး မဝှက် အရက်မသောက်ကုန်သည်ဖြစ်၍ မပျက်မစီးစေကုန်အံ့”ဟု ကျင့်ကြရမည်၊သတို့သမီးတို့ ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။

သတိုသမီးတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ နှစ်သက်ဖွယ်ကိုယ်ရှိသော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

> “အကြင်ယောကျ်ားသည် အခါခပ်သိမ်း အမြဲမပြတ် ပြင်းစွာအားထုတ်သည်ဖြစ်၍ ကြောင့်ကြစိုက်လျက် မိမိမယားကို မွေးမြူ၏၊ ကောင်းသော မိန်းမသည် အလုံးစုံအလိုရှိရာကို ဆောင်ယူမွေးမြူသော မိမိအရှင် ထိုခင်ပွန်းလင်ကို မထီလေးစား မပြု။
>
> ကောင်းသော မိန်းမသည် ငြူစူသော အကျင့်ဖြင့်လည်း မိမိလင်ကို မချတ်ချယ် ပညာရှိမိန်းမသည် လင်၏ ရိုသေလေးစားအပ်သူ ပုဂ္ဂိုလ်အားလုံးကိုလည်း မြတ်နိုးပူဇော်၏။
>
> အကြင်မိန်းမသည် ထကြွ လုံ့လရှိ၏၊ ပျင်းရိခြင်းမရှိ၊ ချီးမြှောက် ထောက်ပံ့ထားသော အခြွေအရံပရိသတ်လည်း ရှိ၏၊ လင်၏နှစ်လိုဖွယ်ကို ကျင့်၏၊စုဆောင်းပေးသော ပစ္စည်းကိုလည်း ကောင်းစွာထိန်းသိမ်းစောင့်ရှောက်၏။
>
> လင်၏ အလိုသို့လိုက်လျက် ဤအတိုင်းကျင့်သော ထိုမိန်းမသည် မနာပမည်သော နတ်တို့၏နေရာ (နိမ္မာ နရတိ) ဘုံသို့ ရောက်ရလေသတည်း”။

**တတိယသုတ်။**

http://www.dhammadownload.com



## ၄-သီဟသေနာပတိသုတ်

၃၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက် သောကျောင်းကြီး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုစဉ်အခါ သီဟစစ်သူကြီးသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက်မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်ရသော အလှူ၏ အကျိုးကို ပညတ်ရန် တတ်နိုင်ပါ၏လော" ဟုလျှောက်၏။

"သီဟ တတ်နိုင်၏" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

သီဟ ပေးလှူတတ်သော အလှူရှင်ကို လူများစွာတို့ ချစ်ခင်မြတ်နိုးကြ၏၊ သီဟ ပေးလှူတတ် သော အလှူရှင်ကို လူများစွာတို့ ချစ်ခင်မြတ်နိုးကြသော ဤအကျိုးသည်လည်း ကိုယ်တိုင်သိမြင် ရသော အလှူ၏ အကျိုးပေတည်း။

သီဟ နောက်တမျိုးကား ပေးလှူတတ်သော အလှူရှင်ထံသို့ ငြိမ်သက်သော စိတ်နှလုံးရှိသည့် သူတော်ကောင်းတို့သည် ချဉ်းကပ်ကြကုန်၏၊ သီဟ ပေးလှူတတ်သော အလှူရှင်ထံသို့ ငြိမ်သက် သော စိတ်နှလုံးရှိသည့်သူတော်ကောင်းတို့ ချဉ်းကပ်ခြင်းဟူသော ဤအကျိုးသည်လည်း ကိုယ်တိုင် သိမြင်သော အလှူ၏ အကျိုးပေတည်း။

သီဟ နောက်တမျိုးကား ပေးလှူတတ်သော အလှူရှင်၏ ကောင်းသော ကျော်စောသံ သည် ပြန့်နှံ့၍ တက်၏၊ သီဟ ပေးလှူတတ်သောအလှူရှင်၏ ကောင်းသောကျော်စောသံပြန့်နှံ့၍ တက်ခြင်းဟူသော ဤအကျိုးသည်လည်း ကိုယ်တိုင်သိမြင်ရသော အလှူ၏ အကျိုးပေတည်း။

သီဟ နောက်တမျိုးကား ပေးလှူတတ်သော အလှူရှင်သည် မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏား ပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ ပရိသတ်တမျိုးမျိုးသို့ ချဉ်း ကပ်ခဲ့မူ ရဲရဲဝံ့ဝံ့မျက်နှာရွှင်ပျစွာ ချဉ်းကပ်ရ၏၊ သီဟ ပေးလှူတတ်သော အလှူရှင်သည် မင်းပရိ သတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ ပရိ သတ်တမျိုးမျိုးသို့ ချဉ်းကပ်ခဲ့မူ ရဲရဲဝံ့ဝံ့မျက်နှာရွှင်ပျစွာ ချဉ်းကပ်ရခြင်းဟူသော ဤအကျိုးသည် လည်း ကိုယ်တိုင်သိမြင်ရသော အလှူဒါန၏ အကျိုးပေတည်း။

သီဟ နောက်တမျိုးကား ပေးလှူတတ်သောအလှူရှင်သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရ၏၊ သီဟ ပေးလှူတတ်သော အလှူ ရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရခြင်းဟူသော ဤအကျိုးသည်လည်း တမလွန်ဘဝ၌ ရအပ်သော အလှူ၏ အကျိုးပေတည်း ဟု (မိန့်တော်မူ၏)။

ဤသို့ ဟောတော်မူသည်ရှိသော် သီဟစစ်သူကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော် မူသည့် ကိုယ်တိုင်သိမြင်ရသော အလှူ၏ အကျိုးလေး မျိုး၌ မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် အကျွန်ုပ်ဆည်းကပ်သည် မဟုတ်ပါ၊ အကျွန်ုပ်သည် လည်း ထိုအကျိုးတို့ကို သိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ပေးလှူတတ်သည့် အလှူရှင်ပါတည်း၊ များစွာသော လူတို့က ချစ်ခင်မြတ်နိုးအပ်သူဖြစ်ပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ပါတည်း၊ အကျွန်ုပ်ထံသို့ ငြိမ်သက်သော စိတ်နှလုံးရှိကုန်သော သူတော်ကောင်းတို့ ချဉ်းကပ်ကြပါကုန်၏"။

အသျှင်ဘုရား အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ပါတည်း "သီဟစစ်သူကြီးသည် ပေးလှူတတ်၏၊ သံဃာအား ကျေးဇူးပြုတတ်၏၊ သံဃာ၏ အလုပ်အကျွေးတည်း" ဟု အကျွန်ုပ်၏ ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ပါတည်း၊ မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ ပရိသတ်တမျိုးမျိုးသို့ ချဉ်းကပ်ခဲ့ပါမူ ရဲရဲဝံ့ဝံ့ မျက်နှာ ရွှင်ပျစွာ ချဉ်းကပ်ရပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားဟောကြားတော်မူသည့် ကိုယ်တိုင်သိမြင်ရသော ဤအလှူ၏ အကျိုးလေးမျိုးတို့၌ ယုံကြည်ခြင်းဖြင့် မြတ်စွာဘုရားအား အကျွန်ုပ်ဆည်းကပ်သည် မဟုတ်ပါ၊ အကျွန်ုပ်သည်လည်း ထိုအကျိုးတို့ကို သိပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "သီဟ ပေးလှူတတ်သော အလှူရှင်သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှနောက်၌ ကောင်းသောလားရာနတ်ပြည်သို့ ရောက်ရ၏" ဟု အကျွန်ုပ်အား ဟောကြားတော်မူသော ယင်းအကျိုးကိုမူကား အကျွန်ုပ်မသိရပါ၊ ဤအကျိုး၌သာလျှင် မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် တပည့်တော် ဆည်းကပ်ပါ၏"ဟု (လျှောက်၏)။

သီဟ ဤအကျိုးသည် ဤအတိုင်းမှန်၏၊ သီဟ ဤအကျိုးသည် ဤအတိုင်းမှန်၏၊ ပေးလှူတတ်သောအလှူရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာနတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

> ပေးလှူတတ်သူကို (လူအများ) ချစ်ခင်၏၊ လူအပေါင်းတို့ ချဉ်းကပ်ကုန်၏၊ ကျော်စောခြင်းသို့လည်း ရောက်၏၊ အခြံအရံလည်း တိုးပွါး၏၊ နှမြောဝန်တိုမှုကင်းသူသည် မျက်နှာသာယာရွှင်ပျသည်ဖြစ်၍ ရဲရဲဝံ့ဝံ့ ပရိသတ်သို့ သက်ဝင်နိုင်၏။
>
> ထို့ကြောင့်ပင် ချမ်းသာမှုကို ရှာကြံလေ့ရှိသော ပညာရှိတို့သည် နှမြောဝန်တိုမှုအညစ်အကြေးကို ပယ်ဖျောက်၍ အလှူအတန်းတို့ကို ပေးလှူကြကုန်၏၊ ထိုသူတို့သည် ကာလကြာမြင့်စွာ တာဝတိံသာနတ်ပြည်၌ တည်ကြလေကုန်၏၊ ထိုသူတို့သည် တာဝတိံသာနတ်တို့၏ အသင်းဝင်အဖြစ်သို့ရောက်၍ မွေ့လျော်ကြကုန်၏။
>
> အခွင့်အရေးရပြီး ကုသိုလ်ပြုပြီးသူတို့သည် ဤဘဝမှ ရွေ့လျောကုန်သည်ရှိသော် မိမိတို့ကိုယ်အရောင်အဝါဖြင့် လှည့်လည်သွားကြရကုန်၏၊ ထိုသူတို့သည် ထိုနန္ဒဝန်နတ်ဥယျာဉ်၌ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုန်လျက် နှစ်သက်ရကုန်၏၊ မွေ့လျော်ရကုန်၏၊ ဝမ်းမြောက်ရကုန်၏၊ (တဏှာတောင့်တမှုကို) မမှီသော တာဒိဂုဏ်ရှိတော်မူသည့် မြတ်စွာဘုရား၏စကားတော်ကို တပည့်သာဝကတို့သည် လိုက်နာပြုကျင့်၍ နတ်ပြည်၌ မွေ့လျော်ရလေကုန်သတည်း။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဒါနာနိသံသသုတ်

၃၅။ ရဟန်းတို့ အလှူပေးခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လူများစွာတို့ ချစ်ခင်မြတ်နိုးကြ၏။

ငြိမ်သက်သော စိတ်နှလုံးရှိသည့် သူတော်ကောင်းတို့ ချဉ်းကပ်ကြကုန်၏။

ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ထွက်၏။

လူတို့ အကျင့်တရား (ငါးပါးသီလ)မှ မလွတ်ကင်းနိုင်။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးမှ နောက်၌ ကောင်းသော လားရာနတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ အလှူပေးခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သူတော်ကောင်းတို့၏ တရားသို့ အစဉ်လိုက်၍ အလှူပေးသောသူကို ချစ်ခင်ကြ၏၊ ကိုယ်နှုတ်နှလုံးကို စောင့်သုံးလျက် မြတ်သောအကျင့်ကို ကျင့်သုံးကြကုန်သော သူတော်ကောင်းတို့သည် ထိုသူ့ထံသို့ အခါခပ်သိမ်း ချဉ်းကပ်ကြကုန်၏။

ထိုသူတော်ကောင်းတို့သည် (ပေးလှူတတ်သော) ထိုသူအား ဆင်းရဲဒုက္ခအလုံးစုံကို ဖျက်ဆီးတတ်သော မြတ်သောတရားကို ဟောကြားကုန်၏၊ ထိုသူသည် ဤလောက၌ ယင်းတရားကိုသိ၍ အာသဝေါကင်းလျက် ပရိနိဗ္ဗာန်ပြုရလေသတည်း။

ပဉ္စမသုတ်။

---

## ၆-ကာလဒါနသုတ်

၃၆။ ရဟန်းတိ ကာလဒါနတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဧည့်သည် 'အာဂန္တုက' အား အလှူကို ပေးလှူ၏။

ခရီးသည်အား အလှူကို ပေးလှူ၏။

လူနာအား အလှူကို ပေးလှူ၏။

ငတ်မွတ်ခေါင်းပါးသောအခါ၌ အလှူကို ပေးလှူ၏။

ကောက်ဦး သစ်သီးဦးတို့ကို သီလရှိသူတို့အား ရှေးဦးစွာ ပေးလှူ၏။

ရဟန်းတို့ ကာလဒါနတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အလှူခံ၏စကားကို သိတတ်ကုန်သော နှမြောဝန်တိုမှုကင်းသော ပညာရှိတို့သည် လျောက်ပတ်သောအခါ၌ ပေးလှူကြကုန်၏၊ ဖြူစင်ဖြောင့်မတ်သည့် တာဒိဂုဏ်ရှိသော ပုဂ္ဂိုလ်တို့၌ အထူးကြည်လင်သော စိတ်ဖြင့် လျောက်ပတ်သောအခါ၌ ပေးလှူ၏၊ ထိုပုဂ္ဂိုလ်၏ အလှူသည် ပြန့်ပြော၏။

http://www.dhammadownload.com



အကြင်သူတို့သည် ထိုအလှူ၌ ဝမ်းမြောက်လည်း ဝမ်းမြောက်ကြကုန်၏၊ အမှုကြီးငယ် ဝေယျာဝစ္စကို ပြုလည်းပြုလုပ်ကုန်၏၊ ထိုသို့ ဝမ်းမြောက်ခြင်း အမှုကြီးငယ်ကို ပြုခြင်းကြောင့် အလှူသည် မယုတ်မလျော့နိုင်၊ ထိုဝမ်းမြောက်သူ (ဝေယျာဝစ္စ)ပြုသူတို့သည်လည်း ကုသိုလ်၏ အဖို့အစုကို ရကြကုန်၏။

ထို့ကြောင့် တွန့်ဘိုခြင်းကင်းသော စိတ်ရှိသူသည် အလှူပေးသည်ရှိသော် ကြီးကျယ်သော အကျိုးရှိနိုင်မည့် ပုဂ္ဂိုလ်၌ ပေးလှူရာ၏၊ ကောင်းမှုကုသိုလ်တို့သည် တမလွန်ဘဝ၌ သတ္တဝါတို့၏ ထောက်တည်ရာ ဖြစ်ကုန်၏။

ဆဋ္ဌသုတ်။

## ၇-ဘောဇနသုတ်

၃၇။ ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသူသည် အလှူခံပုဂ္ဂိုလ်တို့အား ငါးမျိုးသော အရာဌာနတို့ကို ပေးလှူသည်မည်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသက်ကို ပေးလှူသည် မည်၏။

အဆင်းကို ပေးလှူသည် မည်၏။

ချမ်းသာကို ပေးလှူသည် မည်၏။

ခွန်အားကို ပေးလှူသည် မည်၏။

ပညာကို ပေးလှူသည် မည်၏။

အသက်ကို ပေးလှူသည်မည်ခြင်းကြောင့် နတ်သက်သော်၎င်း လူသက်သော်၎င်း ရှည်ရန်ဖြစ်၏၊ အဆင်းကိုပေးလှူသည်မည်ခြင်းကြောင့် နတ်အဆင်းသော်၎င်း လူအဆင်းသော်၎င်း လှရန် ဖြစ်၏၊ ချမ်းသာကို ပေးလှူသည်မည်ခြင်းကြောင့် နတ်ချမ်းသာသော်၎င်း လူချမ်းသာသော်၎င်း ရရန်ဖြစ်၏၊ ခွန်အားကို ပေးလှူသည်မည်ခြင်းကြောင့် နတ်ခွန်အားသော်၎င်း လူခွန်အားသော်၎င်း ကြီးရန်ဖြစ်၏၊ ပညာကို ပေးလှူသည်မည်ခြင်းကြောင့် နတ်ပညာသော်၎င်း လူပညာသော်၎င်း ရှိရန်ဖြစ်၏။

ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသူသည် အလှူခံပုဂ္ဂိုလ်တို့အား ဤငါးမျိုးသော အရာဌာနတို့ကို ပေးလှူသည်မည်၏ဟု (မိန့်တော်မူ၏)။

ပညာရှိပုဂ္ဂိုလ်သည် အသက်အလှူကို ပေးလှူ၏၊ ခွန်အားအလှူကို ပေးလှူ၏၊ အဆင်းအလှူကို ပေးလှူ၏၊ ပညာအလှူကို ပေးလှူ၏၊ ထက်မြက်သော ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ချမ်းသာကို ပေးလှူ၏၊ ထိုပညာရှိသည် ချမ်းသာကိုရရှိ၏။

အသက်ကို၎င်း ခွန်အားကို၎င်း အဆင်းကို၎င်း ချမ်းသာကို၎င်း ပညာကို၎င်း ပေးလှူသောကြောင့် ဖြစ်လေရာရာဘုံဘဝ၌ အသက်ရှည်ခြင်း အခြံအရံပေါများခြင်း ဖြစ်ရသတည်း။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-သဒ္ဓသုတ်

၃၈။ ရဟန်းတို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသား၌ အာနိသင်တို့သည် ဤငါးမျိုးတို့ တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ငြိမ်သက်သော စိတ်ရှိသော သူတော်ကောင်းတို့သည် သနားစောင့်ရှောက်ကုန်သည် ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသောသူကိုသာလျှင် ရှေးဦးစွာ သနားစောင့်ရှောက်ကုန်၏၊ သဒ္ဓါ တရားနှင့် မပြည့်စုံသောသူကို ထိုကဲ့သို့ မစောင့်ရှောက်ကုန်။

ချဉ်းကပ်ကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသူသို့သာလျှင် ရှေးဦးစွာ ချဉ်းကပ်ကုန်၏၊ သဒ္ဓါတရားနှင့် မပြည့်စုံသူကို ထိုကဲ့သို့ မချဉ်းကပ်ကုန်။

အလှူခံကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသူ၌သာလျှင် ရှေးဦးစွာ အလှူခံကုန်၏၊ သဒ္ဓါတရား မရှိသူ၌ ထိုကဲ့သို့ အလှူမခံကုန်။

တရားဟောကုန်သည်ရှိသော် သဒ္ဓါတရားနှင့် ပြည့်စုံသူကိုသာလျှင် ရှေးဦးစွာ တရား ဟောကြားကုန်၏၊ သဒ္ဓါတရားနှင့် မပြည့်စုံသူကို ထိုကဲ့သို့ မဟောကြားကုန်။

သဒ္ဓါတရားရှိသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရ၏။

ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသောအမျိုးကောင်းသား၌ အာနိသင်တို့သည် ဤငါးမျိုး တို့တည်း။

ရဟန်းတို့ ညီညွတ်သော မြေအပြင်ဝယ် လမ်းလေးခုဆုံရာ၌ ပေါက်ရောက်သော ပညောင်ပင် ကြီးသည် ထက်ဝန်းကျင်မှ ငှက်အပေါင်းတို့၏ မှီခိုရာဖြစ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် သဒ္ဓါ တရားရှိသောအမျိုးကောင်းသားသည် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမဖြစ်ကုန်သော များစွာသော လူအပေါင်း၏ မှီခိုရာဖြစ်၏ဟု (မိန့်တော်မူ၏)။

> အကိုင်းအခက်အရွက်အသီးနှင့် ပြည့်စုံ၍ ပင်စည် လုံးပတ်ကြီးမားပြီးလျှင် အမြစ် အရင်းခိုင်ခံ့လျက် အသီးနှင့် ပြည့်စုံသော သစ်ပင်ကြီးသည် ငှက်အပေါင်းတို့၏ နားနေရာ ဖြစ်သကဲ့သို့။
>
> ပျော်မွေ့ဖွယ်ကောင်း၍ (ငှက်အပေါင်းတို့) စုဝေးရာအရပ်၌ ထိုသစ်ပင်ကြီးကို ငှက်အပေါင်းတို့ မှီဝဲကုန်ဘိသကဲ့သို့ အရိပ်အလိုရှိသော ငှက်တို့သည် အရိပ်သို့ ကပ် ရောက်ကုန်ဘိသကဲ့သို့ အသီးအလိုရှိသော ငှက်တို့သည် အသီးကို စားလျက် သွားကုန် ဘိသကဲ့သို့။
>
> ထို့အတူသာလျှင် သီလနှင့်ပြည့်စုံသော နှိမ့်ချသော အကျင့်ရှိ၍ မခက်မထန်သော တင့်တယ်ကောင်းမြတ်သောအမှု၌ မွေ့လျော်သော ပြေပြစ်နူးညံ့သော သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။

http://www.dhammadownload.com



စွဲမက်မှုရာဂကင်းသော အမျက်ထွက်မှုကင်းသော တွေဝေမှုကင်းသော အာသဝေါ ကင်းစင်မှုကြောင့် လောက၌ ကုသိုလ်ကောင်းမှုစိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုသို့သဘောရှိသူကို မှီဝဲချဉ်းကပ်ကြကုန်၏။

ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ထိုသူအား ဒုက္ခခပ်သိမ်း ပယ်ဖျောက်ကြောင်းဖြစ်သော တရားကို ဟောကြားတော်မူကုန်၏၊ ထိုသူသည် ဤဘဝ၌ ယင်းတရားကို သိရ၍ အာသဝေါ ကင်းလျက် ပရိနိဗ္ဗာန် ပြုရလေသတည်း။

အဋ္ဌမသုတ်။

## ၉--ပုတ္တသုတ်

၃၉။ ရဟန်းတို့ ဤအကြောင်းငါးမျိုးတို့ကို ကောင်းစွာ မြင်သော မိဘတို့သည် အမျိုး၌ ဖြစ်သော သားသမီးကို အလိုရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ငါတို့ မွေးမြူထားသော သားသမီးသည် ငါတို့အား လုပ်ကျွေး မွေးမြူပေလိမ့်မည်။

ငါတို့၏ အမှုကိစ္စကို ပြုလုပ် ပေလိမ့်မည်။

အမျိုးအဆက်သည် ရှည်မြင့်စွာ တည်ပေလိမ့်မည်။

အမွေခံ ဖြစ်ပေလိမ့်မည်။

ထို့ပြင်ဘဝတပါးသို့ ပြောင်းသွားသော ငါတို့အား အလှူ၏အဖို့ကို ပေးဝေကြပေလိမ့်မည်ဟု (အလိုရှိကုန်၏)။

ရဟန်းတို့ ဤအကြောင်းကို ကောင်းစွာရှုမြင်သော မိဘတို့သည် အမျိုး၌ဖြစ်သော သားသမီးတို့ကို အလိုရှိကုန်၏ဟု(မိန့်တော်မူ၏)။

အကြောင်းငါးမျိုးတို့ကို ကောင်းစွာမြင်သည့် ပညာရှိတို့သည် သားသမီးကို အလိုရှိကုန်၏၊ ငါတို့ မွေးမြူသော သားသမီးသည် ငါတို့အား ကောင်းစွာလုပ်ကျွေးမွေးမြူပေလိမ့်မည်၊ငါတို့၏ အမှုကိစ္စကိုလည်း ပြုလုပ်ပေလိမ့်မည်။

အမျိုးအဆက်သည် ကြာမြင့်စွာ တည်ပေလိမ့်မည်၊ အမွေခံ ဖြစ်ပေလိမ့်မည်၊ ထို့ပြင် ကွယ်လွန်သော ငါတို့အား အလှူ၏ အဖို့ကို ပေးဝေကြပေလိမ့်မည်။

ဤအကြောင်းတို့ကို ကောင်းစွာရှုမြင်သည့် ပညာရှိ မိဘတို့သည် သားသမီးကို လိုချင်တောင့်တကြကုန်၏။ ထို့ကြောင့် ပြုဘူးသော ကျေးဇူးကိုသိ၍ သူ့ကျေးဇူး ကို ထင်စွာ ပြုတတ်သော ငြိမ်သက်သော စိတ်ရှိသော သူတော်ကောင်းတို့သည် ရှေးကပြုဘူးသည်ကို အဖန်ဖန် အောက်မေ့လျက် မိဘတို့ကို လုပ်ကျွေးမွေးမြူကြကုန်၏၊ ကျေးဇူးပြုဘူးသူ၏ ကိစ္စကို ပြုလုပ်သကဲ့သို့ ထိုအတူ မိဘတို့၏ အမှုကိစ္စတို့ကို ပြုလုပ်ကုန်၏။

http://www.dhammadownload.com



မိဖတို့ အဆုံးအမကို လိုက်နာလေ့ရှိ၍ မွေးမြူဘူးသော မိဖဘိုအား လုပ်ကျွေး မွေးမြူလေ့ရှိသော အမျိုးအနွယ်ကို မယုတ်စေ၍ သဒ္ဓါတရားရှိသည့် သီလနှင့် ပြည့်စုံသော သားသမီးသည် ချီးမွမ်းထိုက်သူ ဖြစ်ပေသတည်း။

နဝမသုတ်။

## ၁၀-မဟာသာလပုတ္တသုတ်

၄၀။ ရဟန်းတို့ ဟိမဝန္တာတောင်မင်းကို မှီ၍ သစ်ပင်ကြီးတို့သည် ကြီးပွါးခြင်း ငါးမျိုးတို့ဖြင့် ကြီးပွါးကြကုန်၏။

အဘယ်ငါးမျိုးဘို့နည်း ဟူမူ—

အကိုင်း အခက် အရွက် တို့ဖြင့် ကြီးပွါးကုန်၏။

အခေါက်ဖြင့် ကြီးပွါးကုန်၏။

အပွေးဖြင့် ကြီးပွါးကုန်၏။

အကာဖြင့် ကြီးပွါးကုန်၏။

အနှစ်ဖြင့် ကြီးပွါးကုန်၏။

ရဟန်းတို့ ဟိမဝန္တာတောင်မင်းကို မှီ၍ သစ်ပင်ကြီးတို့သည် ဤကြီးပွါးခြင်းငါးမျိုးတို့ဖြင့် ကြီးပွါးကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် သဒ္ဓါတရားရှိသော အမျိုးကောင်းသားကို မှီ၍ အိမ်တွင်းနေ လူအပေါင်းသည် ကြီးပွါးခြင်း ငါးမျိုးတို့ဖြင့် ကြီးပွါး၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါတရားဖြင့် ကြီးပွါး၏။

သီလဖြင့် ကြီးပွါး၏။

အကြားအမြင်ဖြင့် ကြီးပွါး၏။

စွန့်ကြဲခြင်းဖြင့် ကြီးပွါး၏။

ပညာဖြင့် ကြီးပွါး၏။

ရဟန်းတို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသားကို မှီ၍ အိမ်ဘွင်းနေ လူအပေါင်းသည် ဤကြီးပွါးခြင်းငါးမျိုးတို့ဖြင့် ကြီးပွါး၏ဟု(မိန့်တော်မူ၏)။

တောအုပ်ကြီး၌ ရှိသည့် ကျောက်တောင်ကို အမှီပြု၍ တောစိုးသစ်ပင်ကြီးတို့သည် ကြီးပွါးစည်ပင်ကြကုန်သကဲ့သို့။

ထိုအတူ သီလနှင့်ပြည့်စုံ၍ သဒ္ဓါတရားရှိသော ဤအမျိုးကောင်းသားကို မှီ၍ သားမယား တို့သည်၎င်း အဆွေအမျိုး တို့သည်၎င်း မိတ်ဆွေ ခင်ပွန်း တို့သည်၎င်း ဆွေမျိုး အပေါင်းတို့သည်၎င်း ထို အမျိုးသားကို အမှီပြု၍ အသက်မွေးသူတို့ သည်၎င်း သီလစသည်တို့ဖြင့် ကြီးပွါးကြကုန်၏။

http://www.dhammadownload.com



ထိုသီလရှိသူ၏ သီလကိုငင်း စွန့်ကြဲခြင်းကိုငင်း ကောင်းသော အကျင့်စရိုက်တို့ကိုငင်း ကောင်းစွာမြင်ကြရကုန်သည်ဖြစ်၍ အတုလိုက်၍ ပြုလုပ်ကြကုန်၏။

ပညာရှိသူတို့သည် ဤ သာသနာတော်၌ ကောင်းသော လားရာ (သုဂတိ) သို့ သွားရောက်သူတို့၏ လမ်းခရီးသဖွယ်ဖြစ်သော တရားကို ကျင့်ကြကုန်၍ နတ်လောက၌ ကာမဂုဏ်တို့ကို လိုတိုင်းရကုန်လျက် နှစ်နှစ်သက်သက် ဝမ်းမြောက်ရလေကုန်သတည်း။

ဒသမသုတ်။

လေးခုမြောက် သုမနဝဂ် ပြီး၏။

---

## ၅-မုဏ္ဍရာဇဝဂ် ၁-အာဒိယသုတ်

၄၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—

ဒါယကာ စည်းစိမ်ရကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဒါယကာ ဤလောက၌ အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေး ဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်နိုင်၏၊ မိ ဖ တို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာ ဆောင်နိုင်၏၊ သား မယား ကျွန် အမှုလုပ် ယောကျ်ားတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်နိုင်၏။

ဤကား ပဌမ စည်းစိမ် ရကြောင်းတည်း။

ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်နိုင်၏။

ဤကား ဒုတိယ စည်းစိမ် ရကြောင်းတည်း။

ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မီးကြောင့်ငင်း ရေကြောင့်ငင်း မင်းကြောင့်ငင်း ခိုးသူကြောင့်ငင်း မချစ်မနှစ်သက်အပ်သူ အမွေခံဆိုးကြောင့်ငင်း ဖြစ်ပေါ်လာသော ထိုသို့သဘောရှိသော ဘေးရန်တို့၌ ထက်ဝန်းကျင်မှ ပိတ်ဆို့၍ မိမိကိုယ်ကို ချမ်းသာအောင်ပြု၏။

ဤကား တတိယ စည်းစိမ်ရကြောင်းတည်း။

http://www.dhammadownload.com



ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် ဆွေမျိုးတို့အား ပူဇော်ခြင်း ဧည့်သည်တို့အား ပူဇော်ခြင်း ရှေးက သေပြီးသော ဆွေမျိုးတို့အား ပူဇော်ခြင်း မင်းအား ပူဇော်ခြင်း နတ်တို့အား ပူဇော်ခြင်း ဟူသော ငါးပါးသော ပူဇော်ခြင်းကိုပြုလုပ်၏။

ဤကား စတုတ္ထ စည်းစိမ် ရကြောင်းတည်း။

ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မာန်ယစ်ခြင်း မေ့လျော့ခြင်းမှ ကင်းကုန်သော သည်းခံခြင်း ကောင်းသောအမူ၌ မွေ့လျော်ခြင်း၌ တည်ကုန်သော တယောက်တည်းသော မိမိကိုယ်ကို ဆုံးမကုန်သော တခုတည်းသော မိမိစိတ်ကို (ကိလေသာမှ) ငြိမ်းအေးစေကုန်သော တခုတည်းသော မိမိ စိတ်ကို (ကိလေသပရိနိဗ္ဗာန် အားဖြင့်) ငြိမ်းအေးစေကုန်သော သဘောရှိသည့် သမဏ ဗြာဟ္မဏ တို့၌ အထက်ဘုံသို့ သွားကြောင်းဖြစ်သော နတ်ပြည် အစီးအပွါးဖြစ်သော ချမ်းသာကျိုးရှိသော ကောင်းမြတ်သော အာရုံကို ဖြစ်စေတတ်သော မြတ်သော အလှူကို ဖြစ်စေ၏။

ဤကား ပဥ္စမ စည်းစိမ် ရကြောင်းတည်း။

ဒါယကာ စည်းစိမ်ရကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

ဒါယကာ စည်းစိမ်ရကြောင်း ငါးမျိုးကို ရသော ထိုအရိယာတပည့်အား အကယ်၍ စည်းစိမ်တို့သည် ကုန်ခြင်းသို့ ရောက်ခဲ့မူ "ငါသည် စင်စစ် စည်းစိမ်ရကြောင်းတို့ကိုလည်း ရယူ၏၊ ငါ၏ စည်းစိမ်တို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏" ဟု စိတ်အကြံဖြစ်၏။

ဤသို့လျှင် ထို အရိယာတပည့်အား နှလုံးသာယာခြင်း ဖြစ်၏။

ဒါယကာ စည်းစိမ်ရကြောင်းငါးမျိုးတို့ကို ရယူသော ထိုအရိယာတပည့်အား အကယ်၍ စည်းစိမ်တို့သည် တိုးပွါးခဲ့မူ "ငါသည် စင်စစ်စည်းစိမ်ရကြောင်းတို့ကို ရယူ၏၊ ငါ၏ စည်းစိမ်တို့သည်လည်း တိုးပွါးခြင်းသို့ ရောက်ကုန်၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့လျှင် ထိုအရိယာတပည့်အား နှစ်ပါးသော အခြင်းအရာဖြင့်ပင် နှလုံးသာယာခြင်းဖြစ်၏ဟု (မိန့်တော်မူ၏)။

> ငါသည် စည်းစိမ်တို့ကို သုံးဆောင်ခဲ့ပြီ၊ (မိဖတို့ကို) လုပ်ကျွေးခဲ့ပြီ၊ သားမယားတို့ကို မွေးမြူခဲ့ပြီ၊ ဘေးရန်တို့ကို လွန်မြောက်ခဲ့ပြီ၊ အထက်နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို ပေးလှူခဲ့ပြီ၊ ထို့ပြင် ငါးမျိုးသော ပူဇော်မှုကိုလည်း ပြုခဲ့ပြီ၊ သီလရှိကုန် (ကိုယ် နှုတ် နှလုံး) စောင့်သုံးကုန်သော မြတ်သောအကျင့်ကို ကျင့်သုံးသူတို့အား လုပ်ကျွေးခဲ့ပြီ။
>
> အိမ်၌ နေသော ပညာရှိသည် အကြင်အကျိုးငှါ စည်းစိမ်ဥစ္စာတို့ကို အလိုရှိရာ၏၊ ထိုအကျိုးသည် ငါ့အား အစဉ်ဆိုက်ရောက်လေပြီ၊ နောက်တဖန် မပူပန်ရသော အမှုကို ငါ ပြုခဲ့ပေပြီ။
>
> ဤသို့ အဖန်ဖန်အောက်မေ့သော လူဖြစ်သူ သတ္တဝါသည် အရိယာတို့၏တရား၌ တည်၏၊ ထိုသူကိုဤဘဝ၌ပင် ချီးမွမ်းကြကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၂—သပ္ပုရိသသုတ်

၄၂။ ရဟန်းတို့ အမျိုး၌ သူတော်ကောင်းဖြစ်ထွန်းသည်ရှိသော် များစွာသော လူအပေါင်း၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏။ အမိအဖတို့၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ သားမယား၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ ကျွန်အမှုလုပ်၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ အဆွေခင်ပွန်းတို့၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ သမဏ ဗြာဟ္မဏတို့၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏။

ရဟန်းတို့ ကြီးစွာသော မိုးသည် ခပ်သိမ်းသော ကောက်စပါးတို့ကို ကောင်းစွာ ပြည့်စုံစေသည် ဖြစ်၍ လူများစွာ၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် အမျိုး၌ သူတော်ကောင်း ဖြစ်ထွန်းသည်ရှိသော် များစွာသော လူအပေါင်း၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန်ဖြစ်၏၊ အမိအဖတို့၏ အကျိုးရှိရန် အစီး အပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ သားမယား၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ ကျွန်အမှုလုပ်၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်၏၊ အဆွေခင်ပွန်းတို့၏ အကျိုးရှိရန် အစီးအပွါးဖြစ်ရန် ချမ်းသာရန်ဖြစ်၏။ သမဏ ဗြာဟ္မဏတို့၏ အကျိုးရှိရန် အစီးအပွါး ဖြစ်ရန် ချမ်းသာရန်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

> အကျိုးစီးပွါးကို ရွက်ဆောင်သူသည် လူများစွာတို့၏ စည်းစိမ်ကို ဖြစ်စေ၏၊ တရား စောင့်၍ အကြားအမြင် များသော အကျင့်သီလနှင့် ပြည့်စုံသော ထိုသူတော်ကောင်းကို နတ်အပေါင်းသည် စောင့်ရှောက်၏၊ တရား၌တည်သူကို ကျော်စောထင်ရှားခြင်းသည် မစွန့်လွှတ်နိုင်။
>
> တရား၌တည်သော သီလနှင့်ပြည့်စုံသော မှန်သောစကားကို ဆိုလေ့ရှိသော မကောင်းမှုမှ ရှက်သောစိတ်ရှိသော ထိုသူကို တနိက္ခရွှေ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အဘယ်သူသည် ကဲ့ရဲ့ခြင်းငှါ ထိုက်ပါအံ့နည်း၊ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာကလည်း ချီးမွမ်း၏။

ဒုတိယသုတ်။

---

## ၃-ဣဋ္ဌသုတ်

၄၃။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဒါယကာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သည် ဖြစ်၍ လောက၌ ရခဲသောတရားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ် ငါးမျိုးတို့နည်း ဟူမူ—

ဒါယကာ အသက်ရှည်ခြင်းသည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်၍ လောက၌ ရခဲ၏၊ အဆင်းလှခြင်းသည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်၍ လောက၌ ရခဲ၏၊ ချမ်းသာခြင်းသည်

http://www.dhammadownload.com



အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်၍ လောက၌ ရခဲ၏၊ အခြံအရံများခြင်းသည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်၍ လောက၌ ရခဲ၏၊ နတ်ပြည်တို့သည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်၍ လောက၌ ရခဲကုန်၏။

ဒါယကာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်၍ လောက၌ ရခဲသော တရားတို့သည် ဤငါးမျိုးတို့တည်း။

ဒါယကာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်၍ လောက၌ ရခဲသော ဤတရားငါးမျိုးတို့ကို (နှုတ်ဖြင့်) တောင့်တခြင်းဟူသော အကြောင်းကြောင့် ၎င်း (စိတ်ဖြင့်) တောင့်တခြင်းဟူသောအကြောင်းကြောင့် ၎င်း ရ၏ဟု ငါမဆို။

ဒါယကာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်၍ လောက၌ ရခဲသော ဤတရားငါးမျိုးတို့ကို(နှုတ်ဖြင့်) တောင့်တခြင်းဟူသော အကြောင်းကြောင့်သော်၎င်း (စိတ်ဖြင့်) တောင့်တခြင်းဟူသော အကြောင်းကြောင့်သော်၎င်း ရသည်ဖြစ်ခဲ့မူ ဤလောက၌ အဘယ်သူသည် အဘယ်သို့သော အရာမှ ယုတ်လျော့နိုင်တော့အံ့နည်း။

ဒါယကာ အရိယာတပည့်သည် အသက်ရှည်ခြင်းကို အလိုရှိသည်ဖြစ်၍ အသက်ရှည်ခြင်းကို (နှုတ်ဖြင့်) တောင့်တခြင်းငှါ၎င်း (စိတ်ဖြင့်) နှစ်သက်ခြင်းငှါ၎င်း မထိုက်၊ ဒါယကာ အသက်ရှည်ခြင်း၏အကြောင်းကြောင့်လည်း အသက်ရှည်လိုသော အရိယာတပည့်သည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သည့် အကျင့်ကို ကျင့်ရမည်၊ မှန်၏၊ ထိုအရိယာတပည့်သည် ကျင့်အပ်သောအသက်ရှည်ခြင်းကို ဖြစ်စေတတ်သည့် အကျင့်သည် အသက်ရှည်ရန်ဖြစ်၏၊ထိုသူသည် နတ်သက်ရှည်ခြင်းကို သော်၎င်း လူသက်ရှည်ခြင်းကိုသော်၎င်း ရနိုင်၏။

ဒါယကာ အရိယာတပည့်သည် အဆင်းလှခြင်းကို အလိုရှိသည်ဖြစ်၍ အဆင်းလှခြင်းကို (နှုတ်ဖြင့်) တောင့်တခြင်းငှါ၎င်း (စိတ်ဖြင့်) နှစ်သက်ခြင်းငှါ၎င်း မထိုက်၊ ဒါယကာအဆင်းလှခြင်း၏ အကြောင်းကြောင့်လည်း အဆင်းလှလိုသော အရိယာတပည့်သည် အဆင်းလှခြင်းကို ဖြစ်စေတတ်သည့် အကျင့်ကို ကျင့်ရမည်၊ မှန်၏၊ ထိုအရိယာတပည့်သည် ကျင့်အပ်သော အဆင်းလှခြင်းကို ဖြစ်စေတတ်သည့် အကျင့်သည် အဆင်းလှရန်ဖြစ်၏၊ ထိုသူသည် နတ်အဆင်းလှခြင်းကို သော်၎င်း လူအဆင်းလှခြင်းကိုသော်၎င်း ရနိုင်၏။

ဒါယကာ အရိယာတပည့်သည် ချမ်းသာကို အလိုရှိသည်ဖြစ်၍ ချမ်းသာကို(နှုတ်ဖြင့်)တောင့်တခြင်းငှါ၎င်း (စိတ်ဖြင့်) နှစ်သက်ခြင်းငှါ၎င်း မထိုက်၊ ဒါယကာ ချမ်းသာခြင်း၏ အကြောင်းကြောင့်လည်း ချမ်းသာကိုလိုသော အရိယာတပည့်သည် ချမ်းသာကို ဖြစ်စေတတ်သည့် အကျင့်ကိုကျင့်ရမည်၊ မှန်၏၊ထိုအရိယာတပည့်သည် ကျင့်အပ်သော ချမ်းသာစေတတ်သော အကျင့်သည် ချမ်းသာကိုရခြင်းငှါဖြစ်၏၊ထိုသူသည် နတ်ချမ်းသာကိုသော်၎င်း လူချမ်းသာကိုသော်၎င်း ရနိုင်၏။

ဒါယကာ အရိယာတပည့်သည် အခြံအရံကို အလိုရှိသည်ဖြစ်၍ အခြံအရံကို (နှုတ်ဖြင့်) တောင့်တခြင်းငှါ၎င်း၊ (စိတ်ဖြင့်) နှစ်သက်ခြင်းငှါ၎င်း မထိုက်၊ ဒါယကာ အခြံအရံများခြင်း၏ အကြောင်းကြောင့်လည်း အခြံအရံကိုလိုသော တပည့်သည် အခြံအရံကို ဖြစ်စေတတ်သည့် အကျင့်ကို ကျင့်ရမည်၊ မှန်၏၊ထိုအရိယာတပည့်သည် ကျင့်အပ်သောအခြံအရံကို ဖြစ်စေတတ်သည့် အကျင့်သည် အခြံအရံကို ရခြင်းငှါဖြစ်၏၊ ထိုသူသည် နတ်အခြံအရံကိုသော်၎င်း လူအခြံအရံကို သော်၎င်း ရနိုင်၏။

http://www.dhammadownload.com



ဒါယကာ အရိယာတပည့်သည် နတ်ပြည်သို့ ရောက်လိုသည်ဖြစ်၍ နတ်ပြည်ကို (နှုတ်ဖြင့်) တောင့်တခြင်းငှါရင်း (စိတ်ဖြင့်) နှစ်သက်ခြင်းငှါရင်း မထိုက်၊ ဒါယကာ နတ်ပြည်တို့၏ အကြောင်း ကြောင့်လည်း နတ်ပြည်ကို လိုသော အရိယာတပည့်သည် နတ်ပြည်၌ ဖြစ်စေတတ်သည့် အကျင့်ကို ကျင့်ရမည်၊ မှန်၏၊ ထိုအရိယာတပည့်သည် ကျင့်အပ်သော နတ်ပြည်၌ဖြစ်စေတတ်သည့် အကျင့်သည် နတ်ပြည်ကို ရခြင်းငှါဖြစ်၏၊ ထိုသူသည် နတ်ပြည်တို့ကို ရနိုင်၏ဟု (မိန့်တော်မူ၏)။

အသက် ရှည်ခြင်းကိုရင်း အဆင်းလှခြင်းကိုရင်း အခြံအရံများခြင်းကိုရင်း ကျော်စော ခြင်းကိုရင်း နတ်ပြည်သို့ ရောက်ခြင်းကိုရင်း မြင့်မြတ်သော အမျိုးရှိသည်၏အဖြစ်ကိုရင်း အဆင့်ဆင့် မြင့်မြတ်သော မွေ့လျော်ဖွယ်တို့ကိုရင်း တောင့်တသော အမျိုးကောင်းသား သည် (ကောင်းမှုကုသိုလ်တို့၌ မမေ့မလျော့ရာ)။

ကောင်းမှုတို့၌ မမေ့မလျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကုန်၏၊ မမေ့မလျော့သော ပညာရှိသည် အကျိုးနှစ်ပါးတို့ကို ရနိုင်၏။

မျက်မှောက် ဘဝ၌ ဖြစ်သော အကျိုးစီးပွါး တမလွန် ဘဝ၌ဖြစ်သော အကျိုးစီးပွါး ဟူသော အကျိုးနှစ်ပါးကိုရခြင်းကြောင့် ပညာရှိကို ပဏ္ဍိတဟူ၍ ဆိုအပ်၏။

တတိယသုတ်။

---

## ၄-မနာပဒါယီသုတ်

၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ငါ ကိ်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏၊ ထိုစဉ်အခါ မြတ်စွာဘုရားသည် နံက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်အိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏၊ ထိုအခါ ဝေသာလီပြည်သား ဥဂ္ဂ သူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာ ဘုရားအား အသျှင်ဘုရား "နှစ်ခြိုက်ဖွယ် (ဝတ္ထု)ကိုပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး)ကို ရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာ ရဘူး ပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်။

အသျှင်ဘုရား အကျွန်ုပ်၏ အင်ကြင်းပွင့်အဆင်းရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ် ရှိပါသည်၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုခဲဖွယ်ကို ခံယူ တော်မူပါဟု လျှောက်၏။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

အသျှင်ဘုရား "နှစ်ခြိုက်ဖွယ် (ဝတ္ထု)ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး) ကိုရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံရယူဘူးပါသည်၊ အသျှင်ဘုရား အကျွန်ုပ်၏ ဆီးသီးဖြင့် စီမံထားသော ဝက်သားဟင်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနားစောင့် ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုဟင်းကို ခံယူတော်မူပါဟု (လျှောက်၏)။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

http://www.dhammadownload.com



အသျှင်ဘုရား "နှစ်ခြိုက်ဖွယ်(ဝတ္ထု) ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး) ကို ရ၏"ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်၊ အသျှင်ဘုရား အကျွန်ုပ်၏ ကန်စွန်းရွက် ဆီပြန်ကြော်သည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုကန်စွန်းရွက် ဆီပြန်ကြော်ကို ခံယူတော်မူပါဟု (လျှောက်၏)။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

အသျှင်ဘုရား "နှစ်ခြိုက်ဖွယ်(ဝတ္ထု)ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး) ကို ရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်၊ အသျှင်ဘုရား ဆန်မည်းကို ရွေးချယ်ပြီး၍ များစွာသော အရည်သောက် ဟင်းနှင့် စားမဲ ဟင်းလျာရှိသော အကျွန်ုပ်၏ သလေးဆွမ်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုသလေးဆွမ်းကို ခံယူတော်မူပါဟု (လျှောက်၏)။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

အသျှင်ဘုရား "နှစ်ခြိုက်ဖွယ်(ဝတ္ထု) ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး)ကို ရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်၊ အသျှင်ဘုရား အကျွန်ုပ်၏ ကာသိကတိုင်းဖြစ် အဝတ်တို့သည် နှစ်ခြိုက်ဖွယ်ရှိပါကုန်၏၊မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်တို့ကို ခံယူတော်မူပါဟု (လျှောက်၏)။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

အသျှင်ဘုရား "နှစ်ခြိုက်ဖွယ် (ဝတ္ထု)ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်(အကျိုး)ကို ရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်၊ အသျှင်ဘုရား အကျွန်ုပ်၏ ပလ္လင် မွေးရှည်ကော်ဇောကြီး ပန်းပြောက်ခြယ်သားမွေး အခင်း ဝံပိုင်ရေအခင်း (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏။

အသျှင်ဘုရား အကျွန်ုပ်တို့သည်လည်း"ဤအရာဝတ္ထုများသည် စင်စစ်အားဖြင့် မြတ်စွာဘုရားအား မအပ်"ဟုသိပါကုန်၏။

အသျှင်ဘုရား အကျွန်ုပ်တို့၏ ဤစန္ဒကူးနှစ် ထိုက်ခိုးသည် တသိန်းကျော်တန်ပါ၏၊ အကျွန်ုပ်၏ ထိုအသုံးအဆောင်ဝတ္ထုတို့ကို မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါဟု (လျှောက်၏ )။

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို ဤအနုမောဒနာဂါထာဖြင့် ကောင်းချီးပေးတော်မူ၏။

http://www.dhammadownload.com



"နှစ်ခြိုက်ဖွယ် (ဝတ္ထု) ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး) ကို ရရှိနိုင်၏၊ အကြင်သူသည် ဖြောင့်မတ်သော ရဟန္တာပုဂ္ဂိုလ်တို့၌ လိုလိုချင်ချင်အားဖြင့် အဝတ်ကိုငွင်း အိပ်ရာနေရာကိုငွင်း ဆွမ်းဘောဇဉ်အဖျော်ကိုငွင်း အထူးထူးသော ပစ္စည်းတို့ကိုငွင်း ပေးလှူ၏။

လယ်ယာမြေကောင်းနှင့်တူကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို သိ၍ စွန့်အပ်လွတ်အပ် ချီးမြှောက်အပ်၏၊ နှစ်ခြိုက်ဖွယ်ကို ပေးလှူသော ထိုသူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်၍ နှစ်ခြိုက်ဖွယ်အကျိုးကို ရ၏"ဟု (ကောင်းချီးပေးတော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို ဤအနုမောဒနာစကားဖြင့် ကောင်းချီးပေးတော်မူပြီးလျှင် နေရာမှ ထကာ ဖဲခွါကြွသွားတော်မူ၏။

ထို့နောက် အခါတပါး၌ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် ကွယ်လွန်လေ၏။

ကွယ်လွန်လေပြီးသော ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည်ကား (ဈာန်) စိတ်ဖြင့်ပြီးသော တခုသော (သုဒ္ဓါဝါသ) ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထိုစဉ်အခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ညဉ့်ဦးယံ လွန်ပြီးသော(သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းအလုံးကို ထိန်လင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်နေသော ဥဂ္ဂဗြဟ္မာကို မြတ်စွာဘုရားသည်—

"ဥဂ္ဂ အသို့နည်း သင့်အား အလိုအတိုင်း ပြည့်စုံ၏လော"ဟု မိန့်တော်မူ၏။

အသျှင်ဘုရား တပည့်တော်အား အလိုအတိုင်း စင်စစ် ပြည့်စုံပါ၏ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဥဂ္ဂဗြဟ္မာကို ဂါထာတို့ဖြင့် ဟောကြားတော်မူ၏။

"နှစ်ခြိုက်ဖွယ်ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်ကို ရ၏၊ မွန်မြတ်သည်ကို ပေးလှူသူသည် တဖန် မွန်မြတ်သည်ကို ရ၏၊ တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကို ရ၏၊ ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့် (ဌာန) သို့ ရောက်ရလေ၏။

အကြင်သူသည် အထွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ တောင့်တအပ်သော ဝတ္ထုကို ပေးလှူလေ့ရှိ၏၊ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ အသက်ရှည်ခြင်း အခြံအရံများခြင်းဖြင့်ရ၏" ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပုညာဘိသန္ဒသုတ်

၄၅။ ရဟန်းတို့ ဤငါးမျိုးသော ကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် ချမ်းသာကို ဆောင်တတ်ကုန်၏၊ ကောင်းမြတ်သော အာရုံကို ပေးတတ်ကုန်၏၊ ချမ်းသာကျိုးရှိကုန်၏၊ နတ်

http://www.dhammadownload.com



ပြည့်၌ ဖြစ်စေတတ်ကုန်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ အကြင် ဒါယကာ၏ သင်္ကန်းကို ဝတ်ရုံသုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော (အရဟတ္တဖိုလ်) စိတ်နှင့်ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုသူ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အာရုံကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည့်၌ ဖြစ်စေတတ်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ် အလို့ငှါ အစီးအပွါး အလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ အကြင် ဒါယကာ၏ ဆွမ်းကို ဘုဉ်းပေးသုံးဆောင်သော ရဟန်းသည်။ ပ ။

ရဟန်းတို့ အကြင် ဒါယကာ၏ ကျောင်းကို နေထိုင်သုံးဆောင်သော ရဟန်းသည်။ ပ ။

ရဟန်းတို့ အကြင် ဒါယကာ၏ ညောင်စောင်း အင်းပျဉ်ကို နေထိုင်သုံးဆောင်သော ရဟန်းသည်။ ပ ။

ရဟန်းတို့ အကြင်ဒါယကာ၏ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို မှီဝဲသုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော (အရဟတ္တဖိုလ်) စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုသူ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အာရုံကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည့်၌ ဖြစ်စေတတ်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ် အလို့ငှါ အစီးအပွါး အလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ ဤ ငါးမျိုးသော ကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် ချမ်းသာကို ဆောင်တတ်ကုန်၏၊ ကောင်းမြတ်သော အကျိုးကို ဖြစ်စေတတ်ကုန်၏၊ ချမ်းသာကျိုးရှိကုန်၏၊ နတ်ပြည့်၌ ဖြစ်စေတတ်ကုန်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ် အလို့ငှါ အစီးအပွါး အလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ ဤ ငါးမျိုးသော ကောင်းမှုအထု ကုသိုလ်အယဉ်တို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှု အတိုင်းအရှည်ပမာဏကို "ဤမျှသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အကျိုးကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည့်၌ ဖြစ်စေတတ်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ် အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏"ဟူ၍ ရေတွက်ခြင်းငှါ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကြီးစွာသော ကောင်းမှုကုသိုလ် အစု ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ "ဤမျှလောက် ကွမ်းစားပမာဏရှိ ရေတို့"ဟူ၍၎င်း "ဤမျှလောက် ကွမ်းစားအရာ ပမာဏရှိ ရေတို့"ဟူ၍၎င်း "ဤမျှလောက် ကွမ်းစားအထောင် ပမာဏရှိ ရေတို့"ဟူ၍၎င်း "ဤမျှလောက် ကွမ်းစားအသိန်း ပမာဏရှိ ရေတို့"ဟူ၍၎င်း ရေ၏ပမာဏကို ယူခြင်းငှါ မလွယ်ကူချေ၊ စင်စစ်အားဖြင့် မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကြီးစွာသော ရေအစုဟူ၍

http://www.dhammadownload.com



သာလျှင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ထိအတူသာလျှင် "ဤမျှလောက်သော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အာရုံကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည်၌ ဖြစ်စေတတ်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏" ဟူ၍ ဤ ငါးမျိုးသော ကောင်းမှုအထု ကုသိုလ်အယဉ်တို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှု ပမာဏကို ရေတွက်ခြင်းငှါ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော ကြီးစွာသော ကောင်းမှုကုသိုလ် အစုဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

ရေမျာ;စွာကို ဆောင်တတ်သော(ကွမ်းစား အစရှိသည်ဖြင့်)မနှိုင်းယှဉ်အပ်သော ပြင်းထန်သော အသံရှိသော မျာ;စွာ ကြောက်မက်ဖွယ် အာရုံရှိသော ရတနာ အပေါင်းတို့၏ တည်ရာလည်းဖြစ်သော သမုဒ္ဒရာသို့ လူပေါင်းမျာ;စွာတို့ မှီခိုရာဖြစ်၍ တသွင်သွင် စီးနေသော မြောက်မြားစွာသော မြစ်တို့သည် စီးဝင်ကပ်ရောက်ကုန် သကဲ့သို့—

ဤ အတူ ထမင်းအဖျော် အဝတ်ပုဆိုးကို ပေးလှူတတ်သော အိပ်ရာနေရာတို့ကို ၎င်း အိပ်ရာလွှမ်းကို၎င်း ပေးလှူတတ်သော ပညာရှိသို့ ရေကို ဆောင်တတ်ကုန်သော မြစ်တို့သည် သမုဒ္ဒရာသို့ စီးဝင်ကုန်သကဲ့သို့ ကောင်းမှု အယဉ်တို့သည် (စီးဝင်) ကပ်ရောက်လေကုန်သတည်း။

ပဌမသုတ်။

## ၆-သမ္ပဒါသုတ်

၄၆။ ရဟန်းတို့ ပြည့်စုံခြင်း 'သမ္ပဒါ' တို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါ၏ ပြည့်စုံခြင်း၊ သီလ၏ ပြည့်စုံခြင်း၊ သုတ၏ ပြည့်စုံခြင်း၊ စာဂ၏ ပြည့်စုံခြင်း၊ ပညာ၏ ပြည့်စုံခြင်း တို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်း 'သမ္ပဒါ' တို့သည် ဤ ငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဓနသုတ်

၄၇။ ရဟန်းတို့ ဥစ္စာတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ် ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဥစ္စာ၊ သီလဥစ္စာ၊ သုတဥစ္စာ၊ စာဂဥစ္စာ၊ ပညာဥစ္စာ တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ သဒ္ဓါဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

"ထို မြတ်စွာဘုရားသည်။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာ လေးပါးကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု ယုံကြည်၏၊ ရဟန်းတို့ ဤသည်ကို သဒ္ဓါဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သီလဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသည်ကို သီလဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သုတဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကြားအမြင်များ၏။ပ။ အကြားအမြင် (ပညာ)ဖြင့် ကောင်းစွာ ထိုးထွင်း၍သိ၏။

ရဟန်းတို ဤသည်ကို သုတဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စာဂဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းဘို့ ဤသာသနာတော်၌ အရိယာတပည့်သည် ဝန်တိုမှုအညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ဆေးကြောပြီးသော လက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊ အတောင်းခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏။

ရဟန်းတို့ ဤသည်ကို စာဂဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ပညာဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်ခြင်း ပျက်ခြင်းကို သိသော ကိလေသာတို့ ဖောက်ခွဲ ဖျက်ဆီးနိုင်သော ဆင်းရဲမှုကုန်ရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသည်ကို ပညာဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဥစ္စာတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

> အကြင်သူ၏ ယုံကြည်မှု(သဒ္ဓါ)သည် မြတ်စွာဘုရား၌ မတုန်မလှုပ် ကောင်းမွန်စွာတည်၏၊ အကြင်သူ၏ သီလသည် ကောင်းမြတ်၏၊ အရိယာပုဂ္ဂိုလ်တို့နှစ်သက်အပ်၏၊ ချီးမွမ်းအပ်သည်လည်း ဖြစ်၏။
>
> အကြင်သူအား သံဃာ၌ ကြည်ညိုခြင်းသည်ငှ်း ဖြောင့်မတ်သည်ဖြစ်၍ဖြစ်သော ဉာဏ်အမြင်သည်ငှ်း ရှိ၏၊ ထိုသူကို မဆင်းရဲသော သူဟူ၍ ဆိုကုန်၏၊ ထိုသူ၏ အသက်ရှင်ခြင်းကား အချည်းနှီး မဟုတ်ချေ။

http://www.dhammadownload.com



ထို့ကြောင့် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို အောက်မေ့သော ပညာရှိသည် သဒ္ဓါကိုရင်း သီလကိုရင်း ကြည်ညိုခြင်းကိုရင်း တရားသိမြင်ခြင်းကိုရင်း အဖန်ဖန် အားထုတ်ရာသတည်း။

သတ္တမသုတ်။

---

## ၈-ဌာနသုတ်

၄၈။ ရဟန်းတို့ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အိုတတ်သော သဘောတရားသည် "မအိုပါစေလင့်"ဟု သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာပေတည်း။

နာတတ်သော သဘောတရားသည် "မနာဖျားစေလင့်"ဟူ၍။ပ။

သေတတ်သော သဘောတရားသည် "မသေပါစေလင့်"ဟူ၍။ပ။

ကုန်တတ်သော သဘောတရားသည် "မကုန်ဆုံးပါစေလင့်"ဟူ၍။ပ။

ပျက်စီးတတ်သော သဘောတရားသည် "မပျက်စီးပါစေလင့်"ဟူ၍ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာပေတည်း။

ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်အား အိုတတ်သော သဘောတရားသည် အို ခဲ့၏၊ အိုတတ်သော သဘောတရား အိုသည်ရှိသော် ထိုပုထုဇဉ်သည် ဤသို့မဆင်ခြင်နိုင်။

"အိုတတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ အိုသည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (တပါးသော ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေ နေခြင်းရှိသည့် သတ္တဝါဟူသမျှအားလုံး တို့အား အိုတတ်သော သဘောတရားသည် အို၏၊ အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏။ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူဘို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေဘို့လည်း ဝမ်းနည်းကုန်ရာ၏" ဟု (မဆင်ခြင်နိုင်)။

အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ထိုပုထုဇဉ်သည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး ငိုမြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏။

ရဟန်းတို့ အကြားအမြင်နည်းပါးသော ဤပုထုဇဉ်ပုဂ္ဂိုလ်ကို အဆိပ်ရှိသော သောက ကြောင့် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကိုပင်လျှင် ပူပန်စေတတ်သူဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား အကြားအမြင်မရှိသော ပုထုဇဉ်အား နာတတ်သော သဘော တရားသည် နာခဲ့၏။ပ။သေတတ်သော သဘောတရားသည် သေခဲ့၏။ပ။ ကုန်တတ်သော သဘောတရားသည် ကုန်ခဲ့၏။ပ။ ပျက်တတ်သော သဘောတရားသည် ပျက်ခဲ့၏၊ ပျက်တတ် သော သဘောတရားသည် ပျက်သည်ရှိသော် ထိုပုထုဇဉ်သည် ဤသို့မဆင်ခြင်နိုင်။

"ပျက်တတ်သော သဘောတရားသည် ငါ့တယောက်တည်းအားသာ ပျက်သည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (တပါးသော ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှအားလုံးတို့အား ပျက်တတ်သော သဘောတရားသည် ပျက်၏၊ ပျက်တတ်သော သဘောတရားသည် ပျက်စီးသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏"ဟူ၍ (မဆင်ခြင်နိုင်)။

ပျက်တတ်သော သဘောတရား ပျက်သည်ရှိသော် ထိုပုထုဇဉ်သည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏။

ရဟန်းတို့ အကြားအမြင်နည်းပါးသော ဤပုထုဇဉ်ပုဂ္ဂိုလ်ကို အဆိပ်ရှိသော သောကငြောင့် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကိုပင်လျှင် ပူပန်စေတတ်သူဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာဖြစ်သော တပည့်အား အိုတတ်သော သဘော တရားသည် အိုခဲ့မူ အိုတတ်သော သဘောတရား အိုသည်ရှိသော် ထိုအရိယာတပည့်သည် ဤသို့ ဆင်ခြင်၏။

"အိုတတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ အိုသည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (တပါးသော ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့အား အိုတတ်သော သဘောတရားသည် အို၏၊ အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏" ဟု (ဆင်ခြင်၏)။

အိုတတ်သော သဘောတရား အိုသည်ရှိသော် ထိုအရိယာတပည့်သည် မပူဆွေး မပင်ပန်း မငိုကြွေး ရင်ပတ်စည်တီး မမြည်တမ်း တွေဝေခြင်းသို့ မရောက်။ ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို အဆိပ်ရှိသော သောကငြောင့်ကို ထုတ်နုတ်သူဟူ၍ ဆိုအပ်၏။ ယင်းငြောင့် စူးဝင်သော အကြားအမြင်နည်းပါးသော ပုထုဇဉ်သည် မိမိကိုယ်ကိုပင်လျှင် ပူလောင်စေ၏၊ သောကငြောင့် မစူးဝင်သော အရိယာတပည့်သည် မိမိကိုယ်ကိုပင်လျှင် ငြိမ်းအေးစေ၏။

ရဟန်းတို့ နောက်တမျိုးကား အကြားအမြင်ရှိသော အရိယာတပည့်အား နာတတ်သော သဘောတရားသည် နာခဲ့၏။ပ။

http://www.dhammadownload.com



သေတတ်သော သဘောတရားသည် သေခဲ့၏။ပ။ ကုန်တတ်သော သဘောတရားသည် ကုန်ခဲ့၏။ပ။ ပျက်တတ်သော သဘောတရားသည် ပျက်ခဲ့၏၊ ပျက်တတ်သော သဘောတရား ပျက်သည်ရှိသော် ထိုအရိယာတပည့်သည် ဤသို့ ဆင်ခြင်နိုင်၏။

"ပျက်တတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ ပျက်သည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (တပါးသော ဘုံဘဝသို့)သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှအားလုံးတို့အား ပျက်တတ်သော သဘောတရားသည် ပျက်၏၊ ပျက်တတ်သောသဘောတရားပျက်သည်ရှိသော်ငါသည်သာပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီးမြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏" ဟု(ဆင်ခြင်၏)။

**ပျက်တတ်သော သဘောတရား ပျက်စီးသည်ရှိသော် ထိုအရိယာတပည့်သည် မပူဆွေး မပင်ပန်း မငိုကြွေး ရင်ပတ်စည်တီး မမြည်တမ်း တွေဝေခြင်းသို့ မရောက်။**

ရဟန်းတို့ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို အဆိပ်ရှိသော သောကငြောင့်ကို ထုတ်နုတ်သောသူဟူ၍ ဆိုအပ်၏။

ယင်း သောကငြောင့် စူးဝင်သော အကြားအမြင်နည်းပါးသော ပုထုဇဉ်သည် မိမိကိုယ်ကိုပင်လျှင် ပူလောင်စေ၏၊ သောကငြောင့် မစူးဝင်သော အရိယာတပည့်သည် မိမိကိုယ်ကိုပင်လျှင် ငြိမ်းအေးစေ၏။

ရဟန်းတို့ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍မရကောင်းသော အရာတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဤလောက၌ ပူဆွေးခြင်း ငိုကြွေးခြင်းဖြင့် အကျိုးအနည်းငယ်မျှလည်း စင်စစ်မရနိုင်၊ ပူဆွေးဆင်းရဲသော ထိုသူကို ရန်သူတို့သိ၍ ဝမ်းမြောက်ကုန်၏။

အကြင်အခါ၌ကား အကြောင်းကို ဆုံးဖြတ်ခြင်း၌ သိသော ပညာရှိသည် ဘေးရန်တို့ကြောင့် မတုန်မလှုပ်၊ (ထိုအခါ၌) ရန်သူတို့သည် ထိုပညာရှိပုဂ္ဂိုလ်၏ ရှေးမူအတိုင်း မဖောက်ပြန်သော မျက်နှာကို တွေ့မြင်ရ၍ ဆင်းရဲကုန်၏။

ဂုဏ်ကျေးဇူးကို ချီးမွမ်းသဖြင့်ဖြစ်စေ တန်ခိုးရှိသော မန္တာန်ကို ရွတ်အံသရဇ္ဈာယ်သဖြင့်ဖြစ်စေ ကောင်းမွန်သော စကားကို ပြောဆို၍ ဖြစ်စေ တံဆိုးလက်ဆောင် ပေးသဖြင့်ဖြစ်စေ မျိုးရိုးစဉ်ဆက်ကို ပြသဖြင့်ဖြစ်စေ အကျိုးရနိုင်သမျှအရာ၌ အားထုတ်ရာ၏။

ငါသော်၎င်း အခြားသူသော်၎င်း (မအိုခြင်း စသော) ထိုအကျိုးကို မရအပ်ဟူ၍ အကယ်၍ သိခဲ့မူ ငါသည် ဝဋ်၌ တည်နေစေသော ကံကိုမြဲမြံစွာအားထုတ်အပ်ပြီ၊ယခုအခါ၌ အဘယ်သို့လျှင် ပြုတော့အံ့နည်း ဟု ဆင်ခြင်၍ ပူဆွေးခြင်း မရှိပဲ သည်းခံရာသတည်း။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ကောသလသုတ်

၄၉။ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

(ထိုအခါ မလ္လိကာ မိဖုရားသည် သေဆုံးလေ၏)။

ထိုအခါ မင်းချင်းယောကျ်ား တယောက်သည် ပသေနဒီကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ ပသေနဒီကောသလမင်းကြီး၏ နားရင်းသို့ ကပ်လျက်—

"မင်းမြတ် မလ္လိကာမိဖုရားကြီး နတ်ရွာစံပါပြီ" ဟု သံတော်ဦးတင်၏။

ဤသို့ သံတော်ဦးတင်သော် ပသေနဒီကောသလမင်းသည် ဆင်းရဲခြင်းရှိသည် စိတ်မကောင်းသည် ကျသော ပခုံးရှိသည်ဖြစ်၍ မျက်နှာအောက်ချလျက် ကြံမှိုင်ကာ စကားမပြောပဲ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကို ဆင်းရဲခြင်းရှိသည် စိတ်မကောင်းသည် ကျသောပခုံးရှိသည်ဖြစ်၍ မျက်နှာအောက်ချလျက် ကြံမှိုင်ကာ စကားမပြောပဲ နေသည်ကို သိတော်မူ၍ ပသေနဒီကောသလမင်းအား မင်းကြီး သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အိုတတ်သော သဘောတရားသည် "မအိုပါစေလင့်" ဟု တောင့်တ၍ မရကောင်းသော အရာ ပေတည်း။ပ။

ပူဆွေး ငိုကြွေးခြင်းဖြင့် အကျိုးအနည်းငယ်မျှမရနိုင်။ပ။ ကံကိုမြဲမြံစွာ အားထုတ်အပ်ပြီ၊ ယခု အခါ၌ အသို့လျှင် ပြုအံ့နည်းဟု ဆင်ခြင်၍ ပူဆွေးခြင်း မရှိပဲ သည်းခံရာ၏ ဟု မိန့်တော်မူ၏။

နဝမသုတ်။

## ၁၀-နာရဒသုတ်

၅၀။ အခါတပါး၌ အသျှင်နာရဒမထေရ်သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ နေတော်မူ၏၊ ထိုအခါမုဏ္ဍမင်း၏ချစ်အပ်မြတ်နိုးအပ်သော ဘဒ္ဒါမိဖုရားသည် သေလေ၏၊ ထိုမုဏ္ဍမင်းသည် ချစ်အပ်မြတ်နိုးအပ်သော မိဖုရားဘဒ္ဒါ သေဆုံးသောကြောင့် ရေလည်း မချိုး၊ နံ့သာလည်း မလိမ်းကျံ၊ပွဲတော်လည်း မတည်၊တိုင်းရေးပြည်မှု ကိစ္စကိုလည်း မစီရင် မလုပ်ဆောင်၊နေ့ရောညဉ့်ပါ မိဖုရားဘဒ္ဒါ၏ အလောင်း၌ လွန်စွာ တပ်မက်မောခြင်းဖြင့် မိန်းမော တွေဝေ၏။

ထိုအခါ မုဏ္ဍမင်းသည် ရွှေတိုက်စိုး ပိယကကို (ခေါ်၍) အမိန့်ပေး၏။

http://www.dhammadownload.com



"အချင်းပိယက ထိုသို့ သေလွန်လေသောကြောင့် ဘဒ္ဒါမိဖုရား၏ အလောင်းကို သံဖြင့်ပြုလုပ်သော ဆီပြည့်သောခေါင်း၌ ထည့်စိမ်၍ သံခေါင်းတခုဖြင့် ဖုံးအုပ်လေလော့၊ ယင်းသို့ထည့်ထားခြင်းဖြင့် မိဖုရားဘဒ္ဒါ၏၊ အလောင်းကို ငါတို့ကြာမြင့်စွာ ရှုမြင်ရကုန်အံ့" ဟု (အမိန့်ပေး၏)။

ရွှေတိုက်စိုး ပိယကသည် "မင်းမြတ် ကောင်းပါပြီ" ဟု မုဏ္ဍမင်း၏စကားကို ဝန်ခံပြီးလျှင် ဘဒ္ဒါမိဖုရား၏ အလောင်းကို သံဖြင့်ပြုလုပ်ထားသော ဆီပြည့်သော ခေါင်း၌ ထည့်စိမ်၍ သံခေါင်းတခုဖြင့် ဖုံးထား၏ ထိုအခါရွှေတိုက်စိုး ပိယကအား ဤသို့အကြံဖြစ်၏—

"ဤမုဏ္ဍမင်း၏ ချစ်အပ်မြတ်နိုးအပ်သော ဘဒ္ဒါမိဖုရားသည် သေခဲ့၏၊ ထိုမင်းသည် မိမိချစ်အပ်မြတ်နိုးအပ်သော ဘဒ္ဒါမိဖုရားသေဆုံးသောကြောင့် ရေလည်းမချိုး၊ နံ့သာလည်း မလိမ်းကျံ၊ ပွဲတော်လည်း မတည်၊ တိုင်းရေး ပြည်မှုကိုလည်း မစီရင် မလုပ်ဆောင်၊ နေ့ရောညဉ့်ပါ မိဖုရားဘဒ္ဒါ၏ ကိုယ်ကောင်၌ လွန်စွာတပ်မက်ခြင်းဖြင့် မှိန်းမောတွေဝေနေ၏၊ တရားကိုကြားနာရသော် သောကငြောင့်ကို ပယ်စွန့်နိုင်စေသည့် အဘယ်သမဏဗြာဟ္မဏသို့ မုဏ္ဍမင်းသည် ချဉ်းကပ်သင့်ပါသနည်း" ဟု (အကြံဖြစ်၏)။

ထိုနောက် ရွှေတိုက်စိုး ပိယကအား ဤသို့ အကြံဖြစ်ပြန်၏။

"ဤအသျှင်နာရဒမထေရ်သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရာမ်ကျောင်း၌ 'သီတင်းသုံး' နေတော်မူ၏၊ ထိုအသျှင်နာရဒမထေရ်၏ ကောင်းသော ကျော်စောသံသည် ဤသို့ပြန့်နှံ့၍ထွက်၏—

'(အသျှင်နာရဒသည်) ပညာရှိ၏၊ ကျွမ်းကျင်လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်စွာ ပြောဆိုတတ်၏၊ ကောင်းသော ပဋိဘာန်ရှိ၏၊ အသက်သိက္ခာလည်းကြီး၏၊ ရဟန္တာလည်း ဖြစ်၏' ဟု (ပြန့်နှံ့၍ထွက်၏)။

မုဏ္ဍမင်းသည် အကယ်၍ အသျှင်နာရဒမထေရ်ကို ဆည်းကပ်ခဲ့လျှင် အသျှင်နာရဒမထေရ်၏ စကားကိုကြားနာရ၍ သောက ငြောင့်ကို နုတ်ပယ်နိုင်ကောင်း နုတ်ပယ်နိုင်ရာ၏" ဟု (အကြံဖြစ်၏)။

ထိုအခါ ရွှေတိုက်စိုး ပိယကသည် မုဏ္ဍမင်း စံနေရာသို့ ချဉ်းကပ်၍ မုဏ္ဍမင်းအား ဤသို့ သံတော်ဦးတင်၏—

"မင်းမြတ် ဤအသျှင်နာရဒမထေရ်သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရာမ်ကျောင်း၌ (သီတင်းသုံး) နေတော်မူပါ၏၊ ထိုအသျှင်နာရဒ၏ ကောင်းသော ကျော်စောသံသည်လည်း ဤသို့ပြန့်နှံ့၍ထွက်ပါ၏—

'(အသျှင်နာရဒသည်) ပညာရှိ၏၊ ကျွမ်းကျင်လိမ္မာ၏၊ ထက်မြက်သောဉာဏ်ရှိ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်စွာ ပြောဆိုတတ်၏၊ ကောင်းသော ပဋိဘာန်ရှိ၏၊ အသက်သိက္ခာလည်းကြီး၏၊ ရဟန္တာလည်းဖြစ်၏' ဟု (ပြန့်နှံ့၍ထွက်ပါ၏)။

အသျှင်မင်းမြတ်သည် အသျှင်နာရဒမထေရ်ကို ဆည်းကပ်ခဲ့လျှင် အသျှင်နာရဒမထေရ်၏တရားစကားကို ကြားနာရ၍ သောကငြောင့်ကို နုတ်ပယ်နိုင်ရာပါ၏" ဟု (လျှောက်တင်လေ၏)။

အချင်းပိယက သို့ဖြစ်လျှင် အသျှင်နာရဒမထေရ်ကို ကြိုတင်လျှောက်ကြားသိစေပါလော့။

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေထိုင်သော သမဏ ဗြာဟ္မဏကို ရှေးဦးစွာ ကြိုတင် မသိစေပဲ ချဉ်းကပ်သင့်သည်ဟု အသို့လျှင် မှတ်ယူနိုင်အံ့နည်း" ဟု (မိန့်ဆိုလေ၏)။

http://www.dhammadownload.com



"မင်းမြတ် ကောင်းပါပြီ"ဟူ၍ ရွှေတိုက်စိုးပိယကသည် မုဏ္ဍမင်း၏ စကားကို ဝန်ခံခဲ့၍ အသျှင်နာရဒ မထေရ်ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေလျက် အသျှင်နာရဒမထေရ်အား—

အသျှင်ဘုရား ဤမုဏ္ဍမင်း၏ ချစ်အပ်မြတ်နိုးအပ်သော မိဖုရားဘဒ္ဒါသည် နတ်ရွာစံခဲ့ပါ၏၊ ထိုမင်းသည် ချစ်အပ် မြတ်နိုးအပ်သော မိဖုရား ဘဒ္ဒါ သေဆုံးသောကြောင့် ရေလည်း မချိုး၊ နံ့သာလည်း မလိမ်းကျံ၊ ပွဲတော်ကိုလည်း မတည်၊ တိုင်းရေးပြည်မှုကိစ္စတို့ကိုလည်း မစီရင် မလုပ်ဆောင်၊ နေ့ရော ညဉ့်ပါ ဘဒ္ဒါမိဖုရား၏ အလောင်း၌ လွန်စွာ တပ်မက်မောခြင်းဖြင့် မိန်းမော တွေဝေ နေပါ၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်နာရဒ၏ တရားတော်ကို ကြားနာရ၍ သောကငြောင့်ကို မုဏ္ဍမင်း ပယ်နုတ်နိုင်လောက်သော အခြင်းအရာအားဖြင့် တရား ဟောတော်မူပါလော့ဟု လျှောက်လေ၏။

ပိယက ယခုအခါ၌ မုဏ္ဍမင်းသည် တရားနာရန် အချိန်ကို သိ၏။ (တရားနာရန်မှာ မုဏ္ဍမင်း၏ အလိုအတိုင်းပင် ဖြစ်၏)ဟု (မိန့်တော်မူ၏)။

ထိုအခါ ရွှေတိုက်စိုးပိယကသည် နေရာမှထ၍ အသျှင်နာရဒကို ရှိခိုးပြီးလျှင် အရိုအသေ ပြုလျက် မုဏ္ဍမင်းထံသို့ ချဉ်းကပ်၍ မုဏ္ဍမင်းအား—

"မင်းမြတ် အသျှင်နာရဒမထေရ် အခွင့်ပြုအပ်ပါပြီ၊ယခုအခါ၌ သွားရန် အချိန်ကို အသျှင်မင်းမြတ် သိပါ၏၊ (သွားရန်မှာ အသျှင်မင်းမြတ်၏ အလိုအတိုင်းပင်ဖြစ်ပါသည်)"ဟု လျှောက်တင်၏။

အချင်းပိယက သို့ဖြစ်လျှင် ကောင်းကုန် ကောင်းကုန်သော ယာဉ်ရထားတို့ကို ပြင်ဆင်လော့ဟု(အမိန့်ပေးလေ၏)။

"မင်းမြတ် ကောင်းပါပြီ"ဟု ရွှေတိုက်စိုးပိယကသည် မုဏ္ဍမင်း၏ စကားကို ဝန်ခံခဲ့၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်ရထားတို့ကို ပြင်ဆင်၍ မုဏ္ဍမင်းအား—

"မင်းမြတ် ကောင်းကုန် ကောင်းကုန်သော ယာဉ်ရထားတို့ကို ပြင်ဆင်ပြီးပါပြီ၊မင်းမြတ်သည် ယခုအခါ၌ သွားရန်အချိန်ကို သိတော်မူပါ၏၊ (သွားရန်မှာ အသျှင်မင်းမြတ်၏ အလိုအတိုင်း ဖြစ်ပါသည်)"ဟု လျှောက်တင်၏။

ထိုအခါ မုဏ္ဍမင်းသည် ကောင်းသောယာဉ်ကို တက်စီး၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ဖြင့် ကုက္ကုဋာရာမ်ကျောင်းတိုက်သို့ အသျှင်နာရဒမထေရ်ကို ဖူးမြော်ရန် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ကြွသွားတော်မူ၏။

ယာဉ်ဖြင့် သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှ ဆင်းသက်ပြီးသော် ခြေကျင်သာလျှင် ကျောင်းတိုက်သို့ ဝင်လေ၏။

ထို့နောက် အသျှင်နာရဒထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော မုဏ္ဍမင်းအား အသျှင်နာရဒမထေရ်သည် ဤစကားကို မိန့်တော်မူ၏။

မင်းကြီး သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာတို့သည် ဤငါးမျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အိုဘတ်သော သဘောတရားသည် "မအိုပါစေလင့်"ဟု သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာတည်း။

နာတတ်သော သဘောတရားသည်"မနာပါစေလင့်"ဟူ၍ ။ပ။

သေတတ်သော သဘောတရားသည်"မသေပါစေလင့်"ဟူ၍ ။ပ။

ကုန်တတ်သော သဘောတရားသည်"မကုန်ဆုံးပါစေလင့်"ဟူ၍ ။ပ။

ပျက်စီးတတ်သော သဘောတရားသည်"မပျက်စီးပါစေလင့်"ဟူ၍ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရကောင်းသော အရာတည်း။

မင်းကြီး အကြားအမြင်မရှိသော ပုထုဇဉ်အား အိုတတ်သော သဘောတရားသည် အိုခဲ့၏၊အိုဘတ်သော သဘောတရား အိုသည်ရှိသော် ထိုပုထုဇဉ်သည် ဤသို့မဆင်ခြင်နိုင်။

"အိုတတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ အိုသည် မဟုတ်၊ စင်စစ်မူကား(ဤဘုံဘဝသို့)လာခြင်း(တပါးသော ဘုံဘဝသို့)သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်း ရှိသည့် သတ္တဝါဟူသမျှအားလုံးတို့အား အိုတတ်သော သဘောတရားသည် အို၏၊အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်ရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏"ဟု (မဆင်ခြင်နိုင်)။

အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ထိုပုထုဇဉ်သည် ပူဆွေး၏၊ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏၊ မင်းကြီး အကြားအမြင်နည်းပါးသော ဤပုထုဇဉ်ပုဂ္ဂိုလ်ကို အဆိပ်ရှိသော သောကငြောင့် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကိုပင်လျှင် ပူပန်စေတတ်သူဟူ၍ ဆိုအပ်၏။

မင်းကြီး နောက်တမျိုးကား အကြားအမြင်မရှိသော ပုထုဇဉ်အား နာတတ်သော သဘောတရားသည် နာခဲ့၏။ပ။ သေတတ်သော သဘောတရားသည် သေခဲ့၏။ပ။ ကုန်တတ်သော သဘောတရားသည် ကုန်ခဲ့၏။ပ။ ပျက်တတ်သော သဘောတရားသည် ပျက်ခဲ့၏၊ ပျက်တတ်သော သဘောတရားသည် ပျက်သည်ရှိသော် ကိုပုထုဇဉ်သည် ဤသို့မဆင်ခြင်နိုင်။

"ပျက်တတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ ပျက်သည်မဟုတ်၊ စင်စစ်မူကား(ဤဘုံဘဝသို့)လာခြင်း(တပါးသော ဘုံဘဝသို့)သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှအားလုံးတို့အား ပျက်တတ်သော သဘောတရားသည် ပျက်၏၊ ပျက်တတ်သော သဘောတရားသည် ပျက်စီးသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း

http://www.dhammadownload.com



မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏''ဟု (မဆင်ခြင်နိုင်)။

ပျက်တတ်သော သဘောတရား ပျက်သည်ရှိသော် ထိုပုထုဇဉ်သည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏၊ မင်းကြီး အကြားအမြင် နည်းပါးသော ဤပုထုဇဉ်ကို အဆိပ်ရှိသော သောကငြောင့် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကို ပင်လျှင် ပူပန်စေတတ်သူဟူ၍ ဆိုအပ်၏။

မင်းကြီး အကြားအမြင်ရှိသော အရိယာ တပည့်အား အိုတတ်သော သဘောတရားသည် အိုခဲ့၏၊အိုတတ်သော သဘောတရား အိုသည်ရှိသော် ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်၏။

''အိုတတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ အိုသည်မဟုတ်၊ စင်စစ် မူကား(ဤဘုံဘဝသို့)လာခြင်း(တပါးသော ဘုံဘဝသို့)သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်း ရှိသည့် သတ္တဝါဟူသမျှအားလုံးတို့အား အိုတတ်သော သဘောတရားသည် အို၏၊အိုတတ်သော သဘောတရားသည် အိုသည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ် စည်တီး မြည်တမ်းခဲ့မူ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်ရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ။ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏''ဟု(ဆင်ခြင်၏)။

အိုတတ်သော သဘောတရား အိုသည်ရှိသော် ထိုအရိယာတပည့်သည် မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ပတ်စည်တီး မမြည်တမ်း၊ တွေဝေခြင်းသို့ မရောက်၊ မင်းကြီး အကြားအမြင်ရှိသော ဤအရိယာတပည့်ကို အဆိပ်ရှိသော သောကငြောင့်ကို ထုတ်နုတ်သူဟူ၍ ဆိုအပ်၏၊ ယင်းသောက ငြောင့်စူးဝင်သော အကြားအမြင်နည်းပါးသော ပုထုဇဉ်သည် မိမိကိုယ်ကိုပင်လျှင် ပူလောင်စေ၏၊ သောကငြောင့် မစူးဝင်သော အရိယာတပည့်သည် မိမိကိုယ်ကိုပင်လျှင် ငြိမ်းအေးစေ၏။

မင်းကြီး နောက်တမျိုးကား အကြားအမြင်ရှိသော အရိယာတပည့်အား နာတတ်သော သဘောတရားသည် နာခဲ့၏။ပ။ သေတတ်သော သဘောတရားသည် သေခဲ့၏။ပ။ ကုန်တတ်သော သဘောတရားသည် ကုန်ခဲ့၏။ပ။ ပျက်စီးတတ်သော သဘောတရားသည် ပျက်စီးခဲ့၏၊ ပျက်စီး တတ်သော သဘောတရား ပျက်သည်ရှိသော် ထိုအရိယာတပည့်သည် ဤသို့ ဆင်ခြင်နိုင်၏။

''ပျက်တတ်သော သဘောတရားသည် ငါတယောက်တည်းအားသာ ပျက်သည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (တပါးသော ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေ နေခြင်းရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့အား ပျက်တတ်သော သဘောတရားသည် ပျက်၏၊ ပျက်တတ်သော သဘောတရား ပျက်သည်ရှိသော် ငါသည်သာ ပူဆွေးခဲ့မူ ပင်ပန်းခဲ့မူ ငိုကြွေးခဲ့မူ ရင်ပတ်စည်တီး မြည်တမ်းခဲ့မူ တွေဝေခြင်းသို့ ရောက်ခဲ့မူ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်ရာ၏၊ အလုပ်အကိုင်တို့လည်း မဖြစ်နိုင်ကုန်ရာ၊ ရန်သူတို့လည်း ဝမ်းမြောက်ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏''ဟု (ဆင်ခြင်နိုင်၏)။

ပျက်တတ်သော သဘောတရား ပျက်သည်ရှိသော် ထိုအရိယာတပည့်သည် မပူဆွေး၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီး မငိုညည်း မမြည်တမ်း၊ တွေဝေခြင်းသို့ မရောက်။

http://www.dhammadownload.com



မင်းကြီး အကြားအမြင်ရှိသော ဤအရိယာ တပည့်ကို အဆိပ်ရှိသော သောကငြောင့်ကို ထုတ်နုတ်သော သူဟူ၍ ဆိုအပ်၏၊ ယင်း သောကငြောင့် စူးဝင်သော အကြားအမြင် နည်းပါးသော ပုထုဇဉ်သည် မိမိကိုယ်ကိုပင်လျှင် ပူလောင်စေ၏၊ သောကငြောင့် မစူးဝင်သော အရိယာတပည့်သည် မိမိကိုယ်ကိုပင်လျှင် ငြိမ်းအေးစေ၏။

မင်းကြီး သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောကဌ် မည်သူမဆို တောင့်တ၍ မရကောင်းသောအရာတို့သည် ဤငါးမျိုးတို့ပင်တည်းဟု မိန့်တော်မူ၏။

ဤလောက၌ ပူဆွေးခြင်း ငိုကြွေးခြင်းဖြင့် အကျိုးအနည်းငယ်မျှကိုလည်း စင်စစ် မရနိုင်၊ ပူဆွေးဆင်းရဲသော ထိုသူကို ရန်သူတို့ သိ၍ ဝမ်းမြောက်ကုန်၏။

အကြင်အခါ၌ကား အကြောင်းကို ဆုံးဖြတ်ခြင်း၌ သိသောပညာရှိသည် ဘေးရန်တို့ကြောင့် မတုန် မလှုပ်၊ (ထိုအခါ၌) ရန်သူတို့သည် ထိုပညာရှိပုဂ္ဂိုလ်၏ ရှေးမူအတိုင်း မဖောက်ပြန်သော မျက်နှာကို တွေ့မြင်၍ ဆင်းရဲကုန်၏။

ဂုဏ်ကျေးဇူးကို ချီးမွမ်းသဖြင့်ဖြစ်စေ တန်ခိုးရှိသော မန္တန်ကို ရွတ်အံသရဇ္ဈာယ်သဖြင့်ဖြစ်စေ ကောင်းမွန်သောစကားကို ပြောဆို၍ဖြစ်စေ တံဆိုးလက်ဆောင် ပေးသဖြင့်ဖြစ်စေ မျိုးရိုးစဉ်ဆက်ကို ပြသဖြင့်ဖြစ်စေ အကျိုးရနိုင်သမျှ အရာ၌ အားထုတ်ရာ၏။

ငါသော်၎င်း အခြားသူသော်၎င်း (မအိုခြင်း စသော) ထိုအကျိုးကို မရအပ်ဟူ၍ အကယ်၍ သိခဲ့မူ ငါသည် ဝဋ်၌ တည်နေစေသော ကံကို မြဲမြံစွာ အားထုတ်အပ်ပြီး ခဲ့ပြီ၊ ယခုအခါ၌ အဘယ်သို့လျှင် ပြုတော့အံ့နည်းဟု ဆင်ခြင်၍ ပူဆွေးခြင်းမရှိပဲ သည်းခံရာ၏။

ဤသို့ ဟောကြားတော်မူသည်ရှိသော် မုဏ္ဍမင်းသည် အရှင်နာရဒအား "အသျှင်ဘုရား ဤတရားဒေသနာသည် အဘယ်အမည်ရှိပါသနည်း"ဟု လျှောက်၏။

မင်းကြီး ဤတရားဒေသနာသည် သောကငြောင့်ကို ထုတ်နုတ်ကြောင်းဖြစ်၍ သောကသလ္လဟရဏ မည်၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရား သောကငြောင့်ကို ထုတ်ဆောင်တတ်သည် စင်စစ် မှန်ပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤ တရားတော်ကို ကြားနာရ၍ သောကငြောင့်ကို နုတ်ပယ်ပြီးပါပြီဟု (လျှောက်၏)။

ထိုနောက် မုဏ္ဍမင်းသည် ရွှေတိုက်စိုးပိယကကို ခေါ်၍—

"အချင်းပိယက ထိုသို့ သောကကင်းပြီဖြစ်သောကြောင့် မိဖုရားဘဒ္ဒါ၏ အလောင်းကို မီးသဂြိုဟ်လော့၊ ထိုမိဖုရား၏ (အရိုးပြာကို) စေတီတည်ထားလေလော့၊ ယနေ့မှစ၍ ငါတို့သည် ရေလည်းချိုးကုန်အံ့၊ နံ့သာလည်း လိမ်းကျံကုန်အံ့၊ ပွဲတော်ကိုလည်း တည်ကုန်အံ့၊ တိုင်းရေးပြည်မှုတို့ကိုလည်း စီရင်လုပ်ဆောင်ကြကုန်အံ့"ဟု (မိန့်ဆိုလေသတည်း)။

ဒသမသုတ်။

ငါးခုမြောက် မုဏ္ဍရာဇဝဂ် ပြီး၏။

**ပဌမသုတ် ငါးဆယ် ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၂–ဒုတိယပဏ္ဏာသက

## ၂–ဒုတိယ သုတ်ငါးဆယ်

### (၆) ၁–နီဝရဏဝဂ် ၁–အာဝရဏသုတ်

၅၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်း တို့"ဟူ၍ ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟူ၍ မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ထိုစကားတော်ကို မိန့်တော်မူ၏—

ရဟန်းတို့ ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကို လွှမ်းမိုးတတ် ပညာ၏ အားနည်းခြင်းကို ပြုတတ် သော တရားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ကာမဂုဏ်၌ လိုလားမှု 'ကာမစ္ဆန္ဒ' သည် ပိတ်ဆို့တတ်၏၊ ပိတ်ပင်တတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာ၏ အားနည်းခြင်းကို ပြုတတ်၏။

ရဟန်းတို့ ပျက်စီးစေလိုမှု 'ဗျာပါဒ'သည် ပိတ်ဆို့တတ်၏၊ ပိတ်ပင်တတ်၏၊ စိတ်ကိုလွှမ်းမိုး တတ်၏၊ ပညာ၏ အားနည်းခြင်းကို ပြုတတ်၏။

ရဟန်းတို့ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'သည် ပိတ်ဆို့တတ်၏၊ ပိတ်ပင်တတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာ၏ အားနည်းခြင်းကို ပြုတတ်၏။

ရဟန်းတို့ ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တပူပန်မှု 'ကုက္ကုစ္စ'သည် ပိတ်ဆို့တတ်၏၊ ပိတ်ပင်တတ်၏ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာ၏ အားနည်းခြင်းကို ပြုတတ်၏။

ရဟန်းတို့ မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'သည် ပိတ်ဆို့တတ်၏၊ပိတ်ပင်တတ်၏၊ စိတ်ကိုလွှမ်းမိုးတတ်၏၊ ပညာ၏ အားနည်းခြင်းကို ပြုတတ်၏။

ရဟန်းတို့ ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကို လွှမ်းမိုးတတ် ပညာ၏ အားနည်းခြင်းကို ပြုတတ်သော တရားတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ထိုရဟန်းသည် စင်စစ်ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကို လွှမ်းမိုးတတ် ပညာ၏ အားနည်းခြင်းကို ပြုတတ်သော ဤတရားငါးမျိုးတို့ကို မပယ်မူ၍ အားမရှိသော အားနည်းသော ပညာဖြင့် မိမိအကျိုးကိုလည်း သိလိမ့်မည်၊ သူတပါးအကျိုးကိုလည်း သိလိမ့်မည်၊ အကျိုးနှစ်ပါး စုံကိုလည်း သိလိမ့်မည်၊ လူတို့၏ (ကုသိုလ် ကမ္မပထ) တရားထက် လွန်မြတ်သော (ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော) မြတ်သော ဉာဏ်အမြင်အထူးကိုလည်း မျက်မှောက်ပြုနိုင်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ။

http://www.dhammadownload.com



ရဟန်းတို့ အဝေးသို့ စီးဆင်းသွားသော တောင်ကျမြစ်သည် လျင်မြန်သော ရေအယဉ်ရှိသည် ဖြစ်၍ ဆောင်ယူတိုက်ခိုက်အပ်သည်တို့ကို ဆောင်ယူတိုက်ခိုက်သွားလေရာ၏၊ ယောကျ်ားသည် ထိုမြစ်၏ ကမ်းပါးနှစ်ဖက်မှ မြောင်းဝတို့ကို တူးဖောက် ဖွင့်လှစ်ရာ၏၊ ရဟန်းတို့ ဤသို့ တူးဖောက် ဖွင့်လှစ်ထားသည်ရှိသော် မြစ်လယ်ရှိ ထိုရေအယဉ်သည် ဖရိုဖရဲ ကွဲပြားပြန့်နှံ့လျက် အထူးထူး အပြားပြား ယူအပ်သည် ဖြစ်ရကား အဝေးသို့ စီးသွားခြင်းလည်း မဖြစ်ရာ၊ လျင်မြန်သော ရေအယဉ်လည်း မဖြစ်ရာ၊ ဆောင်ယူတိုက်ခိုက်အပ်သည်တို့ကို ဆောင်ယူတိုက်ခိုက်သွားသည်လည်း မဖြစ်ရာ။

ရဟန်းတို့ ဤအတူသာလျှင် စင်စစ်အားဖြင့် ထိုရဟန်းသည် ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကိုလွှမ်းမိုးတတ် ပညာ၏အားနည်းခြင်းကို ပြုတတ်သော ဤတရားငါးမျိုးတို့ကို မပယ်မူ၍ အားမရှိသော အားနည်းသော ပညာဖြင့် မိမိအကျိုးကိုလည်း သိလိမ့်မည်၊ သူတပါး၏ အကျိုးကိုလည်း သိလိမ့်မည်၊ အကျိုးနှစ်ပါးစုံကိုလည်း သိလိမ့်မည်၊ လူတို့၏ (ကုသိုလ်ကမ္မပထ) တရားထက်လွန်မြတ်သော (ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော)မြတ်သော ဉာဏ်အမြင် အထူးကိုလည်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိ။

ရဟန်းတို့ ထိုရဟန်းသည် စင်စစ် ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကို လွှမ်းမိုးတတ် ပညာ၏ အားနည်းခြင်းကိုပြုတတ်သော ဤတရားငါးမျိုးတို့ကို ပယ်၍ အားရှိသောပညာဖြင့် မိမိအကျိုးကို လည်း သိလိမ့်မည်၊ သူတပါးအကျိုးကိုလည်း သိလိမ့်မည်၊ နှစ်ပါးစုံသော အကျိုးကိုလည်း သိလိမ့်မည်၊ လူတို့၏(ကုသိုလ်ကမ္မပထ)တရားထက် လွန်မြတ်သော(ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော) မြတ်သောဉာဏ်အမြင်အထူးကိုလည်း မျက်မှောက်ပြုနိုင်လိမ့်မည် ဟူသော ဤ အကြောင်းမျိုးသည် ရှိ၏။

ရဟန်းတို့ အဝေးသို့ စီးဆင်းသွားသော တောင်ကျမြစ်သည် လျင်မြန်သော ရေအယဉ်ရှိသည် ဖြစ်၍ ဆောင်ယူတိုက်ခိုက်အပ်သည်တို့ကို ဆောင်ယူတိုက်ခိုက်သွားလေရာ၏၊ ယောကျ်ားသည် ထိုမြစ်၏ ကမ်းပါးနှစ်ဖက်မှ မြောင်းဝတို့ကို ပိတ်ရာ၏၊ ရဟန်းတို့ ဤသို့ပိတ်သည်ရှိသော် မြစ်လယ်ရှိ ထိုရေအယဉ်သည် ဖရိုဖရဲ မကွဲပြား မပြန့်နှံ့ အထူးထူး အပြားပြား မယူအပ်သည်ဖြစ်ရကား အဝေးသို့ စီးသွားခြင်းလည်း ဖြစ်ရာ၏၊ ဆောင်ယူတိုက်ခိုက်အပ်သည်တို့ကို ဆောင်ယူတိုက်ခိုက် သွားခြင်းလည်းဖြစ်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် စင်စစ် အားဖြင့် ထိုရဟန်းသည် ပိတ်ဆို့တတ် ပိတ်ပင်တတ် စိတ်ကို လွှမ်းမိုးတတ် ပညာ၏အားနည်းခြင်းကို ပြုတတ်သော ဤတရားငါးမျိုးတို့ကို ပယ်၍ အားရှိသော ပညာဖြင့် မိမိအကျိုးကိုလည်း သိလိမ့်မည်၊ သူတပါး အကျိုးကိုလည်း သိလိမ့်မည်၊ အကျိုးနှစ်ပါး စုံကိုလည်း သိလိမ့်မည်၊ လူတို့၏ (ကုသိုလ် ကမ္မပထ)တရားထက် လွန်မြတ်သော (ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော)မြတ်သော ဉာဏ်အမြင်အထူးကိုလည်း မျက်မှောက် ပြုနိုင်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် ရှိ၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၂-အကုသလရာသိသုတ်

၅၂။ ရဟန်းတို့ "အကုသိုလ်အစု"ဟူ၍ဆိုသော သူသည် ကောင်းစွာ ဆိုလိုမူ နီဝရဏ ငါးမျိုး တို့ကို ဆိုရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအလုံးစုံသော အကုသိုလ်အစုဟူသည် ယင်း နီဝရဏ ငါးမျိုးတို့ပင်တည်း။

အဘယ်ငါးမျိုးတို့နည်း-ဟူမူ—

ကာမဂုဏ်ကို လိုလားမှုဟူသော ပိတ်ပင်တတ်သော တရား 'ကာမစ္ဆန္ဒနီဝရဏ'။

ပျက်စီးစေလိုမှု ဟူသော ပိတ်ပင်တတ်သော တရား 'ဗျာပါဒနီဝရဏ'။

လေးလံထိုင်းမှိုင်းမှု ဟူသော ပိတ်ပင်တတ်သော တရား 'ထိနမိဒ္ဓနီဝရဏ'။

ပျံ့လွင့်မှု နောင်တပူပန်မှုဟူသော ပိတ်ပင်တတ်သော တရား 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'။

မဝေခွဲနိုင်မှု ဟူသော ပိတ်ပင်တတ်သော တရား 'ဝိစိကိစ္ဆာနီဝရဏ'တို့တည်း။

ရဟန်းတို့"အကုသိုလ်အစု"ဟူ၍ ဆိုသောသူသည် ကောင်းစွာဆိုလိုမူ ဤနီဝရဏတရားငါးမျိုးတို့ကို ဆိုရာ၏။

ရဟန်းတို့ ဤအလုံးစုံသော အကုသိုလ်အစုဟူသည် ယင်း နီဝရဏ ငါးမျိုးတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဓာနိယင်္ဂသုတ်

၅၃။ ရဟန်းတို့(ကမ္မဋ္ဌာန်း)အားထုတ်သော ပုဂ္ဂိုလ်၏(ပြည့်စုံရမည့်အကြောင်း)အင်္ဂါတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်မှု'သဒ္ဓါ'ရှိ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်းသော အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ ခံ့သော အစာကို အညီအမျှကြေကျက်စေတတ်သည့် ဝမ်းမီးနှင့်ပြည့်စုံ၏။

စဉ်းလဲမှု လှည့်ပတ်မှုမရှိ၊ ဆရာ၌ဖြစ်စေ ပညာရှိသီတင်းသုံးဖော်တို့၌ဖြစ်စေ ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာ ပြုတတ်၏။

http://www.dhammadownload.com



အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သောဝီရိယ ရှိသည် ဖြစ်၍ နေထိုင်၏၊ အားနှင့်ပြည့်စုံ၏၊ မြဲမြံသောလုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကိုသိ၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့်ပြည့်စုံ၏။

ရဟန်းတို့ (ကမ္မဋ္ဌာန်း)အားထုတ်သော ပုဂ္ဂိုလ်၏ (ပြည့်စုံရမည့်အကြောင်း) အင်္ဂါတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)

တတိယသုတ်။

---

## ၄-သမယသုတ်

၅၄။ ရဟန်းတို့(ကမ္မဋ္ဌာန်း)အားထုတ်ရန် အခါမဟုတ်ခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဇရာနှိပ်စက်သည်ဖြစ်၍ အို၏၊ရဟန်းတို့ ဤသည်ကား(ကမ္မဋ္ဌာန်း)အားထုတ်ရန် ပဌမ ဖြစ်သော အခါမဟုတ်ခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဗျာဓိနှိပ်စက်သည်ဖြစ်၍ နာ၏၊ ရဟန်းတို့ ဤသည်ကား(ကမ္မဋ္ဌာန်း)အားထုတ်ရန် ဒုတိယ ဖြစ်သော အခါမဟုတ်ခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ငတ်မွတ်ခေါင်းပါး၏၊ ကောက်စပါးမကောင်း၊ ဆွမ်းရခဲ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတခြင်းငှါ မလွယ်ကူ၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် တတိယ ဖြစ်သော အခါမဟုတ်ခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား တောပုန်း ခိုးပြတို့ ထကြွသောင်းကျန်းသည်ဖြစ်၍ ဇနပုဒ် နေသူတို့သည် လှည်း(ရထားယာဉ်) ကို စီးကုန်လျက် လှည့်လည်ပြေးသွားရသော ဘေးအန္တရာယ် ဖြစ်၏၊ ရဟန်းတို့ ဤသည်ကား ကမ္မဋ္ဌာန်းအားထုတ်ရန် စတုတ္ထ ဖြစ်သော အခါမဟုတ်ခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သံဃာကွဲပြား၏၊ ရဟန်းတို့ သံဃာကွဲပြားသည်ရှိသော် အချင်းချင်း ဆဲရေးလည်းဆဲရေးကုန်၏၊ အချင်းချင်းခြိမ်းချောက်လည်း ခြိမ်းချောက်ကုန်၏၊ အချင်းချင်း ပစ်ပယ်လည်း ပစ်ပယ်ကုန်၏၊ အချင်းချင်း စွန့်ပစ်လည်း စွန့်ပစ်ကုန်၏၊ ထို သံဃာကွဲပြားရာ၌ မကြည်ညိုသော သူတို့သည် မကြည်ညိုကြကုန်၊ ကြည်ညိုပြီး အချို့သူတို့လည်း အကြည်ညိုပျက်ရန် ဖြစ်၏၊ ရဟန်းတို့ ဤသည်ကား ကမ္မဋ္ဌာန်း အားထုတ်ရန် ပဉ္စမ ဖြစ်သော အခါမဟုတ်ခြင်းတည်း။

ရဟန်းတို့ ကမ္မဋ္ဌာန်း အားထုတ်ရန် အခါမဟုတ်ခြင်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ကမ္မဋ္ဌာန်း အားထုတ်ရန် အချိန်အခါတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပျိုမျစ်နုနယ် ငယ်ရွယ်၍ မည်းနက်သောဆံရှိသော ပဌမအရွယ်ဖြစ်သည့် အရွယ်ကောင်းနှင့် ပြည့်စုံ၏၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် ပဌမ ဖြစ်သော အချိန်အခါတည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်းသော အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှါ ခံ့သော အစာကို အညီအမျှ ကြေကျက်စေတတ်သည့် ဝမ်းမီးနှင့်ပြည့်စုံ၏၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် ဒုတိယ ဖြစ်သော အချိန်အခါတည်း။

ရဟန်းတို့ နောက်တမျိုးကား ဝပြော၏၊ ကောက်စပါး ကောင်းမွန်၏၊ ဆွမ်း ရလွယ်၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတခြင်းငှါ လွယ်ကူ၏၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် တတိယ ဖြစ်သော အချိန်အခါတည်း။

ရဟန်းတို့ နောက်တမျိုးကား လူတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏၊ ငြင်းခုံခိုက်ရန် မရှိကြကုန်၊ နို့နှင့်ရေ ရောနှောဘိသကဲ့သို့ ဖြစ်ကုန်၏၊ အချင်းချင်း ချစ်ခင်သော မျက်လုံးတို့ဖြင့် ကြည့်ရှုကြကုန်လျက် နေထိုင်ကြကုန်၏၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် စတုတ္ထ ဖြစ်သော အချိန်အခါတည်း။

ရဟန်းတို့ နောက်တမျိုးကား သံဃာသည် ညီညွတ်၏ ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍ ငြင်းခုံခိုက်ရန်ဖြစ်ခြင်းမရှိပဲ ပါတိမောက်အတူပြလျက် ချမ်းသာစွာနေ၏၊ ရဟန်းတို့ သံဃာညီညွတ်သည်ရှိသော် အချင်းချင်းလည်း မဆဲရေးကြကုန်၊ အချင်းချင်းလည်း မခြိမ်းချောက်ကြကုန်၊ အချင်းချင်းလည်း မပစ်ပယ်ကြကုန်၊ အချင်းချင်းလည်း မစွန့်ပစ်ကြကုန်၊ ထိုသံဃာ ညီညွတ်ရာ၌ မကြည်ညိုသေးသော သူတို့သည်လည်း ကြည်ညိုကြကုန်၏၊ ကြည်ညိုပြီးသူတို့၏လည်း လွန်စွာကြည်ညိုခြင်းသည် ဖြစ်၏၊ ရဟန်းတို့ ဤသည်ကား (ကမ္မဋ္ဌာန်း) အားထုတ်ရန် ပဉ္စမ ဖြစ်သော အချိန်အခါတည်း။

ရဟန်းတို့ (ကမ္မဋ္ဌာန်း) အားထုတ်ရန် အချိန်အခါတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-မာတာပုတ္တသုတ်

၅၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းနှင့် ရဟန်းမိန်းမဖြစ်ကြသည့် သားအမိနှစ်ဦးတို့သည် ဝါကပ်နေကုန်၏၊ ထိုသားအမိနှစ်ဦးတို့သည် အချင်းချင်းမပြတ်တွေ့မြင်လိုကုန်၏၊ အမိကလည်း သားကို မပြတ်တွေ့မြင်လို၏၊ သားကလည်း အမိကို မပြတ်တွေ့မြင်လို၏၊ ထိုသားအမိနှစ်ဦးတို့ မပြတ်တွေ့မြင်ခြင်းကြောင့် နှီးနှောခြင်းဖြစ်လေ၏၊ နှီးနှောခြင်းကြောင့် အကျွမ်းဝင်ခြင်းဖြစ်လေ၏၊ အကျွမ်းဝင်ခြင်းကြောင့် ရာဂစိတ် သက်ဝင်လေ၏၊ ထိုသားအမိနှစ်ဦးတို့သည် ရာဂသက်ဝင်သော စိတ်ရှိကုန်သည်ဖြစ်၍ သိက္ခာမချ အားနည်းမှုကို ထင်စွာမပြုပဲ မေထုန်အကျင့်ကို မှီဝဲကုန်၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြကုန်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤသာဝတ္ထိပြည်၌ ရဟန်းနှင့် ရဟန်းမိန်းမဖြစ်ကြသည့် သားအမိနှစ်ဦးတို့သည် ဝါကပ် နေကြပါကုန်၏၊ ထိုသားအမိနှစ်ဦးတို့သည် အချင်းချင်း မပြတ်တွေ့မြင်လိုကုန်၏၊ အမိကလည်း သားကို မပြတ်တွေ့မြင်လိုပါ၏၊ သားက

http://www.dhammadownload.com



လည်း အမိကို မပြတ်တွေ့မြင်လိုပါ၏၊ ထိုသားအမိနှစ်ဦးတို့ မပြတ်တွေ့မြင်ခြင်းကြောင့် နှီးနှော ခြင်းဖြစ်ပါ၏၊ နှီးနှောခြင်းကြောင့် အကျွမ်းဝင်ခြင်းဖြစ်ပါ၏၊ အကျွမ်းဝင်ခြင်းကြောင့် ရာဂစိတ် သက်ဝင်လာပါ၏၊ ထိုသားအမိနှစ်ဦးတို့သည် ရာဂသက်ဝင်သောစိတ် ရှိကုန်သည်ဖြစ်၍ သိက္ခာမချ အားနည်းမှုကို ထင်စွာမပြုပဲ မေထုန်အကျင့်ကို မှီဝဲကြပါကုန်၏” ဟုလျှောက်ကြကုန်၏။

ရဟန်းတို့(မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ထိုယောကျ်ားသည် “အမိသည် သား၌တပ်နှစ်သက် ခြင်းမဖြစ်နိုင် သားသည်မူလည်း အမိ၌ တပ်နှစ်သက်ခြင်းမဖြစ်နိုင်”ဟု အောက်မေ့မှတ်ထင်လေ သလော။

ရဟန်းတို့(လောက၌) မိန်းမ၏အဆင်းကဲ့သို့ စွဲမက်စေတတ် နှစ်သက်စေတတ် ယစ်မူးစေတတ် နှောင်ဖွဲ့စေတတ် တွေဝေစေတတ်၍အတုမရှိသော ယောဂကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏အန္တရာယ် ကို ပြုတတ်သော အခြားတခုသော အဆင်းကိုမျှလည်း ငါ မမြင်။

ရဟန်းတို့ သတ္တဝါတို့သည် မိန်းမအဆင်း၌ စွဲမက်ကုန်၏၊ မက်မောကုန်၏၊ ရစ်ပတ်ကုန်၏၊ တွေ ဝေကုန်၏၊ (စိတ်ဖြင့်) လွှမ်းမိုးဝင်ရောက်ကုန်၏၊ ထိုသတ္တဝါတို့သည် မိန်းမတို့၏ အဆင်းအလိုသို့ အစဉ်လိုက်ကုန်သည်ဖြစ်၍ ရှည်စွာသော ကာလပတ်လုံး ပူဆွေးကြရကုန်၏။

ရဟန်းတို့ (လောက၌) မိန်းမ၏အသံကဲ့သို့။ပ။ အခြားတခုသော အသံကိုမျှလည်း။ပ။ အခြား တခုသော အနံ့ကိုမျှလည်း။ပ။ အခြားတခုသော အရသာကိုမျှလည်း။ပ။ ရဟန်းတို့ မိန်းမ၏ အတွေ့အထိကဲ့သို့ စွဲမက်စေတတ် နှစ်သက်စေတတ် ယစ်မူးစေတတ် နှောင်ဖွဲ့စေတတ် တွေဝေ စေတတ်၍ အတုမရှိသော ယောဂကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အန္တရာယ်ကို ပြုတတ်သော အခြားတခုသော အတွေ့အထိကိုမျှလည်း ငါ မမြင်။

ရဟန်းတို့ သတ္တဝါတို့သည်မိန်းမ၏ အတွေ့အထိ၌ စွဲမက်ကုန်၏၊ မက်မောကုန်၏၊ ရစ်ပတ်ကုန်၏၊ တွေဝေကုန်၏၊ (စိတ်ဖြင့်) လွှမ်းမိုးဝင်ရောက်ကုန်၏၊ ထိုသတ္တဝါတို့သည် မိန်းမတို့၏ အတွေ့အထိ အလိုသို့ အစဉ်လိုက်ကုန်သည်ဖြစ်၍ ရှည်စွာသော ကာလပတ်လုံး ပူဆွေးကြရကုန်၏။

ရဟန်းတို့ မိန်းမသည် သွားနေသော်လည်း ယောကျ်ား၏ စိတ်ကို ဆွဲဆောင်၍ ထားနိုင်၏၊ ရပ် နေသော်လည်း၊ ထိုင်နေသော်လည်း၊ အိပ်နေသော်လည်း၊ ရယ်ရွှင်သော်လည်း၊ စကားပြောဆို သော်လည်း၊ သီချင်းသီဆိုသော်လည်း၊ ငိုသော်လည်း၊ ဖူးဖူးရောင်သော်လည်း ၊ သေသော်လည်း ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူ၍ တည်၏။

ရဟန်းတို့ “မာရ်မင်း၏ ထက်ဝန်းကျင် ကျော့ကွင်း”ဟု ကောင်းစွာ ပြောဆိုလိုသူသည် မာတု ဂါမကိုသာလျှင် “မာရ်မင်း၏ ထက်ဝန်းကျင် ကျော့ကွင်း”ဟု ပြောဆိုရာ၏ဟု (မိန့်တော်မူ၏)။

> (သတ်ဖြတ်အံ့ဟု) သန်လျက်စွဲကိုင်သူနှင့် စကားပြောဆိုရာ၏၊ မြေဘုတ်ဘီလူးနှင့် သော်လည်း စကားပြောဆိုရာ၏၊ ကိုက်သည်ရှိသော် အသက်သေစေတတ်သော မြွေကို သော်လည်း ထိပါး ကိုင်တွယ်ရာ၏၊ မာတုဂါမနှင့် တယောက်ချင်းချင်း စကား မပြောမဆို ရာသည်သာတည်း။

ထိုမိန်းမတို့သည် သတိလွတ်ကင်းသော ယောကျ်ားကို ကြည့်ရှုခြင်းဖြင့်၎င်း ပြုံးရွှင် ခြင်းဖြင့်၎င်း ထိုမှတပါး မလုံ့တလုံ ဝတ်ဆင်ခြင်းဖြင့်၎င်း သာယာနူးညံ့စွာ ပြောဆိုခြင်း

http://www.dhammadownload.com



ဖြင့်ငှင်း နှောင်ဖွဲ့တတ်ကုန်၏၊ ထိုမိန်းမအလောင်းကောင်ကို သေ၍ ဖူးဖူးရောင်ထနေသော်လည်း မထိပါး မကိုင်တွယ်အပ်သည်သာတည်း။

စိတ်နှလုံးပျော်မွေ့ဖွယ်ဖြစ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့ဟူသော ဤကာမဂုဏ်ငါးပါးတို့သည် မိန်းမတို့ရုပ်၌ ထင်ကုန်၏။

ဝတ္ထုကာမ ကိလေသာကာမတို့ကို ပိုင်းခြား၍ မသိကြကုန်သဖြင့် ကာမတည်းဟူသော ဩဃ၌ မျောကြရကုန်သော ထိုသူတို့အား သံသရာ၌ ကာလ ဂတိ ဘဝကြီးငယ်ဟူသော တရားတို့သည် ခြံရံကုန်၏။

ဝတ္ထုကာမ ကိလေသာကာမတို့ကို ပိုင်းခြားသိမြင်၍ ဘေးရန်တစုံတရာမရှိကုန်ပဲ လှည့်လည်ကုန်သော ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်ကို ရကုန်သည်ဖြစ်၍ စင်စစ်အားဖြင့် လောက၌ တဖက်ကမ်း (နိဗ္ဗာန်) သို့ ရောက်ကြလေကုန်သတည်း။

ပဉ္စမသုတ်။

---

## ၆-ဥပဇ္ဈာယသုတ်

၅၆။ ထိုအခါ ရဟန်းတပါးသည် မိမိဥပဇ္ဈာယ်ဆရာထံသို့ ချဉ်းကပ်၍ "အသျှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ကိုယ်သည် လေးလံနေပါ၏၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ တရားတို့လည်း အကျွန်ုပ်အား မထင်လာပါကုန်၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံးယူ၍ တည်နေပါ၏၊ မမွေ့လျော်ပါပဲလျက်လည်း မြတ်သော အကျင့်ကို ကျင့်၍နေရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' သည်လည်း အကျွန်ုပ်အားရှိပါ၏" ဟု လျှောက်၏။

ထိုအခါ ထို (ဆရာဥပဇ္ဈာယ်) ရဟန်းသည် ထိုအတူနေ တပည့်ရဟန်းကို ခေါ်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤရဟန်းသည် ဤသို့ပြောဆိုပါ၏ 'အသျှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ကိုယ်သည် လေးလံနေပါ၏၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ တရားတို့သည်လည်း အကျွန်ုပ်အား မထင်လာပါကုန်၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏စိတ်ကို သိမ်းကျုံး၍ တည်နေပါ၏၊ မမွေ့လျော်ပါပဲလျက်လည်း မြတ်သောအကျင့်ကို ကျင့်၍နေရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' သည်လည်း အကျွန်ုပ်အား ရှိပါ၏' ဟု ဆိုပါ၏" ဟု (လျှောက်၏)။

ရဟန်း ဤစကားသည် ဤအတိုင်းပင်ဟုတ်၏၊ ဣန္ဒြေတို့၌ မစောင့်ရှောက် မလုံခြုံသော တံခါးရှိသည်ဖြစ်၍ ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုမသိသော နိုးကြားမှုကို အားမထုတ်သော ကုသိုလ်တရားတို့ကို မရှုမူ၍ ညဉ့်၏ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရား ပွါးများအားထုတ်မှုကို အားမထုတ်မူ၍ နေသော ရဟန်းအား ကိုယ်သည် လေးလံနေ၏၊ အရပ်ရှစ်မျက်နှာတို့သည်လည်း ထိုရဟန်းအား မထင်ကုန်၊ တရားတို့သည်လည်း ထိုရဟန်းအား မထင်လာကုန်၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' သည်လည်း ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ တည်နေ၏၊ မမွေ့

http://www.dhammadownload.com



လျော့ပဲလျက်လည်း မြတ်သောအကျင့်ကို ကျင့်၍နေရ၏၊ ထိုရဟန်းအား တရားတို့၌လည်း မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' သည် ဖြစ်၏။

ရဟန်း ထိုအကြောင်းကြောင့် သင်သည် ဤသို့ ကျင့်ရမည်။

"(ငါသည်) ဣန္ဒြေတို့၌ စောင့်ရှောက်လုံခြုံသော တံခါးရှိသူဖြစ်အံ့၊ ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုသိသူ နိုးကြားမှု၌ အားထုတ်သူ ကုသိုလ်တရားတို့ကို ရှုသူ ညဉ့်၏ ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရား ပွါးများအားထုတ်မှုကို အားထုတ်သူဖြစ်၍ နေအံ့"ဟု (ကျင့်ရမည်)။

ရဟန်း ဤသို့လျှင် သင်သည် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားက ဤအဆုံးအမတော်ဖြင့် ဆုံးမအပ်သည်ဖြစ်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ ထိုရဟန်းသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့ မလျော့ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဘွယ်မရှိတော့ပြီ"ဟု သိ၏၊ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်လေ၏။

ထို့နောက် ထိုရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လတ်သော် မိမိ ဥပဇ္ဈာယ်ဆရာထံသို့ ချဉ်းကပ်၍—

"အသျှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ကိုယ်သည် လေးလံခြင်း မဖြစ်တော့ပါ၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား ထင်ပါကုန်၏၊ တရားတို့သည်လည်း အကျွန်ုပ်အား ထင်လာပါကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'သည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံး၍ မတည်တော့ပါ၊ မွေ့လျော်စွာလည်း မြတ်သောအကျင့်ကို ကျင့်ရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' သည်လည်း အကျွန်ုပ်အား မရှိတော့ပါ"ဟု လျှောက်၏။

ထိုအခါ ထိုဆရာ ဥပဇ္ဈာယ်ရဟန်းသည် ထိုအတူနေ တပည့်ရဟန်းကို ခေါ်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤရဟန်းသည် ဤသို့ ပြောဆိုပါ၏။

'အသျှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ကိုယ်သည် လေးလံခြင်း မဖြစ်တော့ပါ၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား ထင်ပါကုန်၏၊ တရားတို့သည်လည်း အကျွန်ုပ်အား ထင်လာပါကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'သည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံး၍ မတည်တော့ပါ၊ မွေ့လျော်စွာလည်း မြတ်သော အကျင့်ကို ကျင့်ရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' သည်လည်း အကျွန်ုပ်အား မရှိတော့ပါ' ဟု ပြောဆိုပါ၏"ဟု လျှောက်၏။

http://www.dhammadownload.com



ရဟန်း ဤစကားသည် ဤ အတိုင်းပင် ဟုတ်၏၊ ဣန္ဒြေတို့၌ စောင့်ရှောက် လုံခြုံသော တံခါး ရှိသည်ဖြစ်၍ ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုသိသော နိုးကြားမှုကို အားထုတ်သော ကုသိုလ် တရားတို့ကို ရှုသည်ဖြစ်၍ ညဥ့်၏ ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယ တရား ပွါးများ အားထုတ် မှုကို အားထုတ်၍ နေသော ရဟန်းအား ကိုယ်သည် လေးလံ မနေပေ၊ အရပ်ရှစ်မျက်နှာတို့ သည်လည်း ထိုရဟန်းအား ထင်ကုန်၏၊ တရားတို့သည်လည်း ထိုရဟန်းအား ထင်လာကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' သည်လည်း ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မတည်၊ မွေ့လျော်စွာလည်း မြတ်သောအကျင့်ကို ကျင့်ရ၏၊ ထိုရဟန်းအား တရားတို့၌လည်း မဝေခွဲနိုင် ခြင်း 'ဝိစိကိစ္ဆာ' သည် မဖြစ်တော့ပေ။

ရဟန်းတို့ ထိုအကြောင်းကြောင့် သင်တို့သည် ဤသို့ ကျင့်ရမည်—

"(ငါတို့သည်) ဣန္ဒြေတို့၌ စောင့်ရှောက်လုံခြုံသော တံခါးရှိသူ ဖြစ်ကုန်အံ့၊ ဘောဇဉ်တို့၌ အတိုင်းအရှည်ကို သိသူ နိုးကြားမှု၌ အားထုတ်သူ ကုသိုလ်တရားတို့ကို ရှုသူ ညဥ့်၏ ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရား ပွါးများအားထုတ်မှုကို အားထုတ်သူဖြစ်၍ နေကုန်အံ့" ဟု (ကျင့်ရမည်)။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဌာနသုတ်

၅၇။ ရဟန်းတို့ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင် အပ်သော အကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

"(ငါသည်) အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ"ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"နာခြင်းသဘောရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ"ဟူ၍ မိန်းမဖြစ်စေ ယောကျ်ား ဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"သေခြင်းသဘောရှိ၏၊ သေခြင်းသဘောတရားကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမ ဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"ငါ၏ ချစ်အပ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည် ဖြစ်ချေမည်" ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင် အပ်၏။

"(ငါသည်) ကံသာလျှင် မိမိ ဥစ္စာ ရှိ၏၊ ကံ၏ အမွေခံ ဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏၊ ကောင်းသည်ဖြစ်စေ မကောင်း သည်ဖြစ်စေ ငါပြုမိသော ကံ၏အမွေခံသာ ဖြစ်ရပေမည်"ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍ “(ငါသည်) အိုခြင်း သဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်သနည်း။

ရဟန်းတို့ သတ္တဝါတို့အား ပျိုရွယ်ချိန်၌ ပျိုရွယ်မာန်ယစ်ခြင်းရှိ၏၊ ယင်း ပျိုရွယ်မာန်ယစ်ခြင်းဖြင့် မေ့လျော့ယစ်မူးကုန်သော သတ္တဝါတို့သည် ကာယဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ဝစီဒုစရိုက်ကို ပြုကျင့်ကုန်၏၊ မနောဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ထို(အိုခြင်း) အကြောင်းကို မပြတ် ဆင်ခြင်သော ထိုသူအား ပျိုရွယ်ချိန်၌ ပျိုရွယ်မာန်ယစ်ခြင်းသည် အချင်းခပ်သိမ်းမူလည်း ပျောက်ကင်း၏၊ခေါင်းပါးခြင်းမူလည်း ဖြစ်၏။

ရဟန်းတို့ ဤအကျိုးထူးကို စွဲ၍ “ငါသည် အိုခြင်း သဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ” ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍ “ငါသည် နာခြင်း သဘောရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်သနည်း။

ရဟန်းတို့ သတ္တဝါတို့အား အနာကင်းချိန်၌ အနာကင်းမှု မာန်ယစ်ခြင်းရှိ၏၊ ယင်းမာန်ယစ်ခြင်းဖြင့် မေ့လျော့ယစ်မူးကုန်သော သတ္တဝါတို့သည် ကာယဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ဝစီဒုစရိုက်ကို ပြုကျင့်ကုန်၏၊ မနောဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ထို(နာခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား အနာကင်းချိန်၌ အနာကင်းမှု မာန်ယစ်ခြင်းသည် အချင်းခပ်သိမ်းမူလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမူလည်း ဖြစ်၏။

ရဟန်းတို့ ဤအကျိုးထူးကို စွဲ၍ “ငါသည် နာခြင်းသဘောရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍“ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းသဘောကို မလွန်ဆန်နိုင်ချေ”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်သနည်း။

ရဟန်းတို့ သတ္တဝါတို့အား အသက်ရှင်ချိန်၌ အသက်မာန်ယစ်ခြင်းရှိ၏၊ ယင်းအသက်မာန်ယစ်ခြင်းဖြင့် မေ့လျော့ယစ်မူးကုန်သော သတ္တဝါတို့သည် ကာယဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ဝစီဒုစရိုက်ကို ပြုကျင့်ကုန်၏၊ မနောဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ထို(သေခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား အသက်ရှင်ချိန်၌ ယင်း အသက်မာန်ယစ်ခြင်းသည် အချင်းခပ်သိမ်းမူလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမူလည်း ဖြစ်၏။

ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ “ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းသဘောကို မလွန်ဆန်နိုင်ချေ”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ အဘယ်အကျိုးထူးကိုစွဲ၍ “ငါ၏ ချစ်အပ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည် ဖြစ်ချေမည်”ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ သတ္တဝါတို့အား ချစ်ခင်အပ် မြတ်နိုးအပ်သောအရာတို့၌ လိုလားစွဲမက်ခြင်း 'ဆန္ဒရာဂ'ဖြင့် စွဲမက်သော သတ္တဝါတို့သည် ကာယဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ဝစီဒုစရိုက်ကို ပြုကျင့်ကုန်၏၊ မနောဒုစရိုက်ကို ပြုကျင့်ကုန်၏၊ ထို(ကွဲခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သောသူအား ချစ်အပ်မြတ်နိုးအပ်သော အရာတို့၌ လိုလားစွဲမက်ခြင်းသည် အချင်းခပ်သိမ်းမှုလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမှုလည်း ဖြစ်၏။

ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ "ငါ၏ ချစ်ခင်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည်ဖြစ်ချေမည်"ဟု မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ အဘယ်အကျိုးထူးကိုစွဲ၍ "ငါသည် ကံသာလျှင် မိမိဥစ္စာ ရှိ၏၊ ကံ၏ အမွေခံ ဖြစ်၏၊ ကံသာလျှင် အကြောင်း ရှိ၏၊ ကံသာလျှင် အဆွေအမျိုး ရှိ၏၊ ကံသာလျှင် ကိုးကွယ် မှီခိုရာ ရှိ၏၊ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံသာ ဖြစ်ရပေမည်"ဟု မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်သနည်း။

ရဟန်းတို့ သတ္တဝါတို့အား ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်သည် ရှိ၏၊ ထို(ကံ) အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မကောင်းမှုသည် အချင်းခပ်သိမ်းမှုလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမှုလည်း ဖြစ်၏။

ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ "ငါသည် ကံသာလျှင် ဥစ္စာရှိ၏၊ ကံ၏အမွေခံ ဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်မှီခိုရာ ရှိ၏၊ ကောင်းသည် ဖြစ်စေ မကောင်းသည်ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံသာ ဖြစ်ရမည်"ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ အရိယာတပည့်သည် "ငါတယောက်တည်းသာလျှင် အိုခြင်းသဘော ရှိသည် ငါတယောက်တည်းသာလျှင် အိုခြင်းသဘောကို မလွန်ဆန်နိုင်သည် မဟုတ်၊ စင်စစ်မူကား (ဤ ဘုံဘဝသို့)လာခြင်း (တခြား ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်း ရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့သည် အိုခြင်းသဘော ရှိကုန်၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ကုန်ချေ"ဟု ဆင်ခြင်၏။

ထို(အိုခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော 'အနုသယ'တရားတို့သည် ကင်းပြတ်ကုန်၏။

"ငါတယောက်တည်းသာလျှင် နာခြင်းသဘောရှိသည် ငါတယောက်တည်းသာလျှင် နာခြင်း သဘောကို မလွန်ဆန်နိုင်သည်မဟုတ်။ စင်စစ်မူကား(ဤ ဘုံဘဝသို့)လာခြင်း(တခြား ဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်း ရှိသည့် သတ္တဝါဟူသမျှအားလုံးတို့သည် နာခြင်းသဘော ရှိကုန်၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ကုန်ချေ"ဟု ဆင်ခြင်၏။

http://www.dhammadownload.com



ထို(နာခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကိုမှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော 'အနုသယ'တရားတို့သည် ကင်းပြတ်ကုန်၏။

"ငါတယောက်တည်းသာလျှင် သေခြင်းသဘောရှိသည် ငါတယောက်တည်းသာလျှင် သေခြင်းသဘောကို မလွန်ဆန်နိုင်သည်မဟုတ်။ စင်စစ်မူကား (ဤဘုံဘဝသို့)လာခြင်း (တခြားဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့သည် သေခြင်းသဘောရှိကုန်၏၊ သေခြင်းသဘောကို မလွန်ဆန်နိုင်ကုန်ချေ"ဟူ၍ ဆင်ခြင်၏။

ထို(သေခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကိုမှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော 'အနုသယ'တရားတို့သည် ကင်းပြတ်ကုန်၏။

"ငါတယောက်တည်းသာလျှင် ချစ်အပ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည် ဖြစ်သည်မဟုတ်၊ စင်စစ်မူကား(ဤဘုံဘဝသို့)လာခြင်း (တခြားဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့သည် ချစ်အပ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည်ဖြစ်ချေ၏"ဟု ဆင်ခြင်၏။

ထို(ကွဲခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော 'အနုသယ'တရားတို့သည် ကင်းပြတ်ကုန်၏။

"ငါတယောက်တည်းသာလျှင် ကံသာလျှင် မိမိဥစ္စာရှိသည် ကံ၏ အမွေခံဖြစ်သည် ကံသာလျှင် အကြောင်းရှိသည် ကံသာလျှင် အဆွေအမျိုးရှိသည် ကံသာလျှင် ကိုးကွယ်မှီခိုရာရှိသည် ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံဖြစ်သည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့)လာခြင်း(တခြားဘုံဘဝသို့)သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှ အားလုံးတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင်အဆွေအမျိုးရှိကုန်၏၊ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိကုန်၏၊ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ပြုမိသောကံ၏ အမွေခံတို့သာဖြစ်ကြလိမ့်မည်"ဟု ဆင်ခြင်၏။

ထို(ကံ)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော'အနုသယ'တရားတို့သည် ကင်းပြတ်ကုန်၏ဟု(မိန့်တော်မူ၏)။

> သဘောတရားတို့ ဖြစ်ပေါ်လာတိုင်းသော အခြင်းအရာအားဖြင့် သတ္တဝါတို့သည် နာခြင်းသဘော ရှိကုန်၏၊ အိုခြင်းသဘော ရှိကုန်၏၊ ထိုမှတပါး သေခြင်းသဘော ရှိကုန်၏၊ ပုထုဇဉ်တို့သည် (ထို သဘောကို) စက်ဆုပ်ရွံရှာကုန်၏။

http://www.dhammadownload.com



ငါသည်လည်း ဤသို့ (အိုခြင်း စသော) သဘောရှိသည့် သတ္တဝါတို့၌ ထို(အိုခြင်း စသော) သဘောကို စက်ဆုပ်ရွံရှာငြားအံ့၊ ဤသို့စက်ဆုပ်ရွံရှာနေသော ငါ့အား ထို စက်ဆုပ်ရွံရှာမှုသည် မလျော်ကန်ရာ။

ဤသို့နေသော ထိုငါသည် ဥပဓိကင်းရာ တရား (အရဟတ္တဖိုလ်) ကိုသိ၍ အနာကင်းခြင်း၌ရင်း ပျိုမျစ်ခြင်း၌ရင်း အသက်ရှင်ခြင်း၌ရင်း ဖြစ်ပေါ်လာသည့် မာန်ယစ်ခြင်း အလုံးစုံတို့ကို နှိပ်စက် လွှမ်းမိုးနိုင်၏၊ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးမရှိသော အားဖြင့် ရှုမြင်၍ နိဗ္ဗာန်ကိုမြင်သော ထိုငါ့အား အားထုတ်မှုဖြစ်ပေါ်ခဲ့ပြီ။

ငါသည် ယခုအခါ ကာမဂုဏ်တို့ကို မှီဝဲရန် မထိုက်တော့ချေ၊ မြတ်သော အကျင့် သာလျှင် လည်းလျောင်းရာရှိသည်ဖြစ်၍ (သာသနာတော်မှ) မဆုတ်နစ်တော့အံ့သတည်း။

သတ္တမသုတ်။

## ဂ-လိစ္ဆဝိကုမာရကသုတ်

၅၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူတော်မူပြီးလျှင် ဝေသာလီ ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခွါခဲ့ပြီးလျှင် မဟာဝုန်တောသို့ ကြွဝင်တော်မူလျက် သစ်ပင်ရင်းတခု၌ နေ့ သန့်စင်တော်မူ၏။

ထိုအခါ များစွာသော လိစ္ဆဝီမင်းသားငယ်တို့သည် ပြင်ဆင်ပြီး လေးတို့ကို စွဲကိုင်ကုန်လျက် ခွေးအပေါင်းခြံရံကာ မဟာဝုန်တောကြီးအတွင်း၌ သွားလာလှည့်လည်ကုန်သည်ရှိသော် သစ်ပင် ရင်းတခု၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ ပြင်ဆင်ပြီး လေးတို့ကို ချထားပြီး လျှင် ခွေးအပေါင်းကို သင့်တော်ရာသို့ မောင်းနှင်လွှတ်လိုက်ပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုး၍ ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်ကုန်လျက် လက်အုပ်ချီကာ မြတ်စွာဘုရားကို ဆည်းကပ် ခစားကြကုန်၏။

ထိုအခါ မဟာနာမ်လိစ္ဆဝီမင်းသည် မဟာဝုန်တောကြီးအတွင်း၌ အညောင်းပြေ ထိုမှဤမှ သွားလာသည်ရှိသော် ဆိတ်ဆိတ်ငြိမ်ငြိမ် ဖြစ်ကုန်လျက် လက်အုပ်ချီကာ မြတ်စွာဘုရားကို ဆည်းကပ်ခစားကုန်သော ထိုလိစ္ဆဝီမင်းသားငယ်တို့ကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး လျှင် ရှိခိုးကာ တခုသောနေရာ၌ ထိုင်နေလျက် "ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့၊ ဝဇ္ဇီမင်းတို့ သည် ကြီးပွါးကြကုန်လတ္တံ့"ဟု ဥဒါန်းကျူးရင့်လေ၏။

မဟာနာမ် "ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့၊ ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့" ဟု သင်အဘယ့်ကြောင့် ဤသို့ဆိုသနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား ဤလိစ္ဆဝီမင်းသားငယ်တို့သည် ခက်ထန်ကုန်၏၊ ကြမ်းထမ်းကုန်၏၊ မာနထန်ကုန် ၏၊ အမျိုးတို့၌ လက်ဆောင်ပေးအပ်သော ကြံတို့ကိုရင်း ဆီးသီးတို့ကိုရင်း မုံ့တို့ကိုရင်း ကတွတ်မုံ့တို့

http://www.dhammadownload.com



ကိုင်း နှမ်းပျစ်တို့ကိုင်း လုယက် လုယက်၍ စားသောက်ကြကုန်၏၊ အမျိုးသမီးကြီးတို့၏ငင်း အမျိုးသွီးငယ်တို့၏ငင်း နောက်မှ လိုက်၍ (ကျောက်ကုန်းကို ခြေဖြင့်) ကန်ကျောက်ကြကုန်၏၊ ယခုအခါ၌ ထိုမင်းသားငယ်တို့သည် ဆိတ်ဆိတ်ငြိမ်ငြိမ် ဖြစ်ကြကုန်လျက် မြတ်စွာဘုရားကို လက်အုပ်ချီကာ ဆည်းကပ် ခစားကြကုန်၏၊ (ထို့ကြောင့်ပါတည်းဟု လျှောက်၏)။

မဟာနာမ် ရေမြေကိုအစိုးရ၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော မင်းအားဖြစ်စေ အဖက ပေးသည့် မြို့ကိုစားရသော မြို့စားအားဖြစ်စေ စစ်တပ်ဦးစီး စစ်သူကြီးအားဖြစ်စေ ရွာသူကြီးအား ဖြစ်စေ (အစည်းအရုံး အသင်းအပင်းတို့က မြှောက်တင်ထားသည့်) အသင်းလူကြီးအားဖြစ်စေ အမျိုးတို့၌ အသီးအသီးအစိုးရသူတို့အားဖြစ်စေ တရားငါးမျိုးရှိသည့် မည်သည့်အမျိုးကောင်း သား အား မဆို ကြီးပွါး တိုးတက်ခြင်းကို သာလျှင် (မချွတ် ရလိမ့်မည်ဟု) မြှော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

မဟာနာမ် ဤလောက၌ အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့်ရအပ် ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် မိဖတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော် ၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုး ခံရကုန် ပူဇော် ခံရကုန်သော သူတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက်ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကိုစောင့် ရှောက်နိုင်ပါစေ"ဟု စိတ် နှလုံး ကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် မိဖတို့ စောင့်ရှောက် ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကိုသာလျှင် (မချွတ် ရလိမ့်မည်ဟု) မြှော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေး ဒီးဒီးကျဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွ လုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် သား မယား အမှုလုပ်ကျွန်ယောကျ်ားတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြုခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုးခံရကုန် ပူဇော်ခံရကုန်သော သားမယား ကျေးကျွန် အမှုလုပ် ယောကျ်ားတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက် ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကို စောင့်ရှောက် နိုင်ပါစေ"ဟု စိတ်နှလုံးကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် သားမယား ကျေးကျွန် အမှုလုပ် ယောကျ်ားတို့ စောင့်ရှောက်ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကို သာလျှင် မြှော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေး ဒီးဒီးကျဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွ လုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် (မိမိ)လယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်း စာရေးတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြုခံရကုန် မြတ်နိုးခံရကုန် ပူဇော်ခံရကုန်သော လယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်းစာရေးတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက်ရှင်ပါစေ၊ ရှည်မြင့်စွာ

http://www.dhammadownload.com



ငါသည်လည်း ဤသို့ (အိုခြင်း စသော) သဘောရှိသည့် သတ္တဝါတို့၌ ထို(အိုခြင်း စသော) သဘောကို စက်ဆုပ်ရွံရှာငြားအံ့၊ ဤသို့စက်ဆုပ်ရွံရှာနေသော ငါ့အား ထို စက်ဆုပ်ရွံရှာမှုသည် မလျောက်ပတ်ရာ။

ဤသို့နေသော ထိုငါသည် ဥပဓိကင်းရာ တရား (အရဟတ္တဖိုလ်) ကိုသိ၍ အနာကင်းခြင်း၌ရှင်း ပျိုမျစ်ခြင်း၌ရှင်း အသက်ရှင်ခြင်း၌ရှင်း ဖြစ်ပေါ် လာသည့် မာန်ယစ်ခြင်း အလုံးစုံတို့ကို နှိပ်စက် လွှမ်းမိုးနိုင်၏၊ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးမရှိသော အားဖြင့် ရှုမြင်၍ နိဗ္ဗာန်ကိုမြင်သော ထိုငါ့အား အားထုတ်မှုဖြစ်ပေါ် ခဲ့ပြီ။

ငါသည် ယခုအခါ ကာမဂုဏ်တို့ကို မှီဝဲရန် မထိုက်တော့ချေ၊ မြတ်သော အကျင့် သာလျှင် လည်းလျောင်းရာရှိသည်ဖြစ်၍ (သာသနာတော်မှ)မဆုတ်နစ်တော့အံ့သတည်း။

သတ္တမသုတ်။

## ဂ-လိစ္ဆဝိကုမာရကသုတ်

၅၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူတော်မူပြီးလျှင် ဝေသာလီ ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခွါခဲ့ပြီးလျှင် မဟာဝုန်တောသို့ ကြွဝင်တော်မူလျက် သစ်ပင်ရင်းတခု၌ နေ့ သန့်စင်တော်မူ၏။

ထိုအခါ များစွာသော လိစ္ဆဝီမင်းသားငယ်တို့သည် ပြင်ဆင်ပြီး လေးတို့ကို စွဲကိုင်ကုန်လျက် ခွေးအပေါင်းခြံရံကာ မဟာဝုန်တောကြီးအတွင်း၌ သွားလာလှည့်လည်ကုန်သည်ရှိသော် သစ်ပင် ရင်းတခု၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ ပြင်ဆင်ပြီး လေးတို့ကို ချထားပြီး လျှင် ခွေးအပေါင်းကို သင့်တော်ရာသို့ မောင်းနှင်လွှတ်လိုက်ပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုး၍ ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်ကုန်လျက် လက်အုပ်ချီကာ မြတ်စွာဘုရားကို ဆည်းကပ် ခစားကြကုန်၏။

ထိုအခါ မဟာနာမ်လိစ္ဆဝီမင်းသည် မဟာဝုန်တောကြီးအတွင်း၌ အညောင်းပြေ ထိုမှဤမှ သွားလာသည်ရှိသော် ဆိတ်ဆိတ်ငြိမ်ငြိမ် ဖြစ်ကုန်လျက် လက်အုပ်ချီကာ မြတ်စွာဘုရားကို ဆည်းကပ်ခစားကုန်သော ထိုလိစ္ဆဝီမင်းသားငယ်တို့ကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး လျှင် ရှိခိုးကာ တခုသောနေရာ၌ ထိုင်နေလျက် "ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့၊ ဝဇ္ဇီမင်းတို့ သည် ကြီးပွါးကြကုန်လတ္တံ့"ဟု ဥဒါန်းကျူးရင့်လေ၏။

မဟာနာမ် "ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့၊ ဝဇ္ဇီမင်းတို့သည် ကြီးပွါးကြကုန်လတ္တံ့" ဟု သင်အဘယ့်ကြောင့် ဤသို့ဆိုသနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား ဤလိစ္ဆဝီမင်းသားငယ်တို့သည် ခက်ထန်ကုန်၏၊ ကြမ်းထမ်းကုန်၏၊ မာနထန်ကုန် ၏၊ အမျိုးတို့၌ လက်ဆောင်ပေးအပ်သော ကြံတို့ကိုရှင်း ဆီးသီးတို့ကိုရှင်း မုန့်တို့ကိုရှင်း ကတွတ်မုန့်တို့

http://www.dhammadownload.com



ကိုင်၍ နှမ်းပျစ်တို့ကိုင်၍ လုယက် လုယက်၍ စားသောက်ကြကုန်၏၊ အမျိုးသမီးကြီးတို့၏ရင်း အမျိုးသွီးငယ်တို့၏ရင်း နောက်မှ လိုက်၍ (ကျောက်ကုန်းကို ခြေဖြင့်) ကန်ကျောက်ကြကုန်၏၊ ယခုအခါ၌ ထိုမင်းသားငယ်တို့သည် ဆိတ်ဆိတ်ငြိမ်ငြိမ် ဖြစ်ကြကုန်လျက် မြတ်စွာဘုရားကို လက်အုပ်ချီကာ ဆည်းကပ် ခစားကြကုန်၏၊ (ထို့ကြောင့်ပါတည်းဟု လျှောက်၏)။

မဟာနာမ် ရေမြေကိုအစိုးရ၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော မင်းအားဖြစ်စေ အဖက ပေးသည့် မြို့ကိုစားရသော မြို့စားအားဖြစ်စေ စစ်တပ်ဦးစီး စစ်သူကြီးအားဖြစ်စေ ရွာသူကြီးအား ဖြစ်စေ (အစည်းအရုံး အသင်းအပင်းတို့က မြှောက်တင်ထားသည့်) အသင်းလူကြီးအားဖြစ်စေ အမျိုးတို့၌ အသီးအသီးအစိုးရသူတို့အားဖြစ်စေ တရားငါးမျိုးရှိသည့် မည်သည့်အမျိုးကောင်း သား အား မဆို ကြီးပွါး တိုးတက်ခြင်းကို သာလျှင် (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

မဟာနာမ် ဤလောက၌ အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့်ရအပ် ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် မိဖတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုး ခံရကုန် ပူဇော် ခံရကုန်သော သူတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက်ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကိုစောင့် ရှောက်နိုင်ပါစေ"ဟု စိတ် နှလုံး ကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် မိဖတို့ စောင့်ရှောက် ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကိုသာလျှင် (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေး ဒီးဒီးကျဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွ လုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် သား မယား အမှုလုပ်ကျွန်ယောကျ်ားတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြုခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုးခံရကုန် ပူဇော်ခံရကုန်သော သားမယား ကျေးကျွန် အမှုလုပ် ယောကျ်ားတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက် ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကို စောင့်ရှောက် နိုင်ပါစေ"ဟု စိတ်နှလုံးကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် သားမယား ကျေးကျွန် အမှုလုပ် ယောကျ်ားတို့ စောင့်ရှောက်ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကို သာလျှင် မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေး ဒီးဒီးကျဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွ လုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် (မိမိ)လယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်း စာရေးတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြုခံရကုန် မြတ်နိုးခံရကုန် ပူဇော်ခံရကုန်သော လယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်းစာရေးတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက်ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကိုစောင့်ရှောက်နိုင်ပါစေ" ဟု စိတ်နှလုံးကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ်

http://www.dhammadownload.com



လယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်းစာရေးတို့ စောင့်ရှောက်ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကိုသာလျှင် မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့်ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် (မိရိုး ဖလာ) ပူဇော်သက္ကာကို ခံယူကုန်သော နတ်တို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုး ခံရကုန် ပူဇော် ခံရကုန်သော (မိရိုးဖလာ) ပူဇော်သက္ကာကို ခံယူကုန်သော နတ်တို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက် ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကိုစောင့်ရှောက်နိုင်ပါစေ"ဟု စိတ်နှလုံးကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် (မိရိုးဖလာ) ပူဇော်သက္ကာကို ခံယူကုန်သော နတ်တို့ စောင့်ရှောက်ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကိုသာလျှင် မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

မဟာနာမ် နောက်တမျိုးကား အမျိုးကောင်းသားသည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်လျော်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် သမဏဗြာဟ္မဏတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အရိုအသေပြု ခံရကုန် အလေးအမြတ်ပြု ခံရကုန် မြတ်နိုး ခံရကုန် ပူဇော် ခံရကုန်သော သမဏဗြာဟ္မဏတို့သည် ထိုအမျိုးကောင်းသားကို "ကြာမြင့်စွာ အသက်ရှင်ပါစေ၊ ရှည်မြင့်စွာ အသက်ကို စောင့်ရှောက်နိုင်ပါစေ"ဟု စိတ်နှလုံးကောင်းဖြင့် စောင့်ရှောက်ကုန်၏၊ မဟာနာမ် သမဏဗြာဟ္မဏတို့ စောင့်ရှောက်ခံရသော အမျိုးကောင်းသားအား ကြီးပွါးတိုးတက်ခြင်းကိုသာလျှင် မြော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြော်လင့်အပ်။

မဟာနာမ် ရေမြေကို အစိုးရ၍ ဦးထိပ်၌ အဘိသိက်သွန်းအပ်သော မင်းအားဖြစ်စေ အဖက ပေးသည့်မြို့ကို စားရသော မြို့စားအားဖြစ်စေ စစ်တပ်ဦးစီး စစ်သူကြီးအားဖြစ်စေ ရွာသူကြီးအား ဖြစ်စေ (အစည်းအရုံး အသင်းအပင်းတို့က မြှောက်တင်ထားသည့်) အသင်းလူကြီးအားဖြစ်စေ အမျိုးတို့၌ အသီးအသီးအစိုးရသူတို့အားဖြစ်စေ ဤတရားငါးမျိုးရှိသည့် မည်သည့် အမျိုးကောင်း သားအား မဆို ကြီးပွါးတိုးတက်ခြင်းကိုသာလျှင်(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏၊ဆုတ်ယုတ် ပျက်စီးခြင်းကို မမြော်လင့်အပ်။

သိကြား လိမ္မာ၍ သီလ ရှိသူသည် မိဖတို့၏ ကိစ္စကို ပြုတတ်၏၊ အခါခပ်သိမ်း သားမယားတို့၏ အစီးအပွါးကို ဆောင်ရွက်တတ်၏၊ အိမ်အတွင်း နေ လူအပေါင်း၏ အကျိုးငှါလည်း မိမိကိုမှီ၍ အသက်မွေးသူတို့၏ အကျိုးငှါလည်း (ဤသို့) နှစ်ပါးသောသူတို့ အကျိုးငှါ ကျင့်ဆောင်တတ်၏။

အိမ်၌ နေသော ပညာရှိပုဂ္ဂိုလ်သည် ကွယ်လွန်လေပြီးသော ဆွေမျိုးတို့၏လည်း ယခု မျက်မှောက်၌ အသက်ရှင်လျက်ရှိကြကုန်သော ဆွေမျိုးတို့၏လည်း သမဏဗြာဟ္မဏတို့၏လည်း နတ်တို့၏လည်း အကျိုးငှါ တရားသဖြင့် နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။

http://www.dhammadownload.com



ထိုသူသည် ကောင်းမှုကို ပြုလုပ်သောကြောင့် ပူဇော်အပ် ချီးမွမ်းအပ်သူဖြစ်၏၊ ထိုသူကို ဤလောကဌ်ပင် ချီးမွမ်းကြကုန်၏၊ (ထိုသူသည်) တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ဝုစုပဗ္ဗဇိတသုတ်

၅၉။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ သိမ်မွေ့သော တောထွက်ရဟန်းကို ရခဲ၏။

ရဟန်းအသွင်အပြင်နှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏။

အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏။

တရားဟောတတ်သော တောထွက်ရဟန်းကို ရခဲ၏။

ဝိနည်းမိုရ် တောထွက်ရဟန်းကို ရခဲ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဝုစုပဗ္ဗဇိတသုတ်

၆၀။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏။

အဘယ်တရား ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဆိုဆုံးမလွယ်သော တောထွက်ရဟန်းကို ရခဲ၏။

ကောင်းသောအယူကို ယူတတ်သော တောထွက်ရဟန်းကို ရခဲ၏။

ဆုံးမစကားကို အမြတ်တနိုး ခံယူတတ်သော တောထွက်ရဟန်းကို ရခဲ၏။

တရားဟောတတ်သော တောထွက်ရဟန်းကို ရခဲ၏။

ဝိနည်းမိုရ် တောထွက်ရဟန်းကို ရခဲ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော တောထွက်ရဟန်းကို ရခဲ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော နီဝရဏဝဂ်ပြီး၏။

http://www.dhammadownload.com



## (၇) ၂-သညာဝဂ် ၁-ပဌမ သညာသုတ်

၆၁။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင်အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မတင့်တယ်ဟူသော အမှတ် 'အသုဘသညာ' သေခြင်း၌ ဖြစ်သော အမှတ် 'မရဏသညာ' အပြစ်ဟူ၍ ဖြစ်သော အမှတ် 'အာဒီနဝသညာ' မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ် 'အာဟာရေပဋိကူလသညာ' လောက အားလုံး၌ မွေ့လျော်ဖွယ် မရှိဟူသောအမှတ် 'သဗ္ဗလောကအနဘိရတိသညာ' တို့တည်း။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ သညာသုတ်

၆၂။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည် ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမြဲမရှိဟူသောအမှတ် 'အနိစ္စသညာ' အစိုးမရ 'အတ္တမဟုတ်' ဟူသောအမှတ် 'အနတ္တသညာ' သေခြင်း၌ ဖြစ်သောအမှတ် 'မရဏသညာ' မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသောအမှတ် 'အာဟာရေပဋိကူလသညာ' လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟူသောအမှတ် 'သဗ္ဗလောကအနဘိရတိသညာ' တို့တည်း။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်ကုန်သည်ရှိသော် အကျိုးကြီးကုန် အာနိသင်ကြီးကုန် အမြိုက် နိဗ္ဗာန်သို့သက်ဝင်ကုန် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်သော သညာတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ ဝစိုသုတ်

၆၃။ ရဟန်းတို့ ကြီးပွါးခြင်းငါးမျိုးတို့ဖြင့် ကြီးပွါးသော အရိယာတပည့်သည် မြတ်သော ကြီးပွါးခြင်းဖြင့် ကြီးပွါး၏၊ ကိုယ်၏အနှစ် ကိုလည်း ယူတတ်၏၊ အမြတ်ကိုလည်း ယူတတ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဖြင့် ကြီးပွါး၏၊ သီလဖြင့် ကြီးပွါး၏၊ သုတဖြင့် ကြီးပွါး၏၊ စာဂဖြင့် ကြီးပွါး၏၊ ပညာဖြင့် ကြီးပွါး၏။

http://www.dhammadownload.com



ရဟန်းတို့ ဤကြီးပွါးခြင်း ငါးမျိုးတို့ဖြင့် ကြီးပွါးသော အရိယာတပည့်သည် မြတ်သော ကြီးပွါးခြင်းဖြင့် ကြီးပွါး၏၊ ကိုယ်၏ အနှစ်ကိုလည်း ယူတတ်၏၊ အမြတ်ကိုလည်း ယူတတ်၏ ဟု (မိန့်တော်မူ၏)။

သဒ္ဓါဖြင့်၎င်း သီလဖြင့်၎င်း ပညာဖြင့်၎င်း စာဂ သုတနှစ်ပါးတို့ဖြင့်၎င်း ကြီးပွါးခြင်း သဘောရှိသော အဆင်ခြင်ပညာနှင့်ပြည့်စုံသော ထိုသူတော်ကောင်းသည် ဤဘဝ၌ပင် မိမိ၏ (သီလ သမာဓိ စသော) အနှစ်ကို ယူလေသတည်း။

တတိယသုတ်။

## ၄-ဒုတိယ ဝဍ္ဎိသုတ်

၆၄။ ရဟန်းတို့ ကြီးပွါးခြင်း ငါးမျိုးတို့ဖြင့် ကြီးပွါးသော အရိယာတပည့်မသည် မြတ်သော ကြီးပွါးခြင်းဖြင့် ကြီးပွါး၏၊ ကိုယ်၏အနှစ်ကိုလည်း ယူတတ်၏၊ အမြတ်ကိုလည်း ယူတတ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဖြင့် ကြီးပွါး၏။

သီလဖြင့် ကြီးပွါး၏။

သုတဖြင့် ကြီးပွါး၏။

စာဂဖြင့် ကြီးပွါး၏။

ပညာဖြင့် ကြီးပွါး၏။

ရဟန်းတို့ ဤကြီးပွါးခြင်း ငါးမျိုးတို့ဖြင့် ကြီးပွါးသော အရိယာတပည့်မသည် မြတ်သောကြီးပွါးခြင်းဖြင့် ကြီးပွါး၏၊ ကိုယ်၏အနှစ်ကိုလည်း ယူတတ်၏၊ အမြတ်ကိုလည်း ယူတတ်၏ ဟု (မိန့်တော်မူ၏)။

သဒ္ဓါဖြင့်၎င်း သီလဖြင့်၎င်း ပညာဖြင့်၎င်း စာဂ သုတနှစ်ပါးတို့ဖြင့်၎င်း ကြီးပွါးခြင်း သဘောရှိသော သီလနှင့် ပြည့်စုံသော ထိုဥပါသိကာမသည် ဤဘဝ၌ပင် မိမိ၏ (သီလ သမာဓိစသော)အနှစ်ကို ယူလေသတည်း။

စတုတ္ထသုတ်။

## ၅-သာကစ္ဆသုတ်

၆၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ဆွေးနွေးထိုက်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

မိမိကလည်း သီလနှင့် ပြည့်စုံ၏၊ သီလ ပြည့်စုံမှုနှင့်စပ်သောစကားဖြင့် မေးလာသည့် ပြဿနာကိုလည်း ဖြေဆိုတတ်၏။

http://www.dhammadownload.com



မိမိကလည်း သမာဓိနှင့် ပြည့်စုံ၏၊ သမာဓိ ပြည့်စုံမှုနှင့်စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း ပညာနှင့် ပြည့်စုံ၏၊ ပညာ ပြည့်စုံမှုနှင့်စပ်သောစကားဖြင့်မေးလာသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့် ပြည့်စုံ၏၊ (ကိလေသာမှ) လွတ်မြောက်ခြင်းနှင့် စပ်သောစကားဖြင့်မေးလာသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်ခြင်း၌ မြင်စွမ်းနိုင်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'နှင့် ပြည့်စုံ၏၊ ကိလေသာမှ လွတ်မြောက်ခြင်း၌ မြင်စွမ်းနိုင်သော ဉာဏ်အမြင် ပြည့်စုံမှုနှင့်စပ်သော စကားဖြင့်မေးလာသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ဆွေးနွေး ထိုက်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆—သာဇီဝသုတ်

၆၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မေးဖြေခြင်းငှါ ထိုက်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိကလည်း သီလနှင့် ပြည့်စုံ၏၊ သီလ ပြည့်စုံမှုနှင့်စပ်သောစကားဖြင့် ပုစ္ဆာရင်ထားသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း သမာဓိနှင့် ပြည့်စုံ၏၊ သမာဓိ ပြည့်စုံမှုနှင့်စပ်သောစကားဖြင့် ပုစ္ဆာရင်ထားသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း ပညာနှင့် ပြည့်စုံ၏၊ ပညာ ပြည့်စုံမှုနှင့်စပ်သောစကားဖြင့် ပုစ္ဆာရင်ထားသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း (ကိလေသာမှ)လွတ်မြောက်ခြင်း 'ဝိမုတ္တိ' နှင့် ပြည့်စုံ၏၊ (ကိလေသာမှ)လွတ်မြောက်ခြင်းနှင့် စပ်သောစကားဖြင့် ပုစ္ဆာရင်ထားသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

မိမိကလည်း(ကိလေသာမှ)လွတ်မြောက်ခြင်း၌ မြင်စွမ်းနိုင်သော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန'နှင့် ပြည့်စုံ၏၊ ကိလေသာမှ လွတ်မြောက်ခြင်း၌ မြင်စွမ်းနိုင်သော ဉာဏ်အမြင် ပြည့်စုံမှုနှင့် စပ်သောစကားဖြင့် ပုစ္ဆာရင်ထားသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မေးဖြေခြင်းငှါ ထိုက်သူဖြစ်၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ပဌမ ဣဒ္ဓိပါဒသုတ်

၆၇။ ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဤတရား ငါးမျိုးတို့ကို ပွါးများ၏၊ဤတရား ငါးမျိုးတို့ကို ကြိမ်ဖန်များစွာပြု၏၊ထိုသူအား ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကိုရင်း ကိလေသာကြွင်းကျန်သေးလျှင် အနာဂါမ်အဖြစ်ကိုရင်း ဤအကျိုးနှစ်ပါးတို့တွင် တပါးပါးသောအကျိုးကို(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

အလို'ဆန္ဒ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု'သမာဓိ'ပူပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

အားထုတ်မှု'ဝီရိယ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု'သမာဓိ' ။ပ။

စိတ်လျှင်အကြီးအမှူးရှိသော တည်ကြည်မှု'သမာဓိ' ။ပ။

ပညာ 'ဝီမံသ' လျှင် အကြီးအမှူးရှိသော တည်ကြည်မှုသမာဓိ ပူပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

ငါးခုမြောက်ဖြစ်သော လွန်ကဲသော လုံ့လကိုသာလျှင်(ပွါးများ၏)။

ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဤတရား ငါးမျိုးတို့ကို ပွါးများ၏၊ ဤတရား ငါးမျိုးတို့ကို ကြိမ်ဖန်များစွာပြု၏၊ထိုသူအား ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကိုရင်း ကိလေသာကြွင်းကျန်သေးလျှင် အနာဂါမ်အဖြစ်ကိုရင်း ဤအကျိုးနှစ်ပါးတို့တွင် တပါးပါးသော အကျိုးကို(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဣဒ္ဓိပါဒသုတ်

၆၈။ ရဟန်းတို့ သစ္စာလေးပါးတရားကို မသိသေးမီ ဘုရားအလောင်းသာဖြစ်သော ငါသည် ငါးမျိုးသော တရားတို့ကို ပွါးများခဲ့ပြီ၊ ငါးမျိုးသော တရားတို့ကို ကြိမ်ဖန်များစွာ ပြုခဲ့ပြီ။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

အလို'ဆန္ဒ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှုသမာဓိ ပူပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများခဲ့ပြီ။

ဝီရိယလျှင် အကြီးအမှူးရှိသော တည်ကြည်မှု သမာဓိ။ပ။

စိတ်လျှင် အကြီးအမှူးရှိသော တည်ကြည်မှု သမာဓိ။ပ။

ပညာလျှင် အကြီးအမှူးရှိသော တည်ကြည်မှု သမာဓိ ပူပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများခဲ့ပြီ။

ငါးခုမြောက်ဖြစ်သော လွန်ကဲသော လုံ့လကိုသာလျှင်(ပွါးများခဲ့ပြီ)။

http://www.dhammadownload.com



ရဟန်းတို့ လွန်ကဲသော လုံ့လလျှင် ငါးခုမြောက်ဖြစ်သော ဤတရားတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုခြင်းကြောင့် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သည်ကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေပြီး(ရှေးဘဝ အကြောင်းနှင့် ယခုဘဝအဘိညာဏ်၏ အခြေခံစျာန်စသော)အကြောင်းရှိခဲ့သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ဣဒ္ဓိဝိဓအဘိညာဏ်စသည်)သို့ ရောက်၏၊ "များစွာသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားလို၏"။ပ။ "ဗြဟ္မာ့ပြည်တိုင်အောင် ကိုယ်ကို စိတ်အလိုအတိုင်း ဖြစ်စေလို၏"ဟု ထိုငါသည် အကယ်၍ အလိုရှိခဲ့မူ(အခြေခံ)အကြောင်းရှိခဲ့သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ်(ဣဒ္ဓိဝိဓအဘိညာဏ်)သို့ ရောက်ခဲ့ပြီ၊ "အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမရှိသော စိတ်ဖြင့်ကိလေသာတို့မှ လွတ်မြောက်ခြင်း စေတောဝိမုတ္တိ ကိလေသာတို့မှ လွတ်မြောက်ခြင်း ပညာဝိမုတ္တိ ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေလို၏"ဟု ထိုငါသည် အကယ်၍ အလိုရှိခဲ့မူ ထိုထိုအရာ၌ပင် သက်သေထိုက်သည့်အဖြစ် (အာသဝက္ခယဉာဏ်)သို့ ရောက်ခဲ့ပြီ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉—နိဗ္ဗိဒါသုတ်

၆၉။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် စင်စစ်ငြီးငွေ့ခြင်းငှါ စွဲမက်မှု'ရာဂ'ကင်းခြင်းငှါ ချုပ်ခြင်းငှါ(ကိလေသာ) ငြိမ်းခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးတရားကို သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ မတင့်တယ်ဟု ရှုလျက် နေ၏။

မျိုအပ်သောအစာ 'အာဟာရ'၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိ၏။

လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟု အမှတ်ရှိ၏။

အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု ရှုလေ့ရှိ၏။

သေခြင်း၌ ဖြစ်သော အမှတ် 'မရဏသညာ'သည် ထိုရဟန်း၏ အတွင်းသန္တာန်၌ ကောင်းစွာတည်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်ကုန်သည်ရှိသော် စင်စစ်ငြီးငွေ့ခြင်းငှါ စွဲမက်မှု 'ရာဂ' ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကိလေသာငြိမ်းအေးခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးကို သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-အာသဝက္ခယသုတ်

၇၀။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ဖြစ်ကုန်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ခန္ဓာ၌ မတင့်မတယ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

မျိုအပ်သောအစာ 'အာဟာရ' ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိ၏။

လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟု အမှတ်ရှိ၏။

အလုံးစုံသော သင်္ခါရတို့၌ မမြဲဟု ရှုလေ့ရှိ၏။

ထိုရဟန်းအား သေခြင်း၌ဖြစ်သော အမှတ်'မရဏသညာ'သည် ထိုရဟန်း၏ အတွင်းသန္တာန်၌ ကောင်းစွာတည်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်၊

နှစ်ခုမြောက် သညာဝဂ် ပြီး၏။

---

## (၈) ၃-ယောဓာဇီဝဝဂ် ၁-ပဌမ စေတောဝိမုတ္တိဖလသုတ်

၇၁။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အကျိုးလည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အာနိသင်လည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အကျိုးလည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အာနိသင်လည်း ရှိကုန်၏။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ခန္ဓာ၌ မတင့်မတယ်ဟု ရှုလျက်နေ၏။

မျိုအပ်သော အစာ 'အာဟာရ'၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိ၏။

လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟု အမှတ်ရှိ၏။

အလုံးစုံသော သင်္ခါရတို့၌ မမြဲဟု ရှုလေ့ရှိ၏။

သေခြင်း၌ ဖြစ်သောအမှတ် 'မရဏသညာ' သည် ထိုရဟန်း၏ အတွင်းသန္တာန်၌ ကောင်းစွာ တည်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်ကုန်သည်ရှိသော် လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အကျိုးလည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အာနိသင်လည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အကျိုးလည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အာနိသင်လည်း ရှိကုန်၏။

ရဟန်းတို့ ရဟန်းသည် အကြင်အခါ၌ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်လည်း ရှိ၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာလည်း ရှိ၏၊ ရဟန်းတို့ (ထိုအခါ၌) ဤရဟန်းကို

http://www.dhammadownload.com



"တံခါးကျည်ကို ပယ်ချပြီးသူ"ဟူ၍၎င်း "ကျုံးကို ဖျက်ဆီးပြီးသူ"ဟူ၍၎င်း "တံခါးတိုင်ကို နုတ်ပြီးသူ"ဟူ၍၎င်း "တံခါးရွက်ကို ဖွင့်ပြီးသူ" ဟူ၍၎င်း "အလံကို ချပြီးသော ဝန်ကို ချပြီးသော (ဝဋ်ဆင်းရဲနှင့်) မစပ်ယှဉ်သော မြတ်သောသူ"ဟူ၍၎င်း ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးကျည်ကို ပယ်ချပြီးသူဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မသိမှု 'အဝိဇ္ဇာ'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးဖြစ်သော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးကျည်ကို ပယ်ချပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကျုံးကို ဖျက်ဆီးပြီးသူဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တဖန်ဘဝသစ်ကို ဖြစ်စေတတ်သည့် ဇာတိသံသရာ (ပုနဗ္ဘဝိကာသံခါရ)ကို ပယ်ပြီးဖြစ်၏၊ ၎င်းမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကျုံးကို ဖျက်ဆီးပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးတိုင်ကို နုတ်ပြီးသူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တပ်မက်ခြင်း 'တဏှာ'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးတိုင်ကို နုတ်ပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးရွက် မရှိသူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးရွက်မရှိသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အလံကိုချပြီးသော ဝန်ကိုချပြီးသော (ဝဋ်ဆင်းရဲနှင့်) မစပ်ယှဉ်သော မြတ်သောသူဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါတကားဟု ထောင်လွှားခြင်း 'အသ္မိမာန' ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အလံကို ချပြီးသော ဝန်ကို ချပြီးသော (ဝဋ်ဆင်းရဲနှင့်) မစပ်ယှဉ်သော မြတ်သောသူဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဒုတိယ စေတောဝိမုတ္တိဖလသုတ်

၇၂။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်ကုန်သည်ရှိသော် လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အကျိုးလည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အာနိသင်လည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အကျိုးလည်း ရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အာနိသင်လည်း ရှိကုန်၏။

အဘယ်တရားငါးမျိုးတို့ နည်းဟူမူ—

အမြဲမရှိဟူသော အမှတ် 'အနိစ္စသညာ'။

အမြဲမရှိခြင်း၌ ဆင်းရဲ၏ဟူသော အမှတ် 'ဒုက္ခသညာ'။

ဆင်းရဲခြင်း၌ အလိုသို့မလိုက်ဟူသောအမှတ် 'အနတ္တသညာ'။

ပယ်စွန့်အပ်၏ဟူသောအမှတ် 'ပဟာနသညာ'။

စွဲမက်ခြင်းကင်း၏ဟူသော အမှတ် 'ဝိရာဂသညာ'တို့တည်း။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည် ရှိသော် လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အကျိုးလည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ဟူသော အာနိသင်လည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အကျိုးလည်းရှိကုန်၏၊ လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာဟူသော အာနိသင်လည်း ရှိကုန်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်လည်းရှိ၏၊ လွတ်မြောက်သော(အရဟတ္တဖိုလ်) ပညာလည်း ရှိ၏။

ရဟန်းတို့(ထိုအခါ၌) ဤရဟန်းကို "တံခါးကျည်ကို ပယ်ချပြီးသူ" ဟူ၍၎င်း "ကျုံးကို ဖျက်ဆီးပြီးသူ"ဟူ၍၎င်း"တံခါးတိုင်ကိုနုတ်ပြီးသူ"ဟူ၍၎င်း"တံခါးရွက်ကို ဖွင့်ပြီးသူ"ဟူ၍၎င်း"အလံကိုချပြီးသော ဝန်ကို ချပြီးသော (ဝဋ်ဆင်းရဲနှင့်)မစပ်ယှဉ်သော မြတ်သောသူ"ဟူ၍၎င်း ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးကျည်ကို ပယ်ချပြီးသူဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မသိမှု 'အဝိဇ္ဇာ'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးကျည်ကို ပယ်ချပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကျုံးကို ဖျက်ဆီးပြီးသူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တဖန်ဘဝသစ်ကို ဖြစ်စေတတ်သည့် ဇာတိသံသရာ(ပုညာဘိသင်္ခါရ)ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကျုံးကို ဖျက်ဆီးပြီးသူဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးတိုင်ကို နုတ်ပြီးသူဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တပ်မက်ခြင်း'တဏှာ'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးတိုင်ကို နုတ်ပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးရွက်မရှိသူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်ပိုင်း သံယောဇဉ်ငါးမျိုးကို ပယ်ပြီးဖြစ်၏၊ အမြစ်ကိုဖြတ်ပြီးဖြစ်၏၊နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးရွက် မရှိသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အလံကို ချပြီးသော ဝန်ကိုချပြီးသော(ဝဋ်ဆင်းရဲနှင့်) မစပ်ယှဉ်သော မြတ်သောသူ ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါတကားဟု ထောင်လွှားခြင်း 'အသ္မိမာန'ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အလံကို ချပြီးသော ဝန်ကို ချပြီးသော (ဝဋ်ဆင်းရဲနှင့်) မစပ်ယှဉ်သော မြတ်သောသူဖြစ်၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဥ္စမ ဓမ္မဝိဟာရီသုတ်

၇၃။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တရားနှင့် နေလေ့ရှိသူ တရားနှင့်နေလေ့ရှိသူဟု ဆိုပါ၏၊အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်ပါသနည်း"ဟု လျှောက်၏။

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ယူ၏၊ ထိုရဟန်းသည် ထိုတရားတော်ကို သင်ယူခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိ အတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း ဤရဟန်းကို သင်ကြားမှု 'ပရိယတ္တိ'များသူဟူသော ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

http://www.dhammadownload.com



ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏၊ထိုရဟန်းသည် ထိုတရားကို သူတပါးတို့အား သိစေခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိ၏ အတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း ဤရဟန်းကို သိစေခြင်းများသူဟုသာ ဆိုအပ်၏။ တရားနှင့်နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် ရွတ် အံ (သရဇ္ဈာယ်) ခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊မိမိအတွင်းသန္တာန်၌ စိတ်၏ (ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း ဤရဟန်းကို ရွတ်အံ(သရဇ္ဈာယ်)ခြင်းများသူဟုသာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်ဖြင့် ကြံ၏၊ သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏၊ ထိုရဟန်းသည် ထိုတရားကို ကြံစည်ခြင်း 'ဝိတက်' တို့ဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိ အတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း ဤရဟန်းကို ကြံစည်ခြင်း 'ဝိတက်' များသူဟုသာ ဆိုအပ်၏၊တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသောတရားကို သင်ယူ၏၊ထိုရဟန်းသည် ထိုတရားကို သင်ယူခြင်းဖြင့် နေ့ကို မကုန်လွန်စေ၊ တယောက်တည်း ကိန်းအောင်းမှုကို မစွန့်လွှတ်၊ မိမိ အတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ) ငြိမ်းမှုကို ကြိုးစား၏။

ရဟန်း ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူဖြစ်၏။

ရဟန်း ဤသို့လျှင် ငါသည် သင်ကြားခြင်းများသူကို ဟောပြီးပြီ၊သူတပါးတို့အား သိစေခြင်းများသူကို ဟောပြီးပြီ၊ရွတ်အံ(သရဇ္ဈာယ်)ခြင်းများသူကို ဟောပြီးပြီ၊ကြံစည်ခြင်း'ဝိတက်'များသူကို ဟောပြီးပြီ၊တရားနှင့်နေလေ့ရှိသူကို ဟောပြီးပြီ၊ရဟန်း အစီးအပွါးကို ရှာလေ့ရှိ၍ သနားစောင့်ရှောက်တတ်သည့် ဆရာဖြစ်သော ငါသည် တပည့်တို့အား သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ပြုဖွယ်ကို ငါပြုပြီးပြီ၊ရဟန်း ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ဤသည်တို့ကား ဆိတ်ငြိမ်ရာ အရပ်တို့ပင်တည်း၊ရဟန်း ကပ်၍ ရှုကြည့်ကြကုန်လော့၊ မမေ့မလျော့ ကြကုန်လင့်၊ နောက်မှ (အားမထုတ်လိုက်ရ)ဟု နောင်တပူပန်ခြင်း မဖြစ်ကြစေကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမ ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဒုတိယ ဓမ္မဝိဟာရီသုတ်

၇၄။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား 'တရားနှင့် နေလေ့ရှိသူ တရားနှင့် နေလေ့ရှိသူ ဟု ဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့်နေလေ့ရှိသူဖြစ်ပါသနည်း" ဟု လျှောက်၏။

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ယူ၏၊ ထို့ထက် ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာဖြင့် မသိ။

ရဟန်း ဤရဟန်းကို သင်ကြားမှု 'ပရိယတ္တိ' များသူဟူ၍သာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြား၏၊ ထို့ထက် ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာဖြင့် မသိ။

ရဟန်း ဤရဟန်းကို သိစေခြင်းများသူဟူ၍သာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ ကား မဆိုအပ်။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် ရွတ်အံ(သရဇ္ဈာယ်)ခြင်းကိုပြု၏၊ထို့ ထက် ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာဖြင့် မသိ။

ရဟန်း ဤရဟန်းကို ရွတ်အံ(သရဇ္ဈာယ်)ခြင်း များသူဟူ၍သာ ဆိုအပ်၏၊ တရားနှင့် နေလေ့ ရှိသူဟူ၍ကား မဆိုအပ်။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်ဖြင့် ကြံစည်၏၊သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏၊ ထို့ထက် ပိုလွန်၍ကား ထိုတရား၏ အနက်ကို ပညာဖြင့် မသိ။

ရဟန်း ဤရဟန်းကို ကြံစည်ခြင်း 'ဝိတက်' များသူဟူ၍သာ ဆိုအပ်၏၊ တရားနှင့် နေလေ့ ရှိသူဟူ၍ကား မဆိုအပ်။

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ယူ၏၊ ထို့ ထက် ပိုလွန်၍လည်း ထိုတရား၏ အနက်ကို ပညာဖြင့် သိ၏။

ရဟန်း ဤသို့လျှင် ရဟန်းသည် တရားနှင့်နေလေ့ ရှိသူ ဖြစ်၏။

ရဟန်း ဤသို့လျှင် ငါသည် သင်ကြားခြင်းများသူကို ဟောပြီးပြီ၊ သူတပါးတို့အား သိစေခြင်း များသူကို ဟောပြီးပြီ၊ ရွတ်အံ(သရဇ္ဈာယ်) ခြင်းများသူကို ဟောပြီးပြီ၊ ကြံစည်ခြင်း'ဝိတက်' များသူကို ဟောပြီးပြီ၊ တရားနှင့် နေလေ့ရှိသူကို ဟောပြီးပြီ။

http://www.dhammadownload.com



ရဟန်း အစီးအပွါးကို ရှာလေ့ရှိ၍ သနားစောင့်ရှောက်တတ်သည့် ဆရာဖြစ်သော ငါသည် တပည့်တို့အား သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ထိုပြုဖွယ်ကို ငါပြုပြီးပြီ၊ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ အရပ်တို့ပင်တည်း၊ ရဟန်း ကပ်၍ ရှုကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောက်မှ (အားမထုတ်လိုက်ရဟု) နောင်တပူပန်ခြင်း မဖြစ်ကြစေကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ ယောဓာဇီဝသုတ်

၇၅။ ရဟန်းတို့ သူရဲကောင်း ငါးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော)မြူမှုန့်ထုကို မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းရန် မတတ်နိုင်၊ ရဟန်းတို့ လောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏၊ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဉ္စမသူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း အလံဖျားကို မြင်ရပါမူကား ဆုတ်နစ်၏၊ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊စစ်မြေပြင်သို့ သက်ဆင်းရန် မတတ်နိုင်၊ ရဟန်းတို့ လောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ဒုတိယ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သောသူရဲကောင်းသည်(ဆင်တပ် မြင်းတပ်စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း (ဆင် မြင်း ရထား ဗိုလ်ခြေတို့၏) ကျယ်လောင်မြောက်မြားသော အသံကို ကြားရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းရန် မတတ်နိုင်၊ ရဟန်းတို့ လောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော တတိယ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ်စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ (ဆင် မြင်း ရထား ဗိုလ်ခြေတို့၏) ကျယ်လောင်မြောက်မြားသော အသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း

http://www.dhammadownload.com



ပုတ်ခတ်ထိုးပစ်ခြင်းကြောင့် ပင်ပန်း၏၊ ပျက်စီးခြင်းသို့ ရောက်၏၊ ရဟန်းတို့ လောက၌ ဤသို့ သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏၊ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော စတုတ္ထ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို(မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ (ဆင် မြင်း ရထား ဗိုလ်ခြေတို့၏) ကျယ်လောင် မြောက်မြားသော အသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ ပုတ်ခတ် ထိုးပစ်ခြင်းကိုလည်း ကြံ့ကြံ့ခံနိုင်၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်အရပ်ကို အောင်မြင်လျက် အောင်အပ် ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ ထိုစစ်မြေဦးကိုပင်လျှင် စိုးအုပ်၍နေ၏၊ ရဟန်းတို့ လောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဉ္စမ သူရဲကောင်းတည်း။

ရဟန်းတို့ သူရဲကောင်းငါးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

ရဟန်းတို့ ဤအတူပင် သူရဲကောင်းတို့နှင့် တူကုန်သော ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြူမှုန့်ထုကိုသာလျှင် မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာ အားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏။

ထိုရဟန်း၏ မြူမှုန့်ထုဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ "ဤမည်သော ရွာ နိဂုံး၌ မိန်းမကြီးသည်ငှင်း မိန်းမပျို သည်ငှင်း အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ စိတ်ကြည်လင်ဖွယ်ရှိ၏၊ လွန်ကဲသော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏"ဟူ၍(သတင်း)ကြား၏၊ ထိုရဟန်းသည် ထိုသတင်းကို ကြား၍ ဆုတ်နစ် ၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ် နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်လေ၏၊ ဤသည်ကား ထို ရဟန်း၏ မြူမှုန့်ထုပင်တည်း။

ရဟန်းတို့ ထိုသူရဲကောင်းသည် မြူမှုန့်ထုကို မြင်၍သာလျှင် ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ မတတ်နိုင်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ပဌမသူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မြူမှုန့်ထုကို(မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး ၏၊ သို့သော်လည်း အလံဖျားကို မြင်ရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်စွမ်းနိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏။

http://www.dhammadownload.com



ထိုရဟန်း၏ အလံဖျားဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤမည်သော ရွာ ဤမည်သော နိဂုံး၌ မိန်းမ ကြီးသည်ငှင်း မိန်းမပျိုသည်ငှင်း အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ စိတ်ကြည်လင်ဖွယ်ရှိ၏၊ လွန်ကဲသော အဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏"ဟူ၍ (သတင်းမှုကား)မကြား၊ စင်စစ်သော်ကား အလွန်အဆင်းလှ၍ ရှုချင်ဖွယ်လည်းရှိ စိတ်ကြည်လင်ဖွယ်လည်းရှိသဖြင့် လွန်ကဲသော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမကြီးကိုငှင်း မိန်းမပျိုကိုငှင်း ကိုယ်တိုင်ပင် တွေ့မြင်၏။

ထိုရဟန်းသည် ထိုမိန်းမကို တွေ့မြင်ရ၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သော အကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာ ချပြီးလျှင် လူထွက်၏၊ ဤသည်ကား ထိုရဟန်း၏ အလံဖျားပင်တည်း။

ရဟန်းတို့ ထိုသူရဲကောင်းသည် မြူမှုန့်ထုကို(မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော် လည်း အလံဖျားကို မြင်ရမှုကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ဒုတိယသူရဲကောင်းနှင့်တူသောပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မြူမှုန့်ထုကို(မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို(မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ကျယ်လောင်မြောက်မြား သောအသံကို ကြားရမှုကား ဆုတ်နစ်၏၊ထိုမှ ဤမှ ဆုတ်နစ်၏၊မရပ်တည်နိုင်၊မြတ်သော အကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏။

ထိုရဟန်း၏ ကျယ်လောင်မြောက်မြားသော အသံဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ ဖြစ်စေ ကပ်ရောက်နေသော ရဟန်းသို့ မာတုဂါမသည် ချဉ်းကပ်လာ၍ ပြုံးလည်းပြုံး၏၊ မြှောက် ပင့်၍လည်း ပြောဆို၏၊ ပြင်းစွာလည်း ရယ်မော၏၊ ပြောင်လှောင်လည်း ပြောင်လှောင်၏၊ ထိုရဟန်းသည် မာတုဂါမက ပြုံးသည်ရှိသော် မြှောက်ပင့်၍ ပြောဆိုသည်ရှိသော် ပြင်းစွာ ရယ်သည်ရှိသော် ပြောင်လှောင်သည်ရှိသော် ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မတတ်နိုင်၊ သိက္ခာ အားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီး လျှင် လူထွက်၏၊ ဤသည်ကား ထိုရဟန်း၏ ကျယ်လောင်မြောက်မြားသော အသံပင်တည်း။

ရဟန်းတို့ ထို သူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံ ဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊သို့သော်လည်း ကျယ်လောင် မြောက်မြားသော အသံကို ကြားရမှုကား ဆုတ်နစ်၏၊ထိုမှ ဤမှ ဆုတ်နစ်၏၊မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်း ခြင်းငှါ မတတ်နိုင်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထို သူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ အချို့သော ရဟန်းသည် ဤ သာသနာတော်၌ ဤသို့ သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော တတိယသူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ ကျယ်လောင် မြောက်မြားသော အသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ထိုး ပစ် ပုတ်ခတ်သော်ကား ပင်ပန်း၏၊ ပျက်စီး၏၊

ထို ရဟန်း၏ ထိုး ပစ် ပုတ်ခတ်ခြင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤ သာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်နေသော ရဟန်းသို့ မာတုဂါမသည် ချဉ်းကပ်လာပြီးလျှင် အနီး၌ ကပ် ထိုင်နေ၏၊ အနီး၌ ကပ်၍ အိပ်၏၊ ဖိစီး လွှမ်းမိုး၏၊ ထို ရဟန်းသည် မာတုဂါမက အနီး၌ ကပ်၍ ထိုင်နေသည်ရှိသော် အနီး၌ ကပ်၍ အိပ်နေသည်ရှိသော် ဖိစီးလွှမ်းမိုးသည်ရှိသော် သိက္ခာအားနည်းမှုကို ထင်စွာမပြုမူ၍ သိက္ခာမချပဲ မေထုန်အကျင့်ကို မှီဝဲ၏၊ ဤသည်ကား ထိုရဟန်း၏ ထိုး ပစ် ပုတ်ခတ်ခြင်းပင်တည်း။

ရဟန်းတို့ ထို သူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို(မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ ကျယ်လောင် မြောက်မြားသော အသံကို(ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ထိုး ပစ် ပုတ်ခတ်သော်ကား ပင်ပန်းပျက်စီးသကဲ့သို့ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤ သာသနာတော်၌ အချို့သော ရဟန်းသည် ဤသို့ သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော စတုတ္ထ သူရဲကောင်းနှင့် တူသော ရဟန်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ ကျယ်လောင် မြောက်မြားသော အသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ ထိုး ပစ် ပုတ်ခတ်ခြင်းကိုလည်း ကြံ့ကြံ့ခံနိုင်သေး၏၊ ထိုရဟန်းသည် ထိုစစ်မြေပြင်ကို အောင်မြင်လျက် အောင်အပ်ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ ထိုစစ်မြေပြင်ဦး၌ပင်လျှင် လွှမ်းမိုး၍နေ၏။

ထိုရဟန်း၏ အောင်အပ်ပြီးသော စစ်မြေပြင်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်နေသော ရဟန်းသို့ မာတုဂါမသည် ချဉ်းကပ်လာပြီးလျှင် အနီး၌ကပ်၍ ထိုင်နေ၏၊ အနီး၌ ကပ်၍ အိပ်၏၊ ဖိစီး လွှမ်းမိုး၏၊ ထိုရဟန်းသည် မာတုဂါမက အနီး၌ ကပ်၍ ထိုင်နေသည်ရှိသော် အနီး၌ ကပ်၍ အိပ်နေသည်ရှိသော် ဖိစီး လွှမ်းမိုးသည်ရှိသော် ဖြေ၍လွှတ်စေလျက် အလိုရှိရာ အရပ်သို့ ဖဲသွား၏။ ထိုရဟန်းသည် တော သစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်သောကျောင်း (အိပ်ရာ နေရာ)ကို မှီဝဲ၏၊ ထိုရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ကပ်၍ရင်း ဆိတ်ငြိမ်ရာသို့ကပ်၍ရင်း ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ (ကမ္မဋ္ဌာန်းသို့)ရှေးရှု သတိကိုဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌ မက်မောခြင်း'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း'အဘိဇ္ဈာ'ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော ဒေါသကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော 'ဒေါသ'မှ စိတ်ကို စင်ကြယ်

http://www.dhammadownload.com



စေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ' ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ နောင်တ တဖန် ပူပန်ရခြင်း 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏၊ ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော ဤ အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်စွန့်၍ ကာမဂုဏ် တရားတို့မှ ဆိတ်၍သာလျှင်။ ပ ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ထိုရဟန်းသည် ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော်ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုရဟန်းသည် "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ "ဤသည်တို့ကား အာသဝေါတရားတို့" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဤသို့သိသော ဤသို့မြင်သော ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ဤသည်ကား ထိုရဟန်း၏ အောင်အပ်ပြီးသော စစ်မြေပြင်၌ လွှမ်းမိုး၍နေခြင်း ပင်တည်း။

ရဟန်းတို့ ထိုသူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို မြင်ရသော်လည်း ကြံ့ကြံ့ခံနိုင်၏၊ ကျယ်လောင် မြောက်မြားသော အသံတို့ကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်၏။ ထိုးပစ် ပုတ်ခတ်ခြင်းကိုလည်း ကြံ့ကြံ့ခံနိုင်သေး၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင် အရပ်ကို အောင်မြင်လျက် အောင်အပ်ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ ထိုစစ်မြေ ဦး၌ပင်လျှင် စိုးမိုး၍ နေသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ပဉ္စမ သူရဲကောင်းနှင့် တူသော ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



ရဟန်းတို့ သူရဲကောင်းနှင့် တူကုန်သော ဤပုဂ္ဂိုလ် ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယယောဓာဇီဝသုတ်

၇၆။ ရဟန်းတို့ လောက၌ ဤသူရဲကောင်း ငါးမျိုးတို့သည် ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့်မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် သတ်ဖြတ်ကုန်၏၊ သေဆုံးခြင်းသို့ ရောက်စေကုန်၏၊ ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် ဤသို့သဘောရှိ၏။

ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဌမ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့)ယှဉ်ပြိုင် တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကုန်၏၊ ထိုသူရဲကောင်းကို(ကျန်အဖော်စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ပြီးလျှင် အဆွေအမျိုးတို့ထံ ပို့ဆောင်ကုန်၏၊ အဆွေအမျိုးတို့ထံ ယူဆောင်သွားသည်ရှိသော် ထိုသူရဲကောင်းသည် ဆွေမျိုးတို့အိမ် မရောက်မီပင် လမ်းခရီးအကြား၌ သေဆုံး၏၊ ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ဒုတိယ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင် တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်၌ အားထုတ်၏ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကုန်၏၊ ထိုသူရဲကောင်းကို (ကျန်အဖော်စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့ စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ပြီးလျှင် အဆွေအမျိုးတို့ထံ ပို့ဆောင်ကုန်၏၊ ထိုသူရဲကောင်းကို အဆွေအမျိုးတို့သည် လုပ်ကျွေးကုန်၏၊ စောင့်ရှောက်ကုန်၏၊ ထိုသူရဲကောင်းသည် အဆွေအမျိုးတို့ လုပ်ကျွေးပြုစုစောင့်ရှောက်စဉ် ထိုဒဏ်ရာ (အနာ)ဖြင့်ပင်လျှင် သေဆုံး၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော တတိယ သူရဲကောင်းတည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့်မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင် တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထို စစ်သူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကုန်၏၊ ထိုသူရဲကောင်းကို (ကျန်အဖော်စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ပြီးလျှင် အဆွေအမျိုးတို့ထံ ပို့ဆောင်ကြကုန်၏၊ ထိုသူရဲကောင်းကို အဆွေအမျိုးတို့သည် လုပ်ကျွေးကုန်၏၊ စောင့်ရှောက်ကုန်၏၊ ထိုသူရဲကောင်းသည် အဆွေအမျိုးတို့ လုပ်ကျွေး စောင့်ရှောက် အပ်သည်ရှိသော် ထိုဒဏ်ရာ (အနာ) မှ ထမြောက် ကျန်းမာလာ၏။

ရဟန်းတို့ လောက၌အချို့သော သူရဲကောင်းသည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤသည် ကား လောက၌ထင်ရှားရှိသော စတုတ္ထ သူရဲကောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင် တိုက်ခိုက်ရာစစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထို သူရဲကောင်းသည် ထိုစစ်မြေပြင်ကို အောင်နိုင်၍ အောင်အပ်ပြီးသောစစ်မြေပြင်ရှိသည်ဖြစ်၍ ထို စစ်မြေဦးကိုပင်လျှင် စိုးအုပ်၍နေ၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူရဲကောင်းသည် ဤသို့သဘောရှိ၏။ ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဉ္စမ သူရဲကောင်းတည်း။

ရဟန်းတို့ ဤသူရဲကောင်း ငါးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် သူရဲကောင်းတို့နှင့်တူသော ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကို ဖြစ်စေ နိဂုံးကို ဖြစ်စေ အမှီ ပြု၍ နေ၏၊ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ရင်း နိဂုံးသို့ရင်း ကိုယ်ကို မစောင့်စည်း နှုတ်ကို မစောင့်စည်း စိတ်ကို မစောင့်စည်းမူ၍ သာလျှင် သတိမထင်ပဲ ဣန္ဒြေတို့ကို မပိတ်ဆို့မူ၍ ဆွမ်းခံဝင်၏၊ ထိုရဟန်းသည် ထိုဆွမ်းခံရာ၌ မလုံမခြုံ ဝတ်ဆင်သော မာတုဂါမကို မြင်၏၊မလုံမခြုံ ဝတ်ဆင်သော မာတုဂါမကို မြင်သောကြောင့် စွဲမက်ခြင်း 'ရာဂ' သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏ ထိုရဟန်းသည် စွဲမက်ခြင်း 'ရာဂ' ဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သိက္ခာအားနည်းမှုကို ထင်စွာ မပြုမူ၍ သိက္ခာမချပဲ မေထုန်အကျင့်ကို မှီဝဲ၏။

ရဟန်းတို့ ထိုသူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက် ကိုလွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ထိုသူရဲ ကောင်းသည် ထိုစစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့က သတ်ဖြတ်ကုန်သကဲ့သို့ သေဆုံးခြင်းသို့ ရောက်စေကုန်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့်တူ၏ဟူ၍ ငါဆို၏၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော

http://www.dhammadownload.com



ရဟန်းသည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၌ ထင်ရှားရှိသော ပဌမ သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တခုခုသော ရွာကို ဖြစ်စေ နိဂုံးကို ဖြစ်စေ အမှီပြု၍ နေ၏၊ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ဝင်ရှင်း နိဂုံးသို့ဝင်ရှင်း ကိုယ်ကို မစောင့်စည်း နှုတ်ကို မစောင့်စည်း စိတ်ကို မစောင့်စည်းမူ၍ သတိ မထင်ပဲ့ဣန္ဒြေတို့ကို မပိတ်ဆို့မူ၍ ဆွမ်းခံဝင်၏၊ ထိုရဟန်းသည် ထိုဆွမ်းခံရာ၌ မလုံမခြုံဝတ်ဆင်သော မာတုဂါမကို မြင်၏၊မလုံမခြုံ ဝတ်ဆင်သော မာတုဂါမကို မြင်သောကြောင့် စွဲမက်ခြင်း'ရာဂ' သည် ထိုရဟန်း၏စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် စွဲမက်ခြင်း'ရာဂ' ဖျက်ဆီးသောစိတ်ဖြင့် ကိုယ်၌ ပူလောင်၏၊ စိတ်၌ ပူလောင်၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏။—

"အကယ်၍ ငါသည် ကျောင်းသို့ ပြန်သွားပြီးလျှင် ရဟန်းတို့အား 'ငါ့သျှင်တို့ အကျွန်ုပ်သည် စွဲမက်ခြင်း 'ရာဂ' ထကြွသောင်းကျန်းခံရပါ၏၊ စွဲမက်ခြင်း 'ရာဂ' နှိပ်စက်ခံရပါ၏၊ မြတ်သော အကျင့်ကို ကျင့်သုံး ဆောက်တည်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါအံ့'' ဟု လျှောက်ရမူ ကောင်းလေရာ၏ဟု (အကြံဖြစ်၏)။

ထိုရဟန်းသည် ကျောင်းသို့ ပြန်သွားသည်ရှိသော် ကျောင်းတွင်းသို့ မရောက်ပဲ ခရီးအကြား၌သာ သိက္ခာအားနည်းသည့်အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်၏။

ရဟန်းတို့ ထိုသူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက်ကိုလွယ်ပြီးလျှင်(နှစ်ဘက်စစ်သည်တို့)ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် စစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ် လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကုန်၏၊ ထိုသူရဲကောင်းကို (ကျွန်အဖော်စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့ စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ပြီးလျှင် အဆွေအမျိုးတို့ထံ ပို့ဆောင်ကုန်၏၊ အဆွေအမျိုးတို့ယူဆောင်အပ်သည်ရှိသော် ထိုသူရဲကောင်းသည် ဆွေမျိုးတို့အိမ် မရောက်မီပင် လမ်းခရီးအကြား၌ သေဆုံးလေသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၌ ထင်ရှားရှိသော ဒုတိယ သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တခုခုသော ရွာကိုဖြစ်စေ နိဂုံးကိုဖြစ်စေ အမှီပြု၍ နေ၏၊ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ဝင်ရှင်း နိဂုံးသို့ဝင်ရှင်း ကိုယ်ကိုမစောင့်စည်း နှုတ်ကို မစောင့်စည်း စိတ်ကို မစောင့်စည်းမူ၍ သတိမထင်ပဲ ဣန္ဒြေတို့ကို မပိတ်ဆို့မူ၍ ဆွမ်းခံဝင်၏၊ ထိုရဟန်းသည် ထိုဆွမ်းခံရာ၌ မလုံမခြုံဝတ်ဆင်သော မာတုဂါမကို မြင်၏၊ မလုံမခြုံဝတ်ဆင်သော မာတုဂါမကို မြင်သောကြောင့် စွဲမက်ခြင်း 'ရာဂ'သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် စွဲမက်ခြင်း 'ရာဂ' ဖျက်ဆီးအပ်သော စိတ်ဖြင့် ကိုယ်၌ ပူလောင်၏၊ စိတ်၌ ပူလောင်၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏—

http://www.dhammadownload.com



"အကယ်၍ ငါသည် ကျောင်းသို့ပြန်သွားပြီးလျှင် ရဟန်းတို့အား 'ငါ့သျှင်တို့ အကျွန်ုပ်သည် စွဲမက်ခြင်း 'ရာဂ' ထကြွသောင်းကျန်းခံရပါ၏၊ စွဲမက်ခြင်း 'ရာဂ' နှိပ်စက်ခံရပါ၏၊ မြတ်သော အကျင့်ကို ကျင့်သုံးဆောက်တည်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာပုဒ်၌ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါအံ့ဟု" လျှောက်ရမူ ကောင်းလေရာ၏ဟု (အကြံ ဖြစ်၏)။

ထိုရဟန်းသည် ကျောင်းသို့ ပြန်သွား၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စွဲမက်ခြင်း 'ရာဂ' ထကြွသောင်းကျန်းခံရပါ၏၊ စွဲမက်ခြင်း'ရာဂ' နှိပ်စက်ခံရပါ၏၊ မြတ်သောအကျင့်ကို ကျင့်သုံးဆောက်တည်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါတော့အံ့"ဟု လျှောက်၏။

ထိုရဟန်းကို သီတင်းသုံးဖော် ရဟန်းတို့သည် သွန်သင်ကုန်၏၊ ဆုံးမကုန်၏—

"ငါ့သျှင် ကာမဂုဏ်တို့သည် သာယာဖွယ် နည်းကုန်၏၊ ဆင်းရဲ များကုန်၏၊ ပင်ပန်းမှုများ ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှု များကုန်၏၊ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် သားတစ်နှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှု များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများ ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များ လှ၏ဟု မြတ်စွာဘုရားဟောတော်မူ၏။ ကာမဂုဏ်တို့သည် အိပ်မက်နှင့်တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ဤကာမဂုဏ်တို့၌အပြစ်များလှ၏ဟု မြတ်စွာဘုရားဟောတော်မူ၏၊ ကာမဂုဏ် တို့သည် အငှါးပစ္စည်းနှင့်တူကုန်၏၊ဆင်းရဲများကုန်၏၊ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ် များလှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် အသီးရှိသောအပင်နှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ကာမဂုဏ်တို့သည် စဉ်းတီးတုံးနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများ ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟု မြတ်စွာဘုရားဟောတော်မူ၏၊ ကာမဂုဏ်တို့သည် လှံတံကျင်နှင့်တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များ လှ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ကာမဂုဏ်တို့သည် မြွေဦးခေါင်းနှင့် တူကုန်၏၊ ဆင်းရဲ များကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရားဟော တော်မူ၏။ အသျှင်သည် မြတ်သောအကျင့် 'သာသနာ'၌ မွေ့လျော်ပါလော့၊ အသျှင်သည် သိက္ခာ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူ မထွက်ပါလင့်" ဟု (သွန်သင်ကုန်၏၊ ဆုံးမကုန်၏)။

ထိုရဟန်းသည် သီတင်းသုံးဖော်တို့က ဤသို့ သွန်သင်အပ်သည်ရှိသော် ဆုံးမအပ်သည် ရှိသော် ဤသို့ ပြန်ပြော၏—

http://www.dhammadownload.com



"ငါ့သျှင်တို့ ကာမဂုဏ်တို့သည် သာယာဖွယ် နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရား ဟောထားပါ၏၊ သို့ပင် ဟောထားသော်လည်း အကျွန်ုပ်သည် မြတ်သော အကျင့်ကို ဆောက်တည်ကျင့်သုံးခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါတော့အံ့"ဟု (ပြန်ပြော၏)။

ထိုရဟန်းသည် သိက္ခာအားနည်းခြင်းကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်၏။

ရဟန်းတို့ ထိုသူရဲကောင်းသည် သန်လျက်နှင့် ကာကိုစွဲကိုင်လျက်လေးနှင့် မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် စစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကုန်၏၊ ထိုသူရဲကောင်းကို (ကျွန်အဖော်စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့ စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ပြီးလျှင် ဆွေမျိုးတို့ထံ ပို့ဆောင်ကြကုန်၏၊ ထိုသူရဲကောင်းကို အဆွေအမျိုးတို့သည် လုပ်ကျွေးကုန်၏၊ စောင့်ရှောက်ကုန်၏၊ ထိုသူရဲကောင်းသည် အဆွေအမျိုးတို့ လုပ်ကျွေးစောင့်ရှောက်စဉ် ထိုဒဏ်ရာ (အနာ)ဖြင့်ပင်လျှင် သေဆုံး၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၌ ထင်ရှားရှိသော တတိယ သူရဲကောင်းနှင့် တူသော ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တခုခုသော ရွာကိုဖြစ်စေ နိဂုံးကိုဖြစ်စေ အမှီပြု၍ နေ၏၊ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ထိုရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ကိုယ်ကို မစောင့်စည်း နှုတ်ကို မစောင့်စည်း စိတ်ကို မစောင့်စည်းမူ၍ သတိမထင်ပဲ ဣန္ဒြေတို့ကို မပိတ်မဆို့မူ၍ ဆွမ်းခံဝင်၏၊ ထိုရဟန်းသည် ထိုဆွမ်းခံရာ၌ မလုံမခြုံဝတ်ဆင်သော မာတုဂါမကိုမြင်၏၊မလုံမခြုံဝတ်ဆင်သော မာတုဂါမကို မြင်သောကြောင့် စွဲမက်ခြင်း 'ရာဂ'သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် စွဲမက်ခြင်း 'ရာဂ' ဖျက်ဆီးအပ်သော စိတ်ဖြင့် ကိုယ်၌ ပူလောင်၏၊ စိတ်၌ ပူလောင်၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏—

"အကယ်၍ ငါသည် ကျောင်းသို့ ပြန်သွားပြီးလျှင် ရဟန်းတို့အား 'ငါ့သျှင်တို့ အကျွန်ုပ်သည် စွဲမက်ခြင်း 'ရာဂ' ထကြွသောင်းကျန်းခံရပါ၏၊ စွဲမက်ခြင်း 'ရာဂ' နှိပ်စက်ခံရပါ၏၊ မြတ်သော အကျင့်ကို ကျင့်သုံးဆောက်တည်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါအံ့'ဟု လျှောက်ရမူ ကောင်းလေရာ၏"ဟု (အကြံဖြစ်၏)။

ထိုရဟန်းသည် ကျောင်းသို့ ပြန်သွား၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စွဲမက်ခြင်း 'ရာဂ' ထကြွသောင်းကျန်းခံရပါ၏၊ စွဲမက်ခြင်း 'ရာဂ' နှိပ်စက်ခံရပါ၏၊ မြတ်သောအကျင့်ကို ကျင့်သုံး ဆောက်တည်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သိက္ခာ

http://www.dhammadownload.com



အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူထွက်ပါတော့အံ့”ဟုလျှောက်၏။

ထိုရဟန်းကို သီတင်းသုံးဖော် ရဟန်းတို့သည် သွန်သင်ကုန်၏၊ ဆုံးမကုန်၏—

“ငါ့သျှင် ကာမဂုဏ်တို့သည် သာယာဖွယ်နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏၊ ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့်တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှုများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ ကာမဂုဏ်တို့သည် သားတစ်နှင့်တူကုန်၏။ပ။ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏၊ ကာမဂုဏ်တို့သည် အိပ်မက်နှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် အငှါးပစ္စည်းနှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် အသီးရှိသော အပင်နှင့်တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ကာမဂုဏ်တို့သည် စဉ်းတီးတုံးနှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောဟော်မူ၏၊ ကာမဂုဏ်တို့သည် လှံတံကျင်နှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်၏၊ ကာမဂုဏ်တို့သည် မြွေဦးခေါင်းနှင့်တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပင်ပန်းမှု များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ငါ့သျှင်သည် မြတ်သောအကျင့် ‘သာသနာ’ ၌မွေ့လျော်ပါလော့၊ ငါ့သျှင်သည် သိက္ခာအားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူမထွက်ပါလင့်”ဟု (သွန်သင်ကုန်၏၊ ဆုံးမကုန်၏)။

ထိုရဟန်းသည် သီတင်းသုံးဖော် ရဟန်းတို့က ဤသို့ သွန်သင်အပ်သည်ရှိသော် ဆုံးမအပ်သည်ရှိသော် ဤသို့ ပြန်ပြော၏—

“ငါ့သျှင်တို့ အားထုတ်ပါအံ့၊ လုံ့လပြုပါတော့အံ့၊ (မြတ်သောအကျင့်၌) မွေ့လျော်ပါတော့အံ့၊ ငါ့သျှင်တို့ ယခုအခါ၌ အကျွန်ုပ်သည် သိက္ခာပုဒ်၌ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြု၍ သိက္ခာချလျက် လူမထွက်တော့ပါအံ့”ဟု (လျှောက်၏)။

ရဟန်းတို့ ထိုသူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက်စစ်သည်တို့) ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် စစ်မြေပြင်၌ အားထုတ်၏၊ လုံ့လပြု၏၊ အားထုတ်လုံ့လပြုသော ထိုသူရဲကောင်းကို တဖက်စစ်သည်တို့သည် ထိုးပစ်ကြကုန်၏၊ ထိုသူရဲကောင်းကို (ကျန် အဖော် စစ်သည်တို့သည် စစ်မြေပြင်မှ မိမိတို့စစ်တပ်ရှိရာသို့) ယူဆောင်သွားကုန်၏၊ ယူဆောင်ခဲ့ကုန်ပြီးလျှင် ဆွေမျိုးတို့ထံ ပို့ဆောင်ကုန်၏၊ ထိုသူရဲကောင်းကို အဆွေအမျိုးတို့သည် လုပ်ကျွေးကုန်၏၊ စောင့်ရှောက်ကုန်၏။ ထိုသူရဲကောင်းသည် အဆွေအမျိုးတို့က လုပ်ကျွေးစောင့်ရှောက်အပ်သည်ရှိသော် ထိုဒဏ်ရာ (အနာ)မှ ထမြောက် ကျန်းမာလာ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့်တူ၏ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၌ ထင်ရှားရှိသော စတုတ္ထ သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တခုခုသော ရွာကိုဖြစ်စေ နိဂုံးကိုဖြစ်စေ အမှီပြု၍ နေ၏၊ ထို ရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ ဖြစ်စေ နိဂုံးသို့ ဖြစ်စေ ကိုယ်ကို စောင့်စည်း နှုတ်ကို စောင့်စည်း စိတ်ကို စောင့်စည်း၍ သတိထင်လျက် ဣန္ဒြေတို့ကို ပိတ်ဆို့၍ ဆွမ်းခံဝင်၏။ ထို ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သော်(ယောကျ်ား မိန်းမ စသော) သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း စက္ခုန္ဒြေကိုမစောင့်ခြင်း ဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထို(မစောင့်စည်း)သူကို လိုက်၍ နှိပ်စက်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထို စက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားသော်။

နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသော်။

လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သော်။

ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ထိသော်။

စိတ်ဖြင့် သဘော 'ဓမ္မာရုံ' ကို သိသော် (ယောကျ်ား မိန်းမ စသော) သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း မနိန္ဒြေကို မစောင့်ခြင်း ဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို (မစောင့်စည်း) သူကို လိုက်၍ နှိပ်စက်ရာ၏၊ ထို့ကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ ထို မနိန္ဒြေကို စောင့်ရှောက်၏၊ ထို မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ထို ရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ပြန်ခဲ့၍ တော သစ်ပင်ရင်း တောင် ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာ ကျောင်း (အိပ်ရာ နေရာ)ကို မှီဝဲ၏၊ ထို ရဟန်းသည် တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်သော ကျောင်းသို့ဖြစ်စေ ကပ်ရောက်၍ ထက်ဝယ်ဖွဲ့ခွေ ပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏။

ထို ရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း'အဘိဇ္ဈာ'ကို ပယ်၍။ပ။ ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ပညာကို အားနည်းအောင်ပြုတတ်သော အပိတ်အပင်'နီဝရဏ'ငါးပါးတို့ကို ပယ်စွန့် ကာမဂုဏ်တရားတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ထို ရဟန်းသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို

http://www.dhammadownload.com



ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ဤ မဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏။

ရဟန်းတို့ ထိုသူရဲကောင်းသည် သန်လျက်နှင့် ကာကို စွဲကိုင်လျက် လေးနှင့် မြား ကျည်တောက်ကို လွယ်ပြီးလျှင် (နှစ်ဖက် စစ်သည်တို့) ယှဉ်ပြိုင်တိုက်ခိုက်ရာ စစ်မြေပြင်သို့ သက်ဆင်းလေ၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင် အရပ်ကို အောင်မြင်လျက် အောင်မြင်ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ ထိုစစ်မြေဦး၌ပင် စိုးအုပ်လျက် နေသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ ဤ သာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၌ ထင်ရှားရှိသော ပဉ္စမ သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ ဤ သူရဲကောင်း ငါးမျိုးတို့နှင့်တူသော ပုဂ္ဂိုလ်ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ အနာဂတဘယ သုတ်

၇၇။ ရဟန်းတို့ ဤ အနာဂတ် ဘေးငါးမျိုးတို့ကို ကောင်းစွာမြင်သော တောနေရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် မမေ့ မလျော့ ပြင်းစွာ အားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည် သာလျှင်တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ သာသနာတော်၌ တောနေ ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ၌ ငါသည် တယောက်တည်း တော၌နေ၏၊ တယောက်တည်း တော၌နေသော ငါ့ကို မြွေမှုလည်း ကိုက်ရာ၏၊ ကင်းမြီးကောက်မှုလည်း ကိုက်ရာ၏၊ ကင်းခြေများမှုလည်း ကိုက်ရာ၏။ ထို မြွေ ကင်းတို့ ကိုက်ခြင်းကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထို မြွေ ကင်းတို့၏ ကိုက်ခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့"ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤ ပဌမ အနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေ ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်)သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား တောနေ ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ ငါသည် တယောက်တည်း တော၌ နေ၏၊ တယောက်တည်း တော၌ နေသော ငါသည် ချွတ်ချော်၍မှုလည်း ကျရာ၏၊ စားပြီးသော အစားသည်မှုလည်း ငါ့အား

http://www.dhammadownload.com



ဖောက်ပြန်ရာ၏၊ သည်းခြေမှုလည်း ငါ့အား ပျက်ရာ၏၊ သလိပ်မှုလည်း ငါ့အား ပျက်ရာ၏၊ လေ သင်ဓုန်းသည့်မှုလည်း ငါ့အား ဖြတ်ရာ၏၊ ထို့ကြောင့် ငါအား သေဆုံးခြင်းသည် ဖြစ်ရာ၏၊ ထို(ချွတ်ချော်၍ ကျခြင်း စသည်)သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက် သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့”ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤဒုတိယအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောကျောင်းနေ ရဟန်း သည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာ အားထုတ်သော လုံ့လဖြင့်(နိဗ္ဗာန်)သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော် သည်သာလျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား တောနေရဟန်းသည် ဤသို့ ဆင်ခြင်၏—

“ယခုအခါ ငါသည် တယောက်တည်း တော၌ နေ၏၊ တယောက်တည်း တော၌ နေသော ငါသည် သားရဲတို့နှင့် တွေ့ကြုံရာ၏၊ ခြင်္သေ့နှင့်သော်၎င်း ကျားနှင့်သော်၎င်း သစ်နှင့် သော်၎င်း ဝံနှင့်သော်၎င်း အောင်းနှင့်သော်၎င်း တွေ့ကြုံရာ၏၊ ထိုသားရဲသတ္တဝါတို့သည် ငါ့အား သတ်ကုန်ရာ၏၊ ထို့ကြောင့် ငါသည် သေဆုံးခြင်းဖြစ်ရာ၏၊ ထိုသားရဲသတ္တဝါဘေးသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရ သေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့”ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤတတိယအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောကျောင်းနေ ရဟန်း သည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်) သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာ လျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား တောနေရဟန်းသည် ဤသို့ ဆင်ခြင်၏—

“ယခုအခါ ငါသည် တယောက်တည်း တော၌ နေ၏၊ တယောက်တည်း တော၌ နေသော ငါသည် ပြစ်မှုကို ကျူးလွန်ပြီးသည်လည်း ဖြစ်ကုန်သော မကျူးလွန်ရသေးသည်လည်း ဖြစ်ကုန်သော လူဆိုးတို့နှင့် တွေ့ဆုံမိရာ၏၊ ထိုလူဆိုးတို့သည် ငါ့ကို သတ်ကုန်ရာ၏၊ ထို့ကြောင့် ငါ့အား သေဆုံးခြင်းဖြစ်ရာ၏၊ ထိုလူဆိုးဘေးသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့”ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤစတုတ္ထအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက် မှောက်မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်) သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာ လျှင်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား တောနေရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ ငါသည် တယောက်တည်း တော၌ နေ၏၊ ကြမ်းကြုတ်သော ဘီလူးတို့သည် တောအရပ်၌ ရှိကုန်၏၊ ထိုဘီလူးတို့သည် ငါ့ကို သတ်ကုန်ရာ၏၊ ထိုဘီလူးဘေးကြောင့် ငါ့အား သေဆုံးခြင်း ဖြစ်ရာ၏၊ ထိုဘီလူးဘေးသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့"ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤ ပဉ္စမ အနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လ ဖြင့်(နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ အနာဂတဘယသုတ်

၇၈။ ရဟန်းတို့ အနာဂတ်ဘေးငါးမျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန်မဂ်ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန်မဂ်ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ ငါသည်ကား ပျိုမျစ်နုနယ် ငယ်ရွယ်၍ မည်းနက်သော ဆံပင်ရှိသေး၏၊ ပဌမအရွယ် ဖြစ်သော ကောင်းသော အရွယ်နှင့် ပြည့်စုံသေး၏၊ ဤကိုယ်သို့ အိုခြင်း 'ဇရာ' ထိရောက်သော အခါသည် ဖြစ်လာလိမ့်ဦးမည်၊ အိုခြင်း 'ဇရာ' နှိပ်စက်သည်ဖြစ်၍ အိုသူသည် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထိုအိုခြင်း သဘောတရားသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အားထုတ်တော့မည်၊ငါသည် ယင်း(ဈာန် မဂ် ဖိုလ်)တရားနှင့်ပြည့်စုံပါမူ အိုသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်"ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤပဌမအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန်မဂ်ဖိုလ်) သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေး သည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်) သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ ငါသည် အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်း အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်းရန် ခံ့သော အစာကို အညီအမျှကြေကျက်စေတတ်သည့် ဝမ်းမီးနှင့် ပြည့်စုံ၏၊ ဤကိုယ်သို့ နာခြင်း 'ဗျာဓိ' ထိရောက်သော အခါသည် ဖြစ်လာလိမ့်ဦးမည်၊ နာခြင်း 'ဗျာဓိ' နှိပ်စက်သည်ဖြစ်၍ နာသူသည် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထိုနာခြင်းသဘောသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အားထုတ်တော့မည်၊ ငါသည် ယင်း (ဈာန် မဂ် ဖိုလ်) တရားနှင့် ပြည့်စုံပါမူ နာသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်"ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤဒုတိယအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါသည် ဝပြော၏၊ ကောက်စပါး ကောင်းမွန်၏၊ ဆွမ်း ရလွယ်၏၊ သပိတ်လက်စွဲလျက် ဆွမ်းခံခြင်းဖြင့် မျှတရန်လွယ်ကူ၏၊ ငတ်မွတ်ခေါင်းပါး ကောက်စပါးမကောင်း၍ ဆွမ်းရခဲသော သပိတ်လက်စွဲလျက် ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူသည့် အခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ငတ်မွတ်ခေါင်းပါးသော အခါ၌ကား လူဘို့သည် ဝပြောရာသို့ ပြောင်းရွှေ့ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ အပေါင်းအဖော်တို့နှင့်နေရခြင်း ရောပြွမ်း၍ နေရခြင်း ဖြစ်ခဲ့သော် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန်မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထို (ငတ်မွတ်ခေါင်းပါးခြင်း) သဘောသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အားထုတ်တော့မည်၊ ငါသည် ယင်း (ဈာန် မဂ် ဖိုလ်) တရားနှင့် ပြည့်စုံပါမူ ငတ်မွတ်ခေါင်းပါးသောအခါ၌လည်း ချမ်းသာစွာ နေရပေလိမ့်မည်"ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤတတိယအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့်(နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်) သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်၏—

"ယခုအခါ၌ လူဘို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်ကြကုန်၏၊ ခိုက်ရန်ငြင်းခုံခြင်း မရှိကြကုန်ပဲ နို့နှင့် ရေ ရောနှောသကဲ့သို့ ဖြစ်ကုန်၏၊ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်၍

http://www.dhammadownload.com



နေထိုင်ကုန်၏၊ ဘေးပုန်း ခေါ်ပြတို့ ထကြွ သောင်းကျန်းသည်ဖြစ်၍ ဇနပုဒ်နေသူတို့သည် လှည်း ရထားယာဉ်တို့ကို တက်စီးကုန်လျက် ပြေးလွှားကြရသည့် ဘေးရန်ဖြစ်သော အခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ဘေးဖြစ်လာသည်ရှိသော် လူတို့သည် ချောမ်းရာအရပ်သို့ ပြောင်းရွှေ့ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ အပေါင်းအဖော်တို့နှင့် နေရခြင်း ရောပြွမ်း၍ နေရခြင်း ဖြစ်ခဲ့သော် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျား ကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထို(မြို့ရွာသောင်းကျန်းမှု) သဘောတရားသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ယခု စောစောကပင် လုံ့လကို အားထုတ်တော့မည်၊ ငါသည် ယင်း(ဈာန် မဂ် ဖိုလ်)တရားနှင့် ပြည့်စုံသည်ရှိသော် (သောင်းကျန်းမှု) ဘေးဖြစ်ပေါ်လာသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်''ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤစတုတ္ထအနာဂတ်ဘေးကို ကောင်းစွာ မြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ပြင်းစွာ အားထုတ်သော လုံ့လဖြင့် (နိဗ္ဗာန်) သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဤသို့ ဆင်ခြင်၏—

''ယခုအခါ၌ကား သံဃာသည် ညီညွတ်၏၊ဝမ်းမြောက်ဝမ်းသာရှိသည်ဖြစ်၍ ခိုက်ရန်ငြင်းခုံခြင်း မရှိပဲ ပါတိမောက်အတူပြလျက် ချမ်းသာစွာ နေ၏၊ သံဃာကွဲပြားသောအခါသည် ဖြစ်လာလိမ့်ဦးမည်၊ သံဃာ ကွဲပြားသည်ရှိသော် ဘုရားသျှင်တို့၏ အဆုံးအမတော်ကို နှလုံး သွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော(သံဃာကွဲပြားမှု) သဘောတရားသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အားထုတ်တော့မည်၊ ငါသည် ယင်း(ဈာန် မဂ် ဖိုလ်)တရားနှင့် ပြည့်စုံသည်ရှိသော် သံဃာကွဲပြားသော်လည်း ချမ်းသာစွာနေရပေလိမ့်မည်''ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ဤပဉ္စမအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့်(နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

ရဟန်းတို့ ဤအနာဂတ်ဘေးငါးမျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့်(ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့်(နိဗ္ဗာန်ကို) မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့်(နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်းဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-တတိယ အနာဂတဘယသုတ်

၇၉။ ရဟန်းတို့ ဤအနာဂတ်ဘေးငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေးကုန်၊နောင်အခါ တို့၌ ဖြစ်ပေါ်ကုန်လိမ့်ဦးမည် ထိုဘေးတို့ကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ် 'သမာဓိ'ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြလိမ့်မည်။

ထိုရဟန်းတို့သည်(မိမိတို့က) ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်'သမာဓိ'ကို မပွါးများ ပညာကို မပွါးများကြကုန်သည်ဖြစ်ပါလျက် သူတပါးတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးလိမ့်ဦးမည်၊ (ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော)ထိုဆရာတို့သည်လည်း လွန်မြတ်သော သီလ လွန်မြတ်သော စိတ် လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်၊ (ဤသို့သောဆရာတို့ထံ ပဉ္စင်းခံကြကုန်သော) ထိုတပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများ သူတို့ဖြစ်ကြကုန်လိမ့်ဦးမည်။

ထိုတပည့်ဖြစ်သူ ရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်ကို မပွါးများ ပညာကို မပွါးများကြကုန်သည်ဖြစ်ကြပါလျက် အခြားသူတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေး ကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်လည်း လွန်မြတ်သော သီလ လွန်မြတ်သော စိတ် လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

ထိုတပည့် ရဟန်းတို့သည်လည်း ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါး များသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤပဌမအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့် ဦးမည်၊ ထိုဘေးကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ဖြစ်ကြလိမ့်မည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်ကို မပွါးများ ပညာကို မပွါးများကြကုန်သည်ဖြစ်ပါလျက် အခြားသူတို့အား နိဿရည်း ပေးကြကုန်လိမ့်ဦးမည်။

(နိဿရည်း ဆရာပြုလုပ်သူ) ထို ဆရာတို့သည်လည်း လွန်မြတ်သော သီလ လွန်မြတ်သော **စိတ် လွန်မြတ်သော ပညာ၌** ဆုံးမခြင်းငှါ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

http://www.dhammadownload.com



(ဤသို့သော ဆရာတို့ထံ နိဿရည်း ခံယူကြကုန်သော) ထိုတပည့်တို့သည်လည်း ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန် လိမ့်ဦးမည်။

ထိုရဟန်းတို့သည် (မိမိတို့က) ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများကြကုန်သည် ဖြစ်ပါလျက် အခြားသူတို့ကို နိဿရည်းကို ပေးကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်လည်း လွန်မြတ်သော သီလ လွန်မြတ်သောစိတ် လွန်မြတ်သော ပညာ၌ ဆုံးခြင်းငှါ စွမ်းနိုင်လိမ့်မည် မဟုတ်ကုန်။

ထိုတပည့် ရဟန်းတို့သည်လည်း ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤဒုတိယအနာဂတ်ဘေးသည် ယခုအခါမဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့် ဦးမည်၊ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်(မိမိတို့က)ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်ကို မပွါးများ ပညာကို မပွါးများကြကုန်သည် ဖြစ်ပါလျက်(သီလစသော)အဘိဓမ္မကထာနှင့် ဝေဒလ္လကထာကို ပြောဟောကုန်လျက် မည်းညစ်သော အကုသိုလ်တရားသို့ သက်ရောက်ကုန်သည် ဖြစ်၍ သိမြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်၊ ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်း ပျက်စီး၏၊ဝိနည်း ပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤတတိယအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ် လိမ့်ဦးမည်၊ ထိုဘေးကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ် ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွါးများ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန်လိမ့်မည်။

ထိုရဟန်းတို့သည်(မိမိတို့က)ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်ကို မပွါးများ ပညာကို မပွါးများကြကုန်သည် ဖြစ်ပါလျက် မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော နက်နဲကုန်သော နက်နဲသော အနက်ရှိကုန်သော လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်လျက် (သတ္တမှ)ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော သုတ္တန်တရားတို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာနာယူကြလိမ့်မည် မဟုတ်ကုန်၊ နားထောင်ကြလိမ့်မည် မဟုတ်ကုန်၊ သိရှိနားလည် လိုသော စိတ်ကို ဖြစ်စေကြလိမ့်မည် မဟုတ်ကုန်၊ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့လာအပ်၏ဟူ၍ မှတ်ထင်ကြလိမ့်မည် မဟုတ်ကုန်၊ကဗျာဆရာတို့ ပြုအပ်ကုန်၍ ကဗျာဆရာ တို့၏ ဥစ္စာဖြစ်ကုန်သော ဆန်းကြယ်သော အက္ခရာ သဒ္ဒါ ပုဒ် ဗျည်းရှိကုန်လျက်(သာသနာတော်မှ) အပဖြစ်ကုန်၍(သာသနာပဆရာတို့၏)တပည့်ဟော သုတ္တန်ပါဠိတို့ကို ဟောအပ်ကုန်သည်ရှိသော်

http://www.dhammadownload.com



ကောင်းစွာ နာယူကြကုန်လိမ့်မည်၊ နားထောင်ကြကုန်လိမ့်မည်၊ သိရှိနားလည်လိုသော စိတ်ကို ဖြစ်စေကြကုန်လိမ့်မည်၊ ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်ဘလဲလဲ လေ့လာအပ်၏ဟူ၍ မှတ်ထင်ကြကုန်လိမ့်မည်။

ရဟန်းတို့ ဤသို့လျှင် တရား ပျက်စီးခြင်းကြောင့် ဝိနည်း ပျက်စီး၏၊ ဝိနည်း ပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤစတုတ္ထအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်၊ ထိုဘေးကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွါးများသူ သီလကို မပွါးများသူ စိတ်ကို မပွါးများသူ ပညာကို မပွါးများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်(မိမိတို့က)ကိုယ်ကို မပွါးများ သီလကို မပွါးများ စိတ်ကို မပွါးများ ပညာကို မပွါးများကြကုန်သည် ဖြစ်ပါလျက် မထေရ်ကြီးရဟန်းတို့သည် ပစ္စည်းများရန်သာ ကျင့်ကြကုန်လိမ့်မည်၊ (သိက္ခာကို)လျော့လျော့ ပေါ့ပေါ့သာ ကျင့်ကြကုန်လိမ့်မည်၊ အောက်သို့ သက်စေတတ်သော တရား၌ ရှေ့သွားဖြစ်ကြကုန်လိမ့်မည်၊ ဥပဓိဝိဝေက(နိဗ္ဗာန်)၌ တာဝန်မဲ့ ဖြစ်ကြကုန်လိမ့်မည်။

မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လဝီရိယကို အားထုတ်ကြကုန်လိမ့်မည် မဟုတ်ကုန်၊နောင်လာနောက်သား လူအများတို့သည် မြင်ရသော ဆရာ့အပြုအမူသို့ အစဉ်တစိုက် လိုက်ကြကုန်လိမ့်မည်၊ ထို နောင်လာနောက်သား လူအများသည်လည်း ပစ္စည်းပေါများရန်သာ ကျင့်ကြကုန်လိမ့်မည်၊ (သိက္ခာကို)လျော့လျော့ ပေါ့ပေါ့ ကျင့်ကြကုန်လိမ့်မည်၊ အောက်သို့သက်စေတတ်သော တရား၌ ရှေ့သွား ဖြစ်ကြကုန်လိမ့်မည်၊ ဥပဓိဝိဝေက (နိဗ္ဗာန်)၌ တာဝန်မဲ့ ဖြစ်ကြကုန်လိမ့်မည်၊ မရောက်သေးသည့်(ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လဝီရိယ ကို အားထုတ်ကြလိမ့်မည်မဟုတ်ကုန်။

ရဟန်းတို့ ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့ ဤပဉ္စမအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်၊ထိုဘေးကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ ဤအနာဂတ် ဘေးငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေးကုန်၊ နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်ဦးမည်၊ထိုဘေးတို့ကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀—စတုတ္ထ အနာဂတဘယသုတ်

၈၀။ ရဟန်းတို့ ဤအနာဂတ် ဘေးငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေးကုန်၊နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်ဦးမည်၊ ထိုဘေးတို့ကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် သင်္ကန်း၌ ကောင်းသည်ကို အလိုရှိကြကုန် လိမ့်မည်၊ ထိုရဟန်းတို့သည် သင်္ကန်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ ပံသုကူ ဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြ ကုန်လိမ့်မည်၊ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်၊ ရွာ နိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ နေကြကုန်လိမ့်မည်၊ သင်္ကန်း ဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သော ပစ္စည်း ရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့ ဤပဌမအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ဖြစ်ပေါ် လိမ့်မည်၊ထိုဘေးကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့်မည်၊ ထိုရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်၊အစွန်အဖျားကျသော တောကျောင်း တို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်၊ ရွာ နိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ လျှာဖျားဖြင့် မြတ်သော အရသာတို့ကို ရှာမှီးကုန်လျက် နေကြကုန်လိမ့်မည်၊ ဆွမ်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သောပစ္စည်း ရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့ ဤဒုတိယအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ် လိမ့်မည်၊ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်း၌ ကောင်း သည်ကို မအလိုရှိကြကုန်လိမ့်မည်၊ထိုရဟန်းတို့သည် ကျောင်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည် ဖြစ်၍(သစ်ပင်ရင်း၌ နေခြင်းဟုဆိုအပ်သော)ရုက္ခမူ ဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်၊ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်၊ ရွာ နိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ နေကြကုန်လိမ့်မည်၊ ကျောင်းဟူသော အကြောင်းကြောင့်လည်း မလျောက် ပတ်သော များလှစွာသော မအပ်သောပစ္စည်း ရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့ ဤတတိယအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ် လိမ့်မည်၊ ထိုဘေးကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ သိက္ခမာန် သာမဏေတို့နှင့် ရောနှော၍ နေကြကုန်လိမ့်မည်၊ရဟန်းတို့ ဘိက္ခုနီ သိက္ခမာန် သာမဏေတို့နှင့် ရောနှော၍ နေသည်ရှိသော်“မမွေ့လျော်သည်ဖြစ်၍လည်း မြတ်သောအကျင့်ကို ကျင့်ကြကုန် လိမ့်မည်၊ညစ်နွမ်းသော အာပတ်တခုခုသို့မူလည်း ရောက်ကြကုန်လိမ့်မည်၊ သိက္ခာချ၍မူလည်း လူထွက်ကြကုန်လိမ့်မည်”ဟူသော အကျိုးကို(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤစတုတ္ထအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်၊ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ နောက်တမျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် အရှံစောင့် သာမဏေတို့နှင့် ရောနှော၍ နေကြကုန်လိမ့်မည်၊ ရဟန်းတို့ အရှံစောင့် သာမဏေတို့နှင့် ရောနှော၍ နေသည်ရှိသော် "များစွာသော သိုမှီး သုံးဆောင်ခြင်းကို လုံ့လပြု၍ နေကြကုန်လိမ့်မည်၊ မြေကြီး၌ရှင်း စိမ်းသော သစ်ပင်စု၌ရှင်း ရှုန့်ရင်း သိသာသော နိမိတ်အမှတ်ကိုလည်း ပြုကြကုန်လိမ့်မည်" ဟူသော အကျိုးကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ဤပဥ္စမအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်၊ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့ ဤအနာဂတ် ဘေးငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေးကုန်၊ နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်မည်၊ ထိုဘေးတို့ကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ယောဓာဇီဝဝဂ် ပြီး၏။

---

## (၉) ၄-ထေရဝဂ် ၁-ရဇနီယသုတ်

၈၁။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စွဲမက်ဖွယ် အာရုံ၌ စွဲမက်၏။

ပြစ်မှားဖွယ် အာရုံ၌ ပြစ်မှား၏။

တွေဝေဖွယ် အာရုံ၌ တွေဝေ၏။

အမျက်ထွက်ဖွယ် အာရုံ၌ အမျက်ထွက်၏။

ယစ်မူးဖွယ် အာရုံ၌ ယစ်မူး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စွဲမက်ဖွယ် အာရုံ၌ မစွဲမက်။

ပြစ်မှားဖွယ် အာရုံ မပြစ်မှား။

http://www.dhammadownload.com



တွေဝေဖွယ် အာရုံ၌ မတွေဝေ။

အမျက်ထွက်ဖွယ် အာရုံ၌ အမျက်မထွက်။

ယစ်မူးဖွယ် အာရုံ၌ မယစ်မူး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝီတရာဂသုတ်

၈၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မကင်းသော စွဲမက်ခြင်း 'ရာဂ' ရှိ၏။

မကင်းသော အမျက်ထွက်ခြင်း 'ဒေါသ' ရှိ၏။

မကင်းသော တွေဝေခြင်း 'မောဟ' ရှိ၏။

သူတပါးဂုဏ်ကို ချေဖျက်ခြင်းရှိ၏။

သူတပါးကို ဂုဏ်ပြိုင်ခြင်းရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စွဲမက်ခြင်း 'ရာဂ' မရှိ။

အမျက်ထွက်ခြင်း 'ဒေါသ' မရှိ။

တွေဝေခြင်း 'မောဟ' မရှိ။

သူတပါးဂုဏ်ကို ချေဖျက်ခြင်း မရှိ။

သူတပါးကို ဂုဏ်ပြိုင်ခြင်း မရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူဖြစ်၏ ဟု (မိန့်တော်မူ၏။)

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ကုဟကသုတ်

၈၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ်မပြုအပ်သူ (နှလုံးကို) မပွါးစေဘတ်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အံ့ဩဖွယ်ကိုလည်း ပြုတတ်၏။

(လာဘ်ရရန်) ဖြားယောင်းတတ်၏။

အရိပ်နိမိတ်ကိုလည်း ပြုတတ်၏။

ဖိနှိပ်၍လည်း ဆိုတတ်၏။

(ရပြီး) လာဘ်ဖြင့် (မရသေးသော) လာဘ်ကို ရှာမှီးတတ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော် တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ(နှလုံးကို)မပွါးစေတတ်သူဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အံ့ဩဖွယ်ကိုလည်း မပြုတတ်။

(လာဘ်) ရရန် မဖြားယောင်းတတ်။

အရိပ်နိမိတ်ကိုလည်း မပြုတတ်။

ဖိနှိပ်၍လည်း မဆိုတတ်။

(ရပြီး) လာဘ်ဖြင့် (မရသေးသော) လာဘ်ကို မရှာမှီးတတ်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည်သီတင်းသုံးဖော်တို့၏ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အဿဒ္ဓသုတ်

၈၄။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' တရား မရှိ။

မကောင်းမှုမှ မရှက်တတ်။

မကောင်းမှုမှ မကြောက်ရွံ့တတ်။

http://www.dhammadownload.com



ပျင်းရိ၏။

ပညာ မရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ'တရားရှိ၏။

မကောင်းမှုမှ ရှက်တတ်၏။

မကောင်းမှုမှ ကြောက်လန့်တတ်၏။

အားထုတ်အပ်သော လုံ့လရှိ၏။

ပညာ ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အက္ခမသုတ်

၇၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို)မပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆင်း'ရူပါရုံ' တို့ကို သည်းမခံနိုင်။

အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။

အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။

အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူဖြစ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆင်း 'ရူပါရုံ' တို့ကို သည်းခံနိုင်၏။

အသံ 'သဒ္ဒါရုံ' တို့ကို သည်းခံနိုင်၏။

အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းခံနိုင်၏။

အရသာ 'ရသာရုံ' တို့ကို သည်းခံနိုင်၏။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-ပဋိသမ္ဘိဒါပတ္တသုတ်

၈၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အနက် အကျိုး တို့၌ ခွဲခြားဝေဖန်တတ်သော ဉာဏ် 'အတ္ထပဋိသမ္ဘိဒါ'သို့ ရောက်၏။

ပါဠိ အကြောင်း တို့၌ ခွဲခြားဝေဖန်တတ်သော ဉာဏ် 'ဓမ္မပဋိသမ္ဘိဒါ'သို့ ရောက်၏။

သဒ္ဒါတို့၌ ခွဲခြားဝေဖန်တတ်သော ဉာဏ် 'နိရုတ္တိပဋိသမ္ဘိဒါ'သို့ ရောက်၏။

ရှေ့ဉာဏ်သုံးပါးတို့၌ ခွဲခြားဝေဖန်တတ်သော ဉာဏ် 'ပဋိဘာနပဋိသမ္ဘိဒါ'သို့ ရောက်၏။

သီတင်းသုံးဖော်တို့၏ အဘယ်ကို ပြုရကုန်အံ့နည်းဟု (မေးမြန်း၍)ပြုအပ်သော အမှုကြီးငယ်တို့၌ လိမ္မာ၏၊ မပျင်းရိတတ်၊ ထိုအမှုကြီးငယ်တို့၌ အကြောင်းဖြစ်သော စုံစမ်းခြင်း ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သီလဝန္တသုတ်

၈၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့်ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏။

သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏။

အနက်သဒ္ဒါနှင့် တကွဖြစ်၍ အလုံးစုံ ပြည့်စုံစင်ကြယ်သည့် မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော တရားတို့ကို ထိုသူသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် ဆင်ခြင် မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

ကောင်းသော စကားရှိ၏၊ ကောင်းသော စကားမြွက်ဆိုသံရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏။

မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ ဖြစ်သော (ရူပါဝစရ) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ထေရသုတ်

၈၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့်ပြည့်စုံသော မထေရ်ရဟန်းသည် များစွာသော လူတို့၏ အစီးအပွါးမဲ့ရန် များစွာသော လူတို့၏ ချမ်းသာမဲ့ရန် များစွာသော လူတို့၏ အကျိုးမဲ့ရန် နတ်လူတို့၏ အစီးအပွါးမဲ့ရန် ဆင်းရဲရန် ကျင့်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မထေရ်ကြီးဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏။

လူနှင့် တကွသော ရဟန်းတို့တွင် ထင်ရှား၏၊ကျော်စော၏၊လူအခြံအရံ များစွာ ရှိ၏။

သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရလေ့ရှိ၏။

http://www.dhammadownload.com



အကြားအမြင်များ၏ အကြားအမြင်ကို ဆောင်၏၊အကြားအမြင်ကို ဆည်းပူး၏၊ အနက်သဒ္ဒါနှင့် တကွ ဖြစ်၍ အလုံးစုံ ပြည့်စုံစင်ကြယ်သည့် မြတ်သော အကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော တရားတို့ကို ထိုသူသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် ဆင်ခြင်မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ကား မသိ။

မှားသော အယူရှိ၏၊ဖောက်ပြန်သော ဉာဏ်အမြင် ရှိ၏၊ ထိုရဟန်းသည် များစွာသော လူအပေါင်းကို သူတော်ကောင်းတရားမှ ထုတ်၍ မသူတော်တို့တရား၌ တည်စေ၏။

"မထေရ်ရဟန်းသည် ရဟန်းဝါ ရင့်၏၊ ရဟန်းသက်ရှည်၏" ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

"မထေရ်ရဟန်းသည် လူနှင့် တကွသော ရဟန်းတို့တွင် ထင်ရှား၏၊ ကျော်စော၏၊လူအခြံအရံ များစွာရှိ၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

"မထေရ်ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရလေ့ရှိ၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့အတုအလိုက်၍ ကျင့်ကုန်၏။

"မထေရ်ရဟန်းသည် အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် များစွာသော လူတို့၏ အစီးအပွါးမဲ့ရန် များစွာသော လူတို့၏ ချမ်းသာမဲ့ရန် များစွာသော လူတို့၏ အကျိုးမဲ့ရန် နတ်လူတို့၏ အစီးအပွါးမဲ့ရန် ဆင်းရဲရန် ကျင့်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် များစွာသော လူတို့၏ အစီးအပွါး အလို့ငှါ များစွာသော လူတို့၏ ချမ်းသာခြင်းငှါ များစွာသော လူတို့၏ အကျိုးငှါ နတ်လူတို့၏ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ကျင့်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မထေရ်ကြီးဖြစ်၏၊ ဝါရင့်၏၊ ရဟန်းသက် ရှည်၏။

လူနှင့် တကွသော ရဟန်းတို့တွင် ထင်ရှား၏၊ ကျော်စော၏၊ လူ အခြံအရံများစွာ ရှိ၏။

သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရလေ့ရှိ၏။

အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အနက်သဒ္ဒါနှင့် တကွ ဖြစ်၍ အလုံးစုံ ပြည့်စုံစင်ကြယ်သည့် မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော တရားတို့ကို ထိုသူသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် ဆင်ခြင်မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

မှန်ကန်သော အယူရှိ၏၊ မဖောက်ပြန်သော ဉာဏ်အမြင်ရှိ၏၊ ထိုရဟန်းသည် များစွာသော လူအပေါင်းကို မသူတော် တရားမှ ထုတ်၍ သူတော်ကောင်းတရား၌ တည်စေ၏။

http://www.dhammadownload.com



"မထေရ် ရဟန်းသည် ရဟန်းဝါ ရင့်၏၊ရဟန်းသက် ရှည်၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

"မထေရ်ရဟန်းသည် လူနှင့်တကွသော ရဟန်းတို့တွင် ထင်ရှား၏၊ကျော်စော၏၊ လူ အခြံအရံ များစွာ ရှိ၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

"မထေရ်ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ရလေ့ရှိ၏ ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

မထေရ်ရဟန်းသည် အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏"ဟူ၍လည်း ထိုရဟန်း၏ အပြုအမူသို့ အတုလိုက်၍ ကျင့်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် များစွာသော လူတို့၏ အစီးအပွါးအလို့ငှါ များစွာသော လူတို့၏ ချမ်းသာခြင်းငှါ များစွာသော လူ၏ အကျိုးငှါ နတ်လူတို့၏ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ကျင့်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ သေခသုတ်

၈၉။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား (အထက်အထက် ဂုဏ်တို့မှ) ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောခြင်း၌ မွေ့လျော်ခြင်း။

အိပ်ခြင်း၌ မွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

(ကိလေသာမှ )လွတ်မြောက်တိုင်းသော စိတ်ကို မဆင်ခြင်ခြင်းတို့တည်း၊

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား(အထက်အထက်ဂုဏ်တို့မှ) မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်ခြင်း။

စကားပြောခြင်း၌ မမွေ့လျော်ခြင်း။

အိပ်ခြင်း၌ မမွေ့လျော်ခြင်း။

http://www.dhammadownload.com



အပေါင်းအဖော်၌ မမွေ့လျော်ခြင်း။

(ကိလေသာမှ) လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်ခြင်းတို့တည်း။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ သေခသုတ်

၉၀။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား (အထက်အထက် ဂုဏ်တို့မှ) ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် ကိစ္စများ၏၊ ပြုဖွယ်များ၏၊ အဘယ်အမှုကို ပြုရအံ့နည်းဟု မေးမြန်း၍ ပြုအပ်သော အမှုတို့၌ လိမ္မာ၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို စွန့်၏၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ' ကို အားမထုတ်။

ရဟန်းတို့ ဤပဌမတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် အနည်းငယ်မျှသော အမှုဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို စွန့်၏၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ' ကို အားမထုတ်။

ရဟန်းတို့ ဤဒုတိယတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် (သာသနာတော်အား) မလျောက်ပတ်သော လူတို့၏ ဆက်ဆံခြင်းမျိုးဖြင့် လူရဟန်းတို့နှင့် ဆက်ဆံ၍ နေ၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို စွန့်၏၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ' ကို အားမထုတ်။

ရဟန်းတို့ ဤတတိယတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် အခါမဟုတ်သည်၌ ရွာသို့ ဝင်၏၊ အလွန်နေမြင့်မှ ပြန်၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို စွန့်၏၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ' ကို အားမထုတ်။

ရဟန်းတို့ ဤစတုတ္ထတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် အလိုနည်းမှုနှင့် စပ်သော စကား ရောင့်ရဲလွယ်မှုနှင့် စပ်သောစကား ဆိတ်ငြိမ်မှုနှင့် စပ်သောစကား မနှီးနှောမှုနှင့် စပ်သောစကား လုံ့လအားထုတ်မှုနှင့် စပ်သောစကား သီလနှင့် စပ်သောစကား သမာဓိနှင့် စပ်သောစကား ပညာနှင့် စပ်သောစကား (ကိလေသာမှ) လွတ်မြောက်မှုနှင့် စပ်သောစကား (ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်) ၌ ဖြစ်သော ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်) နှင့် စပ်သောစကား

http://www.dhammadownload.com



ဟူသော ကိလေသာကို လွန်စွာခေါင်းပါးစေတတ်သော စိတ်၏ ပွင့်လင်းကြောင်း(သမထ ဝိပဿနာ)အား လျော်ကပ်သော သဘောရှိသည့် စကားမျိုးကို အလိုရှိတိုင်း ရသည် မဟုတ်၊မငြိုမငြင် ရသည်မဟုတ်၊မပင်မပန်းရသည် မဟုတ်၊တယောက်တည်း ကိန်းအောင်းခြင်းကို စွန့်၏၊မိမိသန္တာန်၌ စိတ်၏ငြိမ်းကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့ ဤပဥ္စမတရားသည် ကျင့်ဆဲ 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား (အထက်အထက်ဖြစ်သော ဂုဏ်တို့မှ) ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား (အထက်အထက်ဖြစ်သော ဂုဏ်တို့မှ)မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် ကိစ္စမများ ပြုဖွယ်မများ အဘယ်အမှုကို ပြုရအံ့နည်းဟု မေးမြန်း၍ ပြုအပ်သော အမှုတို့၌ လိမ္မာ၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့ ဤပဌမတရားသည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အနည်းငယ်မျှသော အမှုဖြင့် နေ့ကို မကုန်လွန်စေ၊ ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့ ဤ ဒုတိယတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ'သေက္ခ'ရဟန်းသည် (သာသနာတော်အား)မလျော်ကပ်သော လူတို့၏ ဆက်ဆံခြင်းမျိုးဖြင့် လူရဟန်းတို့နှင့် ဆက်ဆံ၍ မနေ၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့ ဤတတိယတရားသည် ကျင့်ဆဲ'သေက္ခ'ရဟန်းအား မဆုတ်ယုတ်ရန်ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အခါမဟုတ်သည်၌ ရွာတွင်းသို့ မဝင်၊အလွန်နေမြင့်မှ မပြန်၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့ ဤစတုတ္ထတရားသည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန်ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ 'သေက္ခ'ရဟန်းသည် အလိုနည်းခြင်းနှင့် စပ်သောစကား ရောင့်ရဲလွယ်မှုနှင့် စပ်သောစကား ဆိတ်ငြိမ်မှုနှင့် စပ်သောစကား မန္တနှောမှုနှင့် စပ်သော စကား လုံ့လအားထုတ်မှုနှင့် စပ်သောစကား သီလနှင့်စပ်သော စကား သမာဓိနှင့် စပ်သော စကား ပညာနှင့် စပ်သောစကား (ကိလေသာမှ) လွတ်မြောက်မှုနှင့် စပ်သောစကား (ကိလေသာမှ)လွတ်မြောက်မှု (အရဟတ္တဖိုလ်)၌ ဖြစ်သော ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)

http://www.dhammadownload.com



နှင့် စပ်သောစကားဟူသော ကိလေသာကို လွန်စွာ ခေါင်းပါးစေတတ်သော စိတ်၏ ပွင့်လင်းကြောင်း (သမထဝိပဿနာ)အား လျော်ကပ်သော သဘောရှိသည့် စကားမျိုးကို အလိုရှိတိုင်း ရ၏၊မငြိုမငြင် ရ၏၊မပင်မပန်း ရ၏၊ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့ ဤပဉ္စမတရားသည် ကျင့်ဆဲ'သေက္ခ'ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ထေရဝဂ် ပြီး၏။

## (၁၀) ၅-ကကုဓဝဂ် ၁-ပဌမ သမ္ပဒါသုတ်

၉၁။ ရဟန်းတို့ ပြည့်စုံခြင်း'သမ္ပဒါ'တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု'သဒ္ဓါ'နှင့် ပြည့်စုံခြင်း၊ စောင့်ထိန်းမှု 'သီလ'နှင့် ပြည့်စုံခြင်း၊ အကြားအမြင်'သုတ' နှင့် ပြည့်စုံခြင်း၊ စွန့်ကြဲမှု 'စာဂ'နှင့် ပြည့်စုံခြင်း၊ သိမှု'ပညာ'နှင့် ပြည့်စုံခြင်းတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ သမ္ပဒါသုတ်

၉၂။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စောင့်ထိန်းမှု'သီလ'နှင့် ပြည့်စုံခြင်း၊ တည်ကြည်မှု'သမာဓိ'နှင့် ပြည့်စုံခြင်း၊ သိမှု'ပညာ'နှင့် ပြည့်စုံခြင်း၊ (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်'နှင့် ပြည့်စုံခြင်း၊ (ကိလေသာမှ) လွတ်မြောက်မှု'အရဟတ္တဖိုလ်'၌ဖြစ်သော ဉာဏ်အမြင် 'ပစ္စဝေက္ခဏာဉာဏ်'နှင့်ပြည့်စုံခြင်းတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဗျာကရဏသုတ်

၉၃။ ရဟန်းတို့ အရဟတ္တဖိုလ်ကို ပြောဆိုခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ပညာ) နုံ့သည်၏ အဖြစ် တွေဝေသည်၏အဖြစ်ကြောင့် အရဟတ္တဖိုလ်ကို ပြောဆို၏၊ ယုတ်ညံ့သော အလိုရှိသည် အလိုဆိုး နှိပ်စက်အပ်သည် ဖြစ်၍ အရဟတ္တဖိုလ်ကို ပြောဆို၏၊ ရူးသွပ်ခြင်း

http://www.dhammadownload.com



**စိတ်ပျံ့လွင့်ခြင်းကြောင့် အရဟတ္တဖိုလ်ကို ပြောဆို၏၊ အထင်ကြီးသဖြင့် အရဟတ္တဖိုလ်ကို ပြောဆို၏၊ အကြောင်းမှန်အားဖြင့် အရဟတ္တဖိုလ်ကို** ပြောဆို၏။

ရဟန်းတို့ အရဟတ္တဖိုလ်ကို ပြောဆိုခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဖာသုဝိဟာရသုတ်

၉၄။ ရဟန်းတို့ ချမ်းသာစွာနေခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။

ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။စတုတ္ထစျာန်သို့ရောက်၍ နေ၏၊ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ချမ်းသာစွာနေခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အကုပ္ပသုတ်

၉၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ ။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အနက်အကျိုးတို့၌ ခွဲခြားဝေဖန်တတ်သော 'အတ္ထပဋိသမ္ဘိဒါ' ဉာဏ်သို့ ရောက်၏၊ ပါဠိအကြောင်းတို့၌ ခွဲခြားဝေဖန်တတ်သော 'ဓမ္မပဋိသမ္ဘိဒါ' ဉာဏ်သို့ ရောက်၏၊ သဒ္ဒါတို့၌ ခွဲခြားဝေဖန်တတ်သော 'နိရုတ္တိပဋိသမ္ဘိဒါ' ဉာဏ်သို့ ရောက်၏၊

http://www.dhammadownload.com



ရှေးဉာဏ်သုံးပါးတို့၌ ခွဲခြားဝေဖန်တတ်သော 'ပဋိဘာနပဋိသမ္ဘိဒါ' ဉာဏ်သို့ ရောက်၏၊ ကိလေသာမှ လွတ်မြောက်တိုင်းသော (အရဟတ္တဖိုလ်) စိတ်ကို ဆင်ခြင်၏။

ရဟန်းတို့ ဤတရား ငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-သုတဓရသုတ်

၉၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို မှီဝဲသည် ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏။

**အဘယ်ငါးမျိုးတို့နည်း** ဟူမူ—

**ရဟန်းတို့** ဤသာသနာတော်၌ ရဟန်းသည် (အမှုသစ်ကို) အားထုတ်မှု နည်းပါး၏၊ ကိစ္စ နည်းပါး၏၊ မွေးမြူလွယ်၏၊ အသက်၏ အဆောက်အဦဖြစ်သော ပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

**အစားအသောက်** နည်းပါး၏၊ ဝမ်းရေးကို အားမထုတ်။

**အအိပ်** နည်းပါး၏၊ နိုးကြားမှု၌ အားထုတ်၏။

**အကြား** အမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏။

**အနက်သဒ္ဒါနှင့်** တကွဖြစ်၍ အလုံးစုံပြည့်စုံ စင်ကြယ်သည့် မြတ်သော အကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော တရားတို့ကို ထိုသူသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့်မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

(**ကိလေသာမှ**) လွတ်မြောက်တိုင်းသော (အရဟတ္တဖိုလ်) စိတ်ကို ဆင်ခြင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို မှီဝဲသည် ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကထာသုတ်

၉၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် **အာနာပါနဿတိကို ပွါးများ** သည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏။

**အဘယ်ငါးမျိုးတို့နည်း** ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (အမှုသစ်ကို) အားထုတ်မှု နည်းပါး၏၊ ကိစ္စနည်းပါး၏၊ မွေးမြူလွယ်၏၊ အသက်၏ အဆောက်အဦဖြစ်သော ပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

**အစားအသောက်** နည်းပါး၏၊ ဝမ်းရေးကို အားမထုတ်။

**အအိပ်** နည်းပါး၏၊ နိုးကြားမှု၌ အားထုတ်၏။

http://www.dhammadownload.com



အလိုနည်းမှုနှင့် စပ်သော စကား။ ပ ။ ကိလေသာမှ လွတ်မြောက်မှု (အရဟတ္တဖိုလ်)၌ ဖြစ်သော ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)နှင့် စပ်သော စကားဟူသော ကိလေသာကို လွန်စွာ ခေါင်းပါးစေတတ်သော စိတ်၏ ပွင့်လင်းကြောင်း (သမထ ဝိပဿနာ)အား လျောက်ပတ်သော သဘောရှိသည့် စကားမျိုးကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။

(ကိလေသာမှ)လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို ပွါးများသည် ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အာရညကသုတ်

၉၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်(အမှုသစ်ကို)အားထုတ်မှု နည်းပါး၏၊ ကိစ္စနည်းပါး၏၊ မွေးမြူလွယ်၏၊ အသက်၏ အဆောက်အဦဖြစ်သော ပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

အစားအသောက် နည်းပါး၏၊ ဝမ်းရေးကို အားမထုတ်။

အအိပ် နည်းပါး၏၊ နိုးကြားမှု၌ အားထုတ်၏။

တော၌ နေ၏၊ အစွန်အဖျားကျသော ကျောင်းလျှောင် နေရာရှိ၏။

(ကိလေသာမှ) လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို ကြိမ်ဖန်များစွာ အလေ့အလာ ပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သီဟသုတ်

၉၉။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ညနေချမ်းအခါ နေရာမှ ထွက်၍ ကွန့်မြူး လျက် ပတ်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို စောင်းငဲ့ ကြည့်ရှုပြီးနောက် သုံးကြိမ်ဟောက်လျက် ကျက်စားရန် ထွက်သွား၏၊ ထိုခြင်္သေ့မင်းသည် အကယ်၍ ဆင်ကို သတ်ပုတ်မူလည်း လေးလေး စားစားသာလျှင် သတ်ပုတ်၏၊မလေးမစား မသတ်ပုတ်၊ ကျွဲကို သတ်ပုတ်မူလည်း လေးလေးစားစား သာလျှင် သတ်ပုတ်၏၊ မလေးမစား မသတ်ပုတ်၊ နွားကိုသတ်ပုတ်မူလည်း လေးလေးစားစား သာလျှင် သတ်ပုတ်၏၊ မလေးမစား မသတ်ပုတ်၊ သစ်ကို သတ်ပုတ်မူလည်း လေးလေးစားစား

http://www.dhammadownload.com



သာလျှင် သတ်ပုတ်၏၊ မလေးမစား မသတ်ပုတ်၊ အယုတ်သဖြင့် ယုန် ကြောင်စသော ငယ်သော သတ္တဝါတို့ကိုပင် သတ်ပုတ်မှုလည်း လေးလေးစားစားသာလျှင် သတ်ပုတ်၏၊ မလေးမစား မသတ်ပုတ်။

ထိုသို့ လေးလေးစားစား သတ်ပုတ်ခြင်းသည် အဘယ့်ကြောင့်နည်း "ငါ၏ အားထုတ်မှု လမ်းစဉ်သည် မပျက်စီးပါစေလင့်"ဟု နှလုံးသွင်းသောကြောင့်တည်း။

ရဟန်းတို့ "ခြင်္သေ့"ဟူသော အမည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ အမည်တော်ပင်ဖြစ်၏၊ ရဟန်းတို့ ပရိသတ်၌ မြတ်စွာဘုရား တရားဟောခြင်းသည်ပင် ထိုမြတ်စွာဘုရား၏ ခြင်္သေ့သံဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ရဟန်းတို့ကို တရားဟောမှုလည်း လေးလေးစားစား သာလျှင် ဟောကြား၏၊ မလေးမစား မဟောကြား။

ရဟန်းတို့ မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့ကို တရားဟောမှုလည်း လေးလေးစားစား သာလျှင် ဟောကြား၏၊ မလေးမစား မဟောကြား။

ရဟန်းတို့ မြတ်စွာဘုရားသည် ဥပါသကာတို့ကို တရားဟောမှုလည်း လေးလေးစားစား သာလျှင် ဟောကြား၏၊ မလေးမစား မဟောကြား။

ရဟန်းတို့ မြတ်စွာဘုရားသည် ဥပါသိကာမတို့ကို တရားဟောမှုလည်း လေးလေးစားစား သာလျှင် ဟောကြား၏၊ မလေးမစား မဟောကြား။

ရဟန်းတို့ မြတ်စွာဘုရားသည် အယုတ်သဖြင့် ထမင်းစား ကျွန်ခံ မုဆိုးစသော ပုထုဇဉ်တို့ကိုပင် တရားဟောမှုလည်း လေးလေးစားစား သာလျှင် ဟောကြား၏၊ မလေးမစား မဟောကြား။

ထိုသို့ လေးလေးစားစား ဟောကြားတော်မူခြင်းသည် အဘယ့်ကြောင့်နည်း။

ရဟန်းတို့ မြတ်စွာဘုရားသည် တရားကို လေးစား တရားကို ရိုသေတော်မူသောကြောင့် တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ကကုဓထေရသုတ်

၁၀၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေ တော်မူ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေး ကကုဓမည်သော ကောဠိယ၏ သားသည် ယခုပင် သေလွန်၍ စျာန်စိတ်ဖြင့် ပြီးသော တခုသော ဗြဟ္မာဘုံ၌ ဖြစ်၏၊ ထိုကကုဓအား မဂဓတိုင်းရှိ ရွာနယ် နှစ်နယ် သုံးနယ်မျှလောက်သော အတ္တဘော 'ခန္ဓာကိုယ်'ကိုရ၏၊ ထိုကကုဓ ဗြဟ္မာသည် 'ထိုမျှလောက်သော အတ္တဘောကို ရခြင်းဖြင့် မိမိကိုယ်ကိုလည်း မပင်ပန်းစေ၊ သူတပါးကိုလည်း မပင်ပန်းစေ။

http://www.dhammadownload.com



ထိုအခါ ကကုဓပြဟ္မာသည် အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်လျက် အသျှင်မဟာမောဂ္ဂလာန်အား—

"အသျှင်ဘုရား 'ငါသည် ရဟန်းသံဃာကို ဆောင်အံ့'ဟု ဒေဝဒတ်အား ဤသို့သဘော ရှိသော အလိုဆိုး ဖြစ်ပေါ်ပါ၏၊ အသျှင်ဘုရား ဒေဝဒတ်သည် စိတ်ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ထို (ရပြီးသော) တန်ခိုးမှ ဆုတ်ယုတ်ပါ၏"ဟု လျှောက်၏။

ဤစကားကို လျှောက်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုး၍ အရိုအသေပြုကာ ထို အရပ်၌ပင် ကွယ်ပျောက်လေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား အကျွန်ုပ်၏ အလုပ်အကျွေးဖြစ်သော ကကုဓမည်သော ကောလိယ၏သားသည် ယခုပင် သေလွန်၍ စျာန်စိတ်ဖြင့်ပြီးသော တခုသော ပြဟ္မာဘုံ၌ ဖြစ်ပါသည်၊ ထိုကကုဓပြဟ္မာ အား မဂဓတိုင်းရှိ ရွာနယ် နှစ်နယ် သုံးနယ်မျှလောက်သော အတ္တဘော 'ခန္ဓာကိုယ်'ကိုရပါ၏။ ထိုကကုဓပြဟ္မာသည် ထိုမျှလောက်သော အတ္တဘောကို ရခြင်းဖြင့် မိမိကိုယ်ကိုလည်း မပင် ပန်းစေပါ၊ သူတပါးကိုလည်း မပင်ပန်းစေပါ။ အသျှင်ဘုရား ထိုအခါ ကကုဓပြဟ္မာသည် အကျွန်ုပ် ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်နေလျက် အကျွန်ုပ်အား—

"အသျှင်ဘုရား 'ငါသည် ရဟန်းသံဃာကို ဆောင်အံ့'ဟု ဒေဝဒတ်အား ဤသို့သဘော ရှိသော အလိုဆိုး ဖြစ်ပေါ်ပါ၏၊ အသျှင်ဘုရား ဒေဝဒတ်သည် စိတ်ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ထို(ရပြီးသော) တန်ခိုးမှ ဆုတ်ယုတ်ပါ၏"ဟု လျှောက်၏။

အသျှင်ဘုရား ဤစကားကို လျှောက်ပြီးလျှင် အကျွန်ုပ်ကို ရှိခိုး၍ အရိုအသေပြုကာ ထို အရပ်၌ပင် ကကုဓပြဟ္မာသည် ကွယ်သွားပါ၏ဟု လျှောက်၏။

မောဂ္ဂလာန် (သင်၏) စိတ်ဖြင့် (ကကုဓပြဟ္မာ၏) စိတ်ကို သင်ပိုင်းခြား၍ သိသလော "ကကုဓပြဟ္မာပြောဆိုသော စကား အလုံးစုံသည် ထိုဆိုသည့် အတိုင်းသာလျှင် မှန်ကန်သလော၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ပဲ ရှိသလော"ဟု (မေးတော်မူ၏)။

အသျှင်ဘုရား (အကျွန်ုပ်၏) စိတ်ဖြင့် (ကကုဓပြဟ္မာ၏) စိတ်ကို အကျွန်ုပ်ပိုင်းခြား၍ သိ ပါ၏၊ "ကကုဓပြဟ္မာပြောဆိုသော စကား အလုံးစုံသည် ထိုဆိုသည့် အတိုင်းသာလျှင် မှန်ကန်ပါ၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ပါ"ဟု (လျှောက်၏)။

မောဂ္ဂလာန် ဤစကားကို စောင့်စည်းဦးလော့၊ မောဂ္ဂလာန် ဤစကားကို စောင့်စည်းဦး လော့၊ ယခုအခါ၌ ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားသည် မိမိသည်ပင် မိမိကိုယ်ကို ထင်ရှားစွာ ပြုလတ္တံ့။

မောဂ္ဂလာန် လောက၌ ဤဆရာငါးမျိုးတို့သည် ထင်ရှားရှိကြကုန်၏။

**အဘယ်ငါးမျိုးတို့နည်း ဟူမူ—**

မောဂ္ဂလာန် ဤလောက၌ အချို့သော ဆရာသည် သီလမစင်ကြယ်သည်ဖြစ်လျက် "ငါသည် စင်ကြယ်သော သီလရှိ၏၊ ငါ၏ သီလသည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း"ဟု ဝန်ခံ၏။ ထိုဆရာကို (သူ၏) တပည့်တို့သည် ဤသို့သိကြကုန်၏၊ "ဤအသျှင်ဆရာသည် သီလမစင်ကြယ် သည်ဖြစ်ပါလျက် 'ငါသည် စင်ကြယ်သော သီလရှိ၏၊ ငါ၏သီလသည် စင်ကြယ်၏၊ တောက်ပ၏၊

http://www.dhammadownload.com



မညစ်နွမ်း'ဟု ဝန်ခံ၏၊ ငါတို့သည် ထိုအကြောင်းကို လူတို့အား ပြောကြားကြမူ ထိုဆရာအား မြတ်နိုးမှု မဖြစ်ရာ၊ ထိုဆရာအား ယင်း မမြတ်နိုးဖွယ် စကားဖြင့် ငါတို့သည် အဘယ့်ကြောင့် ပြောကြားကုန်မည်နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ငါတို့ကို ကောင်းစွာမြတ်နိုးစေသည်သာလျှင်တည်း၊ ထိုဆရာသည်ပင် ထို(မိမိ) ပြုမည့် အမှုဖြင့် ထင်ရှားလာလိမ့်မည်"ဟု (သိကြကုန်၏)။

မောဂ္ဂလာန် ဤသို့ သဘောရှိသော ဆရာကို တပည့် ဖြစ်သူတို့သည် သီလမှ ကာကွယ် စောင့်ရှောက် ကုန်၏၊ ဤသို့ သဘောရှိသော ဆရာသည်လည်း သီလမှ ကာကွယ် စောင့်ရှောက်မှုကို တပည့်တို့ထံမှ လိုလားတောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် အသက်မွေးမှု မစင်ကြယ်သည်ဖြစ်လျက် "ငါသည် စင်ကြည်သော အသက်မွေးမှုရှိ၏၊ ငါ၏ အသက်မွေးမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း"ဟု ဝန်ခံ၏။ ထိုဆရာကို (သူ၏) တပည့်တို့သည် ဤသို့ သိကြကုန်၏၊ "ဤအသျှင်ဆရာသည် မစင်ကြယ်သော အသက်မွေးမှုရှိသည်ဖြစ်ပါလျက် 'ငါသည် စင်ကြည်သော အသက်မွေးမှုရှိ၏၊ ငါ၏ အသက်မွေးမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် ထိုအကြောင်းကို လူတို့အား ပြောကြားကြမူ ထိုဆရာအား မြတ်နိုးမှု မဖြစ်ရာ၊ ထိုဆရာအား ယင်း မမြတ်နိုးဖွယ် စကားဖြင့် ငါတို့သည် အဘယ့်ကြောင့် ပြောကြားကုန်မည်နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ငါတို့ကို ကောင်းစွာမြတ်နိုးစေသည်သာလျှင်တည်း၊ ထိုဆရာသည်ပင် ထို (မိမိ) ပြုမည့်အမှုဖြင့် ထင်ရှားလာလိမ့်မည်"ဟု (သိကြကုန်၏)။

မောဂ္ဂလာန် ဤသို့သဘောရှိသော ဆရာကို တပည့်ဖြစ်သူတို့သည် အသက်မွေးမှုမှ ကာကွယ် စောင့်ရှောက်ကုန်၏၊ ဤသို့သဘောရှိသော ဆရာသည်လည်း အသက်မွေးမှုမှ ကာကွယ်စောင့်ရှောက်မှုကို တပည့်တို့ထံမှ လိုလားတောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် တရားဟောမှု မစင်ကြယ်သည်ဖြစ်ပါလျက် "ငါသည် စင်ကြယ်သော တရားဟောမှုရှိ၏၊ ငါ၏ တရားဟောမှုသည် စင်ကြယ်၏၊ တောက်ပ၏၊မညစ်နွမ်း"ဟု ဝန်ခံ၏၊ ထိုဆရာကို (သူ၏) တပည့်တို့သည် ဤသို့ သိကြကုန်၏၊ "ဤအသျှင်ဆရာသည် တရားဟောမှု မစင်ကြယ်သည်ဖြစ်လျက် 'ငါသည် စင်ကြယ်သော တရားဟောခြင်းရှိ၏၊ ငါ၏ တရားဟောမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း'ဟု ဝန်ခံ၏၊ ငါတို့သည် ထိုအကြောင်းကို လူတို့အား ပြောကြားကြမူ ထိုဆရာအား မြတ်နိုးမှု မဖြစ်ရာ၊ ထိုဆရာအား ယင်း မမြတ်နိုးဖွယ် စကားဖြင့် ငါတို့သည် အဘယ့်ကြောင့် ပြောကြားကုန်မည်နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ငါတို့ကို ကောင်းစွာမြတ်နိုးစေသည်သာလျှင်တည်း၊ ထိုဆရာသည်ပင် ထို (မိမိ) ပြုမည့် အမှုဖြင့် ထင်ရှားလာလိမ့်မည်"ဟု (သိကြကုန်၏)။

မောဂ္ဂလာန် ဤသို့သဘောရှိသော ဆရာကို တပည့်ဖြစ်သူတို့သည် တရားဟောမှုမှ ကာကွယ် စောင့်ရှောက်ကုန်၏၊ ဤသို့သဘောရှိသော ဆရာသည်လည်း တရားဟောမှုမှ ကာကွယ်စောင့်ရှောက်မှုကို တပည့်တို့ထံမှ လိုလားတောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ အချို့သောဆရာသည် ဖြေဆိုမှု မစင်ကြယ်သည်ဖြစ်ပါလျက် "ငါသည် စင်ကြယ်သော ဖြေဆိုမှုရှိ၏၊ ငါ၏ ဖြေဆိုမှုသည် စင်ကြယ်၏၊

http://www.dhammadownload.com



တောက်ပ၏၊ မညစ်နွမ်း”ဟု ဝန်ခံ၏၊ ထိုဆရာကို (သူ၏) တပည့်တို့သည် ဤသို့သိကြကုန်၏၊ “ဤအသျှင်ဆရာသည် ဖြေဆိုမှု မစင်ကြယ်သည်ဖြစ်ပါလျက် ‘ငါ၏ ဖြေဆိုမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း’ဟု ဝန်ခံ၏၊ငါတို့သည် ထိုအကြောင်းကို လူတို့အား ပြောကြားကြကုန်မူ ထိုဆရာအား မြတ်နိုးမှု မဖြစ်ရာ၊ ထိုဆရာအား ယင်းမမြတ်နိုးဖွယ် စကားဖြင့် ငါတို့သည် အဘယ့်ကြောင့် ပြောကြားကုန်မည်နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့် ငါတို့ကို ကောင်းစွာ မြတ်နိုးစေသည်သာလျှင်တည်း၊ ထိုဆရာသည်ပင် ထို(မိမိ)ပြုမည့်အမှုဖြင့် ထင်ရှားလာလိမ့်မည်”ဟု (သိကြကုန်၏)။

မောဂ္ဂလာန် ဤသို့ သဘောရှိသော ဆရာကို တပည့်ဖြစ်သူတို့သည် ဖြေဆိုမှုမှ ကာကွယ်စောင့်ရှောက် ကုန်၏၊ ဤသို့ သဘောရှိသော ဆရာသည်လည်း ဖြေဆိုမှုမှ ကာကွယ်စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ လိုလားတောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် ဉာဏ်အမြင် မစင်ကြယ်သည်ဖြစ်ပါလျက် “ငါသည် စင်ကြယ်သော ဉာဏ်အမြင်ရှိ၏၊ ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ တောက်ပ၏၊ မညစ်နွမ်း”ဟု ဝန်ခံ၏၊ ထိုဆရာကို (သူ၏) တပည့်ဖြစ်သူတို့သည် ဤသို့ သိကြကုန်၏၊ “ဤအသျှင်ဆရာသည် ဉာဏ်အမြင် မစင်ကြယ်သူဖြစ်ပါလျက် ‘ငါသည် စင်ကြယ်သော ဉာဏ်အမြင်ရှိ၏၊ ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊တောက်ပ၏၊မညစ်နွမ်း’ဟု ဝန်ခံ၏၊ ငါတို့သည် ထို အကြောင်းကို လူတို့အား ပြောကြားကြကုန်မူ ထိုဆရာအား မြတ်နိုးခြင်း မဖြစ်ရာ၊ ထိုဆရာအား ယင်း မမြတ်နိုးဖွယ် စကားဖြင့် ငါတို့သည် အဘယ့်ကြောင့် ပြောကြားကုန်မည်နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ငါတို့ကို ကောင်းစွာ မြတ်နိုးစေသည်သာလျှင်တည်း၊ ထိုဆရာသည်ပင် ထို (မိမိ) ပြုမည့်အမှုဖြင့် ထင်ရှားလာလိမ့်မည်”ဟု (သိကြကုန်၏)။

မောဂ္ဂလာန် ဤသို့သဘောရှိသော ဆရာကို တပည့်ဖြစ်သူတို့သည် ဉာဏ်အမြင်မှ စောင့်ရှောက်ကာကွယ်ကုန်၏၊ဤသို့ သဘောရှိသော ဆရာသည်လည်း ဉာဏ်အမြင်မှ ကာကွယ်စောင့်ရှောက်မှုကို တပည့်တို့ထံမှ လိုလားတောင့်တ၏။

မောဂ္ဂလာန် လောက၌ ဤဆရာငါးမျိုးတို့သည် ထင်ရှားရှိကုန်၏။

မောဂ္ဂလာန် ငါသည်ကား သီလစင်ကြယ်သည်ဖြစ်၍ “ငါသည် စင်ကြယ်သော သီလရှိ၏၊ ငါ၏ သီလသည် စင်ကြယ်၏၊ တောက်ပ၏၊ ညစ်နွမ်းခြင်း မရှိ”ဟု ဝန်ခံ၏၊ တပည့်တို့သည်လည်း ငါ့ကို သီလမှ မကာကွယ် မစောင့်ရှောက်ကြကုန်၊ ငါသည်လည်း သီလမှ ကာကွယ်စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ မလိုလား မတောင့်တ။

အသက်မွေးမှု စင်ကြယ်သည်ဖြစ်၍ “ငါသည် စင်ကြယ်သော အသက်မွေးမှုရှိ၏၊ ငါ၏ အသက်မွေးမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ ညစ်နွမ်းခြင်း မရှိ”ဟု ဝန်ခံ၏၊ တပည့်တို့သည်လည်း ငါ့ကို အသက်မွေးမှုမှ မကာကွယ် မစောင့်ရှောက်ကြကုန်၊ ငါသည်လည်း အသက်မွေးမှုမှ ကာကွယ်စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ မလိုလား မတောင့်တ။

တရားဟောမှု စင်ကြယ်သည်ဖြစ်၍ “ငါသည် စင်ကြယ်သော တရားဟောမှုရှိ၏၊ ငါ၏ တရားဟောမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ ညစ်နွမ်းခြင်း မရှိ”ဟု ဝန်ခံ၏။တပည့်တို့သည်လည်း

http://www.dhammadownload.com



ငါ့ကို တရားဟောမှုမှ မကာကွယ် မစောင့်ရှောက်ကြကုန်၊ ငါသည်လည်း တရားဟောမှုမှ ကာကွယ်စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ မလိုလား မတောင့်တ။

ဖြေဆိုမှု စင်ကြယ်သည်ဖြစ်၍ "ငါသည် စင်ကြယ်သော ဖြေဆိုခြင်းရှိ၏၊ ငါ၏ ဖြေဆိုမှုသည် စင်ကြယ်၏၊ တောက်ပ၏၊ ညစ်နွမ်းခြင်း မရှိ"ဟု ဝန်ခံ၏၊ တပည့်တို့သည်လည်း ငါ့ကို ဖြေဆိုမှုမှ မကာကွယ် မစောင့်ရှောက်ကြကုန်၊ ငါသည်လည်း ဖြေဆိုမှုမှ ကာကွယ် စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ မလိုလား မတောင့်တ။

ဉာဏ်အမြင် စင်ကြယ်သည်ဖြစ်၍ "ငါသည် စင်ကြယ်သော ဉာဏ်အမြင်ရှိ၏၊ ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ တောက်ပ၏၊ ညစ်နွမ်းခြင်း မရှိ"ဟု ဝန်ခံ၏။ တပည့်တို့သည်လည်း ငါ့ကို ဉာဏ်အမြင်မှ မကာကွယ် မစောင့်ရှောက်ကြကုန်၊ ငါသည်လည်း ဉာဏ်အမြင်မှ ကာကွယ် စောင့်ရှောက်ခြင်းကို တပည့်တို့ထံမှ မလိုလား မတောင့်တ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ကကုဓဝဂ် ပြီး၏။

ဒုတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ၃-ဓာတိယပဏ္ဏာသက

## ၃-တတိယ သုတ်ငါးဆယ်

### (၁၁) ၁-ဖာသုဝိဟာရဝဂ် ၁-သာရဇ္ဇသုတ်

၁၀၁။ ရဟန်းတို့ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်ကုန်သော တရားတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ယုံကြည်မှု 'သဒ္ဓါ' ရှိ၏။

စောင့်ထိန်းမှု 'သီလ' ရှိ၏။

အကြားအမြင် များ၏။

ထက်သန်သော လုံ့လရှိ၏။

ပညာ ရှိ၏။

ရဟန်းတို့ ယုံကြည်မှု 'သဒ္ဓါ' မရှိသူအား ဖြစ်တတ်သည့် နှလုံးမသာခြင်းသည် ယုံကြည်မှု 'သဒ္ဓါ' ရှိသူအား မဖြစ်၊ ထို့ကြောင့် ဤ(ယုံကြည်မှု သဒ္ဓါ)တရားသည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်၏။

ရဟန်းတို့ စောင့်ထိန်းမှု 'သီလ' မရှိသူအား ဖြစ်တတ်သည့် နှလုံးမသာခြင်းသည် စောင့်ထိန်းမှု 'သီလ' ရှိသူအား မဖြစ်၊ ထို့ကြောင့် ဤ(စောင့်ထိန်းမှု သီလ)တရားသည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်၏။

ရဟန်းတို့ အကြားအမြင်နည်းပါးသောသူအား ဖြစ်တတ်သည့် နှလုံးမသာခြင်းသည် အကြားအမြင်များသူအား မဖြစ်၊ ထို့ကြောင့် ဤ(အကြားအမြင် များခြင်း)တရားသည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်၏။

ရဟန် တို့ ပျင်းရိသူအား ဖြစ်တတ်သည့် နှလုံးမသာခြင်းသည် ထက်သန်သော လုံ့လရှိသူအား မဖြစ်၊ ထို့ကြောင့် ဤ(လုံ့လ)တရားသည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်၏။

ရဟန်းတို့ ပညာကင်းမဲ့သူအား ဖြစ်တတ်သည့် နှလုံးမသာခြင်းသည် ပညာရှိသူအား မဖြစ်၊ ထို့ကြောင့် ဤ(ပညာ)တရားသည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်၏။

ရဟန်းတို့ ဤသည်တို့ကား ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်သော တရား ငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဥဿင်္ကိတသုတ်

၁၀၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဟန္တာပင်ဖြစ်လျှင်းမူလည်း "ယုတ်မာသော ရဟန်း"ဟူ၍ ရွံရှာအပ် ယုံမှားအပ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ပြည့်တန်ဆာမ(အိမ်)လျှင် ကျက်စားရာရှိ၏၊

မုဆိုးမ(အိမ်)လျှင် ကျက်စားရာရှိ၏။

အပျိုကြီး(အိမ်)လျှင် ကျက်စားရာရှိ၏။

ပဏ္ဍုက်(အိမ်)လျှင် ကျက်စားရာရှိ၏။

ရဟန်းမိန်းမ(ကျောင်း)လျှင် ကျက်စားရာရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဟန္တာပင်ဖြစ်လျှင်းမူလည်း "ယုတ်မာသော ရဟန်း"ဟူ၍ ရွံရှာအပ် ယုံမှားအပ်သူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မဟာစောရသုတ်

၁၀၃။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကိုသော်လည်း ဖောက်ထွင်း၏၊ ရွာကိုသော်လည်း တိုက်ခိုက် လုယူ၏၊ တအိမ်တည်းကိုသော်လည်း တိုက်ခိုက် လုယူ၏၊ လမ်းခရီး၌ စောင့်၍သော်လည်း တိုက်ခိုက် လုယူ၏။

အဘယ် ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ လောက၌ ခိုးသူကြီးသည်—

မညီညွတ်သော အရပ်ကိုသော်လည်း အမှီရ၏။

တောအုပ်ကိုသော်လည်း အမှီရ၏။

အားကြီးသူကိုသော်လည်း အမှီရ၏။

ပစ္စည်းဥစ္စာကိုသော်လည်း စွန့်ကြဲလေ့ရှိ၏။

တယောက်တည်းသော်လည်း သွားလာတတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် မညီညွတ်သော အရပ်ကို အမှီရသနည်း။

ရဟန်းတို့ ဤ လောက၌ ခိုးသူကြီးသည် သွားလာ ကူးခက်သော မြစ်ကိုသော်ငြင်း မညီညွတ်သော တောင်ကိုသော်ငြင်း အမှီရ၏။

ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် မညီညွတ်သော အရပ်ကို အမှီရ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် တောအုပ်ကို အမှီရသနည်း။

ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် မြက်တောကိုသော်ငင်း သစ်တောကိုသော်ငင်း ထူထဲသော တောအုပ်ကိုသော်ငင်း တောအုပ်ကြီးကိုသော်ငင်း အမှီရ၏။

ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် တောအုပ်ကို အမှီရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် အားကြီးသူကို အမှီရသနည်း။

ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် မင်းတို့ကိုသော်ငင်း မင်း အမတ်တို့ကိုသော်ငင်း အမှီရ၏၊ ထိုခိုးသူကြီးအား "အကယ်၍ တယောက်ယောက်က ငါ့ကို တစုံတရာ ပြောငြားအံ့၊ ဤမင်းတို့ကသော်ငင်း မင်းအမတ်ကြီးတို့ကသော်ငင်း အပြစ်ကို ကာကွယ်၍ ငါ့အကျိုးကို ပြောကြလိမ့်မည်"ဟု အကြံဖြစ်၏။

အကယ်၍ ငါ့ကို တယောက်ယောက်က တစုံတရာ ပြောငြားအံ့၊ ထိုမင်းတို့ကသော်ငင်း ထိုမင်းအမတ်ကြီးတို့ကသော်ငင်း အပြစ်ကို ကာကွယ်၍ ထိုခိုးသူကြီး၏ အကျိုးကို ပြောကုန်၏။

ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် အားကြီးသူကို အမှီရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် စည်းစိမ်ဥစ္စာကို စွန့်ကြဲလေ့ရှိသနည်း။

ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ ထိုခိုးသူကြီးအား "အကယ်၍ တယောက်ယောက်က ငါ့ကို တစုံတရာ ပြောငြားအံ့၊ ထိုစည်းစိမ်မှ ပစ္စည်းဥစ္စာဖြင့် အစေ့အစပ်ပြုလုပ်မည်"ဟု အကြံဖြစ်၏။

အကယ်၍ ထိုခိုးသူကြီးကို တယောက်ယောက်က တစုံတရာ ပြောငြားအံ့၊ ထိုစည်းစိမ်မှ ပစ္စည်းဥစ္စာဖြင့် အစေ့အစပ် ပြုလုပ်၏။

ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် ပစ္စည်းဥစ္စာကို စွန့်ကြဲလေ့ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် တယောက်တည်း သွားလာသနည်း။

ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် တယောက်တည်းသာလျှင် လုယူမှုတို့ကို ပြုတတ်၏။

ထိုသို့ ပြုခြင်းသည် အဘယ်ကြောင့်နည်း—

"ငါ၏ လျှို့ဝှက်တိုင်ပင်မှုတို့သည် အပြင်ပ၌ ပေါက်ကြားခြင်းသို့ မရောက်ပါစေကုန်လင့်"ဟု နှလုံးသွင်း သောကြောင့်တည်း။

ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် တယောက်တည်း သွားလာတတ်၏။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကိုသော်လည်း ဖောက်ထွင်း၏၊ ရွာကိုသော်လည်း တိုက်ခိုက် လုယူ၏၊ တအိမ်တည်းကိုသော်လည်း တိုက်ခိုက် လုယူ၏၊ လမ်းခရီး၌ စောင့်၍သော်လည်း တိုက်ခိုက် လုယူ၏။

ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့လည်း စွပ်စွဲ၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။

http://www.dhammadownload.com



အဘယ်အင်္ဂါ၊ အမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည်—

မညီညွတ်သော အရပ်ကိုသော်လည်း အမှီရ၏။

တောအုပ်ကိုသော်လည်း အမှီရ၏။

အားကြီးသူကိုသော်လည်း အမှီရ၏။

စည်းစိမ်ဥစ္စာကိုသော်လည်း စွန့်ကြဲလေ့ရှိ၏။

တယောက်တည်းသော်လည်း သွားလာတတ်၏။

ရဟန်းတို့ ရဟန်းယုတ်သည် အဘယ်သို့လျှင် မညီညွတ်သော အရပ်ကို အမှီ ရသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် မညီညွတ်သော ကာယကံနှင့် ပြည့်စုံ၏၊ မညီညွတ်သော ဝစီကံနှင့် ပြည့်စုံ၏၊မညီညွတ်သော မနောကံနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် မညီညွတ်သော အရပ်ကို အမှီရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် တောအုပ်ကို အမှီရသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် မှားယွင်းသော အယူ ရှိ၏၊ သဿတ စသည်ဖြင့် စွဲယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် တောအုပ်ကို အမှီရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် အားကြီးသူကို အမှီရသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် မင်းတို့ကိုသော်၎င်း မင်းအမတ်ကြီးတို့ကို သော်၎င်း အမှီရ၏။

ထိုရဟန်းအား—

"အကယ်၍ တယောက်ယောက်က ငါ့ကို တစုံတရာ ပြောငြားအံ့၊ ဤမင်းတို့ကသော်၎င်း မင်းအမတ်ကြီးတို့ကသော်၎င်း အပြစ်ကို ကာကွယ်၍ ငါ့အကျိုးကို ပြောကြလိမ့်မည်"ဟု အကြံဖြစ်၏။

အကယ်၍ ထိုရဟန်းကို တယောက်ယောက်က တစုံတရာ ပြောငြားအံ့၊ ထိုမင်းတို့ကသော်၎င်း မင်းအမတ်ကြီးတို့ကသော်၎င်း အပြစ်ကို ကာကွယ်၍ ထိုရဟန်း၏ အကျိုးကို ပြောကုန်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် အားကြီးသူကို အမှီရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် စည်းစိမ်ဥစ္စာကို စွန့်ကြဲလေ့ရှိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ကို ရ၏။

ထိုရဟန်းအား—

"အကယ်၍ ငါ့ကို တယောက်ယောက်က တစုံတရာ ပြောငြားအံ့၊ ထိုစည်းစိမ်မှ လာဘ်လာဘ ဖြင့် အစေ့အစပ်ပြုမည်"ဟု အကြံဖြစ်၏။

http://www.dhammadownload.com



အကယ်၍ ထိုရဟန်းယုတ်ကို တယောက်ယောက်က **တစုံတရာ ပြောငြားအံ့၊ ထိုစည်းစိမ်မှ** လာဘ်လာဘဖြင့် **အစေ့အစပ်** ပြုလုပ်၏။

ရဟန်းတို့ ဤသို့လျှင် စည်းစိမ်ဥစ္စာကို စွန့်ကြဲလေ့ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် တယောက်တည်း သွားလာသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် တယောက်တည်းသာလျှင် **အစွန်အဖျား** ကျသော ဇနပုဒ်တို့၌ နေ၏၊ထိုရဟန်းယုတ်သည် ထိုဇနပုဒ်ရှိ အိမ်တို့သို့ ချဉ်းကပ်သည်ရှိသော် လာဘ်ကို ရ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် တယောက်တည်း သွားလာ၏။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်းရှိ၏၊ ပညာရှိတို့လည်း စွပ်စွဲ၏၊ များစွာသော **မကောင်း** မှုကိုလည်း ဖြစ်ပွါးစေ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄—သမဏ သုခုမာလသုတ်

၁၀၄။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းတို့တွင် နူးညံ့ သိမ်မွေ့သော ရဟန်းဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (သုံးဆောင်တော်မူပါဟု) တောင်းပန်အပ်သည် ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရ သည်ကား အနည်းငယ်သာတည်း၊ တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရ သည်ကား များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်က အနည်းငယ်သာတည်း။

တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ကျောင်း အိပ်ရာ နေရာကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ် သာတည်း။

အတူနေ သီတင်းသုံးဖော်တို့သည် ထိုရဟန်းအား နှစ်မြို့ဖွယ် ကာယကံဖြင့်သာလျှင် ပြုမူကြ သည်က များ၏၊ မနှစ်မြို့ဖွယ် ကာယကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှ သာတည်း၊ နှစ်မြို့ဖွယ် ဝစီကံဖြင့်သာလျှင် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် ဝစီကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှသာတည်း၊ နှစ်မြို့ဖွယ် မနောကံဖြင့်သာလျှင် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် မနောကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှသာတည်း၊ နှစ်မြို့ဖွယ် ပူဇော်ခြင်းကိုသာလျှင် ဆောင်ကြသည်က များ၏၊ မနှစ်မြို့ဖွယ် ပူဇော်ခြင်းကို ဆောင်ကြသည်ကား အနည်းငယ် မျှသာတည်း။

http://www.dhammadownload.com



သည်းခြေကြောင့်သော်ရင်း သလိပ်ကြောင့်သော်ရင်း လေကြောင့်သော်ရင်း သည်းခြေ သလိပ် လေတို့၏ ပေါင်းဆုံမိခြင်း 'သန္နိပါတ်' ကြောင့်သော်ရင်း ဥတုဖောက်ပြန်ခြင်းကြောင့် သော်ရင်း မညီမညွတ် ဆောင်ရွက်မှုကြောင့်သော်ရင်း သူတပါးလို့လ ပယောဂကြောင့်သော်ရင်း ကံအကျိုးပေးခြင်းကြောင့်သော်ရင်း ဖြစ်ကုန်သော ဝေဒနာတို့သည် ထိုရဟန်းအား များစွာ မဖြစ်ကုန်၊ အနာကင်း၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သည့် လွန်မြတ်သော စိတ်၌ဖြစ်သော (ရူပါဝစရ)ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဟန်းတို့တွင် နူးညံ့သိမ်မွေ့ သော ရဟန်းမည်၏။

ရဟန်းတို့ "ရဟန်းတို့တွင် နူးညံ့သိမ်မွေ့သော ရဟန်း" ဟူသော စကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။

ရဟန်းတို့ တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ငါသည် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်မျှသာတည်း။

တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန် အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်မျှသာတည်း။

တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ကျောင်း အိပ်ရာ နေရာကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်မျှသာတည်း။

တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ကို သုံး ဆောင်ရသည်က များ၏၊ မတောင်းပန်အပ်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်မျှသာ တည်း။

အတူနေ သီတင်းသုံးဖော်တို့သည် ငါ့ကို နှစ်မြို့ဖွယ် ကာယကံဖြင့် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် ကာယကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှသာတည်း။

နှစ်မြို့ဖွယ် ဝစီကံဖြင့် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် ဝစီကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှသာတည်း။

နှစ်မြို့ဖွယ် မနောကံဖြင့် ပြုမူကြသည်က များ၏။ မနှစ်မြို့ ဖွယ်မနောကံဖြင့် ပြုမူကြသည်ကား အနည်းငယ်မျှသာတည်း။

နှစ်မြို့ဖွယ် ပူဇော်ခြင်းကိုသာလျှင် ဆောင်ကြသည်က များ၏၊ မနှစ်မြို့ဖွယ် ပူဇော်ခြင်းကို ဆောင်ကြသည်ကား အနည်းငယ်မျှသာတည်း။

သည်းခြေကြောင့်သော်ရင်း သလိပ်ကြောင့်သော်ရင်း လေကြောင့်သော်ရင်း သည်းခြေ သလိပ် လေတို့၏ ပေါင်းဆုံမိခြင်း 'သန္နိပါတ်' ကြောင့်သော်ရင်း ဥတုဖောက်ပြန်ခြင်းကြောင့်သော်ရင်း မညီမညွတ် ဆောင်ရွက်မှုကြောင့်သော်ရင်း သူတပါး လို့လပယောဂကြောင့်သော်ရင်း ကံအကျိုး ပေးခြင်းကြောင့်သော်ရင်း ဖြစ်ကုန်သော ဝေဒနာတို့သည် ငါ့အား မဖြစ်ကုန်၊ အနာကင်း၏၊

http://www.dhammadownload.com



မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ဖြစ်သော (ရူပါဝစရ) စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေရ၏။

ရဟန်းဘို့ "ရဟန်းတို့ဘွင် နူးညံ့သိမ်မွေ့သော ရဟန်း" ဟူသော စကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဖာသုဝိဟာရသုတ်

၁၀၅။ ရဟန်းတို့ ချမ်းသာစွာ နေရခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌—

ရဟန်း၏ မေတ္တာကာယကံသည် မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

ရဟန်း၏ မေတ္တာဝစီကံသည် မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

ရဟန်း၏ မေတ္တာမနောကံသည် မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

မကျိုး မပေါက် မပြောက် မကျား ကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော သဘောရှိကုန်သော သီလတို့ဖြင့် မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း သီတင်းသုံးဖော်တို့နှင့် သီလတူသည်အဖြစ်သို့ ရောက်လျက်နေ၏။

ဖြူစင်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ထိုအယူကို ပြုကျင့်သူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် ထုတ်ဆောင်တတ်သော သဘောရှိသည့် မှန်ကန်သော အယူ 'သမ္မာဒိဋ္ဌိ' ဖြင့် မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း သီတင်းသုံးဖော်တို့နှင့် အယူ 'ဒိဋ္ဌိ' တူသည့်အဖြစ်သို့ ရောက်လျက် နေ၏။

ရဟန်းတို့ ချမ်းသာစွာ နေရခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်**မူ၏**)။

ပဉ္စမသုတ်။

## ၆-အာနန္ဒသုတ်

၁၀၆။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

http://www.dhammadownload.com



အရှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရပါသနည်း ဟု လျှောက်၏။

အာနန္ဒာ ရဟန်းသည် မိမိက စောင့်ထိန်းမှု 'သီလ' နှင့် ပြည့်စုံ၍ သူတပါးကိုလည်း လွန်မြတ်သော သီလကြောင့် မကဲ့ရဲ့တတ်။

အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရသော အခြားအကြောင်းလည်း ရှိပါသေးသလော ဟု (လျှောက်ပြန်၏)။

အာနန္ဒာ ရှိသေး၏၊ အာနန္ဒာ ရဟန်းသည် မိမိက သီလနှင့် ပြည့်စုံ၍ သူတပါးကိုလည်း လွန်မြတ်သော သီလကြောင့် မကဲ့ရဲ့တတ်၊ မိမိကိုယ်ကိုသာ ရှုလေ့ရှိ၍ သူတပါးကိုမူကား ရှုလေ့မရှိ၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရသော အခြားအကြောင်းလည်း ရှိပါသေးသလောဟု (လျှောက်ပြန်၏)။

အာနန္ဒာ ရှိသေး၏၊ အာနန္ဒာ ရဟန်းသည် မိမိက သီလနှင့် ပြည့်စုံ၍ သူတပါးကိုလည်း လွန်မြတ်သော သီလကြောင့် မကဲ့ရဲ့တတ်၊ မိမိကိုယ်ကိုသာ ရှုလေ့ရှိ၍ သူတပါးကိုမူကား ရှုလေ့မရှိ၊ မထင်ရှားသူဖြစ်၍ ထို မထင်ရှားခြင်းကြောင့်လည်း မပူပန် မတောင့်တ၊ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာနေရ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရသော အခြားအကြောင်းလည်း ရှိပါသေးသလောဟု (လျှောက်ပြန်၏)။

အာနန္ဒာ ရှိသေး၏၊ အာနန္ဒာ ရဟန်းသည် မိမိက သီလနှင့် ပြည့်စုံ၍ သူတပါးကိုလည်း လွန်မြတ်သော သီလကြောင့် မကဲ့ရဲ့တတ်၊ မိမိကိုယ်ကိုသာ ရှုလေ့ရှိ၍ သူတပါးကိုမူကား ရှုလေ့မရှိ၊ မထင်ရှားသူဖြစ်၍ ထို မထင်ရှားခြင်းကြောင့်လည်း မပူပန် မတောင့်တ၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ ဖြစ်သော(ရူပါဝစရ)စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာနေရ၏ ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရသော အခြားအကြောင်းလည်း ရှိပါသေးသလောဟု (လျှောက်ပြန်၏)။

အာနန္ဒာ ရှိသေး၏၊ အာနန္ဒာ ရဟန်းသည် မိမိက သီလနှင့် ပြည့်စုံ၍ သူတပါးကိုလည်း လွန်မြတ်သော သီလကြောင့် မကဲ့ရဲ့တတ်၊မိမိကိုယ်ကိုသာ ရှုလေ့ရှိ၍ သူတပါးကိုမူကား ရှုလေ့မရှိ၊ မထင်ရှားသူဖြစ်၍ ထို မထင်ရှားခြင်းကြောင့်လည်း မပူပန် မတောင့်တ၊ မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ ဖြစ်သော (ရူပါဝစရ) စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်း

http://www.dhammadownload.com



ကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။

အာနန္ဒာ ဤမျှသော အကြောင်းဖြင့်လည်း ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရ၏။

အာနန္ဒာ ဤချမ်းသာစွာနေရခြင်းထက် သာ၍ လွန်ကဲ သာ၍ ထူးမြတ်သော အခြားသော ချမ်းသာစွာ နေရခြင်းမျိုးသည် မရှိတော့ပြီဟူ၍ ငါဆို၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သီလသုတ်

၁၀၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စောင့်ထိန်းမှု 'သီလ'နှင့် ပြည့်စုံ၏၊ တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံ၏၊ သိမှု 'ပညာ'နှင့် ပြည့်စုံ၏။

(ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်)နှင့် ပြည့်စုံ၏။

(ကိလေသာမှ) လွတ်မြောက်မှု(အရဟတ္တဖိုလ်)ကိုသိသော ဉာဏ်အမြင် 'ပစ္စဝေက္ခဏာဉာဏ်' နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အသေခသုတ်

၁၀၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—.

ကျင့်ပြီး 'ရဟန္တာ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလအစုနှင့် ပြည့်စုံ၏။

ကျင့်ပြီး 'ရဟန္တာ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိအစုနှင့် ပြည့်စုံ၏။

ကျင့်ပြီး 'ရဟန္တာ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာအစုနှင့် ပြည့်စုံ၏။

ကျင့်ပြီး 'ရဟန္တာ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော (ကိလေသာမှ)လွတ်မြောက်မှု (အရဟတ္တဖိုလ်) အစုနှင့် ပြည့်စုံ၏။

ကျင့်ပြီး'ရဟန္တာ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော (ကိလေသာမှ)လွတ်မြောက်မှု (အရဟတ္တဖိုလ်) ကို သိသော ဉာဏ်အမြင်'ပစ္စဝေက္ခဏာဉာဏ်'အစုနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-စာတုဒ္ဒိသသုတ်

၁၀၉။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်လေးမျက်နှာတို့၌ အပိတ်အပင် မရှိသည်ဖြစ်၍ လှည့်လည်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့်'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏။

အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။

အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊အနက် သဒ္ဒါနှင့် ပြည့်စုံ၍ အလုံးစုံ ပြည့်စုံ စင်ကြယ်သော မြတ်သော အကျင့်ကို ဖော်ပြတတ်ကုန် သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိကုန်သော တရား တို့ကို ထိုရဟန်းသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်နှလုံးဖြင့် ဆင်ခြင်ထား၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။

ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲ၏။

http://www.dhammadownload.com



မျက်မှောက်၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်ကို ဖြစ်စေတတ်သော ရူပါဝစရ ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်လေးမျက်နှာတို့၌ အပိတ် အပင် မရှိသည်ဖြစ်၍ လှည့်လည်ရ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-အရညသုတ်

၁၁၀။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲခြင်းငှါ သင့်လျော်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏။ပ။ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။

ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံစွာ အားထုတ်မှုရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။

မျက်မှောက်၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်ကို ဖြစ်စေတတ်သော ရူပါဝစရ ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲခြင်းငှါ သင့်လျော်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဖာသုဝိဟာရဝဂ် ပြီး၏။

## (၁၂) ၂-အန္ဓ ကဝိန္ဒဝဂ် ၁-ကုလူပကသုတ်

၁၁၁။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသည့် အိမ်သို့ ကပ်သော ရဟန်းသည် အိမ်သူ အိမ်သားတို့၏ မချစ်အပ်သူလည်း ဖြစ်၏၊ မမြတ်နိုးအပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူလည်း ဖြစ်၏၊ (နှလုံးကို)မပွါးစေတတ်သူလည်း ဖြစ်၏၊

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆွေခင်ပွန်း မဟုတ်ပါပဲလျက် အကျွမ်းတဝင်လည်း ပြုလုပ်တတ်၏၊ မစိုးပိုင်ပဲလျက်လည်း (စိုးပိုင်သကဲ့သို့) စီရင်တတ်၏၊ စွန့်လွှတ် (ကွဲပြား)ပြီးသူတို့ကိုလည်း (စေ့စပ်ရန်) မှီဝဲလေ့ရှိ၏၊ နားရင်း၌ကပ်၍လည်း တိုးတိုး ပြောလေ့ရှိ၏၊ အလွန်လည်း တောင်းတတ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသည့် အိမ်သို့ ကပ်သော ရဟန်းသည် အိမ်သူအိမ်သားတို့၏ မချစ်အပ်သူလည်း ဖြစ်၏၊ မမြတ်နိုးအပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူလည်း ဖြစ်၏၊ (နှလုံးကို) မပွါးစေတတ်သူလည်း ဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသည့် အိမ်သို့ ကပ်သောရဟန်းသည် အိမ်သူအိမ်သားတို့၏ ချစ်အပ်သူလည်း ဖြစ်၏၊ မြတ်နိုးအပ်သူလည်း ဖြစ်၏၊ လေးစားအပ်သူလည်း ဖြစ်၏၊ (နှလုံးကို) ပွါးစေတတ်သူလည်း ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆွေခင်ပွန်း မဟုတ်ပါပဲလျက်လည်း အကျွမ်းတဝင် ပြုလုပ်လေ့ မရှိ၊ မစိုးပိုင်ပဲလျက်လည်း (စိုးပိုင်သကဲ့သို့)စီရင်လေ့ မရှိ၊စွန့်လွှတ်(ကွဲပြား)ပြီးသူတို့ကိုလည်း(စေ့စပ်ရန်)မှီဝဲလေ့မရှိ၊နားရင်း၌ ကပ်၍လည်း တိုးတိုး ပြောလေ့မရှိ၊ အလွန်လည်း မတောင်းတတ်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသည့် အိမ်သို့ ကပ်သော ရဟန်းသည် အိမ်သူအိမ်သားတို့ချစ်အပ်သူလည်းဖြစ်၏၊ မြတ်နိုးအပ်သူလည်း ဖြစ်၏။ လေးစားအပ်သူလည်း ဖြစ်၏၊ (နှလုံးကို) ပွါးစေတတ်သူလည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ပစ္ဆာသမဏသုတ်

၁၁၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော နောက်လိုက်ရဟန်းကို မခေါ်ဆောင်အပ်။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အလွန်ဝေးစွာမူလည်း လိုက်တတ်၏ အလွန်နီးစွာမူလည်း လိုက်တတ်၏၊ (ဆရာ၏)ဆွမ်းပြည့် သပိတ်ကို လဲလှယ်၍လည်း မယူတတ်၊ အာပတ်၏ အနီး၌ ဆရာစကားပြောဆိုသော် မတားမြစ်တတ်၊ ဆရာစကားပြောဆိုသော် ကြားဝင် ပြောတတ်၏၊ ပညာမဲ့၏ မိုက်မဲ၏ ဆွံ့အ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော နောက်လိုက်ရဟန်းကို မခေါ်ဆောင်အပ်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော နောက်လိုက်ရဟန်းကို ခေါ်ဆောင်အပ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မဝေးလွန်း မနီးလွန်း လိုက်တတ်၏၊ (ဆရာ၏)ဆွမ်းပြည့်သပိတ်ကို လဲလှယ်၍လည်း ယူတတ်၏၊ အာပတ်၏အနီး၌ ဆရာစကားပြောဆိုသော် တားမြစ်တတ်၏၊ ဆရာစကားပြောဆိုသော် ကြားဝင်၍ မပြောတတ်၊ ပညာရှိ၏ မမိုက်မဲ မဆွံ့အ။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော နောက်လိုက်ရဟန်းကို ခေါ်ဆောင်အပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သမ္မာသမာဓိသုတ်

၁၁၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'သို့ ရောက်၍ နေခြင်းငှါ မထိုက်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်း 'ရူပါရုံ'တို့ကို သည်းမခံနိုင်၊ အသံ 'သဒ္ဒါရုံ'တို့ကို သည်းမခံနိုင်၊ အနံ့ 'ဂန္ဓာရုံ'တို့ကို သည်းမခံနိုင်၊ အရသာ 'ရသာရုံ'တို့ကို သည်းမခံနိုင်၊ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းမခံနိုင်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'သို့ ရောက်၍ နေခြင်းငှါ မထိုက်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'သို့ ရောက်၍ နေခြင်းငှါ ထိုက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်း 'ရူပါရုံ' တို့ကို သည်းခံနိုင်၏၊ အသံ 'သဒ္ဒါရုံ'တို့ကို သည်းခံနိုင်၏၊အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းခံနိုင်၏၊ အရသာ 'ရသာရုံ'တို့ကို သည်းခံနိုင်၏၊အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'သို့ ရောက်၍ နေခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အန္ဓ ကဝိန္ဒသုတ်

၁၁၄။ အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း အန္ဓကဝိန္ဒအရပ်၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည်—

အာနန္ဒာ ပြုသစ်စဖြစ်ကုန်သော ရဟန်းပြု၍ မကြာသေးကုန်သော ဤသာသနာတော်သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့ကို သင်တို့သည် တရားငါးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ငါ့သျှင်တို့ သင်တို့ လာကြကုန်လော့၊ သီလရှိသူတို့ ဖြစ်ကြကုန်လော့၊ ပါတိမောက္ခသံဝရ သီလကို ထိန်းသိမ်းကုန်လျက် အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံကုန်သည် ဖြစ်၍ နေကြကုန်လော့၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌သော်လည်း ဘေးဟုရှုလေ့ ရှိကုန်သည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်ကြကုန်လော့ဟု ပါတိမောက္ခ သံဝရသီလ၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

ငါ့သျှင်တို့ သင်တို့ လာကြကုန်လော့၊ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိကုန်သည် စောင့်ရှောက် အပ်သော သတိရှိကုန်သည် ပညာနှင့် ယှဉ်သော သတိရှိကုန်သည် ကောင်းစွာ စောင့်ရှောက်အပ် သော စိတ်ရှိကုန်သည် သတိဖြင့် စောင့်ရှောက်ထားသော စိတ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကုန်လော့ဟု ဣန္ဒြိယသံဝရသီလ၌ ဆောက်တည်စေအပ်ကုန်၏၊သွင်းထားအပ်ကုန်၏၊ တည်စေ အပ်ကုန်၏။

ငါ့သျှင်တို့ သင်တို့ လာကြကုန်လော့၊ စကားပြော နည်းပါးကုန်လော့၊ စကားပြောရာ၌ အပိုင်း အခြားကို ပြုကြကုန်လော့ဟု စကားပြောမှု အပိုင်းအခြား၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထား အပ်ကုန်၏၊ တည်စေအပ်ကုန်၏။

ငါ့သျှင်တို့ သင်တို့ လာကြကုန်လော့၊ တော၌နေသူတို့ ဖြစ်ကြကုန်လော့၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲကုန်လော့ဟု ကိုယ်၏ ဆိတ်ငြိမ်ခြင်း'ကာယဝိဝေက'၌ ဆောက်တည်စေ အပ်ကုန်၏၊သွင်းထားအပ်ကုန်၏၊တည်စေအပ်ကုန်၏။

ငါ့သျှင်တို့ သင်တို့ လာကြကုန်လော့၊မှန်ကန်သော အယူ'သမ္မာဒိဋ္ဌိ'ရှိကုန်လော့၊ ကောင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံကြကုန်လော့ဟု မှန်ကန်သော အယူ၌ ဆောက်တည် စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊တည်စေအပ်ကုန်၏။

အာနန္ဒာ ပြုသစ်စဖြစ်ကုန်သော ရဟန်းပြု၍ မကြာသေးကုန်သော ဤသာသနာတော်သို့ ယခုမှရောက်လာကုန်သော ရဟန်းတို့ကို ဤတရား ငါးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅–မစ္ဆရိနီသုတ်

၁၁၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထား အပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

နေရာကျောင်းကန်၌ ဝန်တိုခြင်းရှိ၏၊ဒါယကာတို့၌ ဝန်တိုခြင်းရှိ၏၊လာဘ်သပ်ပကာ၌ ဝန်တိုခြင်း ရှိ၏၊ကိုယ်ရေအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုခြင်းရှိ၏၊ ပရိယတ်တရား၌ ဝန်တိုခြင်း ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ် သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

http://www.dhammadownload.com



ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

နေရာ ကျောင်းကန်၌ ဝန်တိုခြင်းမရှိ၊ ဒါယကာတို့၌ ဝန်တိုခြင်း မရှိ၊ လာဘ်သပ်ပကာ၌ ဝန်တိုခြင်းမရှိ၊ ကိုယ်ရေအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုခြင်း မရှိ၊ ပရိယတ်တရား၌ ဝန်တိုခြင်းမရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဝဏ္ဏနာသုတ်

၁၁၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ပြ၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ပြ၏။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ပြ၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ပြ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ဉာတကိနိသုတ်

၁၁၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်)မစိစစ် မသက်ဝင်မူ၍ မချီးမွမ်း ထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

(ဉာဏ်ဖြင့်)မစိစစ် မသက်ဝင်မူ၍ ချီးမွမ်း ထိုက်သူ၏ ကျေးဇူးမဲ့ကို ပြောဆို၏။

ငြူစူခြင်းလည်း ရှိ၏။

ဝန်တိုခြင်းလည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်)စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်)စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ငြူစူခြင်းလည်း မရှိ။

ဝန်တိုခြင်းလည်း မရှိ။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-မိစ္ဆာဒိဋ္ဌိကသုတ်

၁၁၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆို၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

မှားယွင်းသော အယူလည်း ရှိ၏။

http://www.dhammadownload.com



မှားယွင်းသော အကြံအစည်လည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

မှန်ကန်သော အယူလည်း ရှိ၏။

မှန်ကန်သော အကြံအစည်လည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းတို့ကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-မိစ္ဆာဝါဝစာသုတ်

၁၃၉။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ မချီးမွမ်း ထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ချီးမွမ်း ထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

မှားယွင်းသော ပြောဆိုခြင်းလည်း ရှိ၏။

မှားယွင်းသော ပြုခြင်းလည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မချီးမွမ်း ထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

မှန်ကန်သော ပြောဆိုခြင်းလည်း ရှိ၏။

မှန်ကန်သော ပြုခြင်းလည်းရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-မိစ္ဆာဇီဝသုတ်

၁၂၀။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ မချီးမွမ်း ထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်မူ၍ ချီးမွမ်း ထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

မှားယွင်းသော အားထုတ်မှု 'ဝီရိယ'လည်း ရှိ၏။

မှားယွင်းသော အောက်မေ့မှု 'သတိ'လည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မချီးမွမ်း ထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ် ကို ချီးမွမ်းပြောဆို၏။

မှန်ကန်သော အားထုတ်မှု 'ဝီရိယ'လည်း ရှိ၏။

မှန်ကန်သော အောက်မေ့မှု 'သတိ'လည်း ရှိ၏။

သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် အန္ဓကဝိန္ဒဝဂ် ပြီး၏။

## (၁၃) ၃-ဂိလာနဝဂ် ၁-ဂိလာနသုတ်

၁၂၁။ အခါတပါး၌မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူလျက် သူနာရဟန်းတို့နေရာ ကျောင်းသို့ ချဉ်းကပ်တော်မူ၏။

မြတ်စွာဘုရားသည် အားနည်းသော သူနာရဟန်းတပါးကို မြင်တော်မူသောကြောင့် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကိုခေါ်၍—

ရဟန်းတို့ တရားငါးမျိုးတို့သည် အားနည်းသော မည်သည့်သူနာ ရဟန်းကိုမဆို မစွန့်ကြကုန်မူ ထိုရဟန်းသည်“မကြာမီပင်လျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလိမ့်မည်” ဟူသော ဤအကျိုးကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ မတင့်တယ်ဟု အဖန်တလဲလဲ ရှုလျက် နေ၏၊ (သုံးဆောင်အပ်သော) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိ၍ အလုံးစုံသော သင်္ခါရတရားတို့၌ အမြဲမရှိဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ထိုရဟန်းအား သေခြင်းကို အာရုံပြု၍ဖြစ်သော အမှတ် ‘သညာ’သည် မိမိသန္တာန်၌ ကောင်းစွာတည်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် အားနည်းသော မည်သည့်သူနာ ရဟန်းကိုမဆို မစွန့်ကြကုန်မူ ထိုရဟန်းသည် “မကြာမီပင်လျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလိမ့်မည်” ဟူသောအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-သတိသူပဋ္ဌိတသုတ်

၁၂၂။ ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို တရားငါးမျိုးတို့ကို ပွါးများခဲ့မူ တရားငါးမျိုးတို့ကို ကြိမ်ဖန်များစွာ လေ့လာခဲ့မူ ထိုသူသည် “မျက်မှောက်ဘဝ၌ပင်

http://www.dhammadownload.com



အရဟတ္တဖိုလ်ကို သော်၎င်း ကိလေသာ ကြွင်းကျန်ခဲ့သေးလျှင် အနာဂါမ် အဖြစ်ကိုသော်၎င်း" အကျိုးနှစ်မျိုးတို့တွင် တမျိုးမျိုးသော အကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြှော်လင့်အပ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မိမိသန္တာန်၌သာလျှင် အောက်မေ့ခြင်း 'သတိ' သည် ကောင်းစွာတည်၏။

တရားတို့၏ ဖြစ်မှု ပျက်မှုကို သိသော ပညာဖြင့် ခန္ဓာကိုယ်၌ မတင့်တယ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

(သုံးဆောင်အပ်သော) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။

အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။

အလုံးစုံသော သင်္ခါရတရားတို့၌ အမြဲမရှိဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ဤတရားငါးမျိုးတို့ကို ပွါးများခဲ့မူ ဤ တရားငါးမျိုးတို့ကို ကြိမ်ဖန်များစွာ လေ့လာခဲ့မူ ထိုသူသည် "မျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ်ကိုသော်၎င်း ကိလေသာ ကြွင်းကျန်ခဲ့သေးလျှင် အနာဂါမ် အဖြစ်ကို သော်၎င်း" အကျိုးနှစ်မျိုးတို့တွင် တမျိုးမျိုးကို (မချွတ်ရလိမ့်မည်ဟု) မြှော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဉ္စမ ဥပဋ္ဌာကသုတ်

၁၂၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာသည် ပြုစုရ ခက်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(အနာရောဂါအား) မလျော်ကပတ်သည်ကို ပြုလုပ်လေ့ရှိ၏။

(အနာရောဂါအား) လျော်ကပတ်သည်၌ အတိုင်းအရှည်ကို မသိတတ်။

ဆေးကို မှီဝဲခြင်းမရှိ။

အကျိုးကိုလိုလားသော သူနာပြုအား ဟုတ်တိုင်းမှန်စွာ တိုးသည်ကို"တိုး၏"ဟူ၍၎င်း ဆုတ်သည်ကို "ဆုတ်၏" ဟူ၍၎င်း တန့်သည်ကို "တန့်၏" ဟူ၍၎င်း အနာရောဂါကို ထင်စွာ မပြုတတ်။

ဖြစ်ပေါ်လာသည့် ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်၍ အသက်သေလောက်သည့်ကိုယ်၌ ဖြစ်သော ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်သော သဘောရှိ၏။

ရဟန်းတို့ ဤ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာသည် ပြုစုရခက်သူဖြစ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာသည် ပြုစုရလွယ်သူ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(အနာရောဂါအား) လျော်ကပတ်သည်ကို ပြုတတ်၏၊ (အနာရောဂါအား) လျော်ကပတ်သည်၌ အတိုင်းအရှည်ကို သိ၏၊ ဆေးကို မှီဝဲခြင်းရှိ၏၊ အကျိုးစီးပွါးကို လိုလားသော သူနာပြုအား

http://www.dhammadownload.com



ဟုတ်တိုင်းမှန်စွာ တိုးသည်ကို “တိုး၏” ဟူ၍လည်းကောင်း ဆုတ်သည်ကို “ဆုတ်၏” ဟူ၍လည်းကောင်း တန့်သည်ကို “တန့်၏” ဟူ၍လည်းကောင်း အနာရောဂါကို ထင်စွာပြောတတ်၏။

ဖြစ်ပေါ်လာသည့် ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်၍ အသက်သေလောက်သည့် ကိုယ်၌ ဖြစ်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။

ရဟန်းတို့ ဤ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာသည် ပြုစုရလွယ်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄–ဒုတိယ ဥပဋ္ဌာကသုတ်

၁၂၄။ ရဟန်းတို့ တရားငါးမျိုးတို့နှင့်ပြည့်စုံသော သူနာပြုသည် သူနာကိုပြုစုရန် မထိုက်တန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆေးကို စီရင်ရန် မစွမ်းနိုင်။

(အနာရောဂါအား) လျောက်ပတ်သည် မလျောက်ပတ်သည်ကို မသိတတ်၊ မလျောက်ပတ်သည်ကို ဆက်ကပ်၏၊ လျောက်ပတ်သည်ကို ဖယ်ထား၏။

(သက်နှံ့ စသည့်) အာမိသဟူသော အကြောင်းကြောင့် သူနာကို ပြုစု၏၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ မပြုစု။

ကျင်ကြီးကိုလည်းကောင်း ကျင်ငယ်ကိုလည်းကောင်း အန်ဖတ်ကိုလည်းကောင်း တံတွေးကိုလည်းကောင်း ထုတ်ဆောင်ရန် စက်ဆုပ်ရွံရှာ၏။

အခါကာလ အားလျော်စွာ သူနာကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာပြုသည် သူနာကို ပြုစုရန် မထိုက်တန်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာပြုသည် သူနာကို ပြုစုရန် ထိုက်တန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆေးကို စီရင်ရန် စွမ်းနိုင်၏။

(အနာရောဂါအား) လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိတတ်၏၊ မလျောက်ပတ်သည်ကို ဖယ်ထား၏၊ လျောက်ပတ်သည်ကို ဆက်ကပ်၏။

(သက်နှံ့ စသည့်) အာမိသ ဟူသော အကြောင်းကြောင့် သူနာကို ပြုစုသည်မဟုတ်၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြုစု၏။

ကျင်ကြီးကိုလည်းကောင်း ကျင်ငယ်ကိုလည်းကောင်း အန်ဖတ်ကိုလည်းကောင်း တံတွေးကိုလည်းကောင်း ထုတ်ဆောင်ရန် စက်ဆုပ်ရွံရှာလေ့ မရှိ။

http://www.dhammadownload.com



အခါကာလ အားလျော်စွာ သူနာကို တရားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော သူနာပြုသည် သူနာကို ပြုစုရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ အနာယုဿသုတ်

၁၂၅။ ရဟန်းတို့ အသက်တိုကြောင်း တရားတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မလျော်ကန်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။

လျော်ကန်ပတ်သည်၌ အတိုင်းအရှည်ကို မသိတတ်။

မကြေကျက်လွယ်သော အစာကို စားလေ့ရှိ၏။

အချိန်မဟုတ်သည်၌ သွားလာတတ်၏။

မမြတ်သော (မေထုန်) အကျင့်ကို ကျင့်လေ့ရှိ၏။

ရဟန်းတို့ ဤသည်တို့ကား အသက်တိုကြောင်း တရားငါးမျိုးတို့တည်း။

ရဟန်းတို့ အသက်ရှည်ကြောင်း တရားတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လျော်ကန်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။

လျော်ကန်ပတ်သည်၌ အတိုင်းအရှည်ကို သိတတ်၏။

ကြေကျက်လွယ်သော အစာကို စားလေ့ရှိ၏။

အချိန်အခါ၌ သွားလာတတ်၏။

မြတ်သော အကျင့်ကို ကျင့်၏။

ရဟန်းတို့ ဤ သည်တို့ကား အသက်ရှည်ကြောင်း တရားငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယ အနာယုဿသုတ်

၁၂၆။ ရဟန်းတို့ အသက်တိုကြောင်း တရားတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မလျော်ကန်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။

လျော်ကန်ပတ်သည်၌ အတိုင်းအရှည်ကို မသိတတ်။

http://www.dhammadownload.com



မကြေကျက်လွယ်သော အစာကို စားလေ့ရှိ၏။

သီလမရှိ။

ယုတ်မာသော အဆွေခင်ပွန်း ရှိ၏။

ရဟန်းတို့ ဤသည်တို့ကား အသက်တိုကြောင်း တရားငါးမျိုးတို့တည်း။

ရဟန်းတို့ အသက်ရှည်ကြောင်း တရားတို့သည် ဤ ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။

လျောက်ပတ်သည်၌ အတိုင်းအရှည်ကို သိတတ်၏။

ကြေကျက်လွယ်သော အစာကို စားလေ့ရှိ၏။

သီလရှိ၏။

အဆွေခင်ပွန်းကောင်း ရှိ၏။

ရဟန်းတို့ ဤသည်တို့ကား အသက်ရှည်ကြောင်း တရားငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဝပကာသသုတ်

၁၂၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သံဃာမှ တယောက်တည်း ထွက်၍ နေရန် မထိုက်တန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည်—

ရတတ်သမျှသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်။

ရတတ်သမျှသော ဆွမ်းဖြင့် မရောင့်ရဲနိုင်။

ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် မရောင့်ရဲနိုင်။

ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် မရောင့်ရဲနိုင်။

ကာမဂုဏ်တို့၌ အကြံအစည်များလျက် နေ၏။

ရဟန်းတို့ ဤ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သံဃာမှ တယောက်တည်း ထွက်၍ နေရန် မထိုက်တန်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သံဃာမှ တယောက်တည်း ထွက်၍ နေရန် ထိုက်တန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည်—

http://www.dhammadownload.com



ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲ၏။
ကာမဂုဏ်တို့၌ အကြံအစည်များလျက် မနေ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သံဃာမှ တယောက်တည်း ထွက်၍ နေရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-သမဏသုခသုတ်

၁၂၈။ ရဟန်းတို့ ရဟန်း၏ ဆင်းရဲခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
ရတတ်သမျှသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်။
ရတတ်သမျှသော ဆွမ်းဖြင့် မရောင့်ရဲနိုင်။
ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် မရောင့်ရဲနိုင်။
ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် မရောင့်ရဲနိုင်။
မမွေ့လျော်ပဲလျက် မြတ်သော အကျင့်ကို ကျင့်၏။
ရဟန်းတို့ ဤငါးမျိုးတို့သည် ရဟန်း၏ ဆင်းရဲခြင်းတို့တည်း။

ရဟန်းတို့ ရဟန်း၏ ချမ်းသာခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် ရောင့်ရဲ၏။
ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲ၏။
မွေ့လျော်သည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်၏။
ရဟန်းတို့ ဤငါးမျိုးတို့သည် ရဟန်း၏ ချမ်းသာခြင်းတို့တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပရိကုပ္ပသုတ်

၁၂၉။ ရဟန်းတို့ အပါယ်ဘုံသို့ ရောက်စေတတ်ကုန်သော ငရဲသို့ ရောက်စေတတ်ကုန်သော ပျက်စီးခြင်း သဘောရှိကုန်သော ကုစားခြင်းငှါ မတတ်ကောင်းကုန်သော တရားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမိကို သတ်၏။

အဖကို သတ်၏။

ရဟန္တာကို သတ်၏။

မြတ်စွာဘုရားအား ပြစ်မှားသောစိတ်ဖြင့် သွေးကို ဖြစ်စေ၏။

သံဃာကို သင်းခွဲ၏။

ရဟန်းတို့ အပါယ်ဘုံသို့ ရောက်စေတတ်ကုန်သော ငရဲသို့ ရောက်စေတတ်ကုန်သော ပျက်စီးခြင်း သဘောရှိကုန်သော ကုစားခြင်းငှါ မတတ်ကောင်းကုန်သော တရားတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဗျသနသုတ်

၁၃၀။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆွေအမျိုးတို့၏ ပျက်စီးခြင်း။

စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း။

အနာရောဂါနှိပ်စက်မှု ဟူသော ပျက်စီးခြင်း။

အကျင့်သီလ၏ ပျက်စီးခြင်း။

အယူ၏ ပျက်စီးခြင်းတို့တည်း။

ရဟန်းတို့ သတ္တဝါတို့သည် အဆွေအမျိုးတို့၏ ပျက်စီးခြင်းကြောင့်ဖြစ်စေ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းကြောင့်ဖြစ်စေ အနာရောဂါ နှိပ်စက်မှုဟူသော ပျက်စီးခြင်းကြောင့်ဖြစ်စေ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ မဖြစ်ရကုန်။

ရဟန်းတို့ သတ္တဝါတို့သည် အကျင့်သီလ ပျက်စီးခြင်းကြောင့်ဖြစ်စေ အယူ၏ပျက်စီးခြင်းကြောင့်ဖြစ်စေ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ပျက်စီးခြင်း တရားတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အဆွေအမျိုးတို့၏ ပြည့်စုံခြင်း။

စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း။

အနာကင်းမှု၏ ပြည့်စုံခြင်း။

အကျင့်သီလ၏ ပြည့်စုံခြင်း။

အယူ၏ ပြည့်စုံခြင်းတို့တည်း။

ရဟန်းတို့ သတ္တဝါတို့သည် ဆွေမျိုးတို့၏ ပြည့်စုံခြင်းကြောင့် ဖြစ်စေ စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်းကြောင့် ဖြစ်စေ အနာကင်းမှု၏ ပြည့်စုံခြင်းကြောင့် ဖြစ်စေ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်၌ မဖြစ်ကုန်။

ရဟန်းတို့ သတ္တဝါတို့သည် အကျင့်သီလ၏ ပြည့်စုံခြင်းကြောင့် ဖြစ်စေ အယူ၏ပြည့်စုံခြင်းကြောင့်ဖြစ်စေ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဂိလာနဝဂ် ပြီး၏။

## (၁၄) ၄-ရာဇဝဂ် ၁-ပဌမ စက္ကာနုဝတ္တနသုတ်

၁၃၁။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကြဝတေးမင်းသည် တရားဖြင့်သာလျှင် စကြာရတနာကို လည်စေ၏၊ ထိုစကြာရတနာကို ရန်သူဖြစ်သည့် လူသတ္တဝါ တစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ စကြဝတေးမင်းသည်—

အကျိုးကိုလည်း သိ၏။

(ရှေး အစဉ်အလာ)တရားကိုလည်း သိ၏။

အတိုင်းအရှည်ကိုလည်း သိ၏။

အခါကာလကိုလည်း သိ၏။

ပရိသတ်ကိုလည်း သိ၏။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကြဝတေးမင်းသည် တရားဖြင့်သာလျှင် စကြာရတနာကို လည်စေ၏၊ ထိုစကြာရတနာကို ရန်သူဖြစ်သော လူသတ္တဝါ တစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် တရားဖြင့်သာလျှင် အတုမရှိသော ဓမ္မစက်ကို လည်စေတော်မူ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူတစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည်—

အကျိုးကိုလည်း သိတော်မူ၏။

တရားကိုလည်း သိတော်မူ၏။

အတိုင်းအရှည်ကိုလည်း သိတော်မူ၏။

ကာလကိုလည်း သိတော်မူ၏။

ပရိသတ်ကိုလည်း သိတော်မူ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် တရားဖြင့်သာလျှင် အတုမရှိသော ဓမ္မစက်ကို လည်စေတော်မူ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူတစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ စက္ကာနုဝတ္တနသုတ်

၁၃၂။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကြဝတေးမင်း၏ သားကြီးသည် ခမည်းတော် လည်စေအပ်သော စကြာရတနာကို တရားဖြင့်သာလျှင် အတုလိုက်၍ လည်စေ၏၊ ထိုစကြာရတနာကို ရန်သူဖြစ်သည့် လူသတ္တဝါ တစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ စကြဝတေးမင်း၏ သားကြီးသည်—

အကျိုးကိုလည်း သိ၏။

(အစဉ်အလာ) တရားကိုလည်း သိ၏။

အတိုင်းအရှည်ကိုလည်း သိ၏။

အခါကာလကိုလည်း သိ၏။

ပရိသတ်ကိုလည်း သိ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကြဝတေးမင်း၏ သားကြီးသည် ခမည်းတော် လည်စေအပ်သော စကြာရတနာကို တရားဖြင့်သာလျှင် အတုလိုက်၍ လည်စေ၏၊ ထိုစကြာရတနာကို ရန်သူဖြစ်သည့် လူသတ္တဝါ တစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် ငါလည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာ အတုလိုက်၍ လည်စေ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ် ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူတစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတြာသည်—

**အကျိုး**ကိုလည်း သိ၏။

တရားကိုလည်း သိ၏။

အတိုင်းအရှည်ကိုလည်း သိ၏။

ကာလကိုလည်း သိ၏။

ပရိသတ်ကိုလည်း သိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် ငါလည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာ အတုလိုက်၍ လည်စေ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူ တစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင် ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဓမ္မရာဇာသုတ်

၁၃၃။ ရဟန်းတို့ တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်းသော်မှလည်း (အမှီ) မင်းကို မရခဲ့လျှင် စကြာရတနာကို မလည်စေနိုင်။

ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်း၏ အမှီ မင်းဟူသည် အဘယ်ပါနည်း" ဟု လျှောက်၏။

ရဟန်း (ကုသိုလ် ကမ္မပထ) တရားတည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ရဟန်း ဤလောက၌ တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်းသည် တရားကိုသာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို

http://www.dhammadownload.com



အကြီးအမှူးပြုလျက် နန်းတွင်းသူ နန်းတွင်းသား(မိဖုရား သားတော် သမီးတော်) အပေါင်း၌ တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်း နောက်တမျိုးကား တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်းသည် တရားကို သာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက်(အဘိသိက် သွန်းပြီးသော) မင်း (အဘိသိက် မသွန်းရသေးသော)အရံမင်း တို့၌။ပ။ စစ်သည်ဗိုလ်ပါအပေါင်း၌။ ပုဏ္ဏားနှင့် အမျိုးသားတို့၌။ နိဂုံး ဇနပုဒ်သားတို့၌။ သမဏ ဗြာဟ္မဏ တို့၌။ သားငှက်တို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်း တရားရှိ၍ တရားမင်းဖြစ်သော ထိုစကြဝတေးမင်းသည် တရားကိုသာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကိုတုပ်ဝပ်လျက် တရားကိုအောင်လံ သဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် နန်းတွင်းသူ နန်းတွင်းသား (မိဖုရား သားတော် သမီးတော်) အပေါင်း၌ တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏၊(အဘိသိက် သွန်းပြီးသော)မင်း(အဘိသိက် မသွန်း ရသေးသော) အရံမင်း စစ်သည် ဗိုလ်ပ၊အပေါင်း ပုဏ္ဏားနှင့် အမျိုးသား နိဂုံးဇနပုဒ်သား သမဏ ဗြာဟ္မဏ သားငှက်တို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၍ တရားဖြင့်သာလျှင် စကြာရတနာကို လည်စေ၏၊ ထိုစကြာရတနာကို ရန်သူဖြစ်သည့် သတ္တဝါ တစုံ တယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်။

ရဟန်း ဤအတူသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော တရားစောင့်သည့် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားကိုသာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီ လျက် တရားကို အကြီးအမှူးပြုလျက်—

"ဤသို့ သဘောရှိသော ကာယကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ကာယကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော ဝစီကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ဝစီကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော မနောကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော မနောကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော အသက်မွေးမှုကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော အသက်မွေးမှုကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော ရွာ နိဂုံးကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ရွာ နိဂုံးကို မမှီဝဲအပ်" ဟူ၍ ရဟန်းတို့၌ တရားအား လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

http://www.dhammadownload.com



ရဟန်း နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော တရားစောင့်သည့် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားကိုသာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက်—

"ဤသို့ သဘောရှိသော ကာယကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ကာယကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော ဝစီကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ဝစီကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော မနောကံကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော မနောကံကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော အသက်မွေးမှုကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော အသက်မွေးမှုကို မမှီဝဲအပ်။

ဤသို့ သဘောရှိသော ရွာ နိဂုံးကို မှီဝဲအပ်၏။

ဤသို့ သဘောရှိသော ရွာနိဂုံးကို မမှီဝဲအပ်" ဟူ၍ ရဟန်းမိန်းမ ။ပ။ ဥပါသကာ ။ပ။ ဥပါသိကာမတို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော တရားစောင့်သည့် တရားမင်းဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် တရားကို သာလျှင် မှီ၍ တရားကို အရိုအသေပြုလျက် တရားကို လေးစားလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် ရဟန်းတို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင်၊ ရဟန်းမိန်းမတို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင်၊ ဥပါသကာတို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင်၊ ဥပါသိကာမတို့၌ တရားအားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် တရားဖြင့်သာ အတုမရှိသော ဓမ္မစက်ကို လည်စေတော်မူ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူတစုံ တယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်ဟု (မိန့်တော်မူ၏)။

**တတိယသုတ်။**

---

## ၄-ယဿံဒိသံသုတ်

၁၃၄။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်း အပ်ပြီးသော မင်းသည် မည်သည့် အရပ်မျက်နှာ၌ပင် နေစေကာမူ မိမိနိုင်ငံ(အတွင်း)၌သာလျှင် နေရ၏။

http://www.dhammadownload.com



အဘယ်အင်္ဂါငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းအပ်ပြီးသော မင်းသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ။

ကြွယ်ဝ၏၊ များသော ပစ္စည်းဥစ္စာရှိ၏၊ များသော အသုံးအဆောင်ရှိ၏၊ ပြည့်သော ဘဏ္ဍာတိုက် ကျီကြရှိကြ၏။

မိမိစကားကို နားထောင်၍ အမိန့်အတိုင်း လိုက်နာသော အင်္ဂါလေးပါးရှိသော စစ်သည်နှင့် ပြည့်စုံသည်ဖြစ်၍ အင်အားကြီးမား၏။

ထိုမင်း၏ သားကြီးသည်ကား ပညာရှိ၏၊ ရဲရင့်၏၊ ဆင်ခြင် တိုင်းထွာတတ်သော ပညာနှင့် ပြည့်စုံ၏၊အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အကျိုးစီးပွါးတို့ကို ကြံစည်ခြင်းငှါ စွမ်းနိုင်၏။

ဤတရားလေးမျိုးတို့သည် ထိုမင်း၏ ဘုန်းတန်ခိုး အကျော်အစောကို ရင့်ကျက်(ကြီးပွါး) စေကုန်၏။

ဘုန်းတန်ခိုး အကျော်အစောလျှင် ငါးခုမြောက်ဖြစ်သော ဤတရားနှင့် ပြည့်စုံသော ထိုမင်းသည် မည်သည့် အရပ်မျက်နှာ၌ပင် နေစေကာမူ မိမိနိုင်ငံ(အတွင်း)၌သာလျှင် နေရ၏။

ထိုသို့ နေရခြင်းသည် အဘယ် အကြောင်းကြောင့်နည်း—

ရဟန်းတို့ အောင်ပွဲရမင်းတို့အား ဤ(မိမိနိုင်ငံ အတွင်း၌)နေရခြင်းသဘောသည် ဤသို့သာ ဖြစ်သင့်သောကြောင့်တည်း။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မည်သည့် အရပ်မျက်နှာ၌ပင် နေစေကာမူ လွတ်မြောက်သော စိတ်ရှိသည်ဖြစ်၍သာလျှင် နေရ၏။

အဘယ်တရားငါးမျိုးတို့နည်းဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့်ပြည့်စုံသည်ဖြစ်၍ နေ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်၏၊ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော မင်းသည် အမျိုးဇာတ်နှင့် ပြည့်စုံသကဲ့သို့တည်း။

အကြားအမြင်များ၏၊အကြားအမြင်ကို ဆောင်၏၊အကြားအမြင်ကို ဆည်းပူး၏၊အနက်သဒ္ဒါနှင့်ပြည့်စုံ၍ အလုံးစုံ ပြည့်စုံစင်ကြယ်သော မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကုန်သော တရားတို့ကို ထိုရဟန်းသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် ဆင်ခြင်ထား၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော မင်းသည် ကြွယ်ဝ၍ များသော ပစ္စည်းဥစ္စာ များသော အသုံးအဆောင် ပြည့်သော ဘဏ္ဍာတိုက် ကျီကြရှိသကဲ့သို့တည်း။

http://www.dhammadownload.com



အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လ ရှိလျက် နေ၏၊ အားအစွမ်း ရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ၊ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော မင်းသည် အင်အား ကြီးမားသကဲ့သို့တည်း။

ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့်ပြည့်စုံ၏၊ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းအပ်ပြီးသော မင်းသည် သားကြီးရတနာနှင့် ပြည့်စုံသကဲ့သို့တည်း။

ထိုရဟန်းအား ဤတရားလေးပါးတို့သည် လွတ်မြောက်မှု(အရဟတ္တဖိုလ်)ကို ရင့်စေကုန်၏၊ ထိုရဟန်းသည် ဤ(အရဟတ္တဖိုလ်)ဝိမုတ္တိလျှင် ငါးခုမြောက်ဖြစ်သော တရားနှင့် ပြည့်စုံသည် ဖြစ်၍ မည်သည့် အရပ်မျက်နှာ၌ပင် နေစေကာမူ လွတ်မြောက်သော စိတ်ရှိသည်ဖြစ်၍သာလျှင် နေရ၏။

ထိုသို့ နေရခြင်းသည် အဘယ့်ကြောင့်နည်း—

ရဟန်းဘို့ လွတ်မြောက်သော စိတ်ရှိသော ရဟန္တာတို့အား ဤ(နေရခြင်း)သဘောသည် ဤသို့သာ ဖြစ်သင့်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ ပတ္ထနာသုတ်

၁၃၅။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းလောင်းပြီးသောမင်း၏ သားကြီးသည် မင်းအဖြစ်ကို တောင့်တ၏။

အဘယ်အင်္ဂါငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းလောင်းပြီးသော မင်း၏ သားကြီးသည်—

အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ဘိုး ဘေး ခုနစ်ဆက်တိုင် အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ။

အလှန်အဆင်းလှ၏၊ကြည့်ရှုဖွယ် ကောင်း၏၊စိတ်ကို ကြည်လင်စေနိုင်၏၊လွန်ကဲသော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏။

မိဖတို့ ချစ်အပ် မြတ်နိုးအပ်၏။

နိဂုံး ဇနပုဒ်နေသူတို့ ချစ်အပ် မြတ်နိုးအပ်၏။

မင်းမျိုးဖြစ်ကုန်သော ဦးထိပ်၌ အဘိသိက် သွန်းလောင်းပြီးကုန်သော မင်းတို့အား တတ်သင့် တတ်ထိုက်ကုန်သော ဆင်စီးအတတ် မြင်းစီးအတတ် ရထားစီးအတတ် လေးအတတ် ဓားခုတ် လှံထိုးအတတ်မျိုးတို့၌ အပြည့်အစုံ သင်ယူပြီးဖြစ်၏။

http://www.dhammadownload.com



ထိုမင်းသားအား ဤသို့ အကြံဖြစ်၏—

“ငါသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏။

ဇာတ်နှင့်စပ်သော စကားဖြင့် အပယ် မခံရ၊ အကဲ့ရဲ့ မခံရ၊ အဘယ့်ကြောင့် မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် အလွန်အဆင်းလှ၏၊ကြည့်ရှုဖွယ် ကောင်း၏၊စိတ်ကို ကြည်လင်စေနိုင်၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊အဘယ့်ကြောင့် မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် မိဖတို့ ချစ်အပ် မြတ်နိုးအပ်သူ ဖြစ်၏၊အဘယ့်ကြောင့် မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် နိဂုံး ဇနပုဒ်နေသူတို့ ချစ်အပ် မြတ်နိုးအပ်သူ ဖြစ်၏၊အဘယ့်ကြောင့် မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် မင်းမျိုးဖြစ်ကုန်သော ဦးထိပ်၌ အဘိသိက်သွန်းလောင်းပြီးကုန်သော မင်းတို့အား တတ်သင့် တတ်ထိုက်ကုန်သော ဆင်စီးအတတ် မြင်းစီးအတတ် ရထားစီးအတတ် လေးအတတ် ဓားခုတ် လှံထိုးအတတ်မျိုးတို့၌ အပြည့်အစုံ သင်ယူပြီးသူ ဖြစ်၏၊ အဘယ့်ကြောင့် မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း”ဟု(အကြံဖြစ်၏)။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းလောင်းပြီးသောမင်း၏ သားကြီးသည် မင်းအဖြစ်ကို တောင့်တ၏။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကို တောင့်တ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ယုံကြည်မှု‘သဒ္ဓါ’ရှိ၏။

“ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်‘ဝိဇ္ဇာ’အကျင့်‘စရဏ’နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊

http://www.dhammadownload.com



ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်းသော အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ ခံ့သော အစာကို အညီအမျှ ကြေကျက်စေတတ်သည့် ဝမ်းမီးနှင့် ပြည့်စုံ၏။

စဉ်းလဲမှု မရှိ၊ လှည့်ပတ်မှု မရှိ၊ဆရာ၌၎င်း ပညာရှိ သီတင်းသုံးဖော်တို့၌၎င်း ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုတတ်၏။

အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လ ရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ထားခြင်း မရှိ။

ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကိုသိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ထိုရဟန်းအား ဤသို့ အကြံဖြစ်၏—

''ငါသည် ယုံကြည်ခြင်း'သဒ္ဓါ'တရားရှိ၏။

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့် ဘဂဝါ မည်တော်မူ၏'ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်း အလယ်အလတ် ဖြစ်၍ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ ခံ့သော အစာကို အညီအမျှ ကြေကျက်စေတတ်သည့် ဝမ်းမီးနှင့် ပြည့်စုံ၏၊ အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် စဉ်းလဲမှု မရှိ၊လှည့်ပတ်မှု မရှိ၊ ဆရာ၌၎င်း ပညာရှိသီတင်းသုံးဖော်တို့၌၎င်း ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုတတ်၏၊ အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်ပဲ နေရအံ့နည်း။

ငါသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ၊ အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏၊ အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း''ဟု (အကြံဖြစ်၏)။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကို တောင့်တ၏ ဟု (မိန့်တော်မူ၏)။

ပဋ္ဌမသုတ်။

## ၆-ဒုတိယ ပတ္ထနာသုတ်

၁၃၆။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းလောင်းပြီးသော မင်း၏ သားကြီးသည် အိမ်ရှေ့မင်း အဖြစ်ကို တောင့်တ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းလောင်းပြီးသော မင်း၏ သားကြီးသည်—

အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက် တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏။

ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ။

အလှအဆင်းလှ၏၊ ကြည့်ရှုဖွယ် ကောင်း၏၊စိတ်ကို ကြည်လင်စေနိုင်၏၊လွန်ကဲသော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏။

မိဖတို့သည် ချစ်အပ် မြတ်နိုး အပ်၏။

ဗိုလ်ပါအပေါင်းသည် ချစ်အပ် မြတ်နိုး အပ်၏။

ပညာရှိ၏၊ ရဲရင့် လိမ္မာ၏၊ဆင်ခြင် တိုင်းထွာတတ်သော ပညာနှင့် ပြည့်စုံ၏၊ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အကျိုးတို့ကို ကြံစည်ခြင်းငှါ စွမ်းနိုင်၏။

ထိုမင်းသားအား ဤသို့ အကြံဖြစ်၏—

"ငါသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ဘိုး ဘေး ခုနစ် ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊အဘယ်အကြောင်းကြောင့် အိမ်ရှေ့မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် အလှအဆင်းလှ၏၊ ကြည့်ရှုဖွယ် ကောင်း၏၊ စိတ်ကို ကြည်လင်စေနိုင်၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊အဘယ့်ကြောင့် အိမ်ရှေ့မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် မိဖတို့ ချစ်အပ် မြတ်နိုးအပ်သူ ဖြစ်၏၊ အဘယ့်ကြောင့် အိမ်ရှေ့မင်း အဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် ဗိုလ်ပါအပေါင်း၏ ချစ်အပ် မြတ်နိုး အပ်သူ ဖြစ်၏၊ အဘယ့်ကြောင့် အိမ်ရှေ့မင်း အဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း။

http://www.dhammadownload.com



ငါသည် ပညာရှိ၏၊ရဲရင့်လိမ္မာ၏၊ ဆင်ခြင် တိုင်းထွာတတ်သော ပညာနှင့် ပြည့်စုံ၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အကျိုးတို့ကို ကြံစည်ခြင်းငှါ စွမ်းနိုင်၏၊အဘယ့်ကြောင့် အိမ်ရှေ့မင်းအဖြစ်ကို ငါ မတောင့်တပဲ နေရအံ့နည်း' ဟု(အကြံဖြစ်၏)။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်း လောင်းပြီးသော မင်း၏ သားကြီးသည် အိမ်ရှေ့မင်း၏ အဖြစ်ကို တောင့်တ၏။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာသဝေါတရား တို့၏ ကုန်ခြင်းကို တောင့်တ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

သီလရှိ၏ ။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏ ။ပ။ ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။

သတိပဋ္ဌာန် တရားလေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိ၏။

အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည် ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချ ထားခြင်းမရှိ။

ပညာရှိ၏၊ ဖြစ်မှုပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲ ကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ထိုရဟန်းအား ဤသို့ အကြံဖြစ်၏—

"ငါသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက် အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည် ဖြစ်၍ နေ၏၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်၏၊ အဘယ့် ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် အကြား အမြင် များ၏၊ အကြား အမြင်ကို ဆောင်၏၊ အကြား အမြင်ကို ဆည်းပူး၏၊ အနက်သဒ္ဒါနှင့် ပြည့်စုံ၍ အလုံးစုံ ပြည့်စုံ စင်ကြယ်သော မြတ်သောအကျင့်ကို ဖော်ပြတတ် ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိကုန်သော တရားတို့ကို များစွာ ကြားနာ ဘူး၏၊ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျင့်ထား၏၊ စိတ်နှလုံးဖြင့် ဆင်ခြင် ထား၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊အဘယ့်ကြောင့် အာသဝေါတရားတို့ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် သတိပဋ္ဌာန်တရားလေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိ၏၊ အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

ငါသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ခိုင်မြဲသော လုံ့လရှိ၏၊ကုသိုလ်တရားတို့၌ တာဝန်ကိုပစ် ချထားခြင်းမရှိ၊အဘယ့်ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း။

http://www.dhammadownload.com



ငါသည် ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲ ကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏၊ အဘယ် ကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ မတောင့်တပဲ နေရအံ့နည်း" ဟု အကြံဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်း ကို တောင့်တ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အပ္ပံသုပတိသုတ်

၁၃၇။ ရဟန်းတို့ ဤသူငါးမျိုးတို့သည် ညဥ့်၌ အနည်းငယ်အိပ်ကုန်၏၊ များစွာ နိုးကြား ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ မိန်းမသည် ယောကျ်ားဌ် အလိုရှိသည်ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ယောကျ်ားသည် မိန်းမ၌ အလိုရှိသည်ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ခိုးသူသည် ခိုးယူခြင်း၌ အလိုရှိသည်ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ မင်းသည် မင်းရေးကိစ္စတို့၌ အားထုတ်သည်ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ရဟန်းသည် (ကိလေသာတို့နှင့်) မစပ်ယှဉ်ရာ(နိဗ္ဗာန်)၌ အလိုရှိသည် ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ဤသူငါးမျိုးတို့သည် ညဥ့်၌ အနည်းငယ်သာ အိပ်ကုန်၏၊ များစွာ နိုးကြား ကုန်၏ ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဘတ္တာဒကသုတ်

၁၃၈။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ ဆင်သည် အစာ စားတတ်ရုံမျှ နေရာ ဖြုန်းတီးရုံမျှ ကျင်ကြီး ကျင်ငယ် ကျစေရုံမျှ စာရင်းဝင်ရုံမျှ မင်း၏ ဆင်ဟူ၍ ခေါ်ဝေါ်ရရုံမျှ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည်—

http://www.dhammadownload.com



အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်။
အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။
အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။
အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်။
အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် အစာစားတတ်ရုံမျှ နေရာဖြုန်းတီးရုံမျှ ကျင်ကြီး ကျင်ငယ် ကျစေရုံမျှ စာရင်းဝင်ရုံမျှ မင်း၏ ဆင်ဟူ၍ ခေါ်ဝေါ်ရရုံမျှ ဖြစ်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆွမ်းစား တတ်ရုံမျှ နေရာဖြုန်းတီးရုံမျှ ညောင်စောင်း အင်းပျဉ်ကို ဖျက်ဆီးရုံမျှ စာရင်းဝင်ရုံမျှ ရဟန်းဟူ၍ ခေါ်ဝေါ်ရရုံမျှ ဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်။
အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။
အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။
အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်။
အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆွမ်းစားတတ်ရုံမျှ နေရာဖြုန်းတီးရုံမျှ ညောင်စောင်းအင်းပျဉ်ကို ဖျက်ဆီးရုံမျှ စာရင်းဝင်ရုံမျှ ရဟန်းဟူ၍ ခေါ်ဝေါ်ရရုံမျှ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အက္ခမသုတ်

၁၃၆။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား မထိုက်၊ မင်းမသုံးဆောင်အပ်၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည်—
အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်။
အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။
အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။

http://www.dhammadownload.com



အရသာ 'ရှသာရ' တို့ကို သည်းမခံနိုင်။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။ (ဤ ငါးမျိုးတို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် ဆင်အပေါင်းကို မြင်၍ဖြစ်စေ မြင်းအပေါင်းကို မြင်၍ဖြစ်စေ ရထားအပေါင်းကို မြင်၍ဖြစ်စေ ခြေလျင်သူရဲ အပေါင်းကို မြင်၍ဖြစ်စေ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ ဆင်းသက်ရန် မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် ဆင်သံကို ကြား၍ ဖြစ်စေ မြင်းသံကို ကြား၍ဖြစ်စေ ရထားသံကို ကြား၍ဖြစ်စေ ခြေလျင်သူရဲသံကို ကြား၍ဖြစ်စေ စည်ကြီးသံ ထက်စည်သံ ခရုသင်းသံ စည်ပုတ်သံ ပဲ့တင်သံကို ကြား၍ဖြစ်စေ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ ဆင်းသက်ရန် မတတ်နိုင်။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် အမျိုးကောင်း ကုန်သော စစ်မြေပြင်၌ ကျက်စားဘူးကုန်သော မင်းစီးဆင်တော်တို့၏ ကျင်ကြီး ကျင်ငယ်နံ့ကို နမ်းရှူမိ၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ ဆင်းသက်ရန် မတတ်နိုင်။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် တရက်မျှ အစာ ရေစာ မရသော်ငြား နှစ်ရက် သုံးရက် လေးရက် ငါးရက်မျှ အစာရေစာ မရသော်ငြား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ ဆင်းသက်ရန် မတတ်နိုင်။

ရဟန်းတို့ ဤသို့လျှင် မင်း၏ ဆင်သည် အရသာ 'ရသာရုံ'တို့ကို သည်းမခံနိုင်။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် တချောင်းသောမြား အဟုန်စူးဝင် အပ်သည်ဖြစ်စေ နှစ်ချောင်း သုံးချောင်း လေးချောင်း ငါးချောင်းသော မြား အဟုန်တို့ စူးဝင်အပ်သည်ဖြစ်စေ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင် သို့ ဆင်းသက်ရန် မတတ်နိုင်။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အတွေ့'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။ (၅)

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား မထိုက်၊ မင်းမသုံးဆောင်အပ်၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို မခံထိုက်၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသောဝတ္ထုကို မခံထိုက်၊ တမလွန်အတွက် ရည်မြှော်သော အလှူကို မခံထိုက်၊ လက်အုပ်ချီခြင်းငှါမထိုက်၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ မဖြစ်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်။

အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။

အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်။

အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်း 'ရူပါရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်၍ တပ်မက်ဖွယ်ဖြစ်သော ရူပါရုံ၌ အလွန်တပ်မက်၏၊ စိတ်ကို ဆောက်တည်ခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်း 'ရူပါရုံ'တို့ကို သည်းမခံနိုင်။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အသံ'သဒ္ဒါရုံ'တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြား၍ တပ်မက်ဖွယ်ဖြစ်သော သဒ္ဒါရုံ၌ အလွန်တပ်မက်၏၊ စိတ်ကို ဆောက်တည်ခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အသံ 'သဒ္ဒါရုံ' တို့ကို သည်းမခံနိုင်။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းရှူ၍ တပ်မက်ဖွယ်ဖြစ်သော ဂန္ဓာရုံ၌ အလွန်တပ်မက်၏၊ စိတ်ကို ဆောက်တည်ခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနံ့ 'ဂန္ဓာရုံ'တို့ကို သည်းမခံနိုင်။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်၍ တပ်မက်ဖွယ်ဖြစ်သော ရသာရုံ၌ အလွန်တပ်မက်၏၊ စိတ်ကို ဆောက်တည်ခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အရသာ 'ရသာရုံ' တို့ကို သည်းမခံနိုင်။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ တပ်မက်ဖွယ် ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ အလွန်တပ်မက်၏၊ စိတ်ကို ဆောက်တည်ခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ကို သည်းမခံနိုင်။ (၅)

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို မခံထိုက်၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို မခံထိုက်၊ တမလွန်အတွက် ရည်မြော်သော အလှူကို မခံထိုက်၊ လက်အုပ်ချီခြင်းငှါ မထိုက်၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ မဖြစ်။

ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား ထိုက်၏၊ မင်းသုံးဆောင်အပ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည်—

အဆင်း 'ရူပါရုံ'တို့ကို သည်းခံနိုင်၏။

အသံ 'သဒ္ဒါရုံ'တို့ကို သည်းခံနိုင်၏။

အနံ့ 'ဂန္ဓာရုံ'တို့ကို သည်းခံနိုင်၏။

အရသာ 'ရသာရုံ'တို့ကို သည်းခံနိုင်၏။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အဆင်း'ရူပါရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် ဆင်အပေါင်းကို မြင်၍ဖြစ်စေ မြင်းအပေါင်းကို မြင်၍ဖြစ်စေ ရထားအပေါင်းကို မြင်၍ဖြစ်စေ ခြေလျင်သူရဲအပေါင်းကို မြင်၍ဖြစ်စေ မဆုတ်နစ်၊ ထိုမှ ဤမှ မဆုတ်နစ်၊ ရပ်တည်နိုင်၏၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အဆင်း 'ရူပါရုံ' တို့ကို သည်းခံနိုင်၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အသံ 'သဒ္ဒါရုံ' တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် ဆင်သံကို ကြား၍ဖြစ်စေ မြင်းသံကို ကြား၍ဖြစ်စေ ရထားသံကို ကြား၍ဖြစ်စေ ခြေလျင် သူရဲသံကို ကြား၍ဖြစ်စေ စည်ကြီးသံ ထက်စည်သံ ခရုသင်းသံ စည်ပုတ်သံ ပဲ့တင်သံကို ကြား၍ဖြစ်စေ မဆုတ်နစ်၊ ထိုမှ ဤမှ မဆုတ်နစ်၊ ရပ်တည်နိုင်၏၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အသံ 'သဒ္ဒါရုံ' တို့ကို သည်းခံနိုင်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အနံ့ 'ဂန္ဓာရုံ' တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် အမျိုးကောင်းကုန်သော စစ်မြေပြင်၌ ကျက်စားဘူးကုန်သော မင်းစီးဆင်တို့၏ ကျင်ကြီး ကျင်ငယ်

http://www.dhammadownload.com



နံ့ကို နမ်းရှူမိ၍ မဆုတ်နစ်၊ ထိုမှ ဤမှ မဆုတ်နစ်၊ ရပ်တည်နိုင်၏၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အနံ့ 'ဂန္ဓာရုံ'တို့ကို သည်းခံနိုင်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အရသာ 'ရသာရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် တရက်မျှ အစာရေစာ မရသော်ငြား နှစ်ရက် သုံးရက် လေးရက် ငါးရက်မျှ အစာရေစာ မရသော်ငြား မဆုတ်နစ်၊ ထိုမှ ဤမှ မဆုတ်နစ်၊ ရပ်တည်နိုင်၏၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အရသာ 'ရသာရုံ'တို့ကို သည်းခံနိုင်၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ သွားသည်ရှိသော် တချောင်းသော မြားအဟုန် စူးဝင်အပ်သည်ဖြစ်စေ နှစ်ချောင်း သုံးချောင်း လေးချောင်း ငါးချောင်းသော မြားအဟုန်တို့ စူးဝင်အပ်သည်ဖြစ်စေ မဆုတ်နစ်၊ ထိုမှ ဤမှ မဆုတ်နစ်၊ ရပ်တည်နိုင်၏၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်၏။ (၅)

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား ထိုက်၏၊ မင်း သုံးဆောင်အပ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဓာဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

အဆင်း'ရူပါရုံ'တို့ကို သည်းခံနိုင်၏။

အသံ'သဒ္ဒါရုံ'တို့ကို သည်းခံနိုင်၏။

အနံ့'ဂန္ဓာရုံ'တို့ကို သည်းခံနိုင်၏။

အရသာ'ရသာရုံ'တို့ကို သည်းခံနိုင်၏။

အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်း'ရူပါရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း ရူပါရုံကို မြင်၍ တပ်မက်ဖွယ်ဖြစ်သော ရူပါရုံ၌ မတပ်မက်၊ စိတ်ကို ဆောက်တည်ခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်း'ရူပါရုံ'တို့ကို သည်းခံနိုင်၏။ (၁)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အသံ'သဒ္ဒါရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြား၍ တပ်မက်ဖွယ်ဖြစ်သော သဒ္ဒါရုံ၌ မတပ်မက်၊ စိတ်ကို ဆောက်တည်ခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အသံ'သဒ္ဒါရုံ'တို့ကို ကြား၍ သည်းခံနိုင်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနံ့'ဂန္ဓာရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကိုနမ်းရှူ၍ တပ်မက်ဖွယ်ဖြစ်သော ဂန္ဓာရုံ၌ မတပ်မက်၊ စိတ်ကို ဆောက်တည်ခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနံ့'ဂန္ဓာရုံ'တို့ကို သည်းခံနိုင်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရသာ'ရသာရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်၍ တပ်မက်ဖွယ်ဖြစ်သော ရသာရုံ၌ မတပ်မက်၊ စိတ်ကို ဆောက်တည်ခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အရသာ 'ရသာရုံ'တို့ကို သည်းခံနိုင်၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ဖြင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိ၍ တပ်မက်ဖွယ်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ မတပ်မက်၊ စိတ်ကို ဆောက်တည်ခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အတွေ့ အထိ'ဖောဋ္ဌဗ္ဗာရုံ'တို့ကို သည်းခံနိုင်၏။ (၅)

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကို ခံထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ် ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သောတသုတ်

၁၄၀။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား ထိုက်၏၊ မင်း သုံးဆောင်အပ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည်—

နာယူတတ်၏။

သတ်ဖြတ်တတ်၏။

စောင့်ရှောက်တတ်၏။

http://www.dhammadownload.com



သည်းခံတတ်၏။

သွားတတ်၏(ဤင်္ဂါးမျိုးတို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် နာယူ တတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် ပြုလုပ်ဘူးသည်ဖြစ်စေ မပြုလုပ်ဘူးသေးသည်ဖြစ်စေ ဆင်ထိန်းစေခိုင်းသော အမှုကိစ္စကို ရိုသေ လေးစား နှလုံးထား၍ စိတ်အား ထက်သန်စွာ နားစိုက်လျက် နာယူ၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် နာယူတတ်၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် သတ်ဖြတ်တတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် ဆင်ကိုလည်း သတ်တတ်၏၊ ဆင်စီးသူရဲကိုလည်း သတ်တတ်၏၊ မြင်းကိုလည်း သတ်တတ်၏၊ မြင်းစီးသူရဲကိုလည်း သတ်တတ်၏၊ ရထားကိုလည်း ဖျက်ဆီးတတ်၏၊ ရထားစီးသူရဲကိုလည်း သတ်တတ်၏၊ ခြေလျင်သူရဲကိုလည်း သတ်တတ်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သတ်ဖြတ်တတ်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် စောင့်ရှောက်တတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် ရှေ့ပိုင်းကိုယ်ကို စောင့်ရှောက်တတ်၏၊ နောက်ပိုင်းကိုယ်ကို စောင့်ရှောက်တတ်၏၊ ရှေ့ခြေတို့ကို စောင့်ရှောက်တတ်၏၊ နောက်ခြေတို့ကို စောင့်ရှောက်တတ်၏၊ ဦးခေါင်းကို စောင့်ရှောက်တတ်၏၊ နားတို့ကို စောင့်ရှောက်တတ်၏၊ အစွယ်တို့ကို စောင့်ရှောက်တတ်၏၊ နှာမောင်းကို စောင့်ရှောက်တတ်၏၊ အမြီးကို စောင့်ရှောက်တတ်၏၊ ဆင်စီးသူရဲကို စောင့်ရှောက်တတ်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ ဆင်သည် စောင့်ရှောက်တတ်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် သည်းခံတတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် လှံဖြင့် ထိုးခြင်း သန်လျက်ဖြင့် ခုတ်ခြင်း မြားဖြင့် ပစ်ခြင်း ပုဆိန်ဖြင့် ပေါက်ခြင်းတို့ကို သည်းခံနိုင်၏၊ စည်ကြီးသံ ထက်စည်သံ ခရုသင်းသံ စည်ပုတ်သံ ပဲ့တင်သံတို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သည်းခံတတ်၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် သွားတတ်သနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် သွားရောက်ဘူးသည်ဖြစ်စေ မသွားရောက်ဘူးသည်ဖြစ်စေ ဆင်ထိန်းစေလွှတ်ရာ အရပ်သို့ လျင်မြန်စွာ သွားတတ်၏။

ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သွားတတ်၏။ (၅)

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ဆင်သည် မင်းအား ထိုက်၏၊ မင်း သုံးဆောင်အပ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏၊ဧည့်သည်တို့ အလို့ငှါ စီမံထားသော အလှူကို ခံထိုက်၏၊ တမလွန် အကျွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

နာယူတတ်၏။

သတ်ဖြတ်တတ်၏။

စောင့်ရှောက်တတ်၏။

သည်းခံတတ်၏။

သွားတတ်၏။ (ဤငါးမျိုးတို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နာယူတတ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား သိတော်မူပြီးသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် ရိုသေလေးစား နှလုံးထား၍ စိတ်အား ထက်သန်စွာ နားစိုက်လျက် နာယူတတ်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နာယူတတ်၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတ်ဖြတ် တတ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ဖျက်ဆီး၏၊ ကင်းအောင် ပြု၏၊တဖန် မဖြစ်ပေါ်ခြင်းသို့ ရောက်စေ၏။

ဖြစ်ပေါ်လာသော ဗျာပါဒဝိတက်ကို။ပ။

ဖြစ်ပေါ်လာသော ဝိဟိံသဝိတက်ကို။ပ။

ဖြစ်ဆဲဖြစ်လတံ့သော အကုသိုလ်တရားယုတ်တို့ကို သည်းမခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ဖျက်ဆီး၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ပေါ်ခြင်းသို့ ရောက်စေ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတ်ဖြတ်တတ်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စောင့်ရှောက်တတ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော် (မိန်းမယောကျာ်းစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော အင်္ဂါပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်း၍ နေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်

http://www.dhammadownload.com



စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော် နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နံသော်။ လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသော်။ စိတ်ဖြင့် သဘောတရား'ဓမ္မာရုံ' ကို သိသော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်းမနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် ရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် စောင့်ရှောက်တတ်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သည်းခံတတ်သနည်း။

ရဟန်းတို့ ဤလောက၌ ရဟန်းသည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက်ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကိုငှင်း၊ မကောင်းသဖြင့် ဆိုအပ်ကုန် မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုငှင်း သည်းခံနိုင်၏ ကိုယ်၌ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာမသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံခြင်း သဘောရှိ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သည်းခံတတ်၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သွားတတ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤ ရှည်စွာသော သံသရာခရီးဖြင့် မရောက်ဘူးသေးသော အရပ်ဖြစ်သည့် အလုံးစုံသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ အလုံးစုံသော ဥပဓိတို့ကို စွန့်ရာ တဏှာ၏ ကုန်ရာ တပ်ခြင်း ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လျှင်မြန်စွာသာလျှင် သွားတတ်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သွားတတ်၏။ (၅)

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်သော အလှူကို ခံထိုက်၏။ ပ ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ရာဇဝဂ် ပြီး၏။

http://www.dhammadownload.com



## (၁၅) ၅-တိကဏ္ဍကီဝဂ် ၁-အဝဇာနာတိသုတ်

၁၄၁။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပေးပြီး၍ မထီမဲ့မြင် ပြု၏။

အတူပေါင်းသင်းခြင်းဖြင့် မထီမဲ့မြင် ပြု၏။

(ပြောလာသမျှ စကားကို ယုံကြည်သည်၏ အစွမ်းဖြင့်) ခံယူရန် ထားအပ်သော နှုတ်ရှိ၏။

လျှပ်ပေါ် လော်လည်၏။

နုန့်နှေး တွေဝေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေးပြီး၍ မထီမဲ့မြင် ပြုသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ပုဂ္ဂိုလ်တဦးသည် ပုဂ္ဂိုလ်တဦးအား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို ပေး၏၊ ထိုပုဂ္ဂိုလ်အား—

"ငါသည် ပေးရ၏၊ ဤသူသည်ကား ခံယူ၏" ဟု သဘောပိုက်၏။

ထိုပုဂ္ဂိုလ်ကို ပေးပြီး၍ မထီမဲ့မြင် ပြု၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေးပြီး၍ မထီမဲ့မြင်ပြု၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အတူပေါင်းသင်းခြင်းဖြင့် မထီမဲ့မြင် ပြုသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ပုဂ္ဂိုလ်တဦးသည် ပုဂ္ဂိုလ်တဦးနှင့် နှစ်နှစ်ဖြစ်စေ သုံးနှစ်ဖြစ်စေ အတူပေါင်းသင်းနေ၏၊ ထိုပုဂ္ဂိုလ်ကို အတူပေါင်းသင်းခြင်းဖြင့် မထီမဲ့မြင် ပြု၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အတူပေါင်းသင်းခြင်းဖြင့် မထီမဲ့မြင် ပြု၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပြောလာသမျှ စကားကို ယုံကြည်သည်၏ အစွမ်းဖြင့် ခံယူရန် ထားအပ်သော နှုတ်ရှိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးက ချီးမွမ်းမှု ကဲ့ရဲ့မှုကို ပြောဆိုလာသည်ရှိသော် ထိုပြောလာသမျှ စကားကို လျင်မြန်စွာသာလျှင် ယုံကြည်သက်ဝင်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် (ပြောလာသမျှ စကားကို ယုံကြည်သည်၏ အစွမ်းဖြင့်) ခံယူရန် ထားအပ်သော နှုတ်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျှပ်ပေါ် လော်လည်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ယုံကြည်မှု 'သဒ္ဓါ' နည်းပါး၏၊ဆည်းကပ်မှု နည်းပါး၏၊ ချစ်ခင်မှု နည်းပါး၏၊ ကြည်ညိုမှု နည်းပါး၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် လျှပ်ပေါ် လော်လည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နုန့်နှေး တွေဝေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်တရားတို့ကို မသိ၊ အပြစ်ရှိသော တရား အပြစ်မရှိသော တရားတို့ကို မသိ၊ ယုတ်သောတရား မြတ်သောတရားတို့ကို

http://www.dhammadownload.com



မသိ၊ မည်းညစ်သော အဖို့ ရှိသော တရား ဖြူစင်သော အဖို့ရှိသောတရားတို့ကို မသိ၊ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် နုန့်နွေး တွေဝေ၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-အာရဘတိသုတ်

၁၄၂။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ထင်ရှားရှိကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်ကိုလည်း လွန်ကျူး၏၊ နှလုံးမသာခြင်းလည်း ဖြစ်၏၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို လည်း ဟုတ်တိုင်းမှန်စွာ မသိ။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်ကို လွန်ကျူး၏၊ နှလုံးမသာခြင်းကား မဖြစ်၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်ကို မလွန်ကျူး၊ နှလုံးမသာခြင်းကား ဖြစ်၏၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်ကိုလည်း မလွန်ကျူး၊ နှလုံးမသာခြင်းလည်း မဖြစ်၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ (၄)

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာပတ်ကိုလည်း မလွန်ကျူး၊ နှလုံးမသာခြင်းလည်း မဖြစ်၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို လည်း ဟုတ်တိုင်းမှန်စွာ သိ၏။ (၅)

ရဟန်းတို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် အာပတ်ကိုလည်း လွန်ကျူး၍ နှလုံးမသာခြင်းလည်း ဖြစ်သည့်ပြင် ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်ကို ဤသို့ ပြောဆိုရာ၏—

http://www.dhammadownload.com



"အသျှင်အား အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ ရှိကုန်၏၊ နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ တိုးပွါးကုန်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်၍ နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ဖျောက်ဖျက်ပြီးလျှင် (ဝိပဿနာ) စိတ်ကိုရင်း (ဝိပဿနာ)ပညာကိုရင်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ဤမည်သော ငါးယောက်မြောက် (ရဟန္တာ)ပုဂ္ဂိုလ်နှင့် (ဂုဏ်ကျေးဇူးအားဖြင့်) ထပ်တူ ထပ်မျှ ဖြစ်ပါလိမ့်မည်" ဟူ၍ (ပြောဆိုရာ၏)။ (၁)

ရဟန်းတို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် အာပတ်ကို လွန်ကျူး၍ နှလုံးမသာမှု မဖြစ်ပဲ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်ကို ဤသို့ ပြောဆိုရာ၏—

"အသျှင်အား အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ ရှိကုန်၏၊ နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် မတိုးပွါးကုန်၊ တောင်းပန်ပါ၏၊ အသျှင်သည် အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်၍ (ဝိပဿနာ)စိတ်ကိုရင်း (ဝိပဿနာ)ပညာကိုရင်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ဤမည်သော ငါးယောက်မြောက် (ရဟန္တာ) ပုဂ္ဂိုလ်နှင့် (ဂုဏ်ကျေးဇူးအားဖြင့်) တပ်တူ ထပ်မျှ ဖြစ်ပါလိမ့်မည်"ဟူ၍ (ပြောဆိုရာ၏)။ (၂)

ရဟန်းတို့ ထိုပုဂ္ဂိုလ်ငါးယောက်တို့တွင် အာပတ်ကို မလွန်ကျူးပဲ နှလုံးမသာမှုသာဖြစ်၍ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်အား ဤသို့ ပြောဆိုရာ၏—

"အသျှင်အား အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ မရှိကုန်၊ နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် တိုးပွါးကုန်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ဖျောက်ဖျက်၍ (ဝိပဿနာ) စိတ်ကိုရင်း (ဝိပဿနာ)ပညာကိုရင်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ဤမည်သော ငါးယောက်မြောက် (ရဟန္တာ)ပုဂ္ဂိုလ်နှင့် (ဂုဏ်ကျေးဇူးအားဖြင့်) ထပ်တူ ထပ်မျှ ဖြစ်ပါလိမ့်မည်" ဟူ၍ (ပြောဆိုရာ၏)။ (၃)

ရဟန်းတို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် အာပတ်ကိုလည်း မလွန်ကျူး၊ နှလုံးမသာခြင်းလည်း မဖြစ်၊ ဖြစ်ပေါ်လာသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်ကို ဤသို့ ပြောဆိုရာ၏—

"အသျှင်အား အာပတ်ကို လွန်ကျူးမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ မရှိကုန်၊ နှလုံးမသာမှုကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည်လည်း မတိုးပွါးကုန်၊ တောင်း

http://www.dhammadownload.com



ပန်ပါ၏၊ အသျှင်သည် (ဝိပဿနာ)စိတ်ကိုရင်း (ဝိပဿနာ)ပညာကိုရင်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ဤမည်သော ငါးယောက်မြောက် (ရဟန္တာ) ပုဂ္ဂိုလ်နှင့် (ဂုဏ်အားဖြင့်) ထပ်တူ ထပ်မျှ ဖြစ်ပါလိမ့်မည်" ဟူ၍ (ပြောဆိုရာ၏)။ (၄)

ရဟန်းတို့ ဤသို့လျှင် ဤ ပုဂ္ဂိုလ်လေးယောက်တို့သည် ဤ မည်သော ငါးယောက်မြောက် (ရဟန္တာ) ပုဂ္ဂိုလ်ဖြင့် ဤသို့ ဆုံးမအပ်သည်ရှိသော် ဤသို့ ကံမြစ်အပ်သည်ရှိသော် အစဉ်အားဖြင့် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းသို့ ရောက်ကြလေကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သာရန္ဒဒသုတ်

၁၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူတော်မူပြီးလျှင် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

ထိုအခါ သာရန္ဒဒစေတီ၌ စုဝေး နေထိုင်ကုန်သော ငါးရာမျှသော လိစ္ဆဝီမင်းတို့အား မပြီးသေးသော ဤ အကြား စကားသည် ဖြစ်ပေါ်၏။

လောက၌ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လောက၌ ဆင်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မြင်းရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ ကျောက်မျက်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မိန်းမရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ သူဌေးရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ ဤ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏ ဟု (ဤ အကြားစကားသည် ဖြစ်ပေါ်၏)။

ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည်"အချင်းယောကျ်ား သင်သည် မြတ်စွာဘုရားကို တွေ့မြင်သော အခါ ငါတို့အား ပြောကြားလှည့်လော့"ဟု (ဆို၍) လမ်းခရီး၌ မင်းချင်းယောကျ်ားကို ထားကြကုန်၏။

ထို မင်းချင်းယောကျ်ားသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်၍ လိစ္ဆဝီမင်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင်—

http://www.dhammadownload.com



"အရှင်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထို မြတ်စွာဘုရားသည် ကြွလာတော်မူပါ၏၊ ယခုအခါ (ဖူးမျှော်ရမည့်) အချိန်ကို အရှင်တို့ သိပါ၏"၊ (ဖူးမျှော်ရန်မှာ အရှင်တို့ အလိုအတိုင်းပင် ဖြစ်ပါ၏)ဟု လျှောက်တင်၏။

ထိုနောက် ထို လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်နေကြကုန်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

အသျှင်ဘုရား တောင်းပန်ပါ၏၊ သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သာရန္ဒဒစေတီသို့ ချဉ်းကပ်တော်မူပါဟု လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် လက်ခံတော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် သာရန္ဒဒစေတီသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ထို လိစ္ဆဝီမင်းတို့အား—

"လိစ္ဆဝီမင်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စုဝေး ထိုင်နေကုန်ဘိသနည်း၊ သင်တို့အား မပြီးသေးသော အကြားစကားသည် အဘယ်နည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤ အရပ်၌ စုဝေး ထိုင်နေကုန်သော အကျွန်ုပ်တို့အား ဤ မပြီးသေးသော အကြားစကားသည် ထင်ရှားဖြစ်ပေါ်ပါ၏။

လောက၌ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လောက၌ ဆင်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မြင်းရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ ကျောက်မျက်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မိန်းမရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ သူဌေးရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ ဤ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏ဟု (ဤ မပြီးသေးသော အကြားစကားသည် ထင်ရှားဖြစ်ပေါ်ပါ၏ဟူ၍ လျှောက်ကြကုန်၏)။

အချင်းတို့ ကာမဂုဏ်၌ နှလုံးသွင်း ရှိကုန်သော လိစ္ဆဝီမင်းတို့အား ကာမဂုဏ်ကိုသာလျှင် အကြောင်းပြု၍ မပြီးသေးသော အကြားစကားသည် ထင်ရှားဖြစ်ပေါ်၏တကား။

လိစ္ဆဝီမင်းတို့ လောက၌ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

http://www.dhammadownload.com



လောကဉ္စ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိတတ်သောပုဂ္ဂိုလ်ကို ရခဲ၏။

လောကဉ္စ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိသည့်အတိုင်း တရားနှင့် အညီ ကျင့်သော ပုဂ္ဂိုလ်ကို ရခဲ၏။

လောကဉ္စ သူပြုဘူးသော ကျေးဇူးကိုသိ၍ သူပြုဘူးသော ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသော ပုဂ္ဂိုလ်ကို ရခဲ၏။

လိစ္ဆဝီမင်းတို့ ဤရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို လောကဉ္စ ရခဲ၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-တိကဏ္ဍကီသုတ်

၁၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ ဆူးလေတောဉ္စ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ငါ တိုက်တွန်း၏၊ ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ ငါ တိုက်တွန်း၏၊ ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌ စက်ဆုပ် ရွံရှာ ဖွယ်မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ ငါ တိုက်တွန်း၏၊ ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌၎င်း စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌၎င်း စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ ငါ တိုက်တွန်း၏၊ ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌၎င်း စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌၎င်း စက်ဆုပ် ရွံရှာဖွယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ ငါ တိုက်တွန်း၏၊ ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ်ရွံရှာဖွယ်ရှိသော အာရုံ၌၎င်း စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌၎င်း ထို(အမှတ်သညာ) နှစ်ပါးစုံကို ကြဉ်၍ လျစ်လျူရှုလျက် အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍ ရဟန်းသည် စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာသနည်း။

ငါ့အား တပ်မက်ဖွယ် သဘောတို့၌ တပ်မက်မှု 'ရာဂ' မဖြစ်စေလင့်ဟု နှလုံးသွင်း၍ နေရာ၏။

ရဟန်းတို့ ရဟန်းသည် ဤ အကျိုးထူးကို စွဲ၍ စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍ ရဟန်းသည် စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌ စက်ဆုပ် ရွံရှာဖွယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာသနည်း။

ငါ့အား ပြစ်မှားဖွယ် သဘောတို့၌ ပြစ်မှားမှု 'ဒေါသ' မဖြစ်စေလင့်ဟု နှလုံးသွင်း၍ နေရာ၏။

ရဟန်းတို့ ရဟန်းသည် ဤအကျိုးထူးကို စွဲ၍ စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌ စက်ဆုပ် ရွံရှာဖွယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ အဘယ် အကျိုးထူးကို စွဲ၍ ရဟန်းသည် စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် ရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာသနည်း။

ငါ့အား တပ်မက်ဖွယ် သဘောတို့၌ တပ်မက်မှု 'ရာဂ' မဖြစ်စေလင့်၊ ငါ့အား ပြစ်မှားဖွယ် သဘောတို့၌ ပြစ်မှားမှု 'ဒေါသ' မဖြစ်စေလင့်ဟု နှလုံးသွင်း၍ နေရာ၏။

ရဟန်းတို့ ရဟန်းသည် ဤအကျိုးထူးကို စွဲ၍ စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် ရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ အဘယ် အကျိုးထူးကို စွဲ၍ စက်ဆုပ် ရွံရှာဖွယ် ရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာသနည်း။

ငါ့အား ပြစ်မှားဖွယ် သဘောတို့၌ ပြစ်မှားမှု 'ဒေါသ' မဖြစ်စေလင့်၊ တပ်မက်ဖွယ် သဘောတို့၌ တပ်မက်မှု 'ရာဂ' မဖြစ်စေလင့်ဟု နှလုံးသွင်း၍ နေရာ၏။

ရဟန်းတို့ ရဟန်းသည် ဤအကျိုးထူးကို စွဲ၍ စက်ဆုပ်ရွံရှာဖွယ် ရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် မရှိဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏။

ရဟန်းတို့ အဘယ်အကျိုးထူးကို စွဲ၍ ရဟန်းသည် စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌ငြင်း စက်ဆုပ် ရွံရှာဖွယ် မရှိသော အာရုံ၌ငြင်း ထို (အမှတ်သညာ) နှစ်ပါးစုံကို ကြဉ်၍ လျစ်လျူရှုလျက် အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ နေရာသနည်း။

ငါ့အား မည်သည့် အာရုံ မည်သည့် အရပ်၌မဆို တပ်မက်ဖွယ် တရားတို့၌ အနည်းငယ်မျှပင် တပ်မက်မှု 'ရာဂ' မဖြစ်ပါစေလင့်။

ငါ့အား မည်သည့်အာရုံ မည်သည့် အရပ်၌မဆို ပြစ်မှားဖွယ် တရားတို့၌ အနည်းငယ်မျှပင် ပြစ်မှားမှု 'ဒေါသ' မဖြစ်ပါစေလင့်၊ ငါ့အား မည်သည့်အာရုံ မည်သည့်အရပ်၌ မဆို အနည်းငယ် မျှပင် တွေဝေမှု 'မောဟ' မဖြစ်ပါစေလင့်ဟု နှလုံးသွင်း၍ နေရာ၏။

ရဟန်းတို့ ဤအကျိုးထူးကို စွဲ၍ စက်ဆုပ် ရွံရှာဖွယ်ရှိသော အာရုံ၌ငြင်း စက်ဆုပ်ရွံရှာဖွယ်မရှိသော အာရုံ၌ငြင်း ထို (အမှတ်သညာ) နှစ်ပါးစုံကိုကြဉ်၍ လျစ်လျူရှုလျက် အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ နေရာ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-နိရယသုတ်

၁၄၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသက်ကို သတ်လေ့ ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ ရှိ၏၊မဟုတ်မမှန် ဆိုလေ့ ရှိ၏၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်ကို သောက်စားလေ့ ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-မိတ္တသုတ်

၁၄၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို အဆွေခင်ပွန်းဟူ၍ မမှီဝဲအပ်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသော) အလုပ်ကို ပြုလုပ်စေ၏၊ အဓိကရုဏ်းလေးပါးကို ယူ၏၊အကြီးအမှူး ရဟန်းတို့၌ ဆန့်ကျင်၏၊ ရှည်မြင့်စွာ သွားလာခြင်း အပိုင်းအခြားမရှိ သွားလာခြင်းကို အားထုတ်လျက် နေထိုင်၏၊ ရံဖန်ရံခါ တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို အဆွေခင်ပွန်းဟူ၍ မမှီဝဲအပ်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို အဆွေခင်ပွန်းဟူ၍ မှီဝဲအပ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသော) အလုပ်ကို မပြုလုပ်စေတတ်၊ အဓိကရုဏ်း လေးပါးကို မယူတတ်၊ အကြီးအမှူးဖြစ်သော ရဟန်းတို့၌ မဆန့်ကျင်၊ ရှည်မြင့်စွာ သွားလာခြင်း အပိုင်းအခြားမရှိ သွားလာခြင်းကို အားထုတ်လျက် မနေထိုင်။

ရံဖန်ရံခါ တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်စေရန် ရွှင်လန်းစေခြင်းငှါ စွမ်းနိုင်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို အဆွေခင်ပွန်းဟူ၍ မှီဝဲအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အသပ္ပုရိသဒါနသုတ်

၁၄၇။ ရဟန်းတို့ သူတော်မဟုတ်သူဘို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မရိုမသေ ပေးလှူ၏၊ မလေးမစား ပေးလှူ၏၊ မိမိ လက်ဖြင့် (ကိုယ်ဘိုင်) မပေးလှူ၊ စွန့်ပစ်သကဲ့သို့ ပေးလှူ၏၊ အကျိုးသက်ရောက်လိမ့်မည်ဟု အယူမရှိပဲ ပေးလှူ၏။

ရဟန်းတို့ သူတော်မဟုတ်သူတို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရိုသေစွာ ပေးလှူ၏၊ လေးစားစွာ ပေးလှူ၏။ မိမိလက်ဖြင့် (ကိုယ်တိုင်) ပေးလှူ၏၊ စွန့်ပစ်သကဲ့သို့ မပေးလှူ၊ အကျိုးသက်ရောက်လိမ့်မည်ဟု အယူရှိလျက် ပေးလှူ၏။

ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သပ္ပုရိသဒါနသုတ်

၁၄၈။ ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်းဟူမူ—

ယုံကြည်သဖြင့် အလှူကို ပေးလှူ၏၊ ရိုသေစွာ အလှူကို ပေးလှူ၏၊ လျောက်ပတ်သော အခါ၌ အလှူကို ပေးလှူ၏၊ (လှူဖွယ်ဝတ္ထု၌) မကပ်ငြိသော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ မိမိကိုယ်ကိုရင်း သူတပါးကိုရင်း မထိပါးမူ၍ အလှူကို ပေးလှူ၏။

http://www.dhammadownload.com



ရဟန်းတို့ ယုံကြည်သဖြင့် အလှူကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ထို ထို ဘုံဘဝ၌ ကြွယ်ဝ၏၊ ချမ်းသာ၏၊ များသော ဥစ္စာရှိ၏၊ အသုံးအဆောင် များပြား၏၊ အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏၊ စိတ်ကြည်လင်ဖွယ် ရှိ၏၊ လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။

ရဟန်းတို့ ရိုသေစွာ အလှူကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏အကျိုးဖြစ်ရာ ထို ထို ဘုံဘဝ၌ ကြွယ်ဝ၏၊ ချမ်းသာ၏၊ များသော ဥစ္စာရှိ၏၊ အသုံးအဆောင် များပြား၏၊ ထိုအလှူရှင်၏ သား သမီး မယား ကျွန်အစေခံ အမှုလုပ်တို့သည်လည်း စကားကို နာယူကြကုန်၏၊ နားထောင်ကုန်၏၊ သိနားလည်ရန် စိတ်ကို ဖြစ်စေကြကုန်၏။

ရဟန်းတို့ လျောက်ပတ်သောအခါ၌ အလှူကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ထို ထို ဘုံဘဝ၌ ကြွယ်ဝ၏၊ ချမ်းသာ၏၊ များသော ဥစ္စာရှိ၏၊ အသုံးအဆောင် များပြား၏၊ ထို အလှူရှင်အား အခါအား လျော်စွာ ရောက်လာကုန်သော အကျိုးတို့သည် များပြားကုန်၏။

ရဟန်းတို့ မကပ်ငြိသော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ထို ထို ဘုံဘဝ၌ ကြွယ်ဝ၏၊ ချမ်းသာ၏၊ များသော ဥစ္စာရှိ၏၊ အသုံးအဆောင် များပြား၏၊ မြတ်ကုန်သော ကာမဂုဏ်ငါးပါးတို့၌ သုံးဆောင်ခံစားရန် စိတ်ညွတ်၏။

ရဟန်းတို့ မိမိကိုယ်ကိုငှင်း သူတပါးကိုငှင်း မထိပါးမူ၍ အလှူကို ပေးလှူသောကြောင့် ထိုပေးလှူသော အလှူ၏ အကျိုးဖြစ်ရာ ထို ထို ဘုံဘဝ၌ ကြွယ်ဝ၏၊ချမ်းသာ၏၊များသောဥစ္စာရှိ၏၊ အသုံးအဆောင် များပြား၏၊ ထိုအလှူရှင်အား မီးကြောင့်ဖြစ်စေ ရေကြောင့်ဖြစ်စေ မင်းကြောင့်ဖြစ်စေ ခိုးသူကြောင့်ဖြစ်စေ မချစ်မနှစ်သက်အပ်သော အမွေခံဆိုးတို့ကြောင့် ဖြစ်စေ မည်သည့်အကြောင်းကြောင့်မဆို စည်းစိမ်ဥစ္စာတို့ ပျက်စီးခြင်း မဖြစ်။

ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည် ဤငါးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဌမ သမယဝိမုတ္တသုတ်

၁၄၉။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသောခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောမှု၌ မွေ့လျော်ခြင်း။

အိပ်ခြင်း၌ မွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

လွတ်မြောက်ပြီးတိုင်းသော စိတ်ကို မဆင်ခြင်ခြင်းတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်ခြင်း။

စကားပြောမှု၌ မမွေ့လျော်ခြင်း။

အိပ်ခြင်း၌ မမွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မမွေ့လျော်ခြင်း။

လွတ်မြောက်ပြီးတိုင်းသော စိတ်ကို ဆင်ခြင်ခြင်းတို့တည်း။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ သမယဝိမုတ္တသုတ်

၁၅၀။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောမှု၌ မွေ့လျော်ခြင်း။

အိပ်ခြင်း၌ မွေ့လျော်ခြင်း။

ဣန္ဒြေတို့၌ မပိတ်သော တံခါးရှိခြင်း။

စားဖွယ်၌ အတိုင်းအရှည်ကို မသိခြင်းတို့တည်း။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်ခြင်း။

စကားပြောမှု၌ မမွေ့လျော်ခြင်း။

အိပ်ခြင်း၌ မမွေ့လျော်ခြင်း။

ဂိုဏ်းဝင်၌ ပိတ်ထားသော တံခါးရှိခြင်း။

စားဖွယ်၌ အတိုင်းအရှည်ကို သိခြင်းတို့တည်း။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ဝင်စားသော ခဏ၌ ကိလေသာမှ လွတ်သော (လောကီသမာပတ်စိတ်ရှိသော) ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် တိကဏ္ဍကီဝဂ် ပြီး၏။

တတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၄-စတုတ္ထပဏ္ဏာသက

## ၄-စတုတ္ထ သုတ်ငါးဆယ်

### (၁၆) ၁-သဒ္ဓမ္မဝဂ် ၁-ပဌမ သမ္မတ္တနိယာမသုတ်

၁၅၁။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဟောကြားသောတရားကို မထီမဲ့မြင်ပြု၏။

တရားဟော ပုဂ္ဂိုလ်ကို မထီမဲ့မြင်ပြု၏။

မိမိကိုယ်ကို မထီမဲ့မြင်ပြု၏။

စိတ်ပျံ့လွင့်သည်ဖြစ်၍ စိတ်မတည်ကြည်ပဲ တရားနာ၏။

မသင့်သောအားဖြင့်လည်း နှလုံးသွင်း၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

တရားကို မထီမဲ့မြင် မပြု။

တရားဟော ပုဂ္ဂိုလ်ကို မထီမဲ့မြင် မပြု။

မိမိကိုယ်ကို မထီမဲ့မြင် မပြု။

စိတ်မပျံ့လွင့်သည်ဖြစ်၍ စိတ်တည်ကြည်သျက် တရားနာ၏။

သင့်သောအားဖြင့်လည်း နှလုံးသွင်း၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဒုတိယ သမ္မတ္တနိယာမသုတ်

၁၅၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော(အရိယာမဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဟောကြားသောတရားကို မထီမဲ့မြင် ပြု၏။

တရားဟော ပုဂ္ဂိုလ်ကို မထီမဲ့မြင် ပြု၏။

မိမိကိုယ်ကို မထီမဲ့မြင် ပြု၏။

ပညာမရှိ၊ မိုက်မဲ၏၊ ဆွံ့အ၏။

မိမိမသိသော အရာ၌ သိ၏ ဟု မှတ်ထင်လေ့ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဟောကြားသောတရားကို မထီမဲ့မြင် မပြု။

တရားဟော ပုဂ္ဂိုလ်ကို မထီမဲ့မြင် မပြု။

မိမိကိုယ်ကို မထီမဲ့မြင် မပြု။

ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ။

မိမိမသိသော အရာ၌ သိ၏ ဟု မှတ်ထင်လေ့ မရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-တတိယ သမ္မတ္တနိယာမသုတ်

၁၅၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(သူ့ဂုဏ်ကို) ချေဖျက်လိုစိတ်ရှိလျက် ချေဖျက်လိုစိတ် မြေးယှက်သည်ဖြစ်၍ တရားနာ၏။

အပြစ်တင်လိုသော စိတ်ရှိသည်ဖြစ်၍ ( တရားဟော ပုဂ္ဂိုလ်၌ )အပေါက်အစကို ရှာလျက် တရားနာ၏။

တရားဟောပုဂ္ဂိုလ်၌ ထိပါး ပုတ်ခတ်လိုစိတ် ရှိ၏၊ ခြောင့်တံသင်း သဘောရှိ၏။

ပညာမရှိ၊ မိုက်မဲ၏၊ ဆွံ့အ၏။

မိမိမသိသော အရာ၌ သိ၏ဟု မှတ်ထင်လေ့ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော ( အရိယာမဂ် )သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော (အရိယာမဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

(သူ့ဂုဏ်ကို)ချေဖျက်လိုစိတ်မရှိဘဲ ချေဖျက်လိုစိတ် မမြေးယှက်သည်ဖြစ်၍ တရားနာ၏။

အပြစ်တင်လိုသော စိတ်မရှိသည်ဖြစ်၍ (တရားဟော ပုဂ္ဂိုလ်၌) အပေါက်အစကို မရှာပဲ တရားနာ၏။

တရားဟောပုဂ္ဂိုလ်၌ ထိပါး ပုတ်ခတ်လိုစိတ် မရှိ၊ ခြောင့်တံသင်း သဘော မရှိ။

ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ။

မိမိမသိသော အရာ၌ သိ၏ဟု မှတ်ထင်လေ့ မရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသောသဘော ( အရိယာမဂ် )သို့ သက်ဝင်ရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ သဒ္ဓမ္မသမ္မောသသုတ်

၁၅၄။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်—

တရားကို ရိုသေစွာ မနာကုန်။

http://www.dhammadownload.com



**တရားကို ရှိသေစွာ မသင်ကုန်။**

**တရားကို ရှိသေစွာ မဆောင်ကုန်။**

**ဆောင်ထားသော တရားတို့၏ အနက် အဓိပ္ပါယ်ကို ရှိသေစွာ ဉာဏ်ဖြင့် မစူးစမ်း မဆင်ခြင်ကုန်။**

**အနက်သဘောကို သိ၍ တရားသဘောကို သိ၍ (လောကုတ္တရာ) တရားအား လျော်သော အကျင့်ကို ရှိသေစွာ မကျင့်ကုန်။**

**ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။**

**ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏။**

**အဘယ်ငါးမျိုးတို့နည်း** ဟူမူ—

**ရဟန်းတို့** ဤသာသနာတော်၌ ရဟန်းတို့သည်—

တရားကို ရှိသေစွာ နာကုန်၏။

တရားကို ရှိသေစွာ သင်ကုန်၏။

တရားကို ရှိသေစွာ ဆောင်ကုန်၏။

ဆောင်ထားသော တရားတို့၏ အနက် အဓိပ္ပါယ်ကို ရှိသေစွာ ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်ကုန်၏။

အနက်သဘောကို သိ၍ တရားသဘောကို သိ၍(လောကုတ္တရာ)တရားအား လျော်သော အကျင့်ကို ရှိသေစွာ ကျင့်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ သဒ္ဓမ္မသမ္မောသသုတ်

၁၅၅။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်—

သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော တရားကို မသင်ကုန်။

ရဟန်းတို့ ဤ ပဉ္စမ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ် အားဖြင့် သူတပါးတို့အား မဟောကြားကုန်။

http://www.dhammadownload.com



ရဟန်းတို့ ဤ ဒုတိယ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် သူတပါးကို မပို့ချ ကြကုန်။

ရဟန်းတို့ ဤ တတိယ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် ရွတ်ဖတ်(သရဇ္ဈာယ်)ခြင်းကို မပြုကုန်။

ရဟန်းတို့ ဤ စတုတ္ထ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသောတရားကို စိတ်ဖြင့် အဖန်ဖန်မကြံစည်ကုန်၊ အဖန်ဖန် မသုံးသပ်ကုန်၊ စိတ်ဖြင့် အဖန်ဖန် မဆင်ခြင်ကုန်။

ရဟန်းတို့ ဤ ပဉ္စမ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်—

သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော တရားကို သင်ကုန်၏။

ရဟန်းတို့ ဤ ပဌမ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြားကုန်၏။

ရဟန်းတို့ ဤ ဒုတိယ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် သူတပါးကို ပို့ချ ကြကုန်၏။

ရဟန်းတို့ ဤ တတိယ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် ရွတ်ဖတ်(သရဇ္ဈာယ်)ခြင်းကို ပြုကုန်၏။

ရဟန်းတို့ ဤ စတုတ္ထ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန်၊ မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် နာယူပြီး သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်ကုန်၏၊ အဖန်ဖန် သုံးသပ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်ကုန်၏။

ရဟန်းတို့ ဤ ပဉ္စမ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-တတိယ သဒ္ဓမ္မသမ္မောသသုတ်

၁၅၆။ ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်—

မကောင်းသဖြင့် ယူအပ်သော ပါဠိကို မကောင်းသဖြင့် ထားအပ်ကုန်သော ပုဒ် ဗျည်းတို့ဖြင့် သင်ကြားကုန်၏၊ ရဟန်းတို့ မကောင်းသဖြင့် ထားအပ်သော ပုဒ် ဗျည်း၏ အနက်သဘောကိုလည်း ခဲယဉ်းစွာ သိရ၏။

ရဟန်းတို့ ဤ ပဌမ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် အပြောရ အဆိုရ ခက်ကုန်၏၊ အပြောရ အဆိုရ ခက်ခြင်းကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏၊ သည်းခံခြင်း မရှိကုန်၊ အဆုံးအမကို ရိုသေစွာ မနာယူကုန်။

ရဟန်းတို့ ဤ ဒုတိယ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အကြားအမြင်များကုန် အာဂုံ(ပါဠိ)နှုတ်တက်ကုန် သုတ် အဘိဓမ္မာကို ဆောင်ကုန် ဝိနည်းကို ဆောင်ကုန် မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် ပါဠိတော်ကို သူတပါးအား ရိုသေစွာ မပို့ချ ကြကုန်၊ ထိုရဟန်းတို့ ကွယ်လွန်သောအခါ ပါဠိတော်သည် အမြစ်အရင်း ပြတ်၏၊ ထောက်တည်ရာ မရှိတော့ချေ။

http://www.dhammadownload.com



ရဟန်းတို့ ဤ တတိယ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား မထေရ်ကြီး ရဟန်းတို့သည် ပစ္စည်းလေးပါး ပေါများရန် ဘုန်းတန်ခိုးကြီးမားရန် ကျင့်ကုန်၏၊ (သိက္ခာ သီလကို) လျော့ပေါ့စွာ ကျင့်ကုန်၏၊ အောက်သို့ သက်ဆင်းကြောင်း နီဝရဏတရားငါးပါး၌ ရှေ့သွား ဖြစ်ကြကုန်၏၊ ဆိတ်ငြိမ်ခြင်း 'ဝိဝေက'၌ တာဝန်မဲ့ ဖြစ်ကြကုန်၏၊ မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လကို အားမထုတ်ကုန်၊ ထိုမထေရ်ကြီးတို့၏ နောင်လာ နောက်သား တပည့်အပေါင်းသည်လည်း ဆရာ့အယူသို့ အစဉ်လိုက်၍ ကျင့်၏။

ထိုနောင်လာ နောက်သား တပည့်သည်လည်း ပစ္စည်းလေးပါး ပေါများရန် ဘုန်းတန်ခိုး ကြီးမားရန် ကျင့်၏၊ (သိက္ခာ သီလကို) လျော့ပေါ့စွာ ကျင့်၏၊ အောက်သို့ သက်ဆင်းကြောင်း နီဝရဏတရားငါးပါး၌ ရှေ့သွားဖြစ်၏၊ ဆိတ်ငြိမ်ခြင်း 'ဝိဝေက'၌ တာဝန်မဲ့ဖြစ်၏၊ မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်) ကို မျက်မှောက်ပြုရန် လုံ့လကို အားမထုတ်တော့ချေ။

ရဟန်းတို့ ဤ စတုတ္ထ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား သံဃာသည် ကွဲပြား၏၊ သံဃာကွဲပြားသည်ရှိသော် အချင်းချင်း ဆဲရေးလည်း ဆဲရေးကြကုန်၏၊ အချင်းချင်း ခြိမ်းချောက်လည်း ခြိမ်းချောက်ကြကုန်၏၊ အချင်းချင်း ပစ်ပယ်လည်း ပစ်ပယ်ကြကုန်၏၊ အချင်းချင်း စွန့်လည်း စွန့်ကြကုန်၏၊ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသေးသူတို့လည်း မကြည်ညိုကြကုန်၊ ကြည်ညိုပြီးသူ အချို့တို့လည်း အကြည်ညို ပျက်ရန် ဖြစ်၏။

ရဟန်းတို့ ဤ ပဉ္စမ သဘောတရားသည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား ပျောက်ပျက်ရန် ကွယ်ပရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်—

ကောင်းစွာယူအပ်သော ပါဠိတော်ကို ကောင်းမွန်စွာ ထားအပ်ကုန်သော ပုဒ် ဗျည်းတို့ဖြင့် သင်ကြားကုန်၏၊ ရဟန်းတို့ ကောင်းစွာ ထားအပ်သော ပုဒ် ဗျည်း၏ အနက်သဘောကိုလည်း လွယ်ကူစွာ သိရ၏။

ရဟန်းတို့ ဤ ပဌမ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ပြောဆို လွယ်ကုကုန်၏၊ပြောဆိုရ လွယ်ကူခြင်းကို ပြုတတ်သော တရားတို့နှင့် ပြည့်စုံကုန်၏၊ သည်းခံကုန်၏၊ အဆုံးအမကို ရိုသေစွာ နာယူကုန်၏။

ရဟန်းတို့ ဤ ဒုတိယ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက် ရန် မကွယ်ပရန် ဖြစ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား အကြားအမြင်များကုန် အာဂုံ (ပါဠိ) နှုတ်တက်ကုန် သုတ် အဘိဓမ္မာကို ဆောင်ကုန် ဝိနည်းကို ဆောင်ကုန် မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် ပါဠိ တော်ကို သူတပါးအား ရိုသေစွာ ပို့ချကြကုန်၏၊ ထိုရဟန်းတို့ ကွယ်လွန်သောအခါ ပါဠိ တော်သည် အမြစ်အရင်း မပြတ်၊ ထောက်တည်ရာ ရှိပေ၏။

ရဟန်းတို့ ဤ တတိယ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက် ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား မထေရ်ကြီး ရဟန်းတို့သည် ပစ္စည်းလေးပါး ပေါများရန် ဘုန်းတန်ခိုးကြီးမားရန် မကျင့်ကြကုန်၊ (သိက္ခာ သီလကို) လျော့ပေါ့စွာ မကျင့်ကြကုန်၊အောက်သို့ သက်ဆင်းကြောင်း နီဝရဏ တရားငါးပါး၌ တာဝန်မဲ့ ဖြစ်ကုန်၏၊ ဆိတ်ငြိမ်ခြင်း'ဝိဝေက'၌ ရှေ့သွား ဖြစ်ကုန်၏၊ မရောက်သေးသည့် (ဈာန် မဂ် ဖိုလ်)သို့ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသည့် (နိဗ္ဗာန်)ကို မျက်မှောက် ပြုရန် လုံ့လကို အားထုတ်ကုန်၏၊ ထိုမထေရ်ကြီးတို့၏ နောင်လာ နောက်သား တပည့်အပေါင်းသည်လည်း ဆရာ့အယူသို့ အစဉ်လိုက်၍ ကျင့်၏၊ ထိုနောင်လာ နောက်သား တပည့် သည်လည်း ပစ္စည်းလေးပါး ပေါများရန် ဘုန်းတန်ခိုး ကြီးမားရန် မကျင့်ပေ၊ (သိက္ခာ သီလကို) လျော့ပေါ့စွာ မကျင့်ပေ၊ အောက်သို့သက်ဆင်းကြောင်း နီဝရဏတရား ငါးပါး၌ တာဝန်မဲ့ ဖြစ်၏၊ ဆိတ်ငြိမ်ခြင်း 'ဝိဝေက'၌ ရှေ့သွားဖြစ်၏၊ မရောက်သေး သည့် (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသည့် (ဈာန် မဂ် ဖိုလ်) ကို ရရန် မျက်မှောက်မပြုရ သေးသည့် (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်၏။

ရဟန်းတို့ ဤ စတုတ္ထ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား သံဃာသည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံ ခိုက်ရန် မရှိပဲ ပါတိမောက် အတူပြသည်ဖြစ်၍ ချမ်းသာစွာ နေ၏။

ရဟန်းတို့ သံဃာ ညီညွတ်သည် ရှိသော် အချင်းချင်း ဆဲရေးလည်း မဆဲရေးကြကုန်၊ အချင်းချင်း ခြိမ်းချောက်လည်း မခြိမ်းချောက်ကြကုန်၊ အချင်းချင်း ပစ်ပယ်လည်း မပစ်ပယ် ကြကုန်၊ အချင်းချင်း စွန့်လည်း မစွန့်ကြကုန်၊ ထိုညီညွတ်သော သံဃာ၌ မကြည်ညိုသေး သူတို့လည်း ကြည်ညိုကြကုန်၏၊ ကြည်ညိုပြီးသူတို့လည်း အကြည်ညို တိုးပွါးရန် ဖြစ်၏။

ရဟန်းတို့ ဤ ပဉ္စမ သဘောတရားသည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက် ပျက်ရန် မကွယ်ပရန် ဖြစ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန် မပျောက်ပျက်ရန် မကွယ်ပရန် ဖြစ်ကုန်၏ ဟု(မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-ဒုက္ကထာသုတ်

၁၅၇။ ရဟန်းတို့ ပုဂ္ဂိုလ်ငါးမျိုးတို့အား ပြောအပ်သော စကားသည် ပုဂ္ဂိုလ် **အစားစားကို** လိုက်၍ မကောင်းသော စကားဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ သဒ္ဓါတရား မရှိသူအား သဒ္ဓါတရားနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏၊

သီလမရှိသူအား သီလနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

အကြားအမြင် နည်းပါးသူအား အကြားအမြင် များမှုနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ဝန်တိုသူအား စွန့်ကြဲမှုနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ပညာမရှိသူအား ပညာနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ သဒ္ဓါတရားမရှိသူအား သဒ္ဓါတရားနှင့်စပ်သော စကားသည် အဘယ့်ကြောင့် မကောင်းသောစကား ဖြစ်သနည်း။

ရဟန်းတို့ သဒ္ဓါတရားနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် သဒ္ဓါတရားမရှိသူသည် စိတ်နှလုံး၌ ငြိ၏၊ အမျက်ထွက်၏၊ ဖောက်ပြန်၏၊ အမျက်ထား၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်ရှားပြု၏။

ထိုသို့ ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုသဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာမမြင် ထိုသဒ္ဓါတရားလျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို မရ။

ထို့ကြောင့် သဒ္ဓါတရားမရှိသူအား သဒ္ဓါတရားနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် သီလမရှိသူအား သီလနှင့် စပ်သော စကားသည် မကောင်းသော စကား ဖြစ်သနည်း။

ရဟန်းတို့ သီလနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် သီလမရှိသူသည် စိတ်နှလုံး၌ ငြိ၏၊ အမျက်ထွက်၏၊ ဖောက်ပြန်၏၊ အမျက်ထား၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်ရှားပြု၏။

ထိုသို့ ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုသီလနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာ မမြင်၊ ထိုသီလလျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို မရ။

ထို့ကြောင့် သီလမရှိသူအား သီလနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် အကြားအမြင် နည်းပါးသူအား အကြားအမြင် များခြင်းနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ အကြားအမြင်များခြင်းနှင့် စပ်သောစကားကို ပြောဆိုအပ်သည်ရှိသော် အကြားအမြင်နည်းပါးသူသည် စိတ်နှလုံး၌ ငြိ၏၊ အမျက်ထွက်၏၊ ဖောက်ပြန်၏၊ အမျက်ထား၏၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်ရှားပြု၏။

ထိုသို့ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုအကြားအမြင်နှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာမမြင်၊ ထိုအကြားအမြင်လျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို မရ။

ထို့ကြောင့် အကြားအမြင် နည်းပါးသော သူအား အကြားအမြင် များခြင်းနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် ဝန်တိုသူအား စွန့်ကြဲမှုနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်သနည်း။

ရဟန်းတို့ စွန့်ကြဲမှုနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် ဝန်တိုသူသည် စိတ်နှလုံး၌ ငြိ၏၊ အမျက်ထွက်၏၊ ဖောက်ပြန်၏၊ အမျက်ထား၏၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်ရှားပြု၏။

ထိုသို့ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် စွန့်ကြဲမှုနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာ မမြင်၊ ထိုစွန့်ကြဲမှုလျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို မရ။

ထို့ကြောင့် ဝန်တိုသူအား စွန့်ကြဲမှုနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် ပညာမရှိသူအား ပညာနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်သနည်း။

ရဟန်းတို့ ပညာနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် ပညာမရှိသူသည် စိတ်နှလုံး၌ ငြိ၏၊ အမျက်ထွက်၏၊ ဖောက်ပြန်၏၊ အမျက်ထား၏၊ အချက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်ရှားပြု၏။

ထိုသို့ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုပညာနှင့် ပြည့်စုံမှုကို မိမိ၌ ကောင်းစွာ မမြင်၊ ထိုပညာလျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို မရ။

ထို့ကြောင့် ပညာမရှိသူအား ပညာနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်ငါးမျိုးတို့အား ပြောအပ်သော စကားသည် ပုဂ္ဂိုလ်အစားစားကို လိုက်၍ မကောင်းသော စကားဖြစ်၏။

ရဟန်းတို့ ပုဂ္ဂိုလ်ငါးမျိုးတို့အား ပြောအပ်သော စကားသည် ပုဂ္ဂိုလ်အစားစားကို လိုက်၍ ကောင်းသော စကားဖြစ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ သဒ္ဓါတရားရှိသူအား သဒ္ဓါတရားနှင့်စပ်သော စကားသည် ကောင်းသော စကား ဖြစ်၏။

သီလရှိသူအား သီလနှင့်စပ်သော စကားသည် ကောင်းသော စကားဖြစ်၏။

အကြားအမြင်များသူအား အကြားအမြင်များမှုနှင့် စပ်သောစကားသည် ကောင်းသော စကားဖြစ်၏။

စွန့်ကြဲမှုရှိသူအား စွန့်ကြဲမှုနှင့် စပ်သော စကားသည် ကောင်းသော စကားဖြစ်၏။

ပညာရှိသူအား ပညာနှင့် စပ်သော စကားသည် ကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် သဒ္ဓါတရားရှိသူအား သဒ္ဓါတရားနှင့် စပ်သော စကားသည် ကောင်းသော စကားဖြစ်သနည်း။

ရဟန်းတို့ သဒ္ဓါတရားနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် သဒ္ဓါတရားရှိသူသည် စိတ်နှလုံး၌ မငြိ၊ အမျက်မထွက်၊ မဖောက်ပြန်၊ အမျက်မထား၊ အမျက်ထွက်ခြင်းကိုင်း စိတ်ဆိုးခြင်းကိုင်း မနှစ်သက်ခြင်းကိုင်း ထင်ရှား မပြု။

ထိုသို့မပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုသဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာမြင်၏၊ ထိုသဒ္ဓါတရား လျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

ထို့ကြောင့် သဒ္ဓါတရားရှိသူအား သဒ္ဓါတရားနှင့်စပ်သော စကားသည် ကောင်းသော စကား ဖြစ်၏။

ရဟန်းတို့ သီလရှိသူအား သီလနှင့်စပ်သော စကားသည် အဘယ်ကြောင့် ကောင်းသော စကားဖြစ်သနည်း။

ရဟန်းတို့ သီလနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် သီလရှိသူသည် စိတ်နှလုံး၌ မငြိ၊ အမျက် မထွက်၊ မဖောက်ပြန်၊ အမျက် မထား၊ အမျက်ထွက်ခြင်းကိုင်း စိတ်ဆိုးခြင်းကိုင်း မနှစ်သက်ခြင်းကိုင်း ထင်ရှား မပြု။

ထိုသို့မပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုသီလနှင့် ပြည့်စုံမှုကို မိမိ၌ ကောင်းစွာမြင်၏၊ ထို သီလလျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

ထို့ကြောင့် သီလရှိသူအား သီလနှင့်စပ်သော စကားသည် ကောင်းသော စကားဖြစ်၏။

ရဟန်းတို့ အကြားအမြင်များသူအား အကြားအမြင်များမှုနှင့် စပ်သောစကားသည် အဘယ်ကြောင့် ကောင်းသောစကား ဖြစ်သနည်း။

ရဟန်းတို့ အကြားအမြင်များမှုနှင့် စပ်သောစကားကို ပြောဆိုအပ်သည်ရှိသော် အကြားအမြင်များသူသည် စိတ်နှလုံး၌ မငြိ၊ အမျက် မထွက်၊ မဖောက်ပြန်၊ အမျက် မထား၊ အမျက် ထွက်ခြင်းကိုင်း စိတ်ဆိုးခြင်းကိုင်း မနှစ်သက်ခြင်းကိုင်း ထင်ရှားမပြု။

http://www.dhammadownload.com



ထိုသို့မပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုအကြားအမြင်များမှုနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာ မြင်၏၊ ထိုအကြားအမြင် များမှုလျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

ထို့ကြောင့် အကြားအမြင်များသူအား အကြားအမြင်များမှုနှင့် စပ်သောစကားသည် ကောင်းသော စကားဖြစ်၏။

ရဟန်းတို့ စွန့်ကြဲမှု ရှိသူအား စွန့်ကြဲမှုနှင့်စပ်သော စကားသည် အဘယ်ကြောင့် ကောင်းသော စကားဖြစ်သနည်း။

ရဟန်းတို့ စွန့်ကြဲမှုနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် စွန့်ကြဲမှုရှိသော သူသည် စိတ်နှလုံး၌ မငြိ၊ အမျက်မထွက်၊ မဖောက်ပြန် အမျက်မထား၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်ရှား မပြု။

ထိုသို့ မပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ထိုစွန့်ကြဲမှုနှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာ မြင်၏၊ ထိုစွန့်ကြဲမှု လျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

ထို့ကြောင့် စွန့်ကြဲမှုရှိသူအား စွန့်ကြဲမှုနှင့် စပ်သော စကားသည် ကောင်းသော စကား ဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် ပညာရှိသူအား ပညာနှင့်စပ်သော စကားသည် ကောင်းသော စကား ဖြစ်သနည်း။

ရဟန်းတို့ ပညာနှင့်စပ်သော စကားကို ပြောဆိုအပ်သည်ရှိသော် ပညာရှိသူသည် စိတ်နှလုံး၌ မငြိ၊ အမျက် မထွက်၊ မဖောက်ပြန်၊ အမျက် မထား၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်ရှား မပြု။

ထိုသို့ မပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

ရဟန်းတို့ ထိုသူသည် ပညာနှင့် ပြည့်စုံမှုကို မိမိ၌ ကောင်းစွာမြင်၏၊ ထိုပညာလျှင် အကြောင်းရှိသော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

ထို့ကြောင့် ပညာရှိသူအား ပညာနှင့် စပ်သော စကားသည် ကောင်းသော စကားဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်ငါးမျိုးတို့အား ပြောအပ်သော စကားသည် ပုဂ္ဂိုလ်အစားစားကို လိုက်၍ ကောင်းသော စကားဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-သာရဇ္ဇသုတ်

၁၅၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ကြောက်ရွံ့ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
ယုံကြည်မှု'သဒ္ဓါ'မရှိ။
စောင့်ထိန်းမှု'သီလ'မရှိ။
အကြားအမြင် နည်း၏။
ပျင်းရိ၏။
ပညာမရှိ။
ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ကြောက်ရွံ့ခြင်းသို့ ရောက်၏။
ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဲရင့်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
ယုံကြည်မှု'သဒ္ဓါ'ရှိ၏။
စောင့်ထိန်းမှု'သီလ'ရှိ၏။
အကြားအမြင် များ၏။
တက်သန်သော လုံ့လရှိ၏။
ပညာရှိ၏။
ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရဲရင့်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဥဒါယီသုတ်

၁၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်——

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ၌ အသျှင်ဥဒါယီသည် လူပရိသတ် များစွာခြံရံ၍ တရားဟောလျက် နေ၏၊ အသျှင်အာနန္ဒာသည် လူပရိသတ် များစွာခြံရံ၍ တရားဟောနေသော အသျှင်ဥဒါယီကို မြင်သဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား အသျှင်ဥဒါယီသည် လူပရိသတ် များစွာ ခြံရံလျက် တရားဟောနေပါ၏"ဟု လျှောက်၏။

အာနန္ဒာ သူတပါးတို့အား တရားဟောရန် မလွယ်ကူ၊ အာနန္ဒာ သူတပါးတို့အား တရားဟောလိုသူသည် တရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ဟောကြားရမည်။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

"အစဉ်အတိုင်းဖြစ်သော တရားစကား'အနုပုဗ္ဗိကထာ'ကို ဟောမည်"ဟု (နှလုံးသွင်းလျက်) သူတပါးတို့အား တရားဟောရမည်။

"(အကျိုးအား လျော်သော)အကြောင်းကိုပြလျက် တရားစကားကို ဟောမည်"ဟု သူတပါးတို့အား တရားဟောရမည်။

"အစဉ်သနားခြင်းကို အစွဲပြု၍ တရားစကားကို ဟောမည်"ဟု သူတပါးတို့အား တရားဟောရမည်။

"အာမိသကို မငဲ့ကွက်သော စိတ်ရှိသည်ဖြစ်၍ တရားစကားကို ဟောမည်"ဟု သူတပါးတို့အား တရားဟောရမည်။

"မိမိကိုယ်ကိုရင်း သူတပါးကိုရင်း မထိပါး မပုတ်ခတ်မူ၍ တရားစကားကို ဟောမည်"ဟု သူတပါးတို့အား တရားဟောရမည်။

အာနန္ဒာ သူတပါးတို့အား တရားဟောရန် မလွယ်ကူ၊ အာနန္ဒာ သူတပါးတို့အား တရားဟောလိုသူသည် တရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ဟောကြားရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုပ္ပဋိဝိနောဒယသုတ်

၁၆၀။ ရဟန်းတို့ ဖြစ်ပေါ်လာသည့် ဤတရားငါးမျိုးတို့ကို ဖျောက်နိုင် ခဲကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဖြစ်ပေါ်လာသည့် စွဲမက်မှု'ရာဂ'ကို ဖျောက်နိုင် ခဲလှ၏။

ဖြစ်ပေါ်လာသည့် အမျက်ထွက်မှု'ဒေါသ'ကို ဖျောက်နိုင် ခဲလှ၏။

ဖြစ်ပေါ်လာသည့် တွေဝေမှု'မောဟ'ကို ဖျောက်နိုင် ခဲလှ၏။

ဖြစ်ပေါ်လာသည့် ဉာဏ်၌ ထင်မြင်မှုကို ဖျောက်နိုင် ခဲလှ၏။

ဖြစ်ပေါ်လာသည့် ခရီးသွားလိုစိတ်ကို ဖျောက်နိုင် ခဲလှ၏။

ရဟန်းတို့ ဖြစ်ပေါ်လာသည့် ဤတရားငါးမျိုးတို့ကို ဖျောက်နိုင် ခဲကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သဒ္ဓမ္မဝဂ် ပြီး၏။

---

## (၁၇) ၂-အာဃာတဝဂ် ၁-ပဌမ အာဃာတပဋိဝိနယသုတ်

၁၆၁။ ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း 'အာဃာတ'ကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤငါးမျိုးတို့တည်း၊ ရဟန်းအား အာဃာတဖြစ်ပေါ်ရာ အာရုံ၌ (ဤတရားငါးမျိုးဖြင့်) အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည်။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ ချစ်ခြင်း 'မေတ္တာ'ကို ပွါးများရမည်၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ သနားခြင်း 'ကရုဏာ' ကို ပွါးများရမည်၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ လျစ်လျူရှုခြင်း'ဥပေက္ခာ'ကို ပွါးများရမည်၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ သတိမထားခြင်း နှလုံးမသွင်းခြင်းသို့ ရောက်စေရမည်၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ ကံသာလျှင် မိမိဥစ္စာရှိသော အဖြစ်ကို ဆောက်တည်ရမည်။

"ဤအသျှင်သည် ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံ၏ အမွေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် လည်းလျောင်းရာရှိ၏၊ (မိမိ) ပြုလုပ်မည့် ကောင်းသောကံ မကောင်းသော ကံသာလျှင် အမွေခံ ဖြစ်ပေလိမ့်မည်" ဟု (ဆောက်တည်ရမည်)။

ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤ ငါးမျိုး တို့တည်း၊ ရဟန်းအား အာဃာတ ဖြစ်ပေါ်ရာ အာရုံ၌ ဤတရားငါးမျိုးတို့ဖြင့် အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည် ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၁-ဒုတိယ အာဃာတပဋိဝိနယသုတ်

၁၆၂။ ထိုအခါ၌ အသျှင် သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ "ငါ့သျှင်" ဟူ၍ ထိုရဟန်းတို့သည် အသျှင် သာရိပုတြာအား ပြန်ကြား လျှောက်ထားကြကုန်၏၊ အသျှင်သာရိပုတြာသည် ဤတရားကို ဟောတော်မူ၏—

ငါ့သျှင်တို့ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤငါးမျိုးတို့တည်း၊ ရဟန်းအား အာဃာတဖြစ်ပေါ်ရာ အာရုံ၌ (ဤတရားငါးမျိုးတို့ဖြင့်) အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ ငါ့သျှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ ငါ့သျှင်တို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ငါ့သျှင်တို့ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ရံဖန်ရံခါ(ဝိပဿနာ)စိတ်၏ အခွင့်အလမ်းကိုင်း စိတ်၏ ကြည်လင်မှုကိုင်း ရ၏၊ငါ့သျှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ငါ့သျှင်တို့ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုင်း စိတ်၏ ကြည်လင်မှုကိုင်း မရ၊ ငါ့သျှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ငါ့သျှင်တို့ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် စင်ကြယ်သော ကိုယ်အကျင့်ရှိ၏၊စင်ကြယ်သော နှုတ်အကျင့်ရှိ၏၊ ရံဖန်ရံခါ(ဝိပဿနာ)စိတ်၏ အခွင့်အလမ်းကိုင်း စိတ်၏ ကြည်လင်မှုကိုင်း ရ၏၊ငါ့သျှင်တို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၌လည်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ်ငါးယောက်တို့တွင် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ စင်ကြယ်သော နှုတ်အကျင့်ရှိသော ပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့သျှင်တို့ ပံသုကူသက်န်းကို ဆောင်သော ရဟန်းသည် လမ်းခရီး၌ ပုဆိုးစုတ်ပိုင်းကို မြင်၍ လက်ဝဲခြေဖြင့် နင်းပြီး လက်ျာခြေဖြင့် ဖြန့်၍ ထိုပုဆိုးစုတ်ပိုင်း၌ခိုင်ခံ့သော အသားကို ဆုတ်ယူပြီး လျှင်သွားလေရာသကဲ့သို့ ငါ့သျှင်တို့ဤအတူသာလျှင် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ စင်ကြယ်သော နှုတ်အကျင့်ရှိသောပုဂ္ဂိုလ်၏ ကိုယ်အကျင့် မစင်ကြယ်သည်၏ အဖြစ်ကို ထိုအခါ၌ နှလုံးမသွင်းမူ၍ နှုတ်အကျင့်စင်ကြယ်သည်၏ အဖြစ်ကိုသာ နှလုံးသွင်းအပ်၏၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။ (၁)

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ် ငါးမျိုးတို့တွင် မစင်ကြယ်သော နှုတ်အကျင့်ရှိ၍ စင်ကြယ်သော ကိုယ်အကျင့်ရှိသည့်ပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့သျှင်တို့ မှော် ရေညှိတို့ဖြင့် မြေးယှက်အပ်သော ရေကန်သည် ရှိရာ၏၊ ထိုအခါ နွေ နေပူတို့ဖြင့် တွေ့ထိ နှိပ်စက် အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင် မွတ်သိပ်သော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားသည် ထိုရေကန်တွင်းသို့ သက်ဆင်း၍ လက်နှစ်ဖက်တို့ဖြင့် ထိုထို ဤဤသို့ မှော် ရေညှိကို ဖယ်ရှားလျက် လက်ခုပ်ဖြင့် သောက်ပြီးလျှင် ဖဲသွားလေရာသကဲ့သို့ ငါ့သျှင်တို့ ဤအတူသာလျှင် မစင်ကြယ်သော နှုတ်အကျင့် ရှိ၍ စင်ကြယ်သော ကိုယ်အကျင့်ရှိသော ပုဂ္ဂိုလ်၏ နှုတ်အကျင့် မစင်ကြယ်သည်၏ အဖြစ်ကို ထိုအခါ၌ နှလုံးမသွင်းမူ၍ ကိုယ်အကျင့်စင်ကြယ်သည်၏ အဖြစ်ကိုသာ နှလုံးသွင်းအပ်၏၊ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။ (၂)

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ် ငါးမျိုးတို့တွင် မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ မစင်ကြယ်သော နှုတ်အကျင့်ရှိသော ရံဖန်ရံခါ(ဝိပဿနာ)စိတ်၏ အခွင့်အလမ်းကိုင်း စိတ်၏ကြည်လင်ခြင်းကိုင်း ရသော ထိုပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ နွားခြေရာခွက်၌ ရေအနည်းငယ်ရှိရာ၏၊ ထိုအခါ နွေနေပူတို့ဖြင့် တွေ့ထိနှိပ်စက် အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင်မွတ်သိပ်သော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားအား—

"ဤနွားခြေရာခွက်၌ ရေသည် အနည်းငယ်သာ ဖြစ်၏၊ အကယ်၍ ငါသည် လက်ခုပ်ဖြင့် ဖြစ်စေ ခွက်ဖြင့်ဖြစ်စေ သောက်လိုက်ပါမူ ထိုရေကို လှုပ်ရှားစေမိပေလိမ့်မည်၊ နောက်ကျု စေမိပေ လိမ့်မည်၊သောက်၍ မဖြစ်သည်ကိုမူလည်း ပြုမိပေလိမ့်မည်၊ အကယ်၍ ငါသည် လေးဘက်ထောက် ဝပ်လျက် နွားကဲ့သို့ **သောက်၍** ဖဲသွားရမူ ကောင်းပေရာ၏" ဟု အကြံ ဖြစ်ရာ၏။ ထို ယောကျ်ားသည် **လေးဘက်** ထောက် ဝပ်၍ နွားကဲ့သို့ သောက်ပြီးလျှင် ဖဲသွားရာ သကဲ့သို့။ ငါ့သျှင်တို့ ဤ အတူသာလျှင် မစင်ကြယ်သော ကိုယ် အကျင့်လည်းရှိ မစင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ ဝိပဿနာ စိတ်၏ အခွင့်အလမ်းကိုရင်း စိတ်၏ကြည်လင်မှုကိုရင်း ရသော ပုဂ္ဂိုလ်၏ ကိုယ်အကျင့် မစင်ကြယ်မှုကိုရင်း နှုတ်အကျင့် မစင်ကြယ်မှုကိုရင်း ထိုအခါ၌ နှလုံးမသွင်းအပ်၊ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုသော်ရင်း စိတ်၏ ကြည်လင်မှု ကိုသော်ရင်း နှလုံးသွင်းအပ်၏၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။ (၃)

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် မစင်ကြယ်သော ကိုယ်အကျင့်လည်းရှိ မစင်ကြယ်သော နှုတ်အကျင့်လည်းရှိ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုရင်း စိတ်၏ကြည်လင်မှုကိုရင်း မရသောပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့သျှင်တို့ အနာနှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲသော ပြင်းထန်စွာ နာသောယောကျ်ားသည် ခရီးဝေးသို့ သွားရာ၏၊ ထိုယောကျ်ား၏ ရှေ့မှလည်း ရွာဝေးကွာ၏၊ နောက်မှလည်း ရွာဝေးကွာ၏၊ထိုယောကျ်ားသည် လျောက်ပတ်သော စားဖွယ်တို့ကို မရရာ၊ လျောက်ပတ်သော ဆေးတို့ကို မရရာ၊လျောက်ပတ်သော အလုပ်အကျွေးကို မရရာ၊ရွာတပါးသို့ ပို့ဆောင်မည့် သူကို မရရာ၊ထိုသူနာကို ခရီးရှည် သွားသော ယောကျ်ားတဦးသည် မြင်လေရာ၏၊ ထိုယောကျ်ားသည် ထို သူနာ၌ ကြင်နာခြင်းကိုသာလျှင် ဖြစ်စေရာ၏၊ သနားခြင်းကိုသာလျှင် ဖြစ်စေရာ၏၊ စောင့် ရှောက်ခြင်းကိုသာလျှင် ဖြစ်စေရာ၏။

ဤယောကျ်ားသည် လျောက်ပတ်သော စားဖွယ်တို့ကို ရပါမူ လျောက်ပတ်သော ဆေးတို့ကို ရပါမူ လျောက်ပတ်သော အလုပ်အကျွေးကို ရပါမူ ရွာသို့ ပို့ဆောင်မည့်သူကို ရပါမူ ကောင်းလေ စွဟု သနားစောင့်ရှောက်မှုကို ဖြစ်စေရာ၏။

ထိုသို့ ဖြစ်စေရခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤယောကျ်ားသည် ဤအရပ်၌ပင်လျှင် အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်ပါစေလင့် ဟု (နှလုံးသွင်းမိသောကြောင့်တည်း)။

ငါ့သျှင်တို့ ဤအတူသာလျှင် မစင်ကြယ်သော ကိုယ်အကျင့်လည်းရှိ မစင်ကြယ်သော**နှုတ်** အကျင့်လည်းရှိ၍ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုရင်း စိတ်၏ ကြည်**လင်မှုကိုရင်း** မရသော ပုဂ္ဂိုလ်၌လည်း ကြင်နာခြင်း ကိုသာလျှင် ဖြစ်စေရမည်၊ သနားခြင်း**ကိုသာလျှင်** ဖြစ်စေရမည်၊ စောင့်ရှောက်ခြင်းကိုသာလျှင် ဖြစ်စေရမည်။

ဤအသျှင်သည် ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွါးပါမူ ဝစီဒုစရိုက်ကို ပယ်၍ ဝစီ သုစရိုက်ကို ပွါးပါမူ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးပါမူ **ကောင်းလေရာ၏ဟု** ကြင်နာသနား စောင့်ရှောက်မှုကို ဖြစ်စေရမည်။

http://www.dhammadownload.com



ထိုသို့ဖြစ်စေရခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ မကပ်ရောက်ပါစေလင့် ဟု (နှလုံးသွင်းမိသောကြောင့်တည်း)၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။ (၄)

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ်ငါးမျိုးတို့တွင် စင်ကြယ်သော ကိုယ်အကျင့်လည်းရှိ စင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုရင်း စိတ်၏ ကြည်လင်မှုကိုရင်း ရသောပုဂ္ဂိုလ်၌ အဘယ်သို့လျှင် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်နည်း။

ငါ့သျှင်တို့ ကြည်လင် ချိုမြိန် အေးမြသည့် ရေရှိသော ဖြူဖွေးသော ရေအဆင်းရှိသော ဆိပ်ကမ်းကောင်းသော နှလုံးမွေ့လျော်ဖွယ်ရှိသော အထူးထူးသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည် ရှိရာ၏၊ ထိုအခါ နွေ နေပူတို့ဖြင့် တွေ့ထိ နှိပ်စက်အပ်သည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာ ရေစာ ဆာလောင် မွတ်သိပ် လာသော ထိုယောကျာ်းသည် ထိုရေကန် အတွင်းသို့ သက်ဆင်းလျက် ရေချိုး၍ရင်း ရေသောက်၍ရင်း တဖန်ပြန်တက်ပြီးလျှင် ထိုသစ်ပင်ရိပ်၌ပင်လျှင် ထိုင်၍ဖြစ်စေ အိပ်၍ဖြစ်စေ နေရာသကဲ့သို့၊ ငါ့သျှင်တို့ ဤအတူသာလျှင် စင်ကြယ်သော ကိုယ်အကျင့်လည်းရှိ စင်ကြယ်သော နှုတ်အကျင့်လည်းရှိ၍ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းကိုရင်း စိတ်၏ကြည်လင်မှုကိုရင်း ရသော ပုဂ္ဂိုလ်၏ ကိုယ်အကျင့် စင်ကြယ်မှုကိုရင်း နှုတ်အကျင့် စင်ကြယ်မှုကိုရင်း ထိုအခါ၌ နှလုံးသွင်းအပ်၏၊ ရံဖန်ရံခါ (ဝိပဿနာ) စိတ်၏ အခွင့်အလမ်းနှင့် စိတ်၏ ကြည်လင်မှုရခြင်းကိုလည်း နှလုံးသွင်းအပ်၏၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ငါ့သျှင်တို့ ထက်ဝန်းကျင်ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်ကိုအစွဲပြု၍ စိတ်သည် ကြည်လင်၏။ (၅)

ငါ့သျှင်တို့ ရန်ငြိုး ဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤငါးမျိုး တို့တည်း၊ ရဟန်းအား အာဃာတဖြစ်ပေါ်ရာ အာရုံ၌ ဤငါးမျိုးတို့ဖြင့် အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည် ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

## ၃-သာကစ္ဆသုတ်

၁၆၃။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို ''ငါ့သျှင်ရဟန်းတို့''ဟု ခေါ်တော်မူ၏၊ ''ငါ့သျှင်''ဟူ၍ ထိုရဟန်းတို့သည် အရှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကြကုန်၏၊ အသျှင်သာရိပုတြာသည် ဤတရားကို ဟောတော်မူ၏။

ငါ့သျှင်တို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့နှင့် ဆွေးနွေးမေးမြန်းရန် သင့်လျော်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဤသာသနာတော်၌ ရဟန်းသည် မိမိကလည်း 'သီလ'နှင့်ပြည့်စုံ၏၊ သီလပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသည့် ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

http://www.dhammadownload.com



မိမိကလည်း 'သမာဓိ'နှင့် ပြည့်စုံ၏၊ သမာဓိပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း 'ပညာ' နှင့်ပြည့်စုံ၏၊ ပညာ ပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့် ပြည့်စုံ၏၊ (ကိလေသာမှ) လွတ်မြောက်ခြင်း 'ဝိမုတ္တိ' ပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်' ကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်'ကို ဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင် ပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

ငါ့သျှင်တို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့နှင့် ဆွေးနွေး မေးမြန်းရန် သင့်လျော်၏ ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-သာဇီဝသုတ်

၁၆၄။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟု ခေါ်တော်မူ၏။ပ။

ငါ့သျှင်ကို တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မေးဖြေခြင်းငှါ ထိုက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မိမိကလည်း သီလနှင့် ပြည့်စုံ၏၊ သီလပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း 'သမာဓိ' နှင့်ပြည့်စုံ၏၊ သမာဓိပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း 'ပညာ' နှင့် ပြည့်စုံ၏၊ ပညာပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ် ဝိမုတ္တိ' နှင့် ပြည့်စုံ၏၊ (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်ဝိမုတ္တိ' ပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

မိမိကလည်း (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်'ကိုဆင်ခြင်တတ်သော 'ပစ္စဝေက္ခဏာ' ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ (ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်'ကို ဆင်ခြင်တတ်သော

http://www.dhammadownload.com



'ပစ္စဝေက္ခဏာ' ဉာဏ်အမြင် ပြည့်စုံမှုနှင့် စပ်သော စကားဖြင့် မေးလာသော ပြဿနာကိုလည်း ဖြေဆိုနိုင်၏။

ငါ့သျှင်တို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မေးဖြေခြင်းငှါထိုက်၏၊ တကွ အသက်မွေးရန် သင့်လျော်၏ ဟု (မိန့်ဆို၏)

စတုတ္ထသုတ်။

## ၅-ပဉှပုစ္ဆာသုတ်

၁၆၅။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏။ပ။

ငါ့သျှင်တို့ သူတပါးအား ပြဿနာမေးသူ ဟူသမျှ အားလုံးသည် အကြောင်း ငါးမျိုးတို့ဖြင့်သော်ငှင်း ထိုအကြောင်းငါးမျိုးတို့တွင် တမျိုးမျိုးဖြင့်သော်ငှင်း မေး၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနုန့်သည်၏ အဖြစ် အလွန်တွေဝေသည်၏ အဖြစ်ကြောင့် သူတပါးအား ပြဿနာမေး၏။

ယုတ်ညံ့သော အလိုရှိသဖြင့် အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ သူတပါးအား ပြဿနာမေး၏။

နှိပ်စက်လိုသည်ဖြစ်၍ သူတပါးအား ပြဿနာမေး၏။

သိလိုသည်ဖြစ်၍ သူတပါးအား ပြဿနာမေး၏။

ထို့ပြင် အကယ်၍ ပြဿနာကို ငါ မေးသည်ရှိသော် ကောင်းစွာ ဖြေဆိုနိုင်ပါမူ ကောင်း၏၊ ကောင်းစွာ မဖြေဆိုနိုင်ပါမူ ငါသည်ပင် ထိုသူအား ကောင်းစွာ ဖြေကြားမည်ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ သူတပါးအား ပြဿနာမေး၏။

ငါ့သျှင်တို့ သူတပါးအား ပြဿနာမေးသူ ဟူသမျှအားလုံးသည် ဤအကြောင်း ငါးမျိုးတို့ဖြင့်သော်ငှင်း ထိုအကြောင်းငါးမျိုးတို့တွင် တမျိုးမျိုးဖြင့်သော်ငှင်း သူတပါးအား ပြဿနာမေး၏။

ငါ့သျှင်တို့ ငါသည်မူကား အကယ်၍ ပြဿနာကို ငါမေးသည်ရှိသော် ကောင်းစွာ ဖြေဆိုနိုင်ပါမူ ကောင်း၏၊ ကောင်းစွာ မဖြေဆိုနိုင်ပါမူ ငါသည်ပင် ထိုသူအား ကောင်းစွာ ဖြေကြားမည်ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍သာလျှင် သူတပါးအား ပြဿနာကို မေး၏ ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

## ၆-နိရောဓသုတ်

၁၆၆။ ထိုအခါအသျှင်သာရိပုတြာသည်ရဟန်းတို့ကို"ငါ့သျှင်ရဟန်းတို့"ဟုခေါ်တော်မူ၏။ပ။

ငါ့သျှင်တို့ ဤသာသနာတော်၌ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊(ဝင်စားရာမှ)ထလည်း

http://www.dhammadownload.com



ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏၊ ယခုဘဝ၌ အရဟတ္တဖိုလ်ကို အကယ်၍ မရနိုင်ပါမူ ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် စျာန်စိတ်ဖြင့်ပြီးသော ပြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓ သမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏ဟု မိန့်ဆို၏။

ဤသို့ မိန့်တော်မူသော အခါ အသျှင်ဥဒါယီသည် အသျှင် သာရိပုတြာအား—

"ငါ့သျှင် သာရိပုတြာ ထိုရဟန်းသည် ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင် အဖြစ်ကို လွန်မြောက်၍သာလျှင် စျာန်စိတ်ဖြင့် ပြီးသော ပြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓ သမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်ချေ၊ ဤသို့သော အကြောင်းမျိုးသည် မရှိနိုင်"ဟု ဆို၏။

နှစ်ကြိမ်မြောက်လည်း။ ပ။ သုံးကြိမ်မြောက်လည်း အသျှင်သာရိပုတြာသည် ရဟန်းတို့ကို—

ငါ့သျှင်တို့ ဤသာသနာတော်၌ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏။ ယခုဘဝ၌ အရဟတ္တဖိုလ်ကို အကယ်၍ မရနိုင်ပါမူ ကဗဠီကာရအာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် စျာန်စိတ်ဖြင့်ပြီးသော ပြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓ သမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏"ဟု မိန့်ဆို၏။

သုံးကြိမ်ဘိုင်အောင်ပင် အသျှင်ဥဒါယီသည် အသျှင်သာရိပုတြာအား—

"ငါ့သျှင် သာရိပုတြာ ထိုရဟန်းသည် ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင် အဖြစ်ကို လွန်မြောက်၍သာလျှင် စျာန်စိတ်ဖြင့် ပြီးသော ပြဟ္မာ့ဘုံတခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်းထရာ၏ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်ချေ၊ ဤသို့သော အကြောင်းမျိုးသည် မရှိနိုင်"ဟု ဆို၏။

ထိုအခါ အသျှင် သာရိပုတြာအား—

"သုံးကြိမ်တိုင်အောင်လည်း အသျှင်ဥဒါယီသည် ငါ့အား တားမြစ်၏၊ ငါ့အား မည်သည့် ရဟန်းကမျှလည်း ကောင်းချီးမခေါ်၊ ငါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရပါမူ ကောင်းလေရာ၏"ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင် သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် ရဟန်းတို့ကို—

http://www.dhammadownload.com



"ငါ့သျှင်တို့ ဤသာသနာတော်၌ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏၊ ယခုဘဝ၌ အရဟတ္တဖိုလ်ကို အကယ်၍ မရနိုင်ပါမူ ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် ဈာန်စိတ်ဖြင့် ပြီးသော ဖြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည်ရှိ၏" ဟု မိန့်ဆို၏။

ဤသို့ မိန့်ဆိုတော်မူသော အခါ အသျှင်ဥဒါယီသည် အသျှင်သာရိပုတ္တရာအား—

"ငါ့သျှင် သာရိပုတ္တရာ ထိုရဟန်းသည် ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် ဈာန်စိတ်ဖြင့် ပြီးသော ဖြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ)ထလည်း ထရာ၏ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်ချေ၊ ဤသို့သော အကြောင်းမျိုးသည် မရှိနိုင်"ဟု ဆို၏။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သာရိပုတ္တရာသည် ရဟန်းတို့ကို—

"ငါ့သျှင်တို့ ဤသာသနာတော်၌ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏၊ ယခုဘဝ၌ အရဟတ္တဖိုလ်ကို အကယ်၍ မရနိုင်ပါမူ ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် ဈာန်စိတ်ဖြင့် ပြီးသော ဖြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏"ဟု မိန့်ဆို၏။

သုံးကြိမ်တိုင်အောင်ပင် အသျှင်ဥဒါယီသည် အသျှင်သာရိပုတ္တရာအား—

"ငါ့သျှင် သာရိပုတ္တရာ ထိုရဟန်းသည် ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် ဈာန်စိတ်ဖြင့် ပြီးသော ဖြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်ချေ၊ ဤသို့သော အကြောင်းမျိုးသည် မရှိနိုင်"ဟု ဆို၏။

ထိုအခါ အသျှင် သာရိပုတ္တရာအား—

"မြတ်စွာဘုရား၏ မျက်မှောက်တော်၌လည်း အသျှင်ဥဒါယီသည် သုံးကြိမ်တိုင်အောင်ပင် ငါ့အား တားမြစ်၏၊ ငါ့အား မည်သည့် ရဟန်းကမျှလည်း ကောင်းချီးမခေါ်၊ ငါသည် ဆိတ်ဆိတ် နေရပါမူ ကောင်းလေရာ၏"ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေ၏။

http://www.dhammadownload.com



ဂိုအခါ မြတ်စွာဘုရားသည် အသျှင်ဥဒါယီအား—

"ဥဒါယီ သင်သည် ဈာန်စိတ်ဖြင့် ပြီးသော မည်သည့် ဗြဟ္မာ့ဘုံကို ယုံကြည်ဘိသနည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား အရူပဘုံ၌ဖြစ်ကုန်သော သညာဖြင့် ပြီးကုန်သော ဗြဟ္မာတို့ကို ယုံကြည်ပါ၏ဟု (ခလျှောက်၏)။

ဥဒါယီ မိုက်မဲ မလိမ္မာသော သင်၏ ပြောစကားဖြင့် အဘယ်မူအံ့နည်း၊ သင်ကဲ့သို့ စင်လျက် လည်း ပြောဆိုသင့်၏ဟု အောက်မေ့ဘိ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ မထေရ်ရဟန်း ညှဉ်းဆဲ ခံနေ ရသည်ကို လျစ်လျူ ရှုရက် နိုင်ကြပလေ၊ အာနန္ဒာ မထေရ်ရဟန်း ညှဉ်းဆဲ ခံနေရသည်ဖြစ်ပါလျက် သနားခြင်းမျှသော်လည်း မဖြစ်လေယောင်တကား"ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ ဤသာသနာတော်၌ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤအကြောင်းသည် ရှိ၏၊ ယခုဘဝ၌ အရဟတ္တဖိုလ်ကို မရနိုင်ပါမူ ကဗဠီကာရ အာဟာရကို စားသော နတ်တို့၏ အသင်းဝင်အဖြစ်ကို လွန်မြောက်၍သာလျှင် ဈာန်စိတ်ဖြင့် ပြီးသော ဗြဟ္မာ့ဘုံ တခုခုသို့ ရောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသမာပတ်'ကို ဝင်စားလည်း ဝင်စားရာ၏၊ (ဝင်စားရာမှ) ထလည်း ထရာ၏၊ ဤသို့သော အကြောင်းသည်ရှိ၏"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏။

ဤစကားကို ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် နေရာမှထပြီးလျှင် ကျောင်း တော်သို့ ဝင်တော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီပင် အသျှင် ဥပဝါနထံသို့ ချဉ်းကပ်လျက်—

"ငါ့သျှင် ဥပဝါန ဤသာသနာတော်၌ အခြားရဟန်းတို့သည် မထေရ်ကြီး ရဟန်းတို့ကို ညှဉ်းဆဲကုန်၏၊ ထိုညှဉ်းဆဲခြင်းဖြင့် ငါတို့သည်(အပြစ်မှ)မလွတ်ကုန်၊ ငါ့သျှင် ဥပဝါန မြတ်စွာဘုရား သည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထသည်ရှိသော် အသျှင်သာရိပုတြာ အား ညှဉ်းဆဲခြင်းကိုပင် အကြောင်းပြု၍ ထုတ်ဖော်မည့် အရာသည် အံ့သြဖွယ် မဟုတ်ချေ။ ဤအရာ၌ အသျှင်ဥပဝါနသည်သာလျှင် အကြောင်းအားလျော်စွာ စကားတုံ့ပြန် လျှောက်ပါ လော့၊ ယခုပင် ငါတို့အား ထိတ်လန့်မှုသည် သက်ဝင်နေပါ၏"ဟု ပြောဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထလျက် စည်းဝေးရာ စရပ်သို့ ချဉ်းကပ်တော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော် မူပြီးလျှင် အသျှင်ဥပဝါနအား—

http://www.dhammadownload.com



ဥပဝါန အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသူ မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးပြုအပ်သူ ချီးမွမ်းအပ်သူ ဖြစ်သနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား တရားငါးမျိုးတို့နှင့် ပြည့်စုံသူ မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်ပါ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသျှင်ဘုရား ဤသာသနာတော်၌ မထေရ်ရဟန်းသည်—

သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏။ပ။ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

ကောင်းသော စကားရှိ၏၊ ကောင်းသော နှုတ်မြွက်သံရှိ၏၊သန့်ရှင်း၍ အပြစ်လည်းကင်း ပုဒ်အက္ခရာလည်းမကျ အနက်ကို သိလွယ်စေသည့် ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏။

မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ဖြစ်သော (ရူပါဝစရ) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။

အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့်။ ပ ။အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ဝင်ရောက်၍ နေ၏။

မြတ်စွာဘုရား ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်ပါ၏ဟု (လျှောက်၏)။

ဥပဝါန ကောင်းပေစွ ကောင်းပေစွ၊ဥပဝါန ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော မထေရ် ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်ပေ၏။

ဥပဝါန မထေရ်ရဟန်းအား ဤတရားငါးမျိုးတို့ မရှိကုန်မူ ထိုမထေရ်ရဟန်းကို သီတင်းသုံးဖော်တို့သည် သွားကျိုး ဆံဖြူ အရေတွန့်သည်၏ အဖြစ်ကြောင့် အရိုအသေ မပြုကုန်ရာ၊အလေးအမြတ် မပြုကုန်ရာ မမြတ်နိုးကုန်ရာ မပူဇော်ကုန်ရာ။

ဥပဝါန မထေရ်ရဟန်းအား ဤတရားငါးမျိုးတို့ ရှိကုန်သောကြောင့်သာ ထိုမထေရ် ရဟန်းကို သီတင်းသုံးဖော်တို့သည် အရိုအသေပြုကုန်၏၊ အလေးအမြတ် ပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော် ကုန်၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇--စောဒနာသုတ်

၁၆၇။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆိုတော်မူ၏။

ငါ့သျှင်တို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာရမည်။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လျောက်ပတ်သောအခါ၌ ဆိုအံ့၊မလျောက်ပတ်သော အခါ၌ မဆိုအံ့။

ဟုတ်မှန်သော စကားဖြင့် ဆိုအံ့၊မဟုတ် မမှန်သော စကားဖြင့် မဆိုအံ့။

နူးညံ့သော စကားဖြင့် ဆိုအံ့၊ကြမ်းထမ်းသော စကားဖြင့် မဆိုအံ့။

အကျိုးနှင့်စပ်သော စကားဖြင့် ဆိုအံ့၊ အကျိုးနှင့်မစပ်သော စကားဖြင့် မဆိုအံ့။

မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအံ့။(ဤငါးမျိုးတို့တည်း)။

ငါ့သျှင်တို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးမျိုးတို့ကို မိမိသန္တာန်၌ဖြစ်စေ၍ သူတပါးကို စောဒနာရမည်။

ငါ့သျှင်တို့ ဤသာသနာတော်၌ မလျောက်ပတ်သောအခါ၌ စောဒနာအပ်သည်ဖြစ်၍ လျောက်ပတ်သောအခါ၌ မစောဒနာအပ်သောကြောင့် အမျက်ထွက်သော,မဟုတ်မမှန်သဖြင့် စောဒနာအပ်သည် ဖြစ်၍ ဟုတ်မှန်သဖြင့် မစောဒနာအပ်သောကြောင့် အမျက်ထွက်သော ကြမ်းထမ်းသော စကားဖြင့် စောဒနာအပ်သည်ဖြစ်၍ နူးညံ့သောစကားဖြင့် မစောဒနာအပ်သောကြောင့် အမျက်ထွက်သော,အကျိုးနှင့်မစပ်သော စကားဖြင့် စောဒနာအပ်သည်ဖြစ်၍ အကျိုးနှင့်စပ်သော စကားဖြင့် မစောဒနာအပ်သောကြောင့် အမျက်ထွက်သော, ဒေါသစိတ်ဖြင့် စောဒနာအပ်သည်ဖြစ်၍ မေတ္တာစိတ်ဖြင့် မစောဒနာအပ်သောကြောင့် အမျက်ထွက်သော အချို့သော ပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရ၏။

ငါ့သျှင်တို့ မတရားသဖြင့် စောဒနာခံရသော ရဟန်းအား အခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးသာရှင်ခြင်းကို ဖြစ်စေရမည်။

အသျှင်သည် မလျောက်ပတ်သောအခါ၌ စောဒနာခံရ၏၊လျောက်ပတ်သောအခါ၌ စောဒနာခံရသည် မဟုတ်၊(ထို့ကြောင့်)အသျှင့်အား နှလုံးသာရှင်ခြင်းငှါ သင့်လျော်၏။

အသျှင်သည် မဟုတ်မမှန်သောစကားဖြင့် စောဒနာခံရ၏၊ဟုတ်မှန်သော စကားဖြင့် စောဒနာခံရသည် မဟုတ်၊(ထို့ကြောင့်)အသျှင့်အား နှလုံးသာရှင်ခြင်းငှါ သင့်လျော်၏။

အသျှင်သည် ကြမ်းထမ်းသော စကားဖြင့် စောဒနာခံရ၏၊ နူးညံ့သော စကားဖြင့် စောဒနာခံရသည် မဟုတ်၊(ထို့ကြောင့်)အသျှင့်အား နှလုံးသာရှင်ခြင်းငှါ သင့်လျော်၏။

အသျှင်သည် အကျိုးနှင့် မစပ်သောစကားဖြင့် စောဒနာခံရ၏၊ အကျိုးနှင့်စပ်သော စကားဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်) အသျှင့်အား နှလုံးသာရှင်ခြင်းငှါ သင့်လျော်၏။

အသျှင်သည် ဒေါသစိတ်ဖြင့် စောဒနာခံရ၏၊မေတ္တာစိတ်ဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်)အသျှင့်အား နှလုံးသာရှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင်တို့ မတရားသဖြင့် စောဒနာခံရသော ရဟန်းအား ဤအခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးသာရှင်ခြင်းကို ဖြစ်စေရမည်။

http://www.dhammadownload.com



ငါ့သျှင်တို့ မတရားသဖြင့် စောဒနာတတ်သော ရဟန်းအား အခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်။

ငါ့သျှင် သင်သည် မလျောက်ပတ်သောအခါ၌ စောဒနာ၏၊ လျောက်ပတ်သောအခါ၌ စောဒနာသည် မဟုတ်၊(ထို့ကြောင့်)သင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် မဟုတ်မမှန်သဖြင့် စောဒနာ၏၊ဟုတ်မှန်သဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်)သင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် ကြမ်းထမ်းသော စကားဖြင့် စောဒနာ၏၊ နူးညံ့သော စကားဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်)သင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် စပ်သော စကားဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်)သင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် ဒေါသစိတ်ဖြင့် စောဒနာ၏၊မေတ္တာစိတ်ဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်)သင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင်တို့ မတရားသဖြင့် စောဒနာတတ်သော ရဟန်းအား ဤအခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်၊ထိုသို့ဖြစ်စေရခြင်းသည် အဘယ့်ကြောင့်နည်း၊ အခြားရဟန်းသည်လည်း မဟုတ်မမှန်သဖြင့် စောဒနာသင့်သည်ဟူ၍ မအောက်မေ့ရာသောကြောင့်တည်း။

ငါ့သျှင်တို့ ဤသာသနာတော်၌ လျောက်ပတ်သော အခါ၌ စောဒနာအပ်သည်ဖြစ်၍ မလျောက်ပတ်သောအခါ၌ မစောဒနာအပ်သည် ဖြစ်ပါလျက် အမျက်ထွက်သော,ဟုတ်မှန်သော စကားဖြင့် စောဒနာအပ်သည်ဖြစ်၍ မဟုတ်မမှန်သောစကားဖြင့် မစောဒနာအပ်သည်ဖြစ်ပါလျက် အမျက်ထွက်သော,နူးညံ့သော စကားဖြင့် စောဒနာအပ်သည်ဖြစ်၍ ကြမ်းထမ်းသောစကားဖြင့် မစောဒနာအပ်သည် ဖြစ်ပါလျက် အမျက်ထွက်သော, အကျိုးနှင့် စပ်သောစကားဖြင့် စောဒနာအပ်သည်ဖြစ်၍ အကျိုးနှင့် မစပ်သောစကားဖြင့် မစောဒနာအပ်သည် ဖြစ်ပါလျက် အမျက်ထွက်သော,မေတ္တာစိတ်ဖြင့် စောဒနာအပ်သည်ဖြစ်၍ ဒေါသစိတ်ဖြင့် မစောဒနာအပ်သည် ဖြစ်ပါလျက် အမျက်ထွက်သော အချို့သောပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရ၏။

ငါ့သျှင်တို့ တရားသဖြင့် စောဒနာခံရသော ရဟန်းအား အခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်။

အသျှင်သည် လျောက်ပတ်သောအခါ၌ စောဒနာခံရ၏၊မလျောက်ပတ်သောအခါ၌ စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်) အသျှင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

အသျှင်သည် ဟုတ်မှန်သောစကားဖြင့် စောဒနာခံရ၏၊မဟုတ်မမှန်သော စကားဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်) အသျှင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

အသျှင်သည် နူးညံ့သော စကားဖြင့် စောဒနာခံရ၏၊ ကြမ်းထမ်းသော စကားဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်) အသျှင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

http://www.dhammadownload.com



အသျှင်သည် အကျိုးနှင့် စပ်သောစကားဖြင့် စောဒနာခံရ၏၊ အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်)အသျှင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

အသျှင်သည် မေတ္တာစိတ်ဖြင့် စောဒနာခံရ၏၊ ဒေါသစိတ်ဖြင့် စောဒနာခံရသည် မဟုတ်၊ (ထို့ကြောင့်) အသျှင့်အား နှလုံးမသာခြင်းငှါ သင့်လျော်၏။

ငါ့သျှင်တို့ တရားသဖြင့် စောဒနာခံရသော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်။

ငါ့သျှင်တို့ တရားသဖြင့် စောဒနာတတ်သော ရဟန်းအား အခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးသာရွှင်ခြင်းကို ဖြစ်စေရမည်။

ငါ့သျှင် သင်သည် လျောက်ပတ်သောအခါ၌ စောဒနာ၏၊ မလျောက်ပတ်သောအခါ၌ စောဒနာသည်မဟုတ်၊ (ထို့ကြောင့်) သင့်အား နှလုံးသာရွှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် ဟုတ်မှန်သော စကားဖြင့် စောဒနာ၏၊ မဟုတ်မမှန်သော စကားဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်) သင့်အား နှလုံးသာရွှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် နူးညံ့သောစကားဖြင့် စောဒနာ၏၊ ကြမ်းထမ်းသော စကားဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်) သင့်အား နှလုံးသာရွှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် အကျိုးနှင့်စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်) သင့်အား နှလုံးသာရွှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင် သင်သည် မေတ္တာစိတ်ဖြင့် စောဒနာ၏၊ အမျက်ဒေါသဖြင့် စောဒနာသည် မဟုတ်၊ (ထို့ကြောင့်) သင့်အား နှလုံးသာရွှင်ခြင်းငှါ သင့်လျော်၏။

ငါ့သျှင်တို့ တရားသဖြင့် စောဒနာတတ်သော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးသာရွှင်ခြင်းကို ဖြစ်စေရမည်။

ထိုသို့ ဖြစ်စေရခြင်းသည် အဘယ့်ကြောင့်နည်း၊ အခြား ရဟန်းသည်လည်း ဟုတ်မှန်သော စကားဖြင့် စောဒနာသင့်၏ ဟူ၍ အောက်မေ့ရာသောကြောင့်တည်း။

ငါ့သျှင်တို့ စုဒိတက ပုဂ္ဂိုလ်သည် မှန်ကန်သောသဘော၌၎င်း အမျက်မထွက်ခြင်း၌၎င်း (ဤ) နှစ်ပါးသော တရားတို့၌ တည်ရမည်၊ ငါ့သျှင်တို့ သူတပါးတို့သည် လျောက်ပတ်သောအခါ၌ ဖြစ်စေ မလျောက်ပတ်သော အခါ၌ဖြစ်စေ ဟုတ်မှန်သော စကားဖြင့်ဖြစ်စေ မဟုတ်မမှန်သော စကားဖြင့်ဖြစ်စေ နူးညံ့သော စကားဖြင့်ဖြစ်စေ ကြမ်းထမ်းသော စကားဖြင့်ဖြစ်စေ အကျိုးနှင့် စပ်သော စကားဖြင့်ဖြစ်စေ အကျိုးနှင့် မစပ်သော စကားဖြင့်ဖြစ်စေ မေတ္တာစိတ် ရှိကုန်၍ ဖြစ်စေ ဒေါသစိတ်ရှိကုန်၍ဖြစ်စေ ငါ့ကို အကယ်၍ စောဒနာကြလျှင် ငါသည်လည်း မှန်ကန်သောသဘော၌၎င်း အမျက်မထွက်ခြင်း၌၎င်း (ဤ) တရားနှစ်ပါးတို့၌သာလျှင် တည်အံ့။

http://www.dhammadownload.com



“ဤတရားသည် ငါ၌ ရှိ၏”ဟု အကယ်၍ သိပါမူ “ဤတရားသည် ငါ၌ ရှိ၏၊ ငါ၌ ထင်ရှား၏” ဟူ၍ ထိုသူကို ပြောအံ့၊ “ထိုတရားသည် ငါ၌မရှိ”ဟု အကယ်၍ သိပါမူ “ထိုတရားသည် ငါ၌မရှိ၊ ငါ၌ မထင်ရှား”ဟူ၍ ထိုသူကိုပြောပေအံ့ဟု (နှစ်ပါးသော တရားတို့၌ တည်ရမည်ဟု မိန့်ဆို၏)။

သာရိပုတြာ သင်သည် ဤသို့ ဆိုဆုံးမအပ်သည် ဖြစ်ပါလျက်လည်း ဤသာသနာတော်၌ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ားအချို့တို့သည် ရှိသေစွာ မနာယူကြကုန်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ယုံကြည်မှု ‘သဒ္ဓါ’ တရားမရှိကြသူ, အသက်မွေးကြောင်းအလို့ငှါ သဒ္ဓါတရားမရှိပဲ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ, စဉ်းလဲကြသူ, လှည့်ပတ်ကြသူ, ကောက်ကျစ်ကြသူ, ပျံ့လွင့်ကြသူ, ထောင်လွှားကြသူ, လျှပ်ပေါ်ကြသူ, နှုတ်ကြမ်းကြသူ, ဖရိုဖရဲစကားပြောတတ်ကြသူ, ဣန္ဒြေတို့၌ မပိတ်ဆို့အပ်သော တံခါးရှိကြသူ, စားဖွယ်၌ အတိုင်းအရှည်ကို မသိတတ်ကြသူ, နိုးကြားမှုကို လုံ့လမပြုကြသူ, ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်းမရှိကြသူ, သိက္ခာ၌ ထက်သန်ရိုသေမှု မရှိကြသူ, ပစ္စည်းလေးပါး ပေါများရန်သာ ကျင့်ကြသူ, ပေါ့လျော့စွာ ကျင့်ကြသူ, အောက်သို့ သက်ဆင်းကြောင်း နီဝရဏတရား ငါးပါးတို့ကို ရှေ့သွားပြုကြသူ, ဆိတ်ငြိမ်မှု ‘ဝိဝေက’ ၌ တာဝန်မဲ့ဖြစ်ကြသူ, ပျင်းရိကြသူ, ယုတ်လျော့သော လုံ့လရှိကြသူ, လွတ်သော သတိရှိကြသူ, အဆင်ခြင် ဉာဏ် မရှိကြသူ, မတည်ကြည်ကြသူ, ပျံ့လွင့်သောစိတ်ရှိကြသူ, ပညာမရှိကြသူ, ဆွံ့အကြသူ ရဟန်းတို့သည် အကျွန်ုပ်တို့က ဆိုဆုံးမသော်လည်း ရိုသေစွာ မနာယူကြပါကုန်။

အသျှင်ဘုရား ယုံကြည်မှု ‘သဒ္ဓါ’ တရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ, စဉ်းလဲခြင်း မရှိကြသူ, မလှည့်ပတ်တတ်ကြသူ, မကောက်ကျစ်တတ်ကြသူ, မပျံ့လွင့်ကြသူ, မထောင်လွှားကြသူ, မလျှပ်ပေါ်ကြသူ, နှုတ်မကြမ်းကြသူ, ဖရိုဖရဲစကား မပြောတတ်ကြသူ, ဣန္ဒြေတို့၌ ပိတ်ဆို့ထားသော တံခါးရှိကြသူ, စားဖွယ်၌ အတိုင်းအရှည်ကို သိတတ်ကြသူ, နိုးကြားမှုကို လုံ့လပြုကြသူ, ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်းရှိကြသူ, သိက္ခာ၌ ထက်သန်ရိုသေမှု ရှိကြသူ, ပစ္စည်းလေးပါး ပေါများရန် မကျင့်ကြသူ, ပေါ့လျော့စွာ မကျင့်ကြသူ, အောက်သို့ သက်ဆင်းကြောင်း နီဝရဏတရားတို့၌ တာဝန်မဲ့ မဖြစ်ကြသူ, ဆိတ်ငြိမ်မှု ‘ဝိဝေက’ ၌ ရှေ့သွားပြုကြသူ, ထက်သန်သော လုံ့လရှိကြသူ, နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိကြသူ, ထင်သော သတိရှိကြသူ, အဆင်ခြင် ဉာဏ်နှင့် ပြည့်စုံကြသူ, တည်ကြည်ကြသူ, တခုတည်းသော အာရုံ၌တည်သော စိတ်ရှိကြသူ, ပညာရှိကြသူ, မဆွံ့အကြသူ ရဟန်းတို့သည် အကျွန်ုပ်တို့က ဆိုဆုံးမအပ်ကုန်သည်ရှိသော် ရိုသေစွာ နာယူကြပါကုန်၏ဟု (လျှောက်၏)။

သာရိပုတြာ ယုံကြည်မှု ‘သဒ္ဓါ’ တရားမရှိကြသူ, အသက်မွေးကြောင်းအလို့ငှါ သဒ္ဓါတရားမရှိကုန်ပဲ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ, စဉ်းလဲကြသူ, လှည့်ပတ်ကြသူ, ကောက်ကျစ်ကြသူ, ပျံ့လွင့်ကြသူ, ထောင်လွှားကြသူ, လျှပ်ပေါ်ကြသူ, နှုတ်ကြမ်းကြသူ, ဖရိုဖရဲစကား ပြောတတ်ကြသူ, ဣန္ဒြေတို့၌ မပိတ်ဆို့အပ်သော တံခါးရှိကြသူ, စားဖွယ်၌ အတိုင်းအရှည်ကို မသိတတ်ကြသူ, နိုးကြားမှုကို လုံ့လမပြုကြသူ, ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်း မရှိကြသူ, သိက္ခာ၌ ထက်သန်ရိုသေမှု မရှိကြသူ, ပစ္စည်းလေးပါး ပေါများရန်သာ ကျင့်ကြသူ, ပေါ့လျော့စွာ ကျင့်ကြသူ, အောက်သို့ သက်ဆင်းကြောင်း နီဝရဏတရား ငါးပါးတို့ကို ရှေ့သွားပြုကြသူ, ဆိတ်ငြိမ်မှု ‘ဝိဝေက’ ၌ တာဝန်မဲ့ဖြစ်ကြသူ, ပျင်းရိကြသူ, ယုတ်လျော့သော လုံ့လရှိကြသူ, လွတ်သော သတိရှိကြသူ, အဆင်ခြင် ဉာဏ် မရှိကြသူ,

၂၉

http://www.dhammadownload.com



မတည်ကြည်ကြသူ, ပျံ့လွင့်သော စိတ်ရှိကြသူ, ပညာမရှိကြသူ, ဆွံ့အသူပုဂ္ဂိုလ်တို့ကို ထားဘိကုန်ဦးလော့။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ' တရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ, စဉ်းလဲခြင်း မရှိကြသူ, မလှည့်ပတ်တတ်ကြသူ, မကောက်ကျစ်တတ်ကြသူ, မပျံ့လွင့်ကြသူ, မထောင်လွှားကြသူ,' မလျှပ်ပေါ်ကြသူ, နှုတ်မကြမ်းကြသူ, ဖရိုဖရဲစကား မပြောတတ်ကြသူ, ဣန္ဒြေတို့၌ ပိတ်ဆို့ထားသော တံခါးရှိကြသူ, စားဖွယ်၌ အတိုင်းအရှည်ကို သိတတ်ကြသူ, နိုးကြားမှု လုံ့လပြုကြသူ, ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်းရှိကြသူ, သိက္ခာ၌ ထက်သန်ရိုသေမှု ရှိကြသူ, ပစ္စည်းလေးပါး ပေါများရန် မကျင့်ကြသူ, ပေါ့လျော့စွာ မကျင့်ကြသူ, အောက်သို့သက်ဆင်းကြောင်း နီဝရဏတရား ငါးပါး တို့၌ တာဝန်မဲ့ မဖြစ်ကြသူ,ဆိတ်ငြိမ်မှု 'ဝိဝေက' ကို ရှေ့သွားပြုကြသူ,ထက်သန်သောလုံ့လရှိကြသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိကြသူ, ထင်သော သတိရှိကြသူ, အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံကြသူ, တည်ကြည်ကြသူ, တခုတည်းသော အာရုံ၌ တည်သောစိတ် ရှိကြသူ, ပညာရှိကြသူ, မဆွံ့အကြသူ ရဟန်းတို့ကို သင်သည် ဆိုလော့၊ သာရိပုတြာ သီတင်းသုံးဖော်တို့ကို ''မသူတော်တရားမှ ထစေပြီးလျှင် သူတော်ကောင်းတရား၌ တည်စေမည်''ဟုသီတင်းသုံးဖော်တို့ကို ဆုံးမလော့၊ သီတင်းသုံးဖော် တို့ကို သွန်သင်လော့၊ သာရိပုတြာ သင်သည်ဤသို့ ကျင့်ရမည်ဟူ၍ (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-သီလသုတ်

၁၆၈။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်တော်မူ၏။

ငါ့သျှင်တို့ သီလပျက်စီးသော'ဒုဿီလ'ပုဂ္ဂိုလ်အား ကောင်းသော တည်ကြည်မှု'သမ္မာသမာဓိ' သည် ပျက်စီးရသော အကြောင်းရှိ၏။

သမ္မာသမာဓိ မရှိလျှင် သမ္မာသမာဓိ ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် ပျက်စီးရသော အကြောင်းရှိ၏၊ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်မရှိလျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် ပျက်စီးသူအား ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ်သည် ပျက်စီးရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု'ရာဂ'ကင်းခြင်း အရိယာမဂ်ဉာဏ်မရှိလျှင် ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ် ပျက်စီးသူအား လွတ်မြောက်မှုကို သိသောဉာဏ်အမြင် 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ပျက်စီးရသော အကြောင်းရှိ၏။

ငါ့သျှင်တို့ သစ်ပင်သည် အခက် အရွက် ပျက်စီးပါမူ ထိုသစ်ပင်၏ အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အခွံ အကာ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ငါ့သျှင်တို့ ဤ

http://www.dhammadownload.com



အတူသာလျှင် သီလပျက်စီးသော 'ဒုဿီလ' ပုဂ္ဂိုလ်အား ကောင်းသော တည်ကြည်မှု 'သမ္မာသမာဓိ' သည် ပျက်စီးရသော အကြောင်းရှိ၏၊ သမ္မာသမာဓိ မရှိလျှင် သမ္မာသမာဓိ ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်သည် ပျက်စီးရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်မရှိလျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် ပျက်စီးသူအား ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ် ပျက်စီးရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ်မရှိလျှင် ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ် ပျက်စီးသူအား လွတ်မြောက်ခြင်းကို သိသော ဉာဏ်အမြင် 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ပျက်စီးရသော အကြောင်းရှိ၏။

ငါ့သျှင်တို့ သီလနှင့်ပြည့်စုံ၍ သီလရှိသော ပုဂ္ဂိုလ်အား ကောင်းသောတည်ကြည်မှု 'သမ္မာသမာဓိ' သည် ပြည့်စုံရသော အကြောင်းရှိ၏၊ သမ္မာသမာဓိရှိလျှင် သမ္မာသမာဓိနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ပြည့်စုံရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ရှိလျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်နှင့် ပြည့်စုံသူအား ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ် ပြည့်စုံရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာ မဂ်ဉာဏ်ရှိလျှင် ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာ မဂ်ဉာဏ်နှင့် ပြည့်စုံသူအား လွတ်မြောက်ခြင်းကို သိသော ဉာဏ်အမြင် 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ပြည့်စုံရသော အကြောင်းရှိ၏။

ငါ့သျှင်တို့ သစ်ပင်သည် အခက် အရွက်နှင့် ပြည့်စုံပါမူ ထိုသစ်ပင်၏ အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ အခံ့ အကာ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့၊ ငါ့သျှင်တို့ ဤအတူသာလျှင် သီလနှင့် ပြည့်စုံ၍ သီလရှိသူပုဂ္ဂိုလ်အား ကောင်းသော တည်ကြည်မှု 'သမ္မာသမာဓိ' ပြည့်စုံရသော အကြောင်းရှိ၏၊ သမ္မာသမာဓိရှိလျှင် သမ္မာသမာဓိနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ရှိလျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်နှင့် ပြည့်စုံသူအား ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ် ပြည့်စုံရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ်ရှိလျှင် ငြီးငွေ့မှု 'နိဗ္ဗိဒါ' ဉာဏ်နှင့် စွဲမက်မှု 'ရာဂ' ကင်းခြင်း အရိယာမဂ်ဉာဏ်နှင့် ပြည့်စုံသူအား လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ပြည့်စုံရသော အကြောင်းရှိ၏ဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

---

## ၉-ခိပ္ပနိသန္တိသုတ်

၁၆၉။ ထိုအခါ၌ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာ ထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်

http://www.dhammadownload.com



စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—

ငါ့သျှင်သာရိပုတြာ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာလည်း မှတ်ဆောင်တတ် ကောင်းစွာ သင်ယူအပ်သည်ကို ပြု၍လည်း သင်ယူတတ် ပါသနည်း၊ များစွာလည်း သင်ယူပါသနည်း၊ သင်ယူအပ်ပြီးသော အရာသည်လည်း ထိုရဟန်းအား မမေ့ပျောက်ပါသနည်း ဟု (မေးလျှောက်၏)။

အသျှင်အာနန္ဒာသည် **အကြား**အမြင်များပါ၏၊ အသျှင်အာနန္ဒာသည်ပင် ဟောကြားပါလော့ ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ **သို့ဖြစ်လျှင် နားထောင်ပါလော့**၊ ကောင်းစွာ နှလုံးသွင်းပါလော့၊ ဟော **ကြားပါမည်ဟု (ဆို၏)**။

"ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်သာရိပုတြာသည် အသျှင်အာနန္ဒာအား ဝန်ခံတော်မူ၏၊ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည်—

အနက်၌လည်း **လိမ္မာ၏**။

ပါဠိ၌လည်း **လိမ္မာ၏**။

အက္ခရာ **အပြား၌လည်း လိမ္မာ၏**။

သဒ္ဒါ၌လည်း **လိမ္မာ၏**။

ရှေ့နောက် **အစီအစဉ်**၌လည်း လိမ္မာ၏။

ငါ့သျှင်သာရိပုတြာ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာလည်း မှတ်ဆောင်တတ် ကောင်းစွာ သင်ယူအပ်သည်ကို ပြု၍လည်း သင်ယူတတ်၏၊ များစွာလည်း သင်ယူတတ်၏၊ သင်ယူအပ်ပြီးသော အရာသည်လည်း ထိုရဟန်းအား မမေ့ပျောက် ဟု (မိန့်ဆို၏)။

ငါ့သျှင်တို့ အံ့ဖွယ် ရှိပါပေ၏၊ ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်အာနန္ဒာသည် အလွန် သျှင် ဤတရားစကားကို ကောင်းစွာ ဟောကြားအပ်ပါပေ၏၊ ငါတို့သည် အသျှင်အာနန္ဒာကို ဤတရားငါးမျိုးတို့နှင့် ပြည့်စုံ၏ဟု အမှတ်ထားကုန်အံ့။

အသျှင်အာနန္ဒာသည်—

အနက်၌ လိမ္မာ၏။

ပါဠိ၌ လိမ္မာ၏။

အက္ခရာ အပြား၌ လိမ္မာ၏။

သဒ္ဒါ၌ လိမ္မာ၏။

ရှေ့နောက် အစီအစဉ်၌ လိမ္မာ၏ဟု(အမှတ်ထားကုန်အံ့ဟု မိန့်ဆို၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဘဒ္ဒိယသုတ်

၁၇၀။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အရှင်ဘဒ္ဒိယသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အသျှင်ဘဒ္ဒိယအား အသျှင်အာနန္ဒာသည်—

"ငါ့သျှင်ဘဒ္ဒိယ မြင်ခြင်းတို့တွင် အဘယ်မြင်ခြင်းသည် အမြတ်ဆုံးနည်း။

ကြားခြင်းတို့တွင် အဘယ်ကြားခြင်းသည် အမြတ်ဆုံးနည်း။

ချမ်းသာတို့တွင် အဘယ်ချမ်းသာသည် အမြတ်ဆုံးနည်း။

သညာတို့တွင် အဘယ်သညာသည် အမြတ်ဆုံးနည်း။

ဘုံဘဝတို့တွင် အဘယ်ဘုံဘဝသည် အမြတ်ဆုံးနည်း"ဟု မေးလျှောက်၏။

ငါ့သျှင်အာနန္ဒာ မိမိကသာ လွှမ်းမိုးနိုင်၍ မည်သူကမျှ မိမိကို မလွှမ်းမိုးနိုင်သော စင်စစ်(အလုံးစုံကို) မြင်တတ်သော အလိုအတိုင်း ဖြစ်စေနိုင်သည့် ဗြဟ္မာသည် ရှိ၏၊ အကြင်သူသည် ထိုဗြဟ္မာကို မြင်၏၊ ဤဗြဟ္မာကို မြင်ရခြင်းသည် မြင်ခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ငါ့သျှင်အာနန္ဒာ ချမ်းသာဖြင့် လွှန်စွာ စိမ့်စို ထက်ဝန်းကျင် စိမ့်စိုကုန်သော အာဘဿရမည်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့သည် တရံတခါ "သြော်ချမ်းသာပေစွ သြော်ချမ်းသာပေစွ"ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်ကြကုန်၏၊ အကြင်သူသည် ထိုဗြဟ္မာတို့ အသံကို ကြား၏၊ ဤဗြဟ္မာတို့၏ ကျူးရင့်သံကို ကြားရခြင်းသည် ကြားခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ငါ့သျှင်အာနန္ဒာ သုဘကိဏှမည်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့သည် ထင်ရှားရှိသော ချမ်းသာကိုသာလျှင် နှစ်သက်ကုန်သည်ဖြစ်၍ ခံစားကုန်၏၊ ဤချမ်းသာကို ခံစားခြင်းသည် ချမ်းသာတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ငါ့သျှင်အာနန္ဒာ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤဗြဟ္မာတို့၏ သညာသည် သညာတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ငါ့သျှင်အာနန္ဒာ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤဗြဟ္မာတို့၏ ဘဝသည် ဘဝတကာတို့တွင် အမြတ်ဆုံးဖြစ်၏ဟု (မိန့်ဆို၏)။

အသျှင်ဘဒ္ဒိယ၏ အဖြေစကားသည် များစွာသော လူအပေါင်း၏အလိုနှင့် ညီညွတ်ပါ၏ဟု (ဆို၏)။

အသျှင်အာနန္ဒာသည် အကြားအမြင်များ၏၊ အသျှင်အာနန္ဒာပင် ဖြေပါလော့ဟု (လျှောက်ပြန်၏)။

ငါ့သျှင်ဘဒ္ဒိယ သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပါအံ့ဟု (ဆို၏)။

http://www.dhammadownload.com



"အသျှင်အာနန္ဒာ ကောင်းပါပြီ"ဟု အသျှင်ဘဒ္ဒဇိသည် အသျှင်အာနန္ဒာအား ဝန်ခံ၏၊ အသျှင်အာနန္ဒာသည် ဤစကားကို ဟောကြားတော်မူ၏။

ငါ့သျှင် မြင်သူအား (မြင်ခြင်း၏)အခြားမဲ့၌ အာသဝေါတရားတို့ ကုန်ခန်း၏၊ ဤမြင်ခြင်းသည် မြင်ခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ကြားသူအား (ကြားခြင်း၏) အခြားမဲ့၌ အာသဝေါတရားတို့ ကုန်ခန်း၏၊ ဤကြားခြင်းသည် ကြားခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ချမ်းသာခြင်း ရှိသူအား (ချမ်းသာခြင်း၏) အခြားမဲ့၌ အာသဝေါတရားတို့ ကုန်ခန်း၏၊ ဤချမ်းသာခြင်းသည် ချမ်းသာတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

သညာရှိသူအား (သညာ၏) အခြားမဲ့၌ အာသဝေါတရားတို့ ကုန်ခန်း၏၊ ဤသညာသည် သညာတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

ဘဝရှိသူအား (ဘဝ၏) အခြားမဲ့၌ အာသဝေါတရားတို့ ကုန်ခန်း၏၊ ဤဘဝသည် ဘဝတကာတို့တွင် အမြတ်ဆုံးဖြစ်၏ဟု (ဟောကြားတော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် အာဃာတဝဂ် ပြီး၏။

---

## (၁၈) ၃-ဥပါသကဝဂ် ၁-သာရဇ္ဇသုတ်

၁၇၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုစဉ်အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ ခေါ်တော်မူ၏။

"အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော(ရတနာသုံးပါးသို့ ဆည်းကပ်တတ်သူ)ဥပါသကာ သည်ကြောက်ရွံ့ခြင်းသို့ သက်ရောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်လေ့ရှိ၏။

မပေးသည်ကို ယူလေ့ရှိ၏။

ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။

မဟုတ်မမှန် ပြောလေ့ရှိ၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ကြောက်ရွံ့ခြင်းသို့ သက်ရောက်၏။

ရဟန်းတို့ တရားငါးမျိုးဘို့နှင့် ပြည့်စုံသော ဥပါသကာသည် ရဲရင့်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ရဲရင့်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝိသာရဒသုတ်

၁၇၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် မရဲရင့်သည်ဖြစ်၍ အိမ်၌ နေ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ် မမှန် ပြောလေ့ရှိ၏၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် မရဲရင့်သည်ဖြစ်၍ အိမ်၌ နေ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ရဲရင့်သည်ဖြစ်၍ အိမ်၌ နေ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ရဲရင့်သည်ဖြစ်၍ အိမ်၌ နေ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-နိရယသုတ်

၁၇၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ် မမှန် ပြောလေ့ရှိ၏၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေ အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဝေရသုတ်

၁၇၄။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

ဒါယကာ ဘေးရန်ငါးမျိုးတို့ကို မပယ်သောကြောင့် သီလမရှိသူဟူ၍ ဆိုအပ်၏၊ ငရဲသို့လည်း ကျရောက်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောခြင်း၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းတို့တည်း။

ဒါယကာ ဤဘေးရန်ငါးမျိုးတို့ကို မပယ်ခြင်းကြောင့် သီလမရှိသူဟူ၍ ဆိုအပ်၏၊ ငရဲသို့လည်း ကျရောက်ရ၏။

ဒါယကာ ဘေးရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့် သီလရှိသူဟူ၍ ဆိုအပ်၏၊ ကောင်းသော လားရာ 'သုဂတိဘဝ' သို့လည်း ရောက်ရ၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ် မမှန် ပြောခြင်း၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းတို့တည်း။

ဒါယကာ ဤဘေးရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့် သီလရှိသူဟူ၍ ဆိုအပ်၏၊ ကောင်းသောလားရာ 'သုဂတိဘဝ'သို့လည်း ရောက်ရ၏။

ဒါယကာ သူ့အသက်ကို သတ်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် မပွါးစီး၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် မပွါးစီး၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဤသို့အားဖြင့် ထိုဘေးရန်သည် ငြိမ်း၏။

ဒါယကာ မပေးသည်ကို ယူလေ့ရှိသူသည်။ပ။

ဒါယကာ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူသည်။ပ။

ဒါယကာ မဟုတ်မမှန် ပြောလေ့ရှိသူသည်။ပ။

ဒါယကာ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိသူသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် မပွါးစီး၊ တမလွန်၌ဖြစ်သော ဘေးရန်သည် မပွါးစီး၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား ဤသို့အားဖြင့် ထိုဘေးရန်သည် ငြိမ်း၏ ဟု (မိန့်တော်မူ၏)။

> လောက၌ သူ့အသက်ကို သတ်သူ မဟုတ်မမှန် ပြောသူ မပေးသည်ကို ယူသူ သူ့မယားကိုလည်း လွန်ကျူး သွားလာသူ၊ သေအရက် သောက်ခြင်းကိုလည်း အဖန်တလဲလဲ အားထုတ်သူကို ရန်ငါးမျိုးတို့ကို မပယ်ခြင်းကြောင့် သီလမရှိသူဟူ၍ ဆိုအပ်၏၊ ပညာမရှိသော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်ရှိသော် ငရဲ၌ ဖြစ်ရ၏။
>
> လောက၌ သူ့အသက်ကို မသတ်သူ မဟုတ်မမှန် မပြောသူ မပေးသည်ကို မယူသူ သူတပါးမယားကို မလွန်ကျူး မသွားလာသူ၊ သေအရက် သောက်ခြင်းကိုလည်း အဖန်တလဲလဲ အားမထုတ်သူကို ရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့် သီလရှိသူဟူ၍ ဆိုအပ်၏၊

http://www.dhammadownload.com



ပညာရှိသော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသည်ရှိသော် ကောင်းသော လားရာ 'သုဂတိဘဝ'၌ ဖြစ်ရ၏။

စတုတ္ထသုတ်။

---

## ၅-စဏ္ဍာလသုတ်

၁၇၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာဒွန်းစဏ္ဍားလည်းမည်၏၊ ဥပါသကာညစ်လည်းမည်၏၊ ဥပါသကာညံ့လည်း မည်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' တရားမရှိ။

စောင့်ထိန်းမှု 'သီလ' မရှိ။

ကောတုဟလမင်္ဂလာကို ယုံကြည်မှု ရှိ၏။

မင်္ဂလာကို ယုံကြည်၍ ကံကို မယုံကြည်။

ဤသာသနာတော်မှ ပြင်ပ၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ ထိုသာသနာ့အပြင်ဘက်၌လည်း ရှေးဦးစွာ ကောင်းမှုကို ပြု၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာဒွန်းစဏ္ဍားလည်းမည်၏၊ ဥပါသကာညစ်လည်း မည်၏၊ ဥပါသကာညံ့လည်း မည်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည်—

ဥပါသကာ ရတနာလည်း မည်၏။

ဥပါသကာ ပဒုမာလည်း မည်၏။

ဥပါသကာ ပုဏ္ဍရိကလည်း မည်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ' တရားရှိ၏။

စောင့်ထိန်းမှု 'သီလ' ရှိ၏။

ကောတုဟလမင်္ဂလာကို ယုံကြည်မှု မရှိ။

ကံကို ယုံကြည်၍ မင်္ဂလာကို မယုံကြည်။

ဤသာသနာတော်မှ ပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကို မရှာမှီးတတ်၊ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကို ပြု၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည်—

ဥပါသကာ ရတနာလည်း မည်၏။

ဥပါသကာ ပဒုမာလည်း မည်၏။

ဥပါသကာ ပုဏ္ဍရိကလည်း မည်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ပီတိသုတ်

၁၇၆။ ထိုအခါ၌ ဥပါသကာ ငါးရာခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—

ဒါယကာ သင်တို့သည် ရဟန်းသံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် လုပ်ကျွေးကြကုန်၏၊ ဒါယကာ "ငါတို့သည် ရဟန်း သံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင် ဖြင့် လုပ်ကျွေးကြကုန်၏" ဟု ထိုမျှဖြင့်သာလျှင် နှစ်သိမ့်ရောင့်ရဲမှုကို မပြုအပ်၊ဒါယကာ ထို့ကြောင့် သင်တို့သည် ဤသို့ ကျင့်ရမည်။

"ငါတို့သည် အဘယ်သို့လျှင် ရံဖန်ရံခါ (နီဝရဏတို့မှ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့် ခြင်း 'ပီတိ' သို့ ရောက်၍ နေရကုန်အံ့နည်း" ဟု(ကျင့်ရမည်)။

ဒါယကာ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု မိန့်တော်မူ၏။

ဤသို့ ဟောကြားတော်မူသည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အံ့ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည်—

ဒါယကာ သင်တို့သည် ရဟန်းသံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် လုပ်ကျွေးကြကုန်၏၊ ဒါယကာ 'ငါတို့သည် ရဟန်း သံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် လုပ်ကျွေးကြကုန်၏' ဟု ထိုမျှဖြင့်သာလျှင် နှစ်သိမ့် ရောင့်ရဲခြင်းကို မပြုအပ်၊ ဒါယကာ ထို့ကြောင့် သင်တို့သည် ဤသို့ ကျင့်ရမည်၊ 'ငါတို့သည် အဘယ်သို့လျှင် ရံဖန် ရံခါ (နီဝရဏ တို့မှ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' သို့ ရောက်၍ နေရကုန်အံ့နည်း' ဟု (ကျင့်ရမည်)၊ ဒါယကာ ဤသို့လျှင် သင်တို့ ကျင့်ရမည်" ဟူသော ဤစကားတော်ကို အလွန်လျှင် ကောင်းစွာ ဟောကြားတော် မူအပ်ပါပေ၏။

အသျှင်ဘုရား အရိယာတပည့်သည် (နီဝရဏမှ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' သို့ ရောက်၍ နေသော အခါ ထိုပုဂ္ဂိုလ်အား အကြောင်းငါးမျိုးတို့သည် မဖြစ်ပါကုန်။

ထိုအခါ ထိုပုဂ္ဂိုလ်အား ကာမဂုဏ်ကို မှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်ပါ။

ကာမဂုဏ်ကို မှီ၍ ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းလည်း ထိုအခါ၌ မဖြစ်ပါ။

ထိုအခါ ထိုပုဂ္ဂိုလ်အား အကုသိုလ်ကို မှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်ပါ။

အကုသိုလ်ကိုမှီ၍ ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းလည်း မဖြစ်ပါ။

ထိုအခါ ထိုပုဂ္ဂိုလ်အား ကုသိုလ်ကို မှီ၍ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်ပါ။

http://www.dhammadownload.com



အရိယာတပည့်သည် (နိဝရဏမှ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' သို့ ရောက်၍ နေသောအခါ၌ ထိုပုဂ္ဂိုလ်အား အကြောင်းငါးမျိုးတို့သည် မဖြစ်ပါကုန် ဟု (လျှောက်၏)။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ သာရိပုတြာ အရိယာတပည့်သည် (နိဝရဏမှ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' သို့ ရောက်၍ နေသော အခါ ထိုပုဂ္ဂိုလ်အား အကြောင်းငါးမျိုးတို့သည် မဖြစ်ကုန်။

ထိုအခါ ထိုပုဂ္ဂိုလ်အား ကာမဂုဏ်ကို မှီ၍ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်။

ကာမဂုဏ်ကို မှီ၍ ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းလည်း မဖြစ်။

ထိုအခါ ထိုပုဂ္ဂိုလ်အား အကုသိုလ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်။

အကုသိုလ်ကိုမှီ၍ ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းလည်း မဖြစ်။

ထိုအခါ ထိုပုဂ္ဂိုလ်အား ကုသိုလ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းလည်း မဖြစ်။

သာရိပုတြာ အရိယာတပည့်သည် (နိဝရဏမှ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' သို့ ရောက်၍ နေသောအခါ ထိုပုဂ္ဂိုလ်အား အကြောင်းငါးမျိုးတို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇--ဝဏိဇ္ဇာသုတ်

၁၇၇။ ရဟန်းတို့ ဥပါသကာသည် ဤကုန်သွယ် ရောင်းဝယ်မှု ငါးမျိုးတို့ကို မပြုအပ်ကုန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လက်နက် ကုန်သွယ် ရောင်းဝယ်ခြင်း။

လူသတ္တဝါကို ကုန်သွယ် ရောင်းဝယ်ခြင်း။

အသားကို ကုန်သွယ် ရောင်းဝယ်ခြင်း။

သေအရက်ကို ကုန်သွယ် ရောင်းဝယ်ခြင်း။

အဆိပ်ကို ကုန်သွယ် ရောင်းဝယ်ခြင်း။

ရဟန်းတို့ ဥပါသကာသည် ဤကုန်သွယ် ရောင်းဝယ်မှု ငါးမျိုးတို့ကို မပြုအပ်ကုန် ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ရာဇသုတ်

၁၇၈။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း—

"ဤယောကျ်ားသည်သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုဎင်း ချုပ်နှောင်ကုန်၏ဟုဎင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟုဎင်း အလိုရှိတိုင်း ပြုကုန်၏ဟုဎင်း သင်တို့သည် မြင်ဘူး ကြားဘူး ကြကုန်သလော" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထိုအရာကို မမြင်ဘူး မကြားဘူးကြပါ ကုန်ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ။

"ဤယောကျ်ားသည် သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း ဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုဎင်း ချုပ်နှောင်ကုန်၏ဟုဎင်း တိုင်းပြည်မှ နှင်ထုတ် ကုန်၏ဟုဎင်း အလိုရှိတိုင်း ပြုကုန်၏ဟုဎင်း ဤအကြောင်းကို ငါသည်လည်း မမြင်ဘူး မကြား ဘူးပေ"၊ စင်စစ်သော်ကား "ဤယောကျ်ားသည် မိန်းမကိုဎင်း ယောကျ်ားကိုဎင်း သတ်၏"ဟု ထိုယောကျ်ား၏ ထိုမကောင်းမှုကံကိုသာလျှင် ပြောကြားကုန်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ သူ့အသက်ကို သတ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ ဟုဎင်း ချုပ်နှောင်ကုန်၏ဟုဎင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုဎင်း အလိုရှိတိုင်းပြုကုန်၏ဟုဎင်း ဤသို့သော သဘောကို စင်စစ်အားဖြင့် သင်တို့ မြင်ဘူး ကြားဘူးကြကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့သည် မြင်ဘူး ကြားဘူးကြပါကုန်၏၊နောင်လည်း ကြားရပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"ဤယောကျ်ားသည် မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုဎင်း ချုပ်နှောင်ကုန်၏ဟုဎင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟုဎင်း အလိုရှိတိုင်း ပြုကုန်၏ဟုဎင်း သင်တို့သည် မြင်ဘူး ကြားဘူး ကြကုန်သလော" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထိုအရာကို မမြင်ဘူး မကြားဘူး ကြပါကုန် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ။

"ဤယောကျ်ားသည် မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မပေးသည်ကို ယူခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုဎင်း ချုပ်နှောင်ကုန်၏ဟုဎင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုဎင်း အလိုရှိတိုင်း ပြုကုန်၏ ဟုဎင်း ဤအကြောင်းကို ငါသည်လည်း မမြင်ဘူး မကြားဘူးပေ"၊ စင်စစ်သော်ကား "ဤယောကျ်ားသည် ရွာမှ ဖြစ်စေ တောမှ ဖြစ်စေ မပေးသည်ကိုခိုးလိုသော စိတ်ဖြင့် ယူ၏"ဟု ထိုယောကျ်ား၏ ထိုမကောင်းမှုကံကိုသာလျှင် ပြောကြားကုန်၏။

http://www.dhammadownload.com



ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မပေးသည်ကို ယူခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုငြင်း ချုပ်နှောင်ကုန်၏ဟုငြင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုငြင်း အလိုရှိတိုင်း ပြုကုန်၏ဟုငြင်း ဤသို့သော သဘောကို စင်စစ်အားဖြင့် သင်တို့ မြင်ဘူး ကြားဘူး ကြကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ မြင်ဘူး ကြားဘူးကြပါကုန်၏၊ နောင်လည်း ကြားရပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင် ကြကုန်သနည်း။

"ဤယောကျ်ားသည် ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုငြင်း ချုပ်နှောင်ကုန်၏ဟုငြင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုငြင်း အလိုရှိတိုင်း ပြုကုန်၏ဟုငြင်း သင်တို့ မြင်ဘူး ကြားဘူးကြကုန်သလော" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထိုအရာကို မမြင်ဘူး မကြားဘူး ကြပါကုန် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ။

"ဤယောကျ်ားသည် ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုငြင်း ချုပ်နှောင်ကုန်၏ဟုငြင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟုငြင်း အလိုရှိတိုင်း ပြုကုန်၏ဟုငြင်း ဤအကြောင်းကို ငါသည်လည်း မမြင်ဘူး မကြားဘူးပေ"၊ စင်စစ်သော်ကား "ဤယောကျ်ားသည် သူတပါးတို့၏ မယား သူတပါးတို့၏ သမီးပျိုတို့၌ လွန်ကျူး၍ ကျင့်၏" ဟု ထိုယောကျ်ား၏ မကောင်းမှု ကံကိုသာလျှင် ပြောကြားကုန်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုငြင်း ချုပ်နှောင်ကုန်၏ဟုငြင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုငြင်း အလိုရှိတိုင်း ပြုကုန်၏ဟုငြင်း ဤသို့သော သဘောကို စင်စစ်အားဖြင့် သင်တို့ မြင်ဘူး ကြားဘူး ကြကုန်သလော ဟု(မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ မြင်ဘူး ကြားဘူးကြပါကုန်၏၊ နောင်လည်း ကြားရပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို သင်တို့အဘယ်သို့ မှတ်ထင် ကြကုန်သနည်း။

"ဤယောကျ်ားသည် မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မဟုတ်မမှန်ပြောခြင်း တည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုငြင်း ချုပ်နှောင်ကုန်၏ဟုငြင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုငြင်း အလိုရှိတိုင်း ပြုကုန်၏ဟုငြင်း သင်တို့ မြင်ဘူး ကြားဘူးကြကုန်သလော" ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ထိုအရာကို မမြင်ဘူး မကြားဘူး ကြပါကုန် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ။

“ဤယောကျ်ားသည် မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မဟုတ် မမှန်ပြောခြင်း တည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုရှင်း ချုပ်နှောင်ကုန်၏ဟုရှင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုရှင်း အလိုရှိတိုင်း ပြုကုန်၏ဟုရှင်း ဤအကြောင်းကို ငါသည်လည်း မမြင်ဘူး မကြားဘူးပေ”၊ စင်စစ်သော်ကား “ဤယောကျ်ားသည် မဟုတ်မမှန်ပြောဆိုခြင်းဖြင့် သူ့ကြွယ်၏ရှင်း သူကြွယ်သား၏ရှင်း အကျိုးစီးပွါးကို ဖျက်ဆီး၏”ဟု ထိုယောကျ်ား၏ ထိုမကောင်းမှု ကံကိုသာလျှင် ပြောကြားကုန်၏။ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မဟုတ်မမှန် ပြောခြင်း တည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုရှင်း ချုပ်နှောင်ကုန်၏ဟုရှင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုရှင်း အလိုရှိတိုင်း ပြုကုန်၏ဟုရှင်း ဤသို့သော သဘောကို စင်စစ်အားဖြင့် သင်တို့ မြင်ဘူး ကြားဘူး ကြကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ မြင်ဘူး ကြားဘူးကြပါကုန်၏၊ နောင်လည်း ကြားရပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင် ကြကုန်သနည်း။

“ဤယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက် သောက်ခြင်းကို ပယ်၍ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုရှင်း ချုပ်နှောင်ကုန်၏ဟုရှင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုရှင်း အလိုရှိတိုင်း ပြုကုန်၏ဟုရှင်း သင်တို့ မြင်ဘူး ကြားဘူးကြကုန်သလော” ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထိုအရာကို မမြင်ဘူး မကြားဘူး ကြပါကုန် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ။

“ဤယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို ပယ်၍ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မူးယစ် မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုရှင်း ချုပ်နှောင်ကုန်၏ဟုရှင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုရှင်း အလိုရှိတိုင်း ပြုကုန်၏ဟုရှင်း ဤအကြောင်းကို ငါသည်လည်း မမြင်ဘူး မကြားဘူးပေ”။

စင်စစ်သော်ကား “ဤ ယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကို အားထုတ်သည်ဖြစ်၍ မိန်းမကိုဖြစ်စေ ယောကျ်ားကိုဖြစ်စေ သတ်၏။

http://www.dhammadownload.com



ဤယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကို အားထုတ်သည်ဖြစ်၍ ရွာမှဖြစ်စေ တောမှဖြစ်စေ မပေးသည်ကို ခိုးလိုသော စိတ်ဖြင့် ယူ၏။

ဤယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကို အားထုတ်သည်ဖြစ်၍ သူတပါး၏ မယား သူတပါး၏သမီးပျိုတို့၌ လွန်ကျူး၍ ကျင့်၏။

ဤယောကျ်ားသည် မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကို အားထုတ်သည်ဖြစ်၍ မဟုတ် မမှန် ပြောခြင်းဖြင့် သူကြွယ်၏ရင်း သူကြွယ်သား၏ရင်း အကျိုးစီးပွါးကို ဖျက်ဆီး၏''ဟု ထိုယောကျ်ား၏ ထိုမကောင်းမှု ကံကိုသာလျှင် ပြောကြားကုန်၏။

ထိုယောကျ်ားကို မင်းတို့သည် ဖမ်းဆီး၍ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်း တည်းဟူသော အကြောင်းကြောင့် သတ်ကုန်၏ဟုရင်း ချုပ်နှောင်ကုန်၏ဟုရင်း တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟုရင်း အလိုရှိတိုင်း ပြုကုန်၏ဟုရင်း ဤသို့သော သဘောကို စင်စစ် အားဖြင့် သင်တို့ မြင်ဘူး ကြားဘူး ကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ မြင်ဘူး ကြားဘူးကြပါကုန်၏၊ နောင်လည်း ကြားရပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

အဋ္ဌမသုတ်။

---

## ၉-ဂိဟိသုတ်

၁၇၉။ ထိုအခါ အနာထပိဏ်သူဌေးသည် ငါးရာမျှလောက်သော ဥပါသကာတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို မိန့်တော်မူ၏။

သာရိပုတြာ သိက္ခာပုဒ် ငါးမျိုးတို့၌ စောင့်ရှောက်မှုရှိ၍ လွန်မြတ်သော စိတ်၌ မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းလေးပါးတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်မပန်းပဲ ရသည့် အဝတ်ဖြူဝတ်သူ လူတစုံတယောက်ကို သိကုန်ရာ၏၊ ထိုသူသည် ပြောကြားလိုခဲ့သော် ''ငါသည် ငရဲ၌ ဖြစ်မှု တိရစ္ဆာန်မျိုး၌ ဖြစ်မှု ပြိတ္တာဘုံ၌ ဖြစ်မှု အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်မှု ကုန်ဆုံးပြီ၊ ငါသည် သောတာပန်ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်း သဘောမရှိ၊ ဂတိမြဲ၏၊ အထက် မဂ်ဖိုလ်သာလျှင် လည်းလျောင်းရာရှိ၏''ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားရာ၏။

အဘယ်သိက္ခာပုဒ် ငါးမျိုးတို့၌ စောင့်ရှောက်မှု ရှိသနည်း။

သာရိပုတြာ ဤ သာသနာတော်၌ အရိယာ တပည့်သည်—

**သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။**

**မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။**

http://www.dhammadownload.com



ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။

မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏။

မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ဤ သိက္ခာပုဒ် ငါးမျိုးတို့၌ စောင့်ရှောက်မှုရှိ၏။

အဘယ်လွန်မြတ်သော စိတ်၌ မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်း လေးမျိုးတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသနည်း။

သာရိပုတြာ ဤ သာသနာတော်၌ အရိယာ တပည့်သည် မြတ်စွာဘုရား၌ သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ် လူ တို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (ယုံကြည်၏)။

ဤသည်ကား ထိုအရိယာ တပည့်အား မစင်ကြယ်သေးသော စိတ်ကို စင်ကြယ်စေ၍ မဖြူစင်သေးသော စိတ်ကို ဖြူစင်စေရန် လွန်မြတ်သော စိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းကို ပဌမ ရခြင်းပေတည်း။

သာရိပုတြာ နောက်တမျိုးကား အရိယာ တပည့်သည် တရား၌ သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

"မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာ ဟောအပ်သော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု (ယုံကြည်၏)။

ဤသည်ကား အရိယာ တပည့်အား မစင်ကြယ်သေးသော စိတ်ကို စင်ကြယ်စေရန် မတောက်ပသေးသော စိတ်ကို တောက်ပစေရန် လွန်မြတ်သော စိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းကို ဒုတိယ ရခြင်းပေတည်း။

http://www.dhammadownload.com



သာရိပုတြာ နောက်တမျိုးကား အရိယာ တပည့်သည် သံဃာ၌ သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

“မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် မှန်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား ‘သာဝက’ သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏”ဟု (ယုံကြည်၏)။

ဤသည်ကား ထိုအရိယာ တပည့်အား မစင်ကြယ်သေးသော စိတ်ကို စင်ကြယ်စေရန် မဖြူစင်သေးသော စိတ်ကို ဖြူစင်စေရန် လွန်မြတ်သော စိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းကို တတိယ ရခြင်းပေတည်း။

သာရိပုတြာ နောက်တမျိုးကား မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန် အဖြစ်မှ လွတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံကုန်၏။

ဤသည်ကား ထိုအရိယာဖြစ်သော တပည့်အား မစင်ကြယ်သေးသော စိတ်ကို စင်ကြယ်စေရန် မဖြူစင်သေးသော စိတ်ကို ဖြူစင်စေရန် လွန်မြတ်သော စိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းကို စတုတ္ထ ရခြင်းပေတည်း။

ဤ လွန်မြတ်သော စိတ်၌ မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်း လေးပါးတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရ၏။

သာရိပုတြာ ဤသိက္ခာပုဒ် ငါးမျိုးတို့၌ စောင့်ရှောက်မှုရှိ၍ လွန်မြတ်သော စိတ်၌ မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်း လေးပါးတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသော အဝတ်ဖြူဝတ်သူ လူတစုံတယောက်ကို သိကုန်ရာ၏၊ ထိုသူသည် ပြောကြားလိုခဲ့သော် “ငါသည် ငရဲ၌ ဖြစ်မှု တိရစ္ဆာန်မျိုး၌ ဖြစ်မှု ပြိတ္တာဘုံ၌ ဖြစ်မှု အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်မှု ကုန်ဆုံးပြီးငါသည် သောတာပန်ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်း သဘောမရှိ၊ဂတိမြဲ၏၊ အထက် မဂ်ဖိုလ် သာလျှင် လည်းလျောင်းရာ မှီခိုရာရှိ၏”ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားရာ၏ဟု (မိန့်တော်မူ၏)။

ပညာရှိသည် ငရဲတို့၌ ဘေးကို မြင်၍ မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏၊ အရိယာ တို့၏ တရား (ငါးပါးသီလ) ကို ဆောက်တည်၍ (မကောင်းမှုတို့ကို) ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



(သီလ ဆောက်တည်မည် ဟူသော) လုံ့လ ထင်ရှားရှိခဲ့သော် သက်ရှိ သတ္တဝါတို့ကို မညှဉ်းဆဲရာ၊ သိလျက် မဟုတ် မမှန်သော စကားကိုလည်း မပြောရာ၊ မပေးသည်ကိုလည်း မသုံးသပ်ရာ၊ အရိယာ တပည့်သည် မိမိမယားတို့ဖြင့်သာ ရောင့်ရဲ၍ သူတပါးမယားကို ဝေးစွာ ရှောင်ကြဉ်ရာ၏၊ စိတ်ကို တွေဝေစေတတ်သော မေရယငါးပါး သုရာငါးပါးကို မသောက်ရာ။

မြတ်စွာဘုရားကို အဖန်တလဲလဲ အောက်မေ့ရာ၏၊ တရားတော်ကိုလည်း အဖန်တလဲလဲ ကြံစည်ရာ၏၊ ဆင်းရဲမှု မရှိသည်သာလျှင်ဖြစ်သော ထို (ဗြဟ္မစိုရ်တရား လေးပါးနှင့် ယှဉ်သော) စိတ်ကို ဗြဟ္မာ့ဘုံ အကျိုးငှါ ပွါးများရာ၏။

လှူဖွယ်ဝတ္ထု ထင်ရှားရှိလတ်သော် ကောင်းမှုကို အလိုရှိ၍ ရှာမှီးသူသည် သူတော်ကောင်းတို့၌ ရှေးဦး ပေးလှူအပ်သော အလှူသည် ပြန့်ပြော၏။

သာရိပုတြာ သူတော်ကောင်း တို့ကို စင်စစ် ငါဟောကြားပေအံ့၊ ငါ၏ စကားကို ကောင်းစွာ နာယူလော့၊ အဆင်းတူဖြစ်သည့် နွားနက် နွားဖြူ နွားနီ နွားပြာ နွားစိမ်း နွားကျား ခိုပြာရောင် နွားတို့တွင် ရှေ့ဆောင် နွားလားသည် ယဉ်ကျေး၏၊ ဝန်ကို ဆောင်နိုင်၏၊ ခွန်အားနှင့် ပြည့်စုံ၏၊ ဖြောင့်မတ် လျင်မြန်စွာ သွား၏၊ ထိုနွားလားကို သာလျှင် ဝန်ဆောင် ခိုင်းကုန်၏၊ထိုနွားလား၏ အဆင်းကိုမူကား မစူးစမ်း မဆင်ခြင်ကုန်။

ဤအတူသာလျှင် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး ဆင်းရဲမျိုး ဒွန်းစဏ္ဍားမျိုး ပန်းမိုက်သွန်မျိုးဟူသော မည်သည့် အမျိုးအနွယ်၌ မဆို ဖြစ်သည့် လူတို့တွင် အကြင်သူသည် ယဉ်ကျေး၏၊ ကောင်းသော အကျင့်ရှိ၏၊ တရား၌ တည်၏၊ သီလနှင့် ပြည့်စုံ၏၊ မှန်သော စကားကို ဆိုလေ့ရှိ၏၊ (မကောင်းမှုမှ) ရှက်စိတ်ရှိ၏၊ ပဋိသန္ဓေနေခြင်း သေခြင်း သဘောကို ပယ်ပြီးဖြစ်၏၊ မြတ်သော အကျင့် အလုံးစုံနှင့် ပြည့်စုံပြီး ဖြစ်၏၊ (ခန္ဓာ)ဝန်ကို ချထားပြီး ဖြစ်၏၊ ဝဋ္ဋဆင်းရဲ၌ မယှဉ်၊ ပြုဖွယ်ကိုလည်း ပြုပြီးဖြစ်၏၊ အာသဝေါကင်း၏၊ အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်ပြီး ဖြစ်၏၊ (တဏှာဒိဋ္ဌိအားဖြင့်) တစုံတရာ အာရုံကို မစွဲယူမူ၍ ငြိမ်းအေး၏၊ ကိလေသာမြူကင်းသော လယ်ယာမြေကောင်း သဖွယ်ဖြစ်သော ထိုရဟန္တာပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် ပြန့်ပြော၏။

မသိ မလိမ္မာ ပညာမရှိ အကြားအမြင် နည်းပါးကုန်သော လူမိုက်တို့သည်ကား (ဤသာသနာမှ)အပ၌ အလှူတို့ကို ပေးလှူကုန်၏၊ သူတော်ကောင်းတို့ကို မဆည်းကပ်ကုန်။

အကြင်သူတို့သည်ကား ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော ပညာရှိ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကုန်၏၊ ထိုသူတို့၏ သဒ္ဓါတရားသည်ကား မြတ်စွာဘုရား၌ အမြစ်သဖွယ်ဖြစ်၍ တည်၏။

ထိုပညာရှိတို့သည် နတ်ပြည်သို့လည်း လားကုန်၏၊ ဤလူ့ပြည်၌မူလည်း အမျိုးမြတ်၌ ဖြစ်ကုန်၏၊ အစဉ်သဖြင့် နိဗ္ဗာန်သို့ ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဂဝေသီသုတ်

၁၈၀။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ ကောသလတိုင်းတို့၌ ဒေသစာရီ ကြွချီတော်မူ၏၊ မြတ်စွာဘုရားသည် ခရီးရှည် ကြွသွားတော်မူသည်ရှိသော် အရပ်မျက်နှာတခု၌ အင်ကြင်းတောကြီးကို မြင်တော်မူ၍ ခရီးလမ်းမှ ဖဲ၍ခွါခဲ့ပြီးလျှင် ထိုအင်ကြင်းတောသို့ ချဉ်းကပ် ဝင်ရောက်လျက် တခုသော အရပ်၌ ပြုံးတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာအား—

"မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမဲ့ ပြုံးတော် မမူကြကုန်"ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အသျှင်ဘုရား မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမဲ့ ပြုံးတော် မမူကြပါကုန်" ဟု (လျှောက်၏)။

အာနန္ဒာ ဤအရပ်၌ ရှေးအခါက မြို့ဖြစ်ဘူး၏၊ ပြည့်စုံလည်း ပြည့်စုံ၏၊ ကြွယ်ဝလည်း ကြွယ်ဝ၏၊ လူမျိုးစုံ ရောပြွမ်းသည်ဖြစ်၍ များစွာသော လူရှိ၏။

အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ထိုမြို့ကို အမှီပြု၍ (သီတင်းသုံး) နေတော်မူခဲ့၏။

အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားအား စောင့်ထိန်းမှု 'သီလ' တို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ မရှိသော ဂဝေသီမည်သော ဥပါသကာသည် ရှိ၏၊ အာနန္ဒာ ဂဝေသီမည်သော ဥပါသကာသည် သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့မရှိသော ဥပါသကာ ငါးရာတို့အား (ဥပါသကာ အဖြစ်ကို) ပြောကြားစေ၏၊ ဆောက်တည်စေ၏။

အာနန္ဒာ ထိုအခါ၌ ဂဝေသီမည်သော ဥပါသကာအား ဤအကြံသည် ဖြစ်၏—

"ငါသည် ဤဥပါသကာ ငါးရာတို့အား ကျေးဇူးများ၏၊ ရှေ့သွားခေါင်းဆောင် ဖြစ်၏၊ (ဥပါသကာအဖြစ်ကို)ဆောက်တည်စေ၏၊ ငါသည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ မရှိ၊ ဤဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ မရှိကုန်၊ ဤသို့ ဖြစ်ခြင်းသည် တူညီနေ၏၊ တစုံတရာ လွန်ကဲမှု မရှိ၊ ယခုအခါ ငါသည် လွန်ကဲရန် ကျင့်မည်"ဟု (အကြံဖြစ်၏)။

အာနန္ဒာ ထို့နောက် ဂဝေသီမည်သော ဥပါသကာသည် ဥပါသကာငါးရာတို့ထံသို့ ချဉ်းကပ်၍ ထိုဥပါသကာ ငါးရာတို့အား—

"အသျှင်တို့ ယနေ့မှစ၍ အကျွန်ုပ်ကို သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်သော သူဟု မှတ်ကြပါကုန်"ဟူ၍ ဤစကားကို ပြောဆို၏။

http://www.dhammadownload.com



အာနန္ဒာ ထိုအခါ၌ ထိုဥပါသကာ ငါးရာတို့အား ဤအကြံသည် ဖြစ်၏—

"အသျှင်ဂဝေသီသည် ငါတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊(ဥပါသကာ အဖြစ်ကို) ဆောက်တည်စေ၏၊ အသျှင်ဂဝေသီပင် သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်ဘုံဘိသေး၏၊ ငါတို့သည်ကား အဘယ့်ကြောင့် မပြည့်ကျင့်ပဲ ရှိရအံ့နည်း"ဟု (အကြံဖြစ်၏)။

အာနန္ဒာ ထိုအခါ၌ ထိုဥပါသကာ ငါးရာတို့သည် ဂဝေသီ ဥပါသကာထံသို့ ချဉ်းကပ်၍ ဂဝေသီ ဥပါသကာအား ဤစကားကို ဆိုကုန်၏—

"အသျှင်ဂဝေသီ ယနေ့မှ စ၍ ဤဥပါသကာ ငါးရာတို့ကိုလည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်သူတို့ဟူ၍ သိမှတ်ပါလော့"ဟု (ဆိုကုန်၏)။

အာနန္ဒာ ထို့နောက် ဂဝေသီမည်သော ဥပါသကာအား ဤအကြံသည် ဖြစ်ပြန်၏—

"ငါသည် ဤဥပါသကာ ငါးရာတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊ (ဥပါသကာအဖြစ်ကို)ဆောက်တည်စေ၏၊ ငါသည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိ၏၊ ဤဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိကုန်၏၊ ဤသို့ ဖြစ်ခြင်းသည် တူညီနေ၏၊ တစုံတရာ လွန်ကဲမှု မရှိ၊ ယခုအခါ ငါသည် လွန်ကဲရန် ကျင့်မည်"ဟု (အကြံဖြစ်ပြန်၏)။

အာနန္ဒာ ထို့နောက် ဂဝေသီဥပါသကာသည် ထိုဥပါသကာ ငါးရာတို့ထံသို့ ချဉ်းကပ်၍ ထိုဥပါသကာ ငါးရာတို့အား ဤစကားကို ဆို၏—

"အသျှင်တို့ ယနေ့မှ စ၍ အကျွန်ုပ်ကို မြတ်သော အကျင့်ကို ကျင့်သူ (အကျင့်ယုတ်မှ) ဝေးစွာ ကျင့်သူ ရွာသူတို့၏ အကျင့်ဟုဆိုအပ်သည့် မေထုန်မှ ကြဉ်ရှောင်သူဟူ၍ မှတ်ကြပါကုန်"ဟု (ပြောဆို၏)။

အာနန္ဒာ ထိုအခါ၌ ထိုဥပါသကာ ငါးရာတို့အား ဤသို့ အကြံသည် ဖြစ်ပြန်၏။

"အသျှင်ဂဝေသီသည် ငါတို့အား ကျေးဇူးများ၏၊ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊(ဥပါသကာ အဖြစ်ကို) ဆောက်တည်စေ၏၊အသျှင်ဂဝေသီပင် မြတ်သော အကျင့်ကို ကျင့်သူ(အကျင့်ယုတ်မှ) ဝေးစွာ ကြဉ်ရှောင်သူ ရွာသူတို့၏ အကျင့်ဟု ဆိုအပ်သော မေထုန်မှ ကြဉ်ရှောင်သူ ဖြစ်တုံဘိသေး၏၊ ငါတို့သည်ကား အဘယ့်ကြောင့် မဖြစ်ပဲ ရှိရအံ့နည်း"ဟု (အကြံဖြစ်ပြန်၏)။

အာနန္ဒာ ထို့နောက် ထိုဥပါသကာ ငါးရာတို့သည် ဂဝေသီဥပါသကာထံသို့ ချဉ်းကပ်၍ ဂဝေသီဥပါသကာအား ဤစကားကို ဆိုကုန်၏—

"အသျှင်ဂဝေသီ ယနေ့မှစ၍ ဤဥပါသကာ ငါးရာတို့ကိုလည်း မြတ်သောအကျင့်ကို ကျင့်သူ (အကျင့်ယုတ်မှ)ဝေးစွာ ကြဉ်ရှောင်သူ ရွာသူတို့၏ အကျင့်ဟု ဆိုအပ်သော မေထုန်မှ ကြဉ်ရှောင်သူတို့ဟူ၍ သိမှတ်ပါလော့"ဟု (ပြောဆိုကြကုန်၏)။

အာနန္ဒာ ထိုအခါ၌ ဂဝေသီဥပါသကာအား—

"ငါသည် ဤဥပါသကာ ငါးရာတို့အား ကျေးဇူးများ၏၊ ရှေ့သွားခေါင်းဆောင် ဖြစ်၏၊ (ဥပါသကာအဖြစ်ကို) ဆောက်တည်စေ၏၊ ငါသည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့

http://www.dhammadownload.com



ရှိ၏၊ ဤဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ ရှိကုန်၏၊ ငါသည်လည်း မြတ်သော အကျင့်ကို ကျင့်၏(အကျင့်ယုတ်မှ) ဝေးစွာကြဉ်ရှောင်၏၊ ရွာသူတို့၏ အကျင့်ဟု ဆိုအပ်သော မေထုန်မှ ကြဉ်ရှောင်၏၊ ဤဥပါသကာ ငါးရာတို့သည်လည်း မြတ်သော အကျင့်ကို ကျင့်ကုန်၏၊ (အကျင့်ယုတ်မှ) ဝေးစွာကြဉ်ရှောင်ကုန်၏၊ ရွာသူတို့၏ အကျင့်ဟုဆိုအပ်သော မေထုန်မှ ကြဉ်ရှောင်ကုန်၏၊ ဤသို့ ဖြစ်ခြင်းသည် တူညီနေကြ၏၊ တစုံတရာ လွန်ကဲမှု မရှိ၊ ယခုအခါ ငါသည် လွန်ကဲရန် ကျင့်မည်''ဟု (အကြံဖြစ်ပြန်၏)။

အာနန္ဒာ ထို့နောက် ဂဝေသီဥပါသကာသည် ထိုဥပါသကာ ငါးရာတို့ထံသို့ ချဉ်းကပ်၍ ထိုဥပါသကာ ငါးရာတို့အား **ဤစကား**ကို ဆို၏—

အသျှင်တို့ ''ယနေ့မှစ၍ကျွန်ုပ်ကို တထပ်တည်းသာ စားသူ ညစာ စားခြင်းမှ ကြဉ်ရှောင်သူ နေလွဲသောအခါ စားခြင်းမှ ကြဉ်ရှောင်သူဟူ၍ မှတ်ကြပါကုန်''ဟု (ဆိုပြန်၏)။

**အာနန္ဒာ ထိုအခါ၌ ထို ဥပါသကာ ငါးရာတို့အား** ဤအကြံသည် ဖြစ်ပြန်၏—

''အသျှင်ဂဝေသီသည် ငါတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊ (ဥပါသကာ အဖြစ်ကို) ဆောက်တည်စေ၏၊ အသျှင်ဂဝေသီပင် တထပ်တည်းသာ စားသူ ညစာ စားခြင်းမှ ကြဉ်ရှောင်သူ နေလွဲသောအခါ စားခြင်းမှ ကြဉ်ရှောင်သူ ဖြစ်တုံဘိသေး၏၊ ငါတို့သည်ကား အဘယ့်ကြောင့် မဖြစ်ပဲ ရှိရအံ့နည်း''ဟု(အကြံဖြစ်ပြန်၏)။

အာနန္ဒာ ထို့နောက် ထို ဥပါသကာ ငါးရာတို့သည် ဂဝေသီ ဥပါသကာထံသို့ ချဉ်းကပ်၍ ဂဝေသီဥပါသကာအား **ဤစကား**ကို ဆိုကုန်၏—

''အသျှင်ဂဝေသီ ယနေ့မှ စ၍ ဤ ဥပါသကာ ငါးရာတို့ကိုလည်း တထပ်တည်းသာ စားသူ ညစာ စားခြင်းမှ ကြဉ်ရှောင်သူ နေလွဲသော အခါ စားခြင်းမှ ကြဉ်ရှောင်သူတို့ဟူ၍ မှတ်ပါလော့'' ဟု (ပြောဆိုကြကုန်၏)။

အာနန္ဒာ ထိုအခါ၌ ဂဝေသီဥပါသကာအား ဤအကြံသည် ဖြစ်ပြန်၏—

''ငါသည် ဤ ဥပါသကာ ငါးရာတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊ (ဥပါသကာအဖြစ်ကို) ဆောက်တည်စေ၏၊ငါသည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိ၏၊ ဤ ဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိကုန်၏၊ ငါသည်လည်း မြတ်သော အကျင့်ကို ကျင့်၏၊(အကျင့်ယုတ်မှ)ဝေးစွာ ကြဉ်ရှောင်၏၊ ရွာသူတို့၏ အကျင့်ဟုဆိုအပ် သောမေထုန်မှ ကြဉ်ရှောင်ကြ၏၊ ဤဥပါသကာငါးရာတို့သည်လည်း မြတ်သော အကျင့်ကို ကျင့်ကြကုန်၏၊ (အကျင့်ယုတ်မှ) ဝေးစွာကြဉ်ရှောင်ကုန်၏၊ ရွာသူတို့၏ အကျင့်ဟုဆိုအပ်သော မေထုန်မှ ကြဉ်ရှောင်ကုန်၏၊ ငါသည်လည်း တထပ်တည်းသာ စား၏၊ညစာ စားခြင်းမှ ကြဉ်ရှောင်၏၊ နေလွဲသောအခါ စားခြင်းမှ ကြဉ်ရှောင်၏၊ ဤ ဥပါသကာငါးရာတို့သည်လည်း တထပ်တည်းသာ စားကုန်၏၊ညစာစားခြင်းမှ ကြဉ်ရှောင်ကုန်၏၊ နေလွဲသောအခါ စားခြင်းမှ ကြဉ်ရှောင်ကုန်၏၊ ဤသို့ ဖြစ်ခြင်းသည် တူညီနေ၏၊ တစုံတရာ လွန်ကဲမှုမရှိ၊ ယခုအခါ ငါသည် လွန်ကဲရန် ကျင့်မည်''ဟု(အကြံ ဖြစ်ပြန်၏)။

http://www.dhammadownload.com



အာနန္ဒာ ထိုအခါ၌ ဂဝေသီ ဥပါသကာသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤ စကားကို လျှောက်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား အထံတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု (လျှောက်၏)။

အာနန္ဒာ ဂဝေသီ ဥပါသကာသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလေ၏။

အာနန္ဒာ ရဟန်းဖြစ်၍ မကြာသေးသော အသျှင်ဂဝေသီသည်တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်)သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာ သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သည့် အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ ဘာပါးသော ပြုဖွယ် မရှိတော့"ဟုသိ၏၊အသျှင် ဂဝေသီသည် ရဟန္တာတို့တွင်တပါးအပါအဝင်ဖြစ်၏။

အာနန္ဒာ ထိုအခါ၌ ထို ဥပါသကာ ငါးရာတို့အား ဤ အကြံသည် ဖြစ်ပြန်၏။

"အသျှင်ဂဝေသီသည် ငါတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏ (ဥပါသကာအဖြစ်ကို)ဆောက်တည်စေ၏၊ အသျှင်ဂဝေသီပင် ဆံမုတ်ဆိတ်ကို ရိတ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် တုံဘိသေး၏၊ ငါတို့သည်ကား အဘယ့်ကြောင့် မဝင်ရောက်ပဲ ရှိရာအံ့နည်း"ဟု(အကြံ ဖြစ်ပြန်၏)။

အာနန္ဒာ ထိုအခါ၌ ထို ဥပါသကာ ငါးရာတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤ စကားကို လျှောက်၏—

"အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား အထံတော်၌ ရှင်အဖြစ်ကို ရလိုပါကုန်၏၊ ရဟန်းအဖြစ်ကို ရလိုပါကုန်၏"ဟု(လျှောက်၏)။

အာနန္ဒာ ထို ဥပါသကာ ငါးရာတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရကုန်၏။

အာနန္ဒာ ထိုအခါ ဂဝေသီရဟန်းအား ဤ အကြံသည် ဖြစ်ပြန်၏—

"ငါသည်ကား အတုမရှိသော ဤ လွတ်မြောက်မှု ချမ်းသာ 'ဝိမုတ္တိသုခ'ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရ၏၊ ဤ ရဟန်းငါးရာတို့သည်လည်း အတုမရှိသော ဤ လွတ်မြောက်မှု ချမ်းသာ 'ဝိမုတ္တိသုခ'ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရကုန်သည် ဖြစ်ပါကုန်မူကား ကောင်းလေစွ"ဟု(အကြံဖြစ်၏)။

http://www.dhammadownload.com



အာနန္ဒာ ထိုအခါ ရဟန်းငါးရာတို့သည် ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သည့် အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့"ဟု သိကုန်၏။

အာနန္ဒာ ဤ သို့လျှင် ဂဝေသီအမှူးရှိသော ထိုငါးရာသော ရဟန်းတို့သည် လွန်ကဲသည်ထက် လွန်ကဲသော မြတ်သည်ထက် မြတ်သော လုံ့လကို အားထုတ်ကုန်သည်ဖြစ်၍ အတုမရှိသော လွတ်မြောက်ခြင်း 'အရဟတ္တဖိုလ်'ကို မျက်မှောက်ပြုကြကုန်၏။

အာနန္ဒာ ထို့ကြောင့်သာလျှင် ဤ သာသနာတော်၌"လွန်ကဲသည်ထက် လွန်ကဲသော မြတ်သည်ထက် မြတ်သော လုံ့လကို အားထုတ်ကုန်သည်ဖြစ်၍ အတုမရှိသော လွတ်မြောက်ခြင်း 'အရဟတ္တဖိုလ်' ကို မျက်မှောက်ပြုကုန်အံ့"ဟု ကျင့်ရမည်၊အာနန္ဒာ ဤ အတိုင်းပင် သင်သည် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဥပါသကဝဂ် ပြီး၏။

---

## (၁၉) ၄-အရညဝဂ် ၁-အာရညိကသ...

၁၈၁။ ရဟန်းတို့ တောနေရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနုန့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် တော၌ နေ၏။

ယုတ်ညံ့သော အလိုရှိ၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ တော၌နေ၏။

ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းကြောင့် တော၌ နေ၏။

မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်၎င်း ချီးမွမ်းအပ်၏ဟု (နှလုံးသွင်း၍) တော၌ နေ၏။

အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ်ငြိမ်မှုကိုသာလျှင် မှီ၍ အကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ တော၌ နေ၏။

ရဟန်းတို့ တော၌နေသော ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤတောနေ ရဟန်းငါးမျိုးတို့တွင် အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ်ငြိမ်မှု ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ တော၌ နေသော ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏၊

http://www.dhammadownload.com



ရဟန်းတို့ နွားမမှ နို့ ရည် နို့ရည်မှ နို့ ဓမ်း နို့ ဓမ်းမှ ဆီဦ ဆီဦမှ ထောပတ် ထောပတ်မှ ထောပတ်ကြည်ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ (ထောပတ်ကြည်ကို) မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့ အတူသာလျှင် ဤတောနေ ရဟန်းငါးမျိုးတို့တွင် အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ်ငြိမ်မှု အကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ တော၌ နေသော ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-စီဝရသုတ်

၁၀၂။ ရဟန်းတို့ ပံသုကူ ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနည့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် ပံသုကူဓုတင်ကို ဆောင်၏။ပ။

ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ ပံသုကူဓုတင်ကို ဆောင်၏။

ရဟန်းတို့ ပံသုကူဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ရုက္ခမူလိကသုတ်

၁၀၃။ ရဟန်းတို့ ရုက္ခမူ ဓုတင်ဆောင်ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနည့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် ရုက္ခမူ ဓုတင်ကို ဆောင်၏။ပ။

ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ ရုက္ခမူ ဓုတင်ကို ဆောင်၏။

ရဟန်းတို့ ရုက္ခမူ ဓုတင်ဆောင်သော ရဟန်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သောသာနိကသုတ်

၁၀၄။ ရဟန်းတို့ သုသာန် ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနည့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် သုသာန် ဓုတင်ကို ဆောင်၏။ပ။

ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ သုသာန် ဓုတင်ကို ဆောင်၏။

ရဟန်းတို့ သုသာန် ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-အဗ္ဘောကာသိကသုတ်

၁၇၅။ ရဟန်းတို့ အဗ္ဘောကာသိက ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ပ။

ပဉ္စမသုတ်။

---

## ၆-နေသဇ္ဇိကသုတ်

၁၇၆။ ရဟန်းတို့ နိသဇ် ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ပ။

ဆဋ္ဌသုတ်။

---

## ၇-ယထာသန္ထတိကသုတ်

၁၇၇။ ရဟန်းတို့ ယထာသန္ထတိ ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ပ။

သတ္တမသုတ်။

---

## ၈-ကောသနိကသုတ်

၁၇၈။ ရဟန်းတို့ ကောသနိက ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ပ။

အဋ္ဌမ သုတ်။

---

## ၉-ခလုပစ္ဆာဘတ္တိကသုတ်

၁၇၉။ ရဟန်းတို့ ခလုပစ္ဆာဘတ္တိက ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ပ။

နဝမသုတ်။

---

## ၁၀-ပတ္တပိဏ္ဍိကသုတ်

၁၈၀။ ရဟန်းတို့ ပတ္တပိုဏ် ဓုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပညာနည့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် ပတ္တပိုဏ် ဓုတင်ကို ဆောင်၏။

ယုတ်ညံ့သော အလိုရှိ၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ ပတ္တပိုဏ် ဓုတင်ကို ဆောင်၏။

ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းကြောင့် ပတ္တပိုဏ် ဓုတင်ကို ဆောင်၏။

မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရား၏ တပည့် သာဝကတို့သည်၎င်း ချီးမွမ်းအပ်၏ဟု (နှလုံးသွင်း၍) ပတ္တပိုဏ် ဓုတင်ကို ဆောင်၏။

http://www.dhammadownload.com



အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ်ငြိမ်မှု ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ ပတ္တပိုဏ် ခုတင်ကို ဆောင်၏။

ရဟန်းတို့ ပတ္တပိုဏ် ခုတင်ဆောင် ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤပတ္တပိုဏ် ခုတင်ဆောင် ရဟန်းငါးမျိုးတို့တွင် အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ်ငြိမ်မှု ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ ပတ္တပိုဏ် ခုတင်ဆောင် ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏။

ရဟန်းတို့ နွားမမှ နို့ ရည် နို့ ရည်မှ နို့ ဓမ်းနို့ ဓမ်းမှ ဆီဦ ဆီဦမှ ထောပတ် ထောပတ်မှ ထောပတ် ကြည်ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ (ထောပတ်ကြည်ကို) မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူ သာလျှင် ဤပတ္တပိုဏ် ခုတင်ဆောင် ရဟန်းငါးမျိုးတို့တွင် အလိုနည်းမှု ရောင့်ရဲမှု ခေါင်းပါးမှု ဆိတ် ငြိမ်မှု အကျင့်ဖြင့် အကျိုးရှိမှုကို သာလျှင် မှီ၍ ပတ္တပိုဏ် ခုတင်ဆောင်သော ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် အရညဝဂ် ပြီး၏။

## (၂၀) ၅-ဗြာဟ္မဏဝဂ် ၁-သောဏသုတ်

၁၉၁။ ရဟန်းတို့ ဤရှေးဟောင်း ပုဏ္ဏားသဘော ငါးမျိုးတို့ကို ယခုအခါ ခွေးတို့၌ တွေ့မြင် ရကုန်၏၊ ပုဏ္ဏားတို့၌ မတွေ့မြင်ရကုန်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ရှေးအခါက ပုဏ္ဏားတို့သည် ပုဏ္ဏေးမကိုသာလျှင် သွားလာကုန်၏၊ ပုဏ္ဏေးမ မဟုတ် သူကို မသွားလာကုန်၊ ရဟန်းတို့ ယခုအခါ၌ကား ပုဏ္ဏားတို့သည် ပုဏ္ဏေးမကိုလည်း သွားလာကုန် ၏၊ ပုဏ္ဏေးမ မဟုတ်သူကိုလည်း သွားလာကုန်၏။

ရဟန်းတို့ ယခုအခါ၌ကား ခွေးတို့သည် ခွေးမကိုသာလျှင် သွားလာကုန်၏၊ခွေးမ မဟုတ်သည် ကို မသွားလာကုန်၊ ရဟန်းတို့ ဤသည်ကား ယခုအခါ ခွေးတို့၌သာ တွေ့မြင်ရ၍ ပုဏ္ဏားတို့၌ မတွေ့ မြင်ရသော ပဌမ ရှေးဟောင်း ပုဏ္ဏားသဘောပေတည်း။

ရဟန်းတို့ ရှေးအခါက ပုဏ္ဏားတို့သည် ဥတုလာသော ပုဏ္ဏေးမကိုသာလျှင် သွားလာကုန်၏၊ ဥတု မလာသော ပုဏ္ဏေးမကို မသွားလာကုန်၊ရဟန်းတို့ ယခုအခါ၌ကား ပုဏ္ဏားတို့သည် ဥတုလာ သော ပုဏ္ဏေးမကိုလည်း သွားလာကုန်၏၊ ဥတုမလာသော ပုဏ္ဏေးမကိုလည်း သွားလာကုန်၏။

ရဟန်းတို့ ယခုအခါ၌ ခွေးတို့သည် ဥတုလာသော ခွေးမကိုသာလျှင် သွားလာကုန်၏၊ ဥတု မလာသော ခွေးမကို မသွားလာကုန်။

ရဟန်းတို့ ဤသည်ကား ယခုအခါ ခွေးတို့၌သာ တွေ့မြင်ရ၍ ပုဏ္ဏားတို့၌ မတွေ့မြင်ရသော ဒုတိယ ရှေးဟောင်း ပုဏ္ဏားသဘောပေတည်း။

http://www.dhammadownload.com



ရဟန်းတို့ ရှေးအခါက ပုဏ္ဏားတို့သည် ပုဏ္ဏေးမကို မဝယ်ကုန်၊ မရောင်းကုန်၊ အချင်းချင်း ချစ်မြတ်နိုးသဖြင့်သာလျှင် အစဉ်အလာကို ဖွဲ့စပ်ရန် ပေါင်းဖော်ကြကုန်၏။

ရဟန်းတို့ ယခုအခါ၌ကား ပုဏ္ဏားတို့သည် ပုဏ္ဏေးမကို ဝယ်လည်း ဝယ်ကုန်၏၊ ရောင်းသည်း ရောင်းကုန်၏၊ အချင်းချင်း ချစ်မြတ်နိုးသဖြင့်လည်း အစဉ်အလာကို ဖွဲ့စပ်ရန် ပေါင်းဖော် ကြကုန်၏။

ရဟန်းတို့ ယခုအခါ၌ ခွေးတို့သည် ခွေးမကို မရောင်း မဝယ်ကုန်၊ အချင်းချင်း ချစ်မြတ်နိုး သဖြင့်သာလျှင် အစဉ်အလာကို ဖွဲ့စပ်ရန် ပေါင်းဖော်ကြကုန်၏။

ရဟန်းတို့ ဤသည်ကား ယခုအခါ ခွေးတို့၌သာလျှင် တွေ့မြင်ရ၍ ပုဏ္ဏားတို့၌ မတွေ့မြင် ရသော တတိယ ရှေးဟောင်း ပုဏ္ဏားသဘောပေတည်း။

ရဟန်းတို့ ရှေးအခါက ပုဏ္ဏားတို့သည် ဥစ္စာ စပါး ငွေ ရွှေကို မသိုမှီး မသိမ်းဆည်းကြကုန်၊ ရဟန်းတို့ ယခုအခါ၌ကား ပုဏ္ဏားတို့သည် ဥစ္စာ စပါး ငွေ ရွှေကို သိုမှီး သိမ်းဆည်းကုန်၏။

ရဟန်းတို့ ယခုအခါ၌ ခွေးတို့သည် ဥစ္စာ စပါး ငွေ ရွှေကို မသိုမှီး မသိမ်းဆည်းကြကုန်။

ရဟန်းတို့ ဤသည်ကား ယခုအခါ ခွေးတို့၌သာလျှင် တွေ့မြင်ရ၍ ပုဏ္ဏားတို့၌ မတွေ့မြင်ရသော စတုတ္ထ ရှေးဟောင်း ပုဏ္ဏားသဘောပေတည်း။

ရဟန်းတို့ ရှေးအခါက ပုဏ္ဏားတို့သည် ညအခါ ညစာ အလို့ငှါ နံနက်အခါ နံနက်စာ အလို့ငှါ အစားအစာကို ရှာကုန်၏၊ ရဟန်းတို့ ယခုအခါ၌ကား ပုဏ္ဏားတို့သည် အလိုရှိတိုင်း ဝမ်းပြည့် အောင် စားပြီးလျှင် အကြွင်းကို ယူ၍ သွားကုန်၏။

ရဟန်းတို့ ယခုအခါ၌ ခွေးတို့သည် ညအခါ၌ ညစာအလို့ငှါ နံနက်အခါ၌ နံနက်စာအလို့ငှါ အစားအစာကို ရှာကုန်၏။

ရဟန်းတို့ ဤသည်ကား ယခုအခါ ခွေးတို့၌သာလျှင် တွေ့မြင်ရ၍ ပုဏ္ဏားတို့၌ မတွေ့မြင် ရသော ပဉ္စမ ရှေးဟောင်း ပုဏ္ဏားသဘောပေတည်း။

ရဟန်းတို့ ဤရှေးဟောင်း ပုဏ္ဏားသဘော ငါးမျိုးတို့ကို ယခုအခါ ခွေးတို့၌သာ တွေ့မြင် ရကုန်၏၊ ပုဏ္ဏားတို့၌ မတွေ့မြင်ရကုန်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒေါဏဗြာဟ္မဏသုတ်

၁၉၂။ ထိုအခါ ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား—

အသျှင်ဂေါတမ "ရဟန်းဂေါတမသည် အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး၊ ခရီးဦးလည်း မကြိုဆို၊

http://www.dhammadownload.com



နေရာလည်းမပေး”ဟူသော စကားကို အကျွန်ုပ်ကြားဘူးပါ၏၊ ထိုစကားသည် ကြားသည့်အတိုင်း မှန်သည်သာတည်း၊ အသျှင်ဂေါတမသည် အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး ခရီးဦးလည်း မကြိုဆို နေရာလည်း မပေး၊အသျှင်ဂေါတမ ထို(ရှိခိုးခြင်းစသည်ကို မပြုခြင်း)သည် မသင့်လျော် သည်သာတည်း ဟု လျှောက်၏။

ဒေါဏ သင်သည်လည်း ပုဏ္ဏားဟု ဝန်ခံပါသလောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ “ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက် စလုံးတို့မှ ကောင်းသောဇာတ် ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန်‘နိဃဏ္ဍု’ကျမ်း အလင်္ကာ‘ကေဋုဘ’ကျမ်း သဒ္ဒါ‘အက္ခရပ္ပဘေဒ’ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏”ဟူသော စကားကို ကောင်းစွာဆိုသူသည် အကျွန်ုပ်ကိုသာလျှင် ကောင်းစွာ ဆိုရာ၏။

“အသျှင်ဂေါတမ အကျွန်ုပ်သည်ကား အမိဖက် အဖဖက် နှစ်ဖက် စလုံးတို့မှ ကောင်းသော ဇာတ်ရှိပါသည်၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိပါသည်၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရပါ၊ ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်ပါ သည်၊ ဝေဒကျမ်းတို့ကို ဆောင်ပါသည်၊ အဘိဓာန်‘နိဃဏ္ဍု’ကျမ်း အလင်္ကာ‘ကေဋုဘ’ကျမ်း သဒ္ဒါ ‘အက္ခရပ္ပဘေဒ’ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်ပါသည်၊ ပဒကျမ်းကို တတ်ပါသည်၊ ဗျာကရဏ်းကျမ်းကို တတ်ပါသည်၊ လောကာယတ ကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်ပါသည်”ဟု (လျှောက်၏)။

ဒေါဏ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင် ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏား တို့သည် ယင်း(ရသေ့)တို့သီဆို ပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆို ထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း— အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝ ရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပ ရသေ့ ဘဂုရသေ့တို့တည်း။

ထိုရသေ့တို့၏ တပည့် ပုဏ္ဏားတို့သည်—

ဗြဟ္မာနှင့် တူသော ပုဏ္ဏား။

နတ်နှင့် တူသော ပုဏ္ဏား။

စည်းကမ်း ရှိသော ပုဏ္ဏား။

စည်းကမ်း ပျက်သော ပုဏ္ဏား။

ငါးယောက်မြောက် ဒွန်းစဏ္ဍားနှင့်တူသော ပုဏ္ဏားဟူ၍ ဤပုဏ္ဏားငါးမျိုးတို့ကို ပညတ်ကုန်၏။

http://www.dhammadownload.com



ဒေါဏ သင်သည် ထိုပုဏ္ဏားငါးမျိုးတို့တွင် အဘယ်အမျိုးအစားနည်းဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ အကျွန်ုပ်သည် ပုဏ္ဏားငါးမျိုးတို့ကို မသိပါကုန်၊ စင်စစ်သော်ကား အကျွန်ုပ်တို့သည် ပုဏ္ဏားတို့ဟူ၍သာ သိပါကုန်၏။

အသျှင်ဂေါတမသည် အကျွန်ုပ်အား ဤပုဏ္ဏားငါးမျိုးတို့ကို သိနိုင်အောင် တရားဟောတော်မူပါရန် တောင်းပန်ပါ၏ဟု (လျှောက်၏)။

ဒေါဏ သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။

"အသျှင်ဂေါတမ ကောင်းပါပြီ"ဟု ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ဒေါဏ အဘယ်သို့လျှင် ပုဏ္ဏားသည် ဗြဟ္မာနှင့် တူသနည်း။

ဒေါဏ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ ထိုပုဏ္ဏားသည် လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ဝေဒကျမ်းတို့ကို ရွတ်ဖတ်လျက် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၏။

လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၍ ဝေဒကျမ်းတို့ကို ရွတ်ဖတ်ပြီးလျှင် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို တရားသဖြင့်သာလျှင် ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထိုဥစ္စာရှာမှီးရာ၌ တရားဟူသည် အဘယ်နည်း။

လယ်လုပ်ခြင်း ကုန်သွယ်ခြင်း နွားမွေးခြင်း စစ်မှုထမ်းခြင်း မင်းမှုထမ်းခြင်းဖြင့်၎င်း အတတ်ပညာတမျိုးမျိုးဖြင့်၎င်း မရှာမှီး၊ တောင်းရမ်းသော အကျင့်သက်သက်ဖြင့်သာလျှင် ခွက်ကို မထေမဲ့မြင် မပြုမူ၍ ရှာမှီး၏၊ ထိုသူသည် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို အပ်နှင်းခဲ့၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ထိုသူသည် ဤသို့ ရဟန်းပြုပြီးသည်ရှိသော် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ကရုဏာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။မုဒိတာနှင့် ယှဉ်သော စိတ်ဖြင့် ။ပ။

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက်

http://www.dhammadownload.com



အရပ်မျက်နှာကို၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ထိုသူသည် ဤဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွါးများပြီးလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော သူတို့၏ လားရာဖြစ်သော ဗြဟ္မာ့ပြည်သို့ ရောက်၏။

ဒေါဏ ဤသို့လျှင် ပုဏ္ဏားသည် ဗြဟ္မာနှင့် တူ၏။ (၁)

ဒေါဏ အဘယ်သို့လျှင် ပုဏ္ဏားသည် နတ်နှင့် တူသနည်း။

ဒေါဏ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်ဇသော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ ထိုပုဏ္ဏားသည် လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ဝေဒကျမ်း တို့ကို ရွတ်ဖတ်လျက် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၏၊ လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၍ ဝေဒကျမ်းတို့ကို ရွတ်ဖတ်ပြီးလျှင် ဆရာအား (ပူဇော်ရန်)ဆရာတွက် ဥစ္စာကို တရားသဖြင့်သာလျှင် ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထိုဥစ္စာရှာမှီးရာ၌ တရားဟူသည် အဘယ်နည်း။

လယ်လုပ်ခြင်း ကုန်သွယ်ခြင်း နွားမွေးခြင်း စစ်မှုထမ်းခြင်း မင်းမှုထမ်းခြင်းဖြင့်၎င်း အတတ်ပညာ တမျိုးမျိုးဖြင့်၎င်း မရှာမှီး၊ တောင်းရမ်းသော အကျင့်သက်သက်ဖြင့်သာလျှင် ခွက်ကို မထေမဲ့မြင် မပြုမူ၍ ရှာမှီး၏၊ ထိုသူသည် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို အပ်နှင်းခဲ့၍ တရားသဖြင့်သာလျှင် မယားကို ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထို မယား ရှာရာ၌ တရားဟူသည် အဘယ်နည်း။

ဝယ်ခြင်း ရောင်းခြင်းဖြင့် မရှာမှီး၊ ရေစက်သွန်းချ၍ စွန့်လွှတ်အပ်သော ပုဏ္ဏေးမကိုသာ လျှင် ရှာမှီး၏၊ ထိုသူသည် ပုဏ္ဏေးမကိုသာလျှင် သွားလာ၏၊ မင်းသမီး ကုန်သည် အမျိုးသမီး သူဆင်းရဲအမျိုးသမီး ဒွန်းစဏ္ဍားအမျိုးသမီး မုဆိုးအမျိုးသမီး နှီးသမားအမျိုးသမီး သားရေ နယ်အမျိုးသမီး ပန်းမှိုက်သွန်အမျိုးသမီး ကိုယ်ဝန်ဆောင်မိန်းမ နို့တိုက်သော မိန်းမ ဥတု မလာသော မိန်းမတို့ကို မသွားလာ။

ဒေါဏ ပုဏ္ဏားသည် ကိုယ်ဝန်ဆောင်မိန်းမကို အဘယ့်ကြောင့် မသွားလာသနည်း။

ဒေါဏ ပုဏ္ဏားသည် ကိုယ်ဝန်ဆောင်မိန်းမကို အကယ်၍ သွားလာခဲ့ပါမူ ထို(ကိုယ်ဝန်၌ရှိ သော) သူငယ်ဖြစ်စေ သူငယ်မဖြစ်စေ အလွန်ကြီးမားသော မစင်စု၌ ဖြစ်သည် မည်၏၊ ထို့ကြောင့် ပုဏ္ဏားသည် ကိုယ်ဝန်ရှိသော မိန်းမကို မသွားလာ။

ဒေါဏ ပုဏ္ဏားသည် နို့တိုက်သော မိန်းမကို အဘယ့်ကြောင့် မသွားလာသနည်း။

ဒေါဏ ပုဏ္ဏားသည် နို့တိုက်သော မိန်းမကို အကယ်၍ သွားလာခဲ့ပါမူ ထို (နို့စို့သော) သူငယ်ဖြစ်စေ သူငယ်မဖြစ်စေ မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့် နှိပ်စက်အပ်သည် မည်၏၊ ထို့ကြောင့် ပုဏ္ဏားသည် နို့တိုက်သောမိန်းမကို မသွားလာ။

http://www.dhammadownload.com



ထိုပုဏ္ဏေးမသည် ထိုပုဏ္ဏားအတွက် ကာမဂုဏ်ခံစားရန် မြူးထူးရန် မွေ့လျော်ရန် မဟုတ်၊ သားသမီးရရန်သာ ဖြစ်၏၊ ထိုပုဏ္ဏားသည် သားသမီးကို ဖြစ်စေ၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ထိုသူသည် ဤသို့ ရဟန်းပြုပြီးသည်ရှိသော် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုသူသည် ဤဈာန်လေးပါးတို့ကို ပွါးများပြီးလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော သူတို့၏ လားရာ ဗြဟ္မာ့ပြည်သို့ ရောက်၏၊ ဒေါဏ ဤသို့လျှင် ပုဏ္ဏားသည် နတ်နှင့်တူ၏။ (၂)

ဒေါဏ အဘယ်သို့လျှင် ပုဏ္ဏားသည် စည်းကမ်းရှိသူ ဖြစ်သနည်း။

ဒေါဏ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ ထိုပုဏ္ဏားသည် လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ကောမာရ ဗြဟ္မစရိယအကျင့်ကို ကျင့်၍ ဝေဒကျမ်းတို့ကို ရွတ်ဖတ်ပြီးလျှင် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို တရားသဖြင့်သာလျှင် ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထိုဥစ္စာရှာမှီးရာ၌ တရားဟူသည် အဘယ်နည်း။

လယ်လုပ်ခြင်း ကုန်သွယ်ခြင်း နွားမွေးခြင်း စစ်မှုထမ်းခြင်း မင်းမှု ထမ်းခြင်းဖြင့်၎င်း အတတ်ပညာ တမျိုးမျိုးဖြင့်၎င်း မရှာမှီး၊ တောင်းရမ်းသော အကျင့် သက်သက်ဖြင့်သာလျှင် ခွက်ကို မထေမဲ့မြင် မပြုမူ၍ ရှာမှီး၏၊ ထိုသူသည် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို အပ်နှင်းခဲ့၍ တရားသဖြင့်သာလျှင် မယားကို ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထို မယား ရှာရာ၌ တရားဟူသည် အဘယ်နည်း။

ဝယ်ခြင်း ရောင်းခြင်းဖြင့် မရှာမှီး၊ ရေစက်သွန်းချ၍ စွန့်လွှတ်အပ်သော ပုဏ္ဏေးမကိုသာလျှင် ရှာမှီး၏၊ ထိုသူသည် ပုဏ္ဏေးမကိုသာလျှင် သွားလာ၏၊မင်းသမီး ကုန်သည်အမျိုးသမီး သူဆင်းရဲ အမျိုးသမီး ဒွန်းစဏ္ဍားအမျိုးသမီး မုဆိုးအမျိုးသမီး နှီးသမားအမျိုးသမီး သားရေနယ်အမျိုး သမီး ပန်းမှိုက်သွန်အမျိုးသမီး ကိုယ်ဝန်ဆောင်မိန်းမ နို့တိုက်သောမိန်းမ ဥတုမလာသော မိန်းမ တို့ကို မသွားလာ။

ဒေါဏ ပုဏ္ဏားသည် ကိုယ်ဝန်ဆောင်မိန်းမကို အဘယ့်ကြောင့် မသွားလာသနည်း။

ဒေါဏ ပုဏ္ဏားသည် ကိုယ်ဝန်ဆောင်မိန်းမကို အကယ်၍သွားလာခဲ့ပါမူ ထို(ကိုယ်ဝန်၌ရှိသော) သူငယ်ဖြစ်စေ သူငယ်မဖြစ်စေ အလွန်ကြီးမားသော မစင်စု၌ ဖြစ်သည်မည်၏၊ ထို့ကြောင့် ပုဏ္ဏားသည် ကိုယ်ဝန်ဆောင်မိန်းမကို မသွားလာ။

ဒေါဏ ပုဏ္ဏားသည် နို့တိုက်သောမိန်းမကို အဘယ့်ကြောင့် မသွားလာသနည်း။

ဒေါဏ ပုဏ္ဏားသည် နို့တိုက်သော မိန်းမကို အကယ်၍ သွားလာခဲ့ပါမူ ထို(နို့စို့သော) သူငယ် ဖြစ်စေ သူငယ်မ ဖြစ်စေ မစင် မကြယ် စက်ဆုပ်ဖွယ်ဖြင့် နှိပ်စက်အပ်သည်မည်၏၊ ထို့ကြောင့် ပုဏ္ဏားသည် နို့တိုက်သော မိန်းမကို မသွားလာ။

http://www.dhammadownload.com



ထိုပုဏ္ဏေးမသည် ထိုပုဏ္ဏားအတွက် ကာမဂုဏ်ခံစားရန် မြူးထူးရန် မွေ့လျော်ရန် မဟုတ်၊ သားသမီးရရန်သာ ဖြစ်၏၊ ထိုပုဏ္ဏားသည် သားသမီးကို ဖြစ်စေ၍ ထိုသားသမီး၌ ချစ်ခြင်းကို သာလျှင် တောင့်တလျက် ဥစ္စာကို စိုးအုပ်၍ နေ၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်ရောက်၊ ရှေးပုဏ္ဏားတို့ စည်းကမ်းရှိသလောက် တည်၏၊ ထိုစည်းကမ်းကို မလွန်၊ ဒေါဏ "ရှေးပုဏ္ဏားတို့ စည်းကမ်းရှိသလောက် တည်၍ ထိုစည်းကမ်းကို မလွန်သောကြောင့် ပုဏ္ဏားကို စည်းကမ်းရှိသူ" ဟူ၍ ဆိုအပ်၏၊ ဒေါဏ ဤသို့လျှင် ပုဏ္ဏားသည် စည်းကမ်းရှိသူဖြစ်၏။ (၃)

ဒေါဏ အဘယ်သို့လျှင် ပုဏ္ဏားသည် စည်းကမ်းပျက်သူ ဖြစ်သနည်း။

ဒေါဏ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ် ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့ မခံရ၊ ထိုပုဏ္ဏားသည် လေးဆယ့်ရှစ်နှစ်တိုင်အောင် ဝေဒကျမ်းတို့ကို ရွတ်ဖတ် ပြီးလျှင် ကောမာရဗြဟ္မစရိယ အကျင့်ကို ကျင့်၏၊ လေးဆယ့်ရှစ်နှစ်တိုင်အောင် ကောမာရ ဗြဟ္မ စရိယအကျင့်ကို ကျင့်၍ ဝေဒကျမ်းတို့ကို ရွတ်ဖတ်ပြီးလျှင် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို တရားသဖြင့်သာလျှင် ရှာမှီး၏၊ မတရားသဖြင့် မရှာမှီး။

ဒေါဏ ထိုဥစ္စာရှာမှီးရာ၌ တရားဟူသည် အဘယ်နည်း။

လယ်လုပ်ခြင်း ကုန်သွယ်ခြင်း နွားမွေးခြင်း စစ်မှုထမ်းခြင်း မင်းမှု ထမ်းခြင်းဖြင့်၎င်း အတတ်ပညာ တမျိုးမျိုးဖြင့်၎င်း မရှာမှီး၊ တောင်းရမ်းသော အကျင့် သက်သက်ဖြင့် သာလျှင် ခွက်ကို မထေမဲ့မြင် မပြုမူ၍ ရှာမှီး၏၊ ထိုသူသည် ဆရာအား(ပူဇော်ရန်) ဆရာတွက် ဥစ္စာကို အပ်နှင်းခဲ့၍ တရားသဖြင့်လည်း မယားကို ရှာမှီး၏၊ မတရားသဖြင့်လည်း ရှာမှီး၏၊ ရောင်းခြင်း ဝယ်ခြင်းဖြင့်လည်း မယားကို ရှာမှီး၏၊ ရေစက်သွန်းချ ပေးလှူအပ်သော ပုဏ္ဏေးမကိုလည်း ရှာမှီး၏။

ထိုပုဏ္ဏားသည် ပုဏ္ဏေးမကိုလည်း သွားလာ၏၊ မင်းသမီး အမျိုးသမီး သူဆင်းရဲအမျိုး သမီး ဒွန်းစဏ္ဍားအမျိုးသမီး မုဆိုးအမျိုးသမီး နှီးသမားအမျိုးသမီး သားရေနယ် အမျိုး သမီး ပန်းမှိုက်သွန်အမျိုးသမီး ကိုယ်ဝန်ဆောင်မိန်းမ နို့ဘိုက်သောမိန်းမ ဥတုလာသောမိန်းမ ဥတုမလာသော မိန်းမတို့ကိုလည်း သွားလာ၏။

ထိုပုဏ္ဏေးမသည် ထိုပုဏ္ဏားအတွက် ကာမဂုဏ်ခံစားရန် မြူးထူးရန် မွေ့လျော်ရန်လည်း ဖြစ်၏၊ သားသမီးရရန်လည်း ဖြစ်၏၊ ရှေးပုဏ္ဏားတို့ စည်းကမ်းရှိသလောက် မတည်၊ ထိုစည်း ကမ်းကို လွန်၏။

ဒေါဏ "ရှေးပုဏ္ဏားတို့ စည်းကမ်းရှိသလောက် မတည်မူ၍ ထိုစည်းကမ်းကို လွန်သောကြောင့် ပုဏ္ဏားကို စည်းကမ်းပျက်သူ" ဟူ၍ ဆိုအပ်၏။

ဒေါဏ ဤသို့လျှင် ပုဏ္ဏားသည် စည်းကမ်းပျက်သူ ဖြစ်၏။ (၄)

ဒေါဏ အဘယ်သို့လျှင် ပုဏ္ဏားသည် ဒွန်းစဏ္ဍားနှင့် တူသနည်း။

ဒေါဏ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုး ဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော

http://www.dhammadownload.com



စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ထိုပုဏ္ဏားသည် လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ဝေဒကျမ်းတို့ကို ရွတ်ဖတ်လျက် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၏၊လေးဆယ့်ရှစ်နှစ်တို့ပတ်လုံး ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်၍ ဝေဒကျမ်းတို့ကို ရွတ်ဖတ်ပြီးလျှင် ဆရာအား (ပူဇော်ရန်) ဆရာတွက် ဥစ္စာကို တရားသဖြင့်လည်း ရှာပို၏၊မတရားသဖြင့်လည်း ရှာမှီး၏၊ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း နွားမွေးခြင်း စစ်မှုထမ်းခြင်း မင်းမှု ထမ်းခြင်းဖြင့်၎င်း အတတ်ပညာတမျိုးမျိုးဖြင့်၎င်း ရှာမှီး၏၊တောင်းရမ်းသော အကျင့်သက်သက်ဖြင့်သာလျှင် ခွက်ကို မထေမဲ့မြင် မပြုမူ၍လည်း ရှာမှီး၏။

ထိုပုဏ္ဏားသည် ဆရာအား(ပူဇော်ရန်)ဆရာတွက် ဥစ္စာကို အပ်နှင်းခဲ့၍ တရားသဖြင့်လည်း မယားကို ရှာမှီး၏၊ မတရားသဖြင့်လည်း ရှာမှီး၏၊ ရောင်းခြင်း ဝယ်ခြင်းဖြင့်လည်း မယားကို ရှာမှီး၏၊ရေစက်သွန်းချ၍ စွန့်လွှတ်အပ်သော ပုဏ္ဏေးမကိုလည်း ရှာမှီး၏။

ထိုပုဏ္ဏားသည် ပုဏ္ဏေးမကိုလည်း သွားလာ၏၊မင်းသမီး ကုန်သည်အမျိုးသမီး သူဆင်းရဲအမျိုးသမီး ဒွန်းစဏ္ဍားအမျိုးသမီး မုဆိုးအမျိုးသမီး နှီးသမားအမျိုးသမီး သားရေနယ်အမျိုးသမီး ပန်းမှိုက်သွန်အမျိုးသမီး ကိုယ်ဝန်ဆောင်မိန်းမ နို့တိုက်သောမိန်းမ ဥတုလာသောမိန်းမ ဥတုမလာသောမိန်းမတို့ကိုလည်း သွားလာ၏။

ထိုပုဏ္ဏေးမသည် ထို ပုဏ္ဏားအတွက် ကာမဂုဏ်ခံစားရန် မြူးထူးရန်လည်းဖြစ်၏၊ သားသမီးရရန်လည်းဖြစ်၏၊ ထိုပုဏ္ဏားသည် အမှုအားလုံးတို့ဖြင့် အသက်မွေး၏။ ထိုပုဏ္ဏားကို (အခြား) ပုဏ္ဏားတို့သည် ဤသို့ ဆိုကြကုန်၏—

"အသျှင်သည် ပုဏ္ဏားဟု ဝန်ခံလျက် အမှုအားလုံးတို့ဖြင့် အဘယ့်ကြောင့် အသက်မွေးဘိသနည်း"ဟု(ဆိုကုန်၏)။

ထိုပုဏ္ဏားသည် ဤသို့ ပြန်ပြော၏—

"အသျှင်တို့ ဥပမာအားဖြင့် မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်း လောင်ကျွမ်း၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း လောင်ကျွမ်း၏၊မီးသည် ထိုဝတ္ထုဖြင့်လည်း မလိမ်းကျံ။

အသျှင်တို့ ဤအတူသာလျှင် ပုဏ္ဏားသည် အမှုအားလုံးတို့ဖြင့် အသက်မွေးခြင်းကို ပြုစေကာမူ ပုဏ္ဏားသည် ထိုအမှုဖြင့်လည်း မလိမ်းကျံ"ဟု(ပြန်ပြော၏)။

ဒေါဏ အမှုအားလုံးတို့ဖြင့် အသက်မွေးသောကြောင့် ပုဏ္ဏားကို "ဒွန်းစဏ္ဍားနှင့်တူသော ပုဏ္ဏား"ဟူ၍ ဆိုအပ်၏။

ဒေါဏ ဤသို့လျှင် ပုဏ္ဏားသည် ဒွန်းစဏ္ဍားနှင့် တူသူ ဖြစ်၏။(၅)

ဒေါဏ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ယခုအခါ ပုဏ္ဏားတို့သည် ယင်း (ရသေ့)တို့ သီဆို ပို့ချ ပေါင်းစု ထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏ ၊လိုက်၍ ရွတ်ဆိုကုန်၏၊ရွတ်ဆို ထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ပို့ချ ထားတိုင်း လိုက်၍ ပို့ချကုန်၏။ဤရသေ့တို့ကား အဘယ်နည်း—အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့

http://www.dhammadownload.com



ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။

ထိုရသေ့တို့၏ တပည့်ပုဏ္ဏားတို့သည်—

ဗြဟ္မာနှင့် တူသော ပုဏ္ဏား။

နတ်နှင့် တူသော ပုဏ္ဏား။

စည်းကမ်း ရှိသော ပုဏ္ဏား။

စည်းကမ်းပျက်သော ပုဏ္ဏား။

ငါးယောက်မြောက် ဒွန်းစဏ္ဍားနှင့်တူသော ပုဏ္ဏားဟူ၍ ဤပုဏ္ဏားငါးမျိုးတို့ကို ပညတ်ကုန်၏။

ဒေါဏ ထိုပုဏ္ဏားငါးမျိုးတို့တွင် သင်သည် အဘယ်အမျိုးနည်းဟု(မေးတော်မူ၏)။

အသျှင်ဂေါတမ ဤသို့ဖြစ်သည်ရှိသော် အကျွန်ုပ်တို့သည် ဒွန်းစဏ္ဍားနှင့်တူသော ပုဏ္ဏားမျိုးပင် အပြည့်အစုံအားဖြင့် မဖြစ်ကြပါကုန်။

အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။

အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု(လျှောက်ထားလေ၏)။

ဒုတိယသုတ်။

---

## ၃-- သင်္ဂါရဝသုတ်

၁၉၃။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်နေသျှက် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ နေ့ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် တရံတခါ(ဉာဏ်၌)ထင် မလာပါကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း၊ထိုအကြောင်းကား အဘယ်ပါနည်း၊အထောက်အပံ့ကား အဘယ်ပါနည်း။

အသျှင်ဂေါတမ နေ့ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါသော်လည်း ဗေဒင်တို့သည် တရံတခါ(ဉာဏ်၌)ထင် လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း၊ ထိုအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား ကာမဂုဏ်တို့၌ စွဲမက်ခြင်း 'ကာမရာဂ' ထကြွသောင်းကျန်းသည်ဖြစ်၍ ကာမရာဂနှိပ်စက်အပ်သော စိတ်ဖြင့် နေသျှက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်း

http://www.dhammadownload.com



မှန်စွာ မသိမမြင်၊ နေ့ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုကုန်လျက်လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ချိပ်ဖြင့်ဖြစ်စေ နနွင်းဖြင့်ဖြစ်စေ စိမ်းညိုသော ဆေးရောင်ဖြင့်ဖြစ်စေ မောင်းသော ဆေးရောင်ဖြင့် ဖြစ်စေ ရောနှောအပ်သော ရေဖြင့်ပြည့်သော ခွက်၌ မျက်စိ အမြင်ရှိသော ယောကျာ်းသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ကာမရာဂ ထကြွ သောင်းကျန်းသည်ဖြစ်၍ ကာမရာဂ နှိပ်စက်အပ်သောစိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် ( ဉာဏ်၌ ) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ (၁)

ပုဏ္ဏား နောက်တမျိုးကား ပျက်စီးစေလိုမှု'ဗျာပါဒ'သည် ထကြွ သောင်းကျန်းသည်ဖြစ်၍ ဗျာပါဒနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဗျာပါဒမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် (ဉာဏ်၌)ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား မီးဖြင့် ပူလောင်သည်ဖြစ်၍ ကျိုက်ကျိုက်ဆူလျက် အငွေ့ ထွက်သော ရေဖြင့်ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျာ်းသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်း မှန်စွာ မသိမမြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပျက်စီးစေလိုမှု'ဗျာပါဒ'ထကြွသောင်း ကျန်းသည်ဖြစ်၍ ဗျာပါဒနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဗျာပါဒမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံး ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် ( ဉာဏ်၌ ) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ (၂)

ပုဏ္ဏား နောက်တမျိုးကား လေးလံ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' ထကြွ သောင်းကျန်းသည်ဖြစ်၍ ထိန မိဒ္ဓ နှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ထိနမိဒ္ဓမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား မှော် ရေညှိတို့ဖြင့် ဖြေးယှက်အပ်သော ရေဖြင့် ပြည့်သောခွက်၌ မျက်စိအမြင်ရှိသော ယောကျာ်းသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ မသိ မမြင်ရာ

http://www.dhammadownload.com



သကဲ့သို့ ပုဏ္ဏား ဤ အတူသာလျှင် လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွ သောင်းကျန်းသည် ဖြစ်၍ ထိနမိဒ္ဓ နှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ဖြစ်ပေါ်လာသော ထိနမိဒ္ဓမှ ထွက်မြောက်ခြင်း ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော အခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊ နေ့ ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် (ဉာဏ်၌)ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ (၃)

ပုဏ္ဏား နောက်တမျိုးကား ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ' ထကြွ သောင်းကျန်းသည် ဖြစ်၍ ဥဒ္ဓစ္စ ကုက္ကုစ္စ နှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဥဒ္ဓစ္စ ကုက္ကုစ္စမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊နေ့ ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား လေတိုက်ခတ်သည်ဖြစ်၍ ရွေ့ရှား တုန်လှုပ်လျက် လှိုင်းထသော ရေဖြင့်ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်း မှန်စွာ မသိမမြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' ထကြွ သောင်းကျန်းသည်ဖြစ်၍ ဥဒ္ဓစ္စ ကုက္ကုစ္စ နှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ဖြစ်ပေါ်လာသော ဥဒ္ဓစ္စ ကုက္ကုစ္စမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါး လုံးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ နေ့ ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက် လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ (၄)

ပုဏ္ဏား နောက်တမျိုးကား မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ထကြွ သောင်းကျန်းသည်ဖြစ်၍ ဝိစိ ကိစ္ဆာ နှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာမှ ထွက်မြောက်ခြင်းကို လည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊နေ့ ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း ဗေဒင်တို့သည်(ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်ကျုလျက် အနည် ထကာ ညွန်ရေဖြစ်၍ မှောင်ထဲ၌ ချထားအပ်သည့် ရေဖြင့် ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွ သောင်းကျန်းသည်ဖြစ်၍ ဝိစိကိစ္ဆာ နှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုးကိုလည်း ဟုတ် တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးလုံး ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ နေ့ ညဉ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်လျက်လည်း

http://www.dhammadownload.com



ဗေဒင်တို့သည် (ဉာဏ်၌) ထင် မလာကုန်၊ သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ (၅)

ပုဏ္ဏား ကာမရာဂတို့၌ စွဲမက်မှု 'ကာမရာဂ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ကာမရာဂ မနှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည်(ဉာဏ်၌) ထင် လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ချိပ်ဖြင့်ဖြစ်စေ နနွင်းဖြင့်ဖြစ်စေ စိမ်းညိုသော ဆေးရောင်ဖြင့်ဖြစ်စေ မောင်းသော ဆေးရောင်ဖြင့်ဖြစ်စေ မရောနှောအပ်သော ရေဖြင့်ပြည့်သောခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ သိရာ မြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ကာမရာဂတို့၌ စွဲမက်မှု 'ကာမရာဂ' မထကြွ မသောင်းကျန်းသည် ဖြစ်၍ ကာမရာဂ မနှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ [မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏ မြင်၏၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် (ဉာဏ်၌)ထင် လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း]။ (၁)

ပုဏ္ဏား နောက်တမျိုးကား ပျက်စီးစေလိုမှု 'ဗျာပါဒ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ဗျာပါဒ မနှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ။ပ။

ပုဏ္ဏား မီးဖြင့် မပူလောင်သည်ဖြစ်၍ ကျိုက်ကျိုက်မဆူ အငွေ့မထွက်သော ရေဖြင့် ပြည့်သော ခွက်၌ မျက်စိ အမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်း မှန်စွာ သိရာ မြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပျက်စီးစေလိုမှု 'ဗျာပါဒ' မထကြွ မသောင်း ကျန်းသည်ဖြစ်၍ ဗျာပါဒမနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက်။ပ။ (၂)

ပုဏ္ဏား နောက်တမျိုးကား လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ထိနမိဒ္ဓ မနှိပ်စက်အပ်သော စိတ်ဖြင့်နေလျက် ။ပ။

ပုဏ္ဏား မှော် ရေညှိတို့ဖြင့် မဖြေးယှက်သော ရေဖြင့်ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ သိရာ မြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် လေးလံ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ထိနမိဒ္ဓ မနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက်။ပ။ (၃)

ပုဏ္ဏား နောက်တမျိုးကား ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' မထကြွ မသောင်းကျန်း သည်ဖြစ်၍ ဥဒ္ဓစ္စ ကုက္ကုစ္စ မနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက်။ပ။

ပုဏ္ဏား လေမတိုက်သည်ဖြစ်၍ မရွေ့ရှား မတုန်လှုပ် လှိုင်းမထသော ရေဖြင့် ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ

http://www.dhammadownload.com



သိရာ မြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ဥဒ္ဓစ္စကုက္ကုစ္စ မနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ။ပ။ (၄)

ပုဏ္ဏား နောက်တမျိုးကား မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ဝိစိကိစ္ဆာ မနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်သော ဝိစိကိစ္ဆာမှ ထွက်မြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင်လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ကြည်လင် သန့်ရှင်းလျက် မနောက်ကျုသည်ဖြစ်၍ အလင်းရောင်၌ ချထားအပ်သော ရေဖြင့် ပြည့်သော ခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် ဟုတ်တိုင်းမှန်စွာ သိရာ မြင်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' မထကြွ မသောင်းကျန်းသည်ဖြစ်၍ ဝိစိကိစ္ဆာ မနှိပ်စက်အပ်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာမှ ထွက်မြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ အကျိုးနှစ်ပါးလုံးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် (ဉာဏ်၌) ထင်လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူ အဘယ်ဆို ဖွယ်ရာရှိအံ့နည်း။ (၅)

ပုဏ္ဏား နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တရံတခါ (ဉာဏ်၌)ထင် မလာကုန်၊သရဇ္ဈာယ်ခြင်းကို မပြုပါမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်းဟူရာ၌ အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်း။

ပုဏ္ဏား နေ့ ညဥ့် ရှည်စွာ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် တရံတခါ (ဉာဏ်၌) ထင်လာကုန်၏၊ သရဇ္ဈာယ်ခြင်းကို ပြုပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟူရာ၌ အကြောင်းအထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ပ။

အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

တတိယသုတ်။

---

## ၄-ကာရဏပါလီသုတ်

၁၉၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ကာရဏပါလီပုဏ္ဏားသည် လိစ္ဆဝီမင်း

http://www.dhammadownload.com



တို့၏ အမှုကို ပြုစေ၏၊ ကာရဏပါလိ ပုဏ္ဏားသည် ပိင်္ဂိယာနီ ပုဏ္ဏား အဝေးမှ လာသည်ကို မြင်လတ်သော်—

အသျှင် ပိင်္ဂိယာနီသည် ယခု မွန်းတည့်ချိန်၌ အဘယ်အရပ်မှ လာပါသနည်းဟု မေး၏။

အသျှင် ပုဏ္ဏား အကျွန်ုပ်သည် ဤအသျှင် ဂေါတမ၏ အထံမှ လာခဲ့ပါ၏ဟု (ဆို၏)။

အသျှင်ပိင်္ဂိယာနီသည် ထိုအရာကို အဘယ်သို့ မှတ်ထင်ပါသနည်း၊ ပညာထက်မြက်မှု၌ ရဟန်းဂေါတမကို ပညာရှိဟု မှတ်ထင်ပါသလောဟု (မေး၏)။

အသျှင် ပုဏ္ဏား အကျွန်ုပ်သည် အဘယ်သို့သောသူနည်း၊ ရဟန်းဂေါတမ၏ ပညာထက်မြက်မှုကို အဘယ်မှာ သိနိုင်ပါအံ့နည်း၊ ရဟန်းဂေါတမ၏ ပညာထက်မြက်မှုကို သိသူသည်လည်း ထိုရဟန်းဂေါတမကဲ့သို့သော သူသာလျှင် ဖြစ်ရာ၏ဟု (ဆို၏)။

အသျှင် ပိင်္ဂိယာနီသည် စင်စစ် ရဟန်းဂေါတမကို မြင့်မြတ်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းဘိ၏ဟု (ဆို၏)။

အသျှင် အကျွန်ုပ်သည် အဘယ်သို့သောသူနည်း၊ ရဟန်းဂေါတမကို အဘယ့်ကြောင့် ချီးမွမ်းနိုင်မည်နည်း၊ ထိုအသျှင် ဂေါတမသည် ချီးမွမ်းထိုက်သော ဂုဏ်တို့ကြောင့် ချီးမွမ်းအပ်သူဖြစ်၍ သာလျှင် နတ်လူတို့ထက် မြတ်တော်မူ၏ဟု (ဆို၏)။

အသျှင် ပိင်္ဂိယာနီသည် အဘယ်အကျိုးထူးကို ကောင်းစွာ တွေ့မြင်၍ ရဟန်း ဂေါတမ၌ ဤသို့ အလွန်ကြည်ညိုဘိသနည်းဟု (မေး၏)။

အသျှင်ပုဏ္ဏား မွန်မြတ်သော အရသာဖြင့် တင်းတိမ်ရောင့်ရဲပြီးသော ယောကျ်ားသည် အခြားယုတ်ညံ့သော အရသာတို့ကို မတောင့်တသကဲ့သို့ အသျှင်ပုဏ္ဏား ဤအတူသာလျှင် သုတ်အားဖြင့် ဖြစ်စေ ဂေယျအားဖြင့် ဖြစ်စေ ဝေယျာကရိုဏ်းအားဖြင့် ဖြစ်စေ အဗ္ဘုတဓမ္မအားဖြင့် ဖြစ်စေ အသျှင် ဂေါတမ၏ တရားတော်ဟူသမျှကို ကြားနာရသည့်အခါတိုင်း အခြားများစွာသော သမဏ ဗြာဟ္မဏတို့၏ အယူဝါဒကို မတောင့်တတော့ချေ။

အသျှင်ပုဏ္ဏား ဆာလောင်မှု အားနည်းမှု နှိပ်စက်ခံရသော ယောကျ်ားသည် ပျားမုံ့ဆုပ်ကို ရ၍ လျက်သည့် အခါတိုင်း (အရသာတပါး) လောင်းစွက်ဖွယ်မရှိသော အလွန်ကောင်းမြတ်သည့် အရသာကို ရရာသကဲ့သို့ အသျှင်ပုဏ္ဏား ဤအတူသာလျှင် သုတ်အားဖြင့် ဖြစ်စေ ဂေယျအားဖြင့် ဖြစ်စေ ဝေယျာကရိုဏ်းအားဖြင့် ဖြစ်စေ အဗ္ဘုတဓမ္မအားဖြင့်ဖြစ်စေ ထိုအသျှင် ဂေါတမ၏ တရားတော်ဟူသမျှကို ကြားနာရသည့်အခါတိုင်း ဝမ်းမြောက်မှု စိတ်ကြည်လင်မှုကို ရသည်သာတည်း။

အသျှင်ပုဏ္ဏား စန္ဒကူးရွှေတုံးကိုသော်၎င်း စန္ဒကူးနီတုံးကိုသော်၎င်း ရသော ယောကျ်ားသည် အရင်းမှဖြစ်စေ အလယ်မှဖြစ်စေ အဖျားမှဖြစ်စေ နမ်းသည့် နေရာတိုင်းမှ (အနံ့တပါး) လောင်းစွက်ဖွယ်မရှိသော အလွန်ကောင်းမွန်သည့် အနံ့ကို ရရာသကဲ့သို့ အသျှင်ပုဏ္ဏား ဤအတူသာလျှင် သုတ်အားဖြင့်ဖြစ်စေ ဂေယျအားဖြင့် ဖြစ်စေ ဝေယျာကရိုဏ်းအားဖြင့် ဖြစ်စေ အဗ္ဘုတဓမ္မအားဖြင့် ဖြစ်စေ ထိုအသျှင်ဂေါတမ၏ တရားတော်ဟူသမျှကို ကြားနာရသည့် အခါတိုင်း နှစ်သိမ့်မှု ဝမ်းသာမှုကို ရ၏။

http://www.dhammadownload.com



အသျှင်ပုဏ္ဏားအနသန္နိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းစွာ မကျန်းမမာသော ယောကျ်ားအား တတ်ကျွမ်းနားလည်သော ဆေးဆရာသည် တခဏချင်း အနာကို နုတ်ပယ်ရာသကဲ့သို့ အသျှင်ပုဏ္ဏား ဤအတူသာလျှင် သုတ်အားဖြင့် ဖြစ်စေ ဂေယျအားဖြင့် ဖြစ်စေ ဝေယျာကရိဏ်းအားဖြင့် ဖြစ်စေ အဗ္ဘုတဓမ္မအားဖြင့် ဖြစ်စေ ထိုအသျှင်ဂေါတမ၏ တရားတော်ဟူသမျှကို ကြားနာရသည့် အခါတိုင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။

အသျှင်ပုဏ္ဏား ကြည်လင်ချို့မြိန် အေးမြသည့် ရေရှိသော ဖြူဖွေးသော ရေအဆင်းရှိသော ဆိပ်ကမ်းကောင်းသော နှလုံးမွေ့လျော်ဖွယ်ရှိသော ရေကန်သို့ နွေ နေပူတို့၏ တွေ့ထိ နှိပ်စက်ခြင်း ခံရသည်ဖြစ်၍ ခရီးပင်ပန်းလျက် အစာရေစာ ဆာလောင် မွတ်သိပ်၍ လာသော ယောကျ်ားသည် ထိုရေကန်အတွင်းသို့သက်ဆင်းပြီးလျှင် ရေချိုး၍ဖြစ်စေ ရေသောက်၍ဖြစ်စေပူလောင်ခြင်း ပင်ပန်းခြင်း ပူအိုက်ခြင်း အားလုံးကို ငြိမ်းအေးစေရာသကဲ့သို့ အသျှင်ပုဏ္ဏား ဤအတူသာလျှင် သုတ်အားဖြင့် ဖြစ်စေ ဂေယျအားဖြင့် ဖြစ်စေ ဝေယျာကရိဏ်းအားဖြင့် ဖြစ်စေ အဗ္ဘုတဓမ္မအားဖြင့် ဖြစ်စေ ထိုအသျှင်ဂေါတမ၏ တရားတော်ဟူသမျှကို ကြားနာရသည့်အခါတိုင်း ပူလောင်မှု ပင်ပန်းမှု ပူအိုက်မှု အားလုံးတို့သည် ငြိမ်းအေးကုန်၏ဟု (ဆို၏)။

ဤသို့ ဆိုသည်ရှိသော် ကာရဏပါလီပုဏ္ဏားသည် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်ကာ လကျ်ာပုဆစ်ဒူးဝန်းကို မြေ၌ ထောက်လျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင်—

"ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏"ဟု သုံးကြိမ် ဥဒါန်းကျူးရင့်၏။

အသျှင်ပိင်္ဂိယာနီ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ပိင်္ဂိယာနီ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ပိင်္ဂိယာနီ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိ သကဲ့သို့၎င်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ပိင်္ဂိယာနီ ဤအတူသာလျှင် အသျှင်ပိင်္ဂိယာနီသည် များစွာသော အကြောင်းတို့ဖြင့် တရားကို ပြပါပေ၏။

အသျှင်ပိင်္ဂိယာနီ ထိုအကျွန်ုပ်သည် ထိုအသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ပိင်္ဂိယာနီသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်ပါလော့ ဟု(ဆို၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ပိင်္ဂိယာနီသုတ်

၁၉၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌(သီတင်းသုံး)နေတော်မူသောအခါ လိစ္ဆဝီမင်း ငါးရာတို့သည် မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ညိုသောအဆင်း ညိုသောအဝတ် ညိုသောတန်ဆာရှိကြ၍ ညိုကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ဝါသောအဆင်း ဝါသောအဝတ် ဝါသောတန်ဆာရှိကြ၍ ဝါကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် နီသောအဆင်း နီသောအဝတ် နီသောတန်ဆာရှိကြ၍ နီကုန်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် ဖြူသောအဆင်း ဖြူသောအဝတ် ဖြူသောတန်ဆာရှိကြ၍ ဖြူကုန်၏။

မြတ်စွာဘုရားသည်ကား အဆင်းအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း ထိုလိစ္ဆဝီမင်းတို့ကို လွှမ်း၍ တင့်တယ်တော်မူ၏။

ထိုအခါ ပိင်္ဂိယာနီမည်သော ပုဏ္ဏားသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို စမ္မာယ်တင်ကာ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားအား—

"မြတ်စွာဘုရား တပည့်တော် လျှောက်ထားပါရစေ၊မြတ်စွာဘုရား တပည့်တော် လျှောက်ထား ပါရစေ"ဟု ဤ စကားကို လျှောက်၏။

"ပိင်္ဂိယာနီ သင်လျှောက်ထားလော့"ဟု မြတ်စွာဘုရားသည် မိန့်ဆိုတော်မူ၏။

ထိုအခါ ပိင်္ဂိယာနီပုဏ္ဏားသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ သင့်လျော်သော ဂါထာဖြင့် ချီးမွမ်းလေ၏—

> "နံနက် စောစောပွင့်သော အနံ့ကောင်းသော အနံ့မပြယ်သော ကောကနဒ မည်သော ပဒုမ္မာကြာပန်းကဲ့သို့၎င်း ကောင်းကင်၌ အမိုက်မှောင်ကို ပယ်ဖျောက်လျက် ထွန်းလင်းတောက်ပသော နေမင်းကဲ့သို့၎င်း တင့်တယ်တော်မူသော ကိုယ်တော်မှ ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပါလော့"ဟု (ချီးမွမ်း၏)။

ထိုအခါ လိစ္ဆဝီမင်းတို့သည် အပေါ်ရုံငါးရာတို့ကို ပိင်္ဂိယာနီ ပုဏ္ဏားအား ပေးကြကုန်၏၊ ထိုအခါ ပိင်္ဂိယာနီပုဏ္ဏားသည် ထိုအပေါ်ရုံ ငါးရာတို့ကို မြတ်စွာဘုရားအား လှူဒါန်း၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုလိစ္ဆဝီမင်းတို့အား—

"လိစ္ဆဝီမင်းတို့ ရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်ဘိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မ ဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို လောကဥ္စ ရခဲ၏။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မ ဝိနယကို ဟောကြားအပ်သည်ရှိသော် သိနိုင်သော ပုဂ္ဂိုလ်ကို လောကဥ္စ ရခဲ၏။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မ ဝိနယကို ဟောကြားသည်ရှိသော် သိ၍ လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ကို လောကဥ္စ ရခဲ၏။

သူ့ကျေးဇူးကို သိ၍ သူ့ကျေးဇူးကို ထင်စွာပြုတတ်သော ပုဂ္ဂိုလ်ကို လောကဥ္စ ရခဲ၏။

လိစ္ဆဝီမင်းတို့ လောကဥ္စ ဤရတနာငါးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းကို ရခဲ၏" ဟု (မိန့်တော်မူ၏) ။

ပဉ္စမသုတ်။

## ၆-မဟာသုပိနသုတ်

၁၉၆။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါးတရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် အိပ်မက်ကြီး ငါးမျိုးတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤမြေကြီးသည် မြတ်သော အိပ်ရာဖြစ်၏၊ ဟိမဝန္တာတောင်မင်းသည် ခေါင်းအုံးဖြစ်၏၊ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကို တင်ထား၏၊ အနောက်သမုဒ္ဒရာ၌ လက်ျာလက်ကို တင်ထား၏၊ တောင်သမုဒ္ဒရာ၌ ခြေတော်အစုံကို တင်ထား၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသောငါ့အား သစ္စာလေးပါးကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤပဌမ အိပ်မက်ကြီးသည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် တိရိယမည်သော မြက်မျိုးသည် ချက်မှ အထက်သို့ တက်ပြီးလျှင် ကောင်းကင်သို့ ထိ၍ တည်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤဒုတိယ အိပ်မက်ကြီးသည် ထင်ရှားဖြစ်ပေါ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် မည်းနက်သော ဦးခေါင်းရှိသည့် ပိုးကောင်အဖြူတို့သည် ခြေတို့မှ တက်၍ ပုဆစ်ဒူးဝန်းတိုင်အောင် ဖုံးလွှမ်းကုန်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါးကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤတတိယ အိပ်မက်ကြီးသည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် အဆင်းအမျိုးမျိုးရှိသည့် ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာတို့မှ လာ၍ ခြေရင်း၌ ကျပြီးလျှင် အားလုံး အဖြူချည်းတို့သာ ဖြစ်ကုန်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤစတုတ္ထ အိပ်မက်ကြီးသည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ကြီးစွာသော မစင်တောင်၏ အဆင့်ဆင့်၌ မစင်ဖြင့် မလိမ်းကျံပဲ စင်္ကြံသွားရ၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤပဉ္စမ အိပ်မက်ကြီးသည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် ဤမဟာပထဝီမြေကြီးသည် မြတ်သော အိပ်ရာဖြစ်၏၊ ဤဟိမဝန္တာတောင်မင်းသည် ခေါင်းအုံးဖြစ်၏၊ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကို တင်ထား၏၊ အနောက်သမုဒ္ဒရာ၌ လက်ျာလက်ကို တင်ထား၏၊ တောင်သမုဒ္ဒရာ၌ ခြေတော်အစုံကို တင်ထား၏ဟု ထင်ရှားဖြစ်ပေါ်လာသော ဤပဉ္စမ အိပ်မက်ကြီးသည် အတုမရှိသော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိတော်မူရန် ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါးတရားကို မသိသေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင် တိရိယမည်သော မြက်မျိုးသည် ချက်မှ အထက်သို့ တက်ပြီးလျှင် ကောင်းကင်သို့ ထိ၍ တည်၏ဟု ထင်ရှားဖြစ်ပေါ်လာသော ဤဒုတိယ အိပ်မက်ကြီးသည် လူ့ပြည် နတ်ပြည် တိုင်အောင် ကောင်းစွာ ပြအပ်သော မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ထိုးထွင်း၍ သိရန် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် မည်းနက်သော ဦးခေါင်းရှိသည့် ပိုးကောင်အဖြူတို့သည် ခြေတို့မှ တက်၍ ပုဆစ်ဒူးဝန်း တိုင်အောင် ဖုံးလွှမ်းကုန်၏ဟု ထင်ရှားဖြစ်ပေါ်လာသော ဤတတိယ အိပ်မက်ကြီးသည် ဖြူသော အဝတ်ကို ဝတ်ကုန်သော များစွာသော လူအပေါင်း၏ မြတ်စွာဘုရားအား အသက်ထက်ဆုံး ဆည်းကပ် ကိုးကွယ်ခြင်းကို ထိုးထွင်း၍ သိရန် ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် အဆင်းအမျိုးမျိုးရှိသည့် ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာတို့မှ လာ၍ ခြေရင်း၌ ကျပြီးလျှင် အားလုံး အဖြူချည်းတို့သာ ဖြစ်ကုန်၏ဟူသော ဤစတုတ္ထ အိပ်မက်ကြီးသည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးဟူကုန်သော ဤအမျိုးလေးပါးတို့၏ မြတ်စွာဘုရား သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ အတုမရှိသော အရဟတ္တဖိုလ်အား မျက်မှောက်ပြုကြသည်ကို ထိုးထွင်း၍ သိရန်ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် ကြီးစွာသော မစင်တောင်၏ အဆင့်ဆင့်၌ မစင်ဖြင့် မလိမ်းကျံပဲ စင်္ကြံ ကြွသွားရ၏ ဟူသော ဤပဉ္စမ အိပ်မက်ကြီးသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက် အပံ့ ဆေးအသုံးအဆောင်တို့ကို ရသော မြတ်စွာဘုရား၏ ထိုပစ္စည်းလေးပါးကို မမက်မော မတွေဝေ တဏှာဖြင့် မလွှမ်းမိုးပဲ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ထွက်မြောက်ကြောင်းကို သိလျက် သုံးဆောင် ခြင်းကို ထိုးထွင်း၍ သိရန်ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါး တရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် ဤအိပ်မက်ကြီး ငါးမျိုးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်၊

---

## ၇-ဝဿသုတ်

၁၉၇။ ရဟန်းတို့ မိုး၏ အန္တရာယ်တို့သည် ဤငါးမျိုးတို့တည်း၊ ယင်းအန္တရာယ်ကို နိမိတ် ဖတ်တတ်သူတို့သည် မသိကုန်၊ ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ အထက်ကောင်းကင်၌ တေဇောဓာတ်သည် ပျက်စီး၏ 'ဖောက်ပြန်၏'၊ ထို့ကြောင့် ပေါ်ပေါက်လာသော မိုးတို့သည် တဖန် ပျောက်ကင်းကုန်၏၊ ရဟန်းတို့ ဤသည်ကား မိုး၏

http://www.dhammadownload.com



ပဉ္စမ အန္တရာယ်ပင်တည်း၊ ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ်သူတို့သည် မသိကုန်၊ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

ရဟန်းတို့ နောက်တမျိုးကား အထက်ကောင်းကင်၌ ဝါယောဓာတ်သည် ပျက်စီး၏ 'ဖောက်ပြန်၏'၊ ထို့ကြောင့် ပေါ်ပေါက်လာသော မိုးတို့သည် တဖန်ပျောက်ကင်းကုန်၏၊ ရဟန်းတို့ ဤသည်ကား မိုး၏ ဒုတိယ အန္တရာယ်ပင်တည်း၊ ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ် သူတို့သည် မသိကုန်၊ ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

ရဟန်းတို့ နောက်တမျိုးကား ရာဟုအသုရိန်သည် လက်ဖြင့် မိုးရေကို ခံပြီးလျှင် သမုဒ္ဒရာ၌ စွန့်ပစ်၏၊ ရဟန်းတို့ ဤသည်ကား မိုး၏ တတိယ အန္တရာယ်ပင်တည်း၊ ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ်သူတို့သည် မသိကုန်၊ ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

ရဟန်းတို့ နောက်တမျိုးကား မိုးတိမ် 'ဝဿဝလာဟက' နတ်တို့သည် မေ့လျော့ကုန်၏၊ ရဟန်းတို့ ဤသည်ကား မိုး၏ စတုတ္ထ အန္တရာယ်ပင်တည်း၊ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ်သူတို့သည် မသိကုန်၊ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

ရဟန်းတို့ နောက်တမျိုးကား လူတို့သည် တရား မစောင့်ကုန်၊ ရဟန်းတို့ ဤသည်ကား မိုး၏ ပဉ္စမ အန္တရာယ်ပင်တည်း၊ ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ်သူတို့သည် မသိကုန်၊ ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်။

ရဟန်းတို့ မိုး၏ အန္တရာယ်တို့သည် ဤငါးမျိုးတို့ပေတည်း၊ ယင်းအန္တရာယ်ကို နိမိတ်ဖတ်တတ်သူတို့သည် မသိကုန်၊ ယင်းအန္တရာယ်၌ နိမိတ်ဖတ်တတ်သူတို့၏ ပညာမျက်စိသည် မသက်ဝင်နိုင်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဝါစာသုတ်

၁၉၈။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သည် မည်၏၊ မကောင်းသဖြင့် ဆိုအပ်သည် မမည်၊ အပြစ်လည်း မရှိ၊ပညာရှိတို့လည်း မကဲ့ရဲ့အပ်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အခါကာလအား လျော်စွာ ပြောဆိုအပ်သည်လည်း ဖြစ်၏။

မှန်ကန်သော စကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏။

သိမ်မွေ့သော စကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏။

အကျိုးစီးပွါးနှင့် စပ်သော စကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏။

မေတ္တာစိတ်ဖြင့် ပြောဆိုအပ်သည်လည်း ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအင်္ဂါ၄ပါးမျိုးတို့နှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သည် မည်၏၊ မကောင်းသဖြင့် ဆိုအပ်သည် မမည်၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ကုလသုတ်

၁၉၉။ ရဟန်းတို့ သီလရှိသော ရဟန်းတို့ ချဉ်းကပ်အပ်သော အိမ်၌ လူတို့သည် ၄ါးမျိုးသော အကြောင်းတို့ဖြင့် များစွာသော ကောင်းမှုကို ပွါးစေကုန်၏။

အဘယ်၄ါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ သီလရှိသော ရဟန်းသည် အိမ်သို့ ချဉ်းကပ်သည်ရှိသော် လူတို့သည်မြင်၍ စိတ်ကြည်လင်သောအခါ ထိုအိမ်သည် နတ်ပြည်၌ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့ သီလရှိသော ရဟန်းသည် အိမ်သို့ ချဉ်းကပ်သည်ရှိသော် လူတို့သည် ခရီးဦးကြိုဆိုကြ ရှိခိုးကြ နေရာထိုင်ခင်း ပေးကြသောအခါ ထိုအိမ်သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့ သီလရှိသော ရဟန်းသည် အိမ်သို့ ချဉ်းကပ်သည်ရှိသော် လူတို့သည် ဝန်တိုမှု အညစ်အကြေးကို ပယ်ဖျောက်သောအခါ ထိုအိမ်သည် တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့ သီလရှိသော ရဟန်းသည် အိမ်သို့ ချဉ်းကပ်သည်ရှိသော် လူတို့သည် အစွမ်းရှိသလောက် အားရှိသလောက် ဝေဖန်လှူဒါန်းသော အခါ ထိုအိမ်သည် ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့ သီလရှိသော ရဟန်းသည် အိမ်သို့ ချဉ်းကပ်သည်ရှိသော် လူတို့သည် ပုစ္ဆာ မေးကြ ပြဿနာ မေးကြ တရား နာကြသောအခါ ထိုအိမ်သည် ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ရဟန်းတို့ သီလရှိသော ရဟန်းတို့ ချဉ်းကပ်အပ်သော အိမ်၌ လူတို့သည် ဤ၄ါးမျိုးသော အကြောင်းတို့ဖြင့် များစွာသော ကောင်းမှုကို ပွါးစေကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-နိဿာရဏီယသုတ်

၂၀၀။ ရဟန်းတို့ ထွက်မြောက်ရာ 'နိဿရဏ' ဓာတ်တို့သည် ဤ၄ါးမျိုးတို့တည်း။

အဘယ်၄ါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ကာမဂုဏ်ကို နှလုံးသွင်းသော ရဟန်းအား ကာမဂုဏ်တို့၌ စိတ်မပြေးဝင်၊ မကြည်လင်၊ မရပ်တည်နိုင်၊ လွတ်လွတ် မဝင်၊ (ကာမဂုဏ်မှ) ထွက်မြောက်ကြောင်း

http://www.dhammadownload.com



(အသုဘစျာန်)ကို နှလုံးသွင်းသော ရဟန်းအားမူ (အသုဘစျာန်)နေကွမ္မဌာန်၌ စိတ်ပြေးဝင်၏၊ ကြည်လင်၏၊ ရပ်တည်နိုင်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်း၏ ထိုစျာန်စိတ်သည် (အာရုံသို့) ကောင်းစွာ ရောက်၏၊ ကောင်းစွာ ပွါးစေ၏၊ ကာမဂုဏ်မှ ကောင်းစွာ ထမြောက်၏၊ ကောင်းစွာ ကျွတ်လွတ်၏၊ ကာမဂုဏ်တို့နှင့် ကင်းကွာ၏၊ ကာမဂုဏ်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့မှ ထိုရဟန်းသည် လွတ်ကင်း၏၊ ထိုရဟန်းသည် ဝေဒနာကို မခံစားရ။

ဤသည်ကို ကာမဂုဏ်တို့၏ ထွက်မြောက်ရာဟူ၍ ဟောကြားအပ်၏။ (၁)

ရဟန်းတို့ နောက်တမျိုးကား ပျက်စီးစေလိုမှု 'ဗျာပါဒ' ကို နှလုံးသွင်းသော ရဟန်းအား ဗျာပါဒ၌ စိတ်မပြေးဝင်၊ မကြည်လင်၊ မရပ်တည်နိုင်၊ လွတ်လွတ် မဝင်၊ ဗျာပါဒ၏ ဆန့်ကျင်ဘက် ဖြစ်သော မေတ္တာကို နှလုံးသွင်းသော ရဟန်းအားမူ ဗျာပါဒ၏ ဆန့်ကျင်ဘက် မေတ္တာ၌ စိတ်ပြေးဝင်၏၊ ကြည်လင်၏၊ ရပ်တည်နိုင်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်း၏ ထိုမေတ္တာစိတ်သည် (အာရုံသို့) ကောင်းစွာ ရောက်၏၊ ကောင်းစွာ ပွါးစေ၏၊ ဗျာပါဒမှ ကောင်းစွာ ထမြောက်၏၊ ကောင်းစွာ ကျွတ်လွတ်၏၊ ဗျာပါဒနှင့် ကင်းကွာ၏၊ ဗျာပါဒဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့မှ ထိုရဟန်းသည် လွတ်ကင်း၏၊ ထိုရဟန်းသည် ဝေဒနာကို မခံစားရ။

ဤသည်ကို ဗျာပါဒ၏ ထွက်မြောက်ရာဟူ၍ ဟောကြားအပ်၏။ (၂)

ရဟန်းတို့ နောက်တမျိုးကား ညှဉ်းဆဲမှု 'ဝိဟိံသ' ကို နှလုံးသွင်းသော ရဟန်းအား ဝိဟိံသ၌ စိတ်မပြေးဝင်၊ မကြည်လင်၊ မရပ်တည်နိုင်၊ လွတ်လွတ် မဝင်၊ ဝိဟိံသ၏ ဆန့်ကျင်ဘက်ဖြစ်သော မညှဉ်းဆဲမှု (အဝိဟိံသ ကရုဏာစျာန်) ကို နှလုံးသွင်းသော ရဟန်းအားမူ အဝိဟိံသ၌ စိတ်ပြေးဝင်၏၊ ကြည်လင်၏၊ ရပ်တည်နိုင်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်း၏ ထိုကရုဏာစိတ်သည် (အာရုံသို့) ကောင်းစွာ ရောက်၏၊ ကောင်းစွာ ပွါးစေ၏၊ ညှဉ်းဆဲမှု 'ဝိဟိံသ' မှ ကောင်းစွာ ထမြောက်၏၊ ကောင်းစွာ ကျွတ်လွတ်၏၊ ညှဉ်းဆဲမှု 'ဝိဟိံသ' နှင့် ကင်းကွာ၏၊ ဝိဟိံသ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့မှ ထိုရဟန်းသည် လွတ်ကင်း၏၊ ထိုရဟန်းသည် ဝေဒနာကို မခံစားရ။

ဤသည်ကို ဝိဟိံသ၏ ထွက်မြောက်ရာဟူ၍ ဟောကြားအပ်၏။ (၃)

ရဟန်းတို့ နောက်တမျိုးကား ကသိုဏ်းရုပ်ကို နှလုံးသွင်းသော ရဟန်းအား ကသိုဏ်းရုပ်၌ စိတ်မပြေးဝင်၊ မကြည်လင်၊ မရပ်တည်နိုင်၊ လွတ်လွတ်မဝင်၊ အရူပစျာန်ကို နှလုံးသွင်းသော ရဟန်းအားမူ အရူပစျာန်၌ စိတ်ပြေးဝင်၏၊ ကြည်လင်၏၊ ရပ်တည်နိုင်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်း၏ ထိုအရူပစျာန် စိတ်သည် (အာရုံသို့) ကောင်းစွာ ရောက်၏၊ ကောင်းစွာ ပွါးစေ၏၊ ကသိုဏ်းရုပ်မှ ကောင်းစွာ ထမြောက်၏၊ ကောင်းစွာ ကျွတ်လွတ်၏၊ ကသိုဏ်းရုပ်နှင့် ကင်းကွာ၏၊ ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့မှ ထိုရဟန်းသည် လွတ်ကင်း၏၊ ထိုရဟန်းသည် ဝေဒနာကို မခံစားရ။

ဤသည်ကို ရုပ်၏ ထွက်မြောက်ရာဟူ၍ ဟောကြားအပ်၏။ (၄)

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ထင်ရှားရှိသော ခန္ဓာငါးပါး သက္ကာယကို နှလုံးသွင်းသော ရဟန်းအား သက္ကာယ၌ စိတ်မပြေးဝင်၊ မကြည်လင် မရပ်တည်နိုင်၊ လွတ်လွတ် မဝင်၊ သက္ကာယ ချုပ်ငြိမ်းမှု (အရဟတ္တဖိုလ်) ကို နှလုံးသွင်းသော ရဟန်းအားမူ သက္ကာယ ချုပ်ငြိမ်းခြင်း၌ စိတ်ပြေးဝင်၏ ကြည်လင်၏၊ ရပ်တည်နိုင်၏၊ လွတ်လွတ်ဝင်၏၊ ထိုရဟန်း၏ ထိုအရဟတ္တဖိုလ်စိတ်သည် (အာရုံသို့)ကောင်းစွာ ရောက်၏၊ ကောင်းစွာ ပွါးစေ၏၊ သက္ကာယမှ ကောင်းစွာ ထမြောက်၏၊ ကောင်းစွာ ကျွတ်လွတ်၏၊ သက္ကာယနှင့် ကင်းကွာ၏၊ သက္ကာယဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့မှ ထိုရဟန်းသည် လွတ်ကင်း၏၊ ထိုရဟန်းသည် ဝေဒနာကို မခံစားရ။

ဤသည်ကို သက္ကာယ၏ ထွက်မြောက်ရာဟူ၍ ဟောကြားအပ်၏။ (၅)

ထိုရဟန်းအား ကာမဂုဏ်၌ နှစ်သက်မှုသည်လည်း မကိန်းအောင်း၊ ဗျာပါဒ၌ နှစ်သက်မှုသည်လည်း မကိန်းအောင်း၊ ဝိဟိံသ၌ နှစ်သက်မှုသည်လည်း မကိန်းအောင်း၊ ရုပ်၌ နှစ်သက်မှုသည်လည်း မကိန်းအောင်း၊ သက္ကာယ၌ နှစ်သက်မှုသည်လည်း မကိန်းအောင်း၊ ထိုရဟန်းသည် ကာမဂုဏ်၌ နှစ်သက်မှု၏လည်း မကိန်းအောင်းသောကြောင့်, ဗျာပါဒ၌ နှစ်သက်မှု၏လည်း မကိန်းအောင်းသောကြောင့်, ဝိဟိံသ၌ နှစ်သက်မှု၏လည်း မကိန်းအောင်းသောကြောင့်, ရုပ်၌ နှစ်သက်မှု၏လည်း မကိန်းအောင်းသောကြောင့်, သက္ကာယ၌ နှစ်သက်မှု၏လည်း မကိန်းအောင်းသောကြောင့် ရဟန်းတို့ ဤရဟန်းကို—

အနုသယ မကိန်းသော ရဟန်း တဏှာပြတ်ပြီးသော ရဟန်း သံယောဇဉ် လွန်ပြီးသော ရဟန်း ကောင်းစွာ မာနကို နုတ်ပယ်ပြီးသောကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသော ရဟန်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ထွက်မြောက်ရာ 'နိဿရဏ' ဓာတ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

စတုတ္ထ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၅-ပဥ္စမ ပဏ္ဏာသက

## ၅-ပဥ္စမ သုတ် ငါးဆယ်

### (၂၁) ၁-ကိမိလဝဂ် ၁-ကိမိလသုတ်

၂၀၁။ အခါတပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ကျည်းပင်တော၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်ကိမိလမထေရ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်တံ့နိုင်သောအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူသည်ရှိသော် ဤသာသနာတော်၌ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည်—

မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှု မရှိကုန်မူ၍ နေကြကုန်၏။

တရား၌ ရိုသေမှု တုပ်ဝပ်မှု မရှိကုန်မူ၍ နေကြကုန်၏။

သံဃာ၌ ရိုသေမှု တုပ်ဝပ်မှု မရှိကုန်မူ၍ နေကြကုန်၏။

သီလ သိက္ခာ၌ ရိုသေမှု တုပ်ဝပ်မှု မရှိကုန်မူ၍ နေကြကုန်၏။

အချင်းချင်း ရိုသေမှု တုပ်ဝပ်မှု မရှိကုန်မူ၍ နေကြကုန်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်တံ့နိုင်သော အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့နိုင်သောအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူသည်ရှိသော် ဤသာသနာတော်၌ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည်—

မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှု ရှိကုန်၍ နေကြကုန်၏။

တရား၌ ရိုသေမှု တုပ်ဝပ်မှု ရှိကုန်၍ နေကြကုန်၏။

သံဃာ၌ ရိုသေမှု တုပ်ဝပ်မှု ရှိကုန်၍ နေကြကုန်၏။

သီလ သိက္ခာ၌ ရိုသေမှု တုပ်ဝပ်မှု ရှိကုန်၍ နေကြကုန်၏။

အချင်းချင်း ရိုသေမှု တုပ်ဝပ်မှု ရှိကုန်၍ နေကြကုန်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့နိုင်သော အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဓမ္မဿဝနသုတ်

၂၀၂။ ရဟန်းတို့ တရားနာခြင်း၌ အာနိသင်တို့သည် ငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မကြားဘူးသည်ကို ကြားနာရ၏။

ကြားဘူးသည်ကို ဖြူစင်စေ၏။

ယုံမှားမှုကို ကူးမြောက်နိုင်၏။

အယူကို ဖြောင့်မတ်စွာ ပြုနိုင်၏။

ထိုသူ၏ စိတ်သည် ကြည်လင်၏။

ရဟန်းတို့ တရားနာခြင်း၌ အာနိသင်တို့သည် ငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဿာဇာနီယသုတ်

၂၀၃။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဖြောင့်မတ်ခြင်းနှင့်ငင်း။

လျင်မြန်ခြင်းနှင့်ငင်း။

နူးညံ့ခြင်းနှင့်ငင်း။

သည်းခံခြင်းနှင့်ငင်း။

အကျင့်စင်ကြယ်ခြင်းနှင့်ငင်း ပြည့်စုံ၏၊

ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော မင်း၏အာဇာနည်မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါ အစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန် ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဖြောင့်မတ်ခြင်းနှင့်ငင်း။

လျင်မြန်ခြင်းနှင့်ငင်း။

http://www.dhammadownload.com



နူးညံ့ခြင်းနှင့်ငင်း။

သည်းခံခြင်းနှင့်ငင်း။

အကျင့်စင်ကြယ်ခြင်းနှင့်ငင်း ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန်ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဗလသုတ်

၂၀၄။ ရဟန်းတို့ ဗိုလ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ ဝီရိယဗိုလ်၊ ပညာဗိုလ်တို့တည်း။

ရဟန်းတို့ ဗိုလ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-စေတောခိလသုတ်

၂၀၅။ ရဟန်းတို့ စိတ်၏ ငြောင့် တံသင်းဖြစ်သော တရားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်၊ ရဟန်းတို့ မြတ်စွာဘုရား၌ ယုံမှား တွေးတော မဆုံးဖြတ်နိုင် မကြည်လင်သော ရဟန်း၏ စိတ်သည် အပူတပြင်း အားထုတ်ရန် အဖန်တလဲလဲ အားထုတ်ရန် အမြဲမပြတ် အားထုတ်ရန် ကမ္မဋ္ဌာန်းကို အားထုတ်ရန် မညွတ်၊ ဤသည်ကား စိတ်၏ ငြောင့်တံသင်း ဖြစ်သော ပဌမ တရားပင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရား၌ ယုံမှား၏။ပ။

သံဃာ၌ ယုံမှား၏။ပ။

သီလ သိက္ခာ၌ ယုံမှား၏။ပ။

သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သော စိတ်ရှိ၏၊ ထိပါး ပုတ်ခတ်လိုသော စိတ်ရှိ၏၊ ငြောင့် တံသင်းကဲ့သို့ ဖြစ်၏၊ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်ထွက်သော မနှစ်သက်

http://www.dhammadownload.com



သော ထိပါး ပုတ်ခတ်လိုစိတ်ရှိသော ငြောင့် တံသင်းကဲ့သို့ ဖြစ်သော ရဟန်း၏ စိတ်သည် အပူတပြင်း အားထုတ်ရန် အဖန်တလဲလဲ အားထုတ်ရန် အမြဲမပြတ် အားထုတ်ရန် ကမ္မဋ္ဌာန်းကို အားထုတ်ရန် မညွတ်၊ ဤသည်ကား စိတ်၏ ငြောင့်တံသင်း ဖြစ်သော ပဥ္စမ တရားပင်တည်း။

ရဟန်းတို့ စိတ်၏ငြောင့်တံသင်းဖြစ်သော တရားတို့သည် ဤငါးမျိုးတို့တည်းဟု(မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဝိနိဗန္ဓသုတ်

၂၀၆။ ရဟန်းတို့ စိတ်၏ အနှောင်အဖွဲ့ဖြစ်သော တရားတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော စွဲမက်မှု မကင်းသော လိုချင်မှု မကင်းသော ချစ်ခင်မှု မကင်းသော မွတ်သိပ်မှု မကင်းသော ပူပန်မှု မကင်းသော တပ်မက်မှု ရှိ၏။

ရဟန်းဘို့ ကာမဂုဏ်တို့၌ မကင်းသော စွဲမက်မှု မကင်းသော လိုချင်မှု မကင်းသော ချစ်ခင်မှု မကင်းသော မွတ်သိပ်မှု မကင်းသော ပူပန်မှု မကင်းသော တဏှမက်မှုရှိသော ရဟန်း၏ စိတ်သည် အပူတပြင်း အားထုတ်ရန် အဖန်တလဲလဲ အားထုတ်ရန် အမြဲမပြတ်အားထုတ်ရန် ကမ္မဋ္ဌာန်းကို အားထုတ်ရန် မညွတ်။

ဤသည်ကား စိတ်၏ အနှောင်အဖွဲ့ဖြစ်သော ပဌမ တရားပင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ကိုယ်ခန္ဓာတို့၌ မကင်းသော စွဲမက်မှု။ပ။

ရုပ်၌ မကင်းသော စွဲမက်မှု။ပ။

အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်မှုချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို လုံ့လပြု၍ နေ၏။ပ။

"ငါသည် ဤသီလဖြင့်ငှင်း ဤအကျင့်ဖြင့်ငှင်း ဤခြိုးခြံမှုဖြင့်ငှင်း ဤမြတ်သော အကျင့်ဖြင့်ငှင်း တန်ခိုးကြီးသော နတ်သော်ငှင်း တမျိုးမျိုးသော နတ်သော်ငှင်း ဖြစ်လိမ့်မည်"ဟု နတ်အသင်း အပင်း တမျိုးမျိုးကို တောင့်တ၍ မြတ်သော အကျင့်ကို ကျင့်၏။

ရဟန်းတို့ "ငါသည် ဤသီလဖြင့်ငှင်း ဤအကျင့်ဖြင့်ငှင်း ဤ ခြိုးခြံမှုဖြင့်ငှင်း ဤမြတ်သော အကျင့်ဖြင့်ငှင်း တန်ခိုးကြီးသော နတ်သော်ငှင်း တမျိုးမျိုးသော နတ်သော်ငှင်း ဖြစ်လိမ့်မည်"ဟု နတ်အသင်းအပင်း တမျိုးမျိုးကို တောင့်တ၍ မြတ်သော အကျင့်ကို ကျင့်သော ရဟန်း၏ စိတ်သည် အပူတပြင်း အားထုတ်ရန် အဖန်တလဲလဲ အားယုတ်ရန် အမြဲမပြတ် အားထုတ်ရန် ကမ္မဋ္ဌာန်းကို အားထုတ်ရန် မညွတ်၊ ဤသည်ကား စိတ်၏ အနှောင်အဖွဲ့ဖြစ်သော ပဥ္စမ တရား ပင်တည်း။

ရဟန်းတို့ စိတ်၏ အနှောင်အဖွဲ့ဖြစ်သော တရားတို့သည် ဤငါးမျိုးတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ယာဂုသုတ်

၂၀၇။ ရဟန်းတို့ ယာဂု၏ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆာလောင်ခြင်းကို ပယ်ဖျောက်တတ်၏။

မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏။

လေကို စုန်စေတတ်၏။

ဆီးအိမ်ကို သုတ်သင်တတ်၏။

အစာသစ် အကြွင်းအကျန်ကို ကျေညက်စေတတ်၏။

ရဟန်းတို့ ယာဂု၏ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ဒန္တကဋ္ဌသုတ်

၂၀၈။ ရဟန်းတို့ တံပူမစားခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မျက်စိ မကြည်လင်။

ခံတွင်း အနံ့ မကောင်း။

အရသာကို ဆောင်တတ်သော အကြောတို့ မစင်ကြယ်ကုန်။

သည်းခြေ သလိပ်သည် အစာကို မြှေးယှက်၏။

ထို (တံပူမစား) သူအား ထမင်းမမြိန်၊ ရဟန်းတို့ တံပူမစားခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ တံပူစားခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မျက်စိ ကြည်လင်၏။

ခံတွင်း အနံ့ ကောင်း၏။

အရသာကို ဆောင်တတ်သော အကြောတို့ စင်ကြယ်ကုန်၏။

သည်းခြေ သလိပ်သည် အစာကို မမြှေးယှက်။

ထို (တံပူစား) သူအား ထမင်းမြိန်၏။

ရဟန်းတို့ တံပူစားခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ဂီတဿရသုတ်

၂၀၉။ ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း ထိုအသံ၌ စွဲမက်၏။

သူတပါးတို့သည်လည်း ထိုအသံ၌ စွဲမက်ကုန်၏။

"ငါတို့ သီချင်းဆိုသကဲ့သို့ ထို့အတူ သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့သည် သီချင်းဆိုကုန်၏"ဟု လူဒါယကာတို့ ကဲ့ရဲ့ကုန်၏။

အသံ ပြုပြင်ခြင်းကို အလိုရှိသော ရဟန်းအား သမာဓိပျက်စီးခြင်းဖြစ်၏။

နောင်လာနောက်သားသည် အတုလိုက်၏။

ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-မုဋ္ဌဿတိသုတ်

၂၁၀။ ရဟန်းတို့ သတိလွတ်ကင်း ဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆင်းရဲစွာ အိပ်ရ၏။

ဆင်းရဲစွာ နိုးရ၏။

မကောင်းသော အိပ်မက် မက်၏။

နတ်တို့ မစောင့်ရှောက်ကုန်။

သုက် လွတ်၏။

ရဟန်းတို့ သတိလွတ်ကင်း ဆင်ခြင်ခြင်းမရှိပဲ အိပ်ပျော်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ သတိမကင်း ဆင်ခြင်ခြင်းရှိ၍ အိပ်ပျော်သော ရဟန်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ချမ်းသာစွာ အိပ်ရ၏။

ချမ်းသာစွာ နိုးရ၏။

http://www.dhammadownload.com



မကောင်းသော အိပ်မက်ကို မမက်။
နတ်တို့ စောင့်ရှောက်ကုန်၏။
သုတ် မလွှတ်။

ရဟန်းတို့ သတိမကင်း ဆင်ခြင်ခြင်းရှိ၍ အိပ်ပျော်သော ရဟန်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ကိမိလဝဂ် ပြီး၏။

---

## (၂၂) ၂-အက္ကောသကဝဂ် ၁-အက္ကောသကသုတ်

၂၁၁။ ရဟန်းတို့ သီတင်းသုံးဖော်တို့ကို ဆဲရေးတတ် ရေရွတ်ကြိမ်းမောင်းတတ် အရိယာ ပုဂ္ဂိုလ်တို့အား စွပ်စွဲတတ်သော ရဟန်းသည် အပြစ်ငါးမျိုးတို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့် အပ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
(လောကုတ္တရာတရား)ပြတ်၍ (လောကုတ္တရာတရားမှ) ဆုံးရှုံး၏။
ညစ်နွမ်းသော အာပတ်တမျိုးမျိုးသို့မူလည်း ရောက်၏။
ပြင်းထန်သော ရောဂါသို့မူလည်း ရောက်၏။
တွေဝေလျက် သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ သီတင်းသုံးဖော်တို့ကို ဆဲရေးတတ် ရေရွတ်ကြိမ်းမောင်းတတ် အရိယာ ပုဂ္ဂိုလ်တို့အား စွပ်စွဲတတ်သော ရဟန်းသည် ဤအပြစ်ငါးမျိုးတို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့် အပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဘဏ္ဍန ကာရကသုတ်

၂၁၂။ ရဟန်းတို့ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကား များတတ်၍ သံဃာ၌အဓိကရုဏ်းမှုကို ပြုတတ်သော ရဟန်းသည် အပြစ်ငါးမျိုးတို့ကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မရသေးသော တရားထူးကို မရ။

ရပြီးသော တရားထူးမှ ယုတ်လျော့၏။

မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ တက်၏။

တွေဝေလျက် သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ မျက်ကွက်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကား များတတ်၍ သံဃာ၌ အဓိကရုဏ်းမှုကို ပြုတတ်သော ရဟန်းသည် ဤအပြစ်ငါးမျိုးတို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သီလ သုတ်

၂၁၃။ ရဟန်းတို့ သီလမရှိသူ၏ သီလပျက်စီးခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်သည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်တို့၏ ဆုံးရှုံးခြင်းသို့ ရောက်၏။ ဤသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်း၌ ပဌမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်၏ မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏၊ ရဟန်းတို့ ဤသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ သီလ ပျက်စီးခြင်း၌ ဒုတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်သည် မင်းပရိသတ်သို့ ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ မည်သည့် ပရိသတ်သို့ မဆို ချဉ်းကပ်ခဲ့သော် ကြောက်ကြောက် ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏၊ ရဟန်းတို့ ဤသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်း၌ တတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်သည် တွေဝေလျက် သေရ၏၊ ရဟန်းတို့ ဤသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်း၌ စတုတ္ထ အပြစ် တည်း။

ရဟန်းတို့ နောက်တမျိုးကား သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍

http://www.dhammadownload.com



ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရ၏၊ ရဟန်းတို့ ဤသည်ကား သီလမရှိသော ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်း၌ ပဉ္စမ အပြစ်တည်း။

ရဟန်းတို့ သီလမရှိသော ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့ပင်တည်း။

ရဟန်းတို့ သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ သီလရှိသော သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မမေ့လျော့ခြင်း ကြောင့် များစွာသော စည်းစိမ် ဥစ္စာအစုကို ရ၏၊ ရဟန်းတို့ ဤသည်ကား သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့် ပြည့်စုံခြင်း၌ ပဌမ အကျိုးတည်း။

ရဟန်းတို့ နောက်တမျိုးကား သီလရှိသော သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ကောင်းသော ကျော်စော သတင်းသည် ပြန့်နှံ့၍ ထွက်၏၊ ရဟန်းတို့ ဤသည်ကား သီလရှိသော ပုဂ္ဂိုလ်၏ သီလ နှင့်ပြည့်စုံခြင်း၌ ဒုတိယ အကျိုးတည်း။

ရဟန်းတို့ နောက်တမျိုးကား သီလရှိသော သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မင်းပရိသတ်သို့ ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ မည်သည့် ပရိသတ်သို့မဆို ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာ မညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ ရဟန်းတို့ ဤသည်ကား သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့်ပြည့်စုံခြင်း၌ တတိယ အကျိုးတည်း။

ရဟန်းတို့ နောက်တမျိုးကား သီလရှိသော သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မတွေဝေပဲ သေရ၏၊ ရဟန်းတို့ ဤသည်ကား သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့်ပြည့်စုံခြင်း၌ စတုတ္ထ အကျိုးတည်း။

ရဟန်းတို့ နောက်တမျိုးကား သီလရှိသော သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ ဤသည်ကား သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့်ပြည့်စုံခြင်း၌ ပဉ္စမ အကျိုးတည်း။

ရဟန်းတို့ သီလရှိသော ပုဂ္ဂိုလ်၏ သီလနှင့်ပြည့်စုံခြင်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဗဟုဘာဏိသုတ်

၂၁၄။ ရဟန်းတို့ စကားများသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မဟုတ် မမှန်သည်ကို ပြောမိတတ်၏။

ကုန်းစကားကို ပြောမိတတ်၏။

http://www.dhammadownload.com



ကြမ်းထမ်းသော စကားကို ပြောမိတတ်၏။

ပြိန်ဖျင်းသော စကားကို ပြောမိတတ်၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ စကားများသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့ပင်တည်း။

ရဟန်းတို့ ပညာဖြင့် နှိုင်းချိန်၍ စကားပြောဆိုသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့ တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မဟုတ် မမှန်သည်ကို မပြောမိတတ်။

ကုန်းစကားကို မပြောမိတတ်။

ကြမ်းထမ်းသော စကားကို မပြောမိတတ်။

ပြိန်ဖျင်းသော စကားကို မပြောမိတတ်။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ ပညာဖြင့် နှိုင်းချိန်၍ စကားပြောဆိုသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့ တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ အက္ခန္တိသုတ်

၂၁၅။ ရဟန်းတို့ သည်းမခံခြင်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လူအများသည် မချစ်မနှစ်သက်။

ရန်များ၏။

အပြစ်များ၏။

တွေဝေလျက် သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ သည်းမခံခြင်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ သည်းခံခြင်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လူအများသည် ချစ်နှစ်သက်၏။

ရန်မများ။

http://www.dhammadownload.com



အပြစ်မများ။

မတွေမဝေပဲ သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။
ရဟန်းတို့ သည်းခံခြင်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယ အက္ခန္တိသုတ်

၂၁၆။ ရဟန်းတို့ သည်းမခံခြင်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လူအများသည် မချစ် မနှစ်သက်။

ကြမ်းကြုတ်၏။

နှလုံး မသာယာ။

တွေဝေလျက် သေရ၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ သည်းမခံခြင်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ သည်းခံခြင်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လူအများသည် ချစ်နှစ်သက်၏။

မကြမ်းကြုတ်။

နှလုံး မသာမယာမဖြစ်။

မတွေဝေပဲ သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။
ရဟန်းတို့ သည်းခံခြင်း၏ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ အပါသာဒိကသုတ်

၂၁၇။ ရဟန်းတို့ ကြည်ညိုဖွယ် မရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏။

http://www.dhammadownload.com



ပညာရှိတို့ စိစစ်၍ ကဲ့ရဲ့ကုန်၏။

မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

တွေဝေလျက် သေရ၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ကြည်ညိုဖွယ် မရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ကြည်ညိုဖွယ် ရှိသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ။

ပညာရှိတို့ စိစစ်၍ ချီးမွမ်းကုန်၏။

ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

မတွေဝေပဲ သေရ၏။

ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ အပါသာဒိကသုတ်

၂၁၈။ ရဟန်းတို့ ကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မကြည်ညိုသေးသော သူတို့ မကြည်ညိုကုန်။

ကြည်ညိုပြီးသော အချို့သူတို့သည်လည်း အကြည်ညိုပျက်ကုန်၏။

မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာပြုကျင့်မှု မရှိ။

နောင်လာနောက်သားသည် အတုလိုက်၏။

ထိုပုဂ္ဂိုလ်၏ စိတ်သည် မကြည်လင်။

ရဟန်းတို့ ကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—
မကြည်ညိုသေးသောသူတို့ ကြည်ညိုကုန်၏။
ကြည်ညိုပြီးသောသူတို့လည်း တိုး၍ ကြည်ညိုကုန်၏။
မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာပြုကျင့်၏။
နောင်လာ နောက်သားသည် အတုလိုက်၏။
ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်၏။
ရဟန်းတို့ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အဂ္ဂိသုတ်

၂၁၉။ ရဟန်းတို့ မီးလှုံခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။
အဘယ်ငါးမျိုးတို့နည်း ဟူမူ—
မျက်စိ မကြည်လင်။
အဆင်းမလှခြင်းကို ပြုတတ်၏။
အားနည်းခြင်းကို ပြုတတ်၏။
အပေါင်းအဖော်၌ မွေ့လျော်မှု 'တဏှာ' ပွါးများတတ်၏။
တိရစ္ဆာနကထာစကားမျိုး ဖြစ်ပေါ် စေတတ်၏။
ရဟန်းတို့ မီးလှုံခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-မဓုရာသုတ်

၂၂၀။ ရဟန်းတို့ မဓုရာငြပြည်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။
အဘယ်ငါးမျိုးတို့နည်း ဟူမူ—
မြေအပြင် မညီညွတ်။
မြူမှုန်များ၏။
ကြမ်းထမ်းသော ခွေးရှိ၏။
အတင့်ရဲသော ရက္ခိုက် ဘီလူးရှိ၏။
ဆွမ်းခံ၍ ရခဲ၏။
ရဟန်းတို့ မဓုရာငြပြည်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် အက္ကောသကဝဂ် ပြီး၏။

http://www.dhammadownload.com



## (၂၃) ၃-ဒီဃစာရိကဝဂ် ၁-ပဌမ ဒီဃစာရိကသုတ်

၂၂၁။ ရဟန်းတို့ ရှည်လျားစွာ ခရီးသွားခြင်း အပိုင်းအခြားမရှိပဲ ခရီးသွားခြင်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မကြားဘူးသည်ကို မကြားနာရ။

ကြားဘူးသည်ကို မဖြူစင်စေ။

ကြားဘူးသော အချို့သောတရားဖြင့် ရဲရင့်ခြင်း မဖြစ်။

ပြင်းထန်စွာ ရောဂါ စွဲကပ်ခြင်းသို့ ရောက်၏။

အဆွေခင်ပွန်းလည်း မရှိ။

ရဟန်းတို့ ရှည်လျားစွာ ခရီးသွားခြင်း အပိုင်းအခြား မရှိပဲ ခရီးသွားခြင်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းအား အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ အပိုင်းအခြားရှိသော ခရီးသွားခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မကြားဘူးသည်ကို ကြားနာရ၏။

ကြားဘူးသည်ကို ဖြူစင်စေ၏။

ကြားဘူးသော အချို့သော တရားဖြင့် ရဲရင့်၏။

ပြင်းထန်စွာ ရောဂါ စွဲကပ်ခြင်းသို့ မရောက်။

အဆွေခင်ပွန်းလည်း ရှိ၏။

ရဟန်းတို့ အပိုင်းအခြားရှိသော ခရီးသွားခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမ သုတ်။

---

## ၂-ဒုတိယ ဒီဃစာရိကသုတ်

၂၂၂။ ရဟန်းတို့ ရှည်လျားစွာ ခရီးသွားခြင်း အပိုင်းအခြားမရှိ ခရီးသွားခြင်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မရဘူးသေးသော တရားထူးကို မရ၊ ရပြီးသော တရားထူးမှ ယုတ်လျော့၏၊ ရပြီးသော အချို့သော တရားဖြင့် မရဲရင့်၊ ပြင်းထန်စွာ ရောဂါစွဲကပ်ခြင်းသို့ ရောက်၏၊ အဆွေခင်ပွန်းလည်း မရှိ။

http://www.dhammadownload.com



ရဟန်းတို့ ရှည်လျားစွာ ခရီးသွားခြင်း အပိုင်းအခြားမရှိ ခရီးသွားခြင်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ အပိုင်းအခြားရှိသော ခရီးသွားခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မရဘူးသေးသော တရားထူးကို ရ၏၊ ရပြီးသော တရားထူးမှ မယုတ်လျော့၊ ရပြီးသော အချို့သော တရားထူးဖြင့် ရဲရင့်၏၊ ပြင်းထန်စွာ ရောဂါစွဲကပ်ခြင်းသို့ မရောက်၊ အဆွေခင်ပွန်းလည်း ရှိ၏။

ရဟန်းတို့ အပိုင်းအခြားရှိသော ခရီးသွားခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အတိနိဝါသသုတ်

၂၂၃။ ရဟန်းတို့ အလွန်ကြာမြင့်စွာ နေခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

များသော ဘဏ္ဍာကို စုဆောင်းသည်ဖြစ်၍ များသော ဘဏ္ဍာရှိ၏။

များသော ဆေးတို့ကို စုဆောင်းသည်ဖြစ်၍ များသော ဆေးရှိ၏။

ပြုဖွယ်များသည်ဖြစ်၍ ကိစ္စ များပြား၏။

အဘယ်ကို ပြုရမည်နည်းဟု (မေးမြန်း၍)ပြုအပ်သော အမှုကြီးငယ်တို့၌ ကပ်ငြိတွယ်တာသည်ဖြစ်၍ (သာသနာတော်နှင့်) မလျော်သော လူတို့၏ နှီးနှောခြင်းမျိုးဖြင့် လူရဟန်းတို့နှင့် နှီးနှောဆက်ဆံလျက် နေရ၏။

ထိုနေရာကျောင်းမှ ဖဲသွားလျှင် ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ ဖဲသွားရ၏။

ရဟန်းတို့ အလွန်ကြာမြင့်စွာ နေခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ အပိုင်းအခြားရှိသော နေခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

များသော ဘဏ္ဍာကို မစုဆောင်းသည်ဖြစ်၍ များသော ဘဏ္ဍာ မရှိ။

များသော ဆေးတို့ကို မစုဆောင်းသည်ဖြစ်၍ များသော ဆေး မရှိ။

ပြုဖွယ် မများသည်ဖြစ်၍ ကိစ္စမများ။

အဘယ်ကို ပြုရမည်နည်းဟု (မေးမြန်း၍)ပြုအပ်သော အမှုကြီးငယ်တို့၌ မကပ်ငြိ မတွယ်တာသည်ဖြစ်၍ (သာသနာတော်နှင့်) မလျော်သော လူတို့၏ နှီးနှောခြင်းမျိုးဖြင့် လူရဟန်းတို့နှင့် နှီးနှောဆက်ဆံ၍ မနေရ။

http://www.dhammadownload.com



ထိုနေရာကျောင်းမှ ဖဲသွားလျှင် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ ဖဲသွားရ၏။

ရဟန်းတို့ အပိုင်းအခြားရှိသော နေခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-မစ္ဆရီသုတ်

၂၂၄။ ရဟန်းတို့ အလွန်ကြာမြင့်စွာ နေခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း 'အာဝါသ'၌ ဝန်တိုမှု ရှိ၏။

အမျိုး 'ဒါယကာ'တို့၌ ဝန်တိုမှု ရှိ၏။

လာဘ် လာဘ၌ ဝန်တိုမှု ရှိ၏။

ဂုဏ် အဆင်း၌ ဝန်တိုမှု ရှိ၏။

တရား၌ ဝန်တို မှုရှိ၏။

ရဟန်းတို့ အလွန်ကြာမြင့်စွာ နေခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ အပိုင်းအခြားရှိသော နေခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း 'အာဝါသ'၌ ဝန်တိုမှုမရှိ။

အမျိုး 'ဒါယကာ' တို့၌ ဝန်တိုမှုမရှိ။

လာဘ် လာဘ၌ ဝန်တိုမှု မရှိ။

ဂုဏ် အဆင်း၌ ဝန်တိုမှုမရှိ။

တရား၌ ဝန်တိုမှု မရှိ။

ရဟန်းတို့ ကာလအပိုင်းအခြားရှိသော နေခြင်း၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဌမ ကုလူပကသုတ်

၂၂၅။ ရဟန်းတို့ အိမ်သို့ကပ်တတ်သော ရဟန်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မပန်ကြားပဲ သွားလာခြင်းကြောင့်(ပါစိတ်) အာပတ်သင့်၏။

ဆိတ်ကွယ်ရာ၌ (မာတုဂါမနှင့် အတူ) ထိုင်နေခြင်းကြောင့် (ပါစိတ်) အာပတ်သင့်၏။

http://www.dhammadownload.com



ဖုံးလွှမ်းသော နေရာ၌ (မာတုဂါမနှင့်အတူ)နေခြင်းကြောင့် (ပါစိတ်) အာပတ်သင့်၏။

မာတုဂါမအား ငါးပုဒ် ခြောက်ပုဒ်ထက် အလွန် တရားဟောခြင်းကြောင့် (ပါစိတ်) အာပတ်သင့်၏။

ကာမဂုဏ်ကို ကြံစည်ခြင်း များလျက် နေ၏။

ရဟန်းတို့ အိမ်သို့ ကပ်တတ်သော ရဟန်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယ ကုလူပကသုတ်

၂၂၆။ ရဟန်းတို့ အလွန်ကြာမြင့်စွာ ဒါယကာတို့နှင့် ရောနှော၍ နေသော အိမ်သို့ ကပ်တတ်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မာတုဂါမအား မပြတ် တွေ့မြင်ရ၏။

တွေ့မြင်သည်ရှိသော် နှီးနှောမိ၏။

နှီးနှောမိသည်ရှိသော် အကျွမ်းဝင်၏။

အကျွမ်းဝင်သည်ရှိသော် ရာဂသို့ သက်ဝင်၏။

(ရာဂ) သက်ဝင်သော စိတ်ရှိသော ရဟန်းအား "မမွေ့လျော်ပဲလည်း မြတ်သော အကျင့်ကို ကျင့်ရလိမ့်မည်၊ ညစ်နွမ်းသော အာပတ်တမျိုးမျိုးသို့မူလည်း ရောက်ရလိမ့်မည်၊ သိက္ခာချ၍မူလည်း လူထွက်ရလိမ့်မည်" ဟူသော ဤအရာကို(မချတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ အလွန်ကြာမြင့်စွာ ဒါယကာတို့နှင့် ရောနှော၍ နေသော အိမ်သို့ ကပ်တတ်သော ရဟန်း၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဘောဂသုတ်

၂၂၇။ ရဟန်းတို့ စည်းစိမ်ဥစ္စာတို့၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စည်းစိမ် ဥစ္စာတို့သည် မီးနှင့် ဆက်ဆံကုန်၏။

စည်းစိမ် ဥစ္စာတို့သည် ရေနှင့် ဆက်ဆံကုန်၏။

စည်းစိမ် ဥစ္စာတို့သည် မင်းနှင့် ဆက်ဆံကုန်၏။

စည်းစိမ် ဥစ္စာတို့သည် ခိုးသူနှင့် ဆက်ဆံကုန်၏။

http://www.dhammadownload.com



စည်းစိမ် ဥစ္စာတို့သည် မချစ်မနှစ်သက်အပ်သော အမွေခံဆိုးတို့နှင့် ဆက်ဆံကုန်၏။

ရဟန်းတို့ စည်းစိမ်ဥစ္စာတို့၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ စည်းစိမ် ဥစ္စာတို့၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

စည်းစိမ် ဥစ္စာတို့ကို အမှီပြု၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်၏။

အမိ အဖတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်၏။

သား သမီး မယား ကျွန်အလုပ်သမားတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်၏။

မိတ်ဆွေ ခင်ပွန်းတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာဆောင်၏။

အထက်ဘုံ၌ ဖြစ်စေတတ်သော ကောင်းမြတ်သော အာရုံကို ပေးတတ်သော ချမ်းသာကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ ဖြစ်စေ၏။

ရဟန်းတို့ စည်းစိမ်ဥစ္စာတို့၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဥဿူရဘတ္တ သုတ်

၂၂၈။ ရဟန်းတို့ နေမြင့်မှ ထမင်းချက်သော အိမ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ခရီးသွား ဧည့်သည်တို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

ဗလိနတ်စာကို ခံကုန်သော နတ်တို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

တထပ်သာ စားကုန်သော ညဥ့်စာ စားခြင်းမှ ရှောင်ကြဉ်ကုန်သော နေလွဲ စားခြင်းမှ ရှောင်ကြဉ်ကုန်သော သမဏဗြာဟ္မဏတို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

ကျွန်အမှုလုပ်ယောကျ်ားတို့သည် မျက်နှာ မသာယာပဲ အလုပ်ကို လုပ်ကြရကုန်၏။

အခါမဲ့၌ စားသမျှ ထမင်းသည် သြဇာမရှိ။

ရဟန်းတို့ နေမြင့်မှ ထမင်းချက်သော အိမ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ အချိန်မှီ ထမင်းချက်သော အိမ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ခရီးသွား ဧည့်သည်တို့ကို အခါအားလျော်စွာ ပူဇော်ရကုန်၏။

ဗလိနတ်စာကို ခံကုန်သော နတ်တို့ကို အခါအားလျော်စွာ ပူဇော်ရကုန်၏။

တထပ်သာ စားကုန်သော ညဥ့်စာ စားခြင်းမှ ရှောင်ကြဉ်ကုန်သော နေလွဲ စားခြင်းမှ ရှောင်ကြဉ်ကုန်သော သမဏဗြာဟ္မဏတို့ကို အခါအားလျော်စွာ ပူဇော်ရကုန်၏။

http://www.dhammadownload.com



ကျွန်အမှုလုပ်ယောကျ်ားတို့သည် မျက်နှာသာယာကုန်လျက် အလုပ်ကို လုပ်ကုန်၏။ အချိန်မှီ စားသမျှ ထမင်းသည် ဩဇာရှိ၏။

ရဟန်းတို့ အချိန်မှီထမင်းချက်သော အိမ်၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဌမ ကဏှသပ္ပသုတ်

၂၂၉။ ရဟန်းတို့ မြွေဟောက်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မစင်ကြယ်၊ မကောင်းသော အနံ့ရှိ၏၊ အအိပ်ကြီး၏၊ ဘေးဘျမ်းနှင့် တကွ ဖြစ်၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်၏။

ရဟန်းတို့ မြွေဟောက်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤအတူသာလျှင် မာတုဂါမ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မစင်ကြယ်၊ မကောင်းသော အနံ့ရှိ၏၊ အအိပ်ကြီး၏၊ ဘေးဘျမ်းနှင့် တကွ ဖြစ်၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်၏။

ရဟန်းတို့ မာတုဂါမ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ကဏှသပ္ပသုတ်

၂၃၀။ ရဟန်းတို့ မြွေဟောက်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏၊ ပြင်းထန်သော အဆိပ်ရှိ၏၊ လျှာ နှစ်ခွရှိ၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်၏။

ရဟန်းတို့ မြွေဟောက်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤအတူသာလျှင် မာတုဂါမ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏၊ ပြင်းထန်သော အဆိပ်ရှိ၏၊ လျှာနှစ်ခွရှိ၏၊ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုငါးမျိုးသော အပြစ်တို့တွင် ဤဆိုလတ္တံ့သည်ကား မာတုဂါမ၌ ပြင်းထန်သော အဆိပ်ရှိသည့် အဖြစ်တည်း။

ရဟန်းတို့ မာတုဂါမသည် များသောအားဖြင့် ထက်မြက်သော တပ်မက်မှု 'ရာဂ' ရှိ၏။

ရဟန်းတို့ ထိုငါးမျိုးသော အပြစ်တို့တွင် ဤဆိုလတ္တံ့သည်ကား မာတုဂါမ၏ လျှာနှစ်ခွရှိသည့် အဖြစ်တည်း။

ရဟန်းတို့ မာတုဂါမသည် များသောအားဖြင့် ကုန်းတိုက်တတ်၏။

ရဟန်းတို့ ထိုငါးမျိုးသော အပြစ်တို့တွင် ဤဆိုလတ္တံ့သည်ကား မာတုဂါမ၏ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်သည့် အဖြစ်တည်း။

ရဟန်းတို့ မာတုဂါမသည် များသောအားဖြင့် လင်ကို လွန်ကျူး၍ ကျင့်တတ်၏။

ရဟန်းတို့ မာတုဂါမ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဒီဃစာရိကဝဂ် ပြီး၏။

## (၂၄) ၄-အာဝါသိကဝဂ် ၁-အာဝါသိကသုတ်

၂၃၁။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် (နှလုံးကို) မတိုးပွါးစေတတ်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဝတ်ကြီးဝတ်ငယ်နှင့် မပြည့်စုံသည်ဖြစ်၍ အသွင်အပြင်နှင့် မပြည့်စုံ။

အကြားအမြင်ကို မဆောင်သည်ဖြစ်၍ များသော အကြားအမြင်မရှိ။

တယောက်တည်း ကိန်းအောင်းခြင်း၌ မမွေ့လျော်သည်ဖြစ်၍ ကိလေသာကို မခေါင်းပါး စေတတ်။

ကောင်းသော နှုတ်ထွက်မရှိသည်ဖြစ်၍ ကောင်းသော စကားမရှိ။

ပညာမရှိ၊ မိုက်မဲ၏၊ ဆွံ့အ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် (နှလုံးကို) မပွါး စေတတ်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် (နှလုံးကို) ပွါးစေတတ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသည်ဖြစ်၍ အသွင်အပြင်နှင့် ပြည့်စုံ၏။

အကြားအမြင်ကို ဆောင်သည်ဖြစ်၍ များသော အကြားအမြင်ရှိ၏။

တယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်သည်ဖြစ်၍ ကိလေသာကို ခေါင်းပါးစေ တတ်၏။

http://www.dhammadownload.com



ကောင်းသော နှုတ်ထွက်ရှိသည်ဖြစ်၍ ကောင်းသော စကားရှိ၏။

ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် (နှလုံးကို) ပွါးစေတတ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပိယသုတ်

၂၃၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူဖြစ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အနက် သဒ္ဒါနှင့် တကွ ဖြစ်၍ အလုံးစုံ ပြည့်စုံစင်ကြယ်သည့် မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကုန်သော တရားတို့ကို ထိုရဟန်းသည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် ဆင်ခြင်မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိ၏။

ကောင်းသော စကားရှိ၏၊ ကောင်းသော စကားမြွက်ဆိုသံရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏။

မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ဖြစ်သော (ရူပါဝစရ) ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-သောဘနသုတ်

၂၃၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ကျောင်းကို တင့်တယ်စေ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်၏။

အကြားအမြင်များ၏။ပ။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိ၏။

ကောင်းသော စကားရှိ၏၊ ကောင်းသော စကားမြွက်ဆိုသံရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏။

ချဉ်းကပ်ရောက်လာသူတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေခြင်းငှါ စွမ်းနိုင်၏။

မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ဖြစ်သော (ရူပါဝစရ) ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ကျောင်းကို တင့်တယ်စေ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဗဟူပကာရသုတ်

၂၃၄။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ကျောင်းအား ကျေးဇူးများ၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ—

သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

အကြားအမြင်များ၏ ။ပ။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိ၏။

ကျိုးပျက်သည်ကို တဖန်ပြုပြင်တတ်၏။

အထူးထူးသော မြို့ရွာနေ ရဟန်းတို့ ကြွရောက်လာသည်ဖြစ်၍ ရဟန်းသံဃာများပြားသည် ရှိသော် လူဒါယကာတို့ထံသို့ ချဉ်းကပ်၍ "ဒါယကာတို့ ကြွရောက်လာသော ရဟန်းသံဃာများသည် အထူးထူးသော မြို့ရွာနေ ရဟန်းတို့ဖြစ်ကုန်၏၊ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်လော့၊ ကုသိုလ်ကောင်းမှုပြုရန် အချိန်အခါပင်တည်း"ဟု ပြောကြားတတ်၏။

မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် လွန်မြတ်သော စိတ်၌ ဖြစ်သော (ရူပါဝစရ)ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊မငြိုမငြင်ရ၏၊မပင်မပန်းရ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် နေရာကျောင်းအား ခကျေးဇူးများ၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အနုကမ္ပသုတ်

၂၃၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် လူတို့အား သနားစောင့်ရှောက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

လွန်မြတ်သော ငါးပါးသီလ၌ ဆောက်တည်စေ၏။

သစ္စာလေးပါး တရားတို့ကို ရှုမြင်ခြင်း၌ သွင်းထား၏။

မကျန်းမမာသူတို့ထံသို့ ချဉ်းကပ်၍—

"အသျှင်(ဒါယကာ)တို့သည် ပူဇော်အထူးကို ခံထိုက်သော ရတနာသုံးပါး၌ ဖြစ်သော သတိကို ထင်စေကုန်လော့"ဟု သတိကို ဖြစ်စေ၏။

အထူးထူးသော မြို့ရွာနေ ရဟန်းတို့ ကြွရောက်လာသည်ဖြစ်၍ ရဟန်းသံဃာများသည်ရှိသော် လူဒါယကာတို့ထံသို့ ချဉ်းကပ်၍—

"ဒါယကာတို့ ကြွရောက်လာသော ရဟန်းသံဃာများသည် အထူးထူးသော မြို့ရွာနေရဟန်းတို့ ဖြစ်ကုန်၏၊ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်လော့ ကုသိုလ်ကောင်းမှုပြုရန် အချိန်အခါပင် တည်း"ဟု ပြောကြား၏။

ရဟန်းတို့ ယုတ်ညံ့သော ဆွမ်းကိုဖြစ်စေ မွန်မြတ်သော ဆွမ်းကိုဖြစ်စေ ပေးလှူခဲ့မူ ထိုဆွမ်းကို ကိုယ်တိုင်ဘုဉ်းပေး၏၊ သဒ္ဓါသဖြင့် ပေးလှူအပ်သော ဆွမ်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် လူတို့အား သနားစောင့်ရှောက်၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပဌမ အဝဏ္ဏာရဟသုတ်

၂၃၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

http://www.dhammadownload.com



ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ပြ၏။

ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ပြ၏။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ--

ဉာဏ်ဖြင့် စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

ဉာဏ်ဖြင့် စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ဉာဏ်ဖြင့် စိစစ် သက်ဝင်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ပြ၏။

ဉာဏ်ဖြင့် စိစစ် သက်ဝင်၍ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ပြ၏။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ အဝဏ္ဏာရဟသုတ်

၂၃၇။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

ကျောင်း၌ ဝန်တို၏၊ ကျောင်း၌ မက်မော၏။

ဒါယကာ၌ ဝန်တို၏၊ ဒါယကာ၌ မက်မော၏။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဥာဏ်ဖြင့် စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

ဥာဏ်ဖြင့် စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ကျောင်း၌ ဝန်တိုမှု မရှိ၊ ကျောင်း၌ မမက်မော။

ဒါယကာ၌ ဝန်တိုမှု မရှိ၊ ဒါယကာ၌ မမက်မော။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-တတိယ အဝဏ္ဏာရဟသုတ်

၂၃၈။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဥာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆို၏။

ဥာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

ကျောင်း၌ ဝန်တို၏။

ဒါယကာ၌ ဝန်တို၏။

လာဘ်၌ ဝန်တို၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဥာဏ်ဖြင့် စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆို၏။

ဥာဏ်ဖြင့် စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆို၏။

ကျောင်း၌ ဝန်တိုမှု မရှိ။

ဒါယကာ၌ ဝန်တိုမှု မရှိ။

လာဘ်၌ ဝန်တိုမှု မရှိ။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဉ္စမ မစ္ဆရိယသုတ်

၂၃၉။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ--

ကျောင်း၌ ဝန်တို၏။

ဒါယကာ၌ ဝန်တို၏။

လာဘ်၌ ဝန်တို၏။

ဂုဏ် အဆင်း၌ ဝန်တို၏[၁]။

သဒ္ဓါတရားဖြင့်လှူသော ပစ္စည်းကို ဖျက်ဆီး၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထား အပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထား အပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ---

ကျောင်း၌ ဝန်တိုမှု မရှိ။

ဒါယကာ၌ ဝန်တိုမှု မရှိ။

လာဘ်၌ ဝန်တိုမှု မရှိ။

ဂုဏ် အဆင်း၌ ဝန်တိုမှု မရှိ[၂]။

သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို မဖျက်ဆီး။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထား အပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

၁။ တရား၌ ဝန်တို၏။ ၂။ တရား၌ ဝန်တိုမှုမရှိ။

http://www.dhammadownload.com



## ၁၀-ဒုတိယ မစ္ဆရိယသုတ်

၂၄၀။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တို၏။

ဒါယကာ၌ ဝန်တို၏။

လာဘ်၌ ဝန်တို၏။

ဂုဏ် အဆင်း၌ ဝန်တို၏။

တရား၌ ဝန်တို၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုမှု မရှိ။

ဒါယကာ၌ ဝန်တိုမှု မရှိ။

လာဘ်၌ ဝန်တိုမှု မရှိ။

ဂုဏ် အဆင်း၌ ဝန်တိုမှု မရှိ။

တရား၌ ဝန်တိုမှု မရှိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းထိုင်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် အာဝါသိကဝဂ် ပြီး၏။

## (၂၅) ၅-ဒုစ္စရိတဝဂ် ၁-ပဌမ ဒုစ္စရိတသုတ်

၂၄၁။ ရဟန်းတို့ ဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏။

ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ကဲ့ရဲ့ကုန်၏။

မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

http://www.dhammadownload.com



တွေ့ဝေလျက် သေရ၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ သုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်းဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ။

ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ချီးမွမ်းကုန်၏။

ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

မတွေ့ဝေပဲ သေရ၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နည်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ သုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဌမ ကာယဒုစ္စရိတသုတ်

၂၄၂။ ရဟန်းတို့ ကာယဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။ပ။
ကာယသုစရိုက်ရှိသူ၌ အကျိုးတို့သည်။ပ။

ဒုတိယသုတ်။

---

## ၃-ပဌမ ဝစီဒုစ္စရိတသုတ်

၂၄၃။ ရဟန်းတို့ ဝစီဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။ ပ ။ဝစီသုစရိုက်ရှိသူ၌ အကျိုးတို့သည်။ပ။

တတိယသုတ်။

---

## ၄-ပဌမ မနောဒုစ္စရိတသုတ်

၂၄၄။ ရဟန်းတို့ မနောဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။ပ။မနောသုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ။

ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ချီးမွမ်းကုန်၏။

ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

မတွေဝေပဲ သေရ၏။

ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့ ကာယသုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ ဒုစ္စရိတသုတ်

၂၄၅။ ရဟန်းတို့ ဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏။

ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ကဲ့ရဲ့ကုန်၏။

မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

သူတော်ကောင်းတရားမှ ကင်း၏။

မသူတော်တရား၌ တည်၏။

ရဟန်းတို့ ဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ သုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ။

ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ချီးမွမ်းကုန်၏။

ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။

မသူတော်တရားမှ ကင်း၏။

သူတော်ကောင်းတရား၌ တည်၏။

ရဟန်းတို့ သုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ ကာယဒုစ္စရိတသုတ်

၂၄၆။ ရဟန်းတို့ ကာယဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။ပ။
ကာယသုစရိုက်ရှိသူ၌ အကျိုးတို့သည်။ပ။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ ဝစီဒုစ္စရိတသုတ်

၂၄၇။ ရဟန်းတို့ ဝစီဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ။ပ။
ဝစီသုစရိုက်ရှိသူ၌ အကျိုးတို့သည် ။ပ။

သတ္တမသုတ်။

## ၈-ဒုတိယ မနောဒုစ္စရိတသုတ်

၂၄၈။ ရဟန်းတို့ မနောဒုစရိုက်ရှိသူ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း ။ပ။
မနောသုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—
မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ။
ပညာရှိတို့ကလည်း (ဉာဏ်ဖြင့်) စိစစ်၍ ချီးမွမ်းကုန်၏။
ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏။
မသူတော်တရားမှ ကင်း၏။
သူတော်ကောင်းတရား၌ တည်၏။
ရဟန်းတို့ မနောသုစရိုက်ရှိသူ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သိဝထိကသုတ်

၂၄၉။ ရဟန်းတို့ သင်းချိုင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။
**အဘယ်ငါးမျိုးတို့နည်း ဟူမူ—**
**မစင်ကြယ်။**
**မကောင်းသော အနံ့ရှိ၏။**

http://www.dhammadownload.com



ဘေးဘျမ်းရှိ၏။

သရဲ သဘက်တို့ နေရာဖြစ်၏။

များစွာသော လူအပေါင်း၏ ငိုကြွေးရာဖြစ်၏။

ရဟန်းတို့ သင်းချိုင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤအတူသာလျှင် သင်းချိုင်း ဥပမာရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုး တို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကာယကံနှင့် ပြည့်စုံ၏၊ မစင်ကြယ်သော ဝစီကံနှင့် ပြည့်စုံ၏၊ မစင်ကြယ်သော မနောကံနှင့် ပြည့်စုံ၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ မစင်ကြယ်မှုဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသင်းချိုင်းသည် မစင်ကြယ်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသင်းချိုင်း ဥပမာရှိသူ ဟူ၍ ငါဆို၏။

မစင်ကြယ်သော ကာယကံ မစင်ကြယ်သော ဝစီကံ မစင်ကြယ်သော မနောကံနှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်အား မကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ မကောင်းသော အနံ့ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသင်းချိုင်းသည် မကောင်းသော အနံ့ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသင်းချိုင်းဥပမာ ရှိသူဟူ၍ ငါဆို၏။

မစင်ကြယ်သော ကာယကံ မစင်ကြယ်သော ဝစီကံ မစင်ကြယ်သော မနောကံနှင့် ပြည့်စုံသူအား သီလကို ချစ်ခင်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့သည် ဝေးစွာ ရှောင်ကြဉ်ကုန်၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ ဘေးဘျမ်းနှင့် တကွ ဖြစ်ခြင်းဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသင်းချိုင်းသည် ဘေးဘျမ်းနှင့် တကွ ဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသင်းချိုင်း ဥပမာရှိသူဟူ၍ ငါဆို၏။

မစင်ကြယ်သော ကာယကံ မစင်ကြယ်သော ဝစီကံ မစင်ကြယ်သော မနောကံနှင့် ပြည့်စုံသူသည် သဘောတူ ပုဂ္ဂိုလ်တို့နှင့် အတူ နေ၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ သရဲ သဘက် အဖြစ်ဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသင်းချိုင်းသည် သရဲ သဘက်တို့၏ နေရာဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသင်းချိုင်း ဥပမာရှိသူဟူ၍ ငါဆို၏။

မစင်ကြယ်သော ကာယကံ မစင်ကြယ်သော ဝစီကံ မစင်ကြယ်သော မနောကံနှင့် ပြည့်စုံသူအား သီလကို ချစ်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့သည် မြင်၍—

"ငါတို့သည် ဤသို့သဘောရှိသော ပုဂ္ဂိုလ်တို့နှင့် အတူ နေရ၏၊ ငါတို့အား ဆင်းရဲလေစွ တကား"ဟု ရှုတ်ချကုန်၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ ငိုကြွေးရာဟူ၍ ငါဆို၏။

ရဟန်းတို့ ဤသင်းချိုင်းသည် လူအများ၏ ငိုကြွေးရာဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသင်းချိုင်း ဥပမာရှိသူဟူ၍ ငါဆို၏။

http://www.dhammadownload.com



ရဟန်းတို့ သင်းချိုင်းနှင့်တူသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

### ၁၀-ပုဂ္ဂလပ္ပသာဒသုတ်

၂၅၀။ ရဟန်းတို့ ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ပုဂ္ဂိုလ်တဦး၏ အကြည်ညိုခံရသော ပုဂ္ဂိုလ်သည် သံဃာက နှင်ထုတ်သင့်သော သဘောရှိသည့် အာပတ်သို့ ရောက်မှုကြောင့် နှင်ထုတ်ခဲ့အံ့၊ ထိုကြည်ညိုသော ပုဂ္ဂိုလ်အား ဤသို့ ဖြစ်တတ်၏။

"ငါချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို သံဃာသည် နှင်ထုတ်၏"ဟု ရဟန်းတို့၌ မကြည်ညိုမှု များစွာဖြစ်၏။

ရဟန်းတို့၌ မကြည်ညိုမှု များစွာဖြစ်သည်ရှိသော် အခြားရဟန်းတို့ကို မဆည်းကပ်၊ အခြားရဟန်းတို့ကို မဆည်းကပ်သည်ရှိသော် သူတော်ကောင်းတရားကို မနာယူရ၊ သူတော်ကောင်းတရားကို မနာယူရသည်ရှိသော် သူတော်ကောင်းတရားမှ ယုတ်လျော့၏။

ရဟန်းတို့ ဤသည်ကား ပုဂ္ဂိုလ်ကို ကြည်ညိုရာ၌ ပဌမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ပုဂ္ဂိုလ်တဦး၏ အကြည်ညိုခံရသော ပုဂ္ဂိုလ်သည် သံဃာက အစွန်အဖျား၌ နေစေသင့်သော သဘောရှိသည့် အာပတ်သို့ ရောက်မှုကြောင့် အစွန်အဖျား၌ နေစေအံ့၊ ထိုကြည်ညိုသော ပုဂ္ဂိုလ်အား ဤသို့ ဖြစ်တတ်၏—

"ငါချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို သံဃာသည် အစွန်အဖျား၌ နေစေ၏"ဟု ရဟန်းတို့၌ မကြည်ညိုမှု များစွာဖြစ်၏။

ရဟန်းတို့၌ မကြည်ညိုမှု များစွာဖြစ်သည်ရှိသော် အခြားရဟန်းတို့ကို မဆည်းကပ်၊ အခြားရဟန်းတို့ကို မဆည်းကပ်သည်ရှိသော် သူတော်ကောင်းတရားကို မနာယူရ၊ သူတော်ကောင်းတရားကို မနာယူရသည်ရှိသော် သူတော်ကောင်းတရားမှ ယုတ်လျော့၏။

ရဟန်းတို့ ဤသည်ကား ပုဂ္ဂိုလ်ကို ကြည်ညိုရာ၌ ဒုတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ပုဂ္ဂိုလ်တဦး၏ အကြည်ညိုခံရသော ပုဂ္ဂိုလ်သည် အရပ်တပါးသို့ ဖဲသွားခဲ့မူ ။ပ။

အကြည်ညိုခံရသော ပုဂ္ဂိုလ်သည် လူထွက်ခဲ့မူ ။ပ။

အကြည်ညိုခံရသော ပုဂ္ဂိုလ်သည် ကွယ်လွန်ခဲ့မူ ထိုကြည်ညိုသော ပုဂ္ဂိုလ်အား ဤသို့ ဖြစ်တတ်၏—

http://www.dhammadownload.com



"ငါချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်သည် ကွယ်လွန်၏"ဟု အခြားရဟန်းတို့ကို မဆည်းကပ်၊ အခြားရဟန်းတို့ကို မဆည်းကပ်သည်ရှိသော် သူတော်ကောင်းတရားကို မနာယူရ၊ သူတော်ကောင်း တရားကို မနာယူရသည်ရှိသော် သူတော်ကောင်းတရားမှ ယုတ်လျော့၏။

ရဟန်းတို့ ဤသည်ကား ပုဂ္ဂိုလ်ကို ကြည်ညိုရာ၌ ပဉ္စမ အပြစ်တည်း။

ရဟန်းတို့ ပုဂ္ဂိုလ်ကို ကြည်ညိုရာ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဒုစ္စရိတဝဂ် ပြီး၏။

ပဉ္စမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com



## (၂၆) ၆-ဥပသမ္ပဒါဝဂ် ၁-ဥပသမ္ပာဒေတဗ္ဗသုတ်

၂၅၁။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးနိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိ 'အရဟတ္တဖိုလ်' ဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ဂုဏ်နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (ဥပဇ္ဈာယ်ပြု၍) ပဉ္စင်းခံပေးနိုင်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-နိဿယသုတ်

၂၅၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (ဆရာပြု၍) နိဿရည်းပေးနိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏။ပ။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်' ဂုဏ်နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (ဆရာပြု၍) နိဿရည်း ပေးနိုင်၏ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-သာမဏေရသုတ်

၂၅၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာမဏေကို လုပ်ကျွေးစေနိုင်၏၊ (သာမဏေ၏ အလုပ်အကျွေးကို ခံထိုက်၏)။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိ 'အရဟတ္တဖိုလ်' ဂုဏ်နှင့် ပြည့်စုံ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်'ကို ဆင်ခြင်နိုင်သော 'ပစ္စဝေက္ခဏာဉာဏ်' ဂုဏ်နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာမဏေကို လုပ်ကျွေးစေနိုင်၏၊ (သာမဏေ၏ အလုပ်အကျွေးကို ခံထိုက်၏) ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဥ္စ မစ္ဆရိယသုတ်

၂၅၄။ ရဟန်းတို့ ဝန်တိုခြင်း 'မစ္ဆရိယ' တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

တရား၌ ဝန်တိုခြင်းတို့တည်း။

ရဟန်းတို့ ဝန်တိုခြင်းတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤဝန်တိုခြင်း ငါးမျိုးတို့တွင် (ပရိယတ္တိ) တရား၌ ဝန်တိုခြင်းသည် စက်ဆုပ်ဖွယ် ဖြစ်၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-မစ္ဆရိယပ္ပဟာနသုတ်

၂၅၅။ ရဟန်းတို့ ဝန်တိုခြင်း ငါးမျိုးတို့ကို ပယ်ရန် အကြွင်းမဲ့ဖြတ်ရန် မြတ်သော အကျင့်ကို ကျင့်သုံးရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်းကို ပယ်ရန် အကြွင်းမဲ့ဖြတ်ရန် မြတ်သောအကျင့်ကို ကျင့်သုံးရ၏။

အမျိုး'ဒါယကာ'တို့၌ ဝန်တိုခြင်းကို ။ပ။

လာဘ်၌ ဝန်တိုခြင်းကို ။ပ။

ဂုဏ်အဆင်း၌ ဝန်တိုခြင်းကို ။ပ။

တရား၌ ဝန်တိုခြင်းကို ပယ်ရန် အကြွင်းမဲ့ ဖြတ်ရန် မြတ်သော အကျင့်ကို ကျင့်သုံးရ၏။

ရဟန်းတို့ ဤဝန်တိုခြင်း ငါးမျိုးတို့ကို ပယ်ရန် အကြွင်းမဲ့ဖြတ်ရန် မြတ်သော အကျင့်ကို ကျင့်သုံးရ၏ ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ ဈာနသုတ်

၂၅၆။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ပဌမဈာန်သို့ ရောက်၍ နေရန် မထိုက်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

တရား၌ ဝန်တိုခြင်း။ (ဤငါးမျိုးတို့တည်း)။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ပဌမဈာန်သို့ ရောက်၍ နေရန် မထိုက်။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမဈာန်သို့ ရောက်၍ နေရန် ထိုက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

တရား၌ ဝန်တိုခြင်း။ (ဤငါးမျိုးတို့တည်း)။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် ပဉ္စမဈာန်သို့ ရောက်၍ နေရန် ထိုက်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-၁၃-ဒုတိယဈာနသုတ်စသည် ခုနစ်သုတ်

၂၅၇-၂၆၃။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ဒုတိယဈာန်သို့ ရောက်၍ နေရန် မထိုက်။ပ။

တတိယဈာန်သို့ ရောက်၍ နေရန် မထိုက်။

စတုတ္ထဈာန်သို့ ရောက်၍ နေရန် မထိုက်။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

တရား၌ ဝန်တိုခြင်း။ (ဤငါးမျိုးတို့တည်း)။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် ဒုတိယဈာန်သို့ ရောက်၍ နေရန် ထိုက်၏။ပ။ တတိယဈာန်သို့ ရောက်၍ နေရန် ထိုက်၏။ စတုတ္ထဈာန်သို့ ရောက်၍ နေရန် ထိုက်၏။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

တရား၌ ဝန်တိုခြင်း။ (ဤငါးမျိုးတို့တည်း)။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

---

## ၁၄-အပရပဌမစျာနသုတ်

၂၆၄။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ပဌမစျာန်သို့ ရောက်၍ နေရန် မထိုက်။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

သူ့ကျေးဇူးကို မသိခြင်း သူ့ကျေးဇူးကို ထင်စွာ မပြုခြင်း။ (ဤငါးမျိုးတို့တည်း)။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ပဌမစျာန်သို့ ရောက်၍ နေရန် မထိုက်။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမစျာန်သို့ ရောက်၍ နေရန် ထိုက်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ကျောင်း၌ ဝန်တိုခြင်း။

အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။

လာဘ်၌ ဝန်တိုခြင်း။

ဂုဏ်အဆင်း၌ ဝန်တိုခြင်း။

သူ့ကျေးဇူးကို မသိခြင်း သူ့ကျေးဇူးကို ထင်စွာ မပြုခြင်း။ (ဤငါးမျိုးတို့တည်း)။

ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမစျာန်သို့ ရောက်၍ နေရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

---

## ၁၅-၂၁- အပရ ဒုတိယ စျာနသုတ်စသည်

၂၆၅-၂၇၁။ ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ ဒုတိယစျာန်သို့ ရောက်၍ နေရန် မထိုက်။ပ။

တတိယစျာန်သို့ ရောက်၍ နေရန် မထိုက်။

စတုတ္ထစျာန်သို့ ရောက်၍ နေရန် မထိုက်။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

http://www.dhammadownload.com



သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။
အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။
အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။
အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ကျောင်း၌ ဝန်တိုခြင်း။
အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။
လာဘ်၌ ဝန်တိုခြင်း။
ဂုဏ်အဆင်း၌ ဝန်တိုခြင်း။
သူ့ကျေးဇူးကို မသိခြင်း သူ့ကျေးဇူးကို ထင်စွာ မပြုခြင်း။ (ဤငါးမျိုးတို့တည်း)။
ရဟန်းတို့ ဤတရားငါးမျိုးတို့ကို မပယ်ပဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။
ရဟန်းတို့ ဤတရားငါးမျိုးတို့ကိုပယ်ခြင်းကြောင့် ဒုတိယဈာန်သို့ ရောက်၍ နေရန် ထိုက်၏။ပ။
တတိယဈာန်သို့ ရောက်၍ နေရန်ထိုက်၏။
စတုတ္ထဈာန်သို့ ရောက်၍ နေရန်ထိုက်၏။
သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ထိုက်၏။
သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။
အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။
အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။
အဘယ်ငါးမျိုးတို့နည်း ဟူမူ—
ကျောင်း၌ ဝန်တိုခြင်း။
အမျိုး'ဒါယကာ'၌ ဝန်တိုခြင်း။
လာဘ်၌ ဝန်တိုခြင်း။
ဂုဏ်အဆင်း၌ ဝန်တိုခြင်း။
သူ့ကျေးဇူးကို မသိခြင်း သူ့ကျေးဇူးကို ထင်စွာ မပြုခြင်း။ (ဤငါးမျိုးတို့တည်း)။
ရဟန်းတို့ ဤတရားငါးမျိုးတို့ကို ပယ်ခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

ကေဝီသတိမသုတ်။

ခြောက်ခုမြောက် ဥပသမ္ပဒါဝဂ် ပြီး၏။

---

## ၁-သမ္မုတိပေယျာလ ၁-ဘတ္တုဒ္ဒေသကသုတ်

၂၇၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဆွမ်းညွှန် ရဟန်းဟူ၍ မသမုတ်အပ်။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆန္ဒာဂတိသို့ လိုက်၏။

ဒေါသာဂတိသို့ လိုက်၏။

မောဟာဂတိသို့ လိုက်၏။

ဘယာဂတိသို့ လိုက်၏။

ညှန်အပ်ပြီး မညှန်ရသေးသည်ကို မသိ။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဆွမ်းညှန် ရဟန်းဟူ၍ မသမုတ်အပ်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဆွမ်းညှန် ရဟန်းဟူ၍ သမုတ်အပ်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆန္ဒာဂတိသို့ မလိုက်။

ဒေါသာဂတိသို့ မလိုက်။

မောဟာဂတိသို့ မလိုက်။

ဘယာဂတိသို့ မလိုက်။

ညှန်အပ်ပြီး မညှန်ရသေးသည်ကို သိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဆွမ်းညှန် ရဟန်းဟူ၍ သမုတ်အပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညှန် ရဟန်းကို သမုတ်အပ်ပြီးသော်လည်း မခိုင်းစေအပ်။ပ။

သမုတ်အပ်ပြီး စေခိုင်းအပ်၏။

မိုက်သော ရဟန်းဟု သိအပ်၏။

ပညာရှိသော ရဟန်းဟု သိအပ်၏။

တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏။

မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏။

ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

ဆန္ဒာဂတိသို့ မလိုက်။

ဒေါသာဂတိသို့ မလိုက်။

မောဟာဂတိသို့ မလိုက်။

ဘယာဂတိသို့ မလိုက်။

ညှန်အပ်ပြီး မညှန်ရသေးသည်ကို သိ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညွှန်ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-၁၄-သေနာသနပညာပကသုတ်စသည်

၂၇၃-၂၈၅-ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ကျောင်း အိပ်ရာ နေရာခင်း ရဟန်းဟု မသမုတ်အပ်။ပ။

ခင်းပြီးသည် မခင်းရသေးသည်ကို မသိ။ပ။

ကျောင်း အိပ်ရာ နေရာခင်း ရဟန်းဟု သမုတ်အပ်၏။ပ။

ခင်းပြီးသည် မခင်းရသေးသည်ကို သိ၏။ပ။

ကျောင်း အိပ်ရာ နေရာကို ခံယူတတ်သော ရဟန်းဟု မသမုတ်အပ်။ပ။

ခံယူပြီးသည် မခံယူရသေးသည်ကိုမသိ။ပ။

ကျောင်း အိပ်ရာ နေရာကို ခံယူတတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

ခံယူပြီးသည် မခံယူရသေးသည်ကိုသိ၏။ပ။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဘဏ္ဍာစိုးဟူ၍ မသမုတ်အပ်။ပ။

လုံခြုံသည် မလုံခြုံသည်ကို မသိ။

ဘဏ္ဍာစိုးဟူ၍ သမုတ်အပ်၏။ပ။

လုံခြုံသည် မလုံခြုံသည်ကို သိ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဘဏ္ဍာစိုးဟူ၍ သမုတ်အပ်၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို သင်္ကန်းကို ခံယူတတ်သော ရဟန်းဟု မသမုတ်အပ်။ပ။

ခံယူပြီး မခံယူရသေးသည်ကို မသိ။

သင်္ကန်းကို ခံယူတတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

ခံယူပြီး မခံယူရသေးသည်ကို သိ၏။

သင်္ကန်းကို ဝေဖန်တတ်သော ရဟန်းဟူ၍ မသမုတ်အပ် ။ပ။ဝေဖန်ပြီးသည် မဝေဖန်ရသေးသည်ကို မသိ။

သင်္ကန်းကို ဝေဖန်တတ်သော ရဟန်းဟု သမုတ်အပ်၏ ။ပ။ ဝေဖန်ပြီးသည် မဝေဖန်ရသေးသည်ကို သိတတ်၏။

ယာဂုကို ဝေဖန်တတ်သော ရဟန်းဟု မသမုတ်အပ်။ပ။ယာဂုကို ဝေဖန်တတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

သစ်သီးကို ဝေဖန်တတ်သော ရဟန်းဟု မသမုတ်အပ်။ပ။သစ်သီးကို ဝေဖန်တတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

http://www.dhammadownload.com



ခဲဖွယ်ကို ဝေဖန်တတ်သော ရဟန်းဟု မသမုတ်အပ်။ပ။ဝေဖန်ပြီးသည် မဝေဖန်ရသေးသည်ကို မသိ။

ခဲဖွယ်ကို ဝေဖန်တတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။ဝေဖန်ပြီးသည် မဝေဖန်ရသေးသည်ကို သိ၏။

အနည်းငယ်သော ဝတ္ထုကို စွန့်တတ်သော ရဟန်းဟူ၍ မသမုတ်အပ်။ပ။စွန့်အပ်သည် မစွန့်အပ်သည်ကို မသိတတ်။

အနည်းငယ်သော ဝတ္ထုကို စွန့်တတ်သော ရဟန်းဟူ၍ သမုတ်အပ်၏ ။ပ။ စွန့်အပ်ပြီး မစွန့်ရသေးသည်ကို သိ၏။

မိုးရေခံ သင်္ကန်းကို ခံယူတတ်သော ရဟန်းဟူ၍ မသမုတ်အပ်။ပ။ခံယူအပ်ပြီးသည် မခံယူရသေးသည်ကို မသိ။

မိုးရေခံ သင်္ကန်းကို ခံယူတတ်သော ရဟန်းဟူ၍ သမုတ်အပ်၏။ပ။ခံယူအပ်ပြီးသည် မခံယူရသေးသည်ကို သိ၏။

သပိတ်ကို ခံယူတတ်သော ရဟန်းဟု မသမုတ်အပ်။ပ။ခံယူပြီးသည် မခံယူရသေးသည်ကို မသိ။

သပိတ်ကို ခံယူတတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။ခံယူပြီးသည် မခံယူရသေးသည်ကို သိ၏။

အရံစောင့်ကို စေခိုင်းတတ်သော ရဟန်းဟု မသမုတ်အပ်။ပ။အရံစောင့်ကို စေခိုင်းတတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

သာမဏေကို စေခိုင်းတတ်သော ရဟန်းဟု မသမုတ်အပ်။ပ။သာမဏေကို စေခိုင်းတတ်သော ရဟန်းဟု သမုတ်အပ်၏။ပ။

သမုတ်အပ်ပြီးသော ရဟန်းကို မစေခိုင်းအပ်။ပ။ သမုတ်အပ်ပြီးသော ရဟန်းကို စေခိုင်းအပ်၏။ပ။

သာမဏေကို စေခိုင်းတတ်သော မိုက်သော ရဟန်းဟု သိအပ်၏။

သာမဏေကို စေခိုင်းတတ်သော ပညာရှိသော ရဟန်းဟု သိအပ်၏။

တူးဖို့ ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏။

မတူးဖို့ မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏။

ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏၊ ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

ဆန္ဒာဂတိသို့ မလိုက်။

ဒေါသာဂတိသို့ မလိုက်။

မောဟာဂတိသို့ မလိုက်။

ဘယာဂတိသို့ မလိုက်။

စေခိုင်းအပ်သည် မစေခိုင်းအပ်သည်ကို သိ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော သာမဏေကို စေခိုင်းတတ်သော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

သမ္မုတိပေယျာလ ပြီး၏။

## ၂-သိက္ခာပဒပေယျာလ ၁-ဘိက္ခုသုတ်

၂၈၆။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်တတ်၏။

မပေးသည်ကို ယူတတ်၏။

မမြတ်သော မေထုန်အကျင့်ကို ကျင့်တတ်၏။

မဟုတ် မမှန် ပြောတတ်၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။

မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆောင်ယူ၍ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-၇-ဘိက္ခုနီသုတ်စသည်

၂၈၇-၂၉၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းမိန်းမသည်။ပ။သိက္ခမာန်မသည်။ပ။ သာမဏေသည်။ပ။ သာမဏေမသည်။ပ။ ဥပါသကာသည်။ပ။ ဥပါသိကာမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

http://www.dhammadownload.com



**အဘယ်ငါးမျိုးတို့နည်း** ဟူမူ—

သူ့အသက်ကို သတ်တတ်၏။

မပေးသည်ကို ယူတတ်၏။

ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်တတ်၏။

မဟုတ် မမှန် ပြောဆိုတတ်၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်တတ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။

မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။

ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။

မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈–အာဇီဝကသုတ်

၂၉၃။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော အာဇီဝကတက္ကတွန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်တတ်၏။

မပေးသည်ကို ယူတတ်၏။

မမြတ်သော မေထုန်အကျင့်ကို ကျင့်၏။

မဟုတ် မမှန် ပြောဆို၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော အာဇီဝကတက္ကတွန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-၁၇-နိဂဏ္ဌသုတ် စသည်

၂၉၄-၃၀၂။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော နိဂဏ္ဌသည်။ မုဏ္ဍ(နိဂဏ္ဌ)၏ တပည့်သည်။ ဆံကျစ်ရသေ့သည်။ (အဝတ်ဝတ်သော) ပရိဗိုဇ်သည်။ မာဂဏ္ဍိကတိတ္ထိသည်။ တေဒဏ္ဍိကတိတ္ထိသည်။ အာရုဒ္ဓကတိတ္ထိသည်။ ဂေါတမကတိတ္ထိသည်။ ဒေဝဓမ္မိကတိတ္ထိသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်တတ်၏။

မပေးသည်ကို ခိုးယူတတ်၏။

မမြတ်သော မေထုန်အကျင့်ကို ကျင့်၏။

မဟုတ် မမှန် ပြောဆို၏။

မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဒေဝဓမ္မိကတိတ္ထိသည် ဆောင်ယူ၍ ချထား အပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏ဟု(မိန့်တော်မူ၏)။

သတ္တရသမသုတ်။

သိက္ခာပဒပေယျာလ ပြီး၏။

---

## ၁· ရာဂပေယျာလသုတ်

၃၀၃။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားငါးမျိုးတို့ကို ပွါးများအပ် ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသုဘသညာ။

မရဏသညာ။

အာဒီနဝသညာ။

အာဟာရေ ပဋိကူလသညာ။

သဗ္ဗလောကေ အနဘိရတိသညာ တို့တည်း။

ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ် ကုန်၏ဟု(မိန့်တော်မူ၏)။ (၁)

၃၀၄။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားငါးမျိုးတို့ကို ပွါးများအပ် ကုန်၏။

http://www.dhammadownload.com



အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အနိစ္စသညာ။

အနတ္တသညာ။

မရဏသညာ။

အာဟာရေ ပဋိက္ကူလသညာ။

သဗ္ဗလောကေ အနဘိရတိသညာ တို့တည်း။

ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏ဟု(မိန့်တော်မူ၏)။(၂)

၃၀၅။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အနိစ္စသညာ။

အနိစ္စ၌ ဒုက္ခဟု မှတ်ထင်မှု သညာ။

ဒုက္ခ၌ အနတ္တဟု မှတ်ထင်မှု သညာ။

ပဟာနသညာ။

ဝိရာဂသညာ တို့တည်း။

ရဟန်းတို့ ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၃)

၃၀၆။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။

ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏ဟု(မိန့်တော်မူ၏)။(၄)

၃၀၇။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်တရားငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် တို့တည်း။

ရဟန်းတို့ ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။(၅)

http://www.dhammadownload.com



၃၀ဂ–၁၁၅၁။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ပိုင်းခြား၍ သိရန်။ ထက်ဝန်းကျင် ကုန်စေရန်။ ပယ်ရန်။ကုန်ခန်းရန်။ပျက်စီးရန်။ တပ်ခြင်းကင်းရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန် တရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏။

ဒေါသကို။ မောဟကို။ အမျက်ကို။ ရန်ငြိုးထားမှု 'ဥပနာဟ' ကို။ ချေဖျက်မှု'မက္ခ'ကို။ အပြိုင်ပြုမှု'ပလာသ'ကို။ ငြူစူမှု'ဣဿာ'ကို။ ဝန်တိုမှု 'မစ္ဆရိယ' ကို။ လှည့်ပတ်မှု 'မာယာ' ကို။ စဉ်းလဲမှု 'သာဌေယျ'ကို။ ခက်ထန်မှု'ထမ္ဘ'ကို။ ချုတ်ချယ်မှု 'သာရမ္ဘ'ကို။ ထောင်လွှားမှု 'မာန'ကို။ အလွန်ထောင်လွှားမှု 'အတိမာန' ကို။ မာန်ယစ်မှု 'မဒ' ကို။ မေ့လျော့မှု 'ပမာဒ'ကို ထူးသောဉာဏ်ဖြင့် သိရန်။ ပိုင်းခြား၍သိရန်။ ကုန်စေရန်။ ပယ်ရန်။ ကုန်ခန်းစေရန်။ ပျက်စီးရန်။ တပ်ခြင်းကင်းရန်။ ချုပ်စေရန်။ စွန့်ရန်။ တဖန်စွန့်ရန် တရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၆-၈၄၉)

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် တို့တည်း။

ရဟန်းတို့ မေ့လျော့မှု ပမာဒကို တဖန်စွန့်ရန် ဤတရားငါးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏) (၆-၈၅၀)။

ရာဂပေယျာလ ပြီး၏။

# ပဉ္စကနိပါတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ဆက္ကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁—ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁-အာဟုနေယျဝဂ်  ၁-ပဌမ အာဟုနေယျသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော် လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။

နားဖြင့် အသံကို ကြား၍။

နှာခေါင်းဖြင့် အနံ့ကို နမ်း၍။

လျှာဖြင့် အရသာကို လျက်၍။

ကိုယ်ဖြင့် အတွေ့ အထိကို တွေ့ထိ၍။

စိတ်ဖြင့် သဘော တရားကို သိ၍ ဝမ်းလည်း မသာ ဝမ်းလည်း မနည်း သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန်နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ပဌမသုတ်။

## ၂-ဒုတိယ အာဟုနေယျသုတ်

၂။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းနှင့် ပြည့်စုံ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်နိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်နိုင်၏၊ (ကိုယ်) ထင်ရှား ဖြစ်စေနိုင်၏၊ (ကိုယ်)ကို ပျောက်ကွယ်စေနိုင်၏၊ နံရံတဖက် တံတိုင်း တဖက် တောင်တဖက်သို့ မထိ မငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလာနိုင်၏၊မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုနိုင်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလာနိုင်၏၊ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားနိုင်၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ် ဆုပ်ကိုင်နိုင်၏၊ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို စိတ်အလိုအတိုင်း ဖြစ်စေနိုင်၏။ (၁)

အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်နားနှင့် တူသော နား 'ဒိဗ္ဗသောတ' ဖြင့် နတ်၌လည်း ဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏။ (၂)

http://www.dhammadownload.com



တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ စွဲမက်ခြင်း 'ရာဂ' နှင့် တကွ ဖြစ်သော စိတ်ကိုလည်း ''စွဲမက်ခြင်း 'ရာဂ' နှင့်တကွဖြစ်သော စိတ်''ဟု သိ၏၊ စွဲမက်ခြင်း 'ရာဂ' ကင်းသော စိတ်ကိုလည်း ''စွဲမက်ခြင်း 'ရာဂ' ကင်းသော စိတ်''ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွဖြစ်သော စိတ်ကိုလည်း ''အမျက်ထွက်ခြင်း 'ဒေါသ' နှင့်တကွ ဖြစ်သော စိတ်''ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း ''အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်''ဟု သိ၏၊ တွေဝေခြင်း 'မောဟ' နှင့် တကွဖြစ်သော စိတ်ကိုလည်း ''တွေဝေခြင်း 'မောဟ' နှင့်တကွဖြစ်သော စိတ်''ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း ''တွေဝေခြင်း 'မောဟ' ကင်းသော စိတ်''ဟု သိ၏၊ ကျုံ့သော စိတ်ကိုလည်း ''ကျုံ့သော စိတ်''ဟု သိ၏၊ ပျံ့လွင့်သော စိတ်ကိုလည်း ''ပျံ့လွင့်သော စိတ်''ဟု သိ၏၊ မြတ်သည့် အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း ''မြတ်သည့် အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်''ဟု သိ၏၊ မြတ်သည့်အဖြစ်သို့ မရောက်သော စိတ်ကိုလည်း ''မြတ်သည့်အဖြစ်သို့ မရောက်သော စိတ်''ဟု သိ၏၊ သာလွန်သော တရားရှိသော 'သဥတ္တရ' စိတ်ကိုလည်း ''သာလွန်သော တရားရှိသော 'သဥတ္တရ' စိတ်''ဟု သိ၏၊ သာလွန်သော တရားမရှိသော 'လောကုတ္တရာ' စိတ်ကိုလည်း ''သာလွန်သော တရားမရှိသော 'လောကုတ္တရာ' စိတ်''ဟု သိ၏၊ တည်ကြည်သော စိတ်ကိုလည်း ''တည်ကြည်သော စိတ်''ဟု သိ၏၊ မတည်ကြည်သော စိတ်ကိုလည်း ''မတည်ကြည်သော စိတ်''ဟု သိ၏၊ (ကိလေသာမှ) လွတ်မြောက်သော စိတ်ကိုလည်း ''လွတ်မြောက်သော စိတ်''ဟု သိ၏၊ မလွတ်မြောက်သော စိတ်ကိုလည်း ''မလွတ်မြောက်သော စိတ်''ဟု သိ၏။ (၃)

များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။

ဤသည်ကား အဘယ်နည်း--

တဘဝကိုင်း နှစ်ဘဝတို့ကိုင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။ (၄)

အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲ သတ္တဝါ ဖြစ်ဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။

''အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်' နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့်'ဝစီဒုစရိုက်'စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' တို့နှင့် ပြည့်စုံကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုကျင့်သော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'တို့နှင့် ပြည့်စုံကုန်၏၊အရိယာပုဂ္ဂိုလ်တို့ကို မစွပ်စွဲတတ်ကုန်၊မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုကျင့်သော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီး

http://www.dhammadownload.com



သည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရကုန်၏”ဟု သိ၏၊ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲ သတ္တဝါ ဖြစ်ဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိ၏။ (၅)

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား မရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ (၆)

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဣန္ဒြိယသုတ်

၃။ ရဟန်းတို့ တရား ခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သဒ္ဓိန္ဒြေနှင့်၊ ဝီရိယိန္ဒြေနှင့်၊ သတိန္ဒြေနှင့်၊ သမာဓိန္ဒြေနှင့်၊ ပညိန္ဒြေနှင့် ပြည့်စုံ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊တမလွန် အကျိုးအတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဗလသုတ်

၄။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သဒ္ဓါဗိုလ်နှင့်၊ ဝီရိယဗိုလ်နှင့်၊ သတိဗိုလ်နှင့်၊ သမာဓိဗိုလ်နှင့်၊ ပညာဗိုလ်နှင့် ပြည့်စုံ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးဘို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏ ။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဌမ အာဇာနီယသုတ်

၅။ ရဟန်းဘို့ အင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည်မြင်းကောင်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

ရသာရုံတို့ကို သည်းခံနိုင်၏။

ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

အဆင်းနှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ ဤအင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည်မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

http://www.dhammadownload.com



ရသာရုံတို့ကို သည်းခံနိုင်၏။

ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

ဓမ္မာရုံတို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ အာဇာနီယသုတ်

၆။ ရဟန်းတို့ အင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည်မြင်းကောင်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

ရသာရုံတို့ကို သည်းခံနိုင်၏။

ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

ခွန်အား ဗလနှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ ဤအင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

ရသာရုံတို့ကို သည်းခံနိုင်၏။

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

ဓမ္မာရုံတို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-တတိယ အာဇာနီယသုတ်

၇။ ရဟန်းတို့ အင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည်မြင်းကောင်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

ရသာရုံတို့ကို သည်းခံနိုင်၏။

ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

လျင်မြန်သော အဟုန်နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤအင်္ဂါခြောက်မျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည်မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှု ပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ရူပါရုံတို့ကို သည်းခံနိုင်၏။

သဒ္ဒါရုံတို့ကို သည်းခံနိုင်၏။

ဂန္ဓာရုံတို့ကို သည်းခံနိုင်၏။

ရသာရုံတို့ကို သည်းခံနိုင်၏။

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်၏။

ဓမ္မာရုံတို့ကို သည်းခံနိုင်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍ သော်လည်း ပေးလှူ၊ပူဇော်ရန် ထိုက်တန်၏ ။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အနုတ္တရိယသုတ်

၈။ ရဟန်းတို့ အမြတ်ဆုံးတရားတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမြတ်ဆုံး အမြင်။

အမြတ်ဆုံး အကြား။

အမြတ်ဆုံး လာဘ်။

အမြတ်ဆုံး သိက္ခာ။

အမြတ်ဆုံး လုပ်ကျွေးမှု။

အမြတ်ဆုံး အောက်မေ့မှုတို့တည်း။

ရဟန်းတို့ အမြတ်ဆုံးတရားတို့သည် ဤခြောက်မျိုးတို့ပေတည်း။

အဋ္ဌမသုတ်။

## ၉-အနုဿတိဋ္ဌာနသုတ်

၉။ ရဟန်းတို့ (စီးပွါးချမ်းသာ၏) အကြောင်းဖြစ်သော အဖန်ဖန် အောက်မေ့ခြင်း 'အနုဿတိ' တို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဘုရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း။

တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း။

သံဃာဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း။

သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

စွန့်ကြဲ ပေးကမ်းခြင်း ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

နတ်တို့၏ သဒ္ဓါစသော ဂုဏ်နှင့် တူမျှသော မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း တို့တည်း။

ရဟန်းတို့ (စီးပွါးချမ်းသာ၏) အကြောင်းဖြစ်သော အဖန်ဖန်အောက်မေ့ခြင်းတို့သည် ဤ ခြောက်မျိုးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-မဟာနာမသုတ်

၁၀။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သာကီဝင်မင်း မဟာနာမ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား—

"အသျှင်ဘုရား (အရိယာ)ဖိုလ်ကို ရပြီး၍ သာသနာ 'သိက္ခာ သုံးပါး'ကို သိပြီးသော အရိယာ တပည့်သည် မည်သည့် နေခြင်းဖြင့် များစွာ နေပါသနည်း"ဟု လျှောက်၏။

မဟာနာမ် (အရိယာ)ဖိုလ်ကို ရပြီး၍ သာသနာ 'သိက္ခာ သုံးပါး'ကို သိပြီးသော အရိယာ တပည့်သည် ဤ(ဆိုလတ္တံ့သော)နေခြင်းဖြင့် များစွာနေ၏။

မဟာနာမ် ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့၏—

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (အောက်မေ့၏)။

မဟာနာမ် အရိယာတပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အောက်မေ့သော အခါ၌ ထို အရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ထိုအခါ၌ ထိုပုဂ္ဂိုလ်အား မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ ပါဠိကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏။ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ၊ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်းမရှိသည်ဖြစ်၍ နေသူ၊ (ဝိပဿနာဉာဏ်ဟုဆိုအပ်သော)တရား အယဉ်သို့ ရောက်လျက် မြတ်စွာဘုရား၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း 'ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း'ကို ပွါးများသူဟူ၍ ဆိုအပ်၏။(၁)

http://www.dhammadownload.com



မဟာနာမ် နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏—

"မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်င သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု(အောက်မေ့၏)။

မဟာနာမ် အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ထိုအခါ၌ ထိုသူအား တရားတော်၏ ဂုဏ်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ ပါဠိကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ၊ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်းမရှိသည်ဖြစ်လျက် နေသူ၊ (ဝိပဿနာဉာဏ်ဟု ဆိုအပ်သော) တရားအယဉ်သို့ ရောက်လျက် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း 'ဓမ္မာနုဿတိကမ္မဋ္ဌာန်း'ကို ပွါးများသူဟူ၍ ဆိုအပ်၏ (၂)

မဟာနာမ် နောက်တမျိုးကား အရိယာတပည့်သည် **သံဃာတော်**၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏—

"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား **သံဃာတော်**သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျောက်ပတ်သော အကျင့် ရှိတော်မူပါပေ၏၊အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်တော်မူပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏"ဟု (အောက်မေ့၏)။

မဟာနာမ် အရိယာတပည့်သည် **သံဃာတော်**၏ ဂုဏ်ကို အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊

http://www.dhammadownload.com



မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ထိုအခါ၌ ထိုသူအား သံဃာတော်၏ ဂုဏ်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ ပါဠိကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်ခြင်းကိုရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်း မရှိသည်ဖြစ်လျက် နေသူ (ဝိပဿနာဉာဏ်ဟု ဆိုအပ်သော) တရားအယဉ်သို့ ရောက်လျက် သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း 'သံဃာနုဿတိကမ္မဋ္ဌာန်း'ကို ပွါးများသူဟူ၍ ဆိုအပ်၏။ (၃)

မဟာနာမ် နောက်တမျိုးကား အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျားကုန်သော (တဏှာကျွန် အဖြစ်မှ) လွတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော မိမိ၏ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

မဟာနာမ် အရိယာတပည့်သည် သီလဂုဏ်ကို အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ် မဖြစ်၊ ထိုအခါ၌ ထိုသူအား သီလဂုဏ်ကို အာရုံပြု၍ဖြောင့်မတ်သော စိတ်သာလျှင်ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ ပါဠိကိုမှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက် သူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိ သူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာ သူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်း မရှိသည်ဖြစ်လျက် နေသူ (ဝိပဿနာဉာဏ် ဟု ဆိုအပ်သော) တရားအယဉ်သို့ ရောက်လျက် သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း 'သီလာနုဿတိကမ္မဋ္ဌာန်း' ကို ပွါးများသူဟူ၍ ဆိုအပ်၏။ (၄)

မဟာနာမ် နောက်တမျိုးကား အရိယာတပည့်သည် မိမိ၏စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"ငါ့အား အရတော်လေစွတကား၊ ငါသည်(လူအဖြစ်ကို)ကောင်းစွာ ရအပ်ပေသည် တကား၊ အကြင်ငါသည် ဝန်တိုမှု အညစ်အကြေးတို့ ထကြွ သောင်းကျန်းနေသော သတ္တဝါအပေါင်းတွင်

http://www.dhammadownload.com



ဝန်တိုမှု အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ဆေးကြောပြီးသော လက်ရှိ၍ စွန့်ကြဲမှု၌ မွေ့လျော်၏၊ အတောင်းခံရရန် အသင့်ဖြစ်၏ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏”ဟု (အောက်မေ့၏)။

မဟာနာမ် အရိယာတပည့်သည် စွန့်ကြဲခြင်းဂုဏ်ကို အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ထိုအခါ၌ ထိုသူအား စွန့်ကြဲခြင်းဂုဏ်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ ပါဠိကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိ သူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်းမရှိသည် ဖြစ်လျက်နေသူ (ဓိပဿနာဉာဏ်ဟု ဆိုအပ်သော) တရားအယဉ်သို့ ရောက်လျက် စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း 'စာဂါနုဿတိကမ္မဋ္ဌာန်း'ကို ပွါးများသူဟူ၍ ဆိုအပ်၏။ (၅)

မဟာနာမ် နောက်တမျိုးကား အရိယာတပည့်သည် နတ်တို့ကို(သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို)အဖန်ဖန် အောက်မေ့၏၊“စာတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာနတ် နိမ္မာနရတိနတ် ပရိနိမ္မိတဝသဝတ္တိနတ် ဗြဟ္မာ အထက်အထက်ဗြဟ္မာတို့ ရှိကုန်၏၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ထိုနတ်တို့သည် လူ့ဘုံမှ စုတေ၍ နတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏၊ သီလနှင့် ပြည့်စုံသော ထိုနတ်တို့သည် လူ့ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည် ရှိ၏၊ ပညာနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏”ဟု အောက်မေ့၏။

မဟာနာမ် အရိယာတပည့်သည် မိမိ၏၎င်း ထိုနတ်တို့၏၎င်း သဒ္ဓါတရား အကျင့်သီလ အကြားအမြင် စွန့်ကြဲပေးကမ်းခြင်း ပညာကို အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ မောဟ ထကြွသောင်းကျန်းသော စိတ်မဖြစ်၊ ထိုအခါ၌ ထိုသူအား ထိုနတ်တို့၏ သဒ္ဓါစသော ဂုဏ်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်၏။

မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ပါဠိကို မှီ၍ ဖြစ်သော ဝမ်းမြောက်မှုကို ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိ သူ၏ ကိုယ်သည်

http://www.dhammadownload.com



ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိ သူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာ သူ၏ စိတ်သည် တည်ကြည်၏။

မဟာနာမ် ဤအရိယာတပည့်ကို မငြိမ်သက်ခြင်းသို့ ရောက်သော သတ္တဝါအပေါင်းတွင် ငြိမ်သက်ခြင်းသို့ ရောက်လျက် နေသူ ဆင်းရဲခြင်းရှိသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်းမရှိသည်ဖြစ်လျက် နေသူ (ဝိပဿနာဉာဏ်ဟု ဆိုအပ်သော)တရားအယဉ်သို့ ရောက်လျက် နတ်တို့ကို (သက်သေထား၍ မိမိ၏သဒ္ဓါစသော ဂုဏ်ကို) အဖန်ဖန် အောက်မေ့ခြင်း 'ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း' ကို ပွါးများသူဟူ၍ ဆိုအပ်၏။ (၆)

မဟာနာမ် အရိယာဖိုလ်ကို ရပြီး၍ သာသနာ 'သိက္ခာသုံးပါး'ကို သိပြီးသော အရိယာတပည့်သည် ဤသို့သော နေခြင်းဖြင့် များစွာ နေ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော အာဟုနေယျဝဂ် ပြီး၏။

## ၂-သာရဏီယဝဂ် ၁-ပဌမ သာရဏီယသုတ်

၁၁။ ရဟန်းတို့ မပြတ် အောက်မေ့ထိုက်သော 'သာရဏီယ' တရားတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း၏ ကာယကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌၎င်း မျက်ကွယ်၌၎င်း ရှေးရှုတည်၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်း၏ ဝစီကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌၎င်း မျက်ကွယ်၌၎င်း ရှေးရှုတည်၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်း၏ မနောကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌၎င်း မျက်ကွယ်၌၎င်း ရှေးရှုတည်၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားနှင့် အညီဖြစ်ကုန် တရားသဖြင့် ရအပ်သော သဘောရှိကုန်သော လာဘ်တို့ဖြင့် ယုတ်စွအဆုံး သပိတ်၌ အကျုံးဝင်သော ဆွမ်းမျှဖြင့်လည်း (ဝတ္ထု ပုဂ္ဂိုလ်ကို)ခွဲခြားမှု မပြုပဲ သုံးဆောင်လေ့ရှိ၏၊ သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံလျက် သုံးဆောင်လေ့ရှိ၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မကျိုး မပေါက် မပြောက် မကျားကုန်သော (တဏှာကျွန် အဖြစ်မှ) လွတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ် ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့ဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌၎င်း မျက်ကွယ်၌၎င်း သီလ တူမျှခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ထိုအတိုင်း ကျင့်သူအား ကောင်းစွာ ဝဋ်ဆင်းရဲ ကုန်ရန် ထုတ်ဆောင်တတ်သော နိယျာနိက အရိယဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း အယူ တူမျှခြင်းသို့ ရောက်သည်ဖြစ်၍နေ၏၊ ဤတရားကိုလည်း မပြတ် အောက်မေ့ထိုက်၏။

ရဟန်းတို့ မပြတ် အောက်မေ့ထိုက်သော 'သာရဏီယ' တရားတို့သည် ဤခြောက်မျိုးတို့ တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ သာရဏီယသုတ်

၁၂။ ရဟန်းတို့ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်ကုန်သော ဤသာရဏီယတရားခြောက်မျိုးတို့သည် သင်္ဂြိုဟ်ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်း ဖြစ်ရန် ဖြစ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း၏ ကာယကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း ရှေးရှုတည်၏၊ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားသည်လည်း သင်္ဂြိုဟ် ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်း၏ ဝစီကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း ရှေးရှုတည်၏၊ (သီတင်းသုံး ဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားသည်လည်း သင်္ဂြိုဟ် ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်း၏ မနောကံ မေတ္တာသည် သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း ရှေးရှုတည်၏၊ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားသည်လည်း သင်္ဂြိုဟ် ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားနှင့် အညီဖြစ်ကုန် တရားသဖြင့် ရအပ်သော သဘောရှိကုန်သော လာဘ်တို့ဖြင့် ယုတ်စွ၊ဖဆုံး သပိတ်၌ အကျုံးဝင်သော ဆွမ်းမျှ ဖြင့်လည်း (ဝတ္ထု ပုဂ္ဂိုလ်ကို) ခွဲခြားမှု မပြုပဲ သုံးဆောင်လေ့ရှိ၏၊ သီလရှိကုန်သော သီတင်း သုံးဖော်တို့နှင့် ဆက်ဆံလျက် သုံးဆောင်လေ့ရှိ၏။ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားသည်လည်း သင်္ဂြိုဟ် ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မကျိုး မပေါက် မပြောက် မကျားကုန်သော (တဏှာကျွန် အဖြစ်မှ)လွတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံး

http://www.dhammadownload.com



သပ်အပ်ကုန်သောသမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့ဖြင့် သီတင်းသုံးဖော်တို့နှင့်မျက်မှောက် ၌ငှင်း မျက်ကွယ်၌ငှင်း သီလ တူမျှခြင်းသို့ ရောက်သည်ဖြစ်၍နေ၏၊ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားသည်လည်း သင်္ဂြိုဟ်ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်း ဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ထိုအတိုင်း ကျင့်သူအား ကောင်းစွာ ဝဋ်ဆင်းရဲ ကုန်ရန် ထုတ်ဆောင်တတ်သော နိယျာနိက အရိယဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌ ငှင်း မျက်ကွယ်၌ငှင်း အယူတူမျှခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်း ကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယတရားသည်လည်း သင်္ဂြိုဟ်ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ (သီတင်းသုံးဖော်တို့၏) ချစ်ခြင်းကို ပြုတတ် လေးစားခြင်းကို ပြုတတ်သော ဤသာရဏီယ တရားခြောက်မျိုးတို့သည် သင်္ဂြိုဟ်ထောက်ပံ့ရန် မငြင်းခုံရန် ညီညွတ်ရန် တပေါင်း တည်းဖြစ်ရန် ဖြစ်ကုန်၏ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နိဿာရဏီယသုတ်

၁၃။ ရဟန်းတို့ (ဆန့်ကျင်ဖက်မှ) ထွက်မြောက်တတ်သော ဓာတ်တို့သည် ဤခြောက် မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုရာ၏—

“ငါသည် (ဆန့်ကျင်ဖက်မှ) လွတ်သော မေတ္တာစိတ်ကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာ ပြုအပ်၏၊ ဆောက်တည်၍ ထားအပ်၏၊ ဆည်းပူး အပ်၏၊ ကောင်းစွာ လေ့လာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်ကို ပျက်စီး စေလိုမှု ‘ဗျာပါဒ’ သည် သိမ်းကျုံးယူ၍ တည်၏” ဟု (ဆိုရာ၏)

ထိုရဟန်းကို “ဤသို့ မဆိုလင့်”ဟု ပြောဆိုရာ၏၊ “အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာ ဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

ငါ့သျှင် (ဆန့်ကျင်ဖက်မှ) လွတ်သော မေတ္တာစိတ်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာ ပြုအပ် ဆောက်တည်၍ထားအပ် ဆည်းပူးအပ် ကောင်းစွာ လေ့လာ အားထုတ်အပ်သည် ဖြစ်ပါလျက် ထိုရဟန်း၏ စိတ်ကို ဗျာပါဒသည် သိမ်းကျုံးယူ၍ တည်လိမ့်မည်ဟူသော အကြောင်း အခွင့်သည် မရှိနိုင်ချေ။

http://www.dhammadownload.com



ငါ့သျှင် ဤ(ဆန္ဒကျင်ဖက်မှ) လွတ်သော မေတ္တာစိတ်သည် ဗျာပါဒ၏ ထွက်မြောက်ရာ ပင်တည်း" ဟု (ဆိုရာ၏)။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုရာ၏—

"ငါသည် (ဆန္ဒကျင်ဖက်မှ) လွတ်သော ကရုဏာစိတ်ကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာ ပြုအပ်၏၊ ဆောက်တည်၍ ထားအပ်၏၊ ဆည်းပူး အပ်၏၊ ကောင်းစွာ လေ့လာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်ကို ညှဉ်းဆဲ လိုမှု 'ဝိဟိံသ'သည် သိမ်းကျုံးယူ၍ တည်၏ ဟု (ဆိုရာ၏)။

ထိုရဟန်းကို "ဤသို့ မဆိုလင့်"ဟု ပြောဆိုရာ၏။ "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာ ဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

ငါ့သျှင် (ဆန္ဒကျင်ဖက်မှ) လွတ်သော ကရုဏာစိတ်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာပြုအပ် ဆောက်တည်၍ ထားအပ် ဆည်းပူးအပ် ကောင်းစွာအားထုတ် လေ့လာအပ်သည် ဖြစ်ပါလျက် ထိုရဟန်း၏ စိတ်ကို ညှဉ်းဆဲလိုမှု 'ဝိဟိံသ'သည် သိမ်းကျုံးယူ၍ တည်လိမ့်မည်ဟူသော အကြောင်း အခွင့်သည် မရှိနိုင်ချေ။

ငါ့သျှင် (ဆန္ဒကျင်ဖက်မှ) လွတ်သော ကရုဏာစိတ်သည် ညှဉ်းဆဲလိုမှု 'ဝိဟိံသ' ၏ ထွက် မြောက်ရာပင်တည်း" ဟု (ဆိုရာ၏)—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုရာ၏။

"ငါသည် (ဆန္ဒကျင်ဖက်မှ) လွတ်သော မုဒိတာစိတ်ကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာပြုအပ်၏၊ ဆောက်တည်၍ ထားအပ်၏၊ ဆည်းပူးအပ် ၏၊ ကောင်းစွာ လေ့လာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်ကို မမွေ့လျော်မှု 'အရတိ' သည် သိမ်းကျုံးယူ၍ တည်၏"ဟု (ဆိုရာ၏)။

ထိုရဟန်းကို "ဤသို့ မဆိုလင့်" ဟု ပြောဆိုရာ၏၊ "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာ ဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

ငါ့သျှင် (ဆန္ဒကျင်ဖက်မှ) လွတ်သော မုဒိတာစိတ်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာ ပြုအပ် ဆောက်တည်၍ ထားအပ် ဆည်းပူးအပ် ကောင်းစွာ လေ့လာ အားထုတ်အပ်သည် ဖြစ်ပါလျက် ထိုရဟန်း၏ စိတ်ကို မမွေ့လျော်မှု 'အရတိ' သည် သိမ်းကျုံးယူ၍ တည်လိမ့်မည်ဟူသော အကြောင်း အခွင့်သည် မရှိနိုင်ချေ။

ငါ့သျှင် ဤ(ဆန္ဒကျင်ဖက်မှ) လွတ်သော မုဒိတာစိတ်သည် မမွေ့လျော်မှု 'အရတိ' ၏ ထွက်မြောက်ရာပင်တည်း"ဟု(ဆိုရာ၏)။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ဆိုရာ၏—

"ငါသည်(ဆန္ဒကျင်ဖက်မှ) လွတ်သော ဥပေက္ခာစိတ်ကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ ပြုအပ်၏၊ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာပြုအပ်၏၊ ဆောက်တည်၍ ထားအပ်၏၊ ဆည်းပူးအပ်၏၊

http://www.dhammadownload.com



ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်ကို စွဲမက်မှု 'ရာဂ' သည် သိမ်းကျုံးယူ၍ တည်၏"ဟု(ဆိုရာ၏)။

ထိုရဟန်းကို "ဤသို့ မဆိုလင့်" ဟု ပြောဆိုရာ၏၊ "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

ငါ့သျှင် (ဆန့်ကျင်ဖက်မှ) လွတ်သော ဥပေက္ခာစိတ်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာပြုအပ် ဆောက်တည်၍ထားအပ် ဆည်းပူးအပ် ကောင်းစွာအားထုတ် အပ်သည် ဖြစ်ပါလျက် ထိုရဟန်း၏ စိတ်ကို စွဲမက်မှု 'ရာဂ'သည် သိမ်းကျုံးယူ၍ တည်လိမ့်မည်ဟူသော အကြောင်းအခွင့်သည် မရှိနိုင်ချေ။

ငါ့သျှင် ဤ(ဆန့်ကျင်ဖက်မှ) လွတ်သော ဥပေက္ခာ စိတ်ကို စွဲမက်မှု 'ရာဂ'၏ ထွက်မြောက်ရာပင်တည်း"ဟု (ဆိုရာ၏)။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုရာ၏—

"ငါသည် (ရာဂစသော) နိမိတ်မရှိသည့် (ဆန့်ကျင်ဖက်မှ) လွတ်သော စိတ်ကို ပွါးများအပ်၏၊ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာပြုအပ်၏၊ ဆောက်တည်၍ ထားအပ်၏၊ ဆည်းပူးအပ်၏၊ ကောင်းစွာ လေ့လာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ ဝိညာဏ်သည် (ရာဂစသော) နိမိတ်တို့သို့ အစဉ်လိုက်၏"ဟု (ဆိုရာ၏)။

ထိုရဟန်းကို "ဤသို့ မဆိုလင့်"ဟု ပြောဆိုရာ၏၊ "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

ငါ့သျှင်(ရာဂစသော) နိမိတ်မရှိသည့် (ဆန့်ကျင်ဖက်မှ) လွတ်သော စိတ်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာပြုအပ် ဆောက်တည်၍ထားအပ် ဆည်းပူးအပ် ကောင်းစွာ လေ့လာ အားထုတ် အပ်သည်ဖြစ်ပါလျက် ထိုရဟန်း၏ ဝိညာဏ်သည်(ရာဂစသော) နိမိတ်သို့ အစဉ်လိုက်လိမ့်မည်ဟူသော အကြောင်း အခွင့်သည် မရှိနိုင်ချေ။

ငါ့သျှင်(ရာဂစသော)နိမိတ်မရှိသည့် (ဆန့်ကျင်ဖက်မှ) လွတ်သောစိတ်သည် နိမိတ်အလုံးစုံတို့၏ ထွက်မြောက်ရာပင်တည်း"ဟု (ဆိုရာ၏)။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုရာ၏—

"ငါ့အား ငါတကားဟု ထောင်လွှားမှု ကင်းရှင်းပြီးလျှင် 'ဤခန္ဓာကိုယ်သည် ငါဖြစ်၏' ဟူ၍လည်းမရှု၊ သို့ပင်ဖြစ်သော်လည်း ငါ၏ စိတ်ကို မဝေခွဲနိုင်မှု သို့လော သို့လော တွေးတောမှု ဟူသော ငြောင့်သည် သိမ်းကျုံးယူ၍တည်၏"ဟု (ဆိုရာ၏)။

ထိုရဟန်းကို "ဤသို့ မဆိုလင့်"ဟု ပြောဆိုရာ၏၊ "အသျှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မမူရာပါ။

http://www.dhammadownload.com



ငါ့သျှင် ငါတကားဟု ထောင်လွှားမှု ကင်းရှင်းပြီးလျှင်'ဤခန္ဓာကိုယ်သည် ငါဖြစ်၏'ဟူ၍လည်း မရှုပါပဲလျက် မဝေခွဲနိုင်မှု သို့လော သို့လော တွေးတောမှု ငြောင့်သည် စိတ်ကို သိမ်းကျုံး ယူ၍ တည်လိမ့်မည်ဟူသော အကြောင်းအခွင့်သည် မရှိနိုင်ချေ။

ငါ့သျှင်'ငါတကား'ဟု ထောင်လွှားမှုကို နုတ်ပယ်ခြင်းသည် မဝေခွဲနိုင်မှု သို့လော သို့လော၊ တွေးတောမှု ငြောင့်၏ ထွက်မြောက်ရာပင်တည်း"ဟု(ဆိုရာ၏)။

ရဟန်းတို့(ဆန့်ကျင်ဖက်မှ) ထွက်မြောက်တတ်ကုန်သော ဓာတ်တို့သည် ဤခြောက်မျိုး တို့တည်းဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဘဒ္ဒကသုတ်

၁၄။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို"ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏၊ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ အကြင်အကြင် အခြင်းအရာအားဖြင့် နေခြင်းကို ပြုသော ရဟန်းအား ကောင်း သော သေခြင်း ကောင်းသော ကွယ်လွန်ခြင်းသည် မဖြစ်နိုင်၊ ထိုထိုသော အခြင်းအရာဖြင့် ရဟန်းသည် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ရဟန်းသည် ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်သော အခြင်းအရာဖြင့် အဘယ်သို့လျှင် နေခြင်းကို ပြုသနည်း။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှု၌ မွေ့လျော်၏၊ အမှု၌ ပျော်ပိုက်၏ အမှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏၊စကားပြောဟောခြင်း၌ မွေ့လျော်၏၊ စကားပြောဟောခြင်း၌ ပျော်ပိုက်၏၊စကားပြောဟောခြင်း၌ မွေ့လျော်သည့်အဖြစ်ကို အဖန်ဖန် အားထုတ်၏၊ အိပ်ခြင်း၌ မွေ့လျော်၏၊အိပ်ခြင်း၌ ပျော်ပိုက်၏၊ အိပ်ခြင်း၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏၊အပေါင်းအဖော်၌ မွေ့လျော်၏၊အပေါင်းအဖော်၌ ပျော်ပိုက်၏၊ အပေါင်းအဖော်၌ မွေ့လျော်သည့်အဖြစ်ကို အဖန်ဖန်အားထုတ်၏၊ နှီးနှောမှု(ငါးမျိုး)၌ မွေ့လျော်၏၊နှီးနှောမှု၌ ပျော်ပိုက်၏၊နှီးနှောမှု၌ မွေ့လျော်သည့်အဖြစ်ကို အဖန်ဖန်အားထုတ်၏၊ ချဲ့ထွင်မှု'ပပဉ္စတရား'၌ မွေ့လျော်၏၊ ချဲ့ထွင်မှု၌ ပျော်ပိုက်၏၊ ချဲ့ထွင်မှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန်အားထုတ်၏။

ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်သော အခြင်းအရာဖြင့် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ဤရဟန်းကို ထင်ရှားရှိသော ခန္ဓာငါးပါး'သက္ကာယ'၌ မွေ့လျော်သော ရဟန်း ဝဋ်ဆင်းရဲ၏ အဆုံးကို ကောင်းစွာပြုရန် သက္ကာယကို မစွန့်ပယ်နိုင်သော ရဟန်းဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ အကြင် အကြင် အခြင်းအရာအားဖြင့် နေခြင်းကို ပြုသော ရဟန်းအား ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်းသည် ဖြစ်နိုင်၏၊ ထိုထို အခြင်းအရာ အားဖြင့် ရဟန်းသည် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ရဟန်းသည် ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်သော အခြင်းအရာအားဖြင့် အဘယ်သို့လျှင် နေခြင်းကို ပြုသနည်း။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်၌ မမွေ့လျော်၊ အမှုသစ်၌ မပျော်ပိုက်၊ အမှုသစ်၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်၊ စကားပြောခြင်း၌ မမွေ့လျော်၊ စကားပြောခြင်း၌ မပျော်ပိုက်၊စကားပြောခြင်း၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန်အားမထုတ်၊ အိပ်ခြင်း၌ မမွေ့လျော်၊အိပ်ခြင်း၌ မပျော်ပိုက်၊အိပ်ခြင်း၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်၊အပေါင်းအဖော်၌ မမွေ့လျော်၊အပေါင်းအဖော်၌ မပျော်ပိုက်၊အပေါင်းအဖော်၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်၊နှီးနှောမှု(ငါးမျိုး)၌ မမွေ့လျော်၊ နှီးနှောမှု၌ မပျော်ပိုက်၊ နှီးနှောမှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်၊ ချဲ့ထွင်မှု'ပပဉ္စတရား'၌ မမွေ့လျော်၊ချဲ့ထွင်မှု၌ မပျော်ပိုက်၊ချဲ့ထွင်မှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်။

ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကောင်းသော သေခြင်း ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်သော အခြင်းအရာအားဖြင့် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ဤရဟန်းကို နိဗ္ဗာန်၌ မွေ့လျော်သော ရဟန်း ဝဋ်ဆင်းရဲအဆုံးကို ကောင်းစွာ ပြုရန် သက္ကာယကို စွန့်ပယ်နိုင်သော ရဟန်းဟူ၍ ဆိုအပ်၏ဟု(မိန့်ဆို၏)။

> ငါသျှင်တို့ သား သမင်နှင့် တူသူသည် ချဲ့ထွင်မှု'ပပဉ္စတရား'၌ အဖန်ဖန်အားထုတ်သည် ဖြစ်၍ ချဲ့ထွင်မှု၌ မွေ့လျော်ရကား ယောဂလေးပါး ကုန်ရာ အတုမရှိသော နိဗ္ဗာန်ကို လွဲချော်စေ၏။
>
> ချဲ့ထွင်မှု 'ပပဉ္စတရား' ကို စွန့်၍ ချဲ့ထွင်မှု မရှိရာ နိဗ္ဗာန်၌ မွေ့လျော်သူသည် ယောဂ လေးပါး ကုန်ရာ အတုမရှိသော နိဗ္ဗာန်ကို ပြည့်စုံစေ၏။

စတုတ္ထသုတ်။

---

## ၅-အနုတပ္ပိယသုတ်

၁၅။ ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆို၏—

ငါ့သျှင်တို့ အကြင် အကြင် အခြင်းအရာအားဖြင့် နေခြင်းကို ပြုသော ရဟန်းအား သေသည် ရှိသော် နောင်တ ပူပန်ရတတ်၏၊ ထိုထိုအခြင်းအရာအားဖြင့် ရဟန်းသည် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ရဟန်းသည် သေသည်ရှိသော် နောင်တ ပူပန်ရတတ်သော အခြင်းအရာအားဖြင့် အဘယ်သို့လျှင် နေခြင်းကို ပြုသနည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အသစ်မှု၌ မွေ့လျော်၏၊ အမှုသစ်၌ ပျော်ပိုက်၏၊ အမှုသစ်၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။ စကားပြောခြင်း၌ မွေ့လျော်၏၊ အိပ်ခြင်း၌ မွေ့လျော်၏၊ အပေါင်းအဖော်၌ မွေ့လျော်၏၊ နှီးနှောမှု (ငါးမျိုး)၌ မွေ့လျော်၏၊ ချဲ့ထွင်မှု 'ပပဉ္စတရား'၌ မွေ့လျော်၏၊ ချဲ့ထွင်မှု၌ ပျော်ပိုက်၏၊ ချဲ့ထွင်မှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။

ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် သေသည်ရှိသော် နောင်တ ပူပန်ရတတ်သော အခြင်း အရာအားဖြင့် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ဤရဟန်းကို ထင်ရှားရှိသော ခန္ဓာငါးပါး(သက္ကာယ)၌ မွေ့လျော်သော ရဟန်း ဝဋ်ဆင်းရဲ အဆုံးကို ကောင်းစွာပြုရန် သက္ကာယကို မစွန့်ပယ်နိုင်သော ရဟန်းဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ အကြင် အကြင် အခြင်းအရာအားဖြင့် နေခြင်းကို ပြုသော ရဟန်းအား သေသည် ရှိသော် နောင်တပူပန်ခြင်း မရှိ၊ ထိုထို အခြင်းအရာအားဖြင့် ရဟန်းသည် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ရဟန်းသည် သေသည်ရှိသော် နောင်တပူပန်ရခြင်း မရှိသော အခြင်းအရာအားဖြင့် အဘယ်သို့လျှင် နေခြင်းကို ပြုသနည်း။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်၌ မမွေ့လျော်၊ အမှုသစ်၌ မပျော်ပိုက်၊ အမှုသစ်၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်၊ စကားပြောခြင်း၌ မမွေ့လျော်၊ အိပ်ခြင်း၌ မမွေ့လျော်၊ အပေါင်းအဖော်၌ မမွေ့လျော်၊ နှီးနှောမှု (ငါးမျိုး)၌ မမွေ့လျော်၊ ချဲ့ထွင်မှု ပပဉ္စတရား၌ မမွေ့လျော်၊ ချဲ့ထွင်မှု၌ မပျော်ပိုက်၊ ချဲ့ထွင်မှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားမထုတ်။

ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် သေသည်ရှိသော် နောင်တ ပူပန်ခြင်း မရှိသော အခြင်း အရာအားဖြင့် နေခြင်းကို ပြု၏။

ငါ့သျှင်တို့ ဤရဟန်းကို နိဗ္ဗာန်၌ မွေ့လျော်သော ရဟန်း ဝဋ်ဆင်းရဲ အဆုံးကို ကောင်းစွာပြုရန် သက္ကာယကို စွန့်ပယ်နိုင်သော ရဟန်းဟူ၍ ဆိုအပ်၏ဟု (မိန့်ဆို၏)။

> ငါ့သျှင်တို့ သား သမင်နှင့် တူသူသည် ချဲ့ထွင်မှု 'ပပဉ္စတရား'၌ အဖန်ဖန် အားထုတ်သည် ဖြစ်၍ ချဲ့ထွင်မှု၌ မွေ့လျော်ရကား ယောဂလေးပါးတို့ ကုန်ရာ အတုမရှိသော နိဗ္ဗာန်ကို လွဲချော်စေ၏။
>
> ချဲ့ထွင်မှု 'ပပဉ္စတရား'ကို စွန့်၍ ချဲ့ထွင်မှု မရှိရာ နိဗ္ဗာန်၌ မွေ့လျော်သူသည် ယောဂ လေးပါး ကုန်ရာ အတု မရှိသော နိဗ္ဗာန်ကို ပြည့်စုံစေ၏ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၆-နကုလပိတုသုတ်

၁၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ်သားတို့အား ဘေးမဲ့ ပေးရာ ဘေသကဠမည်သော တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုစဉ်အခါ၌ နကုလပိတာ

http://www.dhammadownload.com



သူကြွယ်သည် အနာရောဂါရှိ၍၊ ဆင်းရဲ၍၊ ပြင်းထန်စွာ မကျန်းမမာဖြစ်၍၊ ထိုအခါ နကုလမာတာ သူကြွယ်မသည် နကုလပိတာ သူကြွယ်အား—

သူကြွယ် သင်သည် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။

သူကြွယ် သင့်အား"နကုလမာတာ သူကြွယ်မသည် ငါကွယ်လွန်သောအခါ သားငယ် သမီးငယ်တို့ကို မွေးမြူရန် မစွမ်းနိုင်ရာ၊ အိမ်ထောင်မှုကို ကောင်းစွာ ထိန်းသိမ်းရန် မစွမ်းနိုင်ရာ"ဟု အကြံဖြစ်တန်ရာပါ၏။

သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် အကျွန်ုပ်သည် ဗိုင်းငင်ရန် (သိုးမွေးတို့ကို) ဖြေရှင်းသုတ်သင် အခင်းပြုရန် တတ်ကျွမ်း လိမ္မာပါ၏။

သူကြွယ် အကျွန်ုပ်သည် သင်ကွယ်လွန်သောအခါ သားငယ် သမီးငယ်တို့ကို မွေးမြူရန် အိမ်ထောင်မှုကို ကောင်းစွာ ထိန်းသိမ်းရန် စွမ်းနိုင်ပါ၏။

သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ (၁)

သူကြွယ် သင့်အား "နကုလမာတာ သူကြွယ်မသည် ငါကွယ်လွန်သောအခါ အိမ်ထောင်တဆက် ပြုလိမ့်မည်"ဟု အကြံဖြစ်တန်ရာပါ၏။

သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ။

သူကြွယ် တဆယ့်ခြောက်နှစ်တို့ ပတ်လုံး လူ့ဘွတည်သော မြတ်သောအကျင့် 'ဂဟဋ္ဌကဗြဟ္မစရိယသီလ'ကို ကောင်းစွာ ကျင့်သုံး ပြီးပါပြီ၊ ထိုအရာကို အသင်လည်း သိပါ၏၊ အကျွန်ုပ်လည်း သိပါ၏၊ သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ (၂)

သူကြွယ် သင့်အား "နကုလမာတာ သူကြွယ်မသည် ငါကွယ်လွန်သော အခါ မြတ်စွာဘုရားအား ဖူးမျှော်လိုသူ ဖြစ်လိမ့်မည်မဟုတ်၊ ရဟန်းသံဃာအား ဖူးမျှော်လိုသူ ဖြစ်လိမ့်မည်မဟုတ်"ဟု အကြံ ဖြစ်တန်ရာပါ၏။

သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် အကျွန်ုပ်သည် သင် ကွယ်လွန်သောအခါ မြတ်စွာဘုရားအား သာ၍ ဖူးမျှော်လိုသူ ဖြစ်ပါမည်၊ ရဟန်းသံဃာအား သာ၍ ဖူးမျှော်လိုသူ ဖြစ်ပါမည်။

သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ (၃)

သူကြွယ် သင့်အား "နကုလမာတာ သူကြွယ်မသည် ငါကွယ်လွန်သောအခါ သီလတို့၌ ဖြည့်ကျင့် ဆည်းပူးမှု ပြုလိမ့်မည်မဟုတ်"ဟု အကြံ ဖြစ်တန်ရာပါ၏။

http://www.dhammadownload.com



သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ။

သူကြွယ် ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော သီလတို့၌ ဖြည့်ကျင့် ဆည်းပူးကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာမ ဟူသမျှတို့တွင် အကျွန်ုပ်သည် တဦး အပါအဝင်ဖြစ်ပါ၏၊ (ဤအရာ၌) ယုံမှားမှု တွေးတောမှု ရှိသူဖြစ်ခဲ့လျှင် ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာဖြစ်သည့် ဘေသကဠာတော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ မေးလျှောက်နိုင်ပါ၏။

သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ (၄)

သူကြွယ် သင့်အား "နကုလမာတာ သူကြွယ်မသည် အတွင်းသန္တာန်၌ စိတ်၏ ငြိမ်းအေးမှု (သမာဓိကမ္မဋ္ဌာန်း)ကို ရရှိသူ မဟုတ်"ဟု အကြံ ဖြစ်တန်ရာပါ၏။

သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ။

သူကြွယ် ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော အတွင်းသန္တာန်၌ စိတ်၏ ငြိမ်းအေးမှု (သမာဓိကမ္မဋ္ဌာန်း)ကို ရရှိကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာမဟူသမျှတို့တွင် အကျွန်ုပ်သည် တဦး အပါအဝင် ဖြစ်ပါ၏။ (ဤအရာ၌) ယုံမှားမှု တွေးတောမှု ရှိသူဖြစ်ခဲ့လျှင် ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဖြစ်သည့် ဘေသကဠာတော၌ (သီတင်းသုံး) နေတော်မူပါ၏၊ ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ မေးလျှောက်နိုင်ပါ၏။

သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။ (၅)

သူကြွယ် သင့်အား "နကုလမာတာ သူကြွယ်မသည် ဤဓမ္မဝိနယ 'သာသနာ'၌ သက်ဝင်ရာ ထောက်တည်ရာ သက်သာရာကို ရသည် ဝိစိကိစ္ဆာကို လွန်မြောက်သည် သို့လော သို့လော တွေးတောမှု ကင်းရှင်းသည် ရဲရင့်ခြင်းသို့ ရောက်သည် မြတ်စွာဘုရားမှတပါး အားထားရာမရှိသည် ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေသူမဟုတ်"ဟူ၍ အကြံ ဖြစ်တန်ရာပါ၏။

သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ။

သူကြွယ် ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ဓမ္မဝိနယ 'သာသနာ'၌ သက်ဝင်ရာ ထောက်တည်ရာ သက်သာရာကို ရသည် ဝိစိကိစ္ဆာကို လွန်မြောက်သည် သို့လော သို့လော တွေးတောမှု ကင်းရှင်းသည် ရဲရင့်ခြင်းသို့ ရောက်သည် မြတ်စွာဘုရားမှ တပါး အားထားရာ မရှိသည်ဖြစ်၍ ဘုရားသာသနာတော်၌ နေကြသည့် အဝတ်ဖြူဝတ် လူ ဥပါသိကာမ ဟူသမျှတို့တွင် အကျွန်ုပ်သည် တဦးအပါအဝင် ဖြစ်ပါ၏။ (ဤအရာ၌) ယုံမှားမှု တွေးတောမှု ရှိသူဖြစ်ခဲ့လျှင်

http://www.dhammadownload.com



ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရ မြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဖြစ်သည့် ဘေသကဠ တော၌ (သီတင်းသုံး) နေတော်မူပါ၏၊ ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ မေးလျှောက် နိုင်ပါ၏။

သူကြွယ် ထို့ကြောင့် သင်သည် ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏''ဟု ပြောဆို၏။ (၆)

ထိုအခါ နကုလပိတာ သူကြွယ်အား နကုလမာတာ သူကြွယ်မက ဤသွန်သင်မှုဖြင့် သွန်သင် အပ်သည်ရှိသော် ထိုအနာသည် ခဏချင်း ငြိမ်းအေးလေ၏၊ နကုလပိတာ သူကြွယ်သည် ထိုအနာမှ ထမြောက်၏၊နကုလပိတာသူကြွယ်အား ထိုအနာသည်ထိုသို့သောအခြင်းအရာအားဖြင့်ပယ်ဖျောက် အပ်ပြီးသည်သာလျှင် ဖြစ်၏။

ထို့နောက် အနာမှ ထမြောက်ပြီးသည်ရှိသော် အနာပျောက်ကင်း၍ မကြာမြင့်မီပင်လျှင် တောင်ဝှေးကို ထောက်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော နကုလပိတာ သူကြွယ်အား မြတ်စွာဘုရားသည်—

သူကြွယ် သင့်အား နကုလမာတာ သူကြွယ်မသည် အစဉ်စောင့်ရှောက်၏၊ အကျိုးစီးပွါးကို အလိုရှိ၏၊သွန်သင်တတ်၏၊ဆုံးမတတ်၏၊သူကြွယ် သင့်အား အရတော်ပေစွ၊သင်သည် လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပေစွ။

သူကြွယ် ငါ၏ တပည့်ဖြစ်ကုန်သော သီလတို့၌ ဖြည့်ကျင့် ဆည်းပူး ကြသည့် အဝတ်ဖြူဝတ် လူ ဥပါသိကာမ ဟူသမျှတို့တွင် နကုလမာတာ သူကြွယ်မသည် တဦးအပါအဝင်ဖြစ်၏။

သူကြွယ် ငါ၏ တပည့်ဖြစ်ကုန်သော အတွင်းသန္တာန်၌ စိတ်၏ ငြိမ်းအေးခြင်း (သမာဓိ ကမ္မဋ္ဌာန်း)ကို ရရှိကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာမ ဟူသမျှတို့တွင် နကုလမာတာ သူကြွယ်မသည် တဦးအပါအဝင်ဖြစ်၏။

သူကြွယ် ငါ၏ တပည့်ဖြစ်ကုန်သော ဤဓမ္မဝိနယ 'သာသနာ'၌ သက်ဝင်ရာ ထောက်တည်ရာ သက်သာရာကိုရသည် ဝိစိကိစ္ဆာကို လွန်မြောက်သည် သို့လော သို့လော တွေးတောမှုကင်းရှင်းသည် ရဲရင့်ခြင်းသို့ ရောက်သည် မြတ်စွာဘုရားမှ တပါး အားထားရာ မရှိသည်ဖြစ်၍ ဘုရားသာသနာ၌ နေကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာမ ဟူသမျှတို့တွင် နကုလမာတာ သူကြွယ်မသည် တဦး အပါဝင်ဖြစ်၏။

သူကြွယ် သင့်အား နကုလမာတာ သူကြွယ်မသည် အစဉ်စောင့်ရှောက်၏၊ အကျိုးစီးပွါးကို အလိုရှိ၏၊ သွန်သင်တတ်၏၊ ဆုံးမတတ်၏၊သူကြွယ် သင့်အား အရတော်ပေစွ၊သင်သည် လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပေစွ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-သောပ္ပသုတ်

၁၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုစဉ်အခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထလျက် စည်းဝေးရာ စရပ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

အသျှင် သာရိပုတြာသည်လည်း ညနေချမ်းအခါ၌ တပါးတည်း ကိန်းအောင်းတော် မူရာမှ ထလျက် စည်းဝေးရာ စရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။

အသျှင် မဟာမောဂ္ဂလာန်၊ အသျှင် မဟာကဿပ၊ အသျှင် မဟာကစ္စည်း၊ အသျှင် မဟာကောဋ္ဌိက၊ အသျှင် မဟာစုန္ဒ၊ အသျှင် မဟာကပ္ပိန၊ အသျှင် အနုရုဒ္ဓါ၊ အသျှင် ရေဝတ၊ အသျှင်အာနန္ဒာတို့သည်လည်း ညနေချမ်းအခါ၌ ကိန်းအောင်းရာမှ ထလျက် စည်းဝေးရာ စရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ညဉ့်အချိန်ပတ်လုံး ထိုင်နေခြင်းဖြင့် အချိန်ကုန်လွန်စေ၍ နေရာမှ ထလျက် ကျောင်းတော်သို့ ဝင်တော်မူ၏၊ ထိုအသျှင်တို့သည်လည်း မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီပင် နေရာမှ ထလျက် မိမိတို့ နေမြဲကျောင်းသို့ ကြွသွားတော်မူကြကုန်၏။

ထိုစည်းဝေးရာ စရပ်၌ ရဟန်းပြု၍ မကြာကြသေးသည့် ဤဓမ္မဝိနယ'သာသနာ'သို့ ရောက်သစ်စ သီတင်းငယ် ရဟန်းတို့သည် နေထွက်သည်တိုင်အောင် ကျီးသံဟောက်လျက် အိပ်ကုန်၏။

မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် နေထွက်သည် တိုင်အောင် ကျီးသံ ဟောက်လျက် အိပ်ကုန်သော ထိုရဟန်းတို့ကို မြင်တော်မူ၍ စည်းဝေးရာ စရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို မေးမြန်းတော်မူ၏—

ရဟန်းတို့ သာရိပုတြာ အဘယ်မှာနည်း၊ မဟာမောဂ္ဂလာန် အဘယ်မှာနည်း၊ မဟာကဿပ အဘယ်မှာနည်း၊ မဟာကစ္စည်း အဘယ်မှာနည်း၊ မဟာကောဋ္ဌိက အဘယ်မှာနည်း၊ မဟာစုန္ဒ အဘယ်မှာနည်း၊ မဟာကပ္ပိန အဘယ်မှာနည်း၊အနုရုဒ္ဓါ အဘယ်မှာနည်း၊ရေဝတ အဘယ်မှာနည်း၊ အာနန္ဒာ အဘယ်မှာနည်း၊ရဟန်းတို့ တပည့်ကြီးဖြစ်ကြသည့် ထိုမထေရ်တို့သည် အဘယ်အရပ်သို့ သွားကုန်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထိုအသျှင်တို့သည်ကား မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီပင် မိမိတို့ ကျောင်းတော်သို့ ကြွသွားပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့သည် မထေရ်ကြီးရဟန်းတို့ တဖန်ပြန်ကြွ မလာကြတော့ပြီဟု (အောက်မေ့လျက်) အဘယ့်ကြောင့် နေထွက်သည်တိုင်အောင် ကျီးသံ ဟောက်လျက် အိပ်ကုန်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန် အားထုတ် နေလျက် တသက်လုံး မင်းပြုသော ရေမြေကို အစိုးရသော ဦးထိပ်၌ အဘိသိက် သွန်းလောင်း အပ်သော မင်းကို တိုင်းသူ ပြည်သား အပေါင်းက ချစ်အပ် မြတ်နိုးအပ်၏" ဟု သင်တို့ မြင်ဘူး ကြားဘူး ကြကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူးကြပါ။

ရဟန်းတို့ ကောင်းပြီ"အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန် အားထုတ်နေလျက် တသက်လုံး မင်းပြုသော ရေမြေကိုအစိုးရသော ဦးထိပ်၌ အဘိသိက် သွန်းလောင်းအပ်သော မင်းကို တိုင်းသူပြည်သား အပေါင်းက ချစ်အပ် မြတ်နိုးအပ်၏" ဟု ငါလည်း မမြင်ဘူး မကြားဘူးချေ။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"နယ်စားကို။ပ။အဖအမွေခံ မြို့စားကို။စစ်သူကြီးကို။ရွာသူကြီးကို အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန် အားထုတ်နေလျက် တသက်လုံး အသင်းလူကြီး ပြုလုပ်နေသည့် အသင်းလူကြီးကို အသင်းသား အပေါင်းက ချစ်အပ် မြတ်နိုးအပ်၏"ဟု သင်တို့ မြင်ဘူး ကြားဘူးကြကုန်သလော ဟု(မေးတော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူးကြပါ။

ရဟန်းတို့ ကောင်းပြီ"အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန် အားထုတ်နေလျက် တသက်လုံး အသင်းလူကြီး ပြုလုပ်နေသည့် အသင်းလူကြီးကို အသင်းသား အပေါင်းက ချစ်အပ် မြတ်နိုးအပ်၏"ဟု ငါလည်း မမြင်ဘူး မကြားဘူးချေ။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန် **အားထုတ်** **နေလျက်** ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမူ၍ စားဖွယ်၌ အတိုင်းအရှည်ကို မသိပဲ နိုးကြားမှု၌ **အားမထုတ်** ကုသိုလ်တရားတို့ကို မရှု၊ ညဉ့်၏ ရှေ့အဖို့ နောက် အဖို့၌ အရိယာမဂ်၏ အသင်းအပင်း ဖြစ်ကုန်သော ဗောဓိပက္ခိယတရားတို့ကို ပွါးများမှု၌ အားမထုတ်သော သမဏကို ဖြစ်စေ ဗြာဟ္မဏကိုဖြစ်စေ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခု ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏"ဟု သင်တို့ မြင်ဘူး ကြားဘူးကြကုန်လောဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူးကြပါ။

ရဟန်းတို့ ကောင်းပြီ"အလိုရှိတိုင်း အိပ်မှု ချမ်းသာ လျောင်းမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အဖန်ဖန်အားထုတ်လျက် ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမူ၍ စားဖွယ်၌ အတိုင်းအရှည်ကို မသိပဲ နိုးကြားမှု၌ အားမထုတ် ကုသိုလ်တရားတို့ကို မရှု၊ ညဉ့်၏ ရှေ့အဖို့ နောက်အဖို့၌ အရိယာ မဂ်၏ အသင်းအပင်းဖြစ်ဘုန်သော ဗောဓိပက္ခိယတရားတို့ကို ပွါးများမှု၌ အားမထုတ်သော သမဏကို ဖြစ်စေ ဗြာဟ္မဏကို ဖြစ်စေ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါ

http://www.dhammadownload.com



တရားကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏”ဟု ငါလည်း မမြင်ဘူး မကြားဘူးချေ။

ရဟန်းတို့ ထို့ကြောင့် ဤသို့ ကျင့်ရမည် “ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသူ စား ဖွယ်၌ အတိုင်းအရှည်ကို သိသူ နိုးကြားမှု၌ အားထုတ်သူတို့ ဖြစ်ကြကုန်အံ့၊ ကုသိုလ်တရားတို့ကို ရှုကုန်သည်ဖြစ်၍ ညဉ့်၏ ရှေ့အဖို့ နောက်အဖို့၌ အရိယာမဂ်၏ အသင်းအပင်းဖြစ်ကုန်သော ဗောဓိ ပက္ခိယတရားတို့ကို ပွါးများမှု၌ အားထုတ်လျက် နေကြကုန်အံ့”ဟု (ကျင့်ရမည်)။

ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈–မစ္ဆဗန္ဓသုတ်

၁၈။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ ကောသလ တိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူ၏၊ မြတ်စွာဘုရားသည် ခရီးရှည် ကြွတော်မူသည်ရှိသော် တခုသော အရပ်၌ ငါးတို့ကို သတ်၍ သတ်၍ ရောင်းချသော ငါးသတ် တံငါသည်ကို မြင်တော်မူ၍ ခရီးလမ်းမှ ဖဲတော်မူပြီးလျှင် သစ်ပင်ရင်းတခုဝယ် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို မေးတော်မူ၏—

“ရဟန်းတို့ ငါးတို့ကို သတ်၍ သတ်၍ ရောင်းချသော ဤငါးသတ် တံငါသည်ကို သင်တို့ မြင်ကြ ကုန်၏လော”ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မြင်ပါ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း “ငါးတို့ကို သတ်၍ သတ်၍ ရောင်းချသော တံငါသည်သည် ထိုအလုပ် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ်ခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ နေရသူ ဖြစ်၏”ဟု သင်တို့ မြင်ဘူး ကြားဘူး ကြကုန်၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူး ကြပါ။

ရဟန်းတို့ ကောင်းပြီ “ငါးတို့ကို သတ်၍ သတ်၍ ရောင်းချသော ငါးသတ် တံငါသည်သည် ထိုအလုပ် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ် ခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ နေရသူဖြစ်၏”ဟု ငါလည်း မမြင်ဘူး မကြား ဘူးချေ။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—

ရဟန်းတို့ တံငါသည်သည် သတ်ရန် ဆောင်ယူလာကုန်သော ထိုသတ်မည့် ငါးတို့ကို ယုတ်ညံ့ သော စိတ်ဖြင့် အဖန်ဖန်ကြည့်၏၊ ထို့ကြောင့် ထိုတံငါသည်သည် ဆင်မစီးရသူ မြင်းမစီးရသူ ရထားမစီးရသူ ယာဉ်မစီးရသူ စည်းစိမ်မခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ မနေရသူဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"နွားတို့ကို သတ်၍ သတ်၍ ရောင်းချသော နွားသတ်သမားသည် ထိုအလုပ်ဖြင့် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ်ခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ နေရသူဖြစ်၏" ဟု သင်တို့ မြင်ဘူး ကြားဘူး ကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူး ကြပါ။

ရဟန်းတို့ ကောင်းပြီ "နွားတို့ကို သတ်၍ သတ်၍ ရောင်းချသော နွားသတ် သမားသည် ထိုအလုပ်ဖြင့် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ်ခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ နေရသူဖြစ်၏" ဟု ငါလည်း မမြင်ဘူး မကြားဘူးချေ။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ဟူမူ—

ရဟန်းတို့ ထိုနွားသတ်သမားသည် သတ်ရန် ဆောင်ယူလာကုန်သော ထိုသတ်မည့် နွားတို့ကို ယုတ်ညံ့သောစိတ်ဖြင့် အဖန်ဖန်ကြည့်၏၊ ထို့ကြောင့် ထိုနွားသတ်သမားသည် ဆင်မစီးရသူ မြင်းမစီးရသူ ရထားမစီးရသူ ယာဉ်မစီးရသူ စည်းစိမ်မခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ မနေရသူ ဖြစ်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

"ဆိတ်သတ်သမားသည်။ပ။ ဝက်သတ်သမားသည်။ပ။ ငှက်သတ်သမားသည်။ပ။ သားသတ်သမားသည် သားကောင်တို့ကို သတ်၍ သတ်၍ ထိုအလုပ် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ်ခံစားရသူ စည်းစိမ်အစုကို အုပ်စိုး၍နေရသူ ဖြစ်၏"ဟူ၍ မြင်ဘူး ကြားဘူး ကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြင်ဘူး မကြားဘူး ကြပ။။

ရဟန်းတို့ ကောင်းပြီ "သားကောင်တို့ကို သတ်၍ သတ်၍ ရောင်းချသော သားသတ်သမားသည် ထိုအလုပ် ထိုအသက်မွေးမှုဖြင့် ဆင်စီးရသူ မြင်းစီးရသူ ရထားစီးရသူ ယာဉ်စီးရသူ စည်းစိမ်ခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ နေရသူဖြစ်၏" ဟု ငါလည်း မမြင်ဘူး မကြားဘူးချေ။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—

ရဟန်းတို့ ထိုသားသတ်သမားသည် သတ်ရန်ဆောင်ယူလာကုန်သော ထိုသတ်မည့်သားကောင်တို့ကို ယုတ်ညံ့သော စိတ်ဖြင့် အဖန်ဖန် ကြည့်၏၊ ထို့ကြောင့် ထိုသားသတ်သမားသည် ဆင်မစီးရသူ မြင်းမစီးရသူ ရထားမစီးရသူ ယာဉ်မစီးရသူ စည်းစိမ်မခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ မနေရသူဖြစ်၏။

ရဟန်းတို့ ထိုသားသတ်သမားသည် သတ်ရန် ဆောင်ယူလာကုန်သော ထိုသတ်မည့် တိရစ္ဆာန်သတ္တဝါတို့ကိုသော်မှလည်း ယုတ်ညံ့သောစိတ်ဖြင့် အဖန်ဖန် ကြည့်သောကြောင့် ဆင်မစီးရသူ

http://www.dhammadownload.com



မြင်းမစီးရသူ ရထားမစီးရသူ ယာဉ်မစီးရသူ စည်းစိမ်မခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍ မနေရသူ ဖြစ်ဘိသေး၏။

သတ်ရန် ဆောင်ယူလာသော သတ်မည့်လူ ဖြစ်သောသူကို ယုတ်ညံ့သော စိတ်ဖြင့် ကြည့်ရှုသူအား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

ရဟန်းတို့ ထိုစကားသည် မှန်၏၊ ထိုလူ ဖြစ်သောသူကို သတ်ရန် မကောင်းသော စိတ်ဖြင့် ကြည့်ရှုခြင်းသည် ထိုကြည့်သူအား ရှည်ကြာလေးမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဥ္စမ မရဏဿတိသုတ်

၁၉။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ရဟန်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ "မရဏဿတိ 'သေခြင်း တရားကို အောက်မေ့မှု'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက် (နိဗ္ဗာန်)သို့ သက်ဝင်၏၊ အမြိုက် (နိဗ္ဗာန်)လျှင် အဆုံးရှိ၏။

ရဟန်းတို့ သင်တို့သည် မရဏဿတိကို ပွါးများကုန်၏လော" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

"ငါသည် တနေ့ တညဉ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရ လေရာ၏၊ ငါ့အား စင်စစ်(ရဟန်းကိစ္စကို)များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု (အကြံ ဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။

ရဟန်းတပါးသည်လည်း မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

http://www.dhammadownload.com



"ငါသည် တနေ့မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံး သွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏" ဟု (အကြံ ဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။

ရဟန်းတပါးသည်လည်း မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

"ငါသည် ဆွမ်းတထပ် စားချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံး အမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု (အကြံဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု(လျှောက်၏)။

ရဟန်းတပါးသည်လည်း မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် အဘယ်သို့လျှင် မရဏဿတိကို ပွါးများသနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

"ငါသည် လေးလုတ် ငါးလုတ်သော ဆွမ်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်း လေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု (အကြံဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု(လျှောက်၏)။

ရဟန်းတပါးသည်လည်း မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

ငါသည် ဆွမ်းတလုတ်ကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာ ဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို)များစွာ ပြုအပ် သည် ဖြစ်ရာ၏"ဟု (အကြံဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု(လျှောက်၏)။

ရဟန်းတပါးသည်လည်း မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။

ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု(မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏—

"ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန် ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု (အကြံဖြစ်ပါ၏)။

အသျှင်ဘုရား ဤသို့လျှင် အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။

ဤသို့ လျှောက်ကုန်သည်ရှိသော် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤစကားကို မိန့်တော်မူ၏—

"ရဟန်းတို့ ငါသည် တနေ့ တညဉ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ "ငါသည် တနေ့ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ "ငါသည် ဆွမ်းတထပ် စားချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာပြုအပ်သည်ဖြစ်ရာ၏" ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ "ငါသည် လေးလုတ် ငါးလုတ်သော ဆွမ်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ပါမူ၊ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော် နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာပြုအပ်သည်ဖြစ်ရာ၏" ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ ဤရဟန်းတို့ကို မေ့လျော့စွာ နေကြကုန်၏ဟူ၍ရင်း အာသဝေါတရား ကုန်ခန်းရန် နှံ့နှေးစွာ မရဏဿတိကို ပွါးများကုန်၏ဟူ၍ရင်း ဆိုအပ်ကုန်၏။

ရဟန်းတို့ "ငါသည် ဆွမ်းတလုတ်တည်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ်(ရဟန်းကိစ္စကို)များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ "ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန် ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ်(ရဟန်းကိစ္စကို)များစွာ ပြုအပ်သည် ဖြစ်ရာ၏" ဟု မရဏဿတိကို ပွါးများသော ရဟန်း၊ ဤရဟန်းတို့ကို မမေ့မလျော့ နေကြကုန်၏ဟူ၍ရင်း အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကို ပွါးများကုန်၏ဟူ၍ရင်း ဆိုအပ်ကုန်၏။

ရဟန်းတို့ ထို့ကြောင့်လျှင် ဤသို့ ကျင့်ရမည် "မမေ့မလျော့ နေကုန်အံ့၊ အာသဝေါတရားတို့ ကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကမ္မဋ္ဌာန်းကို ပွါးများကုန်အံ့"ဟူ၍ (ကျင့်ရမည်)။

ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ မရဏဿတိသုတ်

၂၀။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ မရဏဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ ရဟန်းတို့ မရဏဿတိကို အဘယ်သို့ ပွါးများအပ် အဘယ်သို့ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီးသည် အာနိသင်ကြီးသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည် အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည် ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နေ့ကို လွန်မြောက် ညဥ့်သို့ ရောက်သည်ရှိသော် ဤသို့ ဆင်ခြင်၏—

"ငါ့အား သေခြင်း အကြောင်းတို့သည် များပြားလှကုန်၏၊ မြွေမူလည်း ကိုက်ရာ၏၊ ကင်းမြီးကောက်မူလည်း ကိုက်ရာ၏၊ ကင်းခြေများမူလည်း ကိုက်ရာ၏၊ ထိုကြောင့် ငါသေဆုံးလေရာ၏၊ ထိုမြွေစသည် ကိုက်ခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ချော်၍မူလည်း လဲရာ၏၊ ငါစားသော အစာမူလည်း (မကျေပဲ) ဖောက်ပြန်ရာ၏၊ ငါ့အား သည်းခြေသော်လည်း ပျက်ရာ၏၊ ငါ့အား သလိပ်သော်လည်း ပျက်ရာ၏၊ ငါ့အား လေသင်ဓုန်းတို့သော်လည်း ဖြတ်ကုန်ရာ၏၊ ထိုလေသင်ဓုန်း ဖြတ်ခြင်းကြောင့် ငါ သေဆုံးလေရာ၏၊ ထိုလေသင်ဓုန်းဖြတ်ခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏" ဟု (ဆင်ခြင်ရာ၏)။

ရဟန်းတို့ ထိုရဟန်းသည် "ညဥ့်အခါ၌ သေသော ငါ့အား အန္တရာယ်ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ ရှိကုန်သလော"ဟု ဆင်ခြင်အပ်၏။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ညဥ့်အခါ၌ သေသော ငါ့အား အန္တရာယ် ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ ရှိကုန်၏"ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုသိသော ရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော အလိုဆန္ဒကိုဒင်း လုံ့လကိုဒင်း အားထုတ်ခြင်းကိုဒင်း အတိုင်းထက် အလွန် အားထုတ်မှုကိုဒင်း မဆုတ်နစ်မှုကိုဒင်း သတိကိုဒင်း ဆင်ခြင်ဉာဏ်ကိုဒင်း ပြုအပ်၏။

ရဟန်းတို့ ပုဆိုး၌ မီးလောင်သူသည်ဒင်း ဦးခေါင်း၌ မီးလောင်သူသည်ဒင်း ထိုပုဆိုး ထိုဦးခေါင်းကို မီးငြိမ်းစေရန် လွန်ကဲသော အလို'ဆန္ဒ'လုံ့လ အားထုတ်မှု အတိုင်းထက် အလွန် အားထုတ်မှု မဆုတ်မနစ်မှု သတိ ဆင်ခြင်ဉာဏ်ကို ပြုရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော အလို'ဆန္ဒ'ကိုဒင်း လုံ့လကိုဒင်း အားထုတ်မှုကိုဒင်း အတိုင်းထက် အလွန် အားထုတ်မှုကိုဒင်း မဆုတ်နစ်မှုကိုဒင်း သတိကိုဒင်း ဆင်ခြင်ဉာဏ်ကိုဒင်း ပြုအပ်၏။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "ညဥ့်အခါ၌ သေသော ငါ့အား အန္တရာယ်ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ မရှိကုန်" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ ညဥ့် နေ့တို့ပတ်လုံး အဖန်ဖန်ကျင့်သည်ဖြစ်၍ ထိုနှစ်သက် ဝမ်းမြောက်မှုဖြင့်ပင်လျှင် နေအပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ညဥ့်ကို လွန်မြောက် နေ့သို့ ရောက်သည်ရှိသော် ဤသို့ ဆင်ခြင်၏—

http://www.dhammadownload.com



ငါ့အား သေခြင်း၏ အကြောင်းတို့သည် များပြားလှကုန်၏၊ မြွေမှုလည်း ကိုက်ရာ၏၊ ကင်းမြီးကောက်မှုလည်း ကိုက်ရာ၏၊ ကင်းခြေများမှုလည်း ကိုက်ရာ၏၊ ထိုမြွေစသည် ကိုက်ခြင်းကြောင့် ငါသေဆုံးလေရာ၏၊ ထိုမြွေစသည် ကိုက်ခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ချော်၍မှုလည်း လဲရာ၏၊ ငါစားသော အစာသည်မှုလည်း (မကျေပဲ) ဖောက်ပြန်ရာ၏၊ ငါ့အား သည်းခြေသော်လည်း ပျက်ရာ၏၊ ငါ့အား သလိပ်သော်လည်း ပျက်ရာ၏၊ ငါ့အား လေသင်ဓုန်းတို့သော်လည်း ဖြတ်ကုန်ရာ၏၊ ထိုလေသင်ဓုန်းဖြတ်ခြင်းကြောင့် ငါသေဆုံးလေရာ၏၊ ထိုလေသင်ဓုန်းဖြတ်ခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏" ဟု (ဆင်ခြင်၏)။

ရဟန်းတို့ ထိုရဟန်းသည် "နေ့အခါ၌ သေသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ငါ့အား ရှိကုန်သလော"ဟု ဆင်ခြင်အပ်၏။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သည်ရှိသော် "နေ့အခါ၌ သေသော ငါ့အား အန္တရာယ်ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ငါ့အား ရှိကုန်၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုသိသော ရဟန်းသည် ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော အလိုဆန္ဒကိုရင်း လုံ့လကိုရင်း အားထုတ်မှုကိုရင်း အတိုင်းထက်အလွန် အားထုတ်မှုကိုရင်း မဆုတ်နစ်မှုကိုရင်း သတိကိုရင်း ဆင်ခြင်ဉာဏ်ကိုရင်း ပြုအပ်၏။

ရဟန်းတို့ ပုဆိုး၌ မီးလောင်သူသည်ရင်း ဦးခေါင်း၌ မီးလောင်သူသည်ရင်း ထိုပုဆိုး ထိုဦးခေါင်းကို မီးငြိမ်းစေရန် လွန်ကဲသော အလို 'ဆန္ဒ' လုံ့လ အားထုတ်မှု အတိုင်းထက်အလွန် အားထုတ်မှု မဆုတ်နစ်မှု သတိ ဆင်ခြင်ဉာဏ်ကို ပြုရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထိုရဟန်းသည် ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော အလို 'ဆန္ဒ' ကိုရင်း လုံ့လကိုရင်း အားထုတ်မှုကိုရင်း အတိုင်းထက်အလွန် အားထုတ်မှုကိုရင်း မဆုတ်နစ်မှုကိုရင်း သတိကိုရင်း ဆင်ခြင်ဉာဏ်ကိုရင်း ပြုအပ်၏။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သည်ရှိသော် နေ့အခါ၌ သေသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ငါ့အား မရှိကုန်"ဟုအကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ ညဥ့် နေ့တို့ ပတ်လုံး အဖန်ဖန် ကျင့်သည်ဖြစ်၍ ထိုနှစ်သက် ဝမ်းမြောက်မှုဖြင့်ပင်လျှင် နေအပ်၏။

ရဟန်းတို့ မရဏာနုဿတိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များ ပြုအပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် သာရဏီယဝဂ် ပြီး၏။

---

### ၃-အနုတ္တရိယဝဂ် ၁-သာမကသုတ်

၂၁။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း သာမဂ္ဂါ ပေါက္ခရဏိယမည်သောကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ နတ်သားတယောက်သည် ညဥ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန် နှစ်သက်ဖွယ်အဆင်းရှိသည်ဖြစ်၍ ပေါက္ခရဏီယတကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပ စေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား ဤတရားသုံးပါးတို့သည် ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်သုံးပါးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောမှု၌ မွေ့လျော်ခြင်း။

အိပ်မှု၌ မွေ့လျော်ခြင်းတို့ပါတည်း။

အသျှင်ဘုရား ဤတရားသုံးပါးတို့သည် ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏ဟုလျှောက်၏။ ထို နတ်သားသည် ဤစကားကို လျှောက်၏။

မြတ်စွာဘုရားသည် နှစ်သက်လိုက်လျောတော်မူ၏၊ ထိုအခါ ထိုနတ်သားသည် "ငါ့အား မြတ်စွာဘုရားသည် နှစ်သက်လိုက်လျောတော်မူ၏"ဟု (သိ၍) မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

မြတ်စွာဘုရားသည် ထိုညဥ့်လွန်သောအခါ ရဟန်းတို့ကို—

ရဟန်းတို့ ဤညဥ့်၌ နတ်သားတဦးသည် ညဥ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ပေါက္ခရဏီယတကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လျက် ငါ့အား—

အသျှင်ဘုရား ဤတရားသုံးပါးတို့သည် ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်သုံးပါးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောမှု၌ မွေ့လျော်ခြင်း။

အိပ်မှု၌ မွေ့လျော်ခြင်းတို့ပါတည်း။

"အသျှင်ဘုရား ဤတရားသုံးပါးတို့သည် ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏"လျှောက်၏။ ရဟန်းတို့ ထိုနတ်သားသည် ဤစကားကို လျှောက်ပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေ ပြုကာ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ရဟန်းတို့ အကြင်ရဟန်းတို့ကို ကုသိုလ်တရားတို့မှ ဆုတ်ယုတ်နေသည်တို့ကို နတ်တို့သော်မှ လည်း သိကြကုန်၏၊ ထိုရဟန်းတို့သည် အရ မတော်ကြကုန်စွတကား၊ထိုရဟန်းတို့သည် မကောင်း သဖြင့် ရကြလေကုန်စွတကား။

ရဟန်းတို့ အခြားဆုတ်ယုတ်ကြောင်း ပရိဟာနိယတရားတို့ကိုလည်း ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏—

ရဟန်းတို့ ဆုတ်ယုတ်ကြောင်း ပရိဟာနိယတရား သုံးမျိုးတို့သည် အဘယ်တို့နည်း ဟူမူ—

အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

ဆိုးမခက်သော စကားရှိသူဖြစ်ခြင်း။

ယုတ်မာသော အဆွေခင်ပွန်း ရှိခြင်းတို့တည်း။

ရဟန်းတို့ ဆုတ်ယုတ်ကြောင်း တရားတို့သည် ဤသုံးမျိုးတို့ပင်တည်း။

ရဟန်းတို့ လွန်လေပြီးသော အခါ၌ ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ခဲ့ကြသည့် ရဟန်းအားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ခဲ့ကြကုန်၏။

ရဟန်းတို့ နောင်အခါ၌ ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြမည့် ရဟန်းအားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြကုန်လိမ့်မည်။

ရဟန်းတို့ ယခုအခါ၌ ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြသည့် ရဟန်းအားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အပရိဟာနိယသုတ်

၂၂။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း ဖြစ်သော ဤတရားခြောက်မျိုးတို့ကို ဟောကြားအံ့၊ ထိုတရားကို နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့။

ရဟန်းတို့ မဆုတ်ယုတ်ကြောင်း တရားခြောက်မျိုးတို့သည် အဘယ်တို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်ခြင်း။

စကားပြောမှု၌ မမွေ့လျော်ခြင်း။

အိပ်မှု၌ မမွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မမွေ့လျော်ခြင်း။

ဆိုးမလွယ်သော စကားရှိသူဖြစ်ခြင်း။

မိတ်ဆွေကောင်း ရှိခြင်းတို့တည်း။

ရဟန်းတို့ ဤသည်တို့ကား မဆုတ်ယုတ်ကြောင်း တရားခြောက်မျိုးတို့တည်း။

ရဟန်းတို့ လွန်လေပြီးသော အခါ၌ ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ခဲ့ကြသည့် ရဟန်းအားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ခဲ့ကြကုန်။

http://www.dhammadownload.com



ရဟန်းတို့ နောင်အခါ၌ ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ကြမည့် ရဟန်းအားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ကြကုန်လတ္တံ့။

ရဟန်းတို့ ယခုအခါ၌ ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ကြသည့် ရဟန်း အားလုံးတို့သည် ဤတရားခြောက်မျိုးတို့ကြောင့်သာလျှင် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ကြကုန် ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဘယသုတ်

၂၃။ ရဟန်းတို့ "ဘေး" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ "ဒုက္ခ" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ "ရောဂါ" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ "အိုင်းအမာ" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ "ကပ်ငြိခြင်း" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ "ညွန်ပျောင်း" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။

ရဟန်းတို့ အဘယ့်ကြောင့် ဘေးဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်သနည်း။

ရဟန်းတို့ ကာမဂုဏ်တို့၌ ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက် ဘေးမှလည်း မလွတ်၊ တမလွန် ဘေးမှလည်း မလွတ်၊ ထို့ကြောင့် ဘေးဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏။

ရဟန်းတို့ အဘယ့်ကြောင့် "ဒုက္ခ" ဟူသော ဤအမည်သည်။ပ။ "ရောဂါ" ဟူသော။ "အိုင်းအမာ" ဟူသော "ကပ်ငြိခြင်း" ဟူသော "ညွန်ပျောင်း" ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည် ဖြစ်သနည်း။

ရဟန်းတို့ ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက် ညွန်ပျောင်းမှလည်း မလွတ်၊ တမလွန် ညွန်ပျောင်းမှလည်း မလွတ်၊ ထို့ကြောင့် 'ညွန်ပျောင်း'ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏ဟု(မိန့်တော်မူ၏)။

> ဘေး ဒုက္ခ ရောဂါ အိုင်းအမာ နှစ်ပါးသော ငြိကပ်မှုနှင့် ညွန်ပျောင်းတို့ကို ကာမတို့ဟူ၍ ဆိုအပ်ကုန်၏၊ယင်း ကာမဂုဏ်တို့၌ ပုထုဇဉ်သတ္တဝါသည် ကပ်ငြိ၏။
>
> (ရဟန္တာပုဂ္ဂိုလ်တို့သည်)ပဋိသန္ဓေနေခြင်း သေခြင်း၏ အကြောင်းဖြစ်သော ဥပါဒါန်တရား၌ ဘေးကိုမြင်သဖြင့်(တဏှာ ဒိဋ္ဌိအားဖြင့်)မစွဲလမ်းမူ၍ ပဋိသန္ဓေနေခြင်း သေခြင်း၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌ ကိလေသာတို့မှ လွတ်ကုန်၏။
>
> ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ကုန်သည်ဖြစ်၍ ချမ်းသာခြင်း ရှိကုန်သည် မျက်မှောက်ဘဝ၌ ငြိမ်းအေးကုန်သည် ရန်ဘေး အားလုံးကို လွန်ကုန်သည် ဖြစ်၍ ဆင်းရဲဒုက္ခ ဟူသမျှကို လွန်မြောက်ကုန်၏။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဟိမဝန္တသုတ်

၂၄။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဟိမဝန္တာတောင်မင်းကိုသော်လည်း ဖောက်ခွဲနိုင်ရာ၏၊ယုတ်သော အဝိဇ္ဇာကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

တည်ကြည်မှု'သမာဓိ'ကို ဝင်စားခြင်း၌ လိမ္မာ၏။

တည်ကြည်မှု'သမာဓိ'ကို တည်စေခြင်း၌ လိမ္မာ၏။

တည်ကြည်မှု 'သမာဓိ' မှ ထခြင်း၌ လိမ္မာ၏။

တည်ကြည်မှု 'သမာဓိ' ၏ (ဝင်စားရန်) အသင့်ဖြစ်ခြင်း၌ လိမ္မာ၏။

တည်ကြည်မှု 'သမာဓိ' ၏ ကျက်စားရာ အာရုံ၌ လိမ္မာ၏။

တည်ကြည်မှု 'သမာဓိ'ကို ရှေးရှုဆောင်ခြင်း၌ လိမ္မာ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဟိမဝန္တာတောင်မင်းကိုသော်လည်း ဖောက်ခွဲနိုင်ရာသေး၏၊ယုတ်သော အဝိဇ္ဇာကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အနုဿတိဋ္ဌာနသုတ်

၂၅။ ရဟန်းတို့ မပြတ်အောက်မေ့အပ်သော အကြောင်းတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု အဖန်ဖန် အောက်မေ့၏။

ရဟန်းတို့ အရိယာတပည့်သည် မြတ်စွာဘုရား၏ဂုဏ်ကို အဖန်ဖန် အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏။

ရဟန်းတို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အကြောင်းပြု၍လည်း ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ)စင်ကြယ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း။ပ။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်၎ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု အဖန်တလဲလဲ အောက်မေ့၏။

ရဟန်းတို့ အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏။

ရဟန်းတို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ ဤဓမ္မာနုဿတိကမ္မဋ္ဌာန်းကို အကြောင်းပြု၍လည်း ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ) စင်ကြယ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏"ဟူ၍ (အဖန်တလဲလဲ အောက်မေ့၏)။

ရဟန်းတို့ အရိယာတပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏။

ရဟန်းတို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ ဤသံဃာနုဿတိ ကမ္မဋ္ဌာန်းကို အကြောင်းပြု၍လည်း ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ) စင်ကြယ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုး မပေါက်။ပ။ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော မိမိ၏ သီလတို့ကို အဖန်ဖန် အောက်မေ့၏။

ရဟန်းတို့ အရိယာတပည့်သည် သီလကို အဖန်ဖန် အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏။

ရဟန်းတို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ ဤသီလာနုဿတိ ကမ္မဋ္ဌာန်းကို အကြောင်းပြု၍လည်း ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ) စင်ကြယ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည်—

"ငါ့အား အရှင်ဘုရားလေစွ၊ ငါသည် လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပေစွ။ပ။ အတောင်းခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏"ဟု မိမိ၏ စွန့်ကြဲမှု စာဂဂုဏ်ကို အဖန်ဖန်အောက်မေ့၏။ပ။

ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ) စင်ကြယ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"စာတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာနတ် နိမ္မာနရတိနတ် ပရနိမ္မိတဝသဝတ္တီနတ် ပြဟ္မာ အထက်အထက် ပြဟ္မာတို့သည် ရှိကုန်၏၊ သဒ္ဓါနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ပြည်မှ စုတေ၍ နတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ထင်ရှားရှိ၏။

သီလ အကြားအမြင် စွန့်ကြဲခြင်း ပေးကမ်းခြင်း ပညာနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ထင်ရှား ရှိ၏" ဟု အောက်မေ့၏။

ရဟန်းတို့ အရိယာတပည့်သည် မိမိ၏၎င်း ထိုနတ်ပြဟ္မာတို့၏၎င်း သဒ္ဓါ သီလ သုတ စာဂ ပညာကို အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွသောင်းကျန်သောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏။

ရဟန်းတို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်းတို့ ဤဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို အကြောင်းပြု၍လည်း ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် (ကိလေသာမှ)စင်ကြယ်ကုန်၏။

ရဟန်းတို့ မပြတ် အောက်မေအပ်သော အကြောင်းတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-မဟာကစ္စာနသုတ်

၂၆။ ထိုအခါ အသျှင်မဟာကစ္စည်းသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင် မဟာကစ္စည်းအား ပြန်ကြား လျှောက်ထားကုန်၏၊အသျှင်မဟာကစ္စည်းသည် ဤစကားကို မိန့်ဆို၏—

http://www.dhammadownload.com



ငါ့သျှင်တို့ အံ့ဩဖွယ် ရှိပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့ စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယာမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန်(ကာမဂုဏ်ငါးပါးတို့ဖြင့်)ကျဉ်းမြောင်းလှစွာသော လူ့ဘောင်၌ ရအပ်သော အခွင့်ဖြစ်သော ဤအနုဿတိ ခြောက်မျိုးကို အလွန်အလွန် ထိုးထွင်း၍ သိတော်မူပါပေ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏" ဟူ၍ (အဖန်ဖန် အောက်မေ့၏)။

ငါ့သျှင်တို့ အရိယာတပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွသောင်းကျန်း သောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘော ရှိကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော် ပါပေတည်း။ပ။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်၌ သိနိုင် ခံစားနိုင်သော တရားတော် ပါပေတည်း"ဟူ၍ (အဖန်ဖန် အောက်မေ့၏)။

ငါ့သျှင်တို့ အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်း သောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသောအမည်သည် ကာမဂုဏ်ငါးပါး တို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘောရှိကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား အရိယာတပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏"ဟူ၍ (အဖန်ဖန် အောက်မေ့၏)။

ငါ့သျှင်တို့ အရိယာတပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်း သောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ' မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘောရှိကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျား ကုန်သော။ပ။တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်ကုန်သော မိမိ၏ သီလတို့ကို အဖန်ဖန် အောက်မေ့၏။

ငါ့သျှင်တို့ အရိယာတပည့်သည် မိမိ၏ သီလကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာ တပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ' မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘောရှိကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား အရိယာတပည့်သည်—

"ငါ့အား အရတော်လေစွ၊ ငါသည် လူ့အဖြစ်ကို ကောင်းစွာ ရပေစွ။ပ။အတောင်းခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏"ဟု မိမိ၏ စွန့်ကြဲမှု စာဂဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

http://www.dhammadownload.com



ငါ့သျှင်တို့ အရိယာတပည့်သည် မိမိ၏ စွန့်ကြဲမှု ဂုဏ်ကို အဖန်ဖန် အောက်မေ့သော အခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်း သောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘောရှိကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား အရိယာတပည့်သည် နတ်တို့ကို သက်သေထား၍ မိမိသဒ္ဓါ စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့၏။

"စာတုမဟာရာဇ်နတ် တာဝတိံသာနတ်။ပ။အထက်အထက် ဗြဟ္မာတို့သည် ရှိကုန်၏၊ သဒ္ဓါ တရားနှင့် ပြည့်စုံကုန်သော ထိုနတ်ဗြဟ္မာတို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ထင်ရှားရှိ၏၊ သီလ သုတ စာဂ ပညာနှင့် ပြည့်စုံကုန်သော ထိုနတ်ဗြဟ္မာတို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာ မျိုးသည် ထင်ရှားရှိ၏"ဟူ၍ (အဖန်ဖန် အောက်မေ့၏)။

ငါ့သျှင်တို့ အရိယာတပည့်သည် မိမိ၏၎င်း ထိုနတ် ဗြဟ္မာတို့၏၎င်း သဒ္ဓါ သီလ သုတ စာဂ ပညာကို အဖန်ဖန် အောက်မေ့သောအခါ၌ ထိုအရိယာတပည့်အား ရာဂ ထကြွ သောင်းကျန်း သောစိတ် မဖြစ်၊ ဒေါသ ထကြွ သောင်းကျန်းသောစိတ် မဖြစ်၊ မောဟ ထကြွ သောင်းကျန်း သောစိတ် မဖြစ်၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်စွာသာလျှင် ဖြစ်၏၊ စွဲငြိရာ 'ဂေဓ'မှ ထွက်မြောက်၏၊ ကျွတ်လွတ်၏၊ ထမြောက်၏၊ ငါ့သျှင်တို့ ဤဂေဓဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ငါ့သျှင်တို့ ထိုအရိယာတပည့်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ကောင်းကင်အပြင်နှင့် တူသော စိတ်ဖြင့် နေ၏။

ငါ့သျှင်တို့ ဤစိတ်ကို အကြောင်းပြု၍လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စင်ကြယ်ခြင်း သဘောရှိကုန်၏။

ငါ့သျှင်တို့ အံ့ဖွယ် ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် သတ္တဝါတို့ စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်

http://www.dhammadownload.com



ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယာမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် (ကာမဂုဏ် ငါးပါးတို့ဖြင့်) ကျဉ်းမြောင်းလှစွာသော လူ့ဘောင်၌ ရအပ်သော အခွင့်ဖြစ်သော ဤအနုဿတိ ခြောက်မျိုးကို အလွန်အလွန် ထိုးထွင်း၍ သိတော်မူပါပေ၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဥ္စမ သမယသုတ်

၂၇။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါ တို့သည် အဘယ်မျှ ရှိပါကုန်သနည်း”ဟု လျှောက်၏။

ရဟန်း စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါတို့သည် ဤခြောက်မျိုးတို့ဘည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့ကို စွဲမက်မှု ‘ကာမရာဂ’ ထကြွ သောင်းကျန်၍ ကာမရာဂနှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

“ငါ့သျှင် အကျွန်ုပ်သည် ကာမဂုဏ်တို့ကို စွဲမက်မှု ‘ကာမရာဂ’ ထကြွ သောင်းကျန်း၍ ကာမ ရာဂ နှိပ်စက်သော စိတ်ဖြင့် နေရပါ၏၊ ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ကြောင်းကို လည်း ဟုတ်တိုင်း မှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား ကာမရာဂကို ပယ်ရန် တရားဟောတော်မူပါ”ဟု (ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ကာမဂုဏ်တို့ကို စွဲမက်မှု ‘ကာမ ရာဂ’ ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ပဥ္စမ အခါပင်တည်း။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ပျက်စီးစေလိုမှု ‘ဗျာပါဒ’ ထကြွ သောင်းကျန်း၍ ဗျာပါဒ နှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဗျာပါဒမှ ထွက်မြောက်ကြောင်းကို လည်း ဟုတ်တိုင်း မှန်စွာ မသိသော အခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

“ငါ့သျှင် အကျွန်ုပ်သည် ပျက်စီးစေလိုမှု ‘ဗျာပါဒ’ ထကြွ သောင်းကျန်း၍ ဗျာပါဒ နှိပ်စက် သော စိတ်ဖြင့် နေရပါ၏၊ ဖြစ်ပေါ်လာသော ဗျာပါဒမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်း မှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား ဗျာပါဒကို ပယ်ရန် တရားဟော တော်မူပါ”ဟု (ပြောဆိုအပ်၏)။

http://www.dhammadownload.com



ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ပျက်စီးစေလိုမှု 'ဗျာပါဒ' ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ဒုတိယ အခါပင်တည်း။

ရဟန်း နောက်တမျိုးကား ရဟန်းသည် လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွ သောင်းကျန်း၍ ထိနမိဒ္ဓ နှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ထိနမိဒ္ဓမှ ထွက်မြောက်ကြောင်းကို လည်း ဟုတ်တိုင်းမှန်စွာ မသိသော အခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

"ငါ့သျှင် အကျွန်ုပ်သည် လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွ သောင်းကျန်း၍ ထိနမိဒ္ဓ နှိပ်စက်သော စိတ်ဖြင့် နေရပါ၏၊ဖြစ်ပေါ်လာသော ထိနမိဒ္ဓမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား ထိနမိဒ္ဓကို ပယ်ရန် တရားဟောတော်မူပါ"ဟု(ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် လေးလံ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် တတိယ အခါပင်တည်း။

ရဟန်း နောက်တမျိုးကား ရဟန်းသည် ပျံ့လွင့်မှု နောင်တ ပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ' ထကြွ သောင်းကျန်း၍ ဥဒ္ဓစ္စကုက္ကုစ္စ နှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဥဒ္ဓစ္စ ကုက္ကုစ္စမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော အခါ၌ စိတ်နှလုံးကို ပွါးစေ တတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

"ငါ့သျှင် အကျွန်ုပ်သည် ပျံ့လွင့်မှု နောင်တ ပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ'ထကြွ သောင်းကျန်း၍ 'ဥဒ္ဓစ္စ ကုက္ကုစ္စ'နှိပ်စက်သော စိတ်ဖြင့် နေရပါ၏၊ဖြစ်ပေါ်လာသော ဥဒ္ဓစ္စ ကုက္ကုစ္စမှ ထွက်မြောက် ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်ရန် တရားဟောတော်မူပါ"ဟု(ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် စတုတ္ထ အခါပင်တည်း။

ရဟန်း နောက်တမျိုးကား ရဟန်းသည် မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွ သောင်းကျန်း၍ ဝိစိကိစ္ဆာနှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာမှ ထွက်မြောက် ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော အခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

http://www.dhammadownload.com



"ငါ့သျှင် အကျွန်ုပ်သည် မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'ထကြွ သောင်းကျန်း၍ ဝိစိကိစ္ဆာနှိပ်စက်သော စိတ်ဖြင့် နေရပါ၏၊ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်း မှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် ဒေါကျွန်ုပ်အား ဝိစိကိစ္ဆာကို ပယ်ရန် တရား ဟောတော်မူပါ"ဟု(ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ပဉ္စမ အခါပင်တည်း။

ရဟန်း နောက်တမျိုးကား ရဟန်းသည် အကြင်အာရုံနိမိတ်ကို အစွဲပြု၍ အကြင်အာရုံနိမိတ်ကို နှလုံးသွင်းသော ရဟန်းအား အန္တရာယ်မရှိသဖြင့် အာသဝေါတရား ကုန်ခန်း၏၊ ထိုအာရုံနိမိတ်ကို မသိသောအခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ပြောဆိုအပ်၏—

"ငါ့သျှင် အကျွန်ုပ်သည် အကြင်အာရုံနိမိတ်ကို အစွဲပြု၍ အကြင်အာရုံနိမိတ်ကို နှလုံးသွင်းသူအား အန္တရာယ်မရှိသဖြင့် အာသဝေါတရား ကုန်ခန်း၏၊ထိုနိမိတ်အာရုံကို မသိပါ၊တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား အာသဝေါတရားတို့ ကုန်ခန်းရန် တရားဟောတော်မူပါ"ဟု (ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် အာသဝေါတရားတို့ ကုန်ခန်းရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ဆဋ္ဌ အခါပင်တည်း။

ရဟန်း စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါတို့သည် ဤခြောက်မျိုးတို့တည်းဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ သမယသုတ်

၂၈။ အခါတပါး၌ များစွာသော မထေရ်ရဟန်းတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး)နေတော်မူကုန်၏၊ ထိုစဉ်အခါ၌ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ကုန်၍ စည်းဝေးရာ တန်ဆောင်းဝန်း၌ စုဝေး ထိုင်နေကုန်သော ထိုမထေရ်ရဟန်းတို့အား ဤအကြား စကားသည် ဖြစ်ပေါ်လာ၏။

"ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါသည် အဘယ်ပါနည်း"ဟု(ဖြစ်ပေါ်လာ၏)။

ဤသို့ ပြောဆိုကုန်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား ဤစကားကို ဆို၏—

http://www.dhammadownload.com



"ငါ့သျှင်တို့ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့သည်ရှိသော် ခြေဆေးပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ (ကမ္မဋ္ဌာန်းသို့)ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသော အခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါပင်တည်း"ဟု(ဆို၏)။

ဤသို့ ဆိုသော် ရဟန်းတပါးသည် ထို(ပဌမပြောသော)ရဟန်းအား ဤစကားကို ဆို၏—

"ငါ့သျှင် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်။

ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့သည်ရှိသော် ခြေဆေးပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသောအခါ၌ ထိုရဟန်းအား ဆွမ်းခံလှည့်လည်ခြင်း ကြောင့် ဖြစ်သော ပင်ပန်းခြင်းသည် မငြိမ်းသေး၊ဆွမ်းစားခြင်းကြောင့် ဖြစ်သော ပင်ပန်းခြင်းသည်လည်း မငြိမ်းသေး၊ထို့ကြောင့် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်။

ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ညနေချမ်းအခါ ကိန်းအောင်းရာမှ ထလျက် ကျောင်းရိပ်၌ ထက်ဝယ် ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ(ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသော အခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါတည်း"ဟု(ဆို၏)။

ဤသို့ ဆိုသော် ရဟန်းတပါးသည် ထို(ဒုတိယပြောသော) ရဟန်းအား ဤစကားကို ဆို၏။

"ငါ့သျှင် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်။

ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ညနေချမ်းအခါ၌ ကိန်းအောင်းရာမှ ထလျက် ကျောင်းရိပ်၌ ထက်ဝယ် ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသော အခါဝယ် နေ့အခါက နှလုံးသွင်းခဲ့သော သမာဓိနိမိတ်သည်ပင်လျှင် ထိုရဟန်းအား ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာတတ်၏၊ ထို့ကြောင့် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်။

"ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ညဉ့်၏ မိုးသောက်ယံ၌ ထပြီးလျှင် ထက်ဝယ် ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ (ကမ္မဋ္ဌာန်းသို့)ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသော အခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါတည်း"ဟု (ဆို၏)။

http://www.dhammadownload.com



ဤသို့ ဆိုသော် ရဟန်းတပါးသည် ထို(တတိယပြောသော)ရဟန်းအား ဤစကားကို ဆို၏—

"ငါ့သျှင် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်။

ငါ့သျှင် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ညဉ့်၏ မိုးသောက်ယံ၌ ထပြီးလျှင် ထက်ဝယ် ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေသော အခါ၌ ထိုရဟန်း၏ ကိုယ်သည် ဩဇာဖြင့် တည်၏၊ ထိုရဟန်းအား မြတ်စွာဘုရားတို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် ချမ်းသာ၏။

ထို့ကြောင့် ထိုအခါသည် စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါမဟုတ်"ဟု(ဆို၏)။

ဤသို့ ဆိုသော် အသျှင်မဟာကစ္စည်းသည် မထေရ်ရဟန်းတို့ကို ဤသို့ မိန့်ဆို၏—

ငါ့သျှင်တို့ ငါသည် ဤအကြောင်းကို မြတ်စွာဘုရား မျက်မှောက်တော်မှ နာကြားလိုက်ရ၏၊ မြတ်စွာဘုရား မျက်မှောက်တော်မှ ခံယူလိုက်ရ၏။

"ရဟန်း စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါတို့သည် ဤငါးခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့ကို စွဲမက်မှု'ကာမရာဂ'ထကြွ သောင်းကျန်း၍ ကာမရာဂနှိပ်စက်သော စိတ်ဖြင့် နေလျက် ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ၌ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုအပ်၏—

'ငါ့သျှင် အကျွန်ုပ်သည် ကာမဂုဏ်တို့ကို စွဲမက်မှု'ကာမရာဂ'ထကြွ သောင်းကျန်း၍ ကာမရာဂနှိပ်စက်သော စိတ်ဖြင့် နေရပါ၏၊ ဖြစ်ပေါ်လာသော ကာမရာဂမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်အား ကာမရာဂကို ပယ်ရန် တရားဟောတော်မူပါ'ဟု (ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် ကာမဂုဏ်တို့ကို စွဲမက်မှု 'ကာမရာဂ'ကို ပယ်ရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ပဌမ အခါပင်တည်း။

ရဟန်းနောက်တမျိုးကား ရဟန်းသည် ပျက်စီးစေလိုမှု'ဗျာပါဒ'ထကြွသောင်းကျန်း၍ ဗျာပါဒနှိပ်စက်သော စိတ်ဖြင့် နေလျက်။ပ။

လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွ သောင်းကျန်း၍ ထိနမိဒ္ဓဖြင့် နှိပ်စက်သော စိတ်ဖြင့် နေလျက်။ပ။

ပျံ့လွင့်မှု နောင်တ ပူပန်မှု'ဥဒ္ဓစ္စ ကုက္ကုစ္စ'ထကြွ သောင်းကျန်း၍ ဥဒ္ဓစ္စ ကုက္ကုစ္စဖြင့် နှိပ်စက်သော စိတ်ဖြင့် နေလျက်။ပ။

မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'ထကြွသောင်းကျန်း၍ ဝိစိကိစ္ဆာဖြင့် နှိပ်စက်သော စိတ်ဖြင့် နေလျက်။ပ။

http://www.dhammadownload.com



အကြောင်အာရုံနိမိတ်ကို အစွဲပြု၍ အကြောင်အာရုံနိမိတ်ကို နှလုံးသွင်းသော ရဟန်းအား အန္တရာယ် မရှိသဖြင့် အာသဝေါတရား ကုန်ခန်း၏၊ ထိုအာရုံနိမိတ်ကို မသိသော အခါ၌ စိတ်နှလုံးကို ပွါးစေ တတ်သော ရဟန်းသို့ ချဉ်းကပ်၍ ပြောဆိုအပ်၏။

'ငါ့သျှင် အကျွန်ုပ်သည် အကြောင်အာရုံနိမိတ်ကို အစွဲပြု၍ အကြောင်အာရုံနိမိတ်ကို နှလုံးသွင်းသူ အား အန္တရာယ်မရှိသဖြင့် အာသဝေါတရား ကုန်ခန်း၏၊ ထိုအာရုံနိမိတ်ကို မသိပါ၊ တောင်းပန် ပါ၏၊ အသျှင်သည် အကျွန်ုပ်အား အာသဝေါတရားတို့ ကုန်ခန်းရန် တရားဟောတော်မူပါ'ဟု (ပြောဆိုအပ်၏)။

ထိုရဟန်းအား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းသည် အာသဝေါတရားတို့ ကုန်ခန်းရန် တရားဟော၏။

ရဟန်း ဤသည်ကား စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် ဆဋ္ဌ အခါပင်တည်း။

ငါ့သျှင်တို့ ငါသည် ဤကြောင်းကို မြတ်စွာဘုရား မျက်မှောက်တော်မှ နာကြားလိုက်ရ၏၊ မြတ်စွာဘုရား မျက်မှောက်တော်မှ ခံယူလိုက်ရ၏။

ရဟန်းတို့ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းအား ဖူးမျှော်ခြင်းငှါ ချဉ်းကပ်ရန် အခါ တို့သည် ဤခြောက်မျိုးတို့တည်း"ဟု (နာကြားလိုက်ရ၏၊ ခံယူလိုက်ရ၏ဟု မိန့်ဆို၏)။

အဋ္ဌမသုတ်။

---

## ၉-ဥဒါယီသုတ်

၂၉။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဥဒါယီကို "ဥဒါယီ အဖန်ဖန် အောက်မေ့အပ်သော အကြောင်းတို့သည် အဘယ်မျှရှိကုန်သနည်း"ဟု မေးတော်မူ၏။

ဤသို့ မေးတော်မူသည်ရှိသော် အသျှင်ဥဒါယီသည် ဆိတ်ဆိတ်နေ၏၊ မြတ်စွာဘုရားသည် နှစ်ကြိမ်တိုင်အောင်လည်း "ဥဒါယီ အဖန်ဖန် အောက်မေ့အပ်သော အကြောင်းတို့သည် အဘယ် မျှရှိကုန်သနည်း"ဟု မေးတော်မူ၏၊ နှစ်ကြိမ်တိုင်အောင်လည်း အသျှင်ဥဒါယီသည် ဆိတ်ဆိတ် နေ၏။

မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင်လည်း "ဥဒါယီ အဖန်ဖန် အောက်မေ့အပ်သော အကြောင်းတို့သည် အဘယ်မျှရှိကုန်သနည်း"ဟု မေးတော်မူ၏၊ သုံးကြိမ်တိုင်အောင်လည်း အသျှင်ဥဒါယီသည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်အာနန္ဒာသည် အသျှင်ဥဒါယီအား—

"ငါ့သျှင် ဥဒါယီ သင့်ကို မြတ်စွာဘုရား မေးမြန်းတော်မူ၏"ဟု ဆို၏။

ငါ့သျှင် အာနန္ဒာ ငါသည် မြတ်စွာဘုရား၏ စကားတော်ကို ကြားပါ၏။

အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အဖန်ဖန် အောက်မေ့၏။

http://www.dhammadownload.com



ဤသည်ကား အဘယ်နည်း—

တဘာဝကိုဂုင်း နှစ်ဘဝတို့ကိုဂုင်း။ပ။ဤသို့ အခြင်းအရာနှင့် တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အဖန်ဖန် အောက်မေ့၏၊ အသျှင်ဘုရား ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပါတည်းဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ(မင်္ဂ ဖိုလ်မှ) အချည်းနှီးဖြစ်သော ဤဥဒါယီသည် လွန်မြတ်သော(သမာဓိ ဝိပဿနာနှင့်ယှဉ်သော)စိတ်ကို အားထုတ်လျက် မနေသူဟု ငါသိ၏"ဟူ၍ မိန့်တော်မူ၏။

အာနန္ဒာ အဖန်ဖန် အောက်မေ့အပ်သော အကြောင်းဘို့သည် အဘယ်မျှရှိသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းဟ္ဂိသည် ငါးမျိုးရှိပါကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—

အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။တတိယစျာန်သို့ ရောက်၍ နေ၏၊ အသျှင်ဘုရား ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပါတည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် မျက်မှောက်၌ ချမ်းသာစွာ နေရန် ဖြစ်ပါ၏။

အသျှင်ဘုရား နောက်တမျိုးကား ရဟန်းသည် အာလောကသညာ'အလင်းရောင်ဟူသော အမှတ်'ကို နှလုံးသွင်း၏၊ နေ့ဟူသော အမှတ်ကို ဆောက်တည်၏ နေ့အခါကဲ့သို့ ညဥ့်အခါ၌ ဖြစ်၏၊ ညဥ့်အခါကဲ့သို့ နေ့အခါ၌ ဖြစ်၏၊ ဤသို့ ဟင်းလင်းပွင့်၍ (နီဝရဏ)မဖြေးယှက်သော စိတ်ဖြင့် အရောင်အလင်းနှင့်တကွသော စိတ်ကို ပွါး၏။

အသျှင်ဘုရား ဤသည်ကား အဖန် န် အောက်မေ့အပ်သော အကြောင်းပါတည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော်(ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရ န် ဖြစ်ပါ၏။

အသျှင်ဘုရား နောက်တမျိုးကား ရဟန် သည် ခြေဘဝါးမှ အထက် ဆံပင်ဖျားမှ အောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျို တို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက် ဆင်ခြင်၏။

"ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုပ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

အသျှင်ဘုရား ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပါတည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် ကာမဌ် စွဲမက်မှု'ကာမရာဂ'ကို ပယ်ရန် ဖြစ်ပါ၏။

အသျှင်ဘုရား နောက်တမျိုးကား ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင် သေ၍ နှစ်ရက်ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် ဖူးရောင်နေသော

http://www.dhammadownload.com



သူသေကောင် ရုပ် ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင် ပြည်ကဲ့သို့ စက်ဆုပ်ဖွယ်အပုပ် ရည်ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကို ဤငါ၏ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့် မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်”ဟု ဤရုပ်အပေါင်းကိုပင်နှိုင်းစာ၍ ရှု၏။

ဥပမာတမျိုးသော်ကား ကျီးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည် မူလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော မြေခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ် ကိုသာလျှင် “ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်နိုင်”ဟု နှိုင်းစာ၍ ရှု၏။

ဥပမာတမျိုးသော်ကား ရဟန်းသည် အသား အသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထား၍ အရိုးဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ပ။အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့ထား၍ အရိုးဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့် ပစ်အပ်သော သူသေကောင်ကို။ပ။အသွေး အသားကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထား၍ အရိုး ဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ပ။တနေရာ၌ လက်ရိုး တနေရာ၌ ခြေရိုး တနေရာ၌ ခြေဖမျက်ရိုး တနေရာ၌ မြင်းခေါင်းရိုး တနေရာ၌ နပေါင်ရိုး တနေရာ၌ ခါ ရိုး တနေရာ၌ နံရိုး တနေရာ၌ ကျောက်ကုန်းရိုး တနေရာ၌ ပခုံးရိုး တနေရာ၌ လည်ပင်းရိုး တနေ ရာ၌ မေးရိုး တနေရာ၌ သွားရိုး တနေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ် တို့၌ ကြဲပြန့်နေကုန်သော အရိုးတို့ကို မြင်ရာသကဲ့သို့ ခရုသင်း အဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော အရိုးတို့ကို မြင်ရာသကဲ့သို့၊ နှစ်လွန်လျက် စုပုံနေသော အရိုးတို့ကို မြင်ရာသကဲ့သို့ ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော အရိုးတို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကို သာလျှင် “ငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည် သာတည်း၊ ဤသို့သောသဘောကိုမလွန်ဆန်နိုင်ဟု”ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ရှု၏။

အသျှင်ဘုရား ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပါတည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ငါတကားဟု ထောင်လွှားသော မာနကို ပယ်ရန်ဖြစ်ပါ၏။

အသျှင်ဘုရား နောက်တမျိုးကား ရဟန်းသည် သုခဝေဒနာကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ အသျှင်ဘုရား ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပါတည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် များစွာသော စိတ်တို့ကို ထိုးထွင်း၍ သိရန်ဖြစ်ပါ၏၊ အသျှင်ဘုရား ဤသည်တို့ကား အဖန်ဖန် အောက်မေ့အပ် သော အကြောင်းငါးမျိုးတို့ပါတည်းဟု (လျှောက်၏)။

အာနန္ဒာ ကောင်းပေစွ၊ ကောင်းပေစွ၊ အာနန္ဒာ သို့ဖြစ်လျှင် သင်သည် ဤခြောက်ခုမြောက် ဖြစ်သော အဖန်ဖန် အောက်မေ့အပ်သော အကြောင်းကိုလည်း မှတ်လေဦးလော့။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် သတိရှိသည်ဖြစ်၍သာလျှင် ရှေ့သို့ တက်၏၊သတိ ရှိသည်ဖြစ်၍သာလျှင် နောက်သို့ ဆုတ်၏၊ သတိရှိသည်ဖြစ်၍သာလျှင် ရပ်၏၊ သတိရှိသည်ဖြစ်၍

http://www.dhammadownload.com



သာလျှင် ထိုင်၏၊ သတိရှိသည်ဖြစ်၍သာလျှင် အိပ်၏၊ သတိရှိသည်ဖြစ်၍သာလျှင် အမှုကို ဆောက်တည်၏၊ အာနန္ဒာ ဤသည်ကား အဖန်ဖန် အောက်မေ့အပ်သော အကြောင်းပင်တည်း၊ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် သတိရှိရန် အဆင်ခြင် ဉာဏ်ရှိရန် ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-အနုတ္တရိယသုတ်

၃၀။ ရဟန်းတို့ အမြတ်ဆုံးတရားတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမြတ်ဆုံး အမြင်။

အမြတ်ဆုံး အကြား။

အမြတ်ဆုံး လာဘ်။

အမြတ်ဆုံး သိက္ခာ။

အမြတ်ဆုံး လုပ်ကျွေးမှု။

အမြတ်ဆုံး အောက်မေ့မှုတို့တည်း။

ရဟန်းတို့ အမြတ်ဆုံး အမြင်မျိုးဟူသည် အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဆင်ရတနာကိုလည်း ကြည့်ရှုရန် သွား၏၊ မြင်းရတနာကိုလည်း ကြည့်ရှုရန် သွား၏၊ ပတ္တမြားရတနာကိုလည်း ကြည့်ရှုရန် သွား၏၊ အမြတ်အယုတ်ကိုမူလည်း ကြည့်ရှုရန် သွား၏၊ မှားသောအယူ မှားသောအကျင့်ရှိသော သမဏကို ဖြစ်စေ ဗြာဟ္မဏကို ဖြစ်စေ ကြည့်ရှုရန် သွား၏၊ ရဟန်းတို့ ဤအမြင်သည် ရှိ၏၊ ဤအမြင်မျိုးကို မရှိဟူ၍ ငါမဆို၊ ရဟန်းတို့ ထို (ဆင်ရတနာစသည်ကို) မြင်ရခြင်းသည် ယုတ်သော အမြင်ပင်တည်း၊ ရွာနေသူတို့၏ အမြင်ပင်တည်း၊ ပုထုဇဉ်တို့၏ အမြင်ပင်တည်း၊ အရိယာ မဟုတ်သူတို့၏ အမြင်ပင်တည်း၊ အကျိုးစီးပွါးနှင့် မစပ်၊ (ဝဋ္ဋဒုက္ခ၌) ငြီးငွေ့ရန် မဖြစ်၊ ရာဂကင်းရန် မဖြစ်၊ ရာဂစသည် ချုပ်ရန် မဖြစ်၊ ငြိမ်းချမ်းရန် မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန် မဖြစ်၊ (သစ္စာလေးပါး တရားကို) ထိုးထွင်း၍ သိရန် မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်။

ရဟန်းတို့ အကြင်သူတို့သည်ကား သက်ဝင်သော သဒ္ဓါ သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကို ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကို ဖြစ်စေ ဖူးမျှော်ရန် သွား၏။

ရဟန်းတို့ သက်ဝင်သော သဒ္ဓါ သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကို ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကို ဖြစ်စေ ဖူးမျှော်ရန် သွား၏၊ ထိုသူ၏ ဤ ဖူးမျှော်ရခြင်းမျိုးသည် သတ္တဝါတို့၏ ကိလေသာမှ

http://www.dhammadownload.com



စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ရန် မဂ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး အမြင်ဖြစ်၏။

ရဟန်းတို့ ဤအမြင်ကို အမြတ်ဆုံး အမြင်ဟူ၍ ဆိုအပ်၏၊ဤသည်ကား အမြတ်ဆုံး အမြင်တည်း။

အမြတ်ဆုံး အကြားမျိုးဟူသည် အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် စည်တီးသံကိုလည်း ကြားရန် သွား၏၊ စောင်းသံကိုလည်း ကြားရန် သွား၏၊ သီချင်းဆိုသံကိုလည်း ကြားရန် သွား၏၊ မြတ်သောအသံ ယုတ်သောအသံတို့ကိုလည်း ကြားရန် သွား၏၊ မှားသော အယူ မှားသောအကျင့်ရှိသော သမဏ၏ဖြစ်စေ ဗြာဟ္မဏ၏ဖြစ်စေ တရားကိုလည်း ကြားရန် သွား၏၊ ရဟန်းတို့ ဤကြားခြင်းမျိုးသည် ရှိ၏၊ ထိုသို့ ကြားခြင်းမျိုးကို မရှိဟူ၍ ငါမဆို၊ ရဟန်းတို့ ထိုသို့သော ကြားခြင်းမျိုးသည် ယုတ်သော အကြားတည်း၊ ရွာနေသူတို့၏ အကြားပင်တည်း၊ ပုထုဇဉ်တို့၏ အကြားပင်တည်း၊ အရိယာ မဟုတ်သူတို့၏ အကြားပင်တည်း၊ အကျိုးစီးပွားနှင့် မစပ် (ဝဋ္ဋဒုက္ခ၌) ငြီးငွေ့ရန် မဖြစ်၊ ရာဂ ကင်းရန် မဖြစ်၊ ရာဂစသည် ချုပ်ရန် မဖြစ်၊ ငြိမ်းချမ်းရန် မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန် မဖြစ်၊ (သစ္စာလေးပါး တရားကို) ထိုးထွင်း၍သိရန် မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်။

ရဟန်းတို့ အကြင်သူသည်ကား သက်ဝင်သော သဒ္ဓါ သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား၏ဖြစ်စေ မြတ်စွာဘုရား တပည့်သာဝက၏ဖြစ်စေ တရားတော်ကို ကြားနာရန် သွား၏။

ရဟန်းသက်ဝင်သော သဒ္ဓါ သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား၏ဖြစ်စေ မြတ်စွာဘုရား တပည့်သာဝက၏ဖြစ်စေ တရားတော်ကို ကြားနာရန်သွား၏၊ ထိုသူ၏ ဤအကြားမျိုးသည် သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ရန် မဂ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး အကြားဖြစ်၏။

ရဟန်းတို့ဤအကြားကိုအမြတ်ဆုံး အကြားဟူ၍ ဆိုအပ်၏၊ ဤသည်ကား အမြတ်ဆုံး အမြင် အမြတ်ဆုံး အကြားပေတည်း။

အမြတ်ဆုံးလာဘ်ဟူသည်အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သားလာဘ်ကိုလည်း ရ၏၊ မယားလာဘ်ကိုလည်း ရ၏၊ ဥစ္စာလာဘ်ကိုလည်း ရ၏၊ မြတ်သောလာဘ် ယုတ်သောလာဘ်ကိုလည်း ရ၏၊ မှားသောအယူ မှားသော အကျင့်ရှိသော သမဏ၌ဖြစ်စေ ဗြာဟ္မဏ၌ဖြစ်စေ ယုံကြည်မှု (သဒ္ဓါ) ကို ရ၏။ ရဟန်းတို့ ဤလာဘ်မျိုးသည် ရှိ၏၊ ဤလာဘ်မျိုးကို မရှိဟူ၍ ငါမဆို၊ ရဟန်းတို့ ဤလာဘ်မျိုးသည် ယုတ်သောလာဘ်တည်း၊ ရွာနေသူတို့၏ လာဘ်ပင်တည်း၊ ပုထုဇဉ်တို့၏ လာဘ်ပင်တည်း၊ အရိယာ မဟုတ်သူတို့၏ လာဘ်ပင်တည်း၊ အကျိုးစီးပွားနှင့် မစပ်၊ (ဝဋ္ဋဒုက္ခ၌) ငြီးငွေ့ရန် မဖြစ်၊ ရာဂကင်းရန်မဖြစ်၊ ရာဂစသည် ချုပ်ရန် မဖြစ်၊ ငြိမ်းချမ်းရန် မဖြစ်၊ ထူးသော ဉာဏ်ဖြင့် သိရန် မဖြစ်၊ (သစ္စာလေးပါး တရားကို) ထိုးထွင်း၍ သိရန် မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်။

http://www.dhammadownload.com



ရဟန်းတို့ အကြင်သူသည်ကား သက်ဝင်သော သဒ္ဓါ သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား၌ ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝက၌ဖြစ်စေ ယုံကြည်မှု 'သဒ္ဓါ' တရားကိုရ၏။

ရဟန်းတို့ သက်ဝင်သော ယုံကြည်မှု 'သဒ္ဓါ' သက်ဝင်သော ချစ်ခြင်း ရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား၌ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝက၌ဖြစ်စေ ယုံကြည်မှုသဒ္ဓါတရားကို ရ၏၊ ထိုသူ၏ ဤလာဘ်မျိုးသည် သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ရန် မဂ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး လာဘ်ဖြစ်၏။

ရဟန်းတို့ ဤလာဘ်ကို အမြတ်ဆုံး လာဘ်ဟူ၍ ဆိုအပ်၏။

ဤသည်ကား အမြတ်ဆုံးအမြင် အမြတ်ဆုံးအကြား အမြတ်ဆုံးလာဘ်တည်း။

အမြတ်ဆုံးဟူသည် အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆင်စီးအတတ်ကိုလည်း သင်ယူ၏၊ မြင်းစီးအတတ်ကိုလည်း သင်ယူ၏၊ ရထားစီးအတတ်ကိုလည်း သင်ယူ၏၊ လေးပစ်အတတ်ကိုလည်း သင်ယူ၏၊ မြတ်သော အတတ် ယုတ်သော အတတ်ကိုလည်း သင်ယူ၏၊ မှားသော အယူ မှားသော အကျင့်ရှိသော သမဏ၏ရင်း ဗြာဟ္မဏ၏ရင်း မှားသော အကျင့်ကို သင်ယူ၏။

ရဟန်းတို့ ဤသင်ယူမှုမျိုးသည် ရှိ၏၊ ဤသင်ယူမှုမျိုးကို မရှိဟူ၍ ငါမဆို၊ ရဟန်းတို့ ဤသို့ သဘောရှိသော သင်ယူမှုမျိုးသည် ယုတ်သော သင်ယူမှုပင်တည်း၊ ရွာသူတို့၏ သင်ယူမှုပင်တည်း၊ ပုထုဇဉ်တို့၏ သင်ယူမှုပင်တည်း၊ အရိယာမဟုတ်သူတို့၏ သင်ယူမှုပင်တည်း၊ အကျိုးစီးပွါးနှင့် မစပ် (ဝဋ္ဋဒုက္ခ၌)ငြီးငွေ့ရန် မဖြစ်၊ ရာဂကင်းရန် မဖြစ်၊ ရာဂစသည် ချုပ်ရန် မဖြစ်၊ ငြိမ်းချမ်းရန် မဖြစ်၊ ထူးသော ဉာဏ်ဖြင့်သိရန် မဖြစ်၊ (သစ္စာလေးပါး တရားကို) ထိုးထွင်း၍ သိရန် မဖြစ်၊ နိဗ္ဗာန် အကျိုးငှါ မဖြစ်။

ရဟန်းတို့ အကြင်သူသည်ကား သက်ဝင်သောယုံကြည်မှု 'သဒ္ဓါ' သက်ဝင်သော ချစ်ခြင်းရှိသည် ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယ 'သာသနာ' ၌ လွန်ကဲသော သီလကိုလည်း သင်ယူ၏၊ လွန်ကဲသော သမာဓိကိုလည်း သင်ယူ၏၊ လွန်ကဲသော ပညာကိုလည်း သင်ယူ၏။

ရဟန်းတို့ သက်ဝင်သော ယုံကြည်မှု 'သဒ္ဓါ' သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယ 'သာသနာ' ၌ လွန်ကဲသော သီလကိုလည်း သင်ယူ၏၊ လွန်ကဲသော သမာဓိကိုလည်း သင်ယူ၏၊ လွန်ကဲသော ပညာကိုလည်း သင်ယူ၏၊ ထိုသူ၏ ဤသင်ယူမှုမျိုးသည် သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ရန် မဂ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး သင်ယူမှု ဖြစ်၏။

ရဟန်းတို့ ဤသင်ယူမှုကို အမြတ်ဆုံး သိက္ခာဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ဤသည်ကား အမြတ်ဆုံးအမြင် အမြတ်ဆုံးအကြား အမြတ်ဆုံးလာဘ် အမြတ်ဆုံး သိက္ခာပင်တည်း။

အမြတ်ဆုံး လုပ်ကျွေးမှုမျိုးသည် အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မင်းကိုလည်း လုပ်ကျွေး၏၊ ပုဏ္ဏားကိုလည်း လုပ်ကျွေး၏၊ သူဌေးသူကြွယ်ကိုလည်း လုပ်ကျွေး၏၊ မြတ်သောသူ ယုတ်သော သူကိုလည်း လုပ်ကျွေး၏၊ မှားသောအယူ မှားသောအကျင့်ရှိသော သမဏကိုဖြစ်စေ ပြာဟ္မဏကိုဖြစ်စေ လုပ်ကျွေး၏၊ရဟန်းတို့ ဤလုပ်ကျွေးမှုမျိုးသည် ရှိ၏၊ဤလုပ်ကျွေးမှုမျိုးကို မရှိဟူ၍ ငါမဆို။

ရဟန်းတို့ ဤသို့ သဘောရှိသော လုပ်ကျွေးမှုသည် ယုတ်ညံ့သော လုပ်ကျွေးမှုပင်တည်း၊ ရွာသူတို့၏ လုပ်ကျွေးမှုပင်တည်း၊ ပုထုဇဉ်တို့၏ လုပ်ကျွေးမှုပင်တည်း၊ အရိယာမဟုတ်သူတို့၏ လုပ်ကျွေးမှုပင်တည်း၊အကျိုးစီးပွါးနှင့် မစပ်(ဝဋ္ဋဒုက္ခ၌)ငြီးငွေ့ရန် မဖြစ်။ပ။ နိဗ္ဗာန်အကျိုးငှါ မဖြစ်။

ရဟန်းတို့ အကြင်သူသည်ကား သက်ဝင်သော ယုံကြည်မှု 'သဒ္ဓါ' သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကိုဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကိုဖြစ်စေ လုပ်ကျွေး၏။

ရဟန်းတို့ သက်ဝင်သော ယုံကြည်မှု'သဒ္ဓါ'သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကို ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကို ဖြစ်စေ လုပ်ကျွေး၏၊ ထိုသူ၏ ဤလုပ်ကျွေးမှုမျိုးသည် သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ရန် မဂ်ဉာဏ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး လုပ်ကျွေးမှုဖြစ်၏။

ရဟန်းတို့ ဤလုပ်ကျွေးမှုကို အမြတ်ဆုံး လုပ်ကျွေးမှုဟူ၍ ဆိုအပ်၏။

ဤသည်ကား အမြတ်ဆုံးအမြင် အမြတ်ဆုံးအကြား အမြတ်ဆုံးလာဘ် အမြတ်ဆုံး သိက္ခာ အမြတ်ဆုံး လုပ်ကျွေးမှုတည်း။

အမြတ်ဆုံး အောက်မေ့မှုသည် အဘယ်သို့ ဖြစ်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သားသမီး ရမှုကိုလည်း အဖန်ဖန် အောက်မေ့၏၊ မယားရမှုကိုလည်း အဖန်ဖန် အောက်မေ့၏၊ ဥစ္စာရမှုကိုလည်း အဖန်ဖန် အောက်မေ့၏၊ မြတ်သောလာဘ် ယုတ်သောလာဘ်ကိုလည်း အဖန်ဖန် အောက်မေ့၏၊ မှားသော အယူ မှားသော အကျင့်ရှိသော သမဏကိုဖြစ်စေ ပြာဟ္မဏကိုဖြစ်စေ အဖန်ဖန် အောက်မေ့၏။

ရဟန်းတို့ ဤအဖန်ဖန် အောက်မေ့မှုမျိုးသည် ရှိ၏၊ ဤအောက်မေ့မှုမျိုးကို မရှိဟူ၍ ငါမဆို။ ရဟန်းတို့ ဤသို့ သဘောရှိသော အောက်မေ့မှုမျိုးသည် ယုတ်သော အောက်မေ့မှုပင်တည်း၊ ရွာသူတို့၏ အောက်မေ့မှုပင်တည်း၊ပုထုဇဉ်တို့၏ အောက်မေ့မှုပင်တည်း၊ အရိယာ မဟုတ်သူတို့၏ အောက်မေ့မှုပင်တည်း၊ အကျိုးစီးပွါးနှင့် မစပ် (ဝဋ္ဋဒုက္ခ၌) ငြီးငွေ့ရန် မဖြစ်၊ ရာဂကင်းရန်မဖြစ်၊ ရာဂစသည်ချုပ်ရန် မဖြစ် ငြိမ်းချမ်းရန် မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန် မဖြစ်၊ (သစ္စာလေးပါး တရားကို) ထိုးထွင်း၍ သိရန်မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်။

http://www.dhammadownload.com



ရဟန်းတို့ အကြင်သူသည်ကား သက်ဝင်သော ယုံကြည်မှု 'သဒ္ဓါ' သက်ဝင်သော ချစ်ခြင်း ရှိသည်ဖြစ်၍ စင်စစ် မတုန်မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကို ဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကိုဖြစ်စေ အဖန်ဖန် အောက်မေ့၏။

ရဟန်းတို့ သက်ဝင်သော ယုံကြည်မှု'သဒ္ဓါ'သက်ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍ စင်စစ် မတုန် မလှုပ်ခြင်းသို့ ရောက်ကာ အလွန်ကြည်ညိုလျက် မြတ်စွာဘုရားကိုဖြစ်စေ မြတ်စွာဘုရား၏ တပည့် သာဝကကိုဖြစ်စေ အဖန်တလဲလဲ အောက်မေ့၏၊ ထိုသူ၏ ဤအောက်မေ့မှုမျိုးသည် သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရန် ပူဆွေးမှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်း တို့၏ ချုပ်ရန် မဂ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အမြတ်ဆုံး အောက်မေ့မှု ဖြစ်၏။

ရဟန်းတို့ ဤအောက်မေ့မှုကို အမြတ်ဆုံး အောက်မေ့မှုဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဤသည်တို့ကား အမြတ်ဆုံး တရားခြောက်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

အကြင်သူတို့သည် အမြတ်ဆုံးအမြင် အမြတ်ဆုံးအကြား အမြတ်ဆုံးလာဘ်ကို ရသည်ဖြစ်၍ အမြတ်ဆုံး သင်ယူမှု၌ မွေ့လျော်ပြီးလျှင် အမြတ်ဆုံး လုပ်ကျွေးမှု၌တည်လျက် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'နှင့် ယှဉ်သော ဘေးကင်း၍ မသေရာ(နိဗ္ဗာန်) သို့ ရောက်စေတတ် သည့် အမြတ်ဆုံး အောက်မေ့မှုကို ပွါးများကုန်၏။

ထိုသူတို့သည် မမေ့လျော့မှု၌ ဝမ်းမြောက်ကုန် ရင့်ကျက်သော ပညာရှိကုန် သီလကို စောင့်ရှောက်ကုန်သည်ဖြစ်၍ စင်စစ် ဆင်းရဲဒုက္ခ ချုပ်ရာ နိဗ္ဗာန်ကို လျှောက်ပတ်သော အခါ၌ သိကြလေကုန်သတည်း။

ဒသမသုတ်။

သုံးခုမြောက် အနုတ္တရိယဝဂ် ပြီး၏။

---

## ၄-ဒေဝတာဝဂ် ၁-သေခသုတ်

၃၁။ ရဟန်းတို့ ဤတရားခြောက်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်ခြင်း။

စကားပြောမှု၌ မွေ့လျော်ခြင်း။

အိပ်မှု၌ မွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

ဣန္ဒြေတို့၌ တံခါးကို ပိတ် မထားခြင်း။

စားဖွယ်၌ အတိုင်းအရှည် မသိခြင်းတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားခြောက်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်ခြင်း။

စကားပြောမှု၌ မမွေ့လျော်ခြင်း။

အိပ်မှု၌ မမွေ့လျော်ခြင်း။

အပေါင်းအဖော်၌ မမွေ့လျော်ခြင်း။

ဣန္ဒြေတို့၌ တံခါးပိတ်ထားခြင်း။

စားဖွယ်၌ အတိုင်းအရှည်ကို သိခြင်းတို့တည်း။

ရဟန်းတို့ ဤတရား ခြောက်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပဌမ အပရိဟာနသုတ်

၃၂။ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်း တောက်ပစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လျက် ဤစကားကို လျှောက်ထား၏။

အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေခြင်း။

တရား၌ ရိုသေခြင်း။

သံဃာ၌ ရိုသေခြင်း။

အကျင့် 'သိက္ခာ' ၌ ရိုသေခြင်း။

မမေ့ မလျော့မှု၌ ရိုသေခြင်း။

အစေ့ အစပ်ပြုမှု၌ ရိုသေခြင်းတို့ပါတည်း။

အသျှင်ဘုရား ဤတရား ခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုနတ်သားသည် ဤစကားကို လျှောက်၏၊ မြတ်စွာဘုရားသည် နှစ်သက် လိုက်လျော တော်မူ၏။

ထိုအခါ ထိုနတ်သားသည်"ငါ၏(စကားကို)မြတ်စွာဘုရား နှစ်သက်လိုက်လျောတော် မူ၏"ဟု သိ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုအရပ်၌ပင် ပျောက်ကွယ်လေ၏။

မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ ရဟန်းတို့ကို—

"ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ)အခါ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်း တောက်ပ စေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လျက် ငါ့အား ဤစကားကို လျှောက်၏—

'အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေခြင်း။

တရား၌ ရိုသေခြင်း။

သံဃာ၌ ရိုသေခြင်း။

အကျင့် 'သိက္ခာ'၌ ရိုသေခြင်း။

မမေ့ မလျော့မှု၌ ရိုသေခြင်း။

အစေ့ အစပ်ပြုမှု၌ ရိုသေခြင်းတို့ပါတည်း။

အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏ ဟု (လျှောက်၏)။

ရဟန်းတို့ ထိုနတ်သားသည် ဤစကားကို လျှောက်၏၊ ဤစကားကို လျှောက်ပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ပျောက်ကွယ်၏"ဟု (မိန့်တော်မူ၏)။

> ဘုရား၌ ရိုသေခြင်းရှိသော တရား၌ ရိုသေခြင်းရှိသော သံဃာ၌လည်း ထက်သန်စွာ ရိုသေခြင်းရှိသော မမေ့ မလျော့ခြင်း၌ ရိုသေခြင်းရှိသော အစေ့အစပ် ပြုခြင်း၌ ရိုသေခြင်း ရှိသော ရဟန်းသည် ဆုတ်ယုတ်ရန် မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။

ဒုတိယသုတ်။

---

## ၃-ဒုတိယ အပရိဟာနသုတ်

၃၃။ ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်း တောက်ပစေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်တည်လျက် ငါ့အား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရှိသေခြင်း။

တရား၌ ရှိသေခြင်း။

သံဃာ၌ ရှိသေခြင်း။

အကျင့် 'သိက္ခာ'၌ ရှိသေခြင်း။

ရှက်မှု 'ဟိရီ'၌ ရှိသေခြင်း။

ကြောက်လန့်မှု 'ဩတ္တပ္ပ'၌ ရှိသေခြင်းတို့ပါတည်း။

အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏" ဟု (လျှောက်၏)။

ရဟန်းတို့ ထိုနတ်သားသည် ဤစကားကို လျှောက်၏၊ ဤစကားကို လျှောက်ထားပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင်လျှင် ပျောက်ကွယ်၏ဟု (မိန့်တော်မူ၏)။

> ဘုရား၌ ရှိသေခြင်းရှိသော တရား၌ ရှိသေခြင်းရှိသော သံဃာ၌လည်း ထက်သန်စွာ ရှိသေခြင်းရှိသော အရှက်အကြောက်နှင့် ပြည့်စုံ၍ တုပ်ဝပ်ခြင်း ရှိသေခြင်းရှိသော ရဟန်းသည် ဆုတ်ယုတ်ရန် မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။

တတိယသုတ်။

---

## ၄-မဟာမောဂ္ဂလ္လာနသုတ်

၃၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တပါးတည်း ကိန်းအောင်းတော်မူသော အသျှင်မဟာမောဂ္ဂလာန်အား—

"သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏"ဟု အဘယ်နတ်တို့အား ဤသို့သော အသိဉာဏ် ဖြစ်ပါသနည်းဟူ၍ စိတ်အကြံဖြစ်တော်မူ၏။

ထိုအခါ၌ တိဿမည်သော ရဟန်းသည် ယခုပင် ကွယ်လွန်သည်ဖြစ်၍ ဗြဟ္မာ့ဘုံတခုသို့ရောက်၏၊ ထိုဗြဟ္မာ့ဘုံ၌လည်း "တိဿဗြဟ္မာသည် တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏" ဟု ထိုဗြဟ္မာတို့ သိကြကုန်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ထို့အတူ ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ ထိုဗြဟ္မာ့ဘုံ၌ ထင်ရှားဖြစ်လေ၏၊ တိဿဗြဟ္မာသည် အဝေးမှ ကြွလာသော အသျှင်မဟာမောဂ္ဂလာန်ကိုမြင်၍ အသျှင်မဟာမောဂ္ဂလာန်အား ဤစကားကို လျှောက်၏။

"အသျှင်မြတ်မောဂ္ဂလာန် လာပါလော့၊ အသျှင်မြတ် မောဂ္ဂလာန် အသျှင်မြတ်၏ လာခြင်းသည် ကောင်းသော လာခြင်းပါတည်း၊ အသျှင်မြတ် မောဂ္ဂလာန် ဤဗြဟ္မာ့ပြည်သို့ ကြွလာခြင်း၏

http://www.dhammadownload.com



အလှည့်ကို ကြာမြင့်မှုပင် ပြုဘိ၏၊အသျှင်မြတ် မောဂ္ဂလာန် ထိုင်တော်မူပါ၊ ဤသည်ကား ခင်းထား ပြီးသော နေရာပါတည်း" ဟု (လျှောက်၏)။

အသျှင်မဟာမောဂ္ဂလာန်သည် ခင်းထားသော နေရာ၌ ထိုင်နေ၏။

တိဿဗြဟ္မာသည်လည်း အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေပြီးသော တိဿဗြဟ္မာအား အသျှင်မဟာမောဂ္ဂလာန်သည်—

တိဿ "သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘောမရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏"ဟု အဘယ်နတ်တို့အား အသိဉာဏ်ဖြစ်ပါ သနည်း ဟုမေး၏။

အသျှင်မြတ် မောဂ္ဂလာန် စာတုမဟာရာဇ်နတ်တို့အား "သောတာပန်ပုဂ္ဂိုလ်တို့ မည်သည် အပါယ်သို့ ကျခြင်း သဘောမရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာ ရှိကုန်၏" ဟု ဤသို့ အသိဉာဏ်ဖြစ်ပါသည် ဟု (လျှောက်၏)။

တိဿ စာတုမဟာရာဇ်နတ်အားလုံးတို့အား "သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘောမရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏"ဟု ဤသို့ အသိဉာဏ်ဖြစ်ပါသလော ဟု (မေး၏)။

အသျှင်မြတ် မောဂ္ဂလာန် "သောတာပန်ပုဂ္ဂိုလ်တို့သည် အပါယ်သို့ ကျခြင်းသဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏"ဟု စာတုမဟာရာဇ်နတ်အားလုံး တို့အား ဤသို့ အသိဉာဏ် မဖြစ်ပါ။

အသျှင်မြတ် မောဂ္ဂလာန် ဘုရား တရား သံဃာ၌ သက်ဝင်ယုံကြည်ခြင်းနှင့် မပြည့်စုံကြကုန် သော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့်သီလတို့နှင့် မပြည့်စုံကုန်သော စာတုမဟာရာဇ် နတ်တို့အား "သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏" ဟု ဤသို့ အသိဉာဏ် မဖြစ်ပါ။

အသျှင်မြတ် မောဂ္ဂလာန် ဘုရား တရား သံဃာ၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံကုန်သော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့်သီလတို့နှင့် ပြည့်စုံကုန်သော စာတုမဟာရာဇ်နတ်တို့ အား သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏" ဟု ဤသို့ အသိဉာဏ် ဖြစ်ပါသည် ဟု (လျှောက်၏)။

တိဿ "သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်းသဘော မရှိကုန်၊ ကိန်းသေမြဲကုန် ၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏" ဟူ၍ ဤသို့ အသိဉာဏ်သည် စာတုမဟာရာဇ်နတ် တို့အားသာလျှင် ဖြစ်ပါသလော၊ ထိုသို့မဟုတ် တာဝတိံသာနတ်တို့အားလည်း။ပ။ ယာမာ နတ် တို့အားလည်း။ပ။ တုသိတာ နတ်တို့အားလည်း။ နိမ္မာနရတိ နတ်တို့အားလည်း။ ပရနိမ္မိတဝသဝတ္တီ နတ်တို့အားလည်း "သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း

http://www.dhammadownload.com



သဘောမရှိကုန်၊ ကိန်းသေမြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏” ဟူ၍ ဤသို့ အသိဉာဏ်သည် ဖြစ်ပါသလော ဟု (မေး၏)။

အသျှင်မြတ် မောဂ္ဂလာန် “သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်းသဘောမရှိကုန်၊ ကိန်းသေမြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏” ဟူ၍ ဤသို့ အသိဉာဏ်သည် ပရနိမ္မိတဝသဝတ္တီနတ်တို့အားလည်း ဖြစ်ပါ၏ ဟု (လျှောက်၏)။

တိဿ ပရနိမ္မိတဝသဝတ္တီနတ်အားလုံးတို့အား “သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာ ရှိကုန်၏” ဟု ဤသို့ အသိဉာဏ်ဖြစ်ပါသလော ဟု (မေး၏)။

အသျှင်မြတ် မောဂ္ဂလာန် “သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘောမရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏” ဟု ပရနိမ္မိတဝသဝတ္တီနတ်အားလုံးတို့အား ဤသို့ အသိဉာဏ် မဖြစ်ပါ။

အသျှင်မြတ် မောဂ္ဂလာန် ဘုရား တရား သံဃာ၌ သက်ဝင်ယုံကြည်ခြင်းနှင့် မပြည့်စုံကြကုန်သော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့် သီလတို့နှင့် မပြည့်စုံကုန်သော ပရနိမ္မိတဝသဝတ္တီနတ်တို့အား “သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘောမရှိကုန်၊ ကိန်းသေမြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏” ဟု ဤသို့ အသိဉာဏ် မဖြစ်ပါ။

အသျှင်မြတ် မောဂ္ဂလာန် ဘုရား တရား သံဃာ၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံကုန်သော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့် သီလတို့နှင့် ပြည့်စုံကုန်သော ပရနိမ္မိတဝသဝတ္တီနတ်တို့အား “သောတာပန်ပုဂ္ဂိုလ်တို့မည်သည် အပါယ်သို့ ကျခြင်း သဘော မရှိကုန်၊ ကိန်းသေ မြဲကုန်၏၊ အထက်မဂ် သုံးပါးလျှင် လားရာရှိကုန်၏” ဟု ဤသို့ အသိဉာဏ် ဖြစ်ပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် တိဿဗြဟ္မာ လျှောက်သော စကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ ငြင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငြင်း ထို့အတူသာလျှင် ဗြဟ္မာ့ဘုံမှ ကွယ်ပျောက်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်လေ၏။

စတုတ္ထသုတ်။

---

## ၅-ဝိဇ္ဇာဘာဂိယသုတ်

၃၅။ ရဟန်းတို့ အသိဉာဏ် ‘ဝိဇ္ဇာ’ ၏ အဖို့၌ ဖြစ်ကုန်သော တရားတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

**အနိစ္စသညာ၊ အနိစ္စ၌ ဒုက္ခမှတ်ထင်မှု သညာ၊ ဒုက္ခ၌ အနတ္တဟု မှတ်ထင်မှု သညာ၊ ပဟာန သညာ၊ ဝိရာဂသညာ၊ နိရောဓသညာတို့တည်း။**

http://www.dhammadownload.com



ရဟန်းတို့ အသိဉာဏ် 'ဝိဇ္ဇာ' ၏ အဖို့၌ ဖြစ်ကုန်သော တရားတို့သည် ဤခြောက်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဝိဝါဒမူလသုတ်

၃၆။ ရဟန်းတို့ ငြင်းခုံခြင်း၏ အကြောင်းရင်းတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏၊ အမျက်ထွက်တတ် ရန်ငြိုးဖွဲ့တတ်သော ရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေမှု တုပ်ဝပ်မှု မရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌လည်း ရိုသေမှု တုပ်ဝပ်မှု မရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌လည်း ရိုသေမှု တုပ်ဝပ်မှု မရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိ။

ရဟန်းတို့ မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှု မရှိ တရားတော်၌ ရိုသေမှု တုပ်ဝပ်မှု မရှိ သံဃာတော်၌ ရိုသေမှု တုပ်ဝပ်မှု မရှိသည်ဖြစ်၍ နေသော အကျင့်သိက္ခာ၌ ဖြည့်ကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်စေ၏၊ ယင်းငြင်းခုံခြင်းသည် လူအများ အစီးအပွါးမဲ့ရန် လူအများ ချမ်းသာ မဲ့ရန် ဖြစ်၏၊ နတ်လူတို့ အကျိုးစီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏။

ရဟန်းတို့ ဤသို့သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို သင်တို့သည် မိမိသန္တာန်၌ ဖြစ်စေ သူတပါးသန္တာန်၌ ဖြစ်စေ အကယ်၍ မြင်ကုန်ငြားအံ့၊ ထိုသို့ တွေ့မြင်ကုန်သော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို ပယ်ရန် လုံ့လပြုကုန်လော့၊ ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို မိမိသန္တာန်၌ရင်း သူတပါးသန္တာန်၌ရင်း အကယ်၍ မတွေ့မြင်ကုန်ငြားအံ့၊ ထိုသို့ မတွေ့မြင်ကုန်သော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို နောက်အခါ၌ မဖြစ်ပွါးစေရန် ကျင့်ကြကုန်လော့။

ဤသို့ ကျင့်သည်ရှိသော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို ပယ်သည် မည်၏၊ ဤသို့ ပယ်သည်ရှိသော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို နောင် အခါ၌ မဖြစ်ပွါးစေသည်မည်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ကျေးဇူးကို ချေဖျက်တတ်၏၊ အပြိုင်ပြုတတ်၏။ပ။ ငြူစူတတ်၏ ဝန်တိုတတ်၏ စဉ်းလဲတတ်၏ လှည့်ပတ်တတ်၏ မကောင်းသော အလိုရှိ၏ မှားသော အယူရှိ၏၊ မိမိအယူကို မှားသောအားဖြင့် စွဲလမ်းတတ်၏ မိမိအယူကို မြဲစွာ ယူတတ်၏၊ စွန့်လွှတ် နိုင်ခဲ၏။

ရဟန်းတို့ မိမိအယူကို မှားသောအားဖြင့် စွဲလမ်းတတ်သူ မိမိအယူကို မြဲစွာ ယူတတ်သူ စွန့်လွှတ်နိုင်ခဲသူ ရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေ တုပ်ဝပ်မှုမရှိ၊ တရားတော်၌လည်း ရိုသေ တုပ်ဝပ်မှု မရှိ၊ သံဃာတော်၌လည်း ရိုသေ တုပ်ဝပ်မှု မရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာ၌ လည်း ဖြည့်ကျင့်လေ့မရှိ။

http://www.dhammadownload.com



ရဟန်းတို့ မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှု မရှိ တရားတော်၌လည်း ရိုသေမှု တုပ်ဝပ်မှု မရှိ သံဃာတော်၌လည်း ရိုသေမှု တုပ်ဝပ်မှု မရှိသည်ဖြစ်၍နေသော အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိသည့် ရဟန်းသည် သံဃာ့ဘောင်၌ ငြင်းခုံခြင်းကို ဖြစ်စေ၏၊ ယင်းငြင်းခုံခြင်းသည် လူအများ အစီးအပွါးမဲ့ရန် လူအများ ချမ်းသာမဲ့ရန် ဖြစ်၏၊ နတ်လူတို့ အကျိုးစီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏။

ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို မိမိသန္တာန်၌ ဖြစ်စေ သူတပါးသန္တာန်၌ ဖြစ်စေ အကယ်၍ တွေ့မြင်ကုန်ငြားအံ့၊ ထိုသို့ တွေ့မြင်ကုန်သော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို ပယ်ရန် လုံ့လကိုပြုကုန်လော့။

ရဟန်းတို့ သင်တို့သည် ဤသို့ သဘောရှိသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို မိမိသန္တာန်၌ ဖြစ်စေ သူတပါးသန္တာန်၌ဖြစ်စေ အကယ်၍ မတွေ့မြင်ကုန်ငြားအံ့၊ ထိုသို့ မတွေ့မြင်ကုန်သော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို နောင်အခါ၌ မဖြစ်ပွါးစေရန် ကျင့်ကုန်လော့၊ ဤသို့ ကျင့်ကုန်သည်ရှိသော် မကောင်းသော ထိုငြင်းခုံခြင်း၏ အကြောင်းရင်းကို ပယ်သည်မည်၏၊ ဤသို့ ပယ်သည်ရှိသော် မကောင်းသော ငြင်းခုံခြင်း၏ အကြောင်းရင်းကို နောင်အခါ၌ မဖြစ်ပွါးစေသည် မည်၏၊ ရဟန်းတို့ ငြင်းခုံခြင်း၏အကြောင်းရင်းတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်၊

## ၇-ဒါနသုတ်

၃၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုစဉ်အခါ ဝေဠုကဏ္ဍကီမြို့နေ နန္ဒမာတာ ဉပါသိကာမသည် သာရိပုတြာ မောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာ၌ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူကို တည်စေ၏။

မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' အဘိညာဉ် မျက်စိဖြင့် သာရိပုတြာ မောဂ္ဂလာန် အမှူးရှိသော ရဟန်း သံဃာ၌ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူကို တည်စေသော ဝေဠုကဏ္ဍကီမြို့နေ နန္ဒမာတာ ဉပါသိကာမကို မြင်တော်မူ၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

"ရဟန်းတို့ ဝေဠုကဏ္ဍကီမြို့နေ ဤ နန္ဒမာတာ ဉပါသိကာမသည် သာရိပုတြာ မောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာ၌ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူကို တည်စေ၏။

ရဟန်းတို့ အဘယ်သို့လျှင် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူသည် ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ပေးလှူတတ်သူ 'ဒါယကာ' ၏ အင်္ဂါသုံးပါး၊ အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါသုံးပါးတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



ပေးလှူတတ်သူ 'ဒါယကာ' ၏ အင်္ဂါသုံးပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ပေးလှူတတ်သူ 'ဒါယကာ' သည် မပေးလှူမီ ဝမ်းမြောက်၏၊ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၏၊ ပေးလှူပြီးနောက် နှစ်သက်၏။

ဤသည်တို့ကား ပေးလှူတတ်သူ 'ဒါယကာ' ၏ အင်္ဂါသုံးပါးတို့တည်း။

အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါသုံးပါးတို့ ဟူသည် အဘယ်တို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ အလှူခံ ပုဂ္ဂိုလ်တို့သည် တပ်မက်ခြင်း 'ရာဂ' ကင်းကုန်၏၊ သို့မဟုတ် ရာဂကင်းရန်မှုလည်း ကျင့်ကုန်၏။

အမျက်ထွက်ခြင်း 'ဒေါသ' ကင်းကုန်၏၊ သို့မဟုတ် ဒေါသကင်းရန်မှုလည်း ကျင့်ကုန်၏။

တွေဝေခြင်း 'မောဟ' ကင်းကုန်၏၊ သို့မဟုတ် မောဟကင်းရန်မှုလည်း ကျင့်ကုန်၏။

ဤသည်တို့ကား အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါသုံးပါးတို့တည်း။

ဤသည်တို့ကား ပေးလှူတတ်သူ'ဒါယကာ'၏ အင်္ဂါသုံးပါး အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါသုံးပါး တို့တည်း။

ရဟန်းတို့ ဤသို့လျှင် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူသည် ဖြစ်၏။

ရဟန်းတို့ ဤသို့ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူ၌ "ဤမျှ အတိုင်း အရှည် ရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အာရုံကို ပေးတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည်၌ ဖြစ်စေတတ်၏၊ အလိုရှိဖွယ် အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏" ဟူ၍ ကောင်းမှု အတိုင်း အရှည်ပမာဏကို ယူခြင်းငှါ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေတွက်နိုင် မနှိုင်းရှည့်နိုင်သော ကောင်းမှုကုသိုလ် အစုကြီးဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌"ဤမျှလောက် ကွမ်းစားပမာဏရှိ ရေတို့"ဟူ၍၎င်း"ဤမျှလောက် ကွမ်းစားအရာ ပမာဏရှိ ရေတို့"ဟူ၍၎င်း"ဤမျှလောက် ကွမ်းစားအထောင် ပမာဏရှိ ရေတို့" ဟူ၍၎င်း"ဤမျှလောက် ကွမ်းစားအသိန်း ပမာဏရှိ ရေတို့"ဟူ၍၎င်း ရေ၏ ပမာဏကို ယူခြင်းငှါ မလွယ်ကူချေ၊ စင်စစ်သော်ကား မရေတွက်နိုင် မနှိုင်းရှည့်နိုင်သော ကြီးစွာသော ရေအစုဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့၊ ရဟန်းတို့ ဤအတူသာလျှင် ဤ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အလှူ၌ "ဤမျှလောက်သော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်၏၊ ကောင်းမြတ်သော အာရုံကို ပေးတတ်၏၊ ချမ်းသာကျိုးရှိ၏၊ နတ်ပြည်၌ ဖြစ်စေ တတ်၏၊ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာ အလို့ငှါ ဖြစ်၏" ဟူ၍ ကောင်းမှု၏ အတိုင်းအရှည်ပမာဏကို ရေတွက်ခြင်းငှါ မလွယ်ကူချေ၊ စင်စစ် သော်ကား မရေတွက်နိုင် မနှိုင်းရှည့်နိုင်သော ကြီးစွာသော ကောင်းမှုကုသိုလ် အစုဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏ ဟု(မိန့်တော်မူ၏)။

မပေးလှူမီကပင် ဝမ်းမြောက်၏၊ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၏၊ ပေးလှူပြီး နောက်၌ နှစ်သက်၏၊ ဤသည်ကား အလှူ၏ ပြည့်စုံခြင်းတည်း။

http://www.dhammadownload.com



ရာဂ ဒေါသ မောဟကင်းကုန် အာသဝေါမရှိကုန် ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်ကုန် မြတ်သော အကျင့်ကို ကျင့်ကုန်သူတို့သည် အလှူ၏ ပြည့်စုံသော လယ်မြေ မည်၏။

ကိုယ်တိုင်(လက်ခြေခံတွင်းတို့ကို) ဆေးကြော၍ မိမိလက်တို့ဖြင့် ပေးလှူသောကြောင့် မိမိ၏ ထိုအလှူသည် တမလွန်လောက၌ ကြီးသော အကျိုးရှိ၏။

လျင်သော ဉာဏ်ရှိသော သဒ္ဓါနှင့် ပြည့်စုံသည့် ပညာရှိသည်(လာဘ မစ္ဆေရစသည်မှ) လွတ်သော စိတ်ဖြင့် ဤသို့ လှူဒါန်းသောကြောင့် ဆင်းရဲမရှိ ချမ်းသာသော နတ်ပြည်သို့ ကပ်ရောက်ရလေသတည်း။

သတ္တမသုတ်။

## ဂ-အတ္တကာရီသုတ်

၃ဂ။ ထိုအခါ၌ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံး စေပြီးနောက် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ အကျွန်ုပ်သည်ကား 'မိမိပြုအပ်သော ကိစ္စသည် မရှိ၊ သူတပါးပြုအပ်သော ကိစ္စသည် မရှိ'ဟု ဤသို့ ဆိုလေ့ရှိပါသည်၊ ဤသို့ ယူလေ့ရှိပါသည်"ဟု လျှောက်၏။

ပုဏ္ဏား ငါသည် ဤသို့ဆိုလေ့ရှိသူ ဤသို့ ယူလေ့ရှိသူကို မြင်လည်း မမြင်ဘူး၊ ကြားလည်း မကြားဘူး၊ မိမိသည် ရှေ့သို့ တက်ပါလျက် မိမိသည် နောက်သို့ ဆုတ်ပါလျက် အဘယ့်ကြောင့် "မိမိပြုသော ကိစ္စသည် မရှိ၊ သူတပါးပြုသော ကိစ္စသည် မရှိ"ဟု ဤသို့ ဆိုဘိသနည်း။

ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

ရှေးဦးစွာ အားထုတ်မှုသဘော 'အာရဗ္ဘဓာတ်' သည် ရှိသလေ့ာဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှိပါ၏။

ရှေးဦးစွာ အားထုတ်မှုသဘော 'အာရဗ္ဘဓာတ်' ရှိလျှင် ရှေးဦးစွာ အားထုတ်မှု သဘော 'အာရဗ္ဘဓာတ်' နှင့် ပြည့်စုံသော သတ္တဝါတို့သည် ထင်ရှားရှိကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှိပါ၏။

ပုဏ္ဏား ရှေးဦးစွာ အားထုတ်မှုသဘော'အာရဗ္ဘဓာတ်'ရှိလျှင် ရှေးဦးစွာ အားထုတ်မှု သဘော 'အာရဗ္ဘဓာတ်' နှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ထင်ရှားကုန်၏၊ ဤသည်ပင် သတ္တဝါတို့၏ မိမိပြုသော ကိစ္စတည်း၊ ဤသည်ပင် သူတပါးတို့ ပြုသော ကိစ္စတည်း။

ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ (ပျင်းရိခြင်းမှ) ထွက်မြောက်မှုသဘော 'နိက္ကမ ဓာတ်' သည် ရှိသလော။ပ။

အဆင့်ဆင့် အားထုတ်မှု သဘော 'ပရက္ကမဓာတ်' သည် ရှိသလော။

အား အစွမ်းဟု ဆိုအပ်သော သဘော 'ထာမဓာတ်' သည် ရှိသလော။

http://www.dhammadownload.com



တည်ခြင်း သဘော 'ဌိတိဓာတ်' သည် ရှိသလော။

လွန်စွာ အားထုတ်မှုသဘော 'ဥပက္ကမဓာတ်' သည် ရှိသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှိပါ၏။

လွန်စွာအားထုတ်မှု သဘော 'ဥပက္ကမဓာတ်' ထင်ရှားရှိလျှင် လွန်စွာ အားထုတ်မှု သဘော 'ဥပက္ကမဓာတ်' နှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ထင်ရှားကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ထင်ရှားရှိပါကုန်၏။

ပုဏ္ဏား လွန်စွာအားထုတ်မှုသဘော 'ဥပက္ကမဓာတ်' ရှိလျှင် လွန်စွာအားထုတ်မှု သဘော 'ဥပက္ကမဓာတ်' နှင့် ပြည့်စုံကုန်သော သတ္တဝါတို့ ထင်ရှားကုန်၏၊ ဤသည်ပင် သတ္တဝါတို့၏ မိမိပြုအပ်သော ကိစ္စတည်း၊ ဤသည်ပင် သူတပါးပြုအပ်သော ကိစ္စတည်း။

ပုဏ္ဏား ငါသည် ဤသို့ ဆိုလေ့ရှိသူ ဤသို့ ယူလေ့ရှိသူကို မြင်လည်း မမြင်ဘူး၊ ကြားလည်း မကြားဘူး၊ မိမိသည် ရှေ့သို့ တက်ပါလျက် မိမိသည် နောက်သို့ ဆုတ်ပါလျက် အဘယ့်ကြောင့် "မိမိပြုသော ကိစ္စသည် မရှိ၊ သူတပါးပြုသော ကိစ္စသည် မရှိ"ဟု ဤသို့ ဆိုဘိသနည်း။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော 'ဥပါသကာ' ဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-နိဒါနသုတ်

၃၉။ ရဟန်းတို့ (ဝဋ်ဆင်းရဲသို့ ရောက်စေတတ်ကုန်သော) ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

လိုချင်မှု 'လောဘ' သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

အမျက်ထွက်မှု 'ဒေါသ' သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

တွေဝေမှု 'မောဟ' သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

ရဟန်းတို့ လိုချင်မှု 'လောဘ' ကြောင့် မလိုချင်မှု 'အလောဘ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား လိုချင်မှု 'လောဘ' ကြောင့် လိုချင်မှု 'လောဘ' သာလျှင် ဖြစ်၏။

ရဟန်းတို့ အမျက်ထွက်မှု 'ဒေါသ' ကြောင့် အမျက် မထွက်မှု 'အဒေါသ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား အမျက်ထွက်မှု 'ဒေါသ' ကြောင့် အမျက်ထွက်မှု 'ဒေါသ' သာလျှင် ဖြစ်၏။

ရဟန်းတို့ တွေဝေမှု 'မောဟ' ကြောင့် မတွေဝေမှု 'အမောဟ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား တွေဝေမှု 'မောဟ' ကြောင့် တွေဝေမှု 'မောဟ' သာလျှင် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ လိုချင်မှု 'လောဘ' ကြောင့် ဖြစ်သောကံ အမျက်ထွက်မှု 'ဒေါသ'ကြောင့် ဖြစ်သောကံ တွေဝေမှု 'မောဟ' ကြောင့် ဖြစ်သောကံတို့ကြောင့် နတ်တို့ကို မတွေ့မြင်ရကုန်၊ လူတို့ကို မတွေ့မြင်ရကုန်၊ အခြားတစုံတခုသော သုဂတိဘဝတို့ကိုလည်း မတွေ့မြင်ရကုန်။

ရဟန်းတို့ စင်စစ်သော်ကား လိုချင်မှု 'လောဘ' ကြောင့်ဖြစ်သောကံ အမျက်ထွက်မှု 'ဒေါသ' ကြောင့်ဖြစ်သောကံ တွေဝေမှု 'မောဟ' ကြောင့်ဖြစ်သော ကံတို့ကြောင့် ငရဲဘုံကို တွေ့မြင်ရ၏၊ တိရစ္ဆာန်ဘုံကို တွေ့မြင်ရ၏၊ ပြိတ္တာဘုံကို တွေ့မြင်ရ၏၊ အခြားတစုံတခုသော ဒုဂ္ဂတိဘုံတို့ကိုလည်း တွေ့မြင်ရကုန်၏။

ရဟန်းတို့ ကံတို့ ဖြစ်ပေါ်ရန်အကြောင်းဘို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ (ဝဋ်ကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော) ကံတို့ ဖြစ်ပေါ်ရန်အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

မလိုချင်မှု 'အလောဘ'သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

အမျက်မထွက်မှု 'အဒေါသ'သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

မတွေဝေမှု 'အမောဟ' သည် ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတည်း။

ရဟန်းတို့ မလိုချင်မှု 'အလောဘ'ကြောင့် လိုချင်မှု 'လောဘ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား မလိုချင်မှု 'အလောဘ' ကြောင့် မလိုချင်မှု 'အလောဘ' သာလျှင် ဖြစ်၏။

ရဟန်းတို့ အမျက်မထွက်မှု 'အဒေါသ' ကြောင့် အမျက်ထွက်မှု 'ဒေါသ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား အမျက်မထွက်မှု 'အဒေါသ' ကြောင့် အမျက်မထွက်မှု 'အဒေါသ' သာလျှင် ဖြစ်၏။

ရဟန်းတို့ မတွေဝေမှု 'အမောဟ' ကြောင့် တွေဝေမှု 'မောဟ' မဖြစ်၊ ရဟန်းတို့ စင်စစ်သော်ကား မတွေဝေမှု 'အမောဟ' ကြောင့် မတွေဝေမှု 'အမောဟ' သာလျှင် ဖြစ်၏။

ရဟန်းတို့ မလိုချင်မှု 'အလောဘ' ကြောင့် ဖြစ်သောကံ အမျက်မထွက်မှု 'အဒေါသ' ကြောင့် ဖြစ်သောကံ မတွေဝေမှု 'အမောဟ' ကြောင့် ဖြစ်သောကံတို့ကြောင့် ငရဲဘုံကို မတွေ့မြင်ရ၊ တိရစ္ဆာန်ဘုံကို မတွေ့မြင်ရ၊ ပြိတ္တာဘုံကို မတွေ့မြင်ရ၊ အခြား တစုံတခုသော ဒုဂ္ဂတိဘုံတို့ကိုလည်း မတွေ့မြင်ရကုန်။

ရဟန်းတို့ စင်စစ်သော်ကား မလိုချင်မှု 'အလောဘ' ကြောင့် ဖြစ်ကောကံ အမျက်မထွက်မှု 'အဒေါသ' ကြောင့် ဖြစ်သောကံ မတွေဝေမှု 'အမောဟ' ကြောင့် ဖြစ်သောကံတို့ကြောင့် နတ်တို့ကို တွေ့မြင်ရကုန်၏၊ လူတို့ကို တွေ့မြင်ရကုန်၏၊ အခြား တစုံတခုသော သုဂတိဘုံဘဝတို့ကိုလည်း တွေ့မြင်ရကုန်၏။

ရဟန်းတို့ (ဝဋ်ကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော) ကံတို့ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ကိမိလသုတ်

၄၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ဝါးတောသ္၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ အသျှင်ကိမိလမထေရ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သာသနာတော် ကြာရှည်စွာ မတည်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ကိမိလ ဤသာသနာတော်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည်—

မြတ်စွာဘုရား၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

တရားတော်၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

သံဃာတော်၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

အကျင့် 'သိက္ခာ'၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

မမေ့မလျော့ခြင်း 'အပ္ပမာဒ' ၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌ မရိုမသေ မတုပ်မဝပ် နေကုန်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာတော် ကြာမြင့်စွာ မတည်နိုင်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သာသနာတော် ကြာမြင့်စွာ တည်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။

ကိမိလ ဤသာသနာတော်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည်—

မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

တရားတော်၌ ရိုသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

သံဃာတော်၌ ရိုသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

အကျင့်'သိက္ခာ'၌ ရိုသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

မမေ့ မလျော့ခြင်း 'အပ္ပမာဒ'၌ ရိုသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌ ရိုသေမှု တုပ်ဝပ်မှုရှိကုန်လျက် နေကုန်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သာသနာတော် ကြာမြင့်စွာ တည်နိုင်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

http://www.dhammadownload.com



## ၁၁-ဒါရုက္ခန္ဓသုတ်

၄၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်သာရိပုတြာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ အသျှင်သာရိပုတြာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် များစွာသော ရဟန်းတို့နှင့် အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူသည်ရှိသော် တခုသော အရပ်၌ ကြီးစွာသော သစ်တုံးကို မြင်တော်မူ၍ ရဟန်းတို့ကို—

"ငါ့သျှင်တို့ သင်တို့သည် ဤသစ်တုံးကြီးကို မြင်ကုန်၏လော"ဟု မေး၏။

ငါ့သျှင် မြင်ပါကုန်၏ဟု (လျှောက်ကုန်၏)။

ငါ့သျှင်တို့ အလိုရှိခဲ့လျှင် တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော စိတ်၏ လေ့လာခြင်းသို့ ရောက်သော ရဟန်းသည် ဤသစ်တုံးကြီးကို မြေဟူ၍သာလျှင် နှလုံးသွင်းရာ၏၊ ထိုသို့ နှလုံးသွင်းရခြင်းသည် အဘယ့်ကြောင့်နည်း။

ငါ့သျှင်တို့ အကြင် (ခက်မာမှု) ပထဝီကို အမှီပြု၍ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော စိတ်၏ လေ့လာခြင်းသို့ ရောက်သော ရဟန်းသည် ဤသစ်တုံးကြီးကို မြေဟူ၍သာလျှင် နှလုံးသွင်းရာ၏၊ ထို (ခက်မာမှု) ပထဝီဓာတ်သည် ဤသစ်တုံးကြီး၌ ရှိ၏။

ငါ့သျှင်တို့ အလိုရှိခဲ့လျှင် တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော စိတ်၏ လေ့လာခြင်းသို့ ရောက်သော ရဟန်းသည် ဤသစ်တုံးကြီးကို ရေဟူ၍သာလျှင် နှလုံးသွင်းရာ၏။ပ။

မီးဟူ၍သာလျှင် နှလုံးသွင်းရာ၏။

လေဟူ၍သာလျှင် နှလုံးသွင်းရာ၏။

တင့်တယ်၏ဟူ၍သာလျှင် နှလုံးသွင်းရာ၏။

မတင့်တယ်ဟူ၍သာလျှင် နှလုံးသွင်းရာ၏၊ ထိုသို့ နှလုံးသွင်းရခြင်းသည် အဘယ့်ကြောင့်နည်း။

ငါ့သျှင်တို့ အကြင် မတင့်တယ်ခြင်း 'အသုဘဓာတ်'ကို အမှီပြု၍ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော စိတ်၏ လေ့လာခြင်းသို့ ရောက်သော ရဟန်းသည် ဤသစ်တုံးကြီးကို မတင့်တယ်ဟူ၍သာလျှင် နှလုံးသွင်းရာ၏၊ ထို (မတင့်တယ်ခြင်းသဘော) အသုဘဓာတ်သည် ဤသစ်တုံးကြီး၌ ရှိ၏ဟု (မိန့်ဆို၏)။

ကောဒသမသုတ်။

---

## ၁၂-နာဂိတသုတ်

၄၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် ကောသလမင်းသားတို့၏ ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏား ရွာသို့ ရောက်တော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထို ဣစ္ဆာနင်္ဂလရွာ(အနီး) ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး)နေတော်မူ၏၊ ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် သတင်းစကား ကြားကြကုန်၏—

"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလရွာသို့ ကြွရောက်တော်မူ၍ ဣစ္ဆာနင်္ဂလရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထို အသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့် လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။ပ။ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ဟု (ပြန့်နှံ့၍ ထွက်၏)။ ထိုအသျှင်ဂေါတမသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော ဤသတ္တလောကကို။ပ။ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း"ဟု (ကြားကုန်၏)။

ထိုအခါ၌ ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် ထိုညဉ့်လွန်သောအခါ၌ များစွာသော ခဲဖွယ်စားဖွယ်ကို ယူကုန်၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ ချဉ်းကပ်ကုန်ပြီးလျှင် တံခါးမုခ် အပြင်ဘက်၌ ပြင်းပြကျယ်လောင်သောအသံ ရှိကုန်သည်ဖြစ်၍ တည်နေကုန်၏၊ ထိုစဉ်အခါ၌ အသျှင်နာဂိတသည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်နာဂိတကို "နာဂိတ ငါးတို့ကို လုယက်ရာ၌ တံငါသည်တို့ကဲ့သို့ ပြင်းပြကျယ်လောင်သောအသံ ရှိသူတို့ကား အဘယ်သူတို့နည်း"ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသူတို့ကား ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ပါတည်း၊ များစွာသော ခဲဖွယ်စားဖွယ်ကို ယူ၍ တံခါးမုခ် အပြင်ဘက် မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ရည်မှန်း၍ပြီးလျှင် တည်နေကြပါသည်ဟု (လျှောက်၏)။

နာဂိတ ငါသည် အခြံအရံ(အကျော်အစော)နှင့် မဆက်ဆံလို အခြံအရံ (အကျော်အစော) သည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်။

နာဂိတ ဤ(ကာမဂုဏ်မှ) ထွက်မြောက်မှု'နေက္ခမ္မ' ချမ်းသာကင်းဆိတ်မှု'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာသိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းဘဲ မရနိုင်သူသည် ထိုမစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစော ချမ်းသာကို သာယာ(ခံစား)ရာ၏။

ကာမဂုဏ်မှ ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ'ချမ်းသာ သိမှု 'သမ္ဗောဓ'ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသော ငါသည် ထိုမစင်ကြယ်မှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစော ချမ်းသာကို အဘယ်မှာ သာယာရအံ့နည်းဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော်မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော်မူပါ၊ အသျှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရား၏ သည်းခံတော်မူရန် အချိန်ဖြစ်ပါသည်၊ အသျှင်ဘုရား ယခုအခါ၌ နိဂုံးသူ နိဂုံးသား ဇနပုဒ်သူ ဇနပုဒ်သား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားကြွတော်မူလေရာရာ အရပ်သို့ စိတ်ညွတ်ကြကုန်လျက်သာလျှင် လိုက်ပါကြပါလိမ့်မည်။ အသျှင်ဘုရား မိုးကြီးသည်းထန်စွာ ရွာသွန်းလတ်သော် နိမ့်ရှိုင်းရာအရပ်သို့ ရေတို့သည် စီးကျကြကုန်သကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် နိဂုံးသူ နိဂုံးသား ဇနပုဒ်သူ ဇနပုဒ်သား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရား ကြွရောက်ကော်မူလေရာရာ အရပ်သို့ စိတ်ညွတ်ကုန်လျက်သာလျှင် လိုက်ပါကြပါလိမ့်မည်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း ဟူမူ—

အသျှင်ဘုရား မြတ်စွာဘုရား၏ သီလတော် ပညာတော်သည် ထိုသို့ ကြီးမားတော်မူခြင်းကြောင့် ဖြစ်ပါသည်ဟု (လျှောက်၏)။

နာဂိတ ငါသည် အခြံအရံ(အကျော်အစော)နှင့် မဆက်ဆံလို၊ အခြံအရံ (အကျော်အစော)သည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်၊ နာဂိတ ဤ (ကာမဂုဏ်)မှ ထွက်မြောက်မှု 'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ'ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ မရနိုင်သူသည် ထိုမစင်ကြယ်မှုချမ်းသာ ငိုက်မျဉ်းမှုချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစောချမ်းသာကို သာယာ(ခံစား)ရာ၏။

(ကာမဂုဏ်မှ) ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ'ချမ်းသာ သိမှု 'သမ္ဗောဓ'ချမ်းသာကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲ ရသော ငါသည် ထို မစင်ကြယ်မှုချမ်းသာ ငိုက်မျဉ်းမှုချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစော ချမ်းသာကို အဘယ်မှာ သာယာ(ခံစား)ရာအံ့နည်း။

နာဂိတ ဤသာသနာတော်၌ ငါသည် တည်ကြည်သော စိတ်ရှိလျက် ထိုင်နေသော ရွာနီး ကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏၊ နာဂိတ ထိုငါ့အား "ယခုအခါ၌ ဤအသျှင်ကို အရံစောင့်က ဖြစ်စေ သာမဏေက ဖြစ်စေ သီတင်းသုံးဖော်က ဖြစ်စေ ထိုသမာဓိမှ ရွေ့လျောစေလိမ့်မည်" ဟု အကြံဖြစ်၏၊ နာဂိတ ထို့ကြောင့် ထိုရဟန်းအား ရွာနီး ကျောင်းနေမှုဖြင့် ငါ မနှစ်သက်။

နာဂိတ ဤသာသနာတော်၌ ငါသည် တော၌ အိပ်ငိုက်လျက် ထိုင်နေသော တောကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏၊ နာဂိတ ထိုငါ့အား "ယခုအခါ ဤအသျှင်သည် ဤအိပ်ငိုက်ခြင်းကြောင့် ဖြစ်သော ပင်ပန်းမှုကို ပယ်ဖျောက်၍ တခုတည်းသော သဘောဖြစ်သည့် တော ဟူသော အမှတ်ကိုသာလျှင် နှလုံးသွင်းလိမ့်မည်"ဟု အကြံဖြစ်၏၊ နာဂိတ ထို့ကြောင့် ထိုရဟန်းအား တောနေမှုဖြင့် ငါ နှစ်သက်၏။

နာဂိတ ဤသာသနာတော်၌ ငါသည် တော၌ မတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကိုတွေ့မြင်ရ၏၊ နာဂိတ ထိုငါ့အား—

"ယခုအခါ၌ ဤအသျှင်သည် မတည်ကြည်သော စိတ်ကိုလည်း တည်ကြည်စေလိမ့်မည်၊ တည်ကြည်ပြီးသော စိတ်ကိုလည်း အစဉ်စောင့်ရှောက်လိမ့်မည်"ဟု ဤသို့ အကြံဖြစ်၏။

http://www.dhammadownload.com



နာဂိတ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါ နှစ်သက်၏။

နာဂိတ ဤသာသနာတော်၌ ငါသည် တော၌ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏၊ နာဂိတ ထိုငါ့အား—

"ယခုအခါ၌ ဤအသျှင်သည် ကိလေသာ မကျွတ်လွတ်သေးသော စိတ်ကိုလည်း ကျွတ်လွတ်စေလိမ့်မည်၊ ကျွတ်လွတ်ပြီးသော စိတ်ကိုလည်း အစဉ် စောင့်ရှောက်လိမ့်မည်"ဟု ဤသို့ အကြံဖြစ်၏။

နာဂိတ ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါ နှစ်သက်၏။

နာဂိတ ဤသာသနာတော်၌ ငါသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရသော ရွာနီးကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏၊ ထိုရဟန်းသည် ထိုလာဘ် ပူဇော်သကာ အကျော်အစောကို အလိုရှိသည်ဖြစ်၍ တယောက်တည်း ကိန်းအောင်းမှုကို စွန့်၏၊ တောစွန်ဖြစ်သော ကျောင်းတို့ကို စွန့်၏၊ ရွာ နိဂုံး မင်းနေပြည်သို့ ဝင်ရောက်၍ နေ၏၊ နာဂိတ ထို့ကြောင့် ထိုရဟန်းအား ရွာနီးကျောင်းနေမှုဖြင့် ငါ မနှစ်သက်။

နာဂိတ ဤသာသနာတော်၌ ငါသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရသော တောကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏၊ ထိုရဟန်းသည် ထိုလာဘ် ပူဇော်သကာ အကျော်အစောကို စွန့်ပစ်ပယ်ရှား၍ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ တောစွန်ဖြစ်သော ကျောင်းတို့ကို မစွန့်၊ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါ နှစ်သက်၏။

နာဂိတ ငါသည် ခရီးရှည်သွားသည်ရှိသော် ရှေ့မှဖြစ်စေ နောက်မှဖြစ်စေ တစုံတယောက်ကိုမျှ မတွေ့မြင်ရသော အခါ ငါ့အား အယုတ်သဖြင့် ကျင်ကြီး ကျင်ငယ်ကို စွန့်ရန်ပင် ချမ်းသာ၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

လေးခုမြောက် ဒေဝတာဝဂ် ပြီး၏။

---

## ၅-ဓမ္မိကဝဂ် ၁-နာဂသုတ်

၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် အသျှင်အာနန္ဒာကို "အာနန္ဒာ လာသွားကြကုန်စို့၊ပုဗ္ဗာရုံ

http://www.dhammadownload.com



ကျောင်းတိုက် မိဂါရမာတာ 'ဝိသာခါ'၏ပြာသာဒ်ကျောင်းသို့ နေ့သန့်စင်ရန် ချဉ်းကပ်ကြကုန်အံ့" ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာနှင့်အတူ ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာ 'ဝိသာခါ' ၏ ပြာသာဒ်ကျောင်းသို့ ချဉ်းကပ်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူလျက် အသျှင်အာနန္ဒာကို "အာနန္ဒာ လာသွားကြကုန်စို့၊ အရှေ့ရေချိုးဆိပ်သို့ ကိုယ်ခန္ဓာတို့ကို ရေသုံးသပ်ရန် ချဉ်းကပ်ကြကုန်အံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာနှင့် အတူ ကိုယ်ခန္ဓာတို့ကို ရေသုံးသပ်ရန် အရှေ့ ရေချိုးဆိပ်သို့ ချဉ်းကပ်တော်၏၊ အရှေ့ရေချိုးဆိပ်၌ ကိုယ်ခန္ဓာတို့ကို ရေသုံးသပ်ပြီးလျှင် တဖန် တက်၍ ကိုယ်ဘို့ကို ရှေးအဘိုင်းဖြစ်စေ(ခြောက်သွေ့စေ)လျက် တထည်သော သင်္ကန်းရှိသည်ဖြစ်၍ ရပ်တော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်း၏ သေတမည်သော ဆင်တော်သည် ကြီးစွာသော တူရိယာမျိုး တီးမှုတ်ခြင်းဖြင့် အရှေ့ရေချိုးဆိပ်မှ တက်၏၊ လူအပေါင်းသည် ထိုဆင်ဖြူတော်ကို မြင်၍ ဤသို့ ဆိုကြကုန်၏—

"အချင်းတို့ မင်း၏ ဆင်တော်သည် အလွန် အဆင်း လှပေစွတကား၊ အချင်းတို့ မင်း၏ ဆင်တော်သည် ရှုချင်စဖွယ် ရှိပေစွတကား၊ အချင်းတို့ မင်း၏ ဆင်တော်သည် (စိတ်) ကြည်လင်ဖွယ် ရှိပေစွတကား၊ အချင်းတို့ မင်း၏ ဆင်တော်သည် ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံပေစွတကား" ဟု (ဆိုကြကုန်၏)။

ဤသို့ဆိုကုန်သော် အသျှင်ကာဠုဒါယီသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော ဆင်ကိုသာလျှင် လူအပေါင်းသည် တွေ့မြင်၍ 'အချင်းတို့ နာဂပေတကား နာဂပေတကား' ဟု ဆိုလေသလော။

သို့မဟုတ် မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော တစုံတရာ အခြားသူ ကိုလည်း လူအပေါင်းသည် တွေ့မြင်၍ 'အချင်းတို့ နာဂပေတကား နာဂပေတကား' ဟု ဆိုလေ သလော" ဟူ၍ လျှောက်၏။

ဥဒါယီ မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော ဆင်ကိုလည်း လူအပေါင်း သည် တွေ့မြင်၍ "အချင်းတို့ နာဂ ပေတကား နာဂ ပေတကား" ဟု ဆိုကုန်၏။

ဥဒါယီ မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော မြင်းကိုလည်း။ပ။

ဥဒါယီ မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော နွားကိုလည်း။ပ။

http://www.dhammadownload.com



ဥဒါယိ မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော မြွေကိုလည်း။ပ။

ဥဒါယိ မြင့်မား ကြီးထွား၍ပင်စည်လုံးပတ် တင့်တယ်ခြင်းနှင့် ပြည့်စုံသော သစ်ပင်ကိုလည်း။ပ။

ဥဒါယိ မြင့်မား ကြီးထွား၍ ကိုယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော လူကိုလည်း လူအပေါင်းသည် တွေ့မြင်၍ "အချင်းတို့ နာဂ ပေတကား နာဂ ပေတကား" ဟု ဆို၏။

ဥဒါယိ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောက၌ ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှု မပြုသောသူကို နာဂ ဟူ၍ ငါဆို၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည်၊ ဥဒါယိ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူလောက၌ ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှု မပြုသော သူကို "နာဂ" ဟူ၍ ငါဆို၏ဟူသော ဤစကားကို အလွန်လျှင် ကောင်းစွာ ဟောတော်မူအပ်ပါပေ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ဤစကားကို ဤဂါထာတို့ဖြင့် အကျွန်ုပ်သည် ကောင်းချီးခေါ်ပါ၏—

"ကိုယ်တော်တိုင် ယဉ်ကျေးတော်မူ၍ တည်ကြည်သော စိတ်ရှိတော်မူသော (အရိယာမဂ်တည်းဟူသော) မြတ်သော လမ်းခရီး၌ ကြွသွားတော်မူသော စိတ်၏ငြိမ်သက်ရာ (စတုတ္ထဈာန်)၌ မွေ့လျော်တော်မူသော တရားအားလုံးတို့၏ ကမ်းတဖက်သို့ ရောက်တော်မူသော လူသားစင်စစ် ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားကို လူတို့သည် ရှိခိုးကြပါကုန်၏။

အလုံးစုံသော သံယောဇဉ်နှောင်ကြိုးတို့ကို လွန်မြောက်တော်မူသော (ကိလေသာ) တောမှ (ကိလေသာ) တောမရှိရာသို့ ရောက်တော်မူသော ကာမဂုဏ်တို့မှ ထွက်မြောက်မှု၌ မွေ့လျော်တော်မူသော ကျောက်ခဲတ(အညစ် အကြေး)မှ ကင်းလွတ်သော ရွှေစင်နှင့်တူသော ထိုမြတ်စွာဘုရားကို နတ်တို့သည်လည်း ရှိခိုးကြ ပါကုန်၏ဟု ဤသို့သော စကားကို ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား (အထံတော်) မှ အကျွန်ုပ် ကြားနာရပါ၏။

ဟိမဝန္တာတောင်သည် တပါးသော တောင်တို့ကို(လွန်ကဲ တင့်တယ်ဘိသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည်) အလုံးစုံသော သူတို့ကို လွန်၍ တင့်တယ်သော နာဂဖြစ်တော်မူပါ၏၊ နာဂအမည်ရသူ အားလုံးတို့တွင် ဒသတုမရှိသော မြတ်စွာဘုရားသည် (နာဂ) အမည်မှန်ရသူ ဖြစ်ပါ၏။

အသျှင်ဘုရားတို့၏ နာဂအမည်တော် ဖြစ်ကြောင်းကို အကျွန်ုပ် လျှောက်ကြားပါအံ့၊ အကြောင်းမူကား ထိုမြတ်စွာဘုရားသည် မကောင်းမှု အကုသိုလ်ကို ပြုတော်မမူပါ၊ စင်ကြယ်သော သီလတော်သည်ရင်း မညှဉ်းဆဲမှု 'အဝိဟိံသတရား' သည်ရင်း ဤတရား နှစ်ပါးကိုသည် ဆင်မင်းသဖွယ် ဖြစ်တော်မူသော အသျှင်၏ ရှေ့ခြေတော် နှစ်ဖက် ဖြစ်ပါကုန်၏။

http://www.dhammadownload.com



ထိုအပြင် ခြိုးခြံသော အကျင့်နှင့် (အရိယာမဂ်ဟု ဆိုအပ်သော) မြတ်သော အကျင့်တို့သည် ဆင်မင်းသဖွယ် ဖြစ်တော်မူသော အသျှင်ဘုရား၏ နောက်ခြေတော် နှစ်ဖက် ဖြစ်ပါကုန်၏။

မြတ်သော ဆင်မင်းသဖွယ်ဖြစ်တော်မူသော အသျှင်ဘုရားသည် သဒ္ဓါတရားတည်းဟူသော နှာမောင်းရှိတော်မူပါ၏၊ဆင္ဓဂုံပေက္ခာတည်းဟူသော ဖြူသော အစွယ်တော်လည်း ရှိတော်မူပါ၏၊ သတိတည်းဟူသော လည်ပင်းလည်း ရှိတော်မူပါ၏၊ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဦးခေါင်းတော်လည်း ရှိတော်မူပါ၏၊ တရား (အဖို့ အစု)ကို ကြံစည်တတ်သော ဉာဏ်တော်သည် နှာမောင်းဖျား ဖြစ်တော်မူပါ၏၊ (စတုတ္ထစျာန်သမာဓိ)တရားတည်းဟူသော ဝမ်းပိုက်လည်း ရှိတော်မူပါ၏၊ ဝိဝေကသုံးပါးသည် ထိုမြတ်စွာဘုရားတည်းဟူသော ဆင်မင်း၏ မြီးဆံဖြစ်ပါ၏။

ထိုမြတ်စွာဘုရားသည် ဈာန်ဝင်စားတော်မူ၏၊ထွက်သက် ဝင်သက်(ဖလသမာပတ်)၌ မွေ့လျော်တော်မူ၏၊အတွင်းသန္တာန်၌ ကောင်းစွာထားသော စိတ်ရှိတော်မူ၏၊ကြွသွားတော်မူသော ဘုရားဆင်မင်းသည် ကောင်းစွာ တည်ကြည်တော်မူ၏၊ ရပ်တော်မူသော ဘုရားဆင်မင်းသည် ကောင်းစွာ တည်ကြည်တော်မူ၏။

ကျိန်းစက်တော်မူသော ဘုရားဆင်မင်းသည် ကောင်းစွာ တည်ကြည်တော်မူ၏၊ ထိုင်နေတော်မူသော ဘုရားဆင်မင်းသည် ကောင်းစွာ တည်ကြည်တော်မူ၏၊ ဘုရားဆင်မင်းသည်(စက္ခုဒွါရ စသော)အလုံးစုံတို့၌ ကောင်းစွာ စောင့်ရှောက်တော်မူပါပေ၏၊ ဤသည်ကား နာဂဟုခေါ်တွင်ခြင်း၏ ပြည့်စုံမှုပင်တည်း။

(နာဂအမည်တော်ရှိသော မြတ်စွာဘုရားသည်) အပြစ်မရှိသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်တော်မူ၏၊အပြစ်ရှိသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်တော်မမူ၊ အစားအဝတ်ကို ရပါသော်လည်း သိုမှီးခြင်းမှ ရှောင်ကြဉ်တော်မူ၏။

ငယ်ငယ် ကြီးကြီးဖြစ်သည့် သံယောဇဉ် အနှောင်အဖွဲ့ အားလုံးကို ဖြတ်၍ သွားလိုရာရာ အရပ်မျက်နှာတိုင်း မငဲ့မကွက်မူ၍သာလျှင် ကြွသွားတော်မူ၏။

ကောင်းသော အနံ့ ရှိသော စိတ်နှလုံးကို မွေ့လျော်စေတတ်သော ရေ၌ပေါက်ရောက်သော ကြာပုဏ္ဍရိက်သည် ရေ၌ ကြီးပွါး၍ ရေဖြင့် မလိမ်းကျံ သကဲ့သို့ ထို့အတူ လောက၌ ကောင်းစွာဖြစ်တော်မူသော မြတ်စွာဘုရားသည် လောက၌ နေတော်မူ၏၊ ပဒုမ္မာကြာသည် ရေနှင့် မလိမ်း မကျံသကဲ့သို့ ထို့အတူ လောကနှင့်ကား မလိမ်းကျံ မကပ်ငြိပေ။

အလျှံ တပြောင်ပြောင် တောက်လောင်သော ကြီးမားသော မီးသည် လောင်စာ မရှိခဲ့သော် အေးငြိမ်းရ လေသကဲ့သို့ သင်္ခါရတို့ ချုပ်ငြိမ်းကြသည်ရှိသော် ငြိမ်းအေးပြီးဟူ၍ ဆိုအပ်၏။

အနက်ကို သိစေတတ်သော ဤဥပမာကို ပညာရှိပုဂ္ဂိုလ်တို့ ဟောကြားအပ်၏၊ ဆင်ပြောင်သဖွယ်ဖြစ်သော ကာဠုဒါယီသည် ဟောကြားအပ်သော ..ုရားတည်း

http://www.dhammadownload.com



ဟူသောဆင်မင်းကို ဆင်ပြောင်သဖွယ် ဖြစ်ကြကုန်သော ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် သိတော်မူကြကုန်လတ္တံ့။

စွဲမက်မှု'ရာဂ'အမျက်ထွက်မှု'ဒေါသ' တွေဝေမှု'မောဟ' ကင်းတော်မူသော အာသဝေါ တရားမရှိသော နာဂအမည်တော်ရသော မြတ်စွာဘုရားသည် ကိုယ်တော်ကို စွန့်ပြီးလျှင် အာသဝေါတရား ကင်းသည်ဖြစ်၍ ပရိနိဗ္ဗာန် ပြုတော်မူရလတ္တံ့သတည်း"ဟု (ကောင်းချီး ခေါ်လေ၏)။

ပဌမသုတ်။

---

## ၂-မိဂသာလာသုတ်

၄၄။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ် သင်္ကန်းကို ဆောင်ယူလျက်  မိဂသာလာ အမည်ရှိသော ဥပါသိကာမ၏ နေအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏၊ထိုအခါ မိဂသာလာ ဥပါသိကာမသည် အသျှင်အာနန္ဒာ ထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် အသျှင် အာနန္ဒာအား ဤသို့လျှောက်၏—

အသျှင်ဘုရား အာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်မှ ရှောင် ကြဉ်မှု)မြတ်သော အကျင့်ရှိသူနှင့် (မရှောင်ကြဉ်မှု)မြတ်သော အကျင့်မရှိသူ ဤနှစ်ဦး တို့သည် တမလွန်ဘဝ၌ ထပ်တူ ညီမျှ ဂတိ'လားရာ'ရှိကြပါကုန်၏၊အသျှင်ဘုရား ပုရာဏမည်သော အကျွန်ုပ်၏ ဘခင်သည် မြတ်သော အကျင့်ကို ကျင့်ပါ၏၊ (မေထုန် အကျင့်မှ) ဝေးစွာ ကျင့်ပါ၏၊ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်ပါ၏။

ထိုအကျွန်ုပ်၏ဘခင် သေလွန်သည်ရှိသော် "သကဒါဂါမိဖိုလ်သို့ ရောက်လျက် တုသိတာ နတ်ပြည်၌ ဖြစ်သည်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်။

အသျှင်ဘုရား ဣသိဒတ္တအမည်ရှိသော အကျွန်ုပ်၏ အဘိုးသည်လည်း မိမိမယားဖြင့် ရောင့်ရဲ သည်ဖြစ်၍ မြတ်သော အကျင့်ကို မကျင့်သူဖြစ်ပါ၏၊ ထိုအဘိုးသည်လည်း သေလွန်သည်ရှိသော် "သကဒါဂါမိဖိုလ်သို့ ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်"ဟု မြတ်စွာဘုရား မိန့်ကြား တော်မူအပ်ပါသည်။

အသျှင်ဘုရား အာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း။

ယင်းတရား၌(မေထုန်မှ ရှောင်ကြဉ်မှု)မြတ်သော အကျင့်ရှိသူနှင့်(မရှောင်ကြဉ်မှု) မြတ်သော အကျင့် မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူ ညီမျှ ဂတိ'လားရာ'ရှိကြပါကုန်၏ဟု (လျှောက်၏)။

နှမ မြတ်စွာဘုရားသည် ဤအတိုင်းပင် မိန့်ကြားတော်မူအပ်၏ဟု(မိန့်ဆို၏)။

http://www.dhammadownload.com



ထိုနောက် အသျှင်အာနန္ဒာသည် မိဂသာလာ ဥပါသိကာမ၏အိမ်၌ ဆွမ်းခံပြီးလျှင် နေရာမှ ထ၍ ဖဲကြွတော်မူ၏၊ထိုအခါ အသျှင်အာနန္ဒာသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် မိဂသာလာ ဥပါသိကာမ၏ နေအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေသော အခါ မိဂသာလာ ဥပါသိကာမသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် အကျွန်ုပ်အား ဤစကားကို လျှောက်ပါ၏—

"အသျှင်ဘုရား အာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်မှ ရှောင်ကြဉ်မှု)မြတ်သော အကျင့်ရှိသူနှင့် (မရှောင်ကြဉ်မှု)မြတ်သောအကျင့်မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူ ညီမျှ ဂတိ လားရာ ရှိကြပါကုန်၏၊ အသျှင်ဘုရား ပုရာဏမည်သော အကျွန်ုပ်၏ဘခင်သည် မြတ်သော အကျင့်ကို ကျင့်ပါ၏၊ (မေထုန် အကျင့်မှ)ဝေးစွာ ကျင့်ပါ၏၊ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်ပါ၏၊ ထိုအကျွန်ုပ်၏ဘခင် သေလွန်သည်ရှိသော် 'သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်'ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်။

အသျှင်ဘုရား ဣသိဒတ္တအမည်ရှိသော အကျွန်ုပ်၏ အဘိုးသည်လည်း မိမိမယားဖြင့် ရောင့်ရဲသည်ဖြစ်၍ မြတ်သော အကျင့်ကို မကျင့်သူ ဖြစ်ပါ၏၊ ထိုအဘိုးသည်လည်း သေလွန်သည်ရှိသော် 'သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်'ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်။

အသျှင်ဘုရား အာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်မှ ရှောင်ကြဉ်မှု)မြတ်သော အကျင့်ရှိသူနှင့် (မရှောင်ကြဉ်မှု)မြတ်သော အကျင့်မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူ ညီမျှ ဂတိ လားရာ ရှိကြပါကုန်၏"ဟု(လျှောက်ပါသည်)။

အသျှင်ဘုရား ဤသို့လျှောက်သောအခါ အကျွန်ုပ်သည် မိဂသာလာ ဥပါသိကာမကို"နှမ မြတ်စွာဘုရားသည် ဤအတိုင်းပင် မိန့်ကြားတော်မူအပ်ပေ၏"ဟု ပြောဆိုလိုက်ပါသည် (ဟု လျှောက်၏)။

အာနန္ဒာ မိုက်သော မလိမ္မာသော မိန်းမဖြစ်သော မိန်းမဟူသော အမှတ်နှင့် ပြည့်စုံသော မိဂသာလာ ဥပါသိကာမသည် အဘယ်သို့သော မိန်းမလေနည်း၊ယောကျ်ားပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အနုအရင့်ကို သိတတ်သော 'ဣန္ဒြိယပရောပရိယ'ဉာဏ်၌ (အပိုင်အပင် အတားအဆီး မရှိကုန်သော မြတ်စွာဘုရားတို့သည်) အဘယ်သို့သော ပုဂ္ဂိုလ်တို့နည်း။

အာနန္ဒာ ဤပုဂ္ဂိုလ်ခြောက်မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏—

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် (မကောင်းမှု)မှ ကောင်းစွာကြဉ်၏၊ ချမ်းသာသော ပေါင်းသင်းမှု ရှိ၏၊ (ထိုသူနှင့်)အတူနေခြင်းဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက်ကုန်၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း ပြုသင့်သည်ကို မပြု၊ အကြားအမြင်များမှု(ဝီရိယ)ဖြင့်လည်း(ပြုသင့်သည်ကို)မပြု၊ ပညာဖြင့်လည်း(သိသင့် သည်ကို)ထိုးထွင်း၍ မသိ၊ အခါကာလအားလျော်စွာဖြစ်သော လွတ်မြောက်မှု'ဝိမုတ္တိ'ကိုလည်း မရ၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဆုတ်ယုတ်ရန် ဖြစ်၏၊ ထူးမြတ်ရန် မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ ထူးမြတ်သည့် အဖြစ်သို့ မရောက်။ (၁)

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မကောင်းမှုမှ ကောင်းစွာကြဉ်၏၊ ချမ်းသာသော ပေါင်းသင်းမှု ရှိ၏၊ (ထိုသူနှင့်) အတူနေခြင်းဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက်ကုန်၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း ပြုသင့်သည်ကို ပြု၏၊ အကြားအမြင် များမှု (ဝီရိယ) ဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ သိ၏၊ အခါကာလအားလျော်စွာ ဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း ရ၏၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ထူးမြတ်ရန် ဖြစ်၏၊ ဆုတ်ယုတ်ရန် မဖြစ်၊ ထူးမြတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ ဆုတ်ယုတ်သည့်အဖြစ်သို့ မရောက်။ (၂)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်ကုန်သော ပုဂ္ဂိုလ်တို့သည်—

"ဤပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊ အခြားပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊ (သို့ဖြစ်ပါလျက်) အဘယ့်ကြောင့် ထိုနှစ်ယောက်တို့တွင် တယောက်က (ဂုဏ်အားဖြင့်) ယုတ်၍ တယောက်က (ဂုဏ်အားဖြင့်) မြတ်ပါသနည်း" ဟု နှိုင်းရှည့်ကုန်၏။

အာနန္ဒာ ထိုသို့ နှိုင်းရှည့်ခြင်းသည်သာလျှင် ထိုနှိုင်းရှည့်သူတို့အား ကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏။

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့တွင် မကောင်းမှုမှ ကောင်းစွာကြဉ်သော ချမ်းသာသော ပေါင်းသင်းမှုရှိသော (ထိုသူနှင့်) အတူ နေခြင်းဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက်သော ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြုသော အကြားအမြင်များမှု (ဝီရိယ) ဖြင့်လည်း (ပြုသင့်သည်ကို) ပြုသော ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ သိသော အခါကာလအားလျော်စွာဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း ရသော ပုဂ္ဂိုလ်သည် ဤမည်သော ရှေးပုဂ္ဂိုလ်ထက် သာ၍လည်း နှစ်သက်ဖွယ်ရှိ၏၊ သာ၍လည်း မွန်မြတ်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤပုဂ္ဂိုလ်ကို (ဝိပဿနာဉာဏ်) တရားအယဉ်သည် (အရိယာဘုံသို့) ဆောင်ယူသွား၏၊ ထိုအကြောင်းကို မြတ်စွာဘုရားမှတပါး အဘယ်သူသည် သိနိုင်ရာအံ့နည်း။

အာနန္ဒာ ထို့ကြောင့် ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်သူတို့ မဖြစ်ကြကုန်လင့်၊ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို မယူကြကုန်လင့်၊ အာနန္ဒာ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို ယူသူသည် (မိမိကိုယ်ကို) တူးဖြိုသည် မည်၏။

အာနန္ဒာ ငါသော်၎င်း ငါနှင့် တူသူသော်၎င်း ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို ယူရာ၏။

http://www.dhammadownload.com



အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွှမ်းမိုး လွှန်ကဲ၏၊ ထိုပုဂ္ဂိုလ်အား ရံဖန်ရံခါ၌လည်း လောဘတရားတို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) မပြု၊ အကြားအမြင်များမှု (ဝီရိယ) ဖြင့်လည်း (ပြုသင့်သည်ကို) မပြု၊ ပညာဖြင့်လည်း (သိသင့်သည်ကို)ထိုးထွင်း၍ မသိ၊ အခါကာလအား လျော်စွာ ဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း မရ၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဆုတ်ယုတ်ရန် ဖြစ်၏၊ ထူးမြတ်ရန် မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ထူးမြတ်သည့် အဖြစ်သို့ မရောက်။ (၃)

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွှန်ကဲ၏၊ ထိုပုဂ္ဂိုလ်အား ရံဖန်ရံခါ၌လည်း လောဘတရားတို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) မပြု။ပ။ ဆုတ်ယုတ်သည့် အဖြစ်သို့ မရောက်။ (၄)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သော ပုဂ္ဂိုလ်တို့သည် ။ပ။ ငါနှင့်တူသူသော်ရင်း နှိုင်းရှည့်မှုကို ယူရာ၏။

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွှန်ကဲ၏၊ ထိုပုဂ္ဂိုလ်အား ရံဖန်ရံခါ၌လည်း စကားပြောဆိုမှု ဝစီသင်္ခါရတို့ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) မပြု။ပ။ အခါကာလ အားလျော်စွာ ဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း မရ၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဆုတ်ယုတ်ရန် ဖြစ်၏၊ ထူးမြတ်ရန် မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ထူးမြတ်သည့် အဖြစ်သို့ မရောက်။ (၅)

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွှန်ကဲ၏၊ ထိုပုဂ္ဂိုလ်အား ရံဖန်ရံခါ၌လည်း စကားပြောဆိုမှု ဝစီသင်္ခါရတို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ အကြားအမြင် များမှု (ဝီရိယ) ဖြင့်လည်း (ပြုသင့် သည်ကို) ပြု၏၊ ပညာဖြင့်လည်း (သိသင့် သည်ကို) ထိုးထွင်း၍ သိ၏၊ အခါကာလအား လျော်စွာဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း ရ၏၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ထူးမြတ်ရန် ဖြစ်၏၊ ဆုတ်ယုတ်ရန် မဖြစ်၊ ထူးမြတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ ဆုတ်ယုတ်သည့် အဖြစ်သို့ မရောက်။ (၆)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သော ပုဂ္ဂိုလ်တို့သည်—

"ဤပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊ အခြားပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊ (ထိုသို့ ဖြစ်ပါလျက်) အဘယ့်ကြောင့် ထိုနှစ်ယောက်တို့တွင် တယောက်က (ဂုဏ်အားဖြင့်) ယုတ်၍ တယောက်က (ဂုဏ်အားဖြင့်) မြတ်ပါသနည်း" ဟု နှိုင်းရှည့်ကြကုန်၏။

အာနန္ဒာ ထိုသို့ နှိုင်းရှည့်ခြင်းသည် နှိုင်ရှည့်သူတို့အား ကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏။

အာနန္ဒာ ထိုပုဂ္ဂိုလ် နှစ်ယောက်တို့တွင် အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွှန်ကဲသော ရံဖန်ရံခါ၌လည်း စကားပြောဆိုမှု ဝစီသင်္ခါရဖြစ်သော ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြုသော အကြားအမြင် များမှု (ဝီရိယ)ဖြင့်လည်း (ပြုသင့်သည်ကို) ပြုသော ပညာဖြင့်လည်း

http://www.dhammadownload.com



(သိသင့်သည်ကို) ထိုးထွင်း၍ သိသော အခါကာလအား လျော်စွာ ဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်း ရသော ပုဂ္ဂိုလ်သည် ဤမည်သော ရှေးပုဂ္ဂိုလ်ထက် သာ၍လည်း နှစ်သက်ဖွယ် ရှိ၏၊ သာ၍လည်း မွန်မြတ်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤပုဂ္ဂိုလ်ကို (ဝိပဿနာဉာဏ်) တရားအယဉ်သည် (အရိယာ) ဘုံသို့ ဆောင်ယူသွား၏၊ ထိုအကြောင်းကို မြတ်စွာဘုရားမှတပါး အဘယ်သူသည် သိနိုင်ရာအံ့နည်း။

အာနန္ဒာ ထို့ကြောင့် ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်သူတို့ မဖြစ်ကြကုန်လင့်၊ နှိုင်းရှည့်မှုကို မယူကုန်လင့်၊ အာနန္ဒာ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို ယူသူသည် (မိမိကိုယ်ကို) တူးဖြိုသည် မည်၏၊ အာနန္ဒာ ငါသော်၎င်း ငါနှင့် တူသူသော်၎င်း ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို ယူရာ၏။

အာနန္ဒာ မိုက်သော မလိမ္မာသော မိန်းမဖြစ်သော မိန်းမဟူသော အမှတ်နှင့် ပြည့်စုံသော မိဂသာလာ ဥပါသိကာမသည် အဘယ်သို့သော မိန်းမလေနည်း၊ ယောကျ်ားပုဂ္ဂိုလ် တို့၏ ဣန္ဒြေ အနုအရင့်ကို သိတတ်သော 'ဣန္ဒြိယပရောပရိယ' ဉာဏ်၌ (အပိတ်အပင် အတားအဆီး မရှိကုန်သော မြတ်စွာဘုရားတို့သည်) အဘယ်သို့သော ပုဂ္ဂိုလ် တို့နည်း။

အာနန္ဒာ ဤပုဂ္ဂိုလ်ခြောက်မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

အာနန္ဒာ ပုရာဏ၏ပြည့်စုံသော သီလမျိုးနှင့် ဣသိဒတ္တသည် ပြည့်စုံငြားအံ့၊ ဤအရာ၌ ပုရာဏသည် ဣသိဒတ္တ၏ ဉာဏ်အလားကို ပိုင်းခြား၍ မသိရာ၊ အာနန္ဒာ ဣသိဒတ္တ၏ပြည့်စုံသော ပညာမျိုးနှင့် ပုရာဏသည် ပြည့်စုံငြားအံ့၊ ဤအရာ၌ ဣသိဒတ္တသည် ပုရာဏ၏ အလားကို ပိုင်းခြား၍ မသိရာ၊ အာနန္ဒာ ဤသို့လျှင် ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည်[၁] အင်္ဂါတပါး ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဣဏသုတ်

၄၅။ ရဟန်းတို့ လောက၌ ကာမဂုဏ်ကို ခံစားသော သူအား လူမွဲဖြစ်မှုသည် ဆင်းရဲသည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော လူမွဲသည် ကြွေးယူရ၏။ ရဟန်းတို့ လောက၌ ကာမဂုဏ်ကို ခံစားသော သူအား ကြွေးယူရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

---

၁—ပုရာဏသည် သီလဖြင့် ထူးမြတ်၏၊ ဣသိဒတ္တသည် ပညာဖြင့် ထူးမြတ်၏၊ပုရာဏ၏ သီလသည် ဣသိဒတ္တ၏ ပညာအရာ၌ တည်၍ ဣသိဒတ္တ၏ ပညာသည် ပုရာဏ၏ သီလအရာ၌ တည်၏၊ထို့ကြောင့် တုသိထာဘုံ၌ ဖြစ်ခြင်း တူကြသည်ဟူလို(အဋ္ဌကထာ)။

http://www.dhammadownload.com



ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော လူမွဲသည် ကြွေးယူ၍ အတိုးကို (ပေးပါမည်ဟု) ဝန်ခံရ၏၊ ရဟန်းတို့ လောကဌ် ကာမဂုဏ်ကို ခံစားသောသူအား အတိုးကို (ပေးပါမည်ဟု) ဝန်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော လူမွဲသည် အတိုးကို (ပေးပါမည်ဟု) ဝန်ခံပြီး၍ အချိန်ဖြင့် ပေးဆပ်ရသော အတိုးကို မပေးဆပ်နိုင်၊ ထိုသူကို ကြွေးရှင်တို့သည် တောင်းဆို 'စောဒနာ' ကုန်၏၊ ရဟန်းတို့ လောကဌ် ကာမဂုဏ်ကို ခံစားသောသူအား ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာ မရှိ၍ မကြွယ်ဝသော လူမွဲသည် တောင်းဆိုအပ်သည်ရှိသော် မပေးဆပ်နိုင်၊ ထိုသူကို(ကြွေးရှင်တို့သည်)အစဉ်လိုက်ကုန်၏၊ရဟန်းတို့လောကဌ် ကာမဂုဏ်ကို ခံစားသောသူအား ကြွေးရှင်တို့ အလိုက်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာမရှိသော မကြွယ်ဝသော လူမွဲသည် အစဉ်လိုက်အပ်သော် မပေးဆပ်နိုင်၊ ထိုသူကို ချုပ်နှောင်ကြကုန်၏၊ ရဟန်းတို့ လောကဌ် ကာမဂုဏ်ကို ခံစားသော သူအား ချုပ်နှောင်ခံရခြင်းသည်လည်း ဆင်းရဲသည်မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏။

ရဟန်းတို့ ဤသို့လျှင် လောကဌ် ကာမဂုဏ်ခံစားသောသူအား လူမွဲဖြစ်မှုသည်လည်း ဆင်းရဲ၏၊ ကြွေးယူရခြင်းသည်လည်း ဆင်းရဲ၏၊ အတိုးကို(ပေးဆပ်ပါမည်ဟု) ဝန်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲ၏၊ ကြွေးရှင်တို့ အလိုက်ခံရခြင်းသည်လည်း ဆင်းရဲ၏၊ အချုပ်အနှောင် ခံရခြင်းသည်လည်း ဆင်းရဲ၏။

ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သောသူအား ကုသိုလ်တရားတို့၌ ယုံကြည်မှု 'သဒ္ဓါ' မရှိ၊ ရှက်မှု 'ဟိရီ' မရှိ၊ ထိတ်လန့်မှု 'ဩတ္တပ္ပ' မရှိ၊ အားထုတ်မှု ဝီရိယမရှိ၊ သိမှု 'ပညာ' မရှိ။

ရဟန်းတို့ ဤပုဂ္ဂိုလ်ကို အရိယာတို့၏ အဆုံးအမ၌ ကိုယ်ပိုင်ဥစ္စာမဲ့သူ မကြွယ်ဝသူ လူမွဲဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကိုယ်ပိုင်ဥစ္စာမဲ့သော မကြွယ်ဝသော ထိုလူမွဲသည် ကုသိုလ်တရားတို့၌ သဒ္ဓါမျှ မရှိခဲ့သော် ဟိရီမျှ မရှိခဲ့သော် ဩတ္တပ္ပမျှ မရှိခဲ့သော် ဝီရိယမျှ မရှိခဲ့သော် ပညာမျှ မရှိခဲ့သော် ကိုယ်နှုတ်စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်၏၊ ဤသည်ကို ထိုသူ၏ ကြွေးယူမှုဟူ၍ ငါဆို၏၊ထိုသူသည် ထိုကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို ဖုံးလွှမ်းခြင်း ဟူသော အကြောင်းကြောင့် ယုတ်ညံ့သော တောင့်တမှုကို အားထုတ်၏၊ "ငါ့ကို သူတပါးတို့ မသိပါစေလင့်" ဟု အလိုရှိ၏၊ "ငါ့ကို သူတပါးတို့ မသိပါစေလင့်" ဟု ကြံ၏၊ "ငါ့ကို သူတပါးတို့ မသိပါစေလင့်" ဟု စကားပြောဆို၏၊ "ငါ့ကို သူတပါးတို့ မသိပါစေလင့်" ဟု ကိုယ်ဖြင့် လုံ့လပြု၏၊ ဤသည်ကို ထိုသူ၏ အတိုးတက်မှုဟူ၍ ငါဆို၏။

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်ကို သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့က "ဤအသျှင်သည် ဤသို့ ပြုလေ့ရှိ၏၊ ဤသို့ အကျင့်ရှိ၏" ဟု ပြောဆိုကြကုန်၏။

ဤသည်ကို ထိုသူ၏ ကြွေးတောင်းခံရမှု ဟူ၍ ငါဆို၏။

တောအရပ်သို့ ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်သော ထိုသူကို နှလုံး မသာခြင်းနှင့် တကွ ဖြစ်ကုန်သော ယုတ်ညံ့သော အကုသလဝိတက်တို့သည် အစဉ်လိုက်ကုန်၏၊ ဤသည်ကို ထိုသူ၏ ကြွေးရှင်တို့ အလိုက်ခံရမှု ဟူ၍ ငါဆို၏။

ရဟန်းတို့ ကိုယ်ပိုင် ဉစ္စာမဲ့သော မကြွယ်ဝသော ထိုလူမွဲသည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ငရဲဟူသော အနှောင်အဖွဲ့ဖြင့်လည်း နှောင်ဖွဲ့ခံရ၏၊ တိရစ္ဆာန်ဘဝ၌ ဖြစ်ခြင်းဟူသော အနှောင်အဖွဲ့ဖြင့်လည်း နှောင်ဖွဲ့ခံရ၏။

ရဟန်းတို့ ငရဲဘုံ၌ဖြစ်သော နှောင်ဖွဲ့ခြင်း တိရစ္ဆာန်ဘုံ၌ဖြစ်သော နှောင်ဖွဲ့ခြင်းကဲ့သို့ ထို့အတူ ဤသို့ကြမ်းထမ်းသော ဤသို့ စပ်ခါး၍ အတုမရှိသော ယောဂလေးပါးကုန်ရာ (နိဗ္ဗာန်) ကိုရရန်အတွက် အန္တရာယ်ကို ပြုတတ်သည့် အခြားတစုံတခုသော အနှောင်အဖွဲ့ကိုမျှလည်း ငါမမြင်ဟု (မိန့်တော်မူ၏)။

လောက၌ လူမွဲဖြစ်ရခြင်းကိုငှင်း ကြွေးယူရခြင်းကိုငှင်း ဆင်းရဲ၏ ဟူ၍ ဆိုအပ်၏၊ လူမွဲသည် ကြွေးယူ၍ စားသောက်ရသောကြောင့် ပင်ပန်း၏။

ထို့ကြောင့် ထိုသူကို ကြွေးရှင်တို့ အစဉ်လိုက်ကုန်၏၊ (ထိုသူသည်) ချုပ်နှောင်ခံရခြင်းသို့လည်း ရောက်ရ၏၊ ကာမဂုဏ်ရမှုကို တောင့်တသူတို့အား ထိုနှောင်ဖွဲ့ခံရခြင်းသည် ဆင်းရဲသည်သာတည်း။

ထို့အတူသာလျှင် အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမ၌ သဒ္ဓါတရားမရှိသူ မရှက်တတ်သူ မထိတ်လန့်တတ်သူ မကောင်းမှုကံကို ဖြစ်ပွါးစေတတ်သူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကိုပြု၍ ငါ့ကို မသိပါစေလင့်ဟု အလိုရှိ၏။

ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှုကို ပွါးစေသူသည် ထိုမကောင်းမှု၌ အဖန်ဖန် ရှေ့ရှား တုန်လှုပ်၏။

မိမိ၏ မကောင်းသော အမှုအရာကိုသိသော မကောင်းမှုရှိသော ပညာမဲ့သူ ထိုလူမွဲသည် ကြွေးယူ၍ စားသောက်ရသောကြောင့် ပင်ပန်းရ၏။

ထိုကြွေးယူ၍ စားသောက်ရခြင်းကြောင့် နှလုံးမသာယာမှုကြောင့် ဖြစ်ကုန်သော စိတ်ဆင်းရဲကြောင်း အကြံအစည်တို့သည် ရွာ၌ဖြစ်စေ တော၌ဖြစ်စေ ထိုသူသို့ အစဉ်လိုက်ကုန်၏။

မိမိ၏ မကောင်းသော အမှုအရာကိုသိသော မကောင်းမှုရှိသော ထိုပညာမဲ့သူသည် တိရစ္ဆာန်ဘုံ တခုခုသို့ ရောက်၍ ဖြစ်စေ ငရဲဘုံသို့ ရောက်၍ဖြစ်စေ အနှောင်အဖွဲ့ခံရ၏။

ဤသို့ နှောင်ဖွဲ့ခြင်းမျိုး ခံရခြင်းသည် ဆင်းရဲ၏၊ စိတ်ကို ကြည်လင်စေလျက် တရားသဖြင့် ရအပ်သော ဉစ္စာတို့ဖြင့် ပေးလှူသော ပညာရှိသည် ယင်းသို့သော နှောင်ဖွဲ့မှုမှ လွတ်မြောက်၏။

http://www.dhammadownload.com



အိမ်ထောင်ဝတ်ကို ရှာလေ့ရှိ၍ သဒ္ဓါတရားရှိသူအား မျက်မှောက်၌ အစီးအပွါး အလို့ငှါငှင်း တမလွန်၌ ချမ်းသာခြင်းငှါငှင်း နှစ်ပါးစုံသော ဘဝ၌ အောင်ဆုကို ယူ၏၊ ဤသို့ အိမ်ယာထောင်သော လူတို့အား စွန့်ကြဲမှုဟူသော ထိုကောင်းမှုသည် တိုးပွါး၏။

ထို့အတူသာလျှင် အရိယာတို့၏ အဆုံးအမ၌ 'သဒ္ဓါ' တရားရှိသူ ရက်မှုနှင့်ယှဥ်သော စိတ်ရှိသူ မကောင်းမှုမှ လန့်မှုရှိသူ ပညာရှိသူ သီလဖြင့် ပိတ်ဆို့ 'စောင့်ရှောက်'မှုရှိသူကို အရိယာတို့၏ အဆုံးအမ၌ ချမ်းသာစွာ အသက်မွေးခြင်းရှိသူ ဟု ဆိုအပ်၏။

အမြဲမပြတ် ထက်သန်သော လုံ့လရှိသော သမာဓိနှင့် ရင့်ကျက်မှု ပညာရှိသောသတိနှင့် ပြည့်စုံသူသည် နီဝရဏ ငါးပါးတို့ကို ပယ်၍ ဈာန်လေးပါးတို့သို့ ရောက်ပြီးလျှင် အာမိသ ကင်းသော ဈာန်ချမ်းသာကို ရလျက် (စတုတ္ထဈာန်)ဥပေက္ခာကို စွဲမြဲ၍ တည်၏။

ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ သံယောဇဉ်ဟူသမျှတို့၏ ကုန်ရာ နိဗ္ဗာန်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် မစွဲလမ်းမူ၍ စိတ်သည် (ကိလေသာမှ) ကောင်းစွာ လွတ်ကင်း၏။

သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံသော(ကိလေသာမှ) ကောင်းစွာလွတ်သော ထိုပုဂ္ဂိုလ်အား ငါ၏(ကိလေသာမှ) လွတ်မြောက်မှု 'အရဟတ္တဖိုလ်' သည် ပျက်စီးခြင်း မရှိတော့ပြီ ဟု (ပစ္စဝေက္ခဏာ)ဉာဏ်ဖြစ်ခဲ့မူ ဘဝသံယောဇဉ်တို့၏ ကုန်ရာ နိဗ္ဗာန်၌ ဤ ဉာဏ်သည် လွန်မြတ်၏၊ ဤချမ်းသာသည် စိုးရိမ်ခြင်းမရှိ၊ ကိလေသာ မြူ မရှိ၊ ဘေး မရှိ၊ အတုမရှိ မြတ်သော ချမ်းသာမည်၏၊ ဤဉာဏ်သည် ကိလေသာ ကြွေးမြီမှ ကင်း၍ လွန်မြတ်၏။

တတိယသုတ်။

---

## ၄-မဟာစုန္ဒသုတ်

၄၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်မဟာစုန္ဒသည် စေတိယတိုင်း သဟဇာတိ နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ "ငါ့သျှင်"ဟု ထို ရဟန်းတို့သည် အသျှင် မဟာစုန္ဒအား ပြန်ကြား လျှောက်ထား ကုန်၏၊ အသျှင် မဟာစုန္ဒ မထေရ်သည် ဤ စကားကို မိန့်ဆိုတော်မူ၏။

ငါ့သျှင်တို့ ဤသာသနာတော်၌ တရားဟောကြကုန်သော ရဟန်းတို့သည် ဈာန်ဝင်စားသော ရဟန်းတို့ကို ပုတ်ခတ်ပြောဆိုကုန်၏။—

"ဤ ရဟန်းတို့သည်'ငါတို့ ဈာန်ဝင်စားကုန်၏၊ ငါတို့ ဈာန်ဝင်စားကုန်၏'ဟု ရှုကုန်၏၊ အဖန်ဖန် ရှုကုန်၏၊ တစိမ့်စိမ့် ရှုကုန်၏၊ ကပ်၍ ရှုကုန်၏၊ ဤသူတို့သည် အဘယ်ကို ရှုကုန်သနည်း၊ ဤသူ တို့သည် အဘယ်အကျိုးငှါ ရှုကုန်သနည်း၊ ဤသူတို့သည် အဘယ် အကြောင်းကြောင့် ရှုကုန် သနည်း"ဟု (ပုတ်ခတ် ပြောဆိုကုန်၏)။

http://www.dhammadownload.com



ထိုသို့ ပုတ်ခတ်ပြောဆိုရာ၌ တရားဟောကုန်သောရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ ဈာန်ဝင်စားသော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ လူများစွာတို့၏ အစီးအပွါးအလို့ငှါ ချမ်းသာရန်အလို့ငှါ များစွာသော လူအပေါင်း၏အကျိုးငှါ နတ်လူတို့၏ စီးပွါးချမ်းသာအလို့ငှါ ကျင့်သူတို့ မဖြစ်ကုန်။

ငါ့သျှင်တို့ ဤသာသနာတော်၌ ဈာန်ဝင်စားသော ရဟန်းတို့သည် တရားဟောကုန်သော ရဟန်းတို့ကို ပုတ်ခတ် ပြောဆိုကြကုန်၏—

“ဤရဟန်းတို့သည် ‘ငါတို့ တရားဟောကုန်၏၊ ငါတို့ တရားဟောကုန်၏’ ဟု ပျံ့လွင့်သော စိတ်ရှိကုန်၏၊ (ကျူပင်ကဲ့သို့ အထက်သို့) တက်သော မာန်မာန ရှိကုန်၏၊ လျှပ်ပေါ်ကုန်၏၊ နှုတ်ကြမ်းကုန်၏၊ ဖရိုဖရဲ ကြဲသော စကားရှိကုန်၏၊ သတိ လွတ်ကင်းကုန်၏၊ ပညာ အဆင်ခြင် မရှိကုန်၊ မတည်ကြည်ကုန်၊ တုန်လှုပ်သော စိတ်ရှိကုန်၏၊ ဟင်းလင်းပွင့်သော ဣန္ဒြေရှိကုန်၏၊ ဤသူတို့သည် အဘယ်သို့ တရားဟောကုန်သနည်း၊ ဤသူတို့သည် အဘယ်အကျိုးငှါ တရားဟော ကုန်သနည်း၊ ဤသူတို့သည် အဘယ်အကြောင်းကြောင့် တရားဟောကုန်သနည်း” ဟု (ပုတ်ခတ် ပြောဆိုကြကုန်၏)။

ထိုသို့ ပုတ်ခတ်ပြောဆိုရာ၌ ဈာန်ဝင်စားသော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ တရား ဟောကုန်သော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ လူများစွာတို့၏ အစီးအပွါး အလို့ငှါ ချမ်းသာရန်အလို့ငှါ များစွာသော လူအပေါင်း၏ အကျိုးငှါ နတ်လူတို့၏ စီးပွါးချမ်းသာအလို့ငှါ ကျင့်သူတို့ မဖြစ်ကုန်။

ငါ့သျှင်တို့ ဤသာသနာတော်၌ တရားဟောကုန်သော ရဟန်းတို့သည် တရားဟောကုန်သော ရဟန်းတို့၏သာလျှင် ဂုဏ်ကို ပြောဆိုကြကုန်၏၊ ဈာန်ဝင်စားသူ ရဟန်းတို့၏ ဂုဏ်ကို မပြောဆို ကြကုန်။

ထိုသို့ ပြောဆိုရာ၌ တရားဟောကုန်သော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ ဈာန်ဝင်စား သော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ လူများစွာတို့၏ အစီးအပွါး အလို့ငှါ ချမ်းသာရန် အလို့ငှါ များစွာသော လူအပေါင်း၏ အကျိုးငှါ နတ်လူတို့၏ စီးပွါးချမ်းသာ အလို့ငှါ ကျင့်သူတို့ မဖြစ်ကုန်။

ငါ့သျှင်တို့ ဤသာသနာတော်၌ ဈာန်ဝင်စားသော ရဟန်းတို့သည် ဈာန်ဝင်စားသော ရဟန်း တို့၏သာလျှင် ဂုဏ်ကို ပြောဆိုကုန်၏၊ တရားဟောကုန်သော ရဟန်းတို့၏ ဂုဏ်ကို မပြောဆိုကုန်။

ထိုသို့ ပြောဆိုရာ၌ ဈာန်ဝင်စားသော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ တရားဟောကုန် သော ရဟန်းတို့သည်လည်း မကြည်လင်ကုန်၊ လူများစွာတို့၏ အစီးအပွါးအလို့ငှါ ချမ်းသာရန် အလို့ငှါ များစွာသော လူအပေါင်း၏ အကျိုးငှါ နတ်လူတို့၏ စီးပွါးချမ်းသာ အလို့ငှါ ကျင့်သူတို့ မဖြစ်ကုန်။

ငါ့သျှင်တို့ ထို့ကြောင့် ဤသို့ကျင့်ရမည် “တရားဟောကုန်သော ရဟန်းတို့ ဖြစ်ပါကုန်သော် ဈာန်ဝင်စားသော ရဟန်းတို့၏ ဂုဏ်ကို ပြောဆိုကုန်အံ့” ဟု ကျင့်ရမည်၊ ငါ့သျှင်တို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်။

http://www.dhammadownload.com



ထိုသို့ ကျင့်ရခြင်းသည် အဘယ့်ကြောင့်နည်း။

သေခြင်းမရှိသော နိဗ္ဗာနဓာတ်ကို နာမကာယဖြင့် တွေ့ထိ၍ နေကြသည့် ပုဂ္ဂိုလ်တို့သည် အံ့ဖွယ်ရှိကုန်၍ လောက၌ ရခဲကုန်သောကြောင့်တည်း။

ငါ့သျှင်တို့ ထို့ကြောင့် ဤသို့ ကျင့်ရမည် "ဈာန်ဝင်စားသော ရဟန်းတို့ဖြစ်ပါကုန်သော် တရားဟောကုန်သော ရဟန်းတို့၏ ဂုဏ်ကို ပြောဆိုကြကုန်အံ့"ဟု ကျင့်ရမည်။

ငါ့သျှင်တို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်။

ထိုသို့ ကျင့်ရခြင်းသည် အဘယ့်ကြောင့်နည်း။

နက်နဲသော အနက် (ခန္ဓာ အာယတန ဓာတ်)အစုကို ပညာဖြင့် ထိုးထွင်း၍ သိမြင်ကြသည့် ပုဂ္ဂိုလ်တို့သည် အံ့ဖွယ်ရှိကုန်၍ လောက၌ ရခဲကုန်သောကြောင့်တည်းဟု (ဆိုတော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဌမ သန္ဒိဋ္ဌိကသုတ်

၄၇။ ထိုအခါ၌ မောဠိယသီဝကပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တရားတော်သည် ကိုယ်တိုင် သိမြင် ထိုက်၏၊ တရားတော်သည် ကိုယ်တိုင် သိမြင် ထိုက်၏ဟူ၍ ဆိုအပ်ပါ၏။

အသျှင်ဘုရား အဘယ်မျှဖြင့် တရားတော်သည် ကိုယ်တိုင် သိမြင် ထိုက်ပါသနည်း၊ အခါမလင့် အကျိုးပေးတတ်ပါသနည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်ပါသနည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်ပါသနည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိထိုက် ခံစား ထိုက်ပါသနည်း" ဟု လျှောက်၏။

သီဝက သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုသာလျှင် ပြန်၍မေးဦးအံ့၊ သင် သဘောကျသည့်အတိုင်း ငါ့အမေးကို ဖြေကြားရာ၏။

သီဝက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မိမိသန္တာန်၌ ထင်ရှားရှိသော လိုချင်မှု 'လောဘ'ကိုလည်း "ငါ၏ သန္တာန်၌ လိုချင်မှု'လောဘ'သည် ရှိ၏"ဟူ၍ သိ၏လော၊ မိမိသန္တာန်၌ ထင်ရှားမရှိသော လိုချင်မှု'လောဘ'ကိုလည်း "ငါ၏ သန္တာန်၌ လိုချင်မှု 'လောဘ'သည် ထင်ရှား မရှိ"ဟူ၍ သိ၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိပါ၏။

သီဝက သင်သည် မိမိသန္တာန်၌ ထင်ရှားရှိသော လိုချင်မှု'လောဘ'ကိုလည်း "ငါ၏ သန္တာန်၌ လိုချင်မှု'လောဘ'သည် ထင်ရှားရှိ၏"ဟူ၍ သိ၏၊မိမိသန္တာန်၌ ထင်ရှားမရှိသော 'လောဘ'ကိုလည်း "ငါ၏ သန္တာန်၌ လိုချင်မှု'လောဘ'သည် ထင်ရှားမရှိ"ဟူ၍ သိ၏၊ သီဝက ဤသို့လည်း တရားတော်သည် ကိုယ်တိုင် သိမြင် ထိုက်ပေ၏။ပ။

http://www.dhammadownload.com



သီဝက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မိမိသန္တာန်၌ ထင်ရှားရှိသော အမျက်ထွက်မှု'ဒေါသ'ကို။ပ။ မိမိသန္တာန်၌ ထင်ရှားမရှိသော ဒေါသကို၊ မိမိသန္တာန်၌ ထင်ရှားရှိသော တွေဝေမှု'မောဟ'ကို၊ မိမိသန္တာန်၌ ထင်ရှားမရှိသော မောဟကို၊ မိမိသန္တာန်၌ ထင်ရှားရှိသော လောဘနှင့် ယှဉ်သော တရားကို။ပ။မိမိသန္တာန်၌ ထင်ရှားရှိသော ဒေါသနှင့်ယှဉ်သော တရားကို။ပ။ မိမိသန္တာန်၌ ထင်ရှားရှိသော မောဟနှင့် ယှဉ်သော တရားကို"ငါ၏ သန္တာန်၌ မောဟနှင့်ယှဉ်သော တရားသည် ထင်ရှားရှိ၏"ဟု သိ၏လော၊ မိမိသန္တာန်၌ ထင်ရှားမရှိသော မောဟနှင့် ယှဉ်သော တရားကိုမူလည်း "ငါ၏သန္တာန်၌ မောဟနှင့် ယှဉ်သော တရားသည် ထင်ရှားမရှိ" ဟု သိ၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိပါ၏။

သီဝက သင်သည် မိမိသန္တာန်၌ ထင်ရှားရှိသော မောဟနှင့် ယှဉ်သော တရားကိုလည်း "ငါ၏ သန္တာန်၌ မောဟနှင့် ယှဉ်သော တရားသည် ထင်ရှားရှိ၏"ဟု သိ၏။

မိမိသန္တာန်၌ ထင်ရှားမရှိသော မောဟနှင့် ယှဉ်သော တရားကိုမူလည်း "ငါ၏ သန္တာန်၌ မောဟနှင့် ယှဉ်သော တရားသည် ထင်ရှားမရှိ"ဟု သိ၏။

သီဝက ဤသို့လည်း တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်၏၊ အခါမလင့် အကျိုးကို ပေးတတ်၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိထိုက် ခံစားထိုက်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။မြတ်စွာဘုရားသည် ယနေ့မှစ၍ အကျွန်ုပ်ကို အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သူ 'ဥပါသကာ'ဟု မှတ်တော်မူပါဟု (လျှောက်၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ သန္ဒိဋ္ဌိကသုတ်

၄၇။ ထိုအခါ၌ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်၏၊ တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်၏ဟူ၍ ဆိုအပ်၏၊ အသျှင်ဂေါတမ အဘယ်မျှဖြင့် တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်ပါသနည်း၊ အခါမလင့် အကျိုးပေးတတ်ပါသနည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်ပါသနည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်ပါသနည်း၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိထိုက် ခံစားထိုက်ပါသနည်း"ဟု လျှောက်ထား၏။

ပုဏ္ဏား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုသာလျှင် ပြန်၍ မေးဦးအံ့၊ သင် သဘောကျသည့်အတိုင်း ငါ့အမေးကို ဖြေကြားရာ၏။

http://www.dhammadownload.com



ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မိမိသန္တာန်၌ ထင်ရှားရှိသော စွဲမက်မှုရာဂကို လည်း "ငါ၏ သန္တာန်၌ ရာဂသည် ရှိ၏"ဟူ၍ သိ၏လော၊ မိမိသန္တာန်၌ ထင်ရှားမရှိသော ရာဂကို လည်း "ငါ၏ သန္တာန်၌ ရာဂသည် ထင်ရှားမရှိ"ဟူ၍ သိ၏လောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ သိပါ၏၊

ပုဏ္ဏား သင်သည် မိမိသန္တာန်၌ ထင်ရှားရှိသော ရာဂကိုလည်း "ငါ၏ သန္တာန်၌ ရာဂသည် ထင်ရှားရှိ၏"ဟူ၍ သိ၏၊ **မိမိသန္တာန်၌** ထင်ရှားမရှိသော ရာဂကိုလည်း"ငါ၏ သန္တာန်၌ ရာဂသည် ထင်ရှားမရှိ"ဟူ၍ သိ၏။ **ပုဏ္ဏား** ဤသို့လည်း တရားတော်သည် ကိုယ်ဘိုင် သိမြင်ထိုက်၏။ပ။

ပုဏ္ဏား ထိုအရာကို **အဘယ်သို့** မှတ်ထင်သနည်း၊ မိမိသန္တာန်၌ ထင်ရှားရှိသော အမျက်ထွက်မှု 'ဒေါသ'ကိုလည်း။ပ။မိမိ**သန္တာန်၌** ထင်ရှားရှိသော တွေဝေမှု'မောဟ'ကိုလည်း။ပ။ မိမိသန္တာန်၌ ထင်ရှားရှိသော ကိုယ်၏ ပြစ်မှားမှုကိုလည်း။ပ။ မိမိသန္တာန်၌ ထင်ရှားရှိသော နှုတ်၏ ပြစ်မှားမှု ကိုလည်း။ပ။မိမိသန္တာန်၌ ထင်ရှားရှိသော စိတ်၏ ပြစ်မှားမှုကိုလည်း "ငါ၏ သန္တာန်၌ စိတ်၏ ပြစ်မှားမှုသည် ရှိ၏"ဟု သိ၏လော၊ မိမိသန္တာန်၌ ထင်ရှားမရှိသော စိတ်၏ ပြစ်မှားမှုကိုလည်း "ငါ၏ သန္တာန်၌ စိတ်၏ ပြစ်မှားမှုသည် ထင်ရှားမရှိ"ဟု သိ၏လောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ သိပါ၏၊

ပုဏ္ဏား သင်သည် မိမိသန္တာန်၌ ထင်ရှားရှိသော စိတ်၏ ပြစ်မှားမှုကိုလည်း "ငါ၏ သန္တာန်၌ စိတ်၏ ပြစ်မှားမှုသည် ထင်ရှားရှိ၏"ဟု သိ၏၊ မိမိသန္တာန်၌ ထင်ရှားမရှိသော စိတ်၏ ပြစ်မှားမှု ကိုလည်း "ငါ၏ သန္တာန်၌ စိတ်၏ ပြစ်မှားမှုသည် ထင်ရှားမရှိ"ဟု သိ၏၊ ပုဏ္ဏား ဤသို့လည်း တရားတော်သည် ကိုယ်ဘိုင် သိမြင်ထိုက်၏၊ အခါမလင့် အကျိုးကိုပေးတတ်၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိထိုက် ခံစားထိုက်၏ ဟု (မိန့်တော်မူ၏)။

အသျှင် ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင် ဂေါတမ တရား တော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင် ဂေါတမသည် ယနေ့မှစ၍ အကျွန်ုပ်ကို အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သူ 'ဥပါသကာ' ဟု မှတ်တော်မူပါဟု (လျှောက်၏)။

ဆဋ္ဌသုတ်။

## ၇—ခေမသုတ်

၄၉။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအခါ အသျှင် ခေမ မထေရ်နှင့် အသျှင် သုမနမထေရ်တို့သည် သာဝတ္ထိပြည် အန္ဓဝန်တော၌ နေကုန်၏။ ထိုအခါ အသျှင် ခေမ အသျှင် သုမနမထေရ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြကုန်၏၊ တခုသော နေရာ၌ ထိုင်နေ သော အသျှင် ခေမသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

http://www.dhammadownload.com



အသျှင်ဘုရား ပူဇော်အထူးကို ခံထိုက်သော အာသဝေါတရား ကုန်ပြီးသော (မဂ်အကျင့်ကို) ကျင့်သုံးပြီးသော မဂ် ကိစ္စကို ပြုပြီးသော ဝန်ကို ချပြီးသော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား"ငါ့အား သူတပါးတို့ထက် မြတ်၏"ဟူသော (သေယျ)မာန်သည် ရှိ၏ဟုငြင်း"ငါ့အား သူတပါးနှင့်တူ၏" ဟူသော (သဒိသ)မာန်သည် ရှိ၏ဟုငြင်း "ငါ့အား သူတပါးအောက် ယုတ်၏" ဟူသော (ဟီန)မာန်သည် ရှိ၏ဟုငြင်း ဤသို့ မဖြစ်ပါ။

ဤစကားကို အသျှင် ခေမသည် လျှောက်၏၊ မြတ်စွာဘုရားသည် နှစ်သက် လိုက်လျောတော်မူ၏။

ထိုအခါ အသျှင် ခေမ မထေရ်သည်"မြတ်စွာဘုရားသည် ငါ၏(စကားကို) နှစ်သက်လိုက်လျော တော်မူ၏"ဟု (သိ၍)နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ အသျှင်သုမန မထေရ်သည် အသျှင် ခေမ ဖဲသွား၍ မကြာမီပင် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင် ဘုရား ပူဇော်အထူးကို ခံထိုက်သော အာသဝေါတရား ကုန်ပြီးသော(မဂ် အကျင့်ကို) ကျင့်သုံးပြီးသော မဂ် ကိစ္စကို ပြုပြီးသော ဝန်ကိုချပြီးသော မိမိအကျိုး(အရဟတ္တဖိုလ်)သို့ ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား "ငါ့အား သူတပါးတို့ထက် မြတ်၏"ဟူသော (သေယျ)မာန်သည် မရှိဟုငြင်း "ငါ့အား သူတပါးနှင့် တူ၏"ဟူသော(သဒိသ)မာန်သည် မရှိဟုငြင်း "ငါ့အား သူတပါးအောက် ယုတ်၏" ဟူသော (ဟီန)မာန်သည် မရှိဟုငြင်း ဤသို့ မဖြစ်ပါ။

ဤစကားကို အသျှင် သုမနသည် လျှောက်၏၊ မြတ်စွာဘုရားသည် နှစ်သက် လိုက်လျောတော်မူ၏။

ထိုအခါ အသျှင် သုမနသည် "မြတ်စွာဘုရားသည် ငါ၏ (စကားကို) နှစ်သက် လိုက်လျော တော်မူ၏" ဟု (သိ၍)နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင် ခေမ မထေရ် အသျှင် သုမနမထေရ်တို့ ဖဲသွား၍ မကြာမြင့်မီပင် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ဤသို့လျှင် အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကိုလည်း ပြောကြားကုန်၏၊ (အရဟတ္တဖိုလ်ဟူသော) အကျိုးကိုလည်း ဆိုအပ်၏၊ မိမိကိုယ်ကိုမူကား (အရဟတ္တဖိုလ်သို့) မဆောင်အပ်လေ၊ ထိုသို့ဖြစ်လျက် ဤလောက၌ အချို့ကုန်သော (မဂ် ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ပြက်ရယ်ပြုသကဲ့သို့ အရဟတ္တဖိုလ်ကို ပြောကြားကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ပင်ပန်းခြင်းသို့ ရောက်ကုန်၏"ဟု (မိန့်တော်မူ၏)။

ရဟန္တာပုဂ္ဂိုလ်တို့သည် မြတ်သော ပုဂ္ဂိုလ် ယုတ်သော ပုဂ္ဂိုလ် တူမျှသော ပုဂ္ဂိုလ်တို့၌ (မိမိကိုယ်ကို) မဆောင်ကုန် (မိမိကိုယ်ကို မနှိုင်းယှဉ်ကုန်)၊ (ထိုရဟန္တာပုဂ္ဂိုလ်တို့အား)

http://www.dhammadownload.com



ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် သံယောဇဉ် အနှောင်အဖွဲ့မှ ကျွတ်လွတ်ကြပြီးဖြစ်၍ (နိဗ္ဗာန်သို့) ကြွတော်မူကြလေကုန်သနည်း။

သတ္တမသုတ်။

## ၈-ဣန္ဒြိယသံဝရသုတ်

၅၀။ ရဟန်းတို့ ဣန္ဒြေကို စောင့်စည်းမှု 'ဣန္ဒြိယသံဝရသီလ' မရှိလတ်သော် ဣန္ဒြိယသံဝရသီလ ပျက်စီးသော ရဟန်းအား (ပါတိမောက္ခသံဝရ) သီလသည် ပျက်စီးရသော အကြောင်းရှိ၏၊ (ပါတိမောက္ခသံဝရ)သီလ မရှိလတ်သော် သီလပျက်စီးသော ပုဂ္ဂိုလ်အား ဤမှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'သည် ပျက်စီးရသော အကြောင်းရှိ၏၊ သမ္မာသမာဓိ မရှိလတ်သော် သမာဓိပျက်စီးသော ရဟန်းအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်သည် ပျက်စီးရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် ပျက်စီးသော ပုဂ္ဂိုလ်အား ငြီးငွေ့မှု'နိဗ္ဗိဒါဉာဏ်'နှင့် စွဲမက်မှု ကင်းခြင်း မဂ်ဉာဏ်သည် ပျက်စီးရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု'နိဗ္ဗိဒါဉာဏ်'နှင့် စွဲမက်မှုကင်းခြင်း (မဂ်ဉာဏ်) မရှိလတ်သော် ငြီးငွေ့မှု'နိဗ္ဗိဒါဉာဏ်'နှင့် စွဲမက်မှုကင်းခြင်း (မဂ်ဉာဏ်)ပျက်စီးသော ပုဂ္ဂိုလ်အား ကိလေသာမှ လွတ်မြောက်မှု (အရဟတ္တဖိုလ်)ကိုဆင်ခြင်သော ဉာဏ် အမြင်သည် ပျက်စီးရသော အကြောင်းရှိ၏။

ရဟန်းတို့ သစ်ပင်သည် အခက် အရွက် ပျက်စီးသည်ရှိသော် အပေွးသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အခွံသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အကာသည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဣန္ဒြေကို စောင့်စည်းမှု 'ဣန္ဒြိယသံဝရသီလ' မရှိလတ်သော် ဣန္ဒြိယသံဝရသီလ ပျက်စီးသော ရဟန်းအား (ပါတိမောက္ခသံဝရ)သီလသည် ပျက်စီးရသော အကြောင်းရှိ၏။ပ။ ကိလေသာမှ လွတ်မြောက်မှု (အရဟတ္တဖိုလ်)ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ပျက်စီးရသော အကြောင်းရှိ၏။

ရဟန်းတို့ ဣန္ဒြိယသံဝရသီလရှိလတ်သော် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသော ရဟန်းအား (ပါတိမောက္ခသံဝရ)သီလသည် ပြည့်စုံရသော အကြောင်းရှိ၏၊ (ပါတိမောက္ခသံဝရ)သီလ ရှိလတ်သော် သီလနှင့် ပြည့်စုံသော ရဟန်းအား သမ္မာသမာဓိသည် ပြည့်စုံရသော အကြောင်းရှိ၏၊ သမာဓိရှိလတ်သော် သမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်နှင့် ပြည့်စုံသော ရဟန်းအား ငြီးငွေ့မှု 'နိဗ္ဗိဒါဉာဏ်'စွဲမက်မှုကင်းခြင်း မဂ်ဉာဏ်သည် ပြည့်စုံရသော အကြောင်းရှိ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်နှင့် စွဲမက်မှု ကင်းခြင်း (မဂ်ဉာဏ်) ရှိလတ်သော် ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ် စွဲမက်မှု ကင်းခြင်း(မဂ်ဉာဏ်)နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ကိလေသာမှ လွတ်မြောက်မှု (အရဟတ္တဖိုလ်)ကို ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏။

ရဟန်းတို့ သစ်ပင်သည် အခက် အရွက်နှင့် ပြည့်စုံသည်ရှိသော် အပေွးသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏၊ အခွံသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏၊ အကာသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏၊

http://www.dhammadownload.com



အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်၏သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဣန္ဒြိယသံဝရသီလ ရှိလတ်သော် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသော ရဟန်းအား (ပါတိမောက္ခသံဝရ)သီလသည် ပြည့်စုံရသော အကြောင်းရှိ၏။ပ။ ကိလေသာမှ လွတ်မြောက်မှု(အရဟတ္တဖိုလ်)ကို ဆင်ခြင်တတ်သော ဉာဏ်အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အာနန္ဒသုတ်

၅၁။ ထိုအခါ အသျှင် အာနန္ဒာသည် အသျှင် သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင် သာရိပုတြာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် အသျှင် သာရိပုတြာ အား—

ငါ့သျှင် သာရိပုတြာ အဘယ်မျှသော အကြောင်းဖြင့် ရဟန်းသည် မကြားဘူးသေးသော တရားတို့ကိုလည်း ကြားနာရသနည်း၊ ထိုရဟန်းအား ကြားနာအပ်ကုန်ပြီးသော တရားတို့သည် လည်း ပျောက်ပျက်ခြင်းသို့ မရောက်ကုန်သနည်း၊ ထိုရဟန်းအား ရှေးက စိတ်ဖြင့် ရောက်ဘူး တွေ့ထိဘူးသော တရားတို့သည်လည်း မနောဒွါရ၌ ကောင်းစွာ ဖြစ်ကုန်သနည်း၊ မသိဘူးသေး သော တရားကိုလည်း သိရသနည်းဟု လျှောက်၏။

အသျှင်အာနန္ဒာသည် အကြား အမြင် များပါ၏၊ အသျှင်အာနန္ဒာလည်းသာလျှင် ဖြေကြားပါ လော့ဟု (ဆို၏)။

ငါ့သျှင်သာရိပုတြာ သို့ဖြစ်လျှင် နားထောင်တော်မူပါ၊ ကောင်းစွာ နှလုံးသွင်းတော်မူပါ၊ ဟောကြားပါမည်ဟု (ဆို၏)။

"ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်သာရိပုတြာသည် အသျှင်အာနန္ဒာအား ပြန်လျှောက်၏၊ အသျှင်အာနန္ဒာသည် ဤစကားကို ဟောကြားတော်မူ၏—

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော ဓမ္မကို သင်ယူ၏၊ ထိုရဟန်းသည် ကြားနာတိုင်း သင်ယူတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြား၏၊ ကြားနာတိုင်း သင်ယူတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ပို့ချ၏၊ ကြားနာတိုင်း သင်ယူ တိုင်းသော တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၏၊ ကြားနာတိုင်း သင်ယူတိုင်းသော တရားကို စိတ်ဖြင့် အဖန်ဖန်ကြံ၏၊ သုံးသပ်၏၊ စိတ်ဖြင့် ရှု၏၊ ဓမ္မကို ဆောင်ကုန် ဝိနည်းတော်ကို ဆောင်ကုန် ပါတိမောက်ကို ဆောင်ကုန်သော အကြား အမြင် များသည့် မထေရ်ရဟန်းတို့ နေထိုင်ရာ ကျောင်းတိုက်၌ ဝါကပ်ဆို၏၊ ထိုမထေရ်ကြီးတို့သို့ ရံဖန် ရံခါ ချဉ်းကပ်၍ "အသျှင် ဘုရား ဤတရားကား အသို့ဖြစ်ပါသနည်း၊ ဤပါဠိ၏အနက်ကား အသို့ဖြစ်ပါသနည်း"ဟု မေးမြန်း ၏၊ ပညာဖြင့် နှိုင်းချိန်၏၊ ထိုမထေရ်ကြီးတို့သည် ထိုအသျှင်အား မဖွင့်ပြရသေးသည်ကိုလည်း ဖွင့်ပြကြကုန်၏၊ မထင်စွာ ပြုရသေးသည်ကိုလည်း ထင်စွာပြုပေးကုန်၏၊ များပြားကုန်သော ယုံမှား ဖြစ်ဖွယ်ရာတို့၌လည်း ယုံမှားမှုကို ပယ်ဖျောက်ပေးကြကုန်၏။

http://www.dhammadownload.com



ငါ့သျှင်သာရိပုတြာ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် မကြားဘူးသေးသော တရားတို့ကိုလည်း ကြားနာရ၏၊ ထိုရဟန်းအား ကြားနာဘူးကုန်ပြီးသော တရားတို့သည်လည်း ပျောက်ပျက်ခြင်းသို့ မရောက်ကုန်၊ ထိုရဟန်းအား ရှေးက စိတ်ဖြင့် ရောက်ဘူး တွေ့ထိဘူးကုန်သော တရားတို့သည်လည်း မနောဒွါရ၌ ကောင်းစွာ ဖြစ်ကုန်၏၊ မသိဘူးသေးသော တရားကိုလည်း သိရ၏ဟု (မိန့်ဆို၏)။

ငါ့သျှင်အာနန္ဒာ အံ့ဖွယ် ရှိပါပေ၏၊ ငါ့သျှင်အာနန္ဒာ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်အာနန္ဒာသည် ဤအကြောင်းကို အလွန်လျှင် ကောင်းစွာ ဟောကြားအပ်ပါပေ၏၊ အသျှင်အာနန္ဒာကို ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူဟူ၍ ငါတို့ မှတ်ယူပါကုန်၏။

အသျှင်အာနန္ဒာသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော ဓမ္မကို သင်ယူ၏။

အသျှင်အာနန္ဒာသည် ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြား၏။

အသျှင်အာနန္ဒာသည် ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ပို့ချ၏။

အသျှင်အာနန္ဒာသည် ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်၏။

အသျှင်အာနန္ဒာသည် ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ သုံးသပ်၏၊ စိတ်ဖြင့် ရှု၏။

အသျှင်အာနန္ဒာသည် ဓမ္မကို ဆောင်ကုန် ဝိနည်းတော်ကို ဆောင်ကုန် ပါတိမောက်ကို ဆောင်ကုန်သော အကြားအမြင် များသည့် မထေရ်ကြီးရဟန်းတို့ နေထိုင်ရာ ကျောင်းတိုက်၌ ဝါကပ်ဆို၏၊ ထိုမထေရ်ကြီးတို့သို့ အသျှင်အာနန္ဒာသည် ရံဖန် ရံခါ ချဉ်းကပ်၍ "အသျှင်ဘုရား ဤတရားသည် အသို့ ဖြစ်ပါသနည်း၊ ဤပါဠိ၏ အနက်သည်ကား အသို့ဖြစ်ပါသနည်း"ဟု မေးမြန်း၏၊ ပညာဖြင့် နှိုင်းချိန်၏၊ ထိုမထေရ်ကြီးတို့သည် အသျှင်အာနန္ဒာအား မဖွင့်ပြရသည်ကိုလည်း ဖွင့်ပြကုန်၏၊ ထင်စွာ မပြုရသည်ကိုလည်း ထင်စွာ ပြုပေးကုန်၏၊ များပြားကုန်သော ယုံမှားဖြစ်ဖွယ်ရာတို့၌လည်း ယုံမှားမှုကို ပယ်ဖျောက်ပေးကုန်၏ဟု (ငါတို့ မှတ်ယူကုန်၏ဟု မိန့်ဆို၏)။

နဝမသုတ်။

---

## ၁၀-ခတ္တိယသုတ်

၅၂။ ထိုအခါ ဇာဏုသောဏိ ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

http://www.dhammadownload.com



အသျှင်ဂေါတမ မင်းတို့သည် အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု လျှောက်၏။

ပုဏ္ဏား မင်းတို့သည် စည်းစိမ်ကို အလိုရှိကုန်၏၊ ပညာအလို့ငှါ လေ့လာကုန်၏၊ ဗိုလ်ပါ အပေါင်းလျှင် တည်ရာရှိကုန်၏၊ ရေမြေကို အစိုးရခြင်းကို နှလုံးသွင်းကုန်၏၊အစိုးရခြင်းလျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ပုဏ္ဏားတို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု (လျှောက်၏)။

ပုဏ္ဏား ပုဏ္ဏားတို့သည်ကား စည်းစိမ်ကို အလိုရှိကုန်၏၊ ပညာအလို့ငှါ လေ့လာကုန်၏၊ မန္တာန်လျှင် တည်ရာရှိကုန်၏၊ ယဇ် ပူဇော်ခြင်းကို နှလုံးသွင်းကုန်၏၊ ဗြဟ္မာ့ဘုံသို့ ရောက်ခြင်းလျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ သူကြွယ်တို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု (လျှောက်၏)။

ပုဏ္ဏား သူကြွယ်တို့သည်ကား စည်းစိမ် ဥစ္စာကို အလိုရှိကုန်၏၊ ပညာအလို့ငှါ လေ့လာကုန်၏၊ အတတ်ပညာလျှင် တည်ရာရှိကုန်၏၊ အလုပ်ကိစ္စကို နှလုံးသွင်းကုန်၏၊ ပြီးဆုံးပြီးသော အလုပ်ကိစ္စလျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ မိန်းမတို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု(လျှောက်၏)။

ပုဏ္ဏား မိန်းမတို့သည်ကား ယောကျ်ားကို အလိုရှိကုန်၏၊ တန်ဆာဆင်ခြင်းငှါ လေ့လာကုန်၏၊ သားလျှင် တည်ရာရှိကုန်၏၊ လင်တူမယား မရှိမှုကို နှလုံးသွင်းကုန်၏၊ အစိုးရခြင်းလျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ခိုးသူတို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု (လျှောက်၏)။

ပုဏ္ဏား ခိုးသူတို့သည်ကား (သူတပါး ဥစ္စာ ပစ္စည်းကို) ယူခြင်းကို အလိုရှိကုန်၏၊ပုန်းအောင်းရန် အလို့ငှါ လေ့လာကုန်၏၊ လက်နက်လျှင် တည်ရာရှိကုန်၏၊ အမိုက်မှောင်ကို နှလုံးသွင်းကုန်၏၊ (ဥစ္စာရှင်တို့) မမြင်ရခြင်းလျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ရဟန်းတို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



ပုဏ္ဏား ရဟန်းတို့သည်ကား သည်းခံမှု သီလစင်ကြယ်မှုကို အင်္ဂါရှိကုန်၏၊ ပညာအလို့ငှါ လေ့လာကုန်၏၊ သီလလျှင် တည်ရာရှိကုန်၏၊ ကြောင့်ကြမရှိမှုကို နှလုံးသွင်းကုန်၏၊ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမသည်—

မင်းတို့၏ အလိုကိုရှင်း လေ့လာရာကိုရှင်း တည်ရာကိုရှင်း နှလုံးသွင်းကိုရှင်း အဆုံးကိုရှင်း သိတော်မူပါပေ၏။

အသျှင်ဂေါတမသည် ပုဏ္ဏားတို့၏လည်း။ပ။

အသျှင်ဂေါတမသည် သူကြွယ်တို့၏လည်း။ပ။

အသျှင်ဂေါတမသည် မိန်းမတို့၏လည်း။ပ။

အသျှင်ဂေါတမသည် ခိုးသူတို့၏လည်း။ပ။

အသျှင်ဂေါတမသည် ရဟန်းတို့၏လည်း အလိုကိုရှင်း လေ့လာရာကိုရှင်း တည်ရာကိုရှင်း နှလုံးသွင်းကိုရှင်း အဆုံးကိုရှင်း သိတော်မူပါပေ၏။

အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏။ ပ ။အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သူ 'ဥပါသကာ' ဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

ဒသမသုတ်။

---

## ၁၁-အပ္ပမာဒသုတ်

၅၃။ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

အသျှင်ဂေါတမ မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တခုသော တရားသည် ရှိသလောဟု လျှောက်၏။

ပုဏ္ဏား မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တခုသော တရားသည် ရှိ၏ဟု(မိန့်တော်မူ၏)။

အသျှင်ဂေါတမ မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တခုသော တရားဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။

ပုဏ္ဏား မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တခုသော တရားဟူသည် မမေ့လျော့မှု'အပ္ပမာဒ'ပင်တည်း။

http://www.dhammadownload.com



ပုဏ္ဏားး ကုန်းမြေ၌ ကျက်စားသွားလာကုန်သော သတ္တဝါတို့၏ ခြေရာဟူသမျှတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သကဲ့သို့ ဆင်ခြေရာကို ကြီးမားသည့် အဖြစ်ကြောင့် ထိုသတ္တဝါတို့၏ ခြေရာတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင် မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော တခုသော တရားဟူသည် မမေ့လျော့မှု 'အပ္ပမာဒ' ပင်တည်း။

ပုဏ္ဏားး ဥပမာတမျိုးသော်ကား အထွတ်တပ်သော အိမ်၏ အခြင်ဟူသမျှတို့သည် အထွတ်သို့ရောက်ကုန် အထွတ်သို့ ညွတ်ကုန် အထွတ်လျှင် စုဝေးရာရှိကုန်သကဲ့သို့ အထွတ်ကို ထိုအခြင်တို့ထက် မြတ်၏ဟူ၍ ဆိုအပ်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင်။ပ။

ပုဏ္ဏားး ဖြူဆံမြက်ရိတ် ယောကျ်ားသည် ဖြူဆံမြက်ကို ရိတ်၍ အဖျားး၌ ကိုင်ပြီးလျှင် အောက်သို့ ခါသကဲ့သို့ ဘေးနှစ်ဘက်သို့ ခါသကဲ့သို့ တစုံတခုဖြင့် ရိုက်နှက်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင်။ပ။

ပုဏ္ဏားး သရက်သီးခိုင်၏ သရက်သီး(ဟူသမျှ) တို့သည် အညှာ၌ဖြတ်ကုန် အညှာသို့ အစဉ်လိုက်ကုန်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင်။ပ။

ပုဏ္ဏားး မင်းငယ်အားလုံးတို့သည် စကြဝတေးမင်း၏ နောက်လိုက်ဖြစ်ကုန်သကဲ့သို့ ထိုမင်းတို့ထက် စကြဝတေးမင်းကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင်။ပ။

ပုဏ္ဏားး နက္ခတ်တာရာတို့၏ အရောင်ဟူသမျှသည် လရောင်၏ နှစ်ရာ့ငါးဆယ့်ခြောက်စိတ်၏ တစိတ်ကိုမျှ မမှီသကဲ့သို့ လရောင်ကို ထိုအရောင်တို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ပုဏ္ဏားး ထို့အတူသာလျှင် မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တရားဟူသည် မမေ့လျော့မှု 'အပ္ပမာဒ' ပင်တည်း။

ပုဏ္ဏားး ဤသည်လျှင် မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်ပါးလုံးကို ယူ၍ တည်သော ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သော တခုသော တရားပင်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဂေါတမသည် ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သူ 'ဥပါသကာ' ဟု မှတ်တော်မူပါဟု(လျှောက်၏)။

ကောဒသမသုတ်။

---

## ၁၂-ဓမ္မိကသုတ်

၅၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအခါ အသျှင်ဓမ္မိကသည် ဇာတိဘူမိအရပ်ရှိ ကျောင်းတိုက် ခုနစ်တိုက်လုံးတို့၌ ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်၏၊ ထိုအခါ အသျှင်ဓမ္မိကသည် ဧည့်သည် အာဂန္တု ရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ညှဉ်းဆဲ၏၊ စကားဖြင့် ထိုးဆွ၏၊ ချုတ်ချယ်၏၊ ထိုအာဂန္တုရဟန်းတို့သည်လည်း

http://www.dhammadownload.com



အသျှင်ဓမ္မိက ဆဲရေးခြိမ်းခြောက် ညှဉ်းဆဲ စကားဖြင့်ထိုးဆွ ချုတ်ချယ်အပ်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြရကုန်၏။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာတို့အား ဤအကြံသည် ဖြစ်၏—

"ငါတို့သည် ရဟန်းသံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာအထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်၏၊သို့ဖြစ်ပါလျက် အာဂန္တုကရဟန်းတို့သည် အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြကုန်၏၊ အာဂန္တုကရဟန်းတို့ အရပ်တပါးသို့ ကြွသွား၍ မတည်တံ့နိုင်ပဲ ကျောင်းကို စွန့်ကြခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊အထောက်အပံ့ကား အဘယ်ပါနည်း"ဟု(အကြံဖြစ်၏)။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာတို့အား ဤအကြံသည် ဖြစ်ပြန်၏။

"အသျှင်ဓမ္မိကသည် အာဂန္တုကရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ညှဉ်းဆဲ၏၊ စကားဖြင့် ထိုးဆွ၏၊ ချုတ်ချယ်၏၊ ထိုအာဂန္တုကရဟန်းတို့သည်လည်း ဤအသျှင်ဓမ္မိက ဆဲရေ ခြိမ်းခြောက် ညှဉ်းဆဲ စကားဖြင့် ထိုးဆွ ချုတ်ချယ်အပ်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဖဲသွားကြရကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြရကုန်၏၊ အကယ်၍ ငါတို့သည် အသျှင်ဓမ္မိကကို နှင်ထုတ်ရပါမူ ကောင်းလေရာ၏"ဟု (အကြံ ဖြစ်ပြန်၏)။

ထို့နောက် ဇာတိဘူမိနေ ဥပါသကာတို့သည် အသျှင်ဓမ္မိကထံသို့ ချဉ်းကပ်ကုန်၍ အသျှင်ဓမ္မိကအား "အသျှင်ဘုရား အသျှင်ဓမ္မိကသည် ဤကျောင်းတိုက်မှ ဖဲသွားတော်မူပါလော့၊ အသျှင့်အား ဤကျောင်း၌ နေခြင်းဖြင့် အကျိုးမရှိပါ"ဟု လျှောက်ကုန်၏။

ထိုအခါ အသျှင်ဓမ္မိကသည် ထိုကျောင်းမှ အခြားကျောင်းသို့ ကြွသွား၏။

ထိုရောက်သော ကျောင်း၌လည်း အသျှင်ဓမ္မိကသည် အာဂန္တုကရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ညှဉ်းဆဲ၏၊ စကားဖြင့် ထိုးဆွ၏၊ ချုတ်ချယ်၏၊ ထိုအာဂန္တုက ရဟန်းတို့သည်လည်း အသျှင်ဓမ္မိက ဆဲရေး ခြိမ်းခြောက် ညှဉ်းဆဲ စကားဖြင့် ထိုးဆွ ချုတ်ချယ်အပ်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြရကုန်၏။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာတို့အား ဤအကြံသည် ဖြစ်ပြန်၏။

"ငါတို့သည် ရဟန်းသံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်၏၊သို့ဖြစ်ပါလျက် အာဂန္တုကရဟန်းတို့သည် အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြကုန်၏၊ အာဂန္တုကရဟန်းတို့ အရပ်တပါးသို့ ကြွသွား၍ မတည်တံ့နိုင်ပဲ ကျောင်းကို စွန့်ကြခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊အထောက်အပံ့ကား အဘယ်ပါနည်း"ဟု(အကြံ ဖြစ်ပြန်၏)။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာတို့အား ဤအကြံသည် ဖြစ်ပြန်၏။

"ဤအသျှင်ဓမ္မိကသည် အာဂန္တုကရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ညှဉ်းဆဲ၏၊ စကားဖြင့် ထိုးဆွ၏၊ချုတ်ချယ်၏၊ ထိုအာဂန္တုကရဟန်းတို့သည်လည်း အသျှင်ဓမ္မိက ဆဲရေး ခြိမ်းခြောက် ညှဉ်းဆဲ စကားဖြင့် ထိုးဆွ ချုတ်ချယ်အပ်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဖဲသွားကြရကုန်၏၊

http://www.dhammadownload.com



မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြရကုန်၏၊ အကယ်၍ ငါတို့သည် အသျှင်ဓမ္မိကကို နှင်ထုတ်ရပါမူ ကောင်းလေရာ၏''ဟု (အကြံဖြင်ပြန်၏)။

ထိုနောက် ဇာတိဘူမိနေ ဥပါသကာတို့သည် အသျှင်ဓမ္မိကထံသို့ ချဉ်းကပ်ကြကုန်၍ အသျှင်ဓမ္မိကအား ''အသျှင်ဘုရား အသျှင်ဓမ္မိကသည် ဤကျောင်းတိုက်မှလည်း ဖဲသွားတော်မူပါလော့၊ အသျှင့်အား ဤကျောင်း၌ နေခြင်းဖြင့် အကျိုးမရှိပါ''ဟု လျှောက်ကုန်၏။

ထိုအခါ အသျှင်ဓမ္မိကသည် ထိုကျောင်းမှလည်း အခြားကျောင်းသို့ ဖဲသွားပြန်၏။

ထိုရောက်သော ကျောင်း၌လည်း အသျှင်ဓမ္မိကသည် အာဂန္တုကရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ညှဉ်းဆဲ၏၊ စကားဖြင့် ထိုးဆွ၏၊ ချုတ်ချယ်၏၊ ထိုအာဂန္တုကရဟန်းတို့သည်လည်း အသျှင်ဓမ္မိက ဆဲရေး ခြိမ်းခြောက် ညှဉ်းဆဲ စကားဖြင့် ထိုးဆွ ချုတ်ချယ်အပ်ကုန်သည်ဖြစ်၍ အရပ်တပါးသို့ ဖဲသွားကြရကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြရကုန်၏။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာတို့အား ဤအကြံသည် ဖြင်ပြန်၏။

''ငါတို့သည် ရဟန်းသံဃာကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်၏၊ သို့ဖြစ်ပါလျက် အာဂန္တုကရဟန်းတို့သည် အရပ်တပါးသို့ ဖဲသွားကြကုန်၏၊ မတည်တံ့နိုင်ကုန်၊ ကျောင်းကို စွန့်ကြကုန်၏၊ အာဂန္တုကရဟန်းတို့ အရပ်တပါးသို့ဖဲသွား၍ မတည်တံ့နိုင်ပဲ ကျောင်းကို စွန့်ကြခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း''ဟု (အကြံဖြစ်ပြန်၏)။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာဘို့အား ဤအကြံသည် ဖြစ်ပြန်၏၊ ''ဤအသျှင်ဓမ္မိကသည် အာဂန္တုကရဟန်းတို့ကို ဆဲရေး၏ ။ပ။

ငါတို့သည် အသျှင်ဓမ္မိကကို ဇာတိဘူမိရှိ ကျောင်း ခုနစ်ကျောင်းလုံးမှ နှင်ထုတ်ရပါမူ ကောင်းလေရာ၏''ဟု (အကြံ ဖြစ်ပြန်၏)။

ထိုအခါ ဇာတိဘူမိနေ ဥပါသကာဘို့သည် အသျှင်ဓမ္မိကထံသို့ ချဉ်းကပ်ကြကုန်၍ အသျှင်ဓမ္မိကကို''အသျှင်ဘုရား အသျှင်ဓမ္မိကသည် ဇာတိဘူမိရှိ ကျောင်း ခုနစ်ကျောင်းလုံးမှ ဖဲသွားတော်မူပါ''ဟု လျှောက်ကြကုန်၏။

ထိုအခါ အသျှင်ဓမ္မိကအား ဤအကြံသည် ဖြစ်၏။

''ဇာတိဘူမိနေ ဥပါသကာတို့သည် ဇာတိဘူမိရှိ ကျောင်း ခုနစ်ကျောင်းလုံးတို့မှ (ငါ့ကို) နှင်ထုတ်၏၊ ယခုအခါ အဘယ်အရပ်သို့ ငါသွားရပါမည်နည်း''ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်ဓမ္မိကအား ''မြတ်စွာဘုရားထံသို့ ငါသွားရပါမူ ကောင်းလေရာ၏''ဟု အကြံဖြစ်ပြန်၏။

ထိုအခါ အသျှင်ဓမ္မိကသည် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ သွား၏၊ အစဉ်အတိုင်း (လာခဲ့ရာ) ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်ဓမ္မိကအား မြတ်စွာဘုရားသည် —

http://www.dhammadownload.com



ပုဏ္ဏားမျိုး ဓမ္မိက ယခုအခါ အဘယ်အရပ်မှ သင်လာခဲ့သနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်ကို ဇာတိဘူမိ၌နေ ဥပါသကာတို့က ဇာတိဘူမိရှိ ကျောင်း ခုနစ်ကျောင်းလုံးတို့မှ နှင်ထုတ်ကြပါသည်ဟု (လျှောက်၏)။

ပုဏ္ဏားမျိုး ဓမ္မိက သင့်လျော်ပေ၏၊ သင်သည် ဇာတိဘူမိ၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်ကို ထိုထို ကျောင်းမှ နှင်ထုတ်ကြကုန်၏၊ သင်သည် ထိုထို ကျောင်းမှ နှင်ထုတ်ခံရသည်ဖြစ်၍ ငါ့ထံသို့သာလျှင် လာရ၏။

ပုဏ္ဏားမျိုး ဓမ္မိက ရှေး၌ ဖြစ်ဘူးသည်ကား သမုဒ္ဒရာ၌ သွားလာကုန်သော ကုန်သည်တို့သည် ကမ်းကြည့် ငှက်ကို ဖမ်းဆီး၍ လှေဖြင့် သမုဒ္ဒရာသို့ သွားကုန်၏၊လှေသည် ကမ်းကို မမြင်လတ်သော် ထိုကုန်သည်တို့သည် ကမ်းကြည့် ငှက်ကို လွှတ်လိုက်ကြကုန်၏၊ ထိုငှက်သည် အရှေ့အရပ်သို့ ပျံသွား၏၊ အနောက်အရပ်သို့ ပျံသွား၏၊ မြောက်အရပ်သို့ ပျံသွား၏၊ တောင်အရပ်သို့ ပျံသွား၏၊ အထက်အရပ်သို့ ပျံသွား၏၊ ထောင့် အရပ်သို့ ပျံသွား၏၊ ထိုငှက်သည် ထက်ဝန်းကျင်မှ ကမ်းကို အကယ်၍မြင်ပါမူ ထိုမြင်ရာသို့ ပျံသွား၏၊ ထိုငှက်သည် အကယ်၍ ထက်ဝန်းကျင်မှ ကမ်းကို မမြင်ပါမူ ထိုလှေသို့သာလျှင် တဖန်ပြန်လာ၏။

ပုဏ္ဏားမျိုး ဓမ္မိက ထို့အတူသာလျှင် သင့်ကို ထိုထိုကျောင်းမှ နှင်ထုတ်ကုန်၏၊ သင်သည် ထိုထိုကျောင်းမှ နှင်ထုတ်ခံရသည်ဖြစ်၍ ငါ့ထံသို့သာလျှင် လာဘိ၏။

ပုဏ္ဏားမျိုး ဓမ္မိက ရှေး၌ဖြစ်ဘူးသည်ကား ကောရဗျမင်း၏ သုပ္ပတိဋ္ဌမည်သော ပညောင်ပင်မင်းသည် အကိုင်း ငါးခုရှိ၏၊ အေးမြသော အရိပ်ရှိ၏၊ စိတ်နှလုံး မွေ့လျော်ဖွယ်ရှိ၏၊ ပုဏ္ဏားမျိုး ဓမ္မိက သုပ္ပတိဋ္ဌ ပညောင်ပင်မင်း၏ အကျယ်အပြန့်သည် တဆယ့်နှစ်ယူဇနာတိုင်အောင် ဖြစ်၏၊ အမြစ်တို့၏ (အကျယ်အပြန့်သည်) ငါးယူဇနာတိုင်အောင် ဖြစ်၏၊ ပုဏ္ဏားမျိုးဓမ္မိက သုပ္ပတိဋ္ဌ ပညောင်ပင်မင်း၏ အသီးတို့သည် တကွမ်းစား 'တပြည်'ချက် ထမင်းအိုး ပမာဏမျှလောက် ကြီးမားကြကုန်၏၊ ပျားကောင် ပျားဥမရှိသော ပျားရည်ပမာ အရသာရှိသော အသီးရှိကုန်၏၊ ပုဏ္ဏားမျိုး ဓမ္မိက သုပ္ပတိဋ္ဌ ပညောင်ပင်မင်း၏ အကိုင်းတခုကို မောင်းမမြွေရံနှင့်အတူ မင်းသည် သုံးဆောင်၏၊ အကိုင်းတခုကို စစ်သည်ဗိုလ်ပါ အပေါင်းသည် သုံးဆောင်၏၊ အကိုင်းတခုကို နိဂုံးဇနပုဒ်သားတို့ သုံးဆောင်ကုန်၏၊ အကိုင်းတခုကို သမဏဗြာဟ္မဏတို့ သုံးဆောင်ကုန်၏၊ အကိုင်းတခုကို သား သမင်တို့သည် သုံးဆောင် ကုန်၏၊ ပုဏ္ဏားမျိုး ဓမ္မိက သုပ္ပတိဋ္ဌပညောင်ပင်မင်း၏ အသီးတို့ကို တစုံတယောက်မျှ မစောင့်ရှောက်၊ တဦး၏ အသီးတို့ကို တဦးက မညှဉ်းဆဲ (မနှောင့်ရှက်)ကုန်၊ ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ ယောကျ်ားတယောက်သည် သုပ္ပတိဋ္ဌ ပညောင်ပင်မင်း၏ အသီးတို့ကို အလိုရှိတိုင်း စားပြီးလျှင် အခက်ကို ချိုးဖဲ့၍ ဖဲသွားလေ၏၊ ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ သုပ္ပတိဋ္ဌ ပညောင်ပင်စောင့် နတ်အား ဤအကြံသည်ဖြစ်၏။

"အချင်းတို့ အံ့ဩဖွယ် ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အလွန်ယုတ်မာသော လူပေတကား၊ သုပ္ပတိဋ္ဌပညောင်ပင်မင်း၏ အသီးတို့ကို အလိုရှိတိုင်း စားပြီးလျှင် အခက်ကို ချိုးဖဲ့၍ ဖဲသွားဘိ၏၊ သုပ္ပတိဋ္ဌပညောင်ပင်မင်းသည် နောင်အခါ၌ အသီးကို မပေးပါမူ ကောင်းလေရာ၏"ဟု (အကြံဖြစ်၏)။

http://www.dhammadownload.com



ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ သုပ္ပတိဋ္ဌပညောင်ပင်မင်းသည် နောင်အခါ၌ အသီးကို မပေးတော့ပြီ၊ ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ ကောရဗျမင်းသည် သိကြားမင်းထံသို့ ချဉ်းကပ်၍ သိကြားမင်းအား ဤစကားကို ဆို၏။

"အချင်း သိရှိတော်မူပါ၊ သုပ္ပတိဋ္ဌပညောင်ပင်မင်းသည် အသီးကို မပေးတော့ပါ"ဟု (ဆို၏)။

ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ သိကြားမင်းသည် လေကြီး မိုးကြီးလာ၍ သုပ္ပတိဋ္ဌပညောင်ပင်မင်းကို လည်းကျစေလျက် အမြစ်ထောင်နေသော အခြင်းအရာအားဖြင့် တန်ခိုးဖန်ဆင်းမှုကို ပြု၏။

ပုဏ္ဏားမျိုး ဓမ္မိက သုပ္ပတိဋ္ဌပညောင်ပင်စောင့် နတ်သည် ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည် ဖြစ်၍ မျက်ရည်ရွဲစို ငိုယိုလျက် တခုသော အရပ်၌ ရပ်နေ၏။

ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ သိကြားမင်းသည် သုပ္ပတိဋ္ဌပညောင်ပင်စောင့် နတ်ထံသို့ ချဉ်းကပ်၍ သုပ္ပတိဋ္ဌပညောင်ပင်စောင့်နတ်အား ဤစကားကို ပြောဆို၏။

"နတ်သား သင်သည် အဘယ့်ကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ မျက်ရည်ရွဲစို ငိုယိုလျက် တခုသော နေရာ၌ ရပ်နေဘိသနည်း"ဟု (ဆို၏)။

အရှင် လေကြီး မိုးကြီးလာ၍ အကျွန်ုပ်၏ ဗိမာန်ကို လည်းကျစေပါ၏၊ အမြစ်ထောင်နေသည်ကို ပြုပါ၏၊ ထို့ကြောင့် ငိုပါ၏ဟု (ဆို၏)

နတ်သား စင်စစ် သစ်ပင်တရား'ရုက္ခဓမ္မ'၌ တည်သော သင်၏ ဗိမာန်ကို လေကြီး မိုးကြီးသည် လာ၍ လည်းကျစေသလော၊ အမြစ်ထောင်နေအောင် ပြုသလောဟု (မေး၏)။

အရှင် အဘယ်သို့လျှင် သစ်ပင်သည် သစ်ပင်တရား၌ တည်ပါသနည်းဟု (မေး၏)။

နတ်သား ဤလောက၌ သစ်ပင်၏ အမြစ်ကို အလိုရှိသူတို့သည် အမြစ်ကို ဆောင်ကုန်၏၊ အခေါက်ကို အလိုရှိသူတို့သည် အခေါက်ကို ဆောင်ကုန်၏၊ အရွက်ကို အလိုရှိသူတို့သည် အရွက်ကို ဆောင်ကုန်၏၊ အပွင့်ကို အလိုရှိသူတို့သည် အပွင့်ကို ဆောင်ကုန်၏၊ အသီးကို အလိုရှိသူတို့သည် အသီးကို ဆောင်ကုန်၏၊ ထိုသို့ ဆောင်ခြင်းကြောင့် နတ်သည် နှလုံးမသာယာခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း မပြုထိုက်၊ နတ်သား ဤသို့လျှင် သစ်ပင်သည် သစ်ပင်တရား၌ တည်၏ဟု (ဆို၏)။

အရှင် သစ်ပင်တရား၌ မတည်သော အကျွန်ုပ်၏ ဗိမာန်ကို လေကြီး မိုးကြီးသည် လာ၍ လည်းကျစေ၏၊ အမြစ်ထောင်နေသည် ပြု၏ဟု (ဆို၏)။

နတ်သား သင်သည် အကယ်၍ သစ်ပင်တရား၌ တည်သည်ဖြစ်ငြားအံ့၊ သင်၏ ဗိမာန်သည် ရှေးအတိုင်းဖြစ်ရာ၏ဟု (ဆို၏)။

အရှင် အကျွန်ုပ်သည် သစ်ပင်တရား၌ တည်ပါအံ့၊ အကျွန်ုပ်၏ ဗိမာန်ကို ရှေးအတိုင်း ဖြစ်ပါစေဟု (ဆို၏)။

ပုဏ္ဏားမျိုး ဓမ္မိက ထိုအခါ၌ သိကြားမင်းသည် လေကြီး မိုးကြီးလာ၍ သုပ္ပတိဋ္ဌပညောင်ပင်မင်းကို စိုက်ထောင်စေသည့် အခြင်းအရာအားဖြင့် တန်ခိုးဖန်ဆင်းမှုကို ပြု၏၊ အမြစ်တို့သည် ရှေးအတိုင်း ဖြစ်ကုန်၏။

http://www.dhammadownload.com



ပုဏ္ဏားမျိုး ဓမ္မိက ထို့အတူသာလျှင် ရဟန်းတရား၌ တည်သော သင့်ကို ဇာတိဘူမိနေ ဥပါသကာတို့သည် ဇာတိဘူမိရှိ ကျောင်း ခုနစ်ကျောင်းလုံးတို့မှ နှင်ထုတ်ကြကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်သို့လျှင် ရဟန်းသည် ရဟန်းတရား၌ တည်ပါသနည်းဟု (လျှောက်၏)။

ပုဏ္ဏားမျိုး ဓမ္မိက ဤသာသနာတော်၌ ရဟန်းသည် ဆဲရေးသူကို ပြန်၍မဆဲရေး၊ ချုတ်ချယ်သူကို ပြန်၍ မချုတ်ချယ်၊ ငြင်းခုံသူကို ပြန်၍ မငြင်းခုံ၊ ပုဏ္ဏားမျိုး ဓမ္မိက ဤသို့လျှင် ရဟန်းသည် ရဟန်းတရား၌ တည်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းတရား၌ မတည်သည်သာလျှင်ဖြစ်သော အကျွန်ုပ်ကို ဇာတိဘူမိနေ ဥပါသကာတို့သည် ဇာတိဘူမိရှိ ခုနစ်ကျောင်းလုံးတို့မှ နှင်ထုတ်ကြပါကုန်၏ဟု (လျှောက်၏)။

ပုဏ္ဏားမျိုး ဓမ္မိက ရှေးကဖြစ်ဘူးသည်ကား အယုဝါဒတီထွင်သော ကာမဂုဏ်တို့၌ (ဝိက္ခမ္ဘနပဟာန်ဖြင့်)စွဲမက်မှုကင်းသော သုနေတ္တမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ၊ ပုဏ္ဏားမျိုး ဓမ္မိက သုနေတ္တမည်သော ဆရာအား တပည့်ရာပေါင်းများစွာတို့သည် ရှိကုန်၏၊ သုနေတ္တဆရာကြီးသည် တပည့်တို့အား ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟော၏၊ ပုဏ္ဏားမျိုး ဓမ္မိက သုနေတ္တဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် မကြည်ညိုစိတ်ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ကုန်၏။

သုနေတ္တဆရာကြီးသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် ကြည်ညိုစိတ်ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏။

ပုဏ္ဏားမျိုး ဓမ္မိက ရှေးကဖြစ်ဘူးသည်ကား—

မူဂပက္ခမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏။ပ။

အရနေမိမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏။ပ။

ကုဒ္ဒါလကမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏။ပ။

ဟတ္ထိပါလမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏။ပ။

အယုဝါဒ တီထွင်သော ကာမဂုဏ်တို့၌ စွဲမက်မှုကင်းသော ဇောတိပါလမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ၊ ပုဏ္ဏားမျိုး ဓမ္မိက ဇောတိပါလဆရာအား တပည့်ရာပေါင်းများစွာတို့သည် ရှိကုန်၏၊ ဇောတိပါလဆရာသည် တပည့်တို့အား ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရား ဟော၏။

ပုဏ္ဏားမျိုး ဓမ္မိက ဇောတိပါလဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် မကြည်ညိုစိတ် ရှိကြသည့် တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ကြကုန်၏။

ဇောတိပါလဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် ကြည်ညိုစိတ်ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြကုန်၏။

http://www.dhammadownload.com



ပုဏ္ဏားမျိုး ဓမ္မိက ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

အယူဝါဒ တီထွင်ကုန်သော ကာမဂုဏ်တို့၌ စွဲမက်မှု ကင်းပြီးကုန်သော ရာပေါင်းများစွာ အခြံအရံရှိကုန်သော တပည့်အပေါင်းနှင့် တကွဖြစ်ကုန်သော ဤဆရာခြောက်ဦးတို့ကို ပြစ်မှားလိုစိတ်ရှိသည်ဖြစ်၍ ဆဲရေးခြိမ်းခြောက်သူသည် များစွာသော မကောင်းမှုကို ပွါးစေရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဟုတ်ပါ၏ဟု (လျှောက်၏)။

ပုဏ္ဏားမျိုး ဓမ္မိက အယူဝါဒ တီထွင်ကုန်သော ကာမဂုဏ်တို့၌ စွဲမက်မှု ကင်းကုန်သော ရာပေါင်းများစွာ အခြံအရံရှိကုန်သော တပည့်အပေါင်းနှင့် တကွဖြစ်ကုန်သော ဤဆရာခြောက်ဦးတို့ကို ပြစ်မှားလိုစိတ် ရှိသည်ဖြစ်၍ ဆဲရေး ခြိမ်းခြောက်သူသည် များစွာ မကောင်းမှုကို ပွါးစေရာ၏။

ဉာဏ်နှင့် ပြည့်စုံသည့်(သောတာပန်)ပုဂ္ဂိုလ်တယောက်ကို ပြစ်မှားလိုစိတ် ရှိသည်ဖြစ်၍ ဆဲရေးခြိမ်းခြောက်သည့် ပုဂ္ဂိုလ်သည် ထိုရှေးပုဂ္ဂိုလ်တို့ထက် မကောင်းမှုကို သာ၍ များစွာ ပွါးများစေ၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။

ပုဏ္ဏားမျိုး ဓမ္မိက သီတင်းသုံးဖော်တို့၌ ဤဆဲရေး ခြိမ်းခြောက်မှုမျိုးကို မိမိကိုယ်ကို တူးဖို၏ဟု ဟောသကဲ့သို့ ဤသာသနာတော်အပ၌ ဤသို့ သဘောရှိသော ဆဲရေးခြိမ်းခြောက်မှုမျိုးကို မိမိကိုယ်ကို တူးဖို၏ဟု ငါမဆို။

ပုဏ္ဏားမျိုး ဓမ္မိက ထို့ကြောင့် ဤသို့ ကျင့်ရမည်—

"မိမိနှင့်ဘူသော သီတင်းသုံးဖော်တို့၌ ငါတို့၏ စိတ်တို့သည် ပြစ်မှားကြလိမ့်မည်မဟုတ်ကုန်" ဟု (ကျင့်ရမည်)၊ ပုဏ္ဏားမျိုး ဓမ္မိက ဤသို့လျှင် သင်သည် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

သုနေတ္တသည်၎င်း မူဂပက္ခသည်၎င်း အရနေမိပုဏ္ဏားသည်၎င်း ကုဒ္ဒါလကသည်၎င်း ဟတ္ထိပါလလုလင်သည်၎င်း ဆရာဖြစ်ဘူးပြီ။

မင်းခုနစ်ပါးတို့၏ ပုရောဟိတ်ဖြစ်သော ဂေါဝိန္ဒမည်သော ဇောတိပါလသည်လည်း ဆရာဖြစ်ဘူးပြီ၊ အခြံအရံများပြားကုန်သော ဆရာခြောက်ယောက်တို့သည် အတိတ်အဖို့၌ (သူတပါးကို) မညှဉ်းဆဲတတ်ကုန်။

အစိမ်းနံ့ 'ဒေါသ'မရှိကုန်သော ကရုဏာအရာ၌ နှလုံးသွင်းမှုရှိကုန်သော ကာမရာဂ သံယောဇဉ်ကို လွန်ကုန်သော ထိုဆရာတို့သည် ကာမဂုဏ်၌ စွဲမက်မှု ကင်းစေ၍ ဗြဟ္မာ့ပြည်သို့ လားကုန်ပြီ။

ထိုဆရာခြောက်ယောက်တို့၏ ရာပေါင်းစွာသော တပည့်တို့သည်လည်း အစိမ်းနံ့ 'ဒေါသ'မရှိကုန်၊ ကရုဏာအရာ၌ နှလုံးသွင်းကုန်၏၊ ကာမရာဂသံယောဇဉ် နှောင်ကြိုးကို လွန်မြောက်ကုန်၏၊ ကာမဂုဏ်၌ စွဲမက်မှု ကာမရာဂကို ကင်းစေ၍ ဗြဟ္မာ့ပြည်သို့ လားကုန်ပြီ။

အကြင်သူသည်(ဝိက္ခမ္ဘနပဟာန်ဖြင့်)စွဲမက်မှုကင်းပြီးကုန်သော ကောင်းစွာတည်ကြည်သော စိတ်ရှိကုန်သော သာသနာတော်မှ အပဖြစ်ကုန်သော ရသေ့တို့ကို ပြစ်မှားလိုသော

http://www.dhammadownload.com



စိတ်အကြံ ရှိသည်ဖြစ်၍ ခြိမ်းချောက်၏၊ ထိုသို့သဘောရှိသော ထိုလူသည် မကောင်းမှုကို များစွာ ပွါးများစေ၏။

အကြင်သူသည်ကား မြတ်စွာဘုရား၏ တပည့်ဖြစ်သော(သောတာပတ္တိ)မဂ်ဉာဏ်နှင့် ပြည့်စုံသော ရဟန်းတပါးကို ပြစ်မှားလိုသော စိတ်အကြံရှိသည်ဖြစ်၍ ခြိမ်းချောက်၏၊ ဤသူသည် ထိုဆရာခြောက်ယောက်ကို ခြိမ်းချောက်သူထက် အထူးအားဖြင့် များစွာ မကောင်းမှုကို ပွါးများစေ၏။

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိအကြောင်းကို ပယ်ခြင်းရှိသော ကောင်းသော သဘောရှိသူ (သောတာပန်ပုဂ္ဂိုလ်)ကို မထိပါးစေရာ၊ ကာမဂုဏ်တို့၌ စွဲမက်မှုမကင်းသော ဤ(သောတာပန်) ပုဂ္ဂိုလ်ကို အရိယာသံဃာ၏ ခုနစ်ယောက်မြောက်ပုဂ္ဂိုလ်[၁] ဟု ဆိုအပ်၏၊ အကြင်သောတာပန်ပုဂ္ဂိုလ်အား ဣန္ဒြေငါးပါးတို့သည် နုကုန်၏၊ သဒ္ဓါသည်၎င်း သတိသည်၎င်း ဝီရိယသည်၎င်း သမထသည်၎င်း ဝိပဿနာသည်၎င်း နု၏။

ထိုသို့သဘောရှိသော ရဟန်းကို ထိပါးမိသောကြောင့် (သူတပါးကို မညှဉ်းဆဲမီ) ရှေးအဖို့ကပင်လျှင် မိမိကိုယ်ကို ညှဉ်းဆဲသည်မည်၏၊ မိမိကိုယ်ကို ညှဉ်းဆဲပြီး၍ နောက်မှ သူတပါးကို ညှဉ်းဆဲသည်မည်၏။

အကြင်သူသည် မိမိကိုယ်ကို စောင့်ရှောက်၏၊ ထိုသူသည် အပဖြစ်သော ရန်သူကို စောင့်ရှောက်အပ်သည်မည်၏၊ ထို့ကြောင့် ပညာရှိသည် အခါခပ်သိမ်း(မိမိဂုဏ်ကို) မတူးဖြိုမူ၍ မိမိကိုယ်ကို စောင့်ရှောက်ရာသတည်း။

ဒွါဒသမသုတ်။

ငါးခုမြောက် ဓမ္မိကဝဂ် ပြီး၏။

ပဌမ သုတ်ငါးဆယ် ပြီး၏။

---

၁။　အရဟတ္တဖိုလ်မှစ၍ ရေတွက်သဖြင့် ခုနစ်ယောက်မြောက် ပုဂ္ဂိုလ်ဟု ဆိုလိုသည် (အဋ္ဌကထာ)။

http://www.dhammadownload.com

http://www.dhammadownload.com

# ၂-ဒုတိယပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

### ၆-မဟာဝဂ် ၁-သောဏသုတ်

၅၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်သောဏသည် ရာဇဂြိုဟ်ပြည် ယင်းတိုက်တော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေသော အသျှင်သောဏအား ဤအကြံသည် ထင်ရှားဖြစ်ပေါ်၏။

"ထက်သန်သော ဝီရိယရှိကုန်သည်ဖြစ်၍ နေကြသည့် မြတ်စွာဘုရား၏ တပည့်သာဝက ဟူသမျှတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏၊ သို့ဖြစ်ပါလျက် ငါ၏ စိတ်သည် (တဏှာဒိဋ္ဌိ တို့ဖြင့် တစုံတခုသော အာရုံကို) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်ချေ၊ ငါ၏ အိမ်၌ စည်းစိမ်ဥစ္စာ တို့သည် ရှိကုန်၏၊ စည်းစိမ်ဥစ္စာတို့ကို ခံစားရန် ကောင်းမှုတို့ကို ပြုရန် တတ်နိုင်၏၊ ငါသည် သိက္ခာချ၍ လူထွက်ပြီးလျှင် စည်းစိမ် ဥစ္စာတို့ကိုလည်း ခံစားရမူ ကောင်းမှု တို့ကိုလည်း ပြုရမူ ကောင်းလေစွ" ဟု (အကြံဖြစ်ပေါ်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏ၏ စိတ်အကြံကို (ကိုယ်တော်၏) စိတ်ဖြင့်သိတော်မူ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဂိဇ္ဈကုဋ်တောင်မှ ကွယ်ခဲ့၍ ယင်းတိုက်တော၌ ထင်ရှားဖြစ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏၊ အသျှင်သောဏ သည်လည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်သောဏအား မြတ်စွာဘုရားသည်—

သောဏ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေသော သင့်အား "ထက်သန် သော ဝီရိယရှိကုန်သည်ဖြစ်၍ နေကြသည့် မြတ်စွာဘုရား၏ တပည့်သာဝကဟူသမျှတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏၊ သို့ဖြစ်ပါလျက် ငါ၏စိတ်သည် (တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်ချေ၊ ငါ၏ အိမ်၌ စည်းစိမ် ဥစ္စာတို့သည် ရှိကုန်၏၊ စည်းစိမ် ဥစ္စာတို့ကို ခံစားရန် ကောင်းမှုတို့ကို ပြုရန် တတ်နိုင်၏၊ ငါသည် သိက္ခာချ၍ လူထွက် ပြီးလျှင် စည်းစိမ် ဥစ္စာတို့ကိုလည်း ခံစားရမူ ကောင်းမှုတို့ကိုလည်း ပြုရမူ ကောင်းလေစွ"ဟု စိတ် အကြံဖြစ်သည် မဟုတ်လော ဟု မေးတော်မူ၏။

မှန်ပါသည် အသျှင်ဘုရား။

http://www.dhammadownload.com



သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်သည် ရှေးအခါ လူဖြစ်စဉ်က စောင်းတီးမှု၌ လိမ္မာသည် မဟုတ်ပါလော ဟု(မေးတော်မူ၏)။

မှန်ပါသည် အသျှင်ဘုရား။

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်၏ စောင်းညို့ 'ကြိုး'တို့ တင်းလွန်းသောအခါ သင်၏ စောင်းသည် အသံ သာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မကောင်းပါ ဟု (လျှောက်၏)။

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်၏ စောင်းညို့ 'ကြိုး'တို့ လျော့လွန်းသောအခါ သင်၏ စောင်းသည် အသံသာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မကောင်းပါ။

သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။

သင်၏ စောင်းညို့ 'ကြိုး'တို့သည် မတင်းလွန်း မလျော့လွန်းမူ၍ ညီမျှသော ကြိုးအဖြစ်၌ တည်သောအခါ သင်၏ စောင်းသည် အသံ သာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကောင်းပါ၏။

သောဏ ဤအတူသာလျှင် ထက်သန်လွန်းသော ဝီရိယသည် ပျံ့လွင့်ရန် ဖြစ်၏၊ လျော့လွန်းသော ဝီရိယသည် ပျင်းရိရန် ဖြစ်၏၊ သောဏ ထို့ကြောင့် သင်သည် ဝီရိယနှင့် သမာဓိမျှသည်၏ အဖြစ်ကို ဆောက်တည်လော့၊ (သဒ္ဓါစသော) ဣန္ဒြေတို့၏ ညီမျှသော အဖြစ်ကိုလည်း သိလော့၊ ထိုသို့ ညီမျှလတ်သော် (သမထစသော) နိမိတ်ကို ဖြစ်စေလော့ ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု အသျှင်သောဏသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သောဏကို ဤအဆုံးအမဖြင့် ဆုံးမတော်မူ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်တန်းသကဲ့သို့ရှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရှင်း ဤအတူသာလျှင် ယင်းတိုက်တော၌ ကွယ်ခဲ့၍ ဂိဇ္ဈကုဋ်တောင်၌ ထင်ရှားဖြစ်တော်မူ၏။

အသျှင်သောဏသည် အခါတပါး၌ ဝီရိယနှင့် သမာဓိမျှသည်၏ အဖြစ်ကို ဆောက်တည်၏၊ (သဒ္ဓါစသော) ဣန္ဒြေတို့၏ ညီမျှသော အဖြစ်ကိုလည်း သိ၏၊ ထိုသို့ ညီမျှလတ်သော် (သမထစသော) နိမိတ်ကို ဖြစ်စေ၏။

ထိုအခါ အသျှင်သောဏသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့ မလျော့ ပြင်းစွာ အားထုတ်ကာ (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာ သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော (အရဟတ္တဖိုလ်) အကျိုးကို မကြာမီ ယခုဘဝ၌ပင်

http://www.dhammadownload.com



ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ”ဟု သိ၏၊ အသျှင်သောဏသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ထိုအခါ အရဟတ္တဖိုလ်သို့ ရောက်သော အသျှင်သောဏအား “ငါသည် မြတ်စွာဘုရား၏ အထံတော်၌ အရဟတ္တဖိုလ်ကို လျှောက်ထားရမှုကား ကောင်းလေရာ၏”ဟု အကြံ ဖြစ်၏၊ ထိုအခါ အသျှင်သောဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အာသဝေါတရားကုန်ပြီးသော (မဂ် အကျင့်ကို) ကျင့်သုံးပြီးသော မဂ်ကိစ္စကို ပြုပြီးသော (ခန္ဓာ) ဝန်ကို ချပြီးသော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ အစဉ်အတိုင်း ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းသည် ခြောက်မျိုးသော အကြောင်းတို့သို့ သက်ဝင်ပြီးဖြစ်၏၊ ကိလေသာမှ ထွက်မြောက်မှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးဖြစ်၏၊ (ကိလေသာမှ) ဆိတ်သုဉ်းမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးဖြစ်၏၊ ကြောင့်ကြမရှိမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးဖြစ်၏၊ တဏှာ၏ ကုန်ဆုံးမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးဖြစ်၏၊ ဥပါဒါန်တို့၏ ကုန်ဆုံးမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးဖြစ်၏၊ မောဟကင်းမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးဖြစ်၏။

အသျှင်ဘုရား တရံတခါ အချို့သော အသျှင်အား “ဤအသျှင်သည် သက်သက်ယုံကြည်မှု (သဒ္ဓါ) မျှကိုမှီ၍ (ကိလေသာတို့မှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်၏ ဟု ပြောကြားလေသလော*” ဟု အကြံဖြစ်ရာ၏။

အသျှင်ဘုရား ဤအရာကို ဤသို့ မမှတ်သင့်ပါ၊ အသျှင်ဘုရား (မဂ် အကျင့်ကို) ကျင့်သုံးပြီးသော မဂ်ကိစ္စကို ပြုပြီးသော မိမိ ပြုရမည့် ကိစ္စနှင့် ပြုပြီး (ကိစ္စ)၏ ပွါးခြင်းကို မမြင်သော အာသဝေါကုန်ပြီးသော ရဟန်းသည် ရာဂကုန်ခြင်း ရာဂကင်းခြင်းကြောင့် (ရာဂ)မှ ထွက်မြောက်မှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် (ဒေါသမှ) ထွက်မြောက်မှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောကင်းခြင်းကြောင့် (မောဟမှ) ထွက်မြောက်မှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

အသျှင်ဘုရား တရံတခါ အချို့သော အသျှင်အား “ဤအသျှင်သည် လာဘ်ပူဇော်သကာ အကျော်အစောကို တောင့်တ၍(ကိလေသာတို့မှ) ကင်းဆိတ်မှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်၏ ဟု ပြောကြားသေသလော”ဟု အကြံဖြစ်ရာပါ၏။

အသျှင်ဘုရား ဤအရာကို ဤသို့ မမှတ်သင့်ပါ။

အသျှင်ဘုရား(မဂ် အကျင့်ကို)ကျင့်သုံးပြီးသော မဂ် ကိစ္စကို ပြုပြီးသော မိမိပြုရမည့် ကိစ္စနှင့် ပြုပြီး (ကိစ္စ)၏ ပွါးခြင်းကို မမြင်သော အာသဝေါကုန်ပြီးသော ရဟန်းသည် ရာဂကုန်ခြင်း ရာဂ ကင်းခြင်းကြောင့် (ရာဂမှ) ကင်းဆိတ်မှု (အရဟတ္တဖိုလ်) သို့သက်ဝင်ပြီးသူ ဖြစ်ပါ၏။

http://www.dhammadownload.com



ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် (ဒေါသမှ) ကင်းဆိတ်မှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောဟကင်းခြင်းကြောင့် (မောဟမှ) ကင်းဆိတ်မှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

အသျှင်ဘုရား တရံတခါ အချို့သော အသျှင်အား ဤအသျှင်သည် မှားသောအားဖြင့် သုံးသပ်အပ်သော အလေ့အကျင့်ကို အနှစ်သာရအားဖြင့် ယုံကြည်သည်ဖြစ်၍ ကြောင့်ကြမရှိမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်၏ ဟု ပြောကြားလေသလော" ဟူ၍ အကြံဖြစ်ရာပါ၏။

အသျှင်ဘုရား ဤအရာကို ဤသို့ မမှတ်သင့်ပါ။

အသျှင်ဘုရား(မဂ် အကျင့်ကို) ကျင့်သုံးပြီးသော မဂ်ကိစ္စကို ပြုပြီးသော မိမိပြုရမည့် ကိစ္စနှင့် ပြုပြီး (ကိစ္စ)၏ ပွါးခြင်းကို မမြင်သော အာသဝေါကုန်ပြီးသော ရဟန်းသည် ရာဂကုန်ခြင်း ရာဂကင်းခြင်းကြောင့် ကြောင့်ကြမရှိမှု(အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် ကြောင့်ကြမရှိမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောဟကင်းခြင်းကြောင့် ကြောင့်ကြမရှိမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ရာဂကုန်ခြင်း ရာဂကင်းခြင်းကြောင့် တဏှာ၏ ကုန်ဆုံးမှု(အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် တဏှာ၏ကုန်ဆုံးမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောဟကင်းခြင်းကြောင့် တဏှာ၏ကုန်ဆုံးမှု(အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ရာဂကုန်ခြင်း ရာဂကင်းခြင်းကြောင့် ဉပါဒါန်၏ကုန်ဆုံးမှု(အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် ဉပါဒါန်၏ ကုန်ဆုံးမှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောဟကင်းခြင်းကြောင့် ဉပါဒါန်၏ ကုန်ဆုံးမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

ရာဂကုန်ခြင်း ရာဂကင်းခြင်းကြောင့် မောဟမရှိမှု (အရဟတ္တဖိုလ်)သို့ သင်ဝင်ပြီးသူ ဖြစ်ပါ၏။

ဒေါသကုန်ခြင်း ဒေါသကင်းခြင်းကြောင့် မောဟမရှိမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

မောဟကုန်ခြင်း မောဟကင်းခြင်းကြောင့် မောဟမရှိမှု (အရဟတ္တဖိုလ်) သို့ သက်ဝင်ပြီးသူ ဖြစ်ပါ၏။

အသျှင်ဘုရား ဤသို့ (ကိလေသာတို့မှ)ကောင်းစွာ လွတ်ပြီးသော စိတ်ရှိသော ရဟန်းအား စက္ခုဝိညာဉ်ဖြင့် သိအပ်သော လွန်ကဲသည့်အဆင်း 'ရူပါရုံ' တို့သည် အကယ်၍ မျက်စိအား

http://www.dhammadownload.com



ထင်ခြင်းသို့ ရောက်ကြစေကာမူ ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် ကိလေသာတို့နှင့် မရောနှောသည်သာလျှင်ဖြစ်၏၊ တည်တံ့၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏။ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏၊ သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော လွန်ကဲသည့်အသံ 'သဒ္ဒါရုံ'။ ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော အနံ့ 'ဂန္ဓာရုံ'။ ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော အရသာ 'ရသာရုံ'။ ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'။ စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် အကယ်၍ စိတ်အား ထင်ခြင်းသို့ ရောက်ကြစေကာမူ ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာ)တို့နှင့် မရောနှောသည် သာလျှင် ဖြစ်၏၊ တည်တံ့၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏။

အသျှင်ဘုရား ဥပမာသော်ကား အပေါက်အခေါင်းမရှိ တခဲနက်သော ကျောက်တောင်သည် ရှိသည်ဖြစ်ရာ၏၊ အရှေ့အရပ်မှ လေပြင်းမုန်တိုင်းသည် အကယ်၍ လာစေကာမူ ထိုတောင်ကို မရွေ့ရှား စေနိုင်ရာ၊ မလှုပ်ရှား စေနိုင်ရာ၊ ထို့မှ ဤမှ မတုန်လှုပ် စေနိုင်ရာ၊ အနောက်အရပ်မှ လေပြင်းမုန်တိုင်းသည် အကယ်၍ လာစေကာမူ မြောက်အရပ်မှ လေပြင်းမုန်တိုင်းသည် အကယ်၍ လာစေကာမူ တောင်အရပ်မှ လေပြင်းမုန်တိုင်းသည် အကယ်၍ လာစေကာမူ ထိုတောင်ကို မရွေ့ရှား စေနိုင်ရာ၊ မလှုပ်ရှား စေနိုင်ရာ၊ ထို့မှ ဤမှ မတုန်လှုပ် စေနိုင်ရာ။

အသျှင်ဘုရား ဤ အတူ သာလျှင် ဤသို့ (ကိလေသာတို့မှ) ကောင်းစွာ လွတ်ပြီးသော စိတ်ရှိသော ရဟန်းအား စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော လွန်ကဲသည့် အဆင်း'ရူပါရုံ' တို့သည် အကယ်၍ မျက်စိအား ထင်ခြင်းသို့ ရောက်ကြစေကာမူ ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင် ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာတို့နှင့်) မရောနှောသည်သာလျှင် ဖြစ်၏၊ တည်တံ့၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏။

သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော လွန်ကဲသည့် အသံ 'သဒ္ဒါရုံ'။ ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော အနံ့'ဂန္ဓာရုံ'။ ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော အရသာ'ရသာရုံ' ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် စိတ်အား ထင်ခြင်းသို့ ရောက်ကြစေကာမူ ထို ရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် (ကိလေသာတို့နှင့်) မရောနှောသည်သာလျှင် ဖြစ်၏၊ တည်တံ့၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏ဟု လျှောက်၏။

ထွက်မြောက်မှု (အရဟတ္တဖိုလ်) ကိလေသာတို့မှ ကင်းဆိတ်မှု (အရဟတ္တဖိုလ်) ကြောင့်ကြမရှိမှု (အရဟတ္တဖိုလ်) ဥပါဒါန်တို့၏ ကုန်ခန်းမှု (အရဟတ္တဖိုလ်) တဏှာ၏ ကုန်ခန်းမှု (အရဟတ္တဖိုလ်) စိတ်၏ မောဟမရှိမှု အရဟတ္တဖိုလ်သို့ သက်ဝင်ပြီးသူ ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်သည် အာယတနတို့၏ အဖြစ်အပျက်ကို ကောင်းစွာမြင်၍ (ကိလေသာ တို့မှ လွတ်မြောက်၏)။

ကောင်းစွာ(ကိလေသာတို့မှ)လွတ်သည်ဖြစ်၍ ငြိမ်သက်သော စိတ်ရှိသော ထိုရဟန္တာ ပုဂ္ဂိုလ်အား ပြုပြီး ကိစ္စကို တဖန်ပွါးစေခြင်း မရှိ၊ ပြုရမည့်ကိစ္စလည်း မရှိ။

http://www.dhammadownload.com



တခဲနက်သော ကျောက်တောင်သည် (ပြင်းထန်စွာ တိုက်ခတ်သော) လေကြောင့် မတုန်လှုပ်သကဲ့သို့ ထို့အတူ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အားလုံးတို့သည်၎င်း ကောင်းသော ဓမ္မာရုံ မကောင်းသော ဓမ္မာရုံတို့သည်၎င်း တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏ တည်ကြည်သော (ကိလေသာတို့မှ) လွတ်သော စိတ်ကို မတုန်လှုပ်စေနိုင်ကုန်၊ ထိုစိတ်၏ အဖြစ်အပျက်ကိုသာ ရှု၏။

ပဉ္စမသုတ်။

## ၂-ဖဂ္ဂုနသုတ်

၅၆။ ထိုအခါ အသျှင်ဖဂ္ဂုနသည် အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲလျက် ပြင်းပြစွာ မကျန်းမမာဖြစ်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အသျှင်ဖဂ္ဂုနသည် အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲလျက် ပြင်းပြစွာ မကျန်းမမာပါ၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သနားတော်မူသည်ကို အကြောင်းပြု၍ အသျှင်ဖဂ္ဂုန အထံသို့ ကြွတော်မူစေချင်ပါသည်"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းတော် မူရာမှ ထလျက် အသျှင်ဖဂ္ဂုနအထံသို့ ချဉ်းကပ်တော်မူ၏၊ အသျှင်ဖဂ္ဂုနသည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးမှ မြင်၍ ညောင်စောင်းမှ ထအံ့သော အမူအရာကို ပြု၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဖဂ္ဂုနအား—

"ဖဂ္ဂုန မသင့်၊ သင်သည် ညောင်စောင်းမှ မရွေ့မပြောင်းနှင့်၊ သူတပါးတို့ ပြင်ပြီးနေရာတို့ ရှိရာ ထိုနေရာ၌ ထိုင်တော်မူမည်"ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် အသျှင်ဖဂ္ဂုနအား—

ဖဂ္ဂုန အသို့နည်း သင့်အား ခန္ဓာကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့ ဆုတ်ယုတ်ကုန်၏လော၊ မတိုးပဲ ရှိ၏လော၊ ဆုတ်ယုတ်သော အခြေအနေသည် ထင်၏လော၊ တိုးတက်သော အခြေအနေသည် မထင်ပဲ ရှိ၏လော ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်အား မခန္ဓာကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းပြကုန်သော ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် ထက်လှစွာသော စူးဖြင့် ထိုးပ်၍ နှက်ဘိသကဲ့သို့ ဤအတူသာလျှင် ပြင်းထန်ကုန်သော လေတို့သည် ဦးထိပ်၌ နှိပ်စက်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်အား မခန္ဓာကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ဆင်းရဲဝေဒနာတို့

http://www.dhammadownload.com



တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ဟင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် မြဲမြံလှစွာသော ကြိုးလွန်းပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်သကဲ့သို့ ထို့အတူသာလျှင် အကျွန်ုပ်အား ဦးခေါင်း၌ ခေါင်းကိုက်ဝေဒနာတို့ ဖြစ်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

အသျှင်ဘုရား ကျွမ်းကျင်သော နွားသတ် ယောကျ်ားသည်ငှင်း နွားသတ် ယောကျ်ား၏ တပည့်သည်ငှင်း ထက်လှစွာသော သားလှီးဓားဖြင့် ဝမ်းကို မွှမ်းဘိသကဲ့သို့ ဤအတူသာလျှင် ပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးကျင့်ပါကုန်၏။

အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

အသျှင်ဘုရား အားကြီးသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်းလှသော ယောကျ်ားကို အသီးအသီးသော လက်မောင်းတို့၌ ဆွဲကိုင်၍ မီးကျီး၌ ကင်ကြကုန်သကဲ့သို့ ဤအတူသာလျှင် ကိုယ်၌ အလွန်ပူပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဖဂ္ဂုနအား တရားနှင့် လျော်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် နေရာမှ ထကာ ဖဲ၍ကြွသွားတော်မူ၏။

ထိုနောက် အသျှင်ဖဂ္ဂုနသည် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင် ကွယ်လွန်လေ၏၊ ထိုဖဂ္ဂုနမထေရ်၏ ထိုသေခါနီး ကာလ၌ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား အသျှင်ဖဂ္ဂုနသည် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင် ကွယ်လွန်ပါသည်၊ ထိုဖဂ္ဂုန၏ ထိုသေခါနီးအခါ၌ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ပါကုန်၏" ဟု (လျှောက်၏)။

အာနန္ဒာ ဖဂ္ဂုနရဟန်း၏ ဣန္ဒြေတို့သည် အဘယ့်ကြောင့် အထူးသဖြင့် မကြည်လင်ပဲ ရှိကုန်လိမ့်မည်နည်း၊ အာနန္ဒာ ဖဂ္ဂုနရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ မလွတ်သေးသည်သာဖြစ်၏၊ ထိုဖဂ္ဂုနရဟန်း၏ စိတ်သည် ထိုတရားဒေသနာကို ကြားနာရ၍ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်၏။

အာနန္ဒာ သင့်လျော် လျောက်ပတ်သော အခါ တရားကို နာခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကျိုးအကြောင်းကို ဆင်ခြင်ခြင်း၌ အကျိုးတို့သည် ဤခြောက်မျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်လေးမျိုးတို့နည်း ဟူမူ—

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့်ရ၏၊ ထိုရဟန်းအား မြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုတရား ဒေသနာကို ထိုရဟန်း၏ စိတ်သည် ကြားနာရ၍ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။

အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သော အခါ တရားနာရခြင်း၌ ပဌမ အကျိုးတည်း။

အာနန္ဒာ နောက်တမျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ်ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ တပည့်သာဝကကို ဖူးမျှော်ခွင့်ရ၏၊ မြတ်စွာဘုရား၏ တပည့် သာဝကသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏၊ ထိုတရားဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏၊ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ တရားနာရခြင်း၌ ဒုတိယအကျိုးသည်း။

အာနန္ဒာ နောက်တမျိုးကား ရဟန်းအား အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကိုလည်း ဖူးမျှော်ခွင့် မရ၊ မြတ်စွာဘုရား၏ တပည့်သာဝကကိုလည်း ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ အဖန်ဖန် သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန် ရှု၏၊ ကြားနာဘူး သင်ယူဘူးသည့် အတိုင်း တရားကို အဖန်ဖန် စိတ်ဖြင့် ကြံစည်သော အဖန်ဖန်သုံးသပ်သော စိတ်ဖြင့် အဖန်ဖန်ရှုသော ရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏၊ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ၌ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ တတိယ အကျိုးတည်း။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိ၏ ကုန်ရာ (နိဗ္ဗာန်) ၌ စိတ်သည် (အရဟတ္တဖိုလ်) ဖြင့် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် ရ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုတရား ဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အတုမရှိသော ဥပဓိ၏ကုန်ရာ (နိဗ္ဗာန်)၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏၊ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ တရားကို နာရခြင်း၌ စတုတ္ထ အကျိုးတည်း။

http://www.dhammadownload.com



အာနန္ဒာ နောက်တမျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိ၏ ကုန်ရာ (နိဗ္ဗာန်) ၌ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား တပည့်သာဝကကို ဖူးမျှော်ခွင့် ရ၏၊ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံ၍ စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏၊ ထိုတရားဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အတုမရှိ မြတ်သော ဥပဓိကုန်ရာ (နိဗ္ဗာန်)၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏၊ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ တရားနာရခြင်း၌ ပဌမ အကျိုးတည်း။

အာနန္ဒာ နောက်တမျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိကုန်ရာ (နိဗ္ဗာန်)၌ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကိုလည်း ဖူးမျှော်ခွင့် မရ၊ မြတ်စွာဘုရား၏ တပည့်သာဝကကိုလည်း ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား ကြားနာဘူး သင်ယူဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ အဖန်ဖန် သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန် ရှု၏၊ ကြားနာဘူး သင်ယူဘူးသည့် အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန်ကြံသော အဖန်ဖန် သုံးသပ်သော စိတ်ဖြင့် အဖန်ဖန် ရှုသော ထိုရဟန်း၏ စိတ်သည် အတုမရှိသော ဥပဓိကုန်ရာ (နိဗ္ဗာန်)၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏။

အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သော အခါ၌ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ ဆဋ္ဌ အကျိုးတည်း။

အာနန္ဒာ သင့်လျော် လျောက်ပတ်သော အခါ တရားနာခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ အကျိုးတို့သည် ဤခြောက်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဆဠဘိဇာတိသုတ်

၅၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား ပူရဏကဿပသည် အမျိုးဇာတ် ခြောက်မျိုးတို့ကို ပညတ်ပါ၏။

မည်းညစ်သော အမျိုးဇာတ်ကို ပညတ်၏၊ ညိုသောအမျိုးဇာတ်ကို ပညတ်၏၊ နီသော အမျိုးဇာတ်ကို ပညတ်၏၊ ဝါသောအမျိုးဇာတ်ကို ပညတ်၏၊ ဖြူသောအမျိုးဇာတ်ကို ပညတ်၏၊ အလွန်ဖြူသော အမျိုးဇာတ်ကို ပညတ်၏။

http://www.dhammadownload.com



အသျှင်ဘုရား ပူရဏကဿပသည် ဆိတ်သတ်သမား ဝက်သတ်သမား သားသတ်သမား မုဆိုး တံငါ ခိုးသူသတ်ယောကျ်ား ထောင်မှူးတို့နှင့် အခြား ကြမ်းကြုတ်သော အမှုဖြင့် အသက် မွေးသူ ဟူသမျှတို့ကို မည်းညစ်သော အမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည်(ပစ္စည်းလေးပါး၌)ဆူးငြောင့် သဖွယ်ဖြစ်သော ဆန္ဒရာဂဖြင့် အသက်မွေးခြင်းရှိသည့် ရဟန်းတို့နှင့် အခြား ကမ္မဝါဒီ ကြိယဝါဒီ ဟူသမျှတို့ကို ညိုသော အမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည် အဝတ်တခုတည်းကို ဝတ်သော နိဂဏ္ဌတက္ကတွန်းကို နီသော အမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည် အဝတ်မဝတ်သူ 'တက္ကတွန်း' တို့၏ တပည့် အဝတ်ဖြူ ဝတ်သည့်သူတို့ကို ဝါသောအမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည် အာဇီဝက တက္ကတွန်းနှင့် အာဇီဝက တက္ကတွန်းမ တို့ကို ဖြူသောအမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည် နန္ဒ ဝစ္ဆ ကိသ သံကိစ္စနှင့် မက္ခလိဂေါသာလတို့ကို အလွန် ဖြူစင်သော အမျိုးဇာတ်ဟု ပညတ်ပါ၏။

အသျှင်ဘုရား ပူရဏကဿပသည်(ဤသို့လျှင်) အမျိုးဇာတ်ခြောက်မျိုးတို့ကို ပညတ်ပါ၏ဟု လျှောက်၏။

အာနန္ဒာ အသို့နည်း ပူရဏကဿပအား တလောကလုံးက ဤအမျိုးဇာတ် ခြောက်မျိုးတို့ကို ပညတ်ရန် ခွင့်ပြုပါသလော ဟု(မေးတော်မူ၏)။

အသျှင်ဘုရား ခွင့်ပြုကြသည် မဟုတ်ပါ။

အာနန္ဒာ ကိုယ်ပိုင်ဥစ္စာမရှိသော မကြွယ်ဝသော ဆင်းရဲသော ယောကျ်ားသည် ရှိရာ၏။

ထိုသူအား အချင်းယောကျ်ား သင်သည် ဤနွားသားကိုလည်း စားရမည်၊ အဖိုးကိုလည်း ပေးရမည်(ဟုဆို၍) အလိုမရှိပဲလျက် အမဲသားတွဲကို အတင်း ထိုးပေးသကဲ့သို့ အာနန္ဒာ ဤအတူ သာလျှင် ပူရဏကဿပသည် ဤသမဏဗြာဟ္မဏတို့အား ဤဇာတ်ခြောက်မျိုးတို့ကို ဝန်ခံချက် မရပဲ မိုက်သော မကျွမ်းကျင်သော ခေတ်ကို မသိသော မလိမ္မာသော ယောကျ်ားသည် ပညတ်သကဲ့သို့ ပညတ်၏။

အာနန္ဒာ ငါသည် အမျိုးဇာတ်ခြောက်မျိုးတို့ကို ပညတ်အံ့၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု(မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟူ၍ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အာနန္ဒာ အမျိုးဇာတ်ခြောက်မျိုးတို့ဟူသည် အဘယ်တို့နည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောတရားကို ဖြစ်စေ၏။

http://www.dhammadownload.com



အာနန္ဒာ ဤလောက၌ အချို့သောသူသည် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ ဤလောက၌ အချို့သော သူသည် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ အဘယ်သို့လျှင် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောတရားကို ဖြစ်စေသနည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ယုတ်နိမ့်သော အမျိုးဇာတ်ဖြစ်သည့် ဒွန်းစဏ္ဍား အမျိုး၌ ဖြစ်စေ မုဆိုးတံငါမျိုး၌ ဖြစ်စေ နီးသမားအမျိုး၌ ဖြစ်စေ သားရေနယ် အမျိုး၌ ဖြစ်စေ ပန်းမှိုက်သွန်အမျိုး၌ ဖြစ်စေ ထမင်းအဖျော်နည်းပါးသော ငြိုငြင်စွာ အသက်မွေးရသည့် လူမွဲမျိုး၌ ဖြစ်ရ၏၊ ယင်းအမျိုးတို့၌ ငြိုငြင်စွာ အစားအဝတ်ကို ရ၏၊ ထိုသူသည် အဆင်းမလှ၊ ရှုချင်ဖွယ် မရှိ၊ ပုကွ၏၊ အနာရောဂါများ၏။ ကန်းသူ ကောက်ကွေးသူ ခွင်သူ ခြေ ဆွံ့သူမူလည်း ဖြစ်၏။

ထမင်းအဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို မရရှိလေ၊ ထိုသူသည် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်သောကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ငရဲ၌ ဖြစ်ရ၏။

အာနန္ဒာ ဤသို့လျှင် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ အဘယ်သို့လျှင် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘောတရားကို ဖြစ်စေသနည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ယုတ်နိမ့်သော အမျိုးဇာတ်ဖြစ်သည့် ဒွန်းစဏ္ဍား မျိုး၌ ဖြစ်စေ။ပ။အိပ်ရာ နေရာ ဆီမီးကို မရနိုင်ချေ။

ထိုသူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော

http://www.dhammadownload.com



အကျင့်ကို ပြုကျင့်သောကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရ၏။

အာနန္ဒာ ဤသို့လျှင် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ အဘယ်သို့လျှင် မည်းညစ်သော ဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်သနည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ယုတ်နိမ့်သော အမျိုးဇာတ်ဖြစ်သည့် ဒွန်းစဏ္ဍားမျိုး၌ ဖြစ်စေ။ပ။ထိုသူသည်ကား အဆင်းမလှ ရှုချင်ဖွယ် မရှိ၊ ပုကွ၏၊ ထိုသူသည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၏၊ ထိုသူသည် ဤသို့ ရဟန်း ပြုသည်ရှိသော် စိတ်ညစ်ညူးကြောင်း ဖြစ်ကုန်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော အပိတ်အပင်'နီဝရဏ'တရားငါးပါးတို့ကို ပယ်ပြီးလျှင် သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကိုကောင်းစွာတည်စေလျက် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးများ၍ မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ ဤသို့လျှင် မည်းညစ်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ အဘယ်သို့လျှင် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောတရားကို ဖြစ်စေသနည်း။

အာနန္ဒာ ဤလောက၌ အချို့သော သူသည် ကြွယ်ဝသော များသော ဥစ္စာရှိသော များသော စည်းစိမ်ရှိသော များသော ရွှေ ငွေရှိသော များသော အသုံးအဆောင် ရှိသော များသော ဥစ္စာစပါး ရှိသော ခတ္တိယ မဟာသာလ (မင်း) မျိုး ဗြာဟ္မဏ မဟာသာလ (ပုဏ္ဏား) မျိုး 'ဂဟပတိ မဟာသာလ (သူကြွယ်) မျိုးဖြစ်သည့် မြင့်မြတ်သော အမျိုး၌ ဖြစ်၏၊ ထိုသူသည် အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏၊ စိတ်ကြည်လင်ဖွယ် ရှိ၏၊ လွန်ကဲသော အဆင်း ကိုယ်သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးတို့ကို ရလွယ်၏၊ ထိုသူသည် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ် စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်သောကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ငရဲ၌ ဖြစ်ရ၏။

အာနန္ဒာ ဤသို့လျှင် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘော တရားကို ဖြစ်စေ၏။

အာနန္ဒာ အဘယ်သို့လျှင် ဖြစ်စင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘော တရားကို ဖြစ်စေသနည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ကြွယ်ဝသော များသော ဥစ္စာရှိသော မြင့်မြတ် သော အမျိုး၌ ဖြစ်၏။ပ။ အိပ်ရာ နေရာ ဆီမီးတို့ကို ရ၏၊ ထိုသူသည် ကိုယ်ဖြင့်ကောင်းသော

http://www.dhammadownload.com



အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ပြုကျင့်သောကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။

အာနန္ဒာ ဤသို့လျှင် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် ဖြူစင်သော သဘောတရားကို ဖြစ်စေ၏။

အာနန္ဒာ အဘယ်သို့လျှင် ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်း မဟုတ်သော နိဗ္ဗာန်သို့ ရောက်သနည်း။

အာနန္ဒာ ဤလောက၌ အချို့သောသူသည် ကြွယ်ဝသော များသောဥစ္စာရှိသော များသော စည်းစိမ်ရှိသော များသော ရွှေ ငွေရှိသော များသော အသုံးအဆောင်ရှိသော များသော ဥစ္စာစပါးရှိသော ခတ္တိယမဟာသာလ(မင်း)မျိုး ဗြာဟ္မဏ မဟာသာလ(ပုဏ္ဏား)မျိုး ဂဟပတိ မဟာသာလ(သူကြွယ်)မျိုးဖြစ်သည့် မြတ်သော အမျိုး၌ ဖြစ်၏၊ ထိုသူသည် အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏၊ စိတ်ကြည်လင်ဖွယ် ရှိ၏၊ လွန်ကဲသော အဆင်းကိုယ်သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးတို့ကို ရလွယ်၏။ ထိုသူသည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၏၊ ထိုသူသည် ဤသို့ ရဟန်းပြုသည်ရှိသော် စိတ်ညစ်ညူးကြောင်းဖြစ်ကုန်သော ပညာအားနည်းခြင်းကို ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်ပြီး၍ သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကောင်းစွာတည်စေလျက် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးများ၍ မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ ဤသို့လျှင် ဖြူစင်သော အမျိုးဇာတ်ရှိသည် ဖြစ်ပါလျက် မည်းညစ်သည်လည်းမဟုတ် ဖြူစင်သည်လည်းမဟုတ်သော နိဗ္ဗာန်သို့ ရောက်၏။

အာနန္ဒာ အမျိုးဇာတ်ခြောက်မျိုးတို့သည် ဤသည်တို့ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အာသဝသုတ်

၅၈။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စောင့်စည်းမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို စောင့်စည်းမှုဖြင့် ပယ်အပ်ကုန်၏၊ မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို မှီဝဲမှုဖြင့် ပယ်အပ်

http://www.dhammadownload.com



ကုန်၏၊ သည်းခံမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို သည်းခံမှုဖြင့် ပယ်အပ်ကုန်၏၊ ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ရှောင်ကြဉ်မှုဖြင့် ပယ်အပ်ကုန်၏၊ ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပယ်ဖျောက်မှုဖြင့် ပယ်အပ်ကုန်၏၊ ပွါးများမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပွါးများမှုဖြင့် ပယ်အပ်ကုန်၏။

ရဟန်းတို့ စောင့်စည်းမှုဖြင့် ပယ်ရမည့်အာသဝေါတရားတို့ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ စက္ခုန္ဒြေကို စောင့်စည်းမှုဖြင့် စောင့်စည်းလျက် နေ၏၊ ရဟန်းတို့ ယင်း စက္ခုန္ဒြေ စောင့်စည်းမှုကို မစောင့်စည်းပဲ နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ)အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ စက္ခုန္ဒြေစောင့်စည်းမှုကို စောင့်စည်းနေသော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်။

အသင့်အားဖြင့် ဆင်ခြင်၍ သောတိန္ဒြေ။ပ။ ဃာနိန္ဒြေ။ ဇိဝှိန္ဒြေ။ ကာယိန္ဒြေ။ မနိန္ဒြေကို စောင့်စည်းမှုဖြင့် စောင့်စည်းလျက် နေ၏၊ ရဟန်းတို့ ယင်း မနိန္ဒြေ စောင့်စည်းမှုကို မစောင့်စည်းပဲ နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ)အပူမီးတို့ ဖြစ်ကုန်ရာ၏၊ မနိန္ဒြေစောင့်စည်းမှုကို စောင့်စည်းနေသော ရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို စောင့်စည်းမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဝဲ၏၊ အအေးကို ပယ်ဖျောက်ရန်မျှသာ အပူကို ပယ်ဖျောက်ရန်မျှသာ မှက်ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရန်မျှသာ အရှက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းရန်မျှသာ (သင်္ကန်းကို မှီဝဲ၏)။

အသင့်အားဖြင့် ဆင်ခြင်၍ ဆွမ်းကို မှီဝဲ၏၊ မြူးထူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်း ဖွံ့ဖြိုး တိုးပွါးရန် (ဆွမ်းကို မှီဝဲသည်) မဟုတ်၊ ဤကိုယ် တည်တံ့ရန်သာ မျှတရန်သာ ဆာလောင် မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်သာ မြတ်သော အကျင့်ကို ချီးမြှောက်ရန်သာ ဆွမ်းကို မှီဝဲ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာ နေရခြင်းသည် ဖြစ်ပေလိမ့်မည်ဟု (ဆွမ်းကို မှီဝဲ၏)။

အသင့်အားဖြင့် ဆင်ခြင်၍ ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊အအေးကို ပယ်ဖျောက်ရန်မျှသာ အပူကို ပယ်ဖျောက်ရန်မျှသာ မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရန်မျှသာ ရာသီဥတုဘေးရန်ကို ပယ်ဖျောက်၍ ကိန်းအောင်းမွေ့လျော်ရန်မျှသာ (ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏)။

http://www.dhammadownload.com



အသင့်အားဖြင့် ဆင်ခြင်၍ သူနာ၏ အထောက်အပံ့ ဆေး ပစ္စည်း အသုံးအဆောင်ကို မှီဝဲ၏၊ ဖြစ်ပေါ်လာသည့် ကျင်နာ ခံခက် နှိပ်စက်တတ်သော ရောဂါဝေဒနာတို့ကို ပယ်ဖျောက်ရန်မျှသာ ဆင်းရဲ ဒုက္ခ ကင်းပျောက်ရန်မျှသာ (ဆေးကို မှီဝဲ၏)။

ရဟန်းတို့ ယင်းပစ္စည်းလေးပါးကို မသုံးဆောင် မမှီဝဲသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း ကိလေသာ အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ မှီဝဲသော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ သည်းခံမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့သည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့ကိုငြင်း မကောင်းသဖြင့် ဆိုအပ်ကုန် မကောင်းသဖြင့် ကျရောက်လာကုန်သော စကားတို့ကိုငြင်း ဖြစ်ပေါ်လာကုန်သော ကိုယ်၌ဖြစ်ကုန်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်ကုန်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုငြင်း သည်းခံနိုင်သော သဘောရှိ၏၊ ရဟန်းတို့ ယင်းဆင်းရဲဒုက္ခကို သည်းမခံနိုင်သော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ သည်းခံနိုင်သော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို သည်းခံမှုဖြင့်ပယ်ရမည့် အာသဝေါတရားတို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဆင်ကြမ်း မြင်းကြမ်း နွားကြမ်း ခွေးကြမ်းကို ရှောင်ကြဉ်၏၊ မြွေ သစ်ငုတ် ဆူး ရှိရာအရပ် ချောက်ကမ်းပါး အညစ်အကြေးစွန့်ရာ တန်စီ.တွင်း အညစ်အကြေး စီးဆင်းရာ တန်စီးမြောင်းကို ရှောင်ကြဉ်၏၊ အကြင်သို့ သဘောရှိသော မသင့်သော နေရာမျိုး၌ နေသောရဟန်း မသင့်သော ကျက်စားရာမျိုး၌ ကျက်စားသောရဟန်း ယုတ်မာသော မိတ်ဆွေကို ပေါင်းသင်း ဆည်းကပ်သော ရဟန်းကို ပညာရှိ သီတင်းသုံးဖော်တို့က မကောင်းသော အရာဌာနတို့၌ တွေးတောကုန်ရာ၏၊ ထိုရဟန်းသည် ထိုမသင့်သော နေရာမျိုး မသင့်သော ကျက်စားရာမျိုး မိတ်ဆွေယုတ်မျိုးတို့ကို အသင့်အားဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်၏၊ ရဟန်းတို့ ယင်း မသင့်သောအရာကို မရှောင်ကြဉ်သော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ရှောင်ကြဉ်သော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ)အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝေါတရားဘို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဖြစ်ပေါ်လာသော ကာမဂုဏ် ကြံစည်မှု 'ကာမဝိတက်' ကို လက်မခံ ပယ်စွန့်၏၊ ဖျောက်ဖျက်၏၊ ကင်းအောင်ပြု၏၊

http://www.dhammadownload.com



နောက်ထပ် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာသော သူတပါးတို့ ပျက်စီးကြောင်း ကြံစည်မှု 'ဗျာပါဒဝိတက်' ကို။ပ။ ဖြစ်ပေါ်လာသော သူတပါးကို ညှဉ်းဆဲကြောင်း ကြံစည်မှု 'ဝိဟိံသဝိတက်' ကို။ပ။ ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်းကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို လက်မခံ ပယ်စွန့်၏၊ ဖျောက်ဖျက်၏၊ ကင်းအောင်ပြု၏၊ နောက်ထပ် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ရဟန်းတို့ ယင်း အကုသိုလ်တရားကို မဖျောက်ဖျက်သော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ဖျောက်ဖျက်သော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ ပွါးများမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဆိတ်ငြိမ်မှု 'ဝိဝေက'၌ မှီသော တပ်မက်ခြင်းကင်းမှု 'ဝိရာဂ'၌ မှီသော ချုပ်ငြိမ်းမှု 'နိရောဓ'၌ မှီသော ကိလေသာကို ပယ်စွန့်မှု 'ပရိစ္စာဂဝေါဿဂ္ဂ' နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ပြေးဝင်မှု 'ပက္ခန္ဒနဝေါဿဂ္ဂ' ကို ရင့်ကျက်စေတတ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ အသင့်အားဖြင့် ဆင်ခြင်၍ တရားတို့ကို စိစစ် သိမြင်မှု ပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ကိုပွါးများ၏။ အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ နှစ်သိမ့်မှု 'ပီတိသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ တည်ငြိမ်မှု 'သမာဓိသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ ဆိတ်ငြိမ်ခြင်း 'ဝိဝေက'၌ မှီသော တပ်မက်ခြင်း ကင်းမှု 'ဝိရာဂ'၌ မှီသော ချုပ်ငြိမ်းမှု 'နိရောဓ'၌ မှီသော ကိလေသာကို ပယ်စွန့်မှု 'ပရိစ္စာဂဝေါဿဂ္ဂ' နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ပြေးဝင်မှု 'ပက္ခန္ဒနဝေါဿဂ္ဂ' ကို ရင့်ကျက်စေတတ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကို ပွါးများ၏၊ ရဟန်းတို့ ယင်း ဗောဇ္ဈင်ခုနစ်ပါးကို ဟုတ်တိုင်းမှန်စွာ မပွါးများသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ပွါးများသော ထိုရဟန်းအား ဤအကြောင်းဖြင့် ထိုအာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်နိုင်ကုန်၊ ရဟန်းတို့ ဤအာသဝေါတရားတို့ကို ပွါးများမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ဟူ၍ ဆိုရကုန်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဒါရုကမ္မိကသုတ်

၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအခါ ဒါရုကမ္မိက[၁] သူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ဒါရုကမ္မိက သူကြွယ်အား မြတ်စွာဘုရားသည်—

"သူကြွယ် သင်၏ အမျိုး၌ အလှူကို ပေးလှူရပါ၏လော"ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်၏ အမျိုး၌ အလှူကို ပေးလှူရပါ၏၊ထိုအလှူကိုလည်း ရဟန္တာမူလည်းဖြစ်ကုန်သော အရဟတ္တမဂ်သို့ ရောက်သည်မူလည်း ဖြစ်ကုန်သော အရညကင် ဓုတင် ပိဏ္ဍပါတ် ဓုတင် ပံသုကူ ဓုတင်ကို ဆောက်တည်ကြသည့် သဘောရှိကုန်သော ရဟန်းတို့၌ အကျွန်ုပ် ပေးလှူရပါ၏ဟု(လျှောက်၏)။

သူကြွယ် ကာမဂုဏ်ခံစားမှုရှိသော သားမယားတို့ဖြင့် ကျဉ်းမြောင်းသည့် အိမ်ယာ၌ စိုးအုပ်နေသော ကာသိတိုင်းထွက် စန္ဒကူးနှစ်ကို သုံးဆောင်သော ပန်း နံ့သာ နံ့သာပျောင်းကို ဆောင်သော ရွှေ ငွေကို သာယာသော လူဖြစ်သည့် သင်သည်"ဤရဟန်းတို့သည် ရဟန္တာတို့ဟူ၍ရင်း ဤရဟန်းတို့သည် အရဟတ္တမဂ်သို့ရောက်သော ရဟန်းတို့ဟူ၍ရင်း" ထိုအကြောင်းကို သိနိုင်ခဲ၏။

သူကြွယ် အရညကင် ဓုတင်ဆောက်တည်သော ရဟန်းသည် ပျံ့လွင့်သူ (ကျူပင်ကဲ့သို့) ထောင်လွှားသူ လျှပ်ပေါ်သူ နှုတ်ကြမ်းသူ ဖရိုဖရဲကြဲသော စကားရှိသူ သတိလွတ်ကင်းသူ ဆင်ခြင်ဉာဏ်မရှိသူ တည်ကြည်မှုမရှိသူ တုန်လှုပ်သောစိတ်ရှိသူ ပကတိဟင်းလင်းပွင့်သော ဣန္ဒြေရှိသူ အကယ်၍ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

သူကြွယ် အရညကင် ဓုတင်ဆောက်တည်သော ရဟန်းသည် မပျံ့လွင့်သူ (ကျူပင်ကဲ့သို့) မထောင်လွှားသူ မလျှပ်ပေါ်သူ နှုတ်မကြမ်းသူ ဖရိုဖရဲ ကြဲသော စကားမရှိသူ ထင်သောသတိရှိသူ ဆင်ခြင်ဉာဏ်ရှိသူ တည်ကြည်သူ တည်ကြည်သော စိတ်ရှိသူ စောင့်စည်းအပ်သော ဣန္ဒြေရှိသူ အကယ်၍ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် ရွာနီးကျောင်း၌ နေသော ရဟန်းသည် ပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

သူကြွယ် ရွာနီးကျောင်း၌ နေသော ရဟန်းသည် မပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် ပိဏ္ဍပါတ် ဓုတင်ကို ဆောက်တည်သော ရဟန်းသည် ပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

---

၁-အခ်လုပ်ငန်းဖြင့် အသက်မွေး၍ ဒါရုကမ္မိကသူကြွယ်ဟု ခေါ်သည်။

http://www.dhammadownload.com



သူကြွယ် ပိဋ္ဌပါတ် ဓုတင်ကို ဆောက်တည်သော ရဟန်းသည် မပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်း ဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် ပင့်ဖိတ်လှူဒါန်းသည့် ပစ္စည်းကို ခံယူသော ရဟန်းသည် ပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

သူကြွယ် ပင့်ဖိတ်လှူဒါန်းသည့် ပစ္စည်းကို ခံယူသော ရဟန်းသည် မပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် ပံသုကူ ဓုတင်ကို ဆောင်သော ရဟန်းသည် ပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

သူကြွယ် ပံသုကူ ဓုတင်ကို ဆောင်သော ရဟန်းသည် မပျံ့လွင့်သူ။ပ။ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဆောင်သော ရဟန်းသည် ပျံ့လွင့်သူ (ကျူပင်ကဲ့သို့) ထောင်လွှားသူ လျှပ်ပေါ်သူ နှုတ်ကြမ်းသူ ဖရိုဖရဲကြဲသော စကားရှိသူ သတိလွတ်ကင်းသူ ဆင်ခြင်ဉာဏ် မရှိသူ တည်ကြည်မှု မရှိသူ တုန်လှုပ်သောစိတ် ရှိသူ ပကတိ ဟင်းလင်းပွင့်သော ဣန္ဒြေရှိသူ အကယ်၍ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

သူကြွယ် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဆောင်သော ရဟန်းသည် မပျံ့လွင့်သူ (ကျူပင်ကဲ့သို့) မထောင်လွှားသူ မလျှပ်ပေါ်သူ နှုတ်မကြမ်းသူ ဖရိုဖရဲကြဲသော စကား မရှိသူ ထင်သော သတိရှိသူ ဆင်ခြင်ဉာဏ်ရှိသူ တည်ကြည်သူ တည်ကြည်သော စိတ်ရှိသူ ဣန္ဒြေကို စောင့်စည်းသူ အကယ်၍ ဖြစ်ပါမူ ထိုရဟန်းကို ထိုအကြောင်းဖြင့် ချီးမွမ်းထိုက်၏။

သူကြွယ် တိုက်တွန်း၏၊ သင်သည် သံဃာအား အလှူတို့ကို ပေးလှူလေလော့၊ သံဃာအား အလှူကို ပေးလှူသော သင်၏ စိတ်သည် ကြည်လင်လိမ့်မည်၊ စိတ်ကြည်လင်မှုရှိသော သင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရလိမ့်မည်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တပည့်တော်သည် ယနေ့မှစ၍ သံဃာအား အလှူကို ပေးလှူပါတော့မည်ဟု (လျှောက်၏)။

ပဉ္စမသုတ်။

---

## ၆-ဟတ္ထိသာရိပုတ္တသုတ်

၆၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌(သီတင်းသုံး) နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ များစွာသော မထေရ်ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့၍ တန်ဆောင်းဝန်း၌ စုဝေး ထိုင်နေကြလျက် အဘိဓမ္မာနှင့်စပ်သော စကားကို ပြောဆိုကုန်၏၊ ထိုသို့ ပြောဆိုရာ၌ ဆင်ဆရာသား အသျှင်စိတ္တသည် မထေရ်ကြီးတို့ အဘိဓမ္မာနှင့် စပ်သော စကားကို ပြောဆိုနေကြ ကုန်စဉ် အကြား အကြား၌ စကား ဝင်ရောက်ပြောဆို၏၊ ထိုအခါ အသျှင်မဟာ ကောဋ္ဌိကသည် ဆင်ဆရာ၏သား အသျှင်စိတ္တအား—

"ဆင်ဆရာ့သား အသျှင်စိတ္တသည် မထေရ်ကြီးတို့ အဘိဓမ္မာနှင့်စပ်သော စကားကို ပြောဆို နေကြကုန်စဉ် အကြား အကြား၌(မိမိ၏)စကားကို ဝင်ရောက် မပြောဆိုပါနှင့်၊ အသျှင်စိတ္တသည် စကားပြီးဆုံးသည်တိုင်အောင် ဆိုင်းငံ့ပါဦး"ဟု ပြောဆို၏။

ဤသို့ ပြောဆိုသည်ရှိသော် ဆင်ဆရာ့သား အသျှင်စိတ္တ၏ အဆွေခင်ပွန်းဖြစ်ကြသည့် ရဟန်း တို့သည် အသျှင်မဟာကောဋ္ဌိကအား—

"အသျှင်မဟာကောဋ္ဌိကသည် ဆင်ဆရာ၏သား အသျှင်စိတ္တကို မမောင်းမဲပါလင့်၊ ဆင်ဆရာ ၏သား အသျှင်စိတ္တသည် ပညာရှိ၏၊ ဆင်ဆရာ၏သား အသျှင်စိတ္တသည် မထေရ်ရဟန်းတို့နှင့် အတူ အဘိဓမ္မာနှင့်စပ်သော စကားကို ပြောဆိုရန် စွမ်းနိုင်ပါ၏"ဟု ဆိုကြကုန်၏။

ငါ့သျှင်တို့ သူတပါး၏ စိတ်ဖြစ်ပုံကို မသိသူတို့သည် ထိုအကြောင်းကို သိနိုင်ခဲသည်သာလျှင် တည်း၊ ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆရာကိုဖြစ်စေ အလေးအမြတ် ပြုအပ် သည့် အရာ၌ တည်သော အခြား သီတင်းသုံးဖော်ကိုဖြစ်စေ မှီ၍ နေသမျှ ကာလပတ်လုံး ကောင်းမှု၌ အလွန်မွေ့လျော်သူကဲ့သို့ ဖြစ်၏၊ အလွန်နှိမ့်ချသူကဲ့သို့ ဖြစ်၏၊ အလွန်ငြိမ်သက်သူကဲ့သို့ ဖြစ်၏၊ ဆရာမှ ကင်းသော အခါနှင့် အလေးအမြတ်ပြုအပ်သည့် အရာ၌ တည်သော အခြား သီတင်းသုံးဖော်တို့မှ ကင်းသော အခါ၌ ထိုပုဂ္ဂိုလ်သည် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတို့၏ တပည့်တို့နှင့် ရောနှောလျက် နေ၏၊ ရောနှောအပ်သည် စွန့်လွှတ်အပ်သည် ပကတိ ဟင်းလင်းပွင့်သော ဣန္ဒြေရှိသည် စကားပြောဟောမှုကို အဖန်ဖန် အားထုတ်သည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်၏စိတ်ကို စွဲမက်မှု ရာဂသည် ဖျက်ဆီး၏၊ ထိုပုဂ္ဂိုလ်သည် ရာဂဖျက်ဆီးအပ်သော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏၊ ငါ့သျှင်တို့ ဥပမာသော်ကား ကောက်ပင်ကို စားသော နွားကို ကြိုးဖြင့် သော်လည်း ချည်နှောင်အပ်၏၊ နွားခြံ၌ သော်လည်း လှောင်ထားအပ်၏၊ ငါ့သျှင်တို့ "ယခုအခါ ကောက်ပင်စားသည့် ဤနွားသည် ကောက်ပင်ရှိရာသို့ နောက်တဖန် သက်ဆင်းတော့မည် မဟုတ်" ဟု ဆိုသောသူသည် ကောင်းစွာဆိုသည် မည်ပါသလော ဟု (မေး၏)။

ငါ့သျှင် ဤသို့ဆိုသောသူသည် ကောင်းစွာဆိုသည် မမည်ပါ၊ ငါ့သ င် ကောက်ပင်ကို စားတတ် သော ထိုနွားသည် ကြိုးကို ဖြတ်၍သော်၎င်း ခြံကို ချိုးဖျက်၍သော်၎င်း ကောက်ပင်ရှိရာသို့ နောက်တဖန် သက်ဆင်းရာသည့် အကြောင်းသည် ရှိပါ၏။

ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆရာကို ဖြစ်စေ အလေး အမြတ် ပြုအပ်သောအရာ၌ တည်သော အခြား သီတင်းသုံးဖော်ကို ဖြစ်စေ မှီ၍နေသမျှ ကာလ ပတ်လုံး ကောင်းမှု၌ အလွန်မွေ့လျော်သူကဲ့သို့ ဖြစ်၏၊ အလွန်နှိမ့်ချသူကဲ့သို့ ဖြစ်၏၊ အလွန် ငြိမ်သက် သူကဲ့သို့ ဖြစ်၏၊ ဆရာမှ ကင်းသောအခါနှင့် အလေးအမြတ်ပြုအပ်သည့် အရာ၌တည်သော အခြား

http://www.dhammadownload.com



သီတင်းသုံးဖော်တို့မှ ကင်းသော အခါတို့၌ ထိုပုဂ္ဂိုလ်သည် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတို့၏ တပည့်တို့နှင့် ရောနှောလျက် နေ၏၊ ရောနှောအပ်သည် စွန့်လွှတ်အပ်သည် ပကတိ ဟင်းလင်းပွင့်သော ဂုဏ်ရှိသည် စကားပြောဟောမှုကို အဖန်ဖန် အားထုတ်သည်ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်၏ စိတ်ကို စွဲမက်မှု 'ရာဂ' သည် ဖျက်ဆီး၏၊ ထိုပုဂ္ဂိုလ်သည် ရာဂ ဖျက်ဆီးအပ်သော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏။ (၁)

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ပဌမစျာန်သို့ရောက်၍ နေ၏၊ ထိုရဟန်းသည် "ပဌမစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက် နေ၏။ပ။ သိက္ခာချလျက် လူထွက်၏။ငါ့သျှင်တို့ ဥပမာသော်ကား ခရီးလေးခွ ဆုံရာလမ်းမကြီး၌ မိုးပေါက်ကြီးမားသော မိုးရွာလတ်သော် မြူသည် ကွယ်ပျောက်ရာ၏၊ ညွန်ပျောင်းသည် ထင်ရှားဖြစ်ပေါ်ရာ၏၊ ငါ့သျှင်တို့ ယခုအခါ၌ ဤမည်သော ခရီးလေးခွဆုံရာ လမ်းမကြီး၌ နောက်တဖန် မြူသည် ထင်ရှားဖြစ်တော့မည် မဟုတ်" ဟု ဆိုသော သူသည် ကောင်းစွာဆိုသည် မည်ရာသလောဟု (မေး၏)။

ငါ့သျှင် ဤသို့ဆိုသောသူသည် ကောင်းစွာ ဆိုသည် မမည်ပါ၊ ငါ့သျှင် ဤမည်သော ခရီးလေးခွ ဆုံရာ လမ်းမကြီး၌ လူတို့သည်လည်း သွားလာ ကုန်ရာ၏၊ နွား ဆိတ်တို့သည်လည်း သွားလာကုန်ရာ၏၊ လေ နေပူသည်လည်း စိုစွတ်သော အစေးကို တိုက်ခတ် ကုန်ခန်းစေရာ၏၊ ထိုသို့ ဖြစ်သည်ရှိသော် မြူသည် နောက်တဖန် ဖြစ်ပေါ်လာရာသော အကြောင်းသည် ထင်ရှားရှိပါ၏။

ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ပဌမစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် "ပဌမစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှော၍ နေ၏။ပ။သိက္ခာချလျက် လူထွက်၏။ (၂)

ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့်။ပ။ဒုတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် "ဒုတိယစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှော၍ နေ၏။ပ။သိက္ခာချလျက် လူထွက်၏။

ငါ့သျှင်တို့ ဥပမာသော်ကား ရွာ၏သော်၎င်း နိဂုံး၏သော်၎င်း မနီးမဝေး၌ ကြီးမားသည့် တဖက်ဆည်ကန်သည် ရှိရာ၏၊ ထိုကန်၌ မိုးပေါက်ကြီးမားသည့် မိုးရွာသွန်းလတ်သော် ယောက်သွား ခရုတို့သည်၎င်း ကျောက်စရစ် အိုးခြမ်းတို့သည်၎င်း ပျောက်ကွယ်စေရာ၏ ငါ့သျှင်တို့ ယခုအခါ ဤမည်သော တဖက်ဆည်ကန်၌ ယောက်သွား ခရုတို့သည်၎င်း ကျောက်စရစ် အိုးခြမ်းတို့သည်၎င်း နောက်တဖန် ထင်ရှားဖြစ်ပေါ်တော့မည် မဟုတ်" ဟု ဆိုသောသူသည် ကောင်းစွာ ဆိုသည် မည်ရာသလော ဟု (မေး၏)။

ငါ့သျှင် ဤသို့ ဆိုခြင်းသည် ကောင်းစွာဆိုသည် မမည်ပါ၊ ငါ့သျှင် ဤရေကန်၌ လူတို့သည်လည်း သောက်ကုန်ရာ၏၊ နွား ဆိတ်တို့သည်လည်း သောက်ကုန်ရာ၏၊ လေ နေပူသည်လည်း စိုစွတ်သော အစေးကို တိုက်ခတ် ကုန်ခန်းစေရာ၏၊ ထိုသို့ ဖြစ်သည်ရှိသော် ယောက်သွား ခရုတို့သည်၎င်း ကျောက်စရစ် အိုးချမ်း တို့သည်၎င်း နောက်တဖန် ထင်ရှားဖြစ်ပေါ်လာရာသော အကြောင်းသည် ထင်ရှားရရှိပါ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့်။ပ။ဒုတိယစျာန်သို့ ရောက်၍နေ၏၊ ထိုပုဂ္ဂိုလ်သည် "ဒုတိယစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက် နေ၏။ပ။သိက္ခာချလျက် လူထွက်၏။ (၃)

ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နှစ်သိမ့်မှု 'ပီတိ' ကင်းခြင်းကြောင့်။ပ။ တတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် "တတိယစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက် နေ၏။ပ။သိက္ခာချလျက် လူထွက်၏။

ငါ့သျှင်တို့ ဥပမာသော်ကား မွန်မြတ်သော စားဖွယ်ကို စားပြီးသော ယောကျ်ားကို သိုးလေပြီးသော စားဖွယ်သည် မနှစ်သက်စေနိုင်ရာ၊ ငါ့သျှင်တို့ "ယခုအခါ ဤမည်သော ယောကျ်ားကို စားဖွယ်သည် နှစ်သက်စေတော့မည် မဟုတ်" ဟု ဆိုသော သူသည် ကောင်းစွာ ဆိုသည် မည်ရာသလော ဟု (မေး၏)။

ငါ့သျှင် ဤသို့ ဆိုခြင်းသည် ကောင်းစွာ ဆိုသည် မမည်ပါ၊ ငါ့သျှင် မွန်မြတ်သော စားဖွယ်ကို စားသော ဤယောကျ်ား၏ ကိုယ်၌ ထိုဩဇာတည်သမျှသော ကာလပတ်လုံး ထိုယောကျ်ားကို အခြားသော စားဖွယ်သည် နှစ်သက် စေနိုင်လိမ့်မည် မဟုတ်ပါ၊ စားပြီးသော ထိုဩဇာ ကွယ်ပျောက်သော အခါ၌ ထိုစားဖွယ်သည် နောက်တဖန် နှစ်သက်စေနိုင်ရာသော အကြောင်းသည် ရှိပါ၏။

ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နှစ်သိမ့်မှု 'ပီတိ' ကင်းခြင်းကြောင့်။ပ။တတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် "တတိယစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက်နေ၏။ပ။သိက္ခာချလျက် လူထွက်၏။ (၄)

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုခဝေဒနာကို ပယ်ခြင်းကြောင့်၎င်း ဒုက္ခဝေဒနာကို ပယ်ခြင်းကြောင့်၎င်း ။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် "စတုတ္ထစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက် နေ၏။ပ။ သိက္ခာချလျက် လူထွက်၏။

ငါ့သျှင်တို့ ဥပမာသော်ကား လေမတိုက်၍ လှိုင်းမရှိသော တောင်ကြားး ရေအိုင်သည် ရှိရာ၏၊ ငါ့သျှင်တို့ "ယခု ဤမည်သော ရေအိုင်၌ လှိုင်းသည် နောက်တဖန် ဖြစ်ပေါ်တော့မည် မဟုတ်"ဟု ဆိုသောသူသည် ကောင်းစွာ ဆိုသည် မည်ပါသလော ဟု (မေး၏)။

ငါ့သျှင် ထိုသို့ ဆိုခြင်းသည် ကောင်းစွာ ဆိုသည် မမည်ပါ၊ ငါ့သျှင် အရှေ့အရပ်မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည် ထိုရေအိုင်၌ လှိုင်းကို ဖြစ်စေရာ၏၊ အနောက်အရပ်မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည်။ မြောက်အရပ်မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည်။ တောင်အရပ်မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည် ထိုရေအိုင်၌ လှိုင်းကို ဖြစ်စေရာသော အကြောင်းသည် ရှိပါ၏။

ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုခဝေဒနာကိုလည်း ပယ်ခြင်းကြောင့် ဒုက္ခဝေဒနာကိုလည်း ပယ်ခြင်းကြောင့်။ပ။စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် "စတုတ္ထစျာန်ကို ငါရ၏" ဟု ရဟန်းတို့နှင့် ရောနှောလျက် နေ၏။ပ။သိက္ခာချလျက် လူထွက်၏။ (၅)

http://www.dhammadownload.com



ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နိမိတ်အားလုံးတို့ကို နှလုံးသွင်းခြင်းကြောင့် နိမိတ်ကင်းသော စိတ်၏ တည်ကြည်မှု 'အနိမိတ္တစေတောသမာဓိ' သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် 'နိမိတ်ကင်းသော စိတ်၏ တည်ကြည်မှု 'အနိမိတ္တစေတောသမာဓိ'ကို ငါရ၏'' ဟု ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတို့၏ တပည့်သာဝကတို့နှင့် ရောနှောလျက် နေ၏၊ ရောနှောအပ်သည် စွန့်လွှတ်အပ်သည် ပကတိ ဟင်းလင်းပွင့်သော ဣန္ဒြေရှိသည် စကားပြောဟောမှုကို အဖန်ဖန် အားထုတ်အပ်သည် ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်၏ စိတ်ကို စွဲမက်မှု'ရာဂ'သည် ဖျက်ဆီး၏၊ ထိုပုဂ္ဂိုလ်သည် စွဲမက်မှု 'ရာဂ' ဖျက်ဆီးအပ်သော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏။

ငါ့သျှင်တို့ ဉပမာသော်ကား မင်းဖြစ်စေ မင်း၏အမတ်ဖြစ်စေ စစ်အင်္ဂါလေးပါးဖြင့် ခရီးဝေးကို သွားသည်ရှိသော် တောအုပ်တခု၌ တညဉ့်မျှ နေရန် ချဉ်းကပ်ရာ၏၊ ထိုတောအုပ်၌ ဆင်သံ မြင်းသံ ရထားသံ ခြေသည်စစ်သားတို့၏ အသံ စည်ကြီးသံ ထက်စည်သံ ခရုသင်းသံ စည်ပုတ်သံတို့ကြောင့် ပုစဉ်းရင်ကွဲတို့၏ အသံသည် ပျောက်ကွယ်ရာ၏၊ ငါ့သျှင်တို့ ယခုအခါ တောအုပ်၌ ပုစဉ်းရင်ကွဲတို့၏ အသံသည် နောက်တဖန် ဖြစ်ပေါ်တော့မည် မဟုတ်ဟု ဆိုသောသူသည် ကောင်းစွာ ဆိုသည် မည်ပါသလော ဟု (မေး၏)။

ငါ့သျှင် ထိုသို့ ဆိုခြင်းသည် ကောင်းစွာ ဆိုသည် မမည်ပါ၊ ငါ့သျှင် ထိုမင်းဖြစ်စေ မင်း၏ အမတ်ဖြစ်စေ ထိုတောအုပ်မှ တဖန် ပြောင်းသွားသောအခါ ပုစဉ်းရင်ကွဲတို့၏ အသံသည် တဖန် ဖြစ်ပေါ်ရာသော အကြောင်းသည် ရှိပါ၏။

ငါ့သျှင်တို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နိမိတ်အားလုံးကို နှလုံးမသွင်းခြင်းကြောင့် နိမိတ်ကင်းသော စိတ်၏ တည်ကြည်မှု 'အနိမိတ္တစေတောသမာဓိ' သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ''နိမိတ်ကင်းသော စိတ်၏ တည်ကြည်မှု 'အနိမိတ္တစေတောသမာဓိ' ကို ငါရ၏''ဟု ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတို့၏ တပည့်တို့နှင့် ရောနှောလျက် နေ၏၊ ရောနှောအပ်သည် စွန့်လွှတ်အပ်သည် ပကတိ ဟင်းလင်းပွင့်သော ဣန္ဒြေရှိသည် စကားပြောဟောမှုကို အဖန်ဖန် အားထုတ်အပ်သည် ဖြစ်၍ နေသော ထိုပုဂ္ဂိုလ်၏ စိတ်ကို စွဲမက်မှု'ရာဂ'သည် ဖျက်ဆီး၏၊ ထိုပုဂ္ဂိုလ်သည် စွဲမက်မှု'ရာဂ' ဖျက်ဆီးသော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏ ဟု (ပြောဆို၏)။ (၆)

ထိုနောက် ဆင်ဆရာသား အသျှင်စိတ္တသည် အခါတပါး၌ သိက္ခာချလျက် လူထွက်၏။

ထိုအခါ ဆင်ဆရာသား အသျှင်စိတ္တ၏ အပေါင်းအဖော် ရဟန်းတို့သည် အရှင်မဟာကောဋ္ဌိကထံသို့ ချဉ်းကပ်၍ အသျှင်မဟာကောဋ္ဌိကအား ''အသျှင်ပါနည်း ဆင်ဆရာ၏သား အသျှင်စိတ္တသည် 'ဤမည် ဤမည်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ ဖြစ်သော်လည်း သိက္ခာချလျက် လူထွက်လိမ့်မည်' ဟု အသျှင်ကောဋ္ဌိကသည် မိမိစိတ်ဖြင့် ဆင်ဆရာ့သား အသျှင်စိတ္တ၏ စိတ်ကို ပိုင်းခြား၍ သိပါသလော၊ ထိုသို့မဟုတ် အသျှင်ဘုရား ဆင်ဆရာ၏သား အသျှင်စိတ္တသည် 'ဤမည် ဤမည်သော သမာပတ်ကို ရ၏၊ ထိုသို့ဖြစ်သော်လည်း သိက္ခာချလျက် လူထွက်ပါလိမ့်မည်' ဟု ထိုအကြောင်းကို နတ်တို့က လျှောက်ကြားပါကုန်သလော'' ဟု( လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ငါ့သျှင်တို့ ဆင်ဆရာ၏သား အသျှင်စိတ္တသည် "ဤမည် ဤမည်သော သမာပတ်ကို ရ၏၊ ထိုသို့ ဖြစ်သော်လည်း သိက္ခာချလျက် လူထွက်လိမ့်မည်" ဟု ငါသည် မိမိစိတ်ဖြင့် အသျှင်စိတ္တ၏ စိတ်ကို ပိုင်းခြား၍ သိ၏၊ နတ်တို့ကလည်း အသျှင်ဘုရား ဆင်ဆရာ၏သား အသျှင်စိတ္တသည် "ဤမည် ဤမည်သော သမာပတ်ကို ရ၏၊ ထိုသို့ ဖြစ်သော်လည်း သိက္ခာချလျက် လူထွက်လိမ့်မည်" ဟု ထိုအကြောင်းကို ငါ့အား လျှောက်ကြားကြကုန်၏ ဟု (မိန့်ဆို၏)။

ထိုအခါ ဆင်ဆရာ့သား အသျှင်စိတ္တ၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးကြပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား ဆင်ဆရာ၏သား အသျှင်စိတ္တသည် ဤမည် ဤမည်သော သမာပတ်ကို ရပါ၏၊ ထိုသို့ ရပါသော်လည်း သိက္ခာချလျက် လူထွက်ပါ၏" ဟု လျှောက်ကြကုန်၏။

ရဟန်းတို့ စိတ္တသည် မကြာမြင့်မီ (ကာမဂုဏ်မှ) ထွက်မြောက်မှု နေက္ခမ္မဂုဏ်ကို အောက်မေ့နိုင်လိမ့်မည်ဟု မိန့်တော်မူ၏။

ထို့နောက် ဆင်ဆရာ၏သား စိတ္တသည် မကြာမီပင် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ပြန်၏။

ထိုအခါ ဆင်ဆရာ၏သား အသျှင်စိတ္တသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည် ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကုန်သော အမျိုးသားတို့ လိုလားအပ်သည့် အတုမရှိ မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ် အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ "ပဋိသန္ဓေ နေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံး ပြီးပြီ၊ မဂ်(ကိစ္စ) ကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ" ဟု သိ၏၊ ဆင်ဆရာ၏သား အသျှင်စိတ္တသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ဆဋ္ဌသုတ်။

---

## ၇-မဇ္ဈေသုတ်

၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌(သီတင်းသုံး) နေတော်မူ၏။

ထိုအခါ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ကြ၍ (စည်းဝေးရာ)တန်ဆောင်းဝန်း၌ စုဝေး နေထိုင်ကုန်သော များစွာသော မထေရ်ရဟန်းတို့အား ဤအကြား စကားသည် ဖြစ်ပေါ်၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် ပါရာယနအစည်းအဝေး မေတ္တေယျလုလင် ပြဿနာ၌—

"အကြင်သူသည် ပညာဖြင့် အဖိုနှစ်ပါးတို့ကို သိ၍ အလယ်၌ မလိမ်းကျံမငြိကပ်၊ ထိုပုဂ္ဂိုလ်ကို ယောကျ်ားမြတ်ဟူ၍ ငါဆို၏၊ ထိုယောကျ်ားမြတ်သည် ဤပစ္စုပ္ပန်ဘဝ၌ ထိုထိုဘဝဝယ် ချုပ်စပ်တတ်သော တရားကို လွန်မြောက်၏" ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ အဖို့တခုဟူသည် အဘယ်နည်း၊ နှစ်ခုမြောက်သော အဖို့ဟူသည် အဘယ်နည်း၊ အလယ်ဟူသည် အဘယ်နည်း၊ ချုပ်စပ်တတ်သော တရားဟူသည် အဘယ်နည်းဟု (အကြားစကားသည် ဖြစ်ပေါ်၏)။

ဤသို့ ဖြစ်ပေါ်သည်ရှိသော် ရဟန်းတပါးက မထေရ်ကြီး ရဟန်းတို့အား—

"ငါ့သျှင်တို့ ဖဿ၏အစွမ်းအားဖြင့်ဖြစ်သော ပစ္စုပ္ပန် အတ္တဘောသည် အဖို့တခုဖြစ်ပါ၏၊ ဖဿလျှင် အကြောင်းရင်းရှိသော အနာဂတ် အတ္တဘောသည် နှစ်ခုမြောက် အဖို့ဖြစ်ပါ၏၊ ဖဿ၏ ချုပ်ငြိမ်းရာသည် အလယ်ဖြစ်ပါ၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ ထိုစကား မှန်ပါ၏၊ တဏှာသည် ထို (ဖဿ ဖဿ သမုဒယ) နှစ်ခုကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏။

ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော(သစ္စာလေးပါး)တရားကို ထူးသောဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိအပ်သော(ဒုက္ခသစ္စာ သမုဒယသစ္စာ) တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင်းခြား၍သိအပ်သော တရားကို ပိုင်းခြားသိ၍ မျက်မှောက်ဘဝ၌ပင်လျှင် ဆင်းရဲ၏ အဆုံးကို ပြု၏"ဟု (လျှောက်၏)။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

"ငါ့သျှင်တို့ လွန်ပြီး ခန္ဓာငါးပါးသည် အဖို့တခုဖြစ်ပါ၏၊ လာလတံ့အနာဂတ် ခန္ဓာငါးပါးသည် ဒုတိယ အဖို့ဖြစ်ပါ၏၊ ယခုပစ္စုပ္ပန် ခန္ဓာငါးပါးသည် အလယ်ဖြစ်ပါ၏။

တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ ထိုစကား မှန်၏၊ တဏှာသည် ထို ခန္ဓာငါးပါးကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏၊ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော (သစ္စာလေးပါး)တရားကို ထူးသောဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသော ဉာဏ်ဖြင့် သိ၍ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ ဆင်းရဲ၏ အဆုံးကို ပြု၏"ဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

ငါ့သျှင်တို့ သုခဝေဒနာသည် အဖို့တခုဖြစ်ပါ၏၊ ဒုက္ခဝေဒနာသည် နှစ်ခုမြောက် အဖို့ဖြစ်ပါ၏၊ ဥပေက္ခာဝေဒနာသည် အလယ်ဖြစ်ပါ၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ထိုစကား မှန်၏၊ ထိုဝေဒနာကို ထိုတဏှာသည် ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်ပါ၏၊ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော (သစ္စာလေးပါး)တရားကို ထူးသောဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍သိအပ်သော တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသော ဉာဏ်ဖြင့်သိ၍ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြု၏"ဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

ငါ့သျှင်တို့ နာမ်သည် အဖို့တခုဖြစ်ပါ၏၊ ရုပ်သည် နှစ်ခုမြောက် အဖို့ဖြစ်ပါ၏၊ ဝိညာဉ်သည် အလယ်ဖြစ်ပါ၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ ထိုစကား မှန်၏၊ တဏှာ

http://www.dhammadownload.com



သည် ထိုနာမ်ရုပ်ကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏၊ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော (သစ္စာလေးပါး) တရားကို ထူးသော ဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြု၏''ဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

''အသျှင်ဘုရားတို့ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် အဖို့ တခုဖြစ်ပါ၏၊ ဗာဟိရာယတန ခြောက်ပါးတို့သည် နှစ်ခုမြောက် အဖို့ ဖြစ်ပါ၏၊ ဝိညာဉ်သည် အလယ် ဖြစ်ပါ၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ ထိုစကား မှန်၏၊ တဏှာသည် ထိုအာယတနကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏၊ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော(သစ္စာလေးပါး)တရားကို ထူးသော ဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍သိအပ်သော တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသော ဉာဏ်ဖြင့် သိ၍ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြု၏''ဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

''ငါ့သျှင်တို့ ထင်ရှားရှိသော ခန္ဓာငါးပါး (သက္ကာယ)သည် အဖို့တခုဖြစ်ပါ၏၊ သက္ကာယ ဖြစ်ပေါ်ကြောင်းသည် နှစ်ခုမြောက် အဖို့ဖြစ်ပါ၏၊ သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်) သည် အလယ် ဖြစ်ပါ၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်ပါ၏၊ ထိုစကား မှန်၏၊ တဏှာသည် ထိုသက္ကာယ သက္ကာယ၏ အကြောင်းကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏၊ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော(သစ္စာလေးပါး) တရားကို ထူးသောဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြား၍သိ၏၊ ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသော ဉာဏ်ဖြင့်သိ၍ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံး ကို ပြု၏''ဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် ရဟန်းတပါးသည် မထေရ်ရဟန်းတို့အား—

''ငါ့သျှင်တို့ အကျွန်ုပ်တို့အာ လုံးသည် မိမိတို့ဉာဏ် ထင်မြင်ချက်ကို ပြောကြားပြီးပြီ၊ ငါ့သျှင်တို့ လာ သွားကြကုန်စို့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်အံ့၊ မြတ်စွာဘုရား ဖြေကြားတော်မူတိုင်း ထိုအကြောင်းကို မှတ်ကြကုန်အံ့''ဟု လျှောက်၏။

''ငါ့သျှင် ကောင်းပါပြီ''ဟု ထိုရဟန်းတို့သည် ပြန်ကြားကြကုန်၏။

ထိုအခါ၌ မထေရ်ကြီးရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်လျက် အလုံးစုံသော ရဟန်းတို့နှင့် စကားပြောဆိုမှု ဖြစ်သမျှ အားလုံးကို မြတ်စွာဘုရားအား လျှောက်ကြားကုန်၏—

''အသျှင်ဘုရား အဘယ်သူ၏စကားသည် ကောင်းစွာ (မှန်ကန်စွာ)ပြောဆိုအပ်သော စကား ဖြစ်ပါနည်း''ဟု (လျှောက်ကြားကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ အကြောင်းပရိယာယ်အားဖြင့် သင်တို့အားလုံး၏ စကားသည်ပင် ကောင်းစွာ ဆိုအပ်သော စကားဖြစ်၏၊ စင်စစ်သော်ကား ပါရာယန အစည်းအဝေး မေတ္တေယျလုလင် မေးအပ်သော ပြဿနာ၌—

"အကြင်သူသည် ပညာဖြင့် အဖို့နှစ်ပါးကို သိ၍ အလယ်၌ မလိမ်းကျံ မငြိကပ်၊ ထိုပုဂ္ဂိုလ်ကို ယောကျ်ားမြတ်ဟူ၍ ငါဆို၏၊ထိုယောကျ်ားမြတ် ပုဂ္ဂိုလ်သည် ဤပစ္စုပ္ပန်ဘဝ၌ ထိုထို ဘဝကို ချုပ်စပ်တတ်သော တရားကို လွန်မြောက်၏"ဟု ငါရည်ရွယ်၍ ဟောအပ်သည့် အနက်အဓိပ္ပါယ်ကို နာကြားကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက် ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏—

"ရဟန်းတို့ ဖဿ၏အစွန်းအားဖြင့်ဖြစ်သော ပစ္စုပ္ပန် အတ္တဘောသည် အဖို့တခုဖြစ်၏၊ဖဿလျှင် အကြောင်းရင်းရှိသော အနာဂတ်အတ္တဘောသည် နှစ်ခုမြောက် အဖို့ဖြစ်၏၊ ဖဿ၏ ချုပ်ရာ (နိဗ္ဗာန်)သည် အလယ်ဖြစ်၏၊ တဏှာသည် ချုပ်စပ်တတ်သော တရားဖြစ်၏၊ ထိုစကားမှန်၏ တဏှာသည် ထိုဖဿ ဖဿသမုဒယကို ထိုထို ဘဝ၏သာလျှင် ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏၊ရဟန်းတို့ ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော သစ္စာလေးပါး တရားကို ထူးသော ဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိအပ်သော တရားကို ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင် ခြား၍ သိအပ်သော တရားကို ပိုင်းခြားသိ၍ ယခုဘဝ၌ပင် ဆင်းရဲအဆုံးကို ပြုရ၏"ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပုရိသိန္ဒြိယဉာဏသုတ်

၆၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ ကောသလတိုင်း တို့၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ဒဏ္ဍကပ္ပကမည်သော ကောသလတိုင်းသူတို့၏ နိဂုံးသို့ ရောက်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ခရီးလမ်းမှ ဖဲ၍ သစ်ပင်တပင်၏ အရင်း ငယ် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၏၊ ထိုရဟန်းတို့သည်လည်း ညဉ့်သည်တို့(တည်းခိုရန်) နေရာကို ရှာဖွေခြင်းငှါ ဒဏ္ဍကပ္ပကနိဂုံးသို့ ဝင်ကုန်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် များစွာသော ရဟန်းတို့နှင့်အတူ ကိုယ်(ခန္ဓာ)ကို ရေသုံးသပ်ရန် အစိရဝတီမြစ်သို့ ချဉ်းကပ်၏၊ အစိရဝတီမြစ်၌ ရေချိုး၍ တဖန်ပြန်တက်ပြီးလျှင် ကိုယ်ကိုခြောက်သွေ့စေကာ သင်္ကန်းတထည် ဝတ်လျက် ရပ်နေ၏၊ ထိုအခါ ရဟန်းတပါးသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင် အာနန္ဒာအား—

http://www.dhammadownload.com



"ငါ့သျှင် အာနန္ဒာ အကြောင်း အသို့နည်း၊ မြတ်စွာဘုရားသည် စိတ်အားလုံးကို ဆင်ခြင်၍ 'ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံး တည်လိမ့်မည်၊ ကုစားရန် မတတ်ကောင်း'ဟု ဒေဝဒတ်ကို မိန့်ကြားတော်မူအပ်ပါသလော။

သို့မဟုတ် အကြောင်း (ပရိယာယ်) တစုံတခုဖြင့် မိန့်ကြားတော်မူအပ်ပါသလော"ဟု (ပြောဆို၏)။

ငါ့သျှင် ထိုအကြောင်းကို မြတ်စွာဘုရားသည် ဤအတိုင်း မိန့်ကြား၏ဟု (ဆို၏)။

ထို့နောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည် များစွာသော ရဟန်းတို့နှင့် အတူ ရေသုံးသပ်ရန် အစိရဝတီ မြစ်သို့ ချဉ်းကပ်ခဲ့ပါသည်၊ အစိရဝတီမြစ်၌ ရေသုံးသပ်၍ တဖန် ပြန်တက်ပြီးလျှင် ကိုယ်ကို ခြောက်သွေ့စေကာ သင်္ကန်းတထည်ဝတ်လျက် ရပ်နေပါသည်။

အသျှင်ဘုရား ထိုအခါ၌ ရဟန်းတပါးသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်အား—

"ငါ့သျှင် အာနန္ဒာ အကြောင်း အသို့နည်း၊ မြတ်စွာဘုရားသည် စိတ်အားလုံးကို ဆင်ခြင်၍ 'ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံး တည်လိမ့်မည်၊ ကုစားရန် မတတ်ကောင်း'ဟု ဒေဝဒတ်ကို မိန့်ကြားတော်မူအပ်ပါသလော။

သို့မဟုတ် အကြောင်း(ပရိယာယ်)တစုံတခုဖြင့် မိန့်ကြားတော်မူအပ်ပါသလော"ဟု ပြောဆိုပါသည်။

အသျှင်ဘုရား ဤသို့ ပြောဆိုသောအခါ အကျွန်ုပ်သည် ထိုရဟန်းအား ဤစကားကို ပြောဆိုလိုက်ပါသည်—

"ငါ့သျှင် ထိုအကြောင်းကို မြတ်စွာဘုရားသည် ဤအတိုင်း မိန့်ကြား၏"ဟု (ပြောဆိုလိုက်ပါသည်)ဟု လျှောက်၏။

အာနန္ဒာ ထိုရဟန်းသည် ရဟန်းပြု၍ မကြာသေးသော ရဟန်းသစ်မူလည်း ဖြစ်လိမ့်မည်၊ မထေရ်ဖြစ်မူ မိုက်မဲသူ မလိမ္မာသူသော်လည်း ဖြစ်ပေလိမ့်မည်၊ ငါသည် တိုက်ရိုက် မိန့်ကြားအပ်သည့် စကား၌ အဘယ့်ကြောင့် စိတ်နှစ်ခွ ရှိခြင်းသို့ ရောက်ဘိသနည်း။

အာနန္ဒာ စိတ်အားလုံးကို ဆင်ခြင်၍ ဒေဝဒတ်ကို မိန့်ကြားသကဲ့သို့ မိန့်ကြားအပ်သော အခြားပုဂ္ဂိုလ်ကို မမြင်။

အာနန္ဒာ သားမြီးဖျား တတ္တိုစာမျှ ဒေဝဒတ်၏ ဖြူစင်သည့် သဘောကို တွေ့မြင်ရသေးသည့်တိုင်အောင် "ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံး တည်နေလိမ့်မည်၊ ကုစားရန် မတတ်ကောင်း"ဟု ဒေဝဒတ်ကို ငါ မိန့်ကြားခဲ့သည် မဟုတ်။

အာနန္ဒာ သားမြီးဖျား တတ္တိုစာမျှ ဒေဝဒတ်၏ ဖြူစင်သည့် သဘောကို မတွေ့မြင်ရသည့်အခါ၌သာ "ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံးတည်လိမ့်မည်၊ ကုစားရန် မတတ်ကောင်း"ဟု ဒေဝဒတ်ကို ငါ မိန့်ကြားခဲ့၏။

http://www.dhammadownload.com



အာနန္ဒာ ဥပမာသော်ကား တသူကျော် နက်သော မစင်တွင်းသည် တွင်းနှုတ်ခမ်းရေးနှင့်အမျှ မစင်ပြည့်၏၊ ထိုမစင်တွင်း၌ ယောကျ်ားတယောက်သည် ဦးခေါင်းပါ နှစ်မြုပ်ရာ၏၊ ထိုနစ်မြုပ်သော ယောကျ်ား၏ အကျိုးစီးပွါးကို လိုလားသော ဘေးမရှိခြင်းကို လိုလားသော ယောကျ်ား တယောက်သည် မစင်တွင်းမှ ကယ်ဘင်လိုသည် ဖြစ်ရာ၏၊ ထိုယောကျ်ားသည် မစင်တွင် ကို ပတ်ပတ်လည် လှည့်လည် ကြည့်ရှုသည် ရှိသော် ထိုယောကျ်ား၌ ကိုင်ဆွဲ ထုတ်ယူနိုင်လောက်သော သားမြီးဖျား တတ်စာမျှ မစင်ဖြင့် မလိမ်းကျံသည့် နေရာကို မမြင်ရာ၊ အာနန္ဒာ ထိုအတူသာလျှင် ငါသည် သားမြီးဖျား တတ်စာမျှ ဒေဝဒတ်၏ ဖြူစင်သည့် သဘောကို မတွေ့မမြင်သော အခါ၌သာ" ဒေဝဒတ်သည် အပါယ်၌ ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရလိမ့်မည်၊ အာယုကပ်ပတ်လုံး တည်နေရလိမ့်မည်၊ ကုစားရန် မတတ်ကောင်း"ဟု ငါ မိန့်ကြား၏။

အာနန္ဒာ အကယ်၍ သင်တို့ နာကြားလိုကြပါမူ မြတ်စွာဘုရား၏ သတ္တဝါတို့ ဣန္ဒြေ အနုအရင့်ကို သိတတ်သော 'ပုရိသိန္ဒြိယ'ဉာဏ်တို့ကို ဝေဖန် ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုပုရိသိန္ဒြိယဉာဏ်တော်ကို ဝေဖန်ခြင်း၏ အခါကာလပါတည်း၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထိုပုရိသိန္ဒြိယဉာဏ်တော်ကို ဝေဖန်ခြင်း၏ အခါကာလပါတည်း၊ မြတ်စွာဘုရား အထံတော်မှ ကြားနာရကုန်၍ ရဟန်းတို့သည် ဆောင်ထားကြပါလိမ့်မည်ဟု (လျှောက်၏)။

အာနန္ဒာ သို့ဖြစ်မူ နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့ ဟောကြားမည်ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏—

အာနန္ဒာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့လည်း ရှိကုန်၏၊ အကုသိုလ်တရားတို့လည်း ရှိကုန်၏"ဟု(မိမိ)စိတ်ဖြင့်(သူတပါး)စိတ်ကို ပိုင်းခြား၍ သိ၏၊ တပါးသော အခါ၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့ ကွယ်ပျောက်ကုန်၏၊ အကုသိုလ်တရားတို့ မျက်မှောက် ထင်ရှား ဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော ကုသိုလ်မူလရှိ၏၊ ထိုပုဂ္ဂိုလ်အား ထိုကုသိုလ်(မူလ)မှ ကုသိုလ်(တဖန်)ထင်ရှား ဖြစ်လိမ့်ဦးမည်၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ မယုတ်လျော့ခြင်းသဘော ရှိလိမ့်ဦးမည်"ဟု(မိမိ)စိတ်ဖြင့် (သူတပါး)စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဥပမာသော်ကား မကွဲ မပျက် မပုပ် မသိုးကုန်သော လေ နေပူတို့ မဖျက်ဆီးအပ်ကုန်သော အနှစ်ရှိကုန်၍ ကောင်းမွန်စွာ သိုမှီးအပ်ကုန်သော မျိုးစေ့တို့ကို ကောင်းသော လယ်၌ ကောင်းစွာ ပြုပြင်အပ်သော မြေဝယ် စိုက်ပျိုး ချထားအပ်ကုန်၏၊ အာနန္ဒာ "ဤမျိုးစေ့တို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မည်"ဟု သင် သိရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ငါသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့လည်း ရှိကုန်၏၊ အကုသိုလ်တရားတို့လည်း ရှိကုန်၏"ဟု မိမိစိတ်ဖြင့်(သူတပါး) စိတ်ကို ပိုင်းခြား၍ သိ၏၊

http://www.dhammadownload.com



တပါးသောအခါ၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့ ကွယ်ပျောက်ကုန်၏၊ အကုသိုလ်တရားတို့ မျက်မှောက် ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော ကုသိုလ်မူလရှိ၏၊ ထိုပုဂ္ဂိုလ်အား ထိုကုသိုလ် (မူလ)မှ ကုသိုလ် (တဖန်) ထင်ရှားဖြစ်လိမ့်ဦးမည်၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ မယုတ်လျော့ခြင်း သဘောရှိလိမ့်ဦးမည်"ဟု (မိမိ) စိတ်ဖြင့် (သူတပါး) စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါဖြစ်သော ပုဂ္ဂိုလ်ကို သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့ ဣန္ဒြေ(အနုအရင့်) ကို သိသော 'ပုရိသိန္ဒြိယ'ဉာဏ်ကို သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ၌ ဖြစ်ပေါ်မည့် တရားကို သိ၏။ (၁)

အာနန္ဒာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်ငှင်း အကုသိုလ်တရားတို့သည်ငှင်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ တပါးသော အခါ၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ ကုသိုလ်တရားတို့သည် မျက်မှောက် ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော အကုသိုလ်မူလရှိ၏၊ ထိုပုဂ္ဂိုလ်အား ထိုအကုသိုလ် (မူလ)မှ အကုသိုလ် (တဖန်) ထင်ရှားဖြစ်လိမ့်ဦးမည်၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ ဆုတ်ယုတ်ခြင်း သဘောရှိလိမ့်ဦးမည်"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဥပမာသော်ကား မကျဲ မပျက် မပုပ် မသိုး ကုန်သော လေ နေပူတို့ မဖျက်ဆီးအပ်ကုန်သော အနှစ်ရှိကုန်သော ကောင်းစွာ သိုမှီးအပ်ကုန်သော မျိုးစေ့တို့ကို ကြီးစွာသော ကျောက်ဖျာ၌ ချထားအပ်ကုန်၏၊ အာနန္ဒာ "ကျောက်ဖျာ၌ ချထားအပ်ကုန်သော ဤမျိုးစေ့တို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မည် မဟုတ်ကုန်"ဟု သင်သိရာသည် မဟုတ်ပါလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ငါသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်ငှင်း အကုသိုလ်တရားတို့သည်ငှင်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

တပါးသော အခါ၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ ကုသိုလ်တရားတို့သည် မျက်မှောက် ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော အကုသိုလ်မူလရှိ၏၊ ထိုပုဂ္ဂိုလ်အား ထိုအကုသိုလ်မူလမှ အကုသိုလ် (တဖန်) ထင်ရှားဖြစ်လိမ့်ဦးမည်၊ ဤသို့ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ ဆုတ်ယုတ်ခြင်း သဘောရှိလိမ့်ဦးမည်"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါဖြစ်သော ပုဂ္ဂိုလ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့ ဣန္ဒြေ (အနု အရင့်)ကို သိသော 'ပုရိသိန္ဒြိယ' ဉာဏ်ကို သိ၏၊

http://www.dhammadownload.com



အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ ဖြစ်ပေါ်မည့် တရားကို သိ၏။

အာနန္ဒာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား သားမြီးဖျား တတို့စာမျှ ဖြူစင်သည့် တရားမရှိ၊ ဤပုဂ္ဂိုလ်သည် စင်စစ် မည်းညစ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်လိမ့်မည်" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဥပမာသော်ကား ကွဲပျက် ပုပ်သိုး ကုန်၍လေ နေပူတို့သည် ဖျက်ဆီးအပ်သော မျိုးစေ့တို့ကို ကောင်းသော လယ်၌ ကောင်းစွာ ပြုပြင် ထွန်ယက်အပ်သော မြေဝယ် စိုက်ပျိုးထားအပ်ကုန်၏၊ အာနန္ဒာ "ဤမျိုးစေ့တို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် မဟုတ်"ဟု သင် သိရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့်စိတ်ကို ပိုင်းခြား၍ သိ၏၊ ထိုပုဂ္ဂိုလ်ကို အခါတပါး၌"ဤပုဂ္ဂိုလ်အား သားမြီးဖျား တတို့စာမျှ ဖြူစင်သည့်တရားမရှိ၊ ဤပုဂ္ဂိုလ်သည် စင်စစ် မည်းညစ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်လိမ့်မည်"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါဖြစ်သော ပုဂ္ဂိုလ်ကို သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့၏ဣန္ဒြေ (အနုအရင့်)ကို သိသော 'ပုရိသိန္ဒြိယ' ဉာဏ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ၌ ဖြစ်ပေါ်မည့်တရားကို သိ၏ ဟု (မိန့်တော်မူ၏)။ (၃)

ဤသို့ ဟောတော်မူသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား—

အသျှင်ဘုရား ဤပုဂ္ဂိုလ်သုံးယောက်တို့မှတပါး တူမျှသော အဖို့ရှိသည့် ပုဂ္ဂိုလ်သုံးယောက်တို့ကို ပညတ်ရန် တတ်ကောင်းပါသေးသလော ဟု လျှောက်၏။

"အာနန္ဒာ တတ်ကောင်း၏" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

အာနန္ဒာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ အကုသိုလ်တရားတို့သည် မျက်မှောက်ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော

http://www.dhammadownload.com



ကုသိုလ်မူလ ရှိ၏၊ ထိုကုသိုလ်မူလသည်လည်း အချင်းခပ်သိမ်း ကင်းကွာခြင်းသို့ ရောက်၏၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ ဆုတ်ယုတ်သော သဘောဖြစ်လိမ့်မည်"ဟု ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဥပမာသော်ကား အခိုးအလျှံနှင့် တကွ ထက်ဝန်းကျင် တပြောင်ပြောင် ရဲရဲတောက် လောင်သော မီးကျီးတို့ကို ကျောက်ဖျာကြီး၌ ချထားအပ်ကုန်သည်ရှိသော် "ဤမီး ကျီးတို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် မဟုတ်ကုန်" ဟူ၍ သင် သိနိုင်ရာသည် မဟုတ်ပါလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဥပမာတနည်းသော်ကား ညနေချမ်းအခါ နေဝင်သည်ရှိသော် "အလင်းရောင် ကွယ်ပျောက်၍ အမိုက်တိုက် ထင်ရှားဖြစ်လိမ့်မည်"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလော ဟု (မေးတော်မူ၏)

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဥပမာ တနည်းသော်ကား သန်ကောင်ယံ မတိုင်မီ ညစာ စားချိန်၌ "အလင်း ရောင် ကွယ်ပျောက်၍ အမိုက်တိုက် ထင်ရှားဖြစ်၏"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ အကုသိုလ်တရားတို့သည် ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော ကုသိုလ်မူလ ရှိ၏၊ ထိုကုသိုလ်မူလသည်လည်း အချင်း ခပ်သိမ်း ကင်းကွာခြင်းသို့ ရောက်၏၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ ဆုတ်ယုတ်သော သဘောရှိလိမ့်မည်" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါဖြစ်သော ပုဂ္ဂိုလ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိသော 'ပုရိသိန္ဒြိယ' ဉာဏ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာ ဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ၌ ဖြစ်ပေါ်မည့် တရားကို သိ၏။ (၄)

အာနန္ဒာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ ကုသိုလ်တရားတို့သည် မျက်မှောက် ထင်ရှား ဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော အကုသိုလ်မူလ ရှိ၏၊ ထိုအကုသိုလ်မူလသည်လည်း အချင်းခပ်သိမ်း ကင်းကွာခြင်းသို့ ရောက်၏၊ ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ မဆုတ်ယုတ်သော သဘောရှိလိမ့်မည်" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

http://www.dhammadownload.com



အာနန္ဒာ ဥပမာသော်ကား အခိုးအလျှံနှင့် တကွ ထက်ဝန်းကျင် တပြောင်ပြောင် ရဲရဲတောက်လောင်သော မီးကျီးတို့ကို ခြောက်သွေ့သော မြက်ပုံ၌ ဖြစ်စေ ထင်းပုံ၌ ဖြစ်စေ ချထားအပ်ကုန်သည်ရှိသော် "ဤမီးကျီးတို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်လိမ့်မည်"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင် ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဥပမာတနည်းသော်ကား ညဉ့်၏မိုးသောက်ယံ၌ နေထွက်သည်ရှိသော် "အမိုက်တိုက်ကွယ်ပျောက်၍ အလင်းရောင် ထင်ရှားဖြစ်လိမ့်မည်"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဥပမာတနည်းသော်ကား နေမွန်းတည့် မတိုင်မီ နံနက်စာ စားချိန်၌ "အမိုက်တိုက်ကွယ်ပျောက်၍ အလင်းရောင် ထင်ရှားဖြစ်၏"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ငါသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏" ဟု စိတ်ဖြင့်စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ကွယ်ပျောက်ကုန်၏၊ ကုသိုလ်တရားတို့သည် မျက်မှောက် ထင်ရှားဖြစ်ကုန်၏၊ သို့သော်လည်း ထိုပုဂ္ဂိုလ်အား မပြတ်သေးသော အကုသိုလ်မူလရှိ၏၊ ထိုအကုသိုလ်မူလသည်လည်း အချင်းခပ်သိမ်း ကင်းကွာခြင်းသို့ ရောက်၏၊ ဤသို့ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည် နောင်အခါ၌ မဆုတ်ယုတ်သော သဘောရှိလိမ့်မည်"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါဖြစ်သော ပုဂ္ဂိုလ်ကို သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့၏ ဣန္ဒြေ (အနု အရင့်)ကို သိသော 'ပုရိသိန္ဒြိယ' ဉာဏ်ကို သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ၌ ဖြစ်ပေါ်မည့်တရားကို သိ၏။ (၅)

အာနန္ဒာ ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို ဤပုဂ္ဂိုလ်အား သားမြီးဖျား တတို့စာမျှ သော်လည်း အကုသိုလ်တရား မရှိ၊ ဤပုဂ္ဂိုလ်သည် အပြစ်မရှိ စင်စစ် ဖြူစင်သော တရားတို့နှင့် ပြည့်စုံ၏၊ ယခုဘဝ၌ပင်လျှင် ပရိနိဗ္ဗာန်ပြုလိမ့်မည်"ဟု ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဥပမာသော်ကား အေးကုန် ငြိမ်းကုန်သော မီးကျီးတို့ကို ခြောက်သွေ့သော မြက်ပုံ၌ ဖြစ်စေ ထင်းပုံ၌ ဖြစ်စေ ချထားအပ်ကုန်သည် ရှိသော် "ဤမီးကျီးတို့သည် ကြီးပွါးခြင်း

http://www.dhammadownload.com



စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မည် မဟုတ်ကုန်"ဟု သင် သိနိုင်ရာသည် မဟုတ်ပါလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိနိုင်ရာပါ၏။

အာနန္ဒာ ဤအတူသာလျှင် ဤလောက၌ ငါသည် အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည်၎င်း အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏၊ အခါတပါး၌ ထိုပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်အား သားမြီးဖျား တတို့စာမျှသော်လည်း အကုသိုလ်မရှိ၊ ဤပုဂ္ဂိုလ်သည် အပြစ်မရှိ၊ စင်စစ် ဖြူစင်သည့် တရားတို့နှင့် ပြည့်စုံ၏၊ ယခုဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။

အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါ ဖြစ်သော ပုဂ္ဂိုလ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သတ္တဝါတို့၏ ဣန္ဒြေ (အနု အရင့်)ကို သိသော 'ပုရိသိန္ဒြိယ' ဉာဏ်ကို သိ၏၊ အာနန္ဒာ ဤသို့လည်း မြတ်စွာဘုရားသည် စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နောင်အခါ၌ ဖြစ်ပေါ်မည့်တရားကို သိ၏။ (၆)

အာနန္ဒာ ထိုပုဂ္ဂိုလ်ခြောက်ယောက်တို့တွင် ရှေ့ပုဂ္ဂိုလ်သုံးယောက်တို့အနက် တယောက်သော ပုဂ္ဂိုလ်သည် မဆုတ်ယုတ်သော သဘောရှိ၏၊ တယောက်သော ပုဂ္ဂိုလ်သည် ဆုတ်ယုတ်သော သဘောရှိ၏၊ တယောက်သော ပုဂ္ဂိုလ်သည် အပါယ်ငရဲသို့ ကျမည့်သူ ဖြစ်၏။

အာနန္ဒာ ထိုပုဂ္ဂိုလ်ခြောက်ယောက်တို့တွင် နောက်ပုဂ္ဂိုလ်သုံးယောက်တို့ အနက် တယောက်သော ပုဂ္ဂိုလ်သည် မဆုတ်ယုတ်သော သဘောရှိ၏၊ တယောက်သော ပုဂ္ဂိုလ်သည် ဆုတ်ယုတ်သော သဘောရှိ၏၊ တယောက်သော ပုဂ္ဂိုလ်သည် အေးငြိမ်းသော သဘောရှိ၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-နိဗ္ဗေဓိကသုတ်

၆၃။ ရဟန်းတို့ (ကိလေသာကို) ဖောက်ခွဲကြောင်း 'နိဗ္ဗေဓိကပရိယာယ' တရား ဒေသနာကို သင်တို့အား ဟောကြားပေအံ့၊ ထိုနိဗ္ဗေဓိကဒေသနာကို နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟုထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့(ကိလေသာကို) ဖောက်ခွဲကြောင်း ဖိုတရားဒေသနာဟူသည် အဘယ်နည်း။

ရဟန်းတို့ ကာမတို့ကို သိအပ်ကုန်၏၊ ကာမတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ ကာမတို့၏ ထူးသော အဖြစ်ကို သိအပ်၏၊ ကာမတို့၏ အကျိုးကို သိအပ်၏၊ ကာမတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ကာမတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၁)

ရဟန်းတို့ ဝေဒနာတို့ကို သိအပ်ကုန်၏၊ ဝေဒနာတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ ဝေဒနာတို့၏ ထူးသောအဖြစ်ကို သိအပ်၏၊ ဝေဒနာတို့၏ အကျိုးကို သိအပ်၏၊ ဝေဒနာတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ဝေဒနာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၂)

http://www.dhammadownload.com



ရဟန်းတို့ သညာတို့ကို သိအပ်ကုန်၏၊ သညာတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ သညာတို့၏ ထူးသော အဖြစ်ကို သိအပ်၏၊ သညာတို့၏ အကျိုးကို သိအပ်၏၊ သညာတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၃)

ရဟန်းတို့ အာသဝေါတရားတို့ကို သိအပ်ကုန်၏၊ အာသဝေါတရားတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ အာသဝေါတရားတို့၏ ထူးသော အဖြစ်ကို သိအပ်၏၊ အာသဝေါတရားတို့၏ အကျိုးကို သိအပ်၏၊ အာသဝေါတရားတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၄)

ရဟန်းတို့ ကံကို သိအပ်၏၊ ကံတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ ကံတို့၏ ထူးသောအဖြစ်ကို သိအပ်၏၊ ကံတို့၏ အကျိုးကို သိအပ်၏၊ ကံတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ကံတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၅)

ရဟန်းတို့ ဒုက္ခကို သိအပ်၏၊ ဒုက္ခ၏ ဖြစ်ကြောင်းကို သိအပ်၏၊ ဒုက္ခ၏ ထူးသောအဖြစ်ကို သိအပ်၏၊ ဒုက္ခ၏ အကျိုးကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏။ (၆)

"ရဟန်းတို့ ကာမတို့ကို သိအပ်ကုန်၏၊ ကာမတို့၏ ဖြစ်ကြောင်းကို သိအပ်၏၊ ကာမတို့၏ ထူးသော အဖြစ်ကို သိအပ်၏၊ ကာမတို့၏ အကျိုးကို သိအပ်၏၊ ကာမတို့၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ကာမတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ဟောကြားအပ်သော ဤစကားသည် အဘယ်ကို စွဲ၍ ဟောအပ်သော စကားဖြစ်သနည်း။

ရဟန်းတို့ ကာမဂုဏ်တို့သည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သည် ဖြစ်၍ ချစ်ဖွယ်သဘောရှိလျက် ကာမနှင့် စပ်ကုန် တပ်မက်ကြောင်း ဖြစ်ကုန်သော စက္ခုဝိညာဉ်ဖြင့် သိအပ်သည့် ရူပါရုံ၊ သောတဝိညာဉ်ဖြင့် သိအပ်သည့် သဒ္ဒါရုံ၊ ဃာနဝိညာဉ်ဖြင့် သိအပ်သည့် ဂန္ဓာရုံ၊ ဇိဝှါဝိညာဉ်ဖြင့် သိအပ်သည့် ရသာရုံ၊ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သည်ဖြစ်၍ချစ်ဖွယ် သဘောရှိလျက် ကာမနှင့်စပ်ကုန် တပ်မက်ကြောင်းဖြစ်ကုန်သော ကာယဝိညာဉ်ဖြင့် သိအပ်သည့် ဖောဋ္ဌဗ္ဗာရုံအားဖြင့် ဤငါးပါးတို့တည်း။

ရဟန်းတို့ စင်စစ်သော်ကား ထိုရူပါရုံစသည်တို့သည် ကာမတို့ မဟုတ်ကုန်၊ ထိုရူပါရုံစသည်တို့ကို အရိယာတို့၏ အဆုံးအမ၌ ကာမဂုဏ်တို့မည်၏ဟူ၍သာ ဆိုအပ်ကုန်၏။

> သတ္တဝါ၏ ကြံစည်သည့် အစွမ်းဖြင့် ဖြစ်သော စွဲမက်မှု'သင်္ကပ္ပရာဂ'သည် ကာမမည်၏၊ လောက၌ ဆန်းကြယ်သော အာရုံတို့သည် ကာမတို့ မမည်ကုန်။ သတ္တဝါ၏ ကြံစည်သော အစွမ်းဖြင့် ဖြစ်သော စွဲမက်မှု 'သင်္ကပ္ပရာဂ' သည် လောက၌ တည်၏၊ ဆန်းကြယ်သော အာရုံတို့သည် ထိုအတူသာလျှင် လောက၌ တည်ကုန်၏၊ ထိုသို့ဖြစ်ရာဝယ် ဤအာရုံတို့၌ အလို'ဆန္ဒ'ကို ပညာရှိတို့ ပယ်ဖျောက်ကြကုန်၏။

ရဟန်းတို့ ကာမတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'သည် ကာမတို့၏ ဖြစ်ကြောင်းတည်း။

ရဟန်းတို့ ကာမတို့၏ ထူးသော အဖြစ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ရူပါရုံတို့၌ လိုလားမှု 'ကာမ' သည် တမျိုး တခြားပင်တည်း၊ သဒ္ဒါရုံတို့၌ လိုလားမှု 'ကာမ' သည် တမျိုး တခြားပင်တည်း၊ ဂန္ဓာရုံတို့၌ လိုလားမှု 'ကာမ' သည် တမျိုး တခြားပင်

http://www.dhammadownload.com



တည်း၊ ရသာရုံတို့၌ လိုလားမှု 'ကာမ' သည် တမျိုး တခြားပင်တည်း၊ ဖောဋ္ဌဗ္ဗာရုံတို့၌ လိုလားမှု 'ကာမ' သည် တမျိုး တခြားပင်တည်း၊ ရဟန်းတို့ ဤသည်ကို ကာမတို့၏ ထူးသော အဖြစ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကာမတို့၏ အကျိုးဟူသည် အဘယ်နည်း။

ရဟန်းတို့(ကာမဂုဏ်ကို)လိုလားသူသည် ကုသိုလ်အဖို့ကြောင့်သော်၎င်း အကုသိုလ်အဖို့ကြောင့်သော်၎င်း ဖြစ်သော ထိုထို(ကိလေသာကာမ)အားလျော်သော အတ္တဘောကိုဖြစ်စေ၏၊ ရဟန်းတို့ ဤသည်ကို ကာမတို့၏ အကျိုးဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကာမတို့၏ ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'ချုပ်ငြိမ်းမှုသည် ကာမတို့၏ ချုပ်ငြိမ်းမှု ဖြစ်၏။

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် ကာမတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာ သိမြင်မှု၊ မှန်ကန်စွာ ကြံစည်မှု၊ မှန်ကန်စွာ ပြောဆိုမှု၊ မှန်ကန်စွာ ပြုလုပ်မှု၊ မှန်ကန်စွာ အသက်မွေးမှု၊ မှန်ကန်စွာ အားထုတ်မှု၊ မှန်ကန်စွာ အောက်မေ့မှု၊ မှန်ကန်စွာ တည်ကြည်မှု တို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ ကာမတို့ကို သိ၏၊ ဤသို့ ကာမတို့၏ ဖြစ်ကြောင်းကို သိ၏၊ ဤသို့ ကာမတို့၏ ထူးသော အဖြစ်ကို သိ၏၊ ဤသို့ ကာမတို့၏ အကျိုးကို သိ၏၊ ဤသို့ ကာမတို့၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ ကာမတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထိုအရိယာတပည့်သည် ကိလေသာကာမကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကာမကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ ကာမတို့ကို သိအပ်ကုန်၏။ပ။ကာမတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်ကုန်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် ဤသည်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်၏။ (၁)

"ရဟန်းတို့ ဝေဒနာကို သိအပ်၏။ပ။ဝေဒနာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်သနည်း။

ရဟန်းတို့ ဝေဒနာတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာအားဖြင့် ဤသုံးပါး တို့တည်း။

ရဟန်းတို့ ဝေဒနာတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'သည် ဝေဒနာတို့၏ ဖြစ်ကြောင်းတည်း။

ရဟန်းတို့ ဝေဒနာတို့၏ ထူးသော အဖြစ်ဟူသည် အဘယ်နည်း။

ရဟန်းတို့(ကိလေသာ)အာမိသနှင့် ယှဉ်သော သုခဝေဒနာသည် ရှိ၏၊အာမိသနှင့် မယှဉ်သော သုခဝေဒနာသည် ရှိ၏၊ အာမိသနှင့် ယှဉ်သော ဒုက္ခဝေဒနာသည် ရှိ၏၊ အာမိသနှင့် မယှဉ်သော

http://www.dhammadownload.com



ဒုက္ခဝေဒနာသည် ရှိ၏၊ အာမိသနှင့် ယှဉ်သော အဒုက္ခ မသုခ ဝေဒနာသည် ရှိ၏၊ အာမိသနှင့် မယှဉ်သော အဒုက္ခ မသုခ ဝေဒနာသည် ရှိ၏။

ရဟန်းတို့ ဤသည်ကို ဝေဒနာတို့၏ ထူးသော အဖြစ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဝေဒနာတို့၏ အကျိုးဟူသည် အဘယ်နည်း၊ ဝေဒနာခံစားသူသည် ကုသိုလ်အဖို့ကြောင့်သော်၎င်း အကုသိုလ်အဖို့ကြောင့်သော်၎င်း ဖြစ်သော ထိုထို(ဝေဒနာ)အားလျော်သော အတ္တဘောကို ဖြစ်စေ၏၊ ရဟန်းတို့ ဤသည်ကို ဝေဒနာတို့၏ အကျိုးဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဝေဒနာတို့၏ ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'ချုပ်ငြိမ်းမှုသည် ဝေဒနာတို့၏ ချုပ်ငြိမ်းမှုဖြစ်၏။

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် ဝေဒနာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာ သိမြင်မှု။ပ။မှန်ကန်စွာ တည်ကြည်မှုတို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ ဝေဒနာတို့ကို သိ၏၊ဤသို့ ဝေဒနာတို့၏ ဖြစ်ကြောင်းကို သိ၏၊ ဤသို့ ဝေဒနာတို့၏ ထူးသော အဖြစ်ကို သိ၏၊ ဤသို့ ဝေဒနာတို့၏ အကျိုးကို သိ၏၊ ဤသို့ ဝေဒနာတို့၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ ဝေဒနာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထိုအရိယာတပည့်သည် ဝေဒနာတို့ကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ ဝေဒနာတို့ကို သိအပ်ကုန်၏။ပ။ ဝေဒနာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော စကားသည် ဤသည်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်၏။ (၂)

"ရဟန်းတို့ သညာကို သိအပ်၏။ပ။ သညာ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏" ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်သနည်း။

ရဟန်းတို့ သညာတို့သည် အဆင်း၌ မှတ်သားမှု'ရူပသညာ'အသံ၌ မှတ်သားမှု'သဒ္ဒသညာ' အနံ့၌ မှတ်သားမှု'ဂန္ဓသညာ'အရသာ၌ မှတ်သားမှု'ရသသညာ'အတွေ့၌ မှတ်သားမှု'ဖောဋ္ဌဗ္ဗသညာ' သဘောတရား၌ မှတ်သားမှု 'ဓမ္မသညာ'အားဖြင့် ဤခြောက်ပါးတို့တည်း။

ရဟန်းတို့ သညာတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'သည် သညာတို့၏ ဖြစ်ကြောင်းတည်း။

ရဟန်းတို့ သညာတို့၏ ထူးသော အဖြစ်သည် အဘယ်နည်း။

ရဟန်းတို့ ရူပါရုံတို့၌ မှတ်သားမှု'သညာ'သည် တမျိုး တခြားတည်း၊ သဒ္ဒါရုံတို့၌ မှတ်သားမှု 'သညာ'သည် တမျိုး တခြားတည်း၊ ဂန္ဓာရုံတို့၌ မှတ်သားမှု'သညာ'သည် တမျိုး တခြားတည်း၊ ရသာရုံတို့၌ မှတ်သားမှု'သညာ'သည် တမျိုး တခြားတည်း၊ ဖောဋ္ဌဗ္ဗာရုံတို့၌ မှတ်သားမှု'သညာ' သည် တမျိုး တခြားတည်း၊ ဓမ္မာရုံတို့၌ မှတ်သားမှု'သညာ'သည် တမျိုး တခြားတည်း၊ ရဟန်းတို့ ဤသည်ကို သညာတို့၏ ထူးသော အဖြစ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သညာတို့၏ အကျိုးဟူသည် အဘယ်နည်း။

"ဤသို့ မှတ်သားမှု'သညာ'ရှိသူ ဖြစ်ခဲ့၏"ဟု သိနိုင်လောက်သည့် အခြင်း အရာ အားဖြင့် ခေါ်ဝေါ် ပြောဆိုနိုင်ရကား သညာကို ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤသည်ကို သညာတို့၏ အကျိုးဟု ဆိုအပ်၏။

ရဟန်းတို့ သညာတို့၏ ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု'ဖဿ'ချုပ်မှုသည် သညာတို့၏ ချုပ်မှုဖြစ်၏။

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာ သိမြင်မှု။ပ။မှန်ကန်စွာ တည်ကြည်မှုတို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ သညာတို့ကို သိ၏၊ ဤသို့ သညာတို့၏ ဖြစ်ကြောင်းကို သိ၏၊ဤသို့ သညာတို့၏ ထူးသော အဖြစ်ကို သိ၏၊ဤသို့ သညာတို့၏ အကျိုးကို သိ၏၊ ဤသို့ သညာတို့၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထိုအရိယာတပည့်သည် သညာတို့ကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ သညာတို့ကို သိအပ်ကုန်၏။ပ။ သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် ဤသည်ကို စွဲ၍ ဟောကြား အပ်သော စကားဖြစ်၏။ (၃)

"ရဟန်းတို့ အာသဝေါတရားတို့ကို သိအပ်၏။ပ။ အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာသို့ ရောက် ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်သနည်း။

ရဟန်းတို့ အာသဝေါတရားတို့သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ အားဖြင့် ဤသုံးပါး တို့တည်း။

ရဟန်းတို့ အာသဝေါတရားတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'သည် အာသဝေါတရားတို့၏ ဖြစ်ကြောင်းတည်း။

ရဟန်းတို့ အာသဝေါတရားတို့၏ ထူးသော အဖြစ်သည် အဘယ်နည်း။

ရဟန်းတို့ ငရဲသို့ ရောက်ကြောင်း အာသဝေါတရားတို့သည် ရှိကုန်၏၊ တိရစ္ဆာန်ဘုံသို့ ရောက် ကြောင်း အာသဝေါတရားတို့သည် ရှိကုန်၏၊ ပြိတ္တာဘုံသို့ ရောက်ကြောင်း အာသဝေါတရား တို့သည် ရှိကုန်၏၊ လူ့ဘုံလောကသို့ ရောက်ကြောင်း အာသဝေါတရားတို့သည် ရှိကုန်၏၊ နတ်ဘုံ လောကသို့ ရောက်ကြောင်း အာသဝေါတရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤသည်ကို အာသဝေါ တရားတို့၏ ထူးသောအဖြစ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အာသဝေါတရားတို့၏ အကျိုးဟူသည် အဘယ်နည်း။

ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ'နှင့် ပြည့်စုံသူသည် ကုသိုလ်အဖို့ကြောင့်သော်၎င်း အကုသိုလ်အဖို့ ကြောင့်သော်၎င်း ဖြစ်သော ထိုထို(အာသဝေါတရား)အားလျော်သော အတ္တဘောကို ဖြစ်စေ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကို အာသဝေါတရားတို့၏ အကျိုးဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အာသဝေါတရားတို့၏ ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' ချုပ်ငြိမ်းမှုသည် အာသဝေါတရားတို့၏ ချုပ်ငြိမ်းမှုဖြစ်၏။

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာသိမြင်မှု ။ပ။ မှန်ကန်စွာ တည်ကြည်မှု တို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ အာသဝေါတရား တို့ကို သိ၏၊ ဤသို့ အာသဝေါတရားတို့၏ ဖြစ်ကြောင်းကို သိ၏၊ ဤသို့ အာသဝေါတရားတို့၏ ထူးသောအဖြစ်ကို သိ၏၊ ဤသို့ အာသဝေါတရားတို့၏ အကျိုးကို သိ၏၊ ဤသို့ အာသဝေါတရားတို့၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထို အရိယာတပည့်သည် အာသဝေါတရားတို့ကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ အာသဝေါတရားတို့ကို သိအပ်ကုန်၏။ပ။ အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် ဤသည်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်၏။ (၄)

"ရဟန်းတို့ ကံတို့ကို သိအပ်ကုန်၏။ပ။ ကံ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်သနည်း။

ရဟန်းတို့ စေ့ဆော်တိုက်တွန်း၍ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ စိတ်ဖြင့်ဖြစ်စေ (ကုသိုလ် အကုသိုလ်) ကံကို ပြုရကား စေတနာကို ကံဟူ၍ ငါဆို၏။

ရဟန်းတို့ ကံတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု 'ဖဿ' သည် ကံတို့၏ ဖြစ်ကြောင်းတည်း။

ရဟန်းတို့ ကံတို့၏ ထူးသောအဖြစ်သည် အဘယ်နည်း။

ရဟန်းတို့ ငရဲ၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏၊ တိရစ္ဆာန်ဘုံ၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏၊ ပြိတ္တာဘုံ၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏၊ လူ့ဘုံ လောက၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏၊ နတ်ဘုံလောက၌ ခံစားအပ်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ ဤသည်ကို ကံတို့၏ ထူးသောအဖြစ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကံတို့၏ အကျိုးဟူသည် အဘယ်နည်း။

ရဟန်းတို့ ယခုဘဝ၌ဖြစ်စေ ဒုတိယဘဝ၌ဖြစ်စေ အခြားအလှည့် ကြုံရာဘဝ၌ဖြစ်စေ (ခံစားအပ်သော) ကံတို့၏ အကျိုးကို သုံးမျိုးရှိ၏ဟု ငါဆို၏။

ရဟန်းတို့ ဤသည်ကို ကံတို့၏ အကျိုးဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ကံတို့၏ ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ တွေ့ထိမှု 'ဖဿ' ချုပ်ငြိမ်းမှုသည် ကံတို့၏ ချုပ်ငြိမ်းမှုဖြစ်၏။

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် ကံတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာ သိမြင်မှု ။ပ။ မှန်ကန်စွာ တည်ကြည်မှုတို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ ကံတို့ကို သိ၏၊ ဤသို့ ကံတို့၏ ဖြစ်ကြောင်းကို သိ၏၊ ဤသို့ ကံတို့၏ ထူးသောအဖြစ်ကို သိ၏၊ ဤသို့ ကံတို့၏ အကျိုးကို သိ၏၊ ဤသို့ ကံတို့၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ ကံတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထိုအရိယာတပည့်သည် ကံတို့ကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ ကံတို့ကို သိအပ်ကုန်၏ ။ပ။ ကံတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏" ဟူ၍ ဟောကြားအပ်သော ထိုစကားသည် ဤသည်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်၏။ (၅)

"ရဟန်းတို့ ဒုက္ခကို သိအပ်၏၊ ဒုက္ခ၏ ဖြစ်ကြောင်းကို သိအပ်၏၊ ဒုက္ခ၏ ထူးသောအဖြစ်ကို သိအပ်၏၊ ဒုက္ခ၏ အကျိုးကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟု ငါဟောကြားအပ်သော ထိုစကားသည် အဘယ်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်သနည်း။

ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်း ဆင်းရဲ၏၊ နာရခြင်းသည်လည်း ဆင်းရဲ၏၊ သေရခြင်းသည်လည်း ဆင်းရဲ၏၊ ပူဆွေးရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည်လည်း ဆင်းရဲကုန်၏၊ အလိုမပြည့်ခြင်းသည်လည်း ဆင်းရဲ၏၊ အကျဉ်းအားဖြင့် 'ဥပါဒါနက္ခန္ဓာ' ငါးပါးတို့သည် ဆင်းရဲကုန်၏။

ရဟန်းတို့ ဒုက္ခ၏ အကြောင်းဟူသည် အဘယ်နည်း။

ရဟန်းတို့ တပ်မက်မှု 'တဏှာ' သည် ဒုက္ခ၏ အကြောင်းတည်း။

ရဟန်းတို့ ဒုက္ခ၏ ထူးသောအဖြစ်သည် အဘယ်နည်း။

ရဟန်းတို့ လွန်ကဲသော ဒုက္ခသည် ရှိ၏၊ အားနည်းသော ဒုက္ခသည် ရှိ၏၊ ဖြည်းဖြည်း ကင်းပျောက်သော ဒုက္ခသည် ရှိ၏၊ အဆောတလျင် ကင်းပျောက်သော ဒုက္ခသည် ရှိ၏၊ ရဟန်းတို့ ဤသည်ကို ဒုက္ခ၏ ထူးသောအဖြစ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခ၏ အကျိုးဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အကြင်ဒုက္ခဖြင့် နှိပ်စက်အပ်သည် သိမ်းကျုံးယူအပ်သော စိတ်ရှိသည်ဖြစ်၍ ပူဆွေးရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်တီးလက်ခတ် မြည်တမ်းရ၏၊ တွေဝေခြင်းသို့ ရောက်ရ၏၊ တနည်းမူကား အကြင်ဒုက္ခဖြင့် နှိပ်စက်အပ်သည် သိမ်းကျုံးယူအပ်သော စိတ်ရှိသည်ဖြစ်၍ "အဘယ်သူသည် ဤဆင်းရဲ၏ ချုပ်ငြိမ်းရန် တပုဒ်ရှိ မန္တန်ကို ဖြစ်စေ နှစ်ပုဒ်ရှိ မန္တန်ကိုဖြစ်စေ သိနိုင်အံ့နည်း"ဟု (သာသနာမှ) အပ၌ (သူခကို)ရှာမှီး၏၊

http://www.dhammadownload.com



ရဟန်းတို့ ဒုက္ခကိုပြင်းစွာ တွေ့ဝေခြင်း အကျိုးရှိ၏ဟူ၍ရင်း (ချမ်းသာအံ့နိုး) ရှာမှီးခြင်းအကျိုး ရှိ၏ ဟူ၍ရင်း ငါဆို၏၊ ရဟန်းတို့ ဤသည်ကို ဒုက္ခ၏ အကျိုးဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခ၏ချုပ်ငြိမ်းမှုဟူသည် အဘယ်နည်း။

ရဟန်းတို့ တဏှာချုပ်ငြိမ်းမှုသည် ဒုက္ခချုပ်ငြိမ်းမှု ဖြစ်၏။

မြတ်သောအင်္ဂါရှစ်ပါးရှိသော ဤမဂ္ဂင်သည်သာလျှင် ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။

ဤသည်ကား အဘယ်နည်း။

မှန်ကန်စွာ သိမြင်မှု ။ပ။ မှန်ကန်စွာ တည်ကြည်မှုတို့တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ ဒုက္ခကို သိ၏၊ ဤသို့ ဒုက္ခ၏ ဖြစ်ကြောင်းကို သိ၏၊ ဤသို့ ဒုက္ခ၏ ထူးသော အဖြစ်ကို သိ၏၊ ဤသို့ ဒုက္ခ၏ အကျိုးကို သိ၏၊ ဤသို့ ဒုက္ခ၏ ချုပ်ငြိမ်းမှုကို သိ၏၊ ဤသို့ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအခါ ထိုအရိယာတပည့်သည် ဒုက္ခကို ချုပ်ငြိမ်းစေတတ်သော ကိလေသာကို ဖောက်ခွဲနိုင်သော ဤမြတ်သော အကျင့်ကို သိ၏။

"ရဟန်းတို့ ဒုက္ခကို သိအပ်၏၊ ဒုက္ခ၏ဖြစ်ကြောင်းကို သိအပ်၏၊ ဒုက္ခ၏ ထူးသောအဖြစ်ကို သိအပ်၏၊ ဒုက္ခ၏ အကျိုးကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းမှုကို သိအပ်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိအပ်၏"ဟူ၍ ငါဟောကြားအပ်သော စကားသည် ဤသည်ကို စွဲ၍ ဟောကြားအပ်သော စကားဖြစ်၏။ (၆)

ရဟန်းတို့ ကိလေသာကို ဖောက်ခွဲကြောင်း 'နိဗ္ဗေဓိကပရိယာယ' တရားဒေသနာဟူသည် ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သီဟနာဒသုတ်

၆၄။ ရဟန်းတို့ မြတ်စွာဘုရား၏ အားတော်တို့သည် ဤခြောက်မျိုးတို့တည်း—

မြတ်စွာဘုရားသည် ယင်းအားတော်ခြောက်မျိုးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မြင့်မြတ်သော အရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြားသိ၏၊ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်း

http://www.dhammadownload.com



မှန်စွာ ခွဲခြား သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရား သည် မြင့်မြတ်သောအရာ(ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကိုမြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ် တိုင်းမှန်စွာ ခွဲခြား သိတော်မူ၏၊ ရဟန်းတို့ ယင်းသို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သောကံတို့၏ အကျိုးကိုအထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်း မှန်စွာ ခွဲခြားသိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရား သည် မြင့်မြတ်သောအရာ(ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၂)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိ၏၊ ရဟန်းတို့ ယင်းသို့ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက် ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၃)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုငြင်း နှစ်ဘဝတို့ကိုငြင်း။ပ။ ဤသို့ အခြင်း အရာနှင့် တကွ အဖြစ်သနစ်နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ ရဟန်းတို့ ယင်းသို့ အောက်မေ့နိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်း အားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၄)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိ ထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်ကုန် သော သတ္တဝါတို့ကို သိနိုင်၏။

ရဟန်းတို့ ယင်းသို့ လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့်။ပ။ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိနိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ(ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၅)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တ ဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေတော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ယင်းသို့ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေနိုင်တော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၆)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့၊ ရဟန်းတို့ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား ဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ အမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၁)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည်အပ်သည့် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့။ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သည့် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား ဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သည့် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာအမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၂)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးခြင်း ဖြူစင်ခြင်း ထမြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့၊ ရဟန်းတို့ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးခြင်း ဖြူစင်ခြင်း ထမြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား ဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးခြင်း ဖြူစင်ခြင်း ထမြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာအမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၃)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့၊ ရဟန်းတို့ ရှေးဘဝ၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရားဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် ရှေးဘဝ၌ ဖြစ်ဘူးသော

http://www.dhammadownload.com



ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာအမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၄)

ရဟန်းတို့ ရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့၊ ရဟန်းတို့ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဟုတ်တိုင်းမှန်စွာမြတ်စွာဘုရား ဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဟုတ်တိုင်းမှန်စွာ ပြဿနာအမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၅)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ သူတပါးတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပြဿနာ မေးကုန်ငြားအံ့။ ရဟန်းတို့ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား ဉာဏ်တော်၌ ထင်ရှားသော အခြင်းအရာအားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် သိ၍ ပြဿနာအမေးခံရသော မြတ်စွာဘုရားသည် ထိုသူတို့အား ဖြေကြားတော်မူ၏။ (၆)

ရဟန်းတို့ ထိုရဲရင့်သော အသံကို မြွက်ဆိုရာ၌ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏၊ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သည့် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းရင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏။ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို၊ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးခြင်း ဖြူစင်ခြင်း ထမြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏၊ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို၊ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အဖန်ဖန် အောက်မေ့နိုင်သော ဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏၊ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏၊ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ကိုလည်း တည်ကြည်သော စိတ်ရှိသူအားသာ (ဖြစ်၏) ဟု ငါဆို၏၊ မတည်ကြည်သော စိတ်ရှိသူအား (ဖြစ်၏) ဟု ငါမဆို။

ရဟန်းတို့ ဤသို့လျှင် တည်ကြည်မှုသည် လမ်းမှန်ပေတည်း၊ မတည်ကြည်မှုသည် လမ်းမှားပေတည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် မဟာဝဂ် ပြီး၏။

http://www.dhammadownload.com



## ၇-ဒေဝတာဝဂ် ၁-အနာဂါမိဖလသုတ်

၆၅။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
ယုံကြည်ခြင်း 'သဒ္ဓါ' မရှိမှု။
(ဒုစရိုက်မှ) မရှက်မှု။
(ဒုစရိုက်မှ) မလန့်မှု။
ပျင်းရိမှု။
သတိလွတ်ကင်းမှု။
ပညာမဲ့မှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်သဖြင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
ယုံကြည်ခြင်း'သဒ္ဓါ'မရှိမှု။
(ဒုစရိုက်မှ) မရှက်မှု။
(ဒုစရိုက်မှ) မလန့်မှု။
ပျင်းရိမှု။
သတိလွတ်ကင်းမှု။
ပညာမဲ့မှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်သဖြင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂—အရဟတ္တသုတ်

၆၆။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
စိတ်၏ ထိုင်းမှိုင်းမှု။

http://www.dhammadownload.com



စေတသိက်တို့၏ လေးလံမှု။

ပျံ့လွင့်မှု။

နောင်တ ပူပန်မှု။

ယုံကြည်ခြင်း 'သဒ္ဓါ' မရှိမှု။

မေ့လျော့မှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကိုမပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

ရဟန်းတို့ တရားခြောက်မျိုး တို့ကို ပယ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

စိတ်၏ ထိုင်းမှိုင်းမှု။

စေတသိက်တို့၏ လေးလံမှု။

ပျံ့လွင့်မှု။

နောင်တ ပူပန်မှု။

ယုံကြည်ခြင်း 'သဒ္ဓါ' မရှိမှု။

မေ့လျော့မှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃—မိတ္တသုတ်

၆၇။ ရဟန်းတို့ ယုတ်မာသောအဆွေခင်ပွန်းရှိသော ယုတ်မာသောအပေါင်းအသင်းရှိသော ယုတ်မာသောအဆွေခင်ပွန်းကိုကိုင်းရှိုင်းသော ယုတ်မာသောအဆွေခင်ပွန်းကိုမှီဝဲသော ဆည်းကပ်သော အဖန်ဖန် ဆည်းကပ်သော ထိုယုတ်မာသော အဆွေခင်ပွန်းတို့၌ မြင်ဘူးသော အမူအရာကို အစဉ်လိုက်ခြင်းသို့ရောက်သော ထိုရဟန်းသည် စင်စစ်မြတ်သော ဝတ်အကျင့်တရားကို ဖြည့်ဆည်းပူးလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိ၊ မြတ်သော ဝတ်အကျင့်တရားကို မဖြည့်ဆည်းပူးပဲ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလကို ဖြည့်ဆည်းပူးလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလကို မဖြည့်ဆည်းပူးပဲ သီလ လေးမျိုးတို့ကို ဖြည့်ဆည်းပူးလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိ၊ သီလ(လေးမျိုး) တို့ကို မဖြည့်ဆည်းပူးပဲ ကာမရာဂကိုဎင်း ရူပရာဂကိုဎင်း အရူပရာဂကိုဎင်း ပယ်စွန့်နိုင်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ။

ရဟန်းတို့ ကောင်းသောအဆွေခင်ပွန်းရှိသော ကောင်းသောအပေါင်းအသင်းရှိသော ကောင်းသောအဆွေခင်ပွန်းကို ကိုင်းရှိုင်းသော ကောင်းသောအဆွေခင်ပွန်းကို မှီဝဲသော

http://www.dhammadownload.com



ဆည်းကပ်သော အဖန်ဖန်ဆည်းကပ်သော ထိုကောင်းသော အဆွေခင်ပွန်းတို့၌ မြင်ဘူးသော အမှုအရာကို အစဉ်လိုက်ခြင်းသို့ရောက်သော ထိုရဟန်းသည် စင်စစ်မြတ်သော ဝတ်အကျင့်တရားကို ဖြည့်ဆည်းပူးလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည်ရှိ၏၊ မြတ်သော ဝတ်အကျင့် တရားကို ဖြည့်ဆည်းပူးသည် ရှိသော် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလကို ဖြည့်ဆည်းပူးလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလကို ဖြည့်ဆည်း ပူးသည်ရှိသော် သီလလေးမျိုးတို့ကို ဖြည့်ဆည်း ပူးလိမ့်မည်ဟူသော ဤအကြောင်း မျိုးသည် ရှိ၏၊ သီလလေးမျိုးတို့ကို ဖြည့်ဆည်းပူးသည်ရှိသော် ကာမရာဂကိုင်း ရူပရာဂကိုင်း အရူပရာဂကိုင်း ပယ်စွန့်နိုင်လိမ့်မည်ဟူသော အကြောင်းမျိုးသည် ရှိ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သင်္ဂဏိကာရာမသုတ်

၆၈။ ရဟန်းတို့ အပေါင်းအသင်း၌ မွေ့လျော်သော အပေါင်းအသင်း၌ ပျော်ပိုက်သော အပေါင်းအသင်း၌ မွေ့လျော်ခြင်းကို အဖန်ဖန် အားထုတ်သော ဂိုဏ်း၌ မွေ့လျော်သော ဂိုဏ်း၌ ပျော်ပိုက်သော ဂိုဏ်း၌ မွေ့လျော်ခြင်းကို အဖန်ဖန် အားထုတ်သော ထိုရဟန်းသည် တယောက်တည်း ဆိတ်ငြိမ်ရာ၌ မွေ့လျော်လိမ့်မည်ဟူသော အကြောင်းမျိုးသည် မရှိနိုင်ချေ၊ တယောက်တည်း ဆိတ်ငြိမ်ရာ၌ မမွေ့လျော်သူသည် စိတ်၏ (သမာဓိ ဝိပဿနာဟူသော) အကြောင်းကို ယူနိုင်လိမ့်မည်ဟူသော အကြောင်းမျိုးသည် မရှိနိုင်ချေ၊ စိတ်၏ (သမာဓိ ဝိပဿနာဟူသော) အကြောင်းကို မယူသူသည် မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' ကိုဖြည့်ဆည်းပူ လိမ့်မည် ဟူသော အကြောင်းမျိုးသည် မရှိနိုင်ချေ၊ မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို မဖြည့်ဆည်းပူးမူ၍ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ဖြည့်ဆည်းပူးလိမ့်မည်ဟူသော အကြောင်းမျိုးသည် မရှိနိုင်ချေ၊ သမ္မာသမာဓိကို မဖြည့်ဆည်းပူးသူသည် သံယောဇဉ်တို့ကို ပယ်စွန့်လိမ့်မည်ဟူသော အကြောင်းမျိုးသည်မရှိနိုင်ချေ၊ နှောင်ကြိုး 'သံယောဇဉ်'တို့ကို မပယ်စွန့်မူ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလိမ့်မည် ဟူသော အကြောင်းမျိုးသည် မရှိနိုင်ချေ။

ရဟန်းတို့ အပေါင်းအသင်း၌ မမွေ့လျော်သော အပေါင်းအသင်း၌ မပျော်ပိုက်သော အပေါင်းအသင်း၌ မွေ့လျော်ခြင်းကို အဖန်ဖန်အားမထုတ်သော ဂိုဏ်း၌ မမွေ့လျော်သော ဂိုဏ်း၌ မပျော်ပိုက်သော ဂိုဏ်း၌ မွေ့လျော်ခြင်းကို အဖန်ဖန် အားမထုတ်သော ထိုရဟန်းသည် တယောက်တည်း ဆိတ်ငြိမ်ရာ၌ မွေ့လျော် လိမ့်မည်ဟူသော အကြောင်းမျိုးသည် ရှိနိုင်၏၊ တယောက်တည်း ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူသည် စိတ်၏ (သမာဓိဝိပဿနာ ဟူသော) အကြောင်းကို ယူနိုင်လိမ့်မည်ဟူသော အကြောင်းမျိုးသည်ရှိနိုင်၏၊ စိတ်၏ (သမာဓိ ဝိပဿနာ ဟူသော) အကြောင်းကို ယူသူသည် မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ဖြည့်ဆည်းပူး လိမ့်မည်ဟူသော အကြောင်းမျိုးသည် ရှိနိုင်၏၊မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ဖြည့်ဆည်းပူး သည်ရှိသော် မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ဖြည့်ဆည်းပူးလိမ့် မည်ဟူသော အကြောင်းမျိုးသည် ရှိနိုင်၏၊ သမ္မာသမာဓိကို ဖြည့်ဆည်း ပူးသည်ရှိသော်(သံယောဇဉ်) တို့ကို

http://www.dhammadownload.com



ပယ်စွန့်နိုင်လိမ့်မည်ဟူသော အကြောင်းမျိုးသည် ရှိနိုင်၏၊ သံယောဇဉ်တို့ကို ပယ်စွန့်နိုင်သည်ရှိသော် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော အကြောင်းမျိုးသည် ရှိနိုင်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒေဝတာသုတ်

၆၉။ ထိုအခါ၌ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်သော (သန်ကောင်ယံ)အခါ၌ အလွန် နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပ စေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်သျှက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

"အသျှင်ဘုရား ဤဘရားခြောက်မျိုးဘို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု။

တရားတော်၌ ရိုသေမှု။

သံဃာတော်၌ ရိုသေမှု။

အကျင့်သိက္ခာ၌ ရိုသေမှု။

ဆိုဆုံးမ လွယ်သော စကားရှိမှု။

အဆွေခင်ပွန်းကောင်း ရှိမှုတို့တည်း။

အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏"ဟု ထိုနတ်သားသည် ဤစကားကို လျှောက်ထား၏၊ (ထိုသို့ လျှောက်ထားသော်) မြတ်စွာဘုရားသည် နှစ်သက်လိုက်လျောတော်မူ၏၊ ထိုအခါ ထိုနတ်သားသည် "မြတ်စွာဘုရားသည် ငါ၏ စကားကို နှစ်သက်လိုက်လျောတော်မူ၏"ဟု (သိ၍) မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေ ပြုပြီးလျှင် ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

ရဟန်းတို့ ဤညဉ့်၌ နတ်သားတဦးသည် ညဉ့်ဦးယံလွန်သော (သန်ကောင်ယံ)အခါ၌ အလွန် နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပ စေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်သျှက် ငါ့အား ဤစကားကို လျှောက်ထား၏—

"အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု။

တရားတော်၌ ရိုသေမှု။

http://www.dhammadownload.com



သံဃာတော်၌ ရှိသေမှု။

အကျင့်သိက္ခာ၌ ရှိသေမှု။

ဆိုဆုံးမ လွယ်သော စကားရှိမှု။

အဆွေခင်ပွန်းကောင်း ရှိမှုတို့တည်း။

အသျှင်ဘုရား ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏” ဟု ဤနတ်သားသည် ဤစကားကို လျှောက်ထား၏၊ ဤစကားကို လျှောက်ထားပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ရှိခိုးလျက်—

“အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤတရားတော်၏ အနက်ကို အကျွန်ုပ်သည် ဤသို့ အကျယ်အားဖြင့် သိပါ၏—

အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း မြတ်စွာဘုရား၌ ရိုသေ၏၊ မြတ်စွာဘုရား၌ ရိုသေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊မြတ်စွာဘုရား၌ မရိုသေကုန်သော အခြား ရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရိုသေရန် ဆောက်တည်စေ၏၊ မြတ်စွာဘုရား၌ ရိုသေကုန်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန် သင့်လျော်သော အခါ၌ ပြောဆို၏။

မိမိလည်း တရား၌ ရိုသေ၏။ပ။

မိမိလည်း သံဃာ၌ ရိုသေ၏။ပ။

မိမိလည်း အကျင့်သိက္ခာ၌ ရိုသေ၏။ပ။

မိမိလည်း ဆိုဆုံးမ လွယ်သော စကားရှိ၏။ပ။

မိမိလည်း အဆွေခင်ပွန်းကောင်းရှိ၏၊အဆွေခင်ပွန်းကောင်းရှိခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊အဆွေခင်ပွန်းကောင်း မရှိကုန်သော အခြားရဟန်းတို့ကိုလည်း အဆွေခင်ပွန်းကောင်းရှိရန် ဆောက်တည်စေ၏၊အဆွေခင်ပွန်းကောင်း ရှိကုန်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန် သင့်လျော်သော အခါ၌ ပြောဆို၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤတရားတော်၏ အနက်ကို အကျွန်ုပ်သည် အကျယ်အားဖြင့် ဤသို့ သိပါ၏”ဟု လျှောက်၏။

သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ။

သာရိပုတြာ သင်သည် ငါ အကျဉ်းဟောအပ်သော ဤတရား၏ အနက်ကို ဤသို့ အကျယ်အားဖြင့် ကောင်းစွာ သိပေ၏။

သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း မြတ်စွာဘုရား၌ ရိုသေ၏၊ မြတ်စွာဘုရား၌ ရိုသေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ မြတ်စွာဘုရား၌ မရိုသေကုန်သော အခြားရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရိုသေရန် ဆောက်တည်စေ၏၊ မြတ်စွာဘုရား၌ ရိုသေကုန်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန် သင့်လျော်သော အခါ၌ ပြောဆို၏။

http://www.dhammadownload.com



မိမိလည်း တရား၌ ရှိသေ၏။ပ။
မိမိလည်း သံဃာ၌ ရှိသေ၏။ပ။
မိမိလည်း အကျင့်သိက္ခာ၌ ရှိသေ၏။ပ။
မိမိလည်း ဆိုဆုံးမ လွယ်သော စကားရှိ၏။ပ။

မိမိလည်း အဆွေခင်ပွန်းကောင်းရှိ၏၊အဆွေခင်ပွန်းကောင်းရှိခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊အဆွေခင်ပွန်းကောင်း မရှိကုန်သော အခြားရဟန်းတို့ကိုလည်း အဆွေခင်ပွန်းကောင်း ရှိရန် ဆောက်တည်စေ၏၊အဆွေခင်ပွန်းကောင်း ရှိကုန်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန် သင့်လျော်သော အခါ၌ ပြောဆို၏။

သာရိပုတြာ ငါသည် အကျဉ်းအားဖြင့် ဟောကြားအပ်သော ဤတရား၏ အနက်ကို အကျယ်အားဖြင့် ဤသို့ မှတ်သားအပ်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သမာဓိသုတ်

၇၀။ ရဟန်းတို့(ကိလေသာတို့မှ)မငြိမ်းသော မမြတ်သော ငြိမ်းချမ်းမှုကိုမရသော မြတ်သော တည်ကြည်မှုသို့ မကပ်ရောက်သော သမာဓိဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားလိမ့်မည်၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်လိမ့်မည် အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လိမ့်မည်။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို စိတ်အလိုအတိုင်း ဖြစ်စေလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် စင်စစ် မရှိနိုင်ချေ။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် လွန်သော နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတ'နားဖြင့် နတ်၌ရှင်း လူ၌ရှင်း ဖြစ်ကုန်သော အဝေး၌ရှင်း အနီး၌ရှင်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ။

တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိလိမ့်မည် စွဲမက်မှု'ရာဂ'နှင့်တကွဖြစ်သော စိတ်ကိုမူလည်း "စွဲမက်မှု'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိလိမ့်မည်။ပ။ လွတ်မြောက်သော စိတ်ကိုမူလည်း "လွတ်မြောက်သော စိတ်"ဟူ၍ သိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ။

များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လိမ့်မည်၊ ဤသည်ကား အဘယ်နည်း၊ တခုသော ဘဝကိုရှင်း နှစ်ခုသော ဘဝတို့ကိုရှင်း။ပ။ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့် တကွသော များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် လွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် သတ္တဝါတို့ကို မြင်လိမ့်မည်။ပ။ ကံအလျောက် ဖြစ်ကုန်သော သတ္တဝါတို့ကို သိလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ၊ အာသဝေါတရားတို့၏ ကုန်

http://www.dhammadownload.com



ခြင်းကြောင့်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ရောက်၍ နေလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ချေ။

ရဟန်းတို့ (ကိလေသာတို့မှ) ငြိမ်းအေးသော မြတ်သော ငြိမ်းချမ်းမှုကို ရသော မြတ်သော တည်ကြည်မှုသို့ ကပ်ရောက်သော သမာဓိဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ခံစားလိမ့်မည်။ပ။ ဗြဟ္မာ့ဘုံ တိုင်အောင်လည်း ကိုယ်ကို စိတ်အလိုအတိုင်း ဖြစ်စေလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် စင်စစ် ရှိနိုင်၏။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် လွန်သော နတ်တို့နားနှင့် တူသော 'ဒိဗ္ဗသောတ' နားဖြင့် နတ်၌ရှိင်း လူ၌ရှိင်း ဖြစ်ကုန်သော အဝေး၌ရှိင်း အနီး၌ရှိင်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိလိမ့်မည်၊ စွဲမက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုမူလည်း "စွဲမက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်" ဟူ၍ သိလိမ့်မည်။ပ။ လွတ်မြောက်သော စိတ်ကိုမူလည်း "လွတ်မြောက်သော စိတ်" ဟူ၍ သိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လိမ့်မည်။

ဤသည်ကား အဘယ်နည်း။

တခုသော ဘဝကိုလည်း နှစ်ခုသော ဘဝတို့ကိုလည်း။ပ။ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လိမ့်မည်ဟူသော ဤအကြောင်းမျိုး သည် ရှိနိုင်၏။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် လွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် စုတေကုန်သော ပဋိသန္ဓေနေကုန်သော ယုတ်ကုန် မြတ်ကုန်သော အဆင်းလှကုန် အဆင်းမလှကုန်သော ကောင်းသော လားရာ မကောင်းသော လားရာရှိကုန်သော သတ္တဝါတို့ကို မြင်လိမ့်မည်၊ ကံအလျောက် ဖြစ်ကုန်သော သတ္တဝါတို့ကို သိလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါတရား မရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို။ပ။ အရဟတ္တဖိုလ် ကို မျက်မှောက်ပြုလျက် ရောက်၍ နေလိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သက္ခိဘဗ္ဗသုတ်

၇၁။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရှေးဘဝ အကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အခြေခံ ဈာန်စသော အကြောင်းရှိသော်လည်း ထိုထို တရားအထူး၌ သာလျှင် မျက်မှောက် ပြုထိုက်သည့် အဖြစ်သို့ ရောက်ရန် မထိုက်။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

"ဤတရားတို့ကား ဆုတ်ယုတ်သော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိ။

"ဤတရားတို့ကား တည်သော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိ။

"ဤတရားတို့ကား ထူးသော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိ။

"ဤတရားတို့ကား(ကိလေသာကို)ဖောက်ခွဲခြင်း အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိ။

ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့မရှိ။

လျော်ကပတ်သည်ကိုလည်း ပြုလေ့မရှိ။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရှေးဘဝ အကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အခြေခံ စျာန်စသော အကြောင်းရှိသော်လည်း ထိုထို တရားအထူး၌ သာလျှင် မျက်မှောက်ပြုထိုက်သည့် အဖြစ်သို့ ရောက်ရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရှေးဘဝ အကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အခြေခံ စျာန်စသော အကြောင်းရှိလတ်သော် ထိုထို တရားအထူး၌သာလျှင် မျက်မှောက်ပြုထိုက်သည့် အဖြစ်သို့ ရောက်ရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

"ဤတရားတို့ကား ဆုတ်ယုတ်သော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။

"ဤတရားတို့ကား တည်သော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။

"ဤတရားတို့ကား ထူးသော အဖို့ရှိကုန်၏" ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။

"ဤတရားတို့ကား(ကိလေသာကို)ဖောက်ခွဲခြင်း အဖို့ရှိကုန်၏"ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။

ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ရှိ၏။

လျော်ကပတ်သည်ကိုလည်း ပြုလေ့ရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရှေးဘဝ အကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အခြေခံ စျာန်စသော အကြောင်း ရှိလတ်သော် ထိုထို တရားအထူး၌ သာလျှင် မျက်မှောက်ပြုထိုက်သည့် အဖြစ်သို့ ရောက်ရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဗလသုတ်

၇၂။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ရောက်ရန် မထိုက်။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
သမာဓိကို ဝင်စားမှု၌ မလိမ္မာ။
သမာဓိ၏ တည်မှု၌ မလိမ္မာ။
သမာဓိမှ ထမှု၌ မလိမ္မာ။
ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ မရှိ။
အမြဲပြုခြင်းလည်း မရှိ။
လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိ။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ ရောက်ရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ ရောက်ရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
သမာဓိကို ဝင်စားမှု၌ လိမ္မာ၏။
သမာဓိ၏ တည်မှု၌ လိမ္မာ၏။
သမာဓိမှ ထမှု၌ လိမ္မာ၏။
ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ ရှိ၏။
အမြဲပြုခြင်းလည်း ရှိ၏။
လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ရောက်ရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ တဇ္ဈာနသုတ်

၇၃။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ပဌမဈာန်သို့ ရောက်၍ နေရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—
ကာမဂုဏ်၌ ဖြစ်သော အလို 'ကာမစ္ဆန္ဒ'။
ပျက်စီးစေလိုမှု 'ဗျာပါဒ'။
လေးလံ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ'။
ပျံ့လွင့်မှု နောင်တ ပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ'။

http://www.dhammadownload.com



မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'။

ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ အပြစ်ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် မြင်အပ်သည် မဟုတ်။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ ပဌမစျာန်သို့ ရောက်၍ နေရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမစျာန်သို့ ရောက်၍ နေရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်၌ ဖြစ်သော အလို 'ကာမစ္ဆန္ဒ'။

ပျက်စီးစေလိုမှု 'ဗျာပါဒ'။

လေးလံ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ'။

ပျံ့လွင့်မှု နောင်တပူပန်မှု 'ဥဒ္ဓစ္စ ကုက္ကုစ္စ'။

မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'။

ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ အပြစ်ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် မြင်အပ်သည် မဟုတ်။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမစျာန်သို့ ရောက်၍ နေရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ တဇ္ဇာနသုတ်

၇၄။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ပဌမစျာန်သို့ ရောက်၍ နေရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို ကြံစည်မှု 'ကာမဝိတက်'။

ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်'။

ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသ ဝိတက်'။

ကာမဂုဏ်တို့၌ မှတ်သားမှု 'ကာမသညာ'။

ပျက်စီးစေရန် မှတ်သားမှု 'ဗျာပါဒသညာ'။

ညှဉ်းဆဲရန် မှတ်သားမှု 'ဝိဟိံသ သညာ'တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ ပဌမစျာန်သို့ ရောက်၍ နေရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမ စျာန်သို့ ရောက်၍ နေရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို ကြံစည်မှု 'ကာမဝိတက်'။

http://www.dhammadownload.com



ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်'။
ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသ ဝိတက်'။
ကာမဂုဏ်၌ မှတ်သားမှု 'ကာမသညာ'။
ပျက်စီးစေရန် မှတ်သားမှု'ဗျာပါဒသညာ'။
ညှဉ်းဆဲရန် မှတ်သားမှု'ဝိဟိံသသညာ' တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ပဌမဈာန်သို့ ရောက်၍ နေရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခုနစ်ခုမြောက် ဒေဝတာဝဂ် ပြီး၏။

---

## ၈-အရဟတ္တဝဂ် ၁-ဒုက္ခသုတ်

၇၅။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်းနှင့်တကွ ဆင်းရဲစွာ နေရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ'ဒုဂ္ဂတိဘဝ'ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို ကြံစည်မှု 'ကာမဝိတက်'၊ ပျက်စီးစေရန် ကြံစည်မှု'ဗျာပါဒဝိတက်'၊ ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသဝိတက်'၊ ကာမဂုဏ်၌မှတ်သားမှု ကာမသညာ၊ ပျက်စီးရန် မှတ်သားမှု 'ဗျာပါဒသညာ'၊ ညှဉ်းဆဲရန် မှတ်သားမှု 'ဝိဟိံသသညာ'တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်းနှင့် တကွ ဆင်းရဲစွာ နေရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ 'ဒုဂ္ဂတိဘဝ'ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့်ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်း ရှိသည်ဖြစ်၍ မရှိမူ၍ ချမ်းသာစွာနေရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ 'သုဂတိဘဝ'ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မဝိတက်'၊ မပျက်စီးစေရန် ကြံစည်မှု 'အဗျာပါဒဝိတက်'၊ မညှဉ်းဆဲရန် ကြံစည်မှု 'အဝိဟိံသဝိတက်'၊ ကာမဂုဏ်မှ လွတ်မြောက်ခြင်း၌ မှတ်သားမှု 'နေက္ခမ္မသညာ'၊ မပျက်စီးစေရန် မှတ်သားမှု 'အဗျာပါဒသညာ'၊ မညှဉ်းဆဲရန် မှတ်သားမှု 'အဝိဟိံသသညာ'တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင်လျှင် ငြိုငြင်ခြင်း ပင်ပန်းခြင်း ပူပန်ခြင်း မရှိမူ၍ ချမ်းသာစွာ နေရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ'သုဂတိဘဝကို' (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-အရဟတ္တသုတ်

၇၆။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မာန်မူမူ၊ ယုတ်သောမာန်မူမူ၊ အလွန်မာန်မူမူ၊ အထင်ကြီးမူ၊ခက်ထန်မူ၊အလွန်နိမ့်ကျမူတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မာန်မူမူ၊ ယုတ်သော မာန်မူမူ၊ အလွန် မာန်မူမူ၊ အထင်ကြီးမူ၊ ခက်ထန်မူ၊ အလွန် နိမ့်ကျမူ တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု (မိန့်တော်မူ၏)

ဒုတိယသုတ်။

---

## ၃-ဥတ္တရိမ ဿဓမ္မသုတ်

၇၇။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိလေသာကို ဖျက်ဆီးရန် စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော လူတို့၏ (ကုသိုလ် ကမ္မပထ) တရားထက် လွန်သော (ဈာန် မဂ် ဖိုလ်)တရားကို မျက်မှောက်ပြုရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သတိလွတ်ကင်းမူ၊ဆင်ခြင်ဉာဏ်မရှိမူ၊ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမူ၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမူ၊ပလွှား ကြွားဝါမူ၊ မြောက်ပင့် ရှုတ်ချ၍ ဟောပြောမူတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်အထူးရှိသော လူတို့၏ (ကုသိုလ် ကမ္မပထ) တရားထက် လွန်သော (ဈာန် မဂ် ဖိုလ်)တရားကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူး ရှိသော လူတို့၏ (ကုသိုလ်ကမ္မပထ) တရားထက် လွန်သော (ဈာန်မဂ် ဖိုလ်)တရားကို မျက်မှောက်ပြုရန် ထိုက်၏။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သတိလွတ်ကင်းမှု၊ ဆင်ခြင်ဉာဏ် မရှိမှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမှု၊ ပလွား ကြွားဝါမှု၊ မြောက်ပင့် ရှုတ်ချ၍ ပြောပြောမှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော လူတို့၏ (ကုသိုလ် ကမ္မပထ) တရားထက် လွန်သော (ဈာန် မဂ် ဖိုလ်)တရားကို မျက်မှောက်ပြုရန် ထိုက်၏ ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သုခသောမနဿသုတ်

၇၈။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် ချမ်းသာခြင်း ဝမ်းမြောက်ခြင်း များသည်ဖြစ်၍ နေရ၏၊ ထိုရဟန်းသည် အာသဝေါတရားတို့ ကုန်ရန် အကြောင်းကိုလည်း အားထုတ်ပြီးဖြစ်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် တရား၌ မွေ့လျော်၏၊ ဘာဝနာ၌ မွေ့လျော်၏၊ (အကုသိုလ်တရားကို) ပယ်စွန့်မှု၌ မွေ့လျော်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ ဆင်းရဲမရှိသု(နိဗ္ဗာန်)၌ မွေ့လျော်၏၊ သံသရာနယ်ချဲ့(ပပဉ္စ)တရား မရှိသု(နိဗ္ဗာန်)၌ မွေ့လျော်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ပင် ချမ်းသာခြင်း ဝမ်းမြောက်ခြင်း များသည်ဖြစ်၍ နေရ၏၊ ထိုရဟန်းသည် အာသဝေါတရားတို့ ကုန်ရန် အကြောင်းကိုလည်း အားထုတ်ပြီး ဖြစ်၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အဓိဂမသုတ်

၇၉။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကိုလည်း ရရန် ရပြီးသော ကုသိုလ်တရားကိုလည်း ပွါးများအောင်ပြုရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ကုသိုလ် အကုသိုလ်) ဖြစ်ကြောင်း၌လည်း မလိမ္မာ၊ (ကုသိုလ် အကုသိုလ်) ကင်းကြောင်း၌လည်း မလိမ္မာ၊ ဥပါယ်၌လည်း မလိမ္မာ၊ မရသေးသော ကုသိုလ်တရားတို့ကို ရရန် အလို 'ဆန္ဒ'ကို မဖြစ်စေ၊ ရပြီးသော ကုသိုလ်တရားတို့ကို မစောင့်ရှောက်နိုင်၊ အမြဲပြုခြင်းဖြင့် မပြီးစေတတ်။

http://www.dhammadownload.com



ရဟန်းတို့ ဤ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကိုလည်းရရန် ရပြီးသော ကုသိုလ်တရားကိုလည်း ပွါးများအောင်ပြုရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးနှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကိုလည်း ရရန် ရပြီးသော ကုသိုလ်တရားကိုလည်း ပွါးများအောင်ပြုရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်အကုသိုလ် ဖြစ်ကြောင်း၌လည်း လိမ္မာ၏၊ (ကုသိုလ် အကုသိုလ်) ကင်းကြောင်း၌လည်း လိမ္မာ၏၊ ဥပါယ်၌လည်း လိမ္မာ၏၊ မရသေးသော ကုသိုလ်တရားတို့ ရရန်အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ ရပြီးသောကုသိုလ်တရားတို့ကို စောင့်ရှောက်၏၊ အမြဲပြုခြင်းဖြင့် ပြီးစေတတ်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကိုလည်း ရရန် ရပြီးသော ကုသိုလ်တရားကိုလည်း ပွါးများအောင် ပြုရန် ထိုက်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-မဟန္တတ္တသုတ်

၇၀။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင် ကုသိုလ်တရားတို့၌ ကြီးကျယ်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ဉာဏ်)အလင်းရောင် များပြား၏၊ အားထုတ်မှုလည်း များပြား၏၊ နှစ်သက်ဝမ်းမြောက်မှုလည်း များပြား၏၊ (ကုသိုလ်တရားတို့၌)-မရောင့်ရဲမှုလည်း များပြား၏၊ ကုသိုလ်တရားတို့၌လည်း တာဝန်ကို ပစ်ချ မထား၊ စွမ်းနိုင်သည်ထက် ပိုမို၍လည်း အားထုတ်၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင် ကုသိုလ်တရားတို့၌ ကြီးကျယ်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမနိရယသုတ်

၇၁။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ် မမှန် ပြောဆိုလေ့ရှိ၏၊ ယုတ်ညံ့သော အလိုဆိုးလည်းရှိ၏၊ မှားသော အယူလည်းရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အလိုနည်း၏၊ မှန်ကန်သော အယူရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ နိရယသုတ်

၈၂။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူငရဲ၌ ဖြစ်ရ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ် မမှန် ပြောလေ့ရှိ၏၊ တပ်မက်မောမှုလည်း ရှိ၏၊ (ကိုယ် နှုတ် နှလုံး) မာကျောမှုလည်း ရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ တပ်မက်မောမှုလည်း မရှိ၊ (ကိုယ် နှုတ် နှလုံး) မာကျောမှုလည်း မရှိ။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-အဂ္ဂဓမ္မသုတ်

၈၃။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သော တရားဟုဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါ' မရှိ၊ ရှက်မှု 'ဟိရီ' မရှိ၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' မရှိ၊ ပျင်းရိ၏၊ ပညာမဲ့၏၊ ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု ရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သော တရားဟုဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သော တရားဟုဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါ' ရှိ၏၊ ရှက်မှု 'ဟိရီ' ရှိ၏၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' ရှိ၏၊ ထက်သန်သော လုံ့လရှိ၏၊ ပညာရှိ၏၊ ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု မရှိ။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သော တရားဟုဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ရတ္တိဒိဝသသုတ်

၈၄။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏၊ တိုးပွါးမှုကို မမျှော်လင့်အပ်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလိုရမ္မက် ကြီးမား၏၊ ပင်ပန်းခြင်းရှိ၏၊ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံး အဆောင်ဖြင့် မရောင့်ရဲနိုင်။

ယုံကြည်မှု'သဒ္ဓါ'မရှိ၊ သီလမရှိ၊ ပျင်းရိ၏၊ သတိ လွတ်ကင်း၏၊ ပညာမဲ့၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏၊ တိုးပွါးမှုကို မမျှော်လင့်အပ်။

http://www.dhammadownload.com



ရဟန် တို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်မှုကို မမြော်လင့်အပ်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလိုရမ္မက်မကြီးမား၊ ပင်ပန်းခြင်းမရှိ၊ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်၏။

ယုံကြည်မှု 'သဒ္ဓါ'တရားရှိ၏၊ သီလရှိ၏၊ ထက်သန်သော ဝီရိယရှိ၏၊ သတိရှိ၏၊ ပညာရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရား၌ တိုးပွါးမှုကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်မှုကို အလိုမရှိအပ်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် အရဟတ္တဝဂ် ပြီး၏။

---

## ၉—သီတိဝဂ် ၁-သီတိဘာဝသုတ်

၈၅။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့် အဖြစ်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စိတ်ကို နှိမ့်ချသင့်သောအခါ၌ စိတ်ကို မနှိမ့်ချ၊ စိတ်ကို ချီးမြှောက်သင့်သောအခါ၌ စိတ်ကို မချီးမြှောက်၊ စိတ်ကို ရွှင်စေသင့်သော အခါ၌ စိတ်ကို မရွှင်စေ၊ စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ စိတ်ကို လျစ်လျူမရှု၊ နှလုံးသွင်းလည်း ယုတ်ညံ့၏၊ (ခန္ဓာငါးပါး) သက္ကာယ၌လည်း မွေ့လျော်၏၊ ရဟန်းတို့ ဤတရား ခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့် အဖြစ်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် မထိုက်တန်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့် အဖြစ်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စိတ်ကို နှိမ့်ချသင့်သော အခါ၌ စိတ်ကို နှိမ့်ချ၏၊ စိတ်ကို ချီးမြှောက်သင့်သော အခါ၌ စိတ်ကို ချီးမြှောက်၏၊ စိတ်ကို ရွှင်စေသင့်သော အခါ၌ စိတ်ကို ရွှင်စေ၏၊ စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ စိတ်ကို လျစ်လျူရှု၏၊ နှလုံးသွင်းလည်း မွန်မြတ်၏၊ နိဗ္ဗာန်၌လည်း မွေ့လျော်၏၊ ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့် အဖြစ်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-အာဝရဏသုတ်

၇၆။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ (မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

(စျာန် မဂ် ဖိုလ် နတ်ရွာကို)တားမြစ်တတ်သော ပဉ္စာနန္တရိယကံနှင့် ပြည့်စုံ၏၊ တားမြစ်တတ်သော နိယတမိစ္ဆာဒိဋ္ဌိ ကိလေသာနှင့် ပြည့်စုံ၏၊ တားမြစ်တတ်သော ဒိဋ္ဌဓမ္မ အဟိတ် ပဋိသန္ဓေ ဝိပါက်နှင့် ပြည့်စုံ၏၊ယုံကြည်မှု'သဒ္ဓါ'လည်း မရှိ (ကုသိုလ်ရေး၌)ပြုလိုမှု'ဆန္ဒ'လည်း မရှိ၊ပညာလည်း ကင်းမဲ့၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်း တရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်း တရားကို ကြားနာရသည် ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ (မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

(စျာန် မဂ် ဖိုလ် နတ်ရွာကို) တားမြစ်တတ်သော (ပဉ္စာနန္တရိယ) ကံနှင့် ပြည့်စုံသူမဟုတ် တားမြစ်တတ်သော နိယတမိစ္ဆာဒိဋ္ဌိ ကိလေသာနှင့် ပြည့်စုံသူမဟုတ် တားမြစ်တတ်သော ဒိဋ္ဌဓမ္မ အဟိတ် ပဋိသန္ဓေ ဝိပါက်နှင့် ပြည့်စုံသူမဟုတ် ယုံကြည်မှု'သဒ္ဓါ'ရှိ၏၊ (ကုသိုလ်ရေး၌)ပြုလိုမှု 'ဆန္ဒ' ရှိ၏၊ ပညာလည်း ရှိ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတော်ကောင်း တရားကို ကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ (မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဝေါရောပိတသုတ်

၇၇။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်း တရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမိရင်းကို သတ်၏၊ အဖရင်းကို သတ်၏၊ ရဟန္တာကို သတ်၏၊ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေ၏၊ သံဃာကို သင်းခွဲ၏၊ပညာမဲ့လျက် မိုက်မဲ ဆွံ့အ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

**အမိရင်းကို** မသတ်၊ အဖရင်းကို မသတ်၊ ရဟန္တာကို မသတ်၊ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို မဖြစ်စေ၊သံဃာကို သင်းမခွဲ၊ပညာရှိ၍ မိုက်မဲ ဆွံ့အသူ မဟုတ်။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့်ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သုဿူသတိသုတ်

၈၈။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မ ဝိနယ ကို ဟောတော်မူအပ်သည် ရှိသော် မနာယူ နားမစိုက်၊ သိခြင်းငှါ စိတ်ကို မဖြစ်စေ၊ အကျိုးမဲ့ကို ယူ၏၊ အကျိုးရှိသည်ကို စွန့်၏၊ (သာသနာတော်နှင့်) မလျော်သော ပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရပါသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယကို ဟောတော်မူအပ်သည် ရှိသော် နာယူ၏၊ နားစိုက်၏၊ သိခြင်းငှါ စိတ်ကို ဖြစ်စေ၏၊ အကျိုးရှိသည်ကို ယူ၏၊ အကျိုးမရှိသည်ကို စွန့်၏၊ (သာသနာတော်နှင့်) လျော်သော ပညာနှင့် ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်ရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အပ္ပဟာယသုတ်

၇၉။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ဉာဏ်အမြင်နှင့် ပြည့်စုံမှု (သောတာပတ္တိမဂ်)ကို မျက်မှောက်ပြုရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ အပါယ်သို့ရောက်ကြောင်း ရာဂ၊ အပါယ်သို့ ရောက်ကြောင်း ဒေါသ၊ အပါယ်သို့ရောက်ကြောင်း မောဟတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ ဉာဏ်အမြင်နှင့်ပြည့်စုံမှု(သောတာပတ္တိမဂ်)ကို မျက်မှောက်ပြုရန် မထိုက်တန်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ဉာဏ်အမြင် ပြည့်စုံမှု(သောတာပတ္တိမဂ်) ကို မျက်မှောက်ပြုရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ အပါယ်သို့ရောက်ကြောင်း ရာဂ၊ အပါယ်သို့ ရောက်ကြောင်း ဒေါသ၊ အပါယ်သို့ရောက်ကြောင်း မောဟတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ဉာဏ်အမြင်ပြည့်စုံမှု (သောတာပတ္တိမဂ်)ကို မျက်မှောက်ပြုရန် ထိုက်တန်၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဟီနသုတ်

၉၀။ ရဟန်းတို့ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤတရား ခြောက်မျိုးတို့ကို ပယ်အပ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ အပါယ်သို့ ရောက်ကြောင်း ရာဂ၊ အပါယ်သို့ ရောက်ကြောင်း ဒေါသ၊ အပါယ်သို့ရောက်ကြောင်း မောဟတို့တည်း။

ရဟန်းတို့ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤတရားခြောက်မျိုးတို့ကို ပယ်အပ် ကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-အဘဗ္ဗသုတ်

၉၁။ ရဟန်းတို့ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရားခြောက်မျိုးတို့ကို ဖြစ်စေရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ အပါယ်သို့ရောက်ကြောင်း ရာဂ၊ အပါယ်သို့ရောက်ကြောင်း ဒေါသ၊ အပါယ်သို့ရောက်ကြောင်း မောဟတို့တည်း။

ရဟန်းတို့ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤတရားခြောက်မျိုးတို့ကို ဖြစ်စေရန် မထိုက်တန်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဌမ အဘဗ္ဗဋ္ဌာနသုတ်

၉၂။ ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဉာဏ်အမြင်နှင့် ပြည့်စုံသော (သောတာပန်) ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ မရိုသေ မတုပ်ဝပ်ပဲ နေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရား၌ မရိုသေ မတုပ်ဝပ်ပဲ နေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာ၌ မရိုသေ မတုပ်ဝပ်ပဲ နေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကျင့်သိက္ခာ၌ မရိုသေ မတုပ်ဝပ်ပဲ နေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မကပ်ရောက်အပ်သည့် အကြောင်း (ကံငါးပါး ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး) သို့ တဖန်ကပ်ရောက်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှစ်ကြိမ်မြောက် (ကာမသုဂတိ) ဘဝကို ဖြစ်စေရန် မထိုက်။

ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ အဘဗ္ဗဋ္ဌာနသုတ်

၉၃။ ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို မြဲသောအားဖြင့် ကပ်၍ရှုရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို သုခအားဖြင့် ကပ်၍ ရှုရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော

http://www.dhammadownload.com



သင်္ခါရတရားကို အတ္တအားဖြင့် ကပ်၍ ရှုရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနန္တရိယကံကို ပြုရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒိဋ္ဌ သုတ မင်္ဂလာဖြင့် စင်ကြယ်ခြင်းသို့ တဖန် ကပ်ရောက်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤသာသနာတော်မှ အပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီးရန် မထိုက်။

ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-တတိယ အဘဗ္ဗဋ္ဌာနသုတ်

၉၄။ ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အမိရင်းကို သတ်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဖရင်းကို သတ်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရဟန္တာကို သတ်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာကို သင်းခွဲရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှ အခြားသူတို့ကို ဆရာဟူ၍ ညွှန်ပြရန် မထိုက်။

ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-စတုတ္ထ အဘဗ္ဗဋ္ဌာနသုတ်

၉၅။ ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိပြုအပ်သော ချမ်းသာ ဆင်းရဲကို (အတ္တဒိဋ္ဌိအစွမ်းဖြင့်) တဖန် ကပ်ရောက်ရန် မထိုက်။

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတပါးပြုအပ်သော ချမ်းသာ ဆင်းရဲကို တဖန် ကပ်ရောက်ရန် မထိုက်။

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိပြုအပ်သည်လည်းဖြစ်သော သူတပါးပြုအပ်သည်လည်းဖြစ်သော ချမ်းသာဆင်းရဲကို တဖန်ကပ်ရောက်ရန် မထိုက်။

http://www.dhammadownload.com



ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မိမိမပြုအပ်သော အကြောင်းကို မစွဲမှု၍ ဖြစ်သည့် ချမ်းသာ ဆင်းရဲကို(အတ္တဒိဋ္ဌိအစွမ်းဖြင့်)တဖန် ကပ်ရောက်ရန် မထိုက်။

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတပါးမပြုအပ်သော အကြောင်းကို မစွဲမှု၍ ဖြစ်သည့် ချမ်းသာဆင်းရဲကို တဖန် ကပ်ရောက်ရန် မထိုက်။

ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိလည်း မပြုအပ် သူတပါးလည်း မပြုအပ်သော အကြောင်းကို မစွဲမှု၍ဖြစ်သည့် ချမ်းသာ ဆင်းရဲကို တဖန် ကပ်ရောက်ရန် မထိုက်။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကြောင်းကိုလည်း ကောင်းစွာမြင်အပ်, အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကိုလည်း ကောင်းစွာမြင်အပ်သောကြောင့်တည်း။

ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

ကိုးခုမြောက် သီတိဝဂ် ပြီး၏။

---

## ၁၀-အာနိသံသဝဂ် ၁-ပါတုဘာဝသုတ်

၉၆။ ရဟန်းတို့ လောကၡ တရားခြောက်မျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

လောကၡ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏။

လောကၡ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

လောကၡ သူတော်ကောင်းတို့၏ တည်ရာ (မဇ္ဈိမဒေသ)အရပ်၌ ဖြစ်ရခြင်းကို ရခဲ၏။

လောကၡ (မျက်စိစသော)ဣန္ဒြေတို့၏ မချို့တဲ့သူ အဖြစ်ကို ရခဲ၏။

လောကၡ မမိုက်မဲ မဆွံ့အသူ အဖြစ်ကို ရခဲ၏။

လောကၡ ကုသိုလ်တရား၌ ပြုလိုမှု 'ဆန္ဒ'ကို ရခဲ၏။

ရဟန်းတို့ လောကၡ ဤတရားခြောက်မျိုးတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲ၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အာနိသံသသုတ်

၉၇။ ရဟန်းတို့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၏ အကျိုးတို့သည် ဤခြောက်မျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သူတော်ကောင်းတရား၌ မြဲ၏၊ မဆုတ်ယုတ်သော သဘောရှိ၏၊ ထို(သောတာပန်ပုဂ္ဂိုလ်)၏ ဆင်းရဲသည် အပိုင်းအခြားကို ပြုပြီးဖြစ်၏၊ (ပုထုဇဉ်တို့နှင့်) မဆက်ဆံသော ဉာဏ်နှင့် ပြည့်စုံ၏၊ ထို(သောတာပန်) ပုဂ္ဂိုလ်သည် အကြောင်းကိုလည်း ကောင်းစွာမြင်၏၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကိုလည်း ကောင်းစွာ မြင်၏။

ရဟန်းတို့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၏ အကျိုးတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အနိစ္စသုတ်

၉၇။ ရဟန်းတို့ တစုံတခုသော သင်္ခါရကို မြဲသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကခန္တိ 'လောကုတ္တရာတရားအား လျော်သော ပညာ'နှင့် ပြည့်စုံလိမ့်မည် ဟူသော အကြောင်းသည် မရှိနိုင်၊ အနုလောမိကခန္တိနှင့် မပြည့်စုံသည်ရှိသော် မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်လိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်၊ မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုငြင်း သကဒါဂါမိဖိုလ်ကိုငြင်း အနာဂါမိဖိုလ်ကိုငြင်း အရဟတ္တဖိုလ်ကိုငြင်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်။

ရဟန်းတို့ အလုံးစုံသော သင်္ခါရတို့ကို မမြဲသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကခန္တိနှင့် ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏၊ အနုလောမိကခန္တိနှင့် ပြည့်စုံသည်ရှိသော် မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်လိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏၊ မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုငြင်း သကဒါဂါမိဖိုလ်ကိုငြင်း အနာဂါမိဖိုလ်ကိုငြင်း အရဟတ္တဖိုလ်ကိုငြင်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုက္ခသုတ်

၉၈။ ရဟန်းတို့ တစုံတခုသော သင်္ခါရကို ချမ်းသာသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့်။ပ။အလုံးစုံသော သင်္ခါရတို့ကို ဆင်းရဲသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့်။ပ။အကြောင်းသည် ရှိနိုင်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-အနတ္တသုတ်

၁၀၀။ ရဟန်းတို့ တစုံတခုသော တရားကို အတ္တအားဖြင့် ရှုသော ထိုရဟန်းသည်။ပ။

ရဟန်းတို့ အလုံးစုံသော တရားတို့ကို အနတ္တအားဖြင့် ရှုသော။ပ။ဤအကြောင်းသည် ရှိနိုင်၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-နိဗ္ဗာနသုတ်

၁၀၁။ ရဟန်းတို့ နိဗ္ဗာန်ကို ဆင်းရဲသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကခန္တိ 'လောကုတ္တရာတရားအား လျော်သော ပညာ'နှင့် ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်၊ အနုလောမိကခန္တိနှင့် မပြည့်စုံသည်ရှိသော် မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်လိမ့်မည် ဟူသော အကြောင်းသည် မရှိနိုင်၊ မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုငင်း သကဒါဂါမိဖိုလ်ကိုငင်း အနာဂါမိဖိုလ်ကိုငင်း အရဟတ္တဖိုလ်ကိုငင်း မျက်မှောက် ပြုလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်။

ရဟန်းတို့ နိဗ္ဗာန်ကို ချမ်းသာသောအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကခန္တိနှင့် ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏၊ အနုလောမိကခန္တိနှင့် ပြည့်စုံသည်ရှိသော် မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်လိမ့် မည်ဟူသော အကြောင်းသည် ရှိနိုင်၏၊မဖောက်ပြန်သော သဘောဟုဆိုအပ်သော နိယာမ(မဂ်)သို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုငင်း သကဒါဂါမိဖိုလ်ကိုငင်း အနာဂါမိဖိုလ် ကိုငင်း အရဟတ္တဖိုလ်ကိုငင်း မျက်မှောက်ပြုလိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အနဝတ္ထိတသုတ်

၁၀၂။ ရဟန်းတို့ အကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော သင်္ခါရတို့၌ (ဤမျှသော သင်္ခါရတို့ကား အမြဲမရှိကုန်၊ထိုမှ ကြွင်းသော သင်္ခါရတို့ကား အမြဲ ရှိကုန်၏ဟု)အပိုင်းအခြားကို မပြုမူ၍ အနိစ္စသညာကို ဖြစ်စေရန် သင့်သည်သာတည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အလုံးစုံသော သင်္ခါရတို့သည် အပိုင်းအခြားမရှိဟူ၍ ငါ့အား ထင်ကုန်လိမ့်မည်။

အလုံးစုံသော လောက၌လည်း ငါ၏စိတ်သည် မွေ့လျော်လိမ့်မည် မဟုတ်။

အလုံးစုံသော လောကမှလည်း ငါ၏ စိတ်သည် ထမြောက်လိမ့်မည်။

ငါ၏ စိတ်သည် နိဗ္ဗာန်သို့ ညွတ်လိမ့်မည်။

ငါ့အား နှောင်ကြိုး'သံယောဇဉ်'တို့သည်လည်း ပယ်ခြင်းသို့ ရောက်ကုန်လိမ့်မည်။

http://www.dhammadownload.com



ငါသည် လွန်မြတ်သော(အရိယာမဂ်တည်းဟူသော) ရဟန်းအဖြစ်နှင့် ပြည့်စုံရပေလိမ့်မည်။

ရဟန်းတို့ ဤအကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော သင်္ခါရတို့၌ အပိုင်းအခြားကို မပြုမူ၍ အနိစ္စသညာကို ဖြစ်စေရန် သင့်သည်သာတည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုက္ခတ္တာသိကသုတ်

၁၀၃။ ရဟန်းတို့ အကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော သင်္ခါရတို့၌ အပိုင်းအခြားကို မပြုမူ၍ ဒုက္ခသညာကို ဖြစ်စေရန် သင့်သည်သာတည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

သန်လျှက်မြှောက်ချီသော သူသတ် ယောကျ်ားခ၌ ငြီးငွေ့သကဲ့သို့ အလုံးစုံသော သင်္ခါရဘို၌လည်း ငြီးငွေ့သော သညာသည် ငါ့အား ရှေးရှု တည်လိမ့်မည်။

အလုံးစုံသော လောကမှလည်း ငါ၏ စိတ်သည် ထမြောက်လိမ့်မည်။

နိဗ္ဗာန်၌လည်း အေးငြိမ်းမှုကို မြင်ရပေလိမ့်မည်။

ငါ့အား ကိန်းအောင်းနေသော အနုသယကိလေသာတို့သည်လည်း အကြွင်းမဲ့ ပြတ်ခြင်းသို့ ရောက်ကုန်လိမ့်မည်။

ရဟန်းကိစ္စကို ပြုလေ ရှိသည်လည်းဖြစ်လိမ့်မည်။

မေတ္တာနှင့် ယှဉ်သော လုပ်ကျွေးခြင်းဖြင့်လည်း ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးရပေလိမ့်မည်။

ရဟန်းတို့ ဤအကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော သင်္ခါရတို့၌ အပိုင်းအခြားကို မပြုမူ၍ ဒုက္ခသညာကို ဖြစ်စေရန် သင့်သည်သာတည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အတမ္မယသုတ်

၁၀၄။ ရဟန်းတို့ အကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော တရားတို့၌ အပိုင်းအခြားကို မပြုမူ၍ အနတ္တသညာကို ဖြစ်စေရန် သင့်သည်သာတည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ငါသည် အလုံးစုံသော လောက၌လည်း တဏှာဒိဋ္ဌိတို့မှ ကင်းရပေလိမ့်မည်။

ငါဟူသော စွဲယူမှု အခြင်းအရာ(ဒိဋ္ဌိ)တို့သည်လည်း ငါ့အား ချုပ်ကုန် လိမ့်မည်။

http://www.dhammadownload.com



ငါ၏ ဥစ္စာဟူသော စွဲမက်မှု တဏှာတို့သည်လည်း ငါ့အား ချုပ်ကုန်လိမ့်မည်။

ငါသည် (ပုထုဇဉ်တို့နှင့်)မဆက်ဆံသော ဉာဏ်နှင့် ပြည့်စုံလိမ့်မည်။

ငါ့အား အကြောင်းတရားတို့ကို ကောင်းစွာ မြင်ရပေလိမ့်မည်။

အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကိုလည်း ကောင်းစွာမြင်ရပေလိမ့်မည်။

ရဟန်းတို့ ဤအကျိုးခြောက်မျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် အလုံးစုံသော တရားတို့၌ အပိုင်းအခြားကို မပြုမူ၍ အနတ္တသညာကို ဖြစ်စေရန် သင့်သည် သာတည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဘဝသုတ်

၁၀၅။ ရဟန်းတို့ ဤဘဝသုံးမျိုးတို့ကို ပယ်အပ်ကုန်၏၊သိက္ခာသုံးမျိုးတို့၌လည်း ကျင့်အပ်၏။

အဘယ်ဘဝ သုံးမျိုးတို့ကို ပယ်အပ်ကုန်သနည်း ဟူမူ—

ကာမဘဝကိုရင်း ရူပဘဝကိုရင်း အရူပဘဝကိုရင်း ဤဘဝသုံးပါးတို့ကို ပယ်အပ်ကုန်၏။

အဘယ်သိက္ခာသုံးမျိုးတို့၌ ကျင့်အပ်သနည်း။

အဓိသီလသိက္ခာ၌ရင်း အဓိစိတ္တသိက္ခာ၌ရင်း အဓိပညာသိက္ခာ၌ရင်း ဤသိက္ခာသုံးမျိုးတို့၌လည်း ကျင့်အပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ဤဘဝသုံးမျိုးတို့ကို ပယ်အပ်ကုန်၏၊ ဤသိက္ခာသုံးမျိုးတို့၌လည်း ကျင့်အပ်သော အကျင့်ရှိ၏၊ ရဟန်းတို့ ထိုအခါ ဤရဟန်းကို တဏှာကို ဖြတ်ပြီးသူ သံယောဇဉ်ကို လွန်မြောက်ပြီးသူ ကောင်းစွာ မာနကို ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူဟူ၍ ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-တဏှာသုတ်

၁၀၆။ ရဟန်းတို့ ဤတဏှာသုံးမျိုးတို့ကိုလည်း ပယ်အပ်ကုန်၏၊ ဤမာနသုံးမျိုးတို့ကိုလည်း ပယ်အပ်ကုန်၏။

အဘယ်တဏှာသုံးမျိုးတို့ကို ပယ်အပ်ကုန်သနည်း။

ကာမတဏှာကိုရင်း ဘဝတဏှာကိုရင်း ဝိဘဝတဏှာကိုရင်း ဤတဏှာသုံးမျိုးတို့ကို ပယ်အပ်ကုန်၏။

http://www.dhammadownload.com



အဘယ်မာနသုံးမျိုးတို့ကို ပယ်အပ်ကုန်သနည်း။

အမျိုးဇာတ်စသည်ကို စွဲ၍ ဖြစ်သော မာနကိုဋ်း ယုတ်သောမာနကိုဋ်း အလွန်ထောင်လွှား တက်ကြွသော မာနကိုဋ်း ဤမာနသုံးမျိုးတို့ကို ပယ်အပ်ကုန်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ဤတဏှာသုံးမျိုးတို့ကိုဋ်း ဤမာနသုံးမျိုးတို့ကိုဋ်း ပယ်အပ်ကုန်၏၊ ရဟန်းတို့ ထိုအခါ ဤရဟန်းကို တဏှာကို ဖြတ်ပြီးသူ သံယောဇဉ်ကို လွန်မြောက်ပြီးသူ ကောင်းစွာ မာနကို ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

ဆယ်ခုမြောက် အာနိသံသဝဂ် ပြီး၏။

ဒုတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com



## ၁-တိက ဝဂ် ၁-ရာဂသုတ်

၁၀၇။ ရဟန်းတို့ တရားတို့သည် သုံးမျိုးတို့တည်း။

အဘယ် သုံးမျိုးတို့နည်း ဟူမူ—
စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ' တို့တည်း။
ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။
ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—
စွဲမက်မှု 'ရာဂ' ကို ပယ်ရန် မတင့်တယ်မှု 'အသုဘ' ကို ပွါးများအပ်၏။
အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ရန် ချစ်ခင်မှု 'မေတ္တာ' ကို ပွါးများအပ်၏။
တွေဝေမှု 'မောဟ' ကို ပယ်ရန် သိမှု 'ပညာ'ကို ပွါးများအပ်၏။
ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရား သုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုစ္စရိတသုတ်

၁၀၈။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—
ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ဘည်း။
ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။
ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—
ကာယဒုစရိုက်ကို ပယ်ရန် ကာယသုစရိုက်ကို ပွါးများအပ်၏။
ဝစီဒုစရိုက်ကို ပယ်ရန် ဝစီသုစရိုက်ကို ပွါးများအပ်၏။
မနောဒုစရိုက်ကို ပယ်ရန် မနောသုစရိုက်ကို ပွါးများအပ်၏။
ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရား သုံးမျိုးတို့ကို ပွါးများ အပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဝိတက္ကသုတ်

၁၀၉။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ် သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို ကြံစည်မှု 'ကာမဝိတက်' ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်' ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသဝိတက်' တို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို ကြံစည်မှု 'ကာမဝိတက်' ကို ပယ်ရန် ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မဝိတက်' ကို ပွါးများအပ်၏။

ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်' ကို ပယ်ရန် မပျက်စီးရန် ကြံစည်မှု 'အဗျာပါဒ ဝိတက်ကို ပွါးများအပ်၏။

ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသဝိတက်' ကို ပယ်ရန် မညှဉ်းဆဲရန် ကြံစည်မှု အဝိဟိံသ ဝိတက်' ကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရား သုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သညာသုတ်

၁၁၀။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို မှတ်သားမှု 'ကာမသညာ' ပျက်စီးစေရန် မှတ်သားမှု 'ဗျာပါဒသညာ ညှဉ်းဆဲရန် မှတ်သားမှု 'ဝိဟိံသသညာ' တို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်ကို မှတ်သားမှု 'ကာမသညာ' ကို ပယ်ရန် ထွက်မြောက်ရန် မှတ်သားမှု 'နေက္ခမ္မ သညာ' ကို ပွါးများအပ်၏။

ပျက်စီးစေရန် မှတ်သားမှု 'ဗျာပါဒသညာ' ကို ပယ်ရန် မပျက်စီးစေရန် မှတ်သားမှု အဗျာပါဒသညာ' ကို ပွါးများအပ်၏။

http://www.dhammadownload.com



ညှဉ်းဆဲရန် မှတ်သားမှု 'ဝိဟိံသသညာ' ကို ပယ်ရန် မညှဉ်းဆဲရန် မှတ်သားမှု 'အဝိဟိံသသညာ' ကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဓာတုသုတ်

၁၁၁။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်သဘော 'ကာမဓာတ်' ပျက်စီးစေခြင်းသဘော 'ဗျာပါဒဓာတ်' ညှဉ်းဆဲခြင်းသဘော 'ဝိဟိံသဓာတ်' တို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာမဂုဏ်သဘော 'ကာမဓာတ်'ကို ပယ်ရန် ထွက်မြောက်မှုသဘော 'နေက္ခမ္မဓာတ်' ကို ပွါးများအပ်၏။

ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်' ကို ပယ်ရန် မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်' ကို ပွါးများအပ်၏။

ညှဉ်းဆဲမှုသဘော 'ဝိဟိံသဓာတ်' ကို ပယ်ရန် မညှဉ်းဆဲစေမှုသဘော 'အဝိဟိံသဓာတ်' ကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-အဿာဒသုတ်

၁၁၂။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

သာယာအပ်သည်၏ အစွမ်းဖြင့် ဖြစ်သော 'အဿာဒ' ဒိဋ္ဌိ။

အတ္တဘောသို့ အစဉ်လိုက်၍ ဖြစ်သော 'သက္ကာယ' ဒိဋ္ဌိ။

မှားသောအားဖြင့် မြင်မှုဟု ဆိုအပ်သော (ခြောက်ဆဲ့နှစ်ပါးသော) မိစ္ဆာဒိဋ္ဌိတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

အဿာဒဒိဋ္ဌိကို ပယ်ရန် အနိစ္စသညာကို ပွါးများအပ်၏။

သက္ကာယဒိဋ္ဌိကို ပယ်ရန် အနတ္တသညာကို ပွါးများအပ်၏။

မိစ္ဆာဒိဋ္ဌိကို ပယ်ရန် သမ္မာဒိဋ္ဌိကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အရတိသုတ်

၁၁၃။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

မမွေ့လျော်မှု ညှဉ်းဆဲမှု တရားမဟုတ်သည်ကို ကျင့်မှု (အကုသလကမ္မပထ)တို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

မမွေ့လျော်မှုကို ပယ်ရန် ဝမ်းမြောက်မှု မုဒိတာကို ပွါးများအပ်၏။

ညှဉ်းဆဲမှုကို ပယ်ရန် မညှဉ်းဆဲမှုကို ပွါးများအပ်၏။

တရားမဟုတ်သည်ကို ကျင့်မှု(အကုသလကမ္မပထ)ကို ပယ်ရန် တရားဟုတ်သည်ကို ကျင့်မှု (ကုသလကမ္မပထဆယ်ပါး)ကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသောတရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သန္တုဋ္ဌိတာသုတ်

၁၁၄။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

မရောင့်ရဲနိုင်မှု အဆင်ခြင်ဉာဏ် မရှိမှု အလိုကြီးမှုတို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ--

မရောင့်ရဲမှုကို ပယ်ရန် ရောင့်ရဲမှုကို ပွါးများအပ်၏။

ဆင်ခြင်ဉာဏ်မရှိမှုကို ပယ်ရန် ဆင်ခြင်ဉာဏ်ရှိမှုကို ပွါးများအပ်၏။

အလိုကြီးမှုကို ပယ်ရန် အလိုနည်းမှုကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒေါဝစဿတာသုတ်

၁၁၅။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ဆိုဆုံးမခက်သော စကားရှိမှု မကောင်းသော အပေါင်းအသင်းရှိမှု စိတ် ပျံ့လွင့်မှုတို့တည်း။

ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်တရားသုံးမျိုးတို့နည်း ဟူမူ—

ဆိုဆုံးမခက်သော စကားရှိမှုကို ပယ်ရန် ဆိုဆုံးမလွယ်သော စကားရှိမှုကို ပွါးများအပ်၏။

မကောင်းသော အပေါင်း အသင်းရှိမှုကို ပယ်ရန် ကောင်းသော အပေါင်း အသင်းရှိမှုကို ပွါးများအပ်၏။

စိတ် ပျံ့လွင့်မှုကို ပယ်ရန် ထွက်သက် ဝင်သက်ကို အောက်မေ့မှု 'အာနာပါနဿတိကမ္မဋ္ဌာန်း' ကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥဒ္ဓစ္စသုတ်

၁၁၆။ ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

စိတ် ပျံ့လွင့်မှု (ဣန္ဒြေတို့ကို) မစောင့်စည်းမှု မေ့လျော့မှုတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

စိတ် ပျံ့လွင့်မှုကို ပယ်ရန် ငြိမ်းချမ်းမှု 'သမထကမ္မဋ္ဌာန်း'ကို ပွါးများအပ်၏။

ဣန္ဒြေမစောင့်စည်းမှုကို ပယ်ရန် စောင့်စည်းမှုကို ပွါးများအပ်၏။

မေ့လျော့မှုကို ပယ်ရန် မမေ့လျော့မှုကို ပွါးများအပ်၏။

ရဟန်းတို့ ဤသုံးမျိုးသော တရားတို့ကို ပယ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

တဆယ့်တခုမြောက် တိကဝဂ် ပြီး၏။

---

## ၁၂-သာမညဝဂ် ၁- ကာယာနုပဿီသုတ်

၁၁၇။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှုလျက် နေရန်မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်မှု၊ စကားပြောခြင်း၌ မွေ့လျော်မှု၊ အိပ်ခြင်း၌ မွေ့လျော်မှု၊ အပေါင်းအသင်း၌ မွေ့လျော်မှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှုလျက် နေရန် မထိုက်။

ရဟန်းတို့ တရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှု၍ နေရန် ထိုက်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်မှု၊ စကားပြောခြင်း၌ မွေ့လျော်မှု၊ အိပ်ခြင်း၌ မွေ့လျော်မှု၊ အပေါင်းအသင်း၌ မွေ့လျော်မှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှုလျက် နေရန်ထိုက်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဓမ္မာနုပဿီသုတ်

၁၁၇။ ရဟန်းတို့ တရားခြောက်မျိုးတို့ကို မပယ်မူ၍ အတွင်း'အဇ္ဈတ္တ' ဖြစ်သောကိုယ်၌။ပ။ အပ 'ဗဟိဒ္ဓ' ဖြစ်သော ကိုယ်၌။ပ။ အတွင်း အပ 'အဇ္ဈတ္တဗဟိဒ္ဓ' ဖြစ်သော ကိုယ်၌ ။ပ။ အတွင်း 'အဇ္ဈတ္တ' ဖြစ်သော ဝေဒနာတို့၌။ပ။အပ 'ဗဟိဒ္ဓ' ဖြစ်သော ဝေဒနာတို့၌ ။ပ။ အတွင်း အပ 'အဇ္ဈတ္တဗဟိဒ္ဓ' ဖြစ်သော ဝေဒနာတို့၌။ပ။ အတွင်း 'အဇ္ဈတ္တ' ဖြစ်သော စိတ်၌ ။ပ။ အပ 'ဗဟိဒ္ဓ' ဖြစ်သောစိတ်၌ ။ပ။ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' ဖြစ်သော စိတ်၌။ပ။ အတွင်း 'အဇ္ဈတ္တ' ဖြစ်သောတရားတို့၌ ။ပ။ အပ'ဗဟိဒ္ဓ'ဖြစ်သော တရားတို့၌။ပ။အတွင်းအပ'အဇ္ဈတ္တဗဟိဒ္ဓ'ဖြစ်သော တရားတို့၌ တရားဟု အဖန်ဖန် ရှုလျက် နေရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်မှု၊ စကားပြောခြင်း၌ မွေ့လျော်မှု၊ အိပ်ခြင်း၌ မွေ့လျော်မှု၊ အပေါင်းအသင်း၌ မွေ့လျော်မှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမှုတို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့် အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' ဖြစ်သော တရားတို့၌ တရားဟု အဖန်ဖန်ရှုလျက် နေရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တပုဿ သုတ်

၁၁၈။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော တပုဿသူကြွယ်သည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ အမြိုက်နိဗ္ဗာန်ကို မြင်၏၊ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဘုရား၌ သက်ဝင်ယုံကြည်မှု၊ တရား၌ သက်ဝင်ယုံကြည်မှု၊ သံဃာ၌ သက်ဝင်ယုံကြည်မှု၊ မြတ်သော သီလ မြတ်သော ဉာဏ်အမြင် မြတ်သော(ကိလေသာမှ)လွတ်မြောက်မှု(အရဟတ္တဖိုလ်)တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော တပုဿသူကြွယ်သည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ အမြိုက်နိဗ္ဗာန်ကို မြင်၏၊ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-၂၃-ဘလ္လိကာဒိသုတ်

၁၂၀-၁၃၉။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ဘလ္လိက သူကြွယ်သည်။ပ။ သုဒတ္တမည်သော အနာထပိဏ်သူကြွယ်သည်။ပ။မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ်သည်။ပ။ဟတ္ထက

http://www.dhammadownload.com



အာဠဝကသည်။ မဟာနာမ် သာကီဝင်မင်းသည်။ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည်။ ဥဂ္ဂတသူကြွယ်သည်။ သူရမည်သော အမ္ဗဋ္ဌသည်။ အဘယမင်းသား မွေးစားသော ဇီဝကသည်။ နကုလပိတာသူကြွယ်သည်။ တဝကဏ္ဏိကသူကြွယ်သည်။ ပူရဏသူကြွယ်သည်။ ဣသိဒတ္တသူကြွယ်သည်။ သန္ဓာနသူကြွယ်သည်။ ဝိစယသူကြွယ်သည်။ ဝိဇယမာဟိကသူကြွယ်သည်။ မေဏ္ဍကသူကြွယ်သည်။ ဝါသေဋ္ဌ ဥပါသကာသည်။ အရိဋ္ဌ ဥပါသကာသည်။ သာရဂ္ဂ ဥပါသကာသည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ အမြိုက်နိဗ္ဗာန်ကို မြင်၏၊ အမြိုက် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေ၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဘုရား၌ သက်ဝင်ယုံကြည်မှု၊ တရား၌ သက်ဝင်ယုံကြည်မှု၊ သံဃာ၌ သက်ဝင်ယုံကြည်မှု၊ မြတ်သောသီလ မြတ်သော ဉာဏ်အမြင် မြတ်သော(ကိလေသာမှ)လွတ်မြောက်မှု(အရဟတ္တဖိုလ်)တို့တည်း။

ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သာရဂ္ဂဥပါသကာသည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ အမြိုက်နိဗ္ဗာန်ကို မြင်၏၊ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေ၏ ဟု (မိန့်တော်မူ၏)။

တေပဉ္စာသတိမသုတ်။

တဆယ့်နှစ်ခုမြောက် သာမညဝဂ် ပြီး၏။

---

## ၂၄-ရာဂပေယျာလ

၁၄၀။ ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

အမြတ်ဆုံး အမြင်၊ အမြတ်ဆုံး အကြား၊ အမြတ်ဆုံး လာဘ်၊ အမြတ်ဆုံး သိက္ခာ၊ အမြတ်ဆုံး လုပ်ကျွေးမှု၊ အမြတ်ဆုံး အောက်မေ့မှုတို့တည်း။

ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၁၄၁။ ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့်သိရန် တရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

ဘုရားဂုဏ်ကို အောက်မေ့မှု 'ဗုဒ္ဓါနုဿတိ'၊ တရားဂုဏ်ကို အောက်မေ့မှု 'ဓမ္မာနုဿတိ'၊ သံဃာဂုဏ်ကို အောက်မေ့မှု 'သံဃာနုဿတိ'၊ သီလဂုဏ်ကို အောက်မေ့မှု 'သီလာနုဿတိ'၊ စွန့်ကြဲခြင်း၏ဂုဏ်ကို အောက်မေ့မှု 'စာဂါနုဿတိ'၊ နတ်တို့ကို သက်သေထား၍ မိမိ၏ သီလစသော ဂုဏ်ကို အောက်မေ့မှု 'ဒေဝတာနုဿတိ' တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၂)

၁၄၂။ ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် တရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—

မမြဲခြင်း၌ ဖြစ်သော မှတ်သားမှု'အနိစ္စသညာ'၊ မမြဲခြင်း၌ ဆင်းရဲဟု ဖြစ်သော မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲခြင်း၌ အစိုးမရဟု ဖြစ်သော မှတ်သားမှု 'ဒုက္ခေ အနတ္တသညာ'၊ ပယ်ခြင်း၌ ဖြစ်သော မှတ်သားမှု 'ပဟာနသညာ'၊ တပ်ခြင်း ကင်းခြင်း၌ ဖြစ်သော မှတ်သားမှု 'ဝိရာဂသညာ'၊ ချုပ်ခြင်း၌ ဖြစ်သော မှတ်သားမှု 'နိရောဓသညာ' တို့တည်း။

ရဟန်းတို့ စွဲမက်မှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၃)

၁၄၃-၁၆၉။ ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ပိုင်းခြား၍ သိရန်။ပ။ ထက်ဝန်းကျင် ကုန်စေရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ပျက်စီးရန်။ တပ်ခြင်း ကင်းရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန် တရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၄-၃၀)

၁၇၀-၆၄၉။ အမျက်ထွက်မှု'ဒေါသ'။ပ။တွေဝေမှု'မောဟ'။ပ။ စိတ်ဆိုးမှု'ကောဓ'။ပ။ ရန်ငြိုးဖွဲ့မှု'ဥပနာဟ'။ပ။ သူ့ကျေးဇူးချေဖျက်မှု 'မက္ခ'။ပ။ အပြိုင်ပြုမှု 'ပဠာသ'။ပ။ ငြူစူမှု'ဣဿာ'။ပ။ ဝန်တိုမှု 'မစ္ဆရိယ'။ပ။ လှည့်ပတ်မှု 'မာယာ'။ပ။ စဉ်းလဲမှု 'သာဌေယျ'။ပ။ ခက်ထန်မှု 'ထမ္ဘ'။ပ။ ချုတ်ချယ်မှု 'သာရမ္ဘ'။ပ။ ထောင်လွှားမှု 'မာန'။ပ။ အလွန်ထောင်လွှားမှု 'အတိမာန'။ပ။ ယစ်မှု 'မဒ'။ပ။ မေ့လျော့မှု 'ပမာဒ'ကို ထူးသောဉာဏ်ဖြင့် သိရန်။ပ။ ပိုင်းခြား၍ သိရန်။ပ။ ထက်ဝန်းကျင်ကုန်စေရန်။ပ။ ပယ်ရန်။ပ။ ကုန်ခန်းရန်။ပ။ ပျက်စီးရန်။ပ။ တပ်ခြင်းကင်းရန်။ပ။ ချုပ်ရန်။ပ။ စွန့်ရန်။ပ။ တဖန် စွန့်ရန်။ပ။ ဤတရားခြောက်မျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။ (၃၁-၅၁၀)

ရာဂပေယျာလ ပြီး၏။

# ဆက္ကနိပါတ် ပြီး၏။

http://www.dhammadownload.com

# အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## သတ္တကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏ္ဏာသက

### သုတ်ငါးဆယ်

### ၁-ဓနဝဂ် ၁-ပဌမပိယသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုစဉ်အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ်မပြုအပ်သူ (နှလုံးကို)မပွါးစေတတ်သူ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

လာဘ်ကိုလည်း အလိုရှိ၏။

အရိုအသေပြုမှုကိုလည်း အလိုရှိ၏။

http://www.dhammadownload.com



(မိမိကို သူတပါးတို့က)မထီမဲ့မြင် မပြုခြင်းကိုလည်း အလိုရှိ၏။

အရှက်လည်း မရှိ။

အကြောက်လည်း မရှိ။

ယုတ်မာသော အလိုဆိုးလည်း ရှိ၏။

မှားသော အယူလည်း ရှိ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ်ပြုအပ်သူ (နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

လာဘ်ကိုလည်း အလိုမရှိ။

အရိုအသေပြုမှုကိုလည်း အလိုမရှိ။

(မိမိကိုသူတပါးတို့)မထီမဲ့မြင်ပြုခြင်းကိုလည်း အလိုမရှိ။

အရှက်လည်း ရှိ၏။

အကြောက်လည်း ရှိ၏။

အလိုနည်းမှုလည်း ရှိ၏။

မှန်ကန်သော အယူလည်း ရှိ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ(နှလုံးကို)ပွါးစေတတ်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ ပိယသုတ်

၂။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို)မပွါးစေတတ်သူ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

လာဘ်ကိုလည်း အလိုရှိ၏။

အရိုအသေပြုမှုကိုလည်း အလိုရှိ၏။

(မိမိကို သူတပါးတို့)မထီမဲ့မြင် မပြုခြင်းကိုလည်း အလိုရှိ၏။

http://www.dhammadownload.com



အရှက်လည်း မရှိ။
အကြောက်လည်း မရှိ။
ငြူစူလည်း ငြူစူတတ်၏။
ဝန်တိုလည်း ဝန်တိုတတ်၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်အပ်သူ မမြတ်နိုးအပ်သူ အလေးအမြတ် မပြုအပ်သူ (နှလုံးကို) မပွါးစေတတ်သူ ဖြစ်၏။

ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ အလေးအမြတ် ပြုအပ်သူ (နှလုံးကို) ပွါးစေတတ်သူ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—
ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—
လာဘ်ကိုလည်း အလိုမရှိ။
အရိုအသေပြုမှုကိုလည်း အလိုမရှိ။
(မိမိကိုသူတပါးတို့)မထီမဲ့မြင်ပြုမှုကိုလည်း အလိုမရှိ။
အရှက်လည်း ရှိ၏။
အကြောက်လည်း ရှိ၏။
ငြူစူလည်း မငြူစူတတ်။
ဝန်တိုလည်း ဝန်မတိုတတ်။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူ မြတ်နိုးအပ်သူ၊အလေးအမြတ် ပြုအပ်သူ(နှလုံးကို)ပွါးစေတတ်သူလည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံခိတ္တဗလသုတ်

၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ပ။ ရဟန်းတို့ ဗိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု ‘သဒ္ဓါ’ဗိုလ်၊ အားထုတ်မှု‘ဝီရိယ’ဗိုလ်၊ ရှက်မှု‘ဟိရီ’ဗိုလ်၊ ကြောက်လန့်မှု‘ဩတ္တပ္ပ’ဗိုလ်၊ အောက်မေ့မှု ‘သတိ’ဗိုလ်၊ တည်ကြည်မှု ‘သမာဓိ’ဗိုလ်၊ သိမှု ‘ပညာ’ဗိုလ်တို့တည်း။

ရဟန်းတို့ ဗိုလ်တို့သည် ဤခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

> ယုံကြည်မှု‘သဒ္ဓါ’ဗိုလ် အားထုတ်မှု‘ဝီရိယ’ဗိုလ် ရှက်မှု ကြောက်လန့်မှု‘ဟိရီ ဩတ္တပ္ပ’ဟု ဆိုအပ်သောဗိုလ် အောက်မေ့မှု ‘သတိ’ ဗိုလ် တည်ကြည်မှု ‘သမာဓိ’ ဗိုလ် ခုနစ်ခုမြောက်ဖြစ်သော သိမှု ‘ပညာ’ ဗိုလ်တို့တည်း။

http://www.dhammadownload.com



ထိုဗိုလ်ခုနစ်မျိုးတို့ဖြင့် အားရှိသော ပညာရှိရဟန်းသည် ချမ်းသာစွာ အသက်မွေးရ၏၊ သင့်လျော်သော အကြောင်းအားဖြင့် (သစ္စာလေးပါး) တရားကို စုံစမ်းဆင်ခြင်နိုင်၏၊ ဝိပဿနာပညာဖြင့် (သစ္စာလေးပါးတည်းဟူသော)အနက်ကို ရှုနိုင်၏၊ ဆီမီးလျှံ၏ ငြိမ်းအေးခြင်းကဲ့သို့(အဆုံးစွန်သော)စိတ်၏ (ဝတ္ထုအာရုံတို့မှ) လွတ်မြောက်မှုဖြစ်လေသတည်း။

တတိယသုတ်။

---

## ၄-ဝိတ္ထတဗလသုတ်

၄။ ရဟန်းတို့ ဗိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု'သဒ္ဓါ'ဗိုလ်၊ အားထုတ်မှု'ဝီရိယ'ဗိုလ်၊ ရှက်မှု'ဟိရီ'ဗိုလ်၊ ကြောက်လန့်မှု'ဩတ္တပ္ပ'ဗိုလ်၊ အောက်မေ့မှု'သတိ'ဗိုလ်၊ တည်ကြည်မှု'သမာဓိ'ဗိုလ်၊ သိမှု'ပညာ' ဗိုလ်တို့တည်း။

ရဟန်းတို့ ယုံကြည်မှု 'သဒ္ဓါ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့်သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟု (ယုံကြည်၏)။

ရဟန်းတို့ ဤသည်ကို ယုံကြည်မှု 'သဒ္ဓါ'ဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အားထုတ်မှု 'ဝီရိယ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။

ရဟန်းတို့ ဤသည်ကို ဝီရိယဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ရှက်မှု'ဟိရီ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အရှက်ရှိ၏၊ ကာယဒုစရိုက်မှ ရှက်တတ်၏၊ ဝစီဒုစရိုက်မှ ရှက်တတ်၏၊ မနောဒုစရိုက်မှ ရှက်တတ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ရှက်တတ်၏။

ရဟန်းတို့ ဤသည်ကို ဟိရီဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကြောက်လန့်မှု'ဩတ္တပ္ပ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ကြောက်လန့်မှုရှိ၏၊ ကာယဒုစရိုက်မှ ကြောက်လန့်၏၊ ဝစီဒုစရိုက်မှ ကြောက်လန့်၏၊ မနောဒုစရိုက်မှ ကြောက်လန့်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကို ဩတ္တပ္ပဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အောက်မေ့မှု'သတိ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိရှိ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုလုပ်ခဲ့သည်ကိုရင်း ကြာမြင့်စွာက ပြောဆိုခဲ့သည်ကိုရင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။

ရဟန်းတို့ ဤသည်ကို သတိဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ တည်ကြည်မှု'သမာဓိ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် ။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ရဟန်းတို့ ဤသည်ကို သမာဓိဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သိမှု'ပညာ'ဗိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသည်ကို ပညာဗိုလ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဗိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

> ယုံကြည်မှု'သဒ္ဓါ'ဗိုလ် အားထုတ်မှု'ဝီရိယ'ဗိုလ် ရှက်မှု ကြောက်လန့်မှု 'ဟိရီ ဩတ္တပ္ပ'ဗိုလ် အောက်မေ့မှု 'သတိ'ဗိုလ် တည်ကြည်မှု 'သမာဓိ'ဗိုလ် ခုနစ်ခုမြောက်ဖြစ်သော ပညာဗိုလ်တို့တည်း။
>
> ထိုခုနစ်ပါးသော ဗိုလ်တို့ဖြင့် အားရှိသော ပညာရှိ ရဟန်းသည် ချမ်းသာစွာ အသက်မွေးရ၏၊ သင့်လျော်သော အကြောင်းအားဖြင့်(သစ္စာလေးပါး)တရားကို စုံစမ်းဆင်ခြင်နိုင်၏၊ ဝိပဿနာပညာဖြင့် (သစ္စာလေးပါးတည်းဟူသော) အနက်ကိုသိနိုင်၏၊ ဆီမီးလျှံ၏ ငြိမ်းအေးခြင်းကဲ့သို့ (အဆုံးစွန်သော) စိတ်၏(ဝတ္ထုအာရုံတို့မှ) လွတ်မြောက်မှု ဖြစ်လေသတည်း။

စတုတ္ထသုတ်။

---

## ၅-သံခိတ္တဓနသုတ်

၅။ ရဟန်းတို့ (သူတော်ကောင်း) ဥစ္စာတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ'ဥစ္စာ၊ စောင့်ထိန်းမှု 'သီလ'ဥစ္စာ၊ ရှက်မှု 'ဟိရီ'ဥစ္စာ၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' ဥစ္စာ၊ အကြားအမြင် 'သုတ'ဥစ္စာ၊ စွန့်ကြဲမှု 'စာဂ'ဥစ္စာ၊ သိမှုပညာ'ဥစ္စာတို့တည်း။

ရဟန်းတို့ (သူတော်ကောင်း) ဥစ္စာတို့သည် ဤ ခုနစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ယုံကြည်မှု'သဒ္ဓါ' ဥစ္စာ စောင့်ထိန်းမှု 'သီလ'ဥစ္စာ ရှက်မှု ကြောက်လန့်မှု 'ဟိရီဩတ္တပ္ပ' ဥစ္စာ အကြားအမြင် 'သုတ' ဥစ္စာ စွန့်ကြဲမှု 'စာဂ' ဥစ္စာ ခုနစ်ခုမြောက် သိမှု'ပညာ' ဥစ္စာ တို့တည်း။

အကြင်မိန်းမအားဖြစ်စေ အကြင်ယောကျ်ားအားဖြစ်စေ ထို(သူတော်ကောင်း)ဥစ္စာ တို့သည် ရှိကုန်၏၊ ထို(သူတော်ကောင်း)ဥစ္စာရှိသော မိန်းမယောကျ်ားကို မဆင်းရဲသူဟူ၍ ပညာရှိတို့ ဆိုကုန်၏၊ထိုသူ၏ အသက်ရှင်ခြင်းကို အချည်းနှီးမဟုတ်ဟု ဆိုကုန်၏။

ထို့ကြောင့် ပညာရှိသည် ဘုရားသျှင်အဆုံးအမတော်ကို အောက်မေ့လျက် ကြည်လင်စေတတ်သော သဒ္ဓါတရားကိုငင်း သစ္စာလေးပါးတရားကို မြင်ကြောင်းဖြစ်သော သီလကိုငင်း အဖန်ဖန်အားထုတ်ရာသတည်း။

ပဥ္စမသုတ်။

## ၆-ဝိတ္ထတဓနသုတ်

၆။ ရဟန်းတို့ (သူတော်ကောင်း)ဥစ္စာတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု'သဒ္ဓါ'ဥစ္စာ၊ စောင့်ထိန်းမှု'သီလဥစ္စာ၊ ရှက်မှု'ဟိရီ' ဥစ္စာ၊ ထိတ်လန့်မှု 'ဩတ္တပ္ပ'ဥစ္စာ၊ အကြားအမြင်'သုတ'ဥစ္စာ၊ စွန့်ကြဲမှု'စာဂ'ဥစ္စာ၊ သိမှု'ပညာ'ဥစ္စာတို့တည်း။

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ' ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။ ဘုန်းတန်ခိုးကြီးတော်မူသောအကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု (ယုံကြည်၏)။

ရဟန်းတို့ ဤသည်ကို ယုံကြည်မှု'သဒ္ဓါ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စောင့်ထိန်းမှု'သီလ' ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်၏။ ။ပ။ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသည်ကို စောင့်ထိန်းမှု'သီလ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ရှက်မှု' ဟိရီ' ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အရှက်ရှိ၏၊ ကာယဒုစရိုက်မှ ရှက်တတ်၏၊ဝစီဒုစရိုက်မှ ရှက်တတ်၏၊ မနောဒုစရိုက်မှ ရှက်တတ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှရှက်တတ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကို ရှက်မှု 'ဟိရီ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ကြောက်လန့်မှု 'ဩတ္တပ္ပ'ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ကြောက်လန့်မှု ရှိ၏၊ ကာယဒုစရိုက်မှ ကြောက်လန့်၏၊ ဝစီဒုစရိုက်မှ ကြောက်လန့်၏၊ မနောဒုစရိုက်မှ ကြောက်လန့်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏။

ရဟန်းတို့ ဤသည်ကို ကြောက်လန့်ခြင်း'ဩတ္တပ္ပ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အကြားအမြင်'သုတ'ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ဖော်ပြတတ်သော တရားတို့ကို ထိုပုဂ္ဂိုလ်သည် များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

ရဟန်းတို့ ဤသည်ကို အကြားအမြင်'သုတ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စွန့်ကြဲမှု'စာဂ'ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ဝန်တိုမှု 'မစ္ဆရိယ'အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ပေးအံ့ဟု ဆေးကြောပြီးသော လက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊ အတောင်းခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏။

ရဟန်းတို့ ဤသည်ကို စွန့်ကြဲမှု'စာဂ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သိမှု'ပညာ'ဥစ္စာဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏။ပ။ဝဋ်ဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသည်ကို သိမှု'ပညာ'ဥစ္စာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ (သူတော်ကောင်း)ဥစ္စာတို့သည် ဤခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

> ယုံကြည်မှု 'သဒ္ဓါ'ဥစ္စာ စောင့်ထိန်းမှု'သီလ'ဥစ္စာ ရှက်မှု ကြောက်လန့်မှု 'ဟိရီဩတ္တပ္ပ' ဥစ္စာ အကြားအမြင် 'သုတ'ဥစ္စာ စွန့်ကြဲမှု 'စာဂ'ဥစ္စာ ခုနစ်ခုမြောက် သိမှု 'ပညာ'ဥစ္စာ တို့တည်း။
>
> အကြင်မိန်းမအားဖြစ်စေ အကြင်ယောကျ်ားအားဖြစ်စေ ထိုသူတော်ကောင်းဥစ္စာတို့သည် ရှိကုန်၏၊ထိုသူတော်ကောင်း ဥစ္စာရှိသော မိန်းမ ယောကျ်ားကို မဆင်းရဲသူဟူ၍ ပညာရှိတို့ ဆိုကုန်၏၊ထိုသူ၏ အသက်ရှင်ခြင်းကို အချည်းနှီး မဟုတ်ဟု ဆိုကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် ပညာရှိသည် ဘုရားကျွန် အဆုံးအမတော်ကို အောက်မေ့လျက် ကြည်လင်စေတတ်သော သဒ္ဓါတရားကိုရင်း (သစ္စာလေးပါး)တရားကို မြင်ကြောင်းဖြစ်သော သီလကိုရင်း အဖန်ဖန် အားထုတ်ရာသတည်း။

ဆဋ္ဌသုတ်။

## ၇-ဥဂ္ဂသုတ်

၇။ ထိုအခါ ဥဂ္ဂမည်သော(ပသေနဒီကောသလ)မင်း၏ အမတ်ကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား အံ့ဖွယ် ကောင်းလှပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဘုရား ရောဟဏသူဌေး၏ မြေးဖြစ်သူ ဤမိဂါရသူဌေးသည် အလွန်ကြွယ်ဝ၏၊အလွန်များသော ဥစ္စာရှိ၏၊အလွန်များသော အသုံးအဆောင်ရှိ၏ဟု လျှောက်၏။

ဥဂ္ဂအမတ် ရောဟဏသူဌေး၏ မြေးဖြစ်သူ မိဂါရသူဌေးသည် အဘယ်မျှလောက် ကြွယ်ဝသနည်း၊အဘယ်မျှလောက် များသော ဥစ္စာရှိသနည်း၊အဘယ်မျှလောက် များသော အသုံးအဆောင်ရှိသနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား ထိုသူဌေးအား ရွှေတို့သည်ပင် သိန်းပေါင်း တရာရှိပါ၏၊ ငွေ အရေအတွက် အားဖြင့်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်းဟု (လျှောက်၏)။

ဥဂ္ဂအမတ် ထိုရွှေ ငွေစသော ဥစ္စာသည် လောက၌ ရှိသည်သာတည်း၊ ထိုရွှေ ငွေစသော ဥစ္စာသည် မရှိဟု ငါမဆို၊ ဥဂ္ဂအမတ် ထိုဥစ္စာသည်ကား မီး ရေ မင်း ခိုးသူ မချစ်မနှစ်သက်သော အမွေခံတို့နှင့် ဆက်ဆံ၏။

ဥဂ္ဂအမတ် ဤဥစ္စာခုနစ်မျိုးတို့သည်ကား မီး ရေ မင်း ခိုးသူ မချစ်မနှစ်သက်သော အမွေခံတို့နှင့် မဆက်ဆံကုန်။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါ'ဥစ္စာ၊ စောင့်ထိန်းမှု 'သီလ'ဥစ္စာ၊ ရှက်မှု 'ဟိရီ'ဥစ္စာ၊ ကြောက်လန့်မှု'ဩတ္တပ္ပ' ဥစ္စာ၊ အကြားအမြင် 'သုတ'ဥစ္စာ၊ စွန့်ကြဲမှု 'စာဂ'ဥစ္စာ၊ သိမှု 'ပညာ'ဥစ္စာ တို့တည်း။

ဥဂ္ဂအမတ် ဤဥစ္စာခုနစ်မျိုးတို့သည်ကား မီး ရေ မင်း ခိုးသူ မချစ်မနှစ်သက်သော အမွေခံတို့နှင့် မဆက်ဆံကုန် ဟု (မိန့်တော်မူ၏)။

ယုံကြည်မှု 'သဒ္ဓါ'ဥစ္စာ စောင့်ထိန်းမှု 'သီလ'ဥစ္စာ ရှက်မှု ကြောက်လန့်မှု 'ဟိရီဩတ္တပ္ပ' ဥစ္စာ အကြားအမြင်'သုတ' ဥစ္စာ စွန့်ကြဲမှု'စာဂ' ဥစ္စာ ခုနစ်ခုမြောက် သိမှု 'ပညာ' ဥစ္စာ တို့တည်း။

အကြင် မိန်းမအား ဖြစ်စေ အကြင် ယောကျ်ားအား ဖြစ်စေ ထို သူတော်ကောင်း ဥစ္စာတို့သည် ရှိကုန်၏၊ ထိုသူတော်ကောင်း ဥစ္စာရှိသော မိန်းမ ယောကျ်ားကို မဆင်းရဲသောသူ ဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ထိုသူ၏ အသက်ရှင်ခြင်းကို အချည်းနှီးမဟုတ်ဟု ဆိုကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် ပညာရှိသည် ဘုရားရှင်အဆုံးအမတော်ကို အောက်မေ့လျက် ကြည်လင်စေတတ်သော သဒ္ဓါတရားကိုရင်း သစ္စာလေးပါးတရားကို မြင်ကြောင်းဖြစ်သော သီလကိုရင်း အဖန်ဖန် အားထုတ်ရာ၏။

သတ္တမသုတ်။

---

## ၈-သံယောဇနသုတ်

၈။ ရဟန်းတို့ နှောင်ကြိုး 'သံယောဇဉ်' တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အနုနယကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ မာနသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့တည်း။

ရဟန်းတို့ နှောင်ကြိုး 'သံယောဇဉ်' တို့သည် ဤခုနစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဟာနသုတ်

၉။ ရဟန်းတို့ နှောင်ကြိုး 'သံယောဇဉ်' ခုနစ်မျိုးတို့ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အနုနယသံယောဇဉ်ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

ပဋိဃသံယောဇဉ်ကို။ပ။ ဒိဋ္ဌိသံယောဇဉ်ကို။ပ။ ဝိစိကိစ္ဆာသံယောဇဉ်ကို။ပ။ မာနသံယောဇဉ်ကို။ပ။ ဘဝရာဂသံယောဇဉ်ကို။ပ။ အဝိဇ္ဇာသံယောဇဉ်ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

ရဟန်းတို့ ဤနှောင်ကြိုး 'သံယောဇဉ်' ခုနစ်မျိုးတို့ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် အနုနယသံယောဇဉ်ကို ပယ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြု၏ (အသစ်) မဖြစ်ခြင်းကို ပြု၏၊ နောင်အခါ ဖြစ်ခြင်း သဘော မရှိ။

ပဋိဃသံယောဇဉ်ကို။ပ။ ဒိဋ္ဌိသံယောဇဉ်ကို။ပ။ ဝိစိကိစ္ဆာသံယောဇဉ်ကို။ပ။ မာနသံယောဇဉ်ကို။ပ။ ဘဝရာဂသံယောဇဉ်ကို။ပ။ အဝိဇ္ဇာသံယောဇဉ်ကို ပယ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြု၏၊ အသစ်မဖြစ်ခြင်းကို ပြု၏၊ နောင်အခါ ဖြစ်ခြင်း သဘော မရှိ။

ရဟန်းတို့ ထိုအခါ ဤရဟန်းကို တဏှာကို ဖြတ်ပြီးသူ သံယောဇဉ်ကို ဖြေပြီးသူ ကောင်းစွာ မာနကို နုတ်ပယ်သောကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူ ဟူ၍ ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



### ၁၀-မစ္ဆရိယသုတ်

၁၀။ ရဟန်းတို့ သံယောဇဉ်တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အနုနယသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ မာနသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်တို့တည်း။

ရဟန်းတို့ သံယောဇဉ်တို့သည် ဤခုနစ်မျိုးတို့တည်းဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဓနဝဂ် ပြီး၏။

---

### ၂-အနုသယဝဂ် ၁-ပဌမ အနုသယသုတ်

၁၁။ ရဟန်းတို့ အကိန်းခဲတတ်'အနုသယ'တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ကာမရာဂါနုသယ၊ပဋိဃာနုသယ၊ဒိဋ္ဌာနုသယ၊ဝိစိကိစ္ဆာနုသယ၊ မာနာနုသယ၊ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယတို့တည်း။

ရဟန်းတို့ အကိန်းခဲတတ်'အနုသယ'တို့သည် ဤခုနစ်မျိုးတို့တည်းဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

### ၂-ဒုတိယ အနုသယသုတ်

၁၂။ ရဟန်းတို့ အကိန်းခဲတတ်'အနုသယ'ခုနစ်မျိုးတို့ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ကာမဂုဏ်တို့၌ စွဲမက်မှု အကိန်းခဲတတ် ကာမရာဂါနုသယကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

ပဋိဃာနုသယကို ပယ်ရန်။ပ။ဒိဋ္ဌာနုသယကို ပယ်ရန်။ ဝိစိကိစ္ဆာနုသယကို ပယ်ရန်။ မာနာနုသယကို ပယ်ရန်။ ဘဝရာဂါနုသယကို ပယ်ရန်။ အဝိဇ္ဇာနုသယကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

ရဟန်းတို့ ဤအကိန်းခဲတတ် 'အနုသယ' ခုနစ်မျိုးတို့ကို ပယ်ရန် ဖြတ်တောက်ရန် မြတ်သော အကျင့်ကို ကျင့်သုံး၏။

http://www.dhammadownload.com



ရဟန်းတို့ အကြင်အခါ၌ ရဟန်းအား ကာမဂုဏ်တို့၌ စွဲမက်မှု အကိန်းခံတတ် ကာမရာဂါနုသယကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိ။

ပဋိဃာနုသယကို။ပ။ဒိဋ္ဌာနုသယကို။ပ။ဝိစိကိစ္ဆာနုသယကို ။ပ။ မာနာနုသယကို ။ပ။ ဘဝရာဂါနုသယကို။ပ။အဝိဇ္ဇာနုသယကို ပယ်ပြီးဖြစ်၏၊အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိ။

ရဟန်းတို့ ထိုအခါ ဤရဟန်းကို တဏှာကို ဖြတ်ပြီးသူ သံယောဇဉ်ကို ဖြေပြီးသူ ကောင်းစွာ မာနကို နုတ်ပယ်သောကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူ၏ ဟူ၍ ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ကုလသုတ်

၁၃။ ရဟန်းတို့ အင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့ အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် မသင့်၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် မသင့်။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်နိုးသဖြင့် ခရီးဦး မကြိုဆိုကုန်။

မြတ်နိုးသဖြင့် ရှိမခိုးကုန်။

မြတ်နိုးသဖြင့် နေရာ မပေးကုန်။

ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ထိုပုဂ္ဂိုလ်အား လျှို့ဝှက်ကုန်၏။

အလှူဝတ္ထု အများ အပြား ရှိပါလျက်လည်း အနည်းငယ်ကို ပေးလှူ၏။

မွန်မြတ်သော လှူဖွယ်ဝတ္ထု ရှိပါလျက်လည်း ရုန့်ရင်းကြမ်းတမ်းသော လှူဖွယ်ဝတ္ထုကို ပေးလှူကုန်၏။

မရိုမသေ ပေးလှူကုန်၏၊ ရိုရိုသေသေ မပေးလှူကုန်။

ရဟန်းတို့ ဤအင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် မသင့်၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် မသင့်။

ရဟန်းတို့ အင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် သင့်၏၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် သင့်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်နိုးသဖြင့် ခရီးဦးကြိုဆိုကုန်၏။

မြတ်နိုးသဖြင့် ရှိခိုးကုန်၏။

မြတ်နိုးသဖြင့် နေရာပေးကုန်၏။

ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ထိုပုဂ္ဂိုလ်အား မလျှို့ဝှက်ကုန်။

အလှူဝတ္ထု အများအပြားရှိသော် များပြားစွာ ပေးလှူကုန်၏။

http://www.dhammadownload.com



မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိသော် မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူကုန်၏။

ရှိသေစွာ ပေးလှူကုန်၏၊ မရှိမသေ မပေးလှူကုန်။

ရဟန်းတို့ ဤအင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့ အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် သင့်၏၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် သင့်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပုဂ္ဂလသုတ်

၁၄။ ရဟန်းတို့ ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီရန် ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရူပကာယ နာမကာယ နှစ်ပါးသော အဖို့မှ လွတ်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်။

ပညာဖြင့် ကိလေသာတို့မှ လွတ်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်။

(ဈာန် မဂ် ဖိုလ် နိဗ္ဗာန်ကို) နာမကာယဖြင့် မျက်မှောက်ပြုသော 'ကာယသက္ခိ' ပုဂ္ဂိုလ်။

သစ္စာလေးပါးတရားကို သိ၍ အထက်မဂ်ဖိုလ်သို့ ရောက်သော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်။

သဒ္ဓါတရားဖြင့် ကိလေသာတို့မှ လွတ်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်။

ပညာရှေ့သွားရှိ၍ အရိယာမဂ်ကို ပွါးစေသော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်။

သဒ္ဓါရှေ့သွားရှိ၍ အရိယာမဂ်ကို ပွါးစေသော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံထိုက်ကုန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဥဒကူပမာသုတ်

၁၅။ ရဟန်းတို့ လောက၌ ရေဥပမာရှိကုန်သော ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် ထင်ရှားရှိကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် တကြိမ် နစ်မြုပ်သော် နစ်မြုပ်တော့သည်သာ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်ပြန်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ကြည့်ရှု၏၊ ထိုမှ ဤမှ ကြည့်ရှု၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ကူး၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ထောက်တည်ရာသို့ ရောက်၏။

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ကူးမြောက်၏၊ ကမ်းတဖက်သို့ ရောက်၏၊ (နိဗ္ဗာန်တည်းဟူသော)ကြည်းကုန်းထက်၌ တည်၏၊ မကောင်းမှုကို အပပြုပြီးဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တကြိမ်နစ်မြုပ်လျှင် နစ်မြုပ်တော့သည်သာ ဖြစ်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စင်စစ် မည်းညစ်ကုန်သော အကုသိုလ် တရားတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တကြိမ်နစ်မြုပ်လျှင် နစ်မြုပ်တော့သည်သာ ဖြစ်၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်ပြန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏၊ ဟိရီသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏၊ ဝီရိယသည် ကောင်းမြတ်၏၊ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါတရားသည် မတည်၊ မတိုးပွါး၊ ဆုတ်ယုတ်သည်သာလျှင်တည်း။

ထိုပုဂ္ဂိုလ်၏ ထိုဟိရီသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုဩတ္တပ္ပသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုပညာသည် မတည်၊ မတိုးပွါး၊ ဆုတ်ယုတ်သည်သာလျှင်တည်း။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်ပြန်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ဟိရီသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်းမြတ်၏။ပ။ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါတရားသည် မဆုတ်ယုတ်၊ မတိုးပွါး၊ တည်၏။

ထိုပုဂ္ဂိုလ်၏ ထိုဟိရီသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုဩတ္တပ္ပသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုပညာသည် မဆုတ်ယုတ်၊ မတိုးပွါး၊ (တည်မြဲတိုင်း)တည်တန့်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကြည့်ရှုသနည်း၊ ထိုမှ ဤမှ ကြည့်ရှုသနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ဟိရိသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်းမြတ်၏။ပ။ ကုသိုလ် တရားတို့၌ ပညာတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကြည့်ရှု၏၊ ထိုမှ ဤမှ ကြည့်ရှု၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးသနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ဟိရိသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်း မြတ်၏။ပ။ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ထိုပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့ ခေါင်းပါးသည်၏ အဖြစ်ကြောင့် တကြိမ်သာလျှင် ကာမဘုံသို့လာ၍ ဝဋ်ဒုက္ခ၏ အဆုံးကို ပြုသော သကဒါဂါမ် ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူး၏။ ( ၅ )

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ထောက်တည်ရာသို့ ရောက်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ဟိရိသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်း မြတ်၏။ပ။ ကုသိုလ်တရားတို့၌ ပညာတရားသည် ကောင်း၏မြတ်ဟု ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌ သာလျှင် ပရိနိဗ္ဗာန်ပြုမည့် ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသူ အနာဂါမ်ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ထောက်တည်ရာသို့ ရောက်၏။ ( ၆ )

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်သူ ကမ်းတဖက်သို့ ရောက်သူ (နိဗ္ဗာန်တည်းဟူသော) ကြည်းကုန်းထက်၌ တည်၍ မကောင်းမှုကို အပပြုပြီးသူ ဖြစ်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်း မြတ်၏ဟု ပေါ်လာ၏။

ဟိရိသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ဝီရိယသည် ကောင်းမြတ်၏။ပ။ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ဟု ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်သည် အာသဝေါ တရားတို့၏ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခု ဘဝ၌ ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်သူ ကမ်းတဖက်သို့ ရောက်သူ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်သူ မကောင်းမှုကို အပပြုပြီးသူဖြစ်၏။ (၇)

ရဟန်းတို့ လောက၌ ရေဥပမာရှိကုန်သော ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-အနိစ္စာနုပဿီသုတ်

၁၆။ ရဟန်းတို့ (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော တမလွန်အတွက် ရည်မြှော်သောအလှူကို ခံထိုက်ကုန်သော လက်အုပ်ချီခြင်းငှါ ထိုက်ကုန်သော သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့၌ မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန်ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု ထင်စွာ သိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်)မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့် သက်ဝင်လျက် နေ၏၊ ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် နေ၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်သည်(အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန်ထိုက်သော ဧည့်သည်အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်သော တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်သော လက်အုပ်ချီခြင်းငှါထိုက်သော သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော ပဌမ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့၌ မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန်ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု ထင်စွာသိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်) မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့် သက်ဝင်လျက် နေ၏၊ ထိုပုဂ္ဂိုလ်အား မရှေးမနှောင်း အာသဝေါတရားတို့ ကုန်ခြင်းသည်ရင်း အသက်ကုန်ခြင်းသည်ရင်း ဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော ဒုတိယ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့၌ မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု ထင်စွာ သိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်)မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့် သက်ဝင်လျက်နေ၏။

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဖြစ်၏။ပ။ အသက်အပိုင်းအခြား အလယ်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဖြစ်၏။ပ။ အားထုတ်မှုမရှိပဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဖြစ်၏။ပ။အားထုတ်မှု ရှိသဖြင့် ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဖြစ်၏။ပ။ အကနိဋ္ဌဘုံသို့ရောက်၍ အထက်မဂ်ကို ရထိုက်သော 'ဉဒ္ဓံသောတအကနိဋ္ဌဂါမီ' ပုဂ္ဂိုလ်ဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်သည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်သော ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန်ထိုက်သော တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်သော လက်အုပ်ချီခြင်းငှါ ထိုက်သော သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော သတ္တမ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ (အရပ်ဝေးမှ)။ပ။ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်သော တမလွန်အတွက် ရည်မြော်သောအလှူကို ခံထိုက်ကုန်သော လက်အုပ်ချီခြင်းငှါ ထိုက်ကုန်သော အမြတ်ဆုံး လယ်မြေဖြစ်သော ပုဂ္ဂိုလ်တို့သည် ဤ ခုနစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုက္ခာနုပဿီသုတ်

၁၇။ ရဟန်းတို့ (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့၌ ဆင်းရဲသော အခြင်းအရာအားဖြင့် (ဒုက္ခဟု)အဖန်ဖန်ရှုသည် ဖြစ်၍ နေ၏။ပ။

သတ္တမသုတ်။

## ၈-အနတ္တာနုပဿီသုတ်

၁၈။ အလုံးစုံသော တရားတို့၌ အစိုးမရသော အခြင်းအရာအားဖြင့် (အနတ္တဟု) အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ပ။

အဋ္ဌမသုတ်။

## ၉-နိဗ္ဗာနသုတ်

၁၉။ နိဗ္ဗာန်၌ သုခဟု အဖန်ဖန်ရှုသည် သုခဟုအမှတ်ရှိသည် သုခဟု ထင်စွာသိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်) မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့်

http://www.dhammadownload.com



သက်ဝင်လျက် နေ၏၊ ထို ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။မျက်မှောက် ပြုလျက် ရောက်၍ နေ၏၊ ရဟန်းတို့ ဤ ပုဂ္ဂိုလ်သည် (အရပ်ဝေးမှ)ဆောင်လာ၍ သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်သော ပဌမ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ သုခဟု အဖန်ဖန်ရှုသည် သုခဟု အမှတ်ရှိသည် သုခဟု ထင်စွာ သိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်)မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့် သက်ဝင်လျက် နေ၏။

ထိုပုဂ္ဂိုလ်အား မရှေးမနှောင်း အာသဝေါတရားတို့ ကုန်ခြင်းသည်ရင်း အသက်ကုန်ခြင်း သည်ရင်း ဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော ဒုတိယ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ သုခဟု အဖန်ဖန်ရှုသည် သုခဟု အမှတ်ရှိသည် သုခဟု ထင်စွာ သိသည်ဖြစ်၍ အမြဲမပြတ် (တပါးသော စိတ်တို့နှင့်)မရောပြွမ်းမူ၍ စိတ်ဖြင့် နှလုံးသွင်းပြီးလျှင် ပညာဖြင့် သက်ဝင်လျက် နေ၏၊ ထိုပုဂ္ဂိုလ် သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဖြစ်၏။ပ။ အသက်အပိုင်းအခြားအလယ် ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဖြစ်၏။ပ။ အားထုတ်မှုမရှိပဲ ပရိနိဗ္ဗာန် ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဖြစ်၏။ပ။ အားထုတ်မှုရှိသဖြင့် ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရ ပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဖြစ်၏။ပ။ အကနိဋ္ဌဘုံသို့ ရောက်၍ အထက်မဂ်ကို ရထိုက်သော 'ဥဒ္ဒံသောတအကနိဋ္ဌဂါမီ'ပုဂ္ဂိုလ်ဖြစ်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော သတ္တမ ပုဂ္ဂိုလ်တည်း။

ရဟန်းတို့ (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်ကုန်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဤခုနစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နိဒ္ဒသဝတ္ထုသုတ်

၂၀။ ရဟန်းတို့ နိဒ္ဒသဝတ္ထုတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

http://www.dhammadownload.com



သိက္ခာသုံးပါးကို ဆောက်တည်မှု၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ သိက္ခာသုံးပါးကို ဆောက်တည်ခြင်း၌လည်း မကင်းသော မြတ်နိုးခြင်းရှိ၏။

(အနိစ္စ စသော အခြင်းအရာအားဖြင့်) တေဘူမက တရားတို့ကို စုံစမ်းရာ၌ ထက်သန်သော အလို'ဆန္ဒ'ရှိ၏၊နောင်အခါ(အနိစ္စ စသော အခြင်းအရာအားဖြင့်)တေဘူမက တရားတို့ကို စုံစမ်းရာ၌လည်း မကင်းသော မြတ်နိုးခြင်းရှိ၏။

တဏှာကို ဖျက်ဆီးမှု၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ တဏှာကို ဖျက်ဆီးခြင်း၌လည်း မကင်းသော မြတ်နိုးခြင်းရှိ၏။

တယောက်တည်း ကိန်းအောင်းမှု၌ ထက်သန်သော အလို'ဆန္ဒ'ရှိ၏၊ နောင်အခါ တယောက်တည်း ကိန်းအောင်းမှု၌ မကင်းသော မြတ်နိုးခြင်းရှိ၏။

ဝီရိယကို အားထုတ်ရာ၌ ထက်သန်သော အလို'ဆန္ဒ' ရှိ၏၊နောင်အခါ ဝီရိယကို အားထုတ်ရာ၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

အောက်မေ့မှု 'သတိ' ရင့်ကျက်မှု 'ပညာ' ၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ အောက်မေ့မှု သတိရင့်ကျက်မှု ပညာ၌လည်း မကင်းသော မြတ်နိုးခြင်းရှိ၏။

သမ္မာဒိဋ္ဌိကို ထိုးထွင်း၍ သိရာ၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ သမ္မာဒိဋ္ဌိကို ထိုးထွင်း၍ သိရာ၌လည်း မကင်းသော မြတ်နိုးခြင်းရှိ၏။

ရဟန်းတို့ နိဒ္ဒသ ဝတ္ထုတို့သည် ဤ ခုနစ်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် အနုသယဝဂ် ပြီး၏။

---

## ၃-ဝဇ္ဇီသတ္တကဝဂ် ၁-သာရန္ဒဒသုတ်

၂၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် သာရန္ဒဒ စေတီ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်သော များစွာသော လိစ္ဆဝီမင်းတို့အား မြတ်စွာဘုရားသည်—

"လိစ္ဆဝီမင်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ငါဟောအံ့၊ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ထို လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊မြတ်စွာဘုရားသည် ဤ တရားကို ဟောတော်မူ၏—

လိစ္ဆဝီမင်းတို့ မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

http://www.dhammadownload.com



လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် မပြတ်စည်းဝေးနေကြ အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။(၁)

[ကြီးပွါးမှုကို သာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်မှုကို မမြော်လင့်အပ်]။

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကြ အညီအညွတ် အစည်းအဝေးမှ ထကြလျက် ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကြကုန်မူ၍ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြကုန်ပဲ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်သုံးတို့ကို လိုက်နာ၍ ကျင့်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၄)

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်း ဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း 'စေတီ'တို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထို နတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်ကြစေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

လိစ္ဆဝီမင်းတို့ "အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်း"ဟု ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့်အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးနေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

လိစ္ဆဝီမင်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌ တည်၍ ဝဇ္ဇီမင်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဝဿကာရသုတ်

၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဝေဒေဟီ မိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက် ရှိ၏။

"ငါသည် ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤ ဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေအံ့"ဟု (ပြောဆိုလျက်ရှိ၏)။

ထိုအခါ ဝေဒေဟီ မိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားကို ခေါ်၍—

"ပုဏ္ဏား လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုး လော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလေလော့၊ 'အသျှင်ဘုရား ဝေဒေဟီ မိဖုရား၏သား ဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလိုက်ပါ၏၊ အနာကင်းကြောင်း၊ ရောဂါကင်းကြောင်း၊ ကျန်းမာကြောင်း၊ သန်စွမ်းကြောင်း၊ ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏' ဟု လျှောက်လေလော့၊ ထို့ပြင် 'အသျှင်ဘုရား ဝေဒေဟီမိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော် ပြောဆိုလျက် ရှိပါ၏၊ ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤ ဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေအံ့ ဟု (ပြောဆိုလျက် ရှိပါ၏)' ဟူ၍လည်း လျှောက်ထားလေလော့၊ မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ကောင်းစွာ မှတ်သား၍ ငါ့အား ပြန်ကြားလော့၊ မြတ်စွာဘုရားတို့မည်သည် ချွတ်ယွင်းသော စကားကို မိန့်ကြားတော်မမူကုန်" ဟု မိန့်ဆို၏။

"ကောင်းပါပြီ အရှင်"ဟု မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် ဝေဒေဟီ မိဖုရား၏သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

"အသျှင်ဂေါတမ ဝေဒေဟီမိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ အသျှင်ဂေါတမ ဝေဒေဟီမိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက် ရှိပါ၏၊ 'ငါသည် ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေအံ့' ဟု ပြောဆိုလျက် ရှိပါသည်" ဟူ၍ (လျှောက်၏)။

http://www.dhammadownload.com



ထိုစဉ်အခါ၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို ယပ်ခပ်လျက် မြတ်စွာဘုရား၏ နောက်၌ တည်ရှိနေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို—

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မပြတ်စည်းဝေးကြကုန်၏လော၊ အကြိမ်များစွာ စည်းဝေးကြကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မပြတ်စည်းဝေးကြပါကုန်၏၊ အကြိမ်များစွာ စည်းဝေ ကြပါကုန်၏" ဟု အကျွန်ုပ်ကြားရပါ၏ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မပြတ်စည်းဝေးနေကြ အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလ ပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

အာနန္ဒာ "ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏လော၊ အညီအညွတ် အစည်း အဝေးမှ ထကုန်၏လော၊ ဝဇ္ဇီတိုင်းရေး ကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏လော၊ သင် အဘယ်သို့ကြားရသနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးပါကုန်၏၊ အညီအညွတ် အစည်း အဝေးမှ ထပါကုန်၏၊ ဝဇ္ဇီတိုင်းရေး ကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ပါကုန်၏" ဟု အကျွန်ုပ် ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန် အညီအညွတ် အစည်းအဝေးမှ ထကုန်လျက် ဝဇ္ဇီတိုင်းရေး ကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

အာနန္ဒာ "ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ပဲ ရှိကုန်၏လော၊ ပညတ် ပြီးသော အရာကို မပယ်ဖျက်ကြကုန်ပဲ ရှိကုန်၏လော၊ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီ ကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မေးတော် မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ပါကုန်၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ပါကုန်၊ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်ပါကုန်၏" ဟု အကျွန်ုပ်ကြားရပါ၏ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကုန်မူ၍ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြကုန်ပဲ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်နေကြသမျှ ကာလပတ်လုံ ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

အာနန္ဒာ "ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထို အသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု မှတ်ထင်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုပါကုန်၏၊ အလေးပြုပါကုန်၏၊ မြတ်နိုးပါကုန်၏၊ ပူဇော်ပါကုန်၏၊ ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟူ၍ ထင်ပါကုန်၏"ဟု အကျွန်ုပ်ကြားရပါ၏ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။(၄)

အာနန္ဒာ "ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ပဲ ရှိကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ပါကုန်"ဟု အကျွန်ုပ်ကြားရပါ၏ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

အာနန္ဒာ"ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း'စေတီ'တို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေပဲ ရှိကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း 'စေတီ' တို့ကို အရိုအသေပြုပါကုန်၏၊ အလေးပြုပါကုန်၏၊ မြတ်နိုးပါကုန်၏၊ ပူဇော်ပါကုန်၏၊ ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေပါကုန်"ဟု အကျွန်ုပ်ကြားရပါ၏ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း'စေတီ'တို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထိုနတ်ကွန်းတို့အားလည်း ရှေးကပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်ကြစေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

အာနန္ဒာ"အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်းဟု ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့်အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံစေမှုကို ကောင်းစွာ စီမံပေးကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား "အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်း"ဟု ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့် အညီ စောင့်ရှောက် ကာကွယ်ကြကုန်ပါ၏၊ လုံခြုံမှုကို ကောင်းစွာ စီမံပေးကြပါကုန်၏ဟု အကျွန်ုပ်ကြားရပါ၏ဟု(လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ "အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန် အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန် အံ့နည်း"ဟု ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့် အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ် ရန်ကား မရှိပေဟု (မိန့်တော်မူ၏)။ (၇)

ထိုအခါ၌ မြတ်စွာဘုရားသည် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားအား—

"ပုဏ္ဏား အခါတပါး၌ ငါသည် ဝေသာလီပြည် သာရန္ဒဒစေတီ၌ နေ၏၊ ပုဏ္ဏား ထိုအခါ ငါသည် ဝဇ္ဇီမင်းတို့အား ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ဟောခဲ့၏။

ပုဏ္ဏား ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌ တည်၍ ဝဇ္ဇီမင်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးနေကြ သမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ"ဟု မိန့်တော်မူ၏။

အသျှင် ဂေါတမ မဆုတ်ယုတ်ကြောင်း တရား တပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပါ၏၊ ဆုတ်ယုတ်ရန်ကား မရှိပါ၊ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးလုံးတို့ နှင့် ပြည့်စုံပါမူကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။

အသျှင် ဂေါတမ ဝေဒေဟီမိဖုရား၏ သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဖြားယောင်း မှုကိုဖြစ်စေ အချင်းချင်း စိတ်ဝမ်းကွဲမှုကိုဖြစ်စေ မပြုမူ၍ စစ်ထိုးကာမျှဖြင့် ဝဇ္ဇီတိုင်းကို သိမ်းပိုက် နိုင် ဖွယ်မရှိပါ။

အသျှင် ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသော ကိစ္စ များသော ပြုဖွယ် ရှိပါကုန်၏ဟု (လျှောက်၏)။

ပုဏ္ဏား ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏) ဟု (မိန့်တော်မူ၏)။

ထိုအခါ မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ချီးကျူးပြီးလျှင် နေရာမှ ထကာ ပြန်သွားလေ၏။

ဒုတိယသုတ်။

## ၄-ပဌမ သတ္တကသုတ်

၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ ကိုငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟောပေအံ့"ဟု မိန့်တော်မူ၏

http://www.dhammadownload.com



"ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရား ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်းဟူမူ—

ရဟန်းတို့ ရဟန်းတို့သည် မပြတ်စည်းဝေးနေကြ အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

ရဟန်းတို့ ရဟန်းတို့သည် အညီအညွတ်စည်းဝေးကြ အညီအညွတ် အစည်းအဝေးမှ ထကြကုန်လျက် သံဃာကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

ရဟန်းတို့ ရဟန်းတို့သည် မပညတ်သေးသော အရာကို မပညတ်ကြကုန်မူ၍ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြကုန်ပဲ ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

ရဟန်းတို့ ရဟန်းတို့သည် ရဟန်းဝါရင့်ကုန်သော ရဟန်းသက်ရှည်ကုန်သော သံဃာ့ဦးစီးဖြစ်ကုန်သော မထေရ်ကြီးရဟန်းတို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထိုမထေရ်ကြီးတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၄)

ရဟန်းတို့ ရဟန်းတို့သည် ဖြစ်ပေါ်လာသော တဖန် ဘဝသစ်ကို ပေးတတ်သော တဏှာ၏ အလိုသို့ မလိုက်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

ရဟန်းတို့ ရဟန်းတို့သည် တောကျောင်းတို့၌ လိုလားသော စိတ်ရှိနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

ရဟန်းတို့ ရဟန်းတို့သည် "အဘယ်သို့လျှင် မလာရောက်ကုန်သေးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် လာရောက်ကြပါကုန်အံ့နည်း၊ လာရောက်ကုန်ပြီးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် ချမ်းသာစွာ နေရပါကုန်အံ့နည်း"ဟု ကိုယ်စီ ကိုယ်ငှ သတိပြုနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၇)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိယာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံး နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဒုတိယ သတ္တကသုတ်

၂၄။ ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ပ။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

ရဟန်းတို့ ရဟန်းတို့သည် အမှုသစ်၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ရဟန်းတို့သည် စကားပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှကာလပတ်လုံး။ပ။

အိပ်စက်မှု၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး။ပ။

အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်မှု၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး။ပ။

(မရှိသောဂုဏ်ကို ဖော်ပြတတ်သော) အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့ ဆွဲဆောင်ရာသို့ မလိုက်ကြသမျှ ကာလပတ်လုံး။ပ။

ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖော် မရှိမူ၍ ယုတ်ညံ့သူတို့၌ မကိုင်းညွတ်ကြသမျှ ကာလပတ်လုံး။ပ။

အနည်းငယ်သောတရားထူးကို ရကာမျှဖြင့် (အရဟတ္တဖိုလ်သို့ မရောက်မီ) လမ်းခုလတ်၌ ရပ်စဲ၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံး နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-တတိယ သတ္တကသုတ်

၂၅။ ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ'တရားခုနစ်ပါးတို့ကို ငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ပ။ရဟန်းတို့ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

ရဟန်းတို့ ရဟန်းတို့သည် ယုံကြည်မှု 'သဒ္ဓါတရား'နှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းတို့သည် မကောင်းမှုမှ ရှက်မှု'ဟိရီ' ရှိကြသမျှ ကာလပတ်လုံး။ပ။

မကောင်းမှုမှ ကြောက်လန့်မှု 'ဩတ္တပ္ပ' ရှိကြသမျှ ကာလပတ်လုံး။ပ။

များသော အကြားအမြင် 'ဗဟုဿုတ' ရှိကြသမျှ ကာလပတ်လုံး။ပ။

ထက်သန်သော လုံ့လရှိကြသမျှ ကာလပတ်လုံး။ပ။

အောက်မေ့မှု သတိနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး။

ရဟန်းတို့ ရဟန်းတို့သည် ဝိပဿနာပညာနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဗောဇ္ဈင် သုတ်

၂၆။ ရဟန်းတို့ သင့်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ပ။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း အပရိဟာနိယ တရားခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်းဟူမူ—

ရဟန်းတို့ ရဟန်းတို့သည် မဂ်၏ အကြောင်း အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ရဟန်းတို့သည် မဂ်၏ အကြောင်းပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှကာလပတ်လုံး။ပ။

မဂ်၏ အကြောင်း အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'ကို ပွါးများ နေကြသမျှ ကာလပတ်လုံး။ပ။

မဂ်၏ အကြောင်း နှစ်သိမ့်မှု 'ပီတိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

မဂ်၏ အကြောင်း ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကို ပွါးများ နေကြသမျှ ကာလပတ်လုံး။ပ။

မဂ်၏ အကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

ရဟန်းတို့ ရဟန်းတို့သည် မဂ်၏ အကြောင်း လျစ်လျူရှုမှု 'ဥပေက္ခာ သမ္ဗောဇ္ဈင်'ကို ပွါးများနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

http://www.dhammadownload.com



ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ကျင့်သုံး နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သညာသုတ်

၂၇။ ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ငါဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ပ။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း'အပရိဟာနိယ' တရားခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

ရဟန်းတို့ ရဟန်းတို့သည် မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ရဟန်းတို့သည် အတ္တမဟုတ်ဟု မှတ်သားမှု 'အနတ္တသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

အပြစ်ကို မှတ်သားမှု 'အာဒီနဝသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

ပယ်ရန်မှတ်သားမှု 'ပဟာနသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး။ပ။

တပ်မက်မှု ကင်းရန် မှတ်သားမှု 'ဝိရာဂသညာ'ကို ပွါးများ နေကြသမျှ ကာလပတ်လုံး။ပ။

ရဟန်းတို့ ရဟန်းတို့သည် ချုပ်မှုကို မှတ်သားမှု 'နိရောဓသညာ'ကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရားခုနစ်ပါးတို့ကို ကျင့်သုံး နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဌမ ပရိဟာနိသုတ်

၂၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

http://www.dhammadownload.com



"ရဟန်းတို့ ဤ(ပရိဟာနိယ) တရား ခုနစ်ပါးတို့သည် သေက္ခရဟန်းအား ဆုတ်ယုတ်ရန် ဖြစ် ကုန်၏။

အဘယ်ခုနစ်ပါးတို့နည်း ဟူမူ—

အမှုသစ်၌ မွေ့လျော်မှု၊ စကားပြောဆိုခြင်း၌ မွေ့လျော်မှု၊ အိပ်စက်ခြင်း၌ မွေ့လျော်မှု၊ အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်မှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ် မထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို မသိမှု၊ သံဃာ၌ ပြုဖွယ်ကိစ္စတို့ ရှိကြကုန်ရာ ထိုကိစ္စတို့၌ ထိုသေက္ခရဟန်းသည် ဤသို့ ဆင်ခြင်၏၊ "ရဟန်းဝါရင့်ကုန်သော ရဟန်းသက် ရှည်ကုန်သော (သံဃာ့)ဝန်ကို ဆောင်ကုန်သော ထေရ်ကြီးရဟန်းတို့သည် (မိမိတို့အား လျော်သော) ထိုကိစ္စဖြင့် ထင်ရှားကုန်လိမ့်မည် မဟုတ်"ဟု ဆင်ခြင်၍ မိမိသည် ထိုထေရ်ကြီး ရဟန်းတို့ ပြုအပ်သော ကိစ္စတို့၌ အားထုတ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤ'ပရိဟာနိယ'တရားခုနစ်ပါးတို့သည် သေက္ခရဟန်းတို့အား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤ(အပရိဟာနိယ)တရားခုနစ်ပါးတို့သည် သေက္ခရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ခုနစ်ပါးတို့နည်း ဟူမူ—

အမှုသစ်၌ မမွေ့လျော်မှု၊ စကားပြောဆိုခြင်း၌ မမွေ့လျော်မှု၊ အိပ်စက်ခြင်း၌ မမွေ့ လျော်မှု၊ အပေါင်းအဖော်တို့နှင့် စုရုံး နေထိုင်ခြင်း၌ မမွေ့လျော်မှု၊ ဣန္ဒြေတို့၌ တံခါးကို ပိတ်ထားမှု၊ စားဖွယ်၌ အတိုင်းအရှည်ကို သိမှု၊ သံဃာ၌ သံဃာ့ပြုဖွယ်ကိစ္စရှိကြကုန်ရာ ထို ကိစ္စတို့၌ ထိုသေက္ခရဟန်းသည် ဤသို့ဆင်ခြင်၏၊ 'ရဟန်းဝါ ရင့်ကုန်သော ရဟန်းသက် ရှည်ကုန်သော(သံဃာ့)ဝန်ကို ဆောင်ကုန်သော ထေရ်ကြီးရဟန်းတို့သည် (မိမိတို့အားလျော်သော) ထိုကိစ္စဖြင့် ထင်ရှားကုန် လိမ့်မည်'ဟု ဆင်ခြင်၍ မိမိသည် ထိုထေရ်ကြီးရဟန်းတို့ ပြုအပ်သော ကိစ္စတို့၌ အားထုတ်ခြင်းသို့ မရောက်။

ရဟန်းတို့ ဤ(အပရိဟာနိယ)တရား ခုနစ်ပါးတို့သည် သေက္ခရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏"ဟု မိန့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ ပရိဟာနိသုတ်

၂၉။ ရဟန်းတို့ ဤ(ပရိဟာနိယ)တရား ခုနစ်ပါးတို့သည် ဥပါသကာအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ခုနစ်ပါးတို့နည်း ဟူမူ—

ရဟန်းတို့အား ဖူးမျှော်မှုကို ယုတ်စေ၏၊ သူတော်ကောင်းတရား ကြားနာမှုကို မေ့လျော့၏၊ လွန်မြတ်သော သီလ၌ မဖြည့်ကျင့်၊ မထေရ်ကြီးရဟန်း သီတင်းငယ်ရဟန်း သီတင်းလတ်

http://www.dhammadownload.com



ရဟန်းတို့၌ မကြည်ညိုမှုများ၏၊ ချွတ်ချယ်လိုသော စိတ်ရှိလျက် အပေါက်အလမ်း ရှာလိုသည် ဖြစ်၍ တရားနာ၏၊ ဤသာသနာတော်မှ အပ၌ မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ သာသနာတော်မှ အပဖြစ်သော ထိုသူတို့၌လည်း ရှေ့ဦးအလှူကို ပြု၏။

ရဟန်းတို့ ဤ( ပရိဟာနိယ )တရား ခုနစ်ပါးတို့သည် ဥပါသကာအား ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ဤအပရိဟာနိယ တရား ခုနစ်ပါးတို့သည် ဥပါသကာအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ခုနစ်ပါးတို့နည်း ဟူမူ—

ရဟန်းတို့အား ဖူးမျှော်ခြင်းကို မဆုတ်ယုတ်စေ၊ သူတော်ကောင်းတရား ကြားနာခြင်းကို မမေ့လျော့၊ မြတ်သော သီလ၌ ဖြည့်ကျင့်၏၊ မထေရ်ကြီးရဟန်း သီတင်းငယ်ရဟန်း သီတင်းလတ်ရဟန်းတို့၌ ကြည်ညိုခြင်းများ၏၊ ချွတ်ချယ်လိုစိတ် မရှိပဲ အပေါက်အလမ်း မရှာမူ၍ တရားကို နာ၏၊ ဤသာသနာတော်မှ အပ၌ မြတ်သော အလှူခံပုဂ္ဂိုလ်ကို မရှာမှီး၊ ဤသာသနာတော်၌သာ ရှေးဦး အလှူကို ပြု၏။

ရဟန်းတို့ ဤ(အပရိဟာနိယ)တရား ခုနစ်ပါးတို့သည် ဥပါသကာအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

ဤစကားကို မြတ်စွာဘုရားဟောကြားတော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူပြီးလျှင် လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုမှတပါး ဤဂါထာကိုလည်း မိန့်တော်မူ၏—

"အကြင်ဥပါသကာသည် ပွါးများအပ်ပြီးသော စိတ်ရှိသော ရဟန်းတို့အား ဖူးမျှော်မှုကို ယုတ်စေ၏၊ အရိယာသူတော်ကောင်းတို့၏ တရားတို့ကို ကြားနာမှုကိုလည်း ယုတ်စေ၏၊ လွန်မြတ်သော သီလ၌ မဖြည့်ကျင့်။

ရဟန်းတို့၌ မကြည်ညိုမှုသည်လည်း အလွန့်အလွန် ပွါးများ၏၊ ချွတ်ချယ်လိုသောစိတ် ရှိသည်ဖြစ်၍လည်း သူတော်ကောင်းတရားကို ကြားနာရန် အလိုရှိ၏။

အကြင် ဥပါသကာသည် ဤသာသနာတော်မှ အပ၌ တပါးသော အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ ထိုသာသနာပ၌ပင်လျှင် ရှေးဦးအလှူကို ပြု၏။

ကောင်းစွာ ဟောအပ်သော ထိုခုနစ်ပါးသော ဆုတ်ယုတ်ကြောင်း တရားတို့ကို မှီဝဲသော ထိုဥပါသကာသည် သူတော်ကောင်းတို့၏ တရားမှ ဆုတ်ယုတ်၏။

အကြင် ဥပါသကာသည် ပွါးအပ်ပြီးသော စိတ်ရှိသော ရဟန်းတို့အား ဖူးမျှော်မှုကို မယုတ်စေ၊ အရိယာသူတော်ကောင်းတို့၏ တရားတို့ကို ကြားနာမှုကိုလည်းမယုတ်စေ၊ လွန်မြတ်သော သီလ၌ ဖြည့်ကျင့်၏။

ထိုဥပါသကာအား ရဟန်းတို့၌ ကြည်ညိုမှုသည်လည်း အလွန့်အလွန် ပွါးများ၏၊ ချွတ်ချယ်လိုသောစိတ် မရှိမူ၍လည်း သူတော်ကောင်းတရားကို ကြားနာရန် အလိုရှိ၏။

http://www.dhammadownload.com



အကြင်ဥပါသကာသည် ဤသာသနာတော်မှ အပ၌ တပါးသော အလှူခံပုဂ္ဂိုလ်ကို မရှာမှီး၊ ဤသာသနာတွင်း၌သာလျှင် ရှေးဦးအလှူကို ပြု၏။

ကောင်းစွာ ဟောအပ်သော ထိုခုနစ်ပါးသော မဆုတ်ယုတ်ကြောင်း တရားတို့ကို မှီဝဲသော ထိုဥပါသကာသည် သူတော်ကောင်းတို့၏ တရားမှ မဆုတ်ယုတ်"။

နဝမသုတ်။

## ၁၀-ဝိပတ္တိသုတ်

၃၀။ ရဟန်းတို့ ဥပါသကာ၏ ပျက်စီးကြောင်းတို့သည် ဤခုနစ်မျိုးတို့တည်း။ပ။ ရဟန်းတို့ ဥပါသကာ၏ ပြည့်စုံကြောင်းတို့သည် ဤခုနစ်မျိုးတို့တည်း။ပ။

ဒသမသုတ်။

## ၁၁-ပရာဘဝသုတ်

၃၁။ ရဟန်းတို့ ဥပါသကာ၏ ပျက်စီးကြောင်း'ပရာဘဝ'တို့သည် ဤခုနစ်မျိုးတို့တည်း။ပ။ ရဟန်းတို့ ဥပါသကာ၏ ပြည့်စုံကြောင်း'သမ္ဘဝ'တို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့အား ဖူးမျှော်မှုကို မဆုတ်ယုတ်စေ၊ သူတော်ကောင်းတရား ကြားနာမှုကို မမေ့လျော့၊ လွန်မြတ်သော သီလ၌ ပြည့်ကျင့်၏၊ မထေရ်ကြီးရဟန်း သီတင်းငယ်ရဟန်း သီတင်းလတ်ရဟန်းတို့၌ ကြည်ညိုမှုများပြား၏၊ ချုတ်ချယ်လိုစိတ် မရှိဲ အပေါက်အလမ်းကို မရှာမူ၍ တရားကို နာ၏၊ ဤသာသနာတော်မှ အပ၌ မြတ်သော အလှူခံ ပုဂ္ဂိုလ်ကို မရှာမှီး၊ ဤသာသနာတော်၌သာလျှင် ရှေးဦးအလှူကို ပြု၏၊ ရဟန်းတို့ ဤတရားခုနစ်မျိုးတို့သည် ဥပါသကာ၏ ပြည့်စုံကြောင်းတို့တည်းဟု (မိန့်တော်မူ၏)။

အကြင်ဥပါသကာသည် ပွါးများအပ်ပြီးသော စိတ်ရှိသော ရဟန်းတို့အား ဖူးမျှော်မှုကို ယုတ်စေ၏၊ အရိယာသူတော်ကောင်းတို့၏ တရားတို့ကို ကြားနာမှုကိုလည်း ယုတ်စေ၏၊ လွန်မြတ်သော သီလ၌ မပြည့်ကျင့်။

ရဟန်းတို့၌ မကြည်ညိုမှုသည်လည်း အလွန်အလွန် ပွါးများ၏၊ ချုတ်ချယ်လိုသောစိတ် ရှိသည်ဖြစ်၍လည်း သူတော်ကောင်းတရားကို ကြားနာရန် အလိုရှိ၏။

အကြင်ဥပါသကာသည် ဤသာသနာတော်မှ အပ၌ တပါးသော အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ ထိုသာသနာပ၌ပင်လျှင် ရှေးဦးအလှူကို ပြု၏။

ကောင်းစွာ ဟောအပ်သော ထိုခုနစ်ပါးသော ဆုတ်ယုတ်ကြောင်းတရားတို့ကို မှီဝဲသော ထိုဥပါသကာသည် သူတော်ကောင်းတို့၏ တရားမှ ဆုတ်ယုတ်၏။

http://www.dhammadownload.com



အကြင် ဥပါသကာသည် ပွါးများအပ်ပြီးသော စိတ်ရှိသော ရဟန်းတို့အား ဖူးမျှော်မှုကို မယုတ်စေ၊ အရိယာသူတော်ကောင်းတို့၏ တရားတို့ကိုကြားနာမှုကိုလည်း မယုတ်စေ၊ လွန်မြတ်သော သီလ၌ ဖြည့်ကျင့်၏။

ထို ဥပါသကာအား ရဟန်းတို့၌ ကြည်ညိုမှုသည်လည်း အလွန့်အလွန် ပွါးများ၏၊ ချုတ်ချယ်လိုစိတ် မရှိမှု၌လည်း သူတော်ကောင်းတရားကို ကြားနာရန်အလိုရှိ၏။

အကြင် ဥပါသကာသည် ဤသာသနာတော်မှ အပ၌ တပါးသော အလှူခံပုဂ္ဂိုလ်ကို မရှာမှီး၊ဤသာသနာတွင်း၌သာလျှင် ရှေးဦးအလှူကို ပြု၏၊ကောင်းစွာ ဟောအပ်သော ထိုခုနစ်ပါးသော မဆုတ်ယုတ်ကြောင်း တရားတို့ကို မှီဝဲသော ထိုဥပါသကာသည် သူတော်ကောင်းတို့၏ တရားမှ မဆုတ်ယုတ်။

ကောဓသမသုတ်၇

သုံးခုမြောက် ဝဂ္ဂသတ္တကဝဂ် ပြီး၏။

---

## ၄-ဒေဝတာဝဂ် ၃-အပ္ပမာဒဂါရဝသုတ်

၃၂။ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု၊ တရား၌ ရိုသေမှု၊ သံဃာ၌ ရိုသေမှု၊ အကျင့်သိက္ခာ၌ ရိုသေမှု၊ သမာဓိ၌ ရိုသေမှု၊ မမေ့မလျော့ခြင်း၌ ရိုသေမှု၊ အစေ့အစပ်ပြုခြင်း၌ ရိုသေမှုတို့ပါတည်း။

အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ကုန်၏ ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် နှစ်သက်လိုက်လျောတော် မူ၏။

ထိုအခါ ထိုနတ်သားသည်“ငါ၏ (စကားကို) မြတ်စွာဘုရား နှစ်သက်‘လိုက်လျော’တော်မူ၏” ဟု သိ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

ထိုနောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သော် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—

“ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေလျက် ငါ့ထံသို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ကာ ငါ့အား ဤစကားကို လျှောက်၏—

အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

http://www.dhammadownload.com



အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု၊တရား၌ ရိုသေမှု၊ သံဃာ၌ ရိုသေမှု၊ အကျင့်သိက္ခာ၌ ရိုသေမှု၊ သမာဓိ၌ ရိုသေမှု၊မမေ့မလျော့ခြင်း၌ ရိုသေမှု၊ အစေ့အစပ်ပြုခြင်း၌ ရိုသေမှုတို့ပါတည်း။

'အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏'ဟုထိုနတ်သားသည် ဤစကားကို လျှောက်၏။

ဤစကားကို လျှောက်ပြီးလျှင် ငါ့ကို ရိုသေစွာ ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏" ဟု (မိန့်တော်မူ၏)။

လုံ့လရှိသော ရဟန်းသည် မြတ်စွာ ဘုရား၌ ရိုသေ၏၊ တရား၌ ရိုသေ၏၊ သံဃာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ သမာဓိ၌လည်း ရိုသေ၏၊ သိက္ခာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ မမေ့မလျော့ခြင်း၌ ရိုသေ၏၊ အစေ့အစပ်ပြုမှု၌ ရိုသေ၏၊ (ထိုရဟန်းသည်)ဆုတ်ယုတ်ရန် မထိုက်၊ နိဗ္ဗာန်နှင့် နီးသည်သာလျှင် ဖြစ်၏။

ပဌမသုတ်။

---

## ၂-ဟိရီဂါရဝသုတ်

၃၃။ ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် တောက်ပစေလျက် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်ကာ ငါ့အား ဤသို့ စကားကိုလျှောက်၏—

"အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု၊ တရား၌ ရိုသေမှု၊ သံဃာ၌ ရိုသေမှု၊ အကျင့်သိက္ခာ၌ ရိုသေမှု၊ သမာဓိ၌ ရိုသေမှု၊ (မကောင်းမှုမှ) ရှက်ခြင်း၌ ရိုသေမှု၊ (မကောင်းမှုမှ) ကြောက်ခြင်း၌ ရိုသေမှု တို့ပါတည်း။

အသျှင်ဘုရား ဤ တရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏" ဟု လျှောက်၏။

ဤစကားကို လျှောက်ထားပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏ဟု(မိန့်တော်မူ၏)။

လုံ့လရှိသော ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေ၏၊ တရား၌ရိုသေ၏၊ သံဃာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ သမာဓိ၌လည်း ရိုသေ၏၊ သိက္ခာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံ၏၊ တုပ်ဝပ်မှု အလေးအမြတ်ပြုမှု ရှိ၏၊ (ထိုရဟန်း သည်) ဆုတ်ယုတ်ရန် မထိုက်၊ နိဗ္ဗာန်နှင့် နီးသည်သာလျှင်ဖြစ်၏။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ပဌမ သောဝစဿတာသုတ်

၃၄။ ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည်။ပ။ ငါ့အား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု၊ တရား၌ ရိုသေမှု၊ သံဃာ၌ ရိုသေမှု၊ အကျင့်သိက္ခာ၌ ရိုသေမှု၊ သမာဓိ၌ ရိုသေမှု၊ ဆုံးမလွယ်သော စကားရှိမှု၊ အဆွေခင်ပွန်းကောင်း ရှိမှုတို့ပါတည်း။

အသျှင်ဘုရား ဤတရားခုနစ်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏"ဟု (လျှောက်၏၊) ဤစကားကို လျှောက်ပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ ပင်လျှင် ကွယ်ပျောက်လေ၏ ဟု (မိန့်တော်မူ၏)။

> လုံ့လရှိသော ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေ၏၊ တရား၌ ရိုသေ၏၊ သံဃာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ သမာဓိ၌လည်း ရိုသေ၏၊ သိက္ခာ၌လည်း ထက်သန်သော ရိုသေမှုရှိ၏၊ အဆွေခင်ပွန်းကောင်း ရှိ၏၊ ဆုံးမလွယ်သော စကားရှိ၏၊ တုပ်ဝပ်မှု အလေးအမြတ် ပြုမှုရှိ၏၊ (ထိုရဟန်းသည်) ဆုတ်ယုတ်ရန် မထိုက်၊ နိဗ္ဗာန်နှင့် နီးသည် သာလျှင် ဖြစ်၏။

တတိယသုတ်။

---

## ၄-ဒုတိယ သောဝစဿတာသုတ်

၃၅။ ရဟန်းတို့ ဤညဉ့်၌ နတ်သားတယောက်သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍။ပ။ အသျှင်ဘုရား ဤတရား ခုနစ်မျိုး တို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မြတ်စွာဘုရား၌ ရိုသေမှု၊ တရား၌ ရိုသေမှု၊ သံဃာ၌ ရိုသေမှု၊ အကျင့်သိက္ခာ၌ ရိုသေမှု၊ သမာဓိ၌ ရိုသေမှု၊ ဆုံးမလွယ်သော စကားရှိမှု၊ အဆွေခင်ပွန်းကောင်း ရှိမှုတို့ပါတည်း။

အသျှင်ဘုရား ဤ တရားခုနစ်မျိုး တို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏ဟု ဤစကားကို လျှောက်ပြီးလျှင် ငါ့ကို ရိုသေစွာရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏ဟု(မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရား၏ အနက်ကို အကျယ်အားဖြင့် သိပါ၏၊ အသျှင်ဘုရား ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း မြတ်စွာဘုရား၌ ရိုသေ၏၊ မြတ်စွာဘုရား၌ ထိုရိုသေမှု၏ ဂုဏ်ကျေးဇူး

http://www.dhammadownload.com



ကိုလည်း ပြောဆိုလေ့ရှိ၏၊ မြတ်စွာဘုရား၌ မရှိသေကြကုန်သော အခြားရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရှိသေမှုကို ဆောက်တည်စေ၏၊ မြတ်စွာဘုရား၌ ရှိသေကုန်သော အခြားရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း ဟုတ်တိုင်းမှန်စွာ သင့်လျော်သောအခါ၌ ပြောဆို၏။

မိမိသည်လည်း တရားတော်၌ ရှိသေ၏။ပ။ သံဃာတော်၌ ရှိသေ၏။ပ။ အကျင့်သိက္ခာ၌ ရှိသေ၏။ပ။ သမာဓိ၌ ရှိသေ၏။ပ။ ဆုံးမလွယ်သော စကားရှိ၏။ပ။ အဆွေခင်ပွန်းကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်း ရှိမှု၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ အဆွေခင်ပွန်းကောင်း မရှိကြကုန်သော အခြားရဟန်းတို့ကိုလည်း အဆွေခင်ပွန်းကောင်း ရှိမှု၌ ဆောက်တည်စေ၏၊ အဆွေခင်ပွန်းကောင်း ရှိကုန်သော အခြားရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း ဟုတ်တိုင်းမှန်စွာ သင့်လျော်သော အခါ၌ ပြောဆို၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤ တရား၏ အနက်ကို အကျွန်ုပ်သည် ဤသို့ အကျယ်အားဖြင့် သိပါ၏" ဟု (လျှောက်၏)။

သာရိပုတ္တာ ကောင်းစွ ကောင်းစွ၊ သာရိပုတ္တာသည် ကောင်းစွာသာလျှင် အကျဉ်းအားဖြင့် ငါဟောအပ်သော ဤတရား၏အနက်ကို ဤသို့ အကျယ်အားဖြင့် သိ၏။

သာရိပုတ္တာ ဤသာသနာတော်၌ ရဟန်းသည် မိမိသည်လည်း မြတ်စွာဘုရား၌ ရှိသေ၏၊ မြတ်စွာဘုရာ ၌ ရှိသေမှု၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မြတ်စွာဘုရား၌ မရှိသေကြကုန်သော အခြားရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရှိသေမှုကို ဆောက်တည်စေ၏၊ မြတ်စွာဘုရား၌ ရှိသေကုန်သော အခြားရဟန်းတို့၏ ဂုဏ်ကိုလည်း ဟုတ်တိုင်းမှန်စွာ သင့်လျော်သောအခါ၌ ပြောဆို၏။

မိမိလည်း တရားတော်၌ ရှိသေ၏။ပ။ သံဃာတော်၌ ရှိသေ၏။ပ။ အကျင့်သိက္ခာ၌ ရှိသေ၏။ပ။ သမာဓိ၌ ရှိသေ၏။ပ။ ဆုံးမလွယ်သော စကားရှိ၏။ပ။ အဆွေခင်ပွန်းကောင်း ရှိ၏။ အဆွေခင်ပွန်းကောင်း ရှိမှု၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ အဆွေခင်ပွန်းကောင်း မရှိကုန်သော အခြားရဟန်းတို့ကိုလည်း အဆွေခင်ပွန်းကောင်းရှိမှု၌ ဆောက်တည်စေ၏၊ အဆွေခင်ပွန်းကောင်း ရှိကုန်သော အခြားရဟန်းတို့၏ ဂုဏ်ကိုလည်း ဟုတ်တိုင်းမှန်စွာ သင့်လျော်သော အခါ၌ ပြောဆို၏။

သာရိပုတ္တာ အကျဉ်းအားဖြင့် ငါဟောအပ်သော ဤတရား၏ အနက်ကို ဤသို့ အကျယ် အားဖြင့် မှတ်သားအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ မိတ္တသုတ်

၃၆။ ရဟန်းတို့ အင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်းကို မှီဝဲအပ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

(သူတပါးတို့) ပေးနိုင်ခဲသော အရာဝတ္ထုကို ပေးတတ်၏၊ ပြုနိုင်ခဲသော အမှုကို ပြု၏၊ သည်းခံနိုင်ခဲသော အရာကို သည်းခံ၏၊ မိမိ၏ လျှို့ဝှက်အပ်သော အရာကို ထိုအဆွေခင်ပွန်းအား

http://www.dhammadownload.com



ထင်စွာပြု၏၊ ထိုအဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော အရာကို လျှို့ဝှက်၏၊ ဘေးရန်တို့ကြောင့် မစွန့်ပစ်၊ ပစ္စည်းဥစ္စာကုန်ခြင်းကြောင့် မထီမဲ့မြင် မပြု။

ရဟန်းတို့ ဤ အင်္ဂါခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်းကို မှီဝဲအပ်၏ ဟု (မိန့်တော်မူ၏)။

> အဆွေခင်ပွန်းသည် ပေးနိုင်ခဲသော အရာဝတ္ထုကို ပေး၏၊ ပြုနိုင်ခဲသော အမှုကိုလည်း ပြု၏၊ ထို့မှတပါးလည်း ထိုသူ၏ မကောင်းသဖြင့် ဆိုအပ်သော စကားတို့ကို ၎င်း သည်းခံနိုင်ခဲသော အရာတို့ကို၎င်း သည်းခံ၏။
>
> ထိုသူအား မိမိ၏လျှို့ဝှက်အပ်သော အရာကိုလည်း ပြောကြား၏၊ ထိုသူ၏ လျှို့ဝှက်အပ်သော အရာကိုလည်း လျှို့ဝှက်၏၊ ဘေးရန်ဖြစ်ပေါ်သော အခါတို့၌လည်း မစွန့်ပစ်၊ ပစ္စည်းဥစ္စာကုန်ခြင်းကြောင့်လည်း မထီမဲ့မြင် မပြု။
>
> အကြင်ပုဂ္ဂိုလ်၌ ထိုအကြောင်းတို့သည် ရှိကုန်၏၊ ထိုသို့ သဘောရှိသော အဆွေခင်ပွန်းဖြစ်သော သူကို အဆွေခင်ပွန်းကောင်းကို အလိုရှိသူသည် ဆည်းကပ်အပ်၏။

ပဌမသုတ်။

---

## ၆-ဒုတိယ မိတ္တသုတ်

၃၇။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း ရဟန်းကို မောင်းမဲနှင်ထုတ်အပ်သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ချစ်လည်း ချစ်ထိုက်၏၊ မြတ်နိုးလည်း မြတ်နိုးထိုက်၏၊ အလေးအမြတ်လည်း ပြုထိုက်၏၊ နှလုံးကိုလည်း ပွါးစေတတ်၏၊ သူတပါးတို့ကို ဆုံးမတတ်၏၊ သူတပါးတို့ ဆိုဆုံးမသည်ကို ခံနိုင်၏၊ နက်နဲသော တရားစကားကို ပြောဆိုတတ်၏၊ အရာဌာနမဟုတ်သည်၌ မယှဉ်စေတတ် (မတိုက်တွန်းတတ်)။

ရဟန်းတို့ ဤ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း ရဟန်းကို မောင်းမဲနှင်ထုတ်အပ်သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏ ဟု (မိန့်တော်မူ၏)။

> အကြင်ရဟန်းသည် ချစ်ထိုက်၏၊ အလေးပြုထိုက်၏၊ နှလုံးကို ပွါးစေတတ်၏၊ (သူတပါးတို့ကို) ဆိုဆုံးမတတ်၏၊ ဆိုဆုံးမခြင်းကို ခံနိုင်၏၊ နက်နဲသော တရားစကားကို ပြောဟောတတ်၏၊ မလျှောက်ပတ်သော အရာ၌ မယှဉ်စေတတ်။
>
> အကြင်ပုဂ္ဂိုလ်၌ ထိုအကြောင်းတို့သည် ရှိကုန်၏၊ ထိုသို့သဘောရှိသော အကျိုး စီးပွါးကို အလိုရှိသော အစဉ်သနားတတ်သော အဆွေခင်ပွန်းကောင်းဖြစ်သော ထိုရဟန်းကို မောင်းမဲ နှင်ထုတ်အပ်သော်လည်း အဆွေခင်ပွန်းကောင်းကို အလိုရှိ သူသည် မှီဝဲ ဆည်းကပ်အပ်၏။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ပဉ္စမ ပဋိသမ္ဘိဒါသုတ်

၃၇။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင် ပဋိသမ္ဘိဒါ လေးပါးတို့ကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (စိတ်၏တွန့်တိုသော အဖြစ်ရှိခဲ့သော်) "ဤသည်ကား ငါ့စိတ်၏ တွန့်တိုမှုတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

မိမိသန္တာန်၌ ကြုံ့သော စိတ်ကို "ငါ၏သန္တာန်၌ စိတ်သည် ကြုံ့၏" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။

အပအာရုံ၌ ပျံ့လွင့်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အပဖြစ်သော အာရုံ၌ ပျံ့လွင့်၏" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ထိုပုဂ္ဂိုလ်အား ထင်ရှားသော ခံစားမှု 'ဝေဒနာ'တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော ဝေဒနာတို့သည် ထင်ကုန်၏၊ ထင်ရှားသော ဝေဒနာတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

ထင်ရှားသော မှတ်သားမှု 'သညာ' တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော သညာတို့သည် ထင်ကုန်၏၊ ထင်ရှားသော သညာတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

ထင်ရှားသော ကြံစည်မှု 'ဝိတက်' တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော ဝိတက်တို့သည် ထင်ကုန်၏၊ ထင်ရှားသော ဝိတက်တို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

လျောက်ပတ်သည် မလျောက်ပတ်သည်ဟု ဆိုအပ်ကုန်သော အယုတ် အမြတ် ဖြစ်ကုန်သော မည်းညစ်သော အကုသိုလ်အဖို့ ဖြူစင်သော ကုသိုလ်အဖို့ ရှိကုန်သော တရားတို့၌ ထိုရဟန်းသည် နိမိတ်ကို ကောင်းစွာ ယူ၏၊ ကောင်းစွာ နှလုံးသွင်း၏၊ ကောင်းစွာ မှတ်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

ရဟန်းတို့ ဤတရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင် ပဋိသမ္ဘိဒါ လေးပါးတို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ပဋိသမ္ဘိဒါသုတ်

၃၈။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် ပဋိသမ္ဘိဒါလေးပါးတို့ကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတြာသည် "ဤသည်ကား ငါ့စိတ်၏ တွန့်တိုမှုတည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။

http://www.dhammadownload.com



မိမိသန္တာန်၌ ကြုံ့သောစိတ်ကို "ငါ၏ သန္တာန်၌ စိတ်သည် ကြုံ့၏" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။

အပအာရုံ၌ ပျံ့လွင့်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အပအာရုံ၌ ပျံ့လွင့်၏" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ထိုသာရိပုတြာအား ထင်ရှားသော ခံစားမှု 'ဝေဒနာ' တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော ဝေဒနာတို့သည် ထင်ကုန်၏၊ ထင်ရှားသော ဝေဒနာတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

ထင်ရှားသော မှတ်သားမှု 'သညာ' တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော သညာတို့သည် ထင်ကုန်၏၊ ထင်ရှားသော သညာတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

ထင်ရှားသော ကြံစည်မှု 'ဝိတက်' တို့သည် ဖြစ်ကုန်၏၊ ထင်ရှားသော ဝိတက်တို့သည် ထင်ကုန်၏၊ ထင်ရှားသော ဝိတက်တို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

လျောက်ပတ်သည် မလျောက်ပတ်သည်ဟု ဆိုအပ်ကုန်သော အယုတ် အမြတ်ဖြစ်ကုန်သော မည်းညစ်သော အကုသိုလ်အဖို့ ဖြူစင်သော ကုသိုလ်အဖို့ရှိကုန်သော တရားတို့၌ ထိုသာရိပုတြာသည် နိမိတ်ကို ကောင်းစွာ ယူ၏၊ ကောင်းစွာ နှလုံးသွင်း၏၊ ကောင်းစွာ မတ်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် ပဋိသမ္ဘိဒါလေးပါးတို့ကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဉ္စမ ဝသသုတ်

၄၀။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ ရဟန်းသည်ကား စိတ်၏အလိုဖြင့် မဖြစ်။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သမာဓိ၌ လိမ္မာ၏၊ သမာဓိကို ဝင်စားမှု၌ လိမ္မာ၏၊ သမာဓိ၏ တည်မှု၌ လိမ္မာ၏၊ သမာဓိမှ ထမှု၌ လိမ္မာ၏၊ သမာဓိ၏ (ခိုင်ခံ့) ကောင်းမွန်မှု၌ လိမ္မာ၏၊ သမာဓိ၏ ကျက်စားရာ အာရုံ၌ လိမ္မာ၏၊ သမာဓိကို အာရုံသို့ ရှေးရှုဆောင်မှု၌ လိမ္မာ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသောရဟန်းသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ ရဟန်းသည်ကား စိတ်၏အလိုဖြင့် မဖြစ်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဒုတိယ ဝသသုတ်

၄၁။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် စိတ်ကို မိမိအလိုသို့ ဖြစ်စေနိုင်၏၊ သာရိပုတြာသည်ကား စိတ်၏အလိုဖြင့် မဖြစ်။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတြာသည် သမာဓိ၌ လိမ္မာ၏၊ သမာဓိကို ဝင်စားမှု၌ လိမ္မာ၏၊ သမာဓိ၏တည်မှု၌ လိမ္မာ၏၊ သမာဓိမှ ထမှု၌ လိမ္မာ၏၊ သမာဓိ၏(ခိုင်ခံ့)ကောင်းမွန်မှု၌ လိမ္မာ၏၊ သမာဓိ၏ ကျက်စားရာ အာရုံ၌ လိမ္မာ၏၊သမာဓိကို အာရုံသို့ ရှေးရှုဆောင်မှု၌ လိမ္မာ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် စိတ်ကို မိမိအလိုသို့ ဖြစ်စေနိုင်၏၊ သာရိပုတြာသည်ကား စိတ်၏အလိုဖြင့် မဖြစ်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်၊

---

## ၁၁-ပဌမ နိဒ္ဒသသုတ်

၄၂။ ထိုအခါ အသျှင်သာရိပုတြာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ၊ အသျှင်သာရိပုတြာ အား—

"သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်ရန် စောလွန်းသေး၏၊ အကယ်၍ ငါသည် သာသနာတော် ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏"ဟု အကြံ ဖြစ်၏။

ထို့နောက် အသျှင်သာရိပုတြာသည် သာသနာတော် ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်၍ ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့် အတူ ဝမ်း မြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို(ပြောဆို)ပြီးဆုံး စေပြီးလျှင် တခုသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ၌ အညီအညွတ် စုဝေးထိုင်နေကုန်သော ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့အား ဤ အကြားစကားသည် ထင်ရှားဖြစ်ပေါ်လာ၏။

"ငါ့သျှင်တို့ တဆယ့်နှစ်နှစ်တို့ပတ်လုံး ပြည့်စုံစွာ စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့် သော မည်သည့် ရဟန်းကိုမဆို 'တဆယ့်နှစ်နှစ်သည် တဖန်မရှိမည့် ရဟန်း'ဟု ဆိုရန်သင့်၏" ဟု (ထင်ရှားဖြစ်ပေါ်၏)။

ထိုအခါ၌ အသျှင်သာရိပုတြာသည် ထိုသာသနာတော်မှ ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ ပြောဆိုအပ်သောစကားကို နှစ်လည်း မနှစ်သက်၊ ကဲ့ရဲ့လည်း မကဲ့ရဲ့၊ မနှစ်သက် မကဲ့ရဲ့မူ၍ "မြတ်စွာဘုရား အထံတော်၌ ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကား၏အနက်ကို သိရတော့ အံ့"ဟု နေရာမှ ထပြီးလျှင် ဖဲသွား၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းစားပြီး နောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်လျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ဤသာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ပါ၏။

အသျှင်ဘုရား ထိုသို့ဆွမ်းခံဝင်သော အကျွန်ုပ်အား "သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်ရန် စောလွန်းသေး၏၊ အကယ်၍ ငါသည် သာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏"ဟု အကြံဖြစ်ပါ၏၊ အသျှင်ဘုရား ထိုနောက် အကျွန်ုပ်သည် သာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်၍ ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို (ပြောဆို)ပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်နေပါ၏၊ အသျှင်ဘုရား ထိုအခါ အညီအညွတ် စုဝေးထိုင်နေကြကုန်သော ထိုသာသနာ တော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့အား ဤ အကြားစကားသည် ထင်ရှားဖြစ်ပါ၏။

"ငါ့သျှင်တို့ တဆယ့်နှစ်နှစ်တိုင်အောင် ပြည့်စုံစွာ စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်သော မည်သည့်ရဟန်းကိုမဆို 'တဆယ့်နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်း'ဟု ဆိုရန်သင့်၏"ဟု (ထင်ရှားဖြစ်ပါ၏)။

အသျှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ပြောဆိုအပ်သော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ တားလည်း မတားမြစ်ခဲ့ပါ၊မနှစ်သက် မတား မြစ်မူ၍"မြတ်စွာဘုရားအထံတော်၌ ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကား၏ အနက်ကို သိရတော့ အံ့"ဟု နေရာမှထပြီးလျှင် ဖဲခွါခဲ့ပါ၏။

အသျှင်ဘုရား ဤဓမ္မဝိနယ 'သာသနာတော်'၌ နှစ်ကို ရေတွက်ရုံ သက်သက်မျှဖြင့် တဆယ့် နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်း ဟု ဤသို့ ပညတ်ရန် တတ်ကောင်းပါအံ့လောဟု (လျှောက်၏)။

သာရိပုတြာ ဤဓမ္မဝိနယ'သာသနာတော်'၌ နှစ်ကို ရေတွက်ရုံ သက်သက်မျှဖြင့် တဆယ့်နှစ်နှစ် စသည် တဖန်မရှိမည့် ရဟန်းဟု ဤသို့ ပညတ်ရန် မတတ်ကောင်း။

သာရိပုတြာ ငါသည် တဆယ့်နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်းဟု ဆိုကြောင်း ဤတရား ခုနစ်မျိုးတို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဟောကြား၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် သိက္ခာကို (ကျင့်သုံး)ဆောက်တည်ရာ၌ ထက် သန်သော အလို'ဆန္ဒ'ရှိ၏၊ နောင်အခါ သိက္ခာကိုဆောက်တည်ရာ၌လည်း မကင်းသောချစ်ခြင်း ရှိ၏။

http://www.dhammadownload.com



တရားတို့ကို စုံစမ်းဆင်ခြင်ရာ၌ ထက်သန်သော အလို 'ဆန္ဒ'ရှိ၏၊ နောင်အခါ တရားတို့ကို စုံစမ်းဆင်ခြင်ရာ၌ မကင်းသော ချစ်ခြင်းရှိ၏။

အလိုဆိုးကိုပယ်ဖျောက်ရာ၌ ထက်သန်သော အလို 'ဆန္ဒ'ရှိ၏၊ နောင်အခါ၌လည်း အလိုဆိုးကို ပယ်ဖျောက်ရာ၌ မကင်းသော ချစ်ခြင်းရှိ၏။

ဆိတ်ငြိမ်ရာအရပ်ဝယ် တယောက်တည်း ကိန်းအောင်းမှု၌ ထက်သန်သော အလို'ဆန္ဒ'ရှိ၏၊ နောင်အခါ၌လည်း ဆိတ်ငြိမ်ရာအရပ်ဝယ် တယောက်တည်း ကိန်းအောင်းမှု၌ မကင်းသော ချစ်ခြင်းရှိ၏။

လုံ့လအားထုတ်ရာ၌ ထက်သန်သော အလို 'ဆန္ဒ'ရှိ၏၊ နောင်အခါ၌လည်း လုံ့လအားထုတ်ရာ၌ မကင်းသောချစ်ခြင်းရှိ၏။

အောက်မေ့မှု 'သတိ' ရင့်ကျက်မှု 'ပညာ'၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ၌လည်း အောက်မေ့မှု 'သတိ' ရင့်ကျက်မှု ပညာ၌ မကင်းသော ချစ်ခြင်းရှိ၏။

အယူ 'သမ္မာဒိဋ္ဌိ'ကို ထိုးထွင်းသိမှု၌ ထက်သန်သော အလို 'ဆန္ဒ' ရှိ၏၊ နောင်အခါ၌လည်း သမ္မာဒိဋ္ဌိကို ထိုးထွင်းသိမှု၌ မကင်းသော ချစ်ခြင်းရှိ၏။

သာရိပုတြာ ငါသည် တဆယ့်နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်းဟု ဆိုကြောင်းဖြစ်သည့် ဤတရားခုနစ်မျိုးတို့ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြား၏။

သာရိပုတြာ တဆယ့်နှစ်နှစ်စသည်တဖန်မရှိမည့် ရဟန်းဟု ဆိုကြောင်းဖြစ်သည့် တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် တဆယ့်နှစ်နှစ်တို့ပတ်လုံး ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ်တဖန် မရှိမည့် ရဟန်း"ဟူ၍လည်း ဆိုရန်သင့်၏၊ နှစ်ဆယ့်လေးနှစ်တို့ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း" ဟူ၍ ဆိုရန်သင့်၏၊ သုံးဆယ့်ခြောက်နှစ်တို့ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်ပါမူ"တဆယ့်နှစ်နှစ်တဖန် မရှိမည့်ရဟန်း"ဟူ၍ ဆိုရန်သင့်၏၊ လေးဆယ့်ရှစ်နှစ်တို့ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း"ဟူ၍ ဆိုရန်သင့်၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

---

## ၁၂-ဒုတိယ နိဒ္ဒသသုတ်

၄၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်၏၊ ထိုအခါ အသျှင်အာနန္ဒာအား—

http://www.dhammadownload.com



"ကောသမ္ဗီပြည်သို့ ဆွမ်းခံလှည့်လည်ရန် စောလွန်းသေး၏၊ အကယ်၍ ငါသည် သာသနာတော် ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏" ဟု အကြံ ဖြစ်၏။

ထို့နောက် အသျှင်အာနန္ဒာသည် သာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်၍ ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို (ပြောဆို) ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။

ထိုအခါ၌ အညီအညွတ်စုဝေးထိုင်နေကြကုန်သော ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့အား ဤအကြားစကားသည် ထင်ရှားဖြစ်ပေါ်၏။

"ငါ့သျှင်တို့ တဆယ့်နှစ်နှစ်တိုပတ်လုံး ပြည့်စုံစွာ စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်သော မည်သည့် ရဟန်းကိုမဆို 'တဆယ့်နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်း'ဟု ဆိုရန်သင့်၏"ဟု (ထင်ရှားဖြစ်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် သာသနာတော်ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့၏ ပြောဆိုအပ်သော စကားကို နှစ်လည်း မနှစ်သက်၊ တားလည်း မတားမြစ်၊ မနှစ်သက် မတားမြစ်ခဲ့မူ၍ "မြတ်စွာဘုရားအထံတော်၌ ထိုပရိဗိုဇ်တို့၏ ပြောဆိုအပ်သော စကား၏ အနက်ကို သိရတော့အံ့" ဟု နေရာမှ ထပြီးလျှင် ဖဲသွား၏။

ထို့နောက် အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံဝင်ပါ၏။

အသျှင်ဘုရား ထိုသို့ဆွမ်းခံဝင်သော အကျွန်ုပ်အား "ကောသမ္ဗီပြည်သို့ ဆွမ်းလှည့်လည်ခံရန် စောလွန်းသေး၏၊ အကယ်၍ ငါသည် သာသနာတော် ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏"ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် သာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ ချဉ်းကပ်ပြီးလျှင် ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို (ပြောဆို) ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေပါ၏။

အသျှင်ဘုရား ထိုအခါ၌ အညီအညွတ် စုဝေးထိုင်နေကြကုန်သော သာသနာတော်ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏။

"ငါ့သျှင်တို့ တဆယ့်နှစ်နှစ်တိုပတ်လုံး ပြည့်စုံစွာ စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သော မည်သည့်ရဟန်းကိုမဆို 'တဆယ့်နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်း'ဟု ဆိုရန်သင့်၏" ဟု (ထင်ရှားဖြစ်ပါ၏)။

အသျှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ ပြောဆိုအပ်သော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ တားလည်း မတားမြစ်ခဲ့ပါ၊ မနှစ်သက်

http://www.dhammadownload.com



မတားမြစ်ခဲ့မူ၍ "မြတ်စွာဘုရားအထံတော်၌ ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကား၏ အနက်ကို သိရတော့အံ့"ဟု နေရာမှထပြီးလျှင် ဖဲ၍သွားခဲ့ပါ၏။

အသျှင်ဘုရား ဤဓမ္မဝိနယ'သာသနာတော်'၌ နှစ်ကို ရေတွက်ရုံ သက်သက်မျှဖြင့် တဆယ့် နှစ်နှစ်စသည် တဖန်မရှိမည့် ရဟန်း ဟု ပညတ်ရန် တတ်ကောင်းပါအံ့လောဟု (လျှောက်၏)။

အာနန္ဒာ ဤဓမ္မဝိနယ 'သာသနာတော်'၌ နှစ်ကိုရေတွက်ရုံ သက်သက်မျှဖြင့် ရဟန်းသည် တဆယ့်နှစ်နှစ် စသည် တဖန်မရှိမည့် ရဟန်း ဟု ဤသို့ပညတ်ရန် မတတ်ကောင်း။

အာနန္ဒာ ငါသည် တဆယ့်နှစ်နှစ် စသည်တဖန် မရှိမည့် ရဟန်းဟု ဆိုကြောင်းဖြစ်သည့် ဤ တရားခုနစ်မျိုးတို့ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြား၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါ' ရှိ၏၊ ရှက်မှု 'ဟိရီ' ရှိ၏၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' ရှိ၏၊ အကြားအမြင် များပြား၏၊ ထကြွသန်သော လုံ့လ ရှိ၏၊ သတိနှင့် ပြည့်စုံ၏၊ ပညာရှိ၏။

အာနန္ဒာ ငါသည် တဆယ့်နှစ်နှစ် စသည်တဖန် မရှိမည့် ရဟန်းဟု ဆိုကြောင်းဖြစ်သည့် ဤ တရားခုနစ်မျိုးတို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြား၏။

အာနန္ဒာ တဆယ့်နှစ်နှစ် စသည်တဖန် မရှိမည့် ရဟန်းဟု ဆိုကြောင်းဖြစ်သည့် ဤတရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသောရဟန်းသည် တဆယ့်နှစ်နှစ်တိုင်ပတ်လုံး ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း"ဟူ၍ ဆိုရန်သင့်၏၊ နှစ်ဆယ့်လေးနှစ်တို့ ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း" ဟူ၍ ဆိုရန်သင့်၏၊ သုံးဆယ့်ခြောက်နှစ်တို့ ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း"ဟူ၍ ဆိုရန်သင့်၏၊ လေးဆယ့်ရှစ်နှစ်တို့ ပတ်လုံးလည်း ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်ပါမူ "တဆယ့်နှစ်နှစ် တဖန်မရှိမည့် ရဟန်း"ဟူ၍ ဆိုရန်သင့်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

လေးခုမြောက် ဒေဝတာဝဂ် ပြီး၏။

---

## ၅-မဟာယညဝဂ် ၁-သတ္တဝိညာဏဋ္ဌိတိသုတ်

၄၄။ ရဟန်းတို့ (ပဋိသန္ဓေ) ဝိညာဏ်၏ တည်ရာတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ အချို့သောနတ် အချို့သော ဝိနိပါတိကနှင့် လူတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ပဌမဝိညာဏ်၏ တည်ရာပေတည်း။

http://www.dhammadownload.com



ရဟန်းတို့ ပဉ္စမဈာန်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းတူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကား ဒုတိယဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ အာဘဿရဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကား တတိယဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ သုဘကိဏှာဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းတူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကား စတုတ္ထဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့၏ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤကား ပဉ္စမဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်)ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏။ ဤကား ဆဋ္ဌဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ ဝိညာဏဉ္စာယတနဘုံကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ"ဟု(နှလုံးသွင်းလျက်) အာကိဉ္စညာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤကား သတ္တမဝိညာဏ်၏ တည်ရာပေတည်း။

ရဟန်းတို့ ဤသည့်တို့ကား ဝိညာဏ်၏တည်ရာ ခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမာဓိပရိက္ခာရသုတ်

၄၅။ ရဟန်းတို့ (မဂ်)သမာဓိ၏ အဆောက်အဦဖြစ်ကုန်သော တရားတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မှန်ကန်စွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။

မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'။

မှန်ကန်စွာ ပြောဆိုမှု 'သမ္မာဝါစာ'။

မှန်ကန်စွာ ပြုလုပ်မှု'သမ္မာကမ္မန္တ'။

မှန်ကန်စွာ အသက်မွေးမှု'သမ္မာအာဇီဝ'။

မှန်ကန်စွာ အားထုတ်မှု'သမ္မာဝါယာမ'။

မှန်ကန်စွာ အောက်မေ့မှု'သမ္မာသတိ'တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤခုနစ်မျိုးသော အင်္ဂါတို့ဖြင့် ခြံရံအပ်သော စိတ်၏ တည်ကြည်မှု'ကေဂ္ဂတာ'ကို "အကြောင်းနှင့် တကွဖြစ်သော မြတ်သော သမာဓိ"ဟူ၍ရင်း "အဆောက်အဦနှင့် တကွဖြစ်သော မြတ်သော သမာဓိ"ဟူ၍ရင်း ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယ သုတ်။

## ၃-ပဌမ အဂ္ဂိသုတ်

၄၆။ ရဟန်းတို့ မီးတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ အပူဇော်ခံ'အာဟုနေယျ'မီး၊ အိမ်ရှင်မီး၊ အလှူခံ'ရဟန်း'မီး၊ ထင်းမီးတို့တည်း။

ရဟန်းတို့ မီးတို့သည် ဤခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုတိယ အဂ္ဂိသုတ်

၄၇။ ထိုအခါ၌ ဥဂ္ဂတသရီရပုဏ္ဏားသည် ယဇ်ပူဇော်ပွဲကြီးကို စီရင်ထား၏၊ နွားလားငါးရာ နွားငယ်ငါးရာ နွားမငယ်ငါးရာ ဆိတ်ငါးရာ သိုးငါးရာတို့ကို ယဇ်ပူဇော်ရန် ယဇ်တိုင်သို့ ဆောင်ထား၏။

ထိုအခါ ဥဂ္ဂတသရီရမည်သော ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

အသျှင်ဂေါတမ(မင်္ဂလာ)မီးကို ယူခြင်း ယဇ်တိုင်ကို စိုက်ထူခြင်းသည် အကျိုးအာနိသင်ကြီးမား၏ဟု အကျွန်ုပ် ကြားဘူးပါသည်ဟု လျှောက်၏။

ပုဏ္ဏား ငါသည်လည်း (မင်္ဂလာ)မီးကို ယူခြင်း ယဇ်တိုင်ကိုစိုက်ထူခြင်းသည် အကျိုးအာနိသင်ကြီးမား၏ဟု ကြားဘူး၏ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း ဥဂ္ဂတသရီရမည်သော ပုဏ္ဏားသည်။ပ။သုံးကြိမ်မြောက်လည်း ဥဂ္ဂတသရီရမည်သောပုဏ္ဏားသည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ(မင်္ဂလာ)မီးကို ယူခြင်း ယဇ်တိုင်ကို စိုက်ထူခြင်းသည် အကျိုးအာနိသင်ကြီးမား၏"ဟု အကျွန်ုပ် ကြားဘူးပါသည်ဟု လျှောက်၏။

ပုဏ္ဏား ငါသည်လည်း "(မင်္ဂလာ)မီးကို ယူခြင်း ယဇ်တိုင်ကို စိုက်ထူခြင်းသည် အကျိုးအာနိသင်ကြီးမား၏"ဟု ကြားဘူး၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ အသျှင်ဂေါတမ၏၎င်း အကျွန်ုပ်တို့၏၎င်း ကြားဘူးသော အရာသည် အချင်းခပ်သိမ်း တူညီလှပါ၏ဟု (လျှောက်၏)။

ဤသို့ လျှောက်သည်ရှိသော် အသျှင်အာနန္ဒာသည် ဥဂ္ဂတသရီရမည်သော ပုဏ္ဏားအား "ပုဏ္ဏား မြတ်စွာဘုရားတို့ကို အသျှင်ဂေါတမ (မင်္ဂလာ)မီးကို ယူခြင်း ယဇ်တိုင်ကို စိုက်ထူခြင်းသည် အကျိုးအာနိသင်ကြီးမား၏ဟု အကျွန်ုပ် ကြားရဘူးပါသည်" ဟု ဤသို့ မမေးအပ်ကုန်။

ပုဏ္ဏား ဤသို့မူကား မြတ်စွာဘုရားတို့ကို မေးလျှောက်အပ်ကုန်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် (မင်္ဂလာ) မီးကို ယူလိုပါသည်၊ ယဇ်တိုင်ကို စိုက်ထူလိုပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိရန် ချမ်းသာရန် ဖြစ်နိုင်ရာသော သွန်သင်ဆုံးမခြင်းဖြင့် အကျွန်ုပ်ကို သွန်သင်တော်မူပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဆုံးမတော်မူပါ"ဟု ဤသို့မူကား မေးလျှောက်အပ်ကုန်၏ဟု (မိန့်ဆို၏)။

ထိုအခါ ဥဂ္ဂတသရီရပုဏ္ဏားသည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ အကျွန်ုပ်သည် (မင်္ဂလာ)မီးကို ယူလိုပါသည်၊ ယဇ်တိုင်ကို စိုက်ထူလိုပါသည်။ အသျှင်ဂေါတမသည် ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိရန် ချမ်းသာရန် ဖြစ်နိုင်ရာသော သွန်သင်ဆုံးမခြင်းဖြင့် အကျွန်ုပ်ကို သွန်သင်တော်မူပါ၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ဆုံးမတော်မူပါ"ဟု လျှောက်၏။

ပုဏ္ဏား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် အကုသိုလ်ဖြစ်ကုန်သော ဆင်းရဲကို ပွါးစေတတ်ကုန်သော ဆင်းရဲကျိုးရှိကုန်သော လက်နက်သုံးမျိုးတို့ကို စိုက်ထူသည်မည်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ကာယကံ လက်နက်၊ ဝစီကံ လက်နက်၊ မနောကံ လက်နက်တို့တည်း။

ပုဏ္ဏား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် ဤသို့ စိတ်ကို ဖြစ်စေ၏—

"ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားလားတို့ကို သတ်အပ်သည်ဖြစ်စေကုန်၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားငယ်တို့ကို သတ်အပ်သည်ဖြစ်စေကုန်၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားမငယ်တို့ကို သတ်အပ်သည်ဖြစ်စေကုန်၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော ဆိတ်တို့ကို သတ်အပ်သည်ဖြစ်စေကုန်၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော သိုးတို့ကို သတ်အပ်သည်ဖြစ်စေကုန်" ဟု (စိတ်ကိုဖြစ်စေ၏)။

ထိုပုဂ္ဂိုလ်သည် "ကောင်းမှုကိုပြုအံ့" ဟူ၍ မကောင်းမှုကို ပြု၏၊ "ကုသိုလ်ကို ပြုအံ့" ဟူ၍ အကုသိုလ်ကို ပြု၏၊ "ကောင်းသောလားရာ 'သုဂတိ' ဘုံ၏ လမ်းခရီးကို ရှာအံ့" ဟူ၍ မကောင်းသောလားရာ 'ဒုဂ္ဂတိ' ဘုံ၏ လမ်းခရီးကို ရှာမှီး၏၊ ပုဏ္ဏား မင်္ဂလာမီးကို ယူလို ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် အကုသိုလ်ဖြစ်သောဆင်းရဲကို ပွါးစေတတ်သော ဆင်းရဲကျိုးရှိကုန်သော ဤပဌမ မနောကံ လက်နက်ကို စိုက်ထူ၏။

http://www.dhammadownload.com



ပုဏ္ဏား နေ့ခက်တမျိုးကား မင်္ဂလာမီးကို ယူလို ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားလားတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားငယ်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော နွားမငယ်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော ဆိတ်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ရန် ဤမျှလောက်ကုန်သော သိုးတို့ကို သတ်ကြကုန်လော့”ဟု ဤသို့သော စကားကို ပြောဆို၏။

ထိုပုဂ္ဂိုလ်သည် “ကောင်းမှုကို ပြုအံ့”ဟူ၍ မကောင်းမှုကို ပြု၏၊ “ကုသိုလ်ကို ပြုအံ့” ဟူ၍ အကုသိုလ်ကို ပြု၏၊ “ကောင်းသောလားရာ ‘သုဂတိ’ဘုံ၏ လမ်းခရီးကို ရှာမှီးအံ့” ဟူ၍ မကောင်းသောလားရာ ‘ဒုဂ္ဂတိ’ဘုံ၏ လမ်းခရီးကို ရှာမှီး၏။

ပုဏ္ဏား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် အကုသိုလ်ဖြစ်သော ဆင်းရဲကို ပွါးစေတတ်သော ဆင်းရဲကျိုးရှိသော ဤဒုတိယ ဝစီကံလက်နက်ကို စိုက်ထူ၏။

ပုဏ္ဏား နေ့ခက်တမျိုးကား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် ယဇ်အလို့ငှါ နွားလားတို့ကို သတ်ရန် ကိုယ်တိုင် ရှေးဦးစွာ အားထုတ်၏၊ ယဇ်အလို့ငှါ နွားငယ်တို့ကို သတ်ရန် ကိုယ်တိုင် ရှေးဦးစွာ အားထုတ်၏၊ ယဇ်အလို့ငှါ နွားမငယ်တို့ကို သတ်ရန် ကိုယ်တိုင် ရှေးဦးစွာ အားထုတ်၏၊ ယဇ်အလို့ငှါ ဆိတ်တို့ကို သတ်ရန် ကိုယ်တိုင်ရှေးဦးစွာ အားထုတ်၏၊ ယဇ်အလို့ငှါ သိုးတို့ကို သတ်ရန် ကိုယ်တိုင် ရှေးဦးစွာ အားထုတ်၏။

ထိုပုဂ္ဂိုလ်သည် “ကောင်းမှုကို ပြုအံ့” ဟူ၍ မကောင်းမှုကို ပြု၏၊ “ကုသိုလ်ကိုပြုအံ့” ဟူ၍ အကုသိုလ် ကိုပြု၏၊ ကောင်းသော လားရာ ‘သုဂတိ’ ဘုံ၏ လမ်းခရီးကို ရှာမှီးအံ့” ဟူ၍ မကောင်းသောလားရာ ‘ဒုဂ္ဂတိ’ဘုံ၏ လမ်းခရီးကို ရှာမှီး၏။

ပုဏ္ဏား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် အကုသိုလ်ဖြစ်သော ဆင်းရဲကို ပွါးစေတတ်သော ဆင်းရဲကျိုးရှိသော ဤတတိယ ကာယကံလက်နက်ကို စိုက်ထူ၏။

ပုဏ္ဏား မင်္ဂလာမီးကို ယူလိုသော ယဇ်တိုင်ကို စိုက်ထူလိုသော ပုဂ္ဂိုလ်သည် ယဇ်မပူဇော်မီကပင် အကုသိုလ်ဖြစ်ကုန်သော ဆင်းရဲကို ပွါးစေတတ်ကုန်သော ဆင်းရဲကျိုး ရှိကုန်သော ဤလက်နက်သုံးမျိုးတို့ကို စိုက်ထူ၏။

ပုဏ္ဏား ဤမီးသုံးမျိုးတို့ကို ပယ်အပ်ကုန်၏၊ ရှောင်ကြဉ်အပ်ကုန်၏၊ မမှီဝဲအပ်ကုန်။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

စွဲမက်မှု ‘ရာဂ’ မီး၊ အမျက်ထွက်မှု ‘ဒေါသ’ မီး၊ တွေဝေမှု ‘မောဟ’ မီးတို့တည်း။

ပုဏ္ဏား အဘယ့်ကြောင့် ဤစွဲမက်မှု ‘ရာဂ’ မီးကို ပယ်အပ်သနည်း၊ ရှောင်ကြဉ်အပ်သနည်း၊ မမှီဝဲအပ်သနည်း၊ ပုဏ္ဏား စွဲမက်သူသည် စွဲမက်မှု ‘ရာဂ’ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ကာယဒုစရိုက်ကို ပြု၏၊ ဝစီဒုစရိုက်ကို ပြု၏၊ မနောဒုစရိုက်ကို ပြု၏၊ ထိုသူသည်

http://www.dhammadownload.com



ကာယဒုစရိုက်ကို ပြု၍ ဝစီဒုစရိုက်ကို ပြု၍ မနောဒုစရိုက်ကို ပြု၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်၏၊ ထိုကြောင့် ဤစွဲမက်မှု 'ရာဂ'မီးကို ပယ်အပ်၏၊ ရှောင်ကြဉ်အပ်၏၊ မမှီဝဲအပ်။

ပုဏ္ဏား အဘယ်ကြောင့် ဤအမျက်ထွက်မှု 'ဒေါသ'မီးကို ပယ်အပ်သနည်း၊ ရှောင်ကြဉ်အပ်သနည်း၊ မမှီဝဲအပ်သနည်း။

ပုဏ္ဏား အမျက်ထွက်သူသည် အမျက်ထွက်မှု 'ဒေါသ' နှိပ်စက်အပ် သိမ်းယူအပ်သောစိတ်ရှိသည်ဖြစ်၍ ကာယဒုစရိုက်ကို ပြု၏။ပ။ မနောဒုစရိုက်ကို ပြု၏၊ ထိုသူသည် ကာယဒုစရိုက်ကို ပြု၍ ဝစီဒုစရိုက်ကို ပြု၍ မနောဒုစရိုက်ကို ပြု၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်၏၊ ထိုကြောင့် ဤအမျက်ထွက်မှု 'ဒေါသ' မီးကို ပယ်အပ်၏၊ ရှောင်ကြဉ်အပ်၏၊ မမှီဝဲအပ်။

ပုဏ္ဏား အဘယ်ကြောင့် ဤတွေဝေမှု 'မောဟ' မီးကို ပယ်အပ်သနည်း၊ ရှောင်ကြဉ်အပ်သနည်း၊ မမှီဝဲအပ်သနည်း။

ပုဏ္ဏား တွေဝေသူသည် တွေဝေမှု 'မောဟ' နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ကာယဒုစရိုက်ကို ပြု၏၊ ဝစီဒုစရိုက်ကို ပြု၏၊ မနောဒုစရိုက်ကို ပြု၏၊ ထိုသူသည် ကာယဒုစရိုက်ကို ပြု၍ ဝစီဒုစရိုက်ကို ပြု၍ မနောဒုစရိုက်ကို ပြု၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ ရောက်၏၊ ထိုကြောင့် ဤတွေဝေမှု မောဟ မီးကို ပယ်အပ်၏၊ ရှောင်ကြဉ်အပ်၏၊ မမှီဝဲအပ်။

ဤမီးသုံးမျိုးတို့ကို ပယ်အပ်ကုန်၏၊ ရှောင်ကြဉ်အပ်ကုန်၏၊ မမှီဝဲအပ်ကုန်။

ပုဏ္ဏား မီးသုံးမျိုးတို့ကို အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုးပူဇော်ကာ အသင့်အားဖြင့် ချမ်းသာစွာ ဆောင်အပ်ကုန်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

အပူဇော်ခံမီး အိမ်ရှင်မီး၊ အလှူခံမီးတို့တည်း။

ပုဏ္ဏား အပူဇော်ခံမီးဟူသည် အဘယ်နည်း။

ပုဏ္ဏား ဤလောက၌ အမိ အဖကို သားသမီး၏ အပူဇော်ခံမီးဟု ဆိုအပ်၏။

ထိုသို့ဆိုခြင်းသည် အဘယ်ကြောင့်နည်း။

ပုဏ္ဏား ဤအမိ အဖမှ ဤသားသမီးသည် ဖြစ်လာ၏၊ ထိုကြောင့် ဤအမိ အဖကို အပူဇော်ခံမီးဟူ၍ ဆိုအပ်၏။

ထိုကြောင့် ဤအပူဇော်ခံမီးကို အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုးပူဇော်ကာ အသင့်အားဖြင့် ချမ်းသာစွာ ဆောင်အပ်၏။

ပုဏ္ဏား အိမ်ရှင်မီးဟူသည် အဘယ်နည်း။

ပုဏ္ဏား ဤလောက၌ ယောကျ်ားကို သား သမီး မယား ကျွန် အစေခံ အမှုလုပ်အပေါင်း၏ အိမ်ရှင်မီးဟူ၍ ဆိုအပ်၏၊ ထိုကြောင့် ဤအိမ်ရှင်မီးကို အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုး ပူဇော်ကာ အသင့်အားဖြင့် ချမ်းသာစွာ ဆောင်အပ်၏။

http://www.dhammadownload.com



ပုဏ္ဏား အလှူခံမီးဟူသည် အဘယ်နည်း။

ပုဏ္ဏား ဤလောက၌ (မိစ္ဆာဒိဋ္ဌိ တည်းဟူသော) သူတပါးအယူမှ ရှောင်ကြဉ်ကုန်သော သည်းခံခြင်း ကောင်းမှု၌ မွေ့လျော်ခြင်း၌ တည်ကုန်သော သမဏဗြာဟ္မဏတို့သည် တခုတည်းသော စိတ်ကို ဆုံးမကုန်၏၊ တခုတည်းသော စိတ်ကို (ရာဂ စသည်တို့မှ) ငြိမ်းစေကုန်၏၊ တခုတည်းသော စိတ်ကို (ရာဂစသည်မှ) ငြိမ်းချမ်းစေကုန်၏၊ ပုဏ္ဏား ဤသမဏဗြာဟ္မဏကို အလှူခံမီးဟူ၍ ဆို အပ်၏။

ထိုကြောင့် အလှူခံမီးကို အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုးပူဇော်ကာ အသင့်အားဖြင့် ချမ်းသာစွာ ဆောင်အပ်၏။

ပုဏ္ဏား ဤမီးသုံးမျိုးတို့ကို အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုးပူဇော်ကာ အသင့်အားဖြင့် ချမ်းသာစွာ ဆောင်အပ်ကုန်၏။

ပုဏ္ဏား ဤထင်းမီးကိုမူကား ရံဖန် ရံခါ တောက်စေအပ်၏၊ ရံဖန် ရံခါ လျစ်လျူရှုအပ်၏၊ ရံဖန် ရံခါ ငြိမ်းစေအပ်၏၊ ရံဖန်ရံခါ (မငြိမ်းစေပဲ) ထားအပ်၏ဟု (ဟောတော်မူ၏)။

ဤသို့ ဟောတော်မူသည်ရှိသော် ဥဂ္ဂတသရီရ အမည်ရှိသော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမ(တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါ၏။ပ။အသျှင်ဂေါတမသည် အကျွန်ုပ် ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သူ'ဥပါသကာ'ဟု မှတ်တော်မူပါ"ဟု လျှောက်၏။

အသျှင်ဂေါတမ အကျွန်ုပ်သည် နွားလားငါးရာ နွားငယ်ငါးရာ နွားမငယ်ငါးရာ ဆိတ်ငါးရာ သိုးငါးရာတို့ကို လွှတ်ပါ၏၊ အသက်ကို ပေးလှူပါ၏၊ စိမ်းသော မြက်တို့ကိုလည်း စားကြပါစေ၊ အေးမြသော ရေတို့ကိုလည်း သောက်ကြပါစေ၊ အေးချမ်းစွာ တိုက်ခတ်သော လေသည်လည်း ထိုနွားတို့အား တိုက်ခတ်ပါစေသတည်းဟု (လျှောက်၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ သညာသုတ်

၄၇။ ရဟန်းတို့ ဤမှတ်သားမှု'သညာ' ခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ကုန်သည်ရှိသော် အကျိုးအာနိသင် ကြီးမားကုန်၏၊ နိဗ္ဗာန်လျှင် တည်ရာရှိကုန်၏၊ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မတင့်တယ်ဟု မှတ်သားမှု 'အသုဘ သညာ'၊ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'၊ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှု'သဗ္ဗလောကေ အနဘိရတိသညာ'၊မမြဲဟူ၍ မှတ်သားမှု'အနိစ္စသညာ'၊ မမြဲမှု၌ ဆင်းရဲဟု

http://www.dhammadownload.com



မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲခြင်း၌ အစိုးမရ အနတ္တဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ' တို့တည်း။

ရဟန်းတို့ ဤမှတ်သားမှု'သညာ'ခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည် ရှိသော် အကျိုးအာနိသင် ကြီးမားကုန်၏၊ နိဗ္ဗာန်လျှင် တည်ရာရှိကုန်၏၊ နိဗ္ဗာန်လျှင် အဆုံး ရှိကုန်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-ဒုတိယ သညာသုတ်

၄၉။ ရဟန်းတို့ ဤမှတ်သားမှု 'သညာ' ခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ကုန်သည်ရှိသော် အကျိုးအာနိသင် ကြီးမားကုန်၏၊ နိဗ္ဗာန်လျှင် တည်ရာ ရှိကုန်၏၊ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'၊ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'၊ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၊ မမြဲဟူ၍ မှတ်သားမှု 'အနိစ္စသညာ'၊ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'၊ 'ဆင်းရဲခြင်း၌ အစိုးမရ အနတ္တဟု မှတ်သားမှု 'ဒုက္ခေ အနတ္တသညာတို့တည်း။

ရဟန်းတို့ ဤမှတ်သားမှု'သညာ'ခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည် ရှိသော် အကျိုးအာနိသင် ကြီးမားကုန်၏၊ နိဗ္ဗာန်လျှင် တည်ရာရှိကုန်၏၊ နိဗ္ဗာန်လျှင် အဆုံး ရှိကုန်၏။

"ရဟန်းတို့ မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမားကုန်၏၊ နိဗ္ဗာန်လျှင် တည်ရာရှိကုန်၏၊ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောကြားအပ် သနည်း။

ရဟန်းတို့ မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန် များစွာ နေသော ရဟန်းအား မေထုန်အကျင့်သို့ ရောက်ခြင်းမှ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ် နစ်၏၊ မပျံ့နှံ့၊ လျစ်လျူရှုခြင်းသည်၎င်း စက်ဆုပ်ရွံရှာခြင်းသည်၎င်း တည်၏၊ ရဟန်းတို့ ဥပမာ သော်ကား ကြက်တောင်ကိုင်း အကြောတုံးကိုင်း မီး၌ ချအပ်သည်ရှိသော် တွန့်၏၊ ရှုံ့၏၊ ဆုတ် နစ်၏၊ မပျံ့နှံ့၊ ရဟန်းတို့ ဤအတူသာလျှင် မတင့်တယ်ဟု မှတ်သားမှု'အသုဘသညာ'၌ လေ့လာ သော စိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား မေထုန်အကျင့်သို့ ရောက်ခြင်းမှ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ လျစ်လျူရှုခြင်းသည်၎င်း စက်ဆုပ်ရွံရှာခြင်းသည်၎င်း တည်၏။

http://www.dhammadownload.com



ရဟန်းတို့ မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား မေထုန် အကျင့်သို့ ရောက်ခြင်း၌ စိတ်သည်အကယ်၍ ဖြစ်ငြားအံ့၊ မစက်ဆုပ် မရွံရှာခြင်းသည် အကယ်၍ တည်ငြားအံ့၊ ရဟန်းတို့ ရဟန်းသည်—

"ငါသည် အသုဘသညာကို မပွါးများရသေး၊ ငါ့အား (အသုဘသညာ) မပွါးများမီ ရှေးနှင့် ပွါးများပြီးနောက် ထူးခြားမှု မရှိ၊ ငါသည် ဘာဝနာအားအစွမ်းသို့ မရောက်သေး"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား မေထုန်အကျင့်သို့ ရောက်ခြင်းမှ စိတ်သည် အကယ်၍ တွန့်ခဲ့မူ ရှုံ့ခဲ့မူ ဆုတ်နစ်ခဲ့မူ မပျံ့နှံ့ခဲ့မူ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း ကောင်းစွာ တည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

"ငါသည် မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေ့နှင့်နောက် ထူးခြားမှုရှိ၏၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိပြီးဖြစ်၏။

"ရဟန်းတို့ အသုဘသညာကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၁)

"ရဟန်းတို့ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောကြားအပ်သနည်း။

ရဟန်းတို့ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အသက်ရှင်ခြင်း၌ တပ်နှစ်သက်မှုစိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏၊ ရဟန်းတို့ ဥပမာသော်ကား ကြက်တောင်ကိုငှင်း အကြောတုံးကိုငှင်း မီး၌ ချအပ်သည်ရှိသော် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊မပျံ့နှံ့၊ ရဟန်းတို့ ဤအတူသာလျှင် သေခြင်း၌ မှတ်သားမှု 'မရဏသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား အသက်ရှင်ခြင်း၌ တပ်နှစ်သက်မှုမှ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏။

ရဟန်းတို့ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'ကို လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အသက်ရှင်ခြင်း၌ နှစ်သက်မှု စိတ်သည် အကယ်၍ ဖြစ်ငြားအံ့၊ မစက်ဆုပ် မရွံရှာခြင်းသည် အကယ်၍ တည်ငြားအံ့၊ ရဟန်းတို့ ရဟန်းသည်——

"ငါသည် သေခြင်း၌ မှတ်သားမှု 'မရဏသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေ့နှင့်နောက် ထူးခြားမှု မရှိ၊ ငါသည် ဘာဝနာ အားအစွမ်းသို့ မရောက်သေး"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သေခြင်း၌ မှတ်သားမှု 'မရဏသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အသက်ရှင်ခြင်း၌ တပ်နှစ်သက်မှုမှ စိတ်သည် အကယ်၍ တွန့်ခဲ့မူ ရှုံ့ခဲ့မူ ဆုတ်နစ်ခဲ့မူ မပျံ့နှံ့ခဲ့မူ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း ကောင်းစွာတည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

ငါသည် သေခြင်း၌မှတ်သားမှု 'မရဏသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုရှိ၏၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်အပ်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိပြီးဖြစ်၏။

"ရဟန်းတို့ မရဏသညာကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၂)

ရဟန်းတို့ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောကြားအပ်သနည်း။

ရဟန်းတို့ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား အရသာကို တပ်မက်မှုမှ စိတ်သည် တွန့်၏၊ ရှုံ့၏၊ဆုတ်နစ်၏၊မပျံ့နှံ့။ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏။

ရဟန်းတို့ ဥပမာသော်ကား ကြက်တောင်ကိုငှင်း အကြောတုံးကိုငှင်း မီး၌ ချအပ်သည်ရှိသော် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့။ ရဟန်းတို့ ဤအတူသာလျှင် စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အရသာ၌ တပ်မက်မှုမှ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့။ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏။

ရဟန်းတို့ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'ကို လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အရသာကို တပ်မက်မှုစိတ်သည် အကယ်၍ ဖြစ်ငြားအံ့၊ မစက်ဆုပ် မရွံရှာခြင်းသည် တည်ငြားအံ့၊ ရဟန်းတို့ ရဟန်းသည် "ငါသည် စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှု မရှိ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား အရသာကို တပ်မက်မှုမှ စိတ်သည် အကယ်၍ တွန့်ခဲ့မူ ရှုံ့ခဲ့မူ ဆုတ်နစ်ခဲ့မူ မပျံ့နှံ့ခဲ့မူ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ် ရွံရှာခြင်းသည်ငှင်း ကောင်းစွာတည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

http://www.dhammadownload.com



"ငါသည် စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု'အာဟာရေ ပဋိကူလသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုရှိ၏၊ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

"ရဟန်းတို့ စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု "အာဟာရေ ပဋိကူလသညာ"ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကိုစွဲ၍ ဟောကြားအပ်၏။ (၃)

"ရဟန်းတို့ လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု'သဗ္ဗလောကေ အနဘိရတိသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောကြားအပ်သနည်း၊ ရဟန်းတို့ လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသောရဟန်းအား လောက၏ ဆန်းကြယ်မှုတို့၌ စိတ်သည် တွန့်၏။ပ။ ရဟန်းတို့ ဥပမာသော်ကား။ပ။ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ ရဟန်းတို့ ဤအတူသာလျှင် လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား လောက၏ဆန်းကြယ်မှုတို့၌ စိတ်သည် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ လျစ်လျူရှုခြင်းသည်၎င်း စက်ဆုပ်ရွံရှာခြင်းသည်၎င်း တည်၏၊ ရဟန်းတို့ လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသောရဟန်းအား လောက၏ ဆန်းကြယ်မှုတို့၌ စိတ်သည် အကယ်၍ ဖြစ်ခဲ့မူ မစက်ဆုပ် မရွံရှာခြင်းသည် တည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

"ငါသည် လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေးနှင့် နောက် ထူးခြားမှု မရှိ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား လောက၏ ဆန်းကြယ်မှုတို့၌ စိတ်သည် အကယ်၍ တွန့်ခဲ့မူ။ပ။ လျစ်လျူရှုခြင်းသည်၎င်း စက်ဆုပ်ခြင်းသည်၎င်း ကောင်းစွာ တည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

"ငါသည် လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု'သဗ္ဗလောကေ အနဘိရတိသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုရှိ၏၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

http://www.dhammadownload.com



"ရဟန်းတို့ လောကအားလုံး၌ မမွေ့လျော်ဟု မှတ်သားမှု'သဗ္ဗလောကေ အနဘိရတိသညာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၄)

"ရဟန်းတို့ မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည် ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောကြားအပ်သနည်း။

ရဟန်းတို့ မမြဲဟု မှတ်သားမှု'အနိစ္စသညာ'၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား လာဘ်ပူဇော်သကာ အကျော်အစော၌ စိတ်သည် တွန့်၏။ပ။လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏၊ ရဟန်းတို့ ဥပမာသော်ကား ကြက်တောင်ကိုငှင်း အကြောတုံးကိုငှင်း မီး၌ ချအပ်သည်ရှိသော် တွန့်၏၊ ရှုံ့၏၊ ဆုတ်နစ်၏၊ မပျံ့နှံ့၊ ရဟန်းတို့ ဤအတူသာလျှင် မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား လာဘ်ပူဇော်သကာ အကျော်အစောမှ စိတ်သည် တွန့်၏။ပ။ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်၏။

ရဟန်းတို့ မမြဲဟု မှတ်သားမှု'အနိစ္စသညာ'ကို လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား လာဘ်ပူဇော်သကာ အကျော်အစော၌ စိတ်သည် အကယ်၍ ဖြစ်ခဲ့မူ မစက်ဆုပ် မရွံရှာခြင်းသည် တည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်——

"ငါသည် မမြဲဟု မှတ်သားမှု'အနိစ္စသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေးနှင့် နောက် ထူးခြားမှုမရှိ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ မမြဲဟု မှတ်သားမှု'အနိစ္စသညာ'၌ လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား လာဘ်ပူဇော်သကာ အကျော်အစောမှ စိတ်သည် အကယ်၍ တွန့်ခဲ့မူ၊ ရှုံ့ခဲ့မူ ဆုတ်နစ်ခဲ့မူ မပျံ့နှံ့ခဲ့မူ လျစ်လျူရှုခြင်းသည်ငှင်း စက်ဆုပ်ရွံရှာခြင်းသည်ငှင်း တည်ခဲ့မူ ရဟန်းတို့ ရဟန်းသည်——

"ငါသည် မမြဲဟု မှတ်သားမှု'အနိစ္စသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုရှိ၏၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

"ရဟန်းတို့ မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည် ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၅)

"ရဟန်းတို့ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု'အနိစ္စေ ဒုက္ခသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောကြားအပ်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ သန်လျက်မြှောက်ချီသော သူသတ်ယောက်ျားဒ္ဓ ပြင်းထန်အားကြီးသော ဘေးဟူသော သညာသည် ရှေးရှုတည်သကဲ့သို့ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'ကို လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား ပျင်းရိမှု ပေါ့ဆမှု မရဲရင့်မှု မေ့လျော့မှု အားမထုတ်မှု မဆင်ခြင်မှု၌ ပြင်းထန်အားကြီးသော ဘေးဟု ရှုသော သညာသည် ရှေ ရှုတည်၏။

ရဟန်းတို့ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'ကို လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား ပျင်းရိမှု ပေါ့ဆမှု မရဲရင့်မှု မေ့လျော့မှု အားမထုတ်မှု မဆင်ခြင်မှု၌ ပြင်းထန်အားကြီးသော ဘေးဟု ရှုသော သညာသည် အကယ်၍ ရှေးရှုမတည်ခဲ့မူ ရဟန်းတို့ သန်လျက်မြှောက်ချီသော သူသတ် ယောက်ျားဒ္ဓ ပြင်းထန်အားကြီးသော ဘေးဟူသော သညာသည် ရှေးရှုတည်သကဲ့သို့ ဘေးဟူသော သညာသည် ရှေးရှုမတည်၊ ရဟန်းတို့ ရဟန်းသည်—

"ငါသည် မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေ့နှင့်နောက် ထူးခြားမှု မရှိ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး"ဟူသော သဘောကို သိအပ်၏၊ ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ သန်လျက်မြှောက်ချီသော သူသတ်ယောက်ျား၌ ပြင်းထန်အားကြီးသော ဘေးဟူသော သညာသည် ရှေးရှုတည်သကဲ့သို့ ဘေးဟုရှုသော သညာသည် အကယ်၍ တည်ခဲ့မူ၊ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'ကို လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား ပျင်းရိမှု ပေါ့ဆမှု မရဲရင့်မှု မေ့လျော့မှု အားမထုတ်မှု မဆင်ခြင်မှု၌ ပြင်းထန်အားကြီးသော ဘေးဟူသော သညာသည် တည်၏၊ ရဟန်းတို့ ရဟန်းသည်—

"ငါသည် မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေ့နှင့် နောက် ထူးခြားမှုရှိ၏၊ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

"ရဟန်းတို့ မမြဲမှု၌ ဆင်းရဲဟု မှတ်သားမှု'အနိစ္စေ ဒုက္ခသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၆)

"ရဟန်းတို့ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု 'ဒုက္ခေ အနတ္တသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောကြားအပ်သနည်း။

ရဟန်းတို့ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ'ကို လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား ဝိညာဏ်ရှိသော ဤကိုယ်၌၎င်း အပဖြစ်သော အလုံးစုံသော အာရုံတို့၌၎င်း ငါဟူသော အခြင်းအရာဖြင့် စွဲလမ်းမှု'ဒိဋ္ဌိ'ငါ၏ ဉစ္စာဟူသော အခြင်းအရာ

http://www.dhammadownload.com



ဖြင့် စွဲလမ်းမှု'တဏှာ'နှင့် ထောင်လွှားမှု'မာန'မှ ကင်းသော စိတ်ဖြစ်၏၊ မာနသုံးပါးကို ကောင်းစွာ လွှန်၏၊ ဆန့်ကျင်ဘက် ကိလေသာတို့မှ ငြိမ်း၏၊ ကောင်းစွာ လွတ်မြောက်၏။

ရဟန်းတို့ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ'ကို လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ နေသော ရဟန်းအား ဝိညာဏ်ရှိသော ဤကိုယ်၌ရှင်း အပဖြစ်သော အလုံးစုံသော အာရုံတို့၌ရှင်း ငါဟူသော အခြင်းအရာဖြင့် စွဲလမ်းမှု'ဒိဋ္ဌိ'ငါ၏ ဥစ္စာဟူသော အခြင်းအရာဖြင့် စွဲလမ်းမှု'တဏှာ'နှင့် ထောင်လွှားမှု'မာန'မှ ကင်းသော စိတ်သည် မာနသုံးပါးကို ကောင်းစွာလွန်သည် ဆန့်ကျင်ဘက် ကိလေသာတို့မှ ငြိမ်းသည် ကောင်းစွာလွတ်မြောက်သည် အကယ်၍ မဖြစ်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

''ငါသည် ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု 'ဒုက္ခေ အနတ္တသညာ'ကို မပွါးများရသေး၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုမရှိ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး''ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

ရဟန်းတို့ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ'ကို လေ့လာသော စိတ်ဖြင့် ကြိမ်ဖန်များစွာနေသော ရဟန်းအား ဝိညာဏ်ရှိသော ဤကိုယ်၌ရှင်း အပဖြစ်သော အလုံးစုံသော အာရုံတို့၌ရှင်း ငါဟူသော အခြင်းအရာဖြင့် စွဲလမ်းမှု'ဒိဋ္ဌိ'ငါ၏ ဥစ္စာဟူသော အခြင်းအရာဖြင့်စွဲလမ်းမှု 'တဏှာ' နှင့် ထောင်လွှားမှု'မာန'မှ ကင်းသော စိတ်သည် မာနသုံးပါးကို ကောင်းစွာလွန်သည် ဆန့်ကျင်ဘက်ကိလေသာတို့မှ ငြိမ်းသည် ကောင်းစွာ လွတ်မြောက်သည် အကယ်၍ ဖြစ်ခဲ့မူ ရဟန်းတို့ ရဟန်းသည်—

"ငါသည် ဆင်းရဲ၌ အစိုးမရဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ'ကို ပွါးပြီးဖြစ်၏၊ ငါ့အား ရှေးနှင့်နောက် ထူးခြားမှုရှိ၏၊ငါသည် ဘာဝနာ၏ အားအစွမ်းသို့ ရောက်ပြီ"ဟု ဤသဘောကို သိအပ်၏။

ဤသို့လျှင် ထိုအရာ၌ ကောင်းစွာ အပြားအားဖြင့် သိ၏။

''ရဟန်းတို့ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု'ဒုက္ခေ အနတ္တသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင် ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏'' ဟု ဟောကြားအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောကြားအပ်၏။ (၇)

ရဟန်းတို့ ဤသညာခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးအာနိသင်ကြီးမား၏၊ နိဗ္ဗာန်လျှင် တည်ရာရှိ၏၊နိဗ္ဗာန်လျှင် အဆုံးရှိ၏''ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-မေထုနသုတ်

၅၀။ ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံး စေပြီးနောက် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

http://www.dhammadownload.com



"အသျှင်ဂေါတမသည်လည်း မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသည် မဟုတ်ပါလော" ဟု လျှောက်၏။

ပုဏ္ဏား "မကျိုး မပေါက် မပြောက် မကျားသော ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်၏" ဟူသော စကားကို ကောင်းစွာ ပြောဆိုလိုသောသူသည် ငါ့ကိုသာလျှင် ပြောဆိုရာ၏။

"ပုဏ္ဏား ထိုစကား ဟုတ်မှန်၏၊ ငါသည် မကျိုး မပေါက် မပြောက် မကျားသော ပြည့်စုံ စင်ကြယ်စွာ မြတ်သော အကျင့်ကို ကျင့်၏"ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အဘယ်သို့လျှင် မြတ်သော အကျင့်၏ ကျိုးမှု ပေါက်မှု ပြောက်မှု ကျားမှုသည် ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား ဤလောက၌ အချို့သော သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ မြတ်သော အကျင့်ကို ကောင်းစွာကျင့်၏ ဟု ဝန်ခံပါလျက် မာတုဂါမနှင့်အတူ နှစ်ယောက် နှစ်ယောက်သော သူတို့ ပြုကျင့်အပ်သော မေထုန်အကျင့်သို့ကား မရောက်၊ စင်စစ်မူကား မာတုဂါမ၏ (နံ့သာစသည်ဖြင့်) ပွတ်သပ်မှု (ဆီဖြင့်) ဆုပ်နယ်မှု ရေချိုးပေးမှု သုံးသပ်မှုကို သာယာ၏၊ ထိုသမဏ ဗြာဟ္မဏသည် ထိုမာတုဂါမ၏ နံ့သာစသည်ဖြင့် ပွတ်သပ်မှုစသည်ကို နှစ်သက်၏၊ ထိုနံ့သာပွတ်သပ်မှုစသည်ကို အလိုရှိ၏၊ ထိုသို့ပြုမှုဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဤသို့သာယာခြင်းသည်လည်း မြတ်သောအကျင့်၏ ကျိုးမှု ပေါက်မှု ပြောက်မှု ကျားမှုပင် မည်၏။

ပုဏ္ဏား ဤသမဏဗြာဟ္မဏမျိုးကို မေထုန်စပ်ယှဉ်မှုနှင့် ယှဉ်သည်ဖြစ်၍ မစင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်သူဟု ဆိုအပ်၏၊ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်သူ ဆင်းရဲမှမလွတ်သူ ဟူ၍ ငါဆို၏။ (၁)

ပုဏ္ဏား နောက်တမျိုးကား ဤလောက၌ အချို့သော သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်၏ ဟု ဝန်ခံပါလျက် မာတုဂါမနှင့်အတူ နှစ်ယောက် နှစ်ယောက်သောသူတို့ ပြုကျင့်အပ်သော မေထုန် အကျင့်သို့ မရောက် မာတုဂါမ၏ (နံ့သာ စသည်ဖြင့်) ပွတ်သပ်မှု (ဆီဖြင့်) ဆုပ်နယ်မှု ရေချိုးပေးမှု သုံးသပ်မှုကိုလည်း မသာယာ၊ စင်စစ် မူကား မာတုဂါမနှင့် အတူ စကားပြောဆို၏၊ ပြက်ရယ်ပြု၏၊ ပြင်းစွာရယ်၏။ပ။

မာတုဂါမနှင့် အတူ စကားမပြောဆို ပြက်ရယ်မပြု ပြင်းစွာမရယ်၊စင်စစ်မူကား မာတုဂါမ၏ မျက်စိကို မိမိမျက်စိဖြင့် တစိမ့်စိမ့်ကြည့်၏၊ ရှု၏။ပ။

မာတုဂါမ၏ မျက်စိကို မိမိမျက်စိဖြင့် တစိမ့်စိမ့် မကြည့်ရှု၊ စင်စစ်မူကား နံရံတဖက်၌ဖြစ်စေ တံတိုင်းတဖက်၌ဖြစ်စေ ရယ်ရွှင်သူ စကားပြောသူ သီချင်းဆိုသူ ငိုကြွေးသူ မာတုဂါမ၏ အသံကို နားထောင်၏။ပ။

နံရံတဖက်၌ဖြစ်စေ တံတိုင်းတဖက်၌ဖြစ်စေ ရယ်ရွှင်သူ စကားပြောသူ သီချင်းဆိုသူ ငိုကြွေးသူ မာတုဂါမ၏ အသံကို နားမထောင်၊စင်စစ်မူကား ထိုသမဏ ဗြာဟ္မဏအား ရှေးက မာတုဂါမနှင့် အတူ ရယ်ရွှင်ခဲ့ စကားပြောခဲ့ မြူးထူးခဲ့သည်တို့ကို အဖန်ဖန်အောက်မေ့၏။ပ။

http://www.dhammadownload.com



ထိုသမဏ ဗြာဟ္မဏအား ရှေးက မာတုဂါမနှင့် အတူ ရယ်ရွှင်ခဲ့ စကားပြောခဲ့ မြူးထူးခဲ့သည်တို့ကို အဖန်ဖန် မအောက်မေ့စင်စစ်မူကား ငါးပါးသော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲပြည့်စုံ ခံစံ ပျော်ပါးနေသော သူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ မြင်၏။ပ။

ထိုသမဏဗြာဟ္မဏအား ငါးပါးသော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲပြည့်စုံ ခံစံ ပျော်ပါးနေသော သူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ မမြင်၊စင်စစ်မူကား ငါသည် ဤသီလဖြင့်သော်၎င်း ကျင့်ဝတ်ဖြင့်သော်၎င်း ခြိုးခြံမှုဖြင့်သော်၎င်း မြတ်သောအကျင့်ဖြင့်သော်၎င်း နတ်မင်းမူလည်း ဖြစ်ရလို၏၊နတ်သားမူလည်း ဖြစ်ရလို၏ဟု တပါးပါးသော နတ်၏အဖြစ်ကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်၏။

ထိုသမဏဗြာဟ္မဏသည် ထိုနတ်၏အဖြစ်ကို သာယာ၏၊ ထိုနတ်၏အဖြစ်ကို အလိုရှိ၏၊ ထိုနတ်၏အဖြစ်၌သာလျှင် နှစ်သက်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဤသို့ သာယာမှုသည်လည်း မြတ်သောအကျင့်၏ ကျိုးမှု ပေါက်မှု ပြောက်မှု ကျားမှုပင် မည်၏၊ ပုဏ္ဏား ဤသမဏဗြာဟ္မဏမျိုးကို မေထုန်စပ်ယှဉ်မှုနှင့် ယှဉ်သည်ဖြစ်၍ မစင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သူဟု ဆိုအပ်၏၊ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်သူ ဆင်းရဲမှ မလွတ်ဟူ၍ ငါဆို၏။ (၂-၇)

ပုဏ္ဏား ငါသည် ဤခုနစ်မျိုးကုန်သော မေထုန်စပ်ယှဉ်မှုတို့တွင် တမျိုးမျိုးသော မေထုန်စပ်ယှဉ်မှုကို မိမိ၌မပယ်အပ်သေးသည်ကို မြင်နေသမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော (နတ်)လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူလောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်မခံခဲ့ပေ။

ပုဏ္ဏား ငါသည် ဤခုနစ်မျိုးသော မေထုန်စပ်ယှဉ်မှုတို့တွင် တမျိုးမျိုးသော မေထုန်စပ်ယှဉ်မှုကိုမူလည်း မိမိ၌မပယ်အပ်သေးသည်ကို မမြင်သောအခါ၌မူကား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော (နတ်)လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်ခံ၏။

သတ္တဝါဟူသော လောက၌ အတုမရှိမြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်ခံ၏၊ငါ၏ လွတ်မြောက်မှု(အရဟတ္တဖိုလ်)သည် မပျက်စီးတော့ပြီ၊ ဤဘဝသည် နောက်ဆုံး ဘဝပင်တည်း၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီဟု ငါ့အား (ပစ္စဝေက္ခဏာ)ဉာဏ်အမြင်သည် ဖြစ်၏ဟု(မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု လျှောက်၏။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-သံယောဂသုတ်

၅၁။ ရဟန်းတို့ (မေထုန်နှင့်) ယှဉ်မှု မယှဉ်မှုကို ပြီးစေတတ်သော တရားဒေသနာကို သင်တို့အား ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန် ကောင်းစွာ နှလုံးသွင်းကြကုန်။

ရဟန်းတို့ ထို (မေထုန်နှင့်) ယှဉ်မှု မယှဉ်မှုကို ပြီးစေတတ်သော တရားဒေသနာ ဟူသည် အဘယ်နည်း။

ရဟန်းတို့ မိန်းမသည် မိမိသန္တာန်၌ မိန်းမဣန္ဒြေကို နှလုံးသွင်း၏၊ မိန်းမအမူအရာ၊ မိန်းမအသွင်အပြင်၊ မိန်းမ၏မာန်၊ မိန်းမ၏ အလိုဆန္ဒ၊ မိန်းမ၏ အသံ၊ မိန်းမ၏ အဝတ်တန်ဆာကို နှလုံးသွင်း၏၊ ထိုမိန်းမသည် ဣတ္ထိန္ဒြေစသော တရားခုနစ်မျိုးတို့၌ တပ်မက်၏၊ ထိုခုနစ်မျိုးသော တရားတို့၌ မွေ့လျော်၏၊ ထိုမိန်းမသည် ထိုတရားခုနစ်မျိုးတို့၌ တပ်နှစ်သက်သည် မွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ရှိသော ပုရိသိန္ဒြေကို နှလုံးသွင်း၏၊ ယောကျ်ား အမူအရာ၊ ယောကျ်ား အသွင်အပြင်၊ ယောကျ်ား၏မာန်၊ ယောကျ်ား၏အလိုဆန္ဒ၊ ယောကျ်ား၏အသံ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးသွင်း၏၊ ထိုမိန်းမသည် ပုရိသိန္ဒြေစသော တရားခုနစ်မျိုးတို့၌ တပ်မက်၏၊ ထိုခုနစ်မျိုးသော တရားတို့၌ မွေ့လျော်၏၊ ထိုမိန်းမသည် ထိုတရား ခုနစ်မျိုးတို့၌ တပ်နှစ်သက်သည် မွေ့လျော်သည် ဖြစ်၍ အပသန္တာန်၌ (မေထုန်နှင့်)ယှဉ်မှုကို အလိုရှိ၏၊ ထိုမိန်းမအား (မေထုန်နှင့်)ယှဉ်မှုဟူသော အကြောင်းကြောင့် ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုကိုလည်း အလိုရှိ၏၊ ရဟန်းတို့ မိန်းမအဖြစ်၌ မွေ့လျော်ကုန်သော သတ္တဝါတို့သည် ယောကျ်ားတို့၌ (မေထုန်နှင့်) ယှဉ်မှုသို့ ရောက်၏၊ ရဟန်းတို့ ဤသို့လျှင် မိန်းမသည် မိန်းမ၏ အဖြစ်ကို မလွန်မြောက်နိုင်။

ရဟန်းတို့ ယောကျ်ားသည် မိမိသန္တာန်၌ ယောကျ်ားဣန္ဒြေကို နှလုံးသွင်း၏၊ ယောကျ်ား အမူအရာ၊ ယောကျ်ားအသွင်အပြင်၊ ယောကျ်ား၏ မာန်၊ ယောကျ်ား၏အလိုဆန္ဒ၊ ယောကျ်ား၏ အသံ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးသွင်း၏၊ ထိုယောကျ်ားသည် ပုရိသိန္ဒြေ စသော တရားခုနစ်မျိုးတို့၌ တပ်မက်၏၊ ထိုခုနစ်မျိုးသော တရားတို့၌ မွေ့လျော်၏၊ ထိုယောကျ်ားသည် ထိုတရားခုနစ်မျိုးတို့၌ တပ်နှစ်သက်သည် မွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ ရှိသော ဣတ္ထိန္ဒြေကို နှလုံးသွင်း၏၊ မိန်းမ၏ အမူအရာ၊ မိန်းမ၏ အသွင်အပြင်၊ မိန်းမ၏မာန်၊ မိန်းမ၏အလိုဆန္ဒ၊ မိန်းမ၏အသံ၊ မိန်းမ၏ အဝတ်တန်ဆာကို နှလုံးသွင်း၏၊ ထိုယောကျ်ားသည် ဣတ္ထိန္ဒြေ စသော တရားခုနစ်မျိုးတို့၌ တပ်မက်၏၊ ထိုခုနစ်မျိုးကုန်သော တရားတို့၌ မွေ့လျော်၏၊ ထိုယောကျ်ားသည် ထိုတရားခုနစ်မျိုးတို့၌ တပ်နှစ်သက်သည် မွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ (မေထုန်နှင့်) ယှဉ်မှုကို အလိုရှိ၏၊ ထိုယောကျ်ားအား (မေထုန်နှင့်) ယှဉ်မှု ဟူသော အကြောင်းကြောင့် ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုကိုလည်း အလိုရှိ၏။

ရဟန်းတို့ ယောကျ်ားအဖြစ်၌ မွေ့လျော်ကုန်သော သတ္တဝါတို့သည် မိန်းမတို့၌ (မေထုန်နှင့်) ယှဉ်မှုသို့ ရောက်၏၊ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားသည် ယောကျ်ား၏ အဖြစ်ကို မလွန်မြောက်နိုင်။

ရဟန်းတို့ ဤသို့လျှင် (မေထုန်နှင့်) ယှဉ်မှုဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင်(မေထုန်နှင့်)မယှဉ်မှု ဖြစ်သနည်း။

ရဟန်းတို့ မိန်းမသည် မိမိသန္တာန်၌ မိန်းမဣန္ဒြေကို နှလုံးမသွင်း၊ မိန်းမ အမူအရာ၊ မိန်းမ အသွင်အပြင်၊ မိန်းမ၏ မာန်၊ မိန်းမ၏ အလိုဆန္ဒ၊ မိန်းမ၏ အသံ၊ မိန်းမ၏ အဝတ်တန်ဆာကို နှလုံးမသွင်း၊ ထိုမိန်းမသည် ဣတ္ထိန္ဒြေ စသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊ ထိုမိန်းမသည် ထိုတရားခုနစ်မျိုးတို့၌ မတပ်မက် မမွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ ရှိသော ပုရိသိန္ဒြေကို နှလုံးမသွင်း၊ ယောကျ်ား အမူအရာ၊ ယောကျ်ား အသွင်အပြင်၊ ယောကျ်ား၏မာန်၊ ယောကျ်ား၏အလိုဆန္ဒ၊ ယောကျ်ား၏ အသံ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးမသွင်း၊ ထိုမိန်းမသည် ပုရိသိန္ဒြေ စသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊ ထိုခုနစ်မျိုးသော တရားတို့၌ မတပ်မက် မမွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌(မေထုန်နှင့်)ယှဉ်မှုကို အလိုမရှိ၊ ထိုမိန်းမအား (မေထုန်နှင့်)ယှဉ်မှုဟူသော အကြောင်းကြောင့် ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုကိုလည်း အလိုမရှိ၊ ရဟန်းတို့ မိန်းမ၏ အဖြစ်၌ မမွေ့လျော်ကုန်သော သတ္တဝါတို့သည် ယောကျ်ားတို့၌ (မေထုန်နှင့်)ယှဉ်မှုသို့ မရောက်၊ ရဟန်းတို့ ဤသို့လျှင် မိန်းမသည် မိန်းမ၏ အဖြစ်ကို လွန်မြောက်၏။

ရဟန်းတို့ ယောကျ်ားသည် မိမိသန္တာန်၌ ယောကျ်ားဣန္ဒြေကို နှလုံးမသွင်း၊ ယောကျ်ား အမူအရာ၊ ယောကျ်ားအသွင်အပြင်၊ ယောကျ်ား၏မာန်၊ ယောကျ်ား၏အလိုဆန္ဒ၊ ယောကျ်ား၏အသံ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးမသွင်း၊ ထိုယောကျ်ားသည် ပုရိသိန္ဒြေစသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊ ထိုယောကျ်ားသည် ထိုတရားခုနစ်မျိုးတို့၌ မတပ်မက် မမွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ရှိသော ဣတ္ထိန္ဒြေကို နှလုံးမသွင်း၊ မိန်းမ အမူအရာ၊ မိန်းမ အသွင်အပြင်၊ မိန်းမ၏ မာန်၊ မိန်းမ၏ အလိုဆန္ဒ၊ မိန်းမ၏ အသံ၊ မိန်းမ၏ အဝတ်တန်ဆာကို နှလုံးမသွင်း၊ ထိုယောကျ်ားသည် ဣတ္ထိန္ဒြေ စသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊ ထိုခုနစ်မျိုးသော တရားတို့၌ မတပ်မက် မမွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌(မေထုန်နှင့်)ယှဉ်မှုကို အလိုမရှိ၊ ထိုယောကျ်ားအား(မေထုန်နှင့်) ယှဉ်ခြင်း ဟူသော အကြောင်းကြောင့် ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုကိုလည်း အလိုမရှိ။

ရဟန်းတို့ ယောကျ်ား၏အဖြစ်၌ မမွေ့လျော်ကုန်သော သတ္တဝါတို့သည် မိန်းမတို့၌ (မေထုန်နှင့်) ယှဉ်မှုသို့ မရောက်၊ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားသည် ယောကျ်ား၏ အဖြစ်ကို လွန်မြောက်၏။

ရဟန်းတို့ ဤသည်ကား (မေထုန်နှင့်)ယှဉ်မှု မယှဉ်မှုကို ပြီးစေတတ်သော တရားဒေသနာ ပင်တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်၊

---

## ၉-ဒါနမဟပ္ဖလသုတ်

၅၂။ အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ စမ္ပာမြို့သား များစွာသော ဥပါသကာတို့သည် အသျှင်သာရိပုတြာ

http://www.dhammadownload.com



ထံသို့ ချဉ်းကပ်ကြကုန်၍ အသျှင်သာရိပုတြာကို ရှိသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေကြကုန်ပြီးသော် အသျှင်သာရိပုတြာအား—

"အသျှင်ဘုရား အကျွန်ုပ်တို့သည် ကာလကြာမြင့်စွာက မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကားကို ကြားနာအပ်ပါ၏၊ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရား မျက်မှောက်တော်မှ တရားစကားကို ကြားနာခြင်းငှါ ရလိုပါကုန်၏"ဟု လျှောက်ကြကုန်၏။

ဒါယကာတို့ သို့ဖြစ်လျှင် ထိုဥပုသ်နေ့၌ မြတ်စွာဘုရား မျက်မှောက်တော်မှ တရားစကားကို ကြားနာရန် လာကြကုန်လောဟု (မိန့်ဆို၏)။

စမ္ပာမြို့သား ဥပါသကာတို့သည် အသျှင်သာရိပုတြာအား "အသျှင်ဘုရား ကောင်းပါပြီ" ဟု ပြန်ကြား လျှောက်ထားပြီးလျှင် အသျှင်သာရိပုတြာကို ရှိသေစွာ ရှိခိုး၍ နေရာမှထကာ အရိုအသေပြုလျက် ဖဲသွားကြကုန်၏။

ထိုအခါ စမ္ပာမြို့သား ဥပါသကာတို့သည် ထိုဥပုသ်နေ့၌ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် အသျှင်သာရိပုတြာကို ရှိသေစွာ ရှိခိုးလျက် တခုသောနေရာ၌ ရပ်တည်နေကြကုန်၏။ ထိုအခါ အသျှင်သာရိပုတြာသည် ထိုစမ္ပာမြို့သား ဥပါသကာတို့နှင့် အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား—

အသျှင်ဘုရား ဤလောက၌ တရံတခါ အချို့သော ပုဂ္ဂိုလ်၏ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှု မဖြစ်နိုင်ပါသလော။

အသျှင်ဘုရား ဤလောက၌ တရံတခါ အချို့သော ပုဂ္ဂိုလ်၏ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှု ဖြစ်နိုင်ပါသလောဟု လျှောက်၏။

သာရိပုတြာ ဤလောက၌ တရံတခါ အချို့သော ပုဂ္ဂိုလ်၏ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှု မဖြစ်နိုင်။

သာရိပုတြာ ဤလောက၌ တရံတခါ အချို့သောပုဂ္ဂိုလ်၏ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှုဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှု မဖြစ်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။

အသျှင်ဘုရား ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားမှု၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။

သာရိပုတြာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ငဲ့ကွက်မှုရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ နှောင်ဖွဲ့အပ်သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ သိုမှီးခြင်းကို ငဲ့ကွက်လျက် အလှူကို ပေးလှူ၏၊ "ဤအလှူ၏ အကျိုးကို တမလွန်ဘဝသို့ ရောက်လျှင် သုံးဆောင် ခံစား

http://www.dhammadownload.com



ရလိမ့်မည်”ဟု အလှူကို ပေးလှူ၏၊ ထိုပုဂ္ဂိုလ်သည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီး (ဟု ဆိုအပ်သော) အလှူကို ပေးလှူ၏၊ သာရိပုတြာ ထိုအရာကို သင် မည်သို့ အောက်မေ့သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ဇလှူကို ပေးလှူရာအံ့လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ ပေးလှူရာပါ၏၊

သာရိပုတြာ ထိုသို့ ပေးလှူရာ၌ အကြင်ပုဂ္ဂိုလ်သည် ငဲ့ကွက်သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ နှောင်ဖွဲ့သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ သိုမှီးခြင်းကို ငဲ့ကွက်သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ “ဤအလှူ၏ အကျိုးကို တမလွန်ဘဝသို့ ရောက်လျှင် သုံးဆောင် ခံစားရလိမ့်မည်”ဟု အလှူကို ပေးလှူ၏၊ ထိုပုဂ္ဂိုလ်သည် ထိုအလှူကို ပေးလှူပြီး လျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ စတုမဟာရာဇ်နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ထိုကုသိုလ်ကံကို ထိုတန်ခိုးကို ထိုအခြံအရံနှင့် ပြည့်စုံမှုကို ထိုအစိုးရမှုကို ကုန်စေ၍ ဤလူ့ ဘုံသို့ ရောက်လျက် အောက်ဘုံသို့ ဆင်းရ၏။

သာရိပုတြာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်ကား အလှူကို မငဲ့ကွက်မူ၍ ပေးလှူ၏၊ မနှောင် မဖွဲ့မူ၍ အလှူကို ပေးလှူ၏၊ သိုမှီးခြင်းကို မငဲ့ကွက်မူ၍ အလှူကို ပေးလှူ၏၊ “ဤအလှူ၏ အကျိုးကို တမလွန်ဘဝသို့ရောက်လျှင် သုံးဆောင်ခံစားရလိမ့်မည်”ဟု အလှူကို မပေးလှူ၊ စင်စစ်မူကား “အလှူပေးခြင်းသည် ကောင်းမွန်လှ၏”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူ၏။ပ။

“အလှူပေးခြင်းသည် ကောင်းမွန်လှ၏”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်မူကား “အဖ အဖိုးတို့သည် (အလှူကို) ပေးလှူဘူး၏၊ ပြုဘူး၏၊ ရှေးဖြစ်သော ဆွေမျိုးတို့၏ အနွယ်အဆက်ကို ယုတ်လျော့စေခြင်းငှါ မထိုက်”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူ၏။ပ။

“အဖ အဖိုးတို့သည်(အလှူကို)ပေးလှူဘူး၏၊ ပြုဘူး၏၊ ရှေးဖြစ်သော ဆွေမျိုးတို့၏ အနွယ်အဆက်ကို ယုတ်လျော့စေရန် မထိုက်”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်မူကား“ငါသည် ချက်ပြုတ်၏၊ ဤသမဏ ဗြာဟ္မဏတို့သည်ကား မချက်ပြုတ်ကုန်၊ ချက်ပြုတ်သူသည် မချက်ပြုတ်သော သမဏဗြာဟ္မဏတို့အား အလှူကို မပေးလှူပဲ နေရန် မသင့်”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူ၏ ။ပ။

“ငါသည် ချက်ပြုတ်၏၊ ဤသမဏဗြာဟ္မဏတို့သည်ကား မချက်ပြုတ်ကုန်၊ ချက်ပြုတ်သူသည် မချက်ပြုတ်သော သမဏ ဗြာဟ္မဏတို့အား အလှူကို မပေးလှူပဲနေရန် မသင့်”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်မူကား “ရှေးကဖြစ်ကုန်သော အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့၏ ကြီးမားလှသော ထိုယဇ်ပူဇော်မှုတို့သည် ဖြစ်ကုန်သကဲ့သို့ ဤအတူ ငါ၏ ဤ လှူဒါန်းခွဲဝေမှုသည် ဖြစ်လိမ့်မည်”ဟု အလှူကို ပေးလှူ၏။ပ။

“ရှေးကဖြစ်ကုန်သော အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဗဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့၏ ကြီးမားလှသော ထို ယဇ်ပူဇော်မှုတို့သည် ဖြစ်ကုန်သကဲ့သို့ ဤအတူ ငါ၏ ဤ လှူဒါန်း ခွဲဝေမှုသည်

http://www.dhammadownload.com



ဖြစ်လိမ့်မည်”ဟု အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်မူကား ဤအလှူကို ပေးလှူသော ငါ၏ စိတ်သည် ကြည်လင်၏၊ နှစ်သက်မှု ဝမ်းမြောက်မှုဖြစ်၏”ဟု အလှူကို ပေးလှူ၏။ပ။

“ဤအလှူကို ပေးလှူသော ငါ၏ စိတ်သည် ကြည်လင်၏၊ နှစ်သက်မှု ဝမ်းမြောက်မှုဖြစ်၏”ဟု အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်မူကား (သမထ ဝိပဿနာ) စိတ်၏ တန်ဆာ စိတ်၏ အခြံအရံဖြစ်သည့် အလှူကို ပေးလှူ၏။

ထိုသူသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီး (ဟု ဆိုအပ်သော)အလှူကို ပေးလှူ၏။

သာရိပုတြာ ထိုအရာကို အဘယ်သို့ အောက်မေ့သနည်း၊ ဤလောက၌ အချို့သောသူသည် ဤသို့သဘောရှိသော အလှူကို ပေးလှူရာအံ့လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ ပေးလှူရာပါ၏။

သာရိပုတြာ ထိုသို့ပေးလှူရာ၌ အကြင်ပုဂ္ဂိုလ်သည် မငဲ့ကွက်သော စိတ်ရှိသည်ဖြစ်၍ အလှူကို ပေးလှူ၏၊ နှောင်ဖွဲ့သော စိတ်မရှိမူ၍ အလှူကို ပေးလှူ၏၊ သိုမှီးခြင်းကို မငဲ့ကွက်မူ၍ အလှူကို ပေးလှူ၏၊ “တမလွန်ဘဝ၌ ခံစားရလိမ့်မည်”ဟု ပေးလှူသည်မဟုတ်၊ “ပေးလှူခြင်းသည် ကောင်းမွန်လှ၏” ဟူ၍လည်း အလှူကို ပေးလှူသည်မဟုတ်၊ “အဖ အဖိုးတို့သည် ရှေးက လှူဘူး ပြုဘူး၏၊ ရှေးကဖြစ်သော အမျိုး အနွယ် အဆက်ကို ယုတ်လျော့စေရန် မသင့်”ဟု နှလုံးသွင်း၍ အလှူကို ပေးလှူသည်မဟုတ်၊ “ငါသည် ချက်ပြုတ်၏၊ ဤသမဏဗြာဟ္မဏတို့သည် မချက်ပြုတ်ကုန်၊ ချက်ပြုတ်သူသည် မချက်ပြုတ်သူတို့အား မလှူပဲ ယုတ်လျော့စေရန် မသင့်” ဟု အလှူကို ပေးလှူသည်မဟုတ်၊ “ရှေးကဖြစ်ကုန်သော အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့၏ ကြီးမားလှသော ထိုယဇ်ပူဇော်ခြင်းတို့သည် ဖြစ်ကုန်သကဲ့သို့ ဤအတူ ငါ၏ လှူဒါန်း ခွဲဝေမှုသည် ဖြစ်လိမ့်မည်”ဟု အလှူကို ပေးလှူသည်မဟုတ်၊ “ဤအလှူကို ပေးလှူသော ငါ့အား စိတ်သည် ကြည်လင်၏၊ နှစ်သက်မှု ဝမ်းမြောက်မှုဖြစ်၏ဟု အလှူကို ပေးလှူသည်မဟုတ်၊ စင်စစ်သော်ကား(သမထ ဝိပဿနာ)စိတ်၏ တန်ဆာ စိတ်၏ အခြံအရံဖြစ်သည့် အလှူကို ပေးလှူ၏၊ ထိုသူသည် အလှူပေးပြီးလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုသူသည် ထိုကံ ထိုတန်ခိုး ထိုအခြံအရံ ထိုအစိုးရမှုကို ကုန်စေ၍ ဤကာမဘုံသို့ မလာမရောက်သောကြောင့် (ဈာန်) အနာဂါမ် ပုဂ္ဂိုလ်ဖြစ်၏။

သာရိပုတြာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ပေးလှူအပ်သော အလှူသည် အကျိုး အာနိသင် မဖြစ်နိုင်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း၊ သာရိပုတြာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-နန္ဒမာတာသုတ်

၅၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင် သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် များစွာသော ရဟန်း အပေါင်းနှင့်အတူ ဒက္ခိဏာဂိရိ ဇနပုဒ်၌ ဒေသစာရီ လှည့်လည်တော်မူကုန်၏။ ထိုအခါ ဝေဠုကဏ္ဍကီ မြို့နေ 'နန္ဒမာတာ' ဥပါသိကာမသည် ညဉ့်၏မိုးသောက်ထ အခါ၌ နံနက်စောစောထ၍ ပါရာယန သုတ်ကို အသံဖြင့် ရွတ်ဆို၏၊ ထိုအခါ၌ ဝေဿဝဏ် နတ်မင်းကြီးသည် တစုံတခုသော ပြုဖွယ်ကိစ္စ ဖြင့် မြောက်အရပ်မှ တောင်အရပ်သို့ သွား၏၊ ဝေဿဝဏ်နတ်မင်းကြီးသည် နန္ဒမာတာ ဥပါသိ ကာမ၏ အသံဖြင့် ရွတ်ဆိုသော ပါရာယနသုတ်ကို ကြား၍ တရားစကား ဆုံးသည့်တိုင်အောင် ဆိုင်းငံ့လျက် ရပ်၏၊ ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် ပါရာယနသုတ်ကို အသံဖြင့် ရွတ်ဆို ပြီး၍ ဆိတ်ဆိတ်နေ၏။ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် နန္ဒမာတာ ဥပါသိကာမ၏ ရွတ်ဆို သော တရားစကား ပြီးဆုံးသည်ကိုသိ၍ "နှမ ကောင်း၏၊ ကောင်း၏"ဟု အနုမောဒနာ ပြု၏။

မျက်နှာ ကောင်းမွန်လှပါသော အရှင်၊ ထိုအနုမောဒနာပြုသော အရှင်သည်ကား အဘယ်သူ ဖြစ်ပါသနည်း ဟု (မေး၏)။

နှမ ငါသည် သင်၏မောင်တော် ဝေဿဝဏ်နတ်မင်းဖြစ်သည် ဟု (ပြောဆို၏)။

မျက်နှာ ကောင်းမွန်လှပါသော အရှင်၊ ထိုသို့ ဝေဿဝဏ် နတ်မင်းဖြစ်ပါလျှင် ကောင်းမြတ် လှပါ၏၊ အကျွန်ုပ် ရွတ်ဆိုသော တရားဒေသနာတော်သည် သင်နတ်မင်းကြီးအား ပေးကမ်းဖွယ် လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေသတည်း ဟု (ဆို၏)။

နှမ ကောင်းလှပါ၏၊ ဤတရားတော်သည်လည်း ငါ့အား လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေ၊ နက်ဖြန်၌ အသျှင်သာရိပုတြာ၊ အသျှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာသည် နံနက် ဆွမ်းမစားရသေးပဲ ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်တော်မူလိမ့်မည်၊ ထိုရဟန်း သံဃာကိုလည်း ဆွမ်းကျွေးပြီးလျှင် ငါ့အား အလှူ၏ အဖို့ကို အမျှပေးဝေပါလော့။ ဤအမျှပေးဝေခြင်း သည်လည်း ငါ့အား လက်ဆောင်ပဏ္ဏာ ဖြစ်လိမ့်မည် ဟု (ဆို၏)။

ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် ထိုညဉ့်လွန်သဖြင့် မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို ပြုလုပ် စီရင်စေ၏။ ထိုအခါ အသျှင်သာရိပုတြာ အသျှင် မဟာမောဂ္ဂလာန် အမှူး ရှိသော ရဟန်းသံဃာသည် နံနက်ဆွမ်း မစားရသေးပဲ ဝေဠုကဏ္ဍကီမြို့သို့ ရောက်တော်မူ၏။ ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် ယောကျ်ားတယောက်ကို ခေါ်၍—

"အမောင်ယောကျ်ား လာပါဦး၊ သင်သည် ကျောင်းသို့ သွား၍ ရဟန်းသံဃာအား အသျှင် ဘုရားတို့ အချိန်တန်ပါပြီ နန္ဒမာတာ အရှင်မ၏ အိမ်၌ ဆွမ်း (စီရင်၍) ပြီးစီးပါပြီဟု အခါကို လျှောက်ကြားပါလော"ဟု စေလိုက်၏။

"အရှင်မ ကောင်းပါပြီ"ဟု ထိုယောကျ်ားသည် နန္ဒမာတာ ဥပါသိကာမအား ဝန်ခံပြီးလျှင် ကျောင်းသို့သွား၍ ရဟန်းသံဃာအား—

"အသျှင်ဘုရားတို့ အချိန်တန်ပါပြီ၊ နန္ဒမာတာ အရှင်မ၏အိမ်၌ ဆွမ်း(စီရင်၍) ပြီးစီးပါပြီ"ဟု အခါကို လျှောက်ကြား၏။

http://www.dhammadownload.com



ထိုအခါ၌ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူ၍ နန္ဒမာတာ ဥပါသိကာမအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေ၏။

ထိုအခါ၌ နန္ဒမာတာ ဥပါသိကာမသည် အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည် တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၏၊ ထိုအခါ နန္ဒမာတာ ဥပါသိကာမသည် အသျှင်သာရိပုတြာ မထေရ် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသောနန္ဒမာတာ ဥပါသိကာမအား အသျှင်သာရိပုတြာ မထေရ်သည်—

"နန္ဒမာတာ ရဟန်းသံဃာ ကြွလာမည့် အကြောင်းကို သင့်အား မည်သူ ပြောကြားသနည်း" ဟု မေး၏။

အသျှင်ဘုရား ဤညဉ့်၏မိုးသောက်အခါက တပည့်တော်မသည် နံနက်စောစောထ၍ ပါရာယန သုတ်ကို အသံဖြင့် ရွတ်ဆိုပြီးလျှင် ဆိတ်ဆိတ်နေပါ၏၊ အသျှင်ဘုရား ထိုအခါ ဝေဿဝဏ်နတ်မင်း ကြီးသည် (တပည့်တော်မ၏) တရားစကား ပြီးဆုံးခြင်းကိုသိ၍ "နှမ ကောင်း၏ ကောင်း၏" ဟု အနုမောဒနာပြုပါ၏။

မျက်နှာ ကောင်းမွန်လှပါသော အရှင် ထိုအနုမောဒနာပြုသော အရှင်သည်ကား အဘယ်သူ ဖြစ်ပါသနည်းဟု (တပည့်တော်မက) မေးပါ၏။

နှမ ငါသည် သင်၏မောင်တော်ဖြစ်သော ဝေဿဝဏ်နတ်မင်းဖြစ်သည်ဟု(ပြောဆိုပါသည်)။

မျက်နှာ ကောင်းမွန်လှပါသော အရှင် ထိုသို့ ဝေဿဝဏ်နတ်မင်းကြီးဖြစ်ပါလျှင် ကောင်းမြတ် လှပါ၏၊ အကျွန်ုပ်ရွတ်ဆိုသော တရားဒေသနာတော်သည် သင်နတ်မင်းအား ပေးကမ်းဖွယ် လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေသတည်းဟု (ပြောဆိုပါ၏)။

(ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးက) နှမ ကောင်းလှပါ၏၊ ဤတရားတော်သည်လည်း ငါ့အား လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေ၊နက်ဖြန်ခါ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာသည် နံနက်ဆွမ်း မစားရသေးပဲ ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်တော်မူကြလိမ့်မည်၊ ထိုရဟန်းသံဃာကိုလည်း ဆွမ်းကျွေးပြီးလျှင် ငါ့အား အလှူ၏အဖို့ကို အမျှပေးဝေပါလော့၊ ဤ အမျှပေးဝေခြင်းသည်လည်း ငါ့အား လက်ဆောင်ပဏ္ဏာဖြစ်ပါလိမ့်မည်ဟု (ပြောဆိုပါသည်)။

အသျှင်ဘုရား လှူဒါန်းရာ၌ (ပုဗ္ဗမုဥ္စစေတနာ)ကုသိုလ်နှင့် (အပရစေတနာ)ကုသိုလ်သည် ဝေဿဝဏ်နတ်မင်းကြီးအား ချမ်းသာခြင်းငှါ ဖြစ်ပါစေသတည်း ဟု (လျှောက်ကြား၏)။

နန္ဒမာတာ အံ့ဩဖွယ်ရှိပေ၏၊ နန္ဒမာတာ မဖြစ်ဘူးမြဲ ဖြစ်ပေ၏၊ သင်ကဲ့သို့ (သာမညလူစား) ဖြစ်လျက် ဤသို့ တန်ခိုးအာနုဘော် ကြီးမားသော နတ်ဖြစ်သည့် ဝေဿဝဏ်နတ်မင်းကြီးနှင့် မျက်မှောက်၌ စ... ပြောဆိုရဘိ၏ ဟု (မိန့်ဆို၏)။ (၁)

အသျှင်ဘုရား တပည့်တော်မအား ဤဝေဿဝဏ်နတ်မင်းနှင့် မျက်မှောက်စကား ပြောဆိုရခြင်း သည်သာ အံ့ဖွယ် ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်း သဘောရှိသည် မဟုတ်သေးပါ၊ တပည့် တော်မအား အခြားသော အံ့ဩဖွယ် ကောင်းခြင်း မဖြစ်ဘူးမြဲဖြစ်ခြင်း သဘောသည်လည်း

http://www.dhammadownload.com



ရှိပါသေး၏၊ အသျှင်ဘုရား တပည့်တော်မအား ချစ်အပ် မြတ်နိုးအပ်သည့် နန္ဒမည်သော တယောက်တည်းသော သား ရှိပါ၏၊ထိုသားကို မင်းတို့သည် အကြောင်းတစုံတခုကြောင့် ဆွဲငင်ဖမ်းဆီး အနိုင်အထက်ပြု၍ သတ်ပစ်ကြပါကုန်သည်၊ အသျှင်ဘုရား တပည့်တော်မသည် ထိုသူငယ်ကို ဖမ်းပြီးသော အခါ၌ ဖြစ်စေ ဖမ်းဆီးဆဲ အခါ၌ ဖြစ်စေ သတ်ပြီးသော အခါ၌ ဖြစ်စေ သတ်ဆဲအခါ၌ ဖြစ်စေ ညှဉ်းဆဲပြီးသော အခါ၌ ဖြစ်စေ ညှဉ်းဆဲဆဲ အခါ၌ ဖြစ်စေ စိတ်ဖောက်ပြန်သည့်အဖြစ်ကို မသိပါဟု (လျှောက်၏)။

နန္ဒမာတာ အံ့ဩဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲဖြစ်ပေ၏၊ သင်ကဲ့သို့ (မိန်းမသား) ဖြစ်ပါလျက် စိတ်ဖောက်ပြန်သည့်အဖြစ်ကို သုတ်သင်နိုင်ပေ၏ ဟု (မိန့်ဆို၏)။ ( ၂ )

အသျှင်ဘုရား တပည့်တော်မအား ဤ သားသေရာ၌ စိတ်မဖောက်ပြန်မှုသည်သာလျှင် အံ့ဩဖွယ် ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်းသဘောရှိသည် မဟုတ်သေးပါ၊ တပည့်တော်မအား အခြားသော အံ့ဩဖွယ် ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်းသဘောသည်လည်း ရှိပါသေးသည်။

အသျှင်ဘုရား တပည့်တော်မ၏ လင်ယောကျ်ားသည် သေဆုံးသည်ဖြစ်၍ အမှတ်မရှိသော ဘုမ္မစိုးနတ်မျိုး၌ ဖြစ်ပါ၏၊ ထိုနတ်သည် တပည့်တော်မအား ရှေး လူဖြစ်စဉ်က အတ္တဘော (ခန္ဓာကိုယ်)ဖြင့် ထင်ရှားပြပါ၏၊ အသျှင်ဘုရား တပည့်တော်မသည် ကွယ်လွန်ပြီးသူ ထိုလင်ယောကျ်ားက ရှေး လူဖြစ်စဉ် အတ္တဘောဖြင့် ထင်ရှားပြခြင်းကြောင့် စိတ်ဖောက်ပြန်သည့် အဖြစ်ကို မသိပါ ဟု (လျှောက်၏)။

နန္ဒမာတာ အံ့ဩဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲဖြစ်ပေ၏၊ သင်ကဲ့သို့ (မိန်းမသား) ဖြစ်ပါလျက် စိတ်ဖောက်ပြန်သည့်အဖြစ်ကို သုတ်သင်နိုင်ပေ၏ ဟု (မိန့်ဆို၏)။ ( ၃ )

အသျှင်ဘုရား တပည့်တော်မအား ဤကွယ်လွန်သူ လင်ယောကျ်ား ကိုယ်ထင်ရှား ပြလာရာ၌ စိတ်မဖောက်ပြန်ခြင်းသည်သာလျှင် အံ့ဩဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်းသဘောရှိသည် မဟုတ်သေးပါ၊ တပည့်တော်မအား အခြားသော အံ့ဩဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်း သဘောသည်လည်း ရှိပါသေး၏၊ အသျှင်ဘုရား အကြင်အခါ၌ ငယ်ရွယ်သေးသည်သာလျှင် ဖြစ်သော လင်သည် ငယ်ရွယ်နုနယ်သော တပည့်တော်မကို ဆောင်ယူအပ်ပါ၏၊ တပည့်တော်မသည် လင်ယောကျ်ားကို စိတ်မျှဖြင့်လည်း လွန်ကျူး၍ ကျင့်ခြင်းကို မသိဘူးပါ၊ ကိုယ်ဖြင့် လွန်ကျူး၍ ကျင့်ခြင်းကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း ဟု (လျှောက်၏)။

နန္ဒမာတာ အံ့ဩဖွယ်ရှိ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပေ၏၊ သင်ကဲ့သို့ (ငယ်ရွယ်သူ) ဖြစ်ပါလျက် စိတ်ဖောက်ပြန်သည့် အဖြစ်ကို သုတ်သင်နိုင်ပေ၏ ဟု (မိန့်ဆို၏)။ ( ၄ )

အသျှင်ဘုရား တပည့်တော်မအား ဤလင်ယောကျ်ားကို လွန်ကျူး၍ မကျင့်ခြင်းသည်သာလျှင် အံ့ဩဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်းသဘောရှိသည် မဟုတ်သေးပါ၊ တပည့်တော်မအား အခြားသော အံ့ဩဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲဖြစ်ခြင်း သဘောသည်လည်း ရှိပါသေးသည်။

အသျှင်ဘုရား တပည့်တော်မသည် ဉပါသိကာမအဖြစ်ကို လျှောက်ကြားပြီးသည်မှစ၍ တစုံတခုသော သိက္ခာပုဒ်ကို လွန်ကျူးလိုသော စေတနာဖြင့် လွန်ကျူးဘူးသည်ကို မသိစဘူးပါ ဟု (လျှောက်၏)။

နန္ဒမာတာ အံ့ဩဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပေ၏ ဟု (မိန့်ဆို၏)။ (၅)

http://www.dhammadownload.com



အသျှင်ဘုရား တပည့်တော်မအား ဤသိက္ခာပုဒ်ကို မလွန်ကျူးခြင်းသည်သာလျှင် အံ့သြဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်း သဘောရှိသည် မဟုတ်သေးပါ၊ တပည့်တော်မအား အခြားသော အံ့သြဖွယ်ကောင်းခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်း သဘောသည်လည်း ရှိပါသေးသည်။

အသျှင်ဘုရား တပည့်တော်မသည် အလိုရှိသမျှကာလပတ်လုံး ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေပါ၏။

ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေပါ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေပါ၏၊ အောက်မေ့ခြင်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အရိယာတို့သည် အကြင် တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ ဟု ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေပါ၏။

ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း 'သောမနဿ' နှလုံး မသာယာခြင်း 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုခြင်းကြောင့် ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေပါ၏ ဟု (လျှောက်၏)။

နန္ဒမာတာ အံ့သြဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပေ၏ ဟု (မိန့်ဆို၏)။ (၆)

အသျှင်ဘုရား တပည့်တော်မအား ဤစျာန်ဝင်စားနိုင်ခြင်းသည်သာလျှင် အံ့သြဖွယ်ဖြစ်ခြင်း မဖြစ်ဘူးမြဲ ဖြစ်ခြင်း သဘောရှိသည် မဟုတ်သေးပါ၊ တပည့်တော်မအား အခြားသော အံ့သြဖွယ် ဖြစ်ခြင်း မဖြစ်ဘူးမြဲဖြစ်ခြင်း သဘောသည်လည်း ရှိပါသေးသည်။

အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးမျိုးတို့တွင် မိမိ မပယ်အပ်သေးသည့် တစုံတခုသော သံယောဇဉ်ကိုမျှ တပည့်တော်မ မတွေ့မြင်ပါ ဟု (လျှောက်၏)။

နန္ဒမာတာ အံ့သြဖွယ် ရှိပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ပေ၏ ဟု (မိန့်ဆို၏)။ (၇)

ထို့နောက် အသျှင်သာရိပုတြာ မထေရ်သည် နန္ဒမာတာ ဥပါသိကာမအား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှ ထ၍ ကြွသွားတော်မူလေသတည်း။

ဒသမသုတ်။

ငါးခုမြောက် မဟာယညဝဂ် ပြီး၏။

http://www.dhammadownload.com



## ၆-အဗျာကတဝဂ် ၁-အဗျာကတသုတ်

၅၄။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား အကြားအမြင်ရှိသော အရိယာတပည့်အား မဖြေဆိုအပ်သည့် အရာ 'အဗျာကတဝတ္ထု' တို့၌ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' မဖြစ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု (လျှောက်၏)။

ရဟန်း အကြားအမြင်ရှိသော အရိယာတပည့်အား မိစ္ဆာဒိဋ္ဌိ ချုပ်ငြိမ်းခြင်းကြောင့် အဗျာကတဝတ္ထုတို့၌ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' မဖြစ်၊ ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏" ဟူသော ဤအယူသည် မှားသော 'မိစ္ဆာ' အယူပင်တည်း၊ ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်" ဟူသော ဤအယူသည် မှားသော 'မိစ္ဆာ' အယူပင်တည်း၊ ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း ဟုတ်၏၊ မဖြစ်သည်လည်း ဟုတ်၏" ဟူသော ဤအယူသည် မှားသော 'မိစ္ဆာ' အယူပင်တည်း၊ ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်" ဟူသော ဤအယူသည် မှားသော 'မိစ္ဆာ' အယူပင်တည်း။

ရဟန်း အကြားအမြင် မရှိသော ပုထုဇဉ်သည် မိစ္ဆာဒိဋ္ဌိကို မသိ၊ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းကို မသိ၊ မိစ္ဆာဒိဋ္ဌိ ချုပ်ငြိမ်းမှုကို မသိ၊ မိစ္ဆာဒိဋ္ဌိ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို မသိ။ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ထိုမှားသော 'မိစ္ဆာ' အယူသည် တိုးပွါး၏၊ ထိုမိစ္ဆာဒိဋ္ဌိ တိုးပွါးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်၊ ဆင်းရဲအပေါင်းမှ မလွတ် ဟူ၍ ငါဆို၏။

ရဟန်း အကြားအမြင်ရှိသော အရိယာ တပည့်သည် မိစ္ဆာဒိဋ္ဌိကို သိ၏၊ မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်းကို သိ၏၊ မိစ္ဆာဒိဋ္ဌိ ချုပ်ငြိမ်းမှုကို သိ၏၊ မိစ္ဆာဒိဋ္ဌိ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ထိုအရိယာတပည့်အား ထိုမှားသော 'မိစ္ဆာ' အယူသည် ချုပ်ငြိမ်း၏၊ ထိုအရိယာတပည့်သည် ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏ ဟူ၍ ငါဆို၏။

ရဟန်း ဤသို့ သိသော ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏" ဟူ၍လည်း မပြောကြား၊ "သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်" ဟူ၍လည်း မပြောကြား။ "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း ဟုတ်၏၊ မဖြစ်သည်လည်း ဟုတ်၏" ဟူ၍လည်း မပြောကြား၊ "သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်" ဟူ၍လည်း မပြောကြား၊ ရဟန်း ဤသို့ သိသော ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အဗျာကတဝတ္ထုတို့၌ မပြောကြားခြင်း သဘောရှိ၏၊ ရဟန်း ဤသို့ သိသော ဤသို့ မြင်သော

http://www.dhammadownload.com



အကြားအမြင်ရှိသော အရိယာတပည့်သည် အဗျာကတဝတ္ထုတို့၌(ဒိဋ္ဌိအစွမ်းဖြင့်)ကိုယ်ခဏ်တရော် မဖြစ်၊ မတုန်မလှုပ် မယိမ်း မယိုင်၊ ထိတ်လန့်ခြင်းသို့ မရောက်။

ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏" ဟူသော အယူသည် မိစ္ဆာဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု 'တဏှာ' တည်း။ပ။ ဤအယူသည် မိစ္ဆာဒိဋ္ဌိနှင့် တကွသော မှတ်သားမှု 'သညာ' တည်း။ပ။ ဤအယူသည် မိစ္ဆာဒိဋ္ဌိကို မှီ၍ဖြစ်သော ထောင်လွှားမှု 'မာန' တည်း။ပ။ ဤအယူသည် သံသရာကို ချဲ့ထွင်သည့် ဒိဋ္ဌိ ဟူသော ပပဉ္စတရားတည်း။ပ။ ဤအယူသည် ဒိဋ္ဌိတည်းဟူသော ဥပါဒါန်တည်း။ပ။

ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏" ဟူသော ဤအယူသည် (ဒိဋ္ဌိတည်းဟူသော) စိတ်ဖောက်ပြန်မှုတည်း၊ ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်"ဟူသော ဤအယူသည်(ဒိဋ္ဌိတည်းဟူသော)စိတ်၏ ဖောက်ပြန်မှုပင်တည်း။

ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း ဟုတ်၏၊ မဖြစ်သည်လည်း ဟုတ်၏"ဟူသော ဤအယူသည်(ဒိဋ္ဌိတည်းဟူသော)စိတ်၏ ဖောက်ပြန်မှုပင်တည်း။

ရဟန်း "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟူသော ဤအယူသည် (ဒိဋ္ဌိတည်းဟူသော)စိတ်၏ ဖောက်ပြန်မှုပင်တည်း။

ရဟန်း အကြားအမြင်မရှိသော ပုထုဇဉ်သည် စိတ်ဖောက်ပြန်မှုကို မသိ၊ စိတ်ဖောက်ပြန်မှု အကြောင်းကို မသိ၊ စိတ်ဖောက်ပြန်မှု၏ ချုပ်ငြိမ်းခြင်းကို မသိ၊ စိတ်ဖောက်ပြန်မှု ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို မသိ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ထိုစိတ်ဖောက်ပြန်မှုလည်း တိုးပွါး၏၊ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်၊ ဆင်းရဲအပေါင်းမှ မလွတ်ဟူ၍ ငါဆို၏။

ရဟန်း အကြားအမြင်ရှိသော အရိယာတပည့်သည် စိတ်ဖောက်ပြန်မှုကို သိ၏၊ စိတ်ဖောက်ပြန်မှု၏ အကြောင်းကို သိ၏၊ စိတ်ဖောက်ပြန်မှု ချုပ်ငြိမ်းခြင်းကို သိ၏၊ စိတ်ဖောက်ပြန်မှု ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ထိုအရိယာတပည့်အား ထိုစိတ်ဖောက်ပြန်မှုသည် ချုပ်ငြိမ်း၏၊ ထိုအရိယာတပည့်သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏ ဟူ၍ ငါဆို၏။

ရဟန်း ဤသို့ သိသော ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏"ဟူ၍လည်း မပြောကြား။ပ။"သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊မဖြစ်သည်လည်း မဟုတ်"ဟူ၍လည်း မပြောကြား။ ရဟန်း ဤသို့ သိသော ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့လျှင် အဗျာကတဝတ္ထုတို့၌ မပြောကြားခြင်း သဘောရှိ၏။

ရဟန်း အကြားအမြင်ရှိသော အရိယာတပည့်အား အဗျာကတဝတ္ထုတို့၌ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'မဖြစ်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည် ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ပုရိသဂတိသုတ်

၅၅။ ရဟန်းတို့ ခုနစ်မျိုးသော ယောကျ်ား၏ (အသိဉာဏ်ဖြစ်ခြင်း) ဉာဏဂတိတို့ကိုငင်း (တဏှာဒိဋ္ဌိအားဖြင့်) တစုံတရာ မစွဲလမ်းမူ၍ ကိလေသာ ငြိမ်းခြင်းကိုငင်း ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။

“အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ ခုနစ်မျိုးသော ယောကျ်ား၏ (အသိဉာဏ်ဖြစ်ခြင်း) ဉာဏဂတိတို့သည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ “(အတိတ်အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်)အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌)ငါ၏(အတ္တဘောသည်လည်း) မဖြစ်တန်ရာ၊ (ယခုဘဝ၌ အနာဂတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ ဖြစ်လိမ့်မည် မဟုတ်ပါမူ (အနာဂတ်ဘဝ၌) ငါ၏ အတ္တဘောသည် ဖြစ်လိမ့်မည် မဟုတ်၊ ထင်ရှားရှိ၍ အကြောင်းတရားတို့ကြောင့် ဖြစ်သည့်(ပစ္စုပ္ပန် ခန္ဓာငါးပါး)ကို (ဆန္ဒရာဂကို ပယ်ခြင်းဖြင့်)ငါစွန့်အံ့”ဟု (ကျင့်၏)၊ ဝိပဿနုပေက္ခာဉာဏ်ကို ရ၏၊ ထိုရဟန်းသည် အတိတ်ဘဝ၌ မတပ်မက်၊ အနာဂတ်ဘဝ၌ မတပ်မက်၊ လွန်မြတ် ငြိမ်းချမ်းသော နိဗ္ဗာန်ကို ကောင်းသော (ဝိပဿနာ မဂ်) ပညာဖြင့် မြင်၏၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို အလုံးစုံ မျက်မှောက်ပြုပြီး မဟုတ်သေး၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် မာနာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဘဝရာဂါနုသယကို အလုံးစုံပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဝိဇ္ဇာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် ‘အနှောင်အဖွဲ့’ ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အသက်အပိုင်း အခြား၏ အလယ်၌ ကိလေသာ ငြိမ်းသူ ‘အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်’ ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို(တူဖြင့်) ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်လာ၍ ငြိမ်းရာသကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏—

“(အတိတ်အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်)အကယ်၍ မဖြစ်ခဲ့ပါမူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း)မဖြစ်တန်ရာ၊ (ယခုဘဝ၌ အနာဂတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ ဖြစ်လိမ့်မည် မဟုတ်ပါမူ (အနာဂတ်ဘဝ၌) ငါ၏ အတ္တဘောသည် ဖြစ်လိမ့်မည် မဟုတ်၊ ထင်ရှားရှိ၍ အကြောင်းတရားတို့ကြောင့် ဖြစ်သည့် (ပစ္စုပ္ပန် ခန္ဓာငါးပါး) ကို (ဆန္ဒရာဂကို ပယ်ခြင်းဖြင့်) ငါစွန့်အံ့”ဟု (ကျင့်၏)။

ဝိပဿနုပေက္ခာဉာဏ်ကို ရ၏၊ ထိုရဟန်းသည် အတိတ်ဘဝ၌ မတပ်မက်၊ အနာဂတ်ဘဝ၌ မတပ်မက်၊ လွန်မြတ် ငြိမ်းချမ်းသော နိဗ္ဗာန်ကို ကောင်းသော (ဝိပဿနာမဂ်) ပညာဖြင့် မြင်၏၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို အလုံးစုံ မျက်မှောက်ပြုပြီး မဟုတ်သေး၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် မာနာနုသယကို အလုံးစုံပယ်ပြီး

http://www.dhammadownload.com



မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဘဝရာဂါနုသယကို အလုံးစုံပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဝိဇ္ဇာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ကိလေသာငြိမ်းသူ 'အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်' ဖြစ်၏။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ်အတ္တဘောကိုဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ၊ (ယခုဘဝ၌ အနာဂတ်အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ ဖြစ်လိမ့်မည် မဟုတ်ပါမူ (အနာဂတ်ဘဝ၌) ငါ၏ အတ္တဘောသည် ဖြစ်လိမ့်မည် မဟုတ်၊ ထင်ရှားရှိ၍ အကြောင်းတရားတို့ကြောင့် ဖြစ်သည့် (ပစ္စုပ္ပန် ခန္ဓာငါးပါး)ကို (ဆန္ဒရာဂကိုပယ်ခြင်းဖြင့်) ငါစွန့်အံ့"ဟု (ကျင့်၏)၊ ဝိပဿနုပေက္ခာဉာဏ်ကို ရ၏၊ ထိုရဟန်းသည် အတိတ်ဘဝ၌ မတပ်မက်၊ အနာဂတ်ဘဝ၌ မတပ်မက်၊ လွန်မြတ် ငြိမ်းချမ်းသော နိဗ္ဗာန်ကို ကောင်းသော (ဝိပဿနာမဂ်) ပညာဖြင့် မြင်၏၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို အလုံးစုံ မျက်မှောက်ပြုပြီး မဟုတ်သေး၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် မာနာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဘဝရာဂါနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဝိဇ္ဇာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ထိုရဟန်းသည် အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ကိလေသာငြိမ်းသူ 'အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်' ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို (တူဖြင့်) ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်၍ ပျံတက်ပြီးလျှင် ငြိမ်းရာသကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏—

"(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့ပါမူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ၊ (ယခုဘဝ၌ အနာဂတ်အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ ဖြစ်လိမ့်မည်မဟုတ်ပါမူ(အနာဂတ်ဘဝ၌)ငါ၏(အတ္တဘောသည်)ဖြစ်လိမ့်မည်မဟုတ်။ပ။ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ကိလေသာ ငြိမ်းသူ 'အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်' ဖြစ်၏။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခုပစ္စုပ္ပန် ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ။ပ။ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ကိလေသာ ငြိမ်းသူ 'အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်' ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို(တူဖြင့်)ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်၍ ပျံတက်ပြီးလျှင် ကောင်းကင်အပြင်ကို မလွန်မူ၍(ကောင်းကင်၌ပင်လျှင်) ငြိမ်းရာသကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည် လည်း) မဖြစ်တန်ရာ။ပ။ ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့ ငါးပါး' တို့၏

http://www.dhammadownload.com



အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်၌ ကိလေသာငြိမ်းသူ 'အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်' ဖြစ်၏။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌)ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ။ပ။ ထို ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်ကို လွန်၍ ကိလေသာငြိမ်းသူ 'ဥပဟစ္စပရိနိဗ္ဗာယီ ပုဂ္ဂိုလ်' ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို (တူဖြင့်)ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်၍ ပျံတက်ပြီးလျှင် ကောင်းကင်ကို ထိ၍ ငြိမ်းရာသကဲ့သို့ ဤအတူ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကိုဖြစ်စေတတ်သည့် ကုသိုလ် အကုသိုလ်ကံသည်)အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ။ပ။ ထို ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အသက်အပိုင်းအခြား၏ အလယ်ကို လွန်၍ ကိလေသာငြိမ်းသူ 'ဥပဟစ္စပရိနိဗ္ဗာယီ ပုဂ္ဂိုလ်' ဖြစ်၏။ (၄)

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ဤသို့ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း)မဖြစ်တန်ရာ။ပ။ ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အားထုတ်မှု မရှိသဖြင့် ကိလေသာငြိမ်းသူ 'အသင်္ခါရ ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်'ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို(တူဖြင့်) ခတ်အပ်သည် ရှိသော် မီးပွါးသည် ထွက်၍ ပျံတက်ပြီးလျှင် အနည်းငယ်သော မြက်ပုံ၌ ဖြစ်စေ ထင်းပုံ၌ဖြစ်စေ ကျရာ၏၊ ထိုမီးပွါးသည် ထိုမြက်ပုံ ထင်းပုံ၌ မီးကိုမူလည်း ဖြစ်စေရာ၏၊ အခိုးကိုမူလည်း ဖြစ်စေရာ၏၊ မီးကိုမူလည်း ဖြစ်စေပြီး၍ အခိုးကိုမူလည်း ဖြစ်စေပြီး၍ ထို အနည်းငယ်သော မြက်ပုံ ထင်းပုံကို ကုန်စေပြီးလျှင် လောင်စာ မရှိသဖြင့် ငြိမ်းလေရာသကဲ့သို့ ထို့အတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း)မဖြစ်တန်ရာ။ပ။ ထိုရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါး တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အားထုတ်မှု မရှိသဖြင့် ကိလေသာငြိမ်းသူ'အသင်္ခါရ ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်'ဖြစ်၏။ (၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ။ပ။ ထို ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အားထုတ်မှု ရှိသဖြင့် ကိလေသာငြိမ်းသူ 'သ သင်္ခါရ ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်'ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို (တူဖြင့်)ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်၍ပျံတက်ပြီးလျှင် များသောမြက်ပုံ၌ဖြစ်စေ ထင်းပုံ၌ဖြစ်စေ ကျရာ၏၊ထိုမီးပွါးသည် ထိုမြက်ပုံ ထင်းပုံ၌ မီးကိုမူလည်းဖြစ်စေရာ၏၊ အခိုးကိုမူလည်း ဖြစ်စေရာ၏၊ မီးကိုမူလည်း ဖြစ်စေပြီး၍

http://www.dhammadownload.com



အခိုးကို မူလည်း ဖြစ်စေပြီး၍ ထိုမျှသော မြက်ပုံ ထင်းပုံကို ကုန်စေပြီးလျှင် လောင်စာမရှိသဖြင့် ငြိမ်းရာသကဲ့သို့ ရဟန်းတို့ ထိုအတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ။ပ။ ထို ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အားထုတ်မှု ရှိသဖြင့် ကိလေသာ ငြိမ်းသူ 'သသင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်' ဖြစ်၏။ (၆)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခုပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘောသည်လည်း) မဖြစ်တန်ရာ၊ (ယခုဘဝ၌ အနာဂတ် အတ္တဘောကိုဖြစ်စေကာတ်သော ကုသိုလ် အကုသိုလ်ကံသည်)အကယ်၍ ဖြစ်လိမ့်မည် မဟုတ်ပါမူ (အနာဂတ်ဘဝ၌) ငါ၏ (အတ္တဘောသည်) ဖြစ်လိမ့်မည် မဟုတ်၊ ထင်ရှားရှိ၍ အကြောင်းတရားတို့ကြောင့် ဖြစ်သည့် (ပစ္စုပ္ပန်ခန္ဓာငါးပါး)ကို(ဆန္ဒရာဂကို ပယ်ခြင်းဖြင့်)ငါစွန့်အံ့"ဟု (ကျင့်၏)၊ ဝိပဿနုပေက္ခာဉာဏ်ကို ရ၏၊ ထိုရဟန်းသည် အတိတ်ဘဝ၌ မတပ်မက်၊ အနာဂတ်ဘဝ၌ မတပ်မက်၊ လွန်မြတ် ငြိမ်းချမ်းသော နိဗ္ဗာန်ကို ကောင်းသော (ဝိပဿနာမဂ်) ပညာဖြင့် မြင်၏၊ ထို ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို အလုံးစုံ မျက်မှောက်ပြုပြီး မဟုတ်သေး၊ ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် မာနာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဘဝရာဂါနုသယကို အလုံးစုံ ပယ်ပြီးမဟုတ်သေး၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဝိဇ္ဇာနုသယကို အလုံးစုံ ပယ်ပြီး မဟုတ်သေး၊ ထိုရဟန်းသည် အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အထက်ဘုံသို့ ရောက်၍ ရမည့် မဂ်တည်းဟူသော သောတရှိသော အကနိဋ္ဌဘုံသို့လားသော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ' အနာဂါမ် ပုဂ္ဂိုလ်ဖြစ်၏။

ရဟန်းတို့ တနေ့ပတ်လုံး ရဲရဲပူသော သံအိုးကင်းကို(တူဖြင့်) ခတ်အပ်သည်ရှိသော် မီးပွါးသည် ထွက်၍ ပျံတက်ပြီးလျှင် ကြီးမားလှသော မြက်ပုံ၌ဖြစ်စေ ထင်းပုံ၌ဖြစ်စေ ကျရာ၏၊ ထို မီးပွါးသည် ထိုမြက်ပုံ ထင်းပုံ၌ မီးကိုမူလည်း ဖြစ်စေရာ၏၊ အခိုးကိုမူလည်း ဖြစ်စေရာ၏၊ မီးကိုမူလည်း ဖြစ်စေပြီး၍ အခိုးကိုမူလည်း ဖြစ်စေပြီး၍ မြက်ပုံကြီးကိုလည်း ထင်းပုံကြီးကိုလည်း ကုန်စေပြီးလျှင် တောချုံကိုလည်း လောင်စေရာ၏၊ တောကိုလည်း လောင်စေရာ၏၊ တောချုံနှင့် တောကို လောင်ပြီး၍ စိမ်းစိုသော မြက်သစ်ပင်သို့ဖြစ်စေ ခရီးလမ်းသို့ဖြစ်စေ ကျောက်တောင်သို့ ဖြစ်စေ ရေသို့ဖြစ်စေ မွေ့လျော်ဖွယ်ရှိသော မြေသို့ဖြစ်စေ ရောက်ပြီးလျှင် လောင်စာမရှိသဖြင့် ငြိမ်းအေးရာသကဲ့သို့ ဤ အတူသာလျှင် ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ(ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏ (အတ္တဘော သည်လည်း)မဖြစ်တန်ရာ။ပ။ ထို ရဟန်းသည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ငါးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အထက်ဘုံသို့ ရောက်၍ ရမည့် မဂ် တည်းဟူသော သောတရှိသော အကနိဋ္ဌဘုံသို့လားသော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ' အနာဂါမ် ပုဂ္ဂိုလ်ဖြစ်၏။

ရဟန်းတို့ ယောကျ်ား၏ (အသိဉာဏ်ဖြစ်ခြင်း) 'ဉာဏဂတိ' တို့သည် ဤ ခုနစ်ပါးတို့တည်း။

ရဟန်းတို့ (တဏှာဒိဋ္ဌိ အားဖြင့်) တစုံတရာ မစွဲလမ်းမူ၍ ကိလေသာငြိမ်းခြင်းဟူသည် အဘယ်နည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်၏၊ "(အတိတ် အတ္တဘော ကိုဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်) အကယ်၍ မဖြစ်ခဲ့မူ (ယခု ပစ္စုပ္ပန်ဘဝ၌) ငါ၏(အတ္တဘောသည်လည်း)မဖြစ်တန်ရာ၊ (ယခုဘဝ၌အနာဂတ် အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည်)အကယ်၍ ဖြစ်လိမ့်မည် မဟုတ်ပါမူ(အနာဂတ်ဘဝ၌)ငါ၏(အတ္တဘော သည်)ဖြစ်လိမ့်မည် မဟုတ်၊ ထင်ရှားရှိ၍ အကြောင်းတရားတို့ကြောင့် ဖြစ်သည့် (ပစ္စုပ္ပန် ခန္ဓာ ငါးပါး) ကို (ဆန္ဒရာဂကိုပယ်ခြင်းဖြင့်) ငါစွန့်အံ့" ဟု (ကျင့်၏)၊ ဝိပဿနုပေက္ခာဉာဏ်ကို ရ၏။ ထိုရဟန်းသည် အတိတ်ဘဝ၌ မတပ်မက်၊အနာဂတ်ဘဝ၌ မတပ်မက်၊လွန်မြတ်လှ ငြိမ်းချမ်းလှသော နိဗ္ဗာန်ကို ကောင်းသော (ဝိပဿနာမဂ်) ပညာဖြင့် မြင်၏။ ထို ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို အလုံးစုံ မျက်မှောက်ပြုပြီး ဖြစ်၏၊ထိုရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် မာနာနုသယကို အလုံးစုံ ပယ်ပြီး ဖြစ်၏၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် ဘဝရာဂါနုသယကို အလုံးစုံ ပယ်ပြီးဖြစ်၏၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အဝိဇ္ဇာ နုသယကို အလုံးစုံ ပယ်ပြီးဖြစ်၏၊ ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးလျှင် ပြည့်စုံစေ၍ နေ၏။ ရဟန်းတို့ ဤသို့ နေခြင်းကို (တဏှာ ဒိဋ္ဌိတို့သည် တစုံတခုသော အာရုံကို) မစွဲလမ်းမူ၍ ကိလေသာငြိမ်းခြင်း'အနုပါဒါပရိနိဗ္ဗာန်' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ခုနစ်မျိုးသော ယောကျ်ား၏ (အသိဉာဏ်ဖြစ်ခြင်း) 'ဉာဏဂတိ' တို့သည်ရင်း တဏှာဒိဋ္ဌိအားဖြင့် တစုံတရာ မစွဲလမ်းမူ၍ ကိလေသာငြိမ်းခြင်း 'အနုပါဒါပရိနိဗ္ဗာန်' သည်ရင်း ဤသည်တို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တိဿ မြဟ္မာသုတ်

၅၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ နတ်သားနှစ်ဦးတို့သည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ)အခါ၌ အလွန်နှစ်သက် ဖွယ်သော အဆင်းရှိသည် ဖြစ်၍ ဂိဇ္ဈကုဋ်တတောင်လုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၍ ရှိသေစွာရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ပြီးသော် တဦး သော နတ်သားသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤ ရဟန်းမိန်းမ (ငါးရာ)တို့သည် ကိလေသာမှ လွတ်ကြပါကုန်၏"ဟု လျှောက်၏။

အခြားနတ်သားတဦးသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤ ရဟန်းမိန်းမ(ငါးရာ)တို့သည် ဥပါဒါန်လေးပါး အကြွင်းမရှိပဲ ကောင်းစွာ ကိလေသာမှ လွတ်ကြကုန်၏" ဟု လျှောက်၏။

ထိုနတ်သား နှစ်ဦးတို့သည်(အသီးအသီး) ဤသို့ စကားကို လျှောက်ကြကုန်၏၊ မြတ်စွာဘုရား သည် နှစ်သက်လိုက်လျောတော်မူ၏၊ ထိုအခါ ထိုနတ်တို့သည် "မြတ်စွာဘုရားနှစ်သက်လိုက်လျော

http://www.dhammadownload.com



တော်မူ၏”ဟု သိ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ပျောက်ကွယ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် ရဟန်းတို့ကို—

ရဟန်းတို့ ဤညဉ့်၌ နှစ်ဦးသော နတ်တို့သည် ညဉ့်ဦးယံ လွန်ပြီးသော(သန်ကောင်ယံ)အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ ဂိဇ္ဈကုဋ် တတောင်လုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေကာ ငါ့ထံသို့ချဉ်းကပ်ကြ၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ရပ်တည်ပြီးသော် နတ်သားတဦးသည် ငါ့အား—

“အသျှင်ဘုရား ဤရဟန်းမိန်းမ (ငါးယာ)တို့သည် ကိလေသာမှ လွတ်မြောက်ကုန်၏” ဟု လျှောက်၏။

အခြား နတ်သားတဦးသည် ငါ့အား—

“အသျှင်ဘုရား ဤရဟန်းမိန်းမ(ငါးယာ)တို့သည် ဥပါဒါန်လေးပါး အကြွင်းမရှိပဲ ကောင်းစွာ ကိလေသာမှ လွတ်ကြကုန်၏” ဟု လျှောက်၏။

ရဟန်းတို့ ထိုနတ်တို့သည်(အသီးအသီး)ဤစကားကိုလျှောက်ကြကုန်၏၊ဤစကားကို လျှောက်ထားကြပြီးလျှင် ငါ့ကို ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ပျောက်ကွယ်ကြကုန်၏ဟု မိန့်တော်မူ၏။

ထိုအခါ၌ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား၏ အနီးမဝေး၌ ထိုင်နေတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်မထေရ်အား—

“အဘယ်နတ်တို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း ‘ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်’ ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း ‘ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်’ ဟူ၍ ဤသို့ သိသော ဉာဏ်ဖြစ်ပါသနည်း” ဟု အကြံဖြစ်၏။

ထိုအခါ၌ တိဿမည်သော ရဟန်းသည် ယခုပင် ကွယ်လွန်သည်ဖြစ်၍ ဗြဟ္မာ့ဘုံတခုသို့ ကပ်ရောက်၏။ ထိုဗြဟ္မာ့ဘုံ၌လည်း ထိုတိဿဗြဟ္မာကို “တိဿဗြဟ္မာသည် တန်ခိုးကြီးမား၏၊ အာနုဘော်ကြီးမား၏” ဟူ၍ သိကြကုန်၏၊ ထိုအခါ၌ အသျှင်မဟာမောဂ္ဂလာန်သည် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ထို့အတူ ဂိဇ္ဈကုဋ်တောင်၌ ကွယ်ခဲ့၍ ထို (တိဿဗြဟ္မာရှိရာ) ဗြဟ္မာ့ဘုံ၌ ထင်ရှားဖြစ်၏။ ထိုအခါ၌ တိဿဗြဟ္မာသည် ကြွလာတော်မူသော အသျှင်မဟာမောဂ္ဂလာန်ကို အဝေးမှပင် တွေ့မြင်သဖြင့် အသျှင်မဟာမောဂ္ဂလာန်အား—

“အသျှင်မြတ်မောဂ္ဂလာန် ကြွတော်မူပါ၊ အသျှင်မြတ်မောဂ္ဂလာန် အသျှင်ဘုရား ကြွလာခြင်းသည် ကောင်းသော လာခြင်းဖြစ်ပါသည်၊ အသျှင်မောဂ္ဂလာန် ကြာမြင့်မှပင် ဤအရပ်သို့ ကြွလာတော်မူခြင်း၏ အလှည့်ကို ပြုတော်မူဘိ၏၊အသျှင်မောဂ္ဂလာန် ထိုင်တော်မူပါ ဤသည်ကား ခင်းထားအပ်သော နေရာပါတည်း”ဟု လျှောက်၏။

အသျှင်မဟာမောဂ္ဂလာန်သည် ခင်းထားအပ်သော နေရာ၌ ထိုင်၏၊ တိဿဗြဟ္မာသည်လည်း အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ထို တိဿဗြဟ္မာအား အသျှင်မဟာမောဂ္ဂလာန်သည်—

http://www.dhammadownload.com



"တိဿ အဘယ်နတ်တို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း 'ဥပါဒါန်အကြွင်းရှိ၏' ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း 'ဥပါဒါန်အကြွင်းမရှိ' ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်ပါသနည်း" ဟု မေး၏။

အသျှင်မောဂ္ဂလာန် ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်သော နတ်တို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိ၏" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းမရှိ" ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်ပါ၏ဟု (လျှောက်၏)။

တိဿ ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်သော နတ်အားလုံးတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်"ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်ပါသလောဟု (မေး၏)။

အသျှင်မောဂ္ဂလာန် ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်သော နတ်အားလုံးတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်"ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်"ဟူ၍ ဤသို့ သိသော ဉာဏ်သည် မဖြစ်ပါ၊ အသျှင်မောဂ္ဂလာန် မြတ်သောအသက်ရှည်ခြင်းဖြင့် ရောင့်ရဲကုန်သော မြတ်သော အဆင်းလှခြင်း မြတ်သော ချမ်းသာခြင်း မြတ်သော အခြံအရံ မြတ်သော ကြီးမှူးရခြင်းဖြင့် ရောင့်ရဲကုန်သော ဗြဟ္မာ့ဘုံ၌ ဖြစ်ကြသည့် နတ်ဗြဟ္မာတို့သည် ထို့ထက်လွန်သော ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိကုန်၊ ထိုနတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန် အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်" ဟူ၍ ဤသို့ သိသော ဉာဏ်သည် မဖြစ်ပါ။

အသျှင်မောဂ္ဂလာန် မြတ်သော အသက်ရှည်ခြင်းဖြင့် မရောင့်ရဲကုန်သော မြတ်သော အဆင်းလှခြင်း မြတ်သော ချမ်းသာခြင်း မြတ်သော အခြံအရံ မြတ်သော ကြီးမှူးရခြင်းဖြင့် မရောင့်ရဲကုန်သော ဗြဟ္မာ့ဘုံ၌ ဖြစ်ကြသည့် နတ်ဗြဟ္မာတို့သည် ထို့ထက်လွန်သော ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိကုန်၏၊ ထို နတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း"ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်"ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်၏။

အသျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် (ရူပကာယ နာမကာယ တည်းဟူသော) အဖို့ နှစ်ပါးမှ လွတ်၏၊ ထိုရဟန်းကို ထို နတ်ဗြဟ္မာတို့သည် ဤသို့ သိကြကုန်၏—

"ဤအသျှင်သည် အဖို့ နှစ်ပါးမှ လွတ်၏၊ ခန္ဓာကိုယ် တည်မည့် ကာလပတ်လုံးသာလျှင် ထိုအသျှင်ကို နတ်လူတို့ မြင်ကြရကုန်လိမ့်မည်၊ ခန္ဓာကိုယ် ပျက်ပြီးနောက် ထို အသျှင်ကို နတ်လူတို့ မြင်ကြရတော့မည်မဟုတ်ကုန်" ဟု (သိကြကုန်၏)။

အသျှင်မောဂ္ဂလာန် ဤသို့လည်း ထို နတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်" ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်၏။

အသျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် ပညာဖြင့် (ကိလေသာမှ) လွတ်၏၊ ထို ရဟန်းကို ထို နတ်ဗြဟ္မာတို့သည် ဤသို့ သိကြကုန်၏—

http://www.dhammadownload.com



"ဤအသျှင်သည် ပညာဖြင့် (ကိလေသာမှ) လွတ်၏၊ ခန္ဓာကိုယ် တည်မည့် ကာလပတ်လုံး သာလျှင် ထိုအသျှင်ကို နတ်လူတို့ မြင်ကြရကုန်လိမ့်မည်၊ ခန္ဓာကိုယ် ပျက်ပြီးနောက် ထိုအသျှင်ကို နတ်လူတို့ မြင်ကြရတော့မည် မဟုတ်ကုန်" ဟု (သိကြကုန်၏)။

အသျှင်မောဂ္ဂလာန် ဤသို့လည်း ထိုနတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်"ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်း မရှိသော ပုဂ္ဂိုလ်"ဟူ၍ ဤသို့ သိသော ဉာဏ်သည်ဖြစ်၏။

အသျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် (နာမ) ကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသူဖြစ်၏၊ ထိုရဟန်းကို နတ်ဗြဟ္မာတို့သည် ဤသို့ သိကုန်၏—

"ဤအသျှင်သည် (နာမ) ကာယဖြင့် နိဗ္ဗာန် မျက်မှောက်ပြုသူ ဖြစ်၏၊ ဤအသျှင်သည် အကယ်၍ မြတ်သော အကျင့်ကို ကျင့်ရန် သင့်လျော်ကုန်သော ကျောင်းတို့ကို မှီဝဲရလျက် အဆွေ ခင်ပွန်းကောင်းကို ဆည်းကပ်၍ ဣန္ဒြေတို့ကို အညီအညွတ် ဆောင်ရပါမူ ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ် အကျိုးကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်လျက် နေရာ၏" ဟု (သိကုန်၏)။

အသျှင်မောဂ္ဂလာန် ဤသို့လည်း ထိုနတ်တို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန် အကြွင်းမရှိသော ပုဂ္ဂိုလ်" ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်၏။

အသျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် သောတာပတ္တိမဂ်ဖြင့် (နိဗ္ဗာန်ကို မြင်သည့်အခြားမဲ့၌ အရဟတ္တဖိုလ်သို့) ရောက်၏။ပ။ သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်၏။ပ။

ပညာဖြင့် အထက်မဂ်ဖိုလ်သို့ အစဉ်လျှောက်သူဖြစ်၏၊ ထိုရဟန်းကို ထိုနတ်ဗြဟ္မာတို့သည် ဤသို့ သိကုန်၏—

"ဤအသျှင်သည် ပညာဖြင့် အထက် မဂ်ဖိုလ်သို့ အစဉ်လျှောက်သူဖြစ်၏၊ ဤအသျှင်သည် အကယ်၍ မြတ်သောအကျင့်ကို ကျင့်ရန် သင့်လျော်ကုန်သော ကျောင်းတို့ကို မှီဝဲရလျက် အဆွေ ခင်ပွန်းကောင်းကို ဆည်းကပ်၍ ဣန္ဒြေတို့ကို အညီအညွတ် ဆောင်ရပါမူ ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ် ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်လျက် နေရာ၏" ဟု (သိကုန်၏)။

အသျှင်မောဂ္ဂလာန် ဤသို့လည်း ထိုနတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်"ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း"ဥပါဒါန်အကြွင်း မရှိသော ပုဂ္ဂိုလ်"ဟူ၍ ဤသို့ သိသော ဉာဏ်သည် ဖြစ်၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် တိဿဗြဟ္မာလျှောက်ဆိုသော စကားကို အလွန် နှစ်သက်၍ အနုမောဒနာပြုပြီးလျှင် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်

http://www.dhammadownload.com



မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ထို့အတူ ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့၍ ဂိဇ္ဈကုဋ်တောင်၌ ထင်ရှားဖြစ်၏။

ထိုအခါ၌ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် တိဿဗြဟ္မာနှင့် အတူ စကားပြောဆိုသမျှ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်၏။

မောဂ္ဂလာန် သင့်အား တိဿဗြဟ္မာသည် ခုနစ်ယောက်မြောက်ဖြစ်သော အနိမိတ္တဝိပဿနာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်ကို မဟောကြားချေဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် ထိုခုနစ်ယောက်မြောက် ဖြစ်သော အနိမိတ္တဝိပဿနာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်ကို ဟောခြင်း၏ အခါဖြစ်ပါသည်၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အသျှင်ဘုရားသည် ထိုခုနစ်ယောက်မြောက် ဖြစ်သော ပုဂ္ဂိုလ်ကို ဟောခြင်း၏ အခါဖြစ်ပါသည်၊ မြတ်စွာဘုရားသည် ခုနစ်ယောက်မြောက် ဖြစ်သော ယင်းအနိမိတ္တဝိပဿနာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်ကို ဟောတော်မူရာ ပါ၏၊ မြတ်စွာ ဘုရားအထံတော်မှ နာကြားရ၍ ရဟန်းတို့သည် ဆောင်ကြပါကုန်လိမ့်မည် ဟု (လျှောက်၏)။

မောဂ္ဂလာန် သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားမည် ဟု (မိန့် တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။

မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် (နိစ္စ နိမိတ်စသည့်) နိမိတ်အားလုံးတို့ကို နှလုံးမသွင်းခြင်းကြောင့် (နိစ္စ စသည်) နိမိတ်မရှိသော စိတ်တည်ကြည်မှု သမာဓိကို ဝင်စား၍ နေ၏၊ ထိုရဟန်းကို ထိုနတ်ဗြဟ္မာတို့သည် ဤသို့ သိကုန်၏—

ဤ"အသျှင်သည် (နိစ္စနိမိတ်စသည့်) နိမိတ်အားလုံးတို့ကို နှလုံးမသွင်းခြင်းကြောင့် (နိစ္စစသည်) နိမိတ်မရှိသော စိတ်တည်ကြည်မှု သမာဓိကို ဝင်စား၍ နေ၏၊ ဤအသျှင်သည် အကယ်၍ မြတ်သော အကျင့်ကို ကျင့်ရန် သင့်လျော်ကုန်သော ကျောင်းတို့ကို မှီဝဲရလျက် အဆွေခင်ပွန်းကောင်း ကို ဆည်းကပ်၍ ဣန္ဒြေတို့ကို အညီအညွတ်ဆောင်ရပါမူ ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက် မှောက်ပြု၍ ရောက်လျက်နေရာ၏" ဟု (သိကုန်၏)။

မောဂ္ဂလာန် ဤသို့လျှင် ထိုနတ်ဗြဟ္မာတို့အား ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါ ဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်" ဟူ၍ ဥပါဒါန်အကြွင်းမရှိသော ပုဂ္ဂိုလ်၌လည်း "ဥပါဒါန်အကြွင်း မရှိသော ပုဂ္ဂိုလ်"ဟူ၍ သိသော ဉာဏ်အမြင်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-သီဟသေနာပတိသုတ်

၅၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သတင်းသုံး) နေတော်မူ၏။ ထိုအခါ သီဟအမည်ရှိသော စစ်သူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် ကိုယ်တိုင် သိမြင်ရသော အလှူ၏ အကျိုးကို ပညတ်ရန် တတ်နိုင်ပါ၏လော" ဟု (လျှောက်၏)။

သီဟ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင်လျှင် ပြန်၍ မေးဦးမည်၊ သင်နှစ်သက်သလို ထိုအမေးကို ဖြေကြားနိုင်ပေသည်။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ယောကျ်ား နှစ်ယောက်တို့ ရှိကုန်၏၊ (ထိုနှစ်ယောက်တို့တွင်) တယောက်သော ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တိုမှု ရှိ၏၊ အလွန်စေးနှဲ၏၊ (အလှူခံ ပုဂ္ဂိုလ်တို့အား) ဆဲရေးတတ်၏။

တယောက်သော ယောကျ်ားသည်ကား သဒ္ဓါတရားရှိ၏၊ အလှူရှင် ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ ရဟန္တာပုဂ္ဂိုလ်တို့သည် သနားစောင့်ရှောက်ကုန်သည်ရှိသော် (ထိုနှစ်ယောက်တို့တွင်) အဘယ်ပုဂ္ဂိုလ်ကို ရှေးဦးစွာ သနားစောင့်ရှောက် ကုန်ရာသနည်း။

သဒ္ဓါတရား မရှိ၊ ဝန်တို စေးနှဲလျက် (အလှူခံ ပုဂ္ဂိုလ်တို့အား) ဆဲရေးတတ်သော ယောကျ်ားကိုမူလည်း စောင့်ရှောက်ကုန်ရာသလော၊ သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားကိုမူလည်း စောင့်ရှောက်ကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် သနားစောင့်ရှောက် ကုန်သည်ရှိသော် သဒ္ဓါတရားမရှိ ဝန်တို စေးနှဲလျက် (အလှူခံပုဂ္ဂိုလ်တို့အား) ဆဲရေးတတ်သော ယောကျ်ားကို အဘယ့်ကြောင့် ရှေးဦးစွာ သနားစောင့်ရှောက်ကုန်ရာအံ့နည်း။

အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် သနားစောင့်ရှောက် ကုန်သည်ရှိသော် သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားကိုသာလျှင် ရှေးဦးစွာ သနားစောင့်ရှောက်ကုန်ရာပါ၏။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တိုမှုရှိ၏၊ အလွန်စေးနှဲ၏၊ (အလှူခံပုဂ္ဂိုလ်တို့အား) ဆဲရေးတတ်၏၊ အကြင် ယောကျ်ားသည် သဒ္ဓါတရားရှိ၏၊ အလှူရှင်ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ချဉ်းကပ်ကုန်သည်ရှိသော် (ထိုနှစ်ယောက်တို့တွင်) အဘယ်သူသို့ ရှေးဦးစွာ ချဉ်းကပ်ကုန်ရာသနည်း ဟု (မေး၏)။

http://www.dhammadownload.com



အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် ချဉ်းကပ်ကုန်သည်ရှိသော် သဒ္ဓါတရားမရှိ ဝန်တို စေးနှဲ ပြီးလျှင် အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ားကို ရှေးဦးစွာ အဘယ့်ကြောင့် ချဉ်းကပ်ကုန်ရာအံ့နည်း၊ အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် ချဉ်းကပ်ကုန်သည်ရှိသော် သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားကိုသာလျှင် ရှေးဦးစွာ ချဉ်းကပ်ကုန်ရာပါ၏ ဟု (လျှောက်၏)။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား ရှိ၏၊ အလှူရှင်ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် အလှူခံ ကုန်သည်ရှိသော် (ထိုနှစ်ယောက်တို့တွင်) အဘယ်သူ၏ အလှူကို ရှေးဦးစွာ အလှူခံကုန်ရာ သနည်း ဟု (မေး၏)။

အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် အလှူခံကုန်သည်ရှိသော် သဒ္ဓါတရားမရှိ ဝန်တို စေးနှဲ လျက် အလှူခံ ပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ား၏ အလှူကို ရှေးဦးစွာ အဘယ့် ကြောင့် အလှူခံကြကုန်ရာအံ့နည်း၊ အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် အလှူခံကုန်သည်ရှိသော် သဒ္ဓါတရားရှိ၍ အလှူရှင် ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ား၏ အလှူကိုသာလျှင် ရှေးဦးစွာ အလှူခံကုန်ရာပါ၏ ဟု (လျှောက်၏)။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင် သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ အလှူခံ ပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား ရှိ၏၊ အလှူရှင်ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟော ကုန်သည်ရှိသော် (ထိုနှစ်ယောက်တို့တွင်) ရှေးဦးစွာ အဘယ်သူအား ဟောကုန်ရာသနည်း ဟု (မေး၏)။

အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟောကုန်သည်ရှိသော် သဒ္ဓါတရား မရှိ ဝန်တို စေးနှဲလျက် အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ားအား ရှေးဦးစွာ အဘယ့်ကြောင့် ဟောကုန်ရာအံ့နည်း။

အသျှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟောကုန်သည်ရှိသော် သဒ္ဓါတရားရှိ၍ အလှူရှင် ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားအားသာလျှင် ရှေးဦးစွာ ဟောကုန်ရာပါ၏ ဟု (လျှောက်၏)။

သီဟ ထိုအရာကို သင် မည်သို့မှတ်ထင်သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရားမရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား ရှိ၏၊ အလှူရှင် ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ (ထိုနှစ်ယောက်တို့တွင်) အဘယ် သူ၏ကောင်းသော သတင်း ကျော်စောသံသည် ပြန့်နှံ့၍ တက်ရာသနည်း ဟု (မေး၏)။

အသျှင်ဘုရား သဒ္ဓါတရား မရှိ ဝန်တို စေးနှဲလျက် အလှူခံ ပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ား၏ ကောင်းသော သတင်း ကျော်စောသံသည် အဘယ့်ကြောင့် ပြန့်နှံ့၍ တက်လိမ့် မည်နည်း၊ အသျှင်ဘုရား သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန်ပေးလှူခြင်း၌ မွေ့လျော်

http://www.dhammadownload.com



သော ယောကျ်ား၏ ကောင်းသော သတင်း ကျော်စောသံသည်သာ ပြန့်နှံ့၍ တက်ရာပါ၏ ဟု (လျှောက်၏)။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား ရှိ၏၊ အလှူရှင်ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ (ထိုနှစ်ယောက်တို့တွင်) အဘယ် သူသည် မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်း ပရိသတ်သို့ဖြစ်စေ မည်သည့်ပရိသတ်သို့မဆို ချဉ်းကပ်ခဲ့သော် ရဲရဲဝံ့ဝံ့ ကြောက်ရွံ့ခြင်းကင်း မျက်နှာ ရွှင်ပျစွာ ချဉ်းကပ်ရာသနည်း ဟု (မေး၏)။

အသျှင်ဘုရား သဒ္ဓါတရား မရှိ ဝန်တို စေးနှဲလျက် အလှူခံ ပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ားသည် မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ မည်သည့်ပရိသတ်သို့မဆို ချဉ်းကပ်ခဲ့သော် ကြောက်ရွံ့ခြင်း ကင်းပြီးလျှင် မျက်နှာရွှင်လန်းလျက် အဘယ့်ကြောင့် ချဉ်းကပ်နိုင်လိမ့်မည်နည်း။

အသျှင်ဘုရား သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားသည်သာလျှင် မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိ သတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ မည်သည့်ပရိသတ်သို့ မဆို ချဉ်းကပ်ခဲ့သော် ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပျစွာ ချဉ်းကပ်နိုင်ပါ၏ ဟု (လျှောက်၏)။

သီဟ ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား မရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏၊ အကြင်ယောကျ်ားသည် သဒ္ဓါတရား ရှိ၏၊ အလှူရှင်ဖြစ်၏၊ အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်၏၊ (ထိုနှစ်ယောက်တို့တွင်) အဘယ် သူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရာ သနည်း ဟု (မေး၏)။

အသျှင်ဘုရား သဒ္ဓါတရား မရှိ ဝန်တို စေးနှဲလျက် အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်သော ယောကျ်ားသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ အဘယ့်ကြောင့် ရောက်နိုင်လိမ့်မည်နည်း၊ အသျှင်ဘုရား သဒ္ဓါတရားရှိ၍ အလှူရှင်ဖြစ်ပြီးလျှင် အဖန်ဖန် ပေးလှူခြင်း၌ မွေ့လျော်သော ယောကျ်ားသည်သာလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်နိုင်ရာပါ၏။

အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူအပ်ကုန်သော ကိုယ်တိုင် သိမြင်ရသည့်အလှူ ၏ အကျိုးတို့၌ တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်မှုဖြင့် ဆည်းကပ်သည် မဟုတ်ပါ၊ တပည့်တော်သည်ပင်လျှင် ထိုအလှူ၏ အကျိုးတို့ကို သိပါ၏၊ အသျှင်ဘုရား တပည့်တော်ကား ပေးလှူတတ်သူ အလှူရှင် ဖြစ်ပါသည်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် သနားစောင့်ရှောက်ကုန်သည် ရှိသော် တပည့်တော်ကို ရှေးဦးစွာ သနား စောင့်ရှောက်ကြပါကုန်၏၊ အသျှင်ဘုရားတပည့်တော် သည် ပေးလှူတတ်သူ အလှူရှင်ဖြစ်ပါသည်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ချဉ်းကပ်ကုန်သည်ရှိသော် တပည့်တော်ကို ရှေးဦးစွာ ချဉ်းကပ်ကြပါကုန်၏။ အသျှင်ဘုရား တပည့်တော်သည် ပေးလှူတတ်

http://www.dhammadownload.com



သူအလှူရှင်ဖြစ်ပါသည်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် အလှူခံကုန်သည်ရှိသော် တပည့်တော်၏ အလှူကို ရှေးဦးစွာ အလှူခံကြပါကုန်၏။

အသျှင်ဘုရား တပည့်တော်သည် ပေးလှူတတ်သူ အလှူရှင်ဖြစ်ပါသည်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟောကုန်သည်ရှိသော် တပည့်တော်ကို ရှေးဦးစွာ ဟောကြားပါကုန်၏။

အသျှင်ဘုရား တပည့်တော်သည် ပေးလှူတတ်သူ အလှူရှင်ဖြစ်ပါသည်၊ "သီဟစစ်သူကြီးသည် ပေးလှူတတ်၏၊ သံဃာအား ကျေးဇူးပြုတတ်၏၊ သံဃာ၏ အလုပ်အကျွေးတည်း."ဟု တပည့်တော်၏ ကောင်းသော သတင်းကျော်စောသံသည် ပြန့်နှံ့၍ တက်ပါ၏။

အသျှင်ဘုရား တပည့်တော်သည် ပေးလှူတတ်သူ အလှူရှင် ဖြစ်ပါသည်၊ မင်းပရိသတ်သို့ဖြစ်စေ။ပ။ မည်သည့်ပရိသတ်သို့ မဆို ချဉ်းကပ်ခဲ့သော် ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပျစွာ ချဉ်းကပ်ရပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူအပ်ကုန်သော ကိုယ်တိုင်သိမြင်ရသည့် အလှူ၏ အကျိုးတို့၌ တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် ဆည်းကပ်သည် မဟုတ်ပါ၊ တပည့်တော်သည်လည်း ယင်းဒါန၏ အကျိုးတို့ကို သိပါသည်။

အသျှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်ကို "သီဟ ပေးလှူတတ်သော အလှူရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏"ဟု ဟောပါ၏၊ ထိုစကားကို တပည့်တော် မသိပါ၊ ဤစကား၌မူကား မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် တပည့်တော် ဆည်းကပ်ပါ၏ ဟု (လျှောက်၏)။

သီဟ ဤစကားသည် ဤသို့ ဤအကျိုးသည် ဤအတိုင်း မှန်၏၊ သီဟ ဤအကျိုးသည် ဤအတိုင်း မှန်၏။

သီဟ အလှူပေးတတ်သော အလှူရှင်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အရက္ခေယျသုတ်

၃၀။ ရဟန်းတို့ မြတ်စွာဘုရားအား မစောင့်ရှောက်ရသော တရားတို့သည် ဤလေးမျိုးတို့တည်း၊ အကြောင်းသုံးမျိုးတို့ဖြင့်လည်း (မြတ်စွာဘုရားအား) မစွပ်စွဲအပ်။

မြတ်စွာဘုရားအား မစောင့်ရှောက်ရသော တရားလေးမျိုးတို့ဟူသည် အဘယ်တို့နည်း ဟူမူ---

ရဟန်းတို့ မြတ်စွာဘုရားသည် စင်ကြယ်သော ကိုယ်အကျင့် ရှိတော်မူ၏၊ "ငါ၏ ဤကာယဒုစရိုက်မှုကို သူတပါး မသိစေလင့်"ဟု (နှလုံးသွင်း၍) စောင့်ရှောက်ရသည့် ကာယဒုစရိုက်မျိုးသည် မြတ်စွာဘုရားအား မရှိ။

ရဟန်းတို့ မြတ်စွာဘုရားသည် စင်ကြယ်သော နှုတ်အကျင့် ရှိတော်မူ၏၊ "ငါ၏ ဤဝစီဒုစရိုက်မှုကို သူတပါး မသိစေလင့်"ဟု (နှလုံးသွင်း၍) စောင့်ရှောက်ရသည့် ဝစီဒုစရိုက်မျိုးသည် မြတ်စွာဘုရားအား မရှိ။

http://www.dhammadownload.com



ရဟန်းတို့ မြတ်စွာဘုရားသည် စင်ကြယ်သော စိတ်အကျင့်ရှိတော်မူ၏၊ "ငါ၏ ဤမနော ဒုစရိုက်မှုကို သူတပါး မသိစေလင့်"ဟု (နှလုံးသွင်း၍) စောင့်ရှောက်ရသည့် မနောဒုစရိုက်မျိုး သည် မြတ်စွာဘုရားအား မရှိ။

ရဟန်းတို့ မြတ်စွာဘုရားသည် စင်ကြယ်သော အသက်မွေးမှုရှိတော်မူ၏၊ "ငါ၏ ဤမှားယွင်း သော အသက်မွေးမှုကို သူတပါး မသိစေလင့်" ဟု (နှလုံးသွင်း၍) စောင့်ရှောက်ရသည့် မိစ္ဆာဇီဝ မျိုးသည် မြတ်စွာဘုရားအား မရှိ။

မြတ်စွာဘုရားအား မစောင့်ရှောက်ရသော တရားတို့သည် ဤလေးမျိုးတို့တည်း။

အဘယ် အကြောင်း သုံးမျိုးတို့ဖြင့် (မြတ်စွာဘုရားအား) မစွပ်စွဲအပ်သနည်း။

ရဟန်းတို့ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောထား၏၊ ထိုအရာ၌ သမဏ ဖြစ်စေ ပြာဟ္မဏ ဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ပြဟ္မာဖြစ်စေ လောက၌ မည်သူမဆို "ဤအကြောင်းကြောင့် အသျှင်သည် တရားတော်ကို ကောင်းစွာ ဟောသူ မဟုတ်"ဟု ဤသို့ ငါ့ကို အကြောင်းနှင့်တကွ စောဒနာနိုင်လိမ့်မည်ဟူသော အကြောင်းကို ငါမမြင်။ ရဟန်းတို့ ငါသည် ထိုအကြောင်းကို မမြင်သည် ဖြစ်၍ ဘေးမရှိခြင်းသို့ ရောက်သည် ကြောက်ရွံ့မှုကင်းခြင်းသို့ ရောက်သည် ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။

ရဟန်းတို့ တပည့်သာဝကတို့အား နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ငါကောင်းစွာ ပညတ် ထား၏၊ ပညတ်တော်မူတိုင်း ကျင့်ကုန်သော ငါ၏ တပည့်သာဝကတို့သည် အာသဝေါတရား တို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက် နေရကုန်၏၊ ထိုအရာ၌ သမဏဖြစ်စေ ပြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ပြဟ္မာဖြစ်စေ လောက၌ မည်သူမဆို "ဤအကြောင်းကြောင့် အသျှင် သည် တပည့်သာဝကတို့အား နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကောင်းစွာ ပညတ်ထားသည် မဟုတ်၊ ပညတ်တိုင်း ကျင့်ကြကုန်သော အသျှင်၏ တပည့်သာဝကတို့သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြု၍ ရောက်လျက် မနေရကုန်"ဟု ဤသို့ ငါ့ကို အကြောင်းနှင့် တကွ စောဒနာလိမ့်မည်ဟူသော အကြောင်းကို ငါမမြင်။ ရဟန်းတို့ ငါသည် ထိုအကြောင်းကို မမြင်သည်ဖြစ်၍ ဘေးမရှိခြင်းသို့ ရောက်သည် ကြောက်ရွံ့မှုကင်းခြင်းသို့ ရောက်သည် ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။

ရဟန်းတို့ အရာမက များစွာကုန်သော ငါ၏ တပည့်သာဝက ပရိသတ်တို့သည် အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြု၍ ရောက်လျက် နေကြရကုန်၏၊ ထိုအရာ၌ သမဏဖြစ်စေ ပြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ပြဟ္မာဖြစ်စေ လောက၌ မည်သူမဆို "ဤအကြောင်းကြောင့် အသျှင်၏ အရာမက များစွာကုန်သော တပည့်သာဝကပရိသတ်တို့သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်လျက် မနေရကုန်"ဟု ဤသို့ ငါ့ကို အကြောင်းနှင့်

http://www.dhammadownload.com



တကွ စောဒနာလိမ့်မည်ဟူသော ထိုအကြောင်းကို ငါမမြင်။ ရဟန်းတိ ငါသည် ထိုအကြောင်းကို မမြင်သည်ဖြစ်၍ ဘေးမရှိခြင်းသို့ ရောက်သည် ကြောက်ရွံ့မှုကင်းခြင်းသို့ ရောက်သည် ရဲရင့်ခြင်းသို့ ရောက်သည် ဖြစ်၍နေ၏။

ဤအကြောင်းသုံးမျိုးတို့ဖြင့် မြတ်စွာဘုရားအား မစွပ်စွဲအပ်။

ရဟန်းတို့ မြတ်စွာဘုရားအား မစောင့်ရှောက်ရသော တရားတို့သည် ဤလေးမျိုးတို့ဘည်း၊ ဤအကြောင်း သုံးမျိုးတို့ဖြင့် (မြတ်စွာဘုရားအား) မစွပ်စွဲအပ်ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-ကိမိလသုတ်

၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ကျည်းပင်တော၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်ကိမိလသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်တံ့နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ကိမိလ ဤလောက၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ တရားတော်၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ သံဃာတော်၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ အကျင့်သိက္ခာ၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ သမာဓိ၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ မမေ့လျော့မှု၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏၊ အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌ မရိုသေ မတုပ်ဝပ်မူ၍ နေကြကုန်၏။

ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်တံ့နိုင်ခြင်း၏ အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သူတော်ကောင်း တရား ကြာမြင့်စွာ တည်တံ့နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ် ပါနည်းဟု (လျှောက်၏)။

ကိမိလ ဤလောက၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ တရားတော်၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ သံဃာတော်၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ အကျင့်သိက္ခာ၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ သမာဓိ၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ မမေ့လျော့မှု၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏၊ အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌ ရိုသေမှု တုပ်ဝပ်မှု ရှိသည်ဖြစ်၍ နေကြကုန်၏။

http://www.dhammadownload.com



ကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့နိုင်ခြင်း၏ အကြောင်း အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သတ္တဓမ္မသုတ်

၂) ၆၀။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမြင့်မီ ပင်လျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေရာ၏။

အဘယ် ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရား ရှိ၏၊ သီလရှိ၏၊ အကြားအမြင်များ၏၊ တယောက်တည်း ကိန်းအောင်း၏၊ ထက်သန်သော လုံ့လရှိ၏၊ သတိနှင့် ပြည့်စုံ၏၊ ပညာရှိ၏။

ရဟန်းတို့ ဤတရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမြင့်မီပင်လျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။မျက်မှောက်ပြုလျက် ရောက်၍ နေရာ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပစလာယမာနသုတ်

၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့ကို ဘေးမဲ့ပေးရာ ဘေသကဠမည်သောတော၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင် မဟာမောဂ္ဂလာန်သည် မဂဓတိုင်း ကလ္လဝါဠပုတ္တရွာ၌ ငိုက်မျဉ်းလျက် ထိုင်နေတော်မူ၏၊ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် မဂဓတိုင်း ကလ္လဝါဠပုတ္တရွာ၌ ငိုက်မျဉ်းလျက် ထိုင်နေသော အသျှင်မဟာမောဂ္ဂလာန်ကို မြင်တော်မူ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်တန်းဘိသကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးလိုက်ဘိသကဲ့သို့ရင်း ထို့အတူ သာလျှင် ဘဂ္ဂတိုင်း သုသုမာရဂိရ မြို့ဝယ် သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ဘေသကဠမည်သော တောမှ ကွယ်ပျောက်ခဲ့၍ မဂဓတိုင်း ကလ္လဝါဠပုတ္တရွာ အသျှင်မဟာမောဂ္ဂလာန် ရှေ့၌ ထင်ရှားဖြစ်တော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးသော် အသျှင်မဟာမောဂ္ဂလာန်အား—

မောဂ္ဂလာန် သင်သည် ငိုက်မျဉ်းသလော၊မောဂ္ဂလာန် သင်သည် ငိုက်မျဉ်းသလောဟု မေးတော်မူ၏။

အသျှင်ဘုရား ငိုက်မျဉ်းသည် မှန်ပါ၏ဟု(လျှောက်၏)။

http://www.dhammadownload.com



မောဂ္ဂလာန် ထိုသို့ဖြစ်လျှင် အကြင်သို့သော သညာရှိလျက် နေသော သင့်အား ထိုမိဒ္ဓ 'ငိုက်မျဉ်းခြင်း' သည် သက်ဝင်၏၊ ထိုသညာကို နှလုံးမသွင်းလင့်၊ထိုသညာကို ကြိမ်ဖန်များစွာ မပြုလင့်၊မောဂ္ဂလာန် ဤသို့မိဒ္ဓသက်ဝင်ကြောင်း သညာကို နှလုံးမသွင်းမှု၍ နေသော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည်သာလျှင်တည်း။ (၁)

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် ကြားနာပြီး သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် လေလော့၊ အဖန်ဖန် သုံးသပ်လေလော့၊စိတ်ဖြင့် အဖန်ဖန် ရှုလေလော့၊ ထိုသို့ နေသော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည်သာလျှင်တည်း။ (၂)

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် ကြားနာပြီး သင်ယူပြီးသော တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကို ပြုလော့၊ ဤသို့ အကျယ်အားဖြင့် သရဇ္ဈာယ်၍ နေသော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည်သာလျှင်တည်း။ (၃)

ဤသို့ သရဇ္ဈာယ်၍ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် နားရွက်နှစ်ဘက်ဘို့ကို ဆွဲငင်ဘိလော့၊ လက်ဖြင့် ကိုယ်တို့ကိုသုံးသပ်ဘိလော့၊ ဤသို့ ပြုသော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည် သာလျှင်တည်း။ (၄)

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် နေရာမှထပြီးလျှင် ရေဖြင့် မျက်စိတို့ကို ပွတ်သပ်၍ အရပ်မျက်နှာတို့ကို ကြည့်လေလော့၊ နက္ခတ်တာရာတို့ကို ကြည့်လေလော့၊ ဤသို့ ကြည့်သော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည်သာလျှင်တည်း။ (၅)

ဤသို့ ကြည့်သော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် အလင်းရောင်ဟူသော အမှတ်ကို နှလုံးသွင်းလော့၊ နေ့ဟူသော အမှတ်သညာကို ဆောက်တည်လော့၊နေ့အခါ၌ကဲ့သို့ ထို့အတူ ညဉ့်၌လည်း(အလင်းရောင် သညာကို ဆောက်တည်လော့) ညဉ့်အခါ၌ကဲ့သို့ ထို့အတူ နေ့၌လည်း(အလင်းရောင်သညာကို ဆောက်တည်လော့) ဤသို့ မိဒ္ဓကင်းစင်၍ ထက်ဝန်းကျင် မြေးယှက်ခြင်းမရှိသော စိတ်ဖြင့် အရောင်နှင့်တကွဖြစ်သော စိတ်ကို ပွါးလေလော့၊ဤသို့ ပွါး၍နေသော သင့်အား မိဒ္ဓကင်း ပျောက်ကြောင်းသည် ရှိသည်သာလျှင်တည်း။ (၆)

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် နောက်နှင့်ရှေ့သို့ ရှေးရှုဆောင်သော သညာရှိသည် ဖြစ်၍ အတွင်း၌ တည်ကုန်သော ဣန္ဒြေတို့ဖြင့် အပ၌ မတည်သော စိတ်ဖြင့် စင်္ကြံသွားမှုကို ဆောက်တည်လေလော့၊ ဤသို့နေသော သင့်အား ထိုမိဒ္ဓ ကင်းပျောက်ကြောင်းသည် ရှိသည် သာလျှင်တည်း။ (၇)

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် လကျ်ာနံတောင်းဖြင့် လျောင်း၍ (လကျ်ာ) ခြေ၌

http://www.dhammadownload.com



(လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟူသော အမှတ်သညာကို ပြုကာ ခြင်္သေ့ကဲ့သို့ အိပ်ခြင်းကို ပြုလော့၊ မောဂ္ဂလာန် နိုးသောအခါ သင်သည် အိပ်မှုချမ်းသာ ဘယ်ပြောင်း ညာပြန် လည်းလျောင်းမှု ချမ်းသာကို အဖန်ဖန် အားထုတ်သည်ဖြစ်၍ မနေအံ့ဟု လျင်မြန်စွာ ထရာ၏။ မောဂ္ဂလာန် သင်သည် ဤသို့ ကျင့်ရမည်။ မောဂ္ဂလာန် ထို့ကြောင့် (ငါသည်)မြင့်သော မာနတည်းဟူသော နှာမောင်းကို ချီပင့်၍ ဒါယကာ အိမ်တို့သို့ မကပ်အံ့ဟု ဤသို့ ကျင့်ရမည်၊ မောဂ္ဂလာန် ရဟန်းသည် မြင့်သော မာနတည်းဟူသော နှာမောင်းကို ချီပင့်၍ ဒါယကာတို့ အိမ်သို့ ကပ်ရောက်ပါမူ၊ မောဂ္ဂလာန် ဒါယကာတို့၌ ပြုဖွယ်ကိစ္စတို့ ရှိကုန်၏၊ ယင်းပြုဖွယ် ကိစ္စတို့ကြောင့် လူတို့သည် ကြွလာသော ရဟန်းကို နှလုံးမသွင်းနိုင်ကုန်၊ထိုနှလုံးမသွင်းနိုင်ရာ၌ ရဟန်းအား ဤသို့ စိတ်အကြံဖြစ်ရာ၏—

"ယခုအခါ ငါ့ကို ဤအမျိုး၌ အဘယ်သူသည် ဖျက်ဆီးဘိသနည်း၊ယခုအခါ၌ ဤလူတို့သည် ငါ၌(ခင်မင်ခြင်း)ကင်းသော သဘောရှိကြကုန်၏"ဟု (ဤသို့ အကြံဖြစ်ရာ၏)။

ဤသို့ လာဘ်မရခြင်းကြောင့် နှလုံးမသာခြင်းသည် ဖြစ်ရာ၏၊ နှလုံးမသာသော သူအား စိတ်ပျံ့လွင့်မှု ဖြစ်ရာ၏၊ စိတ်ပျံ့လွင့်သောသူအား မစောင့်စည်းမှု ဖြစ်ရာ၏၊ မစောင့်စည်းသော သူ၏ စိတ်သည် သမာဓိမှ ဝေးကွာ၏။

မောဂ္ဂလာန် ထို့ကြောင့်(ငါသည်)ဆန့်ကျင်ဖက်စကားကို မပြောအံ့ဟု ဤသို့ ကျင့်ရမည်။ မောဂ္ဂလာန် ဆန့်ကျင်ဖက်စကား ရှိခဲ့သော် စကားများမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်၏၊စကားများမှု ရှိခဲ့သော် စိတ်ပျံ့လွင့်မှု ဖြစ်၏၊ စိတ်ပျံ့လွင့်သူအား မစောင့်စည်းမှု ဖြစ်၏၊ မစောင့်စည်းသောသူ၏ စိတ်သည် သမာဓိမှ ဝေးကွာ၏။

မောဂ္ဂလာန် ငါသည် အလုံးစုံသော အရာတို့နှင့် ဆက်ဆံမှုကို မချီးမွမ်း၊ အလုံးစုံသော အရာတို့နှင့် ဆက်ဆံမှုကိုသာ မချီးမွမ်းသည် မဟုတ်သေး၊ စင်စစ်သော်ကား ငါသည် လူ ရဟန်းတို့နှင့် ဆက်ဆံမှုကိုလည်း မချီးမွမ်း၊ အသံ နည်းကုန်သော ပြည်ရွာ တွန်သံမရှိကုန်သော လူတို့၏အငွေ့ အသက်ကင်းကုန်သော လူတို့ လျှို့ဝှက်မှုကိုပြုခြင်းငှါ ထိုက်ကုန်သော တယောက်တည်း ကိန်းအောင်းခြင်းငှါ လျောက်ပတ်သော သဘောရှိသည့် ကျောင်းတို့နှင့် ဆက်ဆံမှုကိုမူကား ချီးမွမ်း၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်ဆိုတော်မူသည်ရှိသော် အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တဏှာကုန်ရာ နိဗ္ဗာန်၌ အာရုံပြု၍ (ကိလေသာမှ) လွတ်သော စိတ်ရှိသူ၊စင်စစ် ပြီးဆုံးမှု ရှိသူ၊ စင်စစ်ယောဂလေးပါးဖြင့် ဘေးမရှိသူ၊ စင်စစ် မြတ်သောအကျင့်ကို ကျင့်သူ၊ စင်စစ် နိဗ္ဗာန်ဟု ဆိုအပ်သော အဆုံးရှိသူ၊ နတ်လူတို့ထက် 'မြတ်သူဖြစ်ပါသနည်း"ဟု လျှောက်၏။

မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် "တရားအလုံးစုံတို့ကို (တဏှာ,ဒိဋ္ဌိအစွမ်းဖြင့် နိစ္စ သုခ သုဘ အတ္တဟု)နှလုံးသွင်းရန် မသင့်"ဟု ကြားနာအပ်၏။ မောဂ္ဂလာန် ရဟန်းသည် "(ခန္ဓာ အာယတန ဓာတ်)တရား အလုံးစုံတို့ကို မှားသောအားဖြင့် နှလုံးသွင်းရန်

http://www.dhammadownload.com



မသင့်"ဟု ဤသို့သာလျှင် ထိုစကားကို ကြားနာအပ်၏၊ ထိုရဟန်းသည် တရားအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိ၏၊ တရားအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိ၍ တရားအလုံးစုံကို ပိုင်းခြား၍ သိ၏၊တရားအလုံးစုံကို ပိုင်းခြားသိ၍ သုခကိုဖြစ်စေ ဒုက္ခကိုဖြစ်စေ အဒုက္ခမသုခကိုဖြစ်စေ ဝေဒနာ ဟူသမျှကို ခံစား၏။ ထိုရဟန်းသည် ထိုဝေဒနာတို့၌ မမြဲဟု အဖန်ဖန်ရှု၍ နေ၏၊စွဲမက်ခြင်း ကင်းမှု'ဝိရာဂ'အားဖြင့် အဖန်ဖန်ရှု၍ နေ၏၊ ချုပ်မှု 'နိရောဓ' အားဖြင့် အဖန်ဖန်ရှု၍ နေ၏၊ တဖန်စွန့်မှု 'ပဋိနိဿဂ္ဂ' အားဖြင့် အဖန်ဖန်ရှု၍ နေ၏၊ ထိုရဟန်းသည် ထိုဝေဒနာတို့၌ မမြဲဟု အဖန်ဖန်ရှု၍ နေသည်ရှိသော် စွဲမက်ခြင်း ကင်းမှု 'ဝိရာဂ'အားဖြင့် အဖန်ဖန်ရှု၍ နေသည်ရှိသော် ချုပ်မှု 'နိရောဓ'အားဖြင့် အဖန်ဖန်ရှု၍ နေသည်ရှိသော် တဖန်စွန့်မှု 'ပဋိနိဿဂ္ဂ'အားဖြင့် အဖန်ဖန် ရှု၍ နေသည်ရှိသော် လောက၌ တစုံတခုသော တရားကိုမျှ(တဏှာ ဒိဋ္ဌိအစွမ်းဖြင့်) မစွဲလမ်း၊ မစွဲလမ်းခဲ့သော် တဏှာတည်းဟူသော တပ်မက်မှုမရှိ၊ တပ်မက်မှုမရှိခဲ့သော် အသီးအခြားပင်လျှင် ကိလေသာငြိမ်း၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု (သိ၏)။

မောဂ္ဂလာန် ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တဏှာကုန်ရာ '(နိဗ္ဗာန်) ၌ အာရုံပြု၍ (ကိလေသာမှ) လွတ်သော စိတ်ရှိသူ စင်စစ် ပြီးဆုံးမှုရှိသူ စင်စစ် ယောဂလေးပါးဖြင့် ဘေးမရှိသူ စင်စစ် မြတ်သော အကျင့်ကို ကျင့်သူ စင်စစ် နိဗ္ဗာန်ဟု ဆိုအပ်သော ပြီးဆုံးမှုရှိသူ နတ်လူတို့ထက် မြတ်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-မေတ္တသုတ်

၆၂။ ရဟန်းတို့ ကုသိုလ်ကောင်းမှုတို့ကို မကြောက်ကြလင့်၊ ရဟန်းတို့ ကုသိုလ်ကောင်းမှုတို့ ဟူသော အမည်သည် ချမ်းသာသုခ၏ အမည်တည်း။

ရဟန်းတို့ ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ပြုအပ်ကုန်သော ကောင်းမှုတို့၏ ကြာမြင့်စွာသော ကာလပတ်လုံး အလိုရှိဖွယ် နှစ်လိုဖွယ် မြတ်နိုးဖွယ်သော အကျိုးထူးကို ခံစားဘူးသည့် အဖြစ်ကို သိ၏၊ ခုနစ်နှစ်တို့ပတ်လုံး မေတ္တာနှင့်ယှဉ်သော ချစ်စိတ်ကို ပွါးဘူးပြီ၊ ခုနစ်နှစ်တို့ပတ်လုံး မေတ္တာနှင့်ယှဉ်သော စိတ်ကို ပွါးစေ၍ ခုနစ်ခုသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်တို့ပတ်လုံး ဤလူ့ပြည်သို့ တဖန် မလာပြီ၊ ရဟန်းတို့ သံဝဋ္ဋကပ်သောကာလ ပျက်သည်ရှိသော် ငါသည် အာဘဿရဘုံသို့ ကပ်ရောက်ရ၏၊ ဝိဝဋ္ဋကပ်သောကာလ တည်ပြန်သည်ရှိသော် ဆိတ်သုံးသော (ပဌမဈာန်)ဗြဟ္မာ့ဗိမာန်၌ ဖြစ်၏။ ရဟန်းတို့ ထိုပဌမဈာန် ဗြဟ္မာ့ဗိမာန်၌ ငါသည် ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာ ဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ် (အလုံးစုံကို) မြင်သူ ဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏။ ရဟန်းတို့ ငါသည် နတ်တို့ကို အစိုးရသော သိကြားမင်း သုံးဆယ့်ခြောက်ကြိမ် ဖြစ်ဘူး၏၊ အကြိမ်တရာမက တရားစောင့်သော တရားနှင့် အညီ မင်းပြုသော သမုဒ္ဒရာ လေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော

http://www.dhammadownload.com



ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်ခဲ့၏၊ ရဟန်းတို့ (ထိုစကြဝတေးမင်းဖြစ်သော) ငါ့အား ဤရတနာ ခုနစ်ပါး ၌သည် ဖြစ်ပေါ်ကုန်၏။ ဤသည်ကား အဘယ်နည်း၊ စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ, သူဌေးရတနာ, ခုနစ်ခုမြောက် သားကြီး ရတနာတို့တည်း၊ ထို(စကြဝတေးမင်းဖြစ်သော ငါ့အား) ရဲရင့်သော သူရဲကောင်း အင်္ဂါရုပ်ရှိသော တဖက်စစ်သည်တို့ကို နှိပ်နင်းနိုင်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏။ ထိုငါသည် သမုဒ္ဒရာ အဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးခဲ့ပြီ ဟု (မိန့်တော်မူ၏)။

ချမ်းသာကို ရှာမှီးကြကုန်သော သူတော်ကောင်းတို့ ကုသိုလ်ကောင်းမှုတို့၏ အကျိုးကို ရှုကြလော့၊ ရဟန်းတို့ ခုနစ်နှစ်တို့ပတ်လုံး မေတ္တာစိတ်ကို ပွါးများ၍ သံဝဋ္ဋကပ် ဝိဝဋ္ဋကပ် ခုနစ်ခုတို့ပတ်လုံး ဤလူ့လောကသို့ တဖန် မလာပြီ။ သြကာသလောက ပျက်သည်ရှိသော် အာဘဿရဘုံသို့ ကပ်ရောက်၍ ဖြစ်ရ၏။

လောကသည် အသစ်တဖန် တည်ပြန်လတ်သော် ဆိတ်သုံးသော ပဌမဈာန် ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ ထိုအခါ၌ မိမိအလိုသို့ သူတပါးကို လိုက်စေနိုင်သော မဟာဗြဟ္မာ ခုနစ်ကြိမ် ဖြစ်ဘူး၏။

နတ်တို့ကို အစိုးရသော သိကြားမင်း သုံးဆယ့်ခြောက်ကြိမ် ဖြစ်၍ နတ်၏ မင်းအဖြစ်ကို ပြုဘူး၏၊ ဇမ္ဗူဒိပ်ကျွန်းအပြင်ကို အစိုးရသော စကြာမင်း ဖြစ်ဘူး၏။

ဦးသိပ်၌ အဘိသိက်သွန်းအပ်သော မြေကို အစိုးရသော လူငတို့၏ အကြီးအမှူးဖြစ်သော မင်းဖြစ်ဘူး၏။ ဒုတ်မဆောင် လက်နက်မဆောင်ပဲ ဤမြေပြင်ကို အောင်နိုင်၏။ (ငါသည်) ဤမြေပြင်၌ တရားနှင့် အညီ မင်းပြု၍ နိုင်ငံထက်မှု မပြုပဲ တရားနှင့် ညီစွာ ဆုံးမခဲ့ပြီ။

ငါသည် ကာမဂုဏ် အလုံးစုံတို့နှင့်ငင်း ရတနာ ခုနစ်ပါးတို့နှင့်ငင်း ပြည့်စုံသော များသော ဥစ္စာ များသော အသုံးအဆောင်ရှိသော ကြွယ်ဝသော အမျိုး၌ ဖြစ်ဘူးပြီ။

လောက၌ လူတို့ကို ချီးမြှောက်ထောက်ပံ့တတ်ကုန်သော မြတ်စွာဘုရားတို့ ရှိကုန်၏၊ ထိုဘုရားရှင်တို့သည်လည်း ဤကောင်းမှုသည် ကြီးမားသော အကျိုး၏ အကြောင်း ပင်တည်း၊ ငါ၏ မြေအပြင်ကို အစိုးရသော မင်း အဖြစ်သည် မပျက်စီး၊ များပြားလှသော အသုံးအဆောင် အဆောက်အဦးရှိသော ဇရှိန်အဝါ ကြီးမားသော မင်း ဖြစ်၏၊ ဇမ္ဗူဒိပ် မြေအပြင်ကို အစိုးရသော တန်ခိုးနှင့် ပြည့်စုံသော အခြံအရံနှင့် ပြည့်စုံသော မင်းဖြစ်၏ ဟု ဤတရားကို ကောင်းစွာ ဟောကြားတော်မူအပ်၏။

ဤတရားကို ကြားနာရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိနိုင်ရာအံ့နည်း၊ မည်းညစ်သော သဘောရှိသော သူသော်မှုလည်း ကြည်ညိုလေရာ၏၊ ထို့ကြောင့် အကျိုးစီးပွါးကို အလိုရှိသူသည် ကြီးမားသော အကျိုးကို အလိုရှိသည်ဖြစ်၍ ဘုရားရှင်တို့၏ အဆုံးအမတော်ကို အောက်မေ့လျက် သူတော်ကောင်းတရားကို အလေးအမြတ် ပြုအပ်၏။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဘရိယာသုတ်

၆၃။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် အနာထပိဏ်သူဌေး၏ အိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ ထိုအခါ၌ အနာထပိဏ်သူဌေး၏ အိမ်၌ လူတို့သည် ပြင်းပြကျယ်လောင်သော အသံ ရှိကြကုန်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—

သူကြွယ် သင့်အိမ်၌ လူတို့သည် ငါးကို လုယက်ကြသော တံငါတို့ကဲ့သို့ အဘယ်အကြောင်းကြောင့် ပြင်းပြကျယ်လောင်သော အသံ ရှိကြကုန်သနည်း ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤသုဇာတာမည်သော အိမ်သူ ချွေးမကို ကြွယ်ဝချမ်းသာသော အမျိုးမှ ဆောင်ယူခဲ့ပါ၏၊ ထိုချွေးမသည် ယောက္ခမ မိန်းမသူကို (ယောက္ခမ မိန်းမသူဟူ၍) အမှတ်မပြု၊ ယောက္ခမ ယောကျ်ားသူကို (ယောက္ခမ ယောကျ်ားသူဟူ၍) အမှတ် မပြု၊ လင်ယောကျ်ားကို (လင်ယောကျ်ားဟူ၍) အမှတ် မပြု၊ မြတ်စွာဘုရားကိုသော်လည်း အရိုအသေ မပြု၊ အလေး အမြတ်မပြု၊ မမြတ်နိုး မပူဇော်ပါ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် သုဇာတာမည်သော အိမ်သူ ချွေးမကို "သုဇာတာ လာခဲ့ဦး" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား ကောင်းလှပါပြီ" ဟု သုဇာတာမည်သော အိမ်သူ ချွေးမသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော သုဇာတာမည်သော အိမ်သူ ချွေးမအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

သုဇာတာ လင်ယောကျ်ား၏ မယားတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

သူသတ်နှင့် တူသော မယား၊ ခိုးသူနှင့် တူသော မယား၊ အရှင်နှင့် တူသော မယား၊ အမိနှင့် တူသော မယား၊ နှမနှင့် တူသော မယား၊ အဆွေခင်ပွန်းနှင့် တူသော မယား၊ ကျွန်မနှင့်တူသော မယားတို့တည်း။

သုဇာတာ လင်ယောကျ်ား၏ မယားတို့သည် ဤခုနစ်မျိုးတို့ဘည်း။

ထိုခုနစ်မျိုးသော မယားတို့တွင် သင်သည် အဘယ် မယားမျိုးနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် တပည့်တော်မ မသိနိုင်ပါ၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရာ အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် တပည့်တော်မ သိနိုင်လောက်အောင် ဟောကြားတော်မူပါ ဟု (လျှောက်၏)။

သုဇာတာ ထိုသို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းပါပြီ" ဟု သုဇာတာမည်သော အိမ်သူ ချွေးမသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏—

"လင်ယောကျ်ားဏ် အကြင်မယားသည် ဒေါသ ဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ အစီးအပွါးကို အစဉ်စောင့်ရှောက်လေ့ မရှိပဲ မိမိလင်မှ တခြားသော ယောကျ်ားတို့၌ တပ်မက်မောလျက် မိမိလင်ကို (မရှိမသေ) မထီမဲ့မြင် အောက်မေ့၏၊ ဥစ္စာဖြင့် ဝယ်သူကို သတ်ရန် (အားထုတ်သကဲ့သို့) အားထုတ်တတ်၏၊ ဤသို့ သဘောရှိသော ထိုမယားကို သူသတ်မ ဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၁)

လင်ယောကျ်ား၏ အကြင်မယားသည် မိမိ၏ အရှင်သခင်ဖြစ်သူ လင်ယောကျ်ားသည် အတတ်ပညာကိုငင်း ကုန်သွယ်ခြင်းကိုငင်း လယ်လုပ်ခြင်းကိုငင်း ဆောက်တည်(စီရင်)၍ ရအပ်သော ဥစ္စာအနက် အနည်းငယ်မျှသော ဥစ္စာကိုသော်လည်း အပြင်သို့ ဆောင်ယူခြင်းငှါ အလိုရှိ၏၊ ဤသို့ သဘောရှိသော ထိုမယားကို ခိုးသူမ ဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၂)

လင်ယောကျ်ား၏ အကြင်မယားသည် အလုပ်အကိုင် လုပ်ရန် အလိုမရှိ၊ ပျင်းရိ၏၊ အစားကြီး၏၊ စိတ်လည်း ကြမ်းတမ်း၏၊ ကိုယ်အမူအရာလည်း ကြမ်းတမ်း၏။ ကြမ်းတမ်းသော စကားတို့ကိုလည်း ဆိုတတ်၏၊လုံ့လ ဝီရိယရှိသော လင်ကိုလည်း နှိပ်စက်လွှမ်းမိုး၍ ကျင့်တတ်၏၊ ဤသို့ သဘောရှိသော ထိုမယားကို အရှင်သခင်မ ဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၃)

လင်ယောကျ်ား၏ အကြင်မယားသည် အခါခပ်သိမ်း အစီးအပွါးကို အစဉ်စောင့်ရှောက်လေ့ရှိ၏၊ အမိသည် သားကို အစဉ်စောင့်ရှောက်သကဲ့သို့ လင်ကို အစဉ်စောင့်ရှောက်တတ်၏၊ ထို့ကြောင့် ထိုလင်ယောကျ်ား ဆည်းပူးရှာဖွေအပ်သော ဥစ္စာကို စောင့်ရှောက်၏၊ ဤသို့ သဘောရှိသော ထိုမယားကို အမိဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၄)

လင်ယောကျ်ား၏ အကြင်မယားသည် အစ်မကြီး နှမငယ်သည် မောင်၌ ရိုသေသကဲ့သို့ ထို့အတူ မိမိလင်၌ ရိုသေ၏၊အရှက်နှင့်ယှဉ်သော စိတ်ရှိ၏၊ လင်၏ အလိုသို့ လိုက်တတ်၏၊ ဤသို့ သဘောရှိသော ထိုမယားကို အစ်မ နှမဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၅)

လင်ယောကျ်ား၏ အကြင်မယားသည် ဤလောက၌ အဆွေခင်ပွန်းသည် ကြာမြင့်မှ ရောက်လာသော အဆွေခင်ပွန်းကို မြင်၍ လွန်စွာ ဝမ်းမြောက်သကဲ့သို့ လင်ကို မြင်၍ လွန်စွာ ဝမ်းမြောက်၏၊အမျိုးနှင့် ပြည့်စုံ၏၊သီလရှိ၏၊ လင်၌ ရိုသေစွာ ကျင့်တတ်၏၊ဤသို့ သဘောရှိသော ထိုမယားကို အဆွေခင်ပွန်းဟူ၍ငင်း မယားဟူ၍ငင်း ဆိုအပ်၏။ (၆)

လင်ယောကျ်ား၏ အကြင်မယားသည် (လင်ယောကျ်ားက) တုတ်လှံင်ကန်ကို ကိုင်၍ သတ်ပုတ်ခြင်းဖြင့် ခြိမ်းခြောက်အပ်သော်လည်း အမျက်ထွက်ခြင်း ထိတ်လန့်ခြင်းမရှိ၊ (ဒေါသဖြင့်) မပြစ်မှားသော စိတ်ရှိ၏၊ လင်ကို သည်းခံတတ်၏၊ အမျက်ထွက်ခြင်း မရှိ၊

http://www.dhammadownload.com



လင်၏ အလိုသို့ လိုက်တတ်၏၊ဤသို့ သဘောရှိသော ထိုမယားကို ကျွန်မဟူ၍ရင်း မယား ဟူ၍ရင်း ဆိုအပ်၏။ (၇)

ဤလောက၌ အကြင်မယားကို သူသတ်နှင့်တူသော မယား ခိုးသူနှင့်တူသော မယား အရှင်နှင့်တူသော မယားဟု ဆိုအပ်၏၊ သီလမရှိသော သဘောရှိ၍၊ ကြမ်းကြုတ်သော သဘောရှိ၍၊ လင်ကို ရိုသေခြင်း မရှိ၊ ထိုမယားမျိုးဘို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည်မှ နောက်၌ ငရဲသို့ လားရကုန်၏။ (၁-၃)

ဤလောက၌ အကြင်မယားကို အမိနှင့်တူသော မယား နှမနှင့်တူသော မယား အဆွေခင်ပွန်းနှင့်တူသော မယား ကျွန်မနှင့်တူသော မယားဟု ဆိုအပ်၏၊ သီလ၌ တည်သော သဘောရှိ၍၊ ကြာမြင့်စွာသော ကာလပတ်လုံး စောင့်စည်းတတ်၏၊ ထို မယားမျိုးတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ လားရကုန်၏”ဟု(မိန့်တော်မူ၏)။ (၄-၇)

သုဇာတာ လင်ယောကျ်ား၏ မယားတို့သည် ဤခုနစ်မျိုးတို့ပင်တည်း၊ ထိုမယား ခုနစ်မျိုး တို့တွင် သင်သည် အဘယ် အမျိုးအစားနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် ယနေ့မှစ၍ တပည့်တော်မကို လင်ယောကျ်ား၏ ကျွန်မနှင့် တူသော မယားဟူ၍ မှတ်တော်မူပါဟု(လျှောက်၏)။

ဒသမသုတ်။

---

## ၁၁-ကောဓနေသုတ်

၆၄။ ရဟန်းတို့ ရန်သူဘို့ နှစ်သက်အပ်ကုန်၍ ရန်သူတို့၏ အကျိုးကို ပြုတတ်ကုန်သော ဤတရား၇ခုနစ်မျိုးတို့သည် အမျက်ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ ရန်သူသည် ရန်ဘက်ဖြစ်သူအား “ဤသူသည် အဆင်းမလှပါမူကား ကောင်းလေရာ၏”ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းဘို့ ရန်သူ သည် ရန်ဘက်ဖြစ်သူ၏ အဆင်းလှခြင်း၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော ဤ ယောကျ်ား ပုဂ္ဂိုလ်ကို အမျက်ဒေါသသည် နှိပ်စက်အပ်၏၊ အမျက်ဒေါသသည် အစဉ်လိုက်အပ်၏၊ ထိုအမျက်ထွက်သော ပုဂ္ဂိုလ်သည် အကယ်၍ ကောင်းစွာ ရေချိုးအပ် ကောင်းစွာ လိမ်းကျံအပ် သည်ဖြစ်၍ ဆံမုတ်ဆိတ်ကို ရိတ်ပြီးလျှင် ကောင်းမွန် ဖြူစင်သော အဝတ်ကို ဝတ်ဆင်ရစေကာမူ ထိုသူသည် အမျက်ဒေါသ နှိပ်စက်အပ်သည်ဖြစ်၍ အဆင်းမလှသည်သာလျှင် ဖြစ်၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူတို့၏ အကျိုးကို ပြုတတ်သော ဤပဌမ သဘောသည် အမျက် ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာ၏။

ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား “ဤသူသည် ဆင်းရဲစွာ အိပ်နေ ရပါမူ ကောင်းလေရာ၏”ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့

http://www.dhammadownload.com



ရန်သူသည် ရန်ဘက်ဖြစ်သူ၏ ချမ်းသာစွာ အိပ်နေရခြင်း၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော ဤယောကျ်ား ပုဂ္ဂိုလ်ကို အမျက်ဒေါသသည် နှိပ်စက်အပ်၏၊ အမျက်ဒေါသသည် အစဉ်လိုက်အပ်၏။ ထိုအမျက်ထွက်သော ပုဂ္ဂိုလ်သည် အကယ်၍ ပလ္လင်မွေးရှည် ကောဇောကြီး ပန်းပြောက်ခြယ် သားမွေးအခင်း ဝံပိုင့်ရေအခင်းမြတ်(နီသော)မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့၌ အိပ်၍ နေရစေကာမူ ထိုသူသည် အမျက်ဒေါသ နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲစွာသာလျှင် အိပ်နေရ၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူတို့၏ အကျိုးစီးပွါးကို ပြုတတ်သော ဤဒုတိယသဘောသည် အမျက်ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာ၏။

ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား "ဤသူသည် အကျိုးစီးပွါးများပြားစွာ ဖြစ်ထွန်းမှုရှိသူ မဖြစ်ပါမူကား ကောင်းလေရာ၏"ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရန်သူသည် ရန်ဘက်ဖြစ်သူ၏ အကျိုးစီးပွါးရှိမှု၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော ဤယောကျ်ား ပုဂ္ဂိုလ်ကို အမျက်ဒေါသသည် နှိပ်စက်အပ်၏၊ အမျက်ဒေါသသည် အစဉ်လိုက်အပ်၏၊ အကျိုးစီးပွါး မရှိသည်ကို ယူ၍မူလည်း "ငါသည် အကျိုးစီးပွါးရှိသည်ကို ယူအပ်ပြီ"ဟု မှတ်ထင်၏၊ အကျိုးစီးပွါးရှိသည်ကို ယူ၍မူလည်း "ငါသည် အကျိုးစီးပွါးမရှိသည်ကို ယူအပ်ပြီ"ဟု မှတ်ထင်၏၊ အမျက်ဒေါသ နှိပ်စက်အပ်သော ထိုသူအား အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကုန်၍ ယူအပ်ကုန်သော ဤတရားတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်ကုန်၏။ ရဟန်းတို့ ရန်သူဘို့ နှစ်သက်အပ်၍ ရန်သူတို့၏ အကျိုးကို ပြုတတ်သော ဤတတိယသဘောသည် အမျက်ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာ၏။

ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား "ဤသူသည် စည်းစိမ်ဥစ္စာရှိသူ မဖြစ်ပါမူ ကောင်းလေရာ၏"ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရန်သူသည် ရန်ဘက်ဖြစ်သော သူ၏ စည်းစိမ်ဥစ္စာရှိမှု၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော အမျက်ဒေါသသည် နှိပ်စက်အပ်သော အမျက်ထွက်ခြင်းဖြင့် အစဉ်လိုက်သော ထိုယောကျ်ား၏ ထကြွလုံ့လဖြင့် ရအပ်ကုန်သော လက်ရုံးအားကိုး ဆည်းပူးအပ်ကုန်သော ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန် တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ကိုလည်း မင်းတို့သည် မင်း၏ ဘဏ္ဍာတိုက်၌ သွင်းကုန်၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူ၏ အကျိုးကို ပြုတတ်သော ဤစတုတ္ထသဘောသည် အမျက်ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာ၏။

ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား "ဤသူသည် အခြံအရံရှိသူ မဖြစ်ပါမူ ကောင်းလေရာ၏"ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရန်သူသည် ရန်ဘက်ဖြစ်သူ၏ အခြံအရံရှိမှု၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော ဤယောကျ်ား ပုဂ္ဂိုလ်ကို အမျက်ဒေါသသည် နှိပ်စက်အပ်၏၊ အမျက်ဒေါသသည် အစဉ်လိုက်အပ်၏၊ ထိုပုဂ္ဂိုလ်အား မမေ့လျော့ခြင်းဖြင့် ရအပ်သော အခြံအရံမှုလည်း အမျက်ထွက်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပျက်စီး၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူတို့၏ အကျိုးကိုပြုတတ်သော ဤ၂ဥ္စမသဘောသည် အမျက်ထွက်သော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာ၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား "ဤသူသည် အဆွေခင်ပွန်း ရှိသူ မဖြစ်ပါမူ ကောင်းလေရာ၏"ဟု အလိုရှိ၏။ ဤသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရန်သူသည် ရန်ဘက်ဖြစ်သူ၏ အဆွေခင်ပွန်းရှိမှု၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော အမျက်ထွက်ခြင်းဖြင့် နှိပ်စက်အပ်သော အမျက်ထွက်ခြင်းဖြင့် အစဉ်လိုက်သော ဤယောကျ်ားပုဂ္ဂိုလ်ကို အဆွေခင်ပွန်း အကျွမ်းဝင်သူ ဆွေမျိုး သားချင်းတို့သည်လည်း ဝေးစွာ ရှောင်ကြဉ်ကုန်၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူတို့၏ အစီးအပွါးကို ပြုတတ်သော ဤဆဋ္ဌသဘောသည် အမျက်ထွက်သော မိန်းမသို့ငှါး ယောကျ်ားသို့ငှါး ရောက်လာ၏။

ရဟန်းတို့ နောက်တမျိုးကား ရန်သူသည် ရန်ဘက်ဖြစ်သူအား "ဤသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျ ရောက်ရာ ငရဲသို့ ကျရောက်ပါမူကား ကောင်းလေရာ၏"ဟု အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရန်သူသည် ရန်ဘက်ဖြစ်သော သူ၏ သုဂတိဘုံသို့ရောက်မှု၌ မနှစ်သက်။ ရဟန်းတို့ အမျက်ထွက်လေ့ရှိသော အမျက်ထွက်ခြင်းဖြင့် နှိပ်စက်အပ်သော အမျက် ထွက်ခြင်းဖြင့် အစဉ်လိုက်သော ဤယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၏၊ ထိုအမျက်ထွက်သူသည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ အမျက်ထွက်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ရောက်ရ၏။ ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်၍ ရန်သူတို့၏ အကျိုးကို ပြုတတ်သော ဤသတ္တမ သဘောသည် အမျက်ထွက်သော မိန်းမသို့ငှါး ယောကျ်ားသို့ငှါး ရောက်လာ၏။

ရဟန်းတို့ ရန်သူတို့ နှစ်သက်အပ်ကုန်၍ ရန်သူတို့၏ အကျိုးစီးပွါးကို ပြုတတ်ကုန်သော ဤတရားခုနစ်မျိုးတို့သည် အမျက်ထွက်သော မိန်းမသို့ငှါး ယောကျ်ားသို့ငှါး ရောက်လာကုန်၏ ဟု (ဟောတော်မူ၏)။

အမျက်ထွက်လေ့ရှိသူသည် အဆင်းမလှ၊ ထိုသူသည် ဆင်းရဲစွာလည်း အိပ်ရ နေရ၏၊ ထိုမှတပါး အကျိုးစီးပွါးရှိ၏ဟု မှတ်ယူ၍ အကျိုးစီးပွါးမဲ့သည့် အဖြစ်သို့ ရောက်၏။

အမျက်ထွက်တတ်သော အမျက်ဒေါသ နှိပ်စက်အပ်သော ယောကျ်ားသည် ထိုအမျက်ထွက်မှုကြောင့် ကိုယ်နှုတ်ဖြင့် သတ်ပုတ်ညှဉ်းဆဲမှုကို ပြု၍ ဥစ္စာ၏ ဆုံးရှုံးခြင်းသို့ ရောက်၏။

အမျက်ဒေါသတည်းဟူသော ယစ်ခြင်းဖြင့် ယစ်သော ယောကျ်ားသည် အခြံအရံ အကျော်အစော မရှိသည့် အဖြစ်သို့ ရောက်၏၊ ဆွေမျိုးမိတ်သင်္ဂဟတို့သည်ငှါး ချစ်ကျွမ်း ဝင်ကုန်သော သူတို့သည်ငှါး အမျက်ထွက်သူကို ရှောင်ကြဉ်ကုန်၏။

အမျက်ဒေါသသည် အကျိုးစီးပွါးမဲ့ကို ဖြစ်စေတတ်၏၊ အမျက်ဒေါသသည် စိတ်ကို ဖျက်ဆီးတတ်၏၊ စိတ်၏ အတွင်း၌ ဘေးကိုဖြစ်စေတတ်၏၊ ထိုသို့သော အကြောင်းကို ပညာနည်းသူ အပေါင်းသည် မသိချေ။

http://www.dhammadownload.com



အမျက်ထွက်သူသည် အကျိုးစီးပွါးကို မသိနိုင်၊ အမျက်ထွက်သူသည် အကြောင်းတရားကို မမြင်နိုင်၊ အမျက်ဒေါသသည် သတ္တဝါကို နှိပ်စက်သော အခါ အလွန်မိုက်မဲမှုသည်ဖြစ်၏။

အမျက်ထွက်သော သူသည် ပြုနိုင်ခဲသော အမှုကို ပြုလွယ်သော အမှုကဲ့သို့ ချွတ်ယွင်းစေ၏၊ ထိုသူသည် နောက်အခါ၌ အမျက်ဒေါသ ပြေပျောက်သည်ရှိသော် မီးလောင်သကဲ့သို့ ပူပန်ရ၏။

အကြင်အမျက်ဒေါသကြောင့် သတ္တဝါတို့သည် အမျက်ထွက်ကုန်၏၊ ထိုအမျက်ဒေါသသည် အကြင်အခါ၌ ဖြစ်ပေါ်၏၊ ထိုအခါ၌ မီးသည် တထောင်းထောင်းထသော အခိုးကို ပြဘိသကဲ့သို့ အရှိန်အစော်ကင်းမဲ့သော မျက်နှာရှိသည့် အဖြစ်ကို ပြ၏။

ထိုအမျက်ထွက်သူအား ရှက်မှု ထိတ်လန့်မှု မရှိ၊ ထိုအမျက်ထွက်သူသည် (ဆုံးမအပ်သော) စကားကို ရိုသေမှု မရှိ၊ အမျက်ဒေါသနှိပ်စက်သော သူအား မှီခိုရာ တစုံတရာမျှ မဖြစ်နိုင်ချေ။

ပူပန်သောက ရောက်စေတတ်ကုန်သော အကြင် (အဖသတ်ခြင်းစသော) ကံတို့သည်, သမထ ဝိပဿနာ တရားတို့မှ ဝေးကွာကုန်၏၊ ထိုအကြောင်းကံဘို့ကို ဟုတ်ဟိုင်းမှန်စွာ ပြောကြားပေအံ့၊ ထိုစကားကို နာကြကုန်လော့။

အမျက်ထွက်သူသည် အဖကို သတ်တတ်၏၊ အမျက်ထွက်သူသည် အမိကို သတ်တတ်၏၊ အမျက်ထွက်သူသည် ရဟန္တာကို သတ်တတ်၏၊ အမျက်ထွက်သူသည် ပုထုဇဉ်ကို သတ်တတ်၏။

အမိမွေးမြူအပ်သော သားသည် ဤလောကကို တွေ့မြင်ရ၏၊ အသက်ကို ပေးတတ်သည့် ငြိမ်းအေးသော ထိုအမိကိုသော်လည်း အမျက်ထွက်သူ ပုထုဇဉ်သည် သတ်တတ်၏။

ထိုသတ္တဝါတို့သည် ကိုယ်ချင်းစာ၍ တရားရှိကြကုန်၏၊ မိမိကိုယ်ကိုသာလျှင် လွန်စွာချစ်အပ်၏၊ အမျက်ထွက်သူသည် အမျိုးမျိုးသော အာရုံတို့၌ တွေဝေသည်ဖြစ်၍, အကြောင်း အမျိုးမျိုးတို့ကြောင့် မိမိကိုယ်ကို သတ်တတ်၏။

မိမိကိုယ်ကို သန်လျက်ဖြင့် သတ်ကုန်၏၊ တွေဝေကုန်သည် ဖြစ်၍ အဆိပ်ကို စားကုန်၏၊ ကြိုးဖြင့်နှောင်ဖွဲ့၍ သေကုန်၏၊ တောင်ပေါ်မှသော်၎င်း ချောက်ထဲသို့ သော်၎င်း (ခုန်ချ၍) သေကုန်၏။

စီးပွါးချမ်းသာကို ဖျက်ဆီးတတ် မိမိကိုယ်ကို သေစေတတ်သည့် အမှုတို့ကို ပြုကုန်သော်လည်း မသိရှိကြကုန်၊ အမျက်ထွက်ခြင်းသဘောသည် ပျက်စီးကြောင်းဖြစ်၏၊ ဤဒေါသသည် ကောဓအသွင်ဖြင့် ဖြစ်၏၊ (နှလုံးအိမ်) ဂူ၌ ကိန်း၏၊ သေမင်း၏ ကျော့ကွင်းသဖွယ်ဖြစ်၏၊ ထိုဒေါသကို ပညာ ဝီရိယ သမ္မာဒိဋ္ဌိ (ပညာ)ဟူသော ဆုံးမခြင်းဖြင့် ပယ်ဖြတ်ရာ၏။

ပညာရှိသည် ထိုအကုသိုလ်ကို အကြွင်းမဲ့ ပယ်ဖြတ်သကဲ့သို့ ထိုအတူသာလျှင် ငါတို့အား နှလုံးမသာယာ မျက်နှာမရွှင်သော အဖြစ်သည် မဖြစ်စေလင့်ဟု နှလုံးပြုပြီးလျှင် ကုသိုလ်တရားတို့ကို ကျင့်ကုန်ရာ၏။

http://www.dhammadownload.com



ဒေါသကင်းကွာ၍ ပင်ပန်းခြင်း မရှိကုန်သော လောဘကင်းကွာ၍ ငြူစူမှုမရှိကုန်သော ယဉ်ကျေးကုန်သော ပုဂ္ဂိုလ်တို့သည် အမျက်ဒေါသကို ပယ်ဖျောက်လျက် အာသဝေါတရား မရှိကုန်မူ၍ ကိလေသာ ငြိမ်းအေးကြလေကုန်သတည်း။

ကောဒသမသုတ်။

ခြောက်ခုမြောက် အဗျာကတဝဂ် ပြီး၏။

---

## ၇-မဟာဝဂ် ၁-ဟိရီဩတ္တပ္ပသုတ်

၆၅။ ရဟန်းတို့ ဟိရီဩတ္တပ္ပတရားမရှိခဲ့လျှင် ဟိရီဩတ္တပ္ပ ချို့တဲ့သော ရဟန်းအား ဣန္ဒြိယသံဝရသီလသည် ပျက်စီးရသော အကြောင်းရှိ၏၊ ဣန္ဒြိယသံဝရ သီလ မရှိခဲ့လျှင် ဣန္ဒြိယသံဝရသီလ ချို့တဲ့သော ရဟန်းအား ပါတိမောက္ခသံဝရ သီလ သည် ပျက်စီးရသော အကြောင်းရှိ၏၊ ပါတိမောက္ခသံဝရသီလ မရှိခဲ့လျှင် ပါတိမောက္ခသံဝရသီလ ချို့တဲ့သော ရဟန်းအား သမ္မာသမာဓိသည် ပျက်စီးရသော အကြောင်းရှိ၏၊ သမ္မာသမာဓိ မရှိခဲ့လျှင် သမ္မာသမာဓိချို့တဲ့သော ရဟန်းအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် 'ယထာဘူတဉာဏဒဿန' သည်ပျက်စီးရသော အကြောင်းရှိ၏၊ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် မရှိခဲ့လျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ချို့တဲ့သော ရဟန်းအား ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဝဋ်ဆင်းရဲ၌ တပ်ခြင်းကင်းသော ဝိရာဂဉာဏ်သည် ပျက်စီးရသော အကြောင်းရှိ၏၊ နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်မရှိခဲ့လျှင် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်ချို့တဲ့သော ရဟန်းအား အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ပျက်စီးရသော အကြောင်း ရှိ၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်သည် အခက် အရွက် ပျက်စီးခဲ့လျှင် ထိုသစ်ပင်၏ အပွေးတို့သည်လည်း ပြည့်စုံခြင်းသို့ မရောက်၊ အခွံသည်၎င်း အကာသည်၎င်း အနှစ်သည်၎င်း ပြည့်စုံခြင်းသို့ မရောက်။ ရဟန်းတို့ ဤဥပမာအတူသာလျှင် ဟိရီဩတ္တပ္ပတရားမရှိခဲ့လျှင် ဟိရီဩတ္တပ္ပချို့တဲ့သော ရဟန်းအား ဣန္ဒြိယသံဝရ သီလသည် ပျက်စီးရသော အကြောင်းရှိ၏၊ဣန္ဒြိယသံဝရ သီလ မရှိခဲ့လျှင် ဣန္ဒြိယသံဝရ သီလ ချို့တဲ့သော ရဟန်းအား ပါတိမောက္ခသံဝရ သီလသည် ပျက်စီးရသော အကြောင်းရှိ၏၊ပါတိမောက္ခသံဝရသီလ မရှိခဲ့လျှင် ပါတိမောက္ခသံဝရ သီလ ချို့တဲ့သော ရဟန်းအား သမ္မာသမာဓိသည် ပျက်စီးရသော အကြောင်းရှိ၏၊ သမ္မာသမာဓိ မရှိခဲ့လျှင် သမ္မာသမာဓိချို့တဲ့သော ရဟန်းအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် 'ယထာဘူတဉာဏဒဿန'သည် ပျက်စီးရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်မရှိခဲ့လျှင် ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ချို့တဲ့သော ရဟန်းအား ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဝဋ်ဆင်းရဲ၌ တပ်ခြင်းကင်းသော ဝိရာဂဉာဏ်သည် ပျက်စီးရသော အကြောင်းရှိ၏၊ နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် မရှိခဲ့လျှင် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်ချို့တဲ့သော ရဟန်းအား အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ပျက်စီးရသော အကြောင်းရှိ၏။

ရဟန်းတို့ ဟိရီဩတ္တပ္ပတရားရှိခဲ့လျှင် ဟိရီဩတ္တပ္ပနှင့် ပြည့်စုံသော ရဟန်းအား ဣန္ဒြိယသံဝရသီလသည် ပြည့်စုံရသော အကြောင်းရှိ၏၊ဣန္ဒြိယ သံဝရသီလ ရှိခဲ့လျှင် ဣန္ဒြိယ သံဝရသီလ

http://www.dhammadownload.com



နှင့်ပြည့်စုံသော ရဟန်းအား ပါတိမောက္ခ သံဝရသီလသည် ပြည့်စုံရသော အကြောင်းရှိ၏၊ ပါတိမောက္ခသံဝရသီလ ရှိခဲ့လျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသော ရဟန်းအား သမ္မာသမာဓိသည် ပြည့်စုံရသော အကြောင်းရှိ၏၊ သမ္မာသမာဓိ ရှိခဲ့လျှင် သမ္မာသမာဓိနှင့် ပြည့်စုံသော ရဟန်းအား ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ရှိခဲ့လျှင် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင်ရှိသော ရဟန်းအား နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်သည် ပြည့်စုံရသော အကြောင်းရှိ၏၊ နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်ရှိခဲ့လျှင် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်နှင့် ပြည့်စုံသော ရဟန်းအား အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် အမြင်သည် ပြည့်စုံရသော အကြောင်းရှိ၏။ ရဟန်းတို့ ဥပမာသော်ကား သစ်ပင်သည် အခက် အရွက်တို့နှင့် ပြည့်စုံခဲ့လျှင် ထိုသစ်ပင်၏ အပေွးသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏၊ အခွန်သည်ရင်း အကာသည်ရင်း အနှစ်သည်ရင်း ပြည့်စုံခြင်းသို့ရောက်၏၊ ရဟန်းတို့ ဤဥပမာအတူသာလျှင် ဟိရီဩတ္တပ္ပ ရှိခဲ့လျှင် ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံသော ရဟန်းအား ဣန္ဒြိယသံဝရသီလသည် ပြည့်စုံရသော အကြောင်းရှိ၏။ပ။ အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည်လည်း ပြည့်စုံရသော အကြောင်းရှိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သတ္တသူရိယသုတ်

၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် အမ္ဗပါလီ သရက်ဥယျာဉ်၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သင်္ခါရ တရားတို့သည် မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရ တရားတို့သည် အမြဲမတည်ကြကုန်၊ ရဟန်းတို့ သင်္ခါရ တရားတို့သည် သာယာအပ်သော သဘောမရှိကြကုန်၊ ရဟန်းတို့ အလုံးစုံသော သင်္ခါရတရားတို့၌ အလွန်လျှင် ငြီးငွေ့ထိုက်ကုန်၏၊ တပ်ခြင်းကင်းရန် ထိုက်ကုန်၏၊ (သင်္ခါရ တရားတို့မှ) ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ မြင်းမိုရ်တောင်မင်းသည် အလျားအားဖြင့် ယူဇနာ ရှစ်သောင်းလေးထောင် ရှည်လျား၏၊ အနံအားဖြင့် ယူဇနာ ရှစ်သောင်းလေးထောင် ကျယ်၏၊ ယူဇနာ ရှစ်သောင်းလေးထောင်တိုင်တိုင် မဟာသမုဒ္ဒရာ၌ နစ်မြုပ်၏၊ ယူဇနာ ရှစ်သောင်းလေးထောင်တိုင်တိုင် မဟာသမုဒ္ဒရာမှ ပေါ်တက်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသော အခါကို လွန်သဖြင့် များစွာသောနှစ် များစွာသော နှစ်အရာ နှစ်အထောင် နှစ်အသိန်းတို့ပတ်လုံး မိုးမရွာ၊ ထိုမိုးမရွာသောအခါမျိုး ရှိသည်သာလျှင်တည်း။ ရဟန်းတို့ မိုးမရွာလျှင် ဤဗီဇဂါမ်ဘူတဂါမ် ဖြစ်ကုန်သည့် ဆေးသစ်ပင် မြက်သစ်ပင်

http://www.dhammadownload.com



တောဝစိုးသစ်ပင် ဟူသမျှတို့သည် ခြောက်သွေ့ကုန်၏၊ အထူးသဖြင့် ခြောက်သွေ့ကုန်၏၊ မဖြစ်ပွါးကုန်။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ အမြဲမတည်ကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသောအခါကိုလွန်သဖြင့် နှစ်ခုမြောက်သော နေသည် ထွက်ပေါ်၏၊ ထိုနေနှစ်စင်း ထွက်သောအခါမျိုး ရှိသည်သာလျှင်တည်း။ ရဟန်းတို့ နှစ်ခုမြောက်သောနေ ထွက်ပေါ်လာခြင်းကြောင့် မြစ်ငယ် အိုင်ငယ်ဟူသမျှအားလုံးတို့သည် ခန်းခြောက်ကုန်၏၊ အထူးသဖြင့် ခန်းခြောက်ကုန်၏၊ (ရေတစက်မျှ) မရှိကုန်။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသော အခါကို လွန်သဖြင့် (နှစ်ခုမြောက်သော နေ ပေါ်ပြီးနောက်) သုံးခုမြောက်သော နေသည် ထွက်ပေါ်လာ၏၊ ထိုနေ သုံးစင်းထွက်ပေါ်သော အခါမျိုးသည် ရှိသည်သာလျှင်တည်း၊ ရဟန်းတို့ သုံးခုမြောက်သော နေ ထွက်ပေါ်လာခြင်းကြောင့် ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော အလုံးစုံသော မြစ်ကြီးငါးစင်းတို့သည် ခန်းခြောက်ကုန်၏၊ အထူးသဖြင့် ခန်းခြောက်ကုန်၏၊ (ရေတစက်မျှ) မရှိကုန်။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသော အခါကို လွန်သဖြင့် (သုံးခုမြောက်သောနေ ထွက်ပေါ်ပြီးနောက်) လေးခုမြောက် နေသည် ထွက်ပေါ်လာ၏၊ ထို နေ လေးစင်း ထွက်ပေါ်လာသော အခါမျိုးသည် ရှိသည်သာလျှင်တည်း။ ရဟန်းတို့ လေးခုမြောက် နေ ထွက်ပေါ်လာခြင်းကြောင့် အနောတတ္တ သီဟပပါတ ရထကာရ ကဏ္ဏမုဏ္ဍ ကုဏာလ ဆဒ္ဒန္တ မန္ဒာကိနီဟူသော ဤအိုင်ကြီးတို့သည် ရှိကုန်၏၊ ယင်းအိုင်ကြီးတို့မှ မြစ်ကြီးတို့သည် စီးကုန်၏၊ ထိုရေအိုင်ကြီး ခုနစ်အိုင်တို့သည် ခန်းခြောက်ကုန်၏၊ အထူးသဖြင့် ခန်းခြောက်ကုန်၏၊ (ရေတစက်မျှ)မရှိကုန်။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသော အခါကို လွန်သဖြင့် (လေးခုမြောက် နေ ထွက်ပေါ်ပြီးနောက်) ငါးခုမြောက်နေသည် ထွက်ပေါ်လာ၏၊ ထိုနေငါးစင်း ထွက်ပေါ်လာသောအခါမျိုးသည် ရှိသည်သာလျှင်တည်း။ ရဟန်းတို့ ငါးခုမြောက် နေ ထွက်ပေါ်လာခြင်းကြောင့် မဟာသမုဒ္ဒရာ၌ ယူဇနာ တရာလောက်သော ရေတို့သည် ယုတ်လျော့ကုန်၏၊ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာ လေးရာ ယူဇနာငါးရာ ယူဇနာခြောက်ရာ ယူဇနာခုနစ်ရာလောက်မျှသော ရေတို့သည် ယုတ်လျော့ကုန်၏၊ ထန်းပင် ခုနစ်ပြန်လောက်မျှသာလျှင် မဟာသမုဒ္ဒရာ၌ ရေသည် တည်၏၊ ခြောက်ပြန် ငါးပြန် လေးပြန် သုံးပြန် နှစ်ပြန် ထန်းပင်တပြန်လောက်မျှသာလျှင် ရေသည် တည်၏၊ လက်ခုပ် ခုနစ်ဖောင်လောက်မျှသာလျှင် မဟာသမုဒ္ဒရာ၌ ရေသည် တည်၏၊ လက်ခုပ် ခြောက်ဖောင် ငါးဖောင် လေးဖောင် သုံးဖောင် နှစ်ဖောင် တဖောင် လက်ခုပ် ဖောင်ဝက်မျှလောက်သာလျှင် ခါးလောက်မျှသာလျှင် ဒူးလောက်မျှသာလျှင် ခြေကျင်းဝတ်'ဖမျက်'မျှလောက်သာလျှင် ရေသည် တည်၏။ ရဟန်းတို့ ဥပမာသော်ကား' တန်ဆောင်မုန်းလ အခါ၌ မိုးကြီးသည်းထန်စွာ ရွာသည် ရှိသော် ထိုထိုအရပ်ဝယ် နွားခြေရာတို့၌ ရေတည်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ထိုထို

http://www.dhammadownload.com



အရပ်၌ ခြေကျင်းဝတ် 'ဖမျက်' မျှလောက်ကုန်သော ရေတို့သည်သာ မဟာသမုဒ္ဒရာ၌ တည်ကုန်၏၊ ရဟန်းတို့ ငါးစင်းမြောက် နေ ထွက်ပေါ်လာခြင်းကြောင့် သမုဒ္ဒရာ၌ ရေသည် လက်တဆစ်လောက်မျှ မရှိတော့ချေ။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသော အခါကို လွန်သဖြင့် (ငါးစင်းမြောက် နေ ထွက်ပေါ်လာပြီးနောက်) ခြောက်စင်းမြောက် နေသည် ထွက်ပေါ်လာ၏၊ ထိုနေခြောက်စင်း ထွက်ပေါ်လာသောအခါမျိုး ရှိသည်သာလျှင်တည်း။ ရဟန်းတို့ ခြောက်ခုမြောက် နေ ထွက်ပေါ်လာခြင်းကြောင့် ဤမဟာပထဝီ မြေကြီးသည်၎င်း မြင်းမိုရ်တောင်မင်းသည်၎င်း အခိုးထွက်ကုန်၏၊ လွန်စွာ အခိုးထွက်ကုန်၏၊ လွန်စွာ အထွေထွေ အပြားပြား အခိုးထွက်ကုန်၏။ ရဟန်းတို့ အိုးထိန်းသည်တို့၏ အိုးဖုတ်ရာဖြစ်သော အိုးဖိုကို မီးတိုက်သည်ရှိသော် ရှေးဦးစွာ အခိုးထွက်သကဲ့သို့ လွန်စွာ အခိုး ထွက်သကဲ့သို့ လွန်စွာ အထွေထွေ အပြားပြား အခိုး ထွက်သကဲ့သို့ ဤအတူသာလျှင် ခြောက်စင်းမြောက် နေ ထွက်ပေါ်ခြင်းကြောင့် ဤမဟာပထဝီ မြေကြီးသည်၎င်း မြင်းမိုရ်တောင်မင်းသည်၎င်း အခိုးထွက်ကုန်၏၊ လွန်စွာ အခိုး ထွက်ကုန်၏၊ လွန်စွာ အထွေထွေ အပြားပြား အခိုး ထွက်ကုန်၏။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်။ပ။ ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ တရံတခါ ရှည်လျားသောအခါကို လွန်သဖြင့် (ခြောက်စင်းမြောက် နေ ထွက်ပေါ်ပြီးနောက်) ခုနစ်စင်းမြောက် နေသည် ထွက်ပေါ်လာ၏၊ ထိုနေ ခုနစ်စင်း ထွက်ပေါ်လာသော အခါမျိုးသည် ရှိသည်သာလျှင်တည်း။ ရဟန်းတို့ ခုနစ်ခုမြောက် နေ ထွက်ပေါ်ခြင်းကြောင့် ဤမဟာပထဝီ မြေကြီးသည်၎င်း မြင်းမိုရ်တောင်မင်းသည်၎င်း အလျှံညီးညီး မီးခဲကြီး ဖြစ်ကုန်၏၊ အလျှံတပြောင်ပြောင် တောက်လောင်ကုန်၏၊ (လောကဓာတ်ကြီး အတွင်း၌) တစပ်တည်းသော မီးတောက် မီးလျှံကြီးတို့ ဖြစ်ပေါ်လာကုန်၏၊ ရဟန်းတို့ မီးတောက်လောင်သော မီးလောင်ကျွမ်းသော ဤမြေကြီး၏၎င်း မြင်းမိုရ်တောင်မင်း၏၎င်း မီးတောက် မီးလျှံသည် လေဟုန် ပင့်တင်အပ်သည် ဖြစ်၍ ဗြဟ္မာ့ပြည်တိုင်အောင် တက်ရောက်၏၊ ရဟန်းတို့ တောက်လောင်နေသော လောင်ကျွမ်းနေသော ကြီးမားသည့် မီးအစု နှိပ်စက်အပ်သည် ဖြစ်၍ ပျက်စီးနေသော မြင်းမိုရ်တောင်ကြီး၏ ယူဇနာ တရာရှိ (ကျောက်လွှာ) ကျောက်ထွဋ်ကြီးတို့သည်လည်း ပြိုကွဲပျက်စီးကုန်၏၊ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာရှိ(ကျောက်လွှာ) ကျောက်ထွဋ်တို့သည်လည်း ပျက်စီးကုန်၏၊ ရဟန်းတို့ တောက်လောင်နေသော လောင်ကျွမ်းနေသော ဤမဟာပထဝီမြေကြီး၏၎င်း မြင်းမိုရ်တောင်မင် ၏၎င်း ပြာကို မတွေ့မြင်ရတော့ချေ၊ မီးသွေးကို မတွေ့မြင်ရတော့ချေ၊ ရဟန်းတို့ တောက်လောင်နေသော လောင်ကျွမ်းနေသော ထောပတ်၏၎င်း ဆီ၏၎င်း ပြာကိုမတွေ့မြင်ရ မီးသွေးကို မတွေ့မြင်ရသကဲ့သို့ ရဟန်းတို့ ဤဥပမာအတူသာလျှင် တောက်လောင်နေသော လောင်ကျွမ်းနေသော ဤမဟာပထဝီ မြေကြီး၏၎င်း မြင်းမိုရ်တောင်မင်း၏၎င်း ပြာနှင့် မီးသွေးကို မတွေ့မြင်ရတော့ချေ။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ အမြဲမတည်ကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့ သာယာအပ်သော သဘောမရှိကြကုန်။ ရဟန်းတို့ အလုံးစုံသော သင်္ခါရတရားတို့၌ အလွန်လျှင် ငြီးငွေ့ထိုက်ကုန်၏၊ တပ်ခြင်းကင်းရန် သင့်၏၊ (သင်္ခါရတရားတို့မှ) ကျွတ်လွတ်ရန် ထိုက်ကုန်၏။

ရဟန်းတို့ "ဤမဟာပထဝီ မြေကြီးသည်၎င်း မြင်းမိုရ်တောင်မင်းသည်၎င်း လောင်ကျွမ်းကုန်လတ္တံ့ ပျက်စီးကုန်လတ္တံ့ (ဘာတခုမျှ)မရှိကုန်လတ္တံ့"၊ ရဟန်းတို့ ထိုအရာ၌ နိဗ္ဗာန်ကို မြင်ပြီ

http://www.dhammadownload.com



ကုန်သော အရိယာပုဂ္ဂိုလ်တို့ကို ထား၍ အဘယ်သူသည် သိနိုင်လိမ့်မည်နည်း၊ အဘယ်သူသည် ယုံကြည်နိုင်လိမ့်မည်နည်း။

ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား အယုဂဝါဒ တီထွင်သော ကာမဂုဏ်တို့၌(ဝိက္ခမ္ဘနပဟာန်ဖြင့်) စွဲမက်မှု ကင်းသော သုနေတ္တမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏၊ရဟန်းတို့ သုနေတ္တဆရာကြီးအား အရာမက များစွာကုန်သော တပည့်တို့သည် ရှိကုန်၏၊ ရဟန်းတို့ သုနေတ္တဆရာကြီးသည် တပည့်တို့အား ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရား ဟော၏။ ရဟန်းတို့ သုနေတ္တဆရာကြီးသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရား ဟောသည်ရှိသော် အဆုံးအမကို အကုန်အစင် သိကုန်သော တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ ဗြဟ္မာ့ပြည်သို့ ရောက်ကုန်၏၊ အဆုံးအမကို အကုန်အစင် မသိကုန်သော တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ အချို့သော သူတို့သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် နိမ္မာနရတိ နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် တုသိတာ နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် ယာမာ နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် တာဝတိံသာ နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် စတုမဟာရာဇ် နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်ကုန်၏၊ အချို့သော သူတို့သည် ဥစ္စာများပြားသော မင်းမျိုး၌ ဖြစ်ကုန်၏၊ အချို့သော သူတို့သည် ဥစ္စာများပြားသော ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၏၊ အချို့သော သူတို့သည် ဥစ္စာများပြားသော သူဌေးမျိုး၌ ဖြစ်ကုန်၏။

ရဟန်းတို့ ထိုအခါ၌ သုနေတ္တဆရာကြီးအား ဤအကြံသည် ဖြစ်၏—

“တမလွန်ဘဝ၌ တပည့်တို့နှင့် လားရာ ‘ဂတိ’ တူမျှသော အဖြစ်မျိုးသည် ငါ့အား မသင့်တော်၊ အကယ်၍ ငါသည် (ပဋ္ဌမဈာန်ထက် လွန်မြတ်သော) မေတ္တာကို ပွါးများရပါမူ ကောင်းလေရာ၏”ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ၌ သုနေတ္တဆရာကြီးသည် ခုနစ်နှစ်တို့ပတ်လုံး မေတ္တာနှင့်ယှဉ်သော ဈာန်စိတ်ကို ပွါးများ၍ သံဝဋ္ဋ ဝိဝဋ္ဋကပ် ခုနစ်ခုတို့ပတ်လုံး ဤကာမဘုံသို့ တဖန် ပြန်မလာပြီ၊ရဟန်းတို့ လောကပျက်သည်ရှိသော် အာဘဿရဗြဟ္မာ့ဘုံသို့ ရောက်၏၊လောကတည်ပြန်လျှင် ဆိတ်သုံးသော ပဋ္ဌမဈာန် ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ ရဟန်းတို့ ထိုပဋ္ဌမဈာန် ဗြဟ္မာ့ဘုံ၌ မြတ်သော ဗြဟ္မာမင်းကြီး ဖြစ်၍ သူတပါးတို့ကို လွှမ်းမိုးနိုင်ပြီးလျှင် သူတပါးတို့က မလွှမ်းမိုးနိုင်ပဲ စင်စစ် မြင်စွမ်းနိုင်သော သူတပါးတို့ကို မိမိအလိုသို့ လိုက်စေနိုင်သော ဗြဟ္မာဖြစ်၏။

ရဟန်းတို့ နတ်တို့ကို အစိုးရသော သိကြားမင်း သုံးဆယ့်ခြောက်ကြိမ် ဖြစ်၏၊ အကြိမ်တရာမက စကြာရတနာကို လည်စေတတ်သော တရားစောင့်သော တရားမင်းဖြစ်သော သမုဒ္ဒရာလေးစင်းအဆုံးရှိသော မြေကို အစိုးရသော စစ်မြေပြင်ကို အောင်ပြီးသော ဇနပုဒ်၌ မြဲမြံသည်၏အဖြစ်သို့ ရောက်သော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်းဖြစ်၏၊ ထိုစကြာမင်းအား ရဲရင့်၍ လုံ့လ ဝီရိယ ရှိကုန်သော သူတပါးစစ်သည်ကို နှိမ်နင်းရန် စွမ်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထိုစကြာမင်းသည် သမုဒ္ဒရာအဆုံးရှိသော (စကြာ

http://www.dhammadownload.com



ဥဿာတောင်ကို အပိုင်းအခြားပြု၍ တည်သည့်) ဤမြေကြီးကို ဒဏ်မထားပဲ လက်နက်မကိုင် တရားဖြင့်သာလျှင် အောင်မြင်၍ စိုးအုပ်လျက် နေ၏။

ရဟန်းတို့ ထို သုနေတ္တဆရာကြီးသော်မှလည်း ဤသို့ အသက်ရှည်ပါလျက် ဤသို့ ကြာမြင့်စွာ တည်ပါလျက် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံး မသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်ကင်း၊ ဆင်းရဲအပေါင်းမှ မလွတ်ကင်း ဟူ၍ ငါဆို၏၊ ထိုသို့ မလွတ်ကင်းခြင်းသည် အဘယ့်ကြောင့်နည်း၊ လေးပါးသော တရားတို့ကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ပေတည်း။ အဘယ်လေးပါးတို့နည်း ဟူမူ—

ရဟန်းတို့ မြတ်သော သီလကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဆင်းရဲအပေါင်းမှ မလွတ်။

မြတ်သော သမာဓိကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဆင်းရဲ အပေါင်းမှ မလွတ်။

မြတ်သော ပညာကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဆင်းရဲ အပေါင်းမှ မလွတ်။

မြတ်သော ဝိမုတ္တိကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဆင်းရဲ အပေါင်းမှ မလွတ်။

ရဟန်းတို့ ငါသည် ဤမြတ်သော သီလကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော သမာဓိကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သောပညာကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ မြတ်သော ဝိမုတ္တိကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝတဏှာကို ဖြတ်အပ်ပြီ၊ ဘဝသို့ ဆောင်တတ်သော တဏှာသည် ကုန်ပြီ၊ ဘဝသစ်၌ တဖန် ပဋိသန္ဓေနေခြင်းသည် ယခုအခါ မရှိတော့ပြီ။

မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် ဆိုလတ္တံ့သော ဂါထာကို ဟောတော် မူ၏—

"များသော အခြံအရံရှိတော်မူသော ဂေါတမမြတ်စွာဘုရားသည် အတုမရှိမြတ်ကုန် သော သီလ သမာဓိ ပညာလွတ်မြောက်မှု'အရဟတ္တဖိုလ်'ဟူသော ဤတရားတို့ကို လျော်စွာ သိအပ်ကုန်ပြီ။

မြတ်စွာဘုရားသည် ဤသို့ ထူးသောဉာဏ်ဖြင့် သိ၍ ရဟန်းတို့အား သစ္စာလေးပါး တရားကို ဟောကြားတော်မူ၏၊ ဒုက္ခ၏ အဆုံးကို ပြုတော်မူတတ်သော စက္ခုငါးပါးရှိတော် မူသော လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် (ကိလေသာငြိမ်း၍) ပရိနိဗ္ဗာန်ပြုတော်မူ၏"ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-နဂရောပမသုတ်

၆၇။ ရဟန်းတို့ အကြင်အခါ၌ မင်း၏ အစွန်အဖျားကျသော မြို့ကို မြို့၏ အခြံအရံ ခုနစ်ခုတို့ဖြင့် ကောင်းစွာ ခြံရံအပ်၏၊ လေးပါးသော အာဟာရတို့ကိုလည်း အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ ခပင်မပန်း ရ၏။ ရဟန်းတို့ ထိုအခါ၌ မင်း၏ အစွန်းအဖျားကျသော ဤမြို့ကို ပြည်ပ၌ ရှိသော ဆန့်ကျင်ဘက်ရန်သူတို့သည် အကျိုးမဲ့ ပျက်စီးအောင် မပြုပြင်နိုင်ဟု ဆိုအပ်၏။ အဘယ်ခုနစ်မျိုးသော မြို့၏ အခြံအရံတို့ဖြင့် ကောင်းစွာ ခြံရံအပ်သနည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ **မင်း၏** အစွန်အဖျားကျသော မြို့၌ တုရိုင်ဘိုင်သည် နက်သော တွင်းရှိ၏၊ ကောင်းစွာ မြေ၌ စိုက်မြှုပ်အပ်၏၊ တုန်လှုပ်ခြင်းမရှိ၊ ထိုမှ ဤမှ ယိမ်းယိုင်ခြင်းမရှိ။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်၎င်း မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်၎င်း ဤပဌမ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၁)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ ကျုံးသည် နက်လည်း နက်၏၊ ကျယ်လည်း ကျယ်၏။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်၎င်း မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်၎င်း ဤဒုတိယ မြို့၏ အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၂)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ (မြို့တံတိုင်းအတွင်း) ထက်ဝန်းကျင် လှည့်လည်နိုင်သော လမ်းခရီးသည် မြင့်လည်း မြင့်၏၊ ကျယ်လည်း ကျယ်၏။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်၎င်း မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်၎င်း ဤတတိယ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၃)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ (မြားစသော) ပစ်လွှတ်အပ်သော လက်နက်ကို၎င်း (ဓားစသော) ကြွင်းသော လက်နက်ကို၎င်း လက်နက်များစွာကို သိုမှီးအပ်၏။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်၎င်း မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်၎င်း ဤ စတုတ္ထ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၄)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ များစွာသော စစ်သည် ဗိုလ်ပါအပေါင်းသည် နေ၏။ အဘယ်စစ်သည် ဗိုလ်ပါအပေါင်းနည်း၊ ဆင်းစီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ လေးသည် အောင်လံကိုင် စစ်ဆင်သူ တဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်းကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူ (စစ်၌)ထူးချွန်ကျော်စောသော မင်းသား တဟုန်တည်း ပြေးဝင်(စစ်ထိုး)နိုင်သူ ဆင်ပြောင်ကြီးကဲ့သို့သောသူရဲ လွန်စွာ ရဲရင့်သူ ချပ်ဝတ်သူရဲ ကျွန်ယုံတော်များတို့ပင်တည်း။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်၎င်း မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်၎င်း ပဉ္စမ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၅)

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ ပညာရှိ၍ လိမ္မာသော ထက်မြက်သော ပညာနှင့် ပြည့်စုံသော မသိသူတို့အား တားမြစ်တတ်၍ သိသူတို့အား ဝင်စေတတ်သော တံခါးမှူးရှိ၏။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်ငှါး မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်ငှါး ဤ ဆဋ္ဌ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၆)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တံတိုင်းသည် မြင့်လည်း မြင့်၏၊ ကျယ်လည်း ကျယ်၏၊ အပေါက် အလုံးစုံ ပိတ်ဆို့သော အင်္ဂတေလိမ်းကျံခြင်းနှင့်လည်း ပြည့်စုံ၏။ မင်းသည် အစွန်အဖျားကျသော မြို့ကို မြို့တွင်း၌ နေကုန်သော သူတို့၏ လုံခြုံစေရန်ငှါး မြို့ပ၌ နေကုန်သော ရန်သူတို့ကို တားမြစ်ရန်ငှါး ဤ သတ္တမ မြို့၏အခြံအရံဖြင့် ကောင်းစွာ ခြံရံအပ်၏။ (၇)

ဤ မြို့၏ အခြံအရံခုနစ်ပါးတို့ဖြင့် ကောင်းစွာ ခြံရံအပ်၏။

အဘယ်လေးပါးကုန်သော အာဟာရတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းရသနည်း။

ရဟန်းတို့ ဤလောက၌ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ မွေ့လျော် ပျော်ပိုက်စေရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် အပဖြစ်သော ရန်သူတို့ကို တားမြစ်ရန် များပြားသော မြက် ထင်း ရေကို သိုမှီး သိမ်းဆည်းအပ်၏။ (၁)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ မွေ့လျော် ပျော်ပိုက်စေရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် အပဖြစ်သော ရန်သူတို့ကို တားမြစ်ရန် များပြားသော သလေးစပါး မုယောစပါးတို့ကို သိုမှီး သိမ်းဆည်းအပ်၏။ (၂)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ မွေ့လျော်ပျော်ပိုက်စေရန် မထိတ်လန့်စေရန် ချမ်းသာစွာနေရန် အပဖြစ်သော ရန်သူတို့ကို တားမြစ်ရန် များပြားသော နှမ်း ပဲနောက် ပဲကြီး ကြွင်းသော ပဲမျိုးအပေါင်းတို့ကို သိုမှီး သိမ်းဆည်းအပ်၏။ (၃)

ရဟန်းတို့ နောက်တမျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ မွေ့လျော် ပျော်ပိုက်စေရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် အပဖြစ်သော ရန်သူတို့ကို တားမြစ်ရန် များပြားသော ဆေးပစ္စည်းတို့ကို သိုမှီး သိမ်းဆည်းအပ်၏၊ အဘယ်ဆေးပစ္စည်းတို့နည်း—

ထောပတ် ဆီဦ ဆီ ပျား တင်လဲ ဆား ဤဆေးပစ္စည်းတို့ပင်တည်း။

ရဟန်းတို့ ဤလေးပါးကုန်သော အာဟာရတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း ရ၏။ (၄)

ရဟန်းတို့ အကြင်အခါ၌ မင်း၏ အစွန်အဖျားကျသော မြို့ကို အခြံအရံခုနစ်မျိုးတို့ဖြင့် ကောင်းစွာ ခြံရံအပ်၏၊ ဤအာဟာရလေးမျိုးတို့ကိုလည်း အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ ထိုအခါ မင်း၏ အစွန်အဖျားကျသော မြို့ကို အပဖြစ်သည့် ဆန့်ကျင်ဘက်

http://www.dhammadownload.com



ရန်သူအပေါင်းတို့သည် (အကျိုးမဲ့ပျက်စီးအောင်) မပြုနိုင်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤအတူ သာလျှင် အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်ကုန် သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ ရဟန်းတို့ ထိုအခါ၌ ဤ အရိယာ သာဝကကို မာရ်မင်းသည် အလိုရှိတိုင်း မပြုနိုင်သော ရဟန်း ဟူ၍ရင်း ယုတ်မာသော မာရ်မင်းသည် အလိုရှိတိုင်း မပြုနိုင်သော ရဟန်းဟူ၍ရင်း ဆိုအပ်၏။

အဘယ် သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံသနည်း ဟူမူ—

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်ငှါး မြို့ပြင်၌ နေသော ရန်သူတို့ကို တားမြစ်ရန်ငှါး တုရိုင်တိုင်သည် နက်သော တွင်းရှိသည် ကောင်းစွာ မြေ၌ စိုက်မြှုပ် အပ်သည် တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍ ထိုမှ ဤမှ ယိမ်းယိုင်ခြင်း မရှိသကဲ့သို့ ရဟန်းတို့ ဤအတူ သာလျှင် အရိယာသာဝကသည် ယုံကြည်မှု သဒ္ဓါနှင့် ပြည့်စုံ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု (ယုံကြည်၏)။

ရဟန်းတို့ ယုံကြည်မှုသဒ္ဓါရှိသော အရိယာသာဝကသည် အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်)တရားကို ပယ်၏၊ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ဤပဌမ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၁)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်ငှါး မြို့ပြင်၌ နေသော ရန်သူတို့ကို တားမြစ်ရန်ငှါး နက်လည်း နက်၍ ကျယ်လည်း ကျယ်သော ကျုံးသည် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာသာဝကသည် အရှက်ရှိ၏၊ ကာယ ဝစီ မနော ဒုစရိုက်မှ ရှက်တတ်၏၊ ယုတ်ညံ့သည့် အကုသိုလ်တရားတို့သို့ ရောက်ရန် ရှက်တတ်၏။ ရဟန်းတို့ ရှက်တတ်သော အရိယာသာဝကသည် အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်) တရားကို ပယ်၏၊ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ ဤဒုတိယ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၂)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်ငှါး မြို့ပြင်၌ နေသော ရန်သူတို့ကို တားမြစ်ရန်ငှါး မြင့်လည်း မြင့်၍ ကျယ်လည်း ကျယ်သော မြို့တံတိုင်းတွင်း၌ ထက်ဝန်း ကျင် လှည့်လည်နိုင်သော လမ်းသည် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာသာဝက သည် ထိတ်လန့်မှုရှိ၏၊ကာယ ဝစီ မနောဒုစရိုက်မှ ထိတ်လန့်တတ်၏၊ ယုတ်ညံ့ကုန်သော အကုသိုလ် တရားတို့သို့ ရောက်ရန် ထိတ်လန့်တတ်၏။

ရဟန်းတို့ ဒုစရိုက်မှ ထိတ်လန့်သော အရိယာတပည့်သည် အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်)တရားကို ပယ်စွန့်၏၊ အပြစ်မရှိသော (ကုသိုလ်)တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ ဤတတိယ သူတော်ကောင်းတရားနှင့် ပြည့် စုံ၏။ (၃)

http://www.dhammadownload.com



ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်၎င်း မြို့ပ၌ နေသော ရန်သူတို့ကို တားမြစ်ရန်၎င်း (မြားစသော) ပစ်လွှတ်အပ်သော လက်နက်ကို၎င်း (ဓားစသော) လက်နက်ကို၎င်း လက်နက်များစွာကို သိုမှီးအပ်သကဲ့သို့ ရဟန်းတို့ ဤအတူ သာလျှင် အရိယာ သာဝကသည် အကြားအမြင်များပြား၏။ပ။ ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိ၏။ ရဟန်းတို့ အကြားအမြင် များပြားသော အရိယာတပည့်သည် အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်) တရားကို ပယ်၏၊ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ ဤစတုတ္ထ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၄)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်၎င်း မြို့ပ၌ နေသော ရန်သူတို့ကို တားမြစ်ရန်၎င်း ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ လေးသည်များ အောင်လံကိုင်များ စစ်ဆင်သူ တဘက်စစ်တပ်သို့ ဝင်၍ ဦးခေါင် ကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူ (စစ်၌) ထူးချွန်ကျော်စောသော မင်းသား တဟုန်တည်း ပြေးဝင်(စစ်ထိုး)နိုင်သူ ဆင်ပြောင်ကဲ့သို့သော သူရဲ လွန်စွာရဲရင့်သူများ ချပ်ဝတ်သူရဲ ကျွန်ယုံတော်ဟူသော များစွာသော စစ်သည်ဗိုလ်ပါ အပေါင်းသည် နေဘိသကဲ့သို့ ရဟန်းတို့ ဤဥပမာအတူသာလျှင် အရိယာသာဝကသည် အကုသိုလ် တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့၌ ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အား အစွမ်းရှိ၏၊ မြဲမြံသော အားထုတ်မှုရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ချမထား။ ရဟန်းတို့ ဝီရိယ ဗိုလ်ပါအားနှင့် ပြည့်စုံသော အရိယာသာဝကသည် အကုသိုလ်တရားကို ပယ်၏၊ ကုသိုလ် တရားကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်) တရားကို ပယ်၏။ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏၊ ဤပဉ္စမ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၅)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်၎င်း မြို့ပ၌နေသော ရန်သူတို့ကို တားမြစ်ရန်၎င်း မသိသူတို့ကို တားမြစ်တတ်၍ သိသူတို့ကို ဝင်စေတတ်သော ပညာရှိ၍ လိမ္မာ ထက်မြက်သော ပညာနှင့်ပြည့်စုံသော တံခါးမှူးသည် ရှိသကဲ့သို့ ရဟန်းတို့ ဤအတူ သာလျှင် အရိယာတပည့်သည် သတိနှင့်ပြည့်စုံ၏၊ မြတ်သော ရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာ အခါက ပြုအပ် ပြောဆိုအပ်ခဲ့သည်ကို အောက်မေ့နိုင်၏၊ အဖန်ဖန် အောက်မေ့နိုင်၏။ ရဟန်းတို့ သတိတည်းဟူသော တံခါးစောင့်ရှိသော အရိယာတပည့်သည် အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော (အကုသိုလ်) တရားကို ပယ်၏၊ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ ဤဆဋ္ဌ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏။ (၆)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ လုံခြုံစေရန်၎င်း မြို့ပ၌ နေသော ရန်သူတို့ကို တားမြစ်ရန်၎င်း မြင့်လည်း မြင့်၍ ကျယ်လည်း ကျယ်သော အပေါက် အလုံးစုံ ပိတ်ဆို့သော အင်္ဂတေလိမ်းကျံသော မြို့တံတိုင်းသည် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်ခြင်း ပျက်ခြင်းကို မြင်စွမ်းနိုင်၍ ကိလေသာကို ဖောက်ခွဲနိုင်သည့်ပြင် ဒုက္ခ၏ ကုန်ရာနိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

ရဟန်းတို့ အလုံးစုံသော အပေါက်တို့ကို ပိတ်ဆို့စေတတ်သော အင်္ဂတေတည်းဟူသော ပညာနှင့် ပြည့်စုံသော အရိယာတပည့်သည် အကုသိုလ်ကို ပယ်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော

http://www.dhammadownload.com



(အကုသိုလ်) တရားကို ပယ်၏၊ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွါးများ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ ဆောင်၏။ ဤသတ္တမ သူတော်ကောင်းတရားနှင့် ပြည့်စုံ၏၊ ဤသူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံ၏။ (၇)

လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်ကုန်သော အဘယ်စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရသနည်း၊ မငြိုမငြင် မပင်မပန်း ရသနည်း။

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ မြို့တွင်းနေသူတို့ မွေ့လျော်ပျော်ပိုက်ရန် မထိတ်လန့်စေရန် ချမ်းသာစွာနေရန် ပြင်ပမှ ရန်သူတို့ကို တားမြစ်ရန် များပြားသော မြက်ထင်း ရေကို သိုမှီး သိမ်းဆည်းအပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်သည် မိမိ မွေ့လျော်ပျော်ပိုက်ရန် မတောင့်တရန် ချမ်းသာစွာနေရန် နိဗ္ဗာန်သို့ သက်ဝင်ရန် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍ နေ၏။ (၁)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ အတွင်းနေသူတို့ မွေ့လျော်ပျော်ပိုက်ရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် ပြင်ပမှ ရန်သူတို့ကို တားမြစ်ရန် များပြားသော သလေး စပါး မုယောစပါးကို သိုမှီး သိမ်းဆည်းအပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာ သာဝကသည် မိမိ မွေ့လျော်ပျော်ပိုက်ရန် မတောင့်တရန် ချမ်းသာစွာနေရရန် နိဗ္ဗာန်သို့ သက်ဝင်ရန် ကြံစည်ခြင်း ‘ဝိတက်’သုံးသပ်ခြင်း ‘ဝိစာရ’တို့၏ ချုပ်ခြင်းကြောင့်။ ပ ။ ဒုတိယစျာန်သို့ ရောက်၍ နေ၏။ (၂)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ အတွင်းနေသူတို့ မွေ့လျော် ပျော်ပိုက်ရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် ပြင်ပမှ ရန်သူတို့ကို တားမြစ်ရန် များပြားသော နှမ်း ပဲနောက် ပဲကြီး ကြွင်းသော ပဲမျိုးအပေါင်းကို သိုမှီး သိမ်းဆည်းအပ်သကဲ့သို့ ရဟန်းတို့ ဤအတူ သာလျှင် အရိယာသာဝကသည် မိမိ မွေ့လျော်ရန် မတောင့်တရန် နိဗ္ဗာန်သို့ သက်ဝင်ရန် နှစ်သိမ့်ခြင်း ‘ပီတိ’ကိုလည်း မစွဲမက်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ ရောက်၍ နေ၏။ (၃)

ရဟန်းတို့ မင်း၏ အစွန်အဖျားကျသော မြို့၌ အတွင်းနေသူတို့ မွေ့လျော် ပျော်ပိုက်ရန် မထိတ်လန့်စေရန် ချမ်းသာစွာ နေရန် ပြင်ပမှ ရန်သူတို့ကို တားမြစ်ရန် ထောပတ် ဆီဦ ဆီ ပျား တင်လဲ ဆားဟူသော များပြားသော ဆေးပစ္စည်းကို သိုမှီး သိမ်းဆည်းအပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်သည် မိမိ မွေ့လျော်ရန် မတောင့်တရန် နိဗ္ဗာန်သို့ သက်ဝင်ရန် ချမ်းသာခြင်း‘သုခ’ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း‘ဒုက္ခ’ကိုလည်း ပယ်ခြင်း ကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း ‘သောမနဿ’ နှလုံးမသာခြင်း ‘ဒေါမနဿ’တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော လျစ်လျူရှုခြင်းကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။

လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော ဤစျာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင် မပင်မပန်း ရ၏။ (၄)

http://www.dhammadownload.com



ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကသည် ဤ သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော ဤ ဈာန်လေးပါးတို့ကိုလည်း အလိုရှိတိုင်း ရ၏၊ မငြိုမငြင် မပင်မပန်း ရ၏။

ရဟန်းတို့ ထိုအခါ ဤ အရိယာသာဝကကို မာရ်မင်းသည် အလိုရှိတိုင်း မပြုနိုင်သော ရဟန်းဟူ၍ရင်း ယုတ်မာသော မာရ်မင်းသည် အလိုရှိတိုင်း မပြုနိုင်သော ရဟန်းဟူ၍ရင်း ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဓမ္မညူသုတ်

၆၈။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်းတို့၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ် ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်—

ပါဠိကိုလည်း သိ၏၊ (ပါဠိ၏) အနက်ကိုလည်း သိ၏၊ မိမိကိုယ်ကိုလည်း သိ၏၊ အတိုင်းအရှည် ကိုလည်း သိ၏၊အခါကိုလည်း သိ၏၊ပရိသတ်ကိုလည်းသိ၏၊ပုဂ္ဂိုလ်တို့၏ ထက်သည့်အဖြစ် နုန့်သည့် အဖြစ်ကိုလည်း သိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ပါဠိကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိ ဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ပါဠိကို သိ၏၊ ရဟန်းတို့ ရဟန်းသည် သုတ် ဂေယျ။ပ။ အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ပါဠိကို အကယ်၍ မသိပါမူ ဤသာသနာတော်၌ ပါဠိကို သိသော ရဟန်းဟု မဆိုရာ။

ရဟန်းတို့ သုတ် ဂေယျ။ပ။ အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ပါဠိကို သိသောကြောင့် ရဟန်းကို ပါဠိကို သိသော ရဟန်း 'ဓမ္မညူ' ဟု ဆိုအပ်၏၊ ဤသို့လျှင် ပါဠိကို သိ၏။ (၁)

အဘယ်သို့လျှင် (ပါဠိ၏) အနက်ကို သိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း၊ ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း"ဟု ဟောတော်မူတိုင်း သာလျှင် ဖြစ်သော ထိုထိုပါဠိ၏ အနက်ကို သိ၏၊ ရဟန်းတို့ ရဟန်းသည် "ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း၊ ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း"ဟု ဟောတော်မူတိုင်းသာလျှင် ဖြစ်သော ထိုထိုပါဠိ၏ အနက်ကို မသိပါမူ ဤသာသနာတော်၌ ပါဠိ၏

http://www.dhammadownload.com



အနက်ကို သိသော ရဟန်းဟူ၍ မဆိုရာ။ ရဟန်းတို့ "ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း၊ ဤသည်ကား ဟောတော်မူအပ်သော ဤပါဠိ၏ အနက်တည်း"ဟု ဟောတော်မူတိုင်းသာလျှင် ဖြစ်သော ထိုထိုပါဠိတော်၏ အနက်ကို သိသောကြောင့် ရဟန်းကို အနက်ကို သိသော ရဟန်း 'အတ္ထညူ' ဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ပါဠိကို သိ၏၊ အနက်ကို သိ၏။ (၂)

အဘယ်သို့လျှင် မိမိကိုယ်ကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ငါသည် သဒ္ဓါတရားဖြင့် သီလဖြင့် အကြားအမြင်ဖြင့် စွန့်ကြဲပေးကမ်းခြင်းဖြင့် ပညာဖြင့် ဉာဏ် 'ပဋိဘာန်'ဖြင့် ဤမျှလောက် ရှိ၏"ဟု မိမိကိုယ်ကို သိ၏။ ရဟန်းတို့ ရဟန်းသည် မိမိကိုယ်ကို "ငါသည် သဒ္ဓါတရားဖြင့် သီလဖြင့် အကြားအမြင်ဖြင့် စွန့်ကြဲပေးကမ်းခြင်းဖြင့် ပညာဖြင့် ဉာဏ် 'ပဋိဘာန်'ဖြင့် ဤမျှလောက် ရှိ၏"ဟု မိမိကိုယ်ကို အကယ်၍ မသိပါမူ ဤသာသနာတော်၌ မိမိကိုယ်ကို သိသော ရဟန်း ဟူ၍ မဆိုရာ။

ရဟန်းတို့ မိမိကိုယ်ကို "ငါသည် သဒ္ဓါတရားဖြင့် သီလဖြင့် အကြားအမြင်ဖြင့် စွန့်ကြဲပေးကမ်းခြင်းဖြင့် ပညာဖြင့် ဉာဏ် 'ပဋိဘာန်'ဖြင့် ဤမျှလောက် ရှိ၏"ဟု မိမိကိုယ်ကို သိသောကြောင့် ရဟန်းကို မိမိကိုယ်ကို သိသော ရဟန်း 'အတ္တညူ'ဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ပါဠိကို သိ၏၊ အနက်ကို သိ၏၊ မိမိကိုယ်ကို သိ၏။ (၃)

အဘယ်သို့လျှင် အတိုင်းအရှည်ကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ခံယူခြင်း၌ အတိုင်းအရှည်ကို သိ၏။ ရဟန်းတို့ ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ခံယူခြင်း၌ အတိုင်းအရှည်ကို အကယ်၍ မသိပါမူ ဤသာသနာတော်၌ အတိုင်းအရှည်ကို သိသော ရဟန်း ဟူ၍ မဆိုရာ၊ ရဟန်းတို့ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ခံယူခြင်း၌ အတိုင်းအရှည်ကို သိသောကြောင့် ရဟန်းကို အတိုင်းအရှည်ကို သိသော ရဟန်း 'မတ္တညူ'ဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ပါဠိကို သိ၏၊ အနက်ကို သိ၏၊ မိမိကိုယ်ကို သိ၏၊ အတိုင်းအရှည်ကို သိ၏။ (၄)

အဘယ်သို့လျှင် အခါကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤသည်ကား ပါဠိသင်ယူခြင်း၏ အခါတည်း၊ ဤသည်ကား မေးမြန်းခြင်း၏ အခါတည်း၊ ဤသည်ကား ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အခါတည်း၊ ဤသည်ကား တယောက်တည်း ကိန်းအောင်းခြင်း၏ အခါတည်း"ဟု အခါကာလကို သိ၏။ ရဟန်းတို့ ရဟန်းသည် "ဤသည်ကား ပါဠိသင်ယူခြင်း၏ အခါတည်း၊ ဤသည်ကား မေးမြန်းခြင်း၏ အခါတည်း၊ ဤသည်ကား ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အခါတည်း၊ ဤသည်ကား တယောက်တည်း ကိန်းအောင်းခြင်း၏ အခါတည်း"ဟု အကယ်၍ အခါကာလကို မသိပါမူ ဤသာသနာတော်၌ အခါကာလကို သိသော ရဟန်း ဟူ၍ မဆိုရာ၊ ရဟန်းတို့ ရဟန်းသည် "ဤသည်ကား ပါဠိသင်ခြင်း၏ အခါတည်း၊ ဤသည်ကား မေးမြန်းခြင်း၏ အခါတည်း၊

http://www.dhammadownload.com



ဤသည်ကား ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အခါတည်း၊ ဤသည်ကား တယောက်တည်း ကိန်းအောင်းခြင်း၏ အခါတည်း”ဟု အခါကို သိသောကြောင့် ရဟန်းကို အခါကာလကို သိသော ရဟန်း ‘ကာလညူ’ဟူ၍ ဆိုအပ်၏။

ဤသို့လျှင် ပါဠိကို သိ၏၊ ပါဠိ၏ အနက်ကို သိ၏၊ မိမိကိုယ်ကို သိ၏၊ အတိုင်းအရှည်ကို သိ၏၊ အခါကာလကို သိ၏။ (၅)

အဘယ်သို့လျှင် ပရိသတ်ကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် “ဤသည်ကား မင်းပရိသတ်တည်း၊ ဤသည်ကား ပုဏ္ဏားပရိသတ်တည်း၊ ဤသည်ကား သူကြွယ်ပရိသတ်တည်း၊ ဤသည်ကား ရဟန်းပရိသတ်တည်း၊ ထိုပရိသတ်၌ ဤသို့ ချဉ်းကပ်သင့်၏၊ ဤသို့ ရပ်တည်သင့်၏၊ ဤသို့ ပြုသင့်၏၊ ဤသို့ နေသင့်၏၊ ဤသို့ ပြောဟောသင့်၏၊ ဤသို့ ဆိတ်ဆိတ်နေသင့်၏”ဟု ပရိသတ်ကို သိ၏။ ရဟန်းတို့ ရဟန်းသည် “ဤသည်ကား မင်းပရိသတ်တည်း။ပ။ ဤသို့ ဆိတ်ဆိတ်နေသင့်၏”ဟု အကယ်၍ မသိပါမူ ဤလောက၌ ပရိသတ်ကို သိသော ရဟန်း ဟူ၍ မဆိုရာ၊ ရဟန်းတို့ “ဤသည်ကား မင်းပရိသတ်တည်း၊ ဤသည်ကား ပုဏ္ဏားပရိသတ်တည်း၊ ဤသည်ကား သူကြွယ်ပရိသတ်တည်း၊ ဤသည်ကား ရဟန်းပရိသတ်တည်း၊ ထိုပရိသတ်၌ ဤသို့ ချဉ်းကပ်သင့်၏၊ ဤသို့ ရပ်တည်သင့်၏၊ ဤသို့ ပြုသင့်၏၊ ဤသို့ နေသင့်၏၊ ဤသို့ ပြောဟောသင့်၏၊ ဤသို့ ဆိတ်ဆိတ်နေသင့်၏”ဟု သိသောကြောင့် ရဟန်းကို ပရိသတ်ကို သိသော ရဟန်း ‘ပရိသညူ’ ဟူ၍ ဆိုအပ်၏။

ဤသို့လျှင် ပါဠိကို သိ၏၊ ပါဠိ၏ အနက်ကို သိ၏၊ မိမိကိုယ်ကို သိ၏၊ အတိုင်းအရှည်ကို သိ၏၊ အခါကာလကို သိ၏၊ ပရိသတ်ကို သိ၏။ (၆)

အဘယ်သို့လျှင် ပုဂ္ဂိုလ်တို့၏ ထက်သည့်အဖြစ် နုန့်သည့်အဖြစ်ကို သိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်ပါးသော အဖို့ဖြင့် ပုဂ္ဂိုလ်တို့ကို သိအပ်ကုန်၏၊ ပုဂ္ဂိုလ်နှစ်ဦးတို့ရှိကြရာ ပုဂ္ဂိုလ်တဦးသည် အရိယာပုဂ္ဂိုလ်တို့ကို ဖူးမြင်လို၏၊ ပုဂ္ဂိုလ်တဦးသည် အရိယာပုဂ္ဂိုလ်တို့ကို မဖူးမြင်လို၊ အရိယာပုဂ္ဂိုလ်တို့ကို မဖူးမြင်လိုသော ပုဂ္ဂိုလ်ကို ဤသို့ မဖူးမြင်လိုသော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ အရိယာပုဂ္ဂိုလ်ကို ဖူးမြင်လိုသော ပုဂ္ဂိုလ်ကို ဤသို့ ဖူးမြင်လိုသော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

အရိယာပုဂ္ဂိုလ်တို့ကို ဖူးမြင်လိုသော ပုဂ္ဂိုလ်နှစ်ယောက်တို့ ရှိကြရာ၊ ပုဂ္ဂိုလ်တဦးသည် သူတော်ကောင်းတရားကို ကြားနာလို၏၊ ပုဂ္ဂိုလ်တဦးသည် သူတော်ကောင်းတရားကို မကြားနာလို၊ သူတော်ကောင်းတရားကို မကြားနာလိုသော ပုဂ္ဂိုလ်ကို ဤသို့ မကြားနာလိုသော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ သူတော်ကောင်းတရားကို ကြားနာလိုသော ပုဂ္ဂိုလ်ကို ဤသို့ ကြားနာလိုသော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

သူတော်ကောင်းတရားကို ကြားနာလိုသော ပုဂ္ဂိုလ်နှစ်ဦးတို့ ရှိကြရာ ပုဂ္ဂိုလ်တဦးသည် နားစိုက်၍ တရားကို နာ၏၊ ပုဂ္ဂိုလ်တဦးသည် နားမစိုက်ပဲ တရားကို နာ၏၊ နားမစိုက်ပဲ တရားနာသော ပုဂ္ဂိုလ်ကို ဤသို့ နားမစိုက်ပဲ တရားနာသော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ နားစိုက်၍ တရားနာသော ပုဂ္ဂိုလ်ကို ဤသို့ နားစိုက်၍ တရားနာသော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

http://www.dhammadownload.com



နားစိုက်၍ တရားနာသော ပုဂ္ဂိုလ်နှစ်ဦးတို့ ရှိကြရာ ပုဂ္ဂိုလ်တဦးသည် တရားနာပြီး၍ ဆောင်ထား၏၊ ပုဂ္ဂိုလ်တဦးသည် တရားနာပြီး၍ ဆောင်မထား၊ တရားနာပြီး၍ ဆောင်မထားသော ပုဂ္ဂိုလ်ကို ဤသို့ ဆောင်မထားသော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ တရားနာပြီး၍ ဆောင်ထားသော ပုဂ္ဂိုလ်ကို ဤသို့ ဆောင်ထားသော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

တရားနာပြီး၍ ဆောင်ကုန်သော ပုဂ္ဂိုလ်နှစ်ဦးတို့ ရှိကြရာ ပုဂ္ဂိုလ်တဦးသည် ဆောင်ထားသော တရားတို့၏ အနက်ကို ဆင်ခြင်၏၊ ပုဂ္ဂိုလ်တဦးသည် ဆောင်ထားသော တရားတို့၏ အနက်ကို မဆင်ခြင်၊ ဆောင်ထားသော တရား၏အနက်ကို မဆင်ခြင်သော ပုဂ္ဂိုလ်ကို ဤသို့ မဆင်ခြင်သော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ ဆောင်ထားသော တရား၏ အနက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်ကို ဤသို့ဆင်ခြင်သော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

ဆောင်ထားသော တရားတို့၏ အနက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်နှစ်ဦးတို့ ရှိကြရာ ပုဂ္ဂိုလ်တဦးသည် အနက် ပါဠိကို သိ၍ လောကုတ္တရာအား လျော်သော အကျင့်ကို ကျင့်၏၊ ပုဂ္ဂိုလ်တဦးသည် အနက်ပါဠိကို သိ၍ လောကုတ္တရာအား လျော်သော အကျင့်ကို မကျင့်၊ အနက်ပါဠိကို သိ၍ လောကုတ္တရာအား လျော်သော အကျင့်ကို မကျင့်သော ပုဂ္ဂိုလ်ကို ဤသို့ မကျင့်သော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ အနက်ပါဠိကို သိ၍ လောကုတ္တရာအား လျော်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ကို ဤသို့ ကျင့်သော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

အနက်ပါဠိကို သိ၍ လောကုတ္တရာအား လျော်သော အကျင့်ကို ကျင့်ကုန်သော ပုဂ္ဂိုလ်နှစ်ဦးတို့ ရှိကြရာ ပုဂ္ဂိုလ်တဦးသည် မိမိအကျိုးစီးပွါး အလို့ငှါ ကျင့်၏၊ သူတပါး၏ အကျိုးစီးပွါး အလို့ငှါ မကျင့်၊ ပုဂ္ဂိုလ်တဦးသည် မိမိ၏ အကျိုးစီးပွါးကိုလည်း သူတပါး၏အကျိုးစီးပွါးကိုလည်း ကျင့်၏၊ မိမိ အကျိုးစီးပွါးကို ကျင့်၍ သူတပါး၏ အကျိုးစီးပွါးကို မကျင့်သော ပုဂ္ဂိုလ်ကို ဤသို့ မကျင့်သော အကြောင်းကြောင့် ကဲ့ရဲ့အပ်၏၊ မိမိ အကျိုးစီးပွါးကိုလည်း သူတပါး အကျိုးစီးပွါးကိုလည်း ကျင့်သော ပုဂ္ဂိုလ်ကို ထိုကျင့်သော အကြောင်းကြောင့် ချီးမွမ်းအပ်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နှစ်ပါးသော အဖို့ဖြင့် ပုဂ္ဂိုလ်တို့ကို သိအပ်ကုန်၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ပုဂ္ဂိုလ်တို့၏ ထက်သည့် အဖြစ် နုန့်သည့်အဖြစ်ကို သိ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ သဖွယ်ဖြစ်၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပါရိဆတ္တကသုတ်

၆၉။ ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာ နတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်သည် ဖြော့တော့သော အရွက်ရှိ၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာ နတ်တို့သည်—

http://www.dhammadownload.com



"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ဖြော့တော့သေး အရွက်ရှိ၏၊ မကြာမီပင် အရွက်ကြွေကျတော့မည်" ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၁)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာနတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်သည် အရွက်ကြွေကျ၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာ နတ်တို့သည် —

"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် အရွက်ကြွေကျ၏၊ မကြာမီပင် ရွက်ကင်း ပွင့်ကင်းတို့ ဖြစ်ပေါ်တော့မည်"ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၂)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာနတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ကင်း ပွင့်ကင်းတို့ ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာနတ်တို့သည်—

"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ကင်း ပွင့်ကင်း ဖြစ်ပေါ်၏၊ မကြာမီပင် ရွက်ဖူး ပွင့်ဖူးတို့ ဖြစ်ပေါ်တော့မည်"ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၃)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာ နတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ဖူး ပွင့်ဖူးတို့ ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာ နတ်တို့သည်—

"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ဖူး ပွင့်ဖူးတို့ ဖြစ်ပေါ်၏၊ မကြာမီပင် ရွက်ညွန့် ပွင့်ငုံတို့ ဖြစ်ပေါ်တော့မည်"ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၄)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာနတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ညွန့် ပွင့်ငုံတို့ ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာ နတ်တို့သည်—

"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရ မည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ညွန့် ပွင့်ငုံတို့ ဖြစ်ပေါ်၏၊ မကြာမီပင် ဖောင်းကြွ ပွင့်ငုံတို့ ဖြစ်တော့မည်"ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၅)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာ နတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ဖောင်းကြွ ပွင့်ငုံတို့ ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုအခါ၌ တာဝတိံသာနတ်တို့သည်—

"ယခုအခါ၌ ငါတို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ဖောင်းကြွ ပွင့်ငုံတို့ ဖြစ်ပေါ်၏၊ မကြာမီပင် ငွါးငွါး စွင့်စွင့် ပင်လုံးကျွတ် ပွင့်တော့မည်" ဟု နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြကုန်၏။ (၆)

ရဟန်းတို့ အကြင်အခါ၌ တာဝတိံသာနတ်တို့၏ ကောဝိဋ္ဌာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ငွါးငွါး စွင့်စွင့် ပင်လုံးကျွတ် ပွင့်၏၊ ရဟန်းတို့ ထိုအခါ၌ တာဝတိံသာ နတ်တို့သည်

http://www.dhammadownload.com



နှစ်သက် ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ရင်း၌ နတ်တို့ အရေအတွက် လေးလတို့ပတ်လုံး ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံ ပြည့်စုံစွာ ပျော်ရွှင် ခံစားရကုန်၏။ (၇)

ရဟန်းတို့ ပင်လုံးကျွတ်ပွင့်သည့် ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီး၏ ထက်ဝန်းကျင် ယူဇနာ ငါးဆယ်တို့တိုင်တိုင် အရောင် ပြန့်နှံ့၏၊ လေအောက်သို့ ယူဇနာ တရာတိုင်တိုင် အနံ့ လှိုင်၏၊ ဤဆိုခဲ့ပြီးသည်ကား ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီး၏ အာနုဘော်တည်း။

ရဟန်းတို့ အရိယာတပည့်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ကြံစည်အားထုတ်သောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ဖြော့တော့သော အရွက်ရှိသည်နှင့် တူ၏။ (၁)

ရဟန်းတို့ အရိယာတပည့်သည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် အရွက်ကြွေကျသည်နှင့် တူ၏။ (၂)

ရဟန်းတို့ အရိယာတပည့်သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍နေသောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ကင်း ပွင့်ကင်း ဖြစ်ပေါ်သည်နှင့် တူ၏။ (၃)

ရဟန်းတို့ အရိယာတပည့်သည် ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍နေသောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ဖူး ပွင့်ဖူးဖြစ်ပေါ်သည်နှင့် တူ၏။ (၄)

ရဟန်းတို့ အရိယာတပည့်သည် နှစ်သိမ့်ခြင်း 'ပီတိ'ကို မစွဲမက်ခြင်းကြောင့် ။ပ။ တတိယဈာန်သို့ ရောက်၍ နေသော အခါ တာဝတိံသာ နတ်တို့၏ ကောဝိဠာရ မည်သော ပင်လယ်ကသစ်ပင်ကြီးသည် ရွက်ညှန့် ပွင့်ငုံဖြစ်ပေါ်သည်နှင့် တူ၏။ (၅)

ရဟန်းတို့ အရိယာတပည့်သည် ချမ်းသာခြင်း 'သုခ'ကို ပယ်ခြင်းကြောင့်၎င်း ဆင်းရဲခြင်း 'ဒုက္ခ'ကို ပယ်ခြင်းကြောင့်၎င်း။ပ။စတုတ္ထဈာန်သို့ ရောက်၍ နေသောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရမည်သော ပင်လယ်ကသစ်ပင်ကြီးသည် ဖောင်းကြွ ပွင့်ငုံဖြစ်ပေါ်သည်နှင့် တူ၏။ (၆)

ရဟန်းတို့ အရိယာတပည့်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ (အရဟတ္တဖိုလ်ကို) မျက်မှောက်ပြုလျက် ရောက်၍ နေသောအခါ တာဝတိံသာနတ်တို့၏ ကောဝိဠာရ မည်သော ပင်လယ်ကသစ်ပင်ကြီးသည် ငွါးငွါး စွင့်စွင့် ပင်လုံးကျွတ်ပွင့်သည်နှင့် တူ၏။ (၇)

ရဟန်းတို့ ထိုအခါ၌ ဘုမ္မစိုးနတ်တို့သည် "ဤမည်သော အသျှင်၏ အတူနေတပည့်ဖြစ်သော ဤမည်သော အသျှင်သည် ဤမည်သောရွာမှ၎င်း နိဂုံးမှ၎င်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည်ဖြစ်၍ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏"ဟု အဆင့်ဆင့် ကြွေးကြော်

http://www.dhammadownload.com



ကုန်၏၊ ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို ကြား၍ စတုမဟာရာဇ်နတ်တို့သည်။ပ။တာဝတိံသာနတ်တို့သည်။ ပ ။ယာမာနတ်တို့သည်။ ပ ။တုသိတာနတ်တို့သည်။ ပ ။နိမ္မာနရတိနတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီနတ်တို့သည်။ပ။ဗြဟ္မာ့ပြည်၌ ရှိကုန်သော ဗြဟ္မာတို့သည် "ဤမည်သော အသျှင်၏ အတူနေတပည့်ဖြစ်သော ဤမည်သောအသျှင်သည် ဤမည်သောရွာမှငင်း နိဂုံးမှငင်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည်ဖြစ်၍ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏"ဟု အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုတခဏချင်း ထိုတမုဟုတ်ချင်းဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ကြွေးကြော်သံသည် ပြန့်နှံ့၍တက်၏၊ ဤသည်ကား အာသဝေါကုန်ပြီးသော ရဟန်း၏ အာနုဘော်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သက္ကစ္စသုတ်

၇၀။ ထိုအခါ အသျှင်သာရိပုတြာအား ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်း နေစဉ် ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏—

"ရဟန်းသည် အဘယ်ကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာသနည်း၊ ကုသိုလ်ကို ပွါးများနိုင်ရာသနည်း"ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်သာရိပုတြာအား ဤအကြံသည် ဖြစ်ပြန်၏—

ရဟန်းသည် မြတ်စွာဘုရားကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏၊ ရဟန်းသည် တရားကို အရိုအသေ ပြု၍။ပ။ ရဟန်းသည် သံဃာကို။ပ။ ရဟန်းသည် ကျင့်သုံးမှု 'သိက္ခာ'ကို။ပ။ ရဟန်းသည် တည်ကြည်မှု 'သမာဓိ'ကို။ပ။ ရဟန်းသည် မမေ့လျော့မှု 'အပ္ပမာဒ'ကို။ပ။ ရဟန်းသည် အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'ကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏"ဟု (အကြံဖြစ်ပြန်၏)။

ထို့နောက် အသျှင်သာရိပုတြာအား ဤသို့ အကြံဖြစ်ပြန်၏—

"ဤတရားတို့သည် စင်ကြယ်ကုန်၏၊ ဖြူစင်ကုန်၏၊ ငါသည် ဤတရားတို့ကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရပါမူ ကောင်းလေရာ၏၊ဤသို့ လျှောက်သည်ရှိသော် ငါ၏ ဤတရားတို့သည် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်၊ အထူးသဖြင့် ဖြူစင်သည်လည်း ဖြစ်ကုန်လိမ့်မည်။ ဥပမာ သော်ကား ယောကျ်ားသည် စင်ကြယ်သော ဖြူစင်သော ရွှေစင် တနိက္ခကို ရလေရာ၏၊ ထို ယောကျ်ားအား ဤသို့ စိတ်အကြံဖြစ်ရာ၏၊ ငါ၏ ဤရွှေစင်တနိက္ခသည် စင်ကြယ်၏၊တောက်ပ၏၊ ငါသည် ဤရွှေစင် တနိက္ခကို ပန်းထိမ်သည်တို့အား သွား၍ ပြရပါမူ ကောင်းလေရာ၏၊ ဤသို့

http://www.dhammadownload.com



ပြသည်ရှိသော် ငါ၏ ဤရွှေစင်တနိက္ခသည် ပန်းထိမ်သည်တို့၏ ဖိုဝသို့ ရောက်သည်ဖြစ်၍ စင်ကြယ်သည်လည်း ဖြစ်လိမ့်မည်၊ အထူးသဖြင့် စင်ကြယ်သည်လည်း ဖြစ်လိမ့်မည်ဟု (အကြံဖြစ်ရာ၏၊) ထို့အတူသာလျှင် ငါသည် တရားတို့ကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရပါမူ ကောင်းလေရာ၏၊ ဤသို့ လျှောက်သည်ရှိသော် ဤတရားတို့သည် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်၊ အထူးသဖြင့် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်''ဟု (အကြံဖြစ်ပြန်၏)။

ထို့နောက် အသျှင်**သာရိပုတြာ**သည် ညနေချမ်းအချိန်၌ တယောက်တည်း ကိန်းအောင်းရာမှ ထလျက် မြတ်စွာ**ဘုရား**ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤ**စကား**ကို လျှောက်၏—

အသျှင်ဘုရား **တပည့်တော်**အား ဆိတ်ငြိမ်ရာ၌ တယောက်တည်း ကိန်းအောင်းနေစဉ် ဤသို့သော **စိတ်**အကြံ ဖြစ်ပါသည်—

''ရဟန်းသည် အဘယ်ကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာသနည်း၊ ကုသိုလ်ကို ပွါးများနိုင်ရာသနည်း''ဟု (အကြံဖြစ်ပေါ်ပါသည်)။

အသျှင်ဘုရား ထို့နောက် အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပြန်ပါသည်—

''ရဟန်းသည် မြတ်စွာဘုရားကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏၊ ရဟန်းသည် တရားကို အရိုအသေပြု၍။ပ။ရဟန်းသည် သံဃာကို။ပ။ရဟန်းသည် ကျင့်သုံးမှု'သိက္ခာ'ကို။ပ။ရဟန်းသည် တည်ကြည်မှု 'သမာဓိ'ကို။ပ။ရဟန်းသည် မမေ့လျော့မှု'အပ္ပမာဒ'ကို။ပ။ရဟန်းသည် အစေ့အစပ်ပြုမှု'ပဋိသန္ထာရ' ကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏''ဟု (အကြံဖြစ်ပါသည်)။

အသျှင်ဘုရား ထို့နောက် အကျွန်ုပ်အား ဤအကြံသည် ဖြစ်ပြန်ပါ၏—

''ဤတရားတို့သည် စင်ကြယ်ကုန်၏၊ ဖြူစင်ကုန်၏၊ ငါသည် ဤတရားတို့ကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရပါမူ ကောင်းလေရာ၏၊ ဤသို့လျှောက်သည်ရှိသော် ငါ၏ ဤတရားတို့သည် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်၊ အထူးသဖြင့် ဖြူစင်သည်လည်း ဖြစ်ကုန်လိမ့်မည်။ ဥပမာသော်ကား ယောကျ်ားသည် စင်ကြယ်သော ဖြူစင်သော ရွှေစင်တနိက္ခကို ရလေရာ၏၊ ထိုယောကျ်ားအား ဤသို့ စိတ်အကြံဖြစ်ရာ၏၊ ငါ၏ ဤရွှေစင်တနိက္ခသည် စင်ကြယ်၏၊ တောက်ပ၏၊ ငါသည် ဤရွှေစင်တနိက္ခကို ပန်းထိမ်သည်တို့အား သွား၍ပြရပါမူ ကောင်းလေရာ၏၊ ဤသို့ ပြသည်ရှိသော် ငါ၏ ဤရွှေစင်တနိက္ခသည် ပန်းထိမ်သည်တို့၏ ဖိုဝသို့ ရောက်သည်ဖြစ်၍ စင်ကြယ်သည်လည်း ဖြစ်လိမ့်မည်၊ အထူးသဖြင့် စင်ကြယ်သည်လည်း ဖြစ်လိမ့်မည်ဟု (အကြံဖြစ်ရာ၏၊) ထို့အတူ ငါသည် တရားတို့ကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရပါမူ ကောင်းလေရာ၏၊ ဤသို့ လျှောက်သည်ရှိသော် ဤတရားတို့သည် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်၊ အထူးသဖြင့် စင်ကြယ်သည်လည်း ဖြစ်ကုန်လိမ့်မည်''ဟု အကြံဖြစ်ပြန်ပါသည်ဟူ၍ (လျှောက်၏)။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ သာရိပုတြာ ရဟန်းသည် မြတ်စွာဘုရားကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏၊ သာရိပုတြာ ရဟန်းသည် တရားကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်

http://www.dhammadownload.com



ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏၊ သံဃာကို။ပ။ကျင့်သုံးမှု 'သိက္ခာ'ကို။ပ။ တည်ကြည်မှု'သမာဓိ'ကို။ပ။ မမေ့လျော့မှု'အပ္ပမာဒ'ကို။ပ။ သာရိပုတြာ ရဟန်းသည် အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'ကို အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေသည်ရှိသော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏၊ ကုသိုလ်ကို ပွါးများနိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရားတော်၏ အနက်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရား၌ စင်စစ် ရိုသေခြင်း မရှိသော ထိုရဟန်းသည် တရားတော်၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား မြတ်စွာဘုရား၌ ရိုသေခြင်း မရှိသော ရဟန်းသည် တရားတော်၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၁-၂)

အသျှင်ဘုရား မြတ်စွာဘုရားနှင့် တရားတော်၌ စင်စစ် ရိုသေခြင်းမရှိသော ထိုရဟန်းသည် သံဃာ၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား တရား၌ ရိုသေခြင်း မရှိသော ရဟန်းသည် သံဃာ၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၃)

အသျှင်ဘုရား ဘုရား တရား သံဃာ၌ ရိုသေခြင်း မရှိသော ထိုရဟန်းသည် စင်စစ် ကျင့်သုံးမှု 'သိက္ခာ'၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား တရား သံဃာ၌ ရိုသေခြင်း မရှိသော ရဟန်းသည် ကျင့်သုံးမှု 'သိက္ခာ'၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၄)

အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ၌ စင်စစ် ရိုသေခြင်း မရှိသော ထို ရဟန်းသည် တည်ကြည်မှု 'သမာဓိ'၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ၌ ရိုသေခြင်း မရှိသော ရဟန်းသည် တည်ကြည်မှု 'သမာဓိ'၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၅)

အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ စင်စစ် ရိုသေခြင်း မရှိသော ထိုရဟန်းသည် မမေ့လျော့မှု'အပ္ပမာဒ'၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရိုသေခြင်း မရှိသော ရဟန်းသည် မမေ့လျော့မှု 'အပ္ပမာဒ'၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၆)

အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ စင်စစ် ရိုသေခြင်း မရှိသော ထိုရဟန်းသည် အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌ ရိုသေခြင်း ရှိလိမ့်မည် ဟူသော ဤ အကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်း မရှိသော ရဟန်းသည် အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ'၌လည်း ရိုသေခြင်း မရှိနိုင်ပါ။ (၇)

အသျှင်ဘုရား စင်စစ် မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် တရား၌ ရိုသေခြင်း မရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ပါ။ အသျှင်ဘုရား ဘုရား၌ ရိုသေခြင်း ရှိသော ရဟန်းသည် တရား၌လည်း ရိုသေခြင်း ရှိပါ၏။ပ။ (၁-၆)

အသျှင်ဘုရား စင်စစ် ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ရဟန်းသည် အစေ့အစပ်ပြုမှု'ပဋိသန္ထာရ'၌ ရိုသေခြင်းမရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည်

http://www.dhammadownload.com



မရှိနိုင်ပါ။အသျှင်ဘုရား စင်စစ် ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ရဟန်းသည် အစေ့အစပ်ပြုမှု၌လည်း ရိုသေခြင်း ရှိပါ၏။ (၇)

အသျှင်ဘုရား စင်စစ် မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် တရားတော်၌လည်း ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ရဟန်းသည် တရားတော်၌လည်း ရိုသေခြင်းရှိသူဖြစ်ပါ၏။ပ။ (၁-၆)

အသျှင်ဘုရား စင်စစ် ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် အစေ့အစပ်ပြုမှု၌ ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်ပါ၏။ အသျှင်ဘုရားဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ရဟန်းသည် အစေ့အစပ်ပြုမှု၌ ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်ပါ၏။အသျှင်ဘုရား ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ရဟန်းသည် အစေ့အစပ်ပြုမှု၌လည်း ရိုသေခြင်းရှိသူ ဖြစ်နိုင်ပါ၏။ (၇)

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရားတော်၏ အနက်ကို ဤသို့ အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏" ဟု (လျှောက်၏)။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ သာရိပုတြာ ငါသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရားတော်၏ အနက်ကို သင်သည် ဤသို့ အကျယ်အားဖြင့် ကောင်းစွာ သိရှိ၏။ သာရိပုတြာ စင်စစ် မြတ်စွာဘုရား၌ ရိုသေခြင်းမရှိသော ထိုရဟန်းသည် တရားတော်၌ ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။ပ။

သာရိပုတြာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရိုသေခြင်းမရှိသော ထိုရဟန်းသည် မမေ့လျော့မှု 'အပ္ပမာဒ' ၌လည်း ရိုသေခြင်းမရှိနိုင်။ (၁-၆)

သာရိပုတြာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းမရှိသော ထိုရဟန်းသည် အစေ့အစပ်ပြုမှု 'ပဋိသန္ထာရ' ၌ ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။ သာရိပုတြာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းမရှိသော ထိုရဟန်းသည် အစေ့အစပ်ပြုမှု၌လည်း ရိုသေခြင်း မရှိနိုင်။ (၇)

သာရိပုတြာ စင်စစ် မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် တရား၌ ရိုသေခြင်းမရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။ပ။ သာရိပုတြာ ဘုရား၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် တရား၌လည်း ရိုသေခြင်း ရှိနိုင်၏။ပ။ (၁-၆)

သာရိပုတြာ စင်စစ် ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် အစေ့အစပ်ပြုမှု၌ ရိုသေခြင်းမရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်။ သာရိပုတြာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ရဟန်းသည် အစေ့အစပ် ပြုမှု၌လည်း ရိုသေခြင်း ရှိနိုင်၏။ (၇)

သာရိပုတြာ မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ထိုရဟန်းသည် တရားတော်၌လည်း ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။ သာရိပုတြာ မြတ်စွာဘုရား၌ ရိုသေခြင်းရှိသော ရဟန်းသည် တရားတော်၌လည်း ရိုသေခြင်းရှိနိုင်၏။ပ။ (၁-၆)

http://www.dhammadownload.com



သာရိပုတြာ စင်စစ် ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ထို ရဟန်းသည် အစေ့အစပ်ပြုမှု၌လည်း ရိုသေခြင်းရှိသူ ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။ သာရိပုတြာ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရိုသေခြင်းရှိသော ထို ရဟန်းသည် အစေ့အစပ်ပြုမှု၌လည်း ရိုသေခြင်း ရှိနိုင်၏။ (၇)

သာရိပုတြာ ငါဘုရားသည် အကျဉ်းအားဖြင့် ဟောအပ်သော ဤတရား၏ အနက်ကို အကျယ်အားဖြင့် ဤသို့ မှတ်သားအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဘာဝနာသုတ်

၇၁။ ရဟန်းတို့ ပွါးများမှု 'ဘာဝနာ' ကို အားမထုတ်ပဲ နေသော ရဟန်းအား "ငါ၏ စိတ်သည် (တဏှာ ဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွ" ဟု ဤသို့ လိုချင် တောင့်တမှု ဖြစ်သော်လည်း ထိုရဟန်း၏ စိတ်သည် (တဏှာ ဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်နိုင်ချေ။

ထိုသို့ မလွတ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုတရားကို ပွါးများမှု မရှိသောကြောင့် ဟု ဆိုအပ်၏။

အဘယ်တရားတို့ကို ပွါးများမှု မရှိသောကြောင့်နည်းဟူမူ—

သတိတည်းဟူသော တည်ရာ 'သတိပဋ္ဌာန်' လေးပါး။

ကောင်းစွာ အားထုတ်မှု 'သမ္မပ္ပဓာန်' လေးပါး။

ပြည့်စုံမှု အကြောင်း 'ဣဒ္ဓိပါဒ်' လေးပါး။

အစိုးရမှု 'ဣန္ဒြေ' ငါးပါး။

မတုန်လှုပ်မှု 'ဗိုလ်' ငါးပါး။

သိခြင်းအကြောင်း 'ဗောဇ္ဈင်' ခုနစ်ပါး။

မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ် (ဤတရားတို့ကို ပွါးများမှု မရှိသောကြောင့်ပင်တည်း)။

ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ရှစ်လုံး ဆယ်လုံး တဆယ့်နှစ်လုံးကုန်သော ဥတို့သည် ရှိကုန်ရာ၏၊ ထို(ဥ)တို့ကို ကြက်မသည် ကောင်းစွာ မဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ကို မပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို) မထုံစေအပ်ကုန်သည် ရှိသော် ထိုကြက်မအား "ငါ၏ ကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်ငှင်း နှုတ်သည်းဖျားဖြင့်ငှင်း ဥခွံကို ဖောက်ခွဲပြီးလျှင် ချမ်းသာစွာ ပေါက်ဖွားပါမူကား ကောင်းလေစွ"ဟု ဤသို့ လိုချင် တောင့်တမှုဖြစ်ပါသော်လည်း ထိုကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်ငှင်း နှုတ်သည်းဖျားဖြင့်ငှင်း ဥခွံကို ဖောက်ခွဲပြီးလျှင် ချမ်းသာစွာ ပေါက်ဖွားရန် မထိုက်သည်သာလျှင်တည်း။ ထိုသို့ မထိုက်

http://www.dhammadownload.com



ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ကြက်မသည်(မိမိ၏)ဥတို့ကို ကောင်းစွာ မဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့တို့ကို မပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို မထုံစေအပ်ကုန်သောကြောင့်တည်း။

ရဟန်းတို့ ဤအတူသာလျှင် ပွါးများမှု 'ဘာဝနာ'ကို အားမထုတ်ပဲ နေသော ရဟန်းအား "ငါ၏ စိတ်သည်(တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွ"ဟု ဤသို့ လိုချင်တောင့်တမှု ဖြစ်သော်လည်း ထိုရဟန်း၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်။ ထိုသို့ မလွတ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ထိုတရားတို့ကို ပွါးများမှု မရှိသောကြောင့်ဟု ဆိုအပ်၏၊ အဘယ်တရားတို့ကို ပွါးများမှု မရှိသောကြောင့်နည်း ဟူမူ—

သတိ တည်းဟူသော တည်ရာ 'သတိပဋ္ဌာန်' လေးပါး။

ကောင်းစွာ အားထုတ်မှု 'သမ္မပ္ပဓာန်' လေးပါး။

ပြည့်စုံမှုအကြောင်း 'ဣဒ္ဓိပါဒ်' လေးပါး။

အစိုးရမှု 'ဣန္ဒြေ' ငါးပါး။

မတုန်လှုပ်မှု 'ဗိုလ်' ငါးပါး။

သိခြင်းအကြောင်း 'ဗောဇ္ဈင်' ခုနစ်ပါး။

မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ် (ဤတရားတို့ကို ပွါးများမှု မရှိသောကြောင့်ပင်တည်း)။

ရဟန်းတို့ ပွါးများမှု'ဘာဝနာ'ကို အားထုတ်လျက် နေသော ရဟန်းအား "ငါ၏ စိတ်သည် (တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွ"ဟု ဤသို့ လိုချင်တောင့်တမှု မဖြစ်သော်လည်း ထိုရဟန်း၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်၏။ ထိုသို့ လွတ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ထိုတရားတို့ကို ပွါးများမှု ရှိသောကြောင့်ဟု ဆိုအပ်၏၊ အဘယ်တရားတို့ကို ပွါးများမှု ရှိသောကြောင့်နည်း ဟူမူ—

သတိ တည်းဟူသော တည်ရာ 'သတိပဋ္ဌာန်' လေးပါး။

ကောင်းစွာ အားထုတ်မှု 'သမ္မပ္ပဓာန်' လေးပါး။

ပြည့်စုံမှု အကြောင်း 'ဣဒ္ဓိပါဒ်' လေးပါး။

အစိုးရမှု 'ဣန္ဒြေ' ငါးပါး။

မတုန်လှုပ်မှု 'ဗိုလ်' ငါးပါး။

သိခြင်းအကြောင်း 'ဗောဇ္ဈင်' ခုနစ်ပါး။

မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ် (ဤတရားတို့ကို ပွါးများမှုရှိသောကြောင့်ပင်တည်း)။

ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ရှစ်လုံး ဆယ်လုံး တဆယ့်နှစ်လုံးကုန်သော ဥတို့သည် ရှိကုန်၏၊ ထို(ဥ)တို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ

http://www.dhammadownload.com



အဋ္ဌေကို ပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို ထုံစေအပ်ကုန်သည်ရှိသော် ထိုကြက်မအား—

“ငါ၏ ကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်ငှင်း နှုတ်သည်းဖျားဖြင့်ငှင်း ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားပါမူကား ကောင်းလေစွ”ဟု ဤသို့ လိုချင်တောင့်တမှု မဖြစ်သော်လည်း ထိုကြက်ငယ်တို့သည် ခြေသည်းဖျားဖြင့်ငှင်း နှုတ်သည်းဖျားဖြင့်ငှင်း ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားရန် ထိုက်သည်သာလျှင်တည်း။ ထိုသို့ ထိုက်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ကြက်မသည် (မိမိ၏)ဥတို့ကို ကောင်းစွာ ဝပ်အပ်ကုန် ထက်ဝန်းကျင်မှ ကောင်းစွာ အဋ္ဌေကို ပေးအပ်ကုန် ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို ထုံစေအပ်ကုန်သောကြောင့်တည်း။

ရဟန်းတို့ ဤအတူသာလျှင် ပွါးများမှု ‘ဘာဝနာ’ကို အားထုတ်လျက် နေသော ရဟန်းအား “ငါ၏ စိတ်သည်(တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပါမူကား ကောင်းလေစွ”ဟု ဤသို့ လိုချင်တောင့်တမှု မဖြစ်သော်လည်း ထိုရဟန်း၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်၏။

ထိုသို့ လွတ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ပွါးများမှု ရှိသောကြောင့်ဟု ဆိုအပ်၏၊ အဘယ်တရားတို့ကို ပွါးများမှု ရှိသောကြောင့်နည်း ဟူမူ—

သတိ တည်းဟူသော တည်ရာ ‘သတိပဋ္ဌာန်’ လေးပါး။ပ။

မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်(ဤတရားတို့ကို ပွါးများမှု ရှိသောကြောင့်ပင်တည်း)။

ရဟန်းတို့ ဥပမာသော်ကား လက်သမား၏သော်၎င်း လက်သမား တပည့်၏သော်၎င်း ပဲခွပ်ရိုး၌ လက်ချောင်းရာတို့သည် ထင်ကုန်၏၊ လက်မရာသည် ထင်၏၊ ထိုလက်သမားအား “ယနေ့ ငါ၏ ပဲခွပ်ရိုးသည် ဤမျှလောက်ကုန်၏၊ ယမန်နေ့ကမူကား ဤမျှအထိ ကုန်ခဲ့၏၊ အခြားနေ့က မူကား ဤမျှလောက် ကုန်ခဲ့၏”ဟု သိသော ဉာဏ်သည် မဖြစ်ပေ၊စင်စစ်မူကား ထိုလက်သမားအား ကုန်ပြီးသော ပဲခွပ်ရိုး၌ “ကုန်ပြီ”ဟူ၍သာလျှင် အသိဉာဏ်ဖြစ်၏၊ ရဟန်းတို့ ဤအတူသာလျှင် ပွါးများမှု ‘ဘာဝနာ’ကို အားထုတ်၍ နေသော ရဟန်းအား “ယနေ့ ငါ့အား အာသဝေါတရားတို့ ကုန်မှုသည် ဤမျှလောက် ရှိ၏၊ ယမန်နေ့ကမူကား ဤမျှလောက် ကုန်ခဲ့၏၊ အခြားနေ့ကမူကား ဤမျှလောက် ကုန်ခဲ့၏”ဟု အသိဉာဏ်မဖြစ်ပေ၊ စင်စစ်မူ ထိုရဟန်းအား အာသဝေါတရား ကုန်ရာ၌ “ကုန်ပြီ”ဟူ၍သာလျှင် အသိဉာဏ်ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ကြိမ်ဖြင့် ဖွဲ့နှောင်ကာ ခြောက်လတို့ပတ်လုံး ရေ၌ လှည့်လည်သွားလာ၍ ဆောင်းအခါ ကုန်း၌ တင်ထားအပ်သော သမုဒ္ဒရာသွား လှေ၌ လေ နေပူတို့ တွေ့ထိနှိပ်စက်အပ်ကုန်သော ကြိမ်ဖွဲ့တို့သည် ပြင်းထန်သော မိုး အလွန် ရွာသွန်းအပ်သည်ဖြစ်၍ မခက်ခဲပဲ သာလျှင် ဆုတ်ယုတ်ကုန်၏၊ ဆွေးမြည့်ကုန်၏။ ရဟန်းတို့ ဤအတူသာလျှင် ပွါးများမှု ‘ဘာဝနာ’ကို အားထုတ်၍ နေသော ရဟန်းအား မခက်ခဲပဲ သံယောဇဉ်တို့သည် ငြိမ်းအေးကုန်၏၊ ဆွေးမြည့်ခြင်းသို့ ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-အဂ္ဂိက္ခန္ဓောပမသုတ်

၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီကြွတော်မူ၏။ မြတ်စွာဘုရားသည် ဒေသစာရီ ကြွသွားတော်မူသည်ရှိသော် တခုသော အရပ်၌ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွဖြစ်သော မီးပုံကြီးကို မြင်တော်မူ၍ လမ်းခရီးမှ ဖဲပြီးလျှင် သစ်ပင်ရင်းဝယ် ခင်းထားသောနေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွဖြစ်သော ဤမီးပုံကြီးကို မြင်ကြကုန်၏လော"ဟု မေးတော်မူ၏။

အသျှင်ဘုရား မြင်ကြပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို မည်သို့ မှတ်ထင်ကြကုန်သနည်း၊ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွဖြစ်သော ဤမီးပုံကြီးကို ဖက်ပြီးလျှင် မှီ၍မူလည်း ထိုင်နေရာ၏၊ အနီးသို့မူလည်း ကပ်၍ အိပ်ရာ၏၊ နူးညံ့ နုနယ်သော လက်ခြေရှိသော မင်းမျိုး သတို့သမီးကိုသော်၎င်း ပုဏ္ဏားမျိုး သတို့သမီးကိုသော်၎င်း သူဌေးမျိုး သတို့သမီးကိုသော်၎င်း လည်ကို ဖက်၍ အနီး၌မူလည်း ထိုင်နေရာ၏၊ အနီးမူလည်း ကပ်၍ အိပ်ရာ၏၊ (ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်လေသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား နူးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုးသတို့သမီးကိုသော်၎င်း ပုဏ္ဏားမျိုး သတို့သမီးကိုသော်၎င်း သူဌေးမျိုး သတို့သမီးကိုသော်၎င်း ဖက်၍ အနီး၌ ထိုင်နေခြင်း အနီးသို့ ကပ်၍ အိပ်ခြင်းသည်သာလျှင် မြတ်လှပါ၏၊ အသျှင်ဘုရား တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့် တကွဖြစ်သော မီးပုံကြီးကို ဖက်၍ အနီး၌ ထိုင်နေခြင်း အနီးသို့ ကပ်၍ အိပ်ခြင်းသည် ဆင်းရဲလှပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါ ဟောကြားအံ့ သိစေအံ့၊ ယုတ်ညံ့သော သဘော ရှိသော မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ် အကျင့်ရှိသော ဖုံးလွှမ်းအပ်သော မကောင်းမှုရှိသော ရဟန်း မဟုတ်ပဲလျက် ငါရဟန်းဟု ဝန်ခံသော မြတ်သော အကျင့်ကို မကျင့်ပဲလျက် မြတ်သောအကျင့်ကို ကျင့်သည်ဟု ဝန်ခံသော အတွင်း၌ (ကိလေသာတို့ဖြင့်) ပုပ်သော (ကိလေသာတို့ဖြင့်) စိုစွတ်သော ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုဿီလ ပုဂ္ဂိုလ်အား တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့် တကွဖြစ်သော မီးပုံကြီးကို ဖက်၍ အနီး၌ ထိုင်နေခြင်း၊ အနီးသို့ ကပ်၍ အိပ်ခြင်းကသာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုရဟန်းသည် ထိုမီးပုံကြီးကို ဖက်၍ အနီး၌ ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်း ဟူသော အကြောင်းကြောင့် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့

http://www.dhammadownload.com



မူလည်း ရောက်ရာ၏၊ ထိုမီးပုံကြီးကို ဖက်၍ အနီး၌ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။ ရဟန်းတို့ ယုတ်ညံ့သော သဘောရှိ၍ မစင်ကြယ်သော စက်ဆုပ်ရွံရှာအပ်သော အကျင့်ရှိသော။ပ။ (ကိလေသာတို့ဖြင့်) စိုစွတ်သော ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား နူးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုး သတို့သမီးကိုသော်၎င်း ပုဏ္ဏားမျိုး သတို့သမီးကိုသော်၎င်း သူဌေးမျိုး သတို့သမီးကိုသော်၎င်း ဖက်၍ အနီး၌ ထိုင်နေခြင်း အနီးသို့ကပ်၍ အိပ်ခြင်းသည် ကာလကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၁)

ရဟန်းတို့ ထိုအရာကို မည်သို့ မှတ်ထင်ကြကုန်သနည်း၊ ခွန်အားရှိသော ယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်တို့ကို ရစ်ပတ်၍ ပွတ်တိုက်ရာ၏၊ ထိုသားမြီးကြိုးသည် အပေါ်အရေကို ဖြတ်ရာ၏၊ အပေါ်အရေကို ဖြတ်ပြီးလျှင် အတွင်းအရေကို ဖြတ်ရာ၏၊ အတွင်းအရေကို ဖြတ်ပြီးလျှင် အသားကို ဖြတ်ရာ၏၊ အသားကို ဖြတ်ပြီးလျှင် အကြောကို ဖြတ်ရာ၏၊ အကြောကို ဖြတ်ပြီးလျှင် အရိုးကို ဖြတ်ရာ၏၊ အရိုးကို ဖြတ်ပြီးလျှင် ရိုးတွင်းခြင်ဆီကို ထိလျက် တည်ရာ၏။ မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ရှိခိုးခြင်းကို သာယာရာ၏။

(ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ရှိခိုးခြင်းကို သာယာခြင်းသည်သာလျှင် မြတ်ပါ၏၊ အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားမြီးကြိုးဖြင့်။ပ။ ရိုးတွင်းခြင်ဆီကို ထိ၍ တည်ခြင်းသည် ဆင်းရဲလှပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့။

ယုတ်ညံ့သော သဘောရှိ၍။ပ။ ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် မြဲမြံခိုင်ခံ့သော သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်တို့ကို ရစ်ပတ်၍။ပ။ ရိုးတွင်းခြင်ဆီကို ထိ၍ တည်ခြင်းသည်သာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုသားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်ခြင်းဟူသော အကြောင်းကြောင့် ထိုရဟန်းသည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့မူလည်း ရောက်ရာ၏၊ ထိုသားမြီးကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

http://www.dhammadownload.com



ရဟန်းတို့ သီလမရှိသော ။ပ။ ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်၎င်း ရှိခိုးခြင်းကို သာယာခြင်းသည် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာငရဲသို့ ကျရောက်ရ၏။ (၂)

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ခွန်အားရှိသော ယောကျ်ားသည် ဆီဖြင့် ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သော လှံမဖြင့် ရင်ဝ၌ ထိုးဆွရာ၏။ မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း လက်အုပ်ချီခြင်းကို သာယာရာ၏၊ (ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း လက်အုပ်ချီခြင်းကို သာယာခြင်းသည်သာလျှင် မြတ်လှပါ၏၊ အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် ဆီဖြင့် ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သော လှံမဖြင့် ရင်ဝ၌ ထိုးဆွခြင်းသည်ကား ဆင်းရဲလှပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့ ။ပ။ ယောက်သွားပုပ်နှင့်တူသော သဘောရှိသော သီလမရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် ဆီဖြင့် ကျောက်တုံး၌ သွေးအပ်သော ထက်မြက်သော လှံမဖြင့် ရင်ဝ၌ ထိုးဆွခြင်းသည်သာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုလှံမဖြင့် ရင်ဝ၌ ထိုးဆွခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့ မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့မူလည်း ရောက်ရာ၏၊ ထိုလှံမဖြင့် ရင်ဝ၌ ထိုးဆွခြင်း အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ရဟန်းတို့ ယုတ်ညံ့သော သဘောရှိသော ။ပ။ ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း လက်အုပ်ချီခြင်းကို သာယာခြင်းသည် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၃)

ရဟန်းတို့ ထိုအရာကို မည်သို့ မှတ်ထင်ကုန်ကြသနည်း။

ခွန်အားရှိသော ယောကျ်ားသည် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွဖြစ်သော လောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ရာ၏။ မင်းမျိုး၌

http://www.dhammadownload.com



ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော သက်န်းကို ဝတ်ရုံ သုံးဆောင်ရာ၏၊ (ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း။ပ။ ယုံကြည်မှုဖြင့် ပေးလှူအပ်သော သက်န်းကို ဝတ်ရုံသုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏။ခွန်အားရှိသော ယောကျ်ားသည် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွ ဖြစ်သော လောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်းသည် ဆင်းရဲလှပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့။ပ။ ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့်တကွ ဖြစ်သော လောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်းသည်သာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထို လောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏၊ ထိုလောလောပူသော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ မူကား မကျရောက်ရာ။

ရဟန်းတို့ ယောက်သွားပုပ်နှင့်တူသော သဘောရှိသော။ပ။ ပုဂ္ဂိုလ်အား မင်းမျိုး၌ ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသောဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော သက်န်းကို ဝတ်ရုံသုံးဆောင်ခြင်းသည် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၄)

ရဟန်းတို့ ထိုအရာကို မည်သို့ မှတ်ထင်ကြကုန်သနည်း။

ခွန်အားရှိသော ယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ခံတွင်းကို ဖွင့်ပြီးလျှင် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့် တကွ မီးတောက်နှင့်တကွဖြစ်သော လောလောပူသော သံတွေခဲကို ခံတွင်း၌ ထည့်သွင်းရာ၏၊ထိုလောလောပူသော သံတွေခဲသည် အထည့်ခံရသော ထိုသူ၏ နှုတ်ခမ်းကိုလည်း လောင်ရာ၏၊ခံတွင်းကိုလည်း လောင်ရာ၏၊ လျှာကိုလည်း လောင်ရာ၏၊လည်ချောင်းကိုလည်း လောင်ရာ၏၊ရင်ကိုလည်း လောင်ရာ၏၊အူမကို၎င်း အူသိမ်ကို၎င်း ယူ၍ အောက်ဖက်မှ ထွက်လေရာ၏။ မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိ

http://www.dhammadownload.com



ကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ဆွမ်းကို သုံးဆောင်ရာ၏၊ (ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ဆွမ်းကို သုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏။

ခွန်အားရှိသော ယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ခံတွင်းကို ဖွင့်ပြီးလျှင် တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့် တကွ မီးတောက်နှင့် တကွဖြစ်သော လောလောပူသော သံတွေခဲကို ခံတွင်း၌ ထည့်သွင်းရာ၏၊ထိုလောလောပူသော သံတွေခဲသည် အထည့်ခံရသော ထိုသူ၏ နှုတ်ခမ်းကိုလည်း လောင်ရာ၏၊ ခံတွင်းကိုလည်း လောင်ရာ၏၊ လျှာကိုလည်း လောင်ရာ၏၊လည်ချောင်းကိုလည်း လောင်ရာ၏၊ရင်ကိုလည်း လောင်ရာ၏၊အူမကို၎င်း အူသိမ်ကို၎င်း ယူ၍ အောက်ဖက်မှ ထွက်လေရာ၏၊ ဤသံတွေခဲကို ထည့်သွင်းခံရခြင်းသည်ကား ဆင်းရဲလှပါ၏ဟု(လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊သိစေအံ့။ပ။ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ခံတွင်းကို ဖွင့်၍ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့်တကွ မီးတောက်နှင့် ကကွဖြစ်သော လောလောပူသော သံတွေခဲကို ခံတွင်း၌ ထည့်ရာ၏၊ ထိုသံတွေခဲသည် အထည့်ခံရသော ထိုသူ၏ နှုတ်ခမ်းကိုလည်း လောင်ရာ၏၊ ခံတွင်းကိုလည်း လောင်ရာ၏၊ လျှာကိုလည်း လောင်ရာ၏၊ လည်ချောင်းကိုလည်း လောင်ရာ၏၊ ရင်ကိုလည်း လောင်ရာ၏၊ အူမကို၎င်း အူသိမ်ကို၎င်း ယူ၍ အောက်ဖက်မှ ထွက်လေရာ၏၊ ဤလောလောပူသော သံတွေခဲကို ထည့်သွင်းခံရခြင်းသည်သာလျှင်မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုသံတွေခဲကို ထည့်သွင်းခြင်းတည်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏၊ ထိုသံတွေခဲကိုထည့်သွင်းခြင်း တည်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ရဟန်းတို့ ယုတ်ညံ့သော သဘောရှိသော။ပ။ ယောက်သွားပုပ်ကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်အား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ဖြစ်၍ များသောဥစ္စာနှစ် ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ဆွမ်းကို သုံးဆောင်ခြင်းသည် ကာလ

http://www.dhammadownload.com



ကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၅)

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

ခွန်အားရှိသော ယောကျ်ားသည် ဦးခေါင်း၌ ဖြစ်စေ ပခုံး၌ ဖြစ်စေ ဆွဲကိုင်၍ လောလောပူသော သံ ညောင်စောင်းကိုသော်၎င်း သံအင်းပျဉ်ကိုသော်၎င်း ဖိ၍မူလည်း ထိုင်စေရာ၏၊ ဖိ၍မူလည်း အိပ်စေရာ၏။ မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ရာ၏၊ (ထိုနှစ်မျိုးတို့ဘွင်) အဘယ်အရာသည် မြတ်သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူဘို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူဘို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏။

အသျှင်ဘုရား ခွန်အားရှိသော ယောကျ်ားသည် ဦးခေါင်း၌ဖြစ်စေ ပခုံး၌ဖြစ်စေ ဆွဲကိုင်၍ လောလောပူသော သံညောင်စောင်းကိုသော်၎င်း သံအင်းပျဉ်ကိုသော်၎င်း ဖိ၍မူလည်း ထိုင်စေရာ၏၊ ဖိ၍မူလည်း အိပ်စေရာ၏၊ ထို ထိုင်ရခြင်း အိပ်ရခြင်းသည် ဆင်းရဲလှပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊သိစေအံ့။ပ။ယောက်သွားပုပ်နှင့်တူသော သဘောရှိသော ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် ဦးခေါင်း၌ ဖြစ်စေ ပခုံး၌ ဖြစ်စေ ဆွဲကိုင်၍ လောလောပူသော သံညောင်စောင်းကိုသော်၎င်း သံအင်းပျဉ်ကိုသော်၎င်း ဖိ၍မူလည်း ထိုင်စေရာ၏၊ ဖိ၍မူလည်း အိပ်စေရာ၏၊ ထိုသို့ ထိုင်ရခြင်း အိပ်ရခြင်းသည်သာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုအိပ်ရခြင်း ထိုင်ရခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏၊ ထိုအိပ်ခြင်း ထိုင်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ရဟန်းတို့ ယုတ်မာသော သဘောရှိသော။ပ။ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ခြင်းသည် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၆)

http://www.dhammadownload.com



ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

ခွန်အားရှိသော ယောကျ်ားသည် ခြေကား မိုးမျှော် ဦးခေါင်းစောက်ထိုး ဆွဲကိုင်၍ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့် တကွ မီးတောက်နှင့် တကွဖြစ်သော လောလောပူသော ကြေးအိုး၌ ထည့်ရာ၏၊ ထိုအထည့်ခံရသော သူသည် ထိုကြေးအိုး၌ အမြှုပ်ကို ဖြစ်စေ၍ ကျက်ပြီးလျှင် တကြိမ်လည်း အထက်သို့ တက်ရာ၏၊ တကြိမ်လည်း အောက်သို့ ဆင်းရာ၏၊ တကြိမ်လည်း ဘေးသို့ ရောက်ရာ၏။ မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏ သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ကျောင်းကို သုံးဆောင်ရာ၏၊ (ထိုနှစ်မျိုးတို့တွင်) အဘယ်အရာသည် မြတ်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ကျောင်းကို သုံးဆောင်ခြင်းသည်သာလျှင် မြတ်ပါ၏။ ခွန်အားရှိသော ယောကျ်ားသည် ခြေကား မိုးမျှော် ဦးခေါင်းစောက်ထိုး ဆွဲကိုင်၍ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံနှင့် တကွ မီးတောက်နှင့် တကွဖြစ်သော လောလောပူသော ကြေးအိုး၌ ထည့်ရာ၏၊ ထိုအထည့်ခံရသော သူသည် ထိုကြေးအိုး၌ အမြှုပ်ကို ဖြစ်စေ၍ ကျက်ပြီးလျှင် တကြိမ်လည်း အထက်သို့ တက်ရာ၏၊ တကြိမ်လည်း အောက်သို့ ဆင်းရာ၏၊ တကြိမ်လည်း ဘေးသို့ ရောက်ရာ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆင်းရဲပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့အား ငါဟောကြားအံ့၊ သိစေအံ့။

မကောင်းသော သဘောရှိသော။ပ။ ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ထိုဒုဿီလ ပုဂ္ဂိုလ်အား ခွန်အားရှိသော ယောကျ်ားသည် ခြေကား မိုးမျှော် ဦးခေါင်းစောက်ထိုး ဆွဲကိုင်၍။ပ။တကြိမ်လည်း ဘေးသို့ ရောက်ရာ၏၊ ဤသို့ ဖြစ်ရခြင်းသည်သာလျှင် မြတ်၏။

ထိုသို့ မြတ်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့ ထိုလောလောပူသော ကြေးအိုး၌ ထည့်ခြင်းတည်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏၊ ထိုကြေးအိုး၌ ထည့်ခြင်းတည်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ကား မကျရောက်ရာ။

ရဟန်းတို့ မကောင်းသော သဘောရှိသော။ပ။ ယောက်သွားပုပ်နှင့် တူသော သဘောရှိသော ထိုပုဂ္ဂိုလ်အား မင်းမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ်ရှိကုန်သော သူတို့၏သော်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ် ရှိကုန်သော သူတို့၏သော်၎င်း သူကြွယ်မျိုး၌ ဖြစ်၍ များသော ဥစ္စာနှစ် ရှိကုန်သော သူတို့၏သော်၎င်း ယုံကြည်မှုဖြင့် ပေးလှူအပ်သော ကျောင်းကို

http://www.dhammadownload.com



သုံးဆောင်ခြင်းသည်သာလျှင် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ (၇)

ရဟန်းတို့ ထို့ကြောင့် ဤသို့ ကျင့်ရမည်။

"ငါတို့သည် အကြင်ဒါယကာတို့၏ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို သုံးဆောင်ကုန်၏၊ ထိုဒါယကာတို့ ပြုအပ်သော ကောင်းမှုတို့သည် အကျိုးအာနိသင်ကြီးမားကုန်လိမ့်မည်၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်း အကျိုးရှိသည် တိုးပွါးခြင်းရှိသည် ဖြစ်၍ မမြုံသည် ဖြစ်ပေလိမ့်မည်"ဟု (ကျင့်ရမည်)။

ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်။

ရဟန်းတို့ မိမိအကျိုးကို ကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့် ပြည့်စုံရန် သင့်သည်သာတည်း။

ရဟန်းတို့ သူတပါးအကျိုးကို ကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့် ပြည့်စုံရန် သင့်သည်သာတည်း။

ရဟန်းတို့ အကျိုးနှစ်ပါးစုံကို ကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့် ပြည့်စုံရန် သင့်သည်သာတည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ ဤဝေယျာကရိဏ်းဒေသနာကို ဟောတော်မူသည်ရှိသော် ခြောက်ကျိပ်သော ရဟန်းတို့အား ပူသောသွေးသည် ခံတွင်းမှ အံထွက်၏၊ ခြောက်ကျိပ်သော ရဟန်းတို့သည် "မြတ်စွာဘုရား အလွန်ပြုနိုင်ခဲပါ၏၊ မြတ်စွာဘုရား အလွန်ပြုနိုင်ခဲပါ၏"ဟုလျှောက်ပြီးလျှင် သိက္ခာချ၍ လူထွက်ကြကုန်၏၊ ခြောက်ကျိပ်သော ရဟန်းတို့အား (တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသော အာရုံကို)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်တို့သည် လွတ်မြောက်ကြလေကုန်သတည်း။

အဋ္ဌမသုတ်။

## ၉-သုနေတ္တသုတ်

၇၃။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား အယုဝါဒ တီထွင်သော ကာမဂုဏ်တို့၌ (ဝိက္ခမ္ဘနပဟာန်အားဖြင့်) စွဲမက်မှုကင်းသော သုနေတ္တမည်သော ဆရာသည် ဖြစ်ပေါ်ဘူး၏။ ရဟန်းတို့ သုနေတ္တဆရာအား တပည့် ရာပေါင်းများစွာတို့ ရှိကုန်၏၊ သုနေတ္တဆရာသည် တပည့်တို့အား ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟော၏၊ ရဟန်းတို့ သုနေတ္တဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် မကြည်ညိုစိတ်ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ ဖြစ်ကုန်၏။ ရဟန်းတို့ သုနေတ္တဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် ကြည်ညိုစိတ် ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား မူဂပက္ခမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ ။ပ။ အရနေမိမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ ။ပ။ ကုဒ္ဒါလကမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ ။ပ။ ဟတ္ထိပါလမည်သော ဆရာကြီးသည် ဖြစ်ပေါ်ဘူးပြီ။ပ။ဇောတိပါလမည်သော ဆရာသည်ဖြစ်ပေါ်ဘူးပြီ ။ပ။ အယူဝါဒကို တီထွင်သော ကာမဂုဏ်တို့၌ ဝိက္ခမ္ဘနပဟာန်အားဖြင့် စွဲမက်မှုကင်းသော အရကမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ၊ ရဟန်းတို့ အရကဆရာအား တပည့် ရာပေါင်းများစွာတို့ ရှိကုန်၏၊ အရကဆရာသည် တပည့်တို့အား ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟော၏၊ ရဟန်းတို့ အရကဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် မကြည်ညိုစိတ်ရှိကြသည့် တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ဖြစ်ကုန်၏။ ရဟန်းတို့ အရကဆရာသည် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် တရားဟောသည်ရှိသော် ကြည်ညိုစိတ်ရှိသည့် တပည့်တို့သည် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ကုန်၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။

အယူဝါဒတီထွင်ကုန်သော ကာမဂုဏ်တို့၌ စွဲမက်မှုကင်းကုန်သော တပည့်အခြံအရံ ရာပေါင်းများစွာရှိကုန်သော တပည့်အပေါင်းနှင့် တကွဖြစ်ကုန်သော ဤဆရာခုနစ်ယောက်တို့ကို ပြစ်မှားလိုသော စိတ်ဖြင့် ဆဲရေး ခြိမ်းခြောက်သူသည် များစွာသော မကောင်းမှုကို ပွါးစေရာ အံ့လောဟု (မေးတော်မ၏)။

အသျှင်ဘုရား ပွါးစေရာပါ၏။

ရဟန်းတို့ အယူဝါဒကို တီထွင်ကုန်သော ကာမဂုဏ်တို့၌ စွဲမက်မှုကင်းကုန်သော တပည့်အခြံအရံ ရာပေါင်းများစွာ ရှိကုန်သော တပည့်အပေါင်းနှင့် တကွဖြစ်ကုန်သော ဤဆရာခုနစ်ယောက်တို့ကို ပြစ်မှားလိုသော စိတ်ဖြင့် ဆဲရေး ခြိမ်းခြောက်သူသည် များစွာသော မကောင်းမှုတို့ကို ဖြစ်ပွါးစေရာ၏။

ဉာဏ်အမြင် (သောတာပတ္တိမဂ်)နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တဦးကို ပြစ်မှားလိုသော စိတ်ဖြင့် ဆဲရေးခြိမ်းခြောက်သည့် ပုဂ္ဂိုလ်သည် ထိုရှေးပုဂ္ဂိုလ်တို့ထက် မကောင်းမှုကို သာ၍ များစွာ ပွါးစေ၏။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။

ရဟန်းတို့ သီတင်းသုံးဖော်တို့၌ ဤဆဲရေး ခြိမ်းခြောက်မှုမျိုးကို မိမိကိုယ်ကို တူးဖို့၏ဟု ဟောသကဲ့သို့ ဤသာသနာတော်အပ၌ ဤသို့သဘောရှိသော ဆဲရေး ခြိမ်းခြောက်မှုမျိုးကို မိမိကိုယ်ကို တူးဖို့၏ဟု ငါမဆို၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည် "သီတင်းသုံးဖော်တို့၌ ငါတို့၏ စိတ်တို့သည် ပြစ်မှားကြလိမ့်မည် မဟုတ်ကုန်" ဟု (ကျင့်ရမည်)။

ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အရကသုတ်

၇၄။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား အယူဝါဒကို တီထွင်သော ကာမဂုဏ်တို့၌ (ဝိက္ခမ္ဘနပဟာန်ဖြင့်) စွဲမက်မှုကင်းသော အရကမည်သော ဆရာသည် ဖြစ်ပေါ်ဘူးပြီ၊ ရဟန်းတို့

http://www.dhammadownload.com



အရကဆရာအား တပည့် ရာပေါင်းများစွာတို့ရှိကုန်၏၊ အရကဆရာသည် တပည့်တို့အား ဤသို့ တရားကိုဟော၏။

သူတော်ကောင်း လူတို့၏ အသက်သည် နည်းပါးလှ၏၊ တိုတောင်းလှ၏ လျင်မြန်လှ၏၊ များစွာဆင်းရဲခြင်းရှိ၏၊ များစွာပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှုမည်သည် မရှိ။

သူတော်ကောင်း ဥပမာသော်ကား မြက်ပင်ဖျား၌ ကျရောက်သော ဆီးနှင်းပေါက်သည် နေထွက်လတ်သော် လျင်မြန်စွာ ပျောက်ကွယ်၏၊ ကြာမြင့်စွာ မတည်၊ သူတော်ကောင်း ထိုအတူ သာလျှင် လူတို့၏ အသက်သည် မြက်ပင်ဖျား၌ ကျရောက်သော ဆီးနှင်းပေါက်နှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာ ဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှုမည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား မိုးကြီး သည်းထန်စွာ ရွာသွန်းလတ်သော်ရေအပြင်၌ ရေပွက်သည် လျင်မြန်စွာ ပျောက်ကွယ်၏၊ ကြာမြင့်စွာ မတည်၊ သူတော်ကောင်း ဤအတူ သာလျှင် လူတို့၏ အသက်သည် ရေပွက်နှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာ ဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်း ရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှုမည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား ရေပြင်၌ လှင်ကန်ဖြင့် ရိုက်ခတ်အပ်သော အရေးအကြောင်းသည် လျင်မြန်စွာသာလျှင် ပျောက်ကွယ်၏၊ ကြာမြင့်စွာ မတည်၊ သူတော်ကောင်း ဤအတူသာလျှင် လူတို့၏ အသက်သည် ရေအပြင်၌ ရေးအပ်သော အရေးအကြောင်းနှင့် ဥပမာတူ၏၊ တိုတောင်းလှ၏။ပ။ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှုမည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား ဝေးသော အရပ်မှ လာ၍ လျင်မြန်သော ရေအယဉ်ရှိသော ဆောင်အပ်သော အမှိုက်သရိုက်ကို ဆောင်တတ်သော တောင်ထိပ်မှ စီးဆင်းသော မြစ်သည် အကြင်ကာလအားဖြင့် နောက်သို့ ဆုတ်၏၊ ထိုဆုတ်သော ကာလသည်ငှင်း လယသည်ငှင်း မုဟုတ္တသည်ငှင်း မရှိ၊ စင်စစ် ထိုမြစ်ရေအယဉ်သည် သွားသည်သာလျှင် ဖြစ်၏၊ လျှောသည် သာလျှင် ဖြစ်၏၊ စီးဆင်းသည်သာလျှင် ဖြစ်၏၊ သူတော်ကောင်း ဤအတူသာလျှင် လူတို့၏ အသက်သည် တောင်ထိပ်မှ စီးဆင်းသော မြစ်ရေနှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏။ပ။ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှု မည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား ခွန်အားရှိသော ယောကျ်ားသည် လျှာဖျား၌ တံထွေးပေါက်ကို စုရုံးပြီး မပင်မပန်းသဖြင့်သာလျှင် ထွေးရာသကဲ့သို့ သူတော်ကောင်း ဤအတူ သာလျှင် လူတို့၏ အသက်သည် တံထွေးပေါက်နှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန် လှ၏။ပ။ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမှုမည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား တနေ့ပတ်လုံး လောလောပူသော သံအိုးကင်း၌ အသားတုံးကို ထည့်အပ်သည်ရှိသော် လျင်မြန်စွာသာလျှင် ပျောက်ပျက်လေ၏၊ ကြာမြင့်စွာ

http://www.dhammadownload.com



မတည်၊ သူတော်ကောင်း ဤအတူသာလျှင် လူတို့၏ အသက်သည် အသားတုံးနှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏။ပ။ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမူမည်သည် မရှိ။

သူတော်ကောင်း ဥပမာတနည်းသော်ကား နွားသတ်ရုံသို့ ဆွဲငင်ယူဆောင်အပ်သော အသတ်ခံရမည့် နွားမသည် ခြေလှမ်း ကြွချီတိုင်း ကြွချီတိုင်းသာလျှင် သတ်ခြင်း၏ အနီး၌သာ ဖြစ်၏၊ သေခြင်း၏ အနီး၌သာ ဖြစ်၏။ သူတော်ကောင်း ဤအတူသာလျှင် လူတို့၏ အသက်သည် အသတ်ခံရမည့်နွားမနှင့် ဥပမာတူ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာ ဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်း ရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမူမည်သည် မရှိ" ဟု (တရားကိုဟော၏)။

ရဟန်းတို့ ထိုစဉ်အခါ၌ လူတို့၏ အသက်အတိုင်းအရှည်သည် အနှစ်ခြောက်သောင်း ဖြစ်လေ၏၊ အနှစ်ငါးရာ အသက်ရှိသော သတို့သမီးသည် လက်ထပ်ထိမ်းမြားရန် ထိုက်၏၊ ရဟန်းတို့ ထိုစဉ်အခါက လူတို့အား ချမ်းအေးမှု ပူအိုက်မှု ဆာလောင်မှု မွတ်သိပ်မှု ကျင်ကြီးစွန့်လိုမှု ကျင်ငယ်စွန့်လိုမှုဟူသော အနာရောဂါ ခြောက်မျိုးတို့သာလျှင် ရှိကုန်၏၊ ရဟန်းတို့ အရကမည်သော ထိုဆရာသည် ဤသို့ အသက်ရှည်၍ ကြာမြင့်စွာ တည်ပြီးလျှင် အနာရောဂါ ကင်းကုန်သော လူတို့၌ သော်လည်း တပည့်တို့အား "သူတော်ကောင်း လူတို့၏ အသက်သည် နည်းပါးလှ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာ ဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမူမည်သည် မရှိ" ဟူ၍ တရားကို ဟောတုံဘိသေး၏။

ရဟန်းတို့ "လူ့ဘို့၏ အသက်သည် နည်းပါးလှ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာ ဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိအပ်၏၊ ကုသိုလ်ကိုပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေရသော ပုဂ္ဂိုလ်အား မသေရမူမည်သည် မရှိ"ဟူ၍ ထိုစကားကို ပြောဆိုလိုမူ ယခုအခါ၌သာလျှင် ကောင်းစွာ ပြောဆိုသည်မည်ရာ၏။

ရဟန်းတို့ ယခုအခါ၌ ကြာမြင့်စွာ အသက်ရှည်သူသည် အနှစ်တရာသော်၎င်း (ဝါရာအောက်) အနည်းငယ်လျော့၍သော်၎င်း (တရာထက်) အနည်းငယ် ပိုလွန်၍သော်၎င်း အသက်ရှည်၏။

ရဟန်းတို့ အနှစ်တရာအသက်ရှည်သူသည် ဆောင်းဥတုတရာ နွေဥတုတရာ မိုးဥတုတရာအားဖြင့် ဥတုသုံးရာပတ်လုံးသာလျှင် အသက်ရှည်၏။

ရဟန်းတို့ ဥတုသုံးရာပတ်လုံး အသက်ရှည်သူသည် ဆောင်းလလေးရာ နွေလလေးရာ မိုးလလေးရာ အားဖြင့် လပေါင်း တထောင့်နှစ်ရာပတ်လုံးသာလျှင် အသက်ရှည်၏။

ရဟန်းတို့ လပေါင်းတထောင့်နှစ်ရာပတ်လုံး အသက်ရှည်သူသည် ဆောင်းလခွဲပေါင်းရှစ်ရာ နွေလခွဲပေါင်းရှစ်ရာ မိုးလခွဲပေါင်းရှစ်ရာအားဖြင့် လခွဲပေါင်း နှစ်ထောင့်လေးရာပတ်လုံးသာလျှင် အသက်ရှည်၏။

ရဟန်းတို့ လခွဲပေါင်းနှစ်ထောင့်လေးရာပတ်လုံး အသက်ရှည်သောသူသည် ဆောင်းညဥ့်ပေါင်း တသောင်းနှစ်ထောင် နွေညဥ့်ပေါင်း တသောင်းနှစ်ထောင် မိုးညဥ့်ပေါင်း တသောင်းနှစ်ထောင် အားဖြင့် သုံးသောင်းခြောက်ထောင်သော ညဥ့်တို့ပတ်လုံးသာလျှင် အသက်ရှည်၏။

http://www.dhammadownload.com



ရဟန်းတို့ ညဉ့်ပေါင်း သုံးသောင်းခြောက်ထောင် အသက်ရှည်သော သူသည် အမိန့်ကို စိုးခြင်းနှင့် တကွ ထမင်းစားခြင်း၏ အန္တရာယ်နှင့်တကွ ဆောင်းလ ထမင်းစားမှုနှစ်သောင်းလေး ထောင် နွေလထမင်းစားမှု နှစ်သောင်းလေးထောင် မိုးလထမင်းစားမှု နှစ်သောင်းလေးထောင် အားဖြင့် ခုနစ်သောင်းနှစ်ထောင်သော အကြိမ်တို့ပတ်လုံးသာလျှင် ထမင်းကို စား၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်တို့ကား ထမင်းစားမှု၏ အန္တရာယ်တို့ပင်တည်း။

မျောက်မျဉ်းအိပ်သူသည်လည်း ထမင်းကို မစား၊ ဆင်းရဲမှု နှိပ်စက်ခံရသူသည်လည်း ထမင်းကို မစား၊ အနာရောဂါနှိပ်စက်ခံရသူသည်လည်း ထမင်းကို မစား၊ ဥပုသ်စောင့်သူသည်လည်း ထမင်းကို မစား၊ လာဘ်မရသဖြင့်လည်း ထမင်းကို မစား၊ (ဤသည်တို့ကား) ထမင်းစားမှု၏ အန္တရာယ် တို့ပင်တည်း။

ရဟန်းတို့ ဤသို့လျှင် ငါသည် အနှစ်တရာ အသက်ရှည်သော လူ၏ အသက်ကိုလည်း ရေတွက်အပ်၏၊ အသက်အတိုင်းအရှည်ကိုလည်း ရေတွက်အပ်၏၊ ဥတုကိုလည်း ရေတွက်အပ်၏၊ နှစ်တို့ကိုလည်း ရေတွက်အပ်ကုန်၏၊ လတို့ကိုလည်း ရေတွက်အပ်ကုန်၏၊ လခွဲတို့ကိုလည်း ရေတွက် အပ်ကုန်၏၊ ညဉ့်တို့ကိုလည်း ရေတွက်အပ်ကုန်၏၊ နေ့တို့ကိုလည်း ရေတွက်အပ်ကုန်၏၊ ထမင်းစားမှု တို့ကိုလည်း ရေတွက်အပ်ကုန်၏၊ ထမင်း၏ အန္တရာယ်တို့ကိုလည်း ရေတွက်အပ်ကုန်၏။

ရဟန်းတို့ တပည့်သာဝကတို့၏ အစီးအပွါးကို ရှာသော သနားစောင့်ရှောက်သည့် ဆရာ ဖြစ်သော ငါသည် သင်တို့အား သနားစောင့်ရှောက်မှုကို အစွဲပြု၍ ပြုလုပ်ဖွယ်ကိစ္စကို ပြုအပ်ပြီ။

ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ အရပ် တို့တည်း၊ (ထိုအရပ်တို့သို့ ချဉ်းကပ်ကြကုန်လော့) ရဟန်းတို့ တစိမ်းစိမ်း ရှုကြကုန်လော့၊ မမေ့မလျော့ ကြကုန်လင့်၊ နောက်မှ နှလုံးမသာယာမှု မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အား ငါ၏ ဆုံးမမှုပင်တည်း ဟု (မိန့်တော်မူ၏)။

**ဒသမသုတ်။**

**ခုနစ်ခုမြောက် မဟာဝဂ် ပြီး၏။**

---

## ၈-ဝိနယဝဂ် ၁-ပဌမ ဝိနယဓရသုတ်

၇၅။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ သီလရှိ၏၊ ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်လျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊မငြိုမငြင်ရ၏၊မပင်မပန်း ရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ

http://www.dhammadownload.com



တရားကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းခိုရ်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ဝိနယဓရသုတ်

၇၆။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ ထိုရဟန်းအား ပါတိမောက်နှစ်မျိုးတို့သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌ လာကုန်၏၊ ကောင်းစွာ ဝေဖန်အပ်ကုန်၏၊ ကောင်းစွာ ဖြစ်ခြင်းရှိကုန်၏၊ ဝိဘင်းအားဖြင့်၎င်း ခန္ဓကအားဖြင့်၎င်း ကောင်းစွာ ဆုံးဖြတ်အပ်ကုန်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းပဲရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်ဖြင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-တတိယ ဝိနယ ရသုတ်

၇၇။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ ဝိနည်း၌(လဇ္ဇီအဖြစ်ဖြင့်) တည်၏၊ ပြောင်းရွှေ့မှု မရှိ၊ လွန်မြတ်သောစိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းပဲရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်း

သော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ် ရဟန်းဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-စတုတ္ထ ဝိနယဓရသုတ်

၇၇။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ များပြားသော ရှေးကဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုင်ငင်း နှစ်ဘဝတို့ကိုင်ငင်း ။ပ။ ဤသို့ အခြင်းအရာနှင့် တကွ အဖြစ်သနစ်နှင့် တကွဖြစ်သော များပြားသော ရှေးကဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ လူတို့၏မျက်စိအမြင်ထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'မျက်စိဖြင့် ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ် ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဥ္စမ ဝိနယဓရသောဘနသုတ်

၇၈။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းဓိုရ်ရဟန်းသည် တင့်တယ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ လွန်မြတ်သောစိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းဓိုရ်ရဟန်းသည် တင့်တယ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ ဝိနယဓရသောဘနသုတ်

၇၀။ ရဟန်းတို့ ဟရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းခိုရိရဟန်းသည် တင့်တယ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်၌လာကုန်၏၊ ကောင်းစွာ ဝေဖန်အပ်ကုန်၏၊ ကောင်းစွာ ဖြစ်ခြင်းရှိကုန်၏၊ ဝိဘင်းခန္ဓကအားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်ကုန်၏၊ လွန်မြတ်သောစိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏၊ အာသဝေါတရားကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းခိုရိရဟန်းသည် တင့်တယ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်၊

## ၇-တတိယ ဝိနယဓရသောဘနသုတ်

၇၁။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းခိုရိရဟန်းသည် တင့်တယ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ ဝိနည်း၌ တည်၏၊ ပြောင်းရွှေ့ခြင်း မရှိ၊ လွန်မြတ်သောစိတ်၌ ဖြစ်ကုန်သော။ပ။ မပင်မပန်းပဲ ရ၏၊ အာသဝေါတရားတို့ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ **နေ၏။**

ရဟန်းတို့ ဤဘရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းခိုရိရဟန်းသည် တင့်တယ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-စတုတ္ထ ဝိနယဓရသောဘနသုတ်

၇၂။ ရဟန်းတို့ တရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းခိုရိရဟန်းသည် တင့်တယ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

အာပတ်ကို သိ၏၊ အာပတ်မဟုတ်သည်ကို သိ၏၊ လဟုကအာပတ်ကို သိ၏၊ ဂရုကအာပတ်ကို သိ၏၊ များပြားသော ရှေးကနေဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊

http://www.dhammadownload.com



တဘာဝကိုငှင်း နှစ်ဘဝတို့ကိုငှင်း၍ပ။ ဤသို့ အခြင်းအရာနှင့် တကွ အဖြစ်သနစ်နှင့် တကွ များပြား သော ရှေးကနေဘူးသည်ကို အောက်မေ့နိုင်၏၊ လူတို့၏ မျက်စိအမြင်ထက် သာလွန်သော၍ပ။ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုမျက်စိဖြင့် မြင်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်၍ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော ဝိနည်းဓိုရ်ရဟန်းသည် တင့်တယ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သတ္ထုသာသနသုတ်

၈၃။ ထိုအခါ၌ အသျှင်ဥပါလိမထေရ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို ကြားနာရ၍ တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာ အားထုတ်သည် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏ ဟု (လျှောက်၏)။

ဥပါလိ "ဤတရားတို့သည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ ရန် တပ်ခြင်းကင်းရန် ကိလေသာ ချုပ်ငြိမ်းရန် ထူးသောဉာဏ်ဖြင့် သိရန် သစ္စာလေးပါးကို ထိုးထွင်း၍ သိရန် မဖြစ်ကုန်၊ နိဗ္ဗာန်အလို့ငှါ မဖြစ်ကုန်" ဟူ၍ သင်သည် အကြင်တရားတို့ကို သိရာ၏၊ ဥပါလိ "ဤသို့သောတရားသည် ဓမ္မ မမည်၊ ဤသို့ သော တရားသည် ဝိနယ မမည်၊ ဤသို့သောတရားသည် မြတ်စွာဘုရား အဆုံးအမတော် မဟုတ်" ဟု သင်သည် စင်စစ် မှတ်သားရာ၏။

ဥပါလိ "ဤတရားတို့သည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ကိလေသာ ချုပ်ငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိရန် ဖြစ်ကုန်၏၊ နိဗ္ဗာန်အလို့ငှါ ဖြစ်ကုန်၏" ဟူ၍ သင်သည် အကြင်တရားတို့ကို သိရာ၏။

ဥပါလိ "ဤသို့သော တရားသည် ဓမ္မမည်၏၊ ဤသို့သော တရားသည် ဝိနယမည်၏၊ ဤသို့သော တရားသည် မြတ်စွာဘုရား၏ အဆုံးအမတော်ပင်တည်း" ဟု သင်သည် စင်စစ် မှတ်သား ရာ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-အဓိကရဏသမထသုတ်

၈၄။ ရဟန်းတို့ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော အဓိကရုဏ်းတို့ကို ငြိမ်းအေးစေရန် အထူးသဖြင့် ငြိမ်းအေးစေရန် အဓိကရုဏ်းပြေငြိမ်းကြောင်း တရားတို့သည် ဤခုနစ်မျိုးတို့တည်း။

http://www.dhammadownload.com



အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

သမ္မုခါဝိနည်းကို ပေးအပ်၏၊ သတိဝိနည်းကို ပေးအပ်၏၊ အမူဠ္ဟဝိနည်းကို ပေးအပ်၏၊ ဝန်ခံသဖြင့် ပြုအပ်သော ကံကို ပေးအပ်၏၊ ယေဘုယျသိကကံကို ပေးအပ်၏၊ တဿပါပိယသိကကံကို ပေးအပ်၏၊ မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့သော ကံကို ပေးအပ်၏။

ရဟန်းတို့ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော အဓိကရုဏ်းတို့ကို ငြိမ်းအေးစေရန် အထူးသဖြင့် ငြိမ်းအေးစေရန် အဓိကရုဏ်း ပြေငြိမ်းကြောင်းတရားတို့သည် ဤခုနစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် ဝိနယဝဂ် ပြီး၏။

---

## ၉-သမဏဝဂ် ၁-ဘိက္ခုသုတ်

၈၅။ ရဟန်းတို့ တရားခုနစ်မျိုးတို့ကို ဖျက်ဆီးအပ်ပြီး ဖြစ်သောကြောင့် ရဟန်းမည်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

ခွေး နွား စသည်တို့၏ အလေ့အကျင့်ကို အမှန်ဟု မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

စွဲမက်မှု 'ရာဂ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

အမျက်ထွက်မှု 'ဒေါသ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

တွေဝေမှု 'မောဟ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

ထောင်လွှားမှု 'မာန'ကို ဖျက်ဆီးအပ်ပြီး ဖြစ်၏။

ရဟန်းတို့ ဤတရား ခုနစ်မျိုးတို့ကို ဖျက်ဆီးအပ်ပြီး ဖြစ်သောကြောင့် ရဟန်းမည်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမဏသုတ်

၈၆။ ရဟန်းတို့ တရားခုနစ်မျိုးတို့ ငြိမ်းသည်၏ အဖြစ်ကြောင့် သမဏ မည်၏။ပ။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဗြာဟ္မဏသုတ်

၈၇။ အပပြုအပ်ပြီးသော မကောင်းမှု ရှိသည်၏ အဖြစ်ကြောင့် ဗြာဟ္မဏ မည်၏။ပ။

တတိယသုတ်။

## ၄-သောတ္တိယသုတ်

၈၈။ အကြွင်းမဲ့ ဖယ်ရှားပြီးဖြစ်သောကြောင့် သောတ္တိယ မည်၏။ပ။

စတုတ္ထသုတ်။

## ၅-နှာတကသုတ်

၈၉။ ဆေးကြော သုတ်သင်အပ်သည်၏ အဖြစ်ကြောင့် နှာတက မည်၏။ပ။

ပဉ္စမသုတ်။

## ၆-ဝေဒဂူသုတ်

၉၀။ သိတတ်သည်၏ အဖြစ်ကြောင့် ဝေဒဂူ မည်၏။ပ။

ဆဋ္ဌသုတ်။

## ၇-အရိယသုတ်

၉၁။ ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် အရိယ မည်၏။ပ။

သတ္တမသုတ်။

## ၈-အရဟာသုတ်

၉၂။ ရဟန်းတို့ တရားခုနစ်မျိုးတို့မှ ဝေးကွာသည်၏ အဖြစ်ကြောင့် အရဟာမည်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'မှ ဝေးကွာ၏။

မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'မှ ဝေးကွာ၏။

ခွေး နွားစသည်တို့၏ အလေ့အကျင့်ကို အမှန်ဟု မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'မှ ဝေးကွာ၏။

စွဲမက်မှု 'ရာဂ'မှ ဝေးကွာ၏။

http://www.dhammadownload.com



အမျက်ထွက်မှု 'ဒေါသ'မှ ဝေးကွာ၏။

တွေဝေမှု 'မောဟ'မှ ဝေးကွာ၏။

ထောင်လွှားမှု 'မာန'မှ ဝေးကွာ၏။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့မှ ဝေးကွာသည်၏ အဖြစ်ကြောင့် အရဟာမည်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အသဒ္ဓမ္မသုတ်

၉၃။ ရဟန်းတို့ သူယုတ်မာတို့၏ တရားတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါတရား'မရှိ၊ အရှက်မရှိ၊ မထိတ်လန့်တတ်၊ အကြားအမြင် နည်းပါး၏၊ ပျင်းရိ၏၊ သတိလွတ်ကင်း၏၊ ပညာမဲ့၏။

ရဟန်းတို့ သူယုတ်မာတို့၏ တရားတို့သည် ဤခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-သဒ္ဓမ္မသုတ်

၉၄။ ရဟန်းတို့ သူတော်ကောင်းတို့၏ တရားတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ယုံကြည်မှု 'သဒ္ဓါတရား'ရှိ၏၊ အရှက် ရှိ၏၊ ထိတ်လန့်မှု ရှိ၏၊ အကြားအမြင် များပြား၏၊ ထက်သန်သော လုံ့လရှိ၏၊ သတိရှိ၏၊ ပညာရှိ၏။

ရဟန်းတို့ သူတော်ကောင်းတရားတို့သည် ဤခုနစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ကိုးခုမြောက် သမဏဝဂ် ပြီး၏။

## ၁၀-အာဟုနေယျဝဂ်

၉၅။ ရဟန်းတို့ ဤပုဂ္ဂိုလ် ခုနစ်မျိုးတို့သည်(အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏။

http://www.dhammadownload.com



အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် စက္ခု၌ မမြဲဟု အဖန်ဖန်ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု သိသည်ဖြစ်၍ အမြဲမပြတ် (စိတ်တပါးတို့နှင့်) မရောနှောပဲ စိတ်ဖြင့် နှလုံးသွင်းလျက် ပညာဖြင့် သက်ဝင်၍ နေ၏။

ဤရဟန်းသည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤသည်ကား(အရပ်ဝေးမှ)ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သော ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သော။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော ပဌမပုဂ္ဂိုလ်ပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် 'စက္ခု'၌ မမြဲဟု အဖန်ဖန်ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု သိသည်ဖြစ်၍ အမြဲမပြတ်(စိတ်တပါးတို့နှင့်)မရောနှောပဲ စိတ်ဖြင့် နှလုံးသွင်းလျက် ပညာဖြင့် သက်ဝင်၍ နေ၏၊ ထိုပုဂ္ဂိုလ်အား အာသဝေါတရားကုန်ခြင်းသည်၎င်း အသက်ကုန်ခြင်းသည်၎င်း မရှေးမနှောင်းဖြစ်၏။

ရဟန်းတို့ ဤသည်ကား (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော ဒုတိယပုဂ္ဂိုလ်ပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် 'စက္ခု'၌ မမြဲဟု အဖန်ဖန်ရှုသည် မမြဲဟု အမှတ်ရှိသည် မမြဲဟု သိသည်ဖြစ်၍ အမြဲမပြတ်(စိတ်တပါးတို့နှင့်)မရောနှောပဲ စိတ်ဖြင့် နှလုံးသွင်းလျက် ပညာဖြင့် သက်ဝင်၍ နေ၏။

ထိုပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ်'အနှောင်အဖွဲ့'ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အသက်အပိုင်းအခြားအလယ်၌ ပရိနိဗ္ဗာန်ပြုသော'အန္တရာပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်မည်၏။ပ။

အသက်အပိုင်းအခြားကို ထိ၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်မည်၏။ပ။

အားထုတ်မှုမရှိပဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်မည်၏။ပ။

အားထုတ်မှုရှိ၍ ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ် မည်၏။ပ။

အထက် အကနိဋ္ဌဘုံသို့ သွားတတ်သော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ'ပုဂ္ဂိုလ်မည်၏။

ရဟန်းတို့ ဤသည်ကား (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သော။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော သတ္တမပုဂ္ဂိုလ်ပေတည်း။

ရဟန်းတို့ ဤပုဂ္ဂိုလ် ခုနစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ (၁)

http://www.dhammadownload.com



၉၆-၆၂၂။ ရဟန်းတို့ ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ကုန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ် မြေ ဖြစ်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် 'စက္ခု' ၌ ဒုက္ခ ဟု ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ အနတ္တဟု ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ ကုန်ခြင်းကို အဖန်ဖန် ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ ပျက်ခြင်းကို အဖန်ဖန် ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ ပျက်စီးခြင်းကင်းမှုကို ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ ချုပ်မှုကို အဖန်ဖန် ရှုသည်ဖြစ်၍ နေ၏။ပ။

စက္ခု ၌ တဖန် စွန့်မှုကို ရှုသည်ဖြစ်၍ နေ၏။ပ။ (၂-၈)

သောတ၌။ ဃာန၌။ ဇိဝှါ၌။ ကာယ၌။ မန၌။ပ။ (၉-၄၈)

ရူပါရုံတို့၌။ပ။ သဒ္ဒါရုံတို့၌။ ဂန္ဓာရုံတို့၌။ ရသာရုံတို့၌။ ဖောဋ္ဌဗ္ဗာရုံတို့၌။ ဓမ္မာရုံတို့၌။ပ။ (၄၉-၉၆)

စက္ခုဝိညာဏ်၌။ပ။ သောတဝိညာဏ်၌။ ဃာနဝိညာဏ်၌။ ဇိဝှါဝိညာဏ်၌။ ကာယဝိညာဏ်၌။ မနောဝိညာဏ်၌။ပ။ (၉၇-၁၄၄)

စက္ခုသမ္ဖဿ၌။ပ။ သောတသမ္ဖဿ၌။ ဃာနသမ္ဖဿ၌။ ဇိဝှါသမ္ဖဿ၌။ ကာယသမ္ဖဿ၌။ မနောသမ္ဖဿ၌။ပ။ (၁၄၅-၁၉၂)

စက္ခုသမ္ဖဿဇာ ဝေဒနာ၌။ပ။ သောတသမ္ဖဿဇာ ဝေဒနာ၌။ ဃာနသမ္ဖဿဇာ ဝေဒနာ၌။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၌။ ကာယသမ္ဖဿဇာ ဝေဒနာ၌။ မနောသမ္ဖဿဇာ ဝေဒနာ၌။ပ။ (၁၉၃-၂၄၀)

ရူပသညာ၌။ပ။ သဒ္ဒသညာ၌။ ဂန္ဓသညာ၌။ ရသသညာ၌။ ဖောဋ္ဌဗ္ဗသညာ၌။ ဓမ္မသညာ၌။ပ။ (၂၄၁-၂၈၈)

ရူပသဉ္စေတနာ၌။ပ။ သဒ္ဒသဉ္စေတနာ၌။ ဂန္ဓသဉ္စေတနာ၌။ ရသသဉ္စေတနာ၌။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၌။ ဓမ္မသဉ္စေတနာ၌။ပ။ (၂၈၉-၃၃၆)

ရူပတဏှာ၌။ပ။ သဒ္ဒတဏှာ၌။ ဂန္ဓတဏှာ၌။ ရသတဏှာ၌။ဖောဋ္ဌဗ္ဗတဏှာ၌။ ဓမ္မတဏှာ၌။ပ။ (၃၃၇-၃၈၄)

ရူပဝိတက်၌။ပ။ သဒ္ဒဝိတက်၌။ ဂန္ဓဝိတက်၌။ရသဝိတက်၌။ ဖောဋ္ဌဗ္ဗဝိတက်၌။ဓမ္မဝိတက်၌။ပ။ (၃၈၅-၄၃၂)

ရူပဝိစာရ၌။ပ။ သဒ္ဒဝိစာရ၌။ ဂန္ဓဝိစာရ၌။ ရသဝိစာရ၌။ ဖောဋ္ဌဗ္ဗဝိစာရ၌။ ဓမ္မဝိစာရ၌။ပ။ (၄၃၃-၄၈၀)

http://www.dhammadownload.com



ပဉ္စက္ခန္ဓာ၌။ပ။ရူပက္ခန္ဓာ၌။ဝေဒနာက္ခန္ဓာ၌။သညာက္ခန္ဓာ၌။သင်္ခါရက္ခန္ဓာ၌။ ဝိညာဏက္ခန္ဓာ၌ မမြဲ ဟု ရှုသည် ဖြစ်၍နေ၏။ပ။ ဆင်းရဲ၏ဟု ရှုသည်ဖြစ်၍ နေ၏၊ အနတ္တ ဟု ရှုသည် ဖြစ်၍ နေ၏၊ ကုန်၏ဟု ရှုသည်ဖြစ်၍ နေ၏၊ ပျက်၏ဟု ရှုသည်ဖြစ်၍ နေ၏၊ ပျက်စီး၏ဟု ရှုသည်ဖြစ်၍ နေ၏၊ ချုပ်၏ ဟု ရှုသည်ဖြစ်၍ နေ၏၊ တဖန်စွန့်၏ ဟု ရှုသည်ဖြစ်၍ နေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် (အမြတ်ဆုံးလယ်မြေဖြစ်၏)။ (၄၇၁-၅၂၈)

ဆယ်ခုမြောက် အာဟုနေယျဝဂ် ပြီး၏။

---

## ၁၁-ရာဂပေယျာလ

၆၂၃။ ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကို ထူးသောဉာဏ်ဖြင့် သိရန် တရား ခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ် ခုနစ်မျိုးတို့နည်း ဟူမူ—

သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ။ပ။

သစ္စာလေးပါးကို သိကြောင်း လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'တို့တည်း။

ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရား ခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁)

၆၂၄။ ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကို ထူးသောဉာဏ်ဖြင့် သိရန် တရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ် ခုနစ်မျိုးတို့နည်း ဟူမူ—

မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'၊ အစိုးမရဟု မှတ်သားမှု 'အနတ္တသညာ'၊ မတင့်တယ်ဟု မှတ်သားမှု 'အသုဘသညာ'၊ အပြစ် ဟု မှတ်သားမှု 'အာဒီနဝသညာ'၊ ပယ်အပ်၏ ဟု မှတ်သားမှု 'ပဟာနသညာ'၊ စွဲမက်ခြင်းကင်း၏ ဟု မှတ်သားမှု 'ဝိရာဂသညာ'၊ ချုပ်၏ဟု မှတ်သားမှု 'နိရောဓသညာ' တို့တည်း။

ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ဤတရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၂)

၆၂၅။ ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—

မတင့်တယ်ဟု မှတ်သားမှု'အသုဘသညာ'၊ သေခြင်း၌ မှတ်သားမှု'မရဏသညာ'၊ စားအပ်သော အစာ၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၊ မမြဲဟု မှတ်သားမှု 'အနိစ္စသညာ'၊ မမြဲ

http://www.dhammadownload.com



ခြင်း၌ ဆင်းရဲဟု မှတ်သားမှု 'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲခြင်း၌ အစိုးမရဟု မှတ်သားမှု 'ဒုက္ခေ အနတ္တသညာ' တို့တည်း။

ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၃)

၆၂၆-၆၅၂။ ရဟန်းတို့ စွဲမက်မှု 'ရာဂ'ကို ပိုင်းခြား၍ သိရန်။ပ။ ကုန်စေရန်။ပ။ ပယ်ရန်။ပ။ ကုန်ခန်းစေရန်။ပ။ ပျက်ရန်။ပ။ ပျက်စီးရန်။ပ။ ချုပ်ရန်။ပ။ စွန့်ရန်။ပ။ တဖန်စွန့်ရန်။ပ။ ဤတရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၄-၃၀)

၆၅၃-၁၁၃၂။ ပြစ်မှားမှု 'ဒေါသ'ကို။ပ။ တွေဝေမှု 'မောဟ'ကို။ အမျက်ထွက်မှု 'ကောဓ'ကို။ ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'ကို။ ကျေးဇူးကို ချေဖျက်မှု 'မက္ခ'ကို။ အပြိုင်ပြုမှု 'ပလာသ'ကို။ ငြူစူမှု 'ဣဿာ'ကို။ ဝန်တိုမှု 'မစ္ဆရိယ'ကို။ လှည့်ပတ်မှု 'မာယာ'ကို။ စဉ်းလဲမှု 'သာဌေယျ'ကို။ ခက်ထန်မှု 'ထမ္ဘ'ကို။ ချုတ်ချယ်မှု 'သာရမ္ဘ'ကို။ ထောင်လွှားမှု 'မာန'ကို။ အလွန်ထောင်လွှားမှု 'အတိမာန'ကို။ ယစ်မှု 'မဒ'ကို။ မေ့လျော့မှု 'ပမာဒ'ကို။ ထူးသောဉာဏ်ဖြင့် သိရန်။ပ။ ပိုင်းခြား၍ သိရန်။ ကုန်ရန်။ ပယ်ရန်။ ကုန်ဆုံးရန်။ ပျက်ရန်။ ပျက်စီးရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန်။ ဤတရားခုနစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၃၁-၅၁၀)

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။

ရာဂပေယျာလ ပြီး၏။

## သတ္တကနိပါတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်

(ဒုတိယအုပ်)


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အံ့ဩဖွယ်ကောင်းခြင်း | ၅၆၂ |
| အကိန်းခတ်အနုသယ | ၅၀၈ |
| အကျိုးသက်ရောက်လိမ့်မည် | ၁၉၁ |
| အချိန်မှီထမင်းချက်သော | ၂၈၉ |
| အချိုသောသူရဲကောင်း | ၉၆ |
| အစွန်အဖျားကျသော | ၁၄၇ |
| အဆွေခင်ပွန်းကောင်းရှိရန် | ၄၆၇ |
| အဆင်းလှလိုသော | ၅၂ |
| အညစ်အကြေးငါးမျိုး | ၁၉ |
| အတုမဲ့အေးချမ်းသည် | ၄၇၈ |
| အထွတ်ရှိသောအိမ် | ၁၅ |
| အံထိန်း၏ပေါ့လျော့မှု | ၇ |
| အထောက်အပံ့ကား | ၃၈၄ |
| အန္တရာပရိနိဗ္ဗာယီ | ၅၁၄ |
| အန္တရာယ်ဖြစ်ရာ၏ | ၁၀၉ |
| အန္ဓကဝိန္ဒအရပ် | ၁၄၉ |
| အန္ဓဝန်တော | ၄၀၃ |
| အနာဂတ်ဘေးငါးမျိုး | ၁၁၀ |
| အနာဂါမိဖိုလ် | ၄၆၂ |
| အနာထပိဏ်သူဌေး | ၂၂၉ |
| အနုနယသံယောဇဉ် | ၅၀၇ |
| အနုပါဒါပရိနိဗ္ဗာန် | ၅၇၁ |
| အနုမောဒနာပြုပြီးလျှင် | ၅၇၄ |
| အပူဇော်ခံမိုး | ၅၄၅ |
| အဖန်ဖန်အောက်မေ့သောအခါ | ၃၅၅ |
| အဖို့နှစ်ပါးမှလွတ်၏ | ၅၇၃ |
| အဗျာကတဝတ္ထု | ၅၆၅ |
| အမ္ဗပါလိသရက်ဥယျာဉ် | ၅၉၄ |
| အမျက်ထွက်လေ့ရှိသော | ၅၈၉ |
| အမျက်မထွက် | ၂၀၅ |
| အမျိုးဇာတ်ခြောက်မျိုး | ၄၂၇ |
| အမြွတ်ဆုံးလယ်မြေ | ၃၉ |
| အမြွတ်ဆုံးသင်ယူမှု | ၃၇၀ |
| အရိယာတပည့် | ၁၂ |
| အလံဖျားကိုမြင်ရမှု | ၉၇ |
| အလှူ၏ပြည့်စုံခြင်း | ၃၈၀ |
| အလွန်စေးနှဲ၏ | ၅၇၆ |
| အသုဘာသညာဉ် | ၅၄၈ |
| အသက်တိုကြောင်းတရား | ၁၅၈ |
| အသျှင်နာဂိတ | ၃၈၆ |
| **[ အာ ]** | |
| အာဃာတ | ၂၀၈ |
| အာဇာနည်မြင်းကောင်း | ၃၂၃ |
| အာနာပါနဿတိ | ၁၂၉ |
| အာမိသနှင့်မယှဉ်သော | ၄၅၃ |
| အာရဗ္ဗခေတ်ရှိလျှင် | ၃၈၁ |
| အာရုံနိမိတ် | ၃၅ |
| အာရုံပြု၍ဖြစ်သော | ၁၅၅ |
| အာလောကသညာ | ၃၆၆ |
| အာသဝေါတရားတို့ | ၈၉ |
| အားတော်ခြောက်မျိုး | ၄၅၈ |
| အားထုတ်မှုနည်းပါး၏ | ၁၂၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဣ ]** | |
| ဣစ္ဆာနင်္ဂလမည်သော | ၃၂ |
| ဣတိဟာသကျမ်း | ၂၅၀ |
| ဣန္ဒြေကိုမပိတ်ဆို့ | ၁၀၂ |
| ဣသိဒတ္တအမည်ရှိသော | ၃၉၂ |
| အိပ်မက်ကြီးငါးမျိုး | ၂၆၄ |
| အိပ်မက်နှင့်တူကုန်၏ | ၁၀၄ |
| အိမ်ရှေ့မင်းအဖြစ် | ၁၇၁ |
| **[ ဤ ]** | |
| ဤခြောက်ခုမြောက်ဖြစ်သော | ၃၆၇ |
| ဤစန္ဒကူးနှစ်ထိုင်ခုံ | ၅၄ |
| ဤမာနသုံးမျိုး | ၄၀၉ |
| ဤမဂ္ဂင်သည်သာလျှင် | ၄၅၅ |
| ဤမင်းကသော်ရင်း | ၁၄၀ |
| ဤလှူဒါန်းခွဲဝေမှု | ၅၅၉ |
| **[ ဥ-ဦး ]** | |
| ဥဂ္ဂတသရီရပုဏ္ဏား | ၅၄၂ |
| ဥဂ္ဂဗြဟ္မာ | ၅၅ |
| ဥဂ္ဂဟာသည် | ၄၀ |
| ဥတုဖောက်ပြန်ခြင်း | ၁၄၂ |
| ဥဒါန်းကျူးရင့်လေ၏ | ၈၁ |
| ဥပက္ကမဓာတ်သည်ရှိသလော | ၃၈၂ |
| ဥပဓိဝိဝေကနိဗ္ဗာန် | ၁၁၅ |
| ဥပဝါနသည်သာလျှင် | ၂၁၇ |
| ဥပဟစ္စပရိနိဗ္ဗာယီ | ၅၁၄ |
| ဥပါဒါနက္ခန္ဓာငါးပါး | ၄၅၇ |
| ဥပါဒါလေးပါးအကြောင်းမရှိ | ၅၇၁ |
| ဥပါသကာဒွန်းစဏ္ဍား | ၂၃၁ |
| ဥပါသကာသည် | ၂၂၇ |
| ဥပါယ်၌လည်းမလိမ္မာ | ၄၇၄ |
| ဦးခေါင်း၌မီးလောင်သူ | ၃၄၉ |
| **[ ဥ-ဦး ]** | |
| ဦးထိပ်၌အဘိသိက်သွန်း | ၈၃ |
| အိုခြင်းသဘောရှိ၏ | ၇၈ |
| အိုးခြမ်းကွဲကိုဖြစ်စေ | ၇ |
| **[ ဧ-ဩ ]** | |
| ဧည့်သည်တို့အလို့ငှါ | ၁၄၅ |
| ဩကာသလောက | |
| ဩတ္တပ္ပဥစ္စာ | ၅၀၅ |
| အောက်ပိုင်းသံယောဇဉ် | ၅၆၄ |
| အောင်လံသဖွယ် | ၁၆၅ |
| **[ က ]** | |
| ကံ၏အမွေခံဖြစ်၏ | ၇၇ |
| ကဗျာဆရာတို့၏ဥစ္စာ | ၁၁၄ |
| ကာမဂုဏ်ကိုကြံစည်မှု | ၄၇၁ |
| ကာမတည်းဟူသောဩဃ | ၇၅ |
| ကာလဒါန | ၄၄ |
| ကာဠုဒါယီ | ၃၉၁ |
| ကိလေသာကြွင်းကျန်သေးလျှင် | ၈၈ |
| ကောတုဟလမင်္ဂလာ | ၂၃၁ |
| ကောလိယ၏သား | ၁၃၁ |
| ကွမ်းစားပမာဏရှိ | ၅၆ |
| ကိန်းသေမြဲကုန်၏ | ၃၇၆ |
| ကောင်းသောကွယ်လွန်ခြင်း | ၃၃၆ |
| ကိုယ်၌ပူလောင်၏ | ၁၀၃ |
| ကိုယ်ချင်းစာတရား | ၅၉၂ |
| ကျရောက်မှုကုန်ဆုံးပြီ | ၂၃၇ |
| ကျင်ကြီးကျင်ငယ်စွန့်ရန်ပင် | ၃၈၈ |
| ကျင့်ဆဲသောကွဲရဟန်း | ၁၂၄ |
| ကျည်းပင်တော | ၂၇၁ |
| ကျောက်ဖျာ၌ချထားအပ်သော | ၄၄၇ |
| ကျောင်းထိုင်ရဟန်း | ၂၉၂ |
| ကြံ့ကြံ့ခံနိုင်၏ | ၉၇ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ က ]

ကြီးပွါးရန်သာရှိပေ၏ ၅၂၃
ကြွေးယူရခြင်းသည်လည်း ၃၉၆
ကြက်တောင်ကိုငင်း ၅၄၇
ကြည်ညိုခြင်း၌အပြစ် ၃၀၂
ကြည်ညိုဖွယ်ရှိသော ၂၁၂
ကြမ်းတမ်းသောစကား ၂၂၁
ကြောက်မက်ဖွယ်အာရုံ ၅၇
ကြုံရာဘဝ၌ဖြစ်စေ ၄၅၆

[ ခ ]

ခရီးလေးခွဆုံရာ ၄၃၈
ခရုသင်းသံစည်ပုတ်သံ ၁၇၇
ခန္ဓာကိုယ်ပျက်စီး၍ ၁၆၁
ခွေးတို့၌တွေ့မြင်ရကုန်၏ ၂၄၈
ခွဲခြားဝေဖန်တတ်သော် ၁၂၁
ခိုင်မြဲသောလှုံ့လ ၁၇၂
ခေါင်းဆောင်ဖြစ်၏ ၂၄၂
ခိုးသူကြီးသည် ၁၃၉
ခိုးသူကြောင့်ဖြစ်စေ ၁၉၂
ခိုးသူနှင့်ဆက်ဆံကုန်၏ ၂၈၇
ခိုးသူမဟူ၍ငင်း ၅၈၈
ချီးကျူးဖွယ်အကြောင်း ၅
ချစ်အပ်သူမြတ်နိုးအပ်သူ ၁၂၀
ချမ်းသာကင်းသော ၅၉၁
ချမ်းသာခြင်းငါ့ကျင့်၏ ၁၂၃
ချမ်းသာဆင်းရဲ ၁၄
ချိပ်ဖြင့်ဖြစ်စေ ၂၅၇
ချွတ်ချယ်လိုသောစိတ် ၅၂၇
ချုပ်နှောင်ကုန်၏ ၂၃၅
ခြောက်စင်းမြောက်နေ ၅၉၆
ခြိုးခြံမှုဖြင့်သော်ငင်း ၅၅၅

] ဂ ]

ဂတိမြဲ၏ ၂၃၉
ဂဝေသိမည်သော ၂၄၁

[ ဂ ]

ဂိဇ္ဈကုဋ်တောင် ၄၁၀
ဂုဏ်အဆင်း၌ဝန်တိုမှု ၂၈၆
ဂုဏ်ကိုချီးမွမ်းပြောဆို ၁၅၂
ဂိုဏ်း၌မွေ့လျော်သော ၄၆၄

[ ဃ ]

ဃောသိတာရုံကျောင်း ၃၁၃

[ င ]

ငရဲတို့၌ဘေး ၂၃၉
ငါတကားဟုထောင်လွှားခြင်း ၉၃
ငါသည်သာပူဆွေးခဲ့မှု ၆၅
ငဲ့ကွက်မှုရှိသည်ဖြစ်၍ ၅၅၈
ငါးချောင်းသောမြား ၁၇၅
ငါးတို့ကိုလုယက်ရာ၌ ၃၃
ငါးမျိုးသောအရာဌာန ၄၅
ငါးသတ်တံငါသည် ၃၄၄
ငိုက်မျဉ်းမှုချမ်းသာ ၃၄-၃၄၃
ငိုက်မျဉ်းသလော ၅၈၂
ငိုကြွေးခဲ့မှု ၅၉
ငိုကြွေးရာဖြစ်၏ ၃၀၁
ငြင်းခုံခြင်း၏အကြောင်း ၃၇၈
ငြောင့်တံသင်းသဘော ၁၉၇
ငြိုငြင်ခြင်းမရှိသော ၃၅၇

[ စ ]

စကြဝတေးမင်းဖြစ်ခဲ့၏ ၅၈၆
စကြာရတနာ ၁၆၃
စန္ဒကူးနီတုံးကိုသော်ငင်း ၂၆၁
စာဂဖြင့်ကြီးပွါး၏ ၈၅
စီမံထားသောဝတ္ထု ၅၁၃
စောဒကရဟန်း ၂၁၈
စွဲမက်မှုရာဂ ၃၁၆
စက်ဆုပ်ရွံရှာဖွယ် ၉၀

http://www.dhammadownload.com




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စက်ဆုပ်ရွံရှာလေ့မရှိ | ၁၅၇ |
| စင်ကြယ်သောနှုတ်အကျင့် | ၅၇၉ |
| စင်စစ်ပြီးဆုံးမှုရှိသူ | ၅၈၅ |
| စဉ်းလဲမှုမရှိ | ၁၇၀ |
| စည်းစိမ်ခံစားရသူ | ၃၄၅ |
| စည်းစိမ်ရကြောင်း | ၅၀ |
| စွန့်ကြဲမှုနှင့်စပ်သော | ၂၀၄ |
| စိတ်၏တန်ဆာ | ၅၆၀ |
| စိတ်ကိုလွှမ်းမိုးတတ် | ၆၉ |
| စိတ်နှစ်ခွရှိခြင်းသို့ | ၄၄၅ |
| စိတ်သည်တွန့်၏ | ၅၅၁ |
| စောင့်စည်းဦး လော့ | ၁၃၂ |
| စောင့်ရှောက်နိုင်သူ | ၇ |
| **[ ဆ ]** | |
| ဆရာကဖြစ်စေ | ၂၅ |
| ဆရာစကားပြောဆိုသော် | ၁၄၈ |
| ဆေးဖ်ကြာပြီးသောလက် | ၅၈ |
| ဆဲရေးခြိမ်းခြောက် | ၄၁၁ |
| ဆဲရေးတတ်သောယောကျ်ား | ၅၇၆ |
| ဆွဲငင်ဖမ်းဆီး | ၅၆၃ |
| ဆက်ဆံမှုကိုမချီးမွမ်း | ၅၈၄ |
| ဆင်ကိုသတ်ပုတ်မှုလည်း | ၁၃၀ |
| ဆင်စီးအတတ် | ၁၆၉ |
| ဆင်ဆရာ၏သား | ၄၄၁ |
| ဆင်ရတနာကိုလည်း | ၃၆၈ |
| ဆင်းရဲကျိုးရှိသော | ၅၄၄ |
| ဆင်းရဲစွာအိပ်ရ၏ | ၂၇၆ |
| ဆည်းကပ်ကိုးကွယ်သော | ၅၅၅ |
| ဆွမ်းစားတတ်ရုံမျှ | ၁၇၄ |
| ဆွမ်းညွှန်ရဟန်းဟူ၍ | ၃၀၉ |
| ဆုတ်ယုတ်ရန်ကားမရှိ | ၅၂၄ |
| ဆုတ်ယုတ်ရန်ဖြစ်ပါကုန်၏ | ၃၅၁ |

| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆောင်ယူ၍ချထားအပ် | ၁၅၃ |
| ဆုံးမခက်သောစကားရှိမှု | ၄၉၄ |
| **[ ဇ-ဈ ]** | |
| ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ | ၅၁ |
| ဇာဏုသောဏိပုဏ္ဏား | ၄၀၇ |
| ဇာတိဘူမိအရပ်၌ | ၄၁၀ |
| ဇာတ်နှင့်စပ်သော | ၂၅၁ |
| ဇီဝကသည် | ၄၉၇ |
| ဇေတဝန်ကျောင်း | ၃၄၂ |
| ဇောတိပါလသည်လည်း | ၄၁၆ |
| ဈာန်စသောအကြောင်း | ၄၆၉ |
| ဈာန်ဝင်စားသောရဟန်း | ၄၀၀ |
| **[ ဉ ]** | |
| ဉာဏ်အမြင်ပြည့်စုံမှု | ၄၈၁ |
| ဉာဏ်ဖြင့်မစိစစ် | ၂၉၃ |
| ညစ်နွမ်းခြင်းမရှိ | ၁၃၅ |
| ညစ်နွမ်းသောရွှေ | ၁၉ |
| ညှဉ်းဆဲရန်ကြံစည်မှု | ၄၉၁ |
| **[ တ ]** | |
| တံခါးတိုင်ကိုနုတ်ပြီးသူ | ၉၁ |
| တံငါသည်တို့ကဲ့သို့ | ၃၃ |
| တံသင်းဖြစ်သောတရား | ၂၇၃ |
| တဆယ့်နှစ်နှစ်စသည် | ၅၄၀ |
| တတိယဝိညာဏ်၏ | ၅၄၁ |
| တပုဿသူကြွယ် | ၄၉၆ |
| တဖက်စစ်သည်တို့ | ၁၀၁ |
| တမလွန်အတွက် | ၁၄၅ |
| တမလွန်အတွက်ရည်မြှော် | ၃၁၉ |
| တရားနှင့်နေလေ့ရှိသူ | ၉၅ |
| တရားမင်းဖြစ်သော | ၁၄၆ |

http://www.dhammadownload.com



## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ ]** | |
| တာဒိဂုဏ်ရှိတော်မူသည့် | ၄၃ |
| တားလည်းမတားမြစ်ခဲ့ | ၅၃၉ |
| တိဿမည်သောရဟန်း | ၃၇၅ |
| တူသောအသက်မွေးမှု | ၁၇ |
| တူးဖြိုဖျက်ဆီးအပ်သော | ၁၄၁ |
| တောကျောင်းနေမှုဖြင့် | ၃၈၈ |
| တွေ့ဝေလျက်သေရ၏ | ၂၇၇ |
| တင်းလွန်းသောအခါ | ၄၂၀ |
| တည်ကြည်မှုလမ်းမှန် | ၄၆၁ |
| တုပ်ဝပ်မှုမရှိသော | ၈ |
| **[ ထ ]** | |
| ထမင်းမြိန်၏ | ၂၇၅ |
| ထိနမိဒ္ဓမနှိပ်စက် | ၂၅၉ |
| ထိပါးမိသောကြောင့် | ၄၁၇ |
| ထူးသောဉာဏ်ဖြင့် | ၁၀-၁၂၂ |
| ထက်သန်ရှင်လန်းစေခြင်း | ၁၉၀ |
| ထင်ရှားဖြစ်ပေါ်မှု | ၄၈၄ |
| ထာဝ်ချုန်းရွာသွန်းလျက် | ၃၇ |
| ထောက်တည်ရာသို့ရောက်၏ | ၅၁၂ |
| ထွက်မြောက်တတ်သောဓာတ် | ၃၃၃ |
| ထွက်သက်ထုတ်ချိန် | ၃၄၈ |
| **[ ဒ ]** | |
| ဒက္ခိဏာဂိရိဇနပုဒ် | ၅၆၁ |
| ဒဏ္ဍကပ္ပကမည်သော | ၄၄၄ |
| ဒါယကာ၌မက်မော၏ | ၂၉၄ |
| ဒါရုကမ္မိကသူကြွယ် | ၄၃၅ |
| ဒုဿီလပုဂ္ဂိုလ် | ၂၂ |
| ဒေဝဒတ်ကိုငါမိန့်ကြားခဲ့၏ | ၄၄၅ |
| ဒေါဏပုဏ္ဏား | ၂၄၉ |
| **[ ဓ ]** | |
| ဓမ္မကိုဆောင်ကုန် | ၄၀၇ |
| ဓမ္မဝိနယကို | ၄၈၀ |
| ဓမ္မာနုသာရီပုဂ္ဂိုလ် | ၅၁၀ |
| ဓမ္မာရုံတို့၌မှတ်သားမှု | ၄၅၄ |
| **[ န ]** | |
| နံရံတဖက်၌ဖြစ်စေ | ၅၅၄ |
| နန္ဒမာတာအရှင်မ | ၅၆၁ |
| နန္ဒမာတာဥပါသိကာမ | ၃၇၉ |
| နာဂပေတကား | ၃၈၉ |
| နာတိကရွာ | ၃၄၆ |
| နိဗ္ဗာန်အကျိုးငှါမဖြစ် | ၃၇၁ |
| နိဗ္ဗာန်ရောက်ကြောင်းအကျင့် | ၅၈၀ |
| နိမိတ်အမှတ်ကိုလည်း | ၁၁၇ |
| နိမိတ်အားလုံး | ၅၇၅ |
| နိယာမ(မဂ်)သို့ | ၄၇၉ |
| နိဿရည်းပေးနိုင်၏ | ၃၀၄ |
| နှမနှင့်တူသောမယား | ၅၈၉ |
| နှလုံးမသာခြင်း | ၁၃၇ |
| နှလုံးသွင်းခဲ့သော | ၃၆၃ |
| နှီးသမားအမျိုးသမီး | ၂၅၂ |
| နွားခြေရာခွက်၌ | ၂၁၁ |
| နွားလားငါးရာ | ၅၄၆ |
| နတ်ကွန်းစေတီ | ၅၂၀ |
| နတ်မျက်စိနှင့်တူသော | ၂၁ |
| နတ်သားတယောက် | ၅၂၉ |
| နှစ်ကိုရေတွက်ရုံ | ၅၃၇ |
| နှစ်ခြိုက်ဖွယ်အကျိုး | ၅၃ |
| နှစ်မျိုးလုံးကိုယူ၍ | ၄၀၉ |
| နှစ်ကိုကုန်သည် | ၂ |
| နှစ်သက်လိုက်လျောတော်မူ၏ | ၅၂၉ |
| နှိုင်းယှဉ်သူတို့အား | ၃၉၅ |
| နတ်ပြီးသောထန်းပင်ရာ | ၉၁ |
| နောင်တပူပန်ရတတ်၏ | ၃၃၇ |
| နို့နှင့်ရေ ရောနှောသကဲ့သို့ | ၁၁၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပံသုကူဓုတင်ဆောင် | ၂၄၆ |
| ပစ္စည်းဥစ္စာကုန်ခြင်းကြောင့် | ၅၃၃ |
| ပညာဖြင့်ကြီးပွါး၏ | ၈၅ |
| ပညာမရှိကြသူ | ၂၅၂ |
| ပညာဟူသောအကျိုး | ၉၂ |
| ပဋိသမ္ဘိဒါလေးပါး | ၅၃၄ |
| ပပဉ္စတရား၌ | ၃၃၇ |
| ပါရာယနအစည်းအဝေး | ၄၄၁ |
| ပါဠိ၌လိမ္မာ၏ | ၂၂၅ |
| ပိဋကိယာနီ | ၂၆၁ |
| ပုဂ္ဂိုလ်အစားစား | ၂၀၆ |
| ပုဏ္ဏားမျိုးဓမ္မိက | ၄၁၃ |
| ပုထုဇဉ်တို့၏လာဘ် | ၃၆၉ |
| ပုဒ်ဗျည်းတို့ဖြင့် | ၂၈၁ |
| ပုရိသိန္ဒြိယဉာဏ် | ၄၄၉ |
| ပူဇော်ကုန်၏လော | ၅၁၉ |
| ပူရဏကဿပ | ၄၂၈ |
| ပူရဏသူကြွယ် | ၄၉၇ |
| ပေးကမ်းမှုခွဲဝေမှု | ၃၅၈ |
| ပေးလှူခြင်း၌မွေ့လျော် | ၅၇၈ |
| ပေါ်ပြီးနစ်မြုပ်ပြန်၏ | ၅၁၁ |
| ပယ်ဖျောက်ရမည် | ၂၀၉ |
| ပြဿနာအမေးခံရသော | ၄၆၁ |
| ပြိတ္တာဘုံကိုမတွေ့မြင်ရ | ၃၈၃ |
| ပြုစုရခက်သူ | ၁၅၆ |
| ပြုနိုင်ခဲသောအမှု | ၅၃၂ |
| ပြုသစ်စဖြစ်ကုန်သော | ၁၅၀ |
| ပြေပြစ်နူးညံ့သော | ၄၆ |
| ပြင်းစွာအားထုတ်လျက် | ၂၄ |
| [ ဖ ] | |
| ဖဿချုပ်ငြိမ်းမှု | ၄၅၃ |
| ဖူးမျှော်ခွင့်မရ | ၄၂၇ |
| ဖူးမျှော်ခြင်းငှါ | ၃၆၁ |
| ဖူးမျှော်မှုကိုမယုတ်စေ | ၅၂၇ |
| ဖောဋ္ဌဗ္ဗာရုံကိုသည်းမခံ | ၁၇၆ |
| ဖန်ဆင်းခြင်းနှင့်ပြည့်စုံ၏ | ၃၂၀ |
| ဖန်ရည်ဆိုးသောအဝတ် | ၄၁၁ |
| ဖောက်ခွဲကြောင်းထိုတရား | ၄၅၁ |
| ဖျောက်ဖျက်၍ | ၁၈၅ |
| ဖြူစင်သောကုသိုလ် | ၅၃၅ |
| ဖြူသောအဝတ် | ၂၉ |
| ဖြေကြားတော်မူတိုင်း | ၄၄၃ |
| ဖြေဆိုနိုင်ပါမူ | ၂၁၄ |
| ဖြေဆိုမှုမစင်ကြယ် | ၁၃၃ |
| ဖြောင့်မတ်စွာသာလျှင် | ၃၅၉ |
| [ ဗ ] | |
| ဗလိနတ်စာ | ၂၈၈ |
| ဗိုလ်ပါအပေါင်း | ၁၆၅ |
| ဗျာပါဒဟူသော | ၂၉၆ |
| ဗြဟ္မာ့ပြည်တိုင်အောင် | ၃၁ |
| ဗြဟ္မာ့ဘုံတခုခုသို့ | ၂၁၅ |
| [ ဘ ] | |
| ဘဏ္ဍာစိုးဟူ၍ | ၃၁၁ |
| ဘဒ္ဒါမိဖုရား | ၆၂ |
| ဘဒ္ဒိယမြို့ | ၄၀ |
| ဘဝရှိသူ | ၂၂၇ |
| ဘလ္လိကသူကြွယ် | ၄၉၆ |
| ဘဝသစ်ကိုပေးတတ်သော | ၅၂၂ |
| ဘာဝနာ၏အားအစွမ်း | ၅၅၀ |
| ဘေသကဠာမည်သော | ၅၈၂ |
| ဘေးဟူသော ဤအမည် | ၃၅၃ |
| ဘေးဆိုးခုနစ်ဆက်တိုင် | ၁၆၇ |
| [ မ ] | |
| မအေးလွန်းမပူလွန်းသော | ၇၁ |
| မကောင်းသောလားရာ | ၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မချိုးမွှမ်းထိုက်သူ | ၁၅၁ |
| မဂဓတိုင်းရှင် | ၅၁၈ |
| မင်္ဂလာမီး | ၅၄၃ |
| မစင်စုဥ္ဖြစ်သည်မည်၏ | ၂၅၃ |
| မထိမဲ့မြင်ပြု၍ | ၁၈၃ |
| မထေရ်ကြီးရဟန်း | ၅၂၆ |
| မထင်ရှားသူဖြစ်၍ | ၁၄၄ |
| မထိုက်သောအရာ | ၄၈၂ |
| ဓနုရာဇ်ပြည်၌ | ၂၈၃ |
| မနှစ်မြို့ဖွယ် | ၁၄၁ |
| မဖြစ်ဘူးမြဲဖြစ်ပေ၏ | ၅၆၃ |
| မရွှေလျှော့နိုင် | ၉ |
| မရောင့်ရဲနိုင်မှု | ၄၉၃ |
| မဟာဝုန်တောကြီးအတွင်း | ၈၁ |
| မာတုဂါမနှင့်အတူ | ၅၅၅ |
| မိဂသာလာအမည်ရှိသော | ၃၉၂ |
| မိစ္ဆာဒိဋ္ဌိကိုမှီ၍ | ၅၆၆ |
| မိမိမျက်နှာရိပ် | ၂၅၇ |
| မိမိလင်ကိုမချုတ်ချယ် | ၄၁ |
| မီးကြောင့်ဖြစ်စေ | ၁၉၂ |
| မီးပွါးသည်ထွက်၍ | ၅၆၉ |
| မုဏ္ဍမင်း | ၆၇ |
| မေတ္တာစိတ်ရှိသည် | ၁၅၇ |
| မေတ္တေယျလုလင် | ၄၄၁ |
| မေထုန်မှုကြဉ်ရှောင်၏ | ၂၄၃ |
| မွေးမြူထားသော | ၄၇ |
| မောဋ္ဌိယသိဝက | ၄၀၁ |
| မှော်ရေညှိကိုဖယ်ရှား | ၂၁၀ |
| မက်မောခြင်းအဘိဇ္ဈာ | ၉၉ |
| မင်း၏အင်္ဂါအစိတ် | ၃၂၅ |
| မိန်းမအမှုအရာ | ၅၅၆ |
| မိန်းမအသံကဲ့သို့ | ၇၄ |
| မှတ်သားမှုသညာ | ၅၄၇ |
| ေမာင်းမနှင်ထုတ်အပ်သော် | ၅၃၃ |
| **[ မ ]** | |
| မိုး၏အန္တရာယ် | ၂၆၆ |
| များစွာနိုးကြားကုန်၏ | ၁၇၃ |
| မျက်စိမကြည်လင် | ၂၈၃ |
| မျက်မှောက်ပြုခြင်း၏ | ၄၈၅ |
| မျိုးရိုးစဉ်ဆက်ကိုပြသဖြင့် | ၆၁ |
| မြတ်သောတရားစကြာ | ၁၁ |
| မြေဟောက်၌အပြစ် | ၂၈၉ |
| **[ ယ ]** | |
| ယခုစောစောကပင် | ၁၁၂ |
| ယူဇနာရှစ်သောင်းလေးထောင် | ၅၉၄ |
| ယောဂလေးပါးတို့ကုန်ရာ | ၂၅ |
| ယောကျ်ားအမှုအရာ | ၅၅၇ |
| ယင်းအိုင်ကြီးတို့မှ | ၅၉၅ |
| ယင်းတိုက်တော | ၄၁၉ |
| ယဇ်ပူဇော်ပွဲကြီး | ၅၄၂ |
| ယဉ်ကဲ့သို့ပြုအပ်၏ | ၃၃၅ |
| ယုတ်မာသောရဟန်း | ၁၃၈ |
| ယုန်ကြောင်စသော | ၁၃၁ |
| ယုံကြည်မှုသဒ္ဓါ | ၂ |
| ယုံကြည်မှုသဒ္ဓါဗိုလ် | ၅၀၃ |
| **[ ရ ]** | |
| ရဟန္တာတို့ဟူ၍ရှင်း | ၄၃၅ |
| ရာဂစိတ်သက်ဝင်လေ၏ | ၇၃ |
| ရာသီဥတုဘေးရန် | ၄၃၂ |
| ရေချိုးပေးသူသည်ရှင်း | ၂၈ |
| ရေတွက်ခေါ်ဝေါ်ခြင်း | ၁၇၉ |
| ရဲရဲပူသောသံအိုးကင်း | ၅၆၇ |
| ရှေးဦးအလှူကိုပြု၏ | ၅၈၂ |
| ရှေးပုဏ္ဏားတို့စည်းကမ်း | ၂၅၄ |
| ရှေးရှုဆောင်သော | ၅၈၃ |
| ရှေးရှုသတိ | ၃၆၃ |
| ရွှာနီးကျောင်း၌ | ၄၃၅ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရွှေတိုက်စိုးပိယက | ၆၃ |
| ရင့်ကျက်သောပညာ | ၂၆ |
| ရင်တီးလက်ခတ်မြည်တမ်းရ၏ | ၄၅၇ |
| ရှင်ကွဲကွဲရခြင်း | ၈၀ |
| ရှပ်မဲ့သတ္တဝါ | ၃၈ |
| ရှိသေတုပ်ဝပ်မှု | ၅၈၁ |
| **[ လ ]** | |
| လူတို့၏မျက်စိထက် | ၄၅၉ |
| လေးဆယ့်ရှစ်နှစ်တိုင်ပတ်လုံး | ၅၃၈ |
| လေးနှင့်မြားကျည်တောက် | ၁၀၆ |
| လေးလံခြင်းမဖြစ်တော့ပါ | ၇၆ |
| လောဘကင်းကွာ၍ | ၅၉၃ |
| လှုံဖြင့်ထိုးခြင်း | ၁၈၀ |
| လက်အုပ်ချီခြင်းငှါ | ၁၇၉ |
| လက်နက်ကိုကုန်သွယ် | ၂၃၃ |
| လက်ရုံးအားကိုးဆည်းပူး | ၄၉ |
| လမ်းမလေးခုဆုံရာ | ၃၀ |
| လယ်မြေဖြစ်ကုန်သော | ၅၁၅ |
| လာဘ်ဒွဝန်တို၏ | ၃၀၉ |
| လွှတ်မြောက်မှု | ၂၂၄ |
| လွှတ်မြောက်မှုနှင့်စပ်သော | ၁၂၆ |
| လွန်ကဲမှုမရှိ | ၂၄၃ |
| လွှမ်းမိုးနိုင်၏ | ၃၆ |
| လောင်စာမရှိသဖြင့် | ၅၇၀ |
| လိုလားတောင့်တ၏ | ၁၃၃ |
| လုံခြုံမှုကိုစီရင်၏ | ၁၆၅ |
| လုံးပတ်ကြီးမားလျှင် | ၄၆ |
| လျစ်လျူရှုလျက် | ၁၈၉ |
| လျောက်ပတ်သောစားဖွယ် | ၂၁၁ |
| လျော့လွန်းသောအခါ | ၄၂၀ |
| လျှပ်ပေါ်လော်လည် | ၁၇၃ |
| လျှို့ဝှက်ကုန် | ၅၀၉ |

| အက္ခရာစဉ် | စာမျက် |
|---|---|
| **[ ဝ ]** | |
| ဝံပိုင့်ရေအခင်း | ၅၉၀ |
| ဝဇီမင်းတို့သည် | ၅၁၇ |
| ဝဋ်မြစ်ပြတ်ရာ | ၃၉ |
| ဝါသေဋ္ဌဥပါသကာ | ၄၉၇ |
| ဝါးမျိုနေချိန်အတွင်း | ၃၄၇ |
| ဝိနည်းပျက်စီးခြင်းကြောင့် | ၁၁၃ |
| ဝိညာဏ်၏တည်ရာ | ၅၄၀ |
| ဝိမုတ္တိသုခ | ၂၄၄ |
| ဝေဒကျမ်းကိုလိုက်၍ | ၂၅၅ |
| ဝေဒလ္လဟူသောတရား | ၉၄ |
| ဝေဿဝဏ်နတ်မင်း | ၅၆၂ |
| ဝေဠုကဏ္ဍကီမြို့ | ၅၆၁ |
| ဝင်စားသောခဏ၌ | ၁၉၃ |
| ဝန်တိုစေးနှဲပြီးလျှင် | ၅၇၇ |
| ဝမ်းကိုမှမ်းဘိသကဲ့သို့ | ၄၂၅ |
| **[ သ ]** | |
| သံဃာကွဲပြား၏ | ၇၂ |
| သံဃာကိုသင်းခွဲ၏ | ၄၇၉ |
| သံဃာ၌ရိုသေခြင်း | ၃၇၃ |
| သညာဝေဒနာတို့၏ | ၂၁၄ |
| သတိသမ္ပဇဉ်နှင့် | ၁၃ |
| သဒ္ဓါတရားမရှိသူ | ၂၀၃ |
| သဒ္ဓါဖြင့်ကြီးပွါး၏ | ၈၅ |
| သမာဓိ၏ကျက်စားရာ | ၅၃၆ |
| သမ္မာသမာဓိမရှိလျှင် | ၂၂၃ |
| သာရဏီယတရား | ၃၃၁ |
| သာရန္ဒဒစေတီသို့ | ၁၈၇ |
| သာလွန်တင့်တယ်၏ | ၃၇ |
| သားမြီးဖျားတတ္တိစာမျှ | ၄၄၈ |
| သိမှုပညာဥစ္စာ | ၅၀၅ |
| သီလအစုကို | ၁၈ |
| သီလနှင့်မပြည့်စုံ | ၁၆ |
| သီလဖြင့်ကြီးပွါး၏ | ၈၅ |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်